လူမှာကိုယ်ကျင့်တရားဟာအရေးကြီးသည်။

## ဝိနည်း(၅)ကျမ်းလာ

# ကိုယ်ကျင့်တရားများ




မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်

သန်လျှင်တောရ ယင်းတော်မင်းကျောင်းဆရာတော်

**ဟိတေသီနေလ အရှင်နိပုဏ**



သာသနာ ၂၅၅၉ ကောဇာ ၁၃၇၇ ခရစ် ၂၀၁၅

# ဝိနည်း(၅)ကျမ်းလာ

# ကိုယ်ကျင့်တရားများ

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်
သန့်လျင်တောရ ယင်းတော်မင်းကျောင်းဆရာတော်

## ဟိတဝေသီဝံသ အရှင်နန္ဒမုနိ



သန်လျင်တောရနှင့် ယင်းတော်မင်းကျောင်း ပဓာန နာယကဆရာတော်

**ဟိတေသီနေလ အရှင်နိပုဏ**

## ပုံနှိပ်မှတ်တမ်း

ဆရာတော် ဟိတေသီနေလ အရှင်နိပုဏာ

ရေးသားပြုစုတော်မူအပ်သော

ဝိနည်း(၅)ကျမ်းလာ ကိုယ်ကျင့်တရားများစာအုပ်ကို

ဆရာလေးမတိက္ခညာဏီနှင့် ဆရာလေးမသိက္ခဝတီ

(ယင်းတော်မင်းကျောင်းတိုက်) တို့က ကွန်ပျူတာစာစီပေးပြီး

ဒေါ်နီနီခိုင် (၀၀၂၀၅)၊ သီရိမေ ရောင်စုံပုံနှိပ်တိုက်၊

အမှတ်(၁၉)၊ လမ်း(၉၀)၊ ကန်တော်ကလေး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁ ၃၉၉၀၆၄ တွင်

မျက်နှာဖုံးနှင့် အတွင်းစာသားများကိုရိုက်နှိပ်၍

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင်

အုပ်ရေ (၁၀၀၀) ကို ထုတ်ဝေသည်။

ဆရာတော် ၃-နှစ် အဓိဋ္ဌာန်ဝင်စဉ် ရေးသားပြုစုသော

**ဓမ္မစေတီတော် ကျမ်းစာအုပ်**

**အလှူရှင်**

စက်ဘုပူနိုင်ငံနေ

# ကိုအောင်ကျော်မြင့် + မအိမိကို

သမီး -

**မလွှမ်းဝင့်အောင် (၁) ဂါဂါး**

မိသားစုမှ

အလှူငွေ **ကျပ် (၉၄) သိန်း** လှူဒါန်းပါသည်။

နတ်လူသာစု ခေါ်စေသော် ... ။

# မာတိကာ

-။ ဒုတိယ နာယက ဆရာတော် အရှင်ကဝိဓဇ၏ အမှာစာ
-။ စာဖတ်သူအမြင် (၁)
-။ စာဖတ်သူအမြင် (၂)
-။ စာဖတ်သူအမြင် (၃)
-။ ဟိတေသီနေလ အရှင်နိပုဏ၏ ကျေးဇူးတင်လွှာ
၁။ နိဒါန်း ---------------------------------------- (၁ - ၂)
၂။ ရတနာ (၃)ပါးကို ရှိခိုးခြင်း ------------------------ (၃ - ၁၇)

## ပဌမကျမ်း - ပါရာဇိကကဏ် ပါဠိတော် ( ၁၉ - ၁၃၃ )

၁။ ဝေရဉ္စကဏ္ဍလာ ကိုယ်ကျင့်တရားများ ---------------------- ၁၉
၂။ ပဌမ ပါရာဇိကလာ ကိုယ်ကျင့်တရားများ -------------------- ၄၀
၃။ ဒုတိယ ပါရာဇိကလာ ကိုယ်ကျင့်တရားများ ------------------ ၅၇
၄။ တတိယ ပါရာဇိကလာ ကိုယ်ကျင့်တရားများ ------------------ ၆၅
၅။ စတုတ္ထ ပါရာဇိကလာ ကိုယ်ကျင့်တရားများ ------------------ ၇၉

### သံဃာဒိသိသ်လာ ကိုယ်ကျင့်တရားများ ( ၈၉ - ၁၁၇ )

၁။ ကုဋ္ဋိကာရ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ---------------- ၈၉
၂။ ဒုဋ္ဌဒေါသ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ---------------- ၉၆
၃။ သံဃဘေဒ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ --------------- ၁၀၁
၄။ ဒုဗ္ဗစ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ------------------ ၁၀၆
၅။ ကုလဒူသက သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ --------------၁၁၀

### နိဿဂ္ဂိပါစိတ်လာ ကိုယ်ကျင့်တရားများ ( ၁၁၈ - ၁၃၃ )

၁။ နိသီဒန သန္ထတ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ----------- ၁၁၈
၂။ ဘေသဇ္ဇ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ---------------- ၁၂၅
၃။ ပရိဏတ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ---------------- ၁၃၀

# ဒုတိယကျမ်း - ပါစိတ်ပါဠိတော် ( ၁၃၅ - ၂၄၀ )

## သုဒ္ဓပါစိတ်လာ ကိုယ်ကျင့်တရားများ - ( ၁၃၅ - ၂၂၃ )


၁။ မုသာဝါဒ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ---------------- ၁၃၅

၂။ ဩမသဝါဒ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ---------------- ၁၄၁

၃။ ပေသုည သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ---------------- ၁၄၆

၄။ ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ------------- ၁၄၉

၅။ အညဝါဒက သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ -------------- ၁၅၂

၆။ ဥဇ္ဈာပနက သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ -------------- ၁၅၇

၇။ ပဌမသေနာသန သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ----------- ၁၆၀

၈။ အနုပခဇ္ဇ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ---------------- ၁၆၃

၉။ နိက္ကဍ္ဎန သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ----------------- ၁၆၆

၁၀။ မဟာနာမ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ --------------- ၁၇၀

၁၁။ သုရာပါန သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ---------------- ၁၇၅

၁၂။ အင်္ဂုလိပတောဒက သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ---------- ၁၇၉

၁၃။ အနာဒရိယ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ -------------- ၁၈၁

၁၄။ ဘိံသာပန သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ---------------- ၁၈၃

၁၅။ သဉ္စိစ္စ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ------------------ ၁၈၅

၁၆။ ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ------------ ၁၈၇

၁၇။ ဦနဝီသတိ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ --------------- ၁၈၉

၁၈။ ထေယျသတ္ထ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ------------- ၁၉၃

၁၉။ အရိဋ္ဌ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ------------------ ၁၉၆

၂၀။ ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ----------- ၂၀၃

၂၁။ ကဏ္ဍက သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ----------------- ၂၀၅

၂၂။ ဝိလေခန သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ----------------- ၂၀၈

၂၃။ ပဟာရ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ------------------- ၂၁၂

၂၄။ တလသတ္တိက သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ---------- ၂၁၄
၂၅။ သဋ္ဌိစ္စ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ---------------- ၂၁၆
၂၆။ ဥပဿုတိ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ------------- ၂၁၈
၂၇။ နန္ဒ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ------------------ ၂၂၁

**သေခိယ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ** ( ၂၂၄ - ၂၄၀ )

၁။ ပရိမဏ္ဍလဝဂ် - သေခိယ သိက္ခာပုဒ် (၁၀)ပါးလာ ကိုယ်ကျင့်တရားများ - ၂၂၅
၂။ ဥဇ္ဇဂ္ဃိကဝဂ် - သေခိယ သိက္ခာပုဒ် (၁၀)ပါးလာ ကိုယ်ကျင့်တရားများ - ၂၂၇
၃။ ခမ္ဘကတဝဂ် - သေခိယ သိက္ခာပုဒ် (၁၀)ပါးလာ ကိုယ်ကျင့်တရားများ - ၂၂၉
၄။ သက္ကစ္စဝဂ် - သေခိယ သိက္ခာပုဒ် (၁၀)ပါးလာ ကိုယ်ကျင့်တရားများ - ၂၃၁
၅။ ကဗဠဝဂ် - သေခိယ သိက္ခာပုဒ် (၁၀)ပါးလာ ကိုယ်ကျင့်တရားများ - ၂၃၃
၆။ သုရုသုရုဝဂ် - သေခိယ သိက္ခာပုဒ် (၁၀)ပါးလာ ကိုယ်ကျင့်တရားများ - ၂၃၅
၇။ ပါဒုကဝဂ် - သေခိယ သိက္ခာပုဒ် (၁၅)ပါးလာ ကိုယ်ကျင့်တရားများ - ၂၃၇

## တတိယကျမ်း - ဝိနည်းမဟာဝါ ပါဠိတော် ( ၂၄၁ - ၅၆၁ )

၁။ ဓမ္မစက္ကပ္ပဝတ္တနသုတ်လာ ကိုယ်ကျင့်တရားများ ---------------- ၂၄၁
၂။ အနတ္တလက္ခဏသုတ်လာ ကိုယ်ကျင့်တရားများ ---------------- ၂၄၈
၃။ ယသ ဝတ္ထုလာ ကိုယ်ကျင့်တရားများ ---------------------- ၂၅၂
၄။ ဘဒ္ဒဝဂ္ဂိယ ဝတ္ထုလာ ကိုယ်ကျင့်တရားများ ------------------ ၂၆၄
၅။ ဥရုဝေလကဿပ ချွတ်ခန်းလာ ကိုယ်ကျင့်တရားများ ----------- ၂၆၇
၆။ ဗိမ္ဗိသာရမင်းနှင့် တွေ့ဆုံခန်းလာ ကိုယ်ကျင့်တရားများ ----------- ၂၇၄
၇။ အရှင်သာရိပုတြာ၊ အရှင်မောဂ္ဂလာန် ရဟန်းပြုခန်းလာ
ကိုယ်ကျင့်တရားများ ---------------------------------- ၂၈၁
၈။ လူကုံထံတို့ ရဟန်းပြုခန်းလာ ကိုယ်ကျင့်တရားများ ------------ ၂၉၀
၉။ ဥပဇ္ဈာယ်ဆရာအခန်းလာ ကိုယ်ကျင့်တရားများ ---------------- ၂၉၃

## ဝိနည်း (၅)ကျမ်းလာ ကိုယ်ကျင့်တရားများ


၁၀။ ရာဓပုဏ္ဏားအကြောင်းလာ ကိုယ်ကျင့်တရားများ ---------------- ၃၀၁
၁၁။ ရာဟုလာ ဝတ္ထုလာ ကိုယ်ကျင့်တရားများ ---------------------- ၃၀၄
၁၂။ ဥပုသ်ပြုခြင်းလာ ကိုယ်ကျင့်တရားများ ---------------------- ၃၀၉
၁၃။ ဝါကပ်ရန် ခွင့်ပြုတော်မူခြင်းလာ ကိုယ်ကျင့်တရားများ ----------- ၃၁၄
၁၄။ ပဝါရဏာခန်းလာ ကိုယ်ကျင့်တရားများ ---------------------- ၃၂၃
၁၅။ သောဏကောဠိဝိသ ဝတ္ထုလာ ကိုယ်ကျင့်တရားများ ------------ ၃၂၈
၁၆။ သောဏကုဋိကဏ္ဏ ဝတ္ထုလာ ကိုယ်ကျင့်တရားများ ------------- ၃၄၂
၁၇။ ဘေသဇ္ဇက္ခန္ဓက (ဘုရားဟောကြား ဆေးနည်းများ)လာ
ကိုယ်ကျင့်တရားများ ---------------------------------------- ၃၅၃
၁၈။ အကပ္ပိယကုဋိအတွင်း၌ သိုမှီးခြင်း စသည်ကို ပယ်တော်မူခြင်းလာ
ကိုယ်ကျင့်တရားများ ---------------------------------------- ၃၆၂
၁၉။ အကပ်ပျက်သော သစ်သီးကို အကပ်ခံနိုင်ခြင်းလာ
ကိုယ်ကျင့်တရားများ ---------------------------------------- ၃၆၆
၂၀။ တော၌ဖြစ်သော အာဟာရကို သုံးဆောင်နိုင်ခြင်းလာ
ကိုယ်ကျင့်တရားများ ---------------------------------------- ၃၆၉
၂၁။ ခွဲစိတ်မှု မပြုရခြင်းလာ ကိုယ်ကျင့်တရားများ -------------------- ၃၇၂
၂၂။ လူသားကို မစားရခြင်းလာ ကိုယ်ကျင့်တရားများ ---------------- ၃၇၅
၂၃။ ဆင်သား စသည်ကို မစားရခြင်း (အသားကြီး ၁၀-မျိုး မစားရခြင်း)လာ
ကိုယ်ကျင့်တရားများ ---------------------------------------- ၃၈၂
၂၄။ ယာဂုမုန့်ချိုတို့ကို ခွင့်ပြုတော်မူခြင်းလာ ကိုယ်ကျင့်တရားများ ------ ၃၈၅
၂၅။ ကြည်ညိုခါစဖြစ်သော အမတ်ကြီး ဝတ္ထုလာ ကိုယ်ကျင့်တရားများ -- ၃၉၀
၂၆။ ဗေလဋ္ဌ ကစ္စာန ဝတ္ထုလာ ကိုယ်ကျင့်တရားများ ---------------- ၃၉၅
၂၇။ ပါဋလိရွာ ဝတ္ထုလာ ကိုယ်ကျင့်တရားများ -------------------- ၃၉၉
၂၈။ ပါဋလိပုတ်မြို့တည်ခန်းလာ ကိုယ်ကျင့်တရားများ --------------- ၄၀၃
၂၉။ ကောဋိရွာ၌ သစ္စာလေးပါးကို ဟောတော်မူခြင်းလာ
ကိုယ်ကျင့်တရားများ ---------------------------------------- ၄၁၀

## မာတိကာ


၃၀။ အမ္ဗပါလီ ဝတ္ထုလာ ကိုယ်ကျင့်တရားများ ---------------- ၄၁၃
၃၁။ သီဟစစ်သူကြီး ဝတ္ထုလာ ကိုယ်ကျင့်တရားများ ------------- ၄၁၈
၃၂။ ကပ္ပိယဘူမိကို ခွင့်ပြုတော်မူခြင်းလာ ကိုယ်ကျင့်တရားများ ------- ၄၂၅
၃၃။ မေဏ္ဍကသူဌေးကြီး ဝတ္ထုလာ ကိုယ်ကျင့်တရားများ ---------- ၄၂၈
၃၄။ ကေဏိယရသေ့ ဝတ္ထုလာ ကိုယ်ကျင့်တရားများ ------------- ၄၃၅
၃၅။ ရောဇမည်သော မလ္လမင်း ဝတ္ထုလာ ကိုယ်ကျင့်တရားများ ------- ၄၃၉
၃၆။ တောထွက်ရဟန်း ဝတ္ထုလာ ကိုယ်ကျင့်တရားများ ------------ ၄၄၄
၃၇။ ကထိန်ကို ခွင့်ပြုခြင်းလာ ကိုယ်ကျင့်တရားများ -------------- ၄၄၈
၃၈။ စီဝရက္ခန္ဓက - ဇီဝက ဝတ္ထုလာ ကိုယ်ကျင့်တရားများ ---------- ၄၅၁
၃၉။ သူဌေးကတော် ဝတ္ထုလာ ကိုယ်ကျင့်တရားများ -------------- ၄၆၀
၄၀။ ဗိမ္ဗိသာရမင်း ဝတ္ထုလာ ကိုယ်ကျင့်တရားများ --------------- ၄၆၅
၄၁။ ရာဇဂြိုဟ်သူဌေး ဝတ္ထုလာ ကိုယ်ကျင့်တရားများ ------------- ၄၆၈
၄၂။ သူဌေးသား ဝတ္ထုလာ ကိုယ်ကျင့်တရားများ ---------------- ၄၇၄
၄၃။ ပဇ္ဇောတမင်း ဝတ္ထုလာ ကိုယ်ကျင့်တရားများ --------------- ၄၇၆
၄၄။ သိဝိတိုင်းဖြစ် ပုဆိုးအစုံလာ ကိုယ်ကျင့်တရားများ ------------ ၄၈၄
၄၅။ အကြိမ် ၃၀ - ဝမ်းနုတ်ခြင်းလာ ကိုယ်ကျင့်တရားများ ---------- ၄၈၆
၄၆။ ဆုတောင်းခြင်းလာ ကိုယ်ကျင့်တရားများ ------------------ ၄၉၄
၄၇။ ဝိသာခါ ဝတ္ထုလာ ကိုယ်ကျင့်တရားများ ------------------- ၄၉၇
၄၈။ သူနာရဟန်း ဝတ္ထုလာ ကိုယ်ကျင့်တရားများ ---------------- ၅၀၈
၄၉။ စမ္မေယျက္ခန္ဓက - ကဿပဂေါတ္တရဟန်း ဝတ္ထုလာ
ကိုယ်ကျင့်တရားများ -------------------------------- ၅၁၁
၅၀။ ကောသမ္ဗကက္ခန္ဓက - ကောသမ္ဗီပြည်သား ရဟန်းတို့၏ ငြင်းခုံမှုကို
ပြဆိုခြင်းလာ ကိုယ်ကျင့်တရေးများ ----------------------- ၅၁၈
၅၁။ ရဟန်းတွေ ခိုက်ရန်ဖြစ်ကြခြင်းလာ ကိုယ်ကျင့်တရားများ -------- ၅၂၅
၅၂။ ဒီဃာဝု ဝတ္ထုလာ ကိုယ်ကျင့်တရားများ ------------------- ၅၂၈
၅၃။ တရားဂါထာ ရွတ်ဆိုတော်မူခြင်းလာ ကိုယ်ကျင့်တရားများ -------- ၅၄၃

၅၄။ အရှေ့ဝါးတောသို့ ကြွတော်မူခြင်းလာ ကိုယ်ကျင့်တရားများ ------- ၅၄၇
၅၅။ ပါလိလေယျကတောသို့ ကြွတော်မူခြင်းလာ ကိုယ်ကျင့်တရားများ -- ၅၅၀
၅၆။ သံဃာများ ညီညွတ်မှုရလာခြင်းလာ ကိုယ်ကျင့်တရားများ -------- ၅၅၃

## စတုတ္ထကျမ်း - စူဠဝါပါဠိတော် ( ၅၆၃ - ၆၉၂ )

၁။ ကမ္မက္ခန္ဓက - တဇ္ဇနီယကံလာ ကိုယ်ကျင့်တရားများ ----------- ၅၆၃
၂။ ကမ္မက္ခန္ဓက - နိယဿကံလာ ကိုယ်ကျင့်တရားများ ----------- ၅၆၇
၃။ ပဋိသာရဏီယကံလာ ကိုယ်ကျင့်တရားများ ------------------- ၅၆၉
၄။ ခုဒ္ဒကဝတ္ထုက္ခန္ဓက - သပိတ်မှောက်ကံလာ ကိုယ်ကျင့်တရားများ -- ၅၇၈
၅။ သေနာသနက္ခန္ဓက - အနာထပိဏ် ဝတ္ထုလာ ကိုယ်ကျင့်တရားများ - ၅၈၃
၆။ နေရာဦးစသည်ကို ခွင့်ပြုတော်မူခြင်းလာ ကိုယ်ကျင့်တရားများ ---- ၅၉၄
၇။ သံဃဘေဒကက္ခန္ဓက - သာကီဝင်မင်းသား ၆-ယောက်
ရဟန်းပြုခြင်းလာ ကိုယ်ကျင့်တရားများ --------------------- ၆၀၃
၈။ ဒေဝဒတ် ဝတ္ထုလာ ကိုယ်ကျင့်တရားများ -------------------- ၆၁၄
၉။ ဒေဝဒတ်အား ပကာသနီယကံပြုခြင်းလာ ကိုယ်ကျင့်တရားများ ---- ၆၁၉
၁၀။ အဇာတသတ်မင်းသား အကြောင်းလာ ကိုယ်ကျင့်တရားများ ------ ၆၂၃
၁၁။ လူသတ်သမားတို့ကို စေလွှတ်ခြင်းလာ ကိုယ်ကျင့်တရားများ ----- ၆၂၇
၁၂။ မြတ်စွာဘုရားအား သွေးစိမ်းတည်စေခြင်းလာ ကိုယ်ကျင့်တရားများ - ၆၃၁
၁၃။ နာဠာဂိရိဆင်ကို စေလွှတ်ခြင်းလာ ကိုယ်ကျင့်တရားများ --------- ၆၃၄
၁၄။ သံဃာကို သင်းခွဲခြင်းလာ ကိုယ်ကျင့်တရားများ -------------- ၆၃၉
၁၅။ ပါတိမောက္ခဋ္ဌပနက္ခန္ဓက - ပါတိမောက်ပြရန် တောင်းပန်ခြင်းလာ
ကိုယ်ကျင့်တရားများ ---------------------------------- ၆၅၀

## မာတိကာ


၁၆။ မဟာသမုဒ္ဒရာ အံ့ဖွယ် ၈-ပါး

(အံ့ဖွယ်ရှစ်ပြာ သာသနာ)လာ ကိုယ်ကျင့်တရားများ ------------ ၆၅၄

၁၇။ ဘိက္ခုနိက္ခန္ဓက - မဟာပဇာပတိ ဂေါတမီ ဝတ္ထုလာ

ကိုယ်ကျင့်တရားများ ------------------------------ ၆၆၀

၁၈။ ပဉ္စသတိကက္ခန္ဓက - ပထမသင်္ဂါယနာ နိဒါန်းလာ

ကိုယ်ကျင့်တရားများ ------------------------------ ၆၇၂

၁၉။ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပဒ ကထာလာ ကိုယ်ကျင့်တရားများ -------- ၆၇၉

၂၀။ အရှင်ဆန္နအား ဗြဟ္မဒဏ်ပေးခြင်းလာ ကိုယ်ကျင့်တရားများ ------ ၆၈၅


## ပဉ္စမကျမ်း - ဝိနည်း ပရိဝါကျမ်း ( ၆၉၃ - ၇၂၀ )


၁။ ပဌမပါရာဇိက ဝါရ (၈)ပါးလာ ကိုယ်ကျင့်တရားများ ----------- ၆၉၃

၂။ တံမြက်လှည်းခြင်း အကျိုး (၇)ပါးလာ ကိုယ်ကျင့်တရားများ ------ ၇၀၂

၃။ သမုဋ္ဌာနသီသ သင်္ခေပလာ ကိုယ်ကျင့်တရားများ -------------- ၇၁၆

# သန်လျင်တောရ ယင်းတော်မင်းကျောင်း

# ဒုတိယ နာယက ဆရာတော် အရှင်ကာဝိဓဇ၏

# အမှာစာ

ဗုဒ္ဓရှင်တော်မြတ် သဗ္ဗညုအဖြစ်သို့ ရောက်တော်မူသည်မှစ၍ (သတ္တသတ္တာဟ ရက်များမပါ ) ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးအထိ ၄၅-နှစ်တာ ကာလတစ်လျှောက်လုံး ဟောကြားတော်မူခဲ့သော ဒေသနာတော်များသည် အောက်ပါဂုဏ်တို့ဖြင့် ပြည့်စုံကြောင်းကို ပညာရှိအများ အသိအမှတ်ပြု မှတ်တမ်းတင်ထားခဲ့ကြပါသည်။

ယင်းဂုဏ်တို့မှာ -

(၁) အာဒိ ကလျာဏဂုဏ် - မိမိ၏ အကျိုးဖြစ်၍ဖြစ်သော သီလဖြင့် အစ၌ ကောင်းခြင်း၊

(၂) မဇ္ဈေ ကလျာဏဂုဏ် - မိမိ၏ အကျိုးဖြစ်၍ဖြစ်သော သမထ, ဝိပဿနာ, မဂ်, ဖိုလ်တို့ဖြင့် အလယ်၌ ကောင်းခြင်း၊

(၃) ပရိယောသာန ကလျာဏဂုဏ် - မိမိ၏ အကျိုးဖြစ်၍ဖြစ်သော နိဗ္ဗာန်ဖြင့် အဆုံး၌ ကောင်းခြင်း၊

*( ယင်း ၃-မျိုး၏ အခြားနည်းများကို ဝိ - ဋ္ဌ - ၁ - ၉၈ / ၉၉ တို့၌ရှု )*

(၄) သာတ္ထဂုဏ် - သာသနာ့ ဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယတို့ကို လျောက်ပတ်သည့် အားလျော်စွာ အနက်၏ ပြည့်စုံခြင်း၊

(၅) သဗျဉ္ဇနဂုဏ် - သိထိလ, ဓနိတ အစရှိသည်တို့၏ အစွမ်းအားဖြင့် ၁၀-ပါးကုန်သော အပြားတို့ ရှိသော သဒ္ဒါ၏ ပြည့်စုံခြင်း

*( သာတ္ထ, သဗျဉ္ဇနတို့၏ အခြားအဓိပ္ပါယ်ကို ဝိ - ဋ္ဌ - ၁ - ၉၉ ၌ရှု )*

(၆) ကေဝလ ပရိပုဏ္ဏဂုဏ် - ဆောင်အပ်သော ဖြူစင်သော အနက်၏ပင် မရှိခြင်းကြောင့် အလုံးစုံသော အဖို့တို့ဖြင့် ပြည့်စုံခြင်း၊

*(ထည့်သွင်းဖြည့်စွက်ဖို့ရန် ဖြူစင်သော အနက် = အနက်ကောင်းပင် မကျန်တော့သဖြင့် အလုံးစုံ ထက်ဝန်းကျင် ပြည့်စုံခြင်း ) ( ဖြည့်စွက်ဖို့ရာ အဖြူအနက်ကောင်း မလို။ အခြားမည်းနက်သော အနက်စသည်တို့ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း ဟု ဆိုလိုသည် )*

(၇) ပရိသုဒ္ဓဂုဏ် - ပယ်အပ်သော ညစ်ညူးကြောင်းဖြစ်သော တရား၏ မရှိခြင်းကြောင့် အပြစ်မရှိသည်၏အဖြစ်ဖြင့် ထက်ဝန်းကျင်မှ စင်ကြယ်ခြင်း၊

(၈) ဗြဟ္မစရိယဂုဏ် - သိက္ခာ ၃-ပါးအပေါင်းဖြင့် သိမ်းယူအပ်သည်၏ အဖြစ်ကြောင့် မြတ်သည်ဖြစ်၍ဖြစ်ကုန်သော ဘုရားအစရှိကုန်သော သူမြတ်တို့သည် ကျင့်အပ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ ထိုဘုရားစသော သူမြတ်တို့၏ အကျင့်၏ အဖြစ်ကြောင့်လည်းကောင်း ဘုရားစသော မြတ်ကုန်သောသူတို့ ကျင့်အပ်ခြင်း -

- ဟူသော ဂုဏ်အရည်အသွေးတို့ ဖြစ်ကြပါသည်။

## ရှင်တော်ဗုဒ္ဓလက်ထက်

ရှင်တော်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်က အထက်ပါဂုဏ်တို့နှင့် ပြည့်စုံသော 'ဓမ္မ'ကို ဗုဒ္ဓါနုဗုဒ္ဓဖြစ်သော သာဝကကြီးများသည် သတ္တဝါအများတို့အား အခါခွင့်သင့်တိုင်း ဟောကြားတော်မူကြ၍ သတ္တဝါတို့၏ အပူဘေးအမျိုးမျိုး၊ ကာယိက, စေတသိက ဆင်းရဲမှုအမျိုးမျိုးကို လျော့ပါးစေတော်မူခဲ့ကြပါသည်။ နာယူကျင့်သုံး၍ အသိဉာဏ်ပွင့်ကာ ခန္ဓာဆင်းရဲ၊ ဘဝဆင်းရဲ၊ သံသရာဆင်းရဲတို့မှ လွတ်မြောက်သွားကြသည်မှာလည်း ရေတွက်မရနိုင်အောင်ပင်။

## ပထမဝါကျွတ်ခ ဩဝါဒတော်

'ရဟန်းတို့ ... နတ်တို့၌လည်းကောင်း၊ လူတို့၌လည်းကောင်း ဖြစ်ကုန်သော အလုံးစုံသော ကိလေသာကျော့ကွင်းတို့မှ ငါဘုရားသည်လည်းကောင်း၊ သင်တို့သည်လည်းကောင်း လွတ်မြောက်ပြီးကြပြီ။ ရဟန်းတို့ ... များစွာသော လူတို့၏ အစီးအပွားအလို့ငှါ၊ ချမ်းသာခြင်းငှါ၊ လောကကို အစဉ်သနား စောင့်ရှောက်ခြင်းငှါ၊ နတ်လူတို့၏ အကျိုးစီးပွားအလို့ငှါ၊ ချမ်းသာခြင်းငှါ အရပ်ဒေသ လှည့်လည်ခြင်းကို လှည့်လည်ကြကုန်လော့။ အစ၏ ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်းနှင့် ပြည့်စုံသော၊ သဒ္ဒါနှင့် ပြည့်စုံသော၊ အနက်နှင့်ပြည့်စုံသော၊ အလုံးစုံ ပယ်နှုတ် ထည့်သွင်းစရာ မရှိ၍ ပြည့်စုံသော၊ ထက်ဝန်းကျင် စင်ကြယ်သော တရားတော်ကို ဟောကြားကြကုန်လော့။ သာသနာ့ ဗြဟ္မစရိယ၊ မဂ္ဂဗြဟ္မစရိယကို ပြကြကုန်လော့'

( ဝိ - ၃ - ၂၇ )

အထက်ပါ ဩဝါဒတော်ကို မိန့်ကြားတော်မူပြီးသည်မှစ၍ ရှင်တော်ဗုဒ္ဓသည် မဂဓတိုင်းနှင့် ကောသလတိုင်းကို ဗဟိုပြုလျက် မဇ္ဈိမဒေသတစ်ခွင်ကို ဓမ္မဒူတခရီး နှင်တော်မူခဲ့ပါသည်။ လူပြည်သာမက နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့သို့တိုင် ဓမ္မဒူတခရီး ကြွတော်မူခဲ့ပေသည်။

## ဗုဒ္ဓလွန်ပြီးနောက်

**' ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော။ သော ဝေါ မမစ္စယေန သတ္ထာ'**

"အာနန္ဒာ ... သင်တို့အတွက် ငါဘုရားသည် အကြင် 'ဓမ္မ'ကိုလည်း ဟောခဲ့ပြီ။ အကြင် 'ဝိနယ'ကိုလည်း ပညတ်ခဲ့ပြီ။ ထို 'ဓမ္မနှင့် ဝိနယ'သည် ငါဘုရား လွန်တော်မူပြီးနောက် သင်တို့အတွက် ဆရာပေတည်း"

( ဒီ - ၂ - ၁၂၆ / ၁၂၇ )

ထိုမိန့်မှာတော်မူခဲ့သော နောက်ဆုံးစကားတော်အရ အရှင်မဟာကဿပ စသော ရဟန္တာမထေရ် အဆက်ဆက်တို့သည် ဓမ္မနှင့် ဝိနယတို့ တည်တံ့စေရန်၊ ပြန့်ပွားစေရန် အကောင်းဆုံးသော နည်းစနစ်တို့ဖြင့် ဆောင်ရွက်တော်မူခဲ့ကြပေသည်။

## လက်ဆင့်ကမ်းလျက်

ဗုဒ္ဓသာသနာတော်အတွက် ဓမ္မနှင့် ဝိနယကို သံဃာတော်တို့သည် သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးအတွက် သင်္ဂါယနာ ၆-ကြိမ်တိုင်သည်အထိ ဆောင်ရွက်တော်မူခဲ့ကြပြီး ဖြစ်သည်။

သာသနာ့ဝန်ကို ဆောင်တော်မူကြသော မထေရ်အဆက်ဆက်တို့သည် ခေတ်အလိုက် ဆောင်ရွက်တော်မူကြသည်မှာ စတုတ္ထသင်္ဂါယနာမတိုင်မီအထိ သံဃာတော်တို့သည် ပရိယတ္တိဓမ္မကို ဝါစုဂ္ဂတ - နှုတ်တက်ရွရွ အမိအရ မချွတ်ယွင်းစေရဘဲ သင်္ဂြိုဟ်၊ ဝိရိယ ပြဋ္ဌာန်းကာ ဂန္ထရူရကို ကြိုးပမ်းတော်မူခဲ့ကြပါသည်။

ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်း ၄၅၀-အကြာ လက်ာဒီပခေါ် သီဟိုဠ်ကျွန်းရှိ မာတုလ ဇနပုဒ်မှာ ဝဋ္ဋဂါမဏိမင်း၏ အကူအညီ အထောက်အပံ့ဖြင့် ဓမ္မနှင့် ဝိနယကို စတုတ္ထအကြိမ် သင်္ဂါယနာတင်ရာ၌ စာပေအဖြစ် ဖော်ထုတ်ကာ မှတ်တမ်းတင်တော်မူခဲ့ကြပါသည်။

## မြန်မာနိုင်ငံနှင့် သာသနာ

ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကပင် မြန်မာနိုင်ငံသည် သာသနာတော်နှင့် ထိတွေ့ ကိုးကွယ်ခွင့် ရခဲ့ပေသည်။ အထူးအားဖြင့် တတိယသင်္ဂါယနာနောက်ပိုင်း ဒေဝါနံပိယဒဿီ မည်သော အသောကမဟာရာဇာ၏ ဆောင်ရွက်ချက်အရ သုဝဏ္ဏဘူမိအပါအဝင် မြန်မာနိုင်ငံ အောက်ပိုင်း ရာမညဒေသကြီးမှာ သာသနာတော် ထွန်းကားပြန့်ပွားခဲ့ပါသည်။ ထို့မှတစ်ဆင့် ပုဂံခေတ်သို့ ရောက်သောအခါ မြန်မာတစ်နိုင်ငံလုံး ထေရဝါဒသာသနာ လွှမ်းခြုံသွားခဲ့ပါသည်။

## ကျမ်းပြုဆရာတော်

မြန်မာ့သာသနာဝင်၌ သာသနာ့ဝန်ဆောင် ဆရာတော်၊ သံဃာတော် အဆက်ဆက်တို့သည်လည်း သာသနာတော်အတွက် ဓမ္မနှင့် ဝိနယကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့ကြသည်မှာ ပုဂံခေတ်မှစ၍ ယနေ့တိုင် အထင်အရှားပင် တွေ့မြင်နိုင်ကြပါသည်။

ကျမ်းစာများ ရေးသားပြုစုခြင်း၊ ပို့ချပေးခြင်း၊ တရားဟောပေးခြင်း၊ တရားပြပေးခြင်း ဟူသော ပဓာနကိစ္စတို့ကို ခေတ်အဆက်ဆက် ဆောင်ရွက်တော်မူခဲ့ကြပါသည်။

ယခု 'ဝိနည်း (၅)ကျမ်းလာ ကိုယ်ကျင့်တရားများ' ဟူသော ကျမ်းကို ပြုစုတော်မူသော ဆရာတော် ဟိတေသီနေလ အရှင်နိပုဏ ( သန်လျင်တောရ နှင့် ယင်းတော်မင်းကျောင်း ပဓာနနာယက ) ဆရာတော်သည်လည်း သာသနာပြုစိတ်ခွန်အား လွန်စွာကြီးမားသော ဆရာတော်တစ်ပါး ဖြစ်ပါသည်။

## အဓိဋ္ဌာန်မှ အသီးအပွင့်

ပိဋကတော်လာ ဗုဒ္ဓ၏ အဆုံးအမများကို လူသားတို့အတွက် မည်သို့ ဖော်ထုတ်ပေးရမည်ကို အစဉ်ကြံစည် စဉ်းစားအားထုတ်လျက် ရှိပုံမှာ ဆရာတော်၏ နိဒါန်းစကားအရ ထင်ရှားပြီး ဖြစ်ပါသည်။

ဆရာတော်သည် စာရေးဝါသနာပါသလောက် အခြားစာရေးဆရာများကဲ့သို့ ဟိုဟိုဒီဒီ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင် စသည်တို့၌ ဆောင်းပါးစသည် ရေးသားမှုမျိုးကား မတွေ့ရပေ။ ကျမ်းစာအဖြစ် ရေးသားထုတ်ဝေမှုမျိုးသာ ဆောင်ရွက်လေ့ရှိပေသည်။ ဆရာတော်အား 'ဝိပဿနာရှာပုံတော်' ဟူသော စာအုပ်ဖြင့် စာဖတ်သူနယ်ပယ်၌ သိသူများပေသည်။

ယခုပေါ်ထွက်လာသော စာမျက်နှာ ၇၀၀–ကျော်ရှိသော ‘ဝိနည်း (၅)ကျမ်းလာ ကိုယ်ကျင့်တရားများ’ အမည်ရှိ စာအုပ်သည် ဝိနယပိဋကဌ် လာရှိသော ရှင်ရောလူပါ အများသိသင့် သိထိုက်၊ လိုက်နာထိုက်၊ မှတ်သားထိုက်သော အချက်အလက်၊ အကြောင်းအရာတို့ကို ရွေးနုတ်ဖော်ပြ ရေးသားထားမှုမှာ အဘယ်မျှ အားစိုက်ထား သည်ကို စာရေးသူတိုင်း ခန့်မှန်းနိုင်ပါသည်။

ပညာပေးစာပေ အမျိုးအစားသည် အကြောင်းအရာအားဖြင့် လေးလေးပင်ပင် ဖြစ်လင့်ကစား ဝိနယပိဋကလာ ပညာပေး၊ အသိပေး အချက်များကို စာရေးသူ ဆရာတော်က ‘အဝိုကလေး မုန့်ကျွေးပမာ’ သိမ်မွေ့ညင်သာစွာ တင်ပြထားသည်ကို လေ့လာတွေ့ရှိရပါမည်။

## ဝိနယ = ဝိနည်း

‘ဝိနည်း’ ဟူသည် ‘ဝိနယ’ ဟူသော ပါဠိပုဒ်မှ ဆင်းသက်လာသော ပါဠိသက် ဝေါဟာရ ဖြစ်၏။ ယင်းဝိနယကို –

- ထူးကုန်သော အပြားတို့ဌ် နည်းရှိသောကြောင့် ( ဝိဝိဓ နယ )၊
- ထူးကုန်သော နည်းတို့ရှိသည်၏ အဖြစ်ကြောင့် ( ဝိသေသ နယ )၊
- ကာယဒွါရ, ဝစီဒွါရတို့ဌ် လွန်ကျူးခြင်းတို့ကို ဆုံးမတတ်သည်၏ အဖြစ် ကြောင့် ( ကာယဝါစာနံ ဝိနယန )

– ‘ဝိနည်း’ ဟု ဆိုကြကြောင်း မိန့်ဆိုကြပါ၏။ ထိုအရ ဝိနည်းသည် ပဓာန အားဖြင့် ဘိက္ခု ဘိက္ခုနီတို့အတွက် အကြောင်းအားလျော်စွာ၊ အဖြစ်အားလျော်စွာ ထုတ်ဖော် ပညတ်ထားအပ်သော ‘အာဏာဒေသနာ၊ ယထာပရာဓသာသနာ’ တော် တစ်ရပ် ဖြစ်ပါ၏။

သင်္ဂါယနာတင် ထေရ်အရှင်တို့၏ သတ်မှတ်ချက်အရ ကျမ်းစာအားဖြင့် ၅– ကျမ်း၊ စာမျက်နှာအားဖြင့် ၂၂၅၆–မျက်နှာ ပမာဏရှိသော ဝိနည်းဒေသနာတော်၌ ရဟန်းတော်တို့အတွက်သာမက လူသားတွေအတွက်ပါ သိမှတ်လိုက်နာသင့်သော အချက်များ၊ အကြောင်းအရာများ များစွာပါဝင်လျက် ရှိပေသည်။

လူသားတွေအတွက်ပါ အကျိုးများစွာရှိသော အချက်ကို ကောင်းစွာမြင်သော ကျမ်းပြုဆရာတော်က ရဟန်းတော်တို့အတွက် သီးသန့်ဖြစ်သော၊ ကျမ်းလေးနိုင်သော အချက်များကို ချန်ထား၍ အားလုံးအတွက် အတုယူ မှတ်သားလိုက်နာဖွယ်ဖြစ်သော အချက်များကို အစီအစဉ်တကျ ရွေးထုတ်ကာ ဖော်ပြထားသည်ကို တွေ့ရပါမည်။

၁၃၇၄–ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှာ ကျမ်းပြုဆရာတော်သည် ရည်မှန်းထားသည့်အတိုင်း (၃)နှစ်တိတိ အဓိဋ္ဌာန်ကျင့်စခန်း ဆောက်တည်ကျင့်သုံးခဲ့ပါသည်။

ဆရာတော်၏ အဓိဋ္ဌာန်စခန်းမှ အသီးအပွင့် တစ်ခုအဖြစ် ဤ'ဝိနည်း (၅)ကျမ်းလာ ကိုယ်ကျင့်တရားများ' ဟူသော ကျမ်းစာကို ဝမ်းမြောက်စွာ ကြိုဆိုအပ်ပါ၏။

မိမိတို့အနေဖြင့် ဝိနည်းဒေသနာတော်ကို နှံ့စပ်အောင် အဖွင့်ကျမ်းတို့နှင့်တကွ လေ့လာနိုင်ဖို့ရာ ခက်ခဲလှပါ၏။ အချိန်လည်းများစွာ ပေးနိုင်ကြမည် မဟုတ်ပါ။ ယခုတွင်မူ ဆရာတော်၏ စေတနာအရ အဆင်သင့်လှသော ဝိနည်းဒေသနာကို လူသားများအတွက်ပါ ဖော်ထုတ်ထားသော ကျမ်းစာတစ်ဆူ ထွက်ပေါ်ခဲ့ပါပြီ။

စာရှုသူတို့အနေဖြင့် ဤ **'ဝိနည်း (၅)ကျမ်းလာ ကိုယ်ကျင့်တရားများ'** ဟူသော ကျမ်းစာကို လိုအပ်သလို လေ့လာ၍ မြင့်မြတ်သော ကိုယ်ကျင့်တရား ပိုင်ရှင်များဖြစ်အောင် တည်ဆောက်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။

အရှင်ကာဝိဇ
သာသနာ့ တက္ကသိလဓမ္မာစရိယ (B.A)
ဒုတိယနာယက ဆရာတော်
သန်လျင်တောရ ယင်းတော်မင်းကျောင်း
ယင်းတော်မြို့မ၊ ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်း။

*၁၃၇၇–ခုနှစ်၊ နယုန်လပြည့် ( ၁–၆–၂၀၁၅ ) တနင်္လာနေ့။*

# စာဖတ်သူအမြင် (၁)

ဝိနည်းဟူသည် မဟာကရုဏာတော်သက်သက်ဖြင့် ဘုရားရှင် ပညတ်တော်မူထားသော ဥပဒေတော်ကြီးဖြစ်၏။ ထိုဥပဒေတော်ကြီးသည် သိက္ခာပုဒ်များကို တစ်ပြိုင်တည်း ထုတ်ထားသည်မဟုတ်။ ဘုရားရှင် ဝါတော် (၂၀) နောက်ပိုင်းတွင် အကြောင်းအားလျော်စွာ ထုတ်ပြန်ထားသော စည်းကမ်းများ ဖြစ်သည်။ သာသနာတော်ကို မကြည်ညိုသေးသောသူတို့ကို ကြည်ညိုစေရန်၊ ကြည်ညိုပြီးသူတို့ကို ပို၍ကြည်ညိုစေရန်၊ သူတော်ကောင်းတရားမြတ် သာသနာတော်သုံးရပ် တည်တံ့စေရန် ရည်ရွယ်၍ ရဟန်းသံဃာတော်များအတွက် ထုတ်ပြန်ထားခြင်း ဖြစ်သည်။

မြတ်စွာဘုရား တပည့်သား သံဃာတော်များ လိုက်နာကျင့်သုံးရန် ပညတ်ထားသော ဥပဒေစည်းမျဉ်းများကို ဖော်ပြထားရာ ဝိနည်းကျမ်းဂန်များသည် သံဃာတော်များနှင့်သာ တိုက်ရိုက်သက်ဆိုင်သော ကျမ်းစာများဖြစ်၍ ထိုကျမ်းဂန်များကို လူပုဂ္ဂိုလ်များ ကြည့်ရှုဖွယ်မလို၊ သိမှတ်ဖွယ်မလိုဟု အချို့ပုဂ္ဂိုလ်များ ယူဆပြောဆိုကြ၏။ ဆရာတော်ရေးသားသော ဤ 'ဝိနည်း(၅)ကျမ်းလာ ကိုယ်ကျင့်တရားများ' ကျမ်းစာအုပ်ကို ဖတ်ရှုလေ့လာကြည့်ခြင်းဖြင့် ယင်းအယူအဆသည် အလွန်ပင် မှားယွင်းကြောင်း၊ ဝိနည်းကျမ်းဂန်များ၌ ရဟန်းတော်များသာမက လူဝတ်ကြောင်များလည်း လိုက်နာကျင့်သုံးသင့်သော စည်းမျဉ်းစည်းကမ်း မြောက်များစွာ ပါဝင်နေကြောင်း အသိဉာဏ်ကို ဖြစ်ပေါ်စေပါသည်။

ထို့အပြင် ဝိနည်းကျမ်းဂန်များတွင် ပါရှိသော အချက်အလက်များစွာတို့မှ တစ်ဆင့် ထိုဗုဒ္ဓခေတ်၏ အရေးကြီးသော အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှုနှင့် လူနေမှုအဆင့်အတန်းမှစ၍ များပြားလှသော ခေတ်အရေးအရာတို့ကို ခန့်မှန်းသိမြင်နိုင်သဖြင့် ပညာလိုလားသူများအဖို့လည်း ဝိနည်းကျမ်းဂန်များသည် ဗဟုသုတ ဟင်းလေးအိုးကြီးသဖွယ် ဖြစ်ပေသည်။

ဝိနည်းဟူသည် စည်းကမ်းပင်တည်း။ စည်းကမ်းဟူသည် လူ့၏တန်ဖိုး ပင်ဖြစ်သည်။ ထိုသို့ တန်ဖိုးရှိစေသော စည်းကမ်းဟူရာ၌လည်း သုံးလောကထွတ်ထား မြတ်စွာဘုရား ထုတ်ပြန်ထားသော စည်းကမ်းဖြစ်ရကား သာမန်လူတို့ ထုတ်ပြန်ကြ သော စည်းကမ်းမျိုးနှင့် စေ့စပ်မှုချင်း၊ တန်ဖိုးရှိမှုချင်း မည်သို့မျှ မနှိုင်းယှဉ်သာအောင် ကြီးမြတ်လှပေသည်။

မည်မျှစေ့စပ်ပါသနည်းဟူမူ အခြေခံ အပြုအမူများဖြစ်သော စားသောက်၊ နေထိုင်မှုများ (အောက်ထစ်ဆုံး ကျင်ကြီးကျင်ငယ်စွန့်မှုမှစ၍)၊ ဝတ်စားဆင်ယင် သွားလာမှုများတွင် စည်းစနစ်တကျရှိရန်၊ ဣန္ဒြေရရ ကြည်ညိုဖွယ်ဖြစ်အောင် နေတတ် ထိုင်တတ်ရန်၊ မိမိပိုင်ပစ္စည်း, အများပိုင်ပစ္စည်းများကို စနစ်တကျသုံးစွဲတတ်ရန်၊ အတောင်းအရမ်းမထူရန်၊ အနိုင်မကျင့်ရန်၊ နှုတ်ဝစီကံများကို ထိန်းသိမ်းရန်၊ အပြောခက်အဆိုခက်မဖြစ်ရန်၊ အပြစ်ပြုမိလျှင် ပြန်တောင်းပန်ရန်၊ ညီညီညွတ်ညွတ် နေကြရန် စသော ကိုယ်အမူအရာ နှုတ်အမူအရာများကို ယဉ်ကျေးစေသော စည်းကမ်း သိက္ခာပုဒ်များ ပြဋ္ဌာန်းထားလေသည်။

ထို့ပြင် ဤကျမ်းစာအုပ်၌ သာသနာတော်ဆိုင်ရာ ပဥ္စင်းခံခြင်း၊ ဝါဆိုဝါကပ်ခြင်း၊ ပဝါရဏာပြုခြင်း၊ ကထိန်ခံခြင်း၊ အမျိုးသမီးများ သာသနာ့ဘောင်သို့ ဝင်ရောက်လာပုံ စသည်များကိုလည်း ဗဟုသုတဖြစ်ဖွယ် ဖော်ပြထားလေသည်။

ထို့ပြင် ဤကျမ်းစာအုပ်၌ ဘုရားရှင် ဓမ္မစကြာဟောတော်မူသည်မှစ၍ ပရိနိဗ္ဗာန်စံပြီး ပဉ္စမသင်္ဂါယနာတင်သည်အထိ ဝိနည်းနှင့် ပတ်သက်သော ဝတ္ထု ဇာတ်လမ်းများကို ကောက်နှုတ်ဖော်ပြထားသည်မှာလည်း စိတ်ဝင်စားဖွယ် အလွန် ကောင်းလှပေသည်။

သဗ္ဗညုတဘုရားရှင်၏ ဝိနည်းပိဋကကို လေ့လာသိရှိလိုသော သာမန်လူပုဂ္ဂိုလ် တို့အတွက် သာသနာရေးဦးစီးဌာနမှ ထုတ်ထားသော ဝိနည်းမြန်မာပြန် စာအုပ်များကို လေ့လာနိုင်ပေသည်။ ဆရာတော်ရေးသားသော ဤကျမ်းစာအုပ်တွင်မူကား ဝိနည်း ပါဠိတော်၊ မြန်မာပြန်များမှသာမက ထိုထက်ပိုလွန်စွာ အဋ္ဌကထာ၊ ဋီကာ အဖွင့်များမှပါ မှတ်သားဖွယ်ရာ သိသင့်ရာရာများကို ကောက်နှုတ်၍-

(၁) ဝိနည်းပိဋကတော်လာ အကြောင်းအရာများ
(၂) ယင်းတို့အနက်မှ သတိပြုဖွယ်၊ သခ်ိန်းစာယူဖွယ်များ
(၃) ဖတ်ရှုသူများ မှတ်ယူလွယ်အောင် သံပေါက်လင်္ကာများ ဖြင့် ...

လှလှပပ တန်ဆာဆင်ကာ တိုတိုကျဉ်းကျဉ်း လိုရင်းမိအောင်၊ စိတ်ဝင်စားဖွယ် ဖြစ်အောင်၊ မငြီးငွေ့ရလေအောင် ပန်းကုံးပန်းနွယ်များသဖွယ် စီရင်ရေးဖွဲ့ထားသောကြောင့် ဝိနည်းတော်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ပြည့်ပြည့်စုံစုံ လွယ်လွယ်ကူကူ လျင်လျင်မြန်မြန် သဘောပေါက်နားလည်စေပါသည်။

စားဖွယ်တစ်ခုခု၏ အရသာမှန်ကို သူတစ်ပါး ပြောရုံနှင့် မသိနိုင်၊ ကိုယ်တိုင်စားကြည့်၊ မြည်းစမ်းကြည့်မှသာ သိနိုင်သကဲ့သို့ ဝိနည်း (၅)ကျမ်းကို အဆီအနှစ်ထုတ်ရေးသားထားသော ဤကျမ်းစာအုပ်ကိုလည်း ကိုယ်တိုင်ဖတ်ရှု လေ့လာကြည့်မှသာ အနှစ်အရသာကို ပြည့်ပြည့်ဝဝ သိရှိ ပီတိစိမ့်နိုင်မည် ဖြစ်သောကြောင့် ဆရာတော်၏ ဤကျမ်းစာအုပ်ကို မိမိတို့ကိုယ်တိုင် ဖတ်ကြည့်၊ မြည်းကြည့်ကြပါဟုသာ တိုက်တွန်းလိုက်ချင်ပါသည်။

မတိက္ခဉာဏီ
ပထမကျော်၊ သာသနဓဇ ဓမ္မာစရိယ၊
တိုက်အုပ်ဆရာလေး
သန့်လျှင်တောရ ယင်းတော်မင်းကျောင်း၊
ယင်းတော်မြို့၊ ပျော်ဘွယ်မြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။

၁၃၇၆ – ခု ပြာသိုလပြည့်နေ့ (၄– ၁ –၂၀၁၅) တနင်္ဂနွေနေ့။

# စာဖတ်သူ အမြင် (၂)

ဝိနည်းတည်လျှင် သာသနာတည်မည်။
ဝိနည်းကွယ်လျှင် သာသနာကွယ်မည် ဖြစ်ရကား ...
ဝိနည်းမည်သည် သာသနာတော်၏ အသက်ပင်တည်း။

ဝိနည်းတရားတော်ဟူသည် ကာယကံမှု၊ ဝစီကံမှုတို့ကို ယဉ်ကျေးသိမ်မွေ့စေ၍ ကာယဒွါရ၊ ဝစီဒွါရ၌ ဖြစ်လတ္တံ့သော အပြစ်တို့ကို ပိတ်ဆို့တတ်သည့် ဘုရားဥပဒေတော်ကြီးပင် ဖြစ်ပေသည်။ ထိုစည်းကမ်းဥပဒေများကို ရဟန်းတော်များကို အကြောင်းပြုပြီး မြတ်စွာဘုရားရှင် ထုတ်ပြန်ခဲ့လေသည်။ သို့သော်လည်း အချို့သိက္ခာပုဒ်များသည် လူပုဂ္ဂိုလ်များလည်း လိုက်နာကျင့်သုံးနိုင်လျှင် လိုက်နာကျင့်သုံးနိုင်သလောက် အကျိုးကျေးဇူး ဖြစ်ထွန်းစေကြောင်း ဤကျမ်းစာအုပ်ကို ဖတ်ရှုခြင်းဖြင့် သိမြင်နိုင်ပေသည်။

ဝိနည်းသိက္ခာပုဒ်များကို လေးစားလိုက်နာလျှင် သီလသိက္ခာကို ဖြည့်ကျင့်ပြီး ဖြစ်တော့၏။ အဓိသီလတရားများဖြစ်သော ဝိနည်းတရားတော်သည် ဟိရီ၊ ဩတ္တပ္ပဟူသော လောကပါလတရားများကို မြဲမြံခိုင်ခံ့စေလျက် ကောင်းမွန်စွာ ကျင့်သုံးတော်မူကြကုန်သော ရဟန်းတော်တို့အား သီလ၏ ပြည့်စုံခြင်းကို အမှီပြု၍ ဝိဇ္ဇာသုံးပါးတရားသို့ ရောက်ကာ နိဗ္ဗာန်ပေါက် ပို့ပေးတော်မူနိုင်သည်ကို ထောက်ဆ၍ သာသနာတော်တွင် မည်မျှအရေးပါကြောင်း သိသာနိုင်ပေသည်။

ဤကျမ်းစာအုပ်တွင် -

(၁) ကာယကံ ဖြစ်မှုများ၊
(၂) ဝစီကံ ဖြစ်မှုများ၊
(၃) သာသနာတော်ဆိုင်ရာ လူတို့နားယဉ်ပြီးသား သိမှတ်ဖွယ်ရာများ၊
(၄) ဝိနည်းသိက္ခာပုဒ်အချို့နှင့် သက်ဆိုင်သော ဝတ္ထုဇာတ်လမ်းများ၊
(၅) အခြား ဗဟုသုတဖြစ်ဖွယ်များ

- ဟူ၍ တွေ့ မြင်ရပေသည်။

## (၁) ကာယကံပြစ်မှုများ

မေထုန်မှီဝဲခြင်း၊ ခိုးခြင်း၊ သတ်ခြင်း၊ လူတို့နှင့် ရောရောနှောနှောနေခြင်း၊ အသုံးအဆောင် ပစ္စည်းများကို စည်းကမ်းမဲ့ ထားခြင်း၊ အများပိုင် ပစ္စည်းများကို မိမိပိုင် ပစ္စည်းဖြစ်အောင် အားထုတ်ခြင်း၊ စနစ်တကျ မသုံးစွဲခြင်း၊ နေရာလုခြင်း၊ အနိုင်ကျင့်ခြင်း၊ အဝတ်အစားကို ကိုးရိုးကားယားဝတ်ဆင်ခြင်း၊ အရက်သောက်ခြင်း၊ ကလိထိုးခြင်း (ကျီစားခြင်း)၊ အပြစ်ကိုထောက်ပြသည်ကို မခန့်လေးစားလုပ်ခြင်း၊ ကိုယ့်ပစ္စည်းကို မှတ်မှတ်သားသား မရှိခြင်း၊ မ္ဆာအယူရှိသူနှင့်ပေါင်းခြင်း၊ ပုတ်ခတ် နှိပ်စက်ခြင်း၊ စိတ်အနှောင့်အယှက်ပေးခြင်း၊ အယောင်ဆောင်ခြင်း၊ ဣန္ဒြေမရစွာ သွားလာ၊ နေထိုင်၊ စားသောက်ခြင်း ... စသည်တို့ ဖြစ်လေသည်။

## (၂) ဝစီကံပြစ်မှုများ

လိမ်လည်ပြောဆိုခြင်း၊ အတောင်းအရမ်းထူခြင်း၊ စွပ်စွဲခြင်း၊ အပြောခက် အဆိုခက်ခြင်း၊ ကတိမတည် စကားအမျိုးမျိုး ပြောခြင်း၊ ဆဲရေးခြင်း၊ ကုန်းတိုက်ခြင်း၊ လူပုံအလယ်၌ သူများ သိက္ခာကျအောင် ပြောခြင်း၊ မိမိအပြစ်ကို ဖုံးလွှမ်း၍ စကားလိုးလွဲ ပြောခြင်း၊ ကဲ့ရဲ့စေခြင်း၊ အယူမှားကာ ဘုရားရှင်၏ တရားတော်ကို ကပြောင်းကပြန် ပြောခြင်း၊ ခြိမ်းခြောက်ခြင်း ... စသည်တို့ ဖြစ်လေသည်။

## (၃) သာသနာတော်ဆိုင်ရာ သိမှတ်ဖွယ်ရာများ

အသက် (၂၀) ပြည့်ပြီးသူကိုသာ ရဟန်းခံပေးသင့်ပုံ၊ ဧဟိဘိက္ခုဖြင့် ရဟန်းဖြစ်ခြင်း၊ သရဏဂုံဖြင့် ရဟန်းဖြစ်ခြင်း၊ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းဖြစ်ခြင်း၊ ဥပုသ် ပြုခြင်း (တိတ္ထိတို့ထံမှသော်လည်း ကောင်းရာကို အတုယူသင့်ပုံ)၊ ဝါဆိုဝါကပ်ခြင်း၊ ပဝါရဏာပြုခြင်း၊ ကထိန်ခံခြင်း၊ သံဃာတော်များ ကိုယ်တိုင် ချက်သင့်, မချက်သင့်၊ သကြ်န်း၊ ယာဂု၊ ခဲဖွယ်၊ ဖျော်ရည် စသည်တို့ စတင်လှူ ခွင့်ရပုံ၊ ဖိနပ်စီးခွင့် အမြဲရေချိုးခွင့်

ရခြင်း၊ သပိတ်မှောက်ခြင်း၊ သပိတ်လှန်ခြင်း၊ ပဗ္ဗာဇနီယကံ၊ ပကာသနီယကံ ... စသည်တို့ ဖြစ်လေသည်။

## (၄) ဝိနည်းသိက္ခာပုဒ်အချို့နှင့် သက်ဆိုင်သော ဝတ္ထုဇာတ်လမ်းများ

ဝိနည်း မဟာဝါ၌ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏာသုတ်များလည်း ပါဝင်သည်ကိုလည်းကောင်း၊ ယသသူဌေးသားဝတ္ထု၊ ဘဒ္ဒဝဂ္ဂိယဝတ္ထု၊ ဥရုဝေလကဿပဝတ္ထု .... စသော စိတ်ဝင်စားဖွယ် ဝတ္ထုကြောင်းများစွာကိုလည်းကောင်း ဖော်ပြထားလေသည်။ ထိုတွင် သောဏကောဠိဝိသ၏ ဘုန်းကံနှင့် ဝီရိယ၊ အမ္ဗပါလီ၏ ရဲရင့်သောသဒ္ဓါတရား၊ ဆရာဇီဝက ဆေးကုသပုံ အမျိုးမျိုး၊ ဒေဝဒတ်၏ ဘုရားရှင်အား သတ်ရန် အားထုတ်မှု အဖုံဖုံ၊ ဝိသာခါ၊ အနာထပိဏ်တို့၏ သဒ္ဓါတရားများ၊ ဒီဃာဝုမင်းသား၏ ခွင့်လွှတ်နိုင်မှု စသည်တို့မှာ အလွန့်အလွန်ကို စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

## (၅) အခြား ဗဟုသုတဖြစ်ဖွယ်များ

အခွန်ရှောင်ခြင်းသည် ခိုးခြင်း ဖြစ်ကြောင်း၊ ဘုရားရှင်ဟောကြား ဆေးနည်းများ၊ စားအပ်သောအသား၊ မစားအပ်သောအသား၊ ဆန်ပြုတ်နှင့် ယာဂု ခြားနားချက်၊ တန်ခိုးအကြီးအသေးအလိုက် နတ်နှင့်လူတို့၏ ဆက်နွှယ်မှု၊ နတ်တို့အား အမျှဝေသင့်ကြောင်း၊ သီလရှိခြင်း အကျိုး၊ သီလမရှိခြင်း အပြစ်၊ အမြန်ယာဉ်ရခြင်း အကြောင်း၊ ဘိက္ခုနီသာသနာ အစ၊ အရှင်အာနန္ဒာ၏ သက်နီး (၅၀၀) ကို အသုံးပြုပုံ အဆင့်ဆင့် (မည်သည့်အရာမှ အလကား မဖြစ်စေပုံ) ၊ သန့်ရှင်းခြင်းသည် သာသနာ ပြုရာ ရောက်ပုံများ .... စသည်တို့ ဖြစ်ပါသည်။

ပါဠိမသင်ဖူးသော လူပုဂ္ဂိုလ်များအနေဖြင့် ဗုဒ္ဓဟောကြား တရားစာပေများကို လေ့လာဖတ်ရှုရာ၌ အခက်အခဲများစွာ ရှိလေသည်။ လိုရင်းမမိဘဲ၊ သိသင့်သလောက် မသိရဘဲ ဖြစ်တတ်လေသည်။ ထိုအခက်အခဲကို ပြေလည်စေလိုသော ဆရာတော်သည် သိသင့်သိထိုက်သည်များကိုသာ ရွေးချယ်ဖော်ပြထားလေသည်။ လိုရင်းအနှစ်ချုပ်ကိုလည်း သံပေါက်လက်ာများဖြင့် မှတ်သားစေပါသည်။

ဤသို့လျှင် သုတ၊ ရသ စုံလင်လှသော ဤကျမ်းစာကို ဖတ်ရှုရသဖြင့် သာသနာ သမုဒ္ဒရာကြီး၏ နက်သောအရသာကို ထိုက်သင့်သလောက် မြည်းစမ်းကြည့်မိ သိရှိနားလည်သွားလိမ့်မည်ဟု မျှော်လင့်မိပါသည်။

မသိက္ခဝတီ
သာသနဓဇ ဓမ္မာစရိယ (အဂ္ဂမဟာအကျော်)
တိုက်အုပ်ဆရာလေး
သန့်လျှင်တောရ ယင်းတော်မင်းကျောင်း
ယင်းတော်မြို့မ၊ ပျော်ဘွယ်မြို့နယ်။

၁၃၇၆ – ခု ပြာသိုလပြည့်နေ့၊ (၄– ၁ –၂၀၁၅) တနင်္ဂနွေနေ့။

## စာဖတ်သူ အမြင် (၃)

'ဝိနည်း (၅)ကျမ်းလာ ကိုယ်ကျင့်တရားများ' - ကျမ်းစာသည် ဘဝ အောင်မြင်ရေးသို့ ရှေးရှုနေကြသူ ရဟန်းရှင်လူအားလုံးအတွက် ကိုယ်ကျင့်တရား၏ အရေးပါမှုနှင့် ကိုယ်ကျင့်တရားကို မည်သို့ တည်ဆောက်ရမည် ဆိုသည်ကို ဘုရားရှင် ပြဋ္ဌာန်းထားခဲ့သော ဝိနည်းသိက္ခာပုဒ်များထဲမှ ဆရာတော်ကြီးသည် မကျဉ်းမကျယ် လွယ်လွယ်ဖြင့် သိနိုင်ကြရန် ရေးသားတော်မူထားပါသည်။

ဆရာတော်ကြီးက 'ဗုဒ္ဓသာသနာတော်၌ ဝိနည်းမည်သည် သာသနာတော်၏ အသက်တည်း။ ဝိနည်းပျက်စီးလျှင် သာသနာတော်လည်း ပျက်စီးမည်သာဖြစ်၍ ဝိနည်းကို အထူးဂရုပြု စောင့်စည်းရန် လိုအပ်၏။ ဝိနည်းသည် ကောင်းသူကို ကယ်၍ မကောင်းသူကို ပယ်သော တရားဥပဒေဟူ၍လည်း ဆိုနိုင်ကြောင်း၊ ထို့အတူ လူ့လောက၌ သက်ဆိုင်ရာများက ထုတ်ပြန်ထားသော စည်းကမ်းဥပဒေများကို အထူးလိုက်နာကြရန်၊ မချိုးဖောက်ကြရန် လိုအပ်သကဲ့သို့ ကဲ့ရဲ့ခြင်းမှ ရှောင်ကြဉ်ကြရန် လည်း လိုအပ်ကြောင်း' နှိုးဆော်ထားသည်ကို တွေ့ရပါသည်။

ဘုရားရှင် ပြဋ္ဌာန်းထားသည့် ဝိနည်းသိက္ခာပုဒ်တော်များမှ ရဟန်းလောက သာမက လူ့လောကတွင်လည်း အတုယူလိုက်နာစရာများကို ဦးစားပေး အလေးထား ကာ ကျူးလွန်သည့် အပြစ်၊ ကျူးလွန်ရသည့် အကြောင်းရင်း၊ အပြစ်အလိုက် သိက္ခာပုဒ် ပညတ်ပေးပုံ၊ ပညတ်သည့် သိက္ခာပုဒ်နှင့် ဆက်စပ်၍ လူ့လောကတွင်လည်း မည်သို့ လိုက်နာကျင့်သုံးနိုင်ပုံတို့ကို ဆရာတော်ကြီးသည် သိမှတ်ဖွယ်ရာ လင်္ကာဆောင်ပုဒ်များ အကျဉ်းသိကိုး၍ ဖတ်ရှုသူတို့ စိတ်ထဲ စွဲမြဲလွယ်ရန် ထိထိမိမိ ရေးသားတော်မူထား သဖြင့် မှတ်သားရလွယ်ကူ၍ လွန်စွာအကျိုးများပါသည်။

လူ့လောက၌ တကယ့်အစစ်အမှန် အောင်မြင်ခြင်းနှင့် ပျော်ရွှင်ခြင်းကို ကိုယ်ကျင့်တရား အခိုင်အမာ တည်ဆောက်ခြင်းအားဖြင့်သာ ရရှိနိုင်ကြောင်းကို ပဥ္စမ ပါရာဇိကလာ အရှင်သုဒိန်၏ ဘဝဖြစ်စဉ်မှ သင်ခန်းစာ ယူနိုင်ရန် ဤကျမ်းစာ၌ မီးမောင်းထိုးပြထားပါသည်။

ထို့အတူ အကောင်းဆုံးတွေကို ရယူပိုင်ဆိုင်ဖို့ ပြုလုပ်ရာ၌ ကိုယ်ကျင့်တရားကို လျစ်လျူရှုခဲ့သဖြင့် အကောင်းဆုံးကို ရှာဖွေရင်းဖြင့်ပင် အဆိုးဆုံးသို့ ပြုတ်ပြုတ်ကျရသည်ကို သံဝေဂယူဖွယ်အဖြစ် ဒေဝဒတ်၏ အပြုအမူ လုပ်ဆောင်ချက်များနှင့် ဘဝနိဂုံး အဆုံးသတ်မှုကို ကွက်ကွက်ကွင်းကွင်း ရေးသားထားပါသည်။

တစ်ဖန် အတ္တ၊ မာန ဟူသော အဓမ္မတရားများ လွှမ်းမိုးနေသော အဖွဲ့အစည်း၌ အချင်းချင်း ရိုသေလေးစားမှုမရှိ၊ ညီညွတ်မှု မရှိ၊ ငြိမ်းချမ်းသာယာမှု မရှိပုံကို ကောသမ္ဗီ ပြည်၌ သံဃာ့အဓိကရုဏ်းကြီး ဖြစ်ပေါ်ရပုံ သာဓကပြကာ ရေးသားထားပါသည်။

အတ္တ၊ မာန ကင်းစင်နေပြီး ဓမ္မတရားများ လွှမ်းခြုံနေသော အဖွဲ့အစည်း၏ ငြိမ်းချမ်းသာယာသော သရုပ်သကန်ကို အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလ မထေရ်မြတ်ကြီး (၃)ပါးတို့ တစ်ပါးနှင့်တစ်ပါး ရိုသေလေးစား အလေးထားကာ အညီအညွတ် ချစ်ကြည်စည်းလုံးစွာ သီတင်းသုံးနေကြပုံကို လေးစားကြည်ညိုဖွယ်၊ အတုယူဖွယ် တင်ပြထားပါသည်။

ဆရာတော်ကြီးသည် မြတ်စွာဘုရားရှင် ညွှန်ကြားခဲ့သည့် ပဝါရဏာပြုနည်းကို စံနမူနာယူ၍ လူ့လောကတွင်လည်း သူတစ်ပါးအပြစ်တွေကို လိုက်၍ ကြည့်မြင်နေတတ်ခြင်းထက် မိမိအပြစ်ကို မိမိသိမြင်အောင် ကြည့်တတ်သော အလေ့အထ ကောင်းများ မွေးမြူကာ သူတော်ကောင်း စာရင်းဝင်နိုင်အောင် ကြိုးစားကြဖို့ လမ်းညွှန် ထားပါသည်။

ကိုယ်ကျင့်တရားကို ကောင်းမွန်စွာ တည်ဆောက်ပြီး စည်းကမ်းရှိ၍ တန်ဖိုးရှိသောဘဝ၊ ပျော်ရွှင်ခြင်းနှင့် အားရကျေနပ်ခြင်းရှိသော ဘဝ၊ အများက လေးစားကြည်ညိုသော ဘဝများကို ရယူပိုင်ဆိုင်လိုကြလျှင်ဖြင့် လေ့လာသင့်သော ကျမ်းတစ်ဆူ ဖြစ်ပါသည်။

ဒေါ်ပုညနန္ဒီ
ဓမ္မာစရိယတန်း (B.com)
တရားပြဆရာမ၊ ယင်းတော်မင်းကျောင်း၊ ပျော်ဘွယ်မြို့နယ်။

၁၃၇၇–နှစ်၊ ပဌမဝါဆိုလဆန်း (၁)ရက်၊ (၁၇–၆–၂၀၁၅) ဗုဒ္ဓဟူးနေ့။

## ဟိတေသီနေလ အရှင်နိပုဏာ၏

## ကျေးဇူးတင်လွှာ

**အနှစ်(၃၀)ကျော်** ။ ။ သဗ္ဗညုဗုဒ္ဓ (၄၅)ဝါတိုင်တိုင် -ဝါ- (၄၅)ဝါကာလပတ်လုံး လူ, နတ်, ဗြဟ္မာ ဝေနေယျသတ္တဝါအပေါင်းတို့အား လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ, နိဗ္ဗာန်ချမ်းသာ ဟူသော ချမ်းသာနိုင်သော အကျိုးတရားများကို ရရှိစေခြင်းငှာ ဟောကြားတော်မူထားအပ်သော ပိဋကသုံးပုံ, နိကာယ်ငါးရပ်တို့၌ လူအများ လိုက်နာကျင့်သုံးရန် 'ကိုယ်ကျင့်တရားများ' မြောက်များစွာ ပါလေ၏။ ထိုကိုယ်ကျင့်တရားများကို လူအများဖတ်ရှုနိုင်ရေးအတွက် စာအုပ်အဖြစ်သို့ရောက်ရန် စာရေးသားလိုသော ဆန္ဒသည် လွန်ခဲ့သော နှစ်ပေါင်း (၃၀)ကျော်ကပင် ဤစာရေးသူ၌ ဖြစ်ပေါ်ခဲ့လေ၏။

**တစ်နှစ်အဓိဋ္ဌာန် ဝင်စဉ်ကပင်** ။ ။ ဤကျေးဇူးတင်လွှာကို ရေးသားနေသော ၁၃၇၇ – ခုနှစ်၊ ကဆုန်လဆုတ် (၅)ရက်၊ (၇–၅–၂၀၁၅) ကြာသပတေးနေ့၌ ဤစာရေးသူ၏အသက်သည် (၇၀)ရှိပြီ ဖြစ်၏။ ဤနှစ်မှထောက်သော် လွန်ခဲ့သော နှစ်ပေါင်း (၃၆)နှစ်၊ ၁၃၄၀ – ခုနှစ်၊ တန်ဆောင်မုန်း လဆန်း (၁)ရက်၊ (၃၁–၁၀–၁၉၇၈) အင်္ဂါနေ့ မှစ၍ သန်လျင်မြို့ သန်လျင်တောရ၌ တစ်နှစ်တိုင်တိုင် အဓိဋ္ဌာန်ဝင်ခဲ့ရာ ထိုအချိန်၌ ဤစာရေးသူ၏ အသက်သည် (၃၄)နှစ် ရှိခဲ့လေ၏။ ထိုအချိန်ကပင် ပိဋကသုံးပုံ နိကာယ်ငါးရပ် မြန်မာပြန်စာအုပ်များကို အကြမ်းဖျင်း ဖတ်ရှုပြီး စာရေးသားလိုသောစိတ် ဖြစ်ပေါ်ခဲ့ပေ၏။

**ပို၍ ဆန္ဒပြင်းလာ** ။ ။ ထို့နောက် ၁၃၄၃ – ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁)ရက်၊ (၁၆–၈–၁၉၈၁) တနင်္ဂနွေနေ့ မှစ၍ ထိုသန်လျင်မြို့ သန်လျင်တောရ၌ပင် သုံးနှစ်အဓိဋ္ဌာန် ထပ်မံဝင်လိုက်ပြန်လေ၏။ ဤတစ်ခါ၌ ပိဋကသုံးပုံ, နိကာယ်ငါးရပ်တို့ကို ရှေးတစ်နှစ်ကထက် ပို၍ဖတ်ရှုလေ့လာ နေမိခဲ့သည့်အားလျော်စွာ

ထိုပိဋကနိကာယ်များမှ ထုတ်နုတ်၍ လူအများအတွက် ရေးသားဖို့ရာ ပို၍ဆန္ဒပြင်းပြခဲ့လေ၏။ ထိုအချိန်၌ အသက်သည် (၁၇)နှစ်သို့ ရောက်ခဲ့လေ၏။

ရေးနိုင်ရန် မလွယ် ။ ။ သို့ရာတွင် သဗ္ဗညုဗုဒ္ဓ ဟောကြားတော်မူအပ်သော တရားဒေသနာတော်သည်ကား ခက်ခဲ၏။ နက်နဲ၏။ သိမ်မွေ့၏။ နူးညံ့၏။ သိမြင်နိုင်ခဲ၏။ လူတို့၏ သာမညဉာဏ်နှင့် လိုက်၍မမီနိုင်သော ဈာန်တရား, မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားများ ပါဝင်၏။ မဟာသမုဒ္ဒရာကဲ့သို့ ကျယ်ပြန့်၏။ ယင်းသဘောကို လူအများ နားလည်အောင်, လိုက်နိုင်အောင် ရေးနိုင်ဖို့ရာသည်ကား အတော်မလွယ်သောကိစ္စ ဖြစ်လေ၏။ ရေးနည်းရေးဟန်ကို ဘယ်လိုမူချ၍ ရေးရမည်ဟူသည်ကိုပင် စဉ်းစားရခက်လျက် ရှိနေလေ၏။

ကျင့်စုံဋီကာ ။ ။ ဤသို့စဉ်းစားရင်းပင် (၁၂)နှစ်ဟူသော အချိန်သည် ကုန်လွန်ခဲ့ပြီးနောက် ဆန္ဒပြင်း၍ မနေနိုင်သည့်အဆုံး ၁၃၆၈ – ခုနှစ်၊ နယုန်လ၊ ၂၀၀၆ – ခုနှစ်၊ နိုဝင်ဘာလ – အသက် (၆၂)နှစ်သို့ ရောက်လာသော အချိန်၌ သီလက္ခန်ပါဠိတော်ကို အဋ္ဌကထာ, ဋီကာအဖွင့်ကို မှီတည်ထား၍ စတင်ရေးသားရာ (၇)လအကြာတွင် သုတ်သီလက္ခန်တစ်အုပ် ပြီးလေ၏။ ကျမ်းအမည်ကို 'ပိဋကသုံးပုံ ကျင့်စုံဋီကာ အမှတ်(၁)' ဟူ၍ တပ်လိုက်လေ၏။ ထိုကျမ်းကို အင်္ဂလိပ်လိုပင် ဘာသာပြန်၍ ထုတ်ဝေလိုက်သေး၏။

၃–နှစ်ဝင်ရန် ဆုံးဖြတ် ။ ။ သို့ရာတွင် ထိုအဋ္ဌကထာ, ဋီကာအဖွင့်ကို မှီတည်၍ ရေးသားလိုက်ခြင်းသည်ကား လူအများလိုက်၍ မမီကြသည့်အပြင် တွင်ကျယ်မှုလည်း မရှိသည်ကို သတိပြုမိသောကြောင့် ထိုအတိုင်းသာ ဆက်၍ရေးပါက ပိဋကသုံးပုံ နိကာယ်ငါးရပ်ကို ဤဘဝ၌ ဘယ်လိုမှ ပြီးအောင် ရေးနိုင်မည် မဟုတ်သည်ကို ကောက်ချက်ချမိပြန်လေ၏။ သို့ဖြစ်၍ 'ဆက်၍ ဘယ်လို ရေးရ ကောင်းမည်နည်း' ဟူ၍ စဉ်းစားရင်းပင် (၆)နှစ်ကျော် ကာလသို့ ရောက်လာခဲ့ပြီး အသက်လည်း (၆၈)နှစ်အရွယ်သို့ ရောက်ရှိလာခဲ့လေ၏။

တစ်ပြည်းပြည်း အသက်လည်းရလာ၊ ကြီးလာပြီဖြစ်၍ 'ဤအတိုင်းချည်း ဆက်လက်စဉ်းစားနေ၍ မဖြစ်ချေတော့ဘူး။ ပြီးအောင်တော့ ရေးတော့မည်' ဟု သတိပြုမိကာ အဓိဋ္ဌာန်မဝင်ဘဲ ရေးနေလို့ကတော့ ဟိုအကြောင်း, ဒီအကြောင်းနှင့် ပြီးနိုင်မည် မဟုတ်။ အဓိဋ္ဌာန်ဝင်၍ရေးမှ ပြီးနိုင်မည်ကို စဉ်းစားမိ၍ (၃)နှစ်အဓိဋ္ဌာန်ဝင်ရန် ဆုံးဖြတ်ချက်ချလိုက်ရလေ၏။

<u>(၃)နှစ် ဝင်ပြန်ခြင်း ။</u> ။ ဤသို့သော ရည်ရွယ်ချက်ဖြင့် ပိဋကသုံးပုံ, နိကာယ်ငါးရပ် ဟူသော မဟာသမုဒ္ဒရာကြီးကို ကူးခတ်နိုင်ရန် ၁၃၇၄ – ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁)ရက် (၃–၈–၂၀၁၂) သောကြာနေ့ ည (၁၀)နာရီခွဲ အချိန်မှစ၍ (၃)နှစ်အဓိဋ္ဌာန် ဝင်ရောက်ခဲ့လေတော့၏။

<u>နိကာယ်တစ်ခု ကျန်ဦးမည် ။</u> ။ ၀ဝင်ခဲ့စဉ်က နိကာယ်ငါးရပ် ရှိသည့်အနက် နိကာယ်လေးရပ်လောက် ပြီးနိုင်၏။ စာအုပ်ရေ များသော၊ ဝတ္ထုကြောင်းလည်းများသော ခုဒ္ဒကနိကာယ် တစ်ခုလောက်တော့ ကျန်ပေဦးမည်။ ယင်းကို နောက်တစ်ခါ အဓိဋ္ဌာန်ဝင်၍ ရေးမည်ဟူ၍ ပိုင်းဖြတ်ထားလေ၏။

<u>ရေးမည့်နိကာယ်များ ။</u> ။ ရေးရန်ဆုံးဖြတ်ထားသော ပိဋကကျမ်းစာ နိကာယ်များမှာ –

| | | |
|---|---|---|
| ၁။ | ဝိနည်း (၅)ကျမ်း | – (၆)လ၊ |
| ၂။ | အဘိဓမ္မာ (၇)ကျမ်း | – (၆)လ၊ |
| ၃။ | အင်္ဂုတ္တရနိကာယ် (၁၁)ကျမ်း | – (၆)လ၊ |
| ၄။ | သံယုတ္တနိကာယ် (၅)ကျမ်း | – (၆)လ၊ |
| ၅။ | မဇ္ဈိမနိကာယ် (၃)ကျမ်း | – (၆)လ၊ |
| ၆။ | ဒီဃနိကာယ် (၃)ကျမ်း | – (၆)လ – |

– အားဖြင့် ရေးရန် (၆)စုရှိသည့်အနက် တစ်စုကို ၆–လစီအားဖြင့် ၃–နှစ်ဆို ပြီးနိုင်သည်ဟူသော ရည်ရွယ်ချက်ဖြင့် အဓိဋ္ဌာန်စတင်ဝင်ခဲ့ပြီ ဖြစ်လေ၏။

**ပိဋကစာပေ ၁၁၇–အုပ်** ။ ။ ထိုပိဋကနိကာယ် ၅-ရပ်များကို စာအုပ်အရေအတွက် အားဖြင့် ရေတွက်ကြည့်သောအခါ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာဟူ၍ ရှိသည့်အနက်က ပါဠိတော်အုပ်ရေ –

| | | | |
|---|---|---|---|
| ၁။ | ဝိနည်း ၅-ကျမ်း | – ၅ | – အုပ်ရှိ၏။ |
| ၂။ | အဘိဓမ္မာ ၇-ကျမ်း | – ၁၂ | – အုပ်ရှိ၏။ |
| ၃။ | အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်း | – ၃ | – အုပ်ရှိ၏။ |
| ၄။ | သံယုတ္တနိကာယ် ၅-ကျမ်း | – ၃ | – အုပ်ရှိ၏။ |
| ၅။ | မဇ္ဈိမနိကာယ် ၃-ကျမ်း | – ၃ | – အုပ်ရှိ၏။ |
| ၆။ | ဒီဃနိကာယ် ၃-ကျမ်း | – ၃ | – အုပ်ရှိ၏။ |
| ၇။ | ခုဒ္ဒကနိကာယ် ၂၁-ကျမ်း | – ၁၁ | – အုပ်ရှိ၏။ |

စုစုပေါင်း ပါဠိတော်အုပ်ရေ ၄၀-ရှိလေ၏။ ထိုပါဠိတော်၏အဖွင့် အဋ္ဌကထာအုပ်ရေ ၅၁-အုပ်ရှိ၏။ ထိုအဋ္ဌကထာအဖွင့် ဋီကာအုပ်ရေ ၂၆-အုပ်ရှိ၏။ စုစုပေါင်း ၁၁၇-အုပ် ရှိလေ၏။

**ပြီးအောင်ရေးတော့မည်** ။ ။ ၎င်း ၁၁၇-အုပ်ကုန်သော ပိဋက ၃-ပုံ၊ နိကာယ် ၅-ရပ် စာပေတို့သည် မြန်မာစာပေနှင့် ရှိကြသည် မဟုတ်။ ပါဠိတော်စာပေနှင့်သာ ရှိကြခြင်း ဖြစ်လေ၏။ အားလုံးသည် သဗ္ဗညုဗုဒ္ဓ ဟောတော်မူအပ်သော ဈာန်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရောက်ကြောင်းများ၊ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့ကို ရနိုင်ကြောင်းများကို ဟောတော်မူထားအပ်သည်ချည်း ဖြစ်၍ ခက်ခဲ၏။ နက်နဲ၏။ သိမ်မွေ့၏။ နူးညံ့၏။ မဟာသမုဒ္ဒရာကဲ့သို့ ကျယ်ပြန့်၏။ သို့ဖြစ်၍ –

'ဘယ်လိုလဲ။ ရေးနိုင်ပါ့မည်လား' – ဟူ၍ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ရ၏။

'အဓိဋ္ဌာန်ဝင်၍ ပြီးအောင် ရေးမည်ဟူ၍ ဆုံးဖြတ်ပြီးမှတော့ ဘယ်လိုဖြစ်ဖြစ် ပြီးအောင်ရေးရတော့မှာပဲ' – ဟူ၍သာ အဖြေပေးလိုက်ရလေတော့၏။

<u>တစ်ရက်လုပ်ငန်းစဉ်</u> ။ ။ အမိဋ္ဌာန်မဝင်ခင်က ကျန်းမာရေးနှင့် ညီညွတ်အောင် တစ်နေ့ကို (၈)နာရီပြည့်အောင် အိပ်၏။ အမိဋ္ဌာန်ဝင်တော့ တစ်နေ့ကို (၆)နာရီ အိပ်၏။ မပြီးမှာစိုးလို့ တစ်ဖန် (၅)နာရီ အိပ်၏။ မပြီးမှာစိုးလို့ တစ်ဖန် (၄)နာရီလောက်လည်း အိပ်၏။ အအိပ်နည်း၍လား မသိ။ တစ်ခါတစ်ခါ အလွန်အမင်း အိပ်ချင်၏။ စာရေးနေရင်း ဘောပင်လွတ်ကျလို လွတ်ကျ၏။ စာကြည့်နေရင်း စာအုပ်လွတ်ကျလို လွတ်ကျ၏။ ဤနည်းဖြင့် တစ်ရက်ကို (၂၄)နာရီ ရှိသည့်အနက်က (၆)နာရီလောက် စာရေး၊ စာကြည့်၊ စာလေ့လာ ဖြစ်လေ၏။

ကျန်အချိန်တို့၌ နံနက်အစော ၃-နာရီ မိနစ် ၂၀-တွင် အိပ်ရာမှ ထ၏။ မျက်နှာသစ်၏။ ကိုယ်လက်သုတ်သင်၏။ ရေသောက်၏။ ဆေးသောက်၏။ ယင်းအတွက် နာရီဝက်လောက် အချိန်ကုန်သွား၏။ ထို့နောက် များစွာသော ဗုဒ္ဓရုပ်ပွားတော်များကို မျက်နှာတော် သုတ်ပေး၏။ ဖုန်ခါပေး၏။ ထို့နောက် သောက်တော်ရေ ၆၅-ခွက်တို့ကို သောက်တော်ရေလဲ၏။ မေတ္တာပို့၏။ ဂုဏ်တော်ပွား၏။ အမျှဝေ၏။ ပရိတ်ရွတ်၏။ ပန်း၊ ရေချမ်း၊ ဆီမီးကပ်၏။ အမွှေးတိုင်ကပ်၏။ ဘုရားခန်း (၁၁)ခန်း တစ်ခန်းဝင် တစ်ခန်းထွက် ဘုရားရှိခိုး၏။ တရားထိုင်၏။ ထို့နောက် အရုဏ်ဆွမ်း စား၏။ ဤလိုနှင့် နံနက် (၇)နာရီတီးအထိ အချိန်ကုန်လေ၏။

အရုဏ်စားပြီး ၁၅-မိနစ်ခန့် အိပ်၏။ ထို့နောက် အိပ်ရာမှထ၍ ကျောင်းသန့်ရှင်းရေး လုပ်၏။ ရေမိုးချိုး၏။ (၈)နာရီခွဲသို့ ရောက်၏။ ထိုမှစ၍ နံနက် (၁၀)နာရီခွဲအထိ စာရေးတော့၏။

(၁၀)နာရီ (၄၅)မိနစ်တွင် နေ့ဆွမ်းစား၏။ ဆွမ်းစားချိန် မိနစ် (၄၀), (၄၅)မိနစ် ကြာ၏။ ဆွမ်းစားပြီး မေတ္တာပို့ အမျှဝေ ဂုဏ်တော်ပွား (၁၀)မိနစ်လောက် လုပ်၏။ ထို့နောက် မွန်းတည့် (၁၂)နာရီအထိ မိနစ် (၂၀)ခန့် စာရေးလေ၏။ ထို့နောက် မွန်းလွဲ (၂)နာရီတီးအထိ အိပ်လေ၏။ ဆရာလေး မတိက္ခဉာဏီ၊ မသိက္ခာဝတီတို့က အရုဏ်ဆွမ်း၊ နေ့ဆွမ်းကပ်ကြ၏။ ဆရာလေး မအာသာဝတီတို့က ချက်ပြုတ်ပေးလေ၏။

မွန်းလွဲ (၂)နာရီတီး အိပ်ရာမှထပြီး မျက်နှာသစ်ပြီးနောက် ဆေးသောက်၏။ ရေသောက်၏။ သွားသန့်ရှင်းရေး လုပ်၏။ ထို့နောက် နာရီဝက်ခန့် လမ်းလျှောက်၏။

လမ်းလျှောက်ရင်း မေတ္တာပို့၏။ ဂုဏ်တော်ပွား၏။ ပရိတ်ရွတ်၏။ ဤလိုနှင့် ညနေ (၃)နာရီခွဲ, (၄)နာရီသို့ ရောက်လေ၏။

ထိုမှနောက် ညဥ့် (၁၀)နာရီခွဲအထိ စာရေး၏။ စာကြည့်၏။ စာလေ့လာ၏။ ထို့နောက် တရားထိုင်၏။ ဤကြားထဲ စာရေး၍ နာရီဝက်ရှိတိုင်း (၅)မိနစ်ခန့် လမ်းလျှောက်၏။ လမ်းလျှောက်ရင်း ဗောဇ္ဈင်သုတ်ကို ရွတ်လေ၏။ ညနေ (၆)နာရီ၌ သံပုရာရည် သောက်၏။ ည(၈)နာရီ၌ ပျားရည်တစ်ဇွန်း သောက်၏။ ဆရာလေး မအာသာဝတီ၊ မသုမနာ၊ မဓမ္မညာဏီတို့ ကပ်ကြ၏။

ညဥ့် (၁၁)နာရီခွဲကျော်၌ အိပ်၏။ မအိပ်ခင် ဘုရားရှိခိုး၊ မေတ္တာပို့ အမျှဝေ၏။ နံနက် (၃)နာရီ မိနစ် (၂၀)လောက် ထ၏။ ဤကား တစ်ရက်တာ နေ့စဉ် အဓိဋ္ဌာန် လုပ်ငန်း ကျင့်စဉ်ဖြစ်လေ၏။

**တကယ်လုပ်တော့ အဟုတ်ပြီး ။** ။ ဤနည်းဖြင့် (၂)နှစ်နှင့် (၂)လမျှ ကြာသောအခါ အစက မပြီးဘူးလို့ ထင်ထားခဲ့သော ခုဒ္ဒကနိကာယ် (၂၁)ကျမ်းအပါအဝင် ပိဋကတ ၃-ပုံ၊ နိကာယ် ၅-ရပ် အလုံးစုံ ပြီးစီးသွားလေ၏။ ပြီးမြောက်သောနေ့၌ 'တကယ်လုပ် အဟုတ်ပြီး' သဘောအရ မယုံကြည်နိုင်လောက်အောင် ပြီးမြောက်သွားသည်ဖြစ်၍ ပြောမပြနိုင်လောက်အောင် ဝမ်းသာပီတိ ဖြစ်ရှိရလေ၏။

**နောက်ထပ် ၃-ကျမ်း ။** ။ အဓိဋ္ဌာန်ဝင်သည့်ရက် ၁၃၇၄-ခု၊ ဒုတိယ ဝါဆိုလပြည့်ကျော် (၁)ရက် ၃-၈-၂၀၁၂ သောကြာနေ့ စဝင်၍၊ အဓိဋ္ဌာန် ထွက်မည့်ရက် ၁၃၇၇-ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက် ၂၀-၉-၂၀၁၅ တနင်္ဂနွေ ဖြစ်ရာ အဓိဋ္ဌာန်ဝင်မှုသည် ၃-နှစ်၊ ၂-လနှင့် ရက်ပေါင်း ၂၀-ဖြစ်လေ၏။

၃-နှစ် အဓိဋ္ဌာန်ဝင်ခြင်း၏ အဓိကလုပ်ငန်း ပြီးမြောက်ပြီဖြစ်၏။ အဓိဋ္ဌာန် ထွက်ရန် ၁-နှစ်ခန့် ကျန်နေသေး၏။ ထိုကျန်နေသော အချိန်၌ အချိန်ဖြုန်းမနေဘဲ ပြုထိုက်သော ကျမ်းစာများကို ဆက်လက်ပြုစုရာ -

၁။ ဓာတ်ကြီးလေးပါးနှင့် ဝိပဿနာ၊
၂။ သန္တိနိဗ္ဗာန်၊
၃။ အရိယာဘုံသွား ဉာဏ်လှေခါးကျမ်း။

ထို ၃-ကျမ်းကိုပင် အပိုရေးသားမှု ပြီးစီး၏။ အားလုံး ၂-နှစ်နှင့် ၁၀-လ အတွင်း၌ပင် ကျမ်းပေါင်း ၁၂-ကျမ်းကို ရေးသားပြုစုမှု ပြီးစီးလေ၏။ ဤသို့တိုင် အဓိဋ္ဌာန်ထွက်ရန် ၄-လမျှ ကျန်နေသေး၏။ ထိုကျန်ရှိနေသော ၄-လ၌ ပိဋက ၃-ပုံမှ လေ့လာမှတ်သားသင့်သည်များကို လေ့လာမှတ်သားရမည် ဖြစ်ပေ၏။

<u>ပြီးစီးပုံ အခြေအနေ</u> ။ ။ အဓိဋ္ဌာန်ဝင်ခြင်း၏ အဓိကလုပ်ငန်းဖြစ်သော ပိဋက ၃-ပုံ နိကာယ် ၅-ရပ် စာအုပ်များ ရေးသားပြီးစီး၍ လူအတော်လေး ပေါ့ပါးရှင်လန်းမှု ဖြစ်သွားရ၏။ ဤသို့ ပိဋက ၃-ပုံ၊ နိကာယ် ၅-ရပ်တို့ကို ရေးသားမှု ပြီးစီးသည် ဆိုရာ၌ အကုန်လုံး လုံးစေ့ပါဌ်စေ့ ရေးသားပြီးစီးခြင်းမျိုး မဟုတ်ပေ။ ရဟန်း၊ ရှင်၊ လူအများ လိုက်၍မီနိုင်လောက်သော၊ နားလည်နိုင်လောက်သော 'ကိုယ်ကျင့်တရားများ' ကို ရွေးချယ် ထုတ်နုတ်၍ ရေးသားခြင်းကြောင့်သာ ပြီးစီးခြင်း ဖြစ်လေ၏။

လုံးစေ့ပါဌ်စေ့သာ ရေးနေမည် ဆိုပါက ပိဋက ၃-ပုံ၊ နိကာယ် ၅-ရပ်ကို မပြောနဲ့။ ပိဋက ၁-ပုံ၊ နိကာယ် ၁-ရပ်ပင် မပြီးနိုင်ရုံမက ဝိနည်း ၅-ကျမ်းပင် ပြီးနိုင်ရန် မလွယ်ကူပေ။ လူအများ လိုက်နိုင်၊ နားလည်နိုင်လောက်သော 'ကိုယ်ကျင့်တရားများ' ကို ရွေးချယ်ထုတ်နုတ်၍ ရေးသားချက်ကြောင့်သာ ပြီးစီးခြင်း ဖြစ်လေ၏။

၁။ ရှေးဦးစွာ ဝိနည်း (၅)ကျမ်းကို ရေး၏။ ၃-လအကြာ၌ ပြီး၏။

၂။ ထို့နောက် အဘိဓမ္မာ (၇)ကျမ်းကို ရေး၏။ ၅-လအကြာ၌ ပြီး၏။

၃။ ထို့နောက် အင်္ဂုတ္တရနိကာယ် (၁၁)ကျမ်းကို ရေး၏။ ၃-လအကြာ၌ ပြီး၏။

၄။ ထို့နောက် သံယုတ္တနိကာယ် (၅)ကျမ်းကို ရေး၏။ ၃-လအကြာ၌ ပြီး၏။

၅။ ထို့နောက် မဇ္ဈိမနိကာယ် (၃)ကျမ်းကို ရေး၏။ ၃-လမျှနှင့် ပြီး၏။

၆။ ထို့နောက် ဒီဃနိကာယ် (၃)ကျမ်းကို ရေး၏။ ၃-လမျှနှင့် ပြီး၏။

၇။ ထို့နောက် ခုဒ္ဒကနိကာယ် (၁၁)အုပ်၊ (၂၁)ကျမ်းတို့ကို ရေး၏။ ၃-အုပ် ရေးရ၏။ ၆-လမျှနှင့် ပြီး၏။

၈။ ထို့နောက် ဓာတ်ကြီးလေးပါးနှင့် ဝိပဿနာကို ရေး၏။ ၂-လကျော်ကြာ၏။

၉။ ထို့နောက် သဒ္ဒနိဗ္ဗာန်ကို ရေး၏။ ၃-လကျော် ကြာ၏။

၁၀။ ထို့နောက် သန်လျင်မြို့ သန်လျင်တောရ၏ ပဌမဆရာတော်ကြီးဖြစ်သော ဓမ္မဝါဒီဆရာတော်ကြီး ရေးသားအပ်သော 'အရိယာဘုံသွား ဉာဏ်လှေခါးကျမ်းကြီး' ကို ဒုတိယအကြိမ် ထုတ်ဝေနိုင်ရန် သူတစ်ပါးကမ္မဋ္ဌာန်း ဝါဒတို့ကို ဝေဖန်ပိုင်းခြားထားမှုများကို ဖယ်နုတ်၍ ဓမ္မဝါဒီဆရာတော်ကြီး၏ မူဝါဒသက်သက်ကိုသာ ထုတ်နုတ်၍ လက်ရေးဖြင့် စိစစ်ရေးသား၏။ ၁-လနှင့် ၁၀-ရက် ကြာ၏။

စုစုပေါင်း ၂-နှစ်နှင့် ၁၀-လအကြာ၌ ကျမ်းစာအုပ် ၁၂-အုပ် ရေးသားပြီးစီးလေ၏။

ကျန်းမာရေး ချွတ်ယွင်းလာ ။ ။ ဤကျေးဇူးတင်လွှာကို ရေးနေချိန်၌ အဓိဋ္ဌာန်ထွက်ရန် ၄-လကျော် လိုသေး၏။ ဤအချိန်အထိ မသေလို့ အသက်ရှင်နေသေးခြင်း ဖြစ်ပေ၏။ ကျမ်းစာအုပ်တွေ ရေးနေစဉ် အတွင်း၌ပင် ကျန်းမာရေးအခြေအနေသည် ယိုယွင်းဖောက်ပြန်လာခဲ့ပေ၏။ မျှော်လင့်တွက်ဆမထားသောရောဂါများသည် ဖြစ်ပေါ်၍ လာခဲ့ပေ၏။

ဝိနည်း ၅-ကျမ်းနှင့် ကျန်းမာရေး ။ ။ သွေးတိုးရောဂါသည် အဓိဋ္ဌာန်ဝင်ခြင်းနှင့်အတူပါလာခဲ့ပုံရ၏။ အဓိဋ္ဌာန်မဝင်ခင်က မိမိ၌ သွေးတိုးရောဂါရှိသည်ဟူ၍ မသိခဲ့ပေ။ ဝိနည်း ၅-ကျမ်းကို ရေးနေစဉ်၌ပင် ခေါင်းတွေမူးနောက် ကိုက်ခဲလာ၏။ ဇက်ကြောတွေ ထိုးလာ၏။ အနိုက်အတန့်ဖြစ်မည်ဟုပဲ ထင်၏။ စာရေးနေတုန်းပဲ သက်သာနေသည် ထင်ရ၏။ ဤလိုနှင့် ဝိနည်း ၅-ကျမ်း ၃-လနှင့် ပြီးခဲ့ရပေ၏။

**အဘိဓမ္မာ ၇–ကျမ်းနှင့် ကျန်းမာရေး ။** ။ အဘိဓမ္မာ ၇–ကျမ်းကို ဆက်ရေးနေစဉ် တစ်ရက်ထက်တစ်ရက် ခေါင်းမူး၊ ခေါင်းကိုက်၊ ဇက်ထိုးတွေ ပြင်းထန်လာ၏။ ပေ၍တေ၍သာ ရေးနေရ၏။ သက်သာမှု မရပေ။ ၁–လကျော်လောက် အရှိမှာ နံနက် ၁၀–နာရီ မိနစ် ၄၀–တွင် နေ့ဆွမ်းစားရန် အောက်သို့ဆင်းလာစဉ် ကျောင်းချာချာလည်အောင် မူးသွား၏။ လဲကျမသွားအောင် လှေခါးလက်ရမ်းကို ကိုင်ထားရ၏။ သွေးပေါင်ချိန်ကြည့်သောအခါ ၁၄၀–ကျော် ၉၀–ကျော် ဖြစ်နေ၏။ ဆရာလေး မတိက္ခဉာဏီ၊ မသိက္ခဝတီတို့က သွေးတိုးရှိနေပြီဟု ဆိုကြလေ၏။ သို့ဖြင့် သွေးကျဆေး သောက်ရလေ၏။

**အစားအစာများကို ဖြတ်ခြင်း ။** ။ သွေးကျဆေးကို တစ်ကို သောက်၏။ ထို့နောက် ၂–ခွဲကို သောက်၏။ သွေးတိုးကျမလာ၍ ၅–ကို သောက်ရ၏။ သွေးတိုး ၁၄၀–၈၀ က ကျမလာပေ။ ခေါင်းခဲ၊ ဇက်ထိုးခြင်းကလည်း သက်သာခြင်း မရှိပေ။ တစ်ရက်ထက်တစ်ရက် ဆိုးဆိုးလာ၏။ တစ်ခါတစ်ခါ – 'အဘိဓမ္မာ ၇–ကျမ်းတောင် ရေးပြီးပါ့မလား' ဟူ၍ အောက်မေ့ရ၏။ ရောဂါတိုးလာလေ စာကိုသာ ဖိရေးလေ ရေးနေရလေ၏။ စာရေးနေတုန်းပဲ သက်သာနေသည်ဟု ထင်ရပေ၏။

အဘိဓမ္မာ ၇–ကျမ်းကို ရေးလာသည်မှာ ၂–လကျော်လာပြီ ဖြစ်၏။ ရောဂါက သက်သာမလာသည်ဖြစ်၍ 'ဘာများမှားသလဲ' ဟု သွေးတိုးရောဂါနှင့် စပ်၍ ရေးသားထားသော စာအုပ်များကို လေ့လာရပြန်၏။ စားတာက သက်သတ်လွတ်ဖြစ်၏။ အသီးအနှံကိုသာ စားသောကြောင့် အစားအသောက် မမှားနိုင်ဟု ထင်၏။

အရုဏ်ဆွမ်း၊ နေ့ဆွမ်းရှိရာ အရုဏ်ဆွမ်းတွင် မုန့်ဟင်းခါး စား၏။ နေ့ဆွမ်းတွင် ဆွမ်းပဲစား၏။ မြေပဲဆီ၊ နှမ်းဆီတို့ကိုသာ အသုံးပြု၏။ သို့ပါလျက်လည်း သွေးတိုးရောဂါက သက်သာမလာ။ သို့နှင့် မုန့်ဟင်းခါးကို စဉ်းစားရလေ၏။

ဤစာရေးသူသည် မုန့်ဟင်းခါးကို အလွန်ကြိုက်၏။ အသက် ၃၀–ကျော်စကပင် မုန့်ဟင်းခါးကို စွဲစွဲမြဲမြဲ စား၏။ ယင်းတော်မင်းကျောင်း ရောက်တော့

မုန့်ဟင်းခါးဖတ် မလွယ်သည်နှင့် ကြာရှည်ခံအောင် ပြုလုပ်ထားသော၊ ဆန်ခေါက်ဆွဲ ဟုလည်း ခေါ်သော မုန့်ဟင်းခါးခြောက်ကို ရေနွေးနှင့်ပျော့ပြီး မုန့်ဟင်းခါးဖတ်အဖြစ် စားလာသည်မှာ နှစ်ပေါင်း ၂၀-ကျော်လာပြီ ဖြစ်၏။

ကျန်းမာရေး ဆောင်းပါးရေးသူတို့က ခေါက်ဆွဲခြောက်ကိုသာ ကျန်းမာရေးနှင့် မညီညွတ်ဟု ရေးကြ၏။ မုန့်ဟင်းခါးခြောက်ကို ရေးသည်ကို မတွေ့ရ။ သို့ဖြစ်၍ မုန့်ဟင်းခါးခြောက်ကို ကျန်းမာရေးနှင့် ညီညွတ်သည်ထင်ကာ စွဲစွဲမြဲမြဲ နှစ်ပေါင်း ၂၀-ကျော်ကြာ စားလာခဲ့ခြင်း ဖြစ်လေ၏။

ကြာရှည်ခံအောင် ပြုလုပ်ထားသော အစားအစာမှန်သမျှ ကျန်းမာရေးနှင့် မညီညွတ်၊ သွေးတိုးကို ဖြစ်စေတတ်၏ဟူသော စာကို ဖတ်မိသောကြောင့် အလွန်ကြိုက်နှစ်သက်သော မုန့်ဟင်းခါးကို လုံးဝဖြတ်လိုက်ရလေ၏။ ထို့ပြင် ဆားကိုလည်း လုံးဝမထည့်ဘဲ စားပေတော့၏။ အချိုမှုန့်၊ ဟင်းခတ်မှုန့်တို့ကိုလည်း ဖြတ်ပစ်ရ၏။ နောက်ဆုံး နှမ်းဆီ၊ ပဲဆီတို့ပင် စိတ်မချရ၍ သံလွင်ဆီကိုပင် အသုံးပြုရပေတော့၏။

**နောက်ကျမ်းများနှင့် ကျန်းမာရေး ။**

။ ထိုသို့ပြု၍ အနည်းငယ် သက်သာသလို အောက်မေ့ရ၏။ သွေးတိုးက ၁၄၀-၈၀ က ကျမလာပေ။ ခေါင်းက ခဲမြဲ၊ ဇက်က ထိုးမြဲ ဖြစ်၏။ ဤလိုနှင့်ပဲ ၅-လကြာတော့ အဘိဓမ္မာ ၇-ကျမ်း ပြီးခဲ့ရလေ၏။

အဘိဓမ္မာပြီးတော့ အင်္ဂုတ္တရနိကာယကို ဆက်၍ ရေး၏။ ရေးနေစဉ်မှာပင် ကျန်းမာရေးက ပိုဆိုးလာ၏။ ခေါင်းမူး၊ ဇက်ထိုးများ မပျောက်သည့်အပြင် နှလုံးတုန်၊ ရင်ခုန် ပြင်းထန်လာ၏။ အလိုလိုနေရင်း မောဟိုက်လာ၏။ အသက်ရှူမှုတွေ မြန်လာ၏။

သွေးတိုး၊ ခေါင်းခဲ၊ ဇက်ထိုးတာတို့ကို သည်းခံနိုင်သေး၏။ နှလုံးတုန်၊ ရင်ခုန်၊ မောဟိုက်လာတာတို့ကို သည်းခံ၍ မရတော့ပေ။ မိတ္ထီလာမှ 'ဇော်'ဆေးရုံပိုင်ရှင် ဆရာဝန် ဦးခင်မောင်မြင့်ကို ခေါ်ရလေတော့၏။ ECG ဆွဲကြည့်၏။ နှလုံးသွေးကြော ကျဉ်းနေသည်ဟု ဆိုလေ၏။

သို့နှင့် သွေးတိုးဆေးများအပြင် နှလုံးဆေး၊ သွေးကျဲဆေးတွေကို သောက်ရ ပြန်လေ၏။ ထိုဆေးတွေကို သောက်လိုက်တော့ မောပန်းတာ၊ မောဟိုက်တာ သက်သာ သွား၏။ သို့ရာတွင် သွေးကျဲဆေးက အစာအိမ်ကို ထိ၍ လွန်ခဲ့သော နှစ်ပေါင်း ၃၀- ကျော်က သန့်လျင်တောရမှာနေစဉ် ဖြစ်ခဲ့ဖူးသော အစာအိမ်ရောင် ရောဂါက ပြန်၍ ပေါ်လာပြန်လေ၏။

ဆရာဝန် ဦးခင်မောင်မြင့်က အစာအိမ် မထိတဲ့ သွေးကျဲဆေးကို ပြောင်းပေး၏။ သို့ရာတွင် အစာအိမ်ရောင်တာက မသက်သာ။ ဆက်၍ ဖြစ်နေ၏။ အလွန်အခံရ ခက်သော အစာအိမ် နာကျင်မှုဒဏ်ကို အပြင်းအထန် ခံရပြန်လေ၏။

နောက်ပိုင်း၌ ဆွမ်းလည်း လုံးဝစားလို့မရသည့်အပြင် ဆန်ပြုတ်ပင် အစာအိမ်က လက်မခံသောကြောင့် အင်ရှုးဝါးသာ သောက်၍ နေရလေ၏။ အဓိဋ္ဌာန်ဝင် နေရင်း ပျံတော်မူရင်တော့ တစ်ပိုင်းတစ်စနှင့် ဒုက္ခပဲ ဟူ၍ပင် စိတ်က မကြာမကြာ ဆင်ခြင်မိလေ၏။ ရက် ၂၀-ကျော်လာသည့်တိုင် အစာအိမ်ရောင်ရောဂါ မသက်မသာ ဖြစ်နေသည်ဖြစ်၍ ဆရာလေး တိက္ခဉာဏ၊ သိက္ခဝတီတို့၏ စီစဉ်ပေးမှုဖြင့် ရန်ကုန် မင်္ဂလာဒုံမှ ဆရာဝန် ဗိုလ်ကြီးဝဏ္ဏတိုင်းကျော်နှင့် ကုရပြန်၏။ ဗိုလ်ကြီးဝဏ္ဏတိုင်းကျော် နှင့် ကု၍ ရက် ၂၀-လောက်ရှိလာတော့ အစာအိမ်ရောဂါ သက်သာလာ၏။

တစ်လကျော်လောက် ရှိလာတော့ ဆန်ပြုတ်သောက်နိုင်လာ၏။ တစ်ဖြည်းဖြည်း နှင့် ဆွမ်းအာဟာရပါ စားနိုင်လာ၏။ တော်ပါသေး၏ဟု အောက်မေ့ရတော့၏။ အစာအိမ် ရောဂါကို အပြင်းအထန် ခံနေရစဉ်က ဤရောဂါမှ ထမှထပါတော့မလားဟု ဆင်ခြင်မိလေ၏။

အစာအိမ်ရောဂါဖြစ်နေစဉ် အစာအာဟာရတွေ ကင်းရှင်းနေလို့လား မသိ။ သွေးကြောတွေပဲ ကျယ်သွားလို့လား မသိ။ မောဟိုက်တာတွေ သက်သာနေလေ၏။ ခေါင်းခဲ၊ ဇက်ထိုးတွေ ကင်းပျောက်နေ၏။ သွေးတိုးရောဂါတွေ ကင်းရှင်းနေ၏။ ၁၂၀- ၇၀ အောက်မှာပဲ ရှိနေလေ၏။

<u>မောဟိုက်ခြင်း ပြန်ဖြစ်လာ ။</u> ။ အစာအိမ်ရောဂါဖြစ်၍ ၁-လခွဲကျော်ရှိလာတော့ အစာအိမ်ရောဂါ ပျောက်သလောက်နီးပါး သက်သာသွား၏။ အစားအစာတွေကို ပုံမှန်ပြန်၍ စားလာနိုင်၏။ သို့ရာတွင် တစ်မျိုးဖောက်ပြန်လာ၏။ အစားအစာတွေကို စားလာနိုင်သည်နှင့်အမျှ သွေးကြောတွေ ပြန်၍ မာလာပုံရ၏။ မောဟိုက်လာပြန်၏။ နှလုံးခုန်တွေ မြန်လာ၏။ ဦးနှောက်ကြော၊ နှောက်စေ့ကြော၊ နားထင်ကြောတွေ လှုပ်ခုန်လာ၏။ နားက လေထွက်လာ၏။ နားတွေ အူလာ၏။ လဲ့အိပ်နေလျှင် ပို၍ဆိုး၏။ ပျောက်နီး, ပျောက်နီးနှင့် ၂-လ ကျော် လာသည့်တိုင် မပျောက်နိုင်သည်နှင့် မိတ္ထီလာမှ 'ဇော်'ဆေးရုံပိုင်ရှင် ဆရာဝန် ဦးခင်မောင်မြင့်ကို ခေါ်၍ ECG ဆွဲကြည့်ရပြန်လေ၏။ သွေးကြော မာလာ၊ ထူလာ သည်ဟု ဆိုလေ၏။ သို့ဖြစ်၍ သောက်နေကျ နှလုံးဆေးများအပြင် အစာအိမ်ကို မထိသော နိုင်ငံခြား သွေးကျဲဆေး၊ ဗမာ သွေးကျဲဆေး၊ ဆေးမြီးတို သွေးကျဲဆေးများကို သောက်ရပြန်လေ၏။ အတော်အတန် သက်သာမှု ရသွားလေ၏။

<u>သွေးတိုးပေါ်မလာ ။</u> ။ အစာအိမ်ရောဂါ မဖြစ်ခင် တစ်နှစ်ကျော်ကျော်လောက် သွေးတိုးရောဂါကို အပြင်းအထန် ခံစားခဲ့ရပြီးနောက် အစာအိမ်ရောဂါ ဖြစ်ပေါ်လာသောအခါ သွေးတိုးရောဂါ ကင်းပျောက်နေ၏။ ယခုအချိန် အထိ ပြန်၍ ပေါ်မလာတော့ပေ။ တစ်နှစ်ကျော်လောက် တာရှည်ခံ အစာများနှင့် ဟင်းချိုမှုန့်၊ ဟင်းခတ်မှုန့်၊ ဆားတို့ကို ရှောင်ကြဉ်လိုက်၍ ဖြစ်ဟန်တူပေ၏။

<u>နေသာထိုင်သာ ရှိလာ ။</u> ။ ၃-နှစ် အဓိဋ္ဌာန်ဝင်ခဲ့သည်မှာ ၂-နှစ်ခွဲကျော် ရှိလာခဲ့ပြီ ဖြစ်၏။ အံ့ဖွယ်ကောင်းသည်ကား သွေးတိုးရောဂါ လုံးဝ ကင်းစင်နေခြင်းပင် ဖြစ်၏။ အပေါ်သွေး ၁၂၀၊ အောက်သွေး ၇၀-၀န်းကျင်သာ ရှိနေတော့၏။ ဆီးချို သွေးချိုလည်း ကင်းစင်နေ၏။ အစာအိမ်ရောဂါလည်း သက်သာ နေ၏။ နှလုံးသွေးကြောကျဉ်းရောဂါနှင့် နားအူ၊ နားယား၊ လည်ချောင်းယား ရောဂါ ကျန်နေ၏။ နားယား၊ လည်ချောင်းယားကား အဓိဋ္ဌာန်မဝင်ခင် အတော်ကြာကြာကပင် ဖြစ်နေ၏။ အထူးက ဆရာဝန်တို့နှင့် ကုခဲ့၍လည်း မပျောက်နိုင် ဖြစ်နေရ၏။

ရင်ထဲမှာ တစ်ဆို့ဆို့နှင့် မောနေခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်းများ မပျောက်နိုင်သည်နှင့် ယင်းတော်မင်းကျောင်းသို့ ရောက်ဖူးသော ရန်ကုန်မှ ခွဲစိတ်ပါရဂူ ဆရာဝန်ကြီး ဗိုလ်မှူးချုပ် မြသိန်းဟန်ကို စာရေးပြီး အကူအညီတောင်းရ၏။ ထို့ပြင် နှလုံးအထူးကု ဆရာဝန်ကြီး ဦးအောင်ကျော်ဇော၊ နား, နှာခေါင်း, လည်ချောင်း အထူးကု ပါရဂူ ဆရာဝန် ဦးဘုန်းမြင့်ထွန်းတို့ကိုလည်း ဆရာလေး မတိက္ခဉာဏီ၊ မသိက္ခဝတီတို့မှတစ်ဆင့် ရောဂါအခြေအနေကို စာရေး၍ ပြောပြရ၏။

နားထင်ကြောလှုပ်ခြင်း၊ ဦးနှောက်ကြောလှုပ်ခြင်း၊ နားအူခြင်းတို့သည် ဇက်ကြော အရိုးကျိုးပေါင်းကြောင့်လည်း ဖြစ်နိုင်၏ဟု ဆိုကြလေ၏။ ထို့နောက် အစာအိမ်ဆေး Esomeprazole ကို ကြာရှည်သောက်လျှင် နှလုံးခုန်မြန်သည်ဟု ဆိုပြန်၏။ ထို့ပြင် ခါးကြောများကလည်း တင်းတင်းတောင့်တောင့်ကြီး ဖြစ်နေ၏။ ကျောကုန်းဘေးကြောတွေကလည်း တင်းတောင့်ပြီး ထိုးကျင့်ကျင့် ဖြစ်နေ၏။ ခါးရိုး၌ အရိုးကျိုးပေါင်း ရှိကောင်းရှိနိုင်၏။ အရိုးကျိုးပေါင်းအတွက်က သောက်ဆေးမရှိ။ လိမ်းဆေးပဲ ရှိပေ၏။ လေ့ကျင့်ခန်း လုပ်ရ၏ဟု ဆို၏။ သို့ဖြစ်၍ အရိုးကျိုးပေါင်းအတွက် လိမ်းဆေးကို လိမ်းရ၏။ Esomeprazole ဆေးကို ဖြတ်ရ၏။ ထိုဆရာဝန်များ ပေးသော အစာအိမ်ဆေး၊ အာရုံကြောဆေး၊ နှလုံးဆေး၊ သွေးကျဲဆေးများကို သောက်ရပြန်လေ၏။

ဤသို့ဖြင့် ၂-နှစ်ခွဲကျော် ၃-နှစ်နီးပါး ရှိလာသောအခါ၌ အဓိဋ္ဌာန်ဝင်ခြင်း၏ အဓိကလုပ်ငန်းကိစ္စတွေ ပြီးစီးသွားပြီ ဖြစ်ပေ၏။ အဓိဋ္ဌာန်ထွက်ပွဲကိုသာ အောင်မြင်စွာ ကျင်းပနိုင်ရန်ပဲ ရှိပေတော့၏။ အသက်ကြီးလာလေ ဇရာ၊ ဗျာဓိတရားတို့၏ နှိပ်စက်မှုကို ခံရလေဖြစ်ပြီး အားလုံးသည် မရဏမင်းဆီသို့ သွားနေကြရသည်ကို ကောင်းကောင်းကြီး သတိပြုမိနေပေတော့၏။

## ကျေးဇူးတင်ရှိခြင်း

၁။ ပိဋက ၃-ပုံ၊ နိကာယ် ၅-ရပ်တို့မှ ထုတ်နုတ်၍ လူအများလိုက်နာနိုင်သော လက်လှမ်းမီနိုင်သော 'ကိုယ်ကျင့်တရားများ' ကို ရေးသားမှု ပြီးစီးသည် ဆိုရာ၌ ဤစာရေးသူသည် ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်းအထိ ပရိယတ်စာပေကို ၁၀-နှစ်မျှ သင်ကြားခဲ့ရသော်လည်း စာမေးပွဲအောင်ဖို့ကိုသာ အဓိကထား လေ့လာသင်ကြားခဲ့သည် ဖြစ်သောကြောင့် ပါဠိစာပေကို တတ်ကျွမ်းခြင်း မရှိပေ။ သို့ဖြစ်လျက် ပြီးစီးအောင် ရေးသားနိုင်ခြင်းသည်ကား ပါဠိတော်များကို လူအများ ဖတ်ရှုလေ့လာနိုင်အောင် မြန်မာဘာသာသို့ ပြန်ဆိုပေးထားကြကုန်သော ဆရာတော်များ၏ ကျေးဇူးကြောင့် ဖြစ်ပေ၏။ ထို့ကြောင့် ထိုပါဠိတော် မြန်မာပြန် ဆရာတော်များ၊ လူပုဂ္ဂိုလ်များတို့ကိုလည်း အထူးကျေးဇူးတင်ရပေ၏။

၂။ ထို့ပြင် ပါဠိတော်အဖွင့်၊ အဋ္ဌကထာများကို လေ့လာရာ၌ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ဘာသာဋီကာ စာအုပ်များသည် လည်းကောင်း၊ မိုးထိပူ နိဿယများသည်လည်းကောင်း၊ အခြားသော အဋ္ဌကထာနိဿယ များသည်လည်းကောင်း ၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင် စာအုပ်တို့သည်လည်းကောင်း၊ ဓမ္မပဒ မြန်မာပြန် ဝတ္ထုများသည် လည်းကောင်း၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု မြန်မာပြန်များသည်လည်းကောင်း၊ ဇီးရော့ဇီးဆယ် ဇာတ်ဝတ္ထုမြန်မာပြန်များသည်လည်းကောင်း၊ ဇာတ်တော်ကြီး ဆယ်ဘွဲ့ မြန်မာပြန်များသည်လည်းကောင်း၊ တိပိဋက ပါဠိမြန်မာ အဘိဓာန် စာအုပ်ကြီးများ တို့သည်လည်းကောင်း၊ အခြားသော ပါဠိမြန်မာ အဘိဓာန် စာအုပ်များတို့သည် လည်းကောင်း၊ ပိဋကဝတ္ထုလမ်းညွှန်များတို့သည်လည်းကောင်း ပိဋကသုံးပုံ သရုပ်စုံ တို့သည်လည်းကောင်း၊ ပါဠိပဒ၊ ပိဋကကျမ်းညွှန်းများတို့သည်လည်းကောင်း၊ အခြားသော ပိဋကကျမ်းညွှန်းများတို့သည်လည်းကောင်း အထူးအကူအညီ အားကိုး အားထားရပေ၏။ ထို့ကြောင့် ထိုဖော်ပြပါ သက်ဆိုင်ရာ ဆရာတော်များ၊ လူပုဂ္ဂိုလ်များ တို့ကိုလည်း အထူးကျေးဇူးတင်ရှိပါ၏။

၃။ ထို့ပြင် အမိဋ္ဌာန်ဝင်နေစဉ် ယင်းတော်မင်းကျောင်းကို ထိန်းသိမ်း စောင့်ရှောက်ပေးသော ယင်းတော်မင်းကျောင်း တိုက်အုပ်ဘုန်းကြီး ဘိအေ ဓမ္မာစရိယ ဦးကဝိဓဇအားလည်း အထူးကျေးဇူးတင်ရှိပါ၏။

၄။ ထို့ပြင် ရေးပြီးသမျှ စာမူများကို ကွန်ပျူတာ စာစီပေးသော တိုက်အုပ်ဆရာလေးများ ဖြစ်ကြသော မဟာဝိဇ္ဇာ ပဌမကျော် ဓမ္မာစရိယ ဆရာလေး မတိက္ခာညာဏီနှင့် အဂ္ဂမဟာအကျော် ဓမ္မာစရိယ ဆရာလေး မသိက္ခာဝတီတို့အားလည်း အထူးကျေးဇူးတင်ရှိပါ၏။

၅။ ထို့ပြင် ကျန်းမာရေးနှင့် ညီညွတ်အောင် စိမံချက်ပြုတ်ပေးသော ယင်းတော်မင်းကျောင်း၏ ချက်ပြုတ်ရေး မီးဖိုချောင် တာဝန်ခံဖြစ်သော ဆရာလေး မအာသာဝတီအားလည်း အထူးကျေးဇူးတင်ရှိပါ၏။

၆။ ထို့ပြင် ကျန်းမာရေး ချွတ်ယွင်းစဉ် ကုသပေးကြသော မိတ္ထီလာမြို့မှ 'ဇော်' ဆေးရုံပိုင်ရှင် ဆရာဝန် ဦးခင်မောင်မြင့်၊ ရန်ကုန်မြို့မှ ပါမောက္ခ မိုလ်မှူးချုပ်မြသိန်းဟန်၊ ဆရာဝန် မိုလ်ကြီးဝဏ္ဏတိုင်းကျော်၊ နှလုံးအထူးကု ဆရာဝန်ကြီး ဦးအောင်ကျော်ဇော၊ နား, နှာခေါင်း, လည်ချောင်း အထူးကုဆရာဝန် ဦးဘုန်းမြင့်ထွန်း၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ အထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးဝင်းမြင့်၊ နေပြည်တော်မှ နှလုံးအထူးကု ဆရာဝန် ဒေါက်တာဦးသက်ဟိန်းတို့အားလည်း အထူးကျေးဇူးတင်ရှိပါ၏။

၇။ ထို့ပြင် အမိဋ္ဌာန်ဝင်နေစဉ်၊ ကျန်းမာရေး ချွတ်ယွင်းနေစဉ် ဝေယျာဝစ္စပြုလုပ်ကြသူများအားလည်းကောင်း၊ လှူဒါန်းကြသူများအားလည်းကောင်း၊ စောင့်ရှောက်ကြသူများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါ၏။

အားလုံး ကျန်းမာ၊ ချမ်းသာစွာဖြင့် သူတော်ကောင်းတရားများ၌ ပျော်မိုက်နှစ်မြိုက်နိုင်ကြပါစေ။

ကိုယ်ကျင့်တရားများကို ကောင်းစွာ လိုက်နာကျင့်သုံးနိုင်ကြပါစေ။

ကျေးဇူးရှိသူတို့အပေါ်၌ ကျေးဇူးတရားများကို အထူးသိတတ်ကြပါစေ –

– ဟူ၍ တောင်းဆုပြုပါ၏။

ဟိတေသီနေလ အရှင်နိပုဏ
သန်လျင်တောရ ယင်းတော်မင်းကျောင်း
ပျော်ဘွယ်မြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။

၁၃၇၇–ခုနှစ် ကဆုန်လပြည့်ကျော် (၇)ရက်၊ (၉–၅–၂၀၁၅) စနေနေ့။



# နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) လွန်ခဲ့သော နှစ်ပေါင်း (၂၈)နှစ်လောက်ကပင် ပိဋကသုံးပုံကို ရေးလိုသော ဆန္ဒပြင်းပြခဲ့၏။ သို့ရာတွင် ပိဋကသုံးပုံကား မဟာသမုဒ္ဒရာပမာ လွန်စွာကျယ်ဝန်းရကား ဘယ်လိုပုံစံဖြင့် ဘယ်လိုရေးရမည်ကို စဉ်းစားရင်း ကြံဆရင်းပင် (၂၂) နှစ်ဟူသော အချိန်သည် ကုန်လွန်လာခဲ့လေ၏။

(၂) လွန်ခဲ့သော (၆)နှစ်ခန့် ၁၃၆၈-ခုနှစ်၊ ၂၀၀၆-ခုနှစ်လောက်က ဤကျမ်းပြုသူ ပြုစုရေးသားသော ပိဋကသုံးပုံကျင့်စုံဋီကာ အမှတ်(၁) ကျမ်းစာအုပ် ထွက်ပေါ်လာခဲ့၏။ A4 ဆိုဒ်စာမျက်နှာ (၆၀၀)ကျော်ရှိ၏။ သုတ်သီလက္ခန်ပါဠိတော်ကို မူတည်ရေးသားထားခြင်း ဖြစ်၏။

(၃) ပိဋကသုံးပုံကျင့်စုံဋီကာ အမှတ်(၂)၊ အမှတ်(၃)တို့ကို ဆက်ရေးရန် ဖြစ်သော်လည်း လက်ကတွန့်နေပြန်၏။ အမှတ်(၁)စာအုပ်သည် အတော်အနစိတ် ကျယ်ကျယ်ပြန့်ပြန့် ရေးသားထားခြင်းဖြစ်၍ စာမျက်နှာ (၆၀၀)ကျော် ဖြစ်သွားရလေ၏။ ထိုကဲ့သို့သာ ရေးနေပါက ပိဋကသုံးပုံကို အကုန်ပြီးအောင် ရေးနိုင်မည်မဟုတ်ဟု စိတ်က ဖြစ်လာသောကြောင့် ဖြစ်၏။

(၄) ဘယ်လိုပုံစံဖြင့် ဘယ်လိုရေးရကောင်းမည်နည်း-ဟု စဉ်းစားရင်း ကြံဆရင်းပင် (၆)နှစ်တာကာလကို ကျော်လွန်ခဲ့ရပြန်လေ၏။

(၅) ယခုအခါ၌တော့ သိပ်အကျယ်ကြီးလည်း မဟုတ်၊ သိပ်အကျဉ်းကြီး လည်း မဟုတ်ဘဲ မိမိဖော်ပြလိုသည်များကိုသာ ဦးစားပေးရေးသားလျှင်ဖြင့် ပြီးနိုင်စရာ အကြောင်းရှိ၏ဟု တွေးဆမိပြန်၏။

(၆) ထိုသို့ တွက်ဆမိသည့်အားလျော်စွာ ပိဋကသုံးပုံ နိကာယ်ငါးရပ် ရှိသည့်အနက်က ဝိနည်း(၅)ကျမ်းကို အရင်ရေးရန် စိတ်ကဖြစ်လာ၏။ မြန်မာနိုင်ငံတွင် အလွန်ထင်ရှား ကျော်ကြားသော ဆရာတော် သံဃာတော်များ ကလည်း ဝိနည်းကို အလွန်အလေးထား ပြောကြဟောကြ ရေးသားကြသလို တိပိဋကစာမေးပွဲတွင်လည်း ဝိနည်းပိဋကမှစ၍ ပြန်ဆိုခြင်း၊ ဖြေဆိုခြင်း ပြုရ လေ၏။ ယင်းနမူနာများကို ထောက်ဆ၍ ဝိနည်း (၅)ကျမ်းကို အရင်ရေးရန် အကြောင်းဖြစ်လာလေ၏။

(၇) ဝိနည်း(၅)ကျမ်း၌လည်း အချို့သိက္ခာပုဒ်များသည် လူတွေပါလိုက်နာ နိုင်သော အကျင့်သိက္ခာပုဒ်များပါရှိသလို လူတွေအတွက် ဗဟုသုတဖြစ်ဖွယ်ရာ သိက္ခာပုဒ်များလည်း ရှိ၏။ ထို့ပြင် လိုက်နာစရာ, သိမှတ်စရာ, အတုယူစရာ ဝတ္ထုများလည်း အတော်များများပါရှိလေ၏။ ယင်းတို့ကို အခြေခံထား၍ **'ဤဝိနည်း (၅)ကျမ်းလာ ကိုယ်ကျင့်တရားများ'** ဟူသော ကျမ်းစာအုပ်ကို ရေးသားရခြင်း ဖြစ်ပါ၏။

ဟိတေသီနေလ အရှင်နိပုဏ
၁၃၇၄-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၄)ရက်
(၁၇-၁၁-၂၀၁၂) စနေနေ့

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဝိနည်း (၅) ကျမ်းလာ ကိုယ်ကျင့်တရားများ

ရတနတ္တယ ဂုဏံ အဟံ ဝန္ဒာမိ။

ရတနာသုံးပါး၏ ဂုဏ်တော်များကို တပည့်တော်သည် ရှိခိုးပါ၏။

မဟာကာရုဏိကံ နာထံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ။

ကြီးမြတ်သော ကရုဏာရှင် ဖြစ်တော်မူသော, သတ္တလောက၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် ရှိခိုးပါ၏။

• • • • • • • • • • • • • • • • • • • • • • • • • • • •

## ရတနာသုံးပါးကို ရှိခိုးခြင်း

### ဝိနည်း(၅)ကျမ်း

**'ပါရာဇိကဏ်, ပါစိတ်, မဟာဝါ, စူဠဝါ, ပရိဝါ'** – ဟူ၍ ဝိနည်း (၅) ကျမ်း ရှိ၏။ ထိုဝိနည်း(၅)ကျမ်း၌ 'ပါဠိတော်, အဋ္ဌကထာ, ဋီကာ' – ဟူ၍ (၃)မျိုးရှိလေရာ ပါဠိတော်ကို မြတ်စွာဘုရားရှင် ဟောကြားပညတ်တော်မူထားပေ၏။ ထိုပါဠိတော်၏ အဖွင့်ကျမ်းကို **'အဋ္ဌကထာ'**– ဟူ၍ခေါ်၏။ ထိုအဋ္ဌကထာကို အရှင်ဗုဒ္ဓဃောသထေရ် ပြုစုစီရင်ရေးသား၏။ အဋ္ဌကထာ၏ အဖွင့်ကျမ်းကို **'ဋီကာ'**– ဟူ၍ ခေါ်၏။ ထိုဋီကာ ကျမ်းသည် 'သာရတ္ထဒီပနီ ဋီကာ, ဝိမတိဝိနောဒနီ ဋီကာ, ဝဇီရဗုဒ္ဓိ မဟာဋီကာ' – ဟူ၍ (၃)မျိုးရှိရာတွင်–

–'သာရတ္ထဒီပနီ ဋီကာ'ကို – အရှင်သာရိပုတ္တထေရ်ကလည်းကောင်း၊
–'ဝိမတိဝိနောဒနီ ဋီကာ'ကို – အရှင်စောဠိယကဿပထေရ်ကလည်းကောင်း၊
–'ဝဇီရဗုဒ္ဓိ မဟာဋီကာ'ကို – အရှင်ဝဇီရဗုဒ္ဓိထေရ်ကလည်းကောင်း –

– အသီးသီး ပြုစုစီရင် ရေးသားတော်မူကြလေကုန်၏။

ဗုဒ္ဓ ပဏာမ ။ ။ ဝိနည်း(၅)ကျမ်းတွင် ရှေးဦးစွာသောကျမ်းသည် ပါရာဇိကဏ် ပါဠိတော်ဖြစ်၏။ ထိုပါဠိတော်၏ အဖွင့်ဖြစ်သောကျမ်းကို ပါရာဇိကဏ် အဋ္ဌကထာဟူ၍ ခေါ်ဆို၏။ ပဌမအုပ်, ဒုတိယအုပ် (၂)အုပ်ရှိရာတွင် ပဌမအုပ်ကို ရှေးဦးစွာ ပြဆို၏။ ထိုသို့ ပြဆိုရာ၌ ပါဠိတော်အဖွင့် အဋ္ဌကထာသို့ မရောက်မီ (တစ်နည်း) အဖွင့်ကျမ်းစာသားသို့ မရောက်မီ ကျမ်းဆရာများတို့သည် 'ဂန္ထာရမ္ဘ'ခေါ် ကျမ်းဂန်ကို စတည်အားထုတ်ရာဖြစ်သော 'ရတနတ္တယပဏာမ' ရတနာသုံးပါးကို ရှိခိုးဦးတင်မှု ပြုကြရိုး ထုံးစံရှိသည့်အတိုင်း အရှင်ဗုဒ္ဓဃောသထေရ်သည်လည်း ရတနာသုံးပါးကို ရှိခိုးဦးတင်ပြုလေသည်။ ထိုတွင် အရှင်ဗုဒ္ဓဃောသထေရ်သည် ရှေးဦးစွာ ဗုဒ္ဓပဏာမခေါ် ဗုဒ္ဓကို ရှိခိုးဦးတင် ပြုလိုရကား 'ယော ကပ္ပကောဋီဟိပိ အပ္ပမေယျံ' စသော ဂါထာကို မိန့်ဆိုလေသည်။

ယော ကပ္ပကောဋီဟိပိ အပ္ပမေယျံ
ကာလံ ကရောန္တော အတိဒုက္ကရာနိ။
ခေဒံ ဂတော လောကဟိတာယ နာထော။
နမော မဟာကာရုဏိကဿ တဿ။ ( ဝိ - ၃ - ၁ - ၁)

အနက် ။ ။ မဟာကာရုဏိကော- ကြီးကျယ်မြင့်မြတ် ကရုဏာတော်၌ မပြတ်အစဉ် စပ်ယှဉ်တော်မူတတ်သောကြောင့် မဟာကရုဏာရှင် ဖြစ်တော်မူသော၊ ယောနာထော- အကြင်သတ္တလောက၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ကပ္ပကောဋီဟိပိ - ကမ္ဘာကုဋေတို့ဖြင့်သော်မှလည်း၊ အပ္ပမေယျံ - မနှိုင်းယှဉ်နိုင်သော၊ ကာလံ- လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး၊ လောကဟိတာယ - သတ္တလောက၏ အကျိုးစီးပွားအလို့ငှါ၊ အတိဒုက္ကရာနိ- အလွန်အမင်း ခဲယဉ်းစွာ ပြုအပ်သော ကုသိုလ်ကောင်းမှုတို့ကို၊ ကရောန္တော ကရောန္တော - ပြုတော်မူရသည့်၏ အဖြစ်ကြောင့်၊ ခေဒံ - ခန္ဓာကိုယ်၏ ပင်ပန်းခြင်းသို့၊ ဂတော -ရောက်တော်မူရလေပြီ။ မဟာကာရုဏိကဿ - ကြီးကျယ်မြင့်မြတ် ကရုဏာတော်၌ မပြတ်အစဉ် စပ်ယှဉ်တော်မူတတ်သောကြောင့် မဟာကရုဏာရှင် ဖြစ်တော်မူသော၊ တဿ နာထဿ - သတ္တလောက၏ ကိုးကွယ် အားထားရာ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားအား၊ မေ- အကျွန်ုပ် အရှင်ဗုဒ္ဓဃောသ၏၊ နမော- ရှိခိုးခြင်းသည်၊ အတ္ထု - ဖြစ်ပါစေသတည်း။

မြန်မာပြန် ။ ။ ကြီးကျယ်မြင့်မြတ် ကရုဏာဓာတ်၌ မပြတ်အစဉ် စပ်ယှဉ်တော်မူ တတ်သောကြောင့် မဟာကရုဏာရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကမ္ဘာကုဋေတို့ဖြင့်သော်လည်း မရေတွက်နိုင်၊ မနှိုင်းယှဉ်နိုင်သော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး သတ္တလောက၏ အကျိုးစီးပွားအလို့ငှါ အလွန်အမင်း ခဲယဉ်းစွာ ပြုအပ်သော ကောင်းမှုပါရမီတို့ကို ပြုတော်မူရသောကြောင့် ခန္ဓာကိုယ်၏ ပင်ပန်းခြင်းသို့ ရောက်တော်မူခဲ့ရလေပြီ။ ကြီးကျယ်မြင့်မြတ် ကရုဏာဓာတ်၌ မပြတ်အစဉ် စပ်ယှဉ်တော်မူတတ်သောကြောင့် မဟာကရုဏာရှင် ဖြစ်တော်မူသော သတ္တလောက၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားအား အကျွန်ုပ် ဗုဒ္ဓဃောသထေရ်သည် ရှိခိုးပါ၏။

## ရတနာသုံးပါးကို ရှိခိုးရခြင်း အကျိုးများ

ကျမ်းဂန်ရေးသား ပြုစုသော ဆရာများတို့သည် မိမိရေးသား ပြုစုအပ်သော ကျမ်း၏ မပြီးမီ အန္တရာယ်တစ်စုံတစ်ရာ မကျရောက်စေခြင်းငှါ လည်းကောင်း၊ ကျမ်း၏ ချောချောမောမော ပြီးမြောက်စေခြင်းငှါလည်းကောင်း ရှေးဦးစွာ ရတနာသုံးပါးကို ရှိခိုးဦးတင် ပြုကြရိုးထုံးစံရှိသည့်အတိုင်း အရှင်ဗုဒ္ဓဃောသထေရ်သည် ရတနာမြတ်သုံးပါးကို ရှိခိုးဦးတင်ပြုရာတွင် ရှေးဦးစွာ ဗုဒ္ဓကို ရှိခိုးဦးတင် ပြုလေသည်။

ဂုဏ်ကို ထုတ်ဖော်၍ ရှိခိုးခြင်း ။ ။ ထိုသို့ ရှိခိုးဦးတင်ပြုရာ၌ ဂုဏ်ထူးဝိသေသကို မဖော်ပြဘဲ ရှိခိုးခြင်း၊ ဂုဏ်ထူးဝိသေသကိုဖော်ပြ၍ ရှိခိုးခြင်း ဟူ၍ နှစ်မျိုးရှိလေရာ ဂုဏ်ထူးဝိသေသကို ဖော်ပြ၍ ရှိခိုးခြင်းက ပို၍ကြည်ညို မြတ်နိုးမှု ဖြစ်ကြရသောကြောင့် အရှင်ဗုဒ္ဓဃောသထေရ်သည် ဂုဏ်ထူးဝိသေသကို ဖော်ပြ၍ ရှိခိုးမှု ပြုလေသည်။ ဤသို့ ကျမ်း၏အစ၌ ဂုဏ်ပုဒ်များကို ဖော်ထုတ်၍ ရတနာသုံးပါးကို ရှိခိုးဦးတင်ပြုရခြင်း၏ အကျိုးများကို ဋီကာကျမ်းများတွင် ဤသို့ ပြဆိုတော်မူထားလေသည်။

၁။ ကျမ်း၏အစဦးပင် စင်ကြယ်ခြင်းအကျိုးကိုရ၏။

၂။ ပါဠိတော် အဖွင့်ကျမ်းတို့၌ ပညာရှိတို့အား များစွာသော အကျိုးကျေးဇူးကို ဖြစ်ထွန်းစေ၏။

၃။ ပါဠိတော်အဖွင့်ကျမ်းတို့အား ကောင်းစွာသင်ခြင်း, ဆောင်ခြင်းကို ရအပ်၏။

၄။ ရတနာသုံးပါးကို ရှိခိုးခြင်းသည် သမ္မာပဋိပတ်ဖြင့် အလုံးစုံသော အကျိုးစီးပွား ကို ပြီးစီးစေနိုင်၏။

၅။ ရှိခိုးထိုက်သော ရတနာသုံးပါးကို ရှိခိုးခြင်းဖြင့် မိမိပြုလုပ်လိုသော ကိစ္စများကို ပြီးမြောက်စေနိုင်၏။

တစ်နည်းအားဖြင့် -

၁။ ရတနာသုံးပါးကို ရှိခိုးခြင်းသည် အလုံးစုံသော အလုပ်ကိစ္စတို့တွင် ရှေးဦးကိစ္စ၌ မင်္ဂလာအဖြစ်သို့ ရောက်၏။

၂။ နောင်လာနောက်သားများ ကောင်းစွာ အတုယူမှုကို ဖြစ်စေ၏။

၃။ ရှိခိုးနေသူအား ရာဂ, ဒေါသ, မောဟ စသော ကိလေသာများ ကင်းစင်နေ သည်ဖြစ်၍ ဖြောင့်မတ်သောစိတ် ဖြစ်နေရကား ပညာဝ ပါဋဝသိဒ္ဓိ - ဉာဏ် ပညာထက်မြက်မှုကိစ္စ ပြီးစီး၏။

၄။ ထိုထက်မြက်သော ဉာဏ်ပညာဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်သည်ဖြစ်၍ အလုပ် ကိစ္စ၌ ပင်ပန်းခြင်းကို ကျော်လွှားနိုင်ရကား အလုပ်ကိစ္စ ပြီးမြောက်ခြင်း အကျိုးကို ရရှိစေနိုင်၏။

တစ်နည်းအားဖြင့် -

၁။ ရတနာသုံးပါးကို ရှိခိုးပူဇော်ခြင်းဖြင့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း အကျိုးများကို ရရှိစေနိုင်၏။

**တစ်နည်းအားဖြင့် -**

၁။ ရတနာသုံးပါးကို ရှိခိုးပူဇော်ခြင်းဖြင့် ဉာဏ်ပညာဆုတ်ယုတ်ခြင်း မရှိဘဲ တိုးပွားခြင်းကို ရရှိနိုင်လေ၏။

**တစ်နည်းအားဖြင့် -**

၁။ ကြည်ညိုဖွယ်ရတနာသုံးပါးတို့၌ ရှိခိုးပူဇော်မှု ပြုခြင်းသည် များစွာသော ကုသိုလ်ကောင်းမှုတို့ကို တိုးပွားစေ၏။ ကုသိုလ်ကောင်းမှုတို့ကို ဤမျှရှိ၏ဟူ၍ ရေတွက်ခြင်းငှါ မတတ်နိုင်ပေ။

၂။ ရတနာသုံးပါးတို့ကို ရှိခိုးရသော ကုသိုလ်စေ့ဆော်သည် နတ်လူတို့၏ အလိုဟူသမျှကို ပေး၏။ အကြင်အကြင် ချမ်းသာကို တောင့်တ၏။ ထိုထို တောင့်တရာရာ ချမ်းသာအားလုံးကိုပင် ထိုကုသိုလ်စေ့ဆော်ကြောင့် ရနိုင်ပေ၏။

( *သာရတ္ထဋီ - ၁ - ၂ / ၄* )

<u>သတိပြုရန်</u>

ရတနာသုံးပါးကို ရိုသေမြတ်နိုး ရှိခိုးခြင်းသည် ကျမ်းဂန်ပြရာ၌သာ အထက်ပါ အကျိုးများကို ရနိုင်သည် မဟုတ်။ အခြားသော လောကီကိစ္စတို့၌လည်း ရနိုင်၏ဟူ၍ မှတ်ပါလေ။

## ရတနာသုံးပါး ရှိခိုးရကျိုး သံပေါက် လင်္ကာ

၁။ ရတနာသုံးမျိုး၊ လက်စုံမိုး၊ ရှိခိုးကြရမည်။
၂။ ရှိခိုးသူမှာ၊ ကျိုးဖြာဖြာ၊ ကောင်းစွာရပေမည်။
၃။ ရန်အသွယ်သွယ်၊ အန္တရာယ်၊ တကယ်ကင်းဝေးမည်။
၄။ မိမိအလုပ်၊ ကြိုးအားထုတ်၊ အဟုတ်ပြီးစီးမည်။
၅။ ညစ်ထေးကင်းစင်၊ စိတ်ကြည်လင်၊ မှန်ပင်ရနိုင်သည်။
၆။ စိတ်ထားဖြောင့်ခါ၊ ဉာဏ်ပညာ၊ ကောင်းစွာထက်မြက်မည်။
၇။ ထက်မြက်ပညာ၊ ဟုတ်မှန်စွာ၊ ကောင်းစွာသိနိုင်သည်။
၈။ အာယုဝဏ္ဏသုခဗလ၊ ကျိုးလေးဝ၊ မုချရနိုင်သည်။
၉။ ပညာဉာဏ်တိုး၊ ဉာဏ်ရည်ပြိုး၊ တစ်မျိုးရပြန်သည်။
၁၀။ ကုသိုလ်တရား၊ ထပ်ထပ်များ၊ တိုးပွားလာပေမည်။
၁၁။ အကျိုးရချက်၊ ရေကာတွက်၊ ရေတွက်မကုန်ပြီ။
၁၂။ လိုအပ်ရာရာ၊ တောင့်တပါ၊ ကောင်းစွာရနိုင်သည်။
၁၃။ ကုသိုလ်ရွှေအိုး၊ လူမခိုး၊ အကျိုးနိဗ္ဗာန်ပြည်။

ရတနာသုံးပါး ရှိခိုးခြင်း အကျိုးပြီး၏။

## ဗုဒ္ဓဂုဏ်ကို ဖော်ထုတ်ပုံ

အရှင်ဗုဒ္ဓဃောသထေရ်သည် ဗုဒ္ဓဂုဏ်ကို ဖော်ထုတ်၍ ရှိခိုးရာတွင် ဗုဒ္ဓဂုဏ်တော်တွေ မြောက်များစွာရှိပါသော်လည်း ဝိနည်းဒေသနာတော်သည် သုတ္တန်ဒေသနာတော်ကဲ့သို့ 'ကရုဏာ, ပညာ' နှစ်ပါးစုံ ပြဋ္ဌာန်းသည်လည်း မဟုတ်။ အဘိဓမ္မာဒေသနာတော်ကဲ့သို့ 'ပညာ' ပြဋ္ဌာန်းသည်လည်း မဟုတ်။ 'ကရုဏာ' ပြဋ္ဌာန်းသော ဒေသနာတော် ဖြစ်၍ ဒေသနာနှင့် လျော်ညီစွာ 'မဟာ ကာရုဏိကဿ' ဟူ၍ ကရုဏာကို ပဓာနထား၍ ဖော်ထုတ် ထောမနာလေသည်။

__မဟာကာရုဏိက__ ။ ။ သူတစ်ပါးဆင်းရဲကို ပယ်ရှားတတ်သောကြောင့် ကရုဏာ ခေါ်သလို ကရုဏာရှင်၏ စိတ်နှလုံး၏ တုန်လှုပ်ခြင်းကို ပြုတတ်သောကြောင့်လည်း ကရုဏာခေါ်သည်။ ထို့ပြင် သူတစ်ပါး ဒုက္ခကို ပယ်လိုလျှင် မိမိ၏ သုခကို အနည်းနှင့်အများ စွန့်လွှတ်ရမြဲဖြစ်၍ ကရုဏာရှင်၏ ချမ်းသာကို ပိတ်ဆို့တတ်သောကြောင့်လည်း ကရုဏာ ခေါ်သည်။

သူတစ်ပါး ဆင်းရဲဒုက္ခ ရောက်နေသည်ကို တွေ့မြင်လျှင် သူသူငါငါ ကရုဏာစိတ် ဖြစ်တတ်ကြ၏။ ဗုဒ္ဓ၏ ကရုဏာတော်ကား ထိုသူသူငါငါတို့ထက် လွန်ကဲ၍ အလွန်ပြင်းပြသော ကရုဏာစိတ် ဖြစ်တော်မူလေသည်။ ထိုကရုဏာတော်ကြောင့်ပင် သတ္တဝါတို့၏ အကျိုးစီးပွားကို ပြီးစေရာ၌ လောကီသုခကိုသာမက လောကုတ္တရာသုခ ဖြစ်သော နိဗ္ဗာန်အထိ ပြီးစေနိုင်ရကား အကျိုး ပြီးစီးမှု ကြီးကျယ်သောကြောင့်လည်း အကျိုးကြီးကျယ်မှုကို အကြောင်းကရုဏာ၌ တင်စား၍ ဖလူပစာရအားဖြင့် ဗုဒ္ဓ၏ ကရုဏာတော်ကို မဟာကရုဏာ ဟူ၍ ခေါ်ရလေသည်။

ထို့အပြင် ဗုဒ္ဓ၏ ကရုဏာတော်သည် အခြားသူတို့၏ ကရုဏာထက် သာလွန်ပြင်းပြ၍လည်းကောင်း၊ ဖြူစင်သန့်ရှင်း၍လည်းကောင်း၊ မြင့်မြတ်၍လည်းကောင်း ပူဇော်အပ်သောကြောင့် ဗုဒ္ဓ၏ကရုဏာတော်ကို 'မဟာကရုဏာ' ဟူ၍ ခေါ်ရလေသည်။

**နာထော ။** ။ 'နာထော'တိ လောကပဋိသရဏော – ဟူ၍ ဋီကာများ ဖွင့်ဆိုကြသောကြောင့် 'နာထ' ဟူသည် သတ္တလောက၏ ကိုးကွယ်အားထားရာ ဘုရားဟူ၍ အဓိပ္ပါယ်ရလေသည်။ သားသမီး, တပည့်တို့၏ အကျိုးမဲ့ကို ပယ်ရှား၍ အကျိုးစီးပွားများကို ဆောင်ရွက်ပေးတတ် စီစဉ်ပေးတတ်သောကြောင့် မိဘဆရာသမားတို့သည် သားသမီး, တပည့်တို့၏ အားထားကိုးကွယ်ရာ ဖြစ်ရလေသည်။ ထို့ထက် သတ္တလောက၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူ, ကြောင့်ကြစိုက်တော်မူရာ၌ ဘယ်မိဘယ်ဖ ဘယ်ဆရာသမားများနှင့်မျှ မတူအောင် ဆောင်ရွက်တော်မူတတ်, ကြောင့်ကြစိုက်တော်မူတတ်၍ ဗုဒ္ဓသည် သတ္တလောက၏ တစ်ဆူတည်းသော အားထား ကိုးကွယ်ရာ ဖြစ်ရလေသည်။

**ကပ္ပကောဋီဟိပိ အပ္ပမေယျံ ကာလံ ။** ။ ဗုဒ္ဓမြတ်စွာ၏ ပါရမီတော် ဖြည့်ကျင့်ရာ ကာလကို လတွေ၊ နှစ်တွေနှင့် ချိန်၍ ရေတွက်နိုင်ဖို့ရာ မဆိုထားဘိ။ ကမ္ဘာပေါင်း ဘယ်နှစ်ကုဋေဟူ၍ ကမ္ဘာကုဋေနှင့်ချိန်၍ ရေတွက်သော်လည်း ရေတွက်၍ မရနိုင်ပေ။ ထိုသို့ ရေတွက်၍ မရသော ကမ္ဘာအသင်္ချေပေါင်း လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ကောင်းမှုပါရမီတို့ကို ဖြည့်ကျင့်တော်မူခဲ့ရလေသည်။

**အတိဒုက္ကရာနိ ။** ။ ထိုသို့ ဗုဒ္ဓ၏ ပါရမီတော် ဖြည့်ကျင့်ရသော အလုပ်ကား အလွန်ပြုနိုင်ခဲစွာ ပြုရသော အလွန်ခဲယဉ်းသောအလုပ် ဖြစ်လေသည်။ မှန်၏။ ဗုဒ္ဓမြတ်စွာသည် မဟာကရုဏာတော်၏ အစွမ်းကြောင့် သတ္တဝါတို့၏ အကျိုးစီးပွား ချမ်းသာများကို ဆောင်ရွက်တော်မူလိုလှသဖြင့် သုမေဓာရှင်ရသေ့ဘဝ၌ လက်တော်အနီးသို့ ရောက်နေသော နိဗ္ဗာန်ချမ်းသာကိုပင် စွန့်လွှတ်တော်မူ၍ သာမန်လူတို့ ပြုနိုင်ဖို့ရာ မဆိုထားဘိ။ ကြံစည်ရုံမျှပင် မကြံစည်ဝံ့သော စွန့်ခြင်းကြီး ငါးပါး စသော ကောင်းမှုပါရမီတို့ကို ဖြည့်ကျင့်တော်မူခဲ့လေသည်။

**သေဒ ဂဃော ။** ။ ထိုသို့ ပြည့်ကျင့်ခဲ့ရခြင်းကြောင့် အဘယ်အရာကို ရသနည်း ဟူမူ သည်းခံခြင်း၌ မတတ်နိုင်လောက်အောင် ခန္ဓာကိုယ် ပင်ပန်း ဆင်းရဲခြင်းကို ရတော်မူခဲ့လေသည်။ သို့ရာတွင် စိတ်တော်ကား မဆင်းရဲပေ။

**လောကဟိတာယ ။** ။ထိုသို့ အဘယ်ကြောင့် ပါရမီတော်တို့ကို ပြည့်ကျင့်ခဲ့ရသနည်း ဟူမူ သတ္တဝါတို့၏ အကျိုးစီးပွားအတွက် ပြည့်ကျင့်တော်မူခဲ့ရခြင်း ဖြစ်လေသည်။ မှန်၏။ ဗုဒ္ဓမြတ်စွာသည် အိုခြင်း, နာခြင်း, သေခြင်း အစရှိသော သံသရာဝဋ်ဒုက္ခ၏ အနှိပ်စက်ဒဏ်ကို အဖန်ဖန် ခံနေကြရကုန်သော သတ္တဝါအပေါင်းတို့ကို 'ထိုဒုက္ခမှ လွတ်မြောက်စေ၍ နိဗ္ဗာန်ချမ်းသာကို ရအောင် ဆောင်ရွက်ပေတော့အံ့'ဟု ကြံစည်တော်မူကာ သတ္တလောက၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ဖို့ရာ အတွက် အလွန်ခဲယဉ်းသော စွန့်ခြင်းကြီး ၅ပါး စသော ကောင်းမှုပါရမီတို့ကို ပြည့်ကျင့်တော်မူခဲ့ရလေသည်။

**နမော တဿ ။** ။ မဟာကရုဏာဂုဏ်, နာထဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို အကျွန်ုပ် ဗုဒ္ဓဃောသသည် ရှိခိုးပါ၏- ဟူလို ... ။

*( သာရတ္ထဋီ - ၁ - ၅ / ၉။ ဝိမတိဋီ - ၁ - ၂ / ၃။ ဝဇိရဗုဒ္ဓိဋီ - ၄ / ၁၀။ ဘာဋီ - ပ - ၂ / ၅ )*

## ဗုဒ္ဓဂုဏ်တော်ပွားရန်

၁။ သူသူငါငါ၊ သတ္တဝါများ၏၊ သံသရာဝဋ်ဒုက္ခ၊ ထိုဆင်းရဲမှ၊ ကျွတ်လွတ်ကြဖို့၊ ဗုဒ္ဓမြတ်စွာ၊ စေသတ္တာ၏၊ ကရုဏာတော်သည်၊ အများသူငါ၊ မယှဉ်သာအောင်၊ သာလွန်မွန်မြတ်၊ ဂုဏ်သိကတ်ကြောင့်၊ မဟာကရုဏာရှင် ဟူသော ဂုဏ်တော်ကြီးကို ခံယူတော်မူထိုက်ပေသော မြတ်စွာဘုရား ... ။

၂။ ရှေ့ဆောင်လမ်းပြ၊ မြတ်ဗုဒ္ဓသည်၊ မိဘဆရာ၊ အရာရာတို့ထက်၊ သာလွန်၍ပ၊ များသတ္တ၏၊ အကျိုးစီးပွား၊ ချမ်းသာများကို၊ ကြီးမားလုံ့လ၊ ဝီရိယဖြင့်၊ ဆောင်ရွက်တော်မူတတ်၊ ကြောင့်ကြစိုက်တော်မူတတ်သောကြောင့် သတ္တလောက၏ အားထားကိုးကွယ်ရာ 'နာထ' ဂုဏ်တော်ကြီးကို ခံယူတော်မူထိုက်ပေသော မြတ်စွာဘုရား ... ။

၃။ စွန့်ခြင်းကြီးငါးပါး၊ ကောင်းမှုများကို၊ အများသူတို့၊ ကြံစည်ဖို့ဝေး၊ ပြဖို့ရာကား၊ ဆိုရာမရှိ၊ မုနိမြတ်စွာ၊ စေသတ္တာကား၊ မဟာကာရုဏ်၊ ရင်ဝယ်စု၍၊ ဆော်ပြုသည်ကြောင့်၊ ကမ္ဘာကမ္ဘော၊ လေးသင်္ချေနှင့်၊ ကျော်လေတစ်သိန်း၊ ကာလတိမ်းအောင်၊ မယိမ်းအမှန်၊ ပင်ပန်းခံ၍၊ အလွန်ခဲစွာ၊ စွန့်ငါးဖြာကို၊ ကောင်းစွာပိုင်ပိုင်၊ ပြုကျင့်နိုင်၍၊ မဟာကာရုဏိကဂုဏ်, နာထဂုဏ်တို့ကို ခံယူတော်မူထိုက်ပေသော မြတ်စွာဘုရား ... ။

၄။ မဟာကာရုဏိကဂုဏ်, နာထဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို တပည့်တော်သည် ရိုသေမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ ... မြတ်စွာဘုရား ......။

ဗုဒ္ဓပဏာမ ပြီး၏။

**ဓမ္မပဏာမ**

မဟာကရုဏာဖြင့် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်အားလုံးကို ချီးလျက် ဗုဒ္ဓထောမနာ ပဏာမကို ပြုပြီး၍ ဓမ္မထောမနာ ပဏာမကို ပြုလိုသော အရှင်ဗုဒ္ဓဃောသထေရ်သည် 'အသမ္ဗုဓံ' စသော ဂါထာကို မိန့်။

**အသမ္ဗုဓံ ဗုဒ္ဓနိသေဝိတံ ယံ**
**ဘဝါဘဝံ ဂစ္ဆတိ ဇီဝလောကော။**
**နမော အဝိဇ္ဇာဒိ ကိလေသ ဇာလ-**
**ဝိဒ္ဓံသိနော ဓမ္မဝရဿ တဿ။** ( ဝိ - ၄ - ၁ - ၁ )

<u>အနက်</u> ။ ။ ဗုဒ္ဓနိသေဝိတံ - ဘုရားရှင်သည် အမြဲမပြတ် မှီဝဲတော်မူအပ်သော၊ ယံဓမ္မဝရံ - အကြင် မဂ်, ဖိုလ်, နိဗ္ဗာန်, ဓမ္မက္ခန်ဟု ဆယ်တန်သော တရားတော်မြတ်ကို၊ အသမ္ဗုဓံ - ကောင်းစွာပိုင်ပိုင် မသိနိုင်ခြင်းကြောင့်၊ ဇီဝလောကော - သတ္တလောကသည်၊ ဘဝါဘဝံ -ဘဝကြီးငယ် အသွယ်သွယ်သို့၊ ဂစ္ဆတိ- သွားရောက်ရပေ၏။ အဝိဇ္ဇာဒိကိလေသဇာလဝိဒ္ဓံသိနော - အဝိဇ္ဇာ အစရှိသော ကိလေသာပိုက်ကွန်ကို ဖျက်ဆီးလေ့ရှိတော်မူသော၊ တဿ ဓမ္မဝရဿ- မဂ်, ဖိုလ်, နိဗ္ဗာန်, ဓမ္မက္ခန်ဟု ဆယ်တန်သော ထိုတရားတော်မြတ်အားလည်း၊ မေ- အကျွန်ုပ် ဗုဒ္ဓဃောသ၏၊ နမော - ရှိခိုးခြင်းသည်၊ အတ္ထု - ဖြစ်ပါစေသတည်း ... ။

<u>မြန်မာပြန်</u> ။ ။ ဘုရားရှင်သည် အမြဲမပြတ် မှီဝဲတော်မူအပ်သော မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ် ဆယ်ပါးသောတရားတော်မြတ်ကို ကောင်းစွာမိမိ မသိကြသောကြောင့် သတ္တလောကသားတို့သည် ဘဝကြီးငယ် အသွယ်သွယ်သို့ သွားရောက်ကျင်လည်၍ နေရပေ၏။ အဝိဇ္ဇာ အစရှိသော ကိလေသာပိုက်ကွန်ကို ဖျက်ဆီးလေ့ရှိတော်မူသော ထိုဆယ်ပါးသော တရားတော်မြတ်ကို အကျွန်ုပ် အရှင်ဗုဒ္ဓဃောသသည် ရှိခိုးပါ၏။

**ဗုဒ္ဓမိုဝဲတော်မူပုံ ။** ။ ဗုဒ္ဓနိသေဝိတံ-အရ ဗုဒ္ဓမိုဝဲတော်မူသော တရားတော်များ ကား-မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်၊ ပရိယတ်ဟု ဆိုအပ် သော ဆယ်ပါးသော တရားတော်မြတ် ဖြစ်၏။ သိဖွယ်မှန်သမျှကို အကုန်အစင် သိမြင် တော်မူသော ဗုဒ္ဓသည် အချမ်းသာဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို အထပ်ထပ် အဖန်ဖန် အမြဲမပြတ် မှီဝဲသုံးဆောင်တော်မူ၏။ ထိုသို့ မှီဝဲရာ၌ ဂေါစရသေဝနာဖြင့် နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့်လည်း မှီဝဲသုံးဆောင်၏။ ဘာဝနာသေဝနာဖြင့် မိမိ သန္တာန်၌ မဂ်တရား၊ ဖိုလ်တရားများကို ဖြစ်စေသောအားဖြင့်လည်း မှီဝဲသုံးဆောင်၏။ ပရိယတ္တိဓမ္မကိုကား ဂေါစရသေဝနာဖြင့် ဒေသနာဉာဏ်တော်ဖြင့်လည်းကောင်း၊ သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ်ဖြင့်လည်းကောင်း အာရုံပြုသောအားဖြင့် မှီဝဲ သုံးဆောင်၏။ အခြားသော အရိယာသံဃာတော်များ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များလည်း သုံးဆောင်တော်မူကြပေ၏။ ဤ၌ မှီဝဲသုံးဆောင်သူတို့တွင် အမြတ်ဆုံးကို ပိုင်းခြားသော ဥက္ကဋ္ဌပရိစ္ဆေဒနည်းအားဖြင့် ဗုဒ္ဓမှီဝဲသည် ဟူ၍ ဖော်ပြခြင်းဖြစ်သည်။

**မသိကြ၍ သံသရာလည် ။** ။ ပုထုဇဉ် သတ္တလောကသားတို့ကား ဗုဒ္ဓမှီဝဲ သုံးဆောင်အပ်သောထိုမဂ်, ဖိုလ်, နိဗ္ဗာန်တရား တော်များကို မသိကြသောကြောင့် အပါယ်လေးဘုံသို့ ရောက်ရခြင်း, လူ့ဘုံ, နတ်ဘုံသို့ ရောက်ရခြင်း စသည်ဖြင့် ဘဝကြီးငယ် အသွယ်သွယ်သို့ ရောက်ကြရသောအားဖြင့် သံသရာလည်လျက် ရှိနေကြလေကုန်၏။

**ကိလေသာတို့ကို ဖျက်ဆီးခြင်း ။** ။ သတ္တဝါတို့ကို သံသရာဒုက္ခမှ ရုန်းမထွက် နိုင်အောင် ဖုံးအုပ်ထားသောကြောင့် အဝိဇ္ဇာ အစရှိသော ကိလေသာတို့သည် ပိုက်ကွန်နှင့်တူ၏။ ထိုပိုက်ကွန်နှင့်တူသော အဝိဇ္ဇာ အစရှိသော ကိလေသာတို့ကို မဂ်ဉာဏ်က အကြွင်းမဲ့ ဖျက်ဆီးလေ၏။ မဂ်ဉာဏ် သည် နိဗ္ဗာန်ကို အာရုံပြု၍ ဖျက်ဆီးရသောကြောင့် အဝိနာဘာဝနည်းအားဖြင့် နိဗ္ဗာန်က လည်း ဖျက်ဆီးရာရောက်၏။ မဂ်ဉာဏ်၏ ကိလေသာဖျက်ဆီးမှု ကိစ္စသည် ဖိုလ်ဉာဏ် ကျမှ ကိစ္စပြီးစီး၏။ ထို့ကြောင့် ဖိုလ်ဉာဏ်လည်း ကိလေသာကို ဖျက်ဆီးရာရောက်၏။ ပရိယတ်တရားကား ကိလေသာ ဖျက်ဆီးခြင်း၏ (ဝါ) မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုရခြင်း၏ အကြောင်းရင်းဖြစ်၍ ကိလေသာကို ဖျက်ဆီးခြင်း၌ ဆက်စပ်ပါဝင်လေ၏။

## တရားတော်များ မြတ်ပုံ

**စတူသု အပါယေသု အပတာမာနေ ဓာရေတီတိ ဓမ္မော ။**
အပါယ်လေးပါးတို့၌ မကျအောင် ဆောင်ထားတတ်သောကြောင့် ဓမ္မမည်၏။

**သံသာရ ဒုက္ခေ အပတာမာနေ ကတွာ ဓာရေတီတိ ဓမ္မော။**
သံသရာဒုက္ခ၌ မကျအောင်ပြု၍ ဆောင်ထားတတ်သောကြောင့် ဓမ္မမည်၏။

- ဟူသော ဒေသနာတော်များအရ သောတာပတ္တိမဂ်ဉာဏ်ရလျှင် အပါယ်လေးပါးသို့ မကျတော့ပြီဖြစ်၏။ ကာမဘုံ၌ (၇)ဘဝသာ နေရတော့မည်ဖြစ်၏။ သကဒါဂါမိမဂ် ဉာဏ်ရလျှင် ဤလူ့ဘုံသို့ တစ်ကြိမ်သာ ပြန်လာပေတော့မည်။ အနာဂါမိ မဂ်ဉာဏ်ရလျှင် ကာမဘုံသို့ ပြန်မလာလေတော့ပြီ။ အရဟတ္တမဂ်ဉာဏ်ရလျှင် ဗြဟ္မာ့ဘုံနှင့်တကွ ၃၁-ဘုံလုံး သံသရာမှ အလုံးစုံ လွတ်မြောက်သွားပြီဖြစ်၏။ ထိုသို့ ဒုက္ခများမှ လွတ်မြောက် စေတတ်သောကြောင့် မဂ်, ဖိုလ်, နိဗ္ဗာန်, ပရိယတ်တရားတို့သည် မြင့်မြတ်သော တရားများ ဖြစ်ကြရ လေသည်။ ထိုမြင့်မြတ်သောတရားများကို ရှိခိုးပါ၏- ဟူလို ...။

*( သာရတ္ထ - ၁ - ၁၀ / ၁၁။ ဘာဋီ - ပ - ၆ / ၉ )*

## တရားဂုဏ်တော်ကို ပွားရန်

မြတ်စွာဘုရား မှိုင်ပြားသည့် မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်၊ ပရိယတ် ဟုဆိုအပ်သော ဆယ်ပါးသောတရားတော်မြတ် ရတနာတို့သည် အဝိဇ္ဇာအစရှိသော ကိလေသာကွန်/ချက်တို့ကိုလည်း ဖျက်ဆီးတော်မူတတ်ပါပေ၏။

အပါယ်ဒုက္ခ၊ သံသရာဒုက္ခ၊ ဒုက္ခအလုံးစုံတို့မှ လွတ်မြောက်အောင်လည်း ဆောင်ရွက်တော်မူနိုင်ပါပေ၏။ ထိုမြင့်မြတ်သော ဆယ်ပါးသော တရားတော်မြတ် ရတနာကို တပည့်တော်သည် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရား ... ။

**ဓမ္မပဏာမပြီး၏။**

<u>သံဃပဏာမ</u>

'အသမ္ဘုဓံ' စသောပါဠိဖြင့် တရားတော်ကို ရှိခိုးပြီး၍ ဓမ္မပဏာမ ပြုပြီး၍ အရိယာသံဃာတော်ကို ရှိခိုးလိုသော၊ သံဃပဏာမ ပြုလိုသော အရှင်ဗုဒ္ဓဃောသ ထေရ်သည် 'ဂုဏေဟိ ယော' စသော ဂါထာကိုမိန့်၏။

ဂုဏေဟိ ယော သီလ သမာဓိ ပညာ၊
ဝိမုတ္တိဉာဏပ္ပဘုတီဟိ ယုတ္တော။
ခေတ္တံ ဇနာနံ ကုသလတ္ထိကာနံ၊
တမရိယ သံဃံ သိရသာ နမာမိ။ (ဝိ ၅ ၁- ၁)

<u>အနက်</u> ။ ။ယော အရိယသံဃော- အကြင် အရိယာသံဃာတော်သည်၊ သီလ သမာဓိ ပညာ ဝိမုတ္တိဉာဏပ္ပဘုတီဟိ - သီလ သမာဓိ ပညာ အရဟတ္တဖိုလ် ပစ္စဝေက္ခဏာ ဉာဏ် အစရှိကုန်သော၊ ဂုဏေဟိ-လောကီ၊ လောကုတ္တရာဂုဏ်တို့နှင့်၊ ယုတ္တော- ယှဉ်တော်မူ၏။ ကုသလတ္ထိကာနံ- ကုသိုလ်ဖြင့် အလိုရှိကုန်သော၊ ဇနာနံ - သတ္တဝါတို့၏၊ ခေတ္တံ-လယ်ယာမြေကောင်း ဖြစ်တော်မူသော၊ တံအရိယသံဃံ - ထိုအရိယာသံဃာတော် ကိုလည်း၊ အဟံ -အကျွန်ုပ်ဗုဒ္ဓဃောသသည်၊ သိရသာ -ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမာမိ - ရှိခိုးပါ၏။

<u>မြန်မာပြန်</u> ။ ။ သီလစသော လောကီ လောကုတ္တရာဂုဏ်တော်တို့နှင့် ပြည့်စုံ၍ ကုသိုလ်လိုလားကုန်သောသူတို့၏ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူသော အရိယာသံဃာတော်ကိုလည်း အကျွန်ုပ် ဗုဒ္ဓဃောသသည် ဦးခေါင်း ရတနာမြတ်အင်္ဂါဖြင့် ရှိခိုးပါ၏။

<u>အရိယသံဃဂုဏ်</u> ။ ။ အရိယာသံဃာတော်တို့ကား ဝိရတိစေတနာ- ဟုဆိုအပ်သော လောကီသီလ၊ လောကုတ္တရာသီလ၊ လောကီချာန် သမာဓိ၊ လောကုတ္တရာဈာန်သမာဓိ၊ လောကုတ္တရာ မဂ်, ဖိုလ်၊ လောကီပစ္စဝေက္ခဏာ ဉာဏ်၊ ပဋိသမ္ဘိဒါဉာဏ်, လောကီအဘိဉာဏ်၊ လောကုတ္တရာအဘိဉာဏ်ဂုဏ်တို့နှင့်

ပြည့်စုံတော်မူ၏။ ထို့ကြောင့် ကုသိုလ်ဖြင့် အလိုရှိကုန်သောသူတို့၏ ကောင်းမှုမျိုးစေ့၏ ကျဲချရာ လယ်ယာမြေကောင်းသဖွယ်နှင့်လည်း တူပါပေ၏။ ကိလေသာတို့မှ ဝေးကွာတော်မူသော ထိုအရိယာ သံဃာတော်တို့ကို ရှိခိုးပါ၏။

## သံဃဂုဏ်တော်ကိုပွားရန်

သီလ သမာဓိ ပညာ ဟူသော လောကီ လောကုတ္တရာ ဂုဏ်တေဇာတို့နှင့် အပြားပြား ပြည့်စုံတော်မူ၍ ကောင်းမှုဖြင့် အလိုရှိကုန်သော သူတို့၏ ကောင်းမှုမျိုးစေ့၏ စိုက်ပျိုး ကျဲချရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူသော အရိယာသံဃာတော် တို့အား ရှိခိုးပူဇော်ပါ၏။

သံဃပဏ္ဏာမပြီး၏။

ရတနာသုံးပါးကို ရှိခိုးခြင်း ပြီး၏။



ပထမကျမ်း ပါရာဇိကာဏ် ပါဠိတော်

# ဝေရဉ္စကဏ္ဍလာ ကိုယ်ကျင့်တရားများ

အခါတစ်ပါး၌ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဝေရဉ္စာမြို့ နဠေရု မည်သော ဘီလူးသည် သိမ်းဆည်းအပ်သော တမာပင်အနီး၌ ရဟန်းသံဃာ ငါးရာနှင့်အတူ သီတင်းသုံးနေတော်မူ၏။ ထိုအခါ၌ ဝေရဉ္စပုဏ္ဏားသည် မြတ်စွာဘုရား ထံသို့ ဖူးမြော်ရန် ရောက်လာပြီး မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုပြီးနောက် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကြားလေ၏။

## ဝေရဉ္စပုဏ္ဏား လျှောက်စကား

'အရှင်ဂေါတမ ... ရဟန်းဂေါတမသည် မိမိထက် အသက်ကြီးရင့်ကုန်သော ပုဏ္ဏားတို့ကို ရှိလည်းမခိုး၊ ခရီးဦးလည်းမကြို၊ နေရာဖြင့်လည်း မဖိတ်ဟု ကြားဖူးပါ သည်။ ယခုကြားဖူးသည့်အတိုင်း မှန်နေပါသည်။ အရှင်ဂေါတမ ... ဤကဲ့သို့ ပြုမူခြင်း သည် မသင့်လျော်ပါ'

– ဟု လျှောက်လေ၏။

ဤစကားအရ ဝေရဉ္စပုဏ္ဏားသည် မြတ်စွာဘုရားရှင်ထက် အသက်အားဖြင့် များစွာကြီးကြောင်းမှာ ထင်ရှား၏။ ဘုရားရှင်နှင့် မတွေ့ခင်တုန်းက ဝေရဉ္စပုဏ္ဏားသည် မြတ်စွာဘုရားထံမှ လောကလူတို့ထုံးစံအတိုင်း ရှိခိုးမှု၊ အရိုအသေပေးမှု၊ ခရီးဦးကြိုဆိုမှု၊ နေရာဖြင့် ဖိတ်မှုများကို မျှော်လင့်ပုံရ၏။ နောက်ဆုံး ရှိမခိုးသည့်တိုင် နေရာဖြင့် ဖိတ်ကြားမှုကို ပြုလုပ်လိမ့်မည်ဟု မှတ်ထင်ပုံရ၏။ ယခု မိမိမျှော်လင့်သည့်အတိုင်း ဘာတစ်ခုမှ ဖြစ်မလာသည့်အခါ ဝေရဉ္စပုဏ္ဏားသည် ဘုရားရှင်အား အထက်ပါအတိုင်း လျှောက်ထားခြင်း ဖြစ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဝေရဉ္စပုဏ္ဏားအား ဤသို့ ပြန်လည် မိန့်ကြားတော်မူလေ၏။

## ဗုဒ္ဓ မိန့်တော်မူသောစကား

'ပုဏ္ဏား... ဤသတ္တလောက၌ ငါဘုရား ရှိခိုးထိုက်သော၊ ခရီးဦးကြိုဆိုထိုက်သော၊ နေရာဖြင့် ဖိတ်ထိုက်သောသူ နတ်လူ ဗြဟ္မာတို့တွင် တစ်စုံတစ်ဦးသော ပုဂ္ဂိုလ်မျှ မရှိပေ။ ပုဏ္ဏား ... ငါဘုရားသည် တစ်စုံတစ်ဦးသော ပုဂ္ဂိုလ်ကို ရှိခိုးမှုကိုလည်း ပြုအံ့။ ခရီးဦးကြိုဆိုမှုကိုလည်း ပြုအံ့။ နေရာဖြင့်ဖိတ်မှုကိုလည်း ပြုအံ့။ ထိုပုဂ္ဂိုလ်သည် ဦးခေါင်းပြတ်ကျခြင်းသို့ ရောက်လေရာ၏'

ဤ၌ သတိပြုရန်ကား - ဝေရဉ္စပုဏ္ဏားက သူ့အား ရှိမခိုးသည့်အတွက် မြတ်စွာဘုရားအား ကဲ့ရဲ့သောအားဖြင့် ပြောကြားခြင်း ဖြစ်၏။ မြတ်စွာဘုရားက ပုဏ္ဏားအား ပြန်ပြောသောအခါ၌ သနားငဲ့ညှာသောအနေဖြင့် မိန့်ကြားတော်မူခြင်းဖြစ်၏။

မှန်၏။ သူတစ်ပါးက မိမိကို စွပ်စွဲကဲ့ရဲ့သည့်အခါ မိမိဂုဏ်တွေကို ထုတ်ဖော်ပြောကြားလျှင် 'အတ္တုက္ကံသန' အပြစ်ဖြစ်၏။ ကဲ့ရဲ့သည်ကို ပြန်၍ရှုတ်ချပြန်လျှင် 'ပရဝမ္ဘန' အပြစ်ဖြစ်၏။ ဘုရားရှင်သည် ထိုအပြစ်နှစ်ရပ်သို့ မကပ်ရောက်ဘဲ ဝေရဉ္စပုဏ္ဏားအပေါ်၌ သနားသော ကရုဏာတော်ကြောင့် အေးမြသော စိတ်နှလုံးတော်ဖြင့် ပုဏ္ဏားနားမလည်သည်ကို နားလည်အောင် မိန့်ကြားတော်မူခြင်း ဖြစ်၏။

ဗုဒ္ဓသည် ဝေရဉ္စပုဏ္ဏား နားမလည်သည်ကို နားလည်အောင် ဝေရဉ္စပုဏ္ဏားအပေါ်၌ သနားသောအားဖြင့် ဤသို့ ဆက်လက်၍ မိန့်ကြားတော်မူပြန်လေ၏။

**<u>ဗုဒ္ဓအက်၍ မိန့်ကြားတော်မူခြင်း ။</u>** ။"ပုဏ္ဏား ... ငါဘုရားသည် သဗ္ဗညုတ ဉာဏ်တော်ဖြင့် သတ္တလောကတစ်ခုလုံးကို ကြည့်ပါသော်လည်း ငါဘုရား ရှိခိုးထိုက်သူ၊ ခရီးဦးကြိုထိုက်သူ၊ နေရာဖြင့် ဖိတ်ထိုက်သူ တစ်စုံတစ်ဦးမျှ မတွေ့မြင်ရပေ။ ပုဏ္ဏား ... သဗ္ဗညုတဉာဏ်ရ၍ ဘုရားအဖြစ်သို့ ရောက်မှ ငါဘုရား အရိုအသေပြုထိုက်သူကို မတွေ့မြင်ခြင်းသည် အံ့သြဖွယ် မဟုတ်သေး။ ပုဏ္ဏား... ငါဘုရားသည် အမိဝမ်းမှ မွေးဖွားချင်းပင် မြောက်အရပ်သို့ ရှေးရှုလျက် ခုနစ်ဖဝါးလှမ်း၍ တစ်သောင်းသော လောကဓာတ်ကို ကြည့်တော်မူခဲ့ပြီ။ ထိုအခါ၌သော်လည်း ငါဘုရား အရိုအသေ ပြုထိုက်သူကို မတွေ့မြင်ခဲ့ရပေ။ ထိုအခါက ကမ္ဘာပေါင်း တစ်သောင်းခြောက်ထောင် အသက်ရှည်သော ရဟန္တာဗြဟ္မာကြီးသော်လည်း လက်အုပ်ကို ချီမြှောက်၍ 'အသင်မင်းသားသည် လောက၌ မြတ်သော ယောကျ်ားပါတည်း။ ဤသတ္တလောက၌ အသင်မင်းသားသည် အဦးဆုံး, အကြီးဆုံး, အမြတ်ဆုံးပါတည်း။ အသင်မင်းသားထက် သာလွန်ကြီးမြတ်သူ မရှိပါ' – ဟူ၍ ဝမ်းမြောက်ဝမ်းသာ ပြောဆိုပြီး မြတ်နိုးကော်ရော် ပူဇော်ဖူးပြီ။ ထိုအခါက ငါကိုယ်တိုင်ကလည်း မိမိထက် ကြီးမြတ်သူကို မတွေ့မြင်ရသည်ဖြစ်၍ –

'ငါသည် လောကမှာ အဦးဆုံး, အကြီးဆုံး, အမြတ်ဆုံး'

– ဟူ၍ ရဲရင့်သောစကားကို ဟစ်ကြွေးမြွက်ကြားခဲ့လေပြီ။ မွေးဖွားပြီးစ အချိန်၌ပင် ငါဘုရား အရိုအသေ ပြုရမည့်သူကို မတွေ့မြင်ခဲ့။ ယခုလို သဗ္ဗညုတ ဉာဏ်တော်ကြီးကိုရ၍ ဘုရားအဖြစ်သို့ ရောက်ကာမှ အဘယ်သို့ တွေ့မြင်နိုင်အံ့နည်း။ ပုဏ္ဏား ... ထို့ကြောင့် သင်သည် ငါဘုရားထံမှ အရိုအသေပြုမှုကို မတောင့်တပါနှင့်။ ပုဏ္ဏား ... အကြင်သူကို တထာဂတသည် ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ နေရာဖြင့် ဖိတ်ကြားခြင်းပြုအံ့။ ထိုသူ၏ ဦးခေါင်းသည် အညှာမှ ကြွေကျသော ထန်းသီးကဲ့သို့ လည်ပင်းမှ ပြတ်၍ လျင်မြန်စွာ မြေ၌ကျရာ၏"

ဗုဒ္ဓက ထိုသို့ မိန့်ကြားတော်မူသည့်တိုင် ဝေရဉ္ဇပုဏ္ဏားသည် ပညာမရှိသည်၏ အဖြစ်ကြောင့် ဗုဒ္ဓ၏ ကြီးမြတ်သည်၏အဖြစ်ကို အသိအမှတ်မပြုနိုင်ဘဲ ဗုဒ္ဓက ထိုသို့ မိန့်ကြားသည်ကို သည်းမခံနိုင်သည်ဖြစ်၍ ဤသို့ ပြောကြားပြန်လေ၏။

## ဝေရဉ္စပုဏ္ဏား ပြောဆိုစကား

အရသရူပေါ ဘဝံ ဂေါတမော - အရှင်ဂေါတမသည် အရသာကင်းသော သဘော ရှိ၏။ သာမဂ္ဂိရသ မရှိသူဖြစ်၏။

လူ့လောက၌ ရှိခိုးမှု, ခရီးဦးကြိုဆိုမှု, လက်အုပ်ချီမှု, အရိုအသေပြုမှုတို့ကို 'သာမဂ္ဂိရသ' ဟူ၍ ဆိုအပ်၏။ သာမဂ္ဂိရသ၌ ရသ - ဟူသည် ရှိခိုးခြင်း စသော ရိုသေမှုတည်း။ မှန်၏။ ထိုအရိုအသေပြုမှုသည် အရိုအသေ အပြုခံရသူအတွက်လည်း စိတ်ကြည်နူးဝမ်းမြောက်မှုဟူသော အရသာတစ်မျိုးဖြစ်သလို တကယ့်စေတနာဖြင့် အရိုအသေပြုသူတို့အားလည်း စိတ်ကြည်နူးဝမ်းမြောက်မှုဟူသော အရသာတစ်မျိုးပင် ဖြစ်လေ၏။ ကြီးသူနှင့်ငယ်သူ စိတ်ချင်းတည့်၍ ညီညွတ်မှု ရှိကြမှသာလျှင် ရှိခိုးခြင်း စသော အရိုအသေပြုမှုကို ပြုလုပ်ကြသည်။ မညီညွတ်လျှင် မပြုကြ။ ထို့ကြောင့် ညီညီညွတ်ညွတ် ဖြစ်နေကြသူတို့၏ ရှိခိုးခြင်း စသော အရိုအသေပြုမှုအလုပ်ကို 'သာမဂ္ဂီ' ဟူ၍ ခေါ်ဆိုပြီး၊ ထိုသာမဂ္ဂီကြောင့် ရအပ်သော ကြည်နူးဝမ်းမြောက် သာယာမှုကို 'သာမဂ္ဂိရသ' ဟူ၍ ခေါ်ဆိုရလေသည်။ ကြီးသူနှင့် ငယ်သူ လူအချင်းချင်း ထိုသာမဂ္ဂိရသ သဘောကို ကောင်းစွာခံယူထိုက်ကြပေသည်။

မဟာကရုဏာရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေရဉ္စပုဏ္ဏားအား-

'ပုဏ္ဏား ... ငါသည် အရသရူပ မဟုတ်။ ငါတို့လို ပုဂ္ဂိုလ်မျိုးသည် ရှိခိုးမှု စသည်ကို မပြုထိုက်'

- ဟူ၍ တိုက်ရိုက်ပယ်လိုက်လျှင် ပုဏ္ဏား၏ စိတ်သည် ခက်ထန်ကြမ်းတမ်း ဖွယ်ရာ ရှိသောကြောင့် ပုဏ္ဏား၏စိတ်ကို နူးညံ့လာအောင် ဆွဲဆောင်သောအားဖြင့်-

'ငါဘုရားကို အရသရူပဟု ဆိုလိုလျှင် ဆိုနိုင်စရာ အကြောင်းရှိပေ၏'

- စသည်ဖြင့် ဤသို့ မိန့်ကြားတော်မူလေသည်။

## ဗုဒ္ဓမိန့်တော်မူစကား

**အတ္ထိ ခေါ် သေ ဗြာဟ္မဏ** –'ပုဏ္ဏား ... ဤသို့သော နည်းပရိယာယ်အားဖြင့် ရဟန်းဂေါတမသည် အရသာကင်းသောသဘော ရှိ၏။ သာမဂ္ဂိရသ မရှိသူ ဖြစ်၏– ဟူ၍ ငါ့ဘုရားကို ပြောဆိုရာ၏။ ထိုနည်းပရိယာယ်သည် ရှိသည်သာတည်း။ ပုဏ္ဏား ... တထာဂတသည် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့၌ သာယာခြင်း အရသာတို့ကို ပယ်ပြီးပြီ။ အကြွင်းမဲ့ ဖြတ်ပြီးပြီ။ ပုဏ္ဏား ... ဤနည်းပရိယာယ် အားဖြင့် ရဟန်းဂေါတမသည် အရသာကင်းသော သဘောရှိ၏။ သာမဂ္ဂိရသ မရှိသူ ဖြစ်၏ – ဟု ပြောလိုမူ ပြောနိုင်၏။ ပုဏ္ဏားရည်ရွယ်ပြောသော နည်းပရိယာယ်မျိုး ကား ငါတို့၌ မရှိသည်သာတည်း'

ပုထုဇဉ်သတ္တဝါတို့ကား – **'ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ'** ဟူသော အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ပီတိနှင့်တကွဖြစ်သော တဏှာဖြင့် လွန်စွာ သာယာ ဝမ်းမြောက်ကြ၏။ အားကြီးသော ရာဂ၏ အစွမ်းဖြင့် လွန်စွာတပ်မက်ကြ၏။ ယင်းသို့ သာယာတပ်မက်သည့်အတွက် ကာမဂုဏ်ကို ခံစားသောအားဖြင့် ဖြစ်သော ကာမသုခဝေဒနာ ဖြစ်လေ၏။ ယင်းကို **ကာမသုခ** = ကာမချမ်းသာ ဟူ၍ ခေါ်၏။ ကာမချမ်းသာ ဟူသည် ကာမဂုဏ်ခံစားရာ၌ ဖြစ်သော တဏှာနှင့်ယှဉ်သော သုခ ဝေဒနာတည်း။ ထိုသုခကို အတူယှဉ်ဘက် တဏှာကလည်း သာယာ၏။ နောက်နောက် ဖြစ်သော တဏှာကလည်း သာယာ၏။ ထို့ကြောင့် ရူပါရုံ စသည်တို့ကို သာယာ အပ်သော အရသာဟူ၍ ခေါ်ဆိုရလေ၏။

ဆက်ဦးအံ့။ မိမိသဘောကျသော ရူပါရုံကို ကြည့်နေရသောအခါ တဏှာနှင့် ယှဉ်သော သောမနဿဝေဒနာ ဖြစ်၏။ ထိုဝေဒနာကို ယှဉ်ဘက်တဏှာကလည်း သာယာ၏။ နောက်နောက်တဏှာကလည်း သာယာ၏။ ထို့ကြောင့် ထိုဝေဒနာသည် သာယာအပ်သော သဘောရှိ၍ ရသလည်း မည်လေ၏။ သရက်သီးမှ ဖြစ်သော အရသာကို **အမ္ဗရသ** = သရက်သီး အရသာဟူ၍ ခေါ်ရသကဲ့သို့ ရူပါရုံ စသည်မှ ဖြစ်သော အရသာကိုလည်း ရူပရသ, သဒ္ဒရသ စသည် ခေါ်ရလေသည်။ ထိုသို့ အရသာရှိသောကြောင့် လည်ပင်း၌ ကြိုးကွင်းတပ်၍ ဆွဲသကဲ့သို့ ပုထုဇဉ် သတ္တဝါ တွေကို ထိုကာမ ဂုဏ်တို့က ဆွဲဆောင်နိုင်ကြလေသည်။ ဆွဲငင်၍ ထားနိုင်ကြလေသည်။

ယင်းရူပရာဂ စသည်တို့ကို 'သာမဂ္ဂိရသ' ဟူ၍ ခေါ်ဆိုသည်ကား - စက္ခုပသာဒ ခေါ် စက္ခုဝတ္ထုကလည်း ကောင်းဦးမှ၊ ရှေ့နားမှာ ရူပါရုံကလည်း ရှိဦးမှ၊ အလင်းရောင်လည်း ရှိဦးမှ၊ နှလုံးလည်း သွင်းပါဦးမှ ဤသို့ အကြောင်းတရားတို့ ပေါင်းဆုံညီညွတ် မိကြ၍ မြင်သိစိတ် ဖြစ်ပေါ်လာရခြင်း ဖြစ်၏။ ယင်းမြင်သိစိတ်နှင့်အတူ စက္ခုဒွါရဝီထိ၊ တဒနုဝတ္တကဝီထိများ ဖြစ်ကြလေရာ ဇောများစောရာ၌ တဏှာနှင့် သုခဝေဒနာလည်း ပါဝင်လေတော့၏။ ယင်းသုခဝေဒနာသည် အကြောင်းညီညွတ်၍ ဖြစ်ပေါ်လာသည် ဖြစ်သောကြောင့် ရူပရာဂ စသည်တို့ကို 'သာမဂ္ဂိရသ' ဟူ၍ ခေါ်ဆိုရလေသည်။ မြတ်စွာဘုရားရှင်သည် မဂ်ဉာဏ်လေးချက်ဖြင့် သာမဂ္ဂိရသကို အကြွင်းမဲ့ ပယ်ပြီးဖြစ်သောကြောင့် ဤသည်ကို ရည်ရွယ်၍ -

'အရှင်ဂေါတမသည် အရသာကင်းသော သဘောရှိ၏၊ သာမဂ္ဂိရသ မရှိသူဖြစ်၏'

- ဟုပြောလိုက ပြောနိုင်၏။ ပုဏ္ဏားရည်ရွယ်ပြောသော နည်းပရိယာယ်မျိုးကား မြတ်စွာဘုရား၌ မရှိသည်သာတည်း။ အမှန်မှာ - လူလူချင်း အငယ်က အကြီးကို ရှိခိုးခြင်း စသော သာမဂ္ဂိရသကို ပြုထိုက်၏။ ယင်းသို့ ပြုထိုက်လျက် မပြုသူကိုသာ 'သာမဂ္ဂိရသ မရှိသူ ဖြစ်၏' ဟု အပြစ်တင်ထိုက်၏။ မြတ်စွာဘုရားမူကား သူတစ်ပါးအား ရှိခိုးခြင်း စသည်ကို မပြုထိုက်သော ပုဂ္ဂိုလ်ဖြစ်၍ -

'သာမဂ္ဂိရသ မရှိသူဖြစ်၏။ အရသာကင်းသော သဘောရှိ၏' ဟူ၍ ပြောပင် မပြောထိုက်ဟူလို။

ဝေရဉ္ဇပုဏ္ဏားသည် မြတ်စွာဘုရားရှင်အပေါ်၌ အသက်ကြီးသူတို့အား အရိုအသေ မပြု၍ 'အရသရူပေါ' ဟူသော စကားဖြင့် အပြစ်တင်ခြင်းငှါ မစွမ်းနိုင်သည် ဖြစ်၍ အခြားသော 'နိဗ္ဗောဂ'= သုံးဆောင်ခြင်းမရှိ စသော နောက်ထပ် စကား(၇)မျိုး တို့ဖြင့် ပြစ်တင်မှု ပြုပြန်လေ၏။

**မဟာကရုဏာရှင် မြတ်စွာဘုရား ။** ။ ဤသို့လျှင် ဝေရဉ္စပုဏ္ဏားသည် ရောက်လာသော အခါမှစ၍ မြတ်စွာဘုရားအား 'အရသရူပေါ' စသည်ဖြင့် (၈)မျိုးသော ဝတ္ထုတို့ဖြင့် အပြစ်တင် ဆဲရေးလျက်ရှိနေရာ တရားကို အစိုးရတော်မူသော တရားမင်းဖြစ်တော်မူသော တရားအရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေရဉ္စပုဏ္ဏားအား သနားသောမျက်လုံး၊ အေးမြသောမျက်လုံးတော်ဖြင့် ကြည့်တော်မူလျက် ပုဏ္ဏားအား တိုက်ရိုက်ဆန့်ကျင်ဘက် ပြောကြားတော်မမူဘဲ အလိုက်သင့်ပြောဆိုမိန့်ကြားတော်မူပြီး၍ ကိုယ်တော်မြတ်၏ မဟာကရုဏာရှင် ဖြစ်တော်မူပုံကိုလည်းကောင်း၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းစသော လောကဓံတရားကြောင့် တုန်လှုပ်မှု မရှိပုံကိုလည်းကောင်း၊ မြေကြီးသည် အညစ်အကြေး စွန့်ချခြင်း၊ ပန်းနံ့သာ ကြဲချခြင်းတို့ကြောင့် ဖောက်ပြန်ခြင်း မရှိသကဲ့သို့ ဘုရားရှင်သည်လည်း ဖောက်ပြန်ခြင်း မရှိဘဲ မြေကြီးကဲ့သို့ စိတ်ထားရှိသူ၏အဖြစ်ကိုလည်းကောင်း ထင်ရှားပြတော်မူလိုသည် ဖြစ်၍–

"ဤပုဏ္ဏားသည် မိမိ၏ ဆံပင်ဖြူ၊ သွားကျိုး၊ အရေတွန့်နေသည်ကို 'ကြီးသူ' ဟူ၍ မှတ်ထင်၍နေဘိ၏။ မိမိကို ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတရားတွေ အစဉ်တစိုက်လိုက်နေသည်ကိုလည်းကောင်း၊ သံသရာဝဋ်မှ မထွက်နိုင်သော သံသရာ သစ်ငုတ်သဖွယ်ဖြစ်နေသည်ကိုလည်းကောင်း၊ ယနေ့လိုက သေလျှင် နက်ဖြန်၌ပင် ပက်လက်အိပ်သူငယ်အဖြစ်သို့ ရောက်နိုင်သည်ကိုလည်းကောင်း မသိရှာပေ။ ထိုသို့ပင် မသိသော်လည်း ကြီးစွာသော အားထုတ်ခြင်းဖြင့် ငါ့ဘုရားထံသို့ လာခဲ့ရှာပေ၏။ ဤပုဏ္ဏား၏ လာခဲ့ခြင်းသည် အကျိုးရှိသည် ဖြစ်ပါစေ"

– ဟူ၍ ကြံတော်မူပြီးလျှင် ကိုယ်တော်မြတ်၏ အကြီးဖြစ်ကြောင်းကို ဤသို့ မိန့်ကြားတော်မူလေ၏။

**အကြီးဖြစ်ကြောင်း ဗုဒ္ဓမိန့်တော်မူပုံ ။** ။ 'ပုဏ္ဏား ... ကြက်မ၌ ဥ(၈)လုံး၊ (၁၀)လုံး၊ (၁၂)လုံး ရှိရာတွင် ဥခွံကို ဖောက်ခွဲ၍ ရှေးဦးစွာ ပေါက်ဖွားလာသော ကြက်ငယ်ကို အကြီးဟူ၍ ဆိုအပ်သကဲ့သို့ ဤအတူပင် သတ္တဝါလေးပါးကို မသိကြ၍ အဝိဇ္ဇာ ဥခွံအတွင်း၌ နေကြရသော သတ္တဝါအပေါင်းတို့တွင် အဝိဇ္ဇာဟူသော ဥခွံကို ဖောက်ခွဲ၍ ငါတစ်ဦးတည်းသာလျှင်

လောက၌ အတုမဲ့လွန်မြတ်သော ကိုယ်တိုင် မှန်စွာ သိမြင်သော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီ။ ပုဏ္ဏား ... ထို့ကြောင့် ငါသည် သတ္တလောကတွင် ကြီးမြတ်သူ ဖြစ်၏။ ပုဏ္ဏား ... ငါသည် မတွန့်တိုသော လုံ့လဝီရိယ၊ မေ့လျော့ခြင်းမရှိသော သတိဖြင့် ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကို ရအောင် အားထုတ်ခဲ့ပြီ။ ပုဏ္ဏား ... ငါသည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် ဟူ၍ ဝိဇ္ဇာသုံးပါးရှိရာတွင် ညဉ့်ဦး ပဌမယာမ်၌ ပုဗ္ဗေနိဝါသာနုဿတိ ဝိဇ္ဇာဉာဏ်ကို လည်းကောင်း၊ သန်းခေါင် မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခု ဝိဇ္ဇာဉာဏ်ကိုလည်းကောင်း၊ မိုးသောက် ပစ္ဆိမယာမ်၌ အာသဝက္ခယ ဝိဇ္ဇာဉာဏ်ကိုလည်းကောင်း ကောင်းစွာရခဲ့လေပြီ။ ပုဏ္ဏား ... ဤသို့ ငါသည် အဝိဇ္ဇာ ဥခွံတွင်းမှ အဦးဆုံး ဖောက်ခွဲထွက်ပေါ်၍ လာခဲ့ပေ၏'

## ဝေရဉ္စပုဏ္ဏား အကြီးဖြစ်ကြောင်း နားလည်သွားခြင်း

ဤသို့သတ္တလောကကို သနားစောင့်ရှောက်တော်မူတတ်သော မြတ်စွာဘုရားသည် ဝေရဉ္စပုဏ္ဏားကို သနားစောင့်ရှောက်တော်မူလိုသည်ဖြစ်၍ အထူးသဖြင့် လျှို့ဝှက်ထိုက်သည်လည်းဖြစ်သော မိမိ၏ အရိယာဇာတ်အားဖြင့် အကြီး ဖြစ်သည်၏ အဖြစ်ကို ဝိဇ္ဇာသုံးပါးဖြင့် ထင်ရှားပြတတ်သော ဒေသနာတော်ဖြင့် မိန့်တော်မူအပ်သော် ဝေရဉ္စပုဏ္ဏား၏ တစ်ကိုယ်လုံး ပီတိပျံ့နှံ့၍ သွားလေ၏။

"ငါသည် အလုံးစုံသော သတ္တဝါအပေါင်းတို့ထက် အကြီးဆုံး အမြတ်ဆုံး ဖြစ်တော်မူသော၊ အလုံးစုံသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော၊ အလုံးစုံကို သိတော်မူသော ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို –

'ရှိခိုးခြင်း စသည်ကို မပြုတတ်'

– ဟူ၍ အခြားသူတို့ကို ပြောသကဲ့သို့ ပြောမိပေပြီ။ အချင်းတို့ ... မသိတတ်ခြင်း၏ စက်ဆုပ်ဖွယ်သည် ဖြစ်လေစွ။ ဤသို့ မိမိကိုယ်ကို ကဲ့ရဲ့၍ ဤအရှင်ဂေါတမသည် အရိယာဇာတ်အားဖြင့် ရှေးဦးစွာဖြစ်သောကြောင့် အကြီးဆုံးတည်း။ အလုံးစုံသော ဂုဏ်တို့ဖြင့် အတုမရှိသောကြောင့် အမြတ်ဆုံးတည်း' ဟု ဆုံးဖြတ်၍ –

**အရှင်ဂေါတမသည် အကြီးဖြစ်ပါပေ၏။**
**အရှင်ဂေါတမသည် အမြတ်ဖြစ်ပါပေ၏ ”**

– ဟူ၍ လျှောက်ထားလိုက်လေပြီ။ ထိုသို့ လျှောက်ထားပြီး သရဏဂုံသုံးပါးကို ကိုးကွယ် ဆည်းကပ်သော ဥပါသကာအဖြစ်ကိုလည်း ခံယူလေ၏။ ဤဝေရဉ္စာမြို၌ ဝါဆိုရန်ကိုလည်း လျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်သည်လည်း ဝါဆိုရန် လက်ခံတော်မူလေ၏။

## အကြီးဟူသည် ဆောင်ရန်လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | သတ္တဝါဟူသမျှ၊ | ဘယ်မှာပ၊ | နေကြထိုင်ကြသည်။ |
| ၂။ | အဝိဇ္ဇာဥတွင်း၊ | နေထိုင်ခြင်း၊ | မယွင်းတူကြသည်။ |
| ၃။ | အဝိဇ္ဇာတွင်းမှ၊ | မြတ်ဗုဒ္ဓ၊ | ရှေ့ကထွက်ခဲ့သည်။ |
| ၄။ | ရှေ့ကအပြီး၊ | ထွက်၍တည်း၊ | အကြီးခေါ် လေသည်။ |
| ၅။ | သစ္စာလေးရပ်၊ | သိတုံလတ်၊ | ကြီးမြတ်လာပေမည်။ |
| ၆။ | သစ္စာတရား၊ | သိလိုခြား၊ | တရားကျင့်ရမည်။ |

## ဝေရဉ္စာမြို့ ငတ်မွတ်ခြင်းဘေး ဆိုက်ရောက်ခြင်း

ဝေရဉ္စပုဏ္ဏားဇ၏ ပင့်လျှောက်ချက်အရ ဘုရားရှင်နှင့်တကွ ရဟန်း သံဃာတော် ငါးရာတို့သည် ဝေရဉ္စာမြို၌ ဝါဆိုဝါကပ် ပြုကြလေ၏။ ထိုအချိန်၌ ဝေရဉ္စာမြို၌ ရောဂါပိုး ဖျက်၍ ကောက်စပါးများ ကောက်ပင်များ ပျက်စီးကြသောကြောင့် အစာရေစာ ငတ် မွတ်ခေါင်းပါးခြင်းဘေး ဆိုက်ရောက်လျက်ရှိ၏။ အလွန်ဆင်းရဲသူများ အငတ်ငတ် အပြတ်ပြတ်ဖြစ်၍ သေကြေပျက်စီး ကြရလေကုန်၏။ ရဟန်းသံဃာတော်များအတွက် ဆွမ်းခံထွက်၍ ဆွမ်းအာဟာရ ရရန်မလွယ်ကူသော အခြေအနေ ရှိလေ၏။

မြင်းကုန်သည်များ ရောက်လာခြင်း ။ ။ ထိုအချိန်၌ ဥတ္တရာပထတိုင်းသား မြင်းကုန်သည်များတို့သည်လည်း ကုန်အရောင်းအဝယ် ပြုအံ့သောငှါ မြင်းငါးရာတို့နှင့်တကွ ဝေရဥ္စာမြို့သို့ ရောက်လာကြ၍ မိုးတွင်းကာလ ခရီးသွားရန် မလွယ်ကူသည့်အတွက် မြို့ပြင်၌ ရေလွတ်ရာအရပ်၌ မိမိတို့၏ နေရာအိမ်တို့ကိုလည်းကောင်း၊ မြင်းတင်းကုပ်တို့ကိုလည်းကောင်း ပြုလုပ်၍ ခြံစည်းရိုးတို့ဖြင့် ကာရံ၍ တည်းခိုလျက် ရှိနေကြလေကုန်၏။ မြင်းကုန်သည်တို့ နေသော ထိုနေရာအရပ်ကို မြင်းဝိုင်းဟူ၍ ခေါ်တွင်လေ၏။

မြင်းကုန်သည်များ မုယောဆန်ကို လှူဒါန်းခြင်း ။ ။ မြင်းကုန်သည်တို့သည် တည်းခိုရာအရပ်၌ မြက်မရှိလျှင် မြင်းစာ ခက်ခဲမည် ဖြစ်သောကြောင့် မြင်းစာအတွက် မုယောဆန်များကို အပိုအမို ဆောင်ယူလာခဲ့ကြကုန်၏။ ခရီးရှည် သွားကြရသည့်အတွက် ကြာရှည်ခံအောင် ဖွဲအဖျင်း မပါသော မုယောဆန်များကို ပြုတ်၍ အခြောက်လှန်းကာ ယူဆောင်လာခဲ့ကြခြင်း ဖြစ်၏။

မြင်းကုန်သည်များသည် ဒက္ခိဏာပထတိုင်းသားတို့ကဲ့သို့ သဒ္ဓါတရား မရှိကြသူများ၊ ရတနာသုံးပါးကို မကြည်ညိုကြသူများ မဟုတ်ကြပေ။ သဒ္ဓါ တရားရှိကြသူများ, ရတနာသုံးပါးကို ကြည်ညိုကြသူများ၊ မြတ်နိုးကြသူများ ဖြစ်ကြကုန်၏။ မိမိတို့ ပြုဖွယ်ကိစ္စဖြင့် ဝေရဥ္စာမြို့တွင်းသို့ လှည့်လည်ကြသောအခါ ကြည်ညိုဖွယ်ရာအသွင်ဖြင့် ရဟန်းသံဃာတော်များ ဆွမ်းခံနေကြသည်ကို မြင်တွေ့ကြလေကုန်၏။ တစ်မြို့လုံး လှည့်၍ ဆွမ်းခံသော်မှလည်း ဆွမ်းတစ်စေ့မျှ မရကြသည်ကိုလည်း သိမြင်ကြလေကုန်၏။ ထို့ကြောင့် မြင်းကုန်သည်တို့သည် ဤသို့ ကြံစည်ကြလေကုန်၏။

'ရဟန်း သံဃာတော်တို့သည် ဤမြို့ကို မှီ၍ ဝါဆိုကြလေပြီ။ ဤမြို့သည်လည်း အစာရေစာ ခေါင်းပါးခြင်းဘေး ဆိုက်လျက်ရှိနေ၏။ ဘာကိုမျှလည်း မရရှာကြကုန်။ သံဃာတော် အရှင်မြတ်တို့သည် အလွန်ပင်ပန်းကြကုန်၏။ ငါတို့သည်လည်း ဧည့်သည်များ ဖြစ်နေကြကုန်၏။ ထိုသံဃာတော်တို့အတွက် နေ့တိုင်း နေ့တိုင်း ယာဂုကိုလည်းကောင်း၊ ဆွမ်းကိုလည်းကောင်း စီရင်ခြင်းငှါ မစွမ်းနိုင်ကြကုန်။

ငါတို့၏ မြင်းတို့သည် ညနေချမ်းအခါ၌လည်းကောင်း၊ နံနက်အခါ၌လည်းကောင်း တစ်နေ့နှစ်ကြိမ် ထမင်းအာဟာရကို ရကြကုန်၏။ တစ်ကောင်တစ်ကောင်သော မြင်း၏ နံနက်စာကို တစ်ပါးတစ်ပါးသော ရဟန်းတော်တို့အား ပေးလှူရပါမူ ကောင်းလေစွ။ ဤသို့ ပေးလှူပါက အရှင်ကောင်းတို့သည်လည်း မပင်ပန်းလတ္တံ့။ မြင်းတို့သည်လည်း မျှတကြကုန်လတ္တံ့.'

– ဟူ၍ ကြံစည်ပြီးလျှင် ထိုရဟန်းတို့၏ အထံသို့သွား၍ ထို အကြောင်းကို လျှောက်ကြား၍ –

'အရှင်ဘုရားတို့ ... အရှင်ဘုရားတို့သည် တစ်စလယ် တစ်စလယ်စီသော ရိက္ခာမုယောဆန်ကို အလှူခံယူ၍ သင့်တော်သလို ပြုလုပ်၍ ဘုဉ်းပေးသုံးဆောင်ကြပါ'

– ဟု လျှောက်ထားပြီးလျှင် နေ့တိုင်း တစ်စလယ် တစ်စလယ်စီသော ရိက္ခာ မုယောဆန်ကို ဝတ်တည်ထားကြလေကုန်၏။

<u>သံဃာတော်များ သုံးဆောင်ကြပုံ</u> ။ ။ ရဟန်းသံဃာတော်တို့သည် နံနက်ပိုင်း ဆွမ်းခံချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူ၍ ဝေရဉ္စာမြို့သို့ ဆွမ်းခံကြွတော်မူကြရာတွင် တစ်မြို့လုံးကို လှည့်လည်ဆွမ်းခံပါသော်လည်း ဆွမ်းကိုထားဘိဦး၊ အယုတ်ဆုံးအားဖြင့် 'ကန်တော့ဆွမ်းပါ' ဟူသော စကားကိုမျှလည်း မရမူ၍ မြင်းကုန်သည်တို့နေထိုင်ရာ မြင်းဝိုင်းသို့သွား၍ တစ်စလယ် တစ်စလယ်စီသော မုယောဆန်ကို ခံယူ၍ မိမိသီတင်းသုံးရာကျောင်းသို့ ဆောင်ယူပြီးလျှင် ဆုံ၌ ထောင်း၍ထောင်း၍ သုံးဆောင်ကြလေကုန်၏။

ကပ္ပိယကာရက ရှိပြားအံ့ကပ္ပိယကာရကသည် ထိုမုယောဆန်ကို ယာဂု အပြစ်သော်လည်းကောင်း၊ ဆွမ်းအပြစ်သော်လည်းကောင်း ကျိုချက်၍ ပေးရာ၏။ ထိုရဟန်း သံဃာတော်တို့မှာ တစ်စုံတစ်ယောက်သော ကပ္ပိယကာရက မရှိသည်ဖြစ်၍ ကိုယ်တိုင် ချက်ပြုတ်စားရန်လည်း ရဟန်းတို့အား မလျောက်ပတ်။ အပ်လည်း မအပ်စပ်။ သို့ဖြစ်၍ ထိုရဟန်းတော်တို့သည် ကိုယ်တိုင်ချက်ပြုတ်စားခြင်း အပြစ်မှလည်း လွတ်၊ ပေါ့သော အသက်မွေးဝမ်းကျောင်းခြင်းလည်း ဖြစ်အောင် ရှစ်ပါးစီ ရှစ်ပါးစီစု၍

ဆုံငယ်၌ ထောင်း၍ ထောင်း၍ မိမိဝေစုဖြစ်သော ထောင်းအပ်သော မုယောဆန်ကို ယူ၍ ရေဖြင့် စိုစွတ်စေ၍ ဘုဉ်းပေးသုံးဆောင်ကြလေကုန်၏။ ဘုဉ်းပေးသုံးဆောင်ပြီးသောအခါ ရဟန်းတရားမှတစ်ပါး အခြားအလုပ်ကို အားမထုတ်ကြကုန်ဘဲ။ ရဟန်းတရားကိုသာ အားထုတ်ကြလေကုန်၏။

(ဆီမပါ၊ ဆားမပါ၊ အချိုမပါ၊ အချဉ်မပါ။ အစိမ်းသက်သက် သုံးဆောင်တော်မူနိုင်ပါပေစွ)

**မြတ်စွာဘုရား သုံးဆောင်ပုံ** ။ ။ မြင်းကုန်သည်တို့သည် မြတ်စွာဘုရားအတွက် တစ်စလယ်သော မုယောဆန်ကိုလည်းကောင်း၊ ထိုဆန်အား လျောက်ပတ်သော ထောပတ်၊ ပျားရည်၊ သကြားတို့ကိုလည်းကောင်း လှူကြလေကုန်၏။ ယင်းလှူဖွယ်ဝတ္ထုတို့ကို အရှင်အာနန္ဒာသည် ဆောင်ယူ၍ မုယောဆန်ကို ကျောက်ပြင်၌ ကြိတ်၏။ ဘုန်းထူးကံထူးပညာရှိယောကျ်ား ပြုအပ်သော အမှုသည် မြတ်နိုးဖွယ်ကောင်းသည်သာတည်း။ ထိုကြိတ်ပြီးသော မုယောဆန်မှုန့်ကို ထောပတ်၊ ပျားရည်၊ သကြားတို့ဖြင့် ရော၍ သမအောင်နယ်၍ မြတ်စွာဘုရားအား ဆက်ကပ်လေ၏။ ထိုအခါ မုယောဆန်မှုန့်ထဲသို့ နတ်တို့သည် နတ်သြဇာကို ထည့်ကြလေကုန်၏။ မြတ်စွာဘုရားသည် ထိုမုယောဆန်ခဲမုန့်ကို ဘုဉ်းပေး သုံးဆောင်တော်မူ လေ၏။ ဘုဉ်းပေးသုံးဆောင်တော်မူပြီးသောအခါ ဖလသမာပတ်ဖြင့် အချိန်ကို လွန်စေတော်မူ၏။

**မာရ်နတ် လှည့်ပတ်ထား၍** ။ ။ ဝေရဉ္စာမြို့နေ လူအပေါင်းတို့သည် ယခုလို ထင်မှတ်ခေါ်ငင်ပါး အစာရှားပါးရာ အခါ၌ အလွန်လျှင် အားထုတ်ကြကုန်သည် ဖြစ်၍ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်သင့်ကြကုန်သည် မဟုတ်လော။ မိမိတို့သည် မစားမူ၍လည်း ပေးလှူသင့်သည် မဟုတ်လော။ ထိုလူတို့သည် အဘယ်ကြောင့် တစ်ဇွန်းမျှလောက်သော ဆွမ်းကိုလည်း မပေးလှူကုန်သနည်း။ ဝေရဉ္စာမြို့သားဖြစ်သော ဝေရဉ္စပုဏ္ဏားသည်လည်း အားထုတ်အပ်သည်ဖြစ်၍ မြတ်စွာဘုရားနှင့် ရဟန်းသံဃာတော်များကို ဝေရဉ္စာမြို့၌ ဝါဆိုရန် ပင့်ဖိတ်ထားပါလျက် အဘယ်ကြောင့် ရှိမှန်းကိုပင် မသိအောင် ဖြစ်ရသနည်း? ဟူ၍ မေးဖွယ်ရှိ၏။

**အဖြေကား** – မာရ်နတ် လှည့်ပတ်မှု ပြုထားသောကြောင့်တည်း။

ချဲ့ဦးအံ့ – မြတ်စွာဘုရား၏ အထံမှ ဖဲသွားပြီးကာမျှ ဖြစ်သော ဝေရဉ္စပုဏ္ဏားကို လည်းကောင်း၊ အလုံးစုံသော မြို့နေသူ လူအပေါင်းကိုလည်းကောင်း၊ ထက်ဝန်းကျင် တစ်ယူဇနာအတွင်း၌နေသူ လူအပေါင်းကိုလည်းကောင်း၊ နံနက်အချိန် ဆွမ်းခံ၍ ရနိုင်သော အလုံးစုံသောအရပ်၌ နေထိုင်သူ လူအပေါင်းကိုလည်းကောင်း မာရ်နတ်သည် လှည့်ပတ်၍ တွေဝေစေ၍ အလုံးစုံသောလူတို့၏ မှတ်သားမှု မရှိနိုင်သည်၏အဖြစ်ကို ပြု၍ ဖဲသွားလေ၏။ ထို့ကြောင့် တစ်စုံတစ်ယောက်သောသူသည် ရဟန်းသံဃာတော်တို့အား ရှိသေမှုကိုလည်း ပြုထိုက်၏ဟူ၍ မမှတ်ထင်ကြတော့ပေ။

<u>မြတ်စွာဘုရား သိတော်မမူဘူးလား</u> ။ ။အသို့နည်း? မြတ်စွာဘုရားသည်လည်း မာရ်နတ် လှည့်ပတ်ထားခြင်းကို သိတော်မမူ၍သာ ထိုဝေရဉ္စာမြို့၌ ဝါဆိုတော်မူသလော? ဟူ၍ မေးမြန်းဖွယ်ရှိပါ၏။ မသိမဟုတ်။ သိပါ၏။ ဤကား အဖြေတည်း။ ထိုသို့ သိတော်မူပါလျက် အဘယ်ကြောင့် စမ္ပာမြို့ သာဝတ္ထိမြို့ ရာဇဂြိုဟ်မြို့ အစရှိသောမြို့တို့တွင် တစ်မြို့မြို့၌ ဝါဆိုတော်မမူသနည်းဟူ၍ မေးမြန်းဖွယ် ရှိပြန်၏။ ထိုစမ္ပာမြို့ သာဝတ္ထိမြို့ ရာဇဂြိုဟ်မြို့တို့ကို ထားလိုက်ပါကုန်ဦး၊ မြတ်စွာဘုရားသည် ထိုနှစ်၌ မြောက်ကျွန်းသို့သော်လည်းကောင်း၊ တာဝတိံသာ နတ်ပြည်သို့သော်လည်းကောင်း သွား၍ ဝါဆိုစေဦးတော့၊ ထိုအရပ်နေသူ လူအပေါင်းကို လည်း မာရ်နတ်သည် လှည့်ပတ်မည်သာတည်း။ ထိုမာရ်နတ်သည် ထိုနှစ်၌ ပြင်းပြင်း ထန်ထန် ရန်ငြိုးဖွဲ့စိတ် ဖြစ်လျက် ရှိနေလေသတတ်။

<u>ဝေရဉ္စာ၌ ဝါဆိုခြင်းအကြောင်း</u> ။ ။ ဆက်၍ ဆိုဦးအံ့ – ဤဝေရဉ္စာမြို့၌ မြတ်စွာဘုရား သည် ပိုလွန်သော အကြောင်းကို မြင်တော်မူ၏။ မြင်တော်မူပုံကား – မြင်းကုန်သည်တို့သည် ရဟန်းသံဃာတော်တို့ကို ချီးမြှောက်ခြင်းကို ပြုကုန်လတ္တံ့။ ဤအကြောင်းကို မြင်တော်မူခြင်းကြောင့် ဝေရဉ္စာမြို့၌ ဝါဆိုခြင်း ဖြစ်လေသည်။

<u>မုဒ္ဒ၏ ဝဝိကပြစ် ။</u> ။ ဗုဿဘုရားလက်ထက်တော်၌ ဘုရားလောင်း ဘဝက ဗုဿဘုရားရှင်၏ သာဝကရဟန်းတို့ကို -

'မုယောဆန်ကို စားကြ၊ သလေးဆန်ကို မစားကြနှင့်'

- ဟု ကြိမ်းမောင်းခဲ့ဖူးသတဲ့။ ထိုအကုသိုလ်ကံသည် ထိုဝါတွင်း၌ အကျိုးပေးခွင့် ကြုံနေသောကြောင့် မြောက်ကျွန်း၌ဖြစ်စေ၊ တာဝတိံသာ၌ဖြစ်စေ ဝါဆိုစေကာမူ ထိုအရပ်တို့၌ နေသူတို့အားလည်း မာရ်နတ်သည် လှည့်ပတ်မည်သာ ဖြစ်၏။

<u>မြင်းကုန်သည်တို့ကို မလှည့်ပတ်ဘူးလား ။</u> ။ အသို့နည်း? မာရ်နတ်သည် မြင်းကုန်သည်တို့ကိုရော လှည့်ပတ်ခြင်းငှါ မစွမ်းနိုင်ဘူးလော? ဟူ၍ မေးမြန်းဖွယ်ရှိ၏။ အဖြေကား - မစွမ်းနိုင်သည် မဟုတ်၊ စွမ်းနိုင်၏။ ထိုသို့ပင် စွမ်းနိုင်ပါသော်လည်း မာရ်နတ်သည် လှည့်ပတ်ပြီး၍ မာရ်နတ်ပြန်သွားချိန်ကျမှ မြင်းကုန်သည်များ ရောက်လာခဲ့သောကြောင့် ဖြစ်ပေ၏။

သို့ဖြစ်လျှင် တစ်ဖန်ပြန်လာ၍ မလှည့်ပတ်ဘူးလား? ဟူ၍ မေးမြန်းဖွယ်ရှိပြန်၏။ အဖြေကား - ထိုအချိန်၌ကား မာရ်နတ်သည် လှည့်ပတ်ခြင်းငှါ မစွမ်းနိုင်တော့ပြီ ဖြစ်၏။

## <u>အန္တရာယ်မပြုနိုင်သော အရာလေးမျိုး</u>

မှန်၏။ ထိုမာရ်နတ်သည် မြတ်စွာဘုရားအတွက် ရည်ရွယ်ပြီးသော ဆွမ်းကိုလည်းကောင်း၊ အမြဲပြုလုပ်အပ်သော ဒါနဝတ်ကိုလည်းကောင်း၊ အပ်နှံထားသော ပစ္စည်းလေးပါးကိုလည်းကောင်း အန္တရာယ်ပြုခြင်းငှါ မစွမ်းနိုင်ပေ။

ချဲ့ဦးအံ့။ ဤလေးပါးသော အရာတို့ကို အန္တရာယ်ပြုခြင်းငှါ မစွမ်းနိုင်ကြပေ။

၁။ မြတ်စွာဘုရားရှင်အား လှူဒါန်းရန် ရည်ရွယ်ထားပြီးသော အလှူဝတ္ထုများကို မလှူဒါန်းနိုင်အောင် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် အန္တရာယ်ပြုခြင်းငှါ မစွမ်းနိုင်ပေ။

၂။ မြတ်စွာဘုရားရှင်၏ **အသက်တော်ကို** တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် အန္တရာယ်ပြုခြင်းငှါ မစွမ်းဆောင်နိုင်ပေ။

၃။ မြတ်စွာဘုရားရှင်၏ လက္ခဏာတော်ငယ်ရှစ်ဆယ်နှင့် တစ်လံမျှလောက်သော **ကိုယ်ရောင်တော်ကို** တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် အန္တရာယ်ပြုခြင်းငှါ မစွမ်းဆောင်နိုင်ပေ။

၄။ မြတ်စွာဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကြီးကို တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် အန္တရာယ်ပြုခြင်းငှါ မစွမ်းဆောင်နိုင်ပေ။

ထို့ကြောင့် မြတ်စွာဘုရားရှင်သည် အန္တရာယ် မပြုနိုင်သောဆွမ်းကို မြင်တော်မူသောကြောင့် တပည့်သံဃာငါးရာတို့နှင့်တကွ ဝေရဉ္စာမြို့၌ ဝါဆိုတော်မူခြင်း ဖြစ်လေသည်။

**<u>မြတ်စွာဘုရား ကောင်းချီးပြုခြင်း</u> ။** ။ ထိုသို့ ရဟန်းသံဃာတော်များတို့သည် မုယောဆန်ကို ဆုံ၌ ထောင်း၍ထောင်း၍ သုံးဆောင်မှုပြုကြရာတွင် တစ်နေ့သောအခါ၌ ထိုဆုံသံကို ကြားတော်မူ၍ မြတ်စွာဘုရားသည် –

'အဘယ် အသံနည်း'

– ဟု အရှင်အာနန္ဒာကို မေးတော်မူလေ၏။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ထိုအကြောင်းအရာကို လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဤသို့သော ချီးကျူးစကားကို မိန့်ကြားတော်မူလေ၏။

'အာနန္ဒာ ... ကောင်းစွ ... ကောင်းစွ ... သူတော်ကောင်း ဖြစ်ကုန်သော သင်တို့သည် ဆွမ်းကို ရခဲသောအရပ်၌ ဤပေါ့ပါးသော အသက်မွေးခြင်းဖြင့်လည်းကောင်း၊ ဤခေါင်းပါးသော အကျင့်ဖြင့်လည်းကောင်း ခဲယဉ်းစွာ ရအပ်သော ဆွမ်း၊ ဒုဗ္ဘိက္ခကို အောင်အပ်ပြီ။ လောဘကို အောင်အပ်ပြီ။ ယုတ်မာသော အလိုဆိုးဣစ္ဆာစာရကို အောင်အပ်ပြီ။ နောင်အခါ၌ ရဟန်းတို့သည် မိမိကျောင်း၌နေလျက် ဆွမ်းကို လွယ်လွယ်ကူကူ ရပါလျက်လည်း ဤဆွမ်းကား မနပ်။ ဤဆွမ်းကား ပျော့လွန်း၏။ ဤဟင်းကား ပေါ့၏။ ဤဟင်းကား ငန်၏။ အချဉ်ပေါ့၏။

ချဉ်လွန်း၏။ ဤဆွမ်း၊ ဆွမ်းဟင်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ဤသို့ စသော နည်းဖြင့် သလေးသားပြွမ်း ဆွမ်းကိုပင် အထင်သေးကြပေလိမ့်မည်'

<u>ရခဲဆွမ်း ဒုဗ္ဘိက္ခကို အောင်ပုံ</u> ။ ။ ဒုဗ္ဘိက္ခကို အဘယ်သို့ အောင်အပ်သနည်း? ဟူမူ ဤဝေရဉ္ဇာမြို့သည် ဆွမ်းရခဲ၏။ ပတ်ဝန်းကျင် ရွာနိဂုံးတို့၌ ဆွမ်းရလွယ်၏။ သို့ဖြစ်ပါလျက် မြတ်စွာဘုရားသည် ငါတို့ကို နှိမ်၍ ဤဝေရဉ္ဇာမြို့၌သာ နေဘိ၏ - စသည်ဖြင့် ဤသို့ တစ်ပါးသော ရဟန်း၏လည်း ကြံစည်ခြင်းသည်လည်းကောင်း၊ စိတ်ပင်ပန်းခြင်းသည်လည်းကောင်း မဖြစ်ကြပေ။ ဤသည်ကား ဒုဗ္ဘိက္ခကို အောင်ခြင်းဖြစ်၏။

<u>လောဘကို အောင်ပုံ</u> ။ ။ အလိုကြီးလောဘကိုအဘယ်သို့ အောင်အပ်သနည်း? ဟူမူကား - ဤဝေရဉ္ဇာမြို့သည် ဆွမ်းရခဲ၏။ ပတ်ဝန်းကျင် ရွာနိဂုံးတို့၌ ဆွမ်းရလွယ်၏။ ငါတို့သည် ထိုရွာနိဂုံးသို့သွား၍ ဆွမ်းအာဟာရကို သုံးဆောင်ကြပါကုန်စို့ - ဟူ၍ လောဘ၏အစွမ်းဖြင့် ဝါပန်၍ သွားခြင်း၊ ထိုရွာတို့၌ ပစ္ဆိမဝါဆိုခြင်းများကို ရဟန်းတစ်ပါးမျှ မပြုလုပ်ကြပါ။ ဤသည်ကား လောဘကို အောင်ခြင်းဖြစ်၏။

<u>အလိုဆိုး ဣစ္ဆာစာရကို အောင်ခြင်း</u> ။ ။ အလိုဆိုး ဣစ္ဆာစာရကို အဘယ်သို့ အောင် အပ်သနည်း? ဟူမူကား - ဤဝေရဉ္ဇာမြို့ သည် ဆွမ်းရခဲ၏။ ဤလူတို့သည်လည်း နှစ်လ၊ သုံးလတို့ပတ်လုံး နေသည့်တိုင်အောင် တစ်စုံတစ်ခုသော ဂုဏ်၌ အသိအမှတ် မပြုကြ။ အသိအမှတ်ပြုကြအောင် ငါတို့သည် ဂုဏ်ကို ကုန်သွယ်မှု ပြုကြပေအံ့။ ဤရဟန်းကား ရှာန်ရသူ ဖြစ်၏။ ဤရဟန်းကား အဘိညာဉ်ရသူ ဖြစ်၏။ ဤသို့ စသည်ဖြင့် လူတို့အား ပြောကြား၍ နောက်မှ အာဓိဝပါရိသုဒ္ဓိသီလကို ဆောက်တည်ရပါမူကား ကောင်းလေစွ - ဟု တစ်ပါးသော ရဟန်းမျှလည်း ဤသို့သော အလိုဆိုးကို မဖြစ်စေကြ။ ဤသည်ကား အလိုဆိုး ဣစ္ဆာစာရကို အောင်မြင်ပုံတည်း။

<u>မြေလှန်ကျေးမည်ကို ပယ်မြစ်ခြင်း ။</u> ။ ဆွမ်းရခဲသည့်အတွက် ရဟန်းသံဃာတော်များ ပင်ပန်းကြသည်ကို မကြည့်လိုသော အရှင်မောဂ္ဂလာန်ထေရ်သည် မြေကြီးကိုလှန်၍ မြေဆီ, မြေလွှာများကို ကျွေးလိုပါကြောင်း လျှောက်ထားသည်ကို လည်းကောင်း၊ မြောက်ကျွန်းသို့ ဆွမ်းခံကြွစေမည့် အကြောင်းကိုလည်းကောင်း မြတ်စွာဘုရားအား ခွင့်ပန်လျှောက်ထားသော်လည်း မြတ်စွာဘုရားသည် နောင်လာရဟန်းသံဃာတော်များကို ငဲ့ညှာတော်မူသောအားဖြင့် အရှင်မဟာမောဂ္ဂလာန်၏ လျှောက်ထားချက်ကို လက်မခံဘဲ ပယ်မြစ်တော်မူလေ၏။

<u>သိက္ခာပုဒ် ပညတ်ရန်ကို ပယ်မြစ်ခြင်း ။</u> ။ တပည့်တို့အား ဝိနည်းသိက္ခာပုဒ် ပညတ်မှု ရှိတော်မူသော သာသနာတော်၌ မြတ်စွာဘုရားရှင်၏ သာသနာတော်သည် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးသည်၏ နောက်၌ တပည့်အဆက်ဆက်အားဖြင့် ကြာမြင့်စွာ တည်ခြင်းအကြောင်းကို မြတ်စွာဘုရားထံမှ ကြားနာရသည်ဖြစ်၍ အရှင်သာရိပုတြာထေရ်သည် သာသနာတော် အရှည်တည်တန့်ရန် ဝိနည်းသိက္ခာပုဒ်တော်ကို ကြိုတင်ပညတ်တော်မူပါရန် လျှောက်ထားပါသော်လည်း အချိန်မကျသေးသည့်အတွက် မြတ်စွာဘုရားသည် အရှင်သာရိပုတြာ၏ လျှောက်ထားချက်ကို လက်မခံဘဲ ပယ်မြစ်တော်မူလေသည်။ သံဃာ၌ လွန်ကျူးမှု ထင်ရှားမှု မဖြစ်ပေါ်သေးသမျှ မြတ်စွာဘုရားသည် တပည့်တို့အား ဝိနည်း သိက္ခာပုဒ်ကို ကြိုတင်ပညတ်တော်မမူချေ။ ဝိနည်းသိက္ခာပုဒ် ပညတ်ချိန်ကို မြတ်စွာဘုရားသာ သိတော်မူလိမ့်မည် ဖြစ်၏။

<u>ဗုဒ္ဓ၏ အလေ့အကျက် အာစိဏ္ဏ ။</u> ။ ဘုရားရှင်တို့မည်သည် ပင့်ဖိတ်သူများရှိ၍ ဝါဆိုရာတွင် သီတင်းကျွတ်၍ ခရီးဒေသစာရီ ကြွချီတော်မူရာ၌ ပင့်ဖိတ်ထားသူအား မပန်ကြားဘဲ ဖဲကြွတော်မမူခြင်းသည် ဘုရားရှင်တို့၏ အလေ့အကျက် ဖြစ်၏။ တပည့်ရဟန်းတို့မူကား – ပန်ကြား၍သော်လည်းကောင်း၊ မပန်ကြား၍သော်လည်းကောင်း မိမိအလိုရှိရာအရပ်သို့ ကြွတော်မူကြလေကုန်၏။ ဘုရားရှင်တို့၏ အခြားသော အလေ့အကျက်များလည်း ရှိလေသေး၏။ ယင်းမှာ –

ဘုရားရှင်တို့သည် နေ့တိုင်း မိုးသောက်အခါ၌ ဖလသမာပတ် ဝင်စား၏။ ထို့နောက် ဖလသမာပတ်မှ ထ၍ မဟာကရုဏာ သမာပတ်ကို ဝင်စား၏။ ထို့နောက် မဟာကရုဏာသမာပတ်မှ ထ၍ တစ်သောင်းသော စကြာဝဠာတိုက်၌ ကျွတ်ထိုက်သော သတ္တဝါများကို ကြည့်ရှုတော်မူခြင်းသည်လည်း ဘုရားရှင်တို့၏ အလေ့အကျက်တော်တည်း။

ထို့နောက် ဘုရားပူးလာသော အာဂန္တုတို့နှင့် ပဋိသန္ထာရစကား ပြောကြားတော်မူခြင်းသည်လည်း ဘုရားရှင်တို့၏ အလေ့အကျက်တော်တည်း။

ထို့နောက် ဖြစ်ပေါ်လာသော အကြောင်းအတ္ထုပ္ပတ္တိအားလျော်စွာ တရားဒေသနာ ဟောကြားတော်မူခြင်းသည်လည်း ဘုရားရှင်တို့၏ အလေ့အကျက်တော်တည်း။

ထို့နောက် လွန်ကျူးမှု ဖြစ်ပေါ်လာသောအခါ သိက္ခာပုဒ်ပညတ်တော်မူခြင်းသည်လည်း ဘုရားရှင်တို့၏ အလေ့အကျက်တော်တည်း။

ဤ၌ကား မြတ်စွာဘုရားရှင်သည် သီတင်းကျွတ် မဟာပဝါရဏာနေ့၌ ရဟန်းတို့အား ပဝါရဏာပြုစေတော်မူပြီး၍ မွန်းလွဲ ညနေပိုင်းလောက်တွင် အရှင်အာနန္ဒာကို ခေါ်၍ ဝေရဉ္ဇပုဏ္ဏားထံသို့ ကြွတော်မူကာ ဤသို့ ခွင့်ပန်စကားကို မိန့်ကြားတော်မူလေ၏။

'ပုဏ္ဏား ... သင်ပင့်ဖိတ်အပ်သည်ဖြစ်၍ ငါတို့သည် ဝါကပ်ခဲ့ကုန်ပြီ။ သင့်ကို ပန်ကြားကုန်၏။ ငါတို့သည် ဒေသစာရီ ကြွချီလိုကုန်၏'

ဝေရဉ္ဇပုဏ္ဏားသည် မြတ်စွာဘုရားရှင်အား ဤသို့ လျှောက်ကြားလေ၏။

'အရှင် ဂေါတမ ... မှန်ပါသည်။ အကျွန်ုပ် ပင့်ဖိတ်အပ်သည်ဖြစ်၍ ဝါကပ်တော်မူခဲ့ပါသည်။ သို့ရာတွင် လှူဖွယ်ဝတ္ထု မလှူရသေးပါ။ ထိုလှူဖွယ်ဝတ္ထုသည် မရှိသည်လည်း မဟုတ်ပါ။ မပေးလှူလိုသည်လည်း မဟုတ်ပါ။ လူ့ဘောင်၌ နေကုန်သော အကျွန်ုပ်တို့သည် ပြုဖွယ်ကိစ္စများ များပြားလှပါကုန်၏။ ထိုပေးလှူခွင့်ကို အဘယ်မှာ ရနိုင်ပါမည်နည်း။ အရှင်ဂေါတမသည် နက်ဖြန်အတွက် အကျွန်ုပ်၏ဆွမ်းကို ရဟန်းသံဃာနှင့်အတူ လက်ခံတော်မူပါ'

မြတ်စွာဘုရားရှင်သည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလေ၏။

(အထက်ပါ လျှောက်ထားချက်၌ 'လူ့ဘောင်၌ နေသော အကျွန်ုပ်တို့သည် ပြုဖွယ်ကိစ္စ များပြားလှပါကုန်၏' ဟု လျှောက်ခြင်းသည် မာရ်နတ် လှည့်ပတ်ထားသည်ကို မသိ၍ ထိုသို့ လျှောက်ခြင်း ဖြစ်သည်)

ဝေရဉ္စပုဏ္ဏားသည် ရဟန်းသံဃာတော်ငါးရာနှင့်တကွ မြတ်စွာဘုရားရှင်အား ဆွမ်းကပ်လှူပြီးသောအခါ မြတ်စွာဘုရားရှင်အား သုံးထောင်တန် သင်္ကန်းတိစုံကိုလည်းကောင်း၊ ရဟန်းသံဃာတော်တို့အား တစ်ထောင်တန် သင်္ကန်းဒွိစုံကိုလည်းကောင်း ကပ်လှူလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ဝေရဉ္စာမြို့မှ ဖဲ၍ကြွတော်မူခဲ့၍ အစဉ်အတိုင်း ခရီးဒေသစာရီ ကြွချီတော်မူပြီးနောက် ဝေသာလီမြို့သို့ ရောက်၍ ထိုဝေသာလီမြို့၏ အနီး မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံးနေတော်မူလေ၏။

*( ဝိ - ၁ - ၁ / ၂။ ဝိ - မြန် - ၁ - ၂ / ၁၅ ။*
*ဝိ - ဋ္ဌ - ၁ - ၁၀၂ / ၁၆၈ ။ သာရတ္ထဒီ - ၁ - ၃၃၉ / ၄၆၀ )*

<u>**ကိုယ်ကျင့်တရားများ ။**</u> ။ ဤဝေရဉ္စကဏ္ဍ၌ ကိုယ်ကျင့်တရားများ အနေဖြင့် မိမိအား ကဲ့ရဲ့ပြစ်တင်မှုနှင့် ကြုံလာလျှင် စိတ်ဆိုးမာန်ဆိုး ပြန်လှန် ချေပတတ်ကြသည်။ စိတ်ဆိုးခြင်း ဒေါသသည် ဘယ်သောအခါမှ ကောင်းကျိုးပေးရိုး မရှိသည်ကို သတိပြုကြရမည်။ စိတ်ဆိုးမာန်ဆိုး ဒေါသဖြင့် ပြန်ချေပက မိမိဂုဏ်ကို ဖော်ကျူးသော အတ္တုက္ကံသနအပြစ်၊ သူတစ်ပါးကို အပြစ်ပုံချသော ပရဝမ္ဘနအပြစ်များမှ မလွတ်နိုင်၍ သူ့အတွက် ကိုယ့်အတွက် အကျိုးဖြစ်လေမည် မဟုတ်ပေ။ မေတ္တာတရား ရှေ့ထား၍ အပြစ်မှန်ကို စိတ်အေးအေးထား ဖြေရှင်းနိုင်မှ အကျိုးရှိကြပေလိမ့်မည်။

သာမဂ္ဂီရသ သဘောအရ- မြတ်စွာဘုရားသာလျှင် သူတစ်ပါးအား ကြီးသူတို့အား ရှိခိုးခြင်း စသည်ကိုပြုမှု သာမဂ္ဂီရသ မထိုက်သော်လည်း သာမညလူအများတို့

အနေဖြင့်ကား လူကြီးမိဘနှင့် အသက်သိက္ခာ ဂုဏ်ရှိန်ကြီးမားသူတို့အား အရိုအသေပေးမှု၊ အရိုအသေပြုမှု သာမဂ္ဂိရသကို ပြုထိုက်ကြသူတို့သာ ဖြစ်လေသည်။ သာမဂ္ဂိရသရှိပါမှလည်း ဘဝသာယာမှု ရရှိကြမည် ဖြစ်သည်။

မသေရမီ လူ့လောက၌ နေထိုင်စဉ်အတွင်း လူသားတို့သည် ကောင်းပြန်ဆိုးပြန် လောကဓံကို အတန်တန် ခံကြရမည် ဖြစ်သည်။ လောကဓံတရားနှင့် တကယ်တမ်း တွေ့ကြုံလာသောအခါ စိတ်ကို မတုန်လှုပ်အောင် ထိန်းချုပ်နိုင်သူ အလွန်ရှားသည်။ စိတ်ဓာတ်ကျပြီး မှိုင်တွေနေတတ်ကြသည်။ ယင်းသည် အမင်္ဂလာဖြစ်သည်။ အမင်္ဂလာဖြစ်နေသမျှ အဘယ်သို့ ကောင်းကျိုးချမ်းသာ ရပါမည်နည်း။ စိတ်ကို မတုန်လှုပ်အောင် ထိန်းချုပ်နိုင်သူသာ ကျက်သရေမင်္ဂလာရှိသူ ဖြစ်လေသည်။ '**စိတ္တံ ယဿ နကမ္ပတိ**' စိတ်ကို မတုန်လှုပ်အောင် ထိန်းချုပ်နိုင်သူမှာ ကောင်းမြတ်သော မင်္ဂလာဖြစ်သည်ဟူ၍ မင်္ဂလသုတ်ဒေသနာတော်နှင့်အညီ ကောင်းမြတ်သော မင်္ဂလာဖြစ်အောင် စိတ်ကို သတိ, သမာဓိ, အသိဉာဏ်ပညာတို့ဖြင့် ထိန်းချုပ်နိုင်ကြရမည် ဖြစ်သည်။

## အတ္တုက္ကံသန, ပရဝမ္ဘန အပြစ်မှ ရှောင်ကြဉ်ရန် လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | ကဲ့ရဲ့ ဖြစ်မငြား၊ | ကြုံလာငြား၊ | စိတ်ထားတတ်ရမည်။ |
| ၂။ | ဂုဏ်ကိုမောက်ပြ၊ | အတ္တုက္ကံ၊ | ခေါ် ရပါလေသည်။ |
| ၃။ | အတ္တုက္ကံဖြစ်မှု၊ | ရှောင်၍ပ၊ | ကျင့်ကြရပေမည်။ |
| ၄။ | အပြစ်ပုံချ၊ | ပြန်ပြောက၊ | ပရခေါ် လေသည်။ |
| ၅။ | ပရဖြစ်မှု၊ | ရှောင်၍ပ၊ | ကျင့်ကြရပေမည်။ |
| ၆။ | ဒေါသမပါ၊ | အေးမေတ္တာ၊ | ပြန်ကာပြောရမည်။ |
| ၇။ | အေးချမ်းမေတ္တာ၊ | ပြောခြင်းမှာ၊ | များစွာကျိုးရှိသည်။ |
| ၈။ | အေးချမ်းမေတ္တာ၊ | ပြောခြင်းမှာ၊ | မြတ်စွာနည်းဖြစ်သည်။ |
| ၉။ | မြတ်စွာစကား၊ | နည်းယူငြား၊ | မမှားနိုင်ပါပြီ။ |

## လူလူချင်း ရိုသေခြင်းရှိကြရန် လင်္ကာ

၁။ ကြီးသူငယ်သူ၊ ရှိကြဟူ၊ မှတ်ယူလူတို့ပြည်။
၂။ လူအချင်းချင်း၊ ရိုသေကင်း၊ ဆင်းရဲကြပေမည်။
၃။ ကြီးသောသူအား၊ အလေးထား၊ ညွတ်တွားကြရမည်။
၄။ ညီညွတ်သူမှာ၊ ရိုသေတာ၊ ကောင်းစွာရှိပေသည်။
၅။ ကွဲပြားသူမှာ၊ ရိုသေတာ၊ ဘယ်ခါမရှိပြီ။
၆။ ရိုသေခံသူ၊ ရိုသေသူ၊ ကြည်ဖြူချမ်းသာသည်။
၇။ ကြည်ဖြူသူမှာ၊ အရသာ၊ ပေါ်လာထင်ရှားသည်။
၈။ ရိုသေအတည်၊ သာမဂ္ဂီ၊ တစ်လီခေါ် ဆိုသည်။
၉။ သာမဂ္ဂီရသ၊ ရှိကြမှ၊ ဘဝသာယာမည်။

## လောကစံတရားကို မတုန်မလှုပ် ရင်ဆိုင်ကြရန် လင်္ကာ

၁။ ဝေရုဋ္ဌာမှာ၊ မြတ်ဗုဒ္ဓါ၊ ဝါဆိုပါလေသည်။
၂။ အစာရေစာ၊ ရှားပါးစွာ၊ ကြုံကြာတွေ့ရသည်။
၃။ မြင်းကုန်သည်များ၊ မုယောအား၊ ဝတ်ထားလှူကြသည်။
၄။ မုယောဆန်အား၊ သံဃာများ၊ ထောင်းကာသုံးဆောင်သည်။
၅။ ဆုံသံကြားမှု၊ သဗ္ဗညု၊ သာဓုခေါ် လေသည်။
၆။ မြတ်ဗုဒ္ဓလဲ(လည်း)၊ မုယောပဲ၊ ကြိတ်ခဲသုံးဆောင်သည်။
၇။ ဝစီကမ္မ၊ ကျူးရှုပ်၊ ဗုဒ္ဓခံရသည်။
၈။ လောကစံတရား၊ မြတ်ဘုရား၊ လှုပ်ရှားမယိုင်ပြီ။
၉။ ကျန်သူများလဲ(လည်း)၊ တွေ့ကြုံမြဲ၊ ရှောင်လွှဲမရပြီ။
၁၀။ မတုန်မလှုပ်၊ စိတ်ထိန်းချုပ်၊ အဟုတ်ကျိုးရှိသည်။
၁၁။ ထိန်းချုပ်သူမှာ၊ မင်္ဂလာ၊ ကောင်းစွာဖြစ်လေသည်။
၁၂။ သတိ,သမာ၊ ဉာဏ်ပညာ၊ ဝိုင်းကာထိန်းရမည်။

ဝေရုဋ္ဌ ကဏ္ဍလာ ကိုယ်ကျင့်တရားများ ပြီး၏။

## ပါရာဇိကကဏ် ပါဠိတော်

# ပဌမ ပါရာဇိကလာ ကိုယ်ကျင့်တရားများ

ပါရာဇိက အဓိပ္ပါယ်။ ။ ပါရာဇိကဟူသည် ဆုံးရှုံးခြင်းတည်း။ ရဟန်းဘဝမှ ဆုံးရှုံးသွားသူကို ပါရာဇိကကျပြီဟူ၍ ခေါ်ဆိုလေ၏။ ဤဘဝ ဤတစ်သက်တာတွင် ဦးခေါင်းပြတ်ပြီးသောသူသည် တစ်ဖန်ပြန်၍ အသက်မရှင်နိုင်သကဲ့သို့ ပါရာဇိကအာပတ်သင့်သော၊ ပါရာဇိကကျသော ရဟန်းသည်လည်း ရဟန်းမဟုတ်တော့ပြီ ဖြစ်၏။ ရဟန်းကောင်းတို့နှင့်၊ ပါရာဇိကမကျသော ရဟန်းတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း မရတော့ပြီ ဖြစ်၏။ ရဟန်းပြန်ဖြစ်အောင် ဘယ်လိုမှ လုပ်၍ မရတော့ပြီ ဖြစ်၏။

## ပါရာဇိက လေးပါး

(၁) မေထုန်မှီဝဲခြင်းကြောင့် သင့်သော ပဌမပါရာဇိက၊

(၂) အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါးပိုင်ပစ္စည်းဥစ္စာကို ခိုးယူခြင်းကြောင့် သင့်သော ဒုတိယပါရာဇိက၊

(၃) လူသတ်ခြင်းကြောင့် သင့်သော တတိယပါရာဇိက၊

(၄) မိမိမှာ မရှိသော ဈာန်မဂ်ဖိုလ်တရားကို မရှိမှန်းသိလျက် ရှိပါသည်ဟု လိမ်ညာဝါကြွားခြင်းကြောင့် သင့်သော စတုတ္ထပါရာဇိက –

– ဟူ၍ ပါရာဇိကလေးပါး ရှိလေသည်။ ရဟန်းကောင်းတို့သည် ရဟန်းဘဝဖြင့် နေလိုသမျှ ကာလပတ်လုံး ထိုပါရာဇိက အာပတ်များကို မသင့်အောင် အသက်နှင့်ရင်း၍ စောင့်ထိန်းကြရလေကုန်၏။

**ပဥ္စမပါရာဇိကကို ကျူးလွန်သူ ။** ။ ပဥ္စမပါရာဇိကကို အစဦးဆုံး ကျူးလွန်မှု ပြုသော ရဟန်းကား အရှင်သုဒိန်တည်း။ အရှင်သုဒိန်၏ ပဥ္စမပါရာဇိကကို ကျူးလွန်မိမှုကား 'ဆွမ်းခံသွားရင်း ငှက်သင့်၊ လှေလှော်ရင်း တက်ကျိုး' ဆိုဘိသကဲ့သို့ အလွန်ရင်နာစရာကောင်း၏။ အလွန်နှမြောစရာကောင်း၏။ အလွန်လည်း သံဝေဂယူစရာ ကောင်းလေ၏။

**မိဘတို့ ခွင့်မပြုအပ်သူကို ရဟန်းခံမပေး ။** ။ မြတ်စွာဘုရားရှင် ဘုရားအဖြစ်နှင့် တစ်ဝါရပြီးကာစ သားတော် ရာဟုလာကို ရှင်သာမဏေ ပြုပေးရာတွင် သုဒ္ဓေါဒနမင်းကြီးက မိဘတို့ ခွင့်မပြုအပ်သော သူများကို သာမဏေ, ရဟန်း ပြုမပေးရန် တောင်းပန်လျှောက်ထားသည့်အတွက် မြတ်စွာဘုရားသည် ထိုအချိန်မှစ၍ မိဘတို့ခွင့်မပြုအပ်သောသူများကို ရဟန်း, သာမဏေ ပြုမပေးရန် ရဟန်းတော်များကို ပညတ်တော်မူထားပြီး ဖြစ်၏။ ယခု သူဌေးသားသုဒိန် ရဟန်းပြုမည့်အချိန်ကား မြတ်စွာဘုရားသည် ၁၂–ဝါမြောက်ဝါကို ဝေရဉ္စာမြို့၌ ဝါဆိုခဲ့ပြီး သီတင်းကျွတ်သောအခါ ခရီးဒေသစာရီ လှည့်လည်တော်မူပြီးနောက် ဝဇ္ဇီတိုင်း ဝေသာလီမြို့၌ သီတင်းသုံးနေတော်မူချိန်ဖြစ်၏။ ထိုအချိန်၌ ဝေသာလီမြို့၏အနီး ကလန္ဒရွာရှိ သူဌေးသား သုဒိန်သည် များစွာသော သူငယ်ချင်းတို့နှင့်အတူ ပြုဖွယ်ကိစ္စတစ်ခုဖြင့် ဝေသာလီမြို့သို့ ရောက်ရှိလာရာ မြတ်စွာဘုရားရှင်၏ တရားပွဲနှင့်တိုး၍ တရားနာရာမှ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကိုရသည်အထိ တရားအားထုတ်လိုသည်ဖြစ်၍ ရဟန်းဘဝနှင့် အားထုတ်မှ ရမည်ဖြစ်ရကား မြတ်စွာဘုရားထံတွင် ရဟန်းပြုခွင့် လျှောက်ထားသော်လည်း –

'မြတ်စွာဘုရားတို့သည် အမိအဖတို့က ခွင့်မပြုအပ်သောသားကို ရဟန်းပြုပေးတော်မမူကုန်'

– ဟူ၍ မိန့်တော်မူသဖြင့် မိဘတို့ထံမှ ခွင့်ပြုချက်ရရန် ကလန္ဒရွာသို့ ပြန်လာခဲ့ရလေ၏။

<u>မိဘတို့ ခွင့်မပြုနိုင်ပုံ ။</u> ။ သုဒိန်၏ မိဘတို့ကား ကျိကျိတက် ချမ်းသာကြသော သူဌေးများ ဖြစ်ကြသလို တစ်ဦးတည်းသောသား ဖြစ်၍ သုဒိန်ကို ဖူးဖူးမှုတ် အလွန်ချစ်ကြလေကုန်၏။ အမွေစား အမွေခံအဖြစ် ဤသား တစ်ယောက်သာရှိ၍ သားသုဒိန်က သုံးကြိမ်သုံးခါ ရဟန်းပြုခွင့် တောင်းခံလာသောအခါ မိဘတို့သည် သုံးကြိမ်လုံး ရင်တုန်ပန်းတုန် ပယ်မြစ်ကြလေ၏။

'သေတာတောင်မှ သားနှင့် သေခွဲခွဲရမည်ကို မလိုလားသည်ဖြစ်၍ ယခုလို ရှင်ခွဲ ခွဲရမည်ကို အဘယ်သို့ လိုလားနိုင်ပါအံ့နည်း'

– ဟူ၍လည်း ပြောဆိုတားမြစ်လေ၏။

<u>သူဌေးသား သုဒိန် ဆန္ဒပြခြင်း ။</u> ။ သုဒိန်ကား တကယ့် သုဒိန်တည်း။ တိတိတ် ပုဂ္ဂိုလ်တည်း။ ရဟန်းပြုဖို့ရာ အလွန်စိတ်ဓာတ် ပြင်းထန်သူတည်း။ အလွန်သဒ္ဓါတရား ထက်သန်သူတည်း။ အလွန် ဇွဲနဘဲ ကောင်းသူ တည်း။ သုံးကြိမ်တိုင်အောင် ခွင့်ပြုချက် တောင်းခံသော်လည်း မရသည်ဖြစ်၍ အခင်းမရှိသော မြေပေါ်၌ –

'ဤနေရာ၌သာလျှင် ငါ့အားသေခြင်းသော်လည်းကောင်း၊ ရဟန်းအဖြစ် သော်လည်းကောင်း ဖြစ်လိမ့်မည်'

– ဟု ဆုံးဖြတ်ချက်ချကာ ဆန္ဒပြ အိပ်လေတော့၏။ ထမင်း တစ်နပ် မစား၊ နှစ်နပ် မစား၊ သုံးနပ် မစား၊ လေးနပ် မစား၊ ငါးနပ် မစား၊ ခြောက်နပ် မစား၊ ထမင်း ခုနစ်နပ်တို့ကိုလည်း မစား။

ထိုအခါ မိဘတို့သည် သုဒိန်အား –

'ချစ်သားသုဒိန် ... သင်သည် ငါတို့၏ ချစ်လှစွာသော တစ်ဦးတည်းသော သားတည်း။ သေခွဲပင် မခွဲလိုပါဘဲလျက် ရှင်ခွဲခွဲ၍ အဘယ်သို့ နေရအံ့နည်း။ ချစ်သား ... ထလော့၊ စားကာသောက်ကာ ပျော်ကာပါးကာနှင့် ကာမဂုဏ်တို့ကို ခံစား၍ ကောင်းမှုကိုပြု၍ မွေ့လျော်ပါလော့။ ရဟန်းပြုရန်ကိုကား ငါတို့ ခွင့်မပြု နိုင်ကုန်' – ဟု သုံးကြိမ်မြောက်အထိ ပြော၏။

သုဒိန်သည် သုံးကြိမ်မြောက်အထိ ဆိတ်ဆိတ်နေလေ၏။ ထို့နောက် သုဒိန်၏ သူငယ်ချင်းများကလည်း ထို့အတူ သုံးကြိမ်တိုင်အောင် ပြောဆိုကြကုန်၏။ သုဒိန်လည်း သုံးကြိမ်တိုင်အောင် ဆိတ်ဆိတ်နေလေ၏။

ထိုအခါ သုဒိန်၏ သူငယ်ချင်းတို့သည် သုဒိန်၏ မိဘတို့အား -

'မိခင် ဖခင်တို့ ... သုဒိန်အား ရဟန်းပြုရန် ခွင့်ပြုလိုက်ကြပါကုန်လော့။ ခွင့်မပြုလျှင် သုဒိန် သေလိမ့်မည်။ ခွင့်ပြုလျှင်ကား ရဟန်းဘ၀နှင့် မြင်ရနိုင်သေး၏။ မပျော်လို့ လူထွက်လာလျှင်လည်း မိဘအိမ်သို့သာ ပြန်လာမည် ဖြစ်၏။ သုဒိန်အား ရဟန်းပြုရန် ခွင့်ပြုလိုက်ကြပါကုန်'

- ဟူ၍ ပြောဆိုကြလေကုန်၏။ တကယ်လည်း သုဒိန်၏ အခြေအနေက ရဟန်းပြုရန် ခွင့်မပြုလျှင် သေတော့မည့် အခြေအနေမျိုး ဖြစ်နေ၍ မိဘတို့သည် သုဒိန်အား ရဟန်းပြုရန် ခွင့်ပြုလိုက်ကြလေကုန်၏။

<u>**အရှင်သုဒိန် ဓုတင်ဆောင်ခြင်း။**</u> ။ 'မိဘတို့ ခွင့်ပြုပြီ' ဟူသော စကားကို ကြားသော အခါ အလွန်ရွှင်လန်း တက်ကြွသောစိတ်ဖြင့် အိပ်နေရာမှထ၍ ကိုယ်ကို လက်ဖြင့်ပွတ်၍ နှစ်ရက် သုံးရက်မျှ အားရှိအောင် အနားယူပြီးနောက် မိဘတို့ကို ရှိခိုး၍ မျက်ရည်တယိုယို ငိုနေသော မိဘဆွေမျိုးတို့ကိုပယ်၍ မြတ်စွာဘုရားထံသို့ သွားရောက်ခါ ရဟန်းပြုလေ၏။ ရဟန်းအဖြစ်သို့ ရောက်လာသော အရှင်သုဒိန်သည် -

- ရွာကျောင်းကိုပယ်၍ တောကျောင်း၌ နေခြင်း ဟူသော '**အာရညိကဓုတင်**'၊
- သာရေးနာရေး စသည်တို့မှ ရသော ဆွမ်းကိုပယ်၍ ဆွမ်းခံ၍သာ စားခြင်း ဟူသော '**ပိဏ္ဍပါတ်ဓုတင်**'၊
- ဒါယကာတို့ ပေးလှူအပ်သော သင်္ကန်းကိုပယ်၍ ပံသုကူသင်္ကန်းကို ဆောင်ခြင်းဟူသော '**ပံသုကူလိကဓုတင်**'၊
- လိုချင်တပ်မက်သော တဏှာဖြင့် လှည့်လည်၍ အိမ်စဉ်ကျော် ဆွမ်းခံခြင်းကို

ပယ်၍ အိမ်စဉ်အတိုင်း ဆွမ်းခံခြင်း ဟူသော 'သပဒါနစာရိကဓုတင်'
– တို့ကို ဆောင်ပြီးလျှင် ဝဇ္ဇီတိုင်း ရွာတစ်ရွာကို အမှီပြု၍ နေလေ၏။

## အရှင်သုဒိန် ရဟန်းတို့၏ အကျိုးကို ဆောင်ရွက်ခြင်း

ထိုအခါ၌ ဝဇ္ဇီတိုင်း၌ အစာရေစာ ခေါင်းပါးခြင်း ဒုဗ္ဘိက္ခဘေးကျရောက်နေသောကြောင့် ရဟန်းသံဃာတော်များတို့ ဆွမ်းဖြင့် ပင်ပန်းလျက်ရှိနေလေရာ ထိုအခက်အခဲကို ကျော်လွှားစေသောအားဖြင့် အရှင်သုဒိန်သည် ဆွေမျိုးတွေရှိရာ ဝေသာလီမြို့သို့ ပြောင်းရွှေ့၍ ဝေသာလီမြို့ မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌နေလေ၏။ ဝေသာလီမြို့ရှိ အရှင်သုဒိန်၏ ဆွေမျိုးတို့ကား ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာကြသည့်အားလျော်စွာ အရှင်သုဒိန်ထံသို့ ဆွမ်းအိုး (၆၀) ပေးပို့လှူဒါန်းကြလေကုန်၏။ အရှင်သုဒိန်သည် ထိုဆွမ်းအိုး (၆၀) တို့ကို ရဟန်းတော်တို့အား စွန့်လှူလေ၏။ ဆွမ်းအိုး တစ်အိုးလျှင် (၁၀)ပါးစာ စားလောက်သည်ဖြစ်၍ ရဟန်း (၆၀၀)တို့သည် ဆွမ်းဖြင့် မပင်မပန်း ဖြစ်ကြရလေကုန်၏။

## အရှင်သုဒိန် ပုပ်သိုးသော မုယောမုန့်ကို သုံးဆောင်ခြင်း

အရှင်သုဒိန်သည် အမြတ်စားဓုတင်ဆောင်ပုဂ္ဂိုလ် ဖြစ်သည့်အားလျော်စွာ ဆွေမျိုးတို့၏ ပို့ဆွမ်းကို သုံးဆောင်မှု မပြုဘဲ မိမိမွေးရာဇာတိဖြစ်သော ကလန္ဒရွာသို့ ဆွမ်းခံထွက်လာခဲ့လေ၏။ အိမ်စဉ်အတိုင်း ဆွမ်းခံထွက်လာခဲ့ရာ မိဘအိမ်ရှေ့သို့ ရောက်လာလေ၏။ အရှင်သုဒိန် ဆွမ်းရပ်နေစဉ် အိမ်ကျွန်မသည် တစ်ညဉ့်လွန်၍ ပုပ်သိုးနေပြီဖြစ်သော မုယောမုန့်ကို စွန့်သွန်ရန် အိမ်အပြင်သို့ ထွက်ခဲ့ရာတွင် –

'နှမ ... စွန့်သွန်မည်ဖြစ်က ငါ၏ သပိတ်၌ လောင်းလော့'

– ဟူ၍ ပြောလေပြီ။ အိမ်ကျွန်မလည်း လောင်းလိုက်လေပြီ။ (၈)နှစ်ကြာခွဲခွာနေရသည်ဖြစ်၍ မြင်မြင်ချင်း ရုတ်တရက် မမှတ်မိသော်လည်း ရှေးက ပြုစုဖူးသော အခြင်းအရာအားဖြင့် လက်, ခြေ, အသံတို့ကို သတိပြုမိရာမှ အရှင်သုဒိန်မှန်း သိသွားပြီး

ရှေးကပင် လေးစားအပ်သည်ဖြစ်၍ နှုတ်မဆက်ရဲဘဲ အရှင်သုဒိန်၏ မိခင်ထံသို့ အမြန်သွားကာ –

'အို အရှင်မ ... သိပါလော့။ အရှင့်သားသုဒိန်သည် ရောက်လာပြီ'

– ဟု ပြောကြားလေပြီ။ (၈)နှစ်ကြာမျှ လွမ်းတသသ ဖြစ်နေရသော မိခင်သည် ထိုစကားကို ကြားလေလျှင် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး –

'အို ကျွန်မ ... အကယ်၍ သင်သည် အမှန်ပြောမူ ကျွန်အဖြစ်မှ လွတ်မည်'

– ဟူ၍ ပြောလိုက်လေ၏။ အရှင်သုဒိန်သည် ဆွမ်းဆက်၍ မခံတော့ဘဲ ပြန်လာခဲ့ရာ ဒါယကာတို့ ဆောက်လုပ်ထားသော ဇရပ်တစ်ခု၌ ပုပ်သိုးနေသော မုယောမုန့်ကိုပင် နေ့ဆွမ်းအဖြစ် သုံးဆောင်လေ၏။

<u>**အရှင်သုဒိန် အိမ်သို့ ကြွခြင်း**</u> ။ ။ အလုပ်လုပ်ရာမှ ပြန်လာသော အရှင်သုဒိန်၏ အဖသည် ပုပ်သိုးနေသော မုယောမုန့်ကို သုံးဆောင်နေသော အရှင်သုဒိန်ကို မြင်လေလျှင် –

'ချစ်သား သုဒိန် ... ပုပ်သိုးနေသော မုယောမုန့်ကို စားမှစားတတ်ပလေ။ တကယ်ဆို မိမိအိမ်သို့ သွားသင့်သည် မဟုတ်ပါလော– ဟု ရင်ထုမနာ ပြောလေ၏။ ဒါယကာ ... သင့်အိမ်သို့ ရောက်ခဲ့ပြီ။ ဤပုပ်သိုးနေသော မုယောမုန့်သည် သင့်အိမ် မှပင် ရခဲ့ခြင်း ဖြစ်၏'

– ဟူ၍ ပြန်ပြောလေပြီ။ အရှင်သုဒိန်၏ အဖလည်း အရှင်သုဒိန်၏ လက်မောင်းကို ကိုင်၍ –

'ချစ်သားသုဒိန် ... အိမ်သို့ သွားကြစို့'

– ဟူ၍ ခေါ်ဆောင်လေပြီ။ အရှင်သုဒိန်လည်း အဖ၌ ချစ်ခင်မှုရှိသောကြောင့် လွယ်ကူစွာပင် လိုက်၍သွားလေ၏။ အိမ်သို့ရောက်လျှင် ဆွမ်းကပ်ကြသေးသော်လည်း–

'ဆွမ်းကိစ္စပြီးပြီ' – ဟူ၍ ပယ်မြစ်လေ၏။

ထို့နောက် မိဘတို့သည် -

'နက်ဖြန်အတွက် ဆွမ်းစားကြွပါ'

- ဟု ပင့်လျှောက်သောအခါ၌မူကား ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံကာ အိမ်မှ ဖဲခွါ၍ လာခဲ့လေ၏။ ဤ၌ အရှင်သုဒိန်သည် အမြတ်စား ပိဏ္ဍပါတ်ဓုတင်ဆောင် ဖြစ်ပါသော်လည်း ဆွမ်းတစ်ထပ်လောက်ကိုမျှ မခံယူသည်ရှိသော် -

'မိဘတို့သည် အလွန်စိတ်မချမ်းမသာ ဖြစ်ကြလိမ့်မည်'

- ဟု စဉ်းစား၍ မိဘတို့ အပေါ်၌ သနားစောင့်ရှောက်သောအားဖြင့် လက်ခံ လိုက်ခြင်း ဖြစ်လေသည်။

**အရှင်သုဒိန်အား လူထွက်ခိုင်းခြင်း ။** ။ နောက်တစ်နေ့ နံနက် ဆွမ်းစားချိန်သို့ ရောက်သောအခါ အရှင်သုဒိန်သည် မိဘအိမ်သို့ ကြွ၍ ခင်းထားသောနေရာ၌ ထိုင်လေလျှင် အဖသည် လာရောက်၍ အရှင်သုဒိန်၏ ဘယ်ညာ ဘေးတစ်ဘက်စီ၌ရှိသော လူတစ်ရပ်လောက်ရှိသော ရွှေပုံ, ငွေပုံတို့ကို ဖွင့်လှစ်၍ အရှင်သုဒိန်အား -

'ချစ်သား သုဒိန် ... ဤရွှေငွေတို့သည် မင်္ဂလာဆောင်စဉ်က သင့်အမိဘက်မှ ပါလာသော သနပ်ခါးဖိုး မိန်းမသုံး ဥစ္စာမျှသာတည်း။ အဖဘက်၊ အဘိုးဘက်၊ အဘေးဘက်မှ ပါလာသော အခြားသောဥစ္စာများ မြောက်များစွာ ရှိသေး၏။ ချစ်သားသုဒိန် ... လူထွက်၍ စည်းစိမ်တို့ကိုလည်း ခံစားလော့။ ကောင်းမှုတို့ကို လည်း ပြုလော့' - ဟူ၍ ပြောလေ၏။

'ဖခင် ... လူမထွက်နိုင်ပါ။ အလွန်ပျော်ရွှင်စွာ မြတ်သောအကျင့်ကို ကျင့်နေ ပါသည်' - ဟု ပြန်၍ပြောလေ၏။

ထိုသို့ သုံးကြိမ်တိုင်အောင် ပြောဆို လူထွက်ခိုင်းသောအခါ အရှင်သုဒိန်သည် ဖခင်အား -

'ဒါယကာ ... အကယ်၍ သင် စိတ်မဆိုးဘူးဆိုလျှင် သင့်ကို ပြောချင်ပါတယ်'

- ဟူ၍ ပြောလေ၏။

ဖခင်က သူ့အား –

'ချိုးမြှောက်စကား ပြောကြားတော့မည်' – ဟု ထင်ပြီး တက်ကြွသောစိတ်ဖြင့်–

'ချစ်သား သုဒိန် ... ပြောလော့'

– ဟူ၍ ခွင့်ပေးလိုက်လေ၏။ ထိုအခါ အရှင်သုဒိန်သည် ဖခင်ဖြစ်သူအား ဤစကားကို ပြောကြားလေ၏။

'ဒါယကာ ... ဤရွှေငွေတို့ကို အိတ်ကြီးကြီးတစ်လုံး၌ ထည့်၍ လှည်းတို့ဖြင့် ယူဆောင်၍ ဂင်္ဂါမြစ်လယ် ရေအလျဉ်၌ ပစ်ချလိုက်လော့။ ဒီဥစ္စာတွေ ရှိနေရင် မင်းဘေး, သူခိုးဘေးတို့မှ ကြောက်လန့်နေရပေမည်။ စောင့်ရှောက်နေရပေမည်။ မရှိရင် ကြောက်ရခြင်းစသော အန္တရာယ် မရှိတော့ပေ'

ဤသို့ ပြောသော် အရှင်သုဒိန်၏ အဖသည် –

'သားသုဒိန်သည် အဘယ်ကြောင့် ဤသို့ ပြောလေဘိသနည်း'

– ဟု စိတ်မချမ်းမသာ ဖြစ်လေ၏။

ထို့နောက် အရှင်သုဒိန်၏ အဖသည် လူ့ဘဝက အရှင်သုဒိန်၏ မယားဟောင်းအား ပြောခိုင်းပြန်၍ မယားဟောင်းသည် အရှင်သုဒိန်ထံသို့ လာရောက်၍ အရှင်သုဒိန်၏ ခြေတို့ကိုကိုင်၍ အရှင်သုဒိန်အား –

'အရှင့်သား ... အကြင်နတ်သမီးတို့ကို ရလိုမှုဟူသော အကြောင်းကြောင့် အရှင့်သားသည် မြတ်သောအကျင့်ကို ကျင့်၏။ ထိုနတ်သမီးတို့ကား အဘယ်သို့ သဘောရှိကုန်သနည်း' – ဟူ၍ ပြောလေ၏။

ထိုအချိန်က များစွာသော မင်းမျိုး, ဗြာဟ္မဏမျိုး, သူဌေးမျိုးမှ ဖြစ်ကြကုန်သော အမျိုးကောင်းသားတို့သည် များစွာသော စည်းစိမ်တို့ကို စွန့်၍ ရဟန်းပြုကြသောအခါ ရဟန်းအဖြစ်၏ ဂုဏ်ကို မသိကြကုန်သော အချို့လူတို့အတွင်း၌ –

'နတ်သမီးတို့ကို လိုချင်သောကြောင့် ရဟန်းပြုကြခြင်း ဖြစ်သည်'

– ဟူသော စကားသည် ပျံ့နှံ့လျက်ရှိ၏။ အရှင်သုဒိန်၏ ဇနီးဟောင်းသည် ထိုစကားကို ယူ၍ ပြောဆိုခြင်း ဖြစ်လေသည်။

ထိုအခါ အရှင်သုဒိန်သည် မယားဟောင်းအား –

'နှမ... ငါသည် နတ်သမီး ဟူသော အကြောင်းကြောင့် မြတ်သောအကျင့်ကို ကျင့်သည် မဟုတ်ပါ' – ဟူ၍ ပြန်ပြောလေလျှင် –

'အရှင့်သားသည် ငါ့ကို မောင်နှမအရင်းချာကဲ့သို့ ပြောလေပြီ။ ငါ့ကို အလိုမရှိတော့ပြီ'

– ဟူ၍ တွေးကာ သောကနှိပ်စက်၍ မိန်းမောတွေဝေ လဲကျသွားလေ၏။

ထိုအခါ အရှင်သုဒိန်သည် အဖဖြစ်သူအား –

'ဒါယကာ ... ဆွမ်းဘောဇဉ်တို့ကို လှူမှာဖြင့် လှူလော့။ အကျွန်ုပ်တို့ကို ဥစ္စာမိန်းမ အထွေထွေပြလျက် မညှင်းဆဲပါနှင့်'

– ဟု ပြောလိုက်လေ၏။ ထိုအခါမှ မိဘတို့သည်လည်း ဆွမ်းခဲဖွယ် ဘောဇဉ် တို့ကို ဆက်ကပ်ကြလေကုန်၏။

**<u>သားမျိုးစေ့ပေးရန် သဘောတူခြင်း</u>** ။ ။ ဆွမ်းသုံးဆောင်ပြီးသောအခါ အရှင်သုဒိန်၏ မိခင်သည် အရှင်သုဒိန်အား သုံးကြိမ်တိုင်အောင် လူထွက်ရန် ပြောဆိုပါသော်လည်း မရသဖြင့် အမိသည် သားသုဒိန်အား –

'ချစ်သား သုဒိန် ... သင်သည် ရဟန်းဘဝ၌ အလွန်မွေ့လျော်သည်ဖြစ်အံ့။ မြတ်သောအကျင့်ကို ကျင့်၍ ကောင်းကင်၌ ထိုင်၍ ပရိနိဗ္ဗာန်ပြုနိုင်သည် ဖြစ်ပါတော့။ ငါတို့အားကား အမျိုးအနွယ်၏ မျိုးစေ့သဖွယ်ဖြစ်သော သားတစ်ယောက်ကို ပေးပါလော့။ အမွေခံသားမရှိသော ငါတို့၏ပစ္စည်းဥစ္စာကို လိစ္ဆဝီမင်းတို့သည် မင်းဘဏ္ဍာ အဖြစ်ဖြင့် မယူဆောင်ကြပါစေလင့်'

– ဟု ပြောလေ၏။ ထိုအခါ အရှင်သုဒိန်သည် –

'မိခင် ... သားမျိုးပေးခြင်း ကိစ္စကိုမူကား ပြုလုပ်ပေးနိုင်ပါသည်'

– ဟု ပြောပြီးလျှင် နေရာမှထကာ ဖဲခွါသွားလေ၏။

အရှင်သုဒိန်သည် သားမျိုးစေ့ပေးရန် သဘောတူလိုက်ခြင်း အကြောင်းမှာ–

'ဤမိဘတို့သည် ဥစ္စာကို စောင့်ရှောက်ရန်အတွက် ငါ့နောက်သို့ တကောက်ကောက် လိုက်၍ ပူဆာကြပေလိမ့်မည်။ ထို့ကြောင့် ငါ့အား အေးအေး ဆေးဆေး ရဟန်းတရားကို အားထုတ်ခွင့်ရမည်မဟုတ်။ သားငယ်ကို ရလျှင်မူကား ထိုသို့ ငါ့အား ပူဆာကြတော့မည် မဟုတ်ပေ။ ထိုအခါ ငါသည် ရဟန်းတရားကို အေးချမ်းစွာ အားထုတ်ရပေတော့မည်'

– ဟူ၍ စဉ်းစားကာ နားပူနားဆာမှ သက်သာစေတော့ သဘောဖြင့် သားမျိုးစေ့ပေးရန် သဘောတူလိုက်ခြင်း ဖြစ်သည်။

<u>သားမျိုးစေ့ပေးခြင်း</u> ။ ။ အရှင်သုဒိန်၏ မယားဟောင်း၌ မိန်းမတို့ ဓမ္မတာ ဥတုပန်း ပွင့်သောအခါ အရှင်သုဒိန်၏ မိခင်သည် ချွေးမအား ခေါ်ဆောင်၍ အရှင်သုဒိန်ရှိရာ မဟာဝုန်တောသို့ လိုက်သွားပြီး အရှင်သုဒိန်အား သုံးကြိမ် သုံးခါ လူထွက်ရန် ပြောဆိုသေး၏။ မရသောအခါကျမှ သားမျိုးစေ့ပေးရန် တိုက်တွန်း လေသည်။ ထိုအခါ အရှင်သုဒိန်သည် မယားဟောင်း၏ လက်မောင်းကို ဆွဲကိုင်၍ မဟာဝုန်တောထဲသို့ဝင်ပြီးလျှင် ပဌမပါရာဇိက သိက္ခာပုဒ်တော်ကို မပညတ်ရသေးမီ မေထုန်မှီဝဲခြင်း၌ အပြစ်မမြင်သည်ဖြစ်၍ မယားဟောင်း၌ မေထုန်အကျင့်ကို သုံးကြိမ်တိုင်အောင် ပြုကျင့်လေ၏။ မယားဟောင်းသည် ထိုမေထုန်အကျင့်ဖြင့် ကိုယ်ဝန်ယူလေ၏။

## <u>ပဌမပါရာဇိက သိက္ခာပုဒ်ကို မပညတ်ရသေး</u>

မြတ်စွာဘုရားရှင် ဝါ(၂၀)အတွင်း၌ လွန်ကျူးမှု မရှိသောကြောင့် ပါရာဇိက သိက္ခာပုဒ်တို့ကိုလည်းကောင်း၊ သံဃာဒိသေသ် သိက္ခာပုဒ်တို့ကိုလည်းကောင်း မပညတ်ရသေးပေ။ ပါရာဇိက၊ သံဃာဒိသေသ်မှ ကြွင်းကုန်သော သေးငယ်သော အာပတ်အစုတို့ကိုသာ ပညတ်ထားမှု ရှိလေသည်။ ထို့ကြောင့် သိက္ခာပုဒ်တို့ကို မပညတ် ရသေးမီ ဟူ၍ သင်္ဂါယနာတင်ဆရာတို့ ဆိုကြခြင်း ဖြစ်လေသည်။

အပြစ်မမြင်ဟူသည်ကား ။ ။ အရှင်သုဒိန်သည် မိမိ၏ မေထုန်မှီဝဲမှုကို အကြောင်းပြု၍ ပဌမပါရာဇိက သိက္ခာပုဒ်ကို မြတ်စွာဘုရား ပညတ်မည်ဟု သိလျှင်လည်းကောင်း၊ မေထုန်အမှုကို မပြုထိုက်ဟု သိလျှင်လည်းကောင်း၊ ရဟန်းဘဝ အမြစ်ရင်းပြတ်၏ဟု သိလျှင်လည်းကောင်း သဒ္ဓါတရားကြောင့် ရဟန်းပြုခဲ့သော အမျိုးကောင်းသားသည် အသက်သာ အသေခံမည်။ မေထုန်အမှုကို ပြုလိမ့်မည်မဟုတ်။ ဤသို့ အပြစ်ကို မမြင်၍လည်းကောင်း၊ နောင်အခါ မြတ်စွာဘုရားရှင်၏ **မောဃပုရိသ-** မင်္ဂဗိလ်မှ အချည်းနှီးဖြစ်သောယောကျ်ား စသည်ဖြင့် မိန့်တော်မူအပ်လတ္တံ့သော အပြစ်ကို မမြင်၍လည်းကောင်း အရှင်သုဒိန်သည် သုံးကြိမ်တိတိ မေထုန်မှီဝဲမှုကို ပြုမိခြင်း ဖြစ်လေသည်။ တစ်ကြိမ်တည်းဆိုလျှင် သားမျိုးစေ့ မသေချာ၍ (၃) ကြိမ် ပြုမှုခြင်း ဖြစ်လေသည်။

ဗြဟ္မာ့ပြည်တိုင်အောင် ပျံ့နှံ့တက်ခြင်း ။ ။ **'မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိ'** ဆိုသည့်အတိုင်း ရှေးဦးစွာ မိမိ သိ၏။ ထို့နောက် မိမိကိုယ်စောင့်နတ် သိ၏။ ထို့နောက် အခြားသောနတ်များ သိကြလေကုန်၏။ မှန်၏။ အရှင်သုဒိန်သည် မေထုန်အမှုကို ပြုကျင့်ခြင်းမျှဖြင့် ထိုတောအုပ်၌ နေကုန်သော ဘုမ္မစိုးနတ်တို့သည် ထိုကျူးလွန်မှုကို သိမြင်ကြ၍ -

'အချင်းတို့... ရဟန်းသံဃာသည် -

ရှေးအခါက ဒုဿီလဟူသော အမြှုပ်မှ ကင်းခဲ့၏။ ဒုဿီလဟူသော အပြစ်မှကင်းခဲ့၏။

ယခု ကလန္ဒ သူဌေးသား အရှင်သုဒိန်သည် ဒုဿီလဟူသော အမြှုပ်ကို ဖြစ်စေခဲ့ပြီ။ ဒုဿီလဟူသော အပြစ်ကို ဖြစ်စေခဲ့ပြီ'

- ဟူ၍ အဆင့်ဆင့် ကြွေးကြော်ကုန်၏။ ထိုသို့ တစ်မုဟုတ်ချင်းဖြစ်သော အုတ်အုတ်ကျက်ကျက် အသံသည် နတ်ပြည်ခြောက်ထပ်နှင့်တကွ အကနိဋ္ဌ ဗြဟ္မာ့ပြည် တိုင်အောင် လွှမ်းမိုး၍ ပျံ့နှံ့၍ တက်လေပြီ။ ထိုအသံသည် နတ်လောက ဗြဟ္မာလောက ၌သာ ပျံ့နှံ့၍ နတ်ဗြဟ္မာတို့၏ အဆင်းနှင့်အသံတို့ကို လူသားတို့ မမြင်မကြားကြ၍ လူ့လောက၌ မပျံ့နှံ့သေးပေ။

**ဗီဇက, ဗီဇကမာတာ ။** ။ ထို့နောက် အရှင်သုဒိန်၏ မယားဟောင်းသည် ကိုယ်ဝန်ရင့်ခြင်းကိုစွဲ၍ သားယောကျ်ားဖွားမြင်လေ၏။ အရှင်သုဒိန်၏ သူငယ်ချင်းတို့သည် ထိုကလေးကို '**ဗီဇက**' ဟူ၍လည်းကောင်း၊ အမိကို '**ဗီဇကမာတာ**' ဟူ၍လည်းကောင်း၊ အဖဖြစ်သူ အရှင်သုဒိန်ကို '**ဗီဇကပိတာ**' ဟူ၍လည်းကောင်း အမည်မှည့်ကြလေကုန်၏။ ဗီဇက (၇)နှစ်၊ (၈)နှစ်အရွယ် ရောက်သောအခါ သားအမိ နှစ်ယောက်လုံး ရဟန်းပြုကြပြီး ရဟန်းတရား အားထုတ်လေရာ ဗီဇကရော ဗီဇကမာတာပါ ရဟန္တာအဖြစ်သို့ ရောက်ကြလေကုန်၏။

**အရှင်သုဒိန်ကို ကဲ့ရဲ့ခြင်း ။** ။ အရှင်သုဒိန်မူကား –

'ငါ့အား ရှာနိုစသော တရားထူးများကို မရလေစွတကား ...၊ ရှင်ရဟန်း အဖြစ်ကို ရခြင်းသည် အရမတော်လေစွတကား ... ၊ မြတ်သောအကျင့်ကို အသက်ထက်ဆုံး စင်ကြယ်စွာကျင့်ရန် မတတ်နိုင်စွတကား ... '

– ဟူ၍ နောင်တတစ်ဖန် ပူပန်ခြင်း၊ နှလုံးမသာခြင်းကြောင့် အကြော ပြိုင်းပြိုင်းထ ပိန်းချုံး၍သွားကာ အမြဲတစေ မှိုင်တွေ၍သာ နေလေ၏။ ဘေးက သူငယ်ချင်း ရဟန်းများက သိရှိကြသောအခါ၌လည်း –

'ငါ့ရှင် သုဒိန် ... အဘယ်ကြောင့် မေထုန်မှီဝဲမှုကို ပြုရသနည်း။ မြတ်စွာဘုရားသည် ရာဂကင်းရန်, တဏှာကင်းရန်, ကာမဂုဏ်ကို ပယ်ရန် ဟောထားသည် မဟုတ်ပါလော။ ငါ့ရှင်သုဒိန် ... သင်ပြုမိသော ဤအမှုသည် မကြည်ညိုသေးသောသူတို့အား မကြည်ညိုစေခြင်းငှါ၊ ကြည်ညိုပြီးသူတို့အား အကြည်ညို ပျက်ခြင်းငှါ ဖြစ်ပေ၏'

– စသည်ဖြင့် ကဲ့ရဲ့ ကြပြီးလျှင် မြတ်စွာဘုရားရှင်အားလည်း လျှောက်ထားကြလေကုန်၏။

<u>သိက္ခာပုဒ် ပညတ်တော်မူခြင်း ။</u> ။ မြတ်စွာဘုရားသည် အရှင်သုဒိန်၏ မေထုန်လွန်ကျူးမှု အကြောင်းရာကြောင့် ရဟန်းသံဃာကို စည်းဝေး စေပြီးလျှင် အရှင်သုဒိန်အား မေးမြန်းစိစစ်၍ –

'မောဃပုရိသ ... မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား ... သင်၏ အမှုသည် ရဟန်းတို့အား မလျှောက်ပတ်။ မလျော်ကန်။ မသင့်တင့်။ ရဟန်းတို့၏ အပြုအမူ မဟုတ်။ မအပ်။ မပြုသင့်။ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား ... ရဟန်းပြုပြီး၍ သင်သည် အဘယ်ကြောင့် မြတ်သောအကျင့်ကို အသက်ထက်ဆုံး စင်ကြယ်စွာ မကျင့်နိုင်ဘိသနည်း။ ငါသည် များစွာသောအကြောင်းဖြင့် ရာဂကင်းရန်၊ တဏှာကင်းရန်၊ ကာမဂုဏ်ပယ်ရန် ဟောထားသည် မဟုတ်လော။ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား ... သင်သည် မိန်းမ၌ မေထုန်မှီဝဲခြင်းထက် အဆိပ်ရှိသော မြွေ၏ပါးစပ်၌၊ မြွေဟောက်ခံတွင်း၌၊ မီးကျီးခဲအစု၌ မေထုန်မှီဝဲခြင်းက မြတ်သေး၏။ မိန်းမ၌ မေထုန်မှီဝဲခြင်းသည် မမြတ်သည်သာတည်း'

– စသည်ဖြင့် ကဲ့ရဲ့တော်မူပြီးလျှင် –

> 'အကြင်ရဟန်းသည် မေထုန်အကျင့်ကို ပြုကျင့်မှီဝဲ ငြားအံ့။ ထိုရဟန်းသည် သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏။ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်း မရှိ'

– ဟူ၍ ပဌမပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

နောင်အခါ မြတ်စွာဘုရားရှင်သည် ရဟန်းတို့၏ ကျူးလွန်ကြမှုကို အကြောင်း ပြု၍ လိင်တူ၊ လိင်ကွဲ၊ တိရစ္ဆာန်မ၌သော်လည်း မေထုန်မှီဝဲလျှင် ပါရာဇိကကျကြောင်း ပညတ်တော်မူလေသည်။ အရှင်သုဒိန်မူကား အစဦးဆုံး ကျူးလွန်သူဖြစ်၍ ပါရာဇိက အာပတ်မသင့်ပေ။

*(ပဌမပါရာဇိက ပါဠိတော် မြန်မာပြန် အဋ္ဌကထာ၊ ဋီကာတို့တွင် အကျယ်ရှုလေ)*

## အရှင်သုဒိန်ဝတ္ထုဩ ကိုယ်ကျင့်တရား

ကာမချမ်းသာ, ဈာန်ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ ဟူ၍ ရှိလေရာ အရှင်သုဒိန်သည် လူ့ဘဝက ပစ္စည်းလည်း ချမ်းသာ, သားမယားလည်း ရှိသည့်အတွက် ကာမချမ်းသာကို ခံစားဖူး၏။ ဗုဒ္ဓ၏ တရားတော်ကို နာပြီးသောအခါ၌ ဈာန်ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာကို လိုချင်သည့်အတွက် ကာမချမ်းသာကို စွန့်၍ ရဟန်းပြုရန် အားထုတ်၏။ မယားသာရှိ၍ သားသမီးမရှိသည့်အတွက် မိဘတို့က ဘယ်လိုမှ ခွင့်မပြုနိုင်ဖြစ်၏။ (၇)ရက် ထမင်းမစားဘဲ အသေခံဆန္ဒပြတော့မှ မိဘတို့က လက်လျှော့ ခွင့်ပြုရလေ၏။ အရှင်သုဒိန်သည် သို့ကလောက် မဂ်ဖိုလ်ချမ်းသာကို လိုလားသည့် အတွက် ရဟန်းဘဝကို ခဲယဉ်းစွာ အရယူခဲ့ပေ၏။

ရဟန်းဘဝ၌ ပေါ့ပေါ့တန်တန် ရဟန်းမျိုးမဟုတ်ဘဲ အမြတ်စား ဓုတင်ဆောင် ရဟန်းအဖြစ်ကို ခံယူ၏။ ရဟန်းဘဝနှင့် ရှစ်နှစ်ကြာမျှ ထိုအမြတ်စားရဟန်းအဖြစ်ကို ထိန်းထားနိုင်၏။ ဝဇ္ဇီတိုင်း၌ ငတ်မွတ်ခေါင်းပါးခြင်းဘေး ဆိုက်လာသောအခါ၌ ဆွေမျိုးများရှိရာ ဝေသာလီမြို့သို့ကြွ၍ ရဟန်းတော် အပါး (၆၀၀)ကို ဆွမ်းဖြင့် မပင်ပန်း အောင် အကျိုးဆောင်နိုင်၏။ ဤအထိ အရှင်သုဒိန်၏ ရဟန်းဘဝဖြင့် နိဗ္ဗာန်သို့ ချီတက် နေမှုသည် ဖြောင့်ဖြူးသာယာလျက် ရှိနေပေ၏။

ကလန္ဒရွာ၌ အိမ်စဉ်အတိုင်း ဆွမ်းခံခဲ့ရာ မိမိ၏ မိဘအိမ်ရှေ့၌ရပ်၍ ဆွမ်းခံရာ၌ ကျွန်မ၏ စွန့်သွန်ရန်ဖြစ်သော မုယောမုန့်သိုးကို အလှူခံ၍ သုံးဆောင်နိုင်သည်ကား ရဟန်းတို့အတွက် အတုယူစရာပင် ကောင်းလှပေ၏။ ဤအခြေအနေအထိ အရှင်သုဒိန် ၏ နိဗ္ဗာန်ခရီးသည် ဖြောင့်ဖြူးသာယာလျက်ပင် ရှိနေသေး၏။ ဖခင်နှင့် တွေ့၍ အဖအား ချစ်ခင်မှုဖြင့် အိမ်ကို လိုက်သွားရာမှစ၍ အရှင်သုဒိန်၏ နိဗ္ဗာန်ခရီးသည် ယိုယွင်း၍ လာခဲ့ပေတော့၏။

မိဘတို့သည် အရှင်သုဒိန်အား အိမ်သို့ဆွမ်းစားပင့်ကာ ရွှေပုံ, ငွေပုံတို့ကို ပြ၍ အဖကသုံးကြိမ်, အမိကသုံးကြိမ် လူထွက်ရန် တောင်းပန်ခဲ့၏။ အရှင်သုဒိန်သည် ခြောက်ကြိမ်လုံး ပယ်နိုင်ခဲ့၏။ ထိုအခါ မိခင်သည် 'သားမျိုးစေ့လေးတော့ ပေးခဲ့ပါ' ဟူ၍ တောင်းပန်သောအခါ၌မူကား နားပူနားဆာမှ သက်သာစေတော့ သဘောဖြင့်

အရှင် သုဒိန်သည် သားမျိုးစေ့ပေးရန်ကို သဘောတူလိုက်၏။ ယင်းသည် အရှင်သုဒိန်၏ အမှားဖြစ်လေတော့၏။

<u>မေထုန်မှု မပြုတော သဘာဝ ။</u> ။ သိက္ခာပုဒ် ပညတ်သည်ဖြစ်စေ၊ မပညတ်သည်ဖြစ်စေ မေထုန်မှုကို ရှောင်ကြဉ်ကြခြင်းသည် ရဟန်းဘဝ၌ သဘာဝတရားလို ဖြစ်နေ၏။ မြတ်စွာဘုရား မပွင့်ပေါ်မီ ရှေးရှေးအခါတုန်းတွေကလည်း ရသေ့ရဟန်း ပြုကြသူတို့သည် မေထုန်မှုကို ရှောင်ကြဉ်ခဲ့ကြသည်သာ ဖြစ်၏။ အကြောင်းကား ကာမချမ်းသာထက် မဂ်ဖိုလ်ချမ်းသာကို လိုလားကြသောကြောင့် ဖြစ်ပေသည်။ အထက်တန်းကျသော ချမ်းသာကိုရလိုလျှင် အောက်တန်းကျသော ချမ်းသာကို စွန့်လွှတ်ရသည့် သဘာဝအားလျော်စွာ ဈာန်မဂ်ဖိုလ်ချမ်းသာကို ရလိုသူတို့သည် ကာမဂုဏ်ချမ်းသာကို စွန့်လွှတ်နိုင်ကြရမည်ဖြစ်ပေ၏။ ဤသို့ သဘာဝတရားရှိသောကြောင့် မြတ်စွာဘုရား ဝါတော်(၂၀)အတွင်း ရန့်ရှင်းကြမ်းတမ်းသော 'ပါရာဇိက, သံဃာဒိသေသ်' သိက္ခာပုဒ်များ မရှိကြသော်လည်း သိန်းနှင့်ချီ ရှိကြသော ရဟန်းသံဃာတော်တို့တွင် အဘယ်တစ်ပါးတစ်လေမျှ ထိုသဘာဝကို ကျော်လွန်၍ မေထုန်မှုပြုတာ မရှိခဲ့ပေ။ အရှင်သုဒိန်မှုကား ယင်းသဘာဝကို ကျော်လွန်၍ 'မေထုန်မှုပြုခြင်း၌ အပြစ်မရှိနိုင်' ဟူ၍ တွေးတောမှုသည်ကား နိဗ္ဗာန်ခရီးအတွက်၊ ရဟန်းဘဝအတွက် အလွန်မှားသော တွေးခေါ်မှု ဖြစ်လေသည်။

<u>စိတ်ပူပန်နေခြင်းသည်လည်း အမှား ။</u> ။ အရှင်သုဒိန်သည် မေထုန်မှုကို ကျူးလွန်ပြီးနောက် 'ငါမှားသွားပြီ' ဟူ၍ နောင်တရလေသည်။ အမှားတစ်ခု ပြုမိရာ၌ နောင်တရခြင်းသည် သဘာဝတရားလို ဖြစ်နေ၍ ဘာမျှ ဆန်းသော အလုပ် မဟုတ်ပေ။ နောင်တဟူသည် အကုသိုလ် စေတသိက်၌ ကုက္ကုစ္စ စေတသိက် ဖြစ်ပေရာ **'အကုသိုလ်ကို အမြန်ဆုံး ပယ်နိုင်ရမည်'** ဟူ၍ ဘုရားရှင် ဟောကြားတော်မူထားသောကြောင့် အရှင်သုဒိန်သည် မိမိ၏ စိတ်မချမ်းမသာ ပူပန်နေမှု နောင်တကို လျင်မြန်စွာ မပယ်ဘဲ အခါလေးမြင့် ရှည်ကြာစွာ ဖြစ်နေသည်မှာလည်း အရှင်သုဒိန်၏ မှားပြီးရင်းမှားသော အမှားတစ်ရပ်သာ ဖြစ်လေသည်။ ထို့ကြောင့်

အရှင်သုဒိန်သည် ဈာန်တရား၊ မဂ်ဖိုလ်တရားကို ရအောင် အားမထုတ်နိုင် တော့ဘဲ နောင်တဖြစ်မှုနှင့်သာ ဘဝကို အဆုံးသတ်သွားရလေသည်။

<u>ပါပမိတ္တ</u> ။ ။ သာရတ္ထဋီကာ၌ –

'အဇာတသတ်မင်းသည် ဒေဝဒတ် ဟူသော ပါပမိတ္တကြောင့် ဖအေကို သတ်မိသော ကံကြီးကို ကျူးလွန်၍ ဘဗ္ဗပုဂ္ဂိုလ်ဖြစ်သော်လည်း မဂ်ဖိုလ်ကို မရဖြစ်သကဲ့သို့ အရှင်သုဒိန်သည်လည်း မိခင်ဟူသော ပါပမိတ္တကြောင့် မေထုန်မှုကို ကျူးလွန်မိ၍ နောင်တဖြစ်ကာ ဝိပ္ပဋိသာရတွေဖြစ်ကာ ဘဗ္ဗပုဂ္ဂိုလ်– ကျွတ်ထိုက်သော ပုဂ္ဂိုလ်ဖြစ်သော်လည်း မဂ်ဖိုလ်နိဗ္ဗာန်ကို မရ'

– ဟု ဆိုထားလေသည်။ ဤအဆိုအရ ရည်မှန်းချက်ပန်းတိုင် အရောက်လှမ်း နေကြရသော ပုဂ္ဂိုလ်တို့သည် ပါပမိတ္တ စသော ပန်းတိုင်၏ အနှောင့်အယှက် အန္တရာယ် များကို အလွန်ကြီးမားသော သတိ, ဝီရိယတို့ဖြင့် ရှောင်ရှားနိုင်ကြရမည် ဖြစ်သည်။ လောကီနယ်ပယ်၌ ဘွဲ့ရအောင် ဟူသော ရည်မှန်းချက်ထားပြီး ကြိုးစား အားထုတ် ရာတွင် ဘွဲ့မရမီ ငယ်ငယ်ရွယ်ရွယ်နှင့် မေထုန်မှု ပြုကြသောကြောင့် အကျိုးထိခိုက် နစ်နာမှုမျိုး ရှိတတ်လေရာ မကောင်းမှု ပြုရာ၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေတု ခေါ် ပါပမိတ္တများကို အထူးသတိထား ရှောင်ကြဉ်သင့်လှပေသည်။

<u>တော်သေးပေါ့</u> ။ ။ အရှင်သုဒိန်ကား ကုက္ကုစ္စတရားတွေ၊ ဝိပ္ပဋိသာရတရားတွေ နှိပ်စက်ခံရမှုကြောင့်၊ ခံနေမှုကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မရရှိသော်လည်း သားဗီဇကနှင့် မယားဗီဇကမာတာတို့ကား ရဟန်းပြုကြကာ ရဟန်း တရားအားထုတ်ကြသဖြင့် ရဟန္တာအဖြစ်သို့ ရောက်ကြသောကြောင့် မိမိပင် မရသော် လည်း မိမိ၏ သားနှင့်မယား ရကြသည်ဖြစ်၍ လူ့လောက ထုံးစံအရ 'တော်သေးပေါ့' ဟူ၍ ပြောရမလား မသိပေ။ သို့ရာတွင် အရှင်သုဒိန်၏ မိဘနှစ်ပါးတို့သည်ကား ကျမ်းဂန် တို့၌ မဂ်ဖိုလ်နိဗ္ဗာန်ကိုရသည်ဟူ၍ မပါရှိသလို သေသည်ဟူ၍လည်းကောင်း၊ ရှင်သည် ဟူ၍လည်းကောင်း မပါရှိပြန်ပေ။ ထို့ပြင် ထိုမိဘတို့၏ စည်းစိမ်ဥစ္စာတို့ကို ဆွေမျိုးများ ဝေယူကြသည်ဟူ၍ လည်းကောင်း၊ မင်းဘဏ္ဍာအဖြစ် အသိမ်းခံရသည်ဟူ၍ လည်းကောင်း မပါရှိပြန်ပေ။

'အော် ... ပစ္စည်းဥစ္စာတို့သည် မိမိတို့ အလိုအတိုင်း ဘာမှမဖြစ်ကြပါတကား'

နောက်ဆုံးအနေအားဖြင့် အရှင်သုဒိန်ကဲ့သို့ 'လှေလှော်ရင်း တက်ကျိုး' အဖြစ်မျိုးကို ရှောင်ရှားပြသင့်ကြပေသည်။

## ရည်ရွယ်ချက် ပန်းတိုင် လှမ်းကိုင်နိုင်ရန် လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | အကြီးချမ်းသာ၊ | ရလိုပါ၊ | ငယ်တာစွန့်ရမည်။ |
| ၂။ | ထောင်မြင့်ရာစွန့်၊ | သဘောနှင့်၊ | နိုင်းချင့်နိုင်ကြသည်။ |
| ၃။ | ဘဝပန်းတိုင်၊ | အပြီးတိုင်၊ | လှမ်းကိုင်လိုသူသည်၊ |
| ၄။ | အနှောင့်အနှောင့်ရာယ်၊ | ရန်သွယ်သွယ်၊ | ရှောင်ဖယ်နိုင်ရမည်။ |
| ၅။ | ပါပမိတ္တ၊ | မှန်သမျှ၊ | ရှောင်ပြနိုင်ရမည်။ |
| ၆။ | မကောင်းအမှု၊ | အဖော်ပြု၊ | မိတ်တုရှောင်ရမည်။ |
| ၇။ | မကောင်းပါပ၊ | ပြုပြီးက၊ | နောင်တဖြစ်ရသည်။ |
| ၈။ | ယင်းသည့်နောင်တ၊ | အမြန်ပ၊ | ဖျောက်ကြရပေမည်။ |
| ၉။ | အကြာကြီးပေ၊ | ဖြစ်ခဲ့နေ၊ | ကျိုးလေမရှိပြီ။ |
| ၁၀။ | ဥစ္စာခနေ၊ | အလိုကျ၊ | ဘာမှမဖြစ်ပြီ။ |
| ၁၁။ | သုဒိန်ဘဝ၊ | နှိုင်းယှဉ်ကြ၊ | ဝေဂယူနိုင်သည်။ |
| ၁၂။ | လှေလှော်တက်ကျိုး၊ | အဖြစ်မျိုး၊ | ရှောင်ရှားပြုရမည်။ |

ပဉ္စမ ပါရာဇိကလာ ကိုယ်ကျင့်တရားများပြီး၏။

ပါရာဇိကာကဏ် ပါဠိတော်

# ဒုတိယ ပါရာဇိကလာ ကိုယ်ကျင့်တရားများ

<u>အရှင်ဓနိယထေရ် ခေါ်ရပုံ</u> ။ ။ ဒုတိယပါရာဇိက အာပတ်သည် ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သည်ကို ယူမှုတည်း။ ပိုင်ရှင်မပေးဘဲ ယူခြင်းကိုပင် ခိုးယူသည်ဟု ဆိုကြလေသည်။ ဤဒုတိယပါရာဇိကကို ဘုရားရှင်သည် အရှင်ဓနိယကို အကြောင်းပြု၍ ပညတ်တော်မူ၏။ အိုးဖုတ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသော အိုးထိန်းသည်၏ သားဖြစ်သောကြောင့် '**အိုးထိန်းသည်၏သား အရှင်ဓနိယ**' ဟု အမည်တွင်လေ၏။

<u>မြက်မိုးကျောင်း၌ ဝါဆိုကြပုံ</u> ။ ။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတော်များသည် ဣသိဂိလိတောင် နံပါး၌ မြက်မိုးကျောင်းငယ်တို့ကို ပြု၍ ဝါကပ်ကြလေကုန်၏။ အိုးထိန်းသည်၏သား အရှင်ဓနိယသည်လည်း မြက်မိုးကျောင်းငယ်ကိုပြု၍ ဝါကပ်လေ၏။ ရဟန်းတော်များသည် မိုးအခါဖြစ်သော ဝါတွင်းကာလ၌ အရှင်မဟာကဿပကဲ့သို့ ဓုတင်ဆောင် ရဟန်းဖြစ်စေ၊ အရှင်နာလကထေရ်ကဲ့သို့ မောနေယျအကျင့်ကို ကျင့်သောရဟန်းဖြစ်စေ၊ 'အုတ်, ကျောက်, သစ်ရွက်, အင်္ဂတေ, မြက်' ဟူသော ငါးမျိုးသော အမိုးတို့တွင် တစ်မျိုးမျိုးသော အမိုးဖြင့် မိုးထားသော ကျောင်းမျိုး၌ ဝါကပ်ရမည်။ ကျောင်းမရှိဘဲ ဝါကပ်လျှင် ဒုက္ကဋ် အာပတ်သင့်လေသည်။ ထို့ကြောင့် ရဟန်းတော်များသည် ဝါတွင်းကာလဖြစ်၍ မြက်မိုးသော ကျောင်းငယ်ကို ပြု၍ ဝါကပ်ကြခြင်း ဖြစ်လေသည်။

<u>အရှင်ဓနိယ ခရီးမထွက်</u> ။ ။ သီတင်းဝါလကျွတ်သောအခါ၌ သီတင်းကျွတ် လပြည့်နေ့ မဟာပဝါရဏာပြုကြပြီးသောအခါ ရဟန်းတော်များသည် မိမိအလိုရှိရာ အရပ်သို့ ဖဲသွားကြလေကုန်၏။ အရှင်ဓနိယထေရ်မူကား ထိုဝါဆိုရာကျောင်း၌သာလျှင် ဆောင်းရောနွေပါ ဆက်လက်သီတင်းသုံးနေလေ၏။

ကျောင်းအဖျက်ခံရခြင်း ။ ။ အိုးထိန်းသည့်၏သား အရှင်ဓနိယသည် ရွာသို့ ဆွမ်းခံကြွစဉ် မြက်ရိတ်သူ၊ ထင်းခွေသူတို့သည် အရှင်ဓနိယ၏ မြက်မိုးကျောင်းငယ်ကို ဖျက်ပြီးလျှင် မြက်နှင့်ထင်းတို့ကို ယူသွားကြလေကုန်၏။ သုံးကြိမ်တိုင်အောင် မြက်မိုးကျောင်းငယ်ကို အဖျက်ခံရသည်ဖြစ်၍ အိုးဖုတ် လုပ်ငန်း၌ ကျွမ်းကျင်သော အရှင်ဓနိယသည် ကိုယ်တိုင်ရွှံ့ကိုနယ်၍ မြေညက်ဖြင့်ပြီးသော ကျောင်းငယ်ကို ပြုပြီးလျှင် မြက်, ထင်း, နွားချေးတို့ကို စုဆောင်း၍ ထိုကျောင်းငယ်ကို မီးဖုတ်လေ၏။ ထိုကျောင်းငယ်သည် လှပ၏။ ရှုဖွယ်ကောင်း၏။ ကြည်နူးဖွယ်ကောင်း၏။ နီရဲသောအဆင်းရှိ၏။ သိကြားကွမ်းသွေးကောင်နှင့် တူ၏။ မြတ်စွာဘုရားရှင် တွေ့မြင်တော်မူပြန်သောအခါ အလုံးစုံ မြေညက်ဖြင့်ပြီးသော ကျောင်းငယ်သည် ရဟန်းတို့အား မအပ်စပ်သည်ဖြစ်၍ ထိုမြေညက်ဖြင့်ပြီးသော ကျောင်းငယ်ကိုလည်း ဖျက်ဆီးခိုင်းပြန်လေ၏။

သစ်သားကျောင်းငယ် ဆောက်ခြင်း ။ ။ လေးကြိမ်တိုင်အောင် ကျောင်းကို အဖျက်ဆီးခံရသည်ဖြစ်၍ အရှင်ဓနိယသည် သစ်သားကျောင်းငယ် ဆောက်လုပ်ရန်အတွက် လိုအပ်သော သစ်များကို သစ်တောရုံးသို့ သွား၍ မြင်ဖူးကာမျှ မိတ်ဆွေဖြစ်သော သစ်ထိန်းအရာရှိထံ သစ်တို့ကို အလှူခံလေ၏။ ထိုသစ်တို့ကား မြို့ရွာ ပြုပြင်ရေးနှင့် မီးလောင်ခြင်း စသော ဘေးရန်အလို့ငှါ အရေးပေါ် သုံးရန်ထားသော မင်းပိုင်သစ်တို့တည်း။

'ဘုရင်မင်းမြတ်က ပေးလှူစေပါလျှင် အရှင်ဘုရား ယူပါ'

– ဟု သစ်ထိန်းအရာရှိက ပြောဆိုရာတွင် –

'ဘုရင်မင်းမြတ်က ပေးလှူပြီး ဖြစ်ပါသည်'

– ဟု အရှင်ဓနိယ ပြောသောကြောင့် သစ်ထိန်းအရာရှိသည် –

'ရဟန်းတော်များသည် အမှန်ကို ဆိုလေ့ရှိကုန်၏။ သီလရှိကုန်၏။ ဘုရင်မင်းမြတ်သည်လည်း ရဟန်းတို့အား အလွန်ကြည်ညိုတော်မူ၏။ မလှူသေးဘဲ လှူပြီးပါပြီဟူ၍ မပြောတန်ရာ'

– ဟု ကြံပြီးလျှင် သစ်ထိန်းအရာရှိသည် အရှင်ဓနိယအား မင်းပိုင်သစ်တို့ကို သယ်ယူခွင့် ပေးလိုက်လေ၏။ အရှင်ဓနိယသည် ထိုသစ်တို့ဖြင့် ကျောင်းငယ်တစ်ဆောင် ဆောက်လုပ်လေ၏။

<u>သစ်ထိန်းအရာရှိ ဖမ်းဆီးခံရခြင်း ။</u> ။ အရှင်ဓနိယအား သစ်သယ်ယူခွင့် ပေးမှုနှင့် စပ်လျဉ်း၍ သစ်ထိန်းအရာရှိ အဖမ်းခံရသည့်အတွက် အရှင်ဓနိယသည် မဂဓတိုင်းရှင်ဘုရင် ဗိမ္ဗိသာရထံသို့ လိုက်သွားရလေ၏။

'အရှင်ဘုရား ... တပည့်တော်များ ဘုရင်တို့မည်သည် များသောကိစ္စရှိသည် ဖြစ်၍ လှူပြီးသော်လည်း အမှတ်မရကြပါ။ ဤသစ်တို့ကို တပည့်တော်သည် အရှင်ဘုရားအား ဘယ်တုန်းက လှူလိုက်ပါသနည်း'

– ဟုမေးရာ အရှင်ဓနိယသည် ဗိမ္ဗိသာရဘုရင်အား –

'မင်းကြီး ... ပဌမဦးစွာ အဘိသိက်ခံယူစဉ်က မြက်, ထင်း, ရေတို့ကို သုံးဆောင်တော်မူကြပါကုန်။ ရဟန်းပုဏ္ဏားတို့အား ပေးလှူပြီးသာလျှင် ဖြစ်၏ ဟု ပြောဆိုဖူးသည်ကို အမှတ်ရပါလော့'

– ဟု ပြောလေ၏။ ဗိမ္ဗိသာရဘုရင်သည် အရှင်ဓနိယအား ဤသို့လျှောက်ထားလေ၏။

'အရှင်ဘုရား ... အမှတ်ရပါပြီ။ ရှက်တတ်ကြကုန်သော၊ အကျင့်သီလကောင်းကုန်သော ရဟန်းတို့ကို ရည်ရွယ်၍ ထိုသို့ပြောခြင်း ဖြစ်ပါသည်။ ထိုသို့ ပြောဆိုခြင်းသည်လည်း တောအတွင်းဝယ် မသိမ်းပိုက်အပ်သေးသော မြက်, ထင်း, ရေတို့ကိုသာ ပြောဆိုခြင်း ဖြစ်ပါသည်။ အရှင်ဘုရားသည် ထိုစကားအမြွက်မျှဖြင့် သစ်တို့ကို မပေးလှူပါဘဲလျက် ဆောင်ယူရမည်ဟု ထင်မှတ်ဘိ၏။ တပည့်တော် ကဲ့သို့ ဘုရင်သည် ရဟန်း သာမဏေတို့ကို မနှင်ထုတ်လိုပါ။ အပြစ်ဒဏ် မချမှတ်လိုပါ။ အရှင်ဘုရား ကြွနိုင်ပါပြီ။ ရဟန်းတို့၏ အသွင်အပြင် အမွေးအရောင်ကြောင့် အရှင်ဘုရားသည် အပြစ်မှ လွတ်မြောက်ရခြင်း ဖြစ်ပါသည်။ နောင်ကို ဤကဲ့သို့ အမှုမျိုးကို မပြုပါနှင့်'

ဘုရင်ဗိမ္ဗိသာရ ပြောဆိုသော ထိုစကားကို လူတို့ကြားသောအခါ လူတို့သည် ရဟန်းတို့အား ဤသို့ ကဲ့ရဲ့စကား ပြောကြားကြလေကုန်၏။

'ဤရဟန်းတို့သည် ရဟန်းအဖြစ် သူတော်ကောင်းအဖြစ်မှ ကင်းကွာကုန်ပြီ။ ဤရဟန်းတို့သည် ဘုရင်ကိုသော်လည်း လှည့်ဖျားကြသေး၏။ အခြားလူများကိုကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း'

- ဟု ကဲ့ရဲ့ကုန်၏။ ရှုတ်ချကုန်၏။ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုလူတို့ ကဲ့ရဲ့သော စကားကို ရဟန်းကောင်းတို့ ကြားသိသောအခါ ရဟန်းကောင်းတို့ကလည်း အရှင်ဓနိယအား ဤသို့ ကဲ့ရဲ့စကား ပြောကြားကုန်၏။

'အဘယ်ကြောင့် အိုးထိန်းသည်၏သား အရှင်ဓနိယသည် မင်း၏ သစ်တို့ကို မပေးလှူဘဲ ခိုးယူလေဘိသနည်း'

- ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြောကြကုန်၏။ ထို့နောက် ထိုရဟန်းတို့သည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြလေကုန်၏။ မြတ်စွာဘုရားသည် ထိုအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် အရှင်ဓနိယကို မေးမြန်းစိစစ်ပြီးနောက် ဤသို့ ကဲ့ရဲ့တော်မူလေ၏။

'မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား ... ရဟန်းတို့အား မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့ အပြုအမူ မဟုတ်၊ မအပ်၊ မပြုသင့်။ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား ... အဘယ်ကြောင့် မင်း၏ သစ်တို့ကို မပေးလှူဘဲ ယူဘိသနည်း။ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား ... ဤသင်ပြုမိသော အမှုသည် မကြည်ညိုသေးသောသူတို့အား မကြည်ညိုစေခြင်းငှါလည်းကောင်း၊ ကြည်ညိုပြီးသော အချို့သူတို့အား အကြည်ညို ပျက်စေခြင်းငှါလည်းကောင်း ဖြစ်ပေ၏'

ထိုခေတ်အခါက တစ်မတ်, တစ်မတ်ထိုက်တန်သော ဥစ္စာကို ယူခြင်းဖြင့် ဗိမ္ဗိသာရမင်းသည် နှောင်ဖွဲ့သတ်ပုတ်နှင်ထုတ်သည်ကို အကြောင်းပြု၍ အောက်ပါအတိုင်း ဒုတိယပါရာဇိက သိက္ခာပုဒ်တော်ကို ပညတ်တော်မူလေ၏။

'အကြင်ရဟန်းသည် ခိုးလိုသောစိတ်အစရှိဖြင့် မပေးအပ်သော ဥစ္စာကို ယူငြားအံ့– အကြင်သို့ သဘောရှိသော မပေးအပ်သော ဥစ္စာကိုယူခြင်းကြောင့် မင်းတို့သည် ခိုးသူကို ဖမ်း၍ သင်သည် ခိုးသူဖြစ်၏။ မိုက်သူဖြစ်၏။ တွေဝေသူဖြစ်၏။ ဝှက်တတ်သူ ဖြစ်၏ဟု သတ်ပုတ်မှုလည်း သတ်ပုတ်ကုန်ရာ၏။ နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့ကုန်ရာ၏။ နှင်ထုတ်မှုလည်း နှင်ထုတ်ကုန်ရာ၏။ ထိုခိုးယူသော ရဟန်းသည်လည်း သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏။ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်း မရှိ'

ထို့နောက် တောကပါ ခိုးယူမှု ပေါ်လာသောကြောင့် ရွာကဖြစ်စေ၊ တောကဖြစ်စေ၊ ဘယ်ကဖြစ်ဖြစ် အရှင်မပေးသော သူတစ်ပါးတို့ ပစ္စည်းဥစ္စာကို ခိုးယူမှုပြုလျှင် ပါရာဇိကကျကြောင်း မြတ်စွာဘုရားသည် ပညတ်တော်မူလေသည်။ ဤဒုတိယ ပါရာဇိကသိက္ခာပုဒ်ကား နူးညံ့၏။ တစ်မတ်နှင့် တစ်မတ်အထက် ပစ္စည်းဝတ္ထုတို့ကို ခိုးယူလိုသောစိတ်ဖြင့် ကိုင်လျှင် ဒုက္ကဋ် အာပတ်သင့်၏။ လှုပ်လျှင် ထုလ္လစ္စဉ်းအာပတ်သင့်၏။ နေရာမှ ရွေ့သွားလျှင် ပါရာဇိကအာပတ်သင့်၏။ ရွေ့သွားပြီးကာမှ –

'ငါမယူတော့ပါဘူး'

– ဟူ၍ မယူရန် ဆုံးဖြတ်သော်လည်း ပါရာဇိက ကျပြီးဖြစ်တော့၏။

အရှင်ဓနိယကား ရှေးဦးကျူးလွန်သော ရဟန်းဖြစ်၍ ပါရာဇိက မကျပေ။

## အရှင်ဓနိယဝတ္ထုနှင့် စပ်၍ ကိုယ်ကျင့်တရား

ခိုးယူရန် အကြောင်းများ ။ ။ လူ့လောက၌ ခိုးယူခြင်းသည် ကိုယ်ကျင့်တရား ပျက်စီးကြောင်း တစ်ခုအပါအဝင် ဖြစ်၏။ ခိုးယူတတ်သော အကျင့်ရှိသူအား လူတို့သည် ရွံရှာစက်ဆုပ်သည်ဖြစ်၍ အဆက်အဆံ အပေါင်းအသင်း မလုပ်လိုကြပေကုန်။ ထိုသို့ ကိုယ်ကျင့်တရား အပျက်ခံပြီး ခိုးယူမှု ပြုကြခြင်းသည် သူခိုးနက္ခတ်ပါ၍ ခိုးယူမှုရှိသလို စားဝတ်နေရေး လိုအပ်ချက်အရလည်းကောင်း၊ ငတ်မွတ်ခေါင်းပါး ဆင်းရဲခြင်းများသောကြောင့်လည်းကောင်း၊ မကောင်းသော ပတ်ဝန်းကျင်ကြောင့်လည်းကောင်း၊ ဆွေမျိုးသားချင်းတို့ကြောင့်လည်းကောင်း ခိုးယူမှု ပြုတတ်ကြပေသည်။ မည်သည့်အကြောင်းကြောင့် ခိုးခိုး ခိုးယူခြင်းသည် ခိုးယူခြင်းသာဖြစ်၍ ကိုယ်ကျင့်တရား ပျက်စီးခြင်းသို့ ရောက်သည်ဖြစ်ရကား ပစ္စုပ္ပန်, သံသရာ နှစ်ဖြာလုံး၌ အပြစ်ဒဏ် ကျရောက်တတ်လေသည်။

အရှင်ဓနိယ၏ ခိုးယူခြင်းအကြောင်း ။ ။ အရှင်ဓနိယထေရ်၏ ခိုးယူခြင်းကို သုံးသပ်ကြည့်လျှင် မိမိကျောင်းကို လေးကြိမ်တိတိ ဖျက်ဆီးခံရခြင်းသည် အဓိကအကြောင်း ဖြစ်နေလေသည်။ ယင်းအတွက် ဖျက်ဆီးမခံရအောင် သစ်သားကျောင်း ဆောက်လုပ်လိုသည်ဖြစ်ရာ သစ်ထိန်းအရာရှိထံ သစ်အလှူခံလေသည်။

'ရှင်ဘုရင်က လှူလျှင် ယူနိုင်ပါကြောင်း'

- သစ်ထိန်းအရာရှိက ပြောသဖြင့် မိမိသာရမင်းကြီး အဘိသိက်ခံစဉ်က -

'မြက်, ထင်း, ရေတို့ကို အလှူခံယူနိုင်ပါသည်'

- ဟူ၍ အမြွက်မျှ ပြောဖူးသောစကားကို တကယ်ပေးလှူသော ပုံစံမျိုးဖြင့် ယူဆောင်သွားသည်ကား အရှင်ဓနိယ၏ အမှားတစ်ရပ် ဖြစ်လေသည်။

<u>သတိထားရမည့် အချက်</u> ။ ။ လူ့လောက၌ မင်းစိုးရာဇာ ဟူသည်ကား ကြီးကျယ်သော ပုဂ္ဂိုလ်များ ဖြစ်ကြသည့် အားလျော်စွာ သူတို့နှင့်စပ်၍ ဖြစ်ရသော ပြဿနာသည် ကြီးကျယ်တတ်လေသည်။ ထို့ကြောင့် အရှင်ဓနိယ၏ ပြောစကားအရကို ယုံကြည်၍ သစ်တို့ကို တကယ်လျှူ မလျှူကို မစိစစ် မသုံးသပ်ဘဲ သစ်တို့ကို ဆောင်ယူခွင့် ပေးလိုက်သည့်အတွက်ကြောင့်လည်း သစ်ထိန်းအရာရှိ အချုပ်နှောင် ခံရခြင်း ဖြစ်သလို အရှင်ဓနိယမှာလည်း သူခိုးအဖြစ်, လှည့်ပတ်ယူသူ အဖြစ် လူအများ၏ ကဲ့ရဲ့ပြစ်တင်မှုကို ခံရလေသည်။ ရဟန်းများ၏လည်း ကဲ့ရဲ့ပြစ်တင်မှုကို ခံရလေသည်။ ဘုရားရှင်၏လည်း ကဲ့ရဲ့ပြစ်တင်မှုကို ခံရလေသည်။ သိက္ခာပုဒ် ပညတ်ရခြင်း၏ အကြောင်းရင်းလည်း ဖြစ်သွားရလေသည်။ ဗိမ္ဗိသာရဘုရင်သည် ရဟန်းသံဃာတော်များကို ကြည်ညိုတတ်သော ရှင်ဘုရင်ဖြစ်၍သာ မင်းပြစ်မင်းဒဏ်မှ သက်သာရာ ရသွားခြင်း ဖြစ်လေသည်။ ဤ၌ သစ်ထိန်းအရာရှိ အဖမ်းဆီးခံရသောအခါ ကိုယ်လွတ်ရုန်းမထွက်ဘဲ လိုက်လံဖြေရှင်းပေးသည်ဖြစ်သောကြောင့် **'အဆိုးထဲမှ အကောင်းဆိုသလို'** အရှင်ဓနိယ၏ ကောင်းကွက်တစ်ခု ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

<u>အရှင်ဓနိယ ရဟန္တာဖြစ်ခြင်း</u> ။ ။ အရှင်ဓနိယထေရ်သည် လူ, ရဟန်း, ဘုရားတို့၏ ကဲ့ရဲ့ခံရမှုတို့ကြောင့် နှောင်တတရား၊ ဝိပ္ပဋိသာရများ အစပိုင်းကာလတွင် ဖြစ်မည်မှန်သော်လည်း နောက်ပိုင်းကာလများတွင် ယင်းနှောင်တ၊ ဝိပ္ပဋိသာရများကို ဖျောက်ကာ ဝိပဿနာတရားကို ကောင်းစွာ အားထုတ်သည်ဖြစ်၍ ရဟန္တာဖြစ်ကြောင်းကို ထေရဂါထာပါဠိတော် အဋ္ဌကထာတို့၌ လာလေ၏။ အရှင်သုဒိန်မူကား ထိုသို့ နှောင်တတရား၊ ဝိပ္ပဋိသာရတရားများကို မဖျောက်နိုင်၍ ရဟန္တာ မဖြစ်ခြင်းကြောင့် ဖြစ်ပြီးသော အကုသိုလ်တရားများကို မိမိနှလုံးသားမှ အလျင်အမြန် ပယ်နိုင်ရန် အလွန်အရေးကြီးကြောင်းကို အထူးသတိပြုသင့်လှပေ၏။

## ခိုးခြင်းမှ ရှောင်ကြဉ်ရန်လင်္ကာ

၁။ မပေးဘဲယူ၊ သူ့ခိုးဟူ၊ မှတ်ယူထားကြသည်။
၂။ ခိုးပါလေငြား၊ ကျင့်တရား၊ ပျက်ပြားရလေပြီ။
၃။ လိုအပ်ချက်မျိုး၊ ရှိလာရိုး၊ သူ့ခိုးဖြစ်တတ်သည်။
၄။ ဆင်းရဲလှမျိုး၊ ရှိလာရိုး၊ သူ့ခိုးဖြစ်တတ်သည်။
၅။ မကောင်းဝန်းကျင်၊ ရှိပြန်လျှင်၊ မှန်ပင်ခိုးတတ်သည်။
၆။ ဘာကြောင့်ခိုးခိုး၊ ဖြစ်ဒဏ်မျိုး၊ ကျရိုးရှိလေသည်။
၇။ ရွံ့ဖွယ်အတိ၊ စက်ဆုပ်ဘိ၊ သတိပြုရမည်။
၈။ မင်းနှင့်ဆက်စပ်၊ ကိစ္စရပ်၊ အမှတ်ပြုသင့်သည်။
၉။ သေးသေးငယ်ငယ်၊ ကိစ္စရယ်၊ ကြီးကျယ်လာတတ်သည်။
၁၀။ ကိုယ်လွတ်မရုန်း၊ ဓနိထုံး၊ အသုံးပြုရမည်။
၁၁။ ရဟန်းကိစ္စ၊ ဓနိယ၊ ကိစ္စပြီးခြင်းသည်၊
၁၂။ နောင်တဖယ်ရှား၊ မြတ်တရား၊ ကြိုးစားဖြစ်ရသည်။
၁၃။ ယင်းနမူနာ၊ သူ့သူငါ၊ ကောင်းစွာယူရမည်။

ဒုတိယ ပါရာဇိကလာ ကိုယ်ကျင့်တရားများပြီး၏။

## ပါရာဇိကကဏ် ပါဠိတော်

# တတိယ ပါရာဇိကလာ ကိုယ်ကျင့်တရားများ

အသုဘဘာဝနာ ဟောကြားခြင်း ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဝေသာလီမြို့ မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းတို့အား များစွာသော အကြောင်းဖြင့် အသုဘတရားကို ဟောကြားတော်မူ၏။ အသုဘကမ္မဋ္ဌာန်း၏ ဂုဏ်ကို ဟောတော်မူ၏။ အသုဘကမ္မဋ္ဌာန်း ပွားများခြင်း၏ ဂုဏ်ကို ဟောတော်မူ၏။ ရည်ညွှန်း၍ ရည်ညွှန်း၍ အသုဘသမာပတ်၏ ဂုဏ်ကို ဟောတော်မူ၏။

လူ့ခန္ဓာကိုယ် အသုဘဖြစ်ပုံ ။ ။ ခန္ဓာကိုယ်ကို လှ၏၊ တင့်တယ်၏ဟု စသည်ဖြင့် ထင်မြင်နေကြသော ပုဂ္ဂိုလ်တို့မှာ ခန္ဓာကိုယ်၌ တပ်မက်သော ဆန္ဒရာဂ ဖြစ်ကြမည်ဖြစ်၏။ အသုဘအနေဖြင့် ထင်မြင်သော ပုဂ္ဂိုလ်တို့မှာ ခန္ဓာကိုယ်၌ တပ်မက်သော ဆန္ဒရာဂ ဖြစ်ကြမည် မဟုတ်ပေ။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ခန္ဓာကိုယ်၌ တပ်မက်သော ဆန္ဒရာဂကို ပယ်ဖြတ်နိုင်ခြင်းငှါ အသုဘကမ္မဋ္ဌာန်းကို ဟောကြားတော်မူခြင်း ဖြစ်သည်။

တစ်လံမျှလောက်ရှိသော ဤခန္ဓာကိုယ်ကောင်၌ အလုံးစုံသော အခြင်းအရာအားဖြင့် စုံစမ်းရှာဖွေသောသူသည် အမြင်မကောင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အနှစ်သာရ မရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ တစ်စုံတစ်ခုသော ပုလဲကိုလည်းကောင်း၊ ပတ္တမြားကိုလည်းကောင်း၊ ကြောင်မျက်ရွဲကိုလည်းကောင်း တွေ့ရမည်မဟုတ်သကဲ့သို့ အနံ့မကောင်းသည်၏ အဖြစ်ကြောင့် အကျော်ကိုလည်းကောင်း၊ စန္ဒကူးကိုလည်းကောင်း၊ ကုက္ကုမံကိုလည်းကောင်း၊ ပရုတ်ကိုလည်းကောင်း၊ နံ့သာမှုန့်ကိုလည်းကောင်း အဏုမြူမျှလောက်ပင် တွေ့ရမည် မဟုတ်ပေ။ စင်စစ်အားဖြင့် တွေ့ရမည့် အရာကတော့ အလွန်မကောင်းသော အနံ့ရှိသော၊ စက်ဆုပ်ရွံရှာဖွယ်ရှိသော၊ ကျက်သရေကင်းမဲ့စွာ မြင်ရခြင်းရှိသော ဆံပင်, မွေးညင်း အစရှိသော အထူးထူး

အပြားပြားရှိသော မစင်မကြယ် ရှုံရာဖွယ်ကိုသာ တွေ့မြင်ကြရပေမည်။ ထို့ကြောင့် ဤခန္ဓာကိုယ်၌ အနည်းငယ်သော နှစ်သက်ခြင်းကိုလည်းကောင်း၊ အားကြီးသော တပ်မက်ခြင်းကိုလည်းကောင်း မပြုထိုက်ပေ။

(အကျယ်ကို ဝိသုဒ္ဓိမဂ်မှာရှု)

<u>အသုဘပွားများခြင်း၏ ဂုဏ်ကျေးဇူး ။</u> ။ အသုဘဘာဝနာကို လွန်စွာအားထုတ်သော ပုဂ္ဂိုလ်သည် ကာမစ္ဆန္ဒ အစရှိသော နီဝရဏငါးပါးတို့မှ ကင်းစင်သော ပဌမဈာန်ကို ရနိုင်သည်။ ထိုပဌမဈာန်သည် ကိလေသာသူခိုးတို့ မလွှမ်းမိုး မခိုးယူနိုင်သည်၏ အဖြစ်ကြောင့် စိတ်တည်းဟူသော သေတ္တာနှင့် တူလေသည်။ ထိုပဌမဈာန်ကို အခြေခံပြု၍ ဝိပဿနာတရားများကို ပွားများအားထုတ်သော် မြင့်မြတ်သော အကျိုးဖြစ်သော အရဟတ္တဖိုလ်ကို ရနိုင်ပေသည်။

<u>အသုဘသညာ၏ ဂုဏ်ကျေးဇူး ။</u> ။ အသုဘဘာဝနာကို ပွားများ၍ အသုဘသညာသည် ထုံမွမ်းအပ်သောစိတ်ဖြင့် အချိန်များစွာနေသော ပုဂ္ဂိုလ်မှာ မီး၌ထည့်အပ်သော ကြက်တောင်သည်လည်းကောင်း၊ အကြောပိုင်းသည်လည်းကောင်း တွန့်ဆုတ်သကဲ့သို့၊ ဖဲ့ခွါသကဲ့သို့၊ ပြန်နစ်သကဲ့သို့၊ မပျံ့နှံ့သကဲ့သို့ မေထုန်အကျင့်သို့ ရောက်ခြင်းမှ စိတ်သည် တွန့်ဆုတ်၏။ ဖဲ့ခွါ၏။ ပြန်နစ်၏။ မပျံ့နှံ့။

<u>တစ်ပါးတည်း ၁၅–ရက်နေတော်မူခြင်း ။</u> ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ရဟန်းတို့အား ထိုသို့ အသုဘကမ္မဋ္ဌာန်းကို ဟောကြားတော်မူပြီးနောက် ရဟန်းတို့အား –

'ရဟန်းတို့ ... ငါဘုရားသည် လထက်ဝက် ၁၅–ရက်လုံးလုံး တစ်ပါးတည်း ကိန်းအောင်းနေလိုသည်။ ဆွမ်းပို့သော ရဟန်းမှတစ်ပါး ငါ၏ထံသို့ မည်သူမျှ မချဉ်းကပ်ရ'

– ဟု မိန့်တော်မူကာ ၁၅–ရက်လုံးလုံး တစ်ပါးတည်း ကိန်းအောင်းတော်မူလျက် ရှိနေလေသည်။

**ခန္ဓာကိုယ်၌ ငြီးငွေ့ကြခြင်း ။** ။ ရဟန်းတော်များတို့သည် ထိုသို့ မြတ်စွာဘုရားရှင် ဟောကြားအပ်သော အသုဘ ဘာဝနာ၌ ကြိုးစားအားထုတ်ကြသည်ရှိသော် မိမိတို့ ခန္ဓာကိုယ်၌ ငြီးငွေ့ကုန်၏။ ရှက်နိုးကုန်၏။ စက်ဆုပ်ကုန်၏။ ဥပမာသော်ကား - ငယ်ရွယ်နုပျိုသော၊ အလှအပ ပြုပြင်လေ့ရှိသော၊ ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော မိန်းမပျိုသည်လည်းကောင်း၊ ယောကျ်ားပျိုသည်လည်းကောင်း မြွေကောင်ပုပ်ကိုသော်လည်းကောင်း, ခွေးကောင်ပုပ်ကိုသော်လည်းကောင်း, လူကောင်ပုပ်ကိုသော်လည်းကောင်း လည်ပင်း၌ ဆွဲထားရမှု ငြီးငွေ့ရှက်နိုး စက်ဆုပ်ရာသကဲ့သို့ ဤအတူပင် ထိုရဟန်းတို့သည် မိမိတို့ ခန္ဓာကိုယ်၌ ငြီးငွေ့ကုန်၏။ ရှက်နိုးကုန်၏။ စက်ဆုပ်ကုန်၏။

**အသတ်ခံ၍ သေကြခြင်း ။** ။ မြတ်စွာဘုရားရှင် တစ်ပါးတည်း ကိန်းအောင်းနေတော်မူရာ ထို(၁၅)ရက်အတွင်း၌ မိန်းမပျို ယောကျ်ားပျိုများသည် ငြီးငွေ့ရှက်နိုး စက်ဆုပ်သည်ဖြစ်၍ ထိုမြွေကောင်ပုပ် စသော အကောင်ပုပ်များကို စွန့်ပစ်လိုသကဲ့သို့ ရဟန်းတော်များတို့သည် ငြီးငွေ့ရှက်နိုး စက်ဆုပ်သည်ဖြစ်၍ မိမိခန္ဓာကိုယ်၌ တပ်မက်ခြင်းကင်းသော ဆန္ဒရာဂရှိသည်၏ အဖြစ်ကြောင့် မိမိခန္ဓာကိုယ်ကို စွန့်ပစ်လိုသည်ဖြစ်၍ ဓားလက်နက်တို့ကို ဆောင်၍ ကိုယ်တိုင်လည်း သတ်ဖြတ်၍ သေကြလေကုန်၏။ အချင်းချင်း တစ်ပါးနှင့်တစ်ပါး သတ်စေ၍လည်း သေကြလေကုန်၏။ ရဟန်းယောင်ဖြစ်သော မိဂလဏ္ဍိကကိုလည်း သပိတ်သင်္ကန်းတို့ကို လူသတ်ခအဖြစ်ပေး၍ အသတ်ခိုင်းကြလေကုန်၏။ မိဂလဏ္ဍိက ရဟန်းယောင်သည် သပိတ်သင်္ကန်းတို့ကို လူသတ်ခအဖြစ် ရသည်ဖြစ်၍ များစွာသော ရဟန်းတို့ကို သတ်ဖြတ်လေ၏။

**မိဂလဏ္ဍိက ဟူသည် ။** ။ ရဟန်းတု ရဟန်းယောင်တည်း။ ထိုမိဂလဏ္ဍိကသည် ဦးစွန်းဖုတ်မျှကိုချန်ထား၍ ကြွင်းသော ဦးခေါင်းကို ခေါင်းတုံးရိတ်၍ တစ်ထည်သောသင်္ကန်းကို ဝတ်၍ တစ်ထည်သောသင်္ကန်းကို ပခုံးတင်၍ ရဟန်းတို့ သီတင်းသုံးသောကျောင်း၌ နေ၍ ရဟန်းတို့၏ စားကြွင်းစားကျန်ကို စားသူ၏အဖြစ်ဖြင့် ရဟန်းတို့၏ အသွင်ကို ယူထားသော ရဟန်းယောင်တည်း။

<u>အသတ်ခံသေကြရာတွင်</u> ။ ။ အရိယာရဟန်းတို့သည် ပါဏာတိပါတကံကို ကိုယ်တိုင်လည်း မပြုကြကုန်၊ သူတစ်ပါးတို့ကို လည်း မပြုစေကြကုန်၊ သတ်ဖြတ်မှုကို သဘောလည်း မတူကြကုန်။ ပုထုဇဉ်ရဟန်းတို့သည်ကား သတ်ဖြတ်မှုကို ကိုယ်တိုင်ပြုခြင်း၊ သူတစ်ပါးကို ခိုင်းခြင်း၊ သဘောတူခြင်း ဟူသော အလုံးစုံကို အကုန်ပြုကြလေကုန်၏။

<u>မိဂလဏ္ဍိက နောင်တရခြင်း</u> ။ ။ မိဂလဏ္ဍိက ရဟန်းယောင်သည် များစွာသော ရဟန်းတို့ကို သတ်ဖြတ်ပြီးနောက် သွေးအလိမ်းလိမ်း ကပ်လျက်ရှိသော သန်လျက်ကို ယူဆောင်ကာ ဝဂ္ဂုမုဒါမြစ်သို့ ချဉ်းကပ်လေ၏။ ထိုမြစ်၏ ရေဖြင့် ဆေးကြောသုတ်သင်လိုက်ရလျှင် မကောင်းမှုများ စင်ကြယ်သွား၏ဟု ယူဆ၍ ထိုမြစ်ကို **ကောင်းမှုမြစ် = ဝဂ္ဂုမုဒါမြစ်** ဟု လူအများက သမုတ်ထားကြသော မြစ် ဖြစ်လေသည်။ မိဂလဏ္ဍိကလည်း ထိုမကောင်းမှုကို ထိုမြစ်၌ မျှောအံ့ - ဟူသော ရည်ရွယ်ချက်ဖြင့် ဝဂ္ဂုမုဒါမြစ်သို့ ချဉ်းကပ်လာခြင်း ဖြစ်သည်။

အသတ်ခံရသော ရဟန်းတို့တွင် တစ်စုံတစ်ယောက်သော ရဟန်းသည်လည်း ကြောက်လန့်သော အမူအရာ၊ ကြောက်လန့်သော အသံကို မပြုကြပေ။ အလုံးစုံသော ရဟန်းတို့သည် သတိရှိကုန်သည်ဖြစ်၍ ပညာအဆင်ခြင် ရှိကုန်သည်ဖြစ်၍ လဲလျောင်း၍ လည်ပင်းကို စင်းခံ၍ အသတ်ခံကြခြင်း ဖြစ်လေသည်။ ဝဂ္ဂုမုဒါမြစ်၌ သွေးအလိမ်းလိမ်း ကပ်နေသော သန်လျက်ကို ဆေးရင်း ထိုအခြေအနေကို အမှတ်ရ မြင်ယောင်လာသော မိဂလဏ္ဍိကသည်-

'ငါ့အား အကျိုးစီးပွားကို မရလေစွတကား။

ငါသည် လူအဖြစ်ကို မကောင်းသဖြင့် ရအပ်လေစွတကား။

ငါသည် များစွာသော မကောင်းမှုကို ဆည်းပူး မိလေပြီတကား။

ငါသည် အကျင့်သီလ ကောင်းမွန်ကုန်သော တရားရှိကုန်သော ရဟန်းတို့ကို သတ်ဖြတ်မိလေစွတကား'

- ဟု နောင်တပူပန်ခြင်း နှလုံးမသာခြင်း ဖြစ်ပေါ်လေ၏။

**မာရ်နတ်ကိုဏ်းဝင် နတ်သား တိုက်တွန်းခြင်း ။** ။ 'သေလျှင် သံသရာမှ လွတ်၏' ဟု မိစ္ဆာဒိဋ္ဌိ အယူရှိသော မာရ်နတ်၏ အသင်းအပင်းဖြစ်သော ဘုမ္မစိုးနတ်သား တစ်ယောက်သည် မိဂလဏ္ဍိက ရဟန်းယောင်အား အားပေးလိုသည်ဖြစ်၍ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်၍ မိမိ၏ အာနုဘော်ကိုပြလျက် ရေပြင်၌ မြေပြင်ကဲ့သို့ လျှောက်သွား၍ ရဟန်းယောင် မိဂလဏ္ဍိကကို ဤစကားကို ပြောလိုက်လေပြီ။

'အို သူတော်ကောင်း ... ကောင်းပေစွ၊ ကောင်းပေစွ။ အို သူတော်ကောင်း ... သင့်အား အကျိုးစီးပွားကို အရတော်လေစွ။ အို သူတော်ကောင်း ... သင်သည် လူအဖြစ်ကို ကောင်းစွာရလေစွ။ အို သူတော်ကောင်း... သင်သည် များစွာသော ကောင်းမှုကို ဆည်းပူးမိလေစွ။ အကြင်သင်သည် သံသရာမှ မကူးမြောက်နိုင်ကြသေးသော ရဟန်းတို့ကို ကူးမြောက်စေရလေပြီ'

ဤ၌ ဆိုလိုသည်ကား – သံသရာမှ မလွတ်မြောက်နိုင်သေးသော ရဟန်းတို့ကို ဤသို့သတ်ဖြတ်ခြင်းဖြင့် သံသရာမှ လွတ်မြောက်အောင် ပြုလုပ်ရာရောက်သည်ဟု ထိုနတ်သားက ယူဆလေသည်။ ထိုနတ်၏ အယူအားဖြင့် မသေသေးသူတို့သည် သံသရာမှ မလွတ်မြောက်ကြသေး။ သေကုန်သော သူတို့သည် သံသရာမှ လွတ်မြောက်၏။ ထို့ကြောင့် မြန်မြန်သေလေ သံသရာမှ မြန်မြန်လွတ်မြောက်လေ ဖြစ်လေ၏။ ထို့အတူ အချို့ကုန်သော မြစ်ချောင်းကမ်းနား၌ နေကုန်သော တောင်သူလူရိုင်းတို့သည် **'သေလျှင် သံသရာမှ လွတ်၏'** ဟု အယူရှိကြသောကြောင့် ခရုအရှင်များကို အရှင်လတ်လတ် ပြုတ်၍ စားကြလေကုန်၏။

**ရဟန်းငါးရာတို့ကို သတ်ဖြတ်လေပြီ ။** ။ ထိုသို့ နတ်ပြောသော စကားကို ကြားရလျှင် မိဂလဏ္ဍိကသည် ပြင်းထန်စွာ နှလုံးမသာမယာ ဖြစ်နေရာမှ သက်သာရာရပြီး နတ်၏ တန်ခိုးအာနုဘော်ကို မြင်ရ၍ –

'ဤသတ်ဖြတ်ခြင်းကိစ္စသည် ဤနတ်ပြောသည့်အတိုင်း သံသ လွတ်မြောက်ခြင်းသဘော ရှိသည်သာ ဖြစ်ရာ၏' – ဟု ဆုံးဖြတ်ခြင်းသို့ ရောက်၍–

'ငါ့အား အကျိုးစီးပွားကို အရတော်သတတ်။ ငါသည် လူ့အဖြစ်ကို ကောင်းစွာရအပ်သတတ်။ ငါသည် များစွာသော ကောင်းမှုကို ဆည်းပူးမိသတတ်။ ငါသည် သံသရာမှ မကူးမြောက်နိုင်ကြသေးသော ရဟန်းတို့ကို ကူးမြောက်စေရသတတ်'

– ဟု အားတက်သရောဖြစ်ပြီး ထက်လှစွာသော သန်လျက်ကို ယူ၍ တစ်ကျောင်းမှ တစ်ကျောင်းသို့ ပရိဝုဏ်တစ်ခုမှ ပရိဝုဏ်တစ်ခုသို့ ချဉ်းကပ်၍ –

'အဘယ်ရဟန်းသည် သံသရာမှ မကူးမြောက်သေးသနည်း။ အဘယ်ရဟန်းကို သံသရာမှ ကူးမြောက်စေရပါမည်နည်း' – ဟု မေးလေ၏။

ထိုအမေးစကားကို ကြားရသောအခါ တဏှာရာဂ မကင်းကုန်သော ရဟန်းတို့အား ကြောက်လန့်ခြင်း, ကိုယ်ခက်တရော်ဖြစ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းများ ဖြစ်ကြလေကုန်၏။ တဏှာရာဂကင်းပြီးသော ရဟန်းတို့အားကား သတ္တမှ ကင်းဆိတ်သည်၏အဖြစ်ကို ကောင်းစွာ မြင်အပ်ပြီးသည်၏ အဖြစ်ကြောင့် သေသောသတ္တဝါကိုပင် မမြင်ကြသည်ဖြစ်၍ ကြောက်လန့်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း၊ ကိုယ်ခက်တရော်ဖြစ်ခြင်းများ မဖြစ်ကြကုန်။

ထိုအခါ မိဂလဏ္ဍိက ရဟန်းယောင်သည် တစ်နေ့တည်းဖြင့် ရဟန်းတစ်ပါးကိုလည်း သတ်၏။ ၂– ပါး၊ ၃– ပါး၊ ၄– ပါး၊ ၅– ပါး၊ ၁၀– ပါးတို့ကိုလည်း သတ်၏။ တစ်နေ့တည်းဖြင့် ရဟန်း ၂၀– တို့ကို၊ ၃၀– တို့ကို၊ ၄၀– တို့ကို၊ ၅၀– တို့ကို၊ ၆၀ – တို့ကိုလည်း သတ်ကုန်၏။ ဤနည်းဖြင့် မြတ်စွာဘုရား တစ်ပါးတည်း ၁၅–ရက် ကိန်းအောင်းနေစဉ်အတွင်း အလုံးစုံကုန်သော ရဟန်းငါးရာတို့သည် အသတ်ခံ၍ သေဆုံးခြင်း ပြုကြလေကုန်၏။

**အသုဘကထာကို ဟောရခြင်းအကြောင်း ။** ။ ဤ၌ မြတ်စွာဘုရားသည် ရဟန်းတို့အား အသုဘ ကမ္မဋ္ဌာန်းကို ပေးပြီး ၁၅–ရက်လုံးလုံး အဘယ်ကြောင့်တစ်ပါးတည်း ကိန်းအောင်းတော်မူရသနည်းဟု မေးမြန်းဖွယ်ရှိ၏။ ချဲ့ဦးအံ့ – ထိုရဟန်းငါးရာတို့သည် အတိတ်ဘဝတစ်ခု၌ သားမုဆိုးများ ဖြစ်ခဲ့ကြ၍ များစွာကုန်သော လှံတံတပ်အပ်သော ပိုက်ကွန်တို့ဖြင့်

တောကိုကာရံ၍ ရှင်လန်းနှစ်သက်ကုန်သည်ဖြစ်၍ တစ်ပေါင်းတည်းသာလျှင် သားငှက်တို့ကို သတ်ဖြတ်မှုဖြင့် အသက်မွေးမှု ပြုခဲ့ကြကုန်၏။ ထိုမုဆိုးငါးရာတို့သည် ထိုဘဝမှ သေလွန်၍ ငရဲ၌ခံရပြီး ထိုငရဲမှ လွတ်လာသောအခါ ရှေးကပြုခဲ့သော တစ်စုံတစ်ခုသော ကုသိုလ်ကံကြောင့် လူ့ဘဝသို့ ရောက်၍ ရဟန်းဖြစ်ရန်အကြောင်း ကောင်းသော ဥပနိဿယ၏ အစွမ်းဖြင့် မြတ်စွာဘုရားထံ၌ ရဟန်းအဖြစ်ကို ရကြလေကုန်၏။

ထိုရဟန်းငါးရာတို့၏ ထိုအရင်းခံဖြစ်သော သားငှက်သတ်မှု အကုသိုလ်ကံမှ အကျိုးပေးရန် ကျန်နေသော အပရာပရိယအကုသိုလ်ကံသည် ထိုမြတ်စွာဘုရား တစ်ပါးတည်း ကိန်းအောင်းတော်မူရာ လဝက်အတွင်း၌ မိမိ၏ လုံ့လဖြင့်လည်းကောင်း၊ သူတစ်ပါး၏ လုံ့လဖြင့်လည်းကောင်း အသတ်ခံရ၍ သေရမည့် အခွင့်သည် ကြုံခဲ့လေပြီ။ ထိုအကုသိုလ်ကံ၏ အကျိုးကို ဘယ်သူတစ်ယောက်မျှ တားမြစ်ခြင်းငှါ မစွမ်းနိုင်ပေ။

ဆက်ဦးအံ့၊ ထိုရဟန်းတို့တွင် ပုထုဇဉ်ရဟန်းတို့လည်း ပါဝင်ကုန်၏။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဟူကုန်သော အရိယာရဟန်းတို့လည်း ပါဝင်ကုန်၏။ ထိုရဟန်းငါးရာတို့တွင် ရဟန္တာတို့သည်ကား ပဋိသန္ဓေနေရခြင်း မရှိတော့ပြီ။ ကျန်အရိယာတို့သည်ကား ဂတိမြဲကုန်၏။ သုဂတိဘုံ၌သာ လဲလျောင်းရာ ရှိကြလေကုန်၏။ ပုထုဇဉ်ရဟန်းတို့၏ ဂတိသည်ကား မမြဲကြကုန်။ ပုထုဇဉ်ရဟန်းတို့အတွက် မြတ်စွာဘုရားသည် ဤသို့ ကြံတော်မူလေပြီ။

'ပုထုဇဉ်ရဟန်းတို့သည် မိမိခန္ဓာကိုယ်၌ ဆန္ဒရာဂကြောင့် သေဘေးမှ ကြောက်ကုန်သည်ဖြစ်၍ ဂတိကို သုတ်သင်ခြင်းငှါ မစွမ်းနိုင်ကုန်လတ္တံ့။ ယခု ထိုပုထုဇဉ်ရဟန်းတို့အား ဆန္ဒရာဂကို ပယ်ခြင်းငှါ အသုဘကမ္မဋ္ဌာန်းကို ဟောတော်မူအံ့။ အသုဘကထာကို ကြားရသည်ရှိသော် မိမိခန္ဓာကိုယ်၌ ဆန္ဒရာဂကင်းကြသည်၏ အဖြစ်ကြောင့် ဂတိကို သုတ်သင်ခြင်းကိုပြု၍ နတ်ပြည်၌ ပဋိသန္ဓေကို ယူနိုင်ကြကုန်လတ္တံ့။ ဤသို့ ယူနိုင်သော ထိုပုထုဇဉ်ရဟန်းတို့၏ ငါဘုရား၏အထံ၌ ရှင်ရဟန်းအဖြစ်သည် အကျိုးရှိသည် ဖြစ်လတ္တံ့.'

ဤသို့ကြံ၍ ထိုရဟန်းတို့အား အသုဘကထာကို ဟောတော်မူခြင်း ဖြစ်လေသည်။

<u>သေခြင်းကို ချီးမွမ်းလို၍ မဟုတ်</u> ။ ။ ထိုသို့ ကြံတော်မူခြင်းကြောင့် ထိုရဟန်းတို့အား ချီးမြှောက်တော်မူခြင်းငှါ မြတ်စွာဘုရားရှင်သည် အသုဘကထာကို ဟောကြားတော်မူခြင်းဖြစ်သည်။ သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းလိုသဖြင့် ဟောတော်မူခြင်း မဟုတ်ပေ။

<u>တစ်ပါးတည်း နေတော်မူခြင်းအကြောင်း</u> ။ ။ ထပ်၍ ဆက်ဦးအံ့ ။ မြတ်စွာဘုရားသည် အသုဘကထာကို ဟောတော်မူပြီး၍ ဤသို့သောအကြံ ဖြစ်တော်မူပြီ။ ဤရဟန်းတို့သည် ငါဘုရားကို ဤ (၁၅)ရက်အတွင်း ဖူးတွေ့ ခွင့်ရသည်ဖြစ်အံ့ -

'ယနေ့ ရဟန်းတစ်ပါးသည် သေရာပြီ။ ရဟန်းနှစ်ပါးတို့သည်... ဆယ်ပါးတို့သည် ... အပါးခြောက်ဆယ်တို့သည် သေကြကုန်ပြီ။ ဤသို့ လာ၍ လျှောက်ကြကုန်လတ္တံ့။ ဤအကုသိုလ်ကံ၏ အကျိုးပေးကိုလည်း ငါဘုရားသည်လည်းကောင်း၊ အခြားတစ်စုံတစ်ယောက်သောသူသည်လည်းကောင်း တားမြစ်ခြင်းငှါ မတတ်နိုင်ပေ။ ငါဘုရားသည် ထိုအကြောင်းကို ကြားရ၍လည်း အဘယ်ကို ပြုနိုင်လတ္တံ့နည်း။ ကြားအပ်သော အကျိုးမရှိသော စီးပွားမဲ့ပျက်စီးခြင်းဖြင့် ကံအတိုင်း ပျက်စီးကြသည်ကို ကြားနေရသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ယခု ရဟန်းတို့၏ မမြင်ကွယ်ရာ၌ တစ်ပါးတည်းပင် နေပေတော့အံ့'

- ဟူသော အကြံတော်ကြောင့် ဘုရားရှင်သည် တစ်ပါးတည်း ကိန်းအောင်း နေတော်မူခြင်း ဖြစ်လေသည်။

## အခြားကမ္မဋ္ဌာန်းကို ဟောကြားရန် လျှောက်ထားခြင်း

ထို့နောက် မြတ်စွာဘုရားသည် ထိုရဟန်းငါးရာတို့၏ အသက်ကုန်ဆုံးခြင်းသို့ ရောက်သည်၏ အဖြစ်ကို သိတော်မူပြီး၍ ထို ၁၅-ရက်ကို လွန်မြောက်၍ တစ်ပါးတည်း ကိန်းအောင်းရာမှ ထတော်မူ၍ သိပါသော်လည်း သိတော်မမူသကဲ့သို့ အရှင်အာနန္ဒာကို -

'အာနန္ဒာ ... အဘယ်သို့နည်း။ ရဟန်းအပေါင်းသည် နည်းပါးလေယောင် တကား' - ဟု မေးတော်မူလေ၏။

ထိုအခါ အရှင်အာနန္ဒာသည် အကုသိုလ်ကံ၏ အကျိုးကြောင့် ထိုရဟန်းငါးရာတို့၏ အသက်ကုန်ခြင်းသို့ ရောက်သည်ကို မသိမြင်ဘဲ အသုဘကမ္မဋ္ဌာန်းကို အားထုတ်ခြင်းဟူသော အကြောင်းကြောင့် အသက်ကုန်ခြင်းသို့ ရောက်သည်ဟု ထင်မှတ်ပြီး ထိုရဟန်းတို့၏ အသက်ကုန်ခြင်းသို့ ရောက်ရပုံအလုံးစုံကို မြတ်စွာဘုရားအား လျှောက်ကြားလေ၏။ ထို့နောက် အသုဘကမ္မဋ္ဌာန်းမှတစ်ပါး အခြားကမ္မဋ္ဌာန်းတစ်ခုခုကို ဟောကြားတော်မူရန်ကိုလည်း လျှောက်ထားလေ၏။

**အာနာပါနကမ္မဋ္ဌာန်းကို ဟောတော်မူခြင်း ။** ။ ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာ၏ တောင်းပန်လျှောက်ထားချက် အရ ရဟန်းတို့ကို စုဝေးစေပြီး ရဟန်းတို့အား အာနာပါနကမ္မဋ္ဌာန်းကို ဤသို့ ဟောကြားတော်မူလေ၏။

'ရဟန်းတို့ ... ဤအာနာပါနသသတိ သမာဓိသည် ပွားများလေ့လာအပ်သည်ရှိသော် ငြိမ်လည်း ငြိမ်သက်၏။ မွန်လည်း မွန်မြတ်၏။ သွန်းလောင်းစရာလည်း မလို။ ချမ်းသာသော နေရာလည်း ဖြစ်၏။ ဖြစ်တိုင်းဖြစ်တိုင်းကုန်သော အကုသိုလ် အယုတ်တရားတို့ကို တစ်ခဏချင်း ကွယ်ပျောက်ငြိမ်းအေးစေနိုင်၏'

- စသည်ဖြင့် ဟောကြားတော်မူလေသည်။

( အကျယ်ကို ပါဠိတော် အဋ္ဌကထာတို့၌ ရှုပါ )

## တတိယပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း

မြတ်စွာဘုရားရှင်သည် လူကိုသတ်ကြကုန်သော ဤအကြောင်းအရာကြောင့် ကဲ့ရဲ့တော်မူပြီး၍ ဤသို့ တတိယပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

'အကြင်ရဟန်းသည် သတ်လိုသော စိတ်စေတနာဖြင့် စေ့ဆော်၍ လူဇာတ်ဖြစ်သော သူ၏ကိုယ်ကို အသက် ဇီဝိတိန္ဒြေမှ ချပြားအံ့။ ထိုသူ၏ အသက် ဇီဝိတိန္ဒြေကို ဆောင်တတ်သော ဓား၊ လက်နက်ကိုမူလည်း အနီး၌ ထားပြားအံ့။ ဤရဟန်းသည်လည်း သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏။ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်း မရှိ'

## သေခြင်း၏ဂုဏ်ကျေးဇူးကို ချီးမွမ်းခြင်း

ဥပါသကာတစ်ယောက်သည် မကျန်းမမာ ဖြစ်နေ၏။ ထိုဥပါသကာ၏ မယားသည် အဆင်းလှ၍ ကြည့်ရှုဖွယ်ကောင်းသည်၏ အဖြစ်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုမိန်းမ၌ တပ်စွဲသော စိတ်ရှိကုန်ရကား ထိုဥပါသကာသေမှ ထိုမိန်းမကို ရနိုင်မည်ဖြစ်သောကြောင့် ဥပါသကာအား သေခြင်း၏ ဂုဏ်ကျေးဇူးကို ဤသို့ ပြောဆိုကြလေကုန်၏။

'ဥပါသကာ ... သင်သည် ကောင်းမှုကုသိုလ်တို့ကို ပြုအပ်ပြီးသူဖြစ်၏။ သင့်မှာ ပြုအပ်ပြီးသော မကောင်းမှု အကုသိုလ်မရှိ။ သင့်အား ယခုလို ယုတ်ညံ့ဆိုးရွားစွာ အသက်ရှင်နေရခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သင့်အား အသက်ရှင်နေရခြင်းထက် သေရခြင်းက မြတ်သေး၏။ သင်သည် သေပြီးသည်၏ နောက်၌ နတ်ပြည်သို့ရောက်၍ နတ်ကာမဂုဏ် ငါးပါးတို့ဖြင့် ခံစံပျော်ပါးရပေလိမ့်မည်'

ဥပါသကာ ကွယ်လွန်ခြင်း ။ ။ ထိုဥပါသကာသည် -

'အရှင်မြတ်တို့သည် မှန်သော စကားကို ပြောဆိုကြပေကုန်၏'

- ဟု စဉ်းစားကာ မသင့်လျော်သော အစာအာဟာရများကိုစား၍ အနာရောဂါ တိုးပွားခြင်းသို့ ရောက်၍ ထိုအနာရောဂါဖြင့်သာလျှင် ကွယ်လွန်လေ၏။

## သေခြင်း၏ဂုဏ်ကို ပြောလျှင်လည်း ပါရာဇိကကျ

ထိုဥပါသကာ၏ ဇနီးသည် -

'ဤသာကီဝင်မင်းသား ရဟန်းများသည် အရှက်မရှိကုန်။ သီလမရှိကုန်။ အမှန်ကို ဆိုလေ့မရှိကုန်။ ဤရဟန်းတို့သည် သူတော်သူမြတ်အဖြစ်မှ ကင်းကွာကုန်ပြီ။ ဤရဟန်းတို့သည် ငါ့လင်ကို သတ်ဖြတ်ကြလေပြီ'

- ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုလေ၏။ အခြားလူများ၊ ရဟန်းများလည်း ကဲ့ရဲ့ရှုတ်ချ အပြစ်ပြပြောဆိုကြပြီးနောက် မြတ်စွာဘုရားရှင်သည်လည်း သေခြင်း၏ ဂုဏ်ကျေးဇူးကိုပြော၍ သေလျှင်လည်း ပါရာဇိကကျကြောင်း ပညတ်တော်မူလေ၏။

## တတိယပါရာဇိက ကောက်ကြောင်းများ

ဤတတိယပါရာဇိကလာ အကြောင်းအရာများကို ကောက်ကြောင်းဆွဲလျှင် ဤသို့ တွေ့မြင်နိုင်ကြပေသည်။

## ရဟန်းငါးရာတို့၏ အကုသိုလ်ကံ

တတိယပါရာဇိက၏ အဓိကကောက်ကြောင်းကား - ရဟန်းငါးရာတို့၏ အကုသိုလ်ကံ အကျိုးပေးပုံတည်း။ ထိုရဟန်းငါးရာတို့သည် အတိတ်ဘဝတစ်ခုတွင် သားသတ်မုဆိုးများ ဖြစ်ခဲ့ကြပြီး သားကောင်များကို ထောင်ဖမ်းခြင်း၊ သတ်ဖြတ်ခြင်း များကို တပျော်တပါး တစ်ပေါင်းတည်း ပြုလုပ်ခဲ့ကြကုန်၏။ ထိုဘဝမှ ကွယ်လွန်သော် ငရဲ၌ကျခံရပြီး ငရဲမှ လွတ်လာသောအခါ၌ ရှေးဘဝက ပြုခဲ့သော တစ်စုံတစ်ခုသော ကုသိုလ်ကြောင့် လူ့ဘဝကို ရလာပြီးလျှင် ထို့နောက် ရဟန်းဖြစ်ရန်အကြောင်း

ကောင်းသော ဥပနိဿယ၏ အစွမ်းဖြင့် မြတ်စွာဘုရားထံတွင် ရဟန်းအဖြစ်ကို ရရှိကြပြီး ရဟန်းတရား အားထုတ်ကြရာတွင် အချို့ ရဟန္တာဖြစ်ကြ၏။ အချို့ အနာဂါမ်ဖြစ်ကြ၏။ အချို့ သကဒါဂါမ်ဖြစ်ကြ၏။ အချို့ သောတာပန်ဖြစ်ကြ၏။ တရားထူးမရသေးကုန်သော ပုထုဇဉ်ရဟန်းများလည်း အမြောက်အများ ရှိကြလေကုန်၏။ ထိုရဟန်းငါးရာတို့အား ထိုသားသတ်မုဆိုးဘဝဖြင့် သားကောင်တို့ကို သတ်ဖြတ်ခဲ့ကြသော အပရာပရိယ ဝေဒနိယ အကုသိုလ်ကံကြောင့် ၁၅-ရက်အတွင်း ကိုယ့်ကိုယ်ကို ကိုယ်တိုင်သတ်၍လည်းကောင်း၊ သူတစ်ပါးတို့ကို သတ်စေ၍ လည်းကောင်း ဥပစ္ဆေဒကကံဖြင့် သေရမည့်ဘေး ဆိုက်ရောက်လာခဲ့လေ၏။

<u>အသုဘကမ္မဋ္ဌာန်းဖြင့် သုဂတိရောက်ရန် ။</u> ။ ဥပစ္ဆေဒကကံဖြင့် သေကြရမည် ဖြစ်သော အခါ ရဟန္တာတို့ကား ပဋိသန္ဓေ မရှိကြတော့ပြီ။ သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့ကား သုဂတိဘုံ၌ ဖြစ်ကြမည် ဖြစ်၏။ ပုထုဇဉ် ရဟန်းတို့ကား ဂတိမမြဲသည်ဖြစ်၍ အပါယ်လေးပါးသို့ ရောက်နိုင်ခွင့် ရှိနေသေး၏။ ထိုရဟန်းတို့အတွက် အသုဘကမ္မဋ္ဌာန်းသည် သုဂတိရောက်ရန် အကြောင်း ဖြစ်နေသဖြင့် မြတ်စွာဘုရားရှင်သည် အသုဘကမ္မဋ္ဌာန်းကို ဟောကြားတော်မူခြင်း ဖြစ်လေသည်။

<u>ကံအကျိုးပေးလာမှုကို မကယ်နိုင် ။</u> ။ ကမ္မဝိပါကော အစိန္တေယျော- ဟူသည့်အတိုင်း ကံအကျိုးပေးပုံတို့ကား ဆန်းကြယ်လှပါပေ၏။ ထိုရဟန်းငါးရာတို့၏ ဥပစ္ဆေဒကကံဖြင့် အကျိုးပေးမှုကို မြတ်စွာဘုရားလည်း မကယ်နိုင်။ အခြားတစ်စုံတစ်ယောက်သောသူသည်လည်း မကယ်နိုင်ပေ။ ယင်းအတွက် အမင်္ဂလာမြင်ကွင်းကို မြင်နေရခြင်း၊ အမင်္ဂလာအသံကို ကြားနေရခြင်းမှအပ အကျိုးတစ်စုံတစ်ရာ မရှိသည်ဖြစ်၍ ထိုအမင်္ဂလာကို ရှောင်လွှဲသောအားဖြင့် မြတ်စွာဘုရားသည် (၁၅)ရက်တိုင် တစ်ပါးတည်း အေးချမ်းစွာ နေတော်မူပြီး မင်္ဂလာ ဖြစ်သော ဖလသမာပတ်ဝင်စားခြင်းဖြင့် အချိန်ကို ကုန်လွန်စေတော်မူလေသည်။

**အာနာပါနကမ္မဋ္ဌာန်း ။** ။ အသုဘကမ္မဋ္ဌာန်း ပွားများခြင်းကြောင့် ပုထုဇဉ်ရဟန်းတို့သည် နတ်ပြည်ဌာန သုဂတိဘဝသို့ ရောက်ကြသည်ကို မသိသည် ဖြစ်၍လည်းကောင်း၊ မုဆိုးဘဝက အကုသိုလ်ကံကြောင့် ဥပစ္ဆေဒကကံဖြင့် မိမိကိုယ်ကို ကိုယ်တိုင်သတ်ခြင်း၊ သူတစ်ပါးတို့ကို သတ်ဖြတ်စေခြင်း ဖြစ်သည်ကို မသိသည်ဖြစ်၍လည်းကောင်း၊ ရဟန်းငါးရာကွယ်လွန်ခြင်းတို့သည် အသုဘဘာဝနာကို ပွားများခြင်းကြောင့် ဖြစ်သည်ဟု ထင်မြင်ယူဆ၍ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား အသုဘကမ္မဋ္ဌာန်းမှတစ်ပါး အခြားကမ္မဋ္ဌာန်းတစ်ခုကို ဟောကြားတော်မူပါရန် လျှောက်ထားသည်ဖြစ်၍ မြတ်စွာဘုရားရှင်သည် အကုသိုလ်ကိလေသာ အယုတ်တရားတို့ကို ခဏချင်း ကွယ်ပျောက်စေနိုင်သော အာနာပါနကမ္မဋ္ဌာန်းကို ဟောကြားတော်မူပြီးနောက် တတိယပါရာဇိက သိက္ခာပုဒ်ကိုလည်း ပညတ်တော်မူလေသည်။

*( ဝိ - ၁ - ပါဠိတော် မြန်မာပြန်၊ ဝိ - ၄ - ၂ ။ ဘာဋီ - တ အုပ် )*

## တတိယ ပါရာဇိကမှ ကိုယ်ကျင့်တရားလင်္ကာ

၁။ ပါဏာတိကံ၊ အဖန်ဖန်၊ ကျူးလွန်ခဲ့၍သည်၊
၂။ ရဟန်းငါးရာ၊ အပရာ၊ ပေးတာကြုံ့ရပြီ။
၃။ ဥပစ္ဆေဒ၊ ဘေးနှင့်ပ၊ သေကြရပေသည်။
၄။ သုဂတိဘဝ၊ ရောက်ဖို့ပ၊ ဗုဒ္ဓမြတ်စွာသည်၊
၅။ အသုဘတရား၊ ဂုဏ်ကိုများ၊ ဟောကြားရလေပြီ။
၆။ ခန္ဓာကိုယ်မှာ၊ ရှာဖွေရာ၊ ဘာတွေတွေ့ကြမည်။
၇။ တန်ဖိုးရှိရာ၊ ရတနာ၊ ဘယ်ခါမတွေ့ပြီ။
၈။ ရွံရှာဖွယ်ရာ၊ အဖြာဖြာ၊ သေချာတွေ့ရမည်။
၉။ ရွံဖွယ်အမှန်၊ ရှုလေပြန်၊ ပဈာန်ရနိုင်သည်။
၁၀။ မိမိကိုယ်မှာ၊ တပ်ခြင်းကွာ၊ ကောင်းရာရောက်နိုင်သည်။
၁၁။ ဥပစ္ဆေဒ၊ ပေးပုံက၊ ကယ် မရ၍သည်၊
၁၂။ အမင်္ဂလာ၊ ကျိုးမပါ၊ ရှောင်ခွါနိုင်ဖို့သည်၊

၁၃။ ၁၅ ရက်ကြာ၊ တစ်ပါးသာ၊ မြတ်စွာနေလေပြီ။
၁၄။ ဖလတရား၊ မြတ်ဘုရား၊ ဝင်စားနေလေပြီ။
၁၅။ ဥပစ္ဆေဒ၊ ဘေးတွေ့မှ၊ လွတ်ကြဖို့ရာသည်၊
၁၆။ ပါဏာတိပါတ၊ ရှောင်ပါမှ၊ လွတ်ကြရပေမည်။
၁၇။ ထွက်လေဝင်လေ၊ ရှူဖွားပေ၊ ရလေအကျိုးသည်၊
၁၈။ ပါပဓမ္မ၊ ကိလေသ၊ ခဏငြိမ်းလေသည်။
၁၉။ ထိုကြောင့်အာနု၊ ရှူဖွားကြ၊ ဗုဒ္ဓဟောလေပြီ။

တတိယ ပါရာဇိကလာ ကိုယ်ကျင့်တရားများ ပြီး၏။

ပါရာဇိကကဏ်ပါဠိတော်

## စတုတ္ထ ပါရာဇိကလာ ကိုယ်ကျင့်တရားများ

<u>ဝဇ္ဇီတိုင်း၌ ဒုဗ္ဘိက္ခဘေး ဆိုက်ခြင်း ။</u> ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဝေသာလီမြို့ မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်းကြီး၌ နေတော်မူ၏။ ထိုအခါ၌ မြင်ဖူးကာမျှ မိတ်ဆွေ၊ အတူနေ အတူစား မိတ်ဆွေဖြစ်ကုန်သော များစွာသောရဟန်းတို့သည် ဝဂ္ဂုမုဒါ မြစ်ကမ်း၌ ဝါကပ်နေထိုင်ကြကုန်၏။ ထိုအခါ၌ ဝဇ္ဇီတိုင်း၌ အစာရေစာ ခေါင်းပါးခြင်းဟူသော ဒုဗ္ဘိက္ခဘေး ဆိုက်ရောက်နေသည်ဖြစ်၍ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူသောကြောင့် ဝဂ္ဂုမုဒါမြစ်ကမ်း၌ ဝါကပ်ကြကုန်သော ရဟန်းတို့သည် ဆွမ်းရလွယ်ရန် နည်းလမ်းများကို ရှာကြံကြလေကုန်၏။

<u>ဆွမ်းရလွယ်သော နည်းလမ်းကို ရှာကြံကြပုံ ။</u> ။အချို့သော ရဟန်းတို့က –

'ငါတို့သည် လူတို့၏ လယ်ယာတို့၌လည်းကောင်း၊ သစ်သီးခြံ, ပန်းခြံ အစရှိသည်တို့၌လည်းကောင်း ဤသို့မပြုရ၊ ဤသို့ပြုရမည်ဟူ၍ လက်တွေ့လည်း ပြောကြကုန်စို့။ ကြိုတင်၍လည်း သွန်သင်ကြကုန်စို့။ ဤသို့စသည်ဖြင့် လူတို့၏ အမှုကြီးငယ်ကို စီရင်ပေးကုန်သည်ရှိသော် လူတို့သည် ငါတို့အား ပေးလှူကြရန် အမှတ်ရကြပေလိမ့်မည်' – ဟူ၍ အကြံပြုကြ၏။

အချို့သော ရဟန်းတို့က –

'စာကိုဖြစ်စေ, နှုတ်ဖြင့်မှာအပ်သော စကားကိုဖြစ်စေ တစ်အိမ်မှ တစ်အိမ်သို့၊ တစ်ရွာမှ တစ်ရွာသို့ ပို့ပေးခြင်းဖြင့် လူတို့၏ တမန်အမှုကို ဆောင်ရွက်ပေးနိုင်ခဲ့သည်ရှိသော် လူတို့သည် ငါတို့အား ပေးလှူကြရန် အမှတ်ရကြပေလိမ့်မည်'

– ဟူ၍ အကြံပြုကြ၏။

အချို့သော ရဟန်းတို့က-

'ငါတို့သည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်တရား, မဂ်တရား, ဖိုလ်တရားများကိုလည်းကောင်း၊ ဝိဇ္ဇာသုံးပါး, အဘိညာဉ်ခြောက်ပါးတို့ကိုလည်းကောင်း ရရှိကြောင်းကို လူတို့အား ပြောကြားလျှင် လူတို့သည် ငါတို့အား ပေးလှူသင့်သည်ဟု မှတ်ထင်ကြပေလိမ့်မည်'

– ဟူ၍ အကြံပြုကြလေ၏။

<u>ဈာန်မဂ်ဖိုလ်ရကြောင်း ပြောဆိုကြခြင်း</u> ။ ။ ထို (၃) မျိုးသော အကြံပြုချက်တို့တွင် လူတို့၏ အမှုတို့ကို စီရင်ပေးခြင်း၊ လူတို့၏ တမန်အမှုကို ဆောင်ရွက်ပေးခြင်းတို့သည် ရန်လည်းများ၏။ အလုပ်လည်းများ၏။ ရဟန်းတို့အားလည်း မလျော်ပေ။ ထို့ကြောင့် ထိုကိစ္စနှစ်ခုကို ပယ်ပြီး ဈာန်မဂ်ဖိုလ်တရားကို ရကြောင်းကို ပြောဆိုကြရန်ကိုသာ သဘောတူ တိုင်ပင်ကြပြီးနောက် ထိုရဟန်းတို့သည် လူတို့အား –

'ဘယ်ရဟန်းသည် သောတာပန် ဖြစ်ပြီ။ သကဒါဂါမ် ဖြစ်ပြီ၊ အနာဂါမ် ဖြစ်ပြီ။ ရဟန္တာ ဖြစ်ပြီ။ ပဌမဈာန်ကို ရပြီ။ စတုတ္ထဈာန်ကို ရပြီ။ ဝိဇ္ဇာသုံးပါးကို ရပြီ။ အဘိညာဉ်ခြောက်ပါးကို ရပြီ'

– စသည်ဖြင့် ရဟန်းအချင်းချင်း၏ ဈာန်မဂ်ဖိုလ်တရားများကို ထုတ်ဖော်ဝါကြွား ပြောဆိုကြလေကုန်၏။

<u>လူတို့ကြည်ညိုကြပုံ</u> ။ ။ ထိုအခါလူတို့သည် –

'ဤသို့ ဈာန်တရား, မဂ်တရား, ဖိုလ်တရားနှင့် ပြည့်စုံကြကုန်သော အရိယာသံဃာတော်တို့အား ကိုးကွယ်ပူဇော်ခွင့်ရခြင်းသည် ငါတို့အား အရတော်ပေစွ။ ရှေးက ငါတို့၏ အထံ၌ ဤကဲ့သို့သော ရဟန်းတော်များ ဝါကပ်တော်မမူကြ။ ယခုမှ ဝါကပ်တော်မူကြသည်'

– ဟု အားရဝမ်းသာ ဖြစ်ကြကာ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်များကို မိမိတို့လည်း မသုံးဆောင်ကြဘဲ ကျွန်အမှုလုပ်, မိတ်ဆွေခင်ပွန်း, ဆွေမျိုးသားချင်းတို့အားလည်း မပေးကြမူဘဲ ထိုရဟန်းတို့အားသာ ပေးလှူကြလေကုန်၏။

**အသားအရေ စိုပြည်ဝဖြိုးကြပုံ ။** ။ ဤသို့လျှင် ထိုရဟန်းတို့သည် မွန်မြတ်သော အာဟာရများကို သုံးဆောင်ကြရသောကြောင့် ထိုရဟန်းတို့အား အဆင်းလှခြင်း, ဣန္ဒြေပြည့်ဖြိုးခြင်း, မျက်နှာအဆင်း ကြည်လင်ခြင်း, ကိုယ်ရေအဆင်း အထူးကြည်လင်ခြင်း ရှိကြလေကုန်၏။

ဤသို့လျှင် ခန္ဓာကိုယ်၏ တင့်တယ်စိုပြည် ဝဖြိုးခြင်းသို့ ရောက်ကြခြင်းသည် ထိုရဟန်းတို့သည် ပါဠိတော်ကို သင်ယူခြင်း, အဋ္ဌကထာကို သင်ယူခြင်းတို့ကို အဖန်ဖန် အားထုတ်သောကြောင့်လည်း မဟုတ်ပေ။ ကမ္မဋ္ဌာန်းတရားကို အဖန်ဖန် အားထုတ်သောကြောင့်လည်း မဟုတ်ပေ။ အဟုတ်သော်ကား – အထင်ကြီးအောင် ဟန်ပန်ဆောင်၍ ထင်ရှားမရှိသော ဈာန်မဂ်ဖိုလ်ဂုဏ်ဖြင့် အချင်းချင်း ချီးမွမ်းပြောဆိုခြင်းကြောင့် ရအပ်ကုန်သော မွန်မြတ်သော ဘောဇဉ်တို့ကို သုံးဆောင်၍ အလိုရှိတိုင်း အိပ်၍လည်းကောင်း, အလိုရှိတိုင်း စကားပြော၍လည်းကောင်း, အလိုရှိတိုင်း အပေါင်းအဖော်၌ မွေ့လျော်၍လည်းကောင်း ဤကဲ့သို့ ခန္ဓာကိုယ်၏ တင့်တယ်စိုပြည် ဝဖြိုးခြင်းသို့ ရောက်ကြခြင်းဖြစ်သည်။

**ဝါကျွတ်ကာလ ရဟန်းတို့၏ အလေ့အကျင့် ။** ။ ဗုဒ္ဓလက်ထက်တော်က အရပ်ဒေသ အသီးသီး၌ ဝါကပ်ကြကုန်သော ရဟန်းသံဃာတော်တို့သည် ဝါကျွတ်ကာလ၌ မြတ်စွာဘုရားအား ဖူးမြော်ရန် ချဉ်းကပ်ကြခြင်းသည် ရဟန်းတို့၏ အလေ့အထ ဖြစ်သည့်အားလျော်စွာ ရဟန်းသံဃာတော်တို့သည် မြတ်စွာဘုရားအား ဖူးမြော်ရန် အသီးသီး ရောက်ရှိလာကြရာတွင် ဝဂ္ဂုမုဒါ မြစ်ကမ်းနေ ရဟန်းတို့ ဝဖြိုးစိုပြည်ကြသော်လည်း အခြားသော ရဟန်းတို့သည်ကား အသားအရေ ခြောက်ကပ်ပိန်ချုံး၍ ရှိကြလေကုန်၏။

ဘုရားရှင်၏ အလေ့အထ ။ ။ ပူးမြော်ရန် ရောက်လာကြကုန်သော အာဂန္တု ရဟန်းတို့နှင့် အတူတကွ ဝမ်းမြောက်စွာ နှုတ်ဆက်စကား ပြောကြား တော်မူခြင်းသည် မြတ်စွာဘုရားရှင်တို့၏ အလေ့အထ ဖြစ်သည့်အားလျော်စွာ သာကြောင်း၊ မာကြောင်းကို မေးမြန်းတော်မူပြီးနောက် –

'ဆွမ်းဖြင့်လည်း မပင်မပန်း ရှိကြကုန်၏လော'

– ဟု မေးတော်မူရာတွင် ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့က –

'တပည့်တော်တို့သည် ဆွမ်းဖြင့်လည်း မပင်မပန်း ရှိကြပါကုန်သည်'

– ဟု လျှောက်ထားကြလေကုန်၏။

'အဘယ်သို့ ဆွမ်းဖြင့် မပင်မပန်း ရှိကြကုန်သနည်း'

– ဟု မေးတော်မူရာ၌ကား ထိုရဟန်းတို့သည် မိမိတို့ ပြုလုပ်ချက်များကို မြတ်စွာဘုရားအား လျှောက်ထားလိုက်ကြလေကုန်၏။

## မြတ်စွာဘုရား ကဲ့ရဲ့တော်မူခြင်း

'ရဟန်းတို့ ... အသို့နည်း။ သင်တို့အား ဧကန် မင်္ဂဖိုလ်တရား ထင်ရှားရှိကြပါ၏လော' – ဟူ၍ မြတ်စွာဘုရားရှင်က မေးတော်မူရာ –

'ထင်ရှားမရှိကြပါ'

– ဟု ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့က လျှောက်ထားကြကုန်လေ၏။ ထိုအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဝဂ္ဂုမုဒါရဟန်းတို့အား ဤသို့ကဲ့ရဲ့ တော်မူလေ၏။

'မင်္ဂဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ားတို့ ... ဤအပြုအမူသည် ရဟန်းတို့အား မလျောက်ပတ်၊ မလျော်ကန်၊ မသင့်တင့်။ ရဟန်းတို့ အပြုအမူ မဟုတ်။ မအပ်။ မပြုသင့်။ သင်တို့သည် အဘယ်ကြောင့် ဝမ်းရေးအတွက် လူတို့အား အချင်းချင်း၏ ဧကန်မင်္ဂဖိုလ်တရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကြဘိသနည်း။

မင်္ဂဖိုလ်မှ အချည်းနှီးဖြစ်သော ယောက်ျားတို့ ... သင်တို့သည် ထက်လှစွာသော နွားသတ်ဓားဖြင့် မိမိ၏ ဝမ်းဗိုက်ကို ဖောက်ခွဲလှီးဖြတ်ရခြင်းက မြတ်သေး၏။ ဝမ်းရေးအတွက် လူတို့အား အချင်းချင်း၏ ရှာန်မင်္ဂဖိုလ်တရားများ၏ ဂုဏ်ကျေးဇူးများကို ပြောကြားခြင်းသည် မမြတ်သည်သာတည်း'

ခိုးသူကြီး ငါးယောက် ။ ။ ထို့နောက် မြတ်စွာဘုရားသည် လူ့လောက၌ အခြံအရံ ပရိသတ်အင်အား တောင့်တင်းစွာဖြင့် လူအများတို့၏ ပစ္စည်းဥစ္စာတို့ကို လုယက်ခြင်း၊ ရွာနိဂုံးတို့ကို ဖျက်ဆီးခြင်း စသည်ကိုပြုသော ခိုးသူကြီး ရှိသကဲ့သို့ ဤသာသနာတော်၌လည်း ခိုးသူကြီးငါးဦးရှိကြောင်းကို ဤသို့မိန့်တော်မူလေ၏။

ပဌမခိုးသူကြီး ။ ။ ဦးစီးခေါင်းဆောင်ဖြစ်သော ရဟန်းသည် မိမိကိုယ်တိုင်လည်း ဝိနည်းသိက္ခာပုဒ်တို့ကို လေးစားမှုမရှိ၊ အထင်ကြီးစရာ တစ်စုံတစ်ခု အနှစ်မရှိဘဲ ကျူရိုးအလား မာနထောင်လွှားမှုလည်းရှိ၊ စကားကိုလည်း ဖွာလောင်ကျယ် ပြောတတ်၊ သတိတရား၊ ပညာတရားလည်း နည်းပါး၊ ဣန္ဒြေ သိက္ခာရှိမှုလည်း နည်း၊ ပစ္စည်းလေးပါးရမှုကိုသာ အလေးထား၍ ထိုကဲ့သို့ သဘောရှိသော တပည့် ပရိသတ် အခြံအရံ ရာထောင်တို့ကို စည်းရုံးသိမ်းသွင်း၍ ရပ်တကာ၊ ရွာတကာ၊ နယ်တကာ လှည့်လည်၍ အရိယာမဟုတ်ဘဲ အရိယာကဲ့သို့ ထင်ရအောင် ကြည်ညိုဖွယ်ရာ ဟန်ဆောင်ကြလျက် အသံကောင်းကောင်းဖြင့် ဇာတ်နိပါတ်တို့ကို ဟောပြကာ လူအများ၏ ရိုသေမှု, လေးစားမှု, ပြုစုမှုတို့ကို ခံယူလျက် ပစ္စည်းလေးပါးတို့ကို ခံယူနေခြင်းသည် တစ်အိမ်ကို, တစ်မျိုးကို လှည့်ပတ်နေခြင်း မဟုတ်ဘဲ များစွာသော လူအပေါင်းကို လှည့်ပတ်၍ ခံယူနေခြင်းကြောင့် ထိုပုဂ္ဂိုလ်သည် ပဌမ မဟာစောရ-ပဌမခိုးသူကြီး ဖြစ်လေ၏။

ဒုတိယ ခိုးသူကြီး ။ ။ သုတ်, ဝိနည်း, အဘိဓမ္မာ ဟူသော ပိဋကသုံးပုံတို့ကား အလွန်နက်နဲ ခက်ခဲသိမ်မွေ့၏။ တတ်မြောက်ဖို့ရာ မလွယ်ပေ။ တတ်သိနားလည် ကျွမ်းကျင်သော ဆရာတို့နှင့် ကျကျနန သင်ကြားလေ့လာ သင်ယူထားမှ တတ်မြောက်နိုင်၏။ ထိုသို့ ဆရာ့ထံမှာ ကောင်းစွာသင်ယူ၍ ကျွမ်းကျင်စွာ

တတ်မြောက်သောအခါမှာ ထိုရဟန်းသည် ပါဠိတော် အဋ္ဌကထာတို့ကို ကိုးကားလျက် ပရိသတ်ဗိုလ်ပုံအလယ်၌ ကြည်ညိုဖွယ်ကောင်းသော သုတ္တန်တို့ကို ဟောပြောလေ၏။ အံ့ဩဖွယ်ကောင်းလှအောင် ဟောပြောပုံ၊ ပါဠိရွတ်ပုံ၊ ယူဆပုံတို့ အလွန်သန့်ရှင်း ပီပြင်လှသည်ဖြစ်၍ တတ်သိနားလည်သော ပညာရှိသူ လူတစ်ယောက်က –

'အဘယ်ဆရာအထံ၌ သင်ယူခဲ့ပါသနည်း'

– ဟု မေးလာသောအခါ –

'ငါကဲ့သို့သော ပုဂ္ဂိုလ်သည် အဘယ်သူကို ဆရာတင်ရအံ့နည်း။ ငါ၏ ဉာဏ်ဖြင့် ကိုယ်ပိုင်သိသည်'

– ဟူ၍ ဆရာရှိလျက်နှင့် ဆရာကို မညွှန်ပြပေ။ ဤရဟန်းသည် မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ပတ်လုံး ဖြည့်ကျင့်တော်မူပြီး၍ ခဲယဉ်းပင်ပန်းစွာ ထိုထွင်း၍ သိအပ်သော ပိဋကသုံးပုံတရားများကို ခိုးယူရာရောက်သောကြောင့် ထိုပုဂ္ဂိုလ်သည် **ဒုတိယ မဟာစောရ** = ဒုတိယခိုးသူကြီး ဖြစ်လေ၏။

__တတိယ ခိုးသူကြီး__ ။ ။ ရဟန္တာရဟန်းများ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ် ရဟန်းများ၊ သီလရှိကုန်သော ပုထုဇဉ်ရဟန်းများတို့သည် မြတ်စွာဘုရားရှင် သာသနာတော်၌ မြတ်သောအကျင့်ကို ဖြူစင်သန့်ရှင်းစွာ ကျင့်နေကြကုန်၏။ ထိုရဟန်းတို့အပေါ်၌ အခြေအမြစ် မရှိသော ပါရာဇိကအာပတ်ဖြင့် လုပ်ကြံ၍ စွပ်စွဲပြောဆို၏။ ထိုရဟန်းသည် ထင်ရှားရှိသော အရိယာတို့၏ ဂုဏ်ကို ခိုးယူဖျက်ဆီးရာ ရောက်သောကြောင့် ထိုပုဂ္ဂိုလ်သည် **တတိယ မဟာစောရ** = တတိယ ခိုးသူကြီး ဖြစ်လေ၏။

__စတုတ္ထ ခိုးသူကြီး__ ။ ။ သံဃာအများဆိုင်ဖြစ်သော သံဃိကပစ္စည်းများကို မိမိတစ်ဦးတည်း သဘောဖြင့် အခြားသူများအား မဝေဘန်ကောင်း၊ မစွန့်ကောင်း။ သို့ဖြစ်ပါလျက် အကြင်ရဟန်းသည် သံဃိကပစ္စည်းများကို လူတို့ကို ပေးကမ်းချီးမြှောက်၏။ သိမ်းသွင်းဖြားယောင်း၏။ ဤပုဂ္ဂိုလ်သည် သံဃိကပစ္စည်းများကို ခိုးယူပေးခြင်းကြောင့် **စတုတ္ထ မဟာစောရ** = စတုတ္ထခိုးသူကြီး ဖြစ်လေ၏။

<u>ပဥ္စမ ခိုးသူကြီး ။</u> ။ အကြင်ရဟန်းသည် မိမိမှာ ထင်ရှားမရှိသော ဈာန်မဂ်ဖိုလ် တရားများကို မဟုတ်မမှန်သောအားဖြင့် လူတို့အား ဝါကြွားပြောဆို၏။ ထိုရဟန်းသည် အရိယာသန္တာန်, ရဟန္တာတို့သန္တာန်၌ ရှိသော လောကုတ္တရာ တရားကို ခိုးယူရာ ရောက်သောကြောင့်လည်းကောင်း၊ တိုင်းသူပြည်သားတို့က အရိယာရဟန္တာတို့အား ကြည်ဖြူစွာ လှူဒါန်းအပ်သော ဆွမ်းကို, ပစ္စည်းလေးပါးကို ခိုးယူရာ ရောက်သောကြောင့်လည်းကောင်း ထိုရဟန်းသည် **အဂ္ဂမဟာစောရ** = သတ္တလောက၌ အကြီးဆုံးခိုးသူကြီး ဖြစ်လေတော့၏။

<u>စတုတ္ထပါရာဇိက သိက္ခာပုဒ် ပညတ်တော်မူပုံ ။</u> ။ ထို့နောက် မြတ်စွာဘုရားသည် ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့အား များစွာသောအကြောင်းဖြင့် ကဲ့ရဲ့တော်မူပြီးလျှင် စတုတ္ထပါရာဇိက သိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

'အကြင်ရဟန်းသည် မသိဘဲ ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော မြတ်သော ဉာဏ်အမြင်ဟု ဆိုအပ်သော လူတို့၏ ကုသိုလ်ကမ္မပထ ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ် တရားကို မိမိသို့ ဆောင်ကပ်၍ 'ဤသို့ ငါသိ၏။ ဤသို့ ငါမြင်၏' ဟု ပြောကြားငြားအံ့။ ထိုသို့ ပြောကြားပြီးမှ နောက်အခါ၌ သူတစ်ပါးတို့ မေးစစ်အပ်၍သော်လည်းကောင်း၊ မမေးစစ်အပ်ဘဲသော်လည်းကောင်း အာပတ်သင့်ရောက်ပြီး၍ စင်ကြယ်ခြင်းကို အလိုရှိရကား– 'ငါ့ရှင်တို့ ... ဤသို့မသိဘဲ သိ၏ဟုဆိုမိပြီ။ မမြင်ဘဲ မြင်၏ဟုဆိုမိပြီ။ အချည်းနှီး မှားယွင်းသော စကားကို ပြောမိပြီ' ဟု ဆိုငြားအံ့– ဤရဟန်းသည်လည်း သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏။ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်း မရှိ'

(မဂ်ဖိုလ်ကို မရသော်လည်း တကယ်ရပြီထင်၍ ပြောရာ၌ကား အာပတ်မသင့်)

*( ဝိ – ၁ – ပါဠိတော်၊ မြန်မာပြန်။ ဝိ – ၄ – ၂၊ ဘာဋီ – တတိယအုပ် )*

## စတုတ္ထပါရာဇိကလာ ကျင့်မှတ်ဖွယ်များ

**တရားသဖြင့် လုပ်ပါ ။** ။ လူ့လောက၌ စားဝတ်နေရေး ကိစ္စသည် မရှိမဖြစ်သော ကိစ္စဖြစ်ပေရာ ယင်းစားဝတ်နေရေးကိစ္စကို မှန်မှန်ကန်ကန် တရားသော နည်းလမ်းဖြင့်သာ ဖြေရှင်းသင့်၏။ မမှန်မကန် မတရားသော နည်းလမ်းဖြင့် မဖြေရှင်းသင့်ပေ။ လတ်တလောတွေ့ကြုံလာသော အခက်အခဲကြောင့် မတရားသော နည်းလမ်းဖြင့် ဖြေရှင်းကြသူတို့မှာ ခဏတစ်ဖြုတ်သာ အဆင်ပြေနိုင်ပြီး ရေရှည်မှာ အကျင့်သီလပျက်စီးခြင်းသို့ ရောက်ရသည်ဖြစ်၍ ဤဘဝ၌ ပညာရှိတို့၏ ကဲ့ရဲ့ ပြစ်တင်မှုကို ခံယူရကာ သံသရာမှာလည်း ငရဲအစရှိကုန်သော အပါယ်လေးပါးတို့၌ နစ်မွန်းတတ်လေ၏။ ထို့ကြောင့် စားဝတ်နေရေးကိစ္စကို တရားသောနည်းလမ်းဖြင့်သာ ဖြေရှင်းသင့်ကြပေ၏။

**ဝဂ္ဂုမုဒါရဟန်းများ ။** ။ ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့သည် ဝတ်မွတ်ခေါင်းပါးခြင်း ဒုဗ္ဘိက္ခနှင့် ကြုံတွေ့ကြသည်ဖြစ်၍ ဝမ်းရေးကိစ္စကို မိမိမှာ မရှိသော လောကုတ္တရာဂုဏ်များကို ရှိဟန်ဆောင်၍ လိမ်ညာလှည့်ပတ်ကာ လူတို့အား ပြောကြား၍ အလွန်ကြီးလေးသော မုသာဝါဒကံကို ကျူးလွန်၍ ဖြေရှင်းကြသောကြောင့် ခန္ဓာကိုယ် ဝိုပြည်ခြင်း, ဝဖြိုးခြင်း အကျိုးများကို ခဏတစ်ဖြုတ်သာ ခံစားရပြီး ထိုမှနောက် မြတ်စွာဘုရားရှင်၏ ထိရောက်သော ပြစ်တင်ကဲ့ရဲ့မှုကို ခံရရုံမက မိမိတို့ကို အကြောင်းပြုပြီး စတုတ္ထပါရာဇိက သိက္ခာပုဒ်ကိုလည်း ပညတ်ခံရလေ၏။ **'အဂ္ဂမဟာစောရ'** သတ္တလောက၌ အကြီးဆုံး ခိုးသူကြီးအဖြစ်ကိုလည်း သတ်မှတ်ခံရလေ၏။

**ခိုးသူကြီး အဖြစ်များကို ရှောင်ကြရန် ။** ။ ကျူရိုးသည် အပင်အလွန်မြင့်မားစွာ ထောင်တက် လာနိုင်သော်လည်း အနှစ်မရှိသည့်အတွက် အကျိုး ရှိအောင် ဘာမျှအသုံးချ၍ မရသကဲ့သို့ မိမိမှာ အထင်ကြီးစရာ အနှစ်သာရ ဘာမျှမရှိဘဲ ကိုယ့်ကိုယ်ကို အဟုတ်ကြီးထင်ကာ မာနကြီး တစ်ခွဲသားနှင့် အသံကောင်း ဟစ်ကြွေး

လျှက် စကားကို ဖွာလန်ကျယ်ပြောကာ တပည့်ပရိသတ် မွေး၍ အရပ်တစ်ကာ လှည့်ကာ လာဘ်ပေါ်အောင် ပြုလုပ်ကြခြင်းသည်ကား **ပဉ္စမမဟာစောရ** မျိုးဖြစ်နေသည်ဖြစ်၍ မစားရကာမှနေရော၊ ထိုအဖြစ်မျိုးကို ရှောင်ကြဉ်သင့်လှပေသည်။

အသိပညာ အတတ်ပညာများကို ဆရာများထံတွင် နည်းခံသင်ယူ၍ တတ်မြောက်ထားသော်လည်း ဆရာမရှိဟု ဆရာကို ပစ်ပယ်၍ မိမိအလိုလို သိမြင်တတ်မြောက်သည်ဟု ပြောဆိုနေခြင်းသည်လည်း **ဒုတိယမဟာစောရ** အဖြစ်သို့ ရောက်ပြန်၍ ထိုအဖြစ်မျိုးကို ရှောင်ကြဉ်သင့်လှပေသည်။

အကျင့်သီလ ကောင်းမွန်ကုန်သော ပညာရှိသူတော်ကောင်းတို့အား သိက္ခာကျစေရန်အတွက် မဟုတ်မမှန် လုပ်ကြံ၍ စွပ်စွဲမှု ပြုကြခြင်းသည် **တတိယမဟာစောရ** အဖြစ်သို့ ရောက်နေပြန်၍ ယင်းသို့ မဖြစ်ရအောင် အထူးသတိပြု ရှောင်ကြဉ်သင့်လှပေသည်။

အများပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို မိမိပိုင်သလိုလုပ်၍ သုံးစွဲခြင်း, စွန့်ကြဲပေးကမ်းခြင်းများကို ပြုလုပ်ကြသည်ကား **စတုတ္ထမဟာစောရ** သဘောမျိုးဖြစ်နေပြန်၍ ထိုအဖြစ်မျိုးကိုလည်း အထူးသတိပြု ရှောင်ကြဉ်သင့်လှပေသည်။

မိမိမှာ အမှန်တကယ် မရှိသော ဂုဏ်များဖြင့် သူတစ်ပါးတို့အား ဝါကြွားပလွှား မဟုတ်မမှန် ပြောကြား၍ လာဘ်ရအောင် အားထုတ်ကြခြင်းသည်ကား – **'အဂ္ဂမဟာစောရ'** သတ္တလောက၌ အကြီးဆုံး ခိုးသူကြီးမျိုး အဖြစ်သို့ ရောက်နေပြန်၍ ဝတ်၍ ပြတ်၍ သေကာမှသေရော၊ ထိုအဖြစ်မျိုးကိုတော့ အထူးရှောင်ကြဉ်သင့်လှပေသည်။

## ခိုးသူကြီး အဖြစ်မှ ရှောင်ကြဉ်ရန်လင်္ကာ

၁။ ဝဂ္ဂုမုဒါ၊ ရှင်ငါးရာ၊ မုသာပြော၍သည်၊
၂။ ပါရာဇိက၊ စတုတ္ထ၊ ဗုဒ္ဓပညတ်ပြီ။
၃။ ဝမ်းကိုဖောက်ဖျက်၊ ပြုတုံ့ချက်၊ မြတ်ချက်ရှိသေးသည်။
၄။ ဂုဏ်ကိုလွှမ်းပတ်၊ ဘယ်မမြတ်၊ ရှင်မြတ်ဟောလေပြီ။
၅။ ကျူးရိုးအလား၊ မာန်ထောင်လွှား၊ လှည့်စားကြမှုသည်၊
၆။ မဟာစောရ၊ ပဌမ၊ တူရပြန်လေသည်။
၇။ ထိုထိုပညာ၊ တတ်မှုဟာ၊ ဆရာရှိရသည်။
၈။ မိမိဖာသာ၊ တတ်လေရာ၊ ဆရာပယ်မှုသည်၊
၉။ မဟာစောရ၊ ဒုတိယ၊ တူရပြန်လေသည်။
၁၀။ သူတော်ကြီးကဲ၊ အထင်လွဲ၊ စွပ်စွဲကြခြင်းသည်၊
၁၁။ မဟာစောရ၊ တတိယ၊ တူရပြန်လေသည်။
၁၂။ အများပိုင်ဆိုင်၊ ပစ္စည်းတိုင်၊ ကိုယ်ပိုင်လုပ်၍သည်၊
၁၃။ သူတစ်ပါးအား၊ စွန့်ကာပြား၊ ပေးစားကြခြင်းသည်၊
၁၄။ မဟာစောရ၊ စတုတ္ထ၊ တူရပြန်လေသည်။
၁၅။ ထင်ရှားမရှိ၊ ဂုဏ်အတိ၊ ပြောမိကြခြင်းသည်၊
၁၆။ အဂ္ဂစောရ၊ ပဥ္စမ၊ တူရပြန်လေသည်။
၁၇။ သံသရာပြစ်၊ လောကပြစ်၊ အပြစ်ကြီး၍သည်၊
၁၈။ မဟာစောရ၊ အဖြစ်မှ၊ ရှောင်ပြကြရမည်။

စတုတ္ထ ပါရာဇိကလာ ကိုယ်ကျင့်တရားများ ပြီး၏။

# ပါရာဇိကကဏ်ပါဠိတော်

## သံဃာဒိသိသ် ကုဋိကာရ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**ကုဋိကာရ သိက္ခာပုဒ်** ။ ။ သံဃာဒိသိသ် သိက္ခာပုဒ် ၁၃-ပါး ရှိသည့်အနက်က ကုဋိကာရသိက္ခာပုဒ်သည် ခြောက်ခုမြောက် သိက္ခာပုဒ် ဖြစ်၏။ ကျောင်းဒါယကာမရှိဘဲ ရဟန်းသည် မိမိနေဖို့ရာ မိမိကိုယ်တိုင် အတိုင်းအထွာ ပမာဏ မရှိသော ကျောင်းတို့ကို ဆောက်လုပ်ရာတွင် အပြီးသို့ မရောက်နိုင်ဘဲ လူတို့ထံတွင် အကူအညီ တောင်းခံရမှု များသည့်အတွက် ပညတ်အပ်သော သိက္ခာပုဒ်ဖြစ်၏။

**တောင်းခံမှုများကြပုံ** ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာပေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အာဠဝီတိုင်းသား ရဟန်းတို့သည် မိမိနေထိုင်ဖို့ရာ ကျောင်းဒါယကာမရှိဘဲ အတိုင်းအထွာ ပမာဏမရှိသော ကျောင်းတို့ကို ဆောက်လုပ်စေကုန်၏။ ထိုကျောင်းတို့သည် ပြီးဆုံးခြင်းသို့ မရောက်ကုန်။ ထိုရဟန်းတို့သည် -

'ယောက်ျားကို ပေးကြကုန်လော့။ ယောက်ျား၏ လက်မှုကိစ္စကို ပေးကြကုန်လော့။ နွားကို ပေးကြကုန်လော့။ လှည်းကိုပေးကြကုန်လော့။ ရဲတင်း, ပုဆိန်, ဓားမတို့ကို ပေးကြကုန်လော့'

- စသည်ဖြင့် အတောင်းများကြကုန်၍၊ အရိပ်နိမိတ်ပြခြင်း များကြကုန်၍ နေကြကုန်၏။

**လူတို့ပြေးကြခြင်း** ။ ။ လူတို့သည် တောင်းခြင်းဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ အရိပ်နိမိတ်ပြခြင်းဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ရဟန်းတို့ကို မြင်လျှင် ထိတ်လည်း ထိတ်ကြကုန်၏။ လန့်လည်း လန့်ကြကုန်၏။ ပြေးလည်း ပြေးကြကုန်၏။ ရှောင်ဖယ်လည်း သွားကြကုန်၏။ မျက်နှာလွှဲ၍လည်း နေကြကုန်၏။

တံခါးကိုလည်း ပိတ်ကြကုန်၏။ နွားတို့ကိုသော်လည်း မြင်လျှင် ရဟန်းဟု ထင်မှတ်၍ ပြေးကြကုန်၏။

**အရှင်မဟာကဿပ ဘုရားအား လျှောက်ထားခြင်း ။** ။ထိုအခါ၌ အရှင်မဟာကဿပသည် အာဠဝီမြို့သို့ ဆွမ်းခံဝင်ရာတွင် လူတို့သည် အရှင်မဟာကဿပကို မြင်၍လည်း ထိတ်လန့်ကာ ဆွမ်းမလောင်းဘဲ ရှောင်ဖယ်၍ နေကြလေကုန်၏။

'ရှေးက အာဠဝီမြို့သည် ဆွမ်းရလွယ်၏။ ယခု ဆွမ်းရခဲ၏။ အကြောင်းအသို့နည်း'

– ဟူ၍ ရဟန်းတို့အား မေးမြန်းရာ ထိုအကြောင်းအရာကို လျှောက်ထားကြကုန်၏။ ထိုအကြောင်းအရာကို အရှင်မဟာကဿပသည် မြတ်စွာဘုရားအား လျှောက်ထား၏။

**ကဲ့ရဲ့တော်မူခြင်း ။** ။ မြတ်စွာဘုရားရှင်သည် မေးမြန်းစိစစ်တော်မူ၍ အာဠဝီတိုင်းသား ရဟန်းတို့အား –

'မင်္ဂိုလ်မှ အချည်းနှီးဖြစ်သော ယောက်ျားတို့ ... သင်တို့သည် အဘယ်ကြောင့် အတောင်းများကြသနည်း။ သင်တို့ ပြုမိသောအမှုသည် မကြည်ညိုသေးသူတို့အား မကြည်ညိုခြင်းငှါ၊ ကြည်ညိုပြီးသူတို့အား အကြည်ညိုပျက်ခြင်းငှါ ဖြစ်၏'

– စသည်ဖြင့် ကဲ့ရဲ့တော်မူပြီးလျှင် တောင်းရမ်းခြင်း၏ အပြစ်များကို ပြလိုသည်ဖြစ်၍ တိကနိပါတ်လာ မဏိကဏ္ဌဇာတ်တော်ကို ဟောတော်မူ၏။

**ရသေ့လေးနှင့် မဏိကဏ္ဌနဂါးမင်း ။** ။ ရှေးအခါက ရသေ့ညီနောင် နှစ်ပါးသည် သစ်ရွက်မိုးကျောင်းကိုယ်စီဖြင့် ဂင်္ဂါမြစ်ကမ်းနား၌ နေထိုင်ကြရာ ညီတော်ရသေ့သည် မေတ္တာဖြင့်နေလေ့ရှိသည်ဖြစ်၍ နဂါးပြည်မှ မဏိကဏ္ဌ နဂါးမင်းသည် ညီငယ်ရသေ့အား ချစ်ခင်သဖြင့် ညီငယ်ရသေ့ထံ မပြတ်လာ၍ ရှေးဦးစွာ လုလင်အသွင်ဖြင့် စကားပြောဆိုပြီးနောက် နဂါးအသွင်ဖြင့်

ညီငယ်ရသေ့ကို အခွေခုနစ်ထပ် ရစ်ပတ်၍ ကြီးစွာသော ပါးပျဉ်းကိုမိုး၍ ခဏမျှနေပြီး နောက် နဂါးပြည်သို့ ပြန်သွားလေ၏။

ညီငယ်ရသေ့သည် မဏိကဏ္ဌနဂါးမင်းကို ကြောက်သောကြောင့် အကြော ပြိုင်းပြိုင်းထ ပိန်ချုံး၍ သွားလေ၏။ ထိုအခြင်းအရာကို နောင်တော်ရသေ့ သိလေလျှင်–

'နဂါးကို မလာစေလိုက နဂါးမင်းလည်ပင်း၌ ဝတ်ဆင်ထားသော ပတ္တမြား ရတနာကို တောင်းလော့'

– ဟု အကြံပေးလေ၏။ နဂါးမင်းလည်း နောက်တစ်နေ့ လာနေကျအတိုင်း လာ၍ တစ်ဦးနှင့် တစ်ဦး ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြားပြီးသောအခါ ညီငယ်ရသေ့သည် –

'နဂါးမင်း ... အကျွန်ုပ်အား ပတ္တမြားကို ပေးပါလော့။ အကျွန်ုပ်သည် ပတ္တမြားကို အလိုရှိပါသည်'

– ဟူ၍ တောင်းလေ၏။ ထိုအခါ နဂါးမင်းသည် အခါတိုင်းကဲ့သို့ အခွေတို့ဖြင့် မရစ်ပတ်ဘဲ ထိုအရပ်မှပင် ပြန်သွားလေ၏။

နောက်နေ့၌ ကျောင်းတံခါး၌ ရပ်နေသော နဂါးမင်းကို ညီငယ်ရသေ့သည် ဒုတိယအကြိမ် ပတ္တမြားကို တောင်းပြန်လေ၏။ နဂါးမင်းသည် ကျောင်းထဲသို့ မဝင်ဘဲ ထိုအရပ်မှ ပြန်သွားလေ၏။

နောက်နေ့၌ ရေမှတက်လာသော နဂါးမင်းကို ညီငယ်ရသေ့သည် တတိယ အကြိမ် ပတ္တမြားကို တောင်းပြန်လေ၏။ ထိုအခါ မဏိကဏ္ဌနဂါးမင်းသည် ဤဂါထာဖြင့် ဤသို့ ပြောလေပြီ။

'ဤပတ္တမြားသည် အလုံးစုံသော အလိုကိုပေးတတ်၏။ ငါ့အား ပြန့်ပြော မွန်မြတ်သော ထမင်းအဖျော်သည် ဤပတ္တမြားကြောင့်ရ၏။ ထိုပတ္တမြားကို သင့်အား ပေးလိမ့်မည်မဟုတ်။ သင်သည် အလွန်တောင်းတတ်သူတည်း။ သင့်ထံသို့ ငါ ပြန်မလာတော့ပေ'

– ဟူ၍ ပြောဆိုကာ ပြန်သွားလေ၏။ နောက်ထပ် ပြန်မလာတော့ပေ။

ထိုအခါ ညီငယ်ရသေ့သည် မြင်နေကျ နဂါးမင်းကို မမြင်ရပြန်သဖြင့် ရှေးကထက်ပို၍ အကြောပြိုင်းပြိုင်းထကာ ပိန်ချုံးသွားပြန်လေ၏။

ထိုအခါ နောင်တော်ရသေ့သည် ညီငယ်ရသေ့အား ဂါထာဖြင့် ဤသို့ ပြောဆိုလေပြီ။

'အကြင်သူအား ချစ်အပ်သော ဝတ္ထုရှိ၏။ ထိုဝတ္ထုကို နှစ်သက်မြတ်နိုးသော်လည်း မတောင်းရာ။ အလွန်တောင်းခြင်းကြောင့် မုန်းတတ်လေ၏။ သူမြတ်သည် နဂါးအား ပတ္တမြားကို တောင်း၏။ ထိုနဂါးကို မမြင်ရခြင်းသို့သာလျှင် ရောက်လေ၏'

– ဟူ၍ ဆိုပြီ။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ထိုသို့ ဟောကြားတော်မူပြီးနောက် ဤသို့လည်း တစ်ဖန် မိန့်တော်မူပြန်၏။

'ရဟန်းတို့ ... တိရစ္ဆာန်ဖြစ်ကြသော ထိုသတ္တဝါတို့သည်ပင် တောင်းခြင်းကို မနှစ်သက်ကြကုန်။ လူဖြစ်သူအား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း'

( ဝိ – ၁ – မြန် – ၂၂၇ / ၈ ။ ဇာ – ၄ –၂ – ၂၅၇ / ၂၆၀ )

ထို့နောက် မြတ်စွာဘုရားသည် အာဠဝီတိုင်းသား ရဟန်းတို့အား ဤသို့လည်း ကဲ့ရဲ့ ပြစ်တင်တော်မူပြန်လေ၏။

'ရဟန်းတို့ ... လူတို့သည် စည်းစိမ်ဥစ္စာတို့ကို ခဲယဉ်းစွာ စုဆောင်းအပ်ကုန်၏။ စုဆောင်းအပ်ပြီးသော စည်းစိမ်ဥစ္စာတို့ကိုလည်း ခဲယဉ်းစွာ စောင့်ရှောက်အပ်ကုန်၏။ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ားတို့ ... သင်တို့သည် လူတို့၏ ခဲယဉ်းစွာဖြစ်သော စည်းစိမ်တို့၌ အဘယ်ကြောင့် အတောင်းများကြကုန်သနည်း'

– ဟူ၍ ကဲ့ရဲ့ကာ ကုဋိကာရ သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

## ကုဋိကာရသိက္ခာပုဒ်၏ လိုရင်းကား

ကျောင်းဒါယကာမရှိဘဲ ကိုယ်တိုင် ကျောင်းငယ် တစ်ဆောင် ဆောက်လုပ်သော ရဟန်းသည် မြတ်စွာဘုရား၏ အထွာတော်ဖြင့် အလျား ၁၂ – ထွာ၊ အနံ ၇ – ထွာ ပမာဏကို ဆောက်လုပ်ရမည်။ ထိုထက်ပိုလျှင် သံဃာဒိသိသ် အာပတ်သင့်၏။

( ၀ – မြန် – ၁ – ၂၉၁ )

**အတောင်းမများဖို့ ။** ။ လူ့လောက၌ ရရှိထားသော ခန္ဓာကိုယ်ကို မွေးမြူနိုင်ဖို့ရာ အတွက် စားဝတ်နေရေးတို့ဖြင့် ပံ့ပိုးပေးရသည်ဖြစ်ရာ ယင်းစားဝတ်နေရေးတို့သည် အခါခပ်သိမ်း ပြည့်စုံနေမည် မဟုတ်ပေ။ မပြည့်စုံသည့် အခါ ရနိုင်သည့်နေရာက ရရှိအောင် အကူအညီတောင်းခံရသည်မှာလည်း လူ့လောက၏ ဓမ္မတာတစ်ခုလို ဖြစ်နေလေသည်။ ပေးနိုင်သောသူများက အတော်အတန် တောင်းခံမှုကို ကြည်ဖြူစွာ ပေးနိုင်ကြသော်လည်း အတောင်းများလာလျှင်ကား ကြည်ဖြူနိုင်ကြမည် မဟုတ်ပေ။ ကြည်ဖြူစွာ ပေးနိုင်သော ပစ္စည်းဝတ္ထုကိုပင် အတောင်းမများကြဖို့ အထူး သတိပြုသင့်ပေသည်။

**အာဠဝီတိုင်းသား ရဟန်းများ ။** ။ အာဠဝီတိုင်းသား ရဟန်းများတို့သည်ကား မိမိတို့ နေထိုင်ဖို့ရာအတွက် အတိုင်းအတာ ပမာဏ မရှိသော ကျောင်းများကို ကိုယ်တိုင်ဆောက်ကြရာတွင် အာဠဝီမြို့နေလူတို့ ထွက်ပြေး တိမ်းရှောင်ရလောက်အောင် အတောင်းများကြခြင်းကား အလွန် လွန်ကဲသော တောင်းခံမှုမျိုး ဖြစ်လေသည်။

**မုန်းအောင်ပြုလုပ်နည်း ။** ။ ခင်မင်ရင်းနှီး ချစ်ခင်စွာ နေထိုင်ပေါင်းသင်းကြသော မိတ်ဆွေသင်္ဂဟ ဆွေမျိုးဉာတိများ ရှိကြရာတွင် ချစ်ခင်ရာကနေ ရုတ်တရက် မုန်းသွားအောင် ပြုလုပ်ဖို့ရာသည် ညီငယ်ရသေ့က မဏိကဏ္ဌနဂါးမင်းအား ပြုလုပ်သကဲ့သို့ ပြုလုပ်ရန်သာ ရှိတော့သည်။ ခပ်သိမ်းသော အလိုကို ပေးနိုင်စွမ်းရှိသောကြောင့် မဏိကဏ္ဌနဂါးမင်းသည် အလွန်စုံမက်စွာ ပတ္တမြားကို လည်ပင်းမှာ ဆွဲထားသည်ဖြစ်ရာ ယင်းပတ္တမြားကို တောင်းသောအခါ သုံးကြိမ်မြောက်၌ ရသေ့အပေါ်၌ အချစ်ပြယ်ကာ တစ်ချိုးတည်း လစ်ပြေးသွားလေတော့သည်။

**သူတစ်ပါး ချစ်မြတ်နိုးတာကို မတောင်းဖို့ ။** ။ အလှူရှင်တို့သည် အလှူခံလာလျှင်၊ တောင်းခံလာလျှင် ပေးကမ်းဖို့ လှူဒါန်းဖို့ အဆင်သင့် ပြုလုပ်ထားတတ်ကြသည်။ များသောအားဖြင့် ပေးနိုင်သည်ကို ပေးလှူဖို့ရာ ဝန်မလေးတတ်ကြပေ။ သို့ရာတွင် အလွန်နှစ်သက် စုံမက်အပ်သော ပစ္စည်းဝတ္ထုကို ပေးလှူနိုင်ရန်မှာမူကား အလွန်ခဲယဉ်းပေလိမ့်မည်။ ထို့ကြောင့် ပေးလှူနိုင်သည်ကိုလည်း အတောင်းမများဖို့ အရေးကြီးသလို သူတစ်ပါးတို့ နှစ်သက် စုံမက်အပ်သော ပစ္စည်းဝတ္ထုကိုလည်း မတောင်းမိဖို့ရာ အရေးကြီးပေသည်။

**အတောင်းများသောအလုပ်ကို မလုပ်ဖို့ ။** ။ ရဟန်းတော်များမှာလည်း စားဝတ်နေရေး ရှိသည်သာ ဖြစ်သောကြောင့် ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓသည် မတောင်းရ။ ကျောင်းမဆောက်ရဟု ပညတ်တော်မမူဘဲ ကုဋိကာရသိက္ခာပုဒ်၌ ကိုယ်တိုင်ကျောင်းဆောက်ရာတွင် အတောင်းရနည်းသော အတိုင်းအတာ ပမာဏရှိသော ကျောင်းကို ဆောက်လုပ်ခွင့် ပေးလေသည်။ ဤနည်းအရ အလုပ်တစ်ခု ပြုလုပ်ရာတွင် မိမိနိုင်နင်းလောက်သော အလုပ်ကို ရွေးချယ်လုပ်သင့်ကြသည်။ မနိုင်မနင်း အကျယ်ချဲ့ ပြုလုပ်ရာ၌ ဟိုလူကယ်ပါ ဒီလူကယ်ပါ အကူအညီ တောင်းခံရမှုများရာမှ နောက်ဆုံးမည်သူမှ မကယ်နိုင်သော အခြေအနေမျိုးသို့ ရောက်တတ်လေသည်။ ထို့ကြောင့် အတောင်းမများရသော အလုပ်ကို လုပ်တတ်ဖို့လည်း အရေးကြီးလှပေသည်။

## ချစ်ခင်မှု မလျော့အောင်

'အတောင်းများလျှင်လည်းကောင်း၊ သူတစ်ပါး နှစ်သက် မြတ်နိုးတာကို တောင်းခံလျှင်လည်းကောင်း လူမပြောနှင့် တိရစ္ဆာန်တို့သည်ပင် မနှစ်သက်။ အမုန်းပွားသည်'

– ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း လူလူချင်း ဆက်ဆံကြရာတွင် **'မုန်းစကို တိုစေ၊ ချစ်စကို ရှည်စေ'** ဆိုသည့်အတိုင်း အမုန်းပွားမည့်ကိစ္စများကို၊ အချစ်လျော့မည့်ကိစ္စများကို သတိထား ရှောင်ကြဉ်ကြရမည် ဖြစ်ပေသည်။

## အမုန်းမပွားရန် ဆောင်ပုဒ်လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | စားဝတ်နေရေး၊ | ထိုသုံးရေး၊ | ရှောင်ပြေးမရပြီ။ |
| ၂။ | မပြေတဲ့ခါ၊ | တောင်းခံတာ၊ | စဉ်လာဖြစ်ပေသည်။ |
| ၃။ | ဝန်မလေးပါ၊ | ကြည်ဖြူစွာ၊ | ပေးတာတောင်းရမည်။ |
| ၄။ | အာဋဝီတိုင်းသား၊ | ရဟန်းများ၊ | အတောင်းများ၍သည်၊ |
| ၅။ | အာဋဝီတိုင်းသား၊ | လူအများ၊ | ရှောင်ရှားကြလေသည်။ |
| ၆။ | တိုင်းတာပမာဏ၊ | ကျောင်းကိုပ၊ | ဗုဒ္ဓပညတ်ပြီ။ |
| ၇။ | စုံမက်လေငြား၊ | ပတ္တမြား၊ | တောင်းငြားလာ၍သည်၊ |
| ၈။ | မဏိကဏ္ဍ၊ | ချစ်ပြယ်ရ၊ | နာဂထွက်ပြေးသည်။ |
| ၉။ | ပေးနိုင်တာပင်၊ | ကြိမ်ဖန်ပင်၊ | တောင်းလျှင်မုန်းတတ်သည်။ |
| ၁၀။ | မပေးနိုင်ဘဲ၊ | တောင်းပြန်လည်း၊ | မုန်းမြဲမုန်းတတ်သည်။ |
| ၁၁။ | တောင်းများအလုပ်၊ | မနိုင်လုပ်၊ | အဟုတ်ရှောင်ရမည်။ |
| ၁၂။ | တန်ရာတန်ရာ၊ | လုပ်ကိုသာ၊ | ညာဏ်ဖြာလုပ်ရမည်။ |
| ၁၃။ | မုန်းပွားကိစ္စ၊ | ချစ်လျော့ရ၊ | မုချရှောင်ရမည်။ |
| ၁၄။ | မုန်းစတိုစေ၊ | ချစ်စရှည်၊ | မှန်ပေကျိုးရှိသည်။ |

ကုဋိကာရသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သံဃာဒိသိသ် ဒုဋ္ဌဒေါသ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**ဒုဋ္ဌဒေါသသိက္ခာပုဒ်** ။ ။ ဒုဋ္ဌဒေါသ – ဟူသည် ဒေါသဖိစီး ဖျက်ဆီးခြင်း ... ဟူ၍ အဓိပ္ပါယ်ရသည်။ ဤသိက္ခာပုဒ်ကို မလ္လမင်း၏သား အရှင်ဒဗ္ဗကို မေတ္တိယ ဘုမ္မဇက ရဟန်းတို့က အခြေအမြစ် မရှိဘဲ ပဋ္ဌမပါရာဇိက အာပတ်ဖြင့် စွပ်စွဲခြင်းကို အကြောင်းပြု၍ ပညတ်အပ်သော ရှစ်ခုမြောက် သံဃာဒိသိသ် အာပတ်သင့်သော သိက္ခာပုဒ် ဖြစ်သည်။

**မလ္လမင်း၏သား အရှင်ဒဗ္ဗ** ။ ။ မလ္လမင်း၏သား အရှင်ဒဗ္ဗသည် (၇)နှစ်သားနှင့် ပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်သို့ ရောက်သော အရှင်မြတ် ဖြစ်သည်။ (၇)နှစ်သားပင် ဖြစ်သော်လည်း ရရှိထားအပ်သော ရဟန္တာ ဟူသော ဂုဏ်က ကြီးမြင့်လှသည်ဖြစ်၍ ကျမ်းဂန်တို့၌ အရှင်ဒဗ္ဗထေရ်ဟူ၍ ခေါ်ဝေါ်မှု ပြုကြလေသည်။

**ဆွမ်းညွှန်ရဟန်း** ။ ။ အရှင်ဒဗ္ဗထေရ်သည် ရဟန္တာအဖြစ်သို့ ရောက်ပြီးဖြစ်၍ ရဟန်းကိစ္စအတွက် နောက်ထပ် ပြုလုပ်အားထုတ်ဖွယ် မရှိသည်ဖြစ်ရကား ပရိနိဗ္ဗာန်မပြုမီ သံဃဝေယျာဝစ္စ ပြုလုပ်လိုသည်ဖြစ်၍ မြတ်စွာဘုရား၏ ခွင့်ပြုချက်ကို ရယူကာ သံဃာတော်များက အသိအမှတ်ပြုသော, သံဃာတော်များအား အိပ်ရာနေရာခင်းပေးခြင်း၊ ဆွမ်းတို့ကို ညွှန်ကြားပေးခြင်း အမှုတို့ကို ဆောင်ရွက်သော သံဃသမ္မုတိရ ဆွမ်းညွှန်ရဟန်း ဖြစ်လေသည်။

**မေတ္တိယ ဘုမ္မဇက ရဟန်း** ။ ။ ဤရဟန်းတို့သည် ဆဗ္ဗဂ္ဂိယရဟန်းတို့၏ ခေါင်းဆောင်များ ဖြစ်ကြသည်။ ထိုအချိန်က မေတ္တိယ ဘုမ္မဇက ရဟန်းတို့သည် ဝါငယ်သောရဟန်းများ ဖြစ်ကြသောကြောင့်လည်းကောင်း၊ ဘုန်းကံ နည်းပါးကြသောကြောင့်လည်းကောင်း အလွန်ညံ့သော အိပ်ရာနေရာတို့၌သာ အိပ်ရခြင်း၊ အလွန်ညံ့သောဆွမ်းတို့ကို သုံးဆောင်ရခြင်းမျိုး အခြေအနေ ဆိုက်ရောက် လျက် ရှိနေလေသည်။

**ကလျာဏဘတ္တိက ဒါယကာ ။** ။ မွန်မြတ်သော ဆွမ်းအာဟာရကို ပေးလှူတတ်သောကြောင့် ကလျာဏဘတ္တိက ဟူ၍ ခေါ်တွင်သော ဒါယကာသည် နက်ဖြန်နေ့၌ မိမိအိမ်တွင် ဆွမ်းကပ်လိုသည့်အတွက် ဆွမ်းညွှန်ရဟန်းဖြစ်သော အရှင်ဒဗ္ဗထေရ်ထံတွင် သံဃာတောင်းလေရာ ထိုအချိန်၌ မေတ္တိယ ဘုမ္မဇက ရဟန်းများ အလှည့်ကျနေသည်ဖြစ်၍ မေတ္တိယ ဘုမ္မဇကရဟန်းတို့အား ပေးလိုက်လေသည်။ ထိုဒါယကာကား မေတ္တိယ ဘုမ္မဇက ရဟန်းတို့ကို မကြည်ညိုသော ဒါယကာ ဖြစ်လေသည်။

**ညံ့ဖျင်းသော ဆွမ်းကိုသာ ကပ်ခြင်း ။** ။ 'နက်ဖြန်ခါ ငါတို့တော့ မွန်မြတ်သော ဆွမ်းအာဟာရတွေကို သုံးဆောင်ရတော့မှာပဲ' - ဟူ၍ ဝမ်းသာစိတ်ဖြင့် မေတ္တိယ ဘုမ္မဇက ရဟန်းတို့သည် ညက အိပ်၍ပင်မပျော် ဖြစ်ကြရသည်။ ကလျာဏဘတ္တိကအိမ်သို့ ရောက်သောအခါ၌ကား မိမိတို့ ထင်တဲ့အတိုင်း မဟုတ်ဘဲ အလွန်ညံ့ဖျင်းသောနေရာ၌ အလွန်ညံ့ဖျင်းသော ဆွမ်းအာဟာရတို့ကိုသာ သုံးဆောင်ကြရလေသည်။ ဆွမ်းကပ်သူကလည်း အိမ်ရှင်များ မဟုတ်ဘဲ အိမ်ရှင်၏ ကျွန်မက ကပ်ခြင်းဖြစ်လေသည်။

**နှလုံးမသွင်းမိခြင်း ။** ။ ဆွမ်းညွှန်ရဟန်းဖြစ်သော အရှင်ဒဗ္ဗသည် မေတ္တိယ ဘုမ္မဇက ရဟန်းတို့အား လူအကြည်ညိုနည်းပုံတို့ကို နှလုံးမသွင်းမိဘဲ အမှတ်မဲ့ ပေးလိုက်မိခြင်း ဖြစ်သည်။ ဤသို့လျှင် သတိပညာ အားကြီးသော ရဟန္တာထေရ်ပင် ဖြစ်လင့်ကစား ထိုအခြေအနေကို နှလုံးမသွင်းမိအောင်ပင် မေတ္တိယ ဘုမ္မဇက ရဟန်းတို့သည် ဘုန်းကံနည်းကြသူများ ဖြစ်ကြလေသည်။

**ပဋ္ဌမပါရာဇိကဖြင့် စွပ်စွဲခြင်း ။** ။ မိမိတို့ ဘုန်းကံနည်းပါးမှုကြောင့် ထိုသို့ ဖြစ်ရသည်ကို နှလုံးမသွင်းကြသော မေတ္တိယ ဘုမ္မဇက ရဟန်းတို့သည် အရှင်ဒဗ္ဗ၏ ပယောဂကြောင့် ဖြစ်ရသည်ဟု နှလုံးသွင်းမှားကြပြီး အရှင်ဒဗ္ဗ အပေါ်၌ ရန်ငြိုးဖွဲ့စိတ်ထားပြီးလျှင် မေတ္တိယာဘိက္ခုနီမအား ပဌမပါရာဇိကဖြင့် စွပ်စွဲစေလေသည်။ ထိုခိုင်းစေချက်အရ မေတ္တိယာဘိက္ခုနီမသည် မြတ်စွာဘုရားထံသို့

ချဉ်းကပ်၍ - 'အရှင်ဒဗ္ဗသည် အကျွန်ုပ်ကို ဖျက်ဆီးအပ်ပါ၏'

- ဟူ၍ လျှောက်ထားလေတော့သည်။

ဒုဋ္ဌဒေါသသိက္ခာပုဒ်ကို ပညတ်ခြင်း ။ ။ မြတ်စွာဘုရားရှင်သည် အမှုမှန်ပေါ်အောင် စစ်ဆေးတော်မူပြီးနောက် နဂိုကပင် သီလမရှိသော မေတ္တိယာဘိက္ခုနီမအား လူဝတ်လဲစေပြီး၊ မေတ္တိယ ဘုမ္မဇက ရဟန်းတို့အား ကဲ့ရဲ့ပြီးနောက် -

'အခြေအမြစ် မရှိဘဲ ရဟန်းတစ်ပါးကို ပါရာဇိကအာပတ်ဖြင့် စွပ်စွဲလျှင် သံဃာဒိသိသ် အာပတ်သင့်ကြောင်း'

- ဖြစ်သော ဒုဋ္ဌဒေါသသိက္ခာပုဒ် ကိုလည်း ပညတ်တော်မူလေသည်။

*( ဝိ ၁ ပါဠိတော်၊ မြန်မာပြန်၊ ဝိ ၄ ၂၊ ဘာဋ္ဌိ ၈ အုပ် )*

## ဒုဋ္ဌဒေါသသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

နှလုံးမသွင်းမိခြင်း ။ ။ အထက်ပါ အကြောင်းအရာများ၌ မှတ်စရာ၊ ကျင့်စရာအဖြစ် သုံးသပ်လျှင် သံဃာတော်တို့အား အိပ်ရာနေရာ ခင်းပေးခြင်း၊ ဆွမ်းညွှန်ခြင်း အလုပ်ကို ပြုလုပ်သော အရှင်ဒဗ္ဗထေရ်၏ အလုပ်သည် အများနှင့် ဆက်ဆံရသော အလုပ်ဖြစ်လေသည်။ အများနှင့် ဆက်ဆံရသော အလုပ်ကို ပြုလုပ်ကြသူတို့သည် အလွန်သတိထား ပြုလုပ်သင့်ကြပေသည်။ လူအကြည်ညိုနည်းသည်ကို နှလုံးမသွင်းမိဘဲ မေတ္တိယ ဘုမ္မဇက ရဟန်းတို့အား ဆွမ်းညွှန်လိုက်သည့်အတွက် အရှင်ဒဗ္ဗသည် ညံ့ဖျင်းသောနေရာနှင့် ဆွမ်းများကိုသာ သုံးဆောင်ရသော မေတ္တိယ ဘုမ္မဇက ရဟန်းများ၏ အာဃာတဖွဲ့ခြင်းကို ခံရလေသည်။

__နှလုံးသွင်းများ__ ॥ ॥ မေတ္တိယ ဘုမ္မဇက ရဟန်းတို့သည် မိမိတို့ကို လူတွေက အကြည်ညို နည်းကြသည်ကိုလည်း အမှတ်မထားကြ။ ရှေးဘုန်းရှေးကံ နည်းသည်ကိုလည်း သတိမပြုကြဘဲ တစ်ခါတစ်ရံမှ ဆွမ်းစားလိုက်ရသော ကိစ္စ၌ ညံ့ဖျင်းသော နေရာ၊ ညံ့ဖျင်းသော အာဟာရများကို သုံးဆောင်ရခြင်းသည် ဆွမ်းညွှန်ရဟန်း အရှင်ဒဗ္ဗ၏ ပယောဂကြောင့် ဟူ၍ နှလုံးသွင်းမှားလေတော့သည်။ ယင်းနှလုံးသွင်းမှားမှုကြောင့် ရဟန္တာထေရ်အား ပဋ္ဌမပါရာဇိက အာပတ်ဖြင့် စွပ်စွဲသော အလွန်အပြစ်ကြီးလေးသော **'အရိယူပဝါဒကံ'** ကို ကျူးလွန်မိလေသည်။

__ခိုင်းတိုင်း မလုပ်သင့်ပုံ__ ॥ ॥ မိဘဆရာသမားများ၊ အထက်လူကြီးများနှင့် ရင်းနှီးကျွမ်းဝင်သူများတို့သည် အလွန်အလေးထားအပ်သော ပုဂ္ဂိုလ်များ ဖြစ်ကြ၍ ၎င်းတို့က ခိုင်းစေလာလျှင် လုပ်ပေးတတ်ကြလေသည်။ သို့ရာတွင် အလွန်ယုတ်ညံ့သော၊ အလွန်အပြစ်ကြီးလေးသော ကိစ္စများကို ခိုင်းလျှင်မူကား မလုပ်ပေးသင့်ကြပေ။ မေတ္တိယာဘိက္ခုနီမသည် မေတ္တိယ ဘုမ္မဇက ရဟန်းများ၏ ခိုင်းစေချက်အရ ခိုင်းတိုင်းပြုလုပ်ပေးသည်ဖြစ်၍ အလွန်ယုတ်ညံ့သော၊ အလွန်အပြစ်ကြီးသော 'အရှင်ဒဗ္ဗသည် သူမအား ဖျက်ဆီးပါသည်' ဟူ၍ ထိတ်လန့် တုန်လှုပ်စရာ အရိယူပဝါဒကံကြီးကို ကျူးလွန်မိရခြင်း ဖြစ်လေသည်။ ယင်းအတွက် မိဘဆရာသမားတို့ပင်ဖြစ်စေ အပြစ်ကြီးသော အကုသိုလ်ကိစ္စမျိုး၌ ခိုင်းတိုင်း မလုပ်သင့်ကြပေ။

__မွန်မြတ်သည်ကို ကပ်သင့်ပုံ__ ॥ ॥ ကြည်ညိုသည်ဖြစ်စေ, မကြည်ညိုသည်ဖြစ်စေ သံဃာတော်တို့အား မိမိအိမ်ကို ပင့်၍ ဆွမ်းကပ်လှူရာ၌ မွန်မြတ်သောနေရာတို့ကို ခင်းပြီး မွန်မြတ်သော အာဟာရတို့ကိုသာ ကပ်လှူသင့်ပေသည်။ မွန်မြတ်သော ဆွမ်းအာဟာရကို ပေးလှူတတ်သည့်အတွက် 'ကလျာဏဘတ္တိက' ဟူ၍ အမည်တွင်သော ဒါယကာသည် မကြည်ညိုသည့်အတွက် ညံ့ဖျင်းသော နေရာကို ခင်းစေခြင်း၊ ညံ့ဖျင်းသော အာဟာရများကို ကပ်လှူစေခြင်းကြောင့် အရိယူပဝါဒကံကြီး ဖြစ်ပေါ်လာရသည်ကား မကောင်းလှပေ။ ထို့ကြောင့် မကြည်ညိုခြင်းနှင့် တွေ့ကြုံရသော်လည်း ယင်းမကြည်ညိုခြင်းကို အောင့်ထားပြီး

အကုသိုလ် မတိုးပွားအောင် မှန်မြတ်သောနေရာ၊ မှန်မြတ်သော အာဟာရကိုသာ ပြုလုပ်သင့်ကြပေသည်။

## အကုသိုလ် မတိုးပွားရန် ဆောင်ပုဒ်လင်္ကာ

၁။ ရဟန်းကိစ္စ၊ ပြီး၍ပ၊ ဒဗ္ဗမထေရ်သည်၊
၂။ သံဃာ့အကျိုး၊ စေတနာတိုး၊ မညှိုးဆောင်ရွက်သည်။
၃။ ကြည်ညိုနည်းပါး၊ သတိအား၊ မထားမိ၍သည်၊
၄။ ဘုမ္မဇက၊ အာဃာတ၊ ထားပြခဲ့ရသည်။
၅။ အဖြစ်မှန်ကင်း၊ နှလုံးသွင်း၊ မှားယွင်းကြ၍သည်၊
၆။ အရိယူပ၊ ကံကြီးမှ၊ ကျူးပြုကြလေပြီ။
၇။ အလေးထားအပ်၊ မြတ်နိုးအပ်၊ ချစ်အပ်သော်လည်းသည်၊
၈။ အကုအစု၊ နိုင်းမှုပြု၊ လုပ်မှုရှောင်ရမည်။
၉။ မေတ္တိယာဟု၊ ခေါ် လေပြု၊ ဘိက္ခုနီသို့သည်၊
၁၀။ ချစ်သူမလို့၊ နိုင်းခြင်းမို့၊ လုပ်ဖို့မသင့်ပြီ။
၁၁။ အများသံဃာ၊ ဆွမ်းကပ်ရာ၊ ဒကာများတို့သည်၊
၁၂။ မှန်မြတ်ရာရာ၊ ရွေးချယ်ကာ၊ ကောင်းတာကပ်သင့်သည်။
၁၃။ ကြည်ညိုမကြည်ညို၊ အဖြစ်ကို၊ ရှောင်ကိုရှောင်ရမည်။
၁၄။ များကျိုးအတွက်၊ ကြည်ဖြူစွက်၊ ဆောင်ရွက်သူတို့သည်၊
၁၅။ အရာရာမှာ၊ သတိဟာ၊ ထားတာကောင်းလေသည်။
၁၆။ အကုမများ၊ ကုသိုလ်ပွား၊ ကြိုးစားဆောင်ရမည်။

**သံဃာဒိသိသ် ၁၃ ပါ ဒုဋ္ဌဒေါသသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။**

## သံဃာဒိသိသ် သံဃဘေဒသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**သံဃဘေဒသိက္ခာပုဒ် ။** ။ သံဃာဒိသိသ် အာပတ် ၁၃-ပါး ရှိသည့်အနက်က - ဤသံဃဘေဒသိက္ခာပုဒ်သည် ဆယ်ခုမြောက် ဖြစ်သည်။ မြတ်စွာဘုရား ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အရှင်ဒေဝဒတ်၏ သံဃာကွဲပြားရန် အားထုတ်မှုကို အကြောင်းပြု၍ ပညတ်အပ်သော သိက္ခာပုဒ်ဖြစ်သည်။

**ဝတ္ထုငါးမျိုး တောင်းခံခြင်း ။** ။ အရှင်ဒေဝဒတ်သည် အပေါင်းအဖော်ဖြစ်သော အရှင်ကောကာလိက, အရှင်ကဋမောဒက တိဿက, အရှင်သမုဒ္ဒဒတ္တတို့နှင့်အတူ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ -

'အရှင်ဘုရား ... မြတ်စွာဘုရားသည် များစွာသောအကြောင်းဖြင့် အလိုနည်းခြင်း, ရောင့်ရဲလွယ်ခြင်း, ကိလေသာကို ခါထုတ်ခြင်း, ကြည်ညိုဖွယ်ကို ဆောင်ခြင်း, လုံ့လကြိုးကုတ် အားထုတ်ခြင်းများ၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ ရှိပါသည်။ ဤဝတ္ထုငါးမျိုးသည် ထိုကဲ့သို့ ဂုဏ်ကျေးဇူးများကို ပေးစွမ်းနိုင်သည် ဖြစ်၍ ထိုဝတ္ထုငါးမျိုးကို ရဟန်းတို့အား ပညတ်ပေးရန် တောင်းပန်လျှောက်ထားအပ် ပါသည်ဘုရား ...

၁။ ရဟန်းတို့သည် အသက်ထက်ဆုံး တောကျောင်းနေ ဖြစ်ကြပါစေ။ ရွာကျောင်းနေရဟန်းအား အပြစ်ရောက်ပါစေ။

၂။ ရဟန်းတို့သည် အသက်ထက်ဆုံး ပိဏ္ဍပတ်ဓုတင်ဆောင် ဖြစ်ကြပါစေ။ လှူဒါယကာတို့ ပင့်ဖိတ်၍ ကျွေးသော ဆွမ်းကို လက်ခံသော ရဟန်းအား အပြစ်ရောက်ပါစေ။

၃။ ရဟန်းတို့သည် အသက်ထက်ဆုံး ပံသုကူဓုတင်ဆောင် ဖြစ်ကြပါစေ။ လှူဒါယကာတို့ လှူသောသင်္ကန်းကို လက်ခံသော ရဟန်းအား အပြစ်ရောက် ပါစေ။

၄။ ရဟန်းတို့သည် အသက်ထက်ဆုံး ရုက္ခမူဓုတင်ဆောင် ဖြစ်ကြပါစေ။ အမိုးအကာရှိသော ကျောင်း၌နေသော ရဟန်းအား အပြစ်ရောက်ပါစေ။

၅။ ရဟန်းတို့သည် အသက်ထက်ဆုံး ငါး, အမဲတို့ကို မစားကြပါစေကုန်လင့်။ စားသောရဟန်းတို့အား အပြစ်ရောက်ပါစေ'

- ဟူ၍ လျှောက်ထားလိုက်လေ၏။

<u>ပယ်မြစ်တော်မူခြင်း ။</u> ။ တောကျောင်းနေ၍ ပိဏ္ဍပတ်ဓုတင်ဆောင်၍ ပံသုကူဓုတင်ဆောင်၍ ရုက္ခမူဓုတင်ဆောင်၍ သားငါးကိုရှောင်၍ မဂ်ဖိုလ်ရမည့် ရဟန်းများရှိကြသလို ရွာကျောင်းနေ၍ လူဒါယကာတို့ ပင့်ဖိတ်လှူဒါန်းသောဆွမ်းကို သုံးဆောင်၍ လူဒါယကာတို့ လှူဒါန်းအပ်သော သင်္ကန်းကို အသုံးပြု၍ အမိုးအကာရှိသော ကျောင်း၌နေ၍ အပြစ်ကင်းသော သားငါးဟင်းများကို သုံးဆောင်၍ မဂ်ဖိုလ်ရမည့် ရဟန်းများလည်း ရှိကြလေသည်။ အကယ်၍ အရှင်ဒေဝဒတ်လျှောက်သည်ကို လက်ခံလျှင် ရွာကျောင်းစသည်၌ နေ၍ မဂ်ဖိုလ်ရမည့် ရဟန်းတို့အား မဂ်ဖိုလ်ကို မရရန် တားမြစ်ရာရောက်သောကြောင့် မြတ်စွာဘုရားသည် ရဟန်းတော်များ အဆင်ပြေသလို သပ္ပါယဖြစ်သလို နေနိုင်ကြရန် အရှင်ဒေဝဒတ်၏ လျှောက်ထားချက်များကို -

'ဒေဝဒတ် ... မသင့်လျော်ပေ'

- စသည်ဖြင့် မိန့်တော်မူပြီး ပယ်မြစ်တော်မူလေသည်။

<u>အရှင်ဒေဝဒတ်၏ နှလုံးသွင်း ။</u> ။ အရှင်ဒေဝဒတ်သည် မြတ်စွာဘုရားရှင် အပေါ်၌ ရန်ငြိုးဖွဲ့စိတ်ရှိသည့်အားလျော်စွာ -

'သံဃာကွဲပြားအောင် ပြုလုပ်နိုင်လျှင် မြတ်စွာဘုရားရှင်၏ အာဏာစက် ပျက်ပေမည်'

- ဟု ကြံစည်ပြီး ထိုသို့ဖြစ်ရန် အကြောင်းနည်းလမ်းကို ရှာသောအခါ အထက်ပါ ဝတ္ထုငါးမျိုးကို သွား၍တွေ့လေသည်။ ထိုဝတ္ထုငါးမျိုးကို မြတ်စွာဘုရား ခွင့်ပြုမည်မဟုတ်။ ခွင့်မပြုလျှင် ထိုဝတ္ထုငါးမျိုးကို အခြေခံ၍ -

'သံဃာကွဲပြားအောင် အားထုတ်မည်'

– ဟူသော ရည်ရွယ်ချက်ဖြင့် ထိုဝတ္ထုငါးမျိုးကို တောင်းဆို လျှောက်ထားခြင်း ဖြစ်လေသည်။

လူတို့ကဲ့ရဲ့ကြပုံ ။ ။ အရှင်ဒေဝဒတ်သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဝင်ရောက်ကာ–

'ရဟန်းဂေါတမထံတွင် ငါသည် ဝတ္ထုငါးမျိုးကို တောင်းသော်လည်း ရဟန်းဂေါတမသည် ခွင့်မပြုပေ။ ငါတို့သည် ထိုဝတ္ထုငါးမျိုးတို့ဖြင့် ဆောက်တည် ကျင့်ကြကုန်ပြီ'

– ဟူ၍ လူအပေါင်းတို့ကို သိစေ၏။ ရတနာသုံးပါးကို မကြည်ညိုသူ အသိဉာဏ်မရှိကြသူတို့ကား –

'ဤရဟန်းတို့သည် ကိလေသာကို ခါထုတ်ကုန်၏။ ခေါင်းပါးသော အသက်မွေးမှု ရှိကုန်၏။ လာဘ်ပေါ်များသော ရဟန်းဂေါတမသည်ကား လာဘ်များခြင်း အကျိုးငှါ အားထုတ်နေလေ၏'

– ဟူ၍ ပြောဆိုကြလေပြီ။ ရတနာသုံးပါးကို ကြည်ညို၍ အသိဉာဏ် ပညာရှိကြသူတို့ကား –

'ဒေဝဒတ်သည် မြတ်စွာဘုရား၏ သံဃာကွဲပြားခြင်းငှါ၊ အာဏာစက် ပျက်ခြင်းငှါ အဘယ်ကြောင့် လုံ့လပြုဘိသနည်း'

– ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြပြောဆိုကြလေကုန်၏။ ထိုစကားကို ရဟန်းတို့ ကြား၍ အလိုနည်းသော ရဟန်းတို့ကလည်း ထို့အတူ ကဲ့ရဲ့ရှုတ်ချ အပြစ်ပြပြောဆို ကြလေကုန်၏။ ထိုအကြောင်းကို ရဟန်းတို့သည် မြတ်စွာဘုရားအား လျှောက်ထား သောအခါ မြတ်စွာဘုရားရှင်သည် ဒေဝဒတ်အား များစွာသောအကြောင်းဖြင့် ကဲ့ရဲ့ တော်မူပြီးနောက် အောက်ပါ သံဃဘေဒ သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

**သံဃဘေဒသိက္ခာပုဒ် ပညတ်ပုံ** ။ ။ သံဃာကွဲပြားအောင် လုံ့လပြုသောရဟန်းကို အကြင်ရဟန်းတို့သည် မြင်ကုန်အံ့၊ ကြားကုန်အံ့။ ထိုရဟန်းတို့သည် ယူဇနာဝက် ခရီးအတွင်းမှမူလည်း လာရောက်၍ -

'အရှင်သည် ညီညွတ်သော သံဃာ၏ ကွဲပြားခြင်းငှါ လုံ့လမပြုပါလင့်။ ကွဲပြားခြင်းကို ဖြစ်စေတတ်သော အကြောင်းကိုသော်လည်း ခိုင်မြဲစွာ စွဲယူပြုမူ၍ မတည်ပါလင့်။ အရှင်သည် သံဃာနှင့် ညီညွတ်ပါလော့။ ညီညွတ်သည်သာလျှင် ဖြစ်သော သံဃာသည် ကောင်းစွာ ဝမ်းမြောက်သည်ဖြစ်၍၊ မငြင်းခုံသည်ဖြစ်၍၊ တူသောပါတိမောက်ပြခြင်း ရှိသည်ဖြစ်၍ ချမ်းသာစွာနေရ၏'

- ဟု ပြောဆိုရမည်။ သုံးကြိမ်တိုင်အောင် ပြောဆိုသော်လည်း မစွန့်ငြားအံ့။ သံဃာကွဲပြားအောင် လုံ့လပြုသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ သံဃာကွဲပြားအောင် လုံ့လပြုနေသည်ကို မြင်လျက်၊ ကြားလျက် ထိုသို့ လာရောက်မပြောအံ့။ မပြောသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

ထိုသို့ သုံးကြိမ်တိုင်အောင် ပြောဆိုသော်လည်း ထိုအယူကို မစွန့်သော ရဟန်းအား ရဟန်းတို့သည် ဉတ်ကမ္မဝါစာဖြင့် သုံးကြိမ်တိုင်အောင် ဆိုးမရမည်။ ဉတ်၏ အဆုံး၌ ထိုရဟန်းသည် ဒုက္ကဋ်အာပတ်သင့်၏။ ကမ္မဝါ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သင့်၏။ ကမ္မဝါစာအဆုံး၌ သံဃာဒိသိသ် အာပတ်သင့်၏။

*( ဝိ - ၁ - ပါဠိတော်၊ မြန်မာပြန် ။ ဝိ - ၄ - ၂၊ ဘာဋီ - ၈ )*

## သံဃဘေဒသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**ကမ်းကုန်အောင် မိုက်သူ** ။ ။ ပဥ္စာနန္တရိယကံ ငါးပါးတို့တွင် သံဃာကို ကွဲပြားအောင် ပြုလုပ်မှုလည်း ပါဝင်သည်ဖြစ်၍ သံဃာကို ကွဲပြားအောင် အားထုတ်မှု သံဃဘေဒကံသည် ဤဘဝကွယ်လွန်ပြီးသည်၏နောက် အဝီစိငရဲ၌ ကျခံရမည်ဖြစ်၏။ အရှင်ဒေဝဒတ်ကား ဤသာသနာတော်၌ ကမ်းကုန်အောင် မိုက်သည် ဟု ဆိုနိုင်ပေ၏။ မြတ်စွာဘုရားကို အမျိုးမျိုး လုပ်ကြံသော်လည်း မရသောအခါ အထက်ကအတိုင်း သံဃာကွဲပြားအောင် အားထုတ်ပြန်လေ၏။

<u>ကွဲပြားအောင် မလုပ်သင့်</u> ။ ။ လူ့လောကဌ် ညီညွတ်အောင် နေထိုင်ပြောဆိုပြုမူ ကျင့်ကြံကြခြင်းသည် ချမ်းသာခြင်း၏ အကြောင်း ဖြစ်ပေ၏။ စိတ်ချမ်းသာမှု၊ ဘဝသာယာမှု၊ လုပ်ငန်းအောင်မြင်မှုတွေ ရနိုင်ကြပေ၏။ မညီမညွတ်တွေ ဖြစ်လာကြလျှင်မူကား ဘဝသာယာမှုတွေလည်း ကင်းရ၏။ စိတ်ဆင်းရဲမှုတွေလည်း ဖြစ်ရ၏။ လုပ်ငန်းများလည်း ထိခိုက်နစ်နာ ဆုံးရှုံးရဘက် လေ၏။ ထို့ကြောင့် ရဟန်းလောက၊ လူ့လောက ဘယ်အသိုင်းအဝိုင်း၊ ဘယ်ပရိသတ် မျိုးမဆို မိဘကို သတ်ဖြတ်ခြင်းကဲ့သို့ အပြစ်ကြီးလှသည်ဖြစ်၍ ညီညွတ်နေသူတို့အား ကွဲပြားအောင် ဘယ်လိုပုံစံနှင့်မှ အားမထုတ်သင့်ပေ။ ပို၍ပို၍ ညီညွတ်အောင်သာ ပြုလုပ်ကြရမည် ဖြစ်ပေ၏။

<u>ကွဲပြားခြင်းကို ရှောင်ကြဉ်ရန် လင်္ကာ</u>

၁။ သံဃာကွဲလတ်၊ ဒေဝဒတ်၊ မပြတ်အားထုတ်သည်။
၂။ သံဃဘေဒ၊ ခေါ်ဆိုရ၊ ဗုဒ္ဓပညတ်ပြီ။
၃။ ညီညွတ်ပေတုံ၊ ချမ်းသာစုံ၊ စုပြုံရနိုင်သည်။
၄။ ဘဝသာယာ၊ အေးမြစွာ၊ ကောင်းစွာနေရမည်။
၅။ ညီညွတ်ခြင်းကင်း၊ ချမ်းသာခြင်း၊ အလျဉ်းမရှိပြီ။
၆။ မိဘသတ်ခြား၊ အပြစ်လား၊ ကြီးမားပါ၍သည်၊
၇။ ကွဲပြားစေရာ၊ အားထုတ်တာ၊ သေချာရှောင်ရမည်။
၈။ ဘယ်လိုပုံစံ၊ ကွဲပြားရန်၊ မကြံသင့်ပေပြီ။
၉။ ပိုညီညွတ်အောင်၊ ဤလူ့ဘောင်၊ လုပ်ဆောင်ကြရမည်။

သံဃာဒိသိသ် သံဃဘေဒသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သံဃာဒိသိသ် ဒုဗ္ဗစ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

ဒုဗ္ဗစ သိက္ခာပုဒ် ॥ ॥ အပြောခက် အဆိုခက်ကို ဒုဗ္ဗစ ဟူ၍ ခေါ်၏။ ဤဒုဗ္ဗစသိက္ခာပုဒ်ကို မြတ်စွာဘုရားရှင်သည် ကောသမ္ဗီမြို့ ဃောသိတာရုံကျောင်း၌ သီတင်းသုံးတော်မူနေစဉ် **'အပြောအဆိုခက်သော အရှင်ဆန္န'** ကို အကြောင်းပြု၍ ပညတ်တော်မူခြင်း ဖြစ်သည်။

အပြောအဆို မခံပုံ ॥ ॥ မသင့်လျော်သော အနေအထိုင် အပြုအမူ အပြောအဆိုတို့ကြောင့် ရဟန်းတို့က အရှင်ဆန္နအား -

'ငါ့ရှင်ဆန္န ... ဤသို့သော အမှုမျိုးကို မပြုလင့်။ ဤအမှုသည် မအပ်'

- ဟူ၍ ပြောဆိုကြသောအခါ အရှင်ဆန္နသည် ရဟန်းတို့အား -

'ငါ့ရှင်တို့ ... သင်တို့သည် အဘယ်ကြောင့် ငါ့ကို ပြောဆိုသင့်သည်ဟု မှတ်ထင်ကုန်သနည်း။ ငါကသာလျှင် သင်တို့ကို ပြောဆိုရာ၏။ ငါတို့၏ ဘုရားတည်း။ ငါတို့၏ တရားတည်း။ ငါတို့၏ အရှင့်သားသည် တရားကို ထိုးထွင်း၍ သိတော်မူအပ်ပြီ' - ဟူ၍ ပြန်ပြောလေ၏။

(ဤ၌ အရှင်ဆန္နသည် 'ငါတို့၏ သံဃာတည်း' ဟူ၍ မပြောသည်ကား သံဃာသည် ရန်သူဘက်၌ တည်သည်ဟူ၍ မှတ်ထင်သောကြောင့်တည်း)

သံဃာများ ကဲ့ရဲ့ကြပုံ ॥ ॥ အလိုနည်းကုန်သော ရဟန်းတို့သည် -

'အရှင်ဆန္နသည် ရဟန်းတို့က သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် မိမိကိုယ်ကို မပြောဆိုသင့်သည်ကို အဘယ်ကြောင့် ပြုဘိသနည်း'

- ဟု ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအားလည်း လျှောက်ထားကြလေကုန်၏။

<u>သိက္ခာပုဒ် ပညတ်ပုံ</u> ။ ။ မြတ်စွာဘုရားရှင်သည် မေးစိစစ်ပြီးနောက် အရှင်ဆန္နအား များစွာသော အကြောင်းဖြင့် ကဲ့ရဲ့တော်မူပြီးလျှင် ဒုဗ္ဗစ သိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

ဒုဗ္ဗစရဟန်းကို ရဟန်းတို့က ဆိုဆုံးမအပ်သည်ရှိသော် ဒုဗ္ဗစရဟန်းသည်–

'အရှင်တို့သည် တပည့်တော်ကို ကောင်းသည်ကို လည်းကောင်း၊ မကောင်းသည်ကိုလည်းကောင်း မပြောကြ ပါနှင့်။ တပည့်တော်ကလည်း အရှင်တို့ကို ပြောလိမ့်မည် မဟုတ်'

– ဟု မိမိကိုယ်ကို မပြောဆိုသင့်သည်ကို ပြု၏။ ထိုဒုဗ္ဗစရဟန်းကို ရဟန်းတို့သည် –

'အရှင်သည် မိမိကိုယ်ကို မပြောဆိုသင့်သည်ကို မပြုပါလင့်။ အရှင်သည် မိမိကိုယ်ကို ပြောဆိုသင့်သည်ကိုသာ ပြုပါလော့။ အရှင်ကလည်း ရဟန်းတို့ကို တရားနှင့်အညီ ဆိုပါလော့။ ရဟန်းတို့ကလည်း အရှင့်ကို တရားနှင့်အညီ ဆိုကြ ပါလိမ့်မည်။ ဤသို့ အချင်းချင်း ဆိုဆုံးမခြင်းဖြင့်သာလျှင် ထိုမြတ်စွာဘုရား၏ ပရိသတ်သည် ကြီးပွားခြင်းသို့ ရောက် နိုင်၏'

– ဟု ပြောဆိုကြရာ၏။ ဤသို့ ရဟန်းတို့က ကောင်းစွာ ပြောဆိုအပ်သည် ဖြစ်ပါလျက် ထိုဒုဗ္ဗစရဟန်းသည် သုံးကြိမ် မြောက်တိုင်အောင် ရေးအတူ ပြုမူငြားအံ့။ ဒုက္ကဋ်အာပတ် သင့်၏။ ထို့နောက် ရဟန်းတို့သည် ထိုဒုဗ္ဗစရဟန်းကို ဉတ်ကမ္မဝါစာ ဖြင့် ဆိုဆုံးမရမည်။ ထိုသို့ဆုံးမသော်လည်း ထိုအယူကို မစွန့်အံ့။ ဉတ်အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာ ၂–ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်းအာပတ် သင့်၏။ ကမ္မဝါစာ အဆုံး၌ သံဃာဒိသိသ် အာပတ်သင့်၏ ။

*( ဝိ – ၁ – ပါဠိတော်, မြန်မာပြန်၊ ဝိ – ၄ – ၂၊ ဘာဋီ – ၈ )*

အတ္တမာန များနေ၍ ။ ။ အရှင်ဆန္နကား မိမိကိုယ်ကို အထင်ကြီးကာ အတ္တမာန များနေသူဖြစ်၏။ မိမိမှာ ရဟန်းတရား တစိုးတစိ မရှိပါဘဲ လျက် မြတ်စွာဘုရားရှင် တောထွက်တော်မူစဉ်က မြင်းမြီးဆွဲ၍ လိုက်ပါရသည် ကိုလည်းကောင်း၊ မိမိ၏ အရှင်သခင် ဖြစ်နေသည်ကိုလည်းကောင်း အကြောင်းပြု၍ ရဟန်းကောင်းတို့အား အထင်သေးကာ အဆုံးအမ မခံဘဲ ကက်ကက်လန် ရန်တွေ့ လေ၏။

ဆိုဆုံးမလွယ်ရန် အရေးကြီး ။ ။ ပုထုဇဉ် ပုဂ္ဂိုလ်တို့မည်သည် အရာခပ်သိမ်း၌ တတ်သိလိမ္မာခြင်း မရှိနိုင်သည်ဖြစ်၍ မသင့်လျော် သော အပြုအမူ အပြောအဆိုမျိုး ပြောဆိုပြုမူမိကြသောအခါမျိုးတွင် ရှေးဦးစွာ သိတင်းသုံးဖော် အချင်းချင်း သတိပေး ပြောဆိုဆုံးမကြရန် အရေးကြီးသကဲ့သို့ ယင်းအချင်းချင်း၏ ပြောဆိုဆုံးမချက်ကို လိုက်နာလွယ်ရန်လည်း အရေးကြီးလှ ပေသည်။ အချင်းချင်း သတိပေးပြောဆိုဆုံးမသည်ကို မလိုက်နာဘဲ အထက်အထက်သို့ ပြဿနာ တက်ရောက်သွားလျှင်မူကား အပြစ်ကြီးခြင်း အဖြစ်သို့ ရောက်တတ်ပေသည်။

ပြောလွယ်ဆိုလွယ်ခြင်းသည် မင်္ဂလာ ။ ။ 'ပြောလွယ်ဆိုလွယ် လိုက်နာလွယ်ခြင်းသည် မင်္ဂလာ' ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ ထားသည့်အတိုင်း မိမိ၏ ချွတ်ယွင်းချက်ကို သတိပေးထောက်ပြ ဆုံးမမှု ပြောသောအခါ ကြည်ဖြူစွာ လွယ်ကူစွာ လိုက်နာပြုကျင့်ခြင်းသည် ဆုံးမသူအတွက်လည်း ဆုံးမရကျိုး နပ်သဖြင့် စိတ်ချမ်းသာရ၏။ မိမိအတွက်လည်း ကောင်းကျိုးရသဖြင့် စိတ်ကြည်နူးရ၏။ အချင်းချင်းတို့မှာလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။ မိမိတို့ အဖွဲ့အသင်း၏ ကြီးပွားခြင်းကိုလည်း ဖြစ်စေ၏။ ထို့ကြောင့် အပြောခက် အဆိုခက်ကို ရှောင်ရှားပြီး ပြောလွယ်ဆိုလွယ် လိုက်နာလွယ်သူဖြစ်အောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်ပေ သည်။

## အပြောခက် အဆိုခက် အဖြစ်မှ ရှောင်ရှားရန် လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | အတ္တမာန၊ | ကြီး၍ပ၊ | ဆန္ဒမထေရ်သည်၊ |
| ၂။ | ပြောလို့မရ၊ | ဒုဗ္ဗစ၊ | ဗုဒ္ဓပညတ်ပြီ။ |
| ၃။ | ပြောဆိုလွယ်တာ၊ | မင်္ဂလာ၊ | မြတ်စွာဟောထားသည်။ |
| ၄။ | ဆုံးမလွယ်မှု၊ | ဆုံးမသူ၊ | စိတ်မှုချမ်းသာသည်။ |
| ၅။ | လိုက်နာသူမှာ၊ | ကောင်းကျိုးဖြာ၊ | စိတ်မှာကြည်နူးသည်။ |
| ၆။ | ချင်းချင်းမှားလဲ၊ | တအားဘဲ၊ | စိတ်ထဲဝမ်းသာသည်။ |
| ၇။ | အဖွဲ့အသင်း၊ | ကြီးပွားခြင်း၊ | မယွင်းဖြစ်ပေသည်။ |
| ၈။ | ဆိုလွယ်သူများ၊ | ဖြစ်ဖို့ခြား၊ | ကြိုးစားကြရမည်။ |

သံဃာဒိသိသ် ဒုဗ္ဗစသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။



## သံဃာဒိသိသ် ကုလဒူသက သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**ကုလဒူသက သိက္ခာပုဒ်** ။ ။ သံဃာဒိသိသ် သိက္ခာပုဒ် ၁၃-ပါးရှိသည့်အနက်က ဤသိက္ခာပုဒ်သည် ၁၃-ခုမြောက် သိက္ခာပုဒ်ဖြစ်သည်။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှက်မရှိကြကုန်သော ရဟန်းယုတ်ဖြစ်ကုန်သော အဿဇိ ပုနဗ္ဗသုက အမည်ရကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ် ဖြစ်သည်။

**ကုလဒူသက အဓိပ္ပါယ်** ။ ။ ဒါယကာ၊ ဒါယိကာမတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်းကို ကုလဒူသက ခေါ်သည်။ သဒ္ဓါတရား အစစ်အမှန်သည် အကျင့်သိက္ခာနှင့် ပြည့်စုံကုန်သော ရဟန်းကောင်းတို့ကို ကြည်ညိုရမည် ဖြစ်သည်။ ယခု သဒ္ဓါတရားကို အဖျက်ဆီးခံရသည်ဖြစ်၍ ထိုဒါယကာ၊ ဒါယိကာမတို့သည် ရဟန်းကောင်းတို့ကို ကြည်ညိုမှု မပြုဘဲ ပန်း, သစ်သီး စသည်တို့ဖြင့် မိမိအား လက်ဆောင်ပေးသော ရဟန်းဆိုး၊ ရဟန်းယုတ်တို့ကို ကြည်ညိုမှု ပြုနေပေသည်။ ပန်းပေးခြင်း, သစ်သီးပေးခြင်း စသည်တို့ဖြင့် ဒါယကာ၊ ဒါယိကာမတို့၏ သဒ္ဓါတရားကို ဖျက်ဆီးကြကုန်သော ရဟန်းတို့ကား အဿဇိ ပုနဗ္ဗသုက အမည်ရသော ရဟန်းတို့ ဖြစ်လေသည်။

**အဿဇိ ပုနဗ္ဗသုက ဖြစ်ပေါ်လာပုံ** ။ ။ ထိုအဿဇိ ပုနဗ္ဗသုကတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့တွင် အကြီးဆုံး ဆဗ္ဗဂ္ဂီရဟန်းတို့ ဖြစ်ကြသည်။ ချဲ့ပါဦးမည်။ သာဝတ္ထိမြို၌ သူငယ်ချင်း(၆)ယောက်တို့သည် -

'လူ့ဘဝ၌ လယ်လုပ်ခြင်း စသည်တို့ကို ပြုနိုင်ခဲကုန်၏။ ငါတို့သည် ဂုဏ်ရှိန်မြင့်သော ရဟန်းတို့ထဲတွင် ရဟန်းပြုကြကုန်စို့'

- ဟူ၍ တိုင်ပင်ကြပြီးလျှင် အရှင်သာရိပုတြာ, အရှင်မောဂ္ဂလာန် ဟူသော အဂ္ဂသာဝကတို့၏ အထံ၌ ရဟန်းပြုကြလေသည်။

ထိုရဟန်း(၆)ပါးတို့သည် ငါးဝါတိုင်တိုင် ဒွေမာတိကာကို အဝါးဝစွာ လေ့လာ သင်ယူပြီးနောက် သာဝတ္ထိမြို့ ရာဇဂြိုဟ်မြို့ ကိဋာဂိရိဇနပုဒ်တို့၌ ခွဲဝေနေကြရာတွင် ပဏ္ဍုက လောဟိတက မည်သော ရဟန်းတို့သည် သာဝတ္ထိမြို့၌လည်းကောင်း၊ မေတ္တိယ ဘုမ္မဇက မည်သော ရဟန်းတို့သည် ရာဇဂြိုဟ်မြို့၌လည်းကောင်း၊ အဿဇိ ပုနဗ္ဗသုက မည်သော ရဟန်းတို့သည် ကိဋာဂိရိအရပ်၌ လည်းကောင်း အသီးသီး နေထိုင်ကြကာ ပရိသတ်မွေးမြူကြသည်ဖြစ်၍ တစ်အုပ်စုလျှင် ရဟန်းပရိသတ် ငါးရာစီ မွေးမြူစုဆောင်းမိကြ၍ (၁၅၀၀)သော ရဟန်းများ ဖြစ်ပေါ်လာကြလေသည်။ ထိုရဟန်း များကို ဆဗ္ဗဂ္ဂီ ရဟန်းများဟူ၍ ခေါ်ဆိုလေသည်။ ထိုသုံးအုပ်စုတို့တွင် ပဏ္ဍုက လောဟိတက ရဟန်းအုပ်စုတို့သည် သီလရှိကုန်သော ရဟန်းအုပ်စုဖြစ်ပြီး ကျန်နှစ် အုပ်စုတို့သည် အရှက်မရှိ ယုတ်မာသော ရဟန်းအုပ်စုတို့ ဖြစ်ကြလေသည်။

<u>ကုလဒူသက ပြုလုပ်ကြပုံ</u> ။ ။ ကိဋာဂိရိ အရပ်၌ ကျောင်းထိုင်ဖြစ်ကုန်သော အဿဇိ ပုနဗ္ဗသုက ရဟန်းတို့သည် အမျိုးသမီးကြီး၊ အမျိုးသမီးငယ်တို့နှင့် အတူတူအိပ်, အတူတူစားကာ ရောရောနှောနှောလည်း နေထိုင် ကြကုန်၏။ အရက်လည်း သောက်ကြကုန်၏။ သီချင်းလည်း ဆိုကြကုန်၏။ ကလည်း ကကြကုန်၏။ လေလည်း ချွန်ကြကုန်၏။ ဆိုင်းတီးခြင်းကိုလည်း ပြုကြကုန်၏။ ရှစ်ကွက်ကျား စသည်ဖြင့်လည်း ကျားထိုးကစားကြကုန်၏။ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ပန်းပေးခြင်း, သစ်သီးပေးခြင်း စသော လက်ဆောင်တို့ကိုလည်း ပေးကြကုန်၏။ ဤသို့ စသည်ဖြင့် အမျိုးမျိုးသော အကျင့်ဆိုးတို့ကို ပြုကျင့်နေကြ လေကုန်၏။

<u>ရဟန်းကောင်းတို့ကို မကြည်ညိုကြပုံ</u> ။ ။ ကာသိတိုင်း ဇနပုဒ်၌ ဝါဆိုသော ရဟန်း တစ်ပါးသည် ဝါကျွတ်သောအခါ - မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိပြည်သို့ ထွက်လာရာတွင် ကိဋာဂိရိသို့ ရောက်လာ၍ ဣန္ဒြေသိက္ခာ ပြည့်စုံစွာ ကြည်ညိုဖွယ်ကို ဆောင်၍ ဆွမ်းခံလေ၏။ ထိုရဟန်းကို လူအပေါင်းတို့ မြင်လေလျှင် -

'ထုံထိုင်းထိုင်း နန့်နဲ့နဲ့ ဒေါသထွက်သကဲ့သို့ မျက်မှောင်ကုပ်၍ သွားသော ဤသူကား အဘယ်သူနည်း။ ဤကဲ့သို့သူအား အဘယ်သူသည် ဆွမ်းကိုလှူလတ္တံ့နည်း။ ငါတို့၏အရှင် အဿဇိ ပုနဗ္ဗသုကတို့သည်ကား နူတ်ချိုကုန်၏။ ပြုံးပြုံးကြကုန်၏။ လာပါ လာပါ ဟု ဖော်ရွေစွာ ကြိုဆိုကုန်၏။ ထိုအရှင်တို့အားသာလျှင် ဆွမ်းကိုလှူသင့်ပေ၏' - ဟု ပြောဆိုကြကုန်၏။

<u>ပညာရှိ ဒါယကာ</u> ။ ။ အသိဉာဏ် ပညာရှိသော ဒါယကာတစ်ဦးသည် ထိုရဟန်းကို တွေ့မြင်သော် ရိုသေစွာ ရှိခိုး၍ စုံစမ်းမေးမြန်း၍ ဆွမ်းမရသေးမှန်း သိသောအခါ အိမ်သို့ပင့်၍ ဆွမ်းကပ်လေ၏။ ထို့နောက် ဤသို့သော စကားကို ပြောဆိုလေ၏။

"အရှင်ဘုရား ... တပည့်တော်၏ စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးညွတ်ရှိခိုးပါလော့။ ဤသို့လည်း လျှောက်ပါလော့။

'အရှင်ဘုရား ... ကီဋာဂိရိ၌ ကျောင်းတိုက်သည် ပျက်စီးပါပြီ။ အဿဇိ ပုနဗ္ဗသုက မည်ကုန်သော အရှက်မရှိကြသော ရဟန်းယုတ်တို့သည် ကီဋာဂိရိ၌ ကျောင်းထိုင်ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည်။ ထိုရဟန်းတို့သည် ပန်းပင်များကို စိုက်ပျိုးကာ လူတို့အား ပန်းပေးခြင်း၊ သစ်သီးပေးခြင်းတို့ဖြင့် သိမ်းသွင်းလျက် ရှိကြပါသည်။ အမျိုးသမီးကြီး/ငယ်တို့နှင့် အတူတူအိပ်၊ အတူတူစားကာ ရောရောနှောနှော နေကြပါသည်။ သီချင်းဆိုခြင်း၊ ဆိုင်းတီးခြင်း၊ ကခုန်ခြင်း၊ ကျားကစားခြင်း၊ လေချွန်ခြင်း စသည် အမျိုးမျိုးသော အကျင့်ဆိုးတို့ကို ပြုကျင့်လျက် ရှိကြပါသည်။

မြတ်စွာဘုရား ... ရှေးအခါ၌ ရတနာသုံးပါးကို ယုံကြည်ကြ၊ ကြည်ညိုကြသော လူတို့သည် ယခုအခါ၌ မယုံကြည်ကြ၊ မကြည်ညိုကြတော့ပါ။ ရှေးအခါက သံဃာတော်တို့၏ အလှူဝတ်တို့သည်လည်း ယခုအခါ၌ ပြတ်ပါကုန်၏။ သီလကို ချစ်မြတ်နိုးကြကုန်သော ရဟန်းကောင်းတို့သည် ဆိတ်သုဉ်းကြပါ၏။ ယုတ်မာသော ရဟန်းတို့သည် နေကြပါ၏။

မြတ်စွာဘုရား ... တောင်းပန်ပါသည်။ မြတ်စွာဘုရားသည် ကီဋာဂိရိသို့ ရဟန်းတို့ကို စေလွှတ်တော်မူပါ။ ယင်းသို့ စေလွှတ်ခြင်းဖြင့် ကီဋာဂိရိ၌ ဤကျောင်းတိုက်တို့သည် ကောင်းစွာတည်ရာပါ၏' - ဤသို့ လျှောက်ပါလော့"

- ဟူ၍ ပြောဆိုလေ၏။

<u>နှင်ထုတ်ခိုင်းခြင်း ။</u> ။ ထိုရဟန်းသည် ထိုဒါယကာ၏ ပြောစကားကို 'ကောင်းပြီ' ဟု ဝန်ခံပြီးလျှင် ထိုမှထွက်ခွါလာခဲ့ရာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းသို့ ရောက်သောအခါ၌ ထိုဒါယကာ လျှောက်ခိုင်းသော အလုံးစုံသော စကားကို မြတ်စွာဘုရားအား လျှောက်ထားလိုက်လေ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ရဟန်းသံဃာတော်တို့အား စုဝေးစေပြီး ထိုအဿဇိ ပုနဗ္ဗသုက ရဟန်းတို့အား အကြောင်းများစွာဖြင့် ကဲ့ရဲ့တော်မူပြီးလျှင် ထိုရဟန်းတို့သည် အရှင်သာရိပုတြာ, အရှင်မောဂ္ဂလာန်တို့ တပည့်များဖြစ်ကြ၍ အရှင်သာရိပုတြာ, အရှင်မောဂ္ဂလာန်တို့ကို 'ပဗ္ဗဇနီယ ကမ္မဝါစာ' ဖြင့် –

'အဿဇိ ပုနဗ္ဗသုက ရဟန်းတို့သည် ကီဋာဂိရိ၌ မနေရ'

– ဟု နှင်ထုတ်ခိုင်းတော်မူလေ၏။

<u>လူထွက်ကြခြင်း ။</u> ။ အရှင်သာရိပုတြာ, အရှင်မောဂ္ဂလာန်တို့သည် များစွာသော ရဟန်းသံဃာများကို ခေါ်ဆောင်လျက် ကီဋာဂိရိအရပ်သို့ ကြွရောက်တော်မူကာ ပဗ္ဗဇနီယ ကမ္မဝါစာဖြင့် –

'အဿဇိ ပုနဗ္ဗသုက ရဟန်းတို့သည် ကီဋာဂိရိ၌ မနေရ'

– ဟု နှင်ထုတ်မှု ပြုကြလေကုန်၏။ ထိုသို့ နှင်ထုတ်ပြီးသောအခါ ထိုအဿဇိ ပုနဗ္ဗသုက ရဟန်းဆိုးတို့သည် ကောင်းစွာ မကျင့်ကြကုန်။ မာန်မချကြကုန်။ ကံမှ ထုတ်ဆောင်တတ်သော အကျင့်ကို မကျင့်ကြကုန်။ ရဟန်းသံဃာကို မတောင်းပန်ကြကုန်။ ဆဲရေးကြကုန်၏။ ရေရွတ်ကြကုန်၏။ အဂတိလိုက်စားသည် ဟူ၍လည်း ပြောဆိုကြကုန်၏။ ဖဲသွားလည်း ဖဲသွားကြကုန်၏။ လူလည်း ထွက်ကြကုန်၏။

<u>ရဟန်းများ ကဲ့ရဲ့ကြခြင်း ။</u> ။ ထိုအခါ အလိုနည်းသော ရဟန်းတို့သည် –

'အဿဇိ ပုနဗ္ဗသုက ရဟန်းတို့သည် 'သံဃာသည် နှင်ထုတ်အပ်ကုန်လျက် အဘယ်ကြောင့် ကောင်းစွာမကျင့်ကုန်ဘိသနည်း။ မာန်မချကုန်ဘိသနည်း။ ကံမှ ထုတ်ဆောင်တတ်သော အကျင့်ကို မကျင့်ကုန်ဘိသနည်း။ ရဟန်းတို့ကို မတောင်းပန်ကုန်ဘိသနည်း။ ဆဲရေးကုန်ဘိသနည်း။ ရေရွတ်ကုန်ဘိသနည်း။ အဂတိ လိုက်စား

သည်ဟူ၍ ပြောရကုန်ဘိသနည်း။ ဖဲသွားလည်း ဖဲသွားကုန်ဘိသနည်း။ လူလည်း ထွက်ကုန်ဘိသနည်း'

– ဟု ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြပြောဆိုကြကုန်၏။ ထိုအကြောင်းကို မြတ်စွာဘုရား အားလည်း လျှောက်ထားကြလေကုန်၏။

**ကုလဒူသက သိက္ခာပုဒ် ပညတ်တော်မူခြင်း ။**

။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် မေးမြန်း စိစစ်တော်မူပြီးနောက် ထိုအသဿဇိ ပုနဗ္ဗသုက ရဟန်းတို့အား များစွာသော အကြောင်း ဖြင့် ကဲ့ရဲ့တော်မူပြီးလျှင် အောက်ပါ ကုလဒူသက သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

ပန်းပေးခြင်း၊ သစ်သီးပေးခြင်း၊ ဆေးကုပေးခြင်း၊ အစေအပါးခံခြင်း စသည် တို့ဖြင့် အမျိုးကို ဖျက်ဆီးတတ်သော ပန်းပင်ငယ်ကို စိုက်ခြင်း၊ စိုက်စေခြင်း စသည် ဖြင့် ယုတ်မာသော အကျင့်ရှိသော ရဟန်းသည် တစ်ခုသော ရွာနိဂုံးကို အမှီပြု၍ နေ၏။

ထိုကုလဒူသကရဟန်း၏ ယုတ်မာသော အကျင့်တို့ကို အခြားရဟန်းတို့သည် မြင်လည်း မြင်အပ်ကုန်၏။ ကြားလည်း ကြားအပ်ကုန်၏။ ထိုကုလဒူသက ရဟန်းသည် ဖျက်ဆီးအပ်သော အမျိုးတို့ကိုလည်း မြင်လည်း မြင်အပ်ကုန်၏။ ကြားလည်း ကြား အပ်ကုန်၏။ ထိုကုလဒူသက ရဟန်းကို အခြားရဟန်းတို့သည် –

'အရှင်သည်ကား အမျိုးကို ဖျက်ဆီးတတ်၏။ ယုတ်မာသော အကျင့်ရှိ၏။ အရှင်၏ ယုတ်မာသော အကျင့်တို့ကို ငါတို့သည် မြင်လည်း မြင်အပ်ကုန်၏။ ကြားလည်း ကြားအပ်ကုန်၏။ အရှင်သည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း ငါတို့သည် မြင်လည်း မြင်အပ်ကုန်၏။ ကြားလည်း ကြားအပ်ကုန်၏။ အရှင်သည် ဤကျောင်းတိုက်မှ ဖဲသွားပါလော့။ အရှင်အား ဤကျောင်းတိုက်၌ နေခြင်းဖြင့် အကျိုးမရှိပါ' – ဟု ပြောဆိုရာ၏။

ဤသို့ ရဟန်းတို့က ပြောဆိုအပ်သည်ရှိသော် ထိုကုလဒူသက ရဟန်းသည် ရဟန်းတို့ကို –

'ရဟန်းတို့သည် ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏။ ဒေါသာဂတိသို့လည်း လိုက်ကုန်၏။ မောဟာဂတိသို့လည်း လိုက်ကုန်၏။ ဘယာဂတိသို့လည်း လိုက်ကုန်၏။ ထိုသို့ သဘောရှိသော အာပတ်ဖြင့် ရဟန်းအချို့ကို နှင်ထုတ်ကုန်၏။ ရဟန်းအချို့ကို နှင်မထုတ်ကုန်' - ဟု ပြောဆိုငြားအံ့ -

ထိုကုလဒူသက ရဟန်းတို့ကို ရဟန်းတို့သည် -

'အရှင်သည် ဤသို့ မဆိုပါလင့်။ ရဟန်းတို့သည် ဆန္ဒာဂတိသို့လည်း မလိုက်ကြပါ။ ဒေါသာဂတိသို့လည်း မလိုက်ကြပါ။ မောဟာဂတိသို့လည်း မလိုက်ကြပါ။ ဘယာဂတိသို့လည်း မလိုက်ကြပါ။ အရှင်သည်သာ အမျိုးတို့ကို ဖျက်ဆီးတတ်၏။ ယုတ်မာသော အကျင့်ရှိ၏။ အရှင်၏ ယုတ်မာသော အကျင့်တို့ကို မြင်လည်း မြင်အပ်ကုန်၏။ ကြားလည်း ကြားအပ်ကုန်၏။ အရှင်သည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်း မြင်အပ်ကုန်၏။ ကြားလည်း ကြားအပ်ကုန်၏။ အရှင်သည် ဤကျောင်းတိုက်မှ ဖဲသွားပါလော့။ အရှင့်အား ဤကျောင်းတိုက်၌ နေခြင်းဖြင့် အကျိုးမရှိပါ' - ဟု ပြောဆိုရာ၏။

ရဟန်းတို့က သုံးကြိမ်မြောက်အထိ ပြောဆိုသော်လည်း အယူကို မစွန့်အံ့။ ထိုကုလဒူသက ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ မြင်လျက် ကြားလျက် မပြောအံ့။ ရဟန်းတို့အား ဒုက္ကဋ်အာပတ်သင့်၏။

ထိုကုလဒူသကရဟန်းကို သံဃာ့အလယ်သို့ ခေါ်ဆောင်၍ ထိုသို့ သုံးကြိမ်တိုင်အောင် ပြောဆိုရမည်။ အယူစွန့်လျှင် ကောင်း၏။ မစွန့်လျှင် ထိုကုလဒူသကရဟန်း ဒုက္ကဋ်အာပတ် ထပ်သင့်၏။ ထို့နောက် ရဟန်းတို့သည် ထိုကုလဒူသကရဟန်းကို ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆုံးမရမည်။ ဤသို့ ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမ၍လည်း အယူမစွန့်သော် ထိုကုလဒူသကရဟန်းအား ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ်သင့်၏။ ကမ္မဝါစာ (၂)ကြိမ်၏အဆုံး၌ ထုလ္လစ္စဉ်းအာပတ်သင့်၏။ ကမ္မဝါစာ၏အဆုံး၌ သံဃာဒိသိသ်အာပတ်သင့်၏။

သံဃာဒိသိသ်သို့ ရောက်သောရဟန်းအား ဉတ်၏ အဆုံး၌ ဒုက္ကဋ်၊ ကမ္မဝါစာ (၂)ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်းတို့သည် ငြိမ်းကုန်၏။

*( ဝိ - ၁ - ပါဠိတော်၊ မြန်မာပြန်၊ ဝိ - ၄ - ၂ ။ ဘာဋီ - ၈ )*

## ကုလဒူသက သိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**အမျိုးပျက် မဖြစ်ကြစေဖို့ ။** ။ ကုလဒူသက သိက္ခာပုဒ်၌ ကုလ–အရ မင်းမျိုး, ပုဏ္ဏားမျိုး, သူကြွယ်မျိုး, သူဆင်းရဲမျိုး ဟူသော အမျိုးလေးပါးလုံးကို ရ၏။ ဒူသက – အရ ထိုအမျိုးကြီးလေးမျိုး၌ ရှိကြကုန်သော ဒါယကာ, ဒါယိကာမ အပေါင်းတို့၏ သဒ္ဓါတရား အစစ်အမှန်ကို ဖျက်ဆီးမှုကို ရ၏။ ထို့ကြောင့် ကုလဒူသကဟူသည် ထိုအမျိုးကြီး လေးမျိုးရှိ ရတနာသုံးပါးကို ကြည်ညိုကြကုန်သော ယောကျ်ား, မိန်းမ လူပုဂ္ဂိုလ်တို့၏ သဒ္ဓါတရား အစစ်အမှန်ကို ဖျက်ဆီးမှုပင်တည်း။ ဘယ်ပုဂ္ဂိုလ်, ဘယ်မိသားစု, ဘယ်အသိုင်းအဝိုင်း ဖြစ်ဖြစ် မိဘ, ဘိုးဘွား, ဘီဘင် အစဉ်အဆက်အရ မျိုးရိုးမျိုးနွယ်ဟူသည် ရှိကြသည်ချည်း ဖြစ်၏။ ထိုမှတစ်ဆင့်တက်၍ အမျိုး၊ ဘာသာ၊ သာသနာ ဟူသည်လည်း ရှိလာပြန်၍ မိမိအမျိုး, မိမိလူမျိုး, မိမိဘာသာ, မိမိသာသနာကို ဖျက်ဆီးသော အမျိုးဖျက်များ မဖြစ်ကြစေဖို့ အထူးအရေးကြီးလှပေ၏။

**မျိုးထိန်းတရား ။** ။ ဘယ်အမျိုး, ဘယ်လူမျိုး, ဘယ်ဘာသာ, ဘယ်သာသနာ၌မဆို ဓလေ့ထုံးတမ်းစဉ်လာ ယဉ်ကျေးမှု, ကျင့်ဝတ် စည်းကမ်း, ကိုယ်ကျင့်တရား ဟူကုန်သော မျိုးထိန်းတရားများ ရှိကြလေကုန်၏။ ထိုမျိုးထိန်းတရားတို့တွင် ကိုယ်ကျင့်တရား ဟူသော မျိုးထိန်းတရားသည် အဓိက အကျဆုံး ဖြစ်၏။ အခြားရိုးရာ အစဉ်အလာတွေ ဘယ်လောက်ပဲ ကောင်းနေ ကောင်းနေ ဘယ်လောက်ပဲ ကျင့်နေ ကျင့်နေ ကိုယ်ကျင့်တရား ဖောက်ပြန်ပျက်စီးလျှင်မူကား အမြစ်လဲ အဖျားထင်းဖြစ်သကဲ့သို့ ကျန်သော မျိုးထိန်းတရားများလည်း ပျက်စီးရုံတွင်မက အမျိုး၊ ဘာသာ၊ သာသနာလည်း ကွယ်ပျောက်ရမည် ဖြစ်၏။ ထို့ကြောင့် ဘယ်အမျိုး, ဘယ်လူမျိုးမဆို ကိုယ်ကျင့်တရားဟူသော မျိုးထိန်းတရားကို အထူးဂရုပြုစောင့်ရှောက်ကြရန် လိုအပ်ပေ၏။

<u>အမျိုးမပျောက်အောင်</u> ။ ။ 'အမျိုးပျောက်မှာ စိုးကြောက်လှပါသည်' ဆိုသည့်အတိုင်း 'ကိုယ်ကျင့်တရား ပျက်စီးခြင်းသည် အမျိုးကို ဖျက်ဆီးခြင်း ဖြစ်သည်' ဟူသော အချက်ကို အထူးသတိပြုရန် လိုအပ်လှပေ၏။ ကီဋာဂိရိအရပ်၌ နေကြကုန်သော အဿဇိ ပုနဗ္ဗသုက ရဟန်းတို့သည် မိမိ၏ ရဟန်းအမျိုး ဖြစ်သည်ကို ဂရုမပြုဘဲ ရဟန်းတို့ ကျင့်အပ်သော ကိုယ်ကျင့်တရားကို ဖောက်ဖျက်ကာ လူတို့အား မသင့်လျော်သော နည်းတို့ဖြင့် သိမ်းသွင်းဆက်ဆံ၍ သိမ်းသွင်းဆက်ဆံခံရကုန်သော လူတို့မှာ စစ်မှန်သော သဒ္ဓါတရားများ ပျက်စီးကြသည်ဖြစ်ရကား မြတ်စွာဘုရားရှင်သည် မျိုးဖျက်ရဟန်းများအနေဖြင့် နှင်ထုတ်ခိုင်းခြင်း အမှုကို ပြုရသည်ကား မျိုးဖျက်အလုပ်ကို တိုက်ဖျက်ရေးသည် မည်မျှအရေးကြီးကြောင်း သတိပြုသင့်ကြပေ၏။ ထို့ကြောင့် အမျိုးမပျောက်အောင် အထူးကြိုးစား အားထုတ်ကြရမည် ဖြစ်ပေ၏။

## <u>အမျိုးဖျက် မဖြစ်ကြစေရန် ဆောင်ပုဒ်လင်္ကာ</u>

| | | | |
|---|---|---|---|
| ၁။ | လောကလူ့ဘုံ၊ | လူဖြစ်ကြုံ၊ | မျိုးဂုဏ်ရှိလေသည်။ |
| ၂။ | မိမိအမျိုး၊ | မဖျက်ရိုး၊ | ထားရိုးပြုရမည်။ |
| ၃။ | မျိုးထိန်းတရား၊ | အစားစား၊ | အများရှိလေသည်။ |
| ၄။ | ကိုယ်ကျင့်တရား၊ | မိကထား၊ | မမှားနိုင်ပါပြီ။ |
| ၅။ | ကိုယ်ကျင့်ပျက်လျှင်၊ | အမျိုးပင်၊ | မှန်ပင်ပျက်တော့သည်။ |
| ၆။ | ဘိက္ခုပါပ၊ | ဇသုက၊ | ခေါ် ရ ရဟန်းသည်၊ |
| ၇။ | သဒ္ဓါကုလ၊ | ဖျက်၍ပ၊ | ဗုဒ္ဓနှင်ထုတ်သည်။ |
| ၈။ | ဗုဒ္ဓနည်းဟူ၊ | သတိမူ၊ | မှတ်ယူပါလိုသည်၊ |
| ၉။ | မျိုးဖျက်ထုတ်မောင်း၊ | ရေးကြီးကြောင်း၊ | ကောင်းကောင်းထင်ရှားသည်။ |
| ၁၀။ | မျိုးဖျက်သူအား၊ | ဝိုင်းကာတား၊ | ဖယ်ရှားပစ်ရမည်။ |
| ၁၁။ | အမျိုးဘာသာ၊ | သာသနာ၊ | ကွယ်ကာနိုင်ဖို့သည်၊ |
| ၁၂။ | မျိုးမပျောက်အောင်၊ | ကိုယ်ကျင့်ဆောင်၊ | ထွတ်ခေါင်လူ့တို့ပြည်။ |

သံဃာဒိသိသ် ကုလဒူသက သိက္ခာပုဒ်လာ ကိုယ်ကျင့်တရား ပြီး၏။

# ပါရာဇိကဏ် ပါဠိတော်

## နိဿဂ္ဂိ ပါစိတ် နိသီဒနသန္ထတ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**နိသီဒန သန္ထတ သိက္ခာပုဒ်** ။ ။ **နိသီဒိုင် အခင်းနှင့် စပ်လျဉ်းသော သိက္ခာပုဒ်။** ဤသိက္ခာပုဒ်ကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အာရညကင် ဓုတင် စသော ဓုတင်ဆောင် ရဟန်းများ၏ အခင်းများကို စွန့်ပစ်ထားအပ်သည်တို့ကို အကြောင်းပြု၍ ပညတ်တော်မူထားအပ်သော သိက္ခာပုဒ်ဖြစ်သည်။

### သိက္ခာပုဒ် ဖြစ်ပေါ်လာပုံအကြောင်း

**တစ်ပါးတည်း သုံးလ** ။ ။ မြတ်စွာဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို –

'ရဟန်းတို့ ... ငါသည် သုံးလပတ်လုံး တစ်ပါးတည်း ကိန်းအောင်းနေခြင်းငှါ အလိုရှိသည်။ ဆွမ်းပို့ဆောင်သော ရဟန်းတစ်ပါးကိုထား၍ တစ်ဦးတစ်ယောက်မျှ ငါ့ထံသို့ မချဉ်းကပ်ရ' – ဟု မိန့်တော်မူလေပြီ။

ဘုရားရှင်သည် ထိုသုံးလအတွင်း ကျွတ်ထိုက်သူ ဝေနေယျသတ္တဝါ မရှိသော ကြောင့် ထိုသို့ မိန့်တော်မူခြင်း ဖြစ်သည်။

**အဓမ္မိက ကတိကဝတ်** ။ ။ ထိုအခါ သာဝတ္ထိမြို့၌နေကြသော ရဟန်းတို့သည် ဘုရားရှင်က သုံးလပတ်လုံး တစ်ပါးတည်းနေရန် မိန့်တော်မူသည်ကို အကြောင်းပြု၍ –

'ဆွမ်းပို့ဆောင်သော ရဟန်းမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှ မြတ်စွာဘုရားထံသို့ မချဉ်းကပ်ရ။ မြတ်စွာဘုရားထံသို့ ချဉ်းကပ်သူရဟန်းသည် ပါစိတ်အာပတ်ကို ဒေသနာကြားရမည်' – ဟု ကတိကဝတ် ပြုကြလေ၏။

ယင်းကတိကဝတ်သည် မြတ်စွာဘုရား မပညတ်ရသေးသော သိက္ခာပုဒ်ကို ပညတ်ရာရောက်သည်ဖြစ်၍ အဓမ္မိက ကတိကဝတ် ဖြစ်လေသည်။ ယင်းကတိကဝတ်ကို အရှင်ဥပသေန ချိုးဖျက်မည်ဖြစ်သည်။ ထိုအကြောင်းကြောင့်လည်း မြတ်စွာဘုရားရှင်သည် တစ်ပါးတည်းနေရန် မိန့်တော်မူခြင်း ဖြစ်သည်။

<u>ဓုတင်ဆောင်ရဟန်းတို့ကို ခွင့်ပြုမည်</u> ။ ။ ဆွမ်းပို့သူ ရဟန်းမှတစ်ပါး ဘုရားထံသို့ မည်သူမျှ မလာရဆိုသော်လည်း – မြတ်စွာဘုရားရှင်သည် အရှင်ဥပသေနအား မိမိလည်း ဓုတင်ဆောင်၊ တပည့်တို့ကိုလည်း ဆောင်စေ၍ ပရိသတ်မွေးပုံကို ကျေနပ်၍ ဓုတင်ဆောင် ရဟန်းတို့အား ဘုရားဖူးရန် ခွင့်ပြုပေးမည် ဖြစ်သည်။ ထိုအခါ ရဟန်းတို့သည် ဘုရားကို ဖူးလိုသည့်အတွက် ဓုတင်ဆောင်ကြမည်ဖြစ်၍ ထိုအကြောင်းကြောင့်လည်း တစ်ပါးတည်းနေရန် မိန့်ကြားတော်မူခြင်း ဖြစ်သည်။

<u>အကျိုးများ၍</u> ။ ။ အချို့ကုန်သော ဓုတင်ဆောင် ရဟန်းတို့သည် အခင်းများကို စွန့်ထားခဲ့၍ မြတ်စွာဘုရားအား ဖူးမြော်ကြသည်ဖြစ်ရာ ယင်းကို အကြောင်းပြု၍ မြတ်စွာဘုရားသည် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရမည် ဖြစ်သည်။ ထိုအကြောင်းကြောင့်လည်း မြတ်စွာဘုရားသည် တစ်ပါးတည်းနေရန် မိန့်ကြားတော်မူခြင်း ဖြစ်သည်။ ဤသို့ အကျိုးများစွာရှိသောကြောင့် မြတ်စွာဘုရားသည် သုံးလပတ်လုံး တစ်ပါးတည်း ကိန်းအောင်းတော်မူရန်ကို မိန့်ကြားတော်မူခြင်းဖြစ်သည်။

<u>အရှင်ဥပသေန ဘုရားထံ ချဉ်းကပ်ပုံ</u> ။ ။ အရှင်ဥပသေနထေရ်သည် တပည့်ရဟန်း ပရိသတ်ငါးရာနှင့်တကွ မြတ်စွာဘုရားသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တစ်ခုသောနေရာ၌ ထိုင်နေလေ၏။ ယခုချဉ်းကပ်ခြင်းသည် ဒုတိယအကြိမ် ဖြစ်သည်။ ပဌမအကြိမ် ချဉ်းကပ်စဉ်က ရဟန်းဝါ တစ်ဝါသာ ရသေးသည် ဖြစ်၍ –

'ဆယ်ဝါမပြည့်သေးဘဲ တပည့် ပရိသတ် မွေးမြူရမလား' ဟူ၍ အကဲ့ရဲ့ခံရကာ–

'ဆယ်ဝါမပြည့်ဘဲ တပည့်ပရိသတ် မွေးမြူသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ'

– ဟူ၍ သိက္ခာပုဒ် ပညတ်ခြင်းကိုလည်း ခံရလေသည်။ ယခုအခါ၌ကား ဆယ်ဝါပြည့်ပြီးဖြစ်၍ ကြည်ညိုဖွယ် အသွင်ကိုဆောင်သော တပည့်ပရိသတ် ရဟန်းငါးရာနှင့်အတူ ဒုတိယအကြိမ် ချဉ်းကပ်ခြင်း ဖြစ်လေသည်။

**ဘုရားထံ ချဉ်းကပ်ရန် မလွယ်** ။ ။ ယခု ဒုတိယအကြိမ် ချဉ်းကပ်ရာ၌ အရှင်ဥပသေနသည် ကျင့်ဝတ်နှင့် ပြည့်စုံခြင်းအားဖြင့် ထက်ဝန်းကျင် စင်ကြယ်သည်၏ အဖြစ်ကြောင့် ရှုံ့တီးရှုံ့တွန့် မရှိသည်ဖြစ်၍ ရွှေတောင်၏ အနီး၌ ထိုင်နေသော ခြင်္သေ့ကဲ့သို့ မြတ်စွာဘုရား၏ အနီး၌ ထိုင်နေလေပြီ။ မှန်၏။ မြတ်စွာဘုရား၏ စိတ်တော်ကို ကျင့်ဝတ်နှင့် ပြည့်စုံခြင်းမှတစ်ပါးသော အခြင်းအရာအားဖြင့် နှစ်သက်စေခြင်းငှါ မလွယ်ကူပေ။ (ဘုရားနား ချဉ်းကပ်ရန် မလွယ်ကူဟူလို)

**ပရိသတ်ကို ဆုံးမပုံ** ။ ။ ငါးရာကုန်သော ရဟန်းပရိသတ်၏ အသွင်အပြင်တို့သည် ကြည်ညိုဖွယ်အသွင်ကို ဆောင်နေသည် ဖြစ်၍ မြတ်စွာဘုရားရှင်သည် အရှင်ဥပသေနအား –

'ဥပသေန ... ဤပရိသတ်သည် ကြည်ညိုဖွယ်ရှိစွ။ သင်သည် ပရိသတ်ကို အဘယ်သို့ ဆုံးမသနည်း' – ဟု မေးတော်မူလေရာ အရှင်ဥပသေနက –

'မြတ်စွာဘုရား ... တပည့်တော်ထံ ရဟန်းအဖြစ် တောင်းသူကိုရော၊ နိဿယည်း တောင်းသူကိုရော ငါ့ရှင် ... ငါသည် အာရညကင်ဓုတင်၊ ပိဏ္ဍပါတ် ဓုတင်၊ ပံသုကူဓုတင်တို့ကို ဆောင်၏။ သင်သည်လည်း ငါကဲ့သို့ ဆောင်နိုင်ပါမူ ရဟန်း ပြုပေးမည်။ နိဿယည်းပေးမည်ဟု ဆိုပါသည်။ တပည့်တော်စကားကို နားထောင်အံ့၊ ပြုလုပ်ပေးပါသည်။ နားမထောင်အံ့၊ ပြုလုပ်မပေးပါ။ မြတ်စွာဘုရား ... တပည့်တော် သည် ပရိသတ်ကို ဤသို့ ဆုံးမပါသည်' – ဟူ၍ လျှောက်လေ၏။

မြတ်စွာဘုရားရှင်သည် အရှင်ဥပသေနအား 'သာဓု ... သာဓု ...' ဟူ၍ ကောင်းချီးပေးလေ၏။

**ပညတ်ပြီးသည်ကို မချိုးဖျက်** ။ ။ ထို့နောက် မြတ်စွာဘုရားသည် သာဝတ္ထိမြို့နေ ရဟန်းတို့၏ ကတိကဝတ်ကို မိန့်တော်မူသောအခါ အရှင်ဥပသေနသည် မြတ်စွာဘုရားအား ဤသို့ လျှောက်ထားလေ၏။

'မြတ်စွာဘုရား ... သာဝတ္ထိမြို့၌ နေကြသော ရဟန်းတို့သည် မိမိတို့ပြုသော ကတိကဝတ်ဖြင့် ထင်ရှားပါလိမ့်မည်။ တပည့်တော်တို့သည် မပညတ်အပ်သေးသည်ကို မပညတ်ပါ။ ပညတ်အပ်ပြီးသည်ကိုလည်း မချိုးဖျက်ကြပါ။ ပညတ်တော်မူအပ်တိုင်းကုန်သော သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်ကြပါကုန်၏'

– ဟု လျှောက်လေ၏။

**ဘုရားရှင်ခွင့်ပြုပြီ** ။ ။ မြတ်စွာဘုရားသည် နှစ်သက်သော စိတ်ရှိတော်မူသည်ဖြစ်၍ အရှင်ဥပသေနအား ဒုတိယအကြိမ် သာဓု... သာဓု... ဟူ၍ ကောင်းချီးပေးပြီးလျှင် –

'ဥပသေန ... အာရညကင်ဓုတင်, ပိဏ္ဍပတ်ဓုတင်, ပံသုကူဓုတင်တို့ကို ဆောင်ကုန်သော ရဟန်းတို့သည် အလိုရှိတိုင်း ငါဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ကြပါစေ' – ဟူ၍ ခွင့်ပြုတော်မူလေ၏။

**ကတိကဝတ်ရဟန်းများ နားလည်သွားကြခြင်း** ။ ။ မြတ်စွာဘုရားထံမှ ပြန်လာသော အရှင်ဥပသေနကို သာဝတ္ထိမြို့နေ များစွာသောရဟန်းတို့သည် ကတိကဝတ် အကြောင်းကို ပြောကြားကြရာတွင် အရှင်ဥပသေနသည် မြတ်စွာဘုရားရှင်နှင့် ပြောကြားခဲ့ရသော စကားအလုံးစုံကို ထိုရဟန်းတို့အား ပြောပြလိုက်လေ၏။ ထိုအခါ ထိုရဟန်းတို့သည် –

**'မိမိတို့၏ ကတိကဝတ်သည် အဝမ္ပိက ကတိကဝတ်'**

– ဟု နားလည်သွားကြသည် ဖြစ်၍ အရှင်ဥပသေနအား ဤသို့ ပြောဆိုကြလေကုန်၏။

'အရှင်ဥပသေနသည် အမှန်ကိုသာ ဆိုပေသည်။ မပညတ်အပ်သေးသည်ကို ပညတ်ရမည် မဟုတ်။ ပညတ်အပ်ပြီးသည်ကိုလည်း ချိုးဖျက်ရမည် မဟုတ်။ ပညတ်တော်မူအပ်တိုင်းကုန်သော သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ရပေမည်'

– ဟု ပြောဆိုကြလေကုန်၏။

<u>ဓုတင်ဆောက်တည်ကြခြင်း</u> ။ ။ **'ဓုတင်ဆောင်ရဟန်းတို့အား မြတ်စွာဘုရားကို ဖူးမြော်ခွင့်ပေးသည်'** – ဟူသော စကားကို ကြားကြသောအခါ ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်လိုသည် ဖြစ်၍ မိမိတို့၏ အခင်းများကို စွန့်ပစ်ကြကာ အာရညကင်ဓုတင်, ပိဏ္ဍပာတ်ဓုတင်, ပံသုကူဓုတင်တို့ကို ဆောင်ကြလေကုန်၏။

ထိုရဟန်းတို့သည် ထိုဓုတင်သုံးမျိုးတွင်မက တိစီဝရိတ်ဓုတင်ကိုပါ ဆောင်ကြသောကြောင့် တိစီဝရိတ်ဓုတင်ဆောင် ရဟန်းတို့အား သက်နိုးသုံးထည်မှအပို လေးထည်မြောက် သင်္ကန်းသည် မအပ်ပေ။ ထိုရဟန်းတို့သည် အခင်းတို့ကို လေးထည်မြောက် သင်္ကန်းဟု မှတ်ထင်ကြသောကြောင့် စွန့်ပစ်ကြခြင်း ဖြစ်သည်။

<u>သိက္ခာပုဒ်ပညတ်ပုံ</u> ။ ။ မြတ်စွာဘုရားရှင်သည် များစွာသော ရဟန်းများနှင့်အတူ ကျောင်းစဉ်လှည့်လည်တော်မူရာတွင် ဖရိုဖရဲ စွန့်ထားအပ်ကုန်သော အခင်းတို့ကို မြင်တော်မူ၍ မေးမြန်းစိစစ်ပြီးနောက် သဒ္ဓါ၍ လှူအပ်သော ပစ္စည်းတို့ကို ပစ်စလက်ခတ် သုံးစွဲခြင်းမှ ကင်းစင်စေလိုသည်ဖြစ်၍၊ အခင်းဟောင်း၌ သုံးစွဲသော နည်းလမ်းကို ပြလိုတော်မူသည်ဖြစ်၍ အောက်ပါ နိသီဒနသန္ထတ သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

'နိသီဒိုင်အခင်းကို ပြုလုပ်စေလိုသော ရဟန်းသည် အခင်းဟောင်း၏ ထက်ဝန်းကျင်မှ မြတ်စွာဘုရား၏ အထွာတော် ပမာဏမျှလောက်ကို အဆင်းပျက်အောင် ပြုခြင်းငှါ ယူရမည်။ ထိုသို့ မယူဘဲ နိသီဒိုင်အခင်းသစ်ကို ပြုစေငြားအံ့။ ထိုရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ်သင့်၏'

*( ဝိ – ၁ – ပါဠိတော်၊ မြန်မာပြန်၊ ဝိ – ၄ – ၂၊ ဘာဋီ – ၈ )*

## နိသီဒန သန္ထတ သိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**အချိန်မကျဘဲ ပရိသတ်မမွေး ။** ။ ပဌမအကြိမ်၌ ရဟန်းဝါတစ်ဝါသာ ရှိသေးလျက် ငယ်ငယ်ရွယ်ရွယ်နှင့် ပရိသတ်မွေးမြူသည့်အတွက် မြတ်စွာဘုရားရှင်သည် အရှင်ဥပသေနအား ကဲ့ရဲ့ပြစ်တင်သည်ကို ထောက်၍ ငယ်ငယ်ရွယ်ရွယ်နှင့် လူကြီးလုပ်ခြင်း၊ ပရိသတ်မွေးမြူခြင်းကို ဘုရားရှင် သဘောမကျကြောင်းမှာ ထင်ရှားပေသည်။ လူကြီးလုပ်ခြင်းဟူသည် အဘက်ဘက်က အရည်အချင်း ပြည့်စုံရန် လိုအပ်သောကြောင့် ငယ်ရွယ်သူတို့အဖို့ လူကြီးလုပ်ရန် အချိန်မကျသေးကြောင်းကို ညွှန်ပြလျက်ရှိနေလေသည်။

**အရည်အချင်း ပြည့်စုံမှ လူကြီးလုပ်ပါ ။** ။ ဒုတိယအကြိမ်၌ သက်တော်ကလည်း သုံးဆယ်ကျော်၊ သိက္ခာဝါကလည်း ဆယ်ဝါကျော်ပြီ ဖြစ်၍ တပည့်ပရိသတ်ကို ကြည်ညိုဖွယ် ဖြစ်အောင် ဆုံးမနိုင်သည် ဖြစ်ရကား မြတ်စွာဘုရားရှင်သည် အရှင်ဥပသေနအား ကောင်းချီးနမော် သာဓုခေါ်လေသည်။ ဤသည်ကို ထောက်၍ ကြည်ညိုဖွယ်ကောင်းသော ပရိသတ်မျိုးကို မွေးမြူနိုင်ဖို့ရာအတွက် မိမိမှာ အသက်၊ အကျင့်၊ ပညာ၊ သမာဓိ စသော ဘက်စုံ အရည်အချင်း ရှိရန် လိုအပ်ကြောင်း ထင်ရှားလှပေသည်။

**စည်းကမ်းကို မကျော်ရ ။** ။ ထို့နောက် မြတ်စွာဘုရားရှင်သည် မပညတ်ရသေးသော ကျင့်ဝတ်စည်းကမ်းများကို မပညတ်ဘဲ ပညတ်အပ်ပြီးသော ကျင့်ဝတ်စည်းကမ်းများကို မချိုးဖောက်မူ၍ ကောင်းစွာ ကျင့်သုံးပါမည်-ဟူသော ခံယူချက်ကြောင့် နှစ်သက်တော်မူသည်ဖြစ်၍ အရှင်ဥပသေနအား ဒုတိယအကြိမ် ကောင်းချီးနမော် သာဓုခေါ်ပြန်လေသည်။ ဤသည်ကို ထောက်၍ ဆိုင်ရာစည်းကမ်း ဥပဒေသောင်တို့ကို မကျော်ဘဲ သတ်မှတ်ထားသော စည်းကမ်းဥပဒေ ပညတ်ချက် အတိုင်း လိုက်နာပြုကျင့်ကြရန်လည်း အထူးလိုအပ်လှပေသည်။

**<u>အဟောင်းအသစ် အသုံးပြုနည်း</u>** ။ ။ ဓုတင်ဆောင် ရဟန်းတို့သည် အခင်း အဟောင်းကို ပစ္စလက်ခတ် စွန့်ပစ်ထားသည်ကို တွေ့မြင်၍ ထိုအခင်းဟောင်းမှ ကောင်းသော အဝတ်ပိုင်းကို ဖြတ်ယူ၍ အခင်းအသစ်၌ ချုပ်စပ် ပြုလုပ်ရမည် - ဟူ၍ မြတ်စွာဘုရားရှင်သည် နိသီဒနသန္ထတ သိက္ခာပုဒ်ကို ပညတ်ခြင်းသည် အဟောင်းအသစ် ပြုလုပ်အသုံးပြုနည်း နမူနာတစ်ရပ်ကို ဖော်ပြလိုက်ခြင်း ဖြစ်သည်။ ယင်းနမူနာအရ အဝတ်ဟောင်းများကို ဖရိုဖရဲ ပစ္စလက်ခတ် စွန့်ပစ်ခြင်း မပြုကြဘဲ အသုံးပြုလို့ ရနိုင်သလောက် အသုံးပြုကြရန် ဖြစ်ပေသည်။

**<u>နိသီဒနသန္ထတ သိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်ရာ ဆောင်ရန် လင်္ကာ</u>**

| | | | |
|---|---|---|---|
| ၁။ | လူကြီးဂုဏ်ရှိန်၊ | လုပ်ဖို့ချိန်၊ | အချိန်စောင့်ရသည်။ |
| ၂။ | ရည်ချင်းပြည့်ဝ၊ | အချိန်ကျ၊ | လုပ်မှတော်ပေမည်။ |
| ၃။ | ဥပသေန၊ | ငယ်၍ပ၊ | ဗုဒ္ဓကဲ့ရဲ့ပြီ။ |
| ၄။ | အချိန်ကျလာ၊ | မွေးမြူတာ၊ | မြတ်စွာချီးကျူးသည်။ |
| ၅။ | စည်းကမ်းမကျော်၊ | ကျင့်ကြနော်၊ | ရှင်တော်နှစ်သက်သည်။ |
| ၆။ | ပညတ်ထားရာ၊ | စည်းတိုင်းသာ၊ | ကောင်းစွာကျင့်ရမည်။ |
| ၇။ | အဝတ်အစား၊ | အဟောင်းများ၊ | ပစ်ထား မတော်ပြီ။ |
| ၈။ | စနစ်တကျ၊ | သုံးပြုမှ၊ | ဗုဒ္ဓနှစ်သက်သည်။ |
| ၉။ | စည်းကမ်းရှိကြား၊ | လူအများ၊ | ကြီးပွားချမ်းသာမည်။ |

**နိဿဂ္ဂိယပါစိတ် နိသီဒနသန္ထတ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။**

*( နိဿဂ္ဂိယပါစိတ် သိက္ခာပုဒ် စီဝရဝဂ် - ၁၀၊ ကောသိယဝဂ် - ၁၀၊ ပတ္တဝဂ် - ၁၀ ပေါင်း သိက္ခာပုဒ်ပေါင်း - ၃၀ ရှိရာတွင် ဤနိသီဒနသန္ထတသိက္ခာပုဒ်သည် ကောသိယဝဂ်၏ ၉းခုမြောက် သိက္ခာပုဒ်ဖြစ်သည် )*

## နိဿဂ္ဂိပါစိတ် ဘေသဇ္ဇ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**ဘေသဇ္ဇ သိက္ခာပုဒ်** ။ ။ ဤဘေသဇ္ဇ သိက္ခာပုဒ်သည် နိဿဂ္ဂိပါစိတ်သိက္ခာပုဒ် သုံးဆယ်ရှိရာတွင် ၂၃-ခုမြောက် သိက္ခာပုဒ်ဖြစ်သည်။ မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်ပိလိန္ဒဝစ္ဆ မထေရ်၏ တပည့်ရဟန်းများတို့သည် ဆေးများကို သိုမှီးသိမ်းဆည်း ထားမှုကို အကြောင်းပြု၍ ပညတ်အပ်သော သိက္ခာပုဒ် ဖြစ်သည်။

### သိက္ခာပုဒ် ဖြစ်ပေါ်လာပုံ

**ကတိပေးခြင်း** ။ ။ အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် ရာဇဂြိုဟ်မြို့၌ လိုဏ်ပြုလုပ်လို၍ ချိုင့်ဝှမ်းကို သုတ်သင်မှု ပြုစေရာတွင် ကပ္ပိယအရံစောင့် လိုသဖြင့် ဗိမ္ဗိသာရမင်းကြီးသည် လိုအပ်သော အရံစောင့်ကို လှူပါမည်ဟု ကတိပေးလိုက်လေ၏။

**မေ့လျော့နေခြင်း** ။ ။ ဗိမ္ဗိသာရမင်းကြီးသည် ထိုသို့ ဝန်ခံကတိပေးပြီး မင်းမှုကိစ္စများ များနေသည့်အတွက် အမှတ်မရ သတိမေ့လျော့ နေလေ၏။

**အရံစောင့်ရွာ** ။ ။ အတော်ကြီးကြာမှ အမှတ်ရသဖြင့် အမှုကိစ္စကို ဆောင်ရွက်တတ်သော အမတ်ကြီးအား မေ့လျော့နေသော ရက်တွေကို ရေတွက်ခိုင်းသောအခါ ရက်ပေါင်း ၅၀၀ ရှိပြီဆိုသဖြင့် ဗိမ္ဗိသာရမင်းကြီးသည် အရှင်ပိလိန္ဒဝစ္ဆအား အရံစောင့် ၅၀၀ ကို လှူစေလေ၏။ ယင်းအတွက် သီးခြားရွာတစ်ရွာအဖြစ် တည်လာသဖြင့် ယင်းရွာကို အရံစောင့်ရွာယ် ဟူ၍လည်းကောင်း၊ ပိလိန္ဒရွာယ် ဟူ၍လည်းကောင်း ခေါ်ဆိုကြကုန်၏။

**လှပသော ရွှေပန်းခွေ** ။ ။ တစ်နေ့သောအခါ ထိုရွာငယ်၌ ပွဲလမ်းသဘင် ဖြစ်၍ သူငယ်မများ တန်ဆာဆင်ကြ၊ ပန်းပန်ကြသဖြင့် ပျော်နေကြရာ ထိုသို့ တန်ဆာမဆင်နိုင်၊ ပန်းမပန်နိုင်သော သူငယ်မတစ်ယောက်သည် –

'ငါ့အား အဆင်တန်ဆာ ပေးကြလော့။ ပန်းပေးကြလော့'

– ဟူ၍ ငိုကြွေးနေသည်ကို အရှင်ပိလိန္ဒဝစ္ဆမထေရ် သိရှိသဖြင့် မြက်ကရွတ်ခွေ တစ်ခုကို ထိုသူငယ်မ၏ ဦးခေါင်း၌ စွပ်စေလေ၏။ ထိုအခါ မြက်ကရွတ်ခွေသည် အလွန် လှပသော ရွှေပန်းခွေ ဖြစ်သွားလေ၏။ ထိုကဲ့သို့သော ရွှေပန်းခွေသည် မင်း၏ နန်းတော် တွင်း၌ပင် မရှိချေ။

<u>နှောင်ဖွဲ့ခံရခြင်း</u> ။ ။ မင်း၏ နန်းတော်၌ပင် မရှိသော ဤမျှလှပ တန်ဖိုးကြီးမား သော ဤရွှေပန်းခွေကို မခိုးယူဘဲ မရနိုင်ဟု တိုင်ကြားကြ သောကြောင့် ဗိမ္ဗိသာရမင်းကြီးသည် ထိုရွှေပန်းခွေရှိသော ဆင်းရဲသား မိသားစုတို့အား နှောင်ဖွဲ့စေလေ၏။

<u>အရှင်ပိလိန္ဒဝစ္ဆ ကယ်တင်ခြင်း</u> ။ ။ ထိုဆင်းရဲသား မိသားစု နှောင်ဖွဲ့ခံရသည်ကို ကြားသိရသည်ဖြစ်၍ အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် နန်းတော်သို့ လိုက်သွားကာ ဗိမ္ဗိသာရမင်းကြီး၏ ပြာသာဒ်ကို ရွှေအဖြစ် ဖန်တီးပြ လိုက်သောအခါမှ သဘောပေါက်သည်ဖြစ်၍ ဗိမ္ဗိသာရမင်းကြီးသည် ထိုဆင်းရဲသား မိသားစုတို့အား ပြန်၍ လွှတ်ပေးလိုက်လေ၏။

<u>ဆေးတို့ကို သိုလှောင်ကြခြင်း</u> ။ ။ ထိုသို့ မင်းနှင့်တကွ ပရိသတ်၌ တန်ခိုးပြသည်ကို လူအများ နှစ်သက်ဝမ်းမြောက်ကြကာ အလွန် ကြည်ညိုကြသဖြင့် လူတို့သည် အရှင်ပိလိန္ဒဝစ္ဆမထေရ်အား ထောပတ်, ဆီဥ, ဆီ, ပျားရည်, တင်လဲ ဟူကုန်သော ဆေးတို့ကို လှူဒါန်းကြလေကုန်၏။ နဂိုကလည်း ရလေ့ရထရှိသည်ဖြစ်၍ ဆေးတို့သည် ပေါများသည် ဖြစ်ရကား အရှင်ပိလိန္ဒဝစ္ဆ မထေရ်သည် ရတိုင်းရတိုင်းသော ဆေးတို့ကို မိမိတပည့် ပရိသတ် ရဟန်းတို့အား စွန့်ကြဲလိုက်လေ၏။ ထိုတပည့်ပရိသတ် ရဟန်းတို့သည် ထိုဆေးတို့ကို ဖျဉ်းအိုးကြီးတို့၌ ထည့်၍ သိုမှီးကြကုန်၏။ ရေစစ်အိတ်တို့၌ ထည့်၍လည်း နံရံ၌ ချိတ်ဆွဲထားကြ ကုန်၏။ ထိုအခါ အောက်သို့ အရည်တစ်စက်စက် ယိုစီးကျကုန်၏။ အလုံးစုံသော ကျောင်းတို့သည် ကြွက်တို့ဖြင့်လည်း ပြွမ်းလေကုန်၏။

<u>ကဲ့ရဲ့ကြပုံ</u> ။ ။ ထိုအခြေအနေကို မြင်တွေ့ကြသည်ဖြစ်၍ ကျောင်းစဉ်လှည့်လည်ကြကုန်သော လူတို့သည် -

'ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ဗိမ္ဗိသာရမင်းကဲ့သို့ အတွင်းကျီကြ ရှိကုန်၏'

- ဟု ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြကုန်၏။

လူတို့ကဲ့ရဲ့သော စကားကို ရဟန်းတို့လည်း ကြား၍ အလိုနည်းကုန်သော ရဟန်းတို့သည် -

'အဘယ်ကြောင့် ရဟန်းတို့သည် ဤကဲ့သို့ ပစ္စည်းပေါ်များခြင်းငှါ အားထုတ်ကုန်ဘိသနည်း'

- ဟု ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြကုန်၏။ ထို့နောက် မြတ်စွာဘုရားအားလည်း လျှောက်ထားကြလေကုန်၏။

<u>သိက္ခာပုဒ် ပညတ်ပုံ</u> ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် စိစစ်မေးမြန်းတော်မူပြီးနောက် ကဲ့ရဲ့ပြစ်တင်တော်မူပြီးလျှင် ဘေသဇ္ဇသိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

'မကျန်းမာသော ရဟန်းတို့အား သုံးဆောင်ဖွယ် ဖြစ်ကုန်သော ထောပတ်၊ ဆီဦ၊ ဆီ၊ ပျားရည်၊ တင်လဲတို့သည် ဖြစ်ပေါ်ကုန်၏။ ထိုဆေးတို့ကို အကပ်ခံ၍ ခုနစ်ရက်အပိုင်းအခြား ကာလပတ်လုံး သိုမှီးသိမ်းဆည်းခြင်းကို ပြု၍ သုံးဆောင်ရမည်။ ထိုခုနစ်ရက်ကို လွန်စေသော ရဟန်းအား နိဿဂ္ဂိပါစိတ် အာပတ်သင့်၏'

- ဟု ပညတ်တော်မူလေ၏။

*( ဝိ - ၁ - ပါဠိတော်၊ မြန်မာပြန် )*

## ဘေသဇ္ဇ သိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**ကတိတည်ခြင်းသည် ကောင်း၏ ။** ။ အရိယာ ပုဂ္ဂိုလ်တို့သည် ပေးပြီးသော ကတိကို သိလျက်နှင့် ဖောက်ဖျက်ရိုး ထုံးစံ မရှိပေ။ ဗိမ္ဗိသာရ မင်းကြီးသည် သောတာပန်အရိယာပုဂ္ဂိုလ် ဖြစ်သည့်အားလျော်စွာ အရှင်ပိလိန္ဒဝစ္ဆ မထေရ်အား 'အရံစောင့် လှူပါမည်' ဟု တာဝန်ယူ ကတိပေးပြီးလျက် များပြားလှသော မင်းမှုကိစ္စ အဝဝတို့ကြောင့် မေ့လျော့နေသည်မှာ တစ်နှစ်ခွဲခန့် ရက်ပေါင်း (၅၀၀) ကြာသွားလေသည်။ ထိုအချိန်ကျမှ သတိရသည်ဖြစ်၍ အရံစောင့် တစ်ယောက်တည်း ပေးရမည်ကို မေ့လျော့နေခဲ့သော ရက်ပေါင်း (၅၀၀) အတွက်ပါ အစားထိုး၍ အရံစောင့် (၅၀၀)လှူဒါန်းလေသည်။ ယင်းသို့ ကတိကို မဖောက်ဖျက်သည့်အတွက် 'အရံစောင့်ရွာ' ဟူ၍ ရွာတစ်ရွာပင် တိုးပွားလာခဲ့လေသည်။ မည်သူမဆို ဤနမူနာကို ကြည့်၍ ပေးပြီးသော ကတိအတိုင်း ကတိတည်ခြင်းသည် ကောင်း၏ ဟူသော အချက်ကို လိုက်နာဆောင်ရွက်ရမည် ဖြစ်သည်။

**တာဝန်ယူဆောင်ရွက်ခြင်း ။** ။ အရှင်ပိလိန္ဒဝစ္ဆမထေရ် တန်ခိုးဖြင့် ဖန်ဆင်းပေးသောကြောင့် မြက်ကရွတ်ခွေမှ ပြောင်းလွဲသွားသော ရွှေပန်းခွေကို ဟန်တပြပြ မော်တကြွားကြွား ပြုလုပ်မိ၍ သူခိုးအထင်ခံရကာ ဗိမ္ဗိသာရမင်းကြီး၏ ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံနေရရှာသော ဆင်းရဲသား မိသားစုအကြောင်းကို အရှင်ပိလိန္ဒဝစ္ဆမထေရ် ကြားရသောအခါ တာဝန်မဲ့ မနေမူဘဲ နန်းတော်သို့ လိုက်သွားကာ ရှင်ဘုရင် ပြာသာဒ်ကို ရွှေအဖြစ် တန်ခိုးဖြင့် ဖန်ဆင်းပြလိုက်မှ 'အရှင်မြတ်၏ တန်ခိုးကြောင့်' ဟူ၍ သဘောပေါက်ပြီး ချုပ်နှောင်ထားသော မိသားစုတို့အား လွှတ်ပေးစေလေသည်။ ဤသို့ အရေးကြုံလာလျှင် တာဝန်မဲ့ မနေမူဘဲ တာဝန်ယူဆောင်ရွက်ပေးခြင်းသည်လည်း သူတော်ကောင်းတို့၏ အလေ့အထ ဖြစ်သည်ကို သတိပြုမိကြကာ ဘဝတစ်ကွေ့မှာ ပြဿနာ တစ်စုံတစ်ခုနှင့် ကြုံတွေ့လာလျှင်လည်း တာဝန်ကို ရှောင်လေ့မရှိဘဲ သူတော်ကောင်းတို့ ဓလေ့ကို အောက်မေ့အမှတ်ရ၍ ပြေလည်မှုရအောင် တာဝန်ယူ ဆောင်ရွက်နိုင်ရမည် ဖြစ်သည်။

## ကထိနဖောက် တာဝန်မရှောင် ဆောင်ပုဒ်လင်္ကာ

၁။ သူတော်ရိယာ၊ ကထိမှာ၊ ဘယ်ခါ မဖျက်ပြီ။
၂။ ဗိမ္ဗိသာရာ၊ မင်းရာဇာ၊ ရိယာဖြစ်ရှိသည်၊
၃။ ပိလိန္ဒအား၊ ကထိအား၊ ပေးထားခဲ့လေသည်။
၄။ ကိစ္စအများ၊ ရှိတုံငြား၊ မေ့များနေခဲ့သည်။
၅။ အမှတ်ရရှာ၊ ရှင်ဘုရား၊ ကောင်းစွာလျှုခဲ့သည်။
၆။ ပိလိန္ဒရှာ၊ ရုံစောင့်ရှာ၊ တစ်ရွာတိုးလေသည်။
၇။ ပေးပြီးကထိ၊ တည်တုံဘိ၊ အရိုထုံးဖြစ်သည်။
၈။ ရိယာပမာ၊ ကထိဟာ၊ တည်တာကောင်းလေသည်။
၉။ လူတို့ပြည်မှာ၊ လှုဆင်ကာ၊ ကြွားကာမော်ကြသည်။
၁၀။ ကြွားကြမော်ကြ၊ သဘာဝ၊ လောကလူ့ရှာပြည်။
၁၁။ တန်ကာတန်ကာ၊ ကြွားခြင်းဟာ၊ ရန်ကွာဘေးရှင်းသည်။
၁၂။ လွန်လွန်ကဲကဲ၊ မော်ကြွားရဲ၊ ဆင်းရဲသားတို့သည်၊
၁၃။ နှောင်ဖွဲ့အမှန်၊ ခံရပြန်၊ မင်းဒဏ်သင့်ခဲ့သည်။
၁၄။ အရှင်ပိလိန္ဒ၊ ဖြေရှင်းပြ၊ လွတ်ကြရလေသည်။
၁၅။ ဘဝတစ်ကွေ့မှာ၊ ပြဿနာ၊ ရုံခါတွေ့တတ်သည်။
၁၆။ တွေ့လာပြဿနာ၊ လှည့်ပတ်ခါ၊ ရှောင်တာမကောင်းပြီ။
၁၇။ တာဝန်မရှောင်၊ ပြေလည်အောင်၊ ထမ်းဆောင်နိုင်ရမည်။
၁၈။ သူတော်ကောင်းဟော့၊ ရှောင်မတွေ့၊ ခလေ့ထုံးအညီ။

နိဿဂ္ဂိယပါစိတ် ဘေသဇ္ဇသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

• • • • • • • • • • • • • • • • • • •

## နိဿဂ္ဂိပါစိတ် ပရိဏတသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**ပရိဏတသိက္ခာပုဒ်** ။ ။ ဤပရိဏတသိက္ခာပုဒ်သည် နိဿဂ္ဂိပါစိတ်၌ သိက္ခာပုဒ် ၃၀-ရှိသည့်အနက်က နောက်ဆုံး ၃၀-မြောက် သိက္ခာပုဒ် ဖြစ်သည်။ မြတ်စွာဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူနေစဉ် သံဃာကို လှူရန်ညွတ်ပြီးသော သင်္ကန်းကို မိမိသို့ ညွတ်စေသော ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်အပ်သော သိက္ခာပုဒ် ဖြစ်သည်။

**မိမိသို့ ညွတ်စေပုံ** ။ ။ သာဝတ္ထိမြို့၌ အသင်းတစ်သင်းသည် သံဃာတော်များအား ဆွမ်းနှင့် သင်္ကန်းကို လှူဒါန်းရန် စီရင်နေကြစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုအသင်းသို့ ချဉ်းကပ်၍-

'ဒါယကာတို့ ... ဤသင်္ကန်းတို့ကို ငါတို့အား လှူကုန်လော့'

- ဟု အလှူခံကြလေကုန်၏။

အသင်းသား ဒါယကာတို့သည် -

'အရှင်ဘုရားတို့ ... တပည့်တော်တို့သည် မလှူနိုင်ကြပါ။ တပည့်တော်တို့သည် သံဃာအား နှစ်စဉ်နှစ်တိုင်း သင်္ကန်းနှင့်ဆွမ်းကို ဝတ်တည်ကြပါသည်'

- ဟု ပြန်၍ လျှောက်ထားကြကုန်၏။

**အတင်းအကြပ် လှူဒါန်းစေခြင်း** ။ ။ ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် -

'ဒါယကာတို့ ... သံဃာအား အလှူရှင်တို့သည် ပေါများပါကုန်၏။ သံဃာအား ဆွမ်းတို့သည် ပေါများပါကုန်၏။ ငါတို့သည် သင်တို့ကို မှီ၍၊ သင်တို့ကို ကောင်းစွာမြင်၍ ဤအရပ်၌ နေကြပါသည်။ အကယ်၍ သင်တို့သည် ငါတို့အား မလှူကုန်အံ့။ ထိုသို့ မလှူသော် အဘယ်သူသည် ငါတို့အား လှူလိမ့်မည်နည်း။ ဒါယကာတို့ ... ဤသင်္ကန်းတို့ကို ငါတို့အား လှူကုန်လော့'

- ဟု ပြောဆိုကြကုန်၏။

ဤသို့ အတင်းအကြပ် အလှူခံသောကြောင့် ထိုဒါယကာတို့သည် စိုရင်အပ်တိုင်းသော သင်္ကန်းတို့ကို ဆဗ္ဗဂ္ဂီရဟန်းတို့ကို လှူဒါန်းလိုက်ကြလေကုန်၏။

<u>သိက္ခာပုဒ် ပညတ်ခြင်း</u> ။ ။ သံဃာများအား ဆွမ်းကပ်ပြီးသောအခါ၌ ဆဗ္ဗဂ္ဂီရဟန်းများ သင်္ကန်းတို့ကို အလှူခံယူသွားကြသည်ကို သိကြသောအခါ အလိုနည်းကုန်သော ရဟန်းတို့သည် –

'ဆဗ္ဗဂ္ဂီရဟန်းတို့သည် သိလျက် သံဃာသို့ ညွတ်ပြီးသော သံဃိကလာဘ်ကို မိမိတို့အား အဘယ်ကြောင့် ညွတ်စေကုန်ဘိသနည်း'

– ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုနောက် မြတ်စွာဘုရားအား လျှောက်ရာ မြတ်စွာဘုရားသည်လည်း ကဲ့ရဲ့တော်မူပြီးနောက် ဤသို့ 'ပရိဏတ' သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

> 'အကြင်ရဟန်းသည် သိလျက် ညွတ်ပြီးသော သံဃိကလာဘ်ကို မိမိအား ညွတ်စေငြားအံ့။ ထိုရဟန်းအား နိဿဂ္ဂီပါစိတ် အာပတ်သင့်၏'

<u>အလှူရှင်၏ ရည်ရွယ်သည့်အတိုင်း လှူရမည်</u> ။ ။ ဤ၌ ညွတ်ပြီး–ဟူသည် အလှူရှင်များ ရည်ရွယ်သည့်အတိုင်း လှူဒါန်းမည်ကို ညွတ်ပြီး–ဟု ဆိုလိုသည်။ အလှူရှင်တို့သည် မိမိတို့ ရည်ရွယ်ပြီးသည့်အတိုင်း လှူနိုင်ကြသည်။ ရဟန်းများက ထိုအစီအစဉ်ကို မပြောင်းကောင်းပေ။ မှန်၏။ ကျောင်းတိုက်တစ်တိုက်မှ သံဃာအားလှူမည့်လာဘ်ကို အခြားကျောင်းတိုက် သံဃာအားလည်းကောင်း, စေတီအားလည်းကောင်း ညွတ်စေအံ့။ လှူနိုင်းစေအံ့။ ဒုက္ကဋ်အာပတ်သင့်သည်။ အခြားပုဂ္ဂိုလ်အား ညွတ်စေလျှင်လည်း သုဒ္ဓပါစိတ် အာပတ်သင့်သည်။ မိမိသို့ ညွတ်စေလျှင်မူ နိဿဂ္ဂီပါစိတ် အာပတ်သင့်သည်။ အခြားအလှူရှင် ထားဘိဦး၊ မိမိ၏ မိခင်၏ ရည်ရွယ်ချက်ကိုပင် ပြောင်းသွားအောင် မလုပ်ကောင်းပေ။ အယုတ်ဆုံးအားဖြင့် ခွေးတစ်ကောင်အား ကျွေးမည့်အစာကိုပင် အခြားခွေးတစ်ကောင်အား ကျွေးနိုင်းလျှင်ပင် ဒုက္ကဋ်အာပတ်သင့်လေသည်။ အလှူရှင်များက –

'အရှင်ဘုရား အလိုကျ လှူပါအံ့'

– ဟူ၍ လျှောက်ထားလျှင်မူကား ရဟန်းသည် မိမိ အလိုကျ စီရင်နိုင်ပေသည်။

*( ဝိ - ၁ - ပါဠိတော်၊ မြန်မာပြန်၊ ဝိဋ္ဌ - ၂၊ ဘာဋီ - ၈ )*

## ပရိတ္တတသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**အကြပ်ကိုင်ခြင်းကို ရှောင်ရမည်** ။ ။'ဤသင်္ကန်းကို သံဃာကို လှူဒါန်းရန် ရည်ရွယ်ပြီး ဖြစ်၍ အရှင်ဘုရားတို့ကို မလှူနိုင်ပါ' – ဟု ဒါယကာတို့က လျှောက်သည်ကို ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်မခံဘဲ –

'ငါတို့က ဒကာတို့ထံမှာ နေတာ။ ဒကာတို့ကမှ မလှူရင် ငါတို့ကို လှူမည့်သူရှိမှာ မဟုတ်ဘူး။ သံဃာဆိုတာက လှူမည့်သူ ပေါတယ်'

– ဟူ၍ အတင်းအကြပ် အလှူခံ၍ သံဃိကလာဘ်ကို မိမိသို့ ညွတ်စေခြင်းသည်ကား တရားနှင့်အညီ အလှူခံခြင်းမျိုး မဟုတ်၍ လူကဲ့ရဲ့ ပြစ်တင်စရာ ဖြစ်သောကြောင့် ထိုကဲ့သို့ အလှူခံခြင်းမျိုးကို ရှောင်ရှားသင့်လှပေသည်။

**တရားနှင့်အညီ အလှူခံပါ** ။ ။ လှူဒါန်းမှု ပြုကြရာ၌ အလှူရှင်တို့ သဘောကျသည့်အတိုင်းသာ လှူဒါန်းခြင်းက ကောင်းပါ၏။ လူ့လောက၌လည်း လူလူချင်း အတင်းအကြပ် လှူဒါန်းစေမှုလည်း ရှိတတ်ကြပေရာ မူလရည်ရွယ်ချက်ကို ပြောင်းပြီး အခြားသို့ လှူဒါန်းရသဖြင့် အလှူရှင်၏ စိတ်သည် တစ်မျိုးတစ်မည် ဖြစ်နိုင်ပေ၏။ ကျေနပ်သည်ထားဦး၊ မူလစိတ်ကဲ့သို့ ဖြူစင်နိုင်ဖို့ရာ မလွယ်ကူပေ။ စိတ်ကသိကအောက်ဖြစ်ပြီး လှူဒါန်းရလျှင်ကား တရားနှင့်အညီ အလှူခံခြင်းမျိုး မဖြစ်နိုင်ပေ။ ဝိနည်းတော်အရ မိဘ၏ လှူဒါန်းမည့် မူလရည်ရွယ်ချက်နှင့် ခွေးတစ်ကောင်ကျွေးမည့်အစာတို့ကိုပင် မပြောင်းလွဲအပ်သည်ဖြစ်သောကြောင့် လှူခြင်း, အလှူခံခြင်း, လှူဒါန်းစေခြင်း ကိစ္စရပ်တို့၌ တရားနှင့်အညီသာ ပြုလုပ်သင့်ကြပေသည်။

## ရည်ရွယ်သည့်အတိုင်း လှူဒါန်းကြရန် ဆောင်ပုဒ်လင်္ကာ

၁။ ရည်ရွယ်တိုင်းသာ၊ လှူကြပါ၊ မြတ်စွာခွင့်ပြုသည်။
၂။ ရည်ရွယ်သည့်မှ၊ အခြားပ၊ ဆွယ်က မကောင်းပြီ။
၃။ မိဘကိုတောင်၊ ပြောင်းသွားအောင်၊ ဆွဲဆောင်မသင့်ပြီ။
၄။ ခွေးစာကိုတောင်၊ ပြောင်းသွားအောင်၊ လုပ်ဆောင်မသင့်ပြီ။
၅။ အကြွပ်ကိုင်ထား၊ လှူစေငြား၊ တရားမဟုတ်ပြီ၊
၆။ တိုင်ပင်အမှန်၊ စိတ်ကြိုက်ဖန်၊ စီမံနိုင်ပေသည်။
၇။ တရားအညီ၊ လှူခြင်းသည်၊ စိတ်ကြည်နူးရသည်။
၈။ ဓမ္မဝိနယ၊ ညီညွတ်က၊ ဗုဒ္ဓနှစ်ခြိုက်သည်။
၉။ အရာရာပင်၊ တရားဆင်၊ အောင်မြင်ကြပေမည်။

နိဿဂ္ဂိပါစိတ် ပရိဏတသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

ဝိနည်း (၅)ကျမ်းတွင် ပဉ္စမတစ်ကျမ်း ပါရာဇိကဏ်လာ
ကိုယ်ကျင့်တရားများ ဖော်ပြချက် ဤတွင် ရပ်နားပြီ။

• • • • • • • • • • • • • • • • • • • • •



# ဒုတိယကျမ်း ပါစိတ်ပါဠိတော်

## သုဒ္ဓပါစိတ် မုသာဝါဒ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**မုသာဝါဒသိက္ခာပုဒ် ။** ။ ရှေးက ဖော်ပြခဲ့သော ပါစိတ်သည် နိဿဂ္ဂိပါစိတ်ဖြစ်၍ ယခုပါစိတ်သည် ပါစိတ်သက်သက် ဖြစ်၍ သုဒ္ဓပါစိတ် ခေါ်သည်။ ကုသိုလ်စိတ်ကို လျှောကျစေတတ်သောကြောင့် **ပါစိတ်** ဟူ၍ ခေါ်သည်။ သုဒ္ဓပါစိတ် သိက္ခာပုဒ် ၉၂-ပါး ရှိသည့်အနက်က ဤမုသာဝါဒသိက္ခာပုဒ်သည် ပဌမဆုံး သိက္ခာပုဒ် ဖြစ်သည်။ တိတ္ထိတို့အား လိမ်လည်လှည့်ဖြား ပြောဆိုသော သာကီဝင် မင်းသား အရှင်ဟတ္ထကကို အကြောင်းပြု၍ ပညတ်အပ်သော သိက္ခာပုဒ်ဖြစ်သည်။

**မုသာဝါဒ ပြောဆိုပုံ ။** ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူနေစဉ်အခါ သာကီဝင် မင်းသား ဟတ္ထကရဟန်းသည် အနိုင်ယူပြောဆိုတတ်၏။ ထိုဟတ္ထကရဟန်းသည် တိတ္ထိတို့နှင့် အတူတကွ စကားပြောဆိုသောအခါ ပယ်ပြီးမှ ဝန်ခံ၏။ ဝန်ခံပြီးမှ ပယ်၏။ အကြောင်းတစ်ပါးဖြင့် အကြောင်းတစ်ပါးကို ဖုံးလွှမ်းပြောဆို၏။ သိလျက် မဟုတ်မမှန် ပြောဆို၏။ ချိန်းဆိုပြီးမှ ပျက်ကွက်၏။

**အရှင်ဟတ္ထကရဟန်း ။** ။ အရှင်ဟတ္ထက ဟူသည် သာကီဝင်မင်းသားတည်း။ ဗုဒ္ဓလက်ထက်တော်အခါက သာကီဝင်မင်းမျိုး ရှစ်သောင်းတို့ ရဟန်းပြုကြရာတွင် အရှင်ဟတ္ထကသည်လည်း တစ်ပါးအပါအဝင် ဖြစ်သည်။ အရှင်ဟတ္ထက၏ အလေ့အထကား တိတ္ထိတို့ဆီ မကြာမကြာသွား၍ အယူဝါဒနှင့်စပ်၍ စကားပြောဆိုကြရာတွင် အနိုင်ယူ ပြောဆိုတတ်လေသည်။

**ပယ်ပြီးမှ ဝန်ခံပုံ ။** ။ ထိုသို့ ပြောဆိုရာတွင် မိမိ၏ အယူဝါဒ၌ အပြစ်ဟု မှတ်ထင်သောအခါ – 'ဤအယူဝါဒသည် ငါ၏ အယူဝါဒမဟုတ်' – ဟု ပယ်လိုက်ပြန်၏။ ပယ်ပြီးမှ ပြောရင်းပြောရင်း အပြစ်မရှိဟု မှတ်ထင်ပြန်သောအခါ – 'ဤအယူဝါဒသည် ငါ၏ အယူဝါဒတည်း' – ဟု ဝန်ခံပြန်၏။

**ဝန်ခံပြီးမှ ပယ်ပုံ ။** ။ တစ်စုံတစ်ခုသော စကား၌ အကျိုးဟု မှတ်ထင်လတ်သော် 'ဤအယူဝါဒသည် ငါ၏ အယူဝါဒတည်း' - ဟု ဝန်ခံလေ၏။ ဝန်ခံပြီးမှ ပြောရင်းပြောရင်း ထိုစကား၌ အပြစ်ဟု မှတ်ထင်ပြန်သောအခါ 'ဤအယူဝါဒသည် ငါ၏ အယူဝါဒ မဟုတ်' ဟု ပယ်ပြန်၏။

**ဖုံးလွှမ်းပြောဆိုပုံ ။** ။ အကြောင်းတစ်ပါးဖြင့် အကြောင်းတစ်ပါးကို ဖုံးလွှမ်းပြောဆိုပုံမှာ -

'ရုပ်သည် နိစ္စလော၊ အနိစ္စလော' ဟု ပြဿနာဖြစ်ရာ၌ -

'ရုပ်သည် အနိစ္စတည်း' ဟု ပြောဆိုပြီးလျှင် -

'ဘာကြောင့်နည်း' ဟု အကြောင်းကို မေးသောအခါ -

'ဇာနိတဗ္ဗတော - သိထိုက်သောကြောင့်' ဟု အကြောင်းပြ၏။

ထိုအခါ တစ်ဖက်ပုဂ္ဂိုလ်က -

'သိထိုက်သောကြောင့် အနိစ္စဖြစ်တမ်းဆိုလျှင် နိဗ္ဗာန်လည်း သိထိုက်သော တရားဖြစ်ရကား အနိစ္စပေါ့' ဟု ချေပသောအခါ -

'ဇာနိတဗ္ဗတော - သိထိုက်သောကြောင့်' ဟူသောအကြောင်းကို ဖုံးကွယ်လို၍

'ဇာတိဓမ္မတော- ဖြစ်ခြင်းသဘောရှိသောကြောင့် ရုပ်သည် အနိစ္စ' ဟု အကြောင်းတစ်မျိုးကို ပြပြန်လေ၏။

'ဇာနိတဗ္ဗတော- သိထိုက်သောကြောင့်ဟု မပြောရပါဘူး။ အသင် နားကြားလွဲလို့ ဖြစ်မှာပါ။ ဇာတိဓမ္မတော- ဖြစ်ခြင်းသဘောရှိသောကြောင့်ဟု ငါပြောပါသည်' - ဟူလို။

တစ်နည်းအားဖြင့် - ဝန်ခံခြင်း ပယ်ခြင်းကို ဖုံးလွှမ်းလိုသည့်အတွက် -

အဘယ်သူသည် ပြောသနည်း?

အဘယ်စကားကို ပြောသနည်း?

အဘယ်နေရာ၌ ပြောသနည်း?

- ဟူ၍ ဤသို့ များစွာသော စကားကို ပြောဆို၍ ဖုံးလွှမ်းလေသည်။

<u>ချိန်းဆိုပြီးမှ ပျက်ကွက်ပုံ</u> ။ ။ အရှင်ဟတ္ထကသည် တိတ္ထိတို့နှင့် စကားပြောရန်အတွက် ချိန်းဆိုရာ၌ ဘယ်နေ့ ဘယ်ရက်၊ ဘယ်အချိန်၊ ဘယ်နေရာ ဟူ၍ အချိန်၊ နေရာ၊ ဒေသကို သတ်မှတ်ပြီး သတ်မှတ်ထားသော အချိန်ထက် စော၍လည်း သွားတတ်သည်။ နောက်ကျ၍လည်း သွားတတ်သည်။ ထိုသို့သွား၍ ချိန်းဆိုသော တိတ္ထိများ ရှိမနေသည်ကို -

'အမောင်တို့ ... ကြည့်ကြကုန်လော့။ တိတ္ထိတို့သည် မလာကြကုန်။ ရှုံးကုန်ပြီ' - ဟူ၍ ပြောဆိုလေ၏။

<u>သိက္ခာပုဒ် ပညတ်ခြင်း</u> ။ ။ ထိုသို့ 'ပယ်ပြီးမှ ဝန်ခံ၊ ဝန်ခံပြီးမှ ပယ်' စသော အရှင်ဟတ္ထက၏ လိမ်လည်လှည့်ဖြား ပြောဆိုသော စကားကို တိတ္ထိများကလည်း ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြကုန်၏။ အလိုနည်းသော ရဟန်းတို့ကလည်း ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြလေကုန်၏။ ထိုအခါ အရှင်ဟတ္ထက သည် -

'ငါ့ရှင်တို့ ... တိတ္ထိတို့ကို မည်သည့်နည်းနှင့်မဆို အနိုင်ယူအပ်ကုန်၏။ ထိုတိတ္ထိတို့အား အောင်မြင်မှုကို မပေးသင့်ချေ'

- ဟု ပြန်လည်ချေပလေ၏။ ရဟန်းတော်များက အရှင်ဟတ္ထက၏ ထိုအကျင့် ကို မြတ်စွာဘုရားအား လျှောက်ထားတော်မူသောအခါ မြတ်စွာဘုရားသည် ဟတ္ထက ရဟန်းအား ကဲ့ရဲ့ပြစ်တင်တော်မူပြီး ဤသို့ သိက္ခာပုဒ်တော်ကို ပညတ်တော်မူလေ၏။

'သိလျက် မဟုတ်မမှန် ပြောဆိုခြင်းကြောင့် ပါစိတ်အာပတ်သင့်၏'

<u>အနရိယဝေါဟာရ (၈) ပါး</u> ။ ။ သောတာပန် အစရှိသော အရိယာတို့သည် မုသား စကားကို မပြောတော့ပြီ။ ပုထုဇဉ်လူမိုက်တို့သည် ကား နည်းမျိုးစုံဖြင့် ပြောကြ၏။ ထို့ကြောင့် မုသားပြောဆိုမှုကို '**အနရိယဝေါဟာရ**- အရိယာတို့၏ အပြောအဆိုမဟုတ်။ ပုထုဇဉ်လူမိုက်တို့၏ ပြောဆိုမှု' ဟူ၍ ကျမ်းဂန် များ၌ ဆိုထားကြကုန်၏။ ယင်းပုထုဇဉ် လူမိုက်တို့ ပြောဆိုအပ်သော မုသားစကား အမှတ်အသားများကား (၈) ပါး ရှိလေသည်။

## မုသားစကား အမှတ်အသား (၈)ပါး

၁။ မျက်စိဖြင့် မမြင်သည်ကို မြင်၏ ဟူ၍လည်း ပြောတတ်၏။

၂။ နားဖြင့် မကြားသည်ကို ကြားရ၏ ဟူ၍လည်း ပြောတတ်၏။

၃။ နှာခေါင်းဖြင့် မနမ်းရှုရသည်ကို နမ်းရှုရ၏၊ လျှာဖြင့် မစားရသည်ကို စားရ၏၊ ကိုယ်ဖြင့် မထိတွေ့ရသည်ကို ထိတွေ့ရ၏ ဟူ၍လည်း ပြောတတ်၏။

၄။ စိတ်ဖြင့် မသိသည်ကို သိ၏ ဟူ၍လည်း ပြောဆိုတတ်၏။

၅။ မျက်စိဖြင့် မြင်ရသည်ကို မမြင်ရ ဟူ၍လည်း ပြောတတ်၏။

၆။ နားဖြင့် ကြားရသည်ကို မကြားရ ဟူ၍လည်း ပြောတတ်၏။

၇။ နှာခေါင်းဖြင့် နမ်းရှုရသည်ကို မနမ်းရှုရ၊ လျှာဖြင့် စားရသည်ကို မစားရ၊ ကိုယ်ဖြင့် တွေ့ထိရသည်ကို မတွေ့ထိရ ဟူ၍လည်း ပြောတတ်၏။

၈။ စိတ်ဖြင့် သိသည်ကို မသိပါ ဟူ၍လည်း ပြောဆိုတတ်၏။

မုသား အင်္ဂါ ၃-ပါး ။ ။ မဟုတ်မမှန် မုသားစကား ပြောသူသည် မပြောမီကလည်း မုသားပြောမည်ဟု သိ၏။ ပြောနေဆဲမှာလည်း မုသားပြောနေသည်ဟု သိ၏။ ပြောပြီးရာအခါ၌လည်း မုသားပြောမိပြီဟု သိ၏။ ဤအင်္ဂါ ၃-မျိုး ပြည့်စုံလျှင် မုသားမြောက်သည်သာ။

အဆောတလျင် ပြောမိလျှင် ။ ။ မစုံစမ်း၊ မနှိုင်းချိန်မူ၍ လျင်မြန်စွာ မြင်အပ်သည်ကို 'မမြင်' ဟူ၍ ပြောမိရာ၌လည်းကောင်း၊ ညံ့ဖျင်းသည်၏ အဖြစ်ကြောင့်၊ ထိုင်းမှိုင်းသည်၏ အဖြစ်ကြောင့် 'စီဝရံ' ဟူ၍ ပြောသည်ကို 'စီရံ' ဟူ၍ ချွတ်ချော်ပြောမိရာ၌ လည်းကောင်း မုသားမမြောက်။ အပ်ကို ပေါက်ဆိန်ဖြစ်အောင် ကြီးကြီးကျယ်ကျယ် ချဲ့ကား ပြောရာ၌ကား မုသားမြောက်သည်သာ။

*( ဝိ - ၂။ ပါဠိတော်။ မြန်မာပြန်။ ပါစိတျာဒိ ၅။ ပါစိတ်ဘာဇနီ - ပ )*

## မုသာဝါဒသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

<u>အနိုင်မခံ အရှုံးမပေး</u> ။ ။ သာကီဝင်မင်းသား အရှင်ဟတ္ထကကား သူတစ်ပါးအပေါ်၌ အနိုင်ယူ ပြောဆိုတတ်သော ဝါသနာစရိုက် အတိုင်း တိတ္ထိတို့ထံ မကြာမကြာသွား၍ တိတ္ထိတို့နှင့် သူ့ဝါဒ ကိုယ့်ဝါဒ အပြိုင်အဆိုင် အနိုင်ယူပြောကြရာတွင် 'တိတ္ထိတို့အား အရှုံးမပေးထိုက်' သဘောဖြင့် လိမ်ကာ ညာကာ လှည့်ပတ်ကာ မုသားစကား ပြောကြား၍ မနိုင်နိုင်အောင် ပြောဆိုတတ်လေ၏။

<u>အနိုင်ယူပုံ မဟုတ်</u> ။ ။ မုန်းသူနှင့် ပြောပြော၊ ချစ်သူနှင့် ပြောပြော၊ ဘယ်သူနှင့် ပြောပြော မုသားဟာ မုသားတည်း။ အပြိုင်အဆိုင် အနိုင်ပြောကြရာ၌ ဟုတ်မှန်သော နည်းဖြင့်သာ အနိုင်ယူသင့်၏။ **ငါ့စကားနွားရ** နိုင်ပြီးရော သဘောဖြင့် မဟုတ်မမှန်သောနည်းဖြင့် အနိုင်မယူသင့်ပေ။ အရှင်ဟတ္ထကသည် တိတ္ထိတို့အား အရှုံးမပေးထိုက် ဟူသော ခံယူချက်ကောင်းမွန်သော်လည်း မုသားပြော၍ အနိုင်ယူခြင်းဖြစ်၍ အနိုင်ယူပုံ လွဲမှားနေလေ၏။ ထို့ကြောင့် တိတ္ထိတို့၏ အကဲ့ရဲ့ကိုလည်း ခံရ၊ သီတင်းသုံးဖော် ရဟန်းတို့၏ အကဲ့ရဲ့ကိုလည်း ခံရ၊ မြတ်စွာဘုရား၏ အကဲ့ရဲ့ကိုလည်း ခံရသည့်ပြင် သိက္ခာပုဒ် ပညတ်ခြင်းကိုလည်း ခံရလေ၏။

<u>လောကအပြစ်ရှိ၏</u> ။ ။ မုသားစကား ပြောကြခြင်းသည် ရဟန်းတော်များတွင်မက လူတွေ၌လည်း ငါးပါးသီလ၊ ရှစ်ပါးသီလ ဟူသော မြတ်စွာဘုရား ပညတ်ထားအပ်သော သိက္ခာပုဒ်တို့ကို ချိုးဖောက်ရာလည်း ရောက်၏။ အကျင့်သီလ ပျက်စီးမှုလည်း ရှိ၏။ လောကပြစ်၊ သံသရာပြစ်လည်း ရှိ၏။ ထို့ကြောင့် မုသားစကား ပြောကြားခြင်းကို ရှောင်ရှားကြရမည် ဖြစ်၏။ ရွာတစ်ရွာမှာ အိမ်တစ်အိမ်က မုန့်လေး နည်းနည်းပါးပါး ကျွေးသည်ကို -

'တစ်ရွာလုံး မုန့်တွေဝေငှကျွေးနေတာ စားလို့မကုန်ပါဘူး'

- ဟူ၍ စသည်ဖြင့် စကားကို ကြီးကျယ်အောင် ချဲ့ကား ပြောတတ်သော မုသားစကား ပြောကြားမှုမျိုးတို့ကိုပင် ရှောင်ရှားနိုင်ကြရမည် ဖြစ်၏။

## မုသားစကား ပြောခြင်းမှ ရှောင်ကြဉ်ရန် လင်္ကာ

၁။ အပြိုင်အဆိုင်၊ တွေ့ရင်ဆိုင်၊ အနိုင်ကြဲရမည်။
၂။ မဟုတ်ဇာတ်သွင်း၊ ပြောကာငြင်း၊ နိုင်ခြင်းမကောင်းပြီ။
၃။ အမှန်ဖြင့်သာ၊ နိုင်ခြင်းဟာ၊ ဘယာကင်းဝေးသည်။
၄။ ရှင်ဟတ္ထကာ၊ နိုင်နည်းမှာ၊ မုသာပါ၍သည်၊
၅။ ဗုဒ္ဓမြတ်စွာ၊ ကဲ့ရဲ့ခါ၊ သိက္ခာပညတ်ပြီ။
၆။ သံသရာပြစ်၊ လောကပြစ်၊ နှစ်ပြစ်ရှိ၍သည်၊
၇။ မုသားစကား၊ ပြောခြင်းအား၊ ရှောင်ရှားကြရမည်။
၈။ တကယ်ဖြစ်တာ၊ နည်းနည်းပါ၊ ပြောတာကြီးကျယ်သည်။
၉။ ယင်းသို့ချဲ့ထွင်၊ ပြောကိုပင်၊ မှန်ပင်ရှောင်ရမည်။

သုဒ္ဓပါစိတ် မုသာဝါဒ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

• • • • • • • • • • • • • • • • • • • • • • • • • •

## သုဒ္ဓပါစိတ် ဩမသဝါဒ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

ဩမသဝါဒ သိက္ခာပုဒ် ။ ။ ဩမသဝါဒ ဟူသည် ဆဲရေးသောစကား ဟူ၍ အဓိပ္ပါယ်ရသည်။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့၏ ဆဲရေးခြင်းကို အကြောင်းပြု၍ ဤသိက္ခာပုဒ်ကို ပညတ်ခြင်း ဖြစ်သည်။

ဆဗ္ဗဂ္ဂီရဟန်းတို့ ဆဲရေးပုံ ။ ။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့နှင့် ငြင်းခုံကြသည်ရှိသော် သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့ကို နှုတ်လှံထိုးကုန်၏။ အမျိုးဇာတ်အားဖြင့်လည်းကောင်း၊ အမည်အားဖြင့်လည်းကောင်း၊ အနွယ်အားဖြင့်လည်းကောင်း၊ အလုပ်အကိုင်အားဖြင့်လည်းကောင်း၊ အတတ်ပညာအားဖြင့်လည်းကောင်း၊ အနာရောဂါအားဖြင့်လည်းကောင်း၊ အသွင်ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း၊ ညစ်ညမ်းမှုကိလေသာအားဖြင့်လည်းကောင်း၊ အာပတ်အားဖြင့်လည်းကောင်း၊ ယုတ်ညံ့သော ဆဲရေးခြင်းအားဖြင့်လည်းကောင်း ဆဲရေးကြကုန်၏။ ရှုတ်ချကြကုန်၏။

နွားပင် မကြိုက်ပုံ ။ ။ ထိုကဲ့သို့ ဆဲရေးသည်ကို ဆဗ္ဗဂ္ဂီရဟန်းတို့အား ရဟန်းတော်များကလည်း ကဲ့ရဲ့ ရှုတ်ချကြပြီး မြတ်စွာဘုရားရှင်သည်လည်း ကဲ့ရဲ့တော်မူပြီးလျှင် အတိတ်ဘဝက နွားဖြစ်စဉ်ဘဝကို ပြန်၍ ဟောပြ တော်မူ၏။

ရှေးအခါက တက္ကသိုလ်မြို့၌ ပုဏ္ဏားတစ်ယောက်အား နန္ဒိဝိသာလ မည်သော နွားလားသည် ရှိ၏။ ထိုနွားလားသည် ဘုရားလောင်းတည်း။ ထိုနွားလားကို ပုဏ္ဏားသည် ယာဂုထမင်းစသည်တို့ဖြင့် အလွန်ဂရုစိုက် ကျွေးမွေးပြုစု၏။ ထို့ကြောင့် ဘုရားလောင်းနွားလားသည် ပုဏ္ဏားအား ချီးမြှောက်လိုသည် ဖြစ်၍ –

'ပုဏ္ဏား ... အသင်သွားချေ။ ငါ၏ နွားလားသည် တစ်စပ်တည်း ချည်နှောင်ထားသည့် ဝန်အပြည့်တင်သော လှည်းတစ်ရာကို လိမ့်စေနိုင်၏ ဟု သူဌေးနှင့်အတူ အသပြာတစ်ထောင် အလောင်းအစား ပြုလေလော့' – ဟု ပြောဆိုလေ၏။

ပုဏ္ဏားလည်း သူဌေးအားပြော၍ အသပြာတစ်ထောင် အလောင်းအစား ပြုလေ၏။ အားလုံး အဆင်သင့် ဖြစ်သောအခါ ပုဏ္ဏားသည် ဘုရားလောင်း နန္ဒိဝိသာလ နွားလားအား –

'စဉ်းလဲကောက်ကျစ်သောနွား ... သွားလော့။

စဉ်းလဲကောက်ကျစ်သောနွား ... ရုန်းလော့'

– ဟု ဆို၍ လှည်းကို မောင်းလေ၏။

နန္ဒိဝိသာလ နွားလားသည် မရုန်းမူ၍ လှည်းကသောနေရာ၌ပင် ရပ်တည်၍ နေလေ၏။ ထိုပုဏ္ဏားသည်လည်း အသပြာတစ်ထောင် ရှုံး၍ မှိုင်တွေနေလေ၏။

နန္ဒိဝိသာလနွားလားက ပုဏ္ဏားအား –

'ပုဏ္ဏား ... သင်သည် အဘယ်ကြောင့် မှိုင်တွေနေသနည်း' – ဟု မေးလေရာ ပုဏ္ဏားက –

' နွားလား ... သင်သည် ငါ့ကို အသပြာတစ်ထောင် ရှုံးစေသောကြောင့် မှိုင်တွေနေ၏' – ဟု ဖြေဆိုလေ၏။ ထိုအခါ ဘုရားလောင်း နွားလားသည် –

'ပုဏ္ဏား ... သင်သည် မကောက်ကျစ်သော ငါ့ကို ကောက်ကျစ်သောနွားဟု အဘယ်ကြောင့် ပြောဆိုဘိသနည်း။ ပုဏ္ဏား ... သင်သွားချေဦး။ ဒီတစ်ခါ အသပြာ နှစ်ထောင် လောင်းချေဦး။ မကောက်ကျစ်သော ငါ့ကို ကောက်ကျစ်သောနွား ဟု မဆိုလင့်' – ဟူ၍ ပြောဆိုလိုက်လေ၏။

ပုဏ္ဏားသည် သူဌေးနှင့် အလောင်းအစား အသပြာနှစ်ထောင် ပြုပြီးနောက် အားလုံး အဆင်သင့် ဖြစ်သောအခါ ဘုရားလောင်းနွားလားအား –

'ကောင်းသောနွားလား ... သွားပါလော့။ ကောင်းသောနွားလား ... ရုန်းပါလော့' – ဟု ပြော၍ လှည်းကို မောင်းလေ၏။

ထိုအခါ ဘုရားလောင်း နွားလားသည် ဝန်အပြည့်တင်သော လှည်းပေါင်း တစ်ရာကို လိမ့်စေလေ၏။ ပုဏ္ဏားလည်း ဥစ္စာနှစ်ထောင်ရသဖြင့် ဝမ်းမြောက်လေ၏။

<u>သိက္ခာပုဒ် ပညတ်ပုံ</u> ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် နန္ဒိဝိသာလဇာတ်တော်ကို ဟောတော်မူပြီးနောက်

'ရဟန်းတို့ ... နှစ်သက်ဖွယ်စကားကိုသာ ပြောဆိုရာ၏။ မနှစ်သက်ဖွယ်စကားကို တစ်ရံတစ်ခါမျှ မပြောဆိုရာ။ နန္ဒိဝိသာလနွားလားသည် နှစ်သက်ဖွယ်ကို ပြောဆိုသောအခါ ပုဏ္ဏားဏ်၏ လေးလံသော လှည်းပေါင်း(၁၀၀)ဝန်ကိုလည်း ရွက်ဆောင်ပေး၏။ ထိုပုဏ္ဏားအား ဥစ္စာကိုလည်း ရစေ၏။ ထို့ကြောင့်လည်း ဝမ်းမြောက်စေ၏။

ရဟန်းတို့ ... နွားတိရစ္ဆာန်ဖြစ်စဉ်အခါ၌ပင် ငါဘုရားသည် ဆဲရေးခြင်း၊ ရှုတ်ချခြင်းကို မနှစ်သက်ခဲ့ပေ။ ယခုအခါ၌မူကား ဆဲရေးခြင်း၊ ရှုတ်ချခြင်းကို အဘယ်မှာ နှစ်သက်ပါအံ့နည်း'

– ဟူ၍ မိန့်ကြားတော်မူပြီးနောက် ဆဗ္ဗဂ္ဂီရဟန်းတို့အား ကဲ့ရဲ့ရှုတ်ချပြီးလျှင် ဤသို့ ဩမသဝါဒသိက္ခာပုဒ်ကို ပညတ်လေ၏။

'ထိခိုက်နာကျင်အောင် ပြောဆိုခြင်းကြောင့် ပါစိတ်အာပတ်သင့်၏'

<u>ဆဲရေးခြင်းမျိုးစုံ</u> ။ ။ ပါဠိတော်၌ ဆဲရေးခြင်းမျိုးစုံကို ဖော်ပြထား၏။ ဤ၌ သိသာရုံ ပြပေအံ့။ သူတစ်ပါးအား ဆဲရေးလို၊ ရှုတ်ချလို၊ အရှိန်အစော်မဲ့ ပြုလုပ်လို၍ ဒွန်းစဏ္ဍားမျိုးပဲ၊ မုဆိုးမျိုးပဲ၊ တံငါသည်မျိုးပဲ၊ သူတောင်းစားမျိုးပဲ စသည်ဖြင့် အမျိုးဇာတ်ကို ထိခိုက်၍ ဆဲရေးခြင်း၊ အမှိုက်ကျုံးသမားပဲ၊ ဘင်ကျုံးသမားပဲ၊ ဝက်မွေးတဲ့အကောင်ပဲ စသည်ဖြင့် အလုပ်အကိုင်ကို ထိခိုက်၍ ဆဲရေးခြင်း၊ ဆတ္တာသည်ပဲ၊ ဆံသသမားပဲ၊ အိုးထိန်းသည်ပဲ၊ ရက်ကန်းသည်ပဲ စသည်ဖြင့် အတတ်ပညာကို ထိခိုက်၍ ဆဲရေးခြင်း၊ နူနေတဲ့အကောင်ပဲ၊ ပွေးဝဲထနေတဲ့ အကောင်ပဲ၊ ပန်းနာရင်ကြပ်သည်ပဲ စသည်ဖြင့် အနာရောဂါဖြင့် ဆဲရေးခြင်း၊ ငပုပဲ၊ ငရှည်ပဲ၊ ငမဲပဲ၊ ငပိန်ပဲ စသည်ဖြင့် အသွင်ပုံသဏ္ဌာန်ဖြင့် ဆဲရေးခြင်း၊ ရာဂကြီးသူပဲ၊ ဇာဘူးပဲ၊ ဒေါသကြီးသူပဲ၊ ဘဝင်မြင့်သူပဲ စသည်ဖြင့် ကိလေသာဖြင့် ဆဲရေးခြင်း၊ နွားလိုအကောင်၊ ခွေးလိုအကောင် စသည်ဖြင့် ယုတ်သောဆဲရေးခြင်း စသည်ဖြင့် ဆဲရေးခြင်းမျိုးစုံ ရှိလေရာ

ဘယ်လို ဆဲရေးဆဲရေး ဆဲရေးခြင်းသာ ဖြစ်လေ၏။ လောကပြစ်, သံသရာပြစ်ရှိသည်သာ ဖြစ်လေ၏။

*( ၀ိ -၂ - ပါဠိတော်, မြန်မာပြန်။ ပါစိတ္တိယ ၄၊ ဘာဏ်ိဳ - ၀ )*

## ဩမသ သိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

ဆဲရေးခြင်းဟာ လွှသွားပမာ ။ ။ လွှသွားသည် ကြမ်း၏။ ရှ၏၊ နာကျင်စေ၏။ ထို့အတူ ဆဲရေးခြင်းသည်လည်း ကြမ်း၏။ ရှ၏။ နာကျင်စေ၏။ မှန်၏။ ဆဲရေးသံကို ကြားရသောအခါ နားထဲမှာ ကြမ်းကြမ်းရှရှ ဖြစ်ရ၏။ နှလုံးသားမှာ အပ်နှင့်ဆွသကဲ့သို့ နာကျင်မှု ဖြစ်ရ၏။ လှံနှင့် အထိုးခံရသော အခါ နာကျင်မှု ဖြစ်ရသကဲ့သို့ နှလုံးသားမှာ နာကျင်မှု ဖြစ်ရ၏။ ထို့ကြောင့် ဆဲရေးမှုကို **'နှုတ်လှံထိုး'** ဟူ၍လည်း ကျမ်းဂန်များ၌ ခေါ်ဆို၏။

လူလူချင်း ဒေါသအလျောက် မကြားဝံ့မနာသာ ဆဲရေးတိုင်းထွာကြခြင်းကား အလွန် ရိုင်းသောအလုပ် ဖြစ်၏။ လိမ်လည်လှည့်ဖျား ပြောကြားခြင်းသည် အလွှာ မျိုးစုံ၌ ရှိသကဲ့သို့ ဆဲရေးခြင်းသည်လည်း အလွှာမျိုးစုံ၌ ရှိလေ၏။ ယဉ်ကျေးမြင့်မြတ်သော လူသားတစ်ယောက်အနေဖြင့်ကား ကြမ်းတမ်း ရိုင်းစိုင်းလှသော၊ သူတစ်ပါးကို နာကျင်စေသော၊ နားခါးစေသော၊ အော့နှလုံးနာစေသော၊ အော့ကြောလန်စေသော ဆဲရေးတိုင်းထွာမှုမျိုးကို မပြုလုပ်သင့်ကြပေ။ တိရစ္ဆာန်များပင် အော်ခြင်း၊ ဟောက်ခြင်း၊ ဆဲရေးခြင်း၊ ကြမ်းတမ်းစွာ ပြောဆိုခြင်းကို မနှစ်သက်လေရကား လူလူချင်းမှာကား အဘယ်သို့လျှင် နှစ်သက်နိုင်ပါအံ့နည်း။

## ကြမ်းတမ်းစကား ပြောကြားခြင်းမှ ရှောင်ရန်လင်္ကာ

၁။ လွှသွားပမာ၊ ဆဲခြင်းဟာ၊ ကြမ်းတာတူလေသည်။
၂။ လှံနှင့်တူရိုး၊ နှုတ်လှံထိုး၊ တစ်မျိုးခေါ် ပြန်သည်။
၃။ အပ်နှင့်ထိုးဆွ၊ ဟဒယ၊ ခံရခက်လှသည်။
၄။ ကြားရနား၀၊ စူးရရှ၊ ခံရခက်လှသည်။
၅။ စိတ်ကိုနာစေ၊ နားခါးပေ၊ ပြစ်တွေကြီးလှသည်။
၆။ တိရစ္ဆာန်ပင်၊ နှစ်သက်အင်၊ မှန်ပင်မရှိပြီ။
၇။ လူဖြစ်သူမှာ၊ ပြောဖွယ်ရာ၊ ဆိုရာမရှိပြီ။
၈။ အော်ခြင်းငေါက်ခြင်း၊ ဆဲဆိုခြင်း၊ လွန်မင်းရိုင်းစိုင်းသည်။
၉။ ဆဲရေးတိုင်းထွာ၊ ထေ့ငေါ့တာ၊ လွန်စွာရိုင်းစိုင်းသည်။
၁၀။ ရိုင်းစိုင်းလှခြား၊ ဆဲခြင်းအား၊ ရှောင်ရှားကြရမည်။
၁၁။ သံသရာပြစ်၊ လောကပြစ်၊ အပြစ်ကြီးလှသည်။
၁၂။ အပြစ်ကြီးခြား၊ ဆဲခြင်းအား၊ ရှောင်ရှားကြရမည်။
၁၃။ ချိုချိုသာသာ၊ ပြောဆိုပါ၊ ဘယ်ခါမမှားပြီ။
၁၄။ နန္ဒိဝိသာလ၊ နွားလားပ၊ စံပြသိနိုင်သည်။
၁၅။ ဆဲရေးလို့ပ၊ ဩမသ၊ ဗုဒ္ဓပညတ်ပြီ။

သုဒ္ဓပါစိတ် ဩမသ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် ပေသုည သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**ပေသုည သိက္ခာပုဒ်** ။ ။ ပေသုည ဟူသည် ချောပစ်ကုန်းတိုက်ခြင်းတည်း။ မြတ်စွာဘုရားရှင်သည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့၏ ချောပစ်ကုန်းတိုက်ခြင်းကို အကြောင်းပြု၍ ပညတ်အပ်သော သိက္ခာပုဒ် ဖြစ်သည်။

**ချောပစ်ကုန်းတိုက်ပုံ** ။ ။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခိုက်ရန်ဖြစ်ကြ၊ ငြင်းခုံကြ၊ ဝါဒကွဲပြားခြင်းသို့ ရောက်ကြကုန်သော ရဟန်းတို့ထံသို့ ချောပစ်ကုန်းတိုက်သော စကားကို ပို့ဆောင်ကြကုန်၏။ ဤရဟန်း၏ စကားကို နားထောင်၍ ဟိုရဟန်းထံသို့၊ ဟိုရဟန်း၏ စကားကို နားထောင်၍ ဤရဟန်းထံသို့ စကားကို ပို့ဆောင်လေ၏။ ဤသို့ ပို့ဆောင်ခြင်းကြောင့် မဖြစ်သေးသော ခိုက်ရန်တို့သည်လည်း ဖြစ်ပွားကုန်၏။ ဖြစ်ပြီးသော ခိုက်ရန်တို့သည်လည်း အတိုင်းထက်အလွန် ပွားများကျယ်ပြန့်ခြင်းသို့ ရောက်ကုန်၏။

**သိက္ခာပုဒ် ပညတ်ပုံ** ။ ။ အလိုနည်းကုန်သော ရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့အား ကဲ့ရဲ့ ရှုတ်ချပြီးနောက် မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားသည်လည်း ကဲ့ရဲ့ ရှုတ်ချတော်မူပြီးနောက် ပေသုညသိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

ရဟန်းတို့အား ချောပစ်ကုန်းတိုက်သောစကားကို
ပြောဆိုခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။

**စကားကို ပို့ဆောင်ပုံ** ။ ။ မိမိကို ချစ်ခင်လာစေလိုသောကြောင့်လည်းကောင်း၊ ညီညွတ်သူတို့ကို ကွဲပြားစေလိုသောကြောင့်လည်းကောင်း ဤအကြောင်းနှစ်ပါးကြောင့် ချောပစ်ကုန်းတိုက်သောစကားကို ပြောဆိုခြင်းဖြစ်သည်။ ပြောဆိုပုံကား –

'အရှင်ဘုရား ... အရှင်ဘုရားကို ဟိုရဟန်းက တဏှာရှူးကြီးလို့ ပြောနေတယ်'

- စသည်ဖြင့် ပြောဆိုမှုမျိုးဖြစ်သည်။ ယင်းသို့ တစ်ဖက်စကားကို အခြားပုဂ္ဂိုလ်၏ နားသို့ရောက်အောင် ပြုလုပ်ခြင်းမျိုးဖြစ်၍ 'ပို့ဆောင်သည်' ဟူ၍ ခေါ်ဆိုရပေသည်။

*( ဝိ - ၂ - ပါဠိတော်, မြန်မာပြန်။ ပါစိတျာဒိ ၄၊ ဘာဏ္ဍ - ပ )*

## ပေသုည သိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**အပြစ်ကြီးလှ၏** ။ ။ ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်၍ မညီညွတ်ခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်လေသည်။ ညီညွတ်ခြင်းသည် လူ့လောက၏ အလှတရားဖြစ်သလို မညီညွတ်ခြင်းသည် လူ့လောက၏ အဆိုးတရား ဖြစ်လေသည်။ ညီညွတ်ခြင်းသည် ပန်းခင်းသောလမ်းကို လျှောက်ရဘိသကဲ့သို့ဖြစ်ပြီး မညီညွတ်ခြင်းသည် ဆူးရှိသောလမ်းကို လျှောက်ရဘိသကဲ့သို့ ဖြစ်လေသည်။ ထို့ကြောင့် ကွဲပြားအောင် ပြုလုပ်ခြင်းသည် အလွန်ကြီးလေးသော အပြစ်ကို ကျူးလွန်ရာ ရောက်လေသည်။

**စိတ်ဓာတ်ညံ့ဖျင်းသူများ** ။ ။ ကုန်းချောစကားကို ပြောကြား၍ ညီညွတ်နေသူတို့အား ကွဲပြားအောင် ပြုလုပ်ခြင်းသည်လည်းကောင်း၊ ကွဲပြားနေသူတို့အား ပို၍ ကွဲပြားအောင် ပြုလုပ်ခြင်းသည်လည်းကောင်း၊ မိမိကိုတော့ ချစ်ခင်လာစေပြီး တစ်ဖက်လူကို အမုန်းကြီး မုန်းသွားအောင် ပြုလုပ်ခြင်းသည်လည်းကောင်း အလွန်စိတ်ဓာတ်ညံ့ဖျင်းသူများ၏ လုပ်ဆောင်ချက်မျိုးသာ ဖြစ်လေသည်။ ကိုယ်ကျင့်တရား ပျက်စီးသူတို့၏ လုပ်ရပ်သာ ဖြစ်လေသည်။

စိတ်စေတနာ ကောင်းမွန်သူများ၊ ကိုယ်ကျင့်တရား ကောင်းမွန်သူများကား ကွဲပြားသူတွေကို ညီညွတ်အောင်၊ ညီညွတ်သူတွေကို ပို၍ ညီညွတ်အောင်၊ ချစ်ခင်နေသည်ကို ပို၍ ချစ်ခင်အောင်သာ ပြောဆိုပြုလုပ်ကြလေသည်။ ထို့ကြောင့် စိတ်ဓာတ်

ညှို့ဖျင်းသူများ၊ ကိုယ်ကျင့်တရား ပျက်စီးသူများ မဖြစ်အောင် အထူးသတိထား၍ ကြိုးစားအားထုတ်ကြရမည် ဖြစ်ပေသည်။

## ကုန်းချော စကား ပြောကြားခြင်းမှ ရှောင်ကြဉ်ရန် လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | ညီညီညာညာ၊ | နေထိုင်ပါ၊ | ချမ်းသာကြောင်းဖြစ်သည်။ |
| ၂။ | ကွဲကွဲပြားပြား၊ | နေထိုင်ကြား၊ | အများဆင်းရဲသည်။ |
| ၃။ | ညီညွတ်စိတ်လန်း၊ | ပန်းခင်းလမ်း၊ | လျှောက်လှမ်းကြရမည်။ |
| ၄။ | ကွဲပြားစိတ်ကြမ်း၊ | ခရောင်းလမ်း၊ | လျှောက်လှမ်းရပေမည်။ |
| ၅။ | ညီညာဖြိုခွဲ၊ | အပြစ်လဲ၊ | လွန်ပဲကြီးလှသည်။ |
| ၆။ | ကုန်းချောစကား၊ | ထပ်ထပ်အား၊ | ပြောကြားပါ၍သည်၊ |
| ၇။ | ညီနေတာတောင်၊ | ကွဲပြားအောင်၊ | လုပ်ဆောင်ကြခြင်းသည်၊ |
| ၈။ | ချစ်နေတာတောင်၊ | မုန်းသွားအောင်၊ | လုပ်ဆောင်ကြခြင်းသည်၊ |
| ၉။ | ကိုယ်ကျင့်မမှန်၊ | စိတ်မမှန်၊ | ဖောက်ပြန်ဆောင်ရွက်သည်၊ |
| ၁၀။ | ကျင့်စာရိတ္တ၊ | စိတ်ဗလ၊ | ကောင်းကြသူများသည်၊ |
| ၁၁။ | ညီညွတ်အောင်သာ၊ | ချစ်အောင်သာ၊ | ကောင်းစွာပြုလုပ်သည်။ |
| ၁၂။ | ကိုယ်ကျင့်ကောင်းအောင်၊ | စိတ်ကောင်းအောင်၊ | မြဲဆောင်ကျင့်ရမည်။ |
| ၁၃။ | လောကလူ့ရွာ၊ | အလှဟာ၊ | ညီညာခြင်းဖြစ်သည်။ |
| ၁၄။ | ကွဲပြားလေရာ၊ | အဆိုးသာ၊ | သာယာမရှိပြီ။ |
| ၁၅။ | ကုန်းချောလို့ပ၊ | ပေသုည၊ | ဗုဒ္ဓပညတ်ပြီ။ |

သုဒ္ဓပါစိတ် ပေသုညသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

••••••••••••••••••••

## သုဒ္ဓပါစိတ် ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ် ။** ။ ဒုဋ္ဌုလ္လာရောစန- ဟူသည် ရုန့်ရင်းသော အာပတ်ကို ပြောကြားမှုဟု အဓိပ္ပါယ်ရသည်။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့၏ အရှင်ဥပနန္ဒ၏ ရုန့်ရင်းသော အာပတ်ကို လူတို့အား ဖွင့်ချပြောကြားသည့်အတွက် ပညတ်အပ်သော သိက္ခာပုဒ်ဖြစ်သည်။ သုဒ္ဓပါစိတ် သိက္ခာပုဒ် ၉၂-ပါး ရှိသည့်အနက်က ၉-ခုမြောက် သိက္ခာပုဒ် ဖြစ်သည်။

**ဒုဋ္ဌုလ္လကို ပြောကြားပုံ ။** ။ ဆဗ္ဗဂ္ဂီရဟန်းတို့နှင့် သာကီဝင်မင်းသား အရှင်ဥပနန္ဒသည် ရိုက်ရန်ဖြစ်ကြသည့်အတွက် ဆဗ္ဗဂ္ဂီရဟန်းတို့သည် အရှင်ဥပနန္ဒအပေါ်၌ မကျေမနပ် ဖြစ်လျက်ရှိနေလေ၏။ တစ်နေ့သောအခါ၌ သံဃာ့ဆွမ်းကျွေးတစ်ခုရှိရာတွင် အရှင်ဥပနန္ဒသည် ရုန့်ရင်းသော သံဃာဒိသိသ် အာပတ်ကို ကုစားရန် ဝိနည်းထုံးစံအရ အစွန်ဆုံးမှာ နေရလေ၏။ ဆွမ်းကပ်သော ဒါယကာများသည် အရှင်ဥပနန္ဒကို ကြည်ညိုသူများ ဖြစ်ကြလေ၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အကြည်ညိုပျက်စေရန်အတွက် -

'ဒါယကာတို့ ... သင်တို့ ချီးမွမ်းကြည်ညိုနေသော အရှင်ဥပနန္ဒသည် ရုန့်ရင်းသော သံဃာဒိသိသ်အာပတ်သင့်၍ အစွန်ဖျားမှာ နေရလေ၏'

- ဟူ၍ အရှင်ဥပနန္ဒ၏ အပြစ်ကို ဖွင့်ချပြောကြားလေ၏။

**သိက္ခာပုဒ်ကို ပညတ်ပုံ ။** ။ အလိုနည်းသော ရဟန်းတို့သည် -

'အဘယ်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရုန့်ရင်းသောအာပတ်ကို ရဟန်းမဟုတ်သူ လူတို့အား ပြောကြားကုန်ဘိသနည်း'

- ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြလေကုန်၏။ မြတ်စွာဘုရားအား လျှောက်ထားသောအခါ မြတ်စွာဘုရားသည်လည်း ကဲ့ရဲ့တော်မူ၍ ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

'အကြင်ရဟန်းသည် ရဟန်း၏ ရန့်ရင်းသော အာပတ်ကို ရဟန်းတို့၏ သမ္မုတိ မရဘဲ ရဟန်းမဟုတ်သူ လူတို့အား ပြောကြားငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ် သင့်၏'

*( ဝိ - ၂ - ပါဠိတော်၊ မြန်မာပြန်၊ ပါစိတ္တာဒိ - ၄၊ ပါစိတ်သာင်္ဂ - ၀ )*

## ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**အပြစ်ကိုယ်စီ ရှိကြသည်** ။ ။ ပုထုဇဉ်လူသားတို့၌ အနည်းနှင့်အများ အပြစ်တစ်ခုခုကို ကျူးလွန်မိတတ်၍ အပြစ်ကိုယ်စီ ရှိကြသည်ချည်းဖြစ်၏။ ထိုအနက် သူတစ်ပါးတို့သိလျှင် သိက္ခာကျနိုင်လောက်သော အပြစ်များလည်း ရှိတတ်ပေရာ သိက္ခာမကျလိုသည့်အတွက် လူမသိအောင် ထိုအပြစ်ကို တတ်နိုင်သမျှ ဖုံးဖိထားကြလေကုန်၏။

**သိက္ခာကျအောင် မလုပ်သင့်** ။ ။ ညီညွတ်ချစ်ခင်နေကြသောအခါ၌ တစ်ဦး၏ အပြစ်ကို တစ်ဦးက ဖုံးလွှမ်းထားနိုင်ကြသော်လည်း ခိုက်ရန်ဖြစ်ပွား၍ မုန်းတီးမှု ဖြစ်ပေါ်လာသောအခါ၌ စိတ်ထားယုတ်ညံ့သူတို့သည် တစ်ဖက်သား သိက္ခာကျအောင် လူပုံအလယ်၌ ဖွင့်ချပြောကြားတတ်လေ၏။ ထို့ထက်ယုတ်မာသူတို့က ငွေညှစ်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည်ဖြင့် အကြပ်ကိုင်ခြင်းများလည်း ရှိတတ်ပေ၏။ မည်သို့ပင်ဆိုစေ လူလူချင်း ညှာတာသနား စာနာထောက်ထား မေတ္တာအားဖြင့် တစ်ဖက်သား ဂုဏ်သိက္ခာကျအောင် မပြုလုပ်သင့်ကြပေ။ ရဟန်းတော်တို့၌ အပြစ်ကျူးလွန်မိလျှင် ဤကဲ့သို့ အပြစ်မျိုး နောင်မလုပ်မိစေရန် အပြစ်အားလျော်စွာ ကုစားရ၏။ လူတို့၌လည်း ဤကဲ့သို့ အပြစ်မျိုး နောက်ထပ် မဖြစ်စေရန် သံဝေဂဉာဏ်ဖြင့် အဖန်ဖန် စောင့်ရှောက်ထိန်းသိမ်းကြရမည် ဖြစ်ပေ၏။

## သိက္ခာကျအောင် ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန် လင်္ကာ

၁။ ပုထုဇဉ်သည်၊ ဖြစ်လီလီ၊ ကိုယ်စီရှိကြသည်။
၂။ သိက္ခာတွေကျ၊ ဖြစ်ကိုပ၊ ဖုံးကြဖုံးကြသည်။
၃။ ညီညွတ်ချစ်ခင်၊ ရှိကြလျှင်၊ ဝိုင်းပင်ဖုံးပေးသည်။
၄။ ပြသနာကြီး၊ ရန်ငြိုးကြီး၊ မုန်းတီးလာရင်သည်၊
၅။ စိတ်ထားညံ့သူ၊ ယုတ်မာသူ၊ ငြူစူသူများသည်၊
၆။ သိက္ခာကျအောင်၊ ဂုဏ်ပျက်အောင်၊ လုပ်ဆောင်ပါတော့သည်။
၇။ ခြိမ်းခြောက်လေခြင်း၊ ငွေညှစ်ခြင်း၊ လွန်မင်းယုတ်မာသည်။
၈။ လူနှင့်လူအား၊ ညှာသနား၊ ထောက်ထားကြရမည်။
၉။ အရာရာမှာ၊ ကိုယ်ချင်းစာ၊ မေတ္တာထားရမည်။
၁၀။ ယုတ်မာအလုပ်၊ ဘယ်မလုပ်၊ အဟုတ်ရှောင်ရမည်။
၁၁။ သိက္ခာကျရ၊ ဖြစ်ကိုပ၊ ရှောင်မှကောင်းတော့မည်။
၁၂။ သံဝေဉာဏ်ဖြင့်၊ သတိနှင့်၊ ဆင့်ဆင့်စောင့်ရမည်။
၁၃။ ရှုန့်ရှင်းလို့ပ၊ ဒုဋ္ဌုလ္လ၊ ဗုဒ္ဓပညတ်ပြီ။

သုဒ္ဓပါစိတ် ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် အညဝါဒက သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

<u>အညဝါဒက သိက္ခာပုဒ်</u> ။ ။ အညဝါဒက ဟူသည် မေးသည်မှ တစ်ပါးသော စကားဟု အဓိပ္ပါယ်ရလေသည်။ ဘုန်းတော်ကြီးတော်မူသော ဘုရားရှင်သည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မေးသည်ကို မဖြေဆိုဘဲ အခြားသော အကြောင်းအရာဖြင့် ရှောင်လွှဲ၍ ဖြေဆိုသော အရှင်ဆန္နမထေရ်ကို အကြောင်းပြု၍ ပညတ်အပ်သော သိက္ခာပုဒ်ဖြစ်သည်။

<u>ရှောင်လွှဲ၍ ဖြေဆိုပုံ</u> ။ ။ အရှင်ဆန္နသည် မပြုကျင့်သောအရာကို ကိုယ်နှုတ်တို့ဖြင့် ပြုကျင့်နေခြင်းကြောင့် ရဟန်းများက သံဃာ့အလယ်၌ အာပတ်ဖြင့် မေးမြန်းစိစစ်သောအခါ–

'အဘယ်သူသည် အာပတ်သင့်သနည်း၊ အဘယ်သို့ အာပတ်သင့်သနည်း၊ အဘယ်အကြောင်းကြောင့် အာပတ်သင့်သနည်း၊ အဘယ်သို့သော အခြင်းအရာဖြင့် အာပတ်သင့်သနည်း၊ အဘယ်သူကို ပြောဆိုကုန်သနည်း၊ အဘယ်ကို ပြောဆိုကုန်သနည်း'

– ဟု အကြောင်းတစ်ပါးဖြင့် အကြောင်းတစ်ပါးကို ဖုံးလွှမ်းပြောဆို၏။ ဤကား ပါဠိတော်၌ ဖော်ပြချက်တည်း။ အဋ္ဌကထာ၌ကား ဤသို့ ဖွင့်ဆိုလေသည်။

ရဟန်းတော်များက အရှင်ဆန္နအား တစ်စုံတစ်ခုသော သိက္ခာပုဒ်ကို ချိုးဖောက်ကျူးလွန်နေသည်ကို မြင်၍ –

'ငါ့ရှင် ဆန္န ... ငါ့ရှင်သည် အာပတ်သင့်နေပြီ'

– ဟူ၍ စစ်ဆေးမေးမြန်းသောအခါ အရှင်ဆန္နက –

'အဘယ်သူသည် အာပတ်သင့်သနည်း'

– ဟူ၍ ပြောဆိုလေ၏။

ထိုသို့ ပြောဆိုခြင်းကြောင့် ရဟန်းများက အရှင်ဆန္နအား –

'သင်သည် အာပတ်သင့်ပြီ'

– ဟူ၍ ပြောဆိုသောအခါ အရှင်ဆန္နသည် –

'တပည့်တော်သည် အဘယ်အာပတ် သင့်ပါသနည်း'

– ဟူ၍ ပြောဆိုပြန်၏။ ရဟန်းများက –

'သင်သည် ပါစိတ်အာပတ် သင့်၏' ဟု ပြောဆိုသောအခါ –

'တပည့်တော်သည် အဘယ်ဝတ္ထုကြောင့် သင့်ပါသနည်း'

– ဟူ၍ ပြောဆိုပြန်၏။ ရဟန်းများက –

'ဤမည်သော ဝတ္ထုကြောင့် အာပတ်သင့်၏'

–ဟု ပြောဆိုသောအခါ အရှင်ဆန္န –

'အဘယ်နည်းဖြင့် အာပတ်သင့်သနည်း'

' အဘယ်အမှုကိုပြုစဉ် အာပတ်သင့်သနည်း'

– ဟု ပြောဆိုပြန်၏။ ရဟန်းများက –

'ငါ့ရှင်ဆန္န ... ငါ့ရှင်သည် ဤအမှုကိုပြုစဉ် အာပတ် သင့်၏'

– ဟု ပြောဆိုသောအခါ အရှင်ဆန္နက –

'အဘယ်သူကို ပြောဆိုနေကြပါသနည်း'

– ဟု ပြောဆိုပြန်၏။ ရဟန်းများက အရှင်ဆန္နအား –

'ငါ့ရှင် ဆန္န ... ငါ့ရှင်ကိုပဲ ပြောဆိုနေကြ၏'

– ဟု ပြောသောအခါ အရှင်ဆန္နက –

'အရှင်ဘုရားတို့ ... အရှင်ဘုရားတို့သည် အဘယ်စကားကို ပြောကြသနည်း'

– ဟူ၍ ပြောဆိုပြန်၏။

ဤသို့လျှင် အကြောင်းတစ်ပါးကို အကြောင်းတစ်ပါးဖြင့် ဖုံးလွှမ်းပြောဆိုလေ၏။

**အဌကထာ၌ နောက်တစ်နည်း ဖွင့်ပြပြန်သည်မှာ -**

ရဟန်းတို့က - 'သင်၏ အိတ်ထဲ၌ ငွေဒင်္ဂါးအသပြာကို တွေ့အပ်ပြီ။ အဘယ်ကြောင့် ဤသို့ မလျှောက်ပတ်သော အမှုကို ပြုဘိသနည်း'

- ဟု ပြောဆိုအပ်သည် ရှိသော် -

'အရှင်ဘုရားတို့ ... ကောင်းစွာ မြင်အပ်ပါပေပြီ။ သို့သော်လည်း ဤအရာသည် ငွေဒင်္ဂါး အသပြာမဟုတ်ပါ။ ခဲဖြူဝိုင်းကလေးပါ' ဟု ပြောဆိုလေ၏။

အရက်သောက်နေသည်ကို တွေ့၍ ရဟန်းများက-

'သင် အရက်သောက်နေသည်ကို မြင်ရပြီ။ အဘယ်ကြောင့် ဤသို့ မလျှောက်ပတ်သော အမှုကို ပြုဘိသနည်း' - ဟု ပြောဆိုအပ်သည်ရှိသော် -

'အရှင်ဘုရားတို့ ... ကောင်းစွာမြင်အပ်ပါပေပြီ။ သို့သော်လည်း ဤအရည်သည်ကား အရက်မဟုတ်ပါ။ ဆေးအကျိုးငှါ ပြီးစေအပ်သော အရိဋ္ဌဆေးရည်ပါတည်း' - ဟု ပြောဆိုလေ၏။

ဖုံးကွယ်ရာအရပ်၌ မာတုဂါမနှင့်အတူ ထိုင်နေသည်ကို မြင်ရ၍ ရဟန်းများက-

'သင့်ကို ဖုံးကွယ်ရာအရပ်၌ မာတုဂါမနှင့်အတူ ထိုင်နေသည်ကို မြင်အပ်ပြီ။ အဘယ်ကြောင့် ဤသို့ မလျှောက်ပတ်သောအမှုကို ပြုဘိသနည်း' - ဟု ပြောဆိုအပ်သည် ရှိသော်-

'အရှင်ဘုရားတို့ ... အကြင်ရဟန်းသည် မြင်အပ်ပြီ။ ထိုရဟန်းသည် ကောင်းစွာ မြင်အပ်ပေပြီ။ သို့သော်လည်း တတ်သိနားလည်သော နှစ်ယောက်မြောက် အဖော်ရှိပါသည်။ ထိုအဖော်ကို အဘယ်ကြောင့် မမြင်ပါသနည်း' - ဟူ၍ ပြောဆိုလေ၏။ ဤသို့ ပြောဆိုသူများကိုလည်းကောင်း၊

ရဟန်းများက - 'သင်သည် ဤကဲ့သို့ ရှုအပ်သော တစ်စုံတစ်ခုကို မြင်အပ်သလော' - ဟု မေးအပ်သည်ရှိသော် -

'တပည့်တော် မကြားမိပါ' - ဟူ၍ ပြောဆိုလေ၏။

'ဤစကားကို ကြားရသလော' ဟု မေးအပ်သည်ရှိသော် 'မမြင်မိပါ' ဟူ၍ ဖြေဆိုလေ၏။ ဤသို့ ဖြေဆိုသူများကိုလည်းကောင်း၊

- အကြောင်းတစ်ပါးဖြင့် အကြောင်းတစ်ပါးကို ဖုံးလွှမ်းပြောဆို၏- ဟူ၍ ခေါ်ဆိုရလေသည်။

**သိက္ခာပုဒ်ပညတ်ပုံ ။** ။ အရှင်ဆန္နသည် ဤသို့ အကြောင်းတစ်ပါးဖြင့် အကြောင်းတစ်ပါးကို ဖုံးလွှမ်းပြောဆိုသည်ကို အလိုနည်းကုန်သော ရဟန်းတို့သည်လည်းကောင်း, မြတ်စွာဘုရားသည်လည်းကောင်း ကဲ့ရဲ့ ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားရှင်သည် ဤသို့ သိက္ခာပုဒ်တော်ကို ပညတ်တော်မူလေ၏။

'မေးသည်မှတစ်ပါးသော စကားကို ပြောဆိုခြင်းကြောင့် ပါစိတ်အာပတ်သင့်၏'

ထိုသို့ 'မေးသည်မှတစ်ပါးသော စကားကို ပြောဆိုခြင်းကြောင့် ပါစိတ်အာပတ်သင့်၏' - ဟု ပညတ်သောအခါ အရှင်ဆန္နသည် နောက်ထပ်မေးမြန်းလာသောအခါ၌ မဖြေဆိုဘဲ ဆိတ်ဆိတ်နေခြင်းဖြင့် သံဃာကို ညှဉ်းဆဲပြန်လေ၏။ ယင်းကိုလည်း ရဟန်းတော်များနှင့် မြတ်စွာဘုရားရှင်က ကဲ့ရဲ့တော်မူကြပြီး သိက္ခာပုဒ်တော်ကို ဤသို့ ပညတ်ပြန်လေ၏။

'မေးသည်မှတစ်ပါးသော စကားဖြင့် ပြောဆိုခြင်း၊ ဆိတ်ဆိတ်နေခြင်းဖြင့် သံဃာကို ညှဉ်းဆဲခြင်းကြောင့် ပါစိတ်အာပတ် သင့်၏'

*( ဝိ -၂ - ပါဠိတော်, မြန်မာပြန်။ ပါစိတ္တာဒိ - ၅၊ ပါစိတ် ဘာဏဝါရ - ၁ )*

## အညဝါဒကသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**ကောင်းစွာဖြေဆိုပါ ။** ။ လူ့လောက၌ ပုထုဇဉ်ဖြစ်ကြသည့် အားလျော်စွာ မကြာမကြာ သတိလက်လွတ် အပြစ်ကျူးလွန်မိတတ်ကြသည်ဖြစ်ရာ လူကြီးသူမများက ပြုပြင်ပေးလိုသည့်အတွက် -'အပြစ်ကျူးလွန်တာ ဟုတ်ရဲ့လား' - ဟု မေးမြန်းစိစစ်မှု ပြုသောအခါ ပြောမရ ဆိုမရ၊ ပြောမကောင်း

ဆိုမကောင်း ပုဂ္ဂိုလ်တို့သည် အရှင်ဆန္နကဲ့သို့ အကြောင်းတစ်ပါးဖြင့် အကြောင်းတစ်ပါးကို ဖုံးလွှမ်း ပြောဆို၍လည်း မိမိအပြစ်ကို ဖုံးလွှမ်းရန် ကြိုးစားတတ်ကြလေသည်။ မဖြေဆိုဘဲ ဆိတ်ဆိတ်နေ၍လည်း အပြစ်ကို ဖုံးလွှမ်းရန် ကြိုးစားတတ်ကြလေသည်။ ယင်းသို့ ပြုလုပ်ခြင်းသည် သူတော်ကောင်းဖြစ်လိုသူတို့၏ အလေ့အကျင့် မဟုတ်ပေ။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် အပြစ်ကို ဖုံးလွှမ်းခြင်းသည် ထိုအပြစ်က ကွယ်ပျောက်မသွားသည့်အပြင် ပို၍ပို၍ ပေါ်လွင်ထင်ရှားလာသလို မိမိ၏ ယုတ်မာသော အကျင့်ကိုလည်း ထင်ရှားအောင် ပြုလုပ်ရာရောက်လေသည်။

သူတော်ကောင်းများသည် အပြစ်ကျူးလွန်မိသောအခါ နောင်အပြစ်ကို မကျူးလွန်မိအောင် အပြစ်ကို ဖုံးလွှမ်းမထားဘဲ ကျူးလွန်မိကြောင်း ဝန်ခံခြင်းဖြင့်သာ သူတော်ကောင်း အဖြစ်၌ ဆက်လက်ရပ်တည်၍ နေနိုင်ကြလေသည်။ ထို့ကြောင့် အပြစ်နှင့် စပ်၍ မေးမြန်းလာသည်ကို ကောင်းစွာ ဖြေဆိုခြင်း, ဝန်ခံခြင်းဖြင့်သာ အပြစ်ကို ကုစားရာ ရောက်ကြောင်း အထူးသတိပြုသင့်လှပေသည်။

## အပြစ်ကို ကုစားနိုင်ရန် ဆောင်ပုဒ်လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | အရှင်ဆန္န၊ | ပြစ်ဒေါသာ၊ | ဖုံးကာထား၍သည်၊ |
| ၂။ | အညဝါဒက၊ | သိက္ခာပ၊ | ဗုဒ္ဓပညတ်ပြီ။ |
| ၃။ | တစ်ခါတစ်ခါ၊ | ကျူးမိတာ၊ | ဆန်းတာမဟုတ်ပြီ။ |
| ၄။ | ဖုံးထားခြင်းက၊ | အပြစ်က၊ | ဖောင်းပွလာနိုင်သည်။ |
| ၅။ | ကျင့်မကောင်းတာ၊ | ယုတ်မာတာ၊ | ဖော်ရာရောက်လေသည်။ |
| ၆။ | သူတော်ကောင်းများ၊ | ကျူးမိငြား၊ | ဝှက်ထားမရှိပြီ။ |
| ၇။ | ဟုတ်တိုင်းမှန်စွာ၊ | ဝန်ခံကာ၊ | ကောင်းစွာကုစားသည်။ |
| ၈။ | မေးသည့်တိုင်းသာ၊ | ကောင်းမွန်စွာ၊ | ဖြေကာကုစားသည်။ |
| ၉။ | ကောင်းစွာဖြေတာ၊ | ဝန်ခံကာ၊ | ကုရာရောက်ပေသည်။ |

သုဒ္ဓပါစိတ် အညဝါဒကသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် ဥဇ္ဈာပနက သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

<u>ဥဇ္ဈာပနက သိက္ခာပုဒ်</u> ။ ။ ဥဇ္ဈာပနက-ဟူသည် ကဲ့ရဲ့စေခြင်း ဟူ၍ အဓိပ္ပါယ်ရ၏။ ဤသိက္ခာပုဒ်သည် သုဒ္ဓပါစိတ်သိက္ခာပုဒ် ၉၂-ပါးရှိသည့် အနက်က ၁၃-ခုမြောက် သိက္ခာပုဒ်တည်း။ ဤသိက္ခာပုဒ်ကို မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မေတ္တိယ ဘုမ္မဇက ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူသည်။

<u>ကဲ့ရဲ့ပုံ</u> ။ ။ အရှင်ဒဗ္ဗသည် ရဟန္တာတည်း။ သံဃာတော်တို့၏ ကျောင်းအိပ်ရာနေရာတို့ကိုလည်း ခင်းပေးသော ရဟန်းလည်း ဖြစ်၏။ ဆွမ်းညွှန်ရဟန်းလည်း ဖြစ်၏။ ထိုသို့ တာဝန်နှစ်ရပ်ကို ဆောင်ရွက်ရာ၌ မလိုသူကို တစ်မျိုးပြုလုပ်ပေးခြင်း၊ လိုသူကို တစ်မျိုးပြုလုပ်ပေးခြင်း ဟူသော ဆန္ဒာဂတိတရား လိုက်စားခြင်း မရှိဘဲ တရားနှင့်အညီ ဝိနည်းတော်နှင့်အညီသာ ပြုလုပ်ပေးလေ၏။ ထေရ်ကြီးဝါကြီး သံဃာတော်များ များလှသည့်အတွက် ဝါအားဖြင့်လည်း ငယ်ကုန်သော၊ ဘုန်းကံအားဖြင့်လည်း နည်းကုန်သော မေတ္တိယ ဘုမ္မဇက ရဟန်းတို့သည် နေရာအားဖြင့်လည်း ယုတ်ညံ့သောနေရာ၌ ကျ၏။ ဆွမ်းအာဟာရအားဖြင့်လည်း ယုတ်ညံ့သော အာဟာရများကိုသာ သုံးဆောင်ရ၏။ ယင်းအတွက် အရှင်ဒဗ္ဗအပေါ်၌ မကျေမနပ် ရန်ငြိုးဖွဲ့ကာ မေတ္တိယ ဘုမ္မဇက ရဟန်းတို့သည် အရှင်ဒဗ္ဗကို –

'အရှင်ဒဗ္ဗသည် မိမိလိုသူကိုတစ်မျိုး, မလိုသူကိုတစ်မျိုးဟူသော ဆန္ဒာဂတိသို့ လိုက်၍ ကျောင်းအိပ်ရာနေရာတို့ကို ခင်းပေး၏။ ဆွမ်းတို့ကို ညွှန်ကြား၏'

– ဟူ၍ အခြားရဟန်းတို့ကို ကဲ့ရဲ့စေလေ၏။

<u>သိက္ခာပုဒ်ပညတ်ပုံ</u> ။ ။ အလိုနည်းကုန်သော ရဟန်းတို့သည် –

'အဘယ်ကြောင့် မေတ္တိယ ဘုမ္မဇကရဟန်းတို့သည် မလ္လမင်း၏သား အရှင်ဒဗ္ဗကို ရဟန်းတို့ကို ကဲ့ရဲ့စေကုန်ဘိသနည်း'

– ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြပြောဆိုကြလေကုန်၏။ မြတ်စွာဘုရားရှင်သည်လည်း ကဲ့ရဲ့တော်မူပြီးလျှင် –

'ကဲ့ရဲ့စေခြင်းကြောင့် ပါစိတ်အာပတ်သင့်၏'

– ဟူ၍ သိက္ခာပုဒ် ပညတ်တော်မူလေ၏။

ထိုသို့ ကဲ့ရဲ့စေခြင်းကို မြတ်စွာဘုရားက ပယ်တော်မူသောအခါ မေတ္တိယ ဘုမ္မဇက ရဟန်းတို့သည် မလ္လမင်း၏သား အရှင်ဒဗ္ဗအား –

'အရှင်ဒဗ္ဗသည် မိမိလိုသူကိုတစ်မျိုး, မလိုသူကိုတစ်မျိုးဟူသော ဆန္ဒာဂတိသို့လိုက်၍ ကျောင်းအိပ်ရာနေရာတို့ကို ခင်းပေး၏။ ဆွမ်းတို့ကို ညွှန်ကြား၏'

– ဟူ၍ ကိုယ်တိုင်ပင် ရှုတ်ချပြောဆိုကြလေကုန်၏။

အလိုနည်းသော ရဟန်းတို့သည်လည်းကောင်း၊ မြတ်စွာဘုရားသည်လည်းကောင်း ထိုသို့ ကိုယ်တိုင် ရှုတ်ချမှု ပြုသည့်အတွက် ကဲ့ရဲ့တော်မူကြပြီးလျှင် မြတ်စွာဘုရားရှင်သည် –

'ကဲ့ရဲ့စေခြင်း, ရှုတ်ချပြောဆိုခြင်းကြောင့် ပါစိတ်အာပတ်သင့်၏'

– ဟူ၍ သိက္ခာပုဒ် ပညတ်တော်မူပြန်လေ၏။

*( ဝိ – ၂ – ပါဠိတော်၊ မြန်မာပြန်။ ပါစိတ္တိယ – ၄၊ ပါစိတ် ဘာဏ – ပ )*

## ဥဋ္ဌာပနက သိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**ကဲ့ရဲ့ခြင်းကို ရှောင်ကြဉ်ပါ ။** ။ ကဲ့ရဲ့ခြင်းဟူသည် ကျေးဇူးမဲ့ကို ပြုလို၍, အကျော်အစောမဲ့ကို ပြုလို၍ မျက်နှာမသာမှုကို ပြုလို၍ ကဲ့ရဲ့ကြသည်ဖြစ်ရာ ကဲ့ရဲ့ထိုက်သော အချိန်အခါ၌ ကဲ့ရဲ့ထိုက်သူအား ကဲ့ရဲ့ရှုတ်ချမှု ပြုခြင်းသည် ပညာရှိတို့၏ သဘောဓမ္မတာ ဖြစ်ပြီး မလိုမုန်းထားမှုဖြင့် မကဲ့ရဲ့ မရှုတ်ချ ထိုက်သော ပုဂ္ဂိုလ်ကို, သူတော်ကောင်းကို ကဲ့ရဲ့ရှုတ်ချမှု ပြုကြသည်ကား စိတ်ဓာတ် ညံ့ဖျင်း အကျင့်မကောင်းသော သူယုတ်မာတို့၏ သဘောတံထွာ ဓမ္မတာဖြစ်လေသည်။ မကဲ့ရဲ့ထိုက်သော ပညာရှိသူတော်ကောင်းတို့အား ကဲ့ရဲ့ရှုတ်ချခြင်းသည် လောကပြစ်, သံသရာပြစ် ကြီးမားလှသည်ဖြစ်၍ အထူးရှောင်ကြဉ်သင့်လှပေသည်။

## မကဲ့ရဲ့ထိုက်သူအား ကဲ့ရဲ့ခြင်းကို ရှောင်ကြဉ်ရန် လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | မေတ္တိယဟု၊ | ခေါ်ဆိုပြု၊ | ဘိက္ခုဏီတွေသည်၊ |
| ၂။ | ရဟန္တာပင်၊ | မုန်းစိတ်ဝင်၊ | ဖြစ်တင်ကဲ့ရဲ့သည်။ |
| ၃။ | ဥဋ္ဌာပနက၊ | သိက္ခာပ၊ | ဗုဒ္ဓပညတ်ပြီ။ |
| ၄။ | ကျေးဇူးမဲ့ကို၊ | ပြုလုပ်လို၊ | ပြောဆိုကဲ့ရဲ့သည်။ |
| ၅။ | ကျော်စောမဲ့ကို၊ | ပြုလုပ်လို၊ | ပြောဆိုကဲ့ရဲ့သည်။ |
| ၆။ | ဂုဏ်ညှိုးမှုကို၊ | ပြုလုပ်လို၊ | ပြောဆိုကဲ့ရဲ့သည်။ |
| ၇။ | သူတော်သဘာဝ၊ | ထိုက်သူမှ၊ | မချကဲ့ရဲ့သည်။ |
| ၈။ | မကဲ့ရဲ့ထိုက်၊ | ကဲ့ရဲ့လိုက်၊ | လူမိုက်ဖြစ်လေသည်။ |
| ၉။ | မကဲ့ရဲ့အပ်၊ | ကဲ့ရဲ့တတ်၊ | စိတ်ဓာတ်ညံ့ဖျင်းသည်။ |
| ၁၀။ | မကဲ့ရဲ့သင့်၊ | ကဲ့ရဲ့လင့်၊ | အကျင့်မကောင်းပြီ။ |
| ၁၁။ | မထိုက်သူအား၊ | ကဲ့ရဲ့ငြား၊ | ပြစ်ကားလွန်ကြီးသည်။ |
| ၁၂။ | အပြစ်ကြီးလျှင်၊ | အထူးပင်၊ | ရှောင်ကြဉ်ကြရမည်။ |

သုဒ္ဓပါစိတ် ဥဋ္ဌာပနက သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် ပဌမသေနာသန သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**ပဌမသေနာသန သိက္ခာပုဒ်** ။ ။ ဤသိက္ခာပုဒ်ကို မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သံဃိကပစ္စည်းဥစ္စာတို့ကို အသုံးပြုပြီး မသိမ်းဆည်းဘဲ ဖဲခွာသွားကြကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူလေသည်။

**သိက္ခာပုဒ် ပညတ်ပုံ** ။ ။ ရဟန်းတို့သည် ဆောင်းဥတုအခါ လွင်တီးခေါင်၌ သံဃိကပိုင် အိပ်ရာနေရာတို့ကို ခင်း၍ ကိုယ်ကို ပူနွေးစေကုန်လျက် နေဆာလှုံကုန်လျက် ယာဂုဘုဉ်းပေးချိန်တန်ပါပြီ ဟူ၍ လျှောက်ကြားအပ်သည်ရှိသော် အိပ်ရာနေရာတို့ကို မသိမ်းဆည်းဘဲ ဖဲသွားကြလေကုန်၏။ သက်ဆိုင်ရာကို မပန်ကြားမူ၍လည်း ဖဲသွားကြလေကုန်၏။ ထိုအိပ်ရာနေရာတို့သည် မိုးနှင်းများ စိုစွတ်လေကုန်၏။

အလိုနည်းကုန်သော ရဟန်းတို့သည်လည်းကောင်း၊ မြတ်စွာဘုရားသည်လည်းကောင်း ထိုရဟန်းတို့ကို ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုတော်မူကြပြီးနောက် ပဌမသေနာသန သိက္ခာပုဒ်တော်ကို ဤသို့ ပညတ်တော်မူလေ၏။

'အကြင်ရဟန်းသည် သံဃာ၏ဥစ္စာ သံဃိကဖြစ်သော ညောင်စောင်း ခုတင်ကိုသော်လည်းကောင်း, အင်းပျဉ်ခုံရှည်ကိုသော်လည်းကောင်း, ဘုံလျှိုဖုံကိုသော်လည်းကောင်း, ဖျာအခင်းကိုသော်လည်းကောင်း, လွင်တီးခေါင်၌ ခင်း၍လည်းကောင်း, ခင်းစေ၍လည်းကောင်း ဖဲသွားသော် ထိုသံဃိက ညောင်စောင်း အင်းပျဉ်စသည်ကို မသိမ်းငြားအံ့, မသိမ်းစေငြားအံ့, မပန်ကြားမူ၍လည်း ဖဲသွားငြားအံ့ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏'

<u>တံမြက်စည်းကိုပင် စနစ်တကျ သိမ်းဆည်းရမည်</u> ။ ။ စေတီရင်ပြင်၊ ဆွမ်းစားကျောင်း စသည်တို့ကို တံမြက်စည်းလှည်းလိုသောရဟန်းသည် တံမြက်စည်းလှည်းပြီးသောအခါ ထိုတံမြက်စည်းသည် အများပိုင်ဖြစ်၍ ထိုတံမြက်စည်းကို ဆေးကြော၍လည်းကောင်း, ဖုန်များကိုခါ၍လည်းကောင်း တံမြက်စည်းထားရာနေရာ၌ စနစ်တကျ သိမ်းဆည်းထားပြီးမှ မိမိသွားလိုသောအရပ်သို့ ဖဲသွားနိုင်သည်။ မသိမ်းဆည်းဘဲ ပစ်ထားခဲ့လျှင် အာပတ်သင့်၏။ အခြားအိပ်ရာခင်း၊ ထိုင်ခုံ၊ ကုလားထိုင်၊ ဖျာ စသည်များ ပြောဖွယ်ရာ မလိုတော့။

*( ၀ိ - ၂ - ပါဠိတော် မြန်မာပြန်၊ ပါစိတျာဒိ - ၄၊ ပါစိတ်ဘာဏီ - ပ )*

## <u>ပဌမသေနာသန သိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ</u>

<u>ကောင်းစွာ သိမ်းဆည်းပါ</u> ။ ။ လူ့လောက၌ အခြေအနေအားလျော်စွာ အစိုးရပိုင်, ပြည်သူပိုင်, ကျောင်းပိုင်, ရွာပိုင်, ရပ်ကွက်ပိုင်, သံဃိကပိုင် စသည်ဖြင့် အများပိုင် ပစ္စည်းများကို သုံးစွဲရမှုရှိ၏။ အချို့လူတို့သည် အများပိုင်ပစ္စည်းများကို မိမိပစ္စည်းလောက် တန်ဖိုးမထားဘဲ ပစ်စလက်ခတ် ပြုလုပ်တတ်ကြ၏။ ယင်းအတွက် မပျက်စီးတန်ဘဲ ပြည်သူပိုင်ပစ္စည်းများ ပျက်စီးကြရ၏။ မြတ်စွာဘုရားရှင်သည် ထိုအဖြစ်မျိုးကို နှစ်သက်တော်မမူသည်ဖြစ်၍ သိက္ခာပုဒ် ပညတ်ပြီး တားမြစ်ခြင်းကို အထူးသတိပြုသင့်၏။

တံမြက်စည်းကိုတောင်မှ လှည်းပြီးလျှင် ကောင်းစွာသိမ်းဆည်းရမည်ကိုပင် ညွှန်ကြားတော်မူသေးလျှင် အခြားပစ္စည်းများကို ဆိုဖွယ်ရာမလိုတော့ပေ။ အချို့ မိမိပိုင်ပစ္စည်းကိုပင် မရှိမသေ ထားတတ်သော အကျင့်သည်ကား ပို၍ပင် ဆိုးရွားသောအကျင့် ဖြစ်လေ၏။ ထို့ကြောင့် အများပိုင်ပစ္စည်းဖြစ်စေ၊ မိမိပိုင်ပစ္စည်းဖြစ်စေ ရိုရိုသေသေ စနစ်တကျ သုံးစွဲသိမ်းဆည်းခြင်းသည်သာလျှင် ဘုရားလည်းကြိုက်၊ နတ်လည်းကြိုက်၊ လူလည်းကြိုက်၍ တိုးတက်ကြီးပွားခြင်း၏ အကြောင်းများလည်း ဖြစ်သည်ကို အထူးသတိပြုသင့်လှပါပေ၏။

## အများပိုင် ပစ္စည်းများကို ကောင်းစွာသိမ်းဆည်းရန် ဆောင်ပုဒ်လင်္ကာ

၁။ အများပိုင်မှု၊ ပစ္စည်းစု၊ သုံးပြုသူများသည်၊
၂။ ကောင်းစွာသိမ်းဆည်း၊ ထားခဲ့ပြီး၊ ခရီးထွက်သင့်သည်။
၃။ သိမ်းဆည်းပြီးမှ၊ သွားခြင်းက၊ ဗုဒ္ဓနှစ်သက်သည်။
၄။ အများပိုင်ရိုး၊ ကိုယ်ပိုင်မျိုး၊ တန်ဖိုးထားရမည်။
၅။ ဖြစ်သလိုသာ၊ ထားလို့ပါ၊ မြတ်စွာပညတ်ပြီ။
၆။ တံမြက်စည်းပင်၊ လှည်းပြီးလျှင်၊ မှန်ပင်သိမ်းရမည်။
၇။ အခြားအရာ၊ ပြောဖွယ်ရာ၊ ဆိုရာမရှိပြီ။
၈။ ကိုယ်ပိုင်ပစ္စည်း၊ မသိမ်းဆည်း၊ ပိုပြီးကျင့်ယုတ်သည်။
၉။ ကိုယ်ပိုင်ဖြစ်စေ၊ များဖြစ်စေ၊ ရှိသေကြရမည်။
၁၀။ ဘုရားရောပါ၊ နတ်ရောပါ၊ လူပါကြိုက်ကြသည်။
၁၁။ ကြီးပွားခြင်း၏၊ ကြောင်းဖြစ်သိ၊ သတိပြုသင့်သည်။
၁၂။ ဖြစ်ကတတ်ဆန်း၊ ထားကြစမ်း၊ အောက်တန်းကျပေသည်။

ပဌမသေနာသန သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် အနုပခဇ္ဇ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**အနုပခဇ္ဇသိက္ခာပုဒ်** ။ ။ **အနုပခဇ္ဇ** – ဟူသည် တိုးဝှေ့၍၊ အနီးသို့ တိုးဝင်၍ ဟူ၍ အဓိပ္ပါယ်ရလေသည်။ ဤသိက္ခာပုဒ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူနေစဉ် မထေရ်ကြီး ရဟန်းတို့ကို တိုးဝှေ့ကြကုန်သော ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူလေသည်။

**တိုးဝှေ့အိပ်ကြခြင်း** ။ ။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မြတ်သော အိပ်ယာနေရာတို့ကို နှောင့်ယှက်ကုန်၏။ မထေရ်ကြီးရဟန်းတို့ကို ထစေကုန်၏။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် –

'ငါတို့သည် အဘယ်သို့သော အကြောင်းဥပါယ်ဖြင့် ဤကျောင်း၌သာလျှင် ဝါတွင်းသုံးလပတ်လုံး နေကုန်အံ့နည်း'

– ဟုကြံစည်၍ မထေရ်ကြီးရဟန်းသည် ဖဲသွားလတ္တံ့–ဟု မထေရ်ကြီး ရဟန်းတို့ကို တိုးဝှေ့၍ အိပ်ကုန်၏။

**သိက္ခာပုဒ် ပညတ်ခြင်း** ။ ။ အလိုနည်းကုန်သော ရဟန်းတို့သည် –

'အဘယ်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် မထေရ်ကြီးရဟန်းတို့ကို တိုးဝှေ့၍ အိပ်ကုန်ဘိသနည်း'

– ဟု ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြကုန်၏။ ထို့နောက် မြတ်စွာဘုရားသည်လည်း ကဲ့ရဲ့တော်မူပြီးလျှင် အနုပခဇ္ဇသိက္ခာပုဒ်တော်ကို ဤသို့ ပညတ်တော်မူလေ၏။

> 'အကြင်ရဟန်းသည် သံဃိကကျောင်း၌ ရှေးဦးနေလင့်သော ရဟန်းကို သိလျက် တိုးဝှေ့၍ အကြင်ရဟန်းအား ကျဉ်းမြောင်းကျပ်တည်းလတ္တံ့ ၊ ထိုရဟန်းသည် ဖဲသွားလတ္တံ့ ဟု အကြောင်းတစ်ပါးမရှိဘဲ ဖဲသွားစေလိုခြင်းကိုသာ အကြောင်းပြု၍ အိပ်ခြင်းကိုပြုငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ် သင့်၏'

**ထမသွားစေထိုက်သူများ ။** ။ အများပိုင် သံဃိကကျောင်း၌ သူသူငါငါ ညီအာဂန္တုများ တည်းခိုကြမည်ဖြစ်၏။ ထိုတွင် မိမိအရင် ရောက်နှင့်သော ရဟန်းများ ရှိကြမည် ဖြစ်သလို နောက်မှရောက်မည့် ရဟန်းများလည်း ရှိကြမည်ဖြစ်၏။ အရင်ရောက်နှင့်သော ရဟန်းများ၌ မိမိထက် သိက္ခာဝါကြီးကဲသော ထေရ်ကြီးဝါကြီး များလည်း ရှိကြမည်ဖြစ်၏။ မိမိက တိုးဝှေ့နေရာယူသောအခါ ထေရ်ကြီးဝါကြီးများမှာ နေရထိုင်ရတာ ကျဉ်းမြောင်းကျပ်တည်းလာသည်ဖြစ်၍ ထသွားကြမည်ဖြစ်၏။ ယင်းသို့ ထသွားစေမှုကြောင့် တိုးဝှေ့သောရဟန်းမှာ ပါစိတ် အာပတ်သင့်သည်။

ကျောင်းတစ်ကျောင်း၌ ရဟန်းများတည်းခိုမှု ပြုသောအခါ မိမိ၏ ပယောဂ ကြောင့် ကြီးသောသူများကို မိမိထက်ကြီးသည်၏ အဖြစ်ကြောင့် ထ၍ မသွားစေထိုက်။ မကျန်းမာသူကို မမာသည်၏ အဖြစ်ကြောင့် ထ၍ မသွားစေထိုက်။ ဝိနည်းခိုရ်ရဟန်း, ဓမ္မကထိကရဟန်း, စာပေပို့ချနေသောရဟန်း စသော ရဟန်းများကို သာသနာတော်၌ ကျေးဇူးများသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဂုဏ်အားဖြင့် ထူးကဲသည်၏ အဖြစ်ကြောင့်လည်းကောင်း ထ၍ မသွားစေထိုက်။ သံဃာမှ တာဝန်ပေးထားသော ရဟန်းကို တာဝန်ထမ်းဆောင်နေသည်၏ အဖြစ်ကြောင့် ထ၍ မသွားစေထိုက်။

*( ၀ိ - ၂ - ပါဠိတော်, မြန်မာပြန်၊ ပါစိတ္တိယ ၄၊ ပါစိတ် ဘာဏ္ဍ - ၁ )*

## အနုပခဇ္ဇသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**ဂါရဝတရား နိဝါတတရား ။** ။ ရဟန်းဖြစ်စေ၊ လူဖြစ်စေ လူ့လောက၌ အကြောင်း အားလျော်စွာ အများနှင့် ထိတွေ့ဆက်ဆံရမှု, နေထိုင်ရမှု, သွားလာရမှု, ရှိကြပေ၏။ ထိုအခါမျိုး၌ ဂါရဝတရား၊ နိဝါတတရားများကို ရှေ့တန်းတင်ရန် အထူးအရေးကြီးလှပေ၏။ တည်းခိုရန် နေရာမျိုး၌ လည်းကောင်း၊ ရထားပေါ်၌လည်းကောင်း၊ ဘတ်စ်ကားပေါ်၌လည်းကောင်း သက်ကြီးဝါကြီး စသော လူကြီးသူမများကိုလည်းကောင်း၊ မကျန်းမမာသူများကိုလည်းကောင်း၊ ဂုဏ်ကြီး သူများကို လည်းကောင်း တာဝန်ထမ်းဆောင်နေသူများကိုလည်းကောင်း၊ ကျေးဇူးများ သူများကိုလည်းကောင်း အတင်းတိုးဝှေ့ နေရာလုခြင်း မဖြစ်သင့်ပေ။ ထိုပုဂ္ဂိုလ်များကို

စိတ်ကသိကအောက်ဖြစ်အောင် မလုပ်သင့်ပေ။ ဂါရဝ နိဝါတ တရားအရ ထိုပုဂ္ဂိုလ်များကို နေရာအားဖြင့် ဦးစားပေးကြရမည် ဖြစ်၏။ မိမိက အရင်ရောက်နှင့်သည့်တိုင် ထိုပုဂ္ဂိုလ်များကို တွေ့လျှင် နေရာပေးရမည် ဖြစ်၏။ နေရာ ဖယ်ပေးတန် ပေးရမည် ဖြစ်၏။ သို့မှလည်း ဂါရဝ နိဝါတ မင်္ဂလာတရားတော်အရ မင်္ဂလာရှိကြမည် ဖြစ်ပေ၏။ ဂါရဝ နိဝါတ တရားကင်းမဲ့ပြီး အတင်းတိုးဝှေ့ နေရာလုခြင်းသည် လောကပြစ်၊ သံသရာပြစ် ကြီးလှသည်ကိုလည်း သတိထားကြရမည် ဖြစ်ပေ၏။

## တိုးဝှေ့နေရာလုခြင်းမှ ရှောင်ကြဉ်ရန် လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | အများနေရာ၊ | ဆုံကြရာ၊ | နေရာယူမှုသည်၊ |
| ၂။ | ဂုဏ်ကြီးသူအား၊ | တိုးဝှေ့ကြား၊ | ယူမှားမသင့်ပြီ။ |
| ၃။ | ဆဗ္ဗဂ္ဂီခလေး၊ | ထေရ်ကြီးတွေ့၊ | တိုးဝှေ့ပါရှိသည်၊ |
| ၄။ | အနုပခဇ္ဇ၊ | သိက္ခာပ၊ | ဗုဒ္ဓပညတ်ပြီ။ |
| ၅။ | သက်ကြီးဝါကြီး၊ | ဂုဏ်ဖြင့်ကြီး၊ | လူကြီးသူမသည်၊ |
| ၆။ | ခရီးသွားရာ၊ | တည်းခိုရာ၊ | ဆုံကာတွေ့ရမည်။ |
| ၇။ | ဂါရဝတရား၊ | မာန်ချထား၊ | ဦးစားပေးရမည်။ |
| ၈။ | ဂိလာနပါ၊ | တွေ့လေရာ၊ | နေရာပေးရမည်။ |
| ၉။ | သနားကရု၊ | မေတ္တာစု၊ | ရှေးရှုကြရမည်။ |
| ၁၀။ | ဂါရဝဓမ္မ၊ | နိဝါတ၊ | ရှိကြပါလျှင်သည်၊ |
| ၁၁။ | နေရာပေးတာ၊ | မင်္ဂလာ၊ | ကြည်သာနိုင်ကြသည်။ |
| ၁၂။ | နေရာလုတာ၊ | တိုးဝှေ့တာ၊ | ကြည်သာမရှိပြီ။ |
| ၁၃။ | ဆိုးရွားလေကြောင်း၊ | ပြစ်ကြီးကြောင်း၊ | ကောင်းကောင်းသိရမည်။ |

သုဒ္ဓပါစိတ် အနုပခဇ္ဇ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် နိက္ခမနသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**နိက္ခမနသိက္ခာပုဒ်** ။ ။ **နိက္ခမန** – ဟူသည် နှင်ထုတ်ခြင်းဟူ၍ အဓိပ္ပါယ်ရသည်။ ဤသိက္ခာပုဒ်သည် သုဒ္ဓပါစိတ် သိက္ခာပုဒ် ၉၂-ပါးရှိသည့် အနက်က ၁၇-ခုမြောက် သိက္ခာပုဒ် ဖြစ်သည်။ ဤသိက္ခာပုဒ်ကို မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့၏ နှင်ထုတ်ခြင်းကို အကြောင်းပြု၍ ပညတ်တော်မူခြင်း ဖြစ်သည်။

**နှင်ထုတ်ပုံ** ။ ။ သတ္တရသဝဂ္ဂီရဟန်းတို့ကား အသက်ငယ်ကုန်သော ရဟန်းတို့ဖြစ်သည်၊ ထိုရဟန်းတို့သည် ဝါကပ်ရန်အတွက် ကျောင်းကြီး တစ်ကျောင်းကို ပြုပြင်နေကြသည်ကို ဆဗ္ဗဂ္ဂီရဟန်းတို့ မြင်လေလျှင် ပြုပြင်ပြီးသောအချိန်၌ –

'ငါ့ရှင်တို့ ... ထွက်သွားကြလော့ ဤကျောင်းသည် ငါတို့အတွက်ဖြစ်၏' – ဟု ဆိုကာ နှင်ထုတ်လေ၏။

'ငါ့ရှင်တို့ ... ကျောင်းသည် ကြီးမား၏။ သင်တို့လည်း နေကုန်လော့။ ငါတို့လည်း နေကုန်အံ့'

– ဟု ပြောဆိုသည်ကိုပင် လက်မခံဘဲ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီရဟန်းငယ်တို့အား အမျက်ထွက်ကာ နှလုံးမသာမယာဖြင့် လည်ပင်းကိုကိုင်ပြီးလျှင် နှင်ထုတ်ကုန်၏။ ထိုသတ္တရသဝဂ္ဂီ ရဟန်းတို့သည် နှင်ထုတ်ခံရသောကြောင့် ငိုယိုကုန်၏။

**သိက္ခာပုဒ်ပညတ်ပုံ** ။ ။ ထိုအကြောင်းကို ရဟန်းတော်များ သိ၍ –

'အဘယ်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် အမျက်ထွက်ကာ နှလုံးမသာသဖြင့် ရဟန်းတို့ကို သံဃိကကျောင်းမှ နှင်ထုတ်ကုန်ဘိသနည်း'

– ဟု ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြလေကုန်၏။ မြတ်စွာဘုရားအားလည်း လျှောက်ထားကြလေကုန်၏။ မြတ်စွာဘုရားသည်လည်း ကဲ့ရဲ့တော်မူပြီးလျှင် နိက္ခမန သိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

'အကြင်ရဟန်းသည် တစ်ပါးသောရဟန်းကို အမျက် ထွက်ကာ နှလုံးမသာသဖြင့် သံဃိကကျောင်းမှ နှင်ထုတ် ငြားအံ့၊ နှင်ထုတ်စေငြားအံ့ – ထိုရဟန်းအား ပါစိတ်အာပတ် သင့်၏'

**လူသာမဏေကို နှင်ထုတ်က ဒုက္ကဋ်အာပတ်သင့်** ။ ။ ထိုသို့ နှင်ထုတ်ရာ၌ ရဟန်းမဟုတ်သော လူ, သာမဏေကို ကျောင်းမှသော်လည်းကောင်း, ကျောင်း၏ ဥပစာမှသော်လည်းကောင်း, စည်းဝေးရာဇရပ်မှသော်လည်းကောင်း, မဏ္ဍပ်မှသော်လည်းကောင်း, သစ်ပင်ရင်းမှသော်လည်းကောင်း, လွင်တီးခေါင်မှသော်လည်းကောင်း၊ နှင်ထုတ်သော်လည်းကောင်း၊ နှင်ထုတ်စေသော်လည်းကောင်း ဒုက္ကဋ်အာပတ်သင့်၏။

**နှင်ထုတ်သော်လည်း အာပတ်မသင့်ပုံ** ။ ။ မကောင်းမှုမှ မရှက်သော အလဇ္ဇီပုဂ္ဂိုလ်ကို နှင်ထုတ်သော်လည်းကောင်း၊ နှင်ထုတ်စေသော်လည်းကောင်း၊ ရန်ဖြစ်တတ်, ငြင်းခုန်တတ်, ဆန့်ကျင်ဘက်စကားကို ပြောတတ်, စကားများတတ်, သံဃာ၌ အဓိကရုဏ်းကို ပြုစေတတ်သော ရဟန်းကို နှင်ထုတ်သော်လည်းကောင်း၊ နှင်ထုတ်စေသော်လည်းကောင်း၊ ဆရာဝတ္တရားကို ကောင်းစွာ မပြုကျင့်သော တပည့်များကို နှင်ထုတ်သော်လည်းကောင်း၊ နှင်ထုတ်စေသော် လည်းကောင်း အာပတ်မသင့်။

*( ၈ - ၂ - ပါဠိတော်၊ မြန်မာပြန် )*

## နိဂ္ဂမနသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

အနိုင်ကျင့်ခြင်း ရှောင်ကြဉ်ပါ ။ ။ ဆဗ္ဗဂ္ဂီရဟန်းတို့ကား စိတ်ဓာတ်ညံ့ဖျင်း၊ အကျင့်မကောင်းသည့်အားလျော်စွာ မိမိထက်ကြီးကဲသူ မထေရ်ကြီးတို့အား အတင်းတိုးဝှေ၍ နေရာယူခြင်း၊ မိမိအောက်ငယ်သော ရဟန်းများကိုမူ ကြီးနိုင်ငယ်ညှဉ်းသဘောဖြင့် အနိုင်ကျင့်၍ နေရာယူခြင်းတို့၌ အချို့သော လူတွေ ထက်တောင် လက်သံပြောင်မြောက်လှပေ၏ဟူ၍ ဆိုနိုင်လောက်ပါပေ၏။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီရဟန်းငယ်တို့အား နှင်ထုတ်ခြင်းသည် ကြီးနိုင်ငယ်ညှဉ်းသဘောဖြင့် အနိုင်ကျင့် နှင်ထုတ်ခြင်း၊ အနိုင်ကျင့် နေရာလုခြင်းမျိုး ဖြစ်၍ မပြုလုပ်သင့်သည်ကို ပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရားရှင်သည် သိက္ခာပုဒ်တော်ကို ပညတ်တော်မူ၍ တားမြစ်ရလေ၏။

လူ့လောက၌လည်း အချို့သောနေရာတို့၌ ကြီးနိုင်ငယ်ညှဉ်းမှုများ ရှိ၏။ အနိုင်ကျင့်မှုများရှိ၏။ အနိုင်ကျင့် နှင်ထုတ်မှုများရှိ၏။ အနိုင်ကျင့် နေရာလုမှုများ ရှိ၏။ ယင်းလုပ်ရပ်တို့သည် အကုသိုလ်တရားများ ကြီးထွားခြင်းသာဖြစ်၍ အပြစ်လည်း ကြီးလှသည် ဖြစ်ရကား ယင်းသို့သော မတရား အနိုင်ကျင့်ခြင်းမျိုးကို အထူးပင် ရှောင်ရှားကြရမည် ဖြစ်၏။

မကောင်းသော အကျင့်ရှိသူများကိုလည်းကောင်း, ရန်ဖြစ်တတ်, ငြင်းခုံတတ်သူများကိုလည်းကောင်း, ဆန့်ကျင်ဘက်စကားကို ပြောတတ်သူများကိုလည်းကောင်း, စကားများတတ်သူများကိုလည်းကောင်း, ပြဿနာဖြစ်အောင် ဖန်တီးကြသူများကိုလည်းကောင်း, ဝတ္တရားမကျေသူများကိုလည်းကောင်း အများချမ်းသာမှုကို ငဲ့၍ နှင်ထုတ်ခြင်းကိုမူကား မြတ်စွာဘုရားသည်ပင် ခွင့်ပြုတော်မူသည်ဖြစ်၍ တရားသော နှင်ထုတ်မှု ဟူ၍ ဆိုနိုင်သည်သာ ဖြစ်ပေ၏။

## အနိုင်ကျင့်ခြင်းကို ရှောင်ကြဉ်ရန်လင်္ကာ

၁။ ကြီးနိုင်ငယ်ညှဉ်း၊ နိုင်ကျင့်ခြင်း၊ ပျခြင်းမသင့်ပြီ။
၂။ ဆဗ္ဗဂ္ဂီများ၊ နှင်ထုတ်ကြား၊ တရားမဟုတ်ပြီ။
၃။ လူတွေထက်တောင်၊ လက်သံပြောင်၊ ဆိုတောင်ရနိုင်သည်။
၄။ အများပိုင်ကြ၊ နေရာမှ၊ ထုတ်ကြပါ၍သည်၊
၅။ နိက္ခမန၊ သိက္ခာပ၊ ဗုဒ္ဓပညတ်ပြီ။
၆။ အကုတရား၊ အပြစ်များ၊ ကြီးထွားလာ၍သည်၊
၇။ မတော်မတရား၊ နိုင်ခြင်းအား၊ ရှောင်ရှားရပေမည်။
၈။ ကျင့်မကောင်းသူ၊ နှင်ထုတ်ဟူ၊ ပြစ်မှုမရှိပြီ။
၉။ ငြင်းခုံတတ်သူ၊ နှင်ထုတ်ဟူ၊ ပြစ်မှုမရှိပြီ။
၁၀။ ရန်ဖြစ်တတ်သူ၊ နှင်ထုတ်ဟူ၊ ပြစ်မှုမရှိပြီ။
၁၁။ ဆန့်ကျင်ပြောသူ၊ နှင်ထုတ်ဟူ၊ ပြစ်မှုမရှိပြီ။
၁၂။ စကားများသူ၊ နှင်ထုတ်ဟူ၊ ပြစ်မှုမရှိပြီ။
၁၃။ ရန်ကိုကြံသူ၊ နှင်ထုတ်ဟူ၊ ပြစ်မှုမရှိပြီ။
၁၄။ ဝတ်မကျေသူ၊ နှင်ထုတ်ဟူ၊ ပြစ်မှုမရှိပြီ။
၁၅။ အများချမ်းသာ၊ ငဲ့ကာသာ၊ နှင်ကာထုတ်ရမည်။
၁၆။ တရားညီစွာ၊ နှင်ထုတ်တာ၊ မြတ်စွာခွင့်ပြုသည်။

သုဒ္ဓပါစိတ် နိက္ခမနသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

• • • • • • • • • • • • • • • • • • • • • • •

## သုတ္တပါဠိတ် မဟာနာမ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**မဟာနာမသိက္ခာပုဒ်** ။ ။ ဤသိက္ခာပုဒ်သည် သုတ္တပါဠိတ် သိက္ခာပုဒ် ၉၂-ပါးရှိသည့် အနက်က ၄၇-ပါးမြောက် သိက္ခာပုဒ်တည်း။ မဟာနာမ ဟူသည် မြတ်စွာဘုရားရှင်၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ နောင်တော်ဖြစ်သော သုက္ကောဒနမင်း၏သားတည်း။ အရှင်အနုရုဒ္ဓါ၏ အစ်ကိုတည်း။ မြတ်စွာဘုရားရှင်ထက် တစ်လမျှကြီး၏။ သကဒါဂါမ် အရိယာပုဂ္ဂိုလ်တည်း။ မြတ်စွာဘုရားရှင်သည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူနေစဉ် ထိုမဟာနာမ် သာကီဝင်မင်းကို အကြောင်းပြု၍ ဤမဟာနာမ သိက္ခာပုဒ်ကို ပညတ်ခြင်း ဖြစ်သည်။

**ဆေးဖြင့် ဖိတ်ကြားခြင်း** ။ ။ မဟာနာမ်မည်သော သာကီဝင်မင်း၌ ထောပတ် စသော ဆေးများ ပေါများသည်၏ အဖြစ်ကြောင့် သံဃာတော်တို့အား ပဌမတစ်ကြိမ် လေးလတို့ပတ်လုံး ဖိတ်ကြားခြင်းကို မြတ်စွာဘုရား ခွင့်ပြုတော်မူ၏။ ဆေးပေါမြဲ ပေါများသည်ဖြစ်၍ ဒုတိယအကြိမ် လေးလတို့ပတ်လုံး ဖိတ်ကြားခြင်းကိုလည်း မြတ်စွာဘုရား ခွင့်ပြုတော်မူ၏။ ဆေးပေါများမြဲ ပေါများသည်ဖြစ်၍ ရာသက်ပန် ဖိတ်ကြားခြင်းကိုလည်း မြတ်စွာဘုရား ခွင့်ပြုတော်မူ၏။

**ဆဗ္ဗဂ္ဂီရဟန်းများ မဟာနာမ်၌ ရန်ငြိုးဖွဲ့ခြင်း** ။ ။ တစ်နေ့သောအခါ၌ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မကောင်းသဖြင့် ဝတ်ဆင်ကုန်၏။ မကောင်းသဖြင့် ဝတ်ရုံကုန်၏။ ရဟန်း၏အသွင်နှင့် မပြည့်စုံကုန်။ မဟာနာမ်မည်သော သာကီဝင်မင်းသည် -

'အရှင်ဘုရားတို့ ... အရှင်တို့သည် အဘယ်ကြောင့် မကောင်းသဖြင့် ဝတ်ဆင်ကုန်ဘိသနည်း။ ရဟန်းဖြစ်သောသူသည် ကောင်းစွာဝတ်ဆင်သင့်သည်၊ ကောင်းစွာဝတ်ရုံသင့်သည်၊ ရဟန်း၏ အသွင်အပြင်နှင့် ပြည့်စုံသင့်သည် မဟုတ်ပါလော'

– ဟု ပြောဆိုသတိပေးလေ၏။ ထိုသို့ ပြောဆိုသတိပေးသည်ကို မကျေနပ်သည်ဖြစ်၍ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မဟာနာမ်သာကီဝင်မင်း၌ ရန်ငြိုးဖွဲ့ကြလေကုန်၏။

**မျက်နှာပျက်အောင်လုပ်ခြင်း ။** ။ ဆဗ္ဗဂ္ဂီရဟန်းတို့အား -

'ငါတို့သည် အဘယ်သို့သော အကြောင်းဥပါယ်ဖြင့် မဟာနာမ် သာကီဝင်မင်းကို မျက်နှာပျက်အောင် ပြုရကုန်အံ့နည်း'

- ဟု ကြံစည်ကြပြီးလျှင် တစ်နေ့သောအခါ၌ ဆဗ္ဗဂ္ဂီရဟန်းတို့သည် -

'ဒါယကာ ... ငါတို့သည် ထောပတ် ၄-ပြည် အလိုရှိ၏'

- ဟူ၍ အလှူခံကြလေကုန်၏။

'အရှင်ဘုရားတို့ ယနေ့တစ်ရက်မျှ ဆိုင်းငံ့ပါကုန်ဦးလော့။ လူတို့သည် ထောပတ်ဆောင်ယူရန် နွားခြံသို့ သွားပါကုန်၏။ အချိန်တန်လျှင် ဆောင်ယူလာပါကုန်လတ္တံ့' - ဟု လျှောက်ထားလေ၏။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် သုံးကြိမ်တိုင်အောင် အလှူခံကြသည်ဖြစ်၍ မဟာနာမ် သာကီဝင်မင်းလည်း သုံးကြိမ်တိုင်အောင် တစ်ရက်မျှ ဆိုင်းငံ့ရန် လျှောက်ထားသည်ကို လက်မခံကြဘဲ-

'ဒါယကာ ... သင်သည် မပေးလှူလိုဘဲ ဖိတ်ကြားခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သင်သည် ဟုတ်လေသယောင်ယောင် ဖိတ်ကြား၍ မပေးလှူဘဲနေဘိ၏'

- ဟု ပြောဆိုကြလေကုန်၏။ ထိုအခါ မဟာနာမ်သာကီဝင်မင်းသည် -

'အဘယ်ကြောင့် အရှင်ကောင်းတို့သည် ယနေ့တစ်ရက်မျှ ဆိုင်းငံ့ကုန်ဦးလော့ဟု ဆိုအပ်ပါလျက် မဆိုင်းငံ့ကုန်ဘိသနည်း'

- ဟု ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုလေ၏။

**သိက္ခာပုဒ် ပညတ်ခြင်း ။** ။ ထိုသတင်းကို ကြား၍ အလိုနည်းသော ရဟန်းတို့သည်လည်း

'အဘယ်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် မဟာနာမ် သာကီဝင်မင်းက ယနေ့ တစ်ရက်မျှ ဆိုင်းငံ့ကုန်ဦးလော့ဟူ၍ ဆိုအပ်ပါလျက် မဆိုင်းငံ့ကုန်ဘိသနည်း'

-ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြကုန်ပြီးလျှင် မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည်လည်း ကဲ့ရဲ့ပြစ်တင်တော်မူပြီးလျှင် မဟာနာမ သိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

'မနာမဖျားသော ရဟန်းသည် နောက်ထပ်ဖိတ်ကြားခြင်းနှင့် အမြဲဖိတ်ကြားခြင်းကို ကြဉ်၍ လေးလတို့ပတ်လုံး ဆေးဖြင့်ဖိတ်ကြားခြင်းကို လက်ခံသာယာအပ်၏။ ထိုလေးလ အလွန် သာယာငြားအံ့။ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏'

*( ဝိ - ၂ - ပါဠိတော်၊ မြန်မာပြန်၊ ပါစိတ္တာဒိ ၄၊ ဘာဏ် ၃၊ သာရတ္ထဒီ ၈ )*

## <u>မဟာနာမသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ</u>

<u>**မျက်နှာမျက်အောင် မလုပ်သင့်**</u> ။ ။ ဤသိက္ခာပုဒ်၌ အဓိကဖော်ပြလိုသော အချက်သည် ဆဗ္ဗဂ္ဂီရဟန်းတို့က မဟာနာမ်သာကီဝင်မင်း သကဒါဂါမ် အရိယာပုဂ္ဂိုလ်အား မျက်နှာပျက်အောင် ပြုလုပ်မှုပေတည်း။ မဟာနာမ် သာကီဝင်မင်းက ဆေးဖြင့် ဖိတ်ကြားသည့်အတွက် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆေးကို အလှူခံရာ၌ တကယ်သုံးဆောင်လို၍လည်း မဟုတ်၊ လိုအပ်၍လည်း မဟုတ်ဘဲ မျက်နှာပျက်စေရန်သက်သက် ရည်ရွယ်ပြီး အလှူခံခြင်း ဖြစ်၏။ အလှူခံပြန်တော့လည်း လိုအပ်သည်ထက်ပိုမို၍ ထောပတ်လေးပြည်ကို အလှူခံလေ၏။ မဟာနာမ် သာကီဝင်မင်းအတွက် ထိုလောက်များသော ထောပတ်ကို မလှူနိုင်၍ မဟုတ်။ လှူနိုင်၏။ သို့ရာတွင် အဆင်သင့် မရှိသေးသောကြောင့် -

'ယနေ့တစ်ရက်မျှ ဆိုင်းပါ' - ဆိုသည်ကို မဆိုင်းဘဲ -

'မလှူနိုင်ဘဲ အဘယ်ကြောင့် ဖိတ်သနည်း'

- ဟူ၍ ကဲ့ရဲ့ ပြစ်တင်ကာ မျက်နှာပျက်အောင် လုပ်လေ၏။ သို့ရာတွင် မဟာနာမ်မင်းကား အရိယာသူတော်ကောင်း ဖြစ်သည့်အားလျော်စွာ မျက်နှာ မပျက်သည့်အပြင် -

'ယနေ့တစ်ရက်မျှ ဆိုင်းပါဆိုသည်ကို အဘယ်ကြောင့် မဆိုင်းနိုင်ဘိသနည်း'

– ဟူ၍ ပြန်၍ အပြစ်တင်ကဲ့ရဲ့ ရှုတ်ချသောကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သာ မျက်နှာပျက်ရလေ၏။ မှန်၏။ ဆဗ္ဗဂ္ဂီရဟန်းတို့အား မဟာနာမ် သာကီဝင်မင်းကသာ ကဲ့ရဲ့ ရှုတ်ချသည် မဟုတ်။ အခြားသော ရဟန်းများကလည်း ကဲ့ရဲ့ရှုတ်ချကြ၏။ မြတ်စွာဘုရားသည်လည်း ကဲ့ရဲ့ ပြစ်တင်တော်မူပြီးလျှင် သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။ ထို့ကြောင့် အရာမဟုတ်သည်၌ သူတစ်ပါးတို့ကို မျက်နှာပျက်အောင် မလုပ်သင့်ပုံကို အထူးသတိပြုသင့်လှပေ၏။

**ရန်ငြိုးမထားသင့်ပုံ ။** ။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မဟာနာမ်သာကီဝင်မင်းအား ထိုသို့ မျက်နှာပျက်အောင် ပြုလုပ်ခြင်းသည် ရန်ငြိုးကြောင့် ဖြစ်၏။ ယင်းရန်ငြိုးကလည်း ထားသင့်သော ရန်ငြိုးမဟုတ်ပေ။ မှန်၏။ မိမိတို့၏ မတော်မလျော် သက်နှးဝတ်ရုံမှုကို အကြောင်းပြု၍ ဆဗ္ဗဂ္ဂီရဟန်းတို့အား မဟာနာမ်သာကီဝင်မင်းက– 'မသင့်လျော်ကြောင်း' – သတိပေးသည်ကို ဆဗ္ဗဂ္ဂီရဟန်းတို့သည် အကျင့်ယုတ်ရှိကြသည့်အတိုင်း ကြည်သာစွာလိုက်နာသင့်သည်ကို မလိုက်နာသည့်အပြင် – 'ထိုသို့ ပြောရမလား' – ဟူ၍ စိတ်ခုပြီး ရန်ငြိုးပင်ဖွဲ့လိုက်လေ၏။ ထိုသို့ ရန်ငြိုးမထားသင့်ဘဲ ထားခြင်းသည် သူတစ်ပါး ပျက်စီးခြင်းထက် မိမိပင် ပျက်စီးမှုနှင့် ကြုံရတတ်သည်ကိုလည်း အထူး သတိပြုကြရမည် ဖြစ်၏။

**မတော်မလျော်ဝတ်ခြင်းကို ရှောင်ကြဉ်ပါ ။** ။ လူ့လောက၌လည်း ဝတ်စားဆင်ယင်မှု ပြုကြရာ၌ ကြည်ညိုဖွယ်ဖြစ်အောင် အရေးမထားကြဘဲ ဝတ်စားဆင်ယင်ကြခြင်းသည်လည်းကောင်း၊ ယဉ်ကျေးမှုနှင့် ကင်းမဲ့စွာ မတော်မလျော်ဖြစ်အောင် ဝတ်စားဆင်ယင်ကြခြင်းသည်လည်းကောင်း တန်ဖိုးမဲ့ သိက္ခာမဲ့သော ဝတ်စားဆင်ယင်မှုမျိုးဖြစ်၍ ထိုသို့ ဝတ်စားဆင်ယင်မှုမျိုးကို အထူးရှောင်ကြဉ်သင့်လှပေ၏။ ထိုသို့ ဝတ်စားဆင်ယင်သည်ကို ကောင်းစေလိုလို့ သတိပေး ပြောဆိုလာလျှင်လည်း စိတ်မခု ရန်မပြုကြဘဲ ကြည်ကြည်သာသာ လိုက်နာ

သင့်ပေ၏။ မကြည်သာဘဲ ရန်ငြိုးကဲကာ စိတ်ထဲခုတုတု ဖြစ်ကြလျှင်ကား မိမိတို့၏ စိတ်ဓာတ်ရေးရာ အဆင့်အတန်းသည် အောက်တန်းမှာ ရှိနေသည်ကို သတိပြုသင့် လှပေ၏။

## မျက်နှာပျက်အောင် ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန် လင်္ကာ

၁။ ဆဗ္ဗဂ္ဂီခေါ် ငြား၊ ရဟန်းများ၊ စိတ်ထားယုတ်ညံ့သည်။
၂။ မဟာနာမ်မည်၊ မျိုးမြတ်သည်၊ သာကီမင်းကိုသည်၊
၃။ မျက်နှာပျက်အောင်၊ စိတ်ခုအောင်၊ လုပ်ဆောင်ပါ၍သည်၊
၄။ မဟာနာမ၊ သိက္ခာပ၊ ဗုဒ္ဓပညတ်ပြီ။
၅။ သူတစ်ပါးမပျက်၊ ကိုယ်ပဲပျက်၊ ဖြစ်ချက်သိရမည်။
၆။ ဝိုင်းကဲ့ရဲ့တာ၊ ရှုတ်ချတာ၊ သေချာခံရသည်။
၇။ မလုပ်သင့်တာ၊ မလုပ်ရာ၊ ကောင်းစွာကျင့်ရမည်။
၈။ ဝတ်စားဆင်ယင်၊ သတိထင်၊ ဉာဏ်ယှဉ်ကြရမည်။
၉။ ယဉ်ကျေးမှုရို၊ ဝတ်ဆင်ဘို၊ သတိပေးရမည်။
၁၀။ သတိပေးရာ၊ ရန်ငြိုးဟာ၊ ထားတာမသင့်ပြီ။
၁၁။ မထားသင့်ဘဲ၊ ထားလေမြဲ၊ ကိုယ်ပဲနစ်နာမည်။
၁၂။ မတော်မလျော်၊ ဝတ်ဆင်မော်၊ မြင်သော်မသင့်ပြီ။
၁၃။ သိက္ခာလဲပျက်၊ တန်ဖိုးပျက်၊ အရှက်ကင်းမဲ့သည်။
၁၄။ ယဉ်ကျေးအသိ၊ ဆင်ခြင်ဘိ၊ သတိပြုရမည်။
၁၅။ သတိပေးတာ၊ ဆုံးမတာ၊ လိုက်နာကြရမည်။
၁၆။ မကြည်မလန်း၊ ဒေါ်ဖောင်ရမ်း၊ အောက်တန်းကျပေသည်။
၁၇။ မျက်နှာပန်းလှ၊ ထက်တန်းကျ၊ နေရဖို့ရာသည်၊
၁၈။ လူ့ရွာတစ်လွှား၊ လူအများ၊ စိတ်ထားဖြူရမည်။
၁၉။ စိတ်ထားစင်ကြယ်၊ အလှကြွယ်၊ တင့်တယ်လှတို့ပြည်။

သုဒ္ဓပါစိတ် မဟာနာမသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် သုရာပါနသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**သုရာပါနသိက္ခာပုဒ်** ။ ။ သုရာပါန-ဟူသည် အရက်သောက်ခြင်း ဟု အဓိပ္ပါယ်ရသည်။ မြတ်စွာဘုရားရှင်သည် အရှင်သာဂတထေရ်၏ အရက်သောက်မှုကို အကြောင်းပြု၍ ဤသုရာပါနသိက္ခာပုဒ်ကို ပညတ်တော်မူခြင်းဖြစ်သည်။

**နဂါးကို ဆုံးမခြင်း** ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် စေတီယတိုင်း၌ ဒေသစာရီလှည့်လည်သည်ရှိသော် ဘဒ္ဒဝတိကရွာသို့ ရောက်တော်မူ၏။ နွားကျောင်းသား၊ ဆိတ်ကျောင်းသား၊ လယ်ထွန်သမား၊ ခရီးသွားသူတို့သည် အဝေးကပင်လျှင် မြတ်စွာဘုရား ကြွလာတော်မူသည်ကို မြင်၍-

'အရှင်ဘုရား ... သရက်ပင်ဆိပ်သို့ ကြွတော်မမူပါလင့်။ သရက်ပင်ဆိပ်ရသေ့၏ကျောင်းသခ်မ်း၌ လျင်သော၊ ကြမ်းသော အဆိပ်ရှိသည့် တန်ခိုးနှင့် ပြည့်စုံသော နဂါးသည် နေပါ၏။ ထိုနဂါးသည် မြတ်စွာဘုရားကို မညှဉ်းဆဲပါစေလင့်'

- ဟု လျှောက်ကုန်၏။ ထိုပုဂ္ဂိုလ်တို့က ထိုသို့ သုံးကြိမ်တိုင် လျှောက်ထားကြ၏။ မြတ်စွာဘုရားသည်လည်း သုံးကြိမ်တိုင် ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ အရှင်သာဂတသည် သရက်ပင်ဆိပ် ရသေ့ကျောင်းသခ်မ်းသို့ ချဉ်းကပ်လျက် နဂါးရှိရာ မီးတင်းကုပ်သို့ဝင်၍ မြက်ဖျာကိုခင်းပြီးလျှင် ကမ္မဋ္ဌာန်းထိုင်နေလေ၏။ နဂါးသည် အရှင်သာဂတကိုမြင်၍ နှလုံးမသာယာသဖြင့် အခိုးလွှတ်၏။ အရှင်သာဂတသည်လည်း အခိုးလွှတ်၏။ နဂါးသည် အလျှံကိုလွှတ်၏။ အရှင်သာဂတသည်လည်း တေဇောကသိုဏ်းဝင်စားကာ အလျှံလွှတ်၏။ ဤမျှဖြင့် နဂါးသည် ရှုံးခြင်းသို့ ရောက်လေ၏။

**အရက်သောက်၍ မူးလဲခြင်း ။** ။ ကောသမ္ဗီပြည်သား ဥပါသကာတို့သည် -

'သရက်ပင်ဆိပ်၌နေသော နဂါးနှင့်အတူ အရှင်သာဂတသည် စစ်ထိုး၍ နိုင်သတတ်'

- ဟု ကြားကြလေသောကြောင့် အရှင်သာဂတအား ကြည်ညိုသည်ဖြစ်၍-

'ရဟန်းတို့အား အဘယ်ဝတ္ထုပစ္စည်းသည် ရခဲပါသနည်း'

- ဟု လျှောက်သည်ရှိသော် ဆဗ္ဗဂ္ဂီရဟန်းတို့သည် -

'ဒါယကာတို့ ... ကာပေါတိက အမည်ရှိသော ခိုခြေအဆင်း နီတွေးသောအဆင်း ရှိသော ကြည်လင်သော သေအရက်သည် ရဟန်းတို့အား ရခဲ၏'

- ဟူ၍ ပြောဆိုကြလေကုန်၏။ ဥပါသကာတို့သည်လည်း ထိုအရက်ကို စီရင်ကြလေကုန်၏။

နောက်နေ့၌ ထိုဥပါသကာတို့သည် ဆွမ်းခံဝင်လာသော အရှင်သာဂတအား ကာပေါတိကမည်သော သေအရက်ကို ကပ်လှူကြလေကုန်၏။ အရှင်သာဂတသည် အိမ်တိုင်းအိမ်တိုင်း၌ ကာပေါတိကမည်သော ကြည်လင်သော သေအရက်ကို သောက်၍ မြို့မှ ထွက်လာသည်ရှိသော် မြို့တံခါးဝ၌ လဲကျလေ၏။

**သိက္ခာပုဒ် ပညတ်ခြင်း ။** ။ မြတ်စွာဘုရားသည် များစွာသောရဟန်းတို့နှင့်အတူ မြို့မှ ထွက်လာသည်ရှိသော် မြို့တံခါး၌လဲနေသော အရှင်သာဂတကို မြင်၍ ရဟန်းတို့အား ကျောင်းသို့ ဆောင်ယူခဲ့စေလေ၏။ ကျောင်းသို့ အရောက်၌ ရဟန်းများသည် အရှင်သာဂတအား မြတ်စွာဘုရားရှိရာအရပ်သို့ ဦးခေါင်းထား အိပ်စေကုန်၏။ အရှင်သာဂတသည် ပြန်လှန်၍ မြတ်စွာဘုရားရှိရာအရပ်သို့ ခြေရင်းပြု၍ အိပ်လေ၏။

မြတ်စွာဘုရားသည် -

'သာဂတသည် ရှေးအခါ၌ ငါ့ဘုရားကို ရိုသေခြင်း ရှိ၏။ ယခု ရှိသေး၏လော'

- ဟု မေးတော်မူရာ ရဟန်းများက - 'မရှိတော့ပါ' - ဟူ၍ လျှောက်၏။

'သာဂတသည် သရက်ပင်ဆိပ်နေသော နဂါးနှင့် စစ်ထိုးခဲ့၏။ ယခု စစ်ထိုးခြင်းငှါ စွမ်းနိုင်ပါဦးမည်လော' ဟူ၍မေးတော်မူရာ-

ရဟန်းများက - 'မစွမ်းနိုင်တော့ပါ' - ဟု လျှောက်ကုန်၏။

မြတ်စွာဘုရားက 'အကြင် သေအရက်ကို သောက်၍ မူးယစ်သောကြောင့် အမှတ်သညာ ကင်းရာ၏။ မိန်းမောတွေဝေရာ၏။ ထိုသေအရက်ကို သောက်သင့်ပါ၏လော' ဟု မေးတော်မူရာ -

ရဟန်းများက - 'မသောက်သင့်ပါ' - ဟူ၍ လျှောက်ထားကြလေကုန်၏။

ထို့နောက် မြတ်စွာဘုရားသည် အရှင်သာဂတအား ကဲ့ရဲ့ ပြစ်တင်တော်မူပြီးလျှင် သုရာပါန သိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

'သေအရက်သောက်ခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။'

( ၈ - ၂ - ပါဠိတော်၊ မြန်မာပြန် )

## သုရာပါနသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

<u>မတိုက်တွန်းသင့်ပုံ</u> ။ ။ လူ့လောက၌ အကျင့်ယုတ်ရှိကြသူတို့သည် ကိုယ်တိုင်လည်း မကောင်းတာကို ပြုကျင့်တတ်သလို သူတစ်ပါးတို့အားလည်း အခွင့်သင့်သလို မကောင်းမှုကို ပြုလုပ်စေတတ်၏။ မဟုတ်တာကို တိုက်တွန်းနှိုးဆော်တတ်၏။ ယခုလည်း ဆဗ္ဗဂ္ဂီရဟန်းတို့သည် အကျင့်ယုတ်ရှိကြသည့်အတိုင်း ကိုယ်တိုင်လည်း မဟုတ်တာကို ပြုလုပ်ကြရုံမက သူတစ်ပါး သိက္ခာကျမည့် အလုပ်ကိုလည်း တိုက်တွန်းနှိုးဆော်လိုက်ပြန်၏။ နဂါးကို စစ်ထိုးနိုင်၍ ကြည်ညိုကြသည့်အတွက် အထူးအမြတ်ကို ကပ်လို၍ ကောသမ္ဗီ ဥပါသကာတို့၏ မေးမြန်းချက်ကို ဆဗ္ဗဂ္ဂီရဟန်းတို့သည် အခြားသင့်တော်ရာကို မညွှန်ကြားဘဲ သေရည်သေရက်ကို ညွှန်ကြားလေသည့်အတွက်ကြောင့် အရှင်သာဂတမှာ အရက်မူး၍ တိမ်းလဲကာ အရှက်တကွဲ အကျိုးနည်း ဖြစ်ရလေ၏။ ထိုကဲ့သို့ အရှက်တကွဲ အကျိုးနည်း ဖြစ်ပေါ်စေမည့် ကိစ္စမျိုး၌ အကျင့်ကောင်းလိုသူတို့သည် တိုက်တွန်းမှုကို မပြုသင့်ကြပေ။

**အရက်သောက်ခြင်းကို ရှောင်ကြဉ်ရမည်** ။ ။ မြတ်စွာဘုရား၌ ရှိသေမြတ်နိုးမှု ရှိသော အရှင်သာဂတသည် အရက်မူးနေသော အခါ၌ ရှိသေမြတ်နိုးခြင်း မရှိသည့်အပြင် မြတ်စွာဘုရားရှိရာဘက်သို့ပင် ခြေထောက် ပေး၍ အိပ်စက်မှုပြုသည်ကား အလွန်ရိုင်းစိုင်းသည်ဖြစ်၍ အရက်၏ ဆိုးပြစ်များကို ကောင်းကောင်းကြီး သဘောပေါက်သင့်လှပေ၏။ အရက်စွဲခြင်းသည်ကား ကုသိုလ် ကောင်းမှုတို့ကို မေ့လျော့ခြင်း၏ အကြောင်းလည်းဖြစ်၊ ရတနာ သုံးပါးတို့ကိုလည်း မဆည်းကပ်၊ အကျင့်သီလလည်း ပျက်၊ စီးပွားရေးလည်း ထိခိုက်၊ လူမှုရေးလည်း ချွတ်ယွင်း၊ အိမ်ထောင်ရေးလည်း မသာယာ၊ ကျန်းမာရေးလည်း ထိခိုက် စသည်ဖြင့် အပြစ်များလှသော ဤဘဝ၊ ထိုထိုဘဝ လောကသံသရာတွင် ဘယ်ဟာကိုမှ ကောင်းကျိုး မပြုသော အရက်သောက်ခြင်းကို အထူးသတိပြု၍ ရှောင်ကြဉ်နိုင်ကြရမည် ဖြစ်၏။

## အရက်သောက်ခြင်းမှ ရှောင်ကြဉ်ရန် လင်္ကာ

၁။ ဆဗ္ဗဂ္ဂီများ၊ ဒကာအား၊ ညွှန်ကြားပါ၍သည်၊
၂။ အရှင်သာဂတ၊ ခေါ် ဆိုရ၊ နာဂနိုင်သူသည်၊
၃။ အရက်သောက်ကာ၊ မူးယစ်ကာ၊ တိမ်းကာလဲလေသည်။
၄။ ဗုဒ္ဓအားပေ၊ အရိုသေ၊ ကင်းလေရိုင်းစိုင်းပြီ။
၅။ ရှက်ကွဲစေမှု၊ ညွှန်ကြားမှု၊ ရှောင်မှုပြုရမည်။
၆။ အရက်စွဲများ၊ သတိထား၊ ပြစ်ကားများလှသည်။
၇။ ရတနာသုံးပါး၊ ကုသိုလ်အား၊ မေ့များနေတတ်သည်။
၈။ ကိုယ်ကျင့်မမှန်၊ အသိဉာဏ်၊ ဖောက်ပြန်တတ်လေသည်။
၉။ လူပုံအလယ်၊ မျက်နှာငယ်၊ စိတ်ဝယ်ချောက်ချားသည်။
၁၀။ လူမှုစီးပွား၊ အိမ်ထောင်များ၊ ပျက်ပြားလာနိုင်သည်။
၁၁။ ကျန်းမာရေးပါ၊ ထိခိုက်ကာ၊ သက်ပါတိုတတ်သည်။
၁၂။ ဖြစ်ရာဘဝ၊ ကောင်းကျိုးက၊ ဘာမှမရှိပြီ။
၁၃။ အပြစ်များလေ၊ အရက်သေ၊ ထူးပေရှောင်ရမည်။

သုဒ္ဓပါစိတ် သုရာပါန သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် အင်္ဂုလိပတောဒက သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**အင်္ဂုလိပတောဒက သိက္ခာပုဒ်** ။ ။ အင်္ဂုလိပတောဒက - ဟူသည် လက်ချောင်းထိုးခြင်း၊ ကလိထိုးခြင်း ဟု အဓိပ္ပါယ်ရ၏။ ဤသိက္ခာပုဒ်သည် သုဒ္ဓပါစိတ် သိက္ခာပုဒ် ၉၂-ပါးရှိသည့်အနက်က ၅၂-ခုမြောက် သိက္ခာပုဒ်ဖြစ်သည်။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့၏ ကလိထိုးမှုကို အကြောင်းပြု၍ ဤအင်္ဂုလိပတောဒက သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း ဖြစ်သည်။

**သိက္ခာပုဒ် ပညတ်ပုံ** ။ ။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီဂိုဏ်းသား ရဟန်းငယ်လေးကို လက်ချောင်းထိုးသဖြင့်၊ ကလိထိုးသဖြင့် ရယ်ရှင်စေကုန်၏။ ထိုရဟန်းငယ်လေးသည် ပင်ပန်းသည်ဖြစ်၍ ထွက်သက်ဝင်သက် ပြတ်သောကြောင့် သေလေ၏။ အလိုနည်းကုန်သော ရဟန်းတို့သည်လည်းကောင်း၊ မြတ်စွာဘုရားသည်လည်းကောင်း ဆဗ္ဗဂ္ဂီရဟန်းတို့အား ကဲ့ရဲ့တော်မူပြီးလျှင် မြတ်စွာဘုရားသည် သိက္ခာပုဒ်တော်ကို ဤသို့ ပညတ်တော်မူလေ၏။

'လက်ချောင်းထိုး ကလိထိုးခြင်းကြောင့် ပါစိတ်အာပတ်သင့်၏'

*( ၀ - ၂ - ပါဠိတော်၊ မြန်မာပြန် )*

### အင်္ဂုလိပတောဒက သိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**အကျိုးမသန့်သင့်** ။ ။ ဤသိက္ခာပုဒ်အရ သူတစ်ပါးကို ရယ်မြူးစေလိုသဖြင့် ကလိထိုးကစားခြင်းသည် ပါစိတ်အာပတ်မျှသာ သင့်သော်လည်း တစ်ဖက်သားမှာ အကျိုးစားသန့်မှုကြောင့် အရယ်လွန်၍ သေပွဲဝင်ရခြင်းသို့ ရောက်ရသည်ကား လူသတ်မှုတစ်ခုကို ကျူးလွန်သကဲ့သို့ ဖြစ်သွားလေ၏။ သို့ရာတွင် သေစေလိုသော စေတနာ မပါသောကြောင့် ပါရာဇိ

မသင့်ပေ။ လူ့လောကအနေဖြင့်ကား ကျီစားရာမှ လူသေမှုအထိ ဖြစ်ရသောကြောင့် မှုခင်းမှုရာ ပြဿနာကိုကား ရင်ဆိုင်ရနိုင်ပေ၏။ လူ့လောက၌ ရင်းနှီးချစ်ခင်မှုကို အကြောင်းပြု၍ တစ်ဦးနှင့်တစ်ဦး ပြောင်ကြ နောက်ကြ စကြ ရယ်မြူးအောင် ပြုလုပ်ကြခြင်းသည် လူ့လောက၏ သဘာဝတရား ဖြစ်သည်ဟု ဆိုနိုင်သော်ငြားလည်း တစ်ဖက်သား ဒုက္ခရောက်သွားအောင်, အရှက်တကွဲ အကျိုးနည်းသွားအောင်, အနာတရဖြစ်သွားအောင်, သေသည်အထိ ဖြစ်သွားအောင် ပြောင်လှောင်မှုမျိုး၊ ကစားမှုမျိုး၊ အကျီစားသန်မှုမျိုးတို့ကိုကား အထူးရှောင်ရှားကြရမည် ဖြစ်ပေ၏။

## အကျီစားသန်မှု ရှောင်ကြဉ်ရန် လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | လောကသဘာဝ၊ | ကျီစားကြ၊ | မြူးကြွကြခြင်းသည်၊ |
| ၂။ | အန္တရာယ်တောင်၊ | ဖြစ်လောက်အောင်၊ | နောက်ပြောင်မသင့်ပြီ။ |
| ၃။ | ဆဝ္ဂီ၌၊ | ရဟန်း၏၊ | ကလိထိုးခြင်းသည်၊ |
| ၄။ | ရဟန်းငယ်မှာ၊ | လေပြတ်ကာ၊ | သေရှာရလေသည်။ |
| ၅။ | မှုခင်းမှုရာ၊ | ပြဿနာ၊ | ဖြစ်လာနိုင်ပေသည်။ |
| ၆။ | ဘေးဖြစ်စေတာ၊ | ကျီစားတာ၊ | ကောင်းစွာရှောင်ရမည်။ |
| ၇။ | အရှက်တကွဲ၊ | ဖြစ်ကိုလဲ၊ | အမြဲရှောင်ရမည်။ |

သုဒ္ဓပါစိတ် အင်္ဂုလိပတောဒက သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

• • • • • • • • • • • • • • • • • • • • • • • • •

## သုဒ္ဓပါစိတ် အနာဒရိယ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**အနာဒရိယ သိက္ခာပုဒ်** ။ ။ **အနာဒရိယ** – ဟူသည် မရိုသေခြင်း၊ မလေးစားခြင်း၊ မလိုက်နာခြင်း ဟူ၍ အဓိပ္ပါယ်ရ၏။ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အရှင်ဆန္နရဟန်း၏ မရိုသေမှုကို အကြောင်းပြု၍ ဤအနာဒရိယ သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း ဖြစ်သည်။

**သိက္ခာပုဒ်ကို ပညတ်ပုံ** ။ ။ အရှင်ဆန္နသည် မကျင့်အပ်သော အကျင့်ကို ပြုကျင့်လေ၏။ ရဟန်းတို့သည် –

'ငါ့ရှင်ဆန္န ... ဤသို့ သဘောရှိသော အမှုကို မပြုပါလင့်။ ဤအမှုသည် ရဟန်းတို့အား မအပ်'

– ဟု ပြောဆိုကုန်၏။ ထိုအရှင်ဆန္နသည် မရိုသေခြင်းကို စွဲ၍ ပြုကျင့်မြဲ ပြုကျင့်သည်သာတည်း။ ရဟန်းတော်များနှင့် မြတ်စွာဘုရားသည် အရှင်ဆန္နအား ကဲ့ရဲ့တော်မူပြီးနောက် အနာဒရိယသိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

'မရိုသေခြင်းကြောင့် ပါစိတ်အာပတ်သင့်၏'

**မရိုသေခြင်း** – ဟူသည် ပုဂ္ဂိုလ်ကို မရိုသေခြင်း၊ တရားတော်ကို မရိုသေခြင်း ဟူ၍ နှစ်မျိုးရှိရာ သိက္ခာပုဒ်ဖြင့် အသိပေး ပြောဆိုလာသည်ရှိသော် ပြောဆိုလာသော ရဟန်း၏ စကားကို လိုက်နာသင့်သည် မဟုတ်ဟု မလိုက်နာသောအားဖြင့် နေခြင်းသည် ပုဂ္ဂိုလ်ကို မရိုသေခြင်း ဖြစ်၏။ ရဟန်းတစ်ပါးက ပညတ်တော်ဖြင့် ပြောဆိုလာသည်ရှိသော် ပညတ်တော်ကို ပျောက်ကွယ်စေလို၍လည်းကောင်း၊ မကျင့်လို၍လည်းကောင်း ပညတ်တော်ကို မလေးမစား နေခြင်းသည် တရားတော်ကို မရိုသေခြင်း ဖြစ်၏။

( ၆ – ၂ – ပါဠိတော်၊ မြန်မာပြန် )

## အနာဒရိယသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**သတိပေးတာ လိုက်နာပါ** ။ ။ အရှင်ဆန္ဒသည် ဝိနည်းတော်နှင့်မညီသည့် အလုပ်ကို ပြောဆိုပြုလုပ်သောကြောင့် သီတင်းသုံးဖော် ရဟန်းများက သတိပေး ပြောကြားသည်ကို မာနခက်ထန်သည်၏ အဖြစ်ကြောင့် လိုက်နာသင့်သည်ဟု မမှတ်ယူဘဲ မလိုက်နာဘဲ နေခြင်းသည်ကား ပုဂ္ဂိုလ်ကိုလည်း မရိုသေရာရောက်၊ တရားကိုလည်း မရိုသေရာရောက်သဖြင့် အကုသိုလ်တရားများကို တိုးပွားစေလေသည်။ အမှန်စင်စစ် ကောင်းကျိုးလိုလား၍ အသိပေးပြောကြားလာသော ဆုံးမစကားများကို လိုက်နာခြင်းဖြင့်သာ ပစ္စုပ္ပန်၊ သံသရာ နှစ်ပြာလုံး၌ အကျိုးများမည် ဖြစ်သောကြောင့် ပုဂ္ဂိုလ်ကိုလည်း ရိုသေ၊ တရားကိုလည်း ရိုသေသောအားဖြင့် ဆုံးမစကားများကို လိုက်နာကြရမည်သာ ဖြစ်သည်။

## မရိုသေမှုကို ရှောင်ကြဉ်ရန် လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | သတိပေးတာ၊ | ဆုံးမတာ၊ | လိုက်နာကြရမည်။ |
| ၂။ | မလိုက်နာပေ၊ | ငြင်းဆန်နေ၊ | ရိုသေကင်းဝေးသည်။ |
| ၃။ | အကုတရား၊ | အများများ၊ | တိုးပွားစေလေသည်။ |
| ၄။ | ပုဂ္ဂိုလ်ခမ္မ၊ | နှစ်ဌာန၊ | ရိုင်းပြလှပေသည်။ |
| ၅။ | ကောင်းကျိုးလိုကာ၊ | ဆုံးမတာ၊ | လိုက်နာမှားပြီ။ |
| ၆။ | ပုဂ္ဂိုလ်ခမ္မာ၊ | ရိုသေရာ၊ | ကောင်းစွာရောက်ပေသည်။ |
| ၇။ | ရိုသေခြင်းအား၊ | အလေးထား၊ | မှားနိုင်ပါပြီ။ |

သုဒ္ဓပါစိတ် အနာဒရိယ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် ဘိံသာပန သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**ဘိံသာပန သိက္ခာပုဒ်** ။ ။ **ဘိံသာပန** ဟူသည် ခြောက်လှန့်ခြင်းဟူ၍ အဓိပ္ပါယ်ရသည်။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့၏ ခြောက်လှန့်ခြင်းကို အကြောင်းပြု၍ ဤဘိံသာပန သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း ဖြစ်သည်။

**သိက္ခာပုဒ်ကို ပညတ်ပုံ** ။ ။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီ ရဟန်းကလေးတို့ကို ခြောက်လှန့်ကုန်၏။ ခြောက်လှန့်ခံရသော ထိုသတ္တရသဝဂ္ဂီ ရဟန်းတို့သည် ငိုကုန်၏။ အလိုနည်းကုန်သော ရဟန်းတို့သည် –

'အဘယ်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းကို ခြောက်လှန့်ကုန်ဘိသနည်း'

– ဟု ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြလေကုန်၏။ မြတ်စွာဘုရားသည်လည်း ကဲ့ရဲ့တော်မူပြီးလျှင် ဘိံသာပန သိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

'အကြင်ရဟန်းသည် ရဟန်းကို ခြောက်လှန့်ငြားအံ့၊
ထိုရဟန်းအား ပါစိတ်အာပတ် သင့်၏'

**ခြောက်လှန့်ငြားအံ့** – ဟူသည် ရဟန်းသည် အခြားရဟန်းကို ခြောက်လှန့်လိုသည်ဖြစ်၍ ကြောက်မက်ဖွယ်ရာကောင်းသော အဆင်းကိုသော်လည်းကောင်း၊ အသံကိုသော်လည်းကောင်း၊ အနံ့ကိုသော်လည်းကောင်း၊ အရသာကိုသော်လည်းကောင်း၊ အတွေ့ကိုသော်လည်းကောင်း အနီးသို့ ဆောင်အံ့၊ ထိုရဟန်းသည် ကြောက်သည်မူလည်းဖြစ်စေ, မကြောက်သည်မူလည်းဖြစ်စေ ပါစိတ်အာပတ်သင့်၏။

ခိုးသူရှိသော ခရီးခဲကိုသော်လည်းကောင်း၊ သားရဲရှိသော ခရီးခဲကိုသော်လည်းကောင်း၊ ပြိတ္တာဘီလူးရှိသော ခရီးခဲကိုသော်လည်းကောင်း ပြောကြားအံ့၊ ထိုရဟန်းသည် ကြောက်သည်မူလည်းဖြစ်စေ, မကြောက်သည်မူလည်းဖြစ်စေ ပါစိတ်အာပတ်သင့်၏။

ထို့အတူ ရဟန်းမဟုတ်သော လူသာမဏေတို့ကို
ခြောက်လှန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

( ဝိ - ၂ - ပါဋ္ဌိတော် မြန်မာပြန် )

## ဘိံသာပန သိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

ခြောက်လှန့်ခြင်း မပြုသင့် ။ ။ ကြောက်လန့်ခြင်း ဟူသည်ကား အားငယ်သော ဒေါသစိတ်တစ်မျိုးတည်း။ အရှို့အကြောက်လွန်ကာ သေဆုံးသည်အထိပင် ဖြစ်တတ်ပေ၏။ သူတစ်ပါး ကြောက်လန့်အောင် ခြောက်လှန့်ခြင်းသည် အကုသိုလ်ကိုဖြစ်စေ၍ ခြောက်လှန့်ခြင်းကို မပြုလုပ်သင့်ကြပေ။ အားငယ်နေသူကိုသာ အားတက်အောင် ပြုလုပ်ပေးသင့်၏။ အားငယ်သူကို ပို၍အားငယ်အောင်၊ ကြောက်တတ်သူကို ပို၍ကြောက်အောင် ခြောက်လှန့်ခြင်းကိုကား ဘယ်လိုနည်းနှင့်မျှ မပြုလုပ်သင့်ကြပေ။

## ခြောက်လှန့်ခြင်းကို ရှောင်ကြဉ်ရန် လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | အားငယ်နေမှု၊ | ကြောက်လန့်မှု၊ | အကုဖြစ်လေသည်။ |
| ၂။ | အကြောက်လွန်ကာ၊ | အားငယ်ကာ၊ | သေတာဖြစ်တတ်သည်။ |
| ၃။ | အကုဖြစ်ခြင်း၊ | သေတတ်ခြင်း၊ | ခြောက်ခြင်း ရှောင်ရမည်။ |
| ၄။ | အားမငယ်အောင်၊ | ကြောက်ကင်းအောင်၊ | လုပ်ဆောင်ကြရမည်။ |
| ၅။ | ကြောက်တတ်သူကို၊ | ခြောက်ခြင်းကို၊ | ရှောင်ကိုရှောင်ရမည်။ |
| ၆။ | ခြောက်ပုံခြောက်နည်း၊ | အများကြီး၊ | ဘယ်နည်းမသင့်ပြီ။ |
| ၇။ | ဘိံသာပန၊ | သိက္ခာပ၊ | ဗုဒ္ဓပညတ်ပြီ။ |

သုဒ္ဓပါစိတ် ဘိံသာပန သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် သဉ္စိစ္စသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

<u>**သဥ္စိစ္စ သိက္ခာပုဒ်**</u> ။ ။ သဥ္စိစ္စ–ဟူသည် စေတနာနှင့်တကွ စေ့ဆော်၍ဟု အဓိပ္ပါယ်ရသည်။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် အရှင်ဥဒါယီ၏ ကျီးတို့ကို သတ်ဖြတ်ခြင်းကို အကြောင်းပြု၍ ဤသဥ္စိစ္စသိက္ခာပုဒ်ကို ပညတ်တော်မူခြင်း ဖြစ်သည်။

<u>**သိက္ခာပုဒ် ပညတ်ပုံ**</u> ။ ။ လူဖြစ်စဉ်အခါက လေးသမား ဖြစ်ခဲ့ဖူးသော အရှင်ဥဒါယီသည် ကျီးတို့ကို မနှစ်သက်သောကြောင့် ပစ်၍ပစ်၍ ခေါင်းကိုဖြတ်ပြီးလျှင် တံစို့၌ အစဉ်အတိုင်း ထိုးသီ၍ထား၏။ အလိုနည်းကုန်သော ရဟန်းတို့သည် –

'အဘယ်ကြောင့် အရှင်ဥဒါယီသည် သေစေလိုသော စေတနာရှိသည်ဖြစ်၍ သတ္တဝါကို သတ်ဖြတ်ဘိသနည်း'

– ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူပြီးလျှင် သဥ္စိစ္စသိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

> 'အကြင်ရဟန်းသည် သေစေလိုသော စေတနာရှိသည်
> ဖြစ်၍ သတ္တဝါကို သတ်ငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ်
> သင့်၏'

( ၈၂ ပါဠိတော်၊ မြန်မာပြန် )

## သဒ္ဒိစ္စသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**သူ့အသက်သတ်ခြင်းကို ရှောင်ကြဉ်ကြရမည်** ။ ။ ဤသိက္ခာပုဒ်အရ လူ့အသက်သတ်ခြင်းကို ပါရာဇိကအာပတ်ဖြင့် တားမြစ်ပြီးဖြစ်၍ လူမှတစ်ပါးသော တိရစ္ဆာန်တို့၏ အသက်ကို သတ်မှုကိုသာ ယူရပေသည်။ သက်ရှိသတ္တဝါမှန်သမျှ သေရမည်ကို ကြောက်ကြသည်ချည်းဖြစ်၍ ကိုယ်ချင်းစာတရား၊ မေတ္တာတရား၊ ကရုဏာတရားတို့ဖြင့် တိရစ္ဆာန်သတ္တဝါတို့အား ညှဉ်းဆဲသတ်ဖြတ်ခြင်းကို ရှောင်ကြဉ်ကြရမည် ဖြစ်သည်။ သတ်ဖြတ်ခြင်းသည် ဒေါသစေတသိက် အရင်းခံသော အကုသိုလ်တရားဖြစ်၍ သေးငယ်သောသတ္တဝါကို သတ်ရာ၌ ပယောဂ အနည်းငယ်ဖြင့်လည်းကောင်း၊ ကြီးမားသော သတ္တဝါကို သတ်ရာ၌ ပယောဂများစွာဖြင့်လည်းကောင်း သတ်ဖြတ်ရသည်ဖြစ်ပေရာ ပယောဂ အနည်း၊ အများပေါ်မူတည်ပြီး အကုသိုလ် အပြစ်လည်း အနည်း၊ အများ ဖြစ်သွားမှု ရှိလေသည်။ မည်သို့ပင်ဖြစ်စေ အကုသိုလ်သည် ချမ်းသာသုခကို အကျိုးပေးမည် မဟုတ်ဘဲ ဆင်းရဲဒုက္ခကိုသာ အကျိုးပေးမည် ဖြစ်သောကြောင့် တိရစ္ဆာန်တို့၏ အသက်ကို သတ်ဖြတ်ခြင်းကိုလည်း ရှောင်ကြဉ်ကြရမည် ဖြစ်ပေသည်။

### သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရန်လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | သတ္တဝါမှန်၊ | သေဘေးရန်၊ | အမှန်ကြောက်ကြသည်။ |
| ၂။ | မေတ္တာကရု၊ | စာနာပြု၊ | သတ်မှုရှောင်ရမည်။ |
| ၃။ | လုံ့လဗျာပါ၊ | မူတည်ကာ၊ | ပြစ်မှာကြီးမားသည်။ |
| ၄။ | အကုဒေါသ၊ | အပြစ်က၊ | သုခမပေးပြီ။ |
| ၅။ | သတ်မှုလျှော်စွာ၊ | ဒုက္ခသာ၊ | ပေးမှာသေချာသည်။ |
| ၆။ | တိရစ္ဆာန်အား၊ | သတ်ခြင်းအား၊ | ရှောင်ရှားကြရမည်။ |
| ၇။ | သဒ္ဒိစ္စခေါ်၊ | သိက္ခာနော်၊ | ရှင်တော်ပညတ်ပြီ။ |

သုဒ္ဓပါစိတ် သဒ္ဒိစ္စသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် ဒုဗ္ဗဏ္ဏ ကရဏ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**ဒုဗ္ဗဏ္ဏ ကရဏ သိက္ခာပုဒ်** ။ ။ ဒုဗ္ဗဏ္ဏကရဏ ဟူသည် အဆင်းပျက်အောင်ပြုခြင်းတည်း။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတော်များ၏ ကိုယ့်သင်္ကန်းကို မမှတ်မိခြင်းကို အကြောင်းပြု၍ ဤဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း ဖြစ်သည်။

**လုယက်ခြင်း ခံရပုံ** ။ ။ များစွာကုန်သော ရဟန်းတို့သည်လည်းကောင်း၊ ပရိဗိုဇ်တို့သည်လည်းကောင်း သာကေတမြို့မှ သာဝတ္ထိမြို့သို့ ခရီးရှည် သွားကြကုန်၏။ ခရီးအကြား၌ ခိုးသူတို့သည် ထွက်၍ ထိုရဟန်းများနှင့် ပရိဗိုဇ်တို့ကို လုယက်ကုန်၏။ သာဝတ္ထိမြို့မှ မင်းမှုထမ်းတို့သည် ထွက်လာ၍ ထိုခိုးသူတို့ကို ပစ္စည်းနှင့်တကွ ဖမ်းယူပြီးလျှင် ရဟန်းတို့အထံသို့ –

'အရှင်တို့သည် ကြွလာကုန်လော့။ မိမိ မိမိတို့၏ သင်္ကန်းကို မှတ်သား၍ မမှားအောင် ရွေး၍ ယူကြကုန်လော့'

– ဟု တမန်ကို စေလွှတ်လိုက်ကုန်၏။ ရဟန်းတို့သည်ကား ရွေးချယ်ရန် ကောင်းစွာ မမှတ်မိကုန်။

**သိက္ခာပုဒ် ပညတ်ပုံ** ။ ။ ထိုအခါ လူတို့သည် –

'အဘယ်ကြောင့် အရှင်တို့သည် မိမိ မိမိတို့၏ သင်္ကန်းတို့ကို မသိကုန်ဘိသနည်း'

– ဟု ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတော်များ ကြားရသောအခါ ရဟန်းတော်များသည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားကြလေကုန်၏။ မြတ်စွာဘုရားသည် ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်တော်ကို ဤသို့ ပညတ်တော်မူလေ၏။

'သင်္ကန်းအသစ်ကိုရသောရဟန်းသည် ညိုသောအဆင်းကိုသော်လည်းကောင်း၊ ညွန်အဆင်းကိုသော်လည်းကောင်း၊ မည်းနက်သောအဆင်းကိုသော်လည်းကောင်း ဤ အဆင်းပျက်အောင်ပြုခြင်း သုံးမျိုးတို့တွင် တစ်ခုခုသော အဆင်းပျက်ပြုခြင်းကို ယူအပ် ၏။ ( ကပ္ပဗိန္ဒုထိုးရမည် ) အကယ်၍ ရဟန်းသည် အဆင်းပျက်အောင်ပြုခြင်း သုံးမျိုးတို့တွင် တစ်ခုခုသော အဆင်းပျက်အောင်ပြုခြင်းကို မယူမူ၍ ( ကပ္ပဗိန္ဒုမထိုးမူ၍ ) သင်္ကန်းအသစ်ကို သုံးဆောင်ငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။

*( ဝိ ၂ ပါဠိတော်၊ မြန်မာပြန် )*

## ဒုဗ္ဗဏ္ဏ ကရဏ သိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**မှတ်မှတ်သားသား ရှိရမည်** ။ ။ ဤသိက္ခာပုဒ်တော်အရ သင်္ကန်းအသစ်ကို ဝတ်တော့မည်ဆိုလျှင် မဝတ်ခင် သင်္ကန်းထောင့်စွန်း၌ ကပ္ပဗိန္ဒုထိုးရ၏။ မထိုးဘဲဝတ်လျှင် ပါစိတ်အာပတ်သင့်၏။ ကပ္ပဗိန္ဒုထိုးခြင်းဟူသည် ကိုယ့်သင်္ကန်းကို မှတ်မိအောင် ဝိနည်းတော်အရ အမှတ်အသား ပြုလုပ်ခြင်းတည်း။ လူ့လောက၌လည်း အချို့လူတို့သည် ပစ္စည်းပျောက်ကို ပြန်ရှေးကြရာတွင် ကိုယ့်ပစ္စည်းကို မှတ်မှတ်သားသား ပြောဆိုနိုင်သူက ပြန်ရနိုင်ပြီး မပြောနိုင်သူက ပြန်ရရန် မလွယ်ပေ။ ထို့ကြောင့် ကိုယ့်ပစ္စည်းကို မှတ်မိအောင် မှတ်မှတ်သားသား ပြုလုပ်သင့်ကြပေ၏။

## မှတ်မှတ်သားသား ပြုလုပ်ကြရန်လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | ဒုဗ္ဗဏ္ဏခေါ်၊ | သိက္ခာနော်၊ | ရှင်တော်ပညတ်ပြီ။ |
| ၂။ | ကိုယ့်ပစ္စည်းအား၊ | အမှတ်သား၊ | ပြုထားကြရမည်။ |
| ၃။ | မှတ်မိပါမှ၊ | ရွေးချယ်က၊ | ယူရလွယ်ကူမည်။ |

သုဒ္ဓပါစိတ် ဒုဗ္ဗဏ္ဏ ကရဏ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် ဦနဝိသတိ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**ဦနဝိသတိသိက္ခာပုဒ်။** ။ ဦနဝိသတိ ဟူသည် ၂၀-မပြည့် ဟူ၍ အဓိပ္ပါယ်ရလေသည်။ ဤသိက္ခာပုဒ်သည် သုဒ္ဓပါစိတ် ၉၂-ပါး ရှိသည့်အနက်က ၆၅-ခု မြောက် သိက္ခာပုဒ် ဖြစ်သည်။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့ကို အစာ ကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် အသက် (၂၀)မပြည့်ဘဲ ရဟန်းခံ ပေးခြင်းကို အကြောင်းပြု၍ ဤ ဦနဝိသတိ သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း ဖြစ်သည်။

**ဥပါလိ မိဘများ၏ စေတနာ ။** ။ ရာဇဂြိုဟ်မြို့၌ (၁၇)ယောက်အစုရှိသောကြောင့် သတ္တရသဝဂ္ဂီအမည်ရှိသော သူငယ်တို့သည် အပေါင်းအသင်း မိတ်ဆွေဖြစ်ကြလေကုန်၏။ ထိုသူငယ်တို့တွင် ဥပါလိ အမည်ရှိသော သူငယ်သည် အကြီးအမှူးဖြစ်၏။

ထိုအခါ ဥပါလိသူငယ်၏ မိဘတို့သည် ဥပါလိအတွက် ဤသို့ စဉ်းစားကြံစည် ကြလေကုန်၏။

'ငါတို့သား ဥပါလိသည် ငါတို့သေလွန်သောအခါ၌ အဘယ်သို့သော အကြောင်းဖြင့် ချမ်းသာစွာ အသက်ရှည်၍ မပင်မပန်းရှိရာအံ့နည်း'

– ဟု ကြံစည်ကြလေကုန်၏။

'အကယ်၍ ငါတို့သား ဥပါလိသည် စာရေးအတတ်ကို သင်အံ့၊ လက်ချောင်း တို့သည် နာကျင်ကုန်လတ္တံ့။ အကယ်၍ ဂဏန်းအတတ်ကို သင်အံ့၊ ရင်ဘတ်အောင့် လေရာ၏။ အကယ်၍ ငွေစာရင်းအတတ်ကို သင်အံ့၊ မျက်စိကျိန်းစပ်ရာ၏'

– ဟု ကြံစည်ကြလေကုန်၏။

ထို့နောက် ဥပါလိသူငယ်၏ မိဘတို့သည်–

'ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်ကုန်သော ရဟန်းတို့သည် ချမ်းသာသောအလေ့ ရှိကုန်၏။ ချမ်းသာသောအကျင့် ရှိကုန်၏။ ကောင်းသော စားဖွယ်တို့ကို စား၍ မိုးလုံသော အိပ်ရာနေရာတို့၌သာလျှင် အိပ်ရကုန်၏။ ငါတို့သား ဥပါလိသည် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်း၏

အထံ၌ ရဟန်းပြုမှသာလျှင် ငါတို့သေလွန်သောအခါ ချမ်းသာစွာ အသက်ရှည်ရာ၏။ ပင်လည်းမပင်ပန်းရာ' - ဟု အကြံဖြစ်ကြလေကုန်၏။

ရဟန်းပြုကာ ငိုကြခြင်း ။ ။ မိဘတို့၏ ကြံစည်ပြောဆိုခြင်းကို ကြားရသောကြောင့် ဥပါလိ သူငယ်သည် ကျန်သူငယ်ချင်းများကို ပြောကြားကာ မိဘတို့ထံ အသီးသီးခွင့်တောင်းကြလျက် ရဟန်းတို့ထံ ရှင်ရဟန်း အဖြစ်ကို တောင်းသဖြင့် ရဟန်းတို့သည် ထိုသူငယ် (၁၇)ယောက်တို့အား ရှင်လည်း ပြုပေးကြကုန်၏။ ရဟန်းလည်း ခံပေးကြကုန်၏။

ထိုသူငယ်ရဟန်းကလေးတို့သည် နံနက်စောစော မိုးသောက်ယံအချိန်သို့ ရောက်လျှင် -

'ယာဂုကို ပေးကုန်လော့။ ထမင်းကို ပေးကုန်လော့။ ခဲဖွယ်ကိုပေးကုန်လော့'

- ဟု ငိုကုန်၏။ ရဟန်းတို့သည် -

'ရှိလျှင် ရလတ္တံ့။ မရှိလျှင် ဆွမ်းခံ၍ စားရကုန်လတ္တံ့.'

- ဟု ပြောဆိုပါသော်လည်း -

'ယာဂုကို ပေးကုန်လော့။ ထမင်းကို ပေးကုန်လော့။ ခဲဖွယ်ကို ပေးကုန်လော့'

- ဟူ၍ ငိုကြွေးမြဲ ငိုကြွေး၍ နေကြလေကုန်၏။ အိပ်ရာနေရာတို့သည် ကျင်ကြီးကျင်ငယ်တို့ဖြင့် လူးလေကုန်၏။

သိက္ခာပုဒ်ကို ပညတ်ပုံ ။ ။ မြတ်စွာဘုရားသည် ငိုကြွေးသံကို ကြား၍ အရှင်အာနန္ဒာအား မေးမြန်းတော်မူရာ အရှင်အာနန္ဒာသည် ထိုအကြောင်းကို လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် ရဟန်းသံဃာကို စည်းဝေးစေတော်မူပြီးနောက် ကဲ့ရဲ့တော်မူပြီးလျှင် -

'ရဟန်းတို့. ... မဂဓိုလ်မှ အချည်းနှီးဖြစ်သော ထိုယောကျာ်းတို့သည် အဘယ်ကြောင့် သိလျက် အသက်နှစ်ဆယ် မပြည့်သေးသော ပုဂ္ဂိုလ်ကို ပဉ္စင်းခံပေး

ကုန်ဘိသနည်း။ ရဟန်းတို့ ... အသက်နှစ်ဆယ် မပြည့်သေးသောသူသည် အချမ်း၊ အပူ၊ ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်း၊ မှက်၊ ခြင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့၏ အတွေ့တို့ကို သည်းမခံနိုင်။ မကောင်းသဖြင့် ဆိုအပ်၊ မကောင်းသဖြင့် ရောက်လာသော စကားတို့ကိုလည်းကောင်း၊ ကိုယ်၌ ဖြစ်ဆဲဖြစ်သော ပြင်းထန်ကြမ်းကြုတ် ခါးစပ်ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်သော သေလောက်သော ဆင်းရဲ ဝေဒနာတို့ကိုလည်းကောင်း သည်းခံနိုင်ခြင်း သဘောမရှိ။ ရဟန်းတို့ ... အသက်နှစ်ဆယ် ပြည့်သောသူသည်သာလျှင် အချမ်းအပူ စသော ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်ခြင်း သဘောရှိ၏'

- ဟူ၍ မိန့်ကြားတော်မူပြီးလျှင် ဥိနဝိသတိသိက္ခာပုဒ်တော်ကို ဤသို့ ပညတ်တော်မူလေ၏။

> 'အကြင်ရဟန်းသည် သိလျက်နှင့် အသက်နှစ်ဆယ် မပြည့်သူကို ပဉ္စင်းခံပေးငြားအံ့၊ ထိုအသက်နှစ်ဆယ် မပြည့်သောသူသည်လည်း ရဟန်းမဖြစ်။ ထိုပဉ္စင်းခံပေးသော ရဟန်းတို့ကိုလည်း ကဲ့ရဲ့ထိုက်ကုန်၏။ ( ဒုက္ကဋ်အာပတ်သင့်ကုန်၏ ) ထိုဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းအား ဤပါစိတ် အာပတ်သင့်၏'

*( ၈ - ၂ - ပါဠိတော်၊ မြန်မာပြန် )*

## ဥိနဝိသတိ သိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**အလွန်ငယ်သူအား ရှင်ရဟန်းပြုမပေးသင့်ပုံ** ။ ။ ဥပါလိသူငယ်အမှူးပြုသော (၁၇)ယောက်ကုန်သော သတ္တရသဝဂ္ဂီရဟန်းငယ်ကလေးတို့သည် မိဘတို့နှင့် ခွဲခွါ၍ နေရသည်ကတစ်ကြောင်း၊ အသက်ငယ်ကြသေးသည်ကတစ်ကြောင်း ဆာလောင်မွတ်သိပ်မှုဒဏ်ကို သည်းမခံနိုင်ရကား ဝတ်ခါစ၌ တစ်ငိုတည်းငို၍သာ နေကြလေကုန်၏။ ထို့ကြောင့် ဘုရားရှင်က အသက်နှစ်ဆယ် မပြည့်ဘဲ ရဟန်းခံမပေးရဟု ပညတ်တော်မူခြင်း ဖြစ်၏။ ယခုခေတ်၌လည်း အလွန်ငယ်ရွယ်သူတို့ကို ရှင်ပြုပေးကြရာ၌ ထိုသို့သော အပြစ်များရှိသည်ကို သတိပြုသင့်၏။

သရဏဂုံပီသမှ ရှင်အဖြစ်သို့ ရောက်ခြင်းဖြစ်ရာ သရဏဂုံကိုပင် ကောင်းစွာ မဆိုတတ်သေးသော ကလေးငယ်များကို ရှင်ပြုပေးခြင်းသည်ကား – '**ပေါ့စေလို့လို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေး**' ဆိုဘိသကဲ့သို့ သင်္ကန်းမနိုင်၊ သပိတ်မနိုင်နှင့် ကုသိုလ်များလို၍ ရှင်ပြုပေးတာ၊ ယခုတော့ အကုသိုလ်တွေများစွာ ဖြစ်နိုင်သည့်အတွက် အလွန်ငယ်ရွယ်သူတို့အား ရှင်ပြုမပေးသင့်ပုံကို သတိပြုသင့်ကြပေ၏။

## <u>အလွန်ငယ်ရွယ်သူတို့အား ရှင်ပြုမပေးရန် ဆောင်ပုဒ် လင်္ကာ</u>

၁။ တိုရင်ဘဝ၊ မြင့်မြတ်လှ၊ ဝတ်ကြကောင်းပေသည်။
၂။ ဦးနှောက်ကြား၊ သိက္ခာအား၊ ထောက်ထားသင့်ကြသည်။
၃။ ကုသိုလ်ကိုလျှင်၊ ပွားဖို့ပင်၊ ကိုရင်ဝတ်ပေးသည်။
၄။ အလွန်ငယ်ကုန်၊ သရဏဂုံ၊ ရွတ်တုန်မရပြီ။
၅။ သင်္ကန်းမနိုင်၊ ဘာမနိုင်၊ ငိုမှိုင်ဆော့ကြသည်။
၆။ ကုသိုလ်နည်းကြား၊ အကုများ၊ စဉ်းစားသင့်ကြသည်။
၇။ အလွန်ငယ်စွာ၊ ရှင်ပြုတာ၊ ရှောင်တာပိုကောင်းသည်။

**သုဒ္ဓပါစိတ် ဦနဝီသတိ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။**



## သုဒ္ဓပါစိတ် ထေယျသတ္တ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

ထေယျသတ္တသိက္ခာပုဒ် ။ ။ ထေယျသတ္တ – ဟူသည် ခိုးသူလှည်းကုန်သည် ဟူ၍ အဓိပ္ပါယ်ရသည်။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါး၏ ခိုးသူကုန်သည်နှင့်အတူ ခရီးရှည်သွားမှုကို အကြောင်းပြု၍ ဤထေယျသတ္တသိက္ခာပုဒ်ကို ပညတ်တော်မူခြင်း ဖြစ်သည်။

ကင်းခွန်ကိုရှောင်ခြင်း ။ ။ လှည်းကုန်သည်တစ်ဦးသည် ရာဇဂြိုဟ်မြို့မှ အနောက်မျက်နှာအရပ်သို့ သွားလို၏။ ရဟန်းတစ်ပါးသည် ထိုလူတို့ကို –

'ငါသည်လည်း ဒါယကာတို့နှင့် အတူသွားလို၏' – ဟု ဆို၏။

'အရှင်ဘုရား ... တပည့်တော်တို့သည် ကင်းကို ရှောင်လွှဲ၍ သွားကုန်အံ့' – ဟု ဆိုသောအခါ –

'ဒါယကာတို့ ... ကိုယ့်ကိစ္စကိုယ် သိကြလော့' – ဟု ပြောဆိုလေ၏။

ကင်းစောင့်သမားတို့သည် 'ကုန်သည်သည် ကင်းကိုရှောင်လွှဲလတ္တံ့' – ဟု ကြား၍ အစောင့်ထားကာ ထိုကုန်သည်ကို ဖမ်းယူလုယက်၍ ထိုရဟန်းအား –

'အရှင်ဘုရား ... အရှင်ဘုရားတို့သည် သိလျက် အဘယ်ကြောင့် ထိုခိုးသူကုန်သည်နှင့်အတူ သွားသနည်း' – ဟု နှောင့်ယှက်၍ လွှတ်လိုက်ကုန်၏။

သိက္ခာပုဒ်ပညတ်ပုံ ။ ။ ထိုရဟန်းသည် သာဝတ္ထိမြို့သို့ သွား၍ ထိုအကြောင်းကို ရဟန်းတို့အား ပြောလေလျှင် အလိုနည်းကုန်သော ရဟန်းတို့သည် –

'အဘယ်ကြောင့် ရဟန်းသည် သိလျက် ခိုးသူကုန်သည်နှင့်အတူ တိုင်ပင်၍ တစ်ကြောင်းတည်း အခွန့်ရှည်သော ခရီးသို့သွားဘိသနည်း'

– ဟု ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြပြောဆိုကြလေကုန်၏။ မြတ်စွာဘုရားအားလည်း လျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းအား ကဲ့ရဲ့တော်မူပြီးနောက် ဤထေယျသတ္တသိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

'အကြင်ရဟန်းသည် သိလျက် ခိုးသူကုန်သည်နှင့်အတူ တိုင်ပင်၍ တစ်ကြောင်းတည်း အဓွန့်ရှည်သော ခရီးသို့ သွားငြားအံ့။ အယုတ်သဖြင့် ရွာတစ်ရွာသို့သော်လည်း သွားငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ် သင့်၏'

( ၆ – ၂ – ပါဠိတော်၊ မြန်မာပြန် )

## ထေယျသတ္တသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**ခိုးသူနှင့် ခရီးသွားခြင်းကို ရှောင်ရမည်** ။ ။ အခွန်ကို ရှောင်လွှဲခြင်းသည်လည်း သူခိုးစာရင်းတွင် ပါဝင်သည်ဖြစ်၍ သူခိုးဟူသည် လူလိမ္မာမဟုတ်။ လူမိုက်ဖြစ်သောကြောင့် လူမိုက်ကို မပေါင်းရဟူသော မင်္ဂလာတရားတော်အရ သူခိုးနှင့် ပေါင်းသင်းဆက်ဆံခြင်း၊ ခရီးသွားခြင်းများကို ရှောင်ကြဉ်ရမည် ဖြစ်သည်။ သူခိုးနှင့်အတူ ခရီးသွားသဖြင့် မိမိပါ အလိုတူ အလိုပါ ကြံရာပါ ဖြစ်တတ်ခြင်း၊ ပြဿနာဖြစ်တတ်ခြင်း၊ သူခိုးအဖြစ် အထင်ခံရတတ်ခြင်း၊ အထင်လွဲ၍ အရိုက်အနှက် ခံရတတ်ခြင်း စသော အပြစ်များရှိသောကြောင့်လည်း သူခိုးနှင့် ခရီးသွားခြင်းကို ရှောင်ကြဉ်ကြရမည် ဖြစ်သည်။

## ခိုးသူနှင့် ခရီးသွားခြင်းကို ရှောင်ကြဉ်ရန် လင်္ကာ

၁။ ခိုးသူနှင့်အတူ၊ ခရီးဟူ၊ သွားမှုမကောင်းပြီ။
၂။ ထေယျသတ္တ၊ သိက္ခာပ၊ ဗုဒ္ဓပညတ်ပြီ။
၃။ အလိုတူပင်၊ ကြံရာပင်၊ အထင်ခံရမည်။
၄။ သူခိုးဟူလဲ၊ အထင်လွဲ၊ စွပ်စွဲနိုင်ပေသည်။
၅။ ရိုက်တာနှက်တာ၊ ခြိမ်းခြောက်တာ၊ ကြုံလာတွေ့တတ်သည်။
၆။ အခွန်ရှောင်တာ၊ ခိုးခြင်းပါ၊ ဗာလာဖြစ်တော့သည်။
၇။ ဗာလာနကို၊ ပေါင်းခြင်းကို၊ ရှောင်ကိုရှောင်ရမည်။

သုဒ္ဓပါစိတ် ထေယျသတ္တသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် အရိဋ္ဌ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**အရိဋ္ဌသိက္ခာပုဒ်** ။ ။ အရိဋ္ဌ ဟူသည် ထိုရဟန်း၏ အမည်တည်း။ လူဖြစ်စဉ်က လင်းတတွေကို သတ်ခဲ့ဖူးသော အမျိုးမှလာသောကြောင့် လင်းတသတ်မျိုးဟု ခေါ်ဆို၏။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် လင်းတသတ်အမျိုး၌ ဖြစ်ဖူးသော အရိဋ္ဌရဟန်းကို အကြောင်းပြု၍ ဤအရိဋ္ဌသိက္ခာပုဒ်ကို ပညတ်တော်မူခြင်း ဖြစ်သည်။

**မိစ္ဆာဒိဋ္ဌိအယူ** ။ ။ လင်းတသတ်အမျိုး၌ ဖြစ်ဖူးသော အရိဋ္ဌမည်သော ရဟန်းအား–

'ရဟန်းမဂ်ဖိုလ်တို့၏ အန္တရာယ်ကို ပြုတတ်ကုန်၏ – ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏။ ထိုတရား တို့သည် မှီဝဲသောသူအား ရဟန်းမဂ်ဖိုလ်၏ အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်'

– ဟု ယုတ်မာသော မိစ္ဆာအယူ ရှိလေ၏။

**အန္တရာယ် ၅–မျိုး** ။ ။ နတ်ရွာနိဗ္ဗာန်၏ အန္တရာယ်ကို ပြုတတ်ကုန်သော အန္တရာယ် တို့သည် ၅–မျိုးရှိလေသည်။

(၁) ကမ္မန္တရာယ်
(၂) ကိလေသန္တရာယ်
(၃) ဝိပါကန္တရာယ်
(၄) ဥပဝါဒန္တရာယ်
(၅) အာဏာဝီတိက္ကမန္တရာယ် – ဟူ၍ အန္တရာယ် (၅)မျိုးရှိသည်။

**(၁) ကမ္မန္တရာယ်** ။ ။ ထို(၅)မျိုးအနက်က ပဉ္စာနန္တရိယကံကို ကျူးလွန်ခြင်းနှင့် ဘိက္ခုနီဒူသကခေါ် ဘိက္ခုနီမကို ဖျက်ဆီးခြင်းသည် – ကမ္မန္တရာယ် မည်၏။

ထိုကံက နတ်ရွာနိဗ္ဗာန်ကို မရအောင်တားလေ၏။ ထိုတွင် ဘိက္ခုနီဒူသကကံကား နိဗ္ဗာန်ကိုသာ တား၏။ နတ်ရွာကို မတားပေ။

(၂) ကိလေသန္တရာယ် ။ ။ နိယတမိစ္ဆာဒိဋ္ဌိတရားသည် ကိလေသန္တရာယ်မည်၏။ ထိုဒိဋ္ဌိတရား ကိလေသာက နတ်ရွာနိဗ္ဗာန်တရားကို တားလေ၏။

(၃) ဝိပါကန္တရာယ် ။ ။ ပဏ္ဍုက်၊ တိရစ္ဆာန်၊ ဥဘတောဗျည်းတို့သည် ပဋိသန္ဓေ ဝိပါက်စိတ်ကိုက သုဂတိအဟိတ်, ဒုဂ္ဂတိအဟိတ် ဖြစ်သောကြောင့် ဈာန်မဂ်ဖိုလ်ကို မရနိုင်သည်ဖြစ်၍ ဝိပါကန္တရာယ် မည်၏။ ပဋိသန္ဓေ ဝိပါက်စိတ်က ဈာန်မဂ်ဖိုလ်တရားများကို တားလေ၏။

(၄) ဥပဝါဒန္တရာယ် ။ ။ အရိယာကို စွပ်စွဲခြင်းသည် အရိယာကို စွပ်စွဲကြောင်းဖြစ်သော ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ဖြစ်၍ ယင်းစိတ္တုပ္ပါဒ်က ဈာန်မဂ်ဖိုလ်တရားများကို တားသည်ဖြစ်၍ ဥပဝါဒန္တရာယ် မည်၏။

*( ထိုအရိယာကို ကန်တော့တောင်းပန်သောအခါ အန္တရာယ်မှ လွတ်၏ )*

(၅) အာဏာဝီတိက္ကမန္တရာယ် ။ ။ ဘုရားပညတ်အပ်သော သိက္ခာပုဒ်တော်ကို စေတနာနှင့်တကွ ကျူးလွန်ခြင်းသည် အာဏာဝီတိက္ကမန္တရာယ် မည်၏။ ( အာပတ်ပြေပြီးလျှင်ကား အန္တရာယ်မှ လွတ်၏ ) အာပတ်မပြေသေးသမျှ ဈာန်မဂ်ဖိုလ်တရားကို တားလေ၏။

အရိဋ္ဌရဟန်းယူဆပုံ ။ ။ ထိုငါးပါးသော အန္တရာယိကဓမ္မတို့တွင် ဤအရိဋ္ဌရဟန်းသည် ဗဟုသုတရှိသော ဓမ္မကထိကဖြစ်ခြင်းကြောင့် အာဏာဝီတိက္ကမန္တရာယ်မှတစ်ပါးသော ကမ္မန္တရာယ် စသော လေးပါးကုန်သော အန္တရာယ်တို့ကို သိ၏။ ဝိနည်း၌ မကျွမ်းကျင်သောကြောင့် မြတ်စွာဘုရား၏ ပညတ်တော်ကို ကျူးလွန်ခြင်းဟူသော အန္တရာယိကဓမ္မတို့ကိုကား နားမလည်ပေ။

ထိုသို့ နားမလည်သောကြောင့် အရိဋ္ဌရဟန်းသည် ဆိတ်ငြိမ်ရာအရပ်၌ ဤသို့ ကြံစည်လေပြီ။

'ဤအိမ်၌နေသူ လူဝတ်ကြောင်တို့သည် ကာမဂုဏ်တို့ကို သုံးဆောင်ကြလျက်ပင် သောတာပန်, သကဒါဂါမိ, အနာဂါမိအဖြစ်သို့ ရောက်ကြကုန်၏။

ရဟန်းတို့သည်လည်း မြတ်နိုးဖွယ်ရှိကုန်သော ရူပါရုံတို့ကို မြင်ကြရကုန်၏။ သဒ္ဒါရုံတို့ကို ကြားကြရကုန်၏။ ဂန္ဓာရုံတို့ကို နမ်းရှုကြရကုန်၏။ ရသာရုံတို့ကို သာယာကြရကုန်၏။ ဖောဋ္ဌဗ္ဗာရုံတို့ကို ထိတွေ့ကြရကုန်၏။ နူးညံ့ကုန်သော အခင်းအခြုံ အစရှိကုန်သော အသုံးအဆောင်တို့ကို သုံးစွဲကြကုန်၏။ ဤအလုံးစုံသည် အပ်စပ်သည်ဖြစ်လျက် အဘယ်ကြောင့် မိန်းမ၏အဆင်း, မိန်းမ၏အသံ, မိန်းမတို့၏ အတွေ့တို့သည်သာ မအပ်ကုန်သနည်း။ ဤမိန်းမတို့၏ အဆင်း အစရှိသည်တို့သည်လည်း အပ်စပ်ရမည်သာ ဖြစ်၏'

- ဟူ၍ ကြံစည်လေပြီ။ မိစ္ဆာဒိဋ္ဌိအယူကို ယူလေပြီ။

**ဘုရားအာဏာစက်ကို ပုတ်ခတ်ခြင်း ။** ။ ဤသို့လျှင် အရိဋ္ဌရဟန်းသည် အပြစ်မရှိသော ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းကြောင့် ဖြစ်သောအရသာဖြင့် အပြစ်ရှိသော ကာမဂုဏ်ကို သုံးဆောင်ခြင်းကြောင့်ဖြစ်သော အရသာကို ရောနှော၍ ဆန္ဒရာဂနှင့်တကွဖြစ်သော သုံးစွဲခြင်းကိုလည်းကောင်း၊ ဆန္ဒရာဂမရှိသော သုံးစွဲခြင်းကိုလည်းကောင်း တစ်မျိုးတည်း တန်းတူထား၍ စဉ်းစားလေသည်။

ဤ၌ ပစ္စည်းလေးပါးကို သုံးဆောင်မှုနှင့် ကာမဂုဏ်ကို သုံးဆောင်မှုတို့၌ သတိပြုရန်ကား ရဟန်းများသည် ပစ္စည်းလေးပါးကို သုံးဆောင်ရာ၌ ပစ္စဝေက္ခဏာဆင်ခြင်၍ ပရိယတ်, ပဋိပတ်အားထုတ်ရန် သုံးဆောင်လျှင် တဏှာလောဘ မဖြစ်သောကြောင့် ဆန္ဒရာဂမရှိသော သုံးဆောင်ခြင်း ဖြစ်သည်။ ကာမဂုဏ်ကို ခံစားရာ၌ကား ပစ္စဝေက္ခဏာဆင်ခြင်၍ မဖြစ်။ တဏှာရာဂဖြင့် ပြင်းပြစွာ ခံစားသည် ဖြစ်၍ ဆန္ဒရာဂနှင့်တကွဖြစ်သော သုံးဆောင်ခြင်း ဖြစ်သည်။ ဤသို့ အရိဋ္ဌရဟန်း၏ စဉ်းစားမှုသည် ဆန္ဒရာဂရှိမှုနှင့် ဆန္ဒရာဂမရှိမှုကို တန်းတူထား၍ စဉ်းစားရကား ကြမ်းတမ်းတုတ်ခိုင်

သော လျှော်ချည်နှင့် သိမ်မွေ့သော အပ်ချည်ကို ဆက်ပုံနိုင်လည်းကောင်း၊ မုန်ညင်းစေ့နှင့် မြင့်မိုရ်တောင်ကို အတူထား၍ ရှုစားသူနိုင်လည်းကောင်း တူနေလေသည်။

ဤသို့ အရိဋ္ဌရဟန်းသည် ယုတ်မာသော မိစ္ဆာဒိဋ္ဌိအယူကို ဖြစ်စေ၍ -

'မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကို ကန်သင်းဖွဲ့သကဲ့သို့ ကြီးစွာသော အားထုတ်ခြင်းဖြင့် အဘယ်ကြောင့် ပဌမပါရာဇိကကို ပညတ်ရဘိသနည်း။ ဤမေထုန်အမှု၌ အပြစ်မရှိပေ'

- ဟူ၍ မိစ္ဆာဒိဋ္ဌိ အယူကို ယူလေပြီ။

ဤသို့လျှင် အရိဋ္ဌရဟန်းသည် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကြီးနှင့် ဆန့်ကျင်လျက် ( *ဤ၌ ဆန့်ကျင်ဟူသည်ကား မြတ်စွာဘုရားသည် ပဌမပါရာဇိက အမှုကို အလွန်ကြီးကျယ်သော အပြစ်ဟု မြင်တော်မူ၏။ အရိဋ္ဌကား ဘာမျှကြီးကျယ်သော အပြစ်မရှိဟု ယူဆ၏။ ဤသို့ ယူဆသည့်အတွက် မြတ်စွာဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကို ပြိုင်ဆိုင်ရာရောက်တော့သည်* ) သစ္စာလေးပါးတို့ကို သိထိုက်သော ပုဂ္ဂိုလ်တို့၏ 'ကျင့်ကြံလိုသော အာသာကို ဖြတ်တောက်လျက် မြတ်စွာဘုရား၏ အာဏာတော်တည်းဟူသော စက်ဘီး၌ ပုတ်ခတ်ခြင်းကို ပေးလေပြီ။

<u>ဝိုင်း၍ပြောဆိုကြခြင်း</u> ။ ။ ရဟန်းတော်များသည် အရိဋ္ဌရဟန်း၏ မိစ္ဆာအယူကို ယူကြောင်းကို ကြား၍ အရိဋ္ဌရဟန်းအား -

'ငါ့ရှင်အရိဋ္ဌ... သင့်အား ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိပါ၏။ ထိုတရားတို့သည် မှီဝဲသူအား ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ဟု ယုတ်မာသော အယူရှိ၏ ဟူသည် မှန်သလော' - ဟု မေးကြကုန်၏။

'ငါ့ရှင်တို့ ... ကြားသည့်အတိုင်း မှန်ပေ၏။ ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသောတရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိပါ၏။ ထိုတရားတို့သည် မှီဝဲသောသူအား ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ပါ' - ဟု ပြောဆိုလေ၏။

'ငါ့ရှင် အရိဋ္ဌ ... ဤသို့ မဆိုပါလင့်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားကို မစွပ်စွဲပါလင့်။ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းချေ။ မြတ်စွာဘုရားသည် ဤသို့ ဟောတော်မမူရာ။

ငါ့ရှင် အရိဋ္ဌ ... များစွာသော အကြောင်းဖြင့် မြတ်စွာဘုရားသည် ရှာန် မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်သော တရားတို့ကို ရှာန်မဂ်ဖိုလ်၏ အန္တရာယ် ကို ပြုတတ်ကုန်၏ ဟု ဟောတော်မူ၏။ ထိုတရားတို့သည် မှီဝဲသူအား အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်သည်သာတည်း။

မြတ်စွာဘုရားသည် ကာမဂုဏ်တို့ကို သာယာဖွယ်နည်းကုန်၏။ ဆင်းရဲ များကုန်၏။ ပူဆွေးခြင်းများကုန်၏။ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ဟူ၍ ဟောတော်မူ၏။ ကာမဂုဏ်တို့ကို အသားမကပ်သော အရိုးနှင့် တူကုန်၏။ သားတစ်နှင့် တူကုန်၏။ မြက်မီးရှူးနှင့် တူကုန်၏။ မီးကျီးတွင်းနှင့် တူကုန်၏။ အိပ်မက်နှင့် တူကုန်၏။ အငှါးပစ္စည်းနှင့် တူကုန်၏။ စဉ်းတီတုံးနှင့် တူကုန်၏။ လှံတံကျင်နှင့် တူကုန်၏။ မြွေဦးခေါင်းနှင့် တူကုန်၏။ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ဟူ၍ ဟောတော်မူ၏'

- ဟု ပြောဆို ကြကုန်၏။

<u>သိက္ခာပုဒ် ပညတ်ပုံ</u> ။ ။ ရဟန်းတော်များက ထိုသို့ပင် ပြောပါသော်လည်း အရိဋ္ဌရဟန်းသည် ရှေးအတူသာလျှင် ထိုယုတ်မာသော မိစ္ဆာအယူကို အစွမ်းကုန် မှားသောအားဖြင့် သုံးသပ်ကာ စွဲစွဲမြဲမြဲ ပြောဆိုလေ၏။

ရဟန်းတို့သည် အရိဋ္ဌရဟန်းအား ယုတ်မာသော မိစ္ဆာအယူမှ လွတ်စေခြင်းငှါ မတတ်နိုင်ကြသောအခါ မြတ်စွာဘုရားအား လျှောက်ထားကြလေကုန်၏။ မြတ်စွာဘုရား သည် ကဲ့ရဲ့တော်မူပြီးနောက် အရိဋ္ဌသိက္ခာပုဒ်တော်ကို ဤသို့ ပညတ်တော်မူလေ၏။

'အကြင်ရဟန်းသည် ရှာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို မှီဝဲသောသူအား ရှာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ဟု ပြောဆိုငြားအံ့။ ထိုရဟန်းကို အခြားသော ရဟန်းတို့က အရှင်သည် ဤသို့ မဆိုပါလင့်။ မြတ်စွာဘုရားကို ဤသို့ မစွပ်စွဲ

ပါလင့်။ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းချေ။ မြတ်စွာဘုရားသည်ကား ဤသို့ ဟောတော်မမူရာ။ ငါ့ရှင် ... များစွာသော အကြောင်းဖြင့် ရှာန်မင်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သော တရားတို့ကို ရှာန်မင်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သော တရားဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထိုတရားတို့ကို မှီဝဲသော ရဟန်းအား အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်သည်သာတည်းဟု ဆိုဆုံးမရာ၏။ ဤသို့လျှင် ထိုရဟန်းကို ရဟန်းတို့က ဆိုဆုံးမပါလျက် ထိုရှေးအတူသာလျှင် ဆက်လက် ယူငြားအံ့။ ထိုရဟန်းကို ရဟန်းတို့သည် သုံးကြိမ်မြောက်အောင် ထိုအယူကို စွန့်စိမ့်သောငှါ ဥတ်ကမ္မဝါစာဖြင့် ဆိုဆုံးမရမည်။ သုံးကြိမ်မြောက်အောင် ဥတ်ကမ္မဝါဖြင့် ဆိုဆုံးမသဖြင့် ထိုမိစ္ဆာအယူ ကို အကယ်၍ စွန့်ငြားအံ့။ ဤသို့ စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့။ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏'

*( ဝိ-၂-ပါဠိတော်၊ မြန်မာပြန်။ ပါစိတ်ပါဠိ ၄၊ ပါစိတ် ဘာဏ်ငို -၃၊ သာရတ္ထဝိုင် - ၈ )*

## အရိဋ္ဌသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**မိစ္ဆာဒိဋ္ဌိအယူကို ရှောင်ရမည်** ။ ။ ယုတ်ညံ့သော စိတ်ထားရှိသူ၌ ယုတ်ညံ့သော အယူ ဖြစ်ပေါ်လာတတ်ပေ၏။ ရဟန်းများ အနေဖြင့် ကာမဂုဏ်ခံစားခြင်း၌ အပြစ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားက ပဌမပါရာဇိက သိက္ခာပုဒ် ပညတ်တော်မူရသည်ကို အရိဋ္ဌရဟန်းအနေဖြင့် လူတွေနှင့် နှိုင်းယှဉ်ပြီး ကာမဂုဏ်ခံစားခြင်း၌ အပြစ်မရှိဟူ၍ ယူဆကာ အရိဋ္ဌရဟန်းသည် ပဌမပါရာဇိက သိက္ခာပုဒ်ကို ပယ်လေ၏။ လူနှင့်ရဟန်းသဘာဝ အခြေအနေချင်း ပြောင့်ပြောင့်ကြီးကို ဆန့်ကျင်သည်ကို ထည့်မတွက်ဘဲ ထိုသို့ယူဆခြင်းသည်ကား အဝိစိကို ချိုးကပ်မည့် ယုတ်မာသော အလွန်မှားယွင်းသော မိစ္ဆာဒိဋ္ဌိ အယူအဆသာ ဖြစ်ပေ၏။ ထိုသို့ မြတ်စွာဘုရား မဟောသည်ကို ဟောပါသည်ဟု ယူဆခြင်းသည် မြတ်စွာဘုရားကို စွပ်စွဲရာ ရောက်သောကြောင့် အပြစ်ကား ကြီးလွန်းလှပေ၏။ ရဟန်းများက ဝိုင်း

ပြောဆိုကြသည့်တိုင်အောင် မိမိ၏ မှားယွင်းသော အယူကို စွဲမြဲစွာ ယူခြင်းကလည်း ကြီးလေးသော အပြစ်ကို ထပ်ခါထပ်ခါ ကျူးလွန်ရာ ရောက်၏။ ဗုဒ္ဓဘာသာ မဟုတ်သူတို့ မိစ္ဆာဒိဋ္ဌိ ဖြစ်ကြမှုသည် ထူးဆန်းသည်ဟု မဆိုနိုင်သော်လည်း ဗုဒ္ဓဘာသာဖြစ်လျက် ထိုကဲ့သို့ ယုတ်မာသော မိစ္ဆာဒိဋ္ဌိအယူကို ယူခြင်းသည်ကား အသားထဲက လောက်ထွက်ဆိုဘိသကဲ့သို့ အလွန်တရာ အော့နှလုံးနာစရာ ကောင်းလှပါပေ၏။ ထို့ကြောင့် မြတ်စွာဘုရား၏ အယူအဆနှင့် ဆန့်ကျင်ဘက်ဖြစ်၍ ဗုဒ္ဓဘာသာဝင် အပေါင်းတို့သည် လွဲမှားသော မိစ္ဆာဒိဋ္ဌိအယူများကို မယူဆမိကြစေရန် အထူးသတိပြုကြရမည် ဖြစ်ပေ၏။

## ယုတ်မာသော မိစ္ဆာအယူကို ရှောင်ကြဉ်ရန် လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | ဘုရားမြတ်စွာ၊ | မဟောတာ၊ | ဟောပါပြောခြင်းသည်၊ |
| ၂။ | ယုတ်ယုတ်မာမာ၊ | ဖောက်ပြန်တာ၊ | မိစ္ဆာဖြစ်လေသည်။ |
| ၃။ | ဘုရားအာဏာ၊ | ဗျက်ပြားရာ၊ | ပြုရာရောက်လေသည်။ |
| ၄။ | ဘုရားကိုပါ၊ | တကယ်ပါ၊ | စွဲရာရောက်လေသည်။ |
| ၅။ | သံသရာပြစ်၊ | လောကပြစ်၊ | အပြစ်ကြီးလှသည်။ |
| ၆။ | အရိဋ္ဌခေါ်၊ | သိက္ခာနော်၊ | ရှင်တော်ပညတ်ပြီ။ |
| ၇။ | ဗုဒ္ဓဘာသာ၊ | မဟုတ်တာ၊ | မိစ္ဆာဖြစ်ခြင်းသည်၊ |
| ၈။ | သူ့ဟာသူ့သာ၊ | ယူခြင်းသာ၊ | ထူးတာမဟုတ်ပြီ။ |
| ၉။ | ဗုဒ္ဓဘာသာ၊ | ဟုတ်သူမှာ၊ | မိစ္ဆာဖြစ်ခြင်းသည်၊ |
| ၁၀။ | အသားထဲက၊ | လောက်ထွက်ရ၊ | ဆိုကရနိုင်သည်။ |
| ၁၁။ | နှလုံးသားမှာ၊ | နာစရာ၊ | လွန်စွာကောင်းလှသည်။ |
| ၁၂။ | ငရဲထပ်ထပ်၊ | ကျတုန်လတ်၊ | ချိုးကပ်နိုင်ပေသည်။ |
| ၁၃။ | မိစ္ဆာဒိဋ္ဌိ၊ | မယူမိ၊ | ထူးသိရှောင်ရမည်။ |

သုဒ္ဓပါစိတ် အရိဋ္ဌသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် ဥက္ခိတ္တ သမ္ဘောဂ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်** ။ ။ ဥက္ခိတ္တသမ္ဘောဂ -ဟူသည် နှင်ထုတ်ထားသော ရဟန်းနှင့် အတူ သုံးဆောင်ခြင်း ဟူ၍ အဓိပ္ပါယ်ရသည်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးစံနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့၏ မိစ္ဆာအယူကို စွန့်ခြင်း မရှိသော အရိဋ္ဌရဟန်းနှင့်အတူ သုံးဆောင်မှုကို အကြောင်းပြု၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်။

**သိက္ခာပုဒ် ပညတ်ပုံ** ။ ။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သိလျက် ထိုသို့မိစ္ဆာအယူရှိခြင်း၊ ဝိနည်းတရားနှင့်အညီ မပြုရသေးခြင်း၊ ထိုမိစ္ဆာအယူကို စွန့်ခြင်း မရှိသော အရိဋ္ဌရဟန်းနှင့်အတူလည်း သုံးဆောင်ကုန်၏။ အတူလည်း နေကုန်၏။ အတူလည်း အိပ်ကုန်၏။ ထိုသို့ ပြုကျင့်ခြင်းကို အလိုနည်းကုန်သော ရဟန်းတို့နှင့် မြတ်စွာဘုရားသည် ကဲ့ရဲ့ ပြစ်တင်တော်မူပြီးလျှင် ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူ၏။

> 'အကြင်ရဟန်းသည် သိလျက် ထိုသို့ မိစ္ဆာအယူရှိခြင်း၊ ဝိနည်းတရားနှင့်အညီ မပြုရသေးခြင်း၊ ထိုမိစ္ဆာအယူကို စွန့်ခြင်း မရှိသော ရဟန်းနှင့် အတူလည်း သုံးဆောင်ငြားအံ့၊ အတူလည်း နေငြားအံ့၊ အတူလည်း အိပ်ငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ် သင့်၏'
>
> *( ၀ -၂ - ပါဠိတော်၊ မြန်မာပြန် )*

## ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**အတူနေခြင်း ရှောင်ကြဉ်ပါ** ။ ။ အာပတ်ကို မကုစားခြင်းကြောင့် မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဝိနည်းတော်အရ ဥက္ခေပနီယကံ ဖြင့် နှင်ထုတ်ထားအပ်သော ရဟန်းနှင့်အတူ ရဟန်းတို့သည် ကံကြီးကံငယ်ပြုခြင်း၊ အတူနေ၊ အတူအိပ်ခြင်းများ မပြုကြရတော့ပေ။ ပြုသောရဟန်းမှာ ပါစိတ်အာပတ်

သင့်တော့၏။ ဘုရားရှင်၏ အာဏာကို ဖီဆန်သည့်သဘောသို့လည်း သက်ရောက်သွားတော့၏။ လူ့လောက၌လည်း သက်ဆိုင်ရာ စည်းကမ်းချက်ကို ဖောက်ဖျက်သောကြောင့် လည်းကောင်း၊ သက်ဆိုင်ရာ လူကြီးများကို ဆန့်ကျင်ဘက်ပြုသောကြောင့် လည်းကောင်း ကြဉ်ထားအပ်သော ပုဂ္ဂိုလ်ကို ကျန်သူများကလည်း ဆက်ဆံမှုမပြုရပေ။ အတူနေခြင်းကိုကား ပို၍ပင် ရှောင်ကြဉ်ကြလေသည်။ အကယ်၍ ဆက်ဆံမှုပြုခြင်း၊ အတူနေခြင်းများ ပြုလုပ်လာလျှင် ပြဿနာ တက်တော့မည်ဖြစ်၏။ အရေးယူခြင်း ခံရတော့မည်ဖြစ်၏။ ထို့ကြောင့် ကြဉ်ထိုက်လို့ ကြဉ်ထားအပ်သောပုဂ္ဂိုလ်တို့နှင့် ဆက်ဆံခြင်း, အတူနေခြင်းများကိုလည်း ရှောင်ရှားကြရမည် ဖြစ်ပေ၏။ အယူမှားကို စွန့်လျှင်မူကား ပေါင်းသင်းဆက်ဆံခြင်းကို ပြုနိုင်ကြပေကုန်၏။

## ကြဉ်ထားအပ်သူတို့နှင့် အတူနေခြင်းကို ရှောင်ကြဉ်ရန် လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | အယူအမှား၊ | မစွန့်ငြား၊ | ကြဉ်ထားကြရမည်။ |
| ၂။ | အတူနေတာ၊ | ဆက်ဆံတာ၊ | မြတ်စွာမကြိုက်ပြီ။ |
| ၃။ | ဥက္ခိတ်သောဂ၊ | သိက္ခာပ၊ | ဗုဒ္ဓပညတ်ပြီ။ |
| ၄။ | လူတို့နေရာ၊ | လောကမှာ၊ | ဆိုင်ရာစည်းရှိသည်။ |
| ၅။ | စည်းကမ်းမမှု၊ | ဆန့်ကျင်ပြု၊ | ကြဉ်မှု ပြုကြသည်။ |
| ၆။ | ကျန်သူများလဲ၊ | ထိုတူပဲ၊ | ကြဉ်မြဲကြဉ်ရသည်။ |
| ၇။ | ဆက်ဆံလေရာ၊ | ပြဿနာ၊ | သေချာတက်တော့မည်။ |
| ၈။ | အရေးယူခြင်း၊ | ပြစ်ပေးခြင်း၊ | မယွင်းခံရမည်။ |
| ၉။ | ကြဉ်ထားသူအား၊ | ပေါင်းခြင်းအား၊ | ရှောင်ရှားကြရမည်။ |
| ၁၀။ | မှားသောဝါဒ၊ | စွန့်ပါမှ၊ | ပေါင်းကြရပေမည်။ |

သုဒ္ဓပါစိတ် ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် ကဏ္ဍက သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**ကဏ္ဍကသိက္ခာပုဒ်** ။ ။ ကဏ္ဍက-ဟူသည် အမည်တည်း၊ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူနေစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့၏ ကဏ္ဍကသာမဏေနှင့် အတူနေခြင်းကို အကြောင်းပြု၍ ဤကဏ္ဍက သိက္ခာပုဒ်ကို ပညတ်တော်မူခြင်းဖြစ်သည်။

**ကဏ္ဍကသာမဏေ** ။ ။ ဤကဏ္ဍကသာမဏေကား အရိဋ္ဌရဟန်းကဲ့သို့ ကာမဂုဏ် ခံစားမှု၌ အပြစ်မရှိဟု ယူဆထားသော သာမဏေဖြစ်သည်။ ရဟန်းတော်များသည် ကဏ္ဍကသာမဏေအား ထိုမိစ္ဆာအယူကို စွန့်စေခြင်းငှါ သုံးကြိမ်တိုင်အောင် ဆုံးမပါသော်လည်း ရှေးနည်းအတိုင်း ထိုမိစ္ဆာအယူကို စွဲစွဲမြဲမြဲ ပြောဆိုယူနေခြင်းကြောင့် မြတ်စွာဘုရားသည် ရဟန်းတို့အား ထိုကဏ္ဍကသာမဏေကို ဤသို့ဒဏ်ပေး၍ ဖျက်ဆီးခိုင်းလေ၏။

'ငါ့ရှင်ကဏ္ဍက ... သင်သည် ယနေ့မှစ၍ ထိုမြတ်စွာဘုရားကို ဆရာ ဟူ၍လည်း မညွှန်ကြားနှင့်တော့။ သင်မှတစ်ပါးသော သာမဏေတို့သည် ရဟန်းတို့နှင့်အတူ နှစ်ည၊ သုံးည၌ပတ်လုံး အတူအိပ်ခြင်းကိုလည်း ရကုန်၏။ ထို့အတူ အိပ်ခြင်းသည်လည်း သင့်အား မရှိတော့ပြီ။ မမြတ်နိုးအပ်သော သာမဏေ ... သွားလေတော့။ ပျောက်ပျက်လေလော့'

- ဟု ဆို၍ ဖျက်ဆီးရမည်။

ဤ၌ ဖျက်ဆီးခြင်းတို့သည် -

**သံဝါသ နာသန** - ကံကြီးကံငယ်တို့ကို မပြုရခြင်း၊
**လိင် နာသန** - အသွင်ကို ဖျက်ဆီးခြင်း = လူထွက်စေခြင်း၊
**ဒဏ္ဍကမ္မ နာသန** - ဒဏ်အမှုကို ပေး၍ ဖျက်ဆီးခြင်း

- ဟူ၍ သုံးမျိုးရှိရာ အထက်ပါ ကဏ္ဍက သာမဏေအား ဖျက်ဆီးခြင်းသည် ဒဏ်အမှုကိုပေး၍ ဖျက်ဆီးခြင်းတည်း။

<u>သိက္ခာပုဒ်ပညတ်ပုံ</u> ။ ။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သိလျက်ထိုသို့ ဖျက်ဆီးထားပြီးသော ကဏ္ဍကသာမဏေကို ဖြားလည်းဖြားယောင်းကုန်၏။ လုပ်ကျွေးလည်း လုပ်ကျွေးစေကုန်၏။ အတူလည်း သုံးဆောင်ကုန်၏။ အတူလည်း အိပ်ကုန်၏။

ရဟန်းများနှင့် မြတ်စွာဘုရားသည် ဆဗ္ဗဂ္ဂီရဟန်းများကို ကဲ့ရဲ့တော်မူပြီးလျှင် မြတ်စွာဘုရားသည် ကဏ္ဍကသိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

'အကြင်ရဟန်းသည် သိလျက် ထိုသို့ ဖျက်ဆီးထားပြီးသော သာမဏေကို ဖြားယောင်းမူလည်း ဖြားယောင်းငြားအံ့၊ လုပ်ကျွေးမူလည်း လုပ်ကျွေးစေငြားအံ့။ အတူမူလည်း သုံးဆောင်ငြားအံ့၊ အတူမူလည်း အိပ်ငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏'

*( ဝိ - ၂ - ပါဠိတော်၊ မြန်မာပြန်၊ ပါစိတ္တိယ ၄၊ ပါစိတ် ဘာဏ္ဍီ ၃ )*

## <u>ကဏ္ဍကသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ</u>

<u>အယူမှားသူကို မပေါင်းသင်းရာ</u> ။ ။ ရဟန်းသာမဏေတို့အနေဖြင့် ကာမဂုဏ်ခံစားမှုကို အပြစ်ကြီးသောကြောင့် မအပ်စပ်ဟူ၍ မြတ်စွာဘုရား ဟောကြားထားသည်ကို ကဏ္ဍကသာမဏေသည်လည်း အရိဋ္ဌရဟန်းကဲ့သို့ အပြစ်မရှိ အပ်စပ်၏- ဟု အယူမှားရှိသောကြောင့် မြတ်စွာဘုရားကို ဆန့်ကျင်ဘက် ပြုသည်ဖြစ်ရကား မြတ်စွာဘုရားကို ဆရာဟူ၍လည်း ညွှန်ကြားခွင့်မရတော့ပေ။ အခြားသာမဏေများကဲ့သို့ ရဟန်းတို့နှင့် အတူနေထိုင်ခြင်းကိုလည်း မရတော့ပေ။ လူ့လောက၌လည်း ဤကဲ့သို့ ဖောက်ပြန်မှားယွင်းသော အယူများကို ယူသူများ ရှိတတ်ပေရာ ထိုမိစ္ဆာဒိဋ္ဌိများနှင့် ပေါင်းသင်းဆက်ဆံခြင်းကို ရှောင်ကြဉ်ကြရမည် ဖြစ်သည်။

## ဖောက်ပြန်သော အယူရှိသူများကို ရှောင်ကြဉ်ရန် လင်္ကာ

၁။ ဗုဒ္ဓဟောထား၊ မဟောငြား၊ ပြောကြားကြခြင်းသည်၊

၂။ အလွန်ယုတ်မာ၊ ဖောက်ပြန်ကာ၊ ယူတာဖြစ်လေသည်။

၃။ ဖောက်ပြန်အယူ၊ ဗာလဟူ၊ မှတ်ယူနိုင်ကြသည်။

၄။ ဗာလဟူက၊ မိုက်သွေးကြွ၊ ပေါင်းရမရှိပြီ။

၅။ ကဏ္ဍကခေါ်၊ သိက္ခာနှော်၊ ရှင်တော်ပညတ်ပြီ။

၆။ အပါယ်စခန်း၊ လူမိုက်လမ်း၊ မှတ်တမ်းရှိလေသည်။

၇။ ယူမှားခြင်းကို၊ အထူးကို၊ ရှောင်ကိုရှောင်ရမည်။

သုဒ္ဓပါစိတ် ကဏ္ဍကသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

• • • • • • • • • • • • • • • • • • • •

## သုဒ္ဓပါစိတ် ဝိလေခန သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**ဝိလေခန သိက္ခာပုဒ်။** ။ ဝိလေခန – ဟူသည် ရေးခြစ်ခြင်း ဟူ၍ အဓိပ္ပါယ်ရသည်။ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့၏ ဝိနည်းကို ကဲ့ရဲ့ခြင်းကို အကြောင်းပြု၍ ဤဝိလေခနသိက္ခာပုဒ်ကို ပညတ်တော်မူခြင်း ဖြစ်သည်။

**အရှင်ဥပါလိထံ၌ ဝိနည်းကို သင်ကြခြင်း ။** ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ရဟန်းတို့အား များစွာသောအကြောင်းဖြင့် ဝိနည်းနှင့်စပ်သော စကားကို ဟောတော်မူ၏။ ဝိနည်း၏ ဂုဏ်ကျေးဇူးကို ဟောတော်မူ၏။ ဝိနည်းသင်ခြင်း၏ ဂုဏ်ကျေးဇူးကို ဟောတော်မူ၏။ ရည်ညွှန်း၍ ရည်ညွှန်း၍ အရှင်ဥပါလိ၏ ဂုဏ်ကျေးဇူးကို ပြောဆိုတော်မူ၏။ ထိုသို့ ပြောဆိုတော်မူခြင်းကြောင့် မထေရ်ကြီး, မထေရ်လတ်, မထေရ်ငယ် ဖြစ်ကြကုန်သော များစွာသော ရဟန်းတို့သည် အရှင်ဥပါလိ၏အထံ၌ ဝိနည်းတရားကို သင်ကြလေကုန်၏။

**ဝိနည်းကို ကဲ့ရဲ့ပုံ ။** ။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့အား –

'ငါ့ရှင်တို့ ... ယခုအခါ၌ မထေရ်ကြီး၊ မထေရ်လတ်၊ မထေရ်ငယ် ဖြစ်ကြသော များစွာသောရဟန်းတို့သည် အရှင်ဥပါလိ၏အထံ၌ ဝိနည်းကို သင်ကုန်၏။ ဤရဟန်းတို့သည် ဝိနည်း၌ လိမ္မာသည်ရှိသော် ငါတို့ကို သူတို့အလိုကျ သူတို့အလိုရှိသောအခါ သူတို့အလိုရှိတိုင်း တိုက်ရိုက်ဆွဲဆောင်ကုန်လတ္တံ့။ သွယ်ဝိုက်၍ ဆွဲဆောင်ကုန်လတ္တံ့။ ငါ့ရှင်တို့ ... ငါတို့သည် ယခုအခါ၌ ဝိနည်းကို ကဲ့ရဲ့ရှုတ်ချကုန်အံ့'

– ဟု ကြံလေကုန်၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းတို့ထံသို့ ချဉ်းကပ်၍ –

'ငယ်ကုန်၊ အလွန်ငယ်ကုန်သော ဤသိက္ခာပုဒ်တို့ကို ပြဆိုခြင်းဖြင့် အဘယ် အကျိုးရှိအံ့နည်း။ အတိုင်းထက်အလွန် တွေးတောမှု သံသယကုက္ကုစ္စ ဖြစ်ရုံမျှသာ၊ ပင်ပန်းရုံမျှသာ၊ စိတ်နှလုံးကို ရေးခြစ် ရှုပ်ထွေးစေရုံမျှသာ ဖြစ်ကုန်၏'

– ဟု ဆိုကြလေကုန်၏။

<u>သိက္ခာပုဒ်ကို ပညတ်ပုံ</u> ။ ။ အလိုနည်းသော ရဟန်းတို့သည် –

'အဘယ်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဝိနည်းကို ကဲ့ရဲ့ရှုတ်ချကုန်ဘိ သနည်း'

– ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြလေကုန်၏။ မြတ်စွာဘုရားသည်လည်း ကဲ့ရဲ့တော်မူပြီးလျှင် ဝိလေခနသိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

'အကြင်ရဟန်းသည် ပါတိမောက် ရဟန်းတို့၏ သိက္ခာပုဒ် ကို ပြဆိုသည်ရှိသော် ငယ်ကုန်၊ အလွန်ငယ်ကုန်သော ဤသိက္ခာပုဒ် ကို ပြဆိုခြင်းကြောင့် အဘယ်အကျိုးရှိအံ့နည်း။ အတိုင်းထက် အလွန် တွေးတောမှု သံသယကုက္ကုစ္စ ဖြစ်ရုံမျှသာ၊ စိတ်နှလုံး ပင်ပန်းရုံမျှသာ၊ စိတ်နှလုံးကို ရေးခြစ်ရှုပ်ထွေးစေရုံမျှသာ ဖြစ်ကုန်၏' ဟု ပြဆိုငြားအံ့။ သိက္ခာပုဒ်တော်ကို ကဲ့ရဲ့ခြင်း ကြောင့် ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏'

*( ဝိ – ၂ ပါဠိတော်၊ မြန်မာပြန် )*

## ဝိလေခနသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**ဥပဒေကို ကဲ့ရဲ့ခြင်းကို ရှောင်ကြဉ်ပါ ။** ။ ဗုဒ္ဓသာသနာတော်၌ ဝိနည်းမည်သည် သာသနာတော်၏ အသက်တည်း။

ဝိနည်း ပျက်စီးလျှင် သာသနာတော်လည်း ပျက်စီးမည်သာဖြစ်၍ ဝိနည်းကို အထူးဂရုပြု စောင့်စည်းရန် လိုအပ်ပေ၏။ သာသနာ့ဝေါဟာရအားဖြင့် ခေါ်ဆိုသော ဝိနည်းသည် လူ့လောက ဝေါဟာရအားဖြင့် စည်းကမ်းဥပဒေတည်း။

**'မကောင်းသူကိုပယ်၊ ကောင်းသူကိုကယ်'** ဆိုဘိသကဲ့သို့ ဘုန်းတော်ကြီး တော်မူသော မြတ်စွာဘုရားသည် ကောင်းသောရဟန်းတို့အား ချီးမြှောက်ရန်အတွက် ရဟန်းဆိုးတို့အား တားမြစ်ရန်အတွက် ဝိနည်းသိက္ခာပုဒ်တော်ကို ပညတ်ခြင်း ဖြစ်ပေရာ **'ဝိနည်းသည် ကောင်းသူကို ကယ်၍ မကောင်းသူကို ပယ်သော တရား ဥပဒေ'** ဟူ၍လည်း ဆိုနိုင်ပေ၏။ ထို့အတူ လူ့လောက၌လည်း သက်ဆိုင်ရာများက စည်းကမ်းဥပဒေကို ထုတ်ပြန်ထားကြသည်ဖြစ်ရာ ယင်းစည်းကမ်းဥပဒေသည်လည်း ကောင်းသူကို ကယ်၍၊ မကောင်းသူကို ပယ်ရန် ထုတ်ပြန်ထားခြင်း ဖြစ်၍ ထိုဆိုင်ရာ စည်းကမ်းဥပဒေများကို အထူးလိုက်နာကြရန် လိုအပ်ပေ၏။

**'မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ရပြီ'** ဟူ၍ တစ်ချိန်က ဖြစ်ခဲ့သောစကားကို သတိပြုမိကြကာ ဆိုင်ရာစည်းကမ်းဥပဒေများကို မချိုးဖောက်ကြရန် အထူးလိုအပ်သကဲ့သို့ စည်းကမ်းဥပဒေများကို ကဲ့ရဲ့ခြင်းမှ ရှောင်ကြဉ်ကြရန်လည်း အထူးလိုအပ်လှပေ၏။

## စည်းကမ်းဖောက်ခြင်းကို ရှောင်ကြဉ်ကြရန် လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | သာသနာတော်ကြီး၊ | အသက်တည်း၊ | ဝိနည်းဖြစ်ပေသည်။ |
| ၂။ | ဝိနည်းပျက်ရာ၊ | သာသနာ၊ | တည်ရာမရှိပြီ။ |
| ၃။ | ဝိနည်းတည်ရာ၊ | သာသနာ၊ | ရှည်ကြာနိုင်ပေသည်။ |
| ၄။ | ဝိနည်းအမှု၊ | ထူးဂရု၊ | စောင့်မှုပြုရမည်။ |
| ၅။ | ဝိလေခနာ၊ | ဓါ်ဆိုရှု | ဗုဒ္ဓပညတ်ပြီ။ |
| ၆။ | မကောင်းပယ်ပြီး၊ | ကောင်းကယ်တည်း၊ | ဝိနည်းဖြစ်ပေသည်။ |
| ၇။ | ထိုနည်းတူစွာ၊ | လောကမှာ၊ | ဆိုင်ရာစည်းရှိသည်။ |
| ၈။ | ဥပဒေစည်းကမ်း၊ | လိုက်နာစမ်း၊ | သွားလမ်းသာယာမည်။ |
| ၉။ | ဥပဒေစည်းကမ်း၊ | ဖောက်ဖျက်စမ်း၊ | သွားလမ်းကောက်ကွေ့မည်။ |
| ၁၀။ | ဥပဒေစည်းကမ်း၊ | ဖောက်လိုရမ်း၊ | ထိုးနှန်းပျောက်ခဲ့ပြီ။ |
| ၁၁။ | စည်းကမ်းရှိမှ၊ | တန်ဖိုးက၊ | မချရှိလေသည်။ |
| ၁၂။ | စည်းကမ်းပျက်လျှင်၊ | တန်ဖိုးပင်၊ | မှန်ပင်ပျက်တော့သည်။ |
| ၁၃။ | ပညတ်ထားခြင်း၊ | စည်းထားခြင်း၊ | ဖောက်ခြင်းရှောင်ရမည်။ |
| ၁၄။ | မထိမ့်ကျူး၊ | ကဲ့ရဲ့ကျူး၊ | အထူးရှောင်ရမည်။ |
| ၁၅။ | စည်းကမ်းတကျ၊ | နေခြင်းက၊ | ဘဝလုံခြုံသည်။ |
| ၁၆။ | မကောင်းပယ်စမ်း၊ | ကောင်းကယ်တမ်း၊ | စည်းကမ်းဖြစ်ပေသည်။ |
| ၁၇။ | ဥပဒေတရား၊ | စိုးမိုးထား၊ | အမှားမရှိပြီ။ |
| ၁၈။ | တရားဥပဒေ၊ | လိုက်နာပေ၊ | အသေဖြောင့်ကြမည်။ |

သုဒ္ဓပါစိတ် ဝိလေခနသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် ပဟာရ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**ပဟာရသိက္ခာပုဒ်** ။ ။ ပဟာရ - ဟူသည် ပုတ်ခတ်ထုနှက်ခြင်းဟူ၍ အဓိပ္ပါယ်ရ၏။ ဤပဟာရ သိက္ခာပုဒ်သည် သုဒ္ဓပါစိတ် သိက္ခာပုဒ် ၉၂ - ပါး ရှိသည့်အနက်က ၇၄-ခု မြောက် သိက္ခာပုဒ်ဖြစ်သည်။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့၏ ပုတ်ခတ်ခြင်းကို အကြောင်းပြု၍ ဤပဟာရသိက္ခာပုဒ်ကို ပညတ်တော်မူခြင်း ဖြစ်သည်။

**သိက္ခာပုဒ် ပညတ်ပုံ** ။ ။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မိမိတို့ စေခိုင်းအပ်သည့်အမှုကို ပြုလုပ်မပေးသည့်အတွက် သတ္တရသဝဂ္ဂီရဟန်းကလေးတို့အား အမျက်ထွက်သည်ဖြစ်၍၊ နှလုံးမသာသည်ဖြစ်၍ ပုတ်ခတ်ရိုက်နှက်ကုန်၏။ ထိုရဟန်းတို့သည် ငိုကြွေးကုန်၏။ ရဟန်းတို့သည်လည်းကောင်း, မြတ်စွာဘုရားသည်လည်းကောင်း ကဲ့ရဲ့ပြစ်တင်တော်မူကြပြီးလျှင် မြတ်စွာဘုရားသည် ပဟာရသိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူပေ၏။

အကြင်ရဟန်းသည် ရဟန်းအား အမျက်ထွက်သည် ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ ပုတ်ခတ်ငြားအံ့။ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။

( ၀ိ - ၂ - ပါဠိတော်၊ မြန်မာပြန် )

## ပဟာရသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**ပုတ်ခတ်ခြင်းကို ရှောင်ကြဉ်ရမည်** ။ ။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် နိုင်းတာကို မလုပ်သည့်အတွက် သတ္တရသဝဂ္ဂီ ရဟန်းငယ်တို့အား ထုထောင်းရိုက်နှက်၏။ ရဟန်းငယ်တို့ ငိုကြ၏။ ဒေါသအလျောက် ထုထောင်းရိုက်နှက်ခြင်းသည် မင်္ဂလာမရှိသော အလုပ်ဖြစ်၏။ အချို့သူတို့၏ ထုထောင်းရိုက်နှက်ခြင်းသည် ညှဉ်းပန်းနှိပ်စက်မှု၌ ပါဝင်နိုင်ပေ၏။ လူ့လောက၌လည်း မိမိစိတ်အလိုမကျသောအခါ ထုထောင်းပုတ်ခတ် ရိုက်နှက်ခြင်း, ညှဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်တတ်ကြ၏။ ထိုသို့ ပြုလုပ်ခြင်းကြောင့် ခံရသူမှာ ကိုယ်လက်အင်္ဂါ ကျိုးပဲ့ပျက်စီးခြင်းသို့လည်း ရောက်တတ်၏။ ဒဏ်ရာအနာတရလည်း ဖြစ်သွားနိုင်၏။ ခြေလွန်လက်လွန် သေဆုံးခြင်းသို့ ရောက်နိုင်၏။ ဘဝသံသရာ၌ ထိုကဲ့သို့ တန်ပြန်ခံရနိုင်သော အကုသိုလ်ဝဋ်ကြွေးရှိသည် ဖြစ်ခြင်းကြောင့် သူတစ်ပါးအား ညှဉ်းဆဲနှိပ်စက် ပုတ်ခတ်ရိုက်နှက်ခြင်းကိုလည်း ရှောင်ကြဉ်ကြရမည် ဖြစ်၏။

### ပုတ်ခတ်ခြင်းကို ရှောင်ကြဉ်ရန်လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | ဒေါသဖြစ်မူ၊ | ရိုက်နှက်ဟူ၊ | ပြုသူများတို့သည်၊ |
| ၂။ | အင်္ဂါခြေလက်၊ | နား နှာရွက်၊ | ကျိုးပျက်တတ်လေသည်။ |
| ၃။ | ခြေလက်လွန်ကာ၊ | အသက်ပါ၊ | ပါကာသွားနိုင်သည်။ |
| ၄။ | တန်ပြန်ကာမိ၊ | ဝဋ်ကြွေးရှိ၊ | သတိပြုသင့်သည်။ |
| ၅။ | အကုဝဋ်ကြွေး၊ | ထွက်မပြေး၊ | မနှေးလိုက်တတ်သည်။ |
| ၆။ | ဘဝသံသရာ၊ | ဝဋ်ဆိုတာ၊ | ရှိကာနေလေသည်။ |
| ၇။ | ရက်စက်လေခြင်း၊ | နှိပ်စက်ခြင်း၊ | ရှောင်ခြင်းပြုရမည်။ |
| ၈။ | ပဟာရခေါ်၊ | သိက္ခာတော်၊ | ရှင်တော်ပညတ်ပြီ။ |

သုဒ္ဓပါစိတ် ပဟာရ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် တလသတ္တိက သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

<u>တလသတ္တိက သိက္ခာပုဒ်</u> ॥ ॥ တလသတ္တိက- ဟူသည် လှံအလား လက်ဝါးပြင်-ဟူ၍ အဓိပ္ပါယ်ရသည်။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့၏ ရိုက်နှက်ရန် လက်ဖဝါးနှင့် ရွယ်သည်ကို အကြောင်းပြု၍ ဤတလသတ္တိက သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း ဖြစ်သည်။

<u>သိက္ခာပုဒ် ပညတ်ခြင်း</u> ॥ ॥ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခိုင်းတာကို လုပ်မပေးသည့် အတွက် အမျက်ထွက်သည်ဖြစ်၍၊ နှလုံးမသာယာသည်ဖြစ်၍ သတ္တရသဝဂ္ဂီရဟန်းငယ်တို့အား လှံ၏အလား လက်ဝါးဖြင့် ပုတ်ခတ်ရန် ရွယ်ကုန်၏။ ထိုရဟန်းငယ်တို့သည် ပုတ်ခတ်ခြင်း ခံရဖန်များသောကြောင့် တကယ်ရိုက်မည်ထင်ပြီး ငိုကြွေးလေကုန်၏။ ရဟန်းတို့နှင့် မြတ်စွာဘုရားသည် ကဲ့ရဲ့ ပြစ်တင်တော်မူ၏။ မြတ်စွာဘုရားသည် ဤတလသတ္တိက သိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

'အကြင်ရဟန်းသည် ရဟန်းအား အမျက်ထွက်သည်
ဖြစ်၍၊ နှလုံးမသာသည်ဖြစ်၍ လှံအလား လက်ဝါးပြင်ဖြင့်
ပုတ်ခတ်ရန် ရွယ်အံ့။ ထိုရဟန်းအား ပါစိတ်အာပတ် သင့်၏'

*( ဝိ - ၂ - ပါဠိတော်၊ မြန်မာပြန်၊ ပါစိတ်ဘာဋ် - ၃ )*

( လက်ဝါးပြင်မှမဟုတ်၊ အခြားအရာဝတ္ထု တစ်ခုခုနှင့်သော်လည်းကောင်း၊ အယုတ်သဖြင့် ကြာရွက်ဖြင့်သော်လည်းကောင်း ရွယ်လျှင် ပါစိတ်အာပတ်သင့်၏)

## တလသတ္တိက သိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**ရိုက်နှက်ဟန် ပြုလုပ်ခြင်းကို ရှောင်ရမည်** ။ ။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ငယ်ကုန်သော သတ္တရသဝဂ္ဂီ ရဟန်းတို့အပေါ်၌ ရိုက်နှက်ခြင်းဖြင့် အနိုင်ကျင့်လေ့ရှိသည်ဖြစ်ရာ မြတ်စွာဘုရားက မရိုက်နှက်ရဟု သိက္ခာပုဒ် ပညတ်တော်မူသောအခါ ရိုက်နှက်ရန် လက်ဝါးဖြင့် ရွယ်ပြန်လေ၏။ ရိုက်နှက်ခြင်း ခံရဖန်များသောကြောင့် သတ္တရသဝဂ္ဂီ ရဟန်းငယ်တို့သည် တကယ် ရိုက်မည်ထင်၍ ကြောက်လန့်ပြီး ငိုကြပြန်လေ၏။ လူ့လောက၌လည်း ထိုကဲ့သို့ အဖြစ်မျိုး ရှိတတ်သည်ဖြစ်ရာ ဒေါသအာဃာတအလျောက် ကြောက်လန့်သွားအောင် တုန်လှုပ်ချောက်ချားသွားအောင် ခြိမ်းခြောက်မှု အမျိုးမျိုးလည်း ရှိကြပေကုန်၏။ ခြိမ်းခြောက်ခြင်းသည်လည်း အကုသိုလ်တရားဖြစ်၍ ခြိမ်းခြောက်မှုကိုလည်း ရှောင်ကြဉ်ကြရမည် ဖြစ်၏။

### ခြိမ်းခြောက်ခြင်းကို ရှောင်ကြဉ်ရန် လင်္ကာ

၁။ ဆဗ္ဗဂ္ဂီဟု၊ ခေါ်ဆိုပြု၊ ဘိက္ခုတစ်တွေသည်၊
၂။ အလိုမကျ၊ မျက်ဒေါသ၊ ထွက်ကြပါလေပြီ။
၃။ လှံသွားလိုပင်၊ လက်ဝါးဖြင့်၊ မှန်ပင်ရွယ်လေသည်။
၄။ ရဟန်းထိုထို၊ အကြောက်ပို၊ ငိုယိုကြလေသည်။
၅။ တလသတ္တိက၊ သိက္ခာပ၊ ဗုဒ္ဓပညတ်ပြီ။
၆။ ဒေါသအလျောက်၊ ခြိမ်းကာခြောက်၊ အကြောက်ပိုစေသည်။
၇။ အလန့်တကြား၊ စိတ်လှုပ်ရှား၊ ချောက်ချားသွားစေသည်။
၈။ ဒေါသအဟုန်၊ ခြိမ်းခြောက်ပုံ၊ မျိုးစုံရှိလေသည်။
၉။ အကုဒေါသ၊ ပြစ်များလှ၊ ရှောင်ကြရပေမည်။

သုဒ္ဓပါစိတ် တလသတ္တိက သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် သဥ္စိစ္စ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**သဥ္စိစ္စသိက္ခာပုဒ်** ။ ။ သဥ္စိစ္စ-ဟူသည် စေတနာရှိသည်ဖြစ်၍ ဟူ၍ အဓိပ္ပါယ်ရသည်။ ဤသိက္ခာပုဒ်သည် သုဒ္ဓပါစိတ် သိက္ခာပုဒ် ၉၂-ပါးရှိသည့်အနက်က ၇၇-ခုမြောက် သိက္ခာပုဒ်ဖြစ်သည်။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့၏ သူတစ်ပါး စိတ်မချမ်းမသာဖြစ်အောင် ပြောဆိုမှုကို အကြောင်းပြု၍ ဤသဥ္စိစ္စသိက္ခာပုဒ်ကို ပညတ်တော်မူခြင်း ဖြစ်သည်။

**သိက္ခာပုဒ် ပညတ်ပုံ** ။ ။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီရဟန်းတို့အား

"ငါ့ရှင်တို့ ... မြတ်စွာဘုရားသည် 'အသက်နှစ်ဆယ် မပြည့်သောသူကို ပဥ္စင်းမခံရ' ဟု သိက္ခာပုဒ် ပညတ်ထားတော်မူ၏။ သင်တို့သည်လည်း အသက်နှစ်ဆယ် မပြည့်ဘဲ ပဥ္စင်းခံကုန်၏။ သင်တို့သည် သာမဏေတို့လော"

- ဟု တွေးတောမှု သံသယ ကုက္ကုစ္စကို ဖြစ်စေကုန်၏။ ထိုသတ္တရသဝဂ္ဂီရဟန်းငယ်တို့သည် ငိုကြွေးကြကုန်၏။

*( ဤ၌ သတိပြုရန်ကား သတ္တရသဝဂ္ဂီ ရဟန်းတို့ကို ရဟန်းတို့သည် အသက်နှစ်ဆယ် မပြည့်ဘဲ ရဟန်းခံပေးကြကုန်၏။ ယင်းကို အကြောင်းပြု၍ မြတ်စွာဘုရားသည် အသက်နှစ်ဆယ်မပြည့်သူကို ပဥ္စင်းခံမပေးရဟု ပညတ်တော်မူခြင်းဖြစ်၏။ သို့ရာတွင် သတ္တရသဝဂ္ဂီတို့သည် အစဦးဆုံး ပုဂ္ဂိုလ်များဖြစ်၍ ထိုသိက္ခာပုဒ်မှ လွတ်လေ၏။ ယင်းကို သိလျက်နှင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် သူတစ်ပါး စိတ်မချမ်းမသာဖြစ်အောင် ပြောဆိုခြင်း ဖြစ်၏ )*

ရဟန်းတော်များနှင့် မြတ်စွာဘုရားရှင်သည် ဆဗ္ဗဂ္ဂီရဟန်းများအား ကဲ့ရဲ့တော်မူပြီးလျှင် မြတ်စွာဘုရားသည် သဥ္စိစ္စသိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

> 'အကြင်ရဟန်းသည် ရဟန်းအား ဤသို့ ပြောဆိုလျှင်
> တစ်ခဏမျှလည်း မချမ်းသာခြင်း ဖြစ်လတ္တံ့ဟု ထိုမချမ်းသာခြင်း
> တည်းဟူသော အကြောင်းကိုသာလျှင် အကြောင်းပြု၍ အကြောင်း
> တစ်ပါးမရှိဘဲ စေတနာရှိသည်ဖြစ်၍ တွေးတောမှု သံသယ

ကုက္ကုစ္စကို ဖြစ်စေခြင်းအံ့။ ထိုရဟန်းအား ပါစိတ်အာပတ် သင့်၏'

( ၆- ၂ ပါဠိတော်၊ မြန်မာပြန် )

## သဒ္ဒိစ္စသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

**စိတ်အနှောင့်အယှက်ပေးခြင်းကို ရှောင်ကြဉ်ရမည်** ။ ။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီရဟန်းငယ်တို့အား သိက္ခာပုဒ်ပညတ်ထားသဖြင့် ကိုယ်ထိလက်ရောက် အနိုင်ကျင့်မှု မပြုရသောအခါ စိတ်ညစ်အောင် ပြောဆို၍ အနိုင်ကျင့်ပြန်၏။ ဤအတူ လူ့လောက၌လည်း အချို့လူတို့သည် သူတစ်ပါး စိတ်ညစ်အောင်၊ စိတ်အနှောင့်အယှက်ဖြစ်အောင် တမင်တကာ ရည်ရွယ်ပြီး ပြောဆိုပြုလုပ်တတ်မှု ရှိလေ၏။ ယုတ်မာလှသော ထိုကိစ္စသည် လောကပြစ်၊ သံသရာပြစ် အပြစ်များလှသည်ဖြစ်၍ ထိုသို့ ပြောဆိုပြုလုပ်ခြင်းမှလည်း ရှောင်ကြဉ်နိုင်ကြပေရာ၏။

### စိတ်အနှောင့်အယှက်ပေးခြင်းကို ရှောင်ကြဉ်ရန် လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | သူများစိတ်ကို၊ | ညစ်စေလို၊ | ပြောလိုသူတို့သည်၊ |
| ၂။ | တကယ်လိုလို၊ | ဘာလိုလို၊ | ပြောဆိုတတ်ကြသည်။ |
| ၃။ | ထင်မိယောင်မှား၊ | ဟုတ်ယောင်ငြား၊ | ပြောကြားတတ်လေသည်။ |
| ၄။ | စိတ်ညစ်အောင်သာ၊ | ပြောခြင်းဟာ၊ | လွန်စွာယုတ်ညံ့သည်။ |
| ၅။ | သံသရာပြစ်၊ | လောကပြစ်၊ | အပြစ်ရှိပေသည်။ |
| ၆။ | စိတ်ညစ်စေမှု၊ | မကောင်းမှု၊ | ရှောင်ပြုကြရမည်။ |
| ၇။ | သဒ္ဒိစ္စခေါ်၊ | သိက္ခာနှော်၊ | ရှင်တော်ပညတ်ပြီ။ |

သုဒ္ဓပါစိတ် သဒ္ဒိစ္စသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုဒ္ဓပါစိတ် ဥပဿုတိသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**ဥပဿုတိ သိက္ခာပုဒ်** ။ ။ ဥပဿုတိ -ဟူသည် တိုင်ပင်သံကို ကြားလောက်ရာအရပ် ဟု အဓိပ္ပါယ်ရ၏။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့၏ သူတစ်ပါးတိုင်ပင်သံကို ချောင်းနားထောင်ခြင်းကို အကြောင်းပြု၍ ဤဥပဿုတိသိက္ခာပုဒ်ကို ပညတ်တော်မူခြင်း ဖြစ်သည်။

**သိက္ခာပုဒ် ပညတ်ပုံ** ။ ။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့နှင့်အတူ ခိုက်ရန်ဖြစ်ကုန်၏။ ထိုအခါ ရဟန်းတို့က သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့အား -

'ငါ့ရှင်တို့ ... ဤဆဗ္ဗဂ္ဂီရဟန်းတို့သည် အရှက်မရှိကုန်။ ဤရဟန်းတို့နှင့်အတူ ခိုက်ရန်ဖြစ်ခြင်းငှါ မသင့်'

- ဟု ဖျောင်းဖျပြောဆိုကြကုန်၏။

ချောင်းနားထောင်နေသော ထိုဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုစကားကို ကြား၍-

'ငါ့ရှင်တို့ ... သင်တို့သည် အဘယ်ကြောင့် ငါတို့ကို အရှက်မရှိဟု ပြောဆိုကုန်ဘိသနည်း'

- ဟု မေးမြန်းလေ၏။ ထိုအခါ ရဟန်းတို့က ဆဗ္ဗဂ္ဂီရဟန်းတို့အား-

'ငါ့ရှင်တို့ ... သင်တို့သည် ဤစကားကို အဘယ်သို့ ကြားသနည်း'

- ဟု မေးလေလျှင် ဆဗ္ဗဂ္ဂီရဟန်းတို့က-

'ငါတို့သည် အရှင်တို့၏ စကားသံကို ကြားလောက်ရာအရပ်၌ တည်နေကုန်၏'

- ဟု ပြေဆိုကြကုန်၏။

ထိုအခါ အလိုနည်းသော ရဟန်းတို့သည်–

'အဘယ်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခိုက်ရန်ဖြစ်ကုန်သော၊ ငြင်းခုံကုန်သော၊ ဆန့်ကျင်သောစကားကို ပြောဆိုကုန်သော ရဟန်းတို့၏ စကားသံကို ကြားလောက်ရာအနီးအရပ်၌ တည်နေဘိကုန်သနည်း'

– ဟု ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြပြောဆိုကြကုန်၏။ မြတ်စွာဘုရားသည်လည်း ကဲ့ရဲ့တော်မူပြီးလျှင် ဥပဿုတိသိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

> 'အကြင်ရဟန်းသည် ခိုက်ရန်ဖြစ်ကုန်သော၊ ငြင်းခုံကုန်သော၊ ဆန့်ကျင်သော စကားကို ဆိုကုန်သော ရဟန်းတို့၏ စကားသံကို ကြားလောက်ရာ အနီးအရပ်၌ 'ဤရဟန်းတို့ ပြောဆိုမည့် စကားကို နားထောင်အံ့' ဟု ထိုအကြောင်းကို သာလျှင် အကြောင်းပြု၍ အခြားအကြောင်းမရှိဘဲ တည်ငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ် သင့်၏။
>
> ( ၈ - ၂ - ပါဠိတော်၊ မြန်မာပြန် )

## ဥပဿုတိသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

## ချောင်းနားထောင်ခြင်းကို ရှောင်ကြဉ်ရမည်

ဤသိက္ခာပုဒ်သည် ချောင်းနားထောင်ခြင်းကြောင့် ပညတ်အပ်သော သိက္ခာပုဒ် ဖြစ်ရာ ချောင်းနားထောင်ခြင်းသည် ရိုင်းလည်းရိုင်း၏။ ရန်လည်းပွားနိုင်၏။ နှစ်သက်ဖွယ်အလုပ်လည်း မဟုတ်ကြောင်းမှာ ထင်ရှားပေ၏။ လူ့လောက၌လည်း အချို့လူတို့သည် ချောင်းနားထောင်ပြီး ရန်မီးပွားအောင် ပြုလုပ်တတ်လေ့ရှိ၏။ ယင်းသို့ဆိုလျှင် ထိုအလုပ်သည် အဘယ်သို့လျှင် ကောင်းသောအလုပ် ဖြစ်ပါတော့မည်နည်း။ ကောင်းမှုကို လိုလားကုန်သော ပုဂ္ဂိုလ်တို့သည် မကောင်းသော အလုပ်ဖြစ်သော ထိုချောင်းနားထောင်ခြင်းမျိုးကိုလည်း ရှောင်ကြဉ်ကြရမည် ဖြစ်ပေ၏။

## ချောင်းနားထောင်ခြင်းကို ရှောင်ကြဉ်ရန် လင်္ကာ

၁။ ချောင်းနားထောင်ခြား၊ လူတို့များ၊ ရန်ပွားနိုင်ပေသည်။
၂။ နှစ်သက်မရှိ၊ ရိုင်းလေဘိ၊ သတိပြုရမည်။
၃။ ကောင်းသောအလုပ်၊ ဘယ်မဟုတ်၊ အဟုတ်သိရမည်။
၄။ မကောင်းမှုသာ၊ ဖြစ်လေပါ၊ ရှောင်ခွာကြရမည်။
၅။ ဥပသုတိ၊ ခေါ် ရဘိ၊ မှန်ပညတ်ပြီ။

သုဒ္ဓပါစိတ် ဥပသုတိ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## သုတ္တပါဠိတော် နန္ဒသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**နန္ဒသိက္ခာပုဒ်** ။ ။ **နန္ဒ** -ဟူသည် အမည်နာမတည်း။ ဤသိက္ခာပုဒ်သည် သုဒ္ဓပါစိတ် ၉၂-ပါးရှိသည့်အနက်က နောက်ဆုံးဖြစ်သော ၉၂-ပါးမြောက် သိက္ခာပုဒ်ဖြစ်သည်။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်၏ အာရာမ်ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မြတ်စွာဘုရား၏ ညီတော် အရှင်နန္ဒကို အကြောင်းပြု၍ ဤနန္ဒသိက္ခာပုဒ်ကို ပညတ်တော်မူခြင်း ဖြစ်သည်။

**သိက္ခာပုဒ်ကို ပညတ်ပုံ** ။ ။ မြတ်စွာဘုရား၏ မိထွေးတော်သားဖြစ်သော အရှင်နန္ဒသည် သာလွန်သော အဆင်းရှိ၏။ ရှုချင်ဖွယ်ရှိ၏။ ကြည်ညိုဖွယ်ရှိ၏။ မြတ်စွာဘုရားအောက် လက်လေးသစ် ယုတ်လျော့၏။ ထိုအရှင်နန္ဒသည် မြတ်စွာဘုရား သင်္ကန်းတော် ပမာဏရှိသော သင်္ကန်းကို ဆောင်၏။

မထေရ်ကြီးဖြစ်သော ရဟန်းတို့သည် အရှင်နန္ဒ လာနေသည်ကို အဝေးကပင် မြင်၍ - 'မြတ်စွာဘုရားသည် ကြွလာတော်မူ၏' - ဟု နေရာမှ ထကုန်၏။

ထိုမထေရ်ကြီးတို့သည် အနီးသို့ ရောက်လာသည်ရှိသော် သိကုန်၍-

'အဘယ်ကြောင့် အရှင်နန္ဒသည် မြတ်စွာဘုရား၏ သင်္ကန်းတော် ပမာဏ ရှိသော သင်္ကန်းကို ဆောင်ဘိသနည်း (ဝတ်ရုံဘိသနည်း)'

- ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားသည်လည်း ကဲ့ရဲ့တော်မူပြီးလျှင် နန္ဒသိက္ခာပုဒ်ကို ဤသို့ ပညတ်တော်မူလေ၏။

> 'အကြင်ရဟန်းသည် မြတ်စွာဘုရား၏ သင်္ကန်းတော် ပမာဏရှိသော သင်္ကန်းကိုလည်းကောင်း၊ ထိုထက်လွန်သော သင်္ကန်းကိုလည်းကောင်း ပြုလုပ်စေငြားအံ့ - ထိုရဟန်းအား ဖြတ်ခြင်း ရှေးရှိသော ပါစိတ်အာပတ်သင့်၏။ ထိုမြတ်စွာဘုရား သင်္ကန်းတော်ပမာဏရှိသော သင်္ကန်းဟူရာ၌ ဤဆိုလတ္တံ့သည်ကား မြတ်စွာဘုရားသင်္ကန်းတော် ပမာဏတည်း။ မြတ်စွာဘုရား၏

အထွာတော်ဖြင့် အလျားမှ ကိုးထွာ၊ အနံမှ ခြောက်ထွာတို့တည်း။
ဤကား မြတ်စွာဘုရား သက်န်းတော် ပမာဏတည်း'
( ဝိ – ၂ ပါဠိတော်၊ မြန်မာပြန် )

## နန္ဒသိက္ခာပုဒ်လာ သိမှတ်ကျင့်ဖွယ်များ

အတုပြုခြင်း ရှောင်ကြဉ်ပါ ။ ။ အရှင်နန္ဒသည် မြတ်စွာဘုရားအောက် လက်လေးသစ်မျှသာ အရပ်နိမ့်၏။ ကိုယ်လုံးကိုယ်ပေါက် မြတ်စွာဘုရားနှင့်တူ၏။ မြတ်စွာဘုရား၏ သင်္ကန်းတော် ပမာဏအတိုင်း ဝတ်ရုံမှုပြုသောအခါ အဝေးကဆိုလျှင် မြတ်စွာဘုရားဟုပင် ထင်ရ၏။ ထို့ကြောင့် မြတ်စွာဘုရားကို အတုပြုရာရောက်နေသည် ဖြစ်၍ မြတ်စွာဘုရား၏ သင်္ကန်းတော်ပမာဏအတိုင်း ဝတ်ရုံခြင်း မပြုရဟု သိက္ခာပုဒ် ပညတ်ခြင်း ဖြစ်ပေ၏။ ဤသည်ကိုထောက်၍ အတုမရှိသော မြတ်စွာဘုရားအား တုပခြင်း မပြုလုပ်သင့်ကြောင်းမှာ ထင်ရှားလေ၏။ အရှင်ဒေဝဒတ်သည် မြတ်စွာဘုရား ပြောသောစကားကို ယူ၍ ဘုရားအတုလုပ် ပြောဆိုမိခြင်းကြောင့် သွေးပွက်ပွက်အန်လေ၏။ ဘုရားကို သာလျှင် အတုပြုခြင်းကို ရှောင်ရမည်မဟုတ်။ ရဟန်းအတု၊ ဘုန်းကြီးအတု၊ ဘိုးတော်အတု၊ ဝိဇ္ဇာအတု၊ ဆေးအတု စသည်ဖြင့် အရာအားလုံး၌ အတုပြုလုပ်ခြင်းကို ရှောင်ကြဉ်ကြရမည် ဖြစ်၏။ မတုပမိသင့်သည်ကို တုပမိ၍ ပျက်စီးခြင်းရှိကြသည်များ ကိုလည်း သတိပြုမိကြရာ၏။ ဤ၌ သတိပြုစရာတစ်ခု ရှိပြန်သည်ကား အတုပြုခြင်း၊ အတုယူခြင်း ရှိကြရာတွင် အကျိုးမရှိ၍ အတုပြုခြင်းကို ရှောင်ကြဉ်ကြရမည်ဖြစ်ပြီး အတုယူခြင်း၌မူကား အနောက်တိုင်းဆန်ဆန် ဝတ်စားဆင်ယင်မှု စသော အကျိုး မရှိသော အတုယူမှုများကို ရှောင်ကြဉ်ကြရမည် ဖြစ်သလို ခေတ်နှင့်အညီ တိုးတက်နိုင် သော အကျိုးရှိသော အတုယူမှုမျိုးကိုကား အတုယူကြရမည် ဖြစ်၏။

ရှေးက မိဘဘိုးဘွား လူကြီးသူမများသည် ရိုးသားကြ၏။ အကျင့်စာရိတ္တ ကောင်းကြ၏။ သစ္စာရှိကြ၏။ ကတိတည်ကြ၏။ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းနိုင်ကြ၏။ ယင်းသို့သော အကျိုးရှိသော ကိစ္စများကိုကား အတုယူကြရမည် ဖြစ်ပေ၏။

## အတုပြုခြင်းကို ရှောင်ကြဉ်ရန် လင်္ကာ

| | | | |
|---|---|---|---|
| ၁။ | ဘုရားမြတ်ကို၊ | တုခြင်းကို၊ | ရှောင်ကိုရှောင်ရမည်။ |
| ၂။ | နန္ဒဟုခေါ်၊ | သိက္ခာနှော်၊ | ရှင်တော်ပညတ်ပြီ။ |
| ၃။ | ဒေဝဒတ်ရှင်၊ | တုချဲ့ပင်၊ | သွေးရှင်အံ့လေပြီ။ |
| ၄။ | ဘုန်းကြီးအတု၊ | ဝိဇ္ဇာတု၊ | ဆေးတုရှိလေသည်။ |
| ၅။ | အရာရာမှာ၊ | တုဆိုတာ၊ | ရှိတာသိရမည်။ |
| ၆။ | အစစ်ကိုမှီး၊ | တုခြင်းတည်း၊ | ပျက်စီးတတ်လေသည်။ |
| ၇။ | မတုပသင့်၊ | တုတုံလင့်၊ | ပျက်နှင့်ကြုံတတ်သည်။ |
| ၈။ | အတုပြုမှု၊ | တုယူမှု၊ | နှစ်ခုရှိလေသည်။ |
| ၉။ | အတုပြုတာ၊ | ကျိုးမပါ၊ | ရှောင်ခွါကြရမည်။ |
| ၁၀။ | အတုယူမှု၊ | အကျိုးပြု၊ | မပြုရှိလေသည်။ |
| ၁၁။ | အကျိုးမပြု၊ | တုယူမှု၊ | ရှောင်မှုပြုရမည်။ |
| ၁၂။ | အနောက်တိုင်းဆန်၊ | ဝတ်စားဟန်၊ | အမှန်မဟုတ်ပြီ။ |
| ၁၃။ | ရှေးလူတွေဟာ၊ | အစဉ်လာ၊ | ထိန်းကာလာကြသည်။ |
| ၁၄။ | ယဉ်ကျေးမှုပေ၊ | နောက်လူတွေ၊ | အမွေပေးခဲ့သည်။ |
| ၁၅။ | သစ္စာလဲရှိ၊ | ကျင့်လဲရှိ၊ | ကတိတည်ကြသည်။ |
| ၁၆။ | ရိုးသားဖြောင့်မတ်၊ | တည်ကြည်လတ်၊ | စိတ်ဓာတ်ဖြူကြသည်။ |
| ၁၇။ | အာရုံမများ၊ | အလုပ်အား၊ | ကြိုးစားလုပ်ကြသည်။ |
| ၁၈။ | စဉ်လာကောင်းအား၊ | တုယူငြား၊ | မမှားနိုင်ပါပြီ။ |
| ၁၉။ | ခေတ်နှင့်ညီတူ၊ | တိုးတက်မှု၊ | တုယူနိုင်ကြသည်။ |

သုဒ္ဓပါစိတ် နန္ဒသိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

# သေခိယ သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ

**သေခိယသိက္ခာပုဒ်** ။ ။ သေခိယ-ဟူသည် မသိသေးသူတို့ သိအောင် သင်ကြားအပ်၏။ သိပြီးသူတို့ လိုက်နာကျင့်သုံးအပ်၏-ဟု အဓိပ္ပါယ်ရ၏။ သေခိယသိက္ခာပုဒ်သည် ဝဂ်အားဖြင့် (၇)ဝဂ်၊ ပုဒ်ရေအားဖြင့် (၇၅)ပုဒ်ရှိ၏။ ဤသေခိယသိက္ခာပုဒ် ၇၅-ပါးလုံးကို မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သိက္ခာပုဒ်သုံးခုမှတစ်ပါး ဆဗ္ဗဂ္ဂီရဟန်းတို့ကိုချည်း အကြောင်းပြု၍ ဟောကြားတော်မူထားအပ်ပေ၏။

**လူတွေလည်းကျင့်သုံးနိုင်** ။ ။ ဤသေခိယသိက္ခာပုဒ်များသည် လိုက်နာကျင့်သုံးသူတို့အား စားမှု, သောက်မှု, ဝတ်မှု, နေမှု, ထိုင်မှု, သွားမှု, လာမှု, တရားဟောမှု စသည်တို့၌ ဣန္ဒြေရအောင်, စည်းစနစ်ကျအောင်, ယဉ်ကျေးအောင်, ကြည်ညိုဖွယ်ဖြစ်အောင် ပညတ်ထားအပ်သော သိက္ခာပုဒ်များ ဖြစ်၍ ရဟန်းသာမဏေတို့သာမက လူယောဂီများ၊ ကျင့်လိုသော အခြားလူများလည်း ကျင့်နိုင်ကြသည်သာ ဖြစ်သောကြောင့် သိသာရုံသဘော ဖော်ပြပေးလိုက်ပါသည်။



## ၁။ ပရိမဏ္ဍလဝဂ် သေခိယသိက္ခာပုဒ် ၁၀-ပါးလာ ကိုယ်ကျင့်တရားများ

၁။ ထက်ဝန်းကျင်မှ အဝန်းညီစွာ သင်းပိုင်ကို ဝတ်အံ့-ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂။ ထက်ဝန်းကျင်မှ အဝန်းညီစွာ ကိုယ်ဝတ်သင်္ကန်းကို ရုံအံ့ဟု - ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများ သင်္ကန်းများကို ကိုးရိုးကားရား ဝတ်ကြသောကြောင့် သေသေသပ်သပ်ဝတ်ဆင်ကြရန် ထိုသိက္ခာပုဒ် ၂-ပါးကို ပညတ်ခြင်း ဖြစ်သည် )*

၃။ လည်, လက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးလွှမ်းလျက် ရွာတွင်း၌ သွားအံ့-ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၄။ လည်, လက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးလွှမ်းလျက် ရွာတွင်း၌ နေထိုင်အံ့-ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် ကိုယ်ကိုဖော်၍ ရွာတွင်း၌ သွားခြင်း၊ နေထိုင်ခြင်းကြောင့် လည်ပင်းနှင့် လက်ကောက်ဝတ်အထိ ဖုံးလွှမ်း၍ သွားရမည်။ နေထိုင်ရမည်ဟု ပညတ်ခြင်း ဖြစ်သည် )*

၅။ ဣန္ဒြေကို ကောင်းစွာစောင့်ရှောက်လျက် ရွာတွင်း၌ သွားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၆။ ဣန္ဒြေကို ကောင်းစွာစောင့်ရှောက်လျက် ရွာတွင်း၌ နေထိုင်အံ့-ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများ လက်ခြေများကို ကစားလျက် ရွာတွင်း၌ သွားကြ, နေထိုင်ကြသောကြောင့်လက်ခြေတို့ကို ဣန္ဒြေရစွာ စောင့်စည်းလျက် သွားရမည်, နေထိုင်ရမည်ဟု ပညတ်ခြင်း ဖြစ်သည် )*

၇။ မျက်လွှာချလျက် ရွာတွင်း၌ သွားအံ့-ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၈။ မျက်လွှာချလျက် ရွာတွင်း၌ နေထိုင်အံ့-ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများ ထိုထိုအရပ်သို့ မျက်စိကစားလျက် သွားကြ, နေထိုင်ကြသောကြောင့် မျက်လွှာချ၍ သွားရမည်, နေထိုင်ရမည်ကို ပညတ်ခြင်း ဖြစ်သည် )*

၉။ သင်္ကန်းကို ပင့်လျက် ရွာတွင်း၌ မသွားအံ့-ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။

၁၀။ သင်္ကန်းကို ပင့်လျက် ရွာတွင်း၌ မနေထိုင်အံ့-ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများ သင်္ကန်းကိုပင့်၍ မ၍ ရွာတွင်း၌ သွားကြ, နေထိုင်ကြသောကြောင့် ထိုသို့ မသွားရန်၊ မနေထိုင်ရန် ပညတ်ခြင်း ဖြစ်သည် )*

## ၁။ ပရိမဏ္ဍလဝဂ် သေခိယသိက္ခာပုဒ်လာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | သေသပ်ညီညာ၊ | ဝတ်ဆင်ပါ၊ | သိက္ခာရှိပေသည်။ |
| ၂။ | ကိုးရိုးကားရား၊ | ဝတ်ဆင်ငြား၊ | ဘုရားမကြိုက်ပြီ။ |
| ၃။ | ဖုံးလွှမ်းသင့်တာ၊ | ဖုံးလွှမ်းပါ၊ | သိက္ခာရှိပေသည်။ |
| ၄။ | ကိုယ်ကာယအား၊ | ဖော်ကာထား၊ | ဘုရားမကြိုက်ပြီ။ |
| ၅။ | ဣန္ဒြေရစွာ၊ | သွားလာပါ၊ | သိက္ခာရှိပေသည်။ |
| ၆။ | ဣန္ဒြေမထား၊ | သွားလာငြား၊ | ဘုရားမကြိုက်ပြီ။ |
| ၇။ | မျက်လွှာချကာ၊ | သွားလာပါ၊ | သိက္ခာရှိပေသည်။ |
| ၈။ | မျက်စိကစား၊ | သွားလာငြား၊ | ဘုရားမကြိုက်ပြီ။ |
| ၉။ | အဝတ်ပင့်ကာ၊ | မသွားတာ၊ | သိက္ခာရှိပေသည်။ |
| ၁၀။ | အဝတ်ပင့်ငြား၊ | သွားခြင်းအား၊ | ဘုရားမကြိုက်ပြီ။ |

**၁။ ပရိမဏ္ဍလဝဂ် သေခိယသိက္ခာပုဒ်ဆယ်ပါးလာ ကိုယ်ကျင့်တရားများ ပြီး၏။**

## ၂။ ဥဒ္ဒိဂ္ဂကဝင် သေခိယသိက္ခာပုဒ် ၁၀–ပါးလာ ကိုယ်ကျင့်တရားများ

၁။ ပြင်းစွာရယ်မောလျက် ရွာတွင်းနှ မသွားအံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂။ ပြင်းစွာရယ်မောလျက် ရွာတွင်းနှ မနေထိုင်အံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများ ပြင်းစွာရယ်မော၍ ရွာတွင်းနှ သွားကြ နေထိုင်ကြသောကြောင့် ထိုသို့မပြုကျင့်ရန်ကို သိက္ခာပုဒ် ပညတ်ခြင်း ဖြစ်သည် )*

၃။ ယဉ်သော၊ ပြည်းညှင်းသော အသံရှိသည်ဖြစ်၍ ရွာတွင်းနှ သွားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။

၄။ ယဉ်သော၊ ညှင်းသော အသံရှိသည်ဖြစ်၍ ရွာတွင်းနှ နေထိုင်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*(ဆဗ္ဗဂ္ဂီရဟန်းများ စူးရှကျယ်လောင်သော အသံကို ပြုလျက် ရွာတွင်းနှ သွားကြ, နေထိုင်ကြသောကြောင့် ဖြည်းဖြည်းသာသာ ပြောဆို၍ သွားရမည်, နေထိုင်ရမည် ဟု သိက္ခာပုဒ် ပညတ်ခြင်း ဖြစ်သည်)*

၅။ ကိုယ်ကို လှုပ်၍ လှုပ်၍ ရွာတွင်းနှ မသွားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၆။ ကိုယ်ကို လှုပ်၍ လှုပ်၍ ရွာတွင်းနှ မနေထိုင်အံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများ ကိုယ်ကို ယိမ်းယိုင်ကာ လှုပ်၍ လှုပ်၍ ရွာတွင်းနှ သွားလာ နေထိုင်ကြသောကြောင့် ထိုသို့ မပြုရန် သိက္ခာပုဒ်ပညတ်ခြင်း ဖြစ်သည် )*

၇။ လက်မောင်းကို လှုပ်၍ လှုပ်၍ ရွာတွင်းနှ မသွားအံ့–ဟု ကျင့်ကြံအားထုတ်မှု ကို ပြုရမည်။

၈။ လက်မောင်းကို လှုပ်၍ လှုပ်၍ ရွာတွင်း၌ မနေထိုင်အံ့-ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများ လက်မောင်းကို ငွေ့ယမ်းကာ လှုပ်၍ လှုပ်၍ သွားလာ နေထိုင်ကြသောကြောင့် ထိုသို့ မပြုရန် ပညတ်ခြင်း ဖြစ်သည် )*

၉။ ဦးခေါင်းကို လှုပ်၍ လှုပ်၍ ရွာတွင်း၌ မသွားအံ့-ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၁၀။ ဦးခေါင်းကို လှုပ်၍ လှုပ်၍ ရွာတွင်း၌ မနေထိုင်အံ့-ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများ ဦးခေါင်းကို ယိမ်းယိုင်ကာ လှုပ်၍ လှုပ်၍ ရွာတွင်း၌ သွားလာ နေထိုင်ကြသောကြောင့် ထိုသို့ မပြုရန် ပညတ်ခြင်း ဖြစ်သည် )*

## ၂။ ဥဇ္ဇဂ္ဃိကဝဂ် သေခိယသိက္ခာပုဒ်ဆယ်ပါးလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ဟားဟားရယ်တာ၊ | ရှောင်ကြဉ်ပါ၊ | သိက္ခာရှိပေသည်။ |
| ၂။ | ဟားဟားရယ်ခြား၊ | ပြုခြင်းအား၊ | ဘုရားမကြိုက်ပြီ။ |
| ၃။ | ဖြည်းဖြည်းသာသာ၊ | ပြောဆိုပါ၊ | သိက္ခာရှိပေသည်။ |
| ၄။ | ကျယ်လောင်စွာခြား၊ | ပြောခြင်းအား၊ | ဘုရားမကြိုက်ပြီ။ |
| ၅။ | ကိုယ်ကိုငြိမ်စွာ၊ | သွားလာတာ၊ | သိက္ခာရှိပေသည်။ |
| ၆။ | ကိုယ်ကိုလှုပ်ခြား၊ | သွားခြင်းအား၊ | ဘုရားမကြိုက်ပြီ။ |
| ၇။ | လက်မောင်းငြိမ်စွာ၊ | သွားလာတာ၊ | သိက္ခာရှိပေသည်။ |
| ၈။ | လက်မောင်းလှုပ်ခြား၊ | သွားခြင်းအား၊ | ဘုရားမကြိုက်ပြီ။ |
| ၉။ | ဦးခေါင်းငြိမ်စွာ၊ | သွားလာတာ၊ | သိက္ခာရှိပေသည်။ |
| ၁၀။ | ဦးခေါင်းလှုပ်ခြား၊ | သွားခြင်းအား၊ | ဘုရားမကြိုက်ပြီ။ |

**၂။ ဥဇ္ဇဂ္ဃိကဝဂ် သေခိယသိက္ခာပုဒ် ဆယ်ပါးလာ ကိုယ်ကျင့်တရားများ ပြီး၏။**

## ၃။ ခန္ဓကတဝဂ် သေခိယသိက္ခာပုဒ် ၁၀–ပါးလာ ကိုယ်ကျင့်တရားများ

၁။ ခါးထောက်၍ ရွာတွင်း၌ မသွားအံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂။ ခါးထောက်၍ ရွာတွင်း၌ မနေထိုင်အံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် ခါးထောက်၍ ရွာတွင်း၌ သွားကြ, နေထိုင်ကြသောကြောင့် ထိုသို့မပြုရန် သိက္ခာပုဒ်ကို ပညတ်ခြင်း ဖြစ်သည် )*

၃။ ခေါင်းမြီးခြုံ၍ ရွာတွင်း၌ မသွားအံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၄။ ခေါင်းမြီးခြုံ၍ ရွာတွင်း၌ မနေထိုင်အံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် ခေါင်းမြီးခြုံ၍ ရွာတွင်း၌ သွားကြ, နေထိုင်ကြသောကြောင့် ထိုသို့မပြုရန် သိက္ခာပုဒ်ကို ပညတ်ခြင်း ဖြစ်သည် )*

၅။ ဖဝါးစွန်းဖြင့် နင်း၍ ရွာတွင်း၌ မသွားအံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၆။ အာယောဂပတ်ဖွဲ့၍ ရွာတွင်း၌ မနေထိုင်အံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် ဖဝါးစွန်းဖြင့် နင်း၍ သွားခြင်း, လက်အာယောဂပတ်, ပုဆိုးအာယောဂပတ်ဖွဲ့၍ နေထိုင်ခြင်းတို့ကြောင့် ထိုသို့ မပြုရန် ထိုသိက္ခာပုဒ်များကို ပညတ်ခြင်း ဖြစ်သည် )*

၇။ ဆွမ်းကို ရိုသေစွာ ခံယူအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၈။ သပိတ်၌ အမှတ်ထားသည်ဖြစ်၍ ဆွမ်းကိုခံယူအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် စွန့်ပစ်လိုသကဲ့သို့ ဆွမ်းကို မရိုမသေ ခံယူသောကြောင့်လည်းကောင်း၊ မျက်စိကစားလျက် ဆွမ်းကိုခံယူသောကြောင့်လည်းကောင်း ထိုသိက္ခာပုဒ်များကို ပညတ်ခြင်းဖြစ်သည် )*

၉။ ဟင်းနှင့် ညီမျှသော ဆွမ်းကို ခံယူအံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၁၀။ ဆွမ်းကို သပိတ်အတွင်းအနားရေးနှင့် ညီမျှရုံ ခံယူအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*(ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဟင်းကို များစွာခံယူကြသောကြောင့်လည်းကောင်း၊ ဆွမ်းကို မောက်တက်လာအောင် ခံယူကြသောကြောင့်လည်းကောင်း ထိုသိက္ခာပုဒ်များကို ပညတ်ခြင်း ဖြစ်သည်)*

## ၃။ ခမ္ဘကတဝဂ် သေခိယသိက္ခာပုဒ် ဆယ်ပါးလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ခါးကိုထောက်ကာ၊ | မသွားတာ၊ | သိက္ခာရှိပေသည်။ |
| ၂။ | ခါးကိုထောက်ပြား၊ | သွားခြင်းအား၊ | ဘုရားမကြိုက်ပြီ။ |
| ၃။ | ခေါင်းမြီးခြုံကာ၊ | မသွားတာ၊ | သိက္ခာရှိပေသည်။ |
| ၄။ | ခေါင်းမြီးခြုံပြား၊ | သွားခြင်းအား၊ | ဘုရားမကြိုက်ပြီ။ |
| ၅။ | ဖဝါးစွန်းနင်းကာ၊ | မသွားတာ၊ | သိက္ခာရှိပေသည်။ |
| ၆။ | အာယောဖွဲ့ကာ၊ | မနေတာ၊ | သိက္ခာရှိပေသည်။ |
| ၇။ | ဆွမ်းရိုသေစွာ၊ | ခံယူတာ၊ | သိက္ခာရှိပေသည်။ |
| ၈။ | သပိတ်၌သာ၊ | စိတ်ထားကာ၊ | ယူတာသိက္ခာရှိ။ |
| ၉။ | ဟင်းကိုယူတာ၊ | မျှရုံသာ၊ | ယူတာသိက္ခာရှိ။ |
| ၁၀။ | ဆွမ်းကိုယူတာ၊ | ပြည့်လျှံစွာ၊ | ယူတာရှောင်လေသိ။ |

၃။ ခမ္ဘကတဝဂ် သေခိယသိက္ခာပုဒ် ဆယ်ပါးလာ ကိုယ်ကျင့်တရားများ ပြီး၏။

## ၄။ သဏ္ဍစ္စဝဂ် သေခိယသိက္ခာပုဒ် ၁၀–ပါးလာ ကိုယ်ကျင့်တရားများ

၁။ ဆွမ်းကို ရိုသေစွာ စားအံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂။ သပိတ်၌ အမှတ်ထားသည်ဖြစ်၍ ဆွမ်းကိုစားအံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် ဆွမ်းကို မစားလိုသကဲ့သို့ မရိုမသေ စားကြသောကြောင့်လည်းကောင်း, မျက်စိကစား၍ စားကြသောကြောင့်လည်းကောင်း ထိုသိက္ခာပုဒ်များကို ပညတ်ခြင်းဖြစ်သည် )*

၃။ ဆွမ်းကို အစဉ်အတိုင်း စားအံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၄။ ဆွမ်းကို ဟင်းနှင့် ညီမျှရုံသာလျှင် စားအံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် ဆွမ်းကို ဟိုတစ်စ သည်တစ်စ ယူလျက်စားကြသောကြောင့်လည်းကောင်း, ဟင်းကို များများစားကြသောကြောင့်လည်းကောင်း ထိုသိက္ခာပုဒ်များကို ပညတ်ခြင်း ဖြစ်သည် )*

၅။ ဆွမ်းကို အလယ်ထိပ်မှ နှိပ်၍ မစားအံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၆။ ဟင်းရိုးရိုးကိုလည်းကောင်း, သားငါးဟင်းကိုလည်းကောင်း များစွာအလိုရှိသောကြောင့် ဆွမ်းဖြင့် မဖုံးလွှမ်းအံ့ – ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် ဆွမ်းကို အလယ်ထိပ်မှ နှိပ်၍စားကြသောကြောင့်လည်းကောင်း၊ ဟင်းကိုများများအလိုရှိ၍ ဟင်းများကို ဆွမ်းဖြင့် ဖုံးထားသောကြောင့်လည်းကောင်း ထိုသိက္ခာပုဒ်များကို ပညတ်ခြင်းဖြစ်သည် )*

၇။ ဟင်းကိုလည်းကောင်း, ထမင်းကိုလည်းကောင်း မနာဖျားဘဲ မိမိအကျိုးငှါ တောင်း၍ မစားအံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၈။ ကဲ့ရဲ့ ပြစ်တင်လိုသည်ဖြစ်၍ သူတစ်ပါးတို့၏ သပိတ်ကို ငါမကြည့်အံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် မနာဖျားဘဲ ဟင်းနှင့်ထမင်းကို မိမိအကျိုးငှါ တောင်း၍ စားကြသောကြောင့်လည်းကောင်း၊ ကဲ့ရဲ့ပြစ်တင်လိုသဖြင့် သူတစ်ပါးသပိတ်ကို ကြည့်ကြသောကြောင့်လည်းကောင်း ထိုသိက္ခာပုဒ်များကို ပညတ်ခြင်း ဖြစ်သည်)*

၉။ မကြီးလွန်းသော ဆွမ်းလုတ်ကို ပြုအံ့-ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၁၀။ ဆွမ်းလုတ်ကို ဝိုင်းဝန်းညီညာစွာ ပြုအံ့-ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် ကြီးစွာသော ဆွမ်းလုတ်ကို ပြု၍ စားကြသောကြောင့် လည်းကောင်း, ဆွမ်းလုတ်ကို ရှည်အောင်ပြုလုပ်၍ စားကြသောကြောင့် လည်းကောင်း ထိုသိက္ခာပုဒ်များကို ပညတ်ခြင်း ဖြစ်သည် )*

## ၄။ သက္ကစ္စဝဂ် သေခိယသိက္ခာပုဒ် ဆယ်ပါးလာ ဆောင်ရန် လင်္ကာများ

၁။ ဆွမ်းကိုစားရာ၊ ရိုသေစွာ၊ စားတာသိက္ခာရှိ။
၂။ သပိတ်၌သာ၊ စိတ်ထားကာ၊ စားတာသိက္ခာရှိ။
၃။ ကျော်မစားရာ၊ စဉ်တိုင်းသာ၊ စားတာသိက္ခာရှိ။
၄။ ဆွမ်းနှင့်ဟင်းအား၊ ညီမျှစား၊ ဘုရားနှစ်သက်ဘိ။
၅။ အလယ်ထိပ်မှာ၊ မနှိပ်ပါ၊ စားတာသိက္ခာရှိ။
၆။ ဆွမ်းဖြင့်ဟင်းအား၊ ဖုံးမထား၊ ဘုရားနှစ်သက်ဘိ။
၇။ ဆွမ်းနှင့်ဟင်းအား၊ တောင်းမစား၊ ဘုရားနှစ်သက်ဘိ။
၈။ ပြစ်တင်ခြင်းငှါ၊ ကြည့်တတ်ရာ၊ ရှောင်တာသိက္ခာရှိ။
၉။ ဆွမ်းလုတ်ဆုပ်တာ၊ မကြီးရာ၊ သင့်တာသိက္ခာရှိ။
၁၀။ ဆွမ်းလုတ်ဆုပ်တာ၊ ဝိုင်းဝန်းစွာ၊ ညီတာသိက္ခာရှိ။

**၄။ သက္ကစ္စဝဂ် သေခိယသိက္ခာပုဒ် ဆယ်ပါးလာ ကိုယ်ကျင့်တရားများ ပြီး၏။**

## ၅။ ကာဗဋ္ဌဝဂ် သေခိယသိက္ခာပုဒ် ၁၀–ပါးလာ ကိုယ်ကျင့်တရားများ

၁။ ဆွမ်းလုတ် မရောက်မီ ခံတွင်းကို မဖွင့်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂။ ဆွမ်းစားသည်ရှိသော် လက်အားလုံးကို ခံတွင်း၌ မထည့်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် ဆွမ်းလုတ်မရောက်မီ ခံတွင်းကို ဖွင့်ဟထားကြသောကြောင့်လည်းကောင်း, လက်အားလုံးကို ခံတွင်း၌ထည့်၍ စားကြသောကြောင့်လည်းကောင်း ထိုသိက္ခာပုဒ်များကို ပညတ်ခြင်း ဖြစ်သည် )*

၃။ ဆွမ်းလုတ်နှင့် တကွသော ခံတွင်းဖြင့် စကားမဆိုအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၄။ ဆွမ်းလုတ်ကို မြှောက်ကာ မြှောက်ကာ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် ဆွမ်းလုတ်နှင့်တကွ စကားပြောကြသောကြောင့်လည်းကောင်း, ဆွမ်းလုတ်ကို မြှောက်ကာမြှောက်ကာ စားကြသောကြောင့်လည်းကောင်း ထိုသိက္ခာပုဒ်များကို ပညတ်ခြင်း ဖြစ်သည် )*

၅။ ဆွမ်းလုတ်ကို ကိုက်ဖြတ်ကာ ကိုက်ဖြတ်ကာ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၆။ ပါးစောင်၌ ထား၍ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် ဆွမ်းလုတ်ကို ကိုက်ဖြတ်ကာ ကိုက်ဖြတ်ကာ စားကြသောကြောင့်လည်းကောင်း, မျောက်ကဲ့သို့ ပါးစောင်၌ထား၍ စားကြသောကြောင့်လည်းကောင်း ထိုသိက္ခာပုဒ်များကို ပညတ်ခြင်း ဖြစ်သည် )*

၇။ လက်ကို ခါလျက် ခါလျက် မစားအံ့–ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။

၈။ ဆွမ်းလုံးကို ကြဲကာ ကြဲကာ မစားအံ့–ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် လက်ကို ခါလျက် ခါလျက် စားကြသောကြောင့်လည်းကောင်း, ဆွမ်းလုံးကို ကြဲကာ ကြဲကာ စားကြသောကြောင့်လည်းကောင်း ထိုသိက္ခာပုဒ်များကို ပညတ်ခြင်းဖြစ်သည် )*

၉။ လျှာကို ထုတ်ကာ ထုတ်ကာ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၁၀။ ပြင့် ပြင့် အသံပြု၍ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် လျှာကို ထုတ်ကာ ထုတ်ကာ စားကြသောကြောင့်လည်းကောင်း၊ ပြင့် ပြင့် အသံပြု၍ စားကြသောကြောင့်လည်းကောင်း ထိုသိက္ခာပုဒ်များကို ပညတ်ခြင်း ဖြစ်သည် )*

## ၅။ ကဗဠဝဂ် သေခိယသိက္ခာပုဒ် ဆယ်ပါးလာ ဆောင်ရန် လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ဆွမ်းလုတ်ရောက်မှ၊ | ခံတွင်းဟ၊ | ဗုဒ္ဓနှစ်သက်သိ။ |
| ၂။ | အကုန်လက်မှုား၊ | ခံတွင်းအား၊ | ထည့်ငြားရှောင်လေသိ။ |
| ၃။ | ဆွမ်းလုတ်နှင့်ပါ၊ | မပြောရာ၊ | သိက္ခာရှိတာသိ။ |
| ၄။ | ဆွမ်းလုတ်မြှောက်ကာ၊ | မစားရာ၊ | သိက္ခာရှိတာသိ။ |
| ၅။ | ဆွမ်းလုတ်ကိုက်ဖြတ်၊ | မစားအပ်၊ | ကျင့်အပ်သိက္ခာရှိ။ |
| ၆။ | ပါးစောင်ထားကာ၊ | မစားရာ၊ | သိက္ခာရှိတာသိ။ |
| ၇။ | လက်ကိုခါကာ၊ | မစားရာ၊ | သိက္ခာရှိတာသိ။ |
| ၈။ | ဆွမ်းလုံးကြဲကာ၊ | မစားရာ၊ | သိက္ခာရှိတာသိ။ |
| ၉။ | လျှာကိုထုတ်ကာ၊ | မစားရာ၊ | သိက္ခာရှိတာသိ။ |
| ၁၀။ | ပြင့် ပြင့် မြည်ကာ၊ | မစားရာ၊ | သိက္ခာရှိတာသိ။ |

**၅။ ကဗဠဝဂ် သေခိယသိက္ခာပုဒ် ဆယ်ပါးလာ ကိုယ်ကျင့်တရားများ ပြီး၏။**

## ၆။ သုရ သုရဝင် သေဓိယသိက္ခာပုဒ် ၁၀-ပါးလာ ကိုယ်ကျင့်တရားများ

၁။ ရှုတ်ရှုတ် အသံပြု၍ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂။ လက်ကို လျက်ကာ လျက်ကာ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ရဟန်းများ နို့အေးကို ရှုတ် ရှုတ် အသံပြု၍ သောက်ကြသောကြောင့် လည်းကောင်း၊ ဆဗ္ဗဂ္ဂီရဟန်းများ လက်ကို လျက်ကာ လျက်ကာ စားကြသောကြောင့်လည်းကောင်း ထိုသိက္ခာပုဒ်များကို ပညတ်ခြင်း ဖြစ်သည် )*

၃။ သပိတ်ကို ခြစ်ကာ ခြစ်ကာ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၄။ နှုတ်ခမ်းကို လျက်ကာ လျက်ကာ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများ သပိတ်ကို ခြစ်ကာ ခြစ်ကာ စားကြသောကြောင့်လည်းကောင်း၊ နှုတ်ခမ်းကို လျက်ကာ လျက်ကာ စားကြသောကြောင့်လည်းကောင်း ထိုသိက္ခာပုဒ်များကို ပညတ်ခြင်း ဖြစ်သည် )*

၅။ ဆွမ်း စသည် ပေကျံသော လက်ဖြင့် သောက်ရေခွက်ကို မကိုင်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၆။ ဆွမ်းလုံးနှင့် တကွသော သပိတ်ဆေးရေကို ရွာတွင်း၌ မစွန့်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ရဟန်းများ ဆွမ်း စသည် ပေကျံသောလက်ဖြင့် သောက်ရေခွက်ကို ကိုင်ကြသောကြောင့်လည်းကောင်း, ဆွမ်းလုံးနှင့်တကွသော သပိတ်ဆေးရေကို ရွာတွင်း၌ စွန့်ကြသောကြောင့်လည်းကောင်း ထိုသိက္ခာပုဒ်များကို ပညတ်ခြင်း ဖြစ်သည် )*

၇။ ထီးကိုင်ထားသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၈။ တုတ်ကိုင်ထားသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများ ထီးကိုင်ထားသော မနာမဖျားသူအား တရားဟောသောကြောင့် လည်းကောင်း၊ တုတ်ကိုင်ထားသော မနာမဖျားသူအား တရားဟောသောကြောင့် လည်းကောင်း ထိုသိက္ခာပုဒ်များကို ပညတ်ခြင်း ဖြစ်သည် )*

၉။ ဓားကိုင်ထားသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၁၀။ လက်နက်ကိုင်ထားသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများ ဓားကိုင်ထားသော၊ လက်နက်ကိုင်ထားသော၊ မနာမဖျားသော သူအား တရားဟောကြသောကြောင့် ထိုသိက္ခာပုဒ်များကို ပညတ်ခြင်း ဖြစ်သည်)*

## ၆။ သုရ သုရုဝင် သေခိယ သိက္ခာပုဒ် ဆယ်ပါးလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ရှုတ်ရှုတ်မည်ကာ၊ | မစားရာ၊ | သိက္ခာရှိတာသိ။ |
| ၂။ | လက်ကို လျက်ကာ၊ | မစားရာ၊ | သိက္ခာရှိတာသိ။ |
| ၃။ | သပိတ်ခြစ်ကာ၊ | မစားရာ၊ | သိက္ခာရှိတာသိ။ |
| ၄။ | နှုတ်ခမ်းလျက်ကာ၊ | မစားရာ၊ | သိက္ခာရှိတာသိ။ |
| ၅။ | ပေကျံလက်ဖြင့်၊ | ရေခွက်တိုင်၊ | မကိုင်ရတာသိ။ |
| ၆။ | ဆေးကြောရေဖြင့်၊ | ရွာတွင်းရှင့်၊ | မစွန့်ရတာသိ။ |
| ၇။ | ထီးကိုင်သူအား၊ | မြတ်တရား၊ | ဟောကြားရှောင်လေသိ။ |
| ၈။ | တုတ်ကိုင်သူအား၊ | မြတ်တရား၊ | ဟောကြားရှောင်လေသိ။ |
| ၉။ | ဓားကိုင်သူအား၊ | မြတ်တရား၊ | ဟောကြားရှောင်လေသိ။ |
| ၁၀။ | လက်နက်ကိုင်သူ၊ | တရားဟူ၊ | ဟောမူရှောင်လေသိ။ |

**၆။ သုရ သုရုဝင် သေခိယ သိက္ခာပုဒ် ဆယ်ပါးလာ ကိုယ်ကျင့်တရားများ ပြီး၏။**

## ၇။ ပါဒုကာဝဂ် သေခိယ သိက္ခာပုဒ် ၁၅–ပါးလာ ကိုယ်ကျင့်တရားများ

၁။ ခြေနင်းစီးသော မနာမဖျားသူအား တရားမဟောအံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၂။ ဖိနပ်စီးသော မနာမဖျားသူအား တရားမဟောအံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများ မနာမဖျားသော ခြေနင်းစီးသူအားလည်းကောင်း, ဖိနပ်စီးသူအားလည်းကောင်း တရားဟောသောကြောင့် ထိုသိက္ခာပုဒ်များကို ပညတ်ခြင်းဖြစ်သည် )*

၃။ ယာဉ်စီးသော မနာမဖျားသူအား တရားမဟောအံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၄။ အိပ်ရာ၌နေသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများ ယာဉ်စီးသူအားလည်းကောင်း၊ အိပ်ရာ၌ နေသူအားလည်းကောင်း မနာမဖျားသောသူအား တရားဟောခြင်းကြောင့် ထိုသိက္ခာပုဒ်ကို ပညတ်ခြင်း ဖြစ်သည် )*

၅။ အာယောဂပတ်ဖွဲ့လျက်ထိုင်နေသော မနာမဖျားသူအား တရားမဟောအံ့–ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၆။ ဦးရစ်ပေါင်းသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများ မနာမဖျားသော အာယောဂပတ်ဖွဲ့၍ ထိုင်နေသူအားလည်းကောင်း၊ ဦးရစ်ပေါင်းသူအားလည်းကောင်း တရားဟောသောကြောင့် ထိုသိက္ခာပုဒ်များကို ပညတ်ခြင်း ဖြစ်သည် )*

၇။ ဦးခေါင်းခြုံသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၈။ မြေ၌ ထိုင်နေ၍ နေရာ၌ထိုင်နေသော မနာမဖျားသူအား တရားမဟောအံ့-ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများ ဦးခေါင်းခြုံသောသူအားလည်းကောင်း, မြေ၌ထိုင်၍ နေရာ၌ ထိုင်နေသောသူအားလည်းကောင်း တရားဟောသောကြောင့် ထိုသိက္ခာပုဒ်များကို ပညတ်ခြင်း ဖြစ်သည် )*

၉။ နိမ့်သောနေရာ၌ ထိုင်နေ၍ မြင့်သောနေရာ၌ ထိုင်နေသော မနာမဖျားသူအား တရားမဟောအံ့-ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၁၀။ ထိုင်နေသော မနာမဖျားသူအား ရပ်လျက် တရားကို မဟောအံ့-ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် နိမ့်သောနေရာ၌ ထိုင်နေ၍ မြင့်သောနေရာ၌ ထိုင်နေသောသူကို တရားဟောသောကြောင့်လည်းကောင်း၊ ထိုင်နေသောသူအား ရပ်လျက် တရားဟောသောကြောင့်လည်းကောင်း ထိုသိက္ခာပုဒ်ကို ပညတ်ခြင်း ဖြစ်သည် )*

၁၁။ ရှေ့ကသွားသော မနာမဖျားသူအား နောက်ကလိုက်လျက် တရားကို မဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

၁၂။ ခရီးလမ်းအတိုင်း သွားသော မနာမဖျားသူအား ခရီးလမ်းမဟုတ်ဘဲ သွားလျက် တရားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် ရှေးကသွားသောသူအား နောက်ကလိုက်လျက် တရားဟောသောကြောင့်လည်းကောင်း, ခရီးလမ်းအတိုင်းသွားသောသူအား ခရီးလမ်းမဟုတ်ဘဲ သွားလျက် တရားဟောသောကြောင့်လည်းကောင်း ထိုသိက္ခာပုဒ်ကို ပညတ်ခြင်းဖြစ်သည် )*

၁၃။ ကျင်ကြီးကိုလည်းကောင်း, ကျင်ငယ်ကိုလည်းကောင်း မနာမဖျားဘဲ ရပ်လျက် မစွန့်အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။

၁၄။ စိမ်းသော မြက်သစ်ပင် ရှိရာ၌ ကျင်ကြီးကိုလည်းကောင်း, ကျင်ငယ်ကို လည်းကောင်း, တံတွေးကိုလည်းကောင်း မနာမဖျားဘဲ မစွန့်အံ့–ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။

၁၅။ ကျင်ကြီးကိုလည်းကောင်း, ကျင်ငယ်ကိုလည်းကောင်း, တံတွေးကို လည်းကောင်း ရေ၌ မစွန့်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။

*( ဆဗ္ဗဂ္ဂီရဟန်းများသည် ကျင်ကြီးကိုလည်းကောင်း၊ ကျင်ငယ်ကိုလည်းကောင်း၊ တံတွေးကိုလည်းကောင်း ရပ်လျက် စွန့်ကြသောကြောင့်လည်းကောင်း, စိမ်းသော မြက်သစ်ပင်ရှိရာ အရပ်၌ စွန့်ကြသောကြောင့်လည်းကောင်း, ရေ၌ စွန့်ကြသော ကြောင့်လည်းကောင်း ထိုသိက္ခာပုဒ်များကို ပညတ်ခြင်း ဖြစ်သည် )*

## ၇။ ပါဒုကဝဂ် သေခိယသိက္ခာပုဒ် ၁၅–ပါးလာ ဆောင်ရန် လင်္ကာများ

| | | | | |
|---|---|---|---|---|
| ၁။ | ခြေနင်းစီးသူရော၊ | မြတ်ဓမ္မော၊ | မဟောရဟုသိ။ | |
| ၂။ | ဖိနပ်စီးသူရော၊ | မြတ်ဓမ္မော၊ | မဟောရဟုသိ။ | |
| ၃။ | ယာဉ်စီးသူရော၊ | မြတ်ဓမ္မော၊ | မဟောရဟုသိ။ | |
| ၄။ | အိပ်ရာနေသူရော၊ | မြတ်ဓမ္မော၊ | မဟောရဟုသိ။ | |
| ၅။ | အာယောဖွဲ့သူရော၊ | မြတ်ဓမ္မော၊ | မဟောရဟုသိ။ | |
| ၆။ | ဦးရစ်ပေါင်းသူရော၊ | မြတ်ဓမ္မော၊ | မဟောရဟုသိ။ | |
| ၇။ | ဦးခေါင်းခြုံသူရော၊ | မြတ်ဓမ္မော၊ | မဟောရဟုသိ။ | |
| ၈။ | မြေ၌ထိုင်ကာ၊ | နေရာထိုင်သူ၊ | တရားဟူ၊ | ဟောမူရှောင်လေသိ။ |
| ၉။ | အနိမ့်ထိုင်ကာ၊ | မြင့်မှာထိုင်သူ၊ | တရားဟူ၊ | ဟောမူရှောင်လေသိ။ |
| ၁၀။ | ရပ်လျက်နေကာ၊ | ထိုင်၍နေသူ၊ | တရားဟူ၊ | ဟောမူရှောင်လေသိ။ |
| ၁၁။ | နောက်ကလိုက်ကာ၊ | ရှေ့မှာသွားသူ၊ | တရားဟူ၊ | ဟောမူရှောင်လေသိ။ |

၁၂။ မဟုတ်လမ်းသွားကာ၊ လမ်းမှားသွားသူ၊ တရားဟူ၊ ဟောမှုရှောင်လေဘိ။
၁၃။ ကျင်ငယ်ကျင်ကြီး၊ စွန့်လိုတည်း၊ ရပ်ပြီးမစွန့်ရ။
၁၄။ တံတွေးကိုပါ၊ စိမ်းစိုရာ၊ စွန့်တာ မပြုရ။
၁၅။ ထိုမှတစ်ဖြာ၊ ရေရှိရာ၊ စွန့်တာ မပြုရ။
၁၆။ သိက္ခာတော်အား၊ လိုက်နာငြား၊ တရားရနိုင်၏။

( သေခိယ သိက္ခာပုဒ်များကို ကျူးလွန်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ )

၇။ ပါဒုကဝဂ် သေခိယသိက္ခာပုဒ် ၁၅-ပါးလာ ကိုယ်ကျင့်တရားများ ပြီး၏။

သေခိယသိက္ခာပုဒ်များလာ ကိုယ်ကျင့်တရားများ ဖော်ပြချက် ပြီး၏။

ဒုတိယကျမ်း ပါစိတ်ပါဠိတော်လာ ကိုယ်ကျင့်တရားများ ဖော်ပြချက် ဤတွင်ရပ်နားပြီ။

• • • • • • • • • • • • • • • • • • •

# တတိယကျမ်း ဝိနည်း မဟာဝါ ပါဠိတော်

## ဓမ္မစက္ကပ္ပဝတ္တနသုတ်လာ ကိုယ်ကျင့်တရားများ

ဓမ္မစက္ကပ္ပဝတ္တနသုတ် ။ ။ **ဓမ္မစက္ကပ္ပဝတ္တန**-ဟူသည် တရားစက်ကို ဖြစ်စေအပ်ပြီ။ တရားစက်ကို လည်စေအပ်ပြီ-ဟူ၍ အဓိပ္ပါယ်ရသည်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်ပြီး၍ (၂)လ အကြာ ၁၀၃-ခုနှစ် ဝါဆိုလပြည့်နေ့တွင် ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဤဓမ္မစက္ကပ္ပဝတ္တနသုတ္တန် တရားတော်ကို ဟောကြားတော်မူလေသည်။ ဤ၌ ဓမ္မစက္ကပ္ပဝတ္တနသုတ်၏ အကျဉ်းချုပ်သဘောကို ဖော်ပြပေအံ့။

အစွန်း(၂)ပါးရှောင် ။ ။ ရဟန်းဖြစ်သူသည် **ကာမသုခလ္လိကာနုယောဂ** =ကာမ ချမ်းသာကို ကပ်ငြိသောအားဖြင့် အဖန်တလဲလဲ လိုက်စား အားထုတ်ခြင်း အစွန်းကို ရှောင်ရမည်။ ထိုကာမဂုဏ်ချမ်းသာကို ကပ်ငြိသောအားဖြင့် အဖန်တလဲလဲ လိုက်စားအားထုတ်ခြင်းသည် ‘**ဟီနော** - ယုတ်ညံ့၏။ **ဂါမ္မော**- ရွာသူတို့၏ အကျင့်ဖြစ်၏။ **ပေါထုဇ္ဇနိကော**- ပုထုဇဉ်တို့၏ အလေ့အကျင့် ဖြစ်၏။ **အနရိယော**- အရိယာတို့၏ အလေ့အကျင့် မဟုတ်။ **အနတ္ထသံဟိတော**- အကျိုး စီးပွားနှင့်မစပ်’ - ရဟန်းဖြစ်သူသည် ဤအစွန်းကိုလည်း ရှောင်ရမည်။

**အတ္တကိလမထာနုယောဂ**- ခန္ဓာကိုယ်ကို ပင်ပန်းဆင်းရဲအောင် အဖန်ဖန် အားထုတ်ခြင်း အစွန်းကို ရှောင်ရမည်။ ခန္ဓာကိုယ်ကို ပင်ပန်းဆင်းရဲအောင် အဖန်ဖန် အားထုတ်ခြင်းသည် ‘**ဒုက္ခော**- ကိုယ်စိတ်နှစ်ပါး ဆင်းရဲ၏။ **အနရိယော**- အရိယာ တို့၏ အကျင့်မဟုတ်။ **အနတ္ထသံဟိတော**- အကျိုးစီးပွားနှင့် မစပ်’ - ဤအစွန်း ကိုလည်း ရှောင်ရမည်။ ရဟန်းဖြစ်သူသည် ဤအစွန်းနှစ်ပါးကို ရှောင်ရမည်။

<u>အလယ်လမ်းစဉ်ကိုလိုက်</u> ။ ။ ထိုအစွန်းနှစ်ပါးကို ရှောင်၍ အလယ်လမ်းစဉ်ဖြစ်သော မဇ္ဈိမပဋိပဒါ အကျင့်လမ်းစဉ်ကို လိုက်နာကျင့်သုံးရမည်။ ယင်းအလယ်လမ်းစဉ် ဟူသည် - **သမ္မာဒိဋ္ဌိ** - မှန်စွာ သိခြင်း၊ **သမ္မာသင်္ကပ္ပ** - မှန်စွာ ကြံခြင်း၊ **သမ္မာဝါစာ** - မှန်စွာ ပြောဆိုခြင်း၊ **သမ္မာကမ္မန္တ** - မှန်စွာ ပြုလုပ်ခြင်း၊ **သမ္မာအာဇီဝ** - မှန်စွာ အသက်မွေးခြင်း၊ **သမ္မာဝါယာမ** - မှန်စွာ အားထုတ်ခြင်း၊ **သမ္မာသတိ** - မှန်စွာ အောက်မေ့ခြင်း၊ **သမ္မာသမာဓိ** - မှန်စွာ တည်ကြည်ခြင်း' တို့တည်း။ ယင်းရှစ်ပါးကို **အရိယ အဋ္ဌင်္ဂိကမဂ်** - မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဟူ၍ ခေါ်သည်။

ယင်းအရိယ အဋ္ဌင်္ဂိကမဂ်သည် တထာဂတေန အဘိသမ္ဗုဒ္ဓါ - မြတ်စွာဘုရားသည် အထူးသိတော်မူအပ်သော တရားဖြစ်သည်။ **စက္ခုကရဏီ** - ပညာမျက်စိကို ပြုတတ်သောတရား ဖြစ်သည်။ **ဉာဏကရဏီ** - အသိဉာဏ်ကို ပြုတတ်သောတရား ဖြစ်သည်။ **ဥပသမာယ** - ကိလေသာ ငြိမ်းရန်အလို့ငှါ ဖြစ်သည်။ **အဘိညာယ** - ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှါ ဖြစ်သည်။ **သမ္ဗောဓာယ** - သစ္စာလေးပါးကို သိရန်အလို့ငှါ ဖြစ်သည်။ **နိဗ္ဗာနာယ** - နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှါ ဖြစ်သည်။

<u>သစ္စာလေးပါး</u> ။ ။ အရိယာတို့ သိမြင်အပ်သော အမှန်တရား သစ္စာလေးပါး ဟူသည် - ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတို့ပင်တည်း။

<u>ဒုက္ခသစ္စာ သရုပ်</u> ။ ။ ထိုတွင် ဒုက္ခသစ္စာဟူသည် **ဇာတိပိဒုက္ခာ** - ပဋိသန္ဓေတည်နေရခြင်းသည်လည်း ဆင်းရဲ၏။ **ဇရာပိဒုက္ခာ** - အိုရခြင်းသည်လည်း ဆင်းရဲ၏။ **ဗျာဓိပိ ဒုက္ခော** - နာရခြင်းသည်လည်း ဆင်းရဲ၏။ **မရဏမ္ပိ ဒုက္ခံ** - သေရခြင်းသည်လည်း ဆင်းရဲ၏။ **အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော**- မချစ်သောသူတို့နှင့် အတူနေရခြင်းသည်လည်း ဆင်းရဲ၏။ **ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော** - ချစ်သောသူတို့နှင့် ကွေကွင်းရခြင်းသည်လည်း ဆင်းရဲ၏။

**ယံပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ** – လိုချင်ရာကို မရခြင်းသည်လည်း ဆင်းရဲ၏။ **သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ** – စွဲလမ်းရာ အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည် ဆင်းရဲကုန်၏။

<u>သမုဒယသစ္စာ သရုပ်</u> ။ ။ သမုဒယသစ္စာ – ဟူသည် အကြင်တဏှာသည်၊ **ပေါနောဗ္ဘဝိကာ** – ဘဝသစ်၌ ဖြစ်စေတတ်၏။ **နန္ဒီရာဂ သဟဂတာ** – နှစ်သက်ခြင်း, တပ်မက်ခြင်းနှင့် တကွဖြစ်၏။ **တတြ တတြာ ဘိနန္ဒိနီ** – ထိုထိုအာရုံ၌ လွန်စွာ နှစ်သက်တတ်၏။ ဤတပ်မက်ခြင်း တဏှာဟူသည် **ကာမတဏှာ**– ကာမဘုံ၌ တပ်မက်မှု တဏှာ၊ **ဘဝတဏှာ**– သဿတဒိဋ္ဌိနှင့် တကွဖြစ်သော ဘဝတဏှာ၊ **ဝိဘဝတဏှာ** – ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော ဝိဘဝတဏှာ တို့တည်း။

<u>နိရောဓသစ္စာ</u> ။ ။ **ဒုက္ခနိရောဓ** – ဒုက္ခချုပ်ငြိမ်းရာ နိရောဓသစ္စာဟူသည် **တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော** – ထိုတပ်မက်မှု တဏှာ၏သာလျှင် အကြွင်းမဲ့ ချုပ်ငြိမ်းရာ၊ **စာဂေါ** – စွန့်လွှတ်ရာ၊ **ပဋိနိဿဂ္ဂေါ** – စွန့်ပယ်ရာ၊ **မုတ္တိ** – လွတ်မြောက်ရာ၊ **အနာလယော** – မကပ်ငြိရာ နိဗ္ဗာန်တည်း။

<u>မဂ္ဂသစ္စာ</u> ။ ။ **ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ** – ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့် မဂ္ဂသစ္စာ ဟူသည်– သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမာသမာဓိ ဟူသော အင်္ဂါရှစ်ပါးရှိသော မြတ်သော မဂ္ဂသစ္စာပေတည်း။

<u>သစ္စဉာဏ်</u> ။ ။ ဤတရားသည် ဒုက္ခအရိယသစ္စာတည်း။ ဒုက္ခသမုဒယ အရိယသစ္စာတည်း။ ဒုက္ခနိရောဓ အရိယသစ္စာတည်း။ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ မဂ္ဂအရိယသစ္စာတည်းဟု သိမြင်ခြင်းသည် သစ္စဉာဏ်တည်း။

ကိစ္စဉာဏ် ။ ။ ဒုက္ခသစ္စံ ပရိညေယျံ – ဒုက္ခသစ္စာကို ပိုင်းခြား၍ သိအပ်၏။ သမုဒယသစ္စံ ပဟာတဗ္ဗံ – သမုဒယသစ္စာကို ပယ်အပ်၏။ နိရောဓသစ္စံ သစ္ဆိကာတဗ္ဗံ – နိရောဓသစ္စာကို မျက်မှောက်ပြုအပ်၏။ မဂ္ဂသစ္စံ ဘာဝေတဗ္ဗံ – မဂ္ဂသစ္စာကို ပွားများအပ်၏ ဟု သိမြင်ခြင်းသည် ကိစ္စဉာဏ် ဖြစ်သည်။

ကတဉာဏ် ။ ။ ဒုက္ခသစ္စံ ပရိညာတံ – ဒုက္ခသစ္စာကို ပိုင်းခြား၍ သိပြီးပြီ။ သမုဒယသစ္စံ ပဟီနံ – သမုဒယသစ္စာကို ပယ်အပ်ပြီးပြီ။ နိရောဓသစ္စံ သစ္ဆိကတံ – နိရောဓသစ္စာကို မျက်မှောက်ပြုပြီးပြီ။ မဂ္ဂသစ္စံ ဘာဝိတံ – မဂ္ဂသစ္စာကို ပွားများပြီးပြီ။ ဤသို့သိသောဉာဏ်သည် ကတဉာဏ် ဖြစ်၏။

၃–ပါးသော အပြန်၊ ၁၂–ပါးသော အခြင်းအရာ ။ ။ ထိုသို့ သစ္စာလေးပါး ရှိရာ တစ်ပါးစီတိုင်း၌ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်အားဖြင့် သိမြင်ရာ ယင်းကို တိပရိဝဋ္ဋ – ၃ – ပါးသော အပြန်ဟူ၍ ခေါ်၏။ ထို ၃ – ပါးသောအပြန်သည် သစ္စာလေးပါးလုံးဆိုက ၁၂ – ပါး ဖြစ်၏။ ယင်းကို ဒွါဒသာကာရ – တစ်ဆယ့်နှစ်ပါးသော အခြင်းအရာဟူ၍ ခေါ်လေ၏။

မြတ်စွာဘုရား ဉာဏ်ဖြစ်ပုံ ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ထိုတစ်ဆယ့်နှစ်ပါးသော အခြင်းအရာတို့တွင် တစ်ပါးစီတိုင်း၌ ဉာဏ်တော်ဖြစ်လေသည်။ ဖြစ်ပုံကား ဤသို့တည်း။

ရှေးက မကြားဖူးကုန်သော ဒုက္ခသစ္စာတရားတို့၌၊ သမုဒယသစ္စာတရားတို့၌၊ နိရောဓသစ္စာတရားတို့၌၊ မဂ္ဂသစ္စာတရားတို့၌ ငါဘုရား၏ စက္ခုံ ဥဒပါဒိ – ပညာမျက်စိသည် ထင်ရှားဖြစ်၏။ ဉာဏံဥဒပါဒိ – အသိဉာဏ်သည် ထင်ရှားဖြစ်၏။ ပညာဥဒပါဒိ – အပြားအားဖြင့် သိတတ်သော ဉာဏ်ပညာသည် ထင်ရှားဖြစ်၏။ ဝိဇ္ဇာဥဒပါဒိ – ထိုးထွင်း၍သိသော ဝိဇ္ဇာဉာဏ်သည် ထင်ရှားဖြစ်၏။ အာလောကော ဥဒပါဒိ – ဉာဏ်အရောင်အလင်းသည် ထင်ရှားဖြစ်၏။

**ဘုရားဟု ဝန်ခံချိန်** ။ ။ ရဟန်းတို့ ... ဤသို့ အရိယာတို့ သိမြင်အပ်သော မြတ်သော သစ္စာလေးပါးတရားတို့၌ ၃ – ပါးသော အပြန်၊ ၁၂ – ပါးသော အခြင်းအရာရှိသော ဟုတ်တိုင်းမှန်စွာ သိမြင်သော ဉာဏ်အမြင် မစင်ကြယ်သေးသမျှ ကာလပတ်လုံး လူနတ်ဗြဟ္မာဟူသော ဤသတ္တလောက၌ အတုမရှိသော ကိုယ်တိုင်မှန်စွာ သိမြင်သော အရဟတ္တမဂ်ဉာဏ်ကို ထိုးထွင်း၍ သိပြီဟူ၍ ဝန်မခံခဲ့။ အရိယာတို့ သိမြင်အပ်သော မြတ်သော သစ္စာလေးပါး တရားတို့၌ ၃–ပါးသောအပြန်၊ ၁၂–ပါးသော အခြင်းအရာရှိသော ဟုတ်တိုင်းမှန်စွာ သိမြင်သော ဉာဏ်အမြင်သည် စင်ကြယ်သောအခါ၌သာလျှင် လူနတ်ဗြဟ္မာ ဟူသော ဤသတ္တလောက၌ အတုမရှိသော ကိုယ်တိုင်မှန်စွာ သိမြင်သော အရဟတ္တမဂ် ဉာဏ်ကို ထိုးထွင်း၍ သိပြီဟူ၍ ဝန်ခံခဲ့၏။ **အကုပ္ပါမေ ဝိမုတ္တိ** – ငါဘုရား၏ ကိလေသာမှ လွတ်မြောက်မှုသည် မပျက်စီးပြီ။ **အယံ အန္တိမာ ဇာတိ** – ဤပဋိသန္ဓေ နေခြင်းသည် နောက်ဆုံး ပဋိသန္ဓေနေခြင်းတည်း။ **နတ္ထိဒါနိ ပုနဗ္ဘဝေါတိ** – ယခုအခါ နောက်ထပ်တစ်ဖန် ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီ – ဟု ငါဘုရားအား ဉာဏ်အမြင်သည်လည်း ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။

**အရှင်ကောဏ္ဍည သောတာပန် ဖြစ်ခြင်း** ။ ။ ဤဂါထာမဟုတ် သက်သက်သော ဒေသနာ တော်ကို ဟောကြားတော်မူလတ်သော် အရှင်ကောဏ္ဍညအား **ယံကိဉ္စိ သမုဒယ ဓမ္မံ** – အကြင် အလုံးစုံသောတရားသည် ဖြစ်ခြင်းသဘောရှိ၏။ **သဗ္ဗံတံ နိရောဓ ဓမ္မန္တိ** – ထိုအလုံးစုံသောတရားသည် ချုပ်ခြင်းသဘောရှိ၏ ဟူ၍၊ **ဝိရဇံ** – ကိလေသာမြူကင်းသော၊ **ဝီတမလံ** – ကိလေသာ အညစ်အကြေးကင်းသော၊ **ဓမ္မစက္ခုံ** – သောတာပတ္တိမဂ်ဉာဏ်မျက်စိသည်၊ ဥဒပါဒိ– ထင်ရှားဖြစ်ပေါ်လာ၏။

ဤသို့လျှင် အရှင်ကောဏ္ဍညသည် ၁၀၃–ခုနှစ် ဝါဆိုလပြည့် စနေနေ့၌ တစ်ဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်လေပြီ။

<u>ဇဟိဘိက္ခုရဟန်းဖြစ်ခြင်း ။</u> ။ အရှင်ကောဏ္ဍညသည် ဒိဋ္ဌဓမ္မော - တရားကို မြင်ပြီးသည်ဖြစ်၍၊ ပတ္တဓမ္မော - တရားသို့ ရောက်ပြီးသည်ဖြစ်၍၊ ဝိဒိတဓမ္မော - တရားကို သိပြီးသည်ဖြစ်၍၊ ပရိယောဂါဠ္ဟ ဓမ္မော - တရားသို့ သက်ဝင်ပြီးသည်ဖြစ်၍၊ တိဏ္ဏဝိစိကိစ္ဆော - ယုံမှားခြင်းကို ကူးမြောက်ပြီးသည်ဖြစ်၍၊ ဝိဂတကထံကထော - သို့လော သို့လော တွေးတော ယုံမှားမှု ကင်းသည်ဖြစ်၍၊ ဝေသာရဇ္ဇပ္ပတ္တော - မြတ်စွာဘုရား သာသနာတော်၌ ကြောက်ရွံ့ ခြင်းကင်း ရဲတင်းခြင်းသို့ ရောက်ပြီးသည်ဖြစ်၍၊ အပရပ္ပစ္စယော - ဘုရားမှတစ်ပါး ကိုးစားထိုက်သူ မရှိသည်ဖြစ်၍ မြတ်စွာဘုရားထံ၌ ဇဟိဘိက္ခု ရဟန်းအဖြစ်ကို ရလေ၏။

<u>ကျန်လေးပါး သောတာပန် ဖြစ်ကြခြင်း ။</u> ။ မြတ်စွာဘုရားသည် အရှင်ဝပ္ပ, အရှင်ဘဒ္ဒိယ, အရှင်မဟာနာမ်, အရှင်အဿဇိတို့အား တရားစကားဖြင့် ဆုံးမသွန်သင်တော်မူအပ်သည်ရှိသော် ဝါဆိုလပြည့်ကျော်(၁)ရက် တနင်္ဂနွေနေ့၌ အရှင်ဝပ္ပသည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် (၂)ရက် တနင်္လာနေ့၌ အရှင်ဘဒ္ဒိယသည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် (၃)ရက် အင်္ဂါနေ့၌ အရှင်မဟာနာမ်သည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် (၄)ရက် ဗုဒ္ဓဟူးနေ့၌ အရှင်အဿဇိသည်လည်းကောင်း အသီးသီး သောတာပန်အဖြစ်သို့ ရောက်ကြလေကုန်၏။ ထိုနေ့ အသီးသီး၌ပင် ထိုမထေရ်တို့ သည်လည်း မြတ်စွာဘုရားထံ၌ ဇဟိဘိက္ခုရဟန်းအဖြစ်သို့ ရောက်ကြလေကုန်၏။

( ဝိ - ၃ - ၁၄ / ၁၈၊ ဝိ - ၄ - ၃- ၂၄၆ )

## ဓမ္မစက္ကပ္ပဝတ္တနသုတ်လာ ဆောင်ရန်လင်္ကာများ

၁။ ကိလေကင်းစင်၊ ပူမှုပင်၊ ငြိမ်းချင်သူတို့သည်၊
၂။ ကာမ,အတ္တ၊ စွန်းနှစ်ဝ၊ ရှောင်ကြရပေမည်။
၃။ မဇ္ဈိခေါ် မှန်း၊ အလယ်လမ်း၊ လျှောက်လှမ်းကြရမည်။
၄။ သမ္မာဒိဋ္ဌိ၊ ရှစ်ပါးရှိ၊ မဇ္ဈိလမ်းစဉ်သည်၊
၅။ မြတ်စွာဘုရား၊ ထူးသိပြား၊ တရားဖြစ်ပေသည်။
၆။ ဉာဏ်မျက်စိအား၊ ပြုတတ်ပြား၊ တရားဖြစ်ပေသည်။
၇။ ကိလေသာရန်၊ ငြိမ်းစေရန်၊ အမှန်ဖြစ်ပေသည်။
၈။ ထူးခြားသောဉာဏ်၊ ရရှိရန်၊ အမှန်ဖြစ်ပေသည်။
၉။ သစ္စာလေးတန်၊ သိရှိရန်၊ အမှန်ဖြစ်ပေသည်။
၁၀။ ဒုက္ခသစ္စာ၊ ပိုင်းခြားကာ၊ သိလာမှန်ပေသည်။
၁၁။ သမုဒယသစ္စာ၊ ပယ်နိုင်လာ၊ သိလာမှန်ပေသည်။
၁၂။ နိရောဓသစ္စာ၊ ချုပ်ငြိမ်းလာ၊ သိလာမှန်ပေသည်။
၁၃။ မဂ္ဂသစ္စာ၊ ပွားနိုင်လာ၊ သိလာမှန်ပေသည်။
၁၄။ လုံးစုံဖြစ်လာ၊ ချုပ်ခြင်းဟာ၊ သောတာဖြစ်တော့သည်။
၁၅။ ဘုရားသာသနာ၊ ရဲတင်းစွာ၊ ကောင်းစွာနေနိုင်ပြီ။
၁၆။ ဘုရားမှတစ်ပါး၊ အခြားအား၊ အားထားမရှိပြီ။
၁၇။ သစ်,ကိစ်,ကတံ၊ သုံးပါးပြန်၊ သိဉာဏ်ဖြစ်ပေါ် ပြီ။
၁၈။ သစ္စာလေးမှာ၊ ဆယ့်နှစ်ခါ၊ ခြင်းရာဖြစ်တော့သည်။
၁၉။ ရိယာသောတာ၊ ဖြစ်ပြီးရော၊ ပဉ္စငါးဦးသည်၊
၂၀။ ဧဟိရဟန်း၊ အမြင့်တန်း၊ တက်လှမ်းသွားလေပြီ။
၂၁။ သောတာရည်မှန်း၊ သစ္စာပန်း၊ ဆင်မြန်းနိုင်ကြပြီ။

ဓမ္မစက္ကပ္ပဝတ္တနသုတ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

# ဝိနည်းမဟာဝါ အနတ္တလက္ခဏသုတ်လာ ကိုယ်ကျင့်တရားများ

အနတ္တလက္ခဏသုတ် ။ ။ အနတ္တ – ဟူသည် အတ္တမဟုတ်၊ ကိုယ်စိုးကိုယ်ပိုင် ပြုလုပ်၍ မရသော သဘောဟု အဓိပ္ပါယ်ရသည်။ ဤအနတ္တလက္ခဏသုတ်ကို မြတ်စွာဘုရားသည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ဓမ္မစက္ကပ္ပဝတ္တနသုတ်တရားတော်ဖြင့် ပဥ္စဝဂ္ဂီငါးဦးတို့အား သောတာပန်အဖြစ်သို့ ရောက်စေပြီးနောက် ၁၀၃ – ခုနှစ် ဝါဆိုလပြည့်ကျော် (၅)ရက်နေ့တွင် ရဟန္တာအဖြစ်သို့ ရောက်စေခြင်းအကျိုးငှါ ဟောတော်မူလေသည်။ ဤ၌ အကျဉ်းနည်း သိသာရုံ ဖော်ပြပေအံ့။

**ရူပံ ဘိက္ခဝေ အနတ္တာ၊ ဝေဒနာ အနတ္တာ၊ သညာ အနတ္တာ၊ သင်္ခါရာ အနတ္တာ၊ ဝိညာဏံ အနတ္တာ** – ရဟန်းတို့ ... ရုပ်သည် အတ္တမဟုတ်။ ဝေဒနာသည် အတ္တမဟုတ်။ သညာသည် အတ္တမဟုတ်။ သင်္ခါရတို့သည် အတ္တမဟုတ်။ ဝိညာဏ်သည် အတ္တမဟုတ်။

**ရူပဥ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ** – ဤရုပ်သည် အတ္တဖြစ်ငြားအံ့။
**န ယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ** – ဤရုပ်သည် နာကျင်ခြင်းငှါ မဖြစ်ရာ။
**ဝေ မေ ရူပံ ဟောတု** – ငါ၏ ရုပ်သည် ဤသို့ ဖြစ်စေ။
**ဝေ မေ ရူပံ မာအဟောသီတိ** – ငါ၏ ရုပ်သည် ဤသို့ မဖြစ်စေလင့်–ဟူ၍
**လဗ္ဘေထ စ ရူပေ** – ရုပ်၌ စီရင်၍ ရရာ၏။
**ယသ္မာ ရူပံ အနတ္တာ** – အကြင်ကြောင့် ရုပ်သည် အတ္တမဟုတ်။
**တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ** – ထိုသို့ အတ္တမဟုတ်သောကြောင့် နာကျင်ခြင်း ဖြစ်၏။
**ဝေ မေ ရူပံ ဟောတု** – ငါ၏ ရုပ်သည် ဤသို့ ဖြစ်စေ။
**ဝေ မေ ရူပံ မာအဟောသီတိ** – ငါ၏ ရုပ်သည် ဤသို့ မဖြစ်စေလင့်–ဟူ၍
**နစ လဗ္ဘတိ ရူပေ** – ရုပ်၌ စီရင်၍ မရ။

( *ကျန်ဝေဒနာ စသည် ဤသဘောအတိုင်း* )

**တံ ကိံ မညထ ဘိက္ခဝေ** – ရဟန်းတို့ ... ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။

**ရူပံ နိစ္စံဝါ အနိစ္စံဝါတိ** – ရုပ်သည် မြဲသလော၊ မမြဲသလောဟု မေးတော်မူပြီ။

**အနိစ္စံ ဘန္တေ** – မမြဲပါဘုရား – ဟု ဖြေပြီ။

**ယံပနာ နိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ** – မမြဲသော ရုပ်သည် ဆင်းရဲလော၊ ချမ်းသာလော – ဟူ၍ မေးတော်မူပြီ။

**ဒုက္ခံ ဘန္တေ** – ဆင်းရဲပါဘုရား – ဟု ဖြေပြီ။

**ယံပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ** – အကြင်သို့ သဘောရှိသော ရုပ်သည် မမြဲ။ ဆင်းရဲ၏။ ဖောက်ပြန်ခြင်းသဘောရှိ၏။ ထိုသို့ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်သော သဘောရှိသော ရုပ်ကို၊ **ဧတံ မမ** – ဤဟာသည် ငါ့ဥစ္စာ ဖြစ်၏။ **ဧသောဟ မသ္မိ** – ဤဟာသည် ငါဖြစ်၏။ **ဧသော မေ အတ္တာ** – ဤဟာသည် ငါ့ အတ္တတည်း–ဟု ရှုမြင်ခြင်းငှါ သင့်ပါမည်လော– ဟူ၍ မေးတော်မူပြီ။

**နော ဟေတံ ဘန္တေ** – မသင့်ပါဘုရား–ဟု ဖြေပြီ။

( *ကျန်သော ဝေဒနာ စသည်၌လည်း ဤသဘောအတိုင်း သိပါ* )

**တသ္မာတိဟ ဘိက္ခဝေ** – ရဟန်းတို့ ... ထိုသို့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် အတ္တမဟုတ်သောကြောင့်

**အတီတာနာဂတ ပစ္စုပ္ပန္နံ** – အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော

**အဇ္ဈတ္တံဝါ ဗဟိဒ္ဓံဝါ** – မိမိသန္တာန်၌လည်းဖြစ်သော၊ သူတစ်ပါးသန္တာန်၌လည်း ဖြစ်သော၊

**ဩဠာရိကံဝါ, သုခုမံဝါ** – အကြမ်းလည်းဖြစ်သော၊ အနုလည်းဖြစ်သော၊

**ဟီနံဝါ ပဏီတံဝါ** – အယုတ်လည်းဖြစ်သော၊ အမြတ်လည်းဖြစ်သော၊

**ဒူရေဝါ သန္တိကေဝါ** – အဝေးလည်းဖြစ်သော၊ အနီးလည်းဖြစ်သော၊

**ယံကိဉ္စိ ရူပံ** – အကြင်အလုံးစုံသော ရုပ်သည်ရှိ၏။ **သဗ္ဗံ ရူပံ** – ထိုအလုံးစုံသော ရုပ်ကို၊ **နေတံ မမ** – ငါ၏ ဥစ္စာ မဟုတ်၊ **နေသောဟ မသ္မိ** – ငါမဟုတ်။ **နမေသော အတ္တာတိ** – ငါ၏ အတ္တမဟုတ်ဟု၊ **ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ** – ဟုတ်မှန်သည့်အတိုင်း ကောင်းသောပညာဖြင့် ရှုအပ်၏။

( *ကျန်ဝေဒနာ စသည်လည်း ဤသဘောအတိုင်း သိပါ* )

**ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော** – ရဟန်းတို့ ... ဤသို့ ရှုမြင်သည်ရှိသော် အကြားအမြင်ရှိသော အရိယသာဝကသည်၊ **ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ** – ရုပ်၌လည်း ငြီးငွေ့၏။ **ဝေဒနာယပိ နိဗ္ဗိန္ဒတိ** – ဝေဒနာ၌လည်း ငြီးငွေ့၏။ **သညာယပိ နိဗ္ဗိန္ဒတိ** – သညာ၌လည်း ငြီးငွေ့၏။ **သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ** – သင်္ခါရတို့၌လည်း ငြီးငွေ့၏။ **ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ** – ဝိညာဏ်၌လည်း ငြီးငွေ့၏။ **နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ** – ငြီးငွေ့ခြင်းကြောင့် မတပ်မက်။ **ဝိရာဂါ ဝိမုစ္စတိ** – မတပ်မက်ခြင်းကြောင့် ကိလေသာမှ လွတ်၏။ **ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ** – ကိလေသာမှ လွတ်ပြီးသော် ကိလေသာမှ လွတ်ပြီဟု အသိဉာဏ် ဖြစ်၏။ **ခီဏာဇာတိ** – ပဋိသန္ဓေနေမှု ကုန်ပြီ။ **ဝုသိတံ ဗြဟ္မစရိယံ** – မြတ်သောအကျင့်ကို ကျင့်သုံးအပ်ပြီ။ **ကတံ ကရဏီယံ** – မဂ်ကိစ္စကို ပြုအပ်ပြီ။ **နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ** – ဤမဂ်ကိစ္စအလို့ငှါ တစ်ပါးသော မဂ်ကိစ္စကို ပြုဖွယ်ကိစ္စ မရှိတော့ပေ–ဟု ကွဲကွဲပြားပြား သိ၏။

ဤဂါထာမပါက် သက်သက်သော ဒေသနာတော်ကို ဟောတော်မူအပ်သည်ရှိသော် ပဉ္စဝဂ္ဂီရဟန်းတို့၏ စိတ်တို့သည် တစ်စုံတစ်ခုကိုမျှ မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်မြောက်လေကုန်၏။

ထိုအခါဝယ် လောက၌ ရဟန္တာခြောက်ပါး ဖြစ်ကုန်၏။

( ၀ – ၃ – ၁၈ / ၂၀ )

## အနတ္တလက္ခဏသုတ်လာ ဆောင်ရန်လင်္ကာများ

၁။ ခန္ဓာငါးဝ၊ ရုပ်နာမ်ပ၊ အတ္တမဟုတ်ပြီ။
၂။ အကယ်၍သာ၊ အတ္တသာ၊ ဖြစ်ပါခဲ့လျှင်သည်၊
၃။ နာတာကျင်တာ၊ အဘယ်မှာ၊ ဖြစ်ရာမရှိပြီ။
၄။ နာတာကျင်တာ၊ တကယ်ပါ၊ ဖြစ်ခါလာခဲ့သည်။
၅။ ဤသို့ဖြစ်စေ၊ မဖြစ်စေ၊ မိန့်လေမရပြီ။
၆။ ရုပ်နာမ်နှစ်ဖြာ၊ မမြဲတာ၊ ကောင်းစွာသိရမည်။
၇။ မမြဲတာဟာ၊ ဆင်းရဲပါ၊ ချမ်းသာမဟုတ်ပြီ။
၈။ မမြဲဆင်းရဲ၊ ဖောက်ပြန်မြဲ၊ ဖောက်လွဲရုပ်တို့သည်၊
၉။ ငါပိုင်ဥစ္စာ၊ မဟုတ်ပါ၊ ကောင်းစွာရှုရမည်။
၁၀။ ငါလဲသေချာ၊ မဟုတ်ပါ၊ ကောင်းစွာရှုရမည်။
၁၁။ ငါ့အတ္တလဲ၊ မဟုတ်ဘဲ၊ ရှုမြဲရှုရမည်။
၁၂။ ဤသို့မှန်စွာ၊ ရှုလေရာ၊ ပဉ္စင်းငါးဦးသည်၊
၁၃။ အာသဝေါကင်းကွာ၊ ရဟန္တာ၊ ဖြစ်ခါသွားတော့သည်။
၁၄။ အနိစ္စ,ဒုက္ခ၊ အနတ္တ၊ ရှုရသုံးမျိုးသည်၊
၁၅။ အနိစ္စထင်၊ သုံးမျိုးပင်၊ ဉာဏ်မြင်ပေါ် လာသည်။
၁၆။ အနိစ္စထင်ရှန်၊ ရုပ်နှင့်နာမ်၊ ဖန်ဖန်ရှုရမည်။
၁၇။ သစ္စာလည်းဆိုက်၊ ဉာဏ်လည်းလိုက်၊ အလိုက်ကောင်းပေသည်။
၁၈။ ဉာဏ်စဉ်လည်းလိုက်၊ မဂ်လည်းဆိုက်၊ ကျင့်ထိုက်ကြပေသည်။

အနတ္တလက္ခဏာသုတ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## ယသဝတ္ထုလာ ကိုယ်ကျင့်တရားများ

ယသဝတ္ထု ။ ။ ယသ -ဟူသည် အမည်တည်း။ သူဌေးသားတည်း။ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီကို ဓာရာဏသီပြည် မိဂဒါဝုန်တော၌ ဝါဆိုတော်မူပြီး သီတင်းကျွတ်ပြီး၍ တန်ဆောင်မုန်းလပြည့်နေ့အထိ ထိုမိဂဒါဝုန်တော၌ပင် သီတင်းသုံးတော်မူလေသည်။ ထိုအခါ၌ ယသသူဌေးသား အစရှိသော သူဌေးသား ၅၅-ဦးတို့ ရဟန်းပြုကြလေသည်။ ရဟန်းပြုပုံအကြောင်းများကို သိသာရုံ ဖော်ပြအံ့။

ယသသူဌေးသား အသုဘသညာ ဖြစ်ပေါ်ခြင်း ။ ။ အချိန်ကား မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူစဉ် သီတင်းကျွတ်ပြီး အချိန်လောက် ဖြစ်သည်။ ဗာရာဏသီပြည်၌ အမျိုးကောင်းသားဖြစ်သော ယသသူဌေးသားသည် နွေရာသီ ပြာသာဒ်ဆောင်, မိုးရာသီ ပြာသာဒ်ဆောင်, ဆောင်းရာသီ ပြာသာဒ်ဆောင်တို့၌ အလဲအလှယ်နေ၍ ယောကျ်ားမပါ မိန်းမတို့သာ တီးမှုတ်ဖျော်ဖြေအပ်သော ကာမဂုဏ် စည်းစိမ်တို့ဖြင့် ကုံလုံပြည့်ဝစွာ ခံစားလျက်နေလေ၏။

တစ်နေ့သောအခါ၌ ယသအမျိုးကောင်းသားသည် စောစီးစွာ အိပ်ပျော်ခြင်းသို့ ရောက်သွားလေရာ ဖြေဖျော်သူအပေါင်းတို့သည်လည်း အိပ်ပျော်ခြင်းသို့ ရောက်ကြလေကုန်၏။ တစ်ညဥ့်လုံး ဆီမီးညှိထွန်းထားလေ၏။

ယသအမျိုးကောင်းသား အိပ်ရာမှ စောစာပင်နိုး၍ မိန်းမတစ်ယောက်က လက်ကတီး၌ စောင်းကိုပိုက်လျက်၊ မိန်းမတစ်ယောက်က လည်၌ မုရိုးစည်ကို လွယ်လျက်၊ မိန်းမတစ်ယောက်က လက်ကတီး၌ ထက်စည်ကို ပိုက်လျက်၊ မိန်းမတစ်ယောက်က ဆံပင်ဖရိုဖရဲ ကြဲလျက်၊ မိန်းမတစ်ယောက်က သွားရည် ယိုစီးလျက်၊ အခြားသော မိန်းမတို့က ယောင်ယမ်းကုန်လျက် အိပ်နေကြသည်တို့ကို တွေ့မြင်ရသောအခါ သုသာန်သင်္ချိုင်းကို မြင်ရဘိသကဲ့သို့ ယသအမျိုးကောင်းသားအား အသုဘသညာ ထင်လာကာ အပြစ်ကို မြင်ပြီးလျှင် ငြီးငွေ့စိတ် ဖြစ်ပေါ်လာသည်ဖြစ်၍ -

'အချင်းတို့ ... တဏှာ အစရှိသော ကိလေသာတို့သည် နှိပ်စက်အပ်ပေစွ တကား၊ အချင်းတို့... တဏှာ အစရှိသော ကိလေသာတို့သည် ညှဉ်းဆဲအပ်ပေစွ တကား' – ဟု ဥဒါန်းကျူးရင့်လေ၏။

<u>ယသသူဌေးသား ဘုရားထံရောက်ခြင်း ။</u> ။ ထို့နောက် ယသအမျိုးကောင်းသားသည် ရွှေခြေနင်းတို့ကို စီးလျက် အိမ်တံခါးသို့ ချဉ်းကပ်လေ၏။

'ယသအမျိုးကောင်းသားအား တစ်စုံတစ်ယောက်သောသူမျှ လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ခြင်း၏ အန္တရာယ်ကို မပြုပါစေလင့်'

– ဟု နှလုံးပြု၍ နတ်တို့သည် တံခါးကို ဖွင့်ပေးကြကုန်၏။ ထို့အတူ မြို့တံခါး ကိုလည်း နတ်တို့သည် ဖွင့်ပေးကြကုန်၏။

ထို့နောက် ယသအမျိုးကောင်းသားသည် ဣသိပတနမည်သော မိဂဒါဝုန်တော သို့ ချဉ်းကပ်၏။ မြတ်စွာဘုရားသည် မိုးသောက်ယံအခါ ယသလာနေသည်ကို မြင်တော် မူသည်ဖြစ်၍ စင်္ကြံမှ ဆင်းသက်၍ ခင်းထားသောနေရာ၌ ထိုင်နေတော်မူ၏။

ယသအမျိုးကောင်းသားသည် မြတ်စွာဘုရားအနီးသို့ ရောက်လျှင် –

'အချင်းတို့ ... တဏှာ အစရှိသော ကိလေသာတို့သည် နှိပ်စက်အပ်ပေစွ တကား၊ အချင်းတို့... တဏှာ အစရှိသော ကိလေသာတို့သည် ညှဉ်းဆဲအပ်ပေစွ တကား' ဟု ဥဒါန်းကျူးလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ယသအမျိုးကောင်းသားကို –

'ယသ ... စင်စစ် ဤနိဗ္ဗာန်ကို တဏှာ အစရှိသော ကိလေသာတို့သည် မနှိပ်စက်နိုင်ပေ။ မညှဉ်းဆဲနိုင်ပေ။ ယသ ... လာလော့။ ထိုင်လော့။ သင့်အား တရားဟောအံ့' – ဟု မိန့်တော်မူ၏။

ထိုအခါ ယသအမျိုးကောင်းသားသည် –

'ဤနိဗ္ဗာန်ကို တဏှာ အစရှိသော ကိလေသာတို့သည် မနှိပ်စက်နိုင်ဘူးတဲ့။ မညှဉ်းဆဲနိုင်ဘူးတဲ့'

- ဟု ရွှင်လန်းဝမ်းမြောက်သည်ဖြစ်၍ ရွှေခြေနင်းတို့မှ သက်ဆင်းလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီးလျှင် တစ်ခုသော နေရာ၌ ထိုင်နေလေ၏။

<u>အနုပုဗ္ဗိကထာတရားကို ဟောခြင်း</u> ။ ။ မြတ်စွာဘုရားသည် ယသအမျိုးကောင်းသားအား အနုပုဗ္ဗိကထာ တရားကို ဟောတော်မူ၏။

အနုပုဗ္ဗိကထာတရားဟူသည် အစဉ်အတိုင်း ဟောကြားအပ်သော တရား-ဟူ၍ အဓိပ္ပါယ်ရ၏။ အစဉ်အတိုင်း ဟောတော်မူပုံကား -

၁။ ဒါနကထာ - ဒါနနှင့်စပ်သောစကား၊
၂။ သီလကထာ - သီလနှင့်စပ်သောစကား၊
၃။ သဂ္ဂကထာ - နတ်ပြည်နှင့်စပ်သောစကား၊
၄။ ကာမာနံ အာဒီနဝ - ကာမဂုဏ်တို့၏ အပြစ်၊
၅။ နေက္ခမ္မအာနိသံသ - ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်းအကျိုးတို့ကို ပြတော်မူ၏ ( *ဤကား မဂ္ဂကထာတည်း* )

မြတ်စွာဘုရားသည် ထိုသို့ ဟောတော်မူပြီး၍ ယသအမျိုးကောင်းသား၌ **ကလ္လစိတ္တံ** - သစ္စာတရားကို သိဖို့ရန် ခံ့သောစိတ်ရှိသည်ကိုလည်းကောင်း၊ **မုဒုစိတ္တံ** - ဒိဋ္ဌိ, မာန စသည် ကင်းစင်နေမှုကြောင့် နူးညံ့သောစိတ်ရှိသည်ကိုလည်းကောင်း၊ **ဝိနီဝရဏစိတ္တံ** - ကာမစ္ဆန္ဒ စသော နီဝရဏတို့မှ ကင်းသောစိတ်ရှိသည်ကိုလည်းကောင်း၊ **ဥဒဂ္ဂစိတ္တံ** - တရားတော်၌ ပီတိပါမောဇ္ဇ ဖြစ်နေသည့်အတွက် တက်ကြွသောစိတ်ရှိသည်ကိုလည်းကောင်း၊ **ပသန္နစိတ္တံ** - တရားတော်၌ သဒ္ဓါတရားတွေ ဖြစ်နေသဖြင့် ကြည်လင်သောစိတ်ရှိသည်ကိုလည်းကောင်း သိမြင်တော်မူသည် ဖြစ်၍၊ **ဗုဒ္ဓါနံ သာမုက္ကံသိကာ ဓမ္မဒေသနာ** - မြတ်စွာဘုရားတို့၏ ကိုယ်တိုင်ထုတ်ဖော် ပြတော်မူအပ်သော တရားဒေသနာတော်ဖြစ်သော ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ- ဟူသော သစ္စာလေးပါးတရားတို့ကို ထင်ရှားဟောပြတော်မူလေပြီ။

**ယသသောတာပန်ဖြစ်ခြင်း ။** ။ သေယျထာပိနာမ သုဒ္ဓံ ဝတ္ထံ အပဂတ ကာဠကံ သမ္မဒေဝ ရဇနံ ပဋိဂ္ဂဏှေယျ - မည်းညစ်ခြင်း ကင်း၍ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာခံယူသကဲ့သို့ ယသ အမျိုးကောင်းသားအား ထိုနေရာ၌ပင်လျှင် ယံကိဉ္စိ သမုဒယ ဓမ္မံ - ဖြစ်ခြင်းသဘောရှိသော အလုံးစုံသော တရားသည် ရှိ၏။ သဗ္ဗံ တံ နိရောဓ ဓမ္မန္တိ - ထိုအလုံးစုံသော တရားသည် ချုပ်ခြင်းသဘောရှိ၏ဟု၊ ဝိရဇံ - ကိလေသာ မြူကင်းသော၊ ဝီတမလံ - ကိလေသာ အညစ်အကြေးကင်းသော၊ ဓမ္မ စက္ခုံ ဥဒပါဒိ - တရားမျက်စိသောတာပတ္တိ မဂ်ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လေပြီ။

( *ဤ၌ ယသအမျိုးကောင်းသားသည် 'အနုပုဗ္ဗိကထာ' တရားတော်ဖြင့် သောတာပန် အရိယာအဖြစ်သို့ ရောက်လေသည်။ ဤမှ နောက်ကို အထက်ကအတိုင်း အကျယ်မရေးတော့ဘဲ အနုပုဗ္ဗိကထာဖြင့် သောတာပန်အဖြစ်သို့ ရောက်လေပြီ-ဟူ၍ အကျဉ်းနည်းသာ ရေးတော့အံ့။ အကျယ်ကို အထက်ကအတိုင်း သိရာ၏* )

**ယသရဟန္တာ ဖြစ်ခြင်း ။** ။ ယသအမျိုးကောင်းသား၏ မိခင်သည် ပြာသာဒ်ထက်သို့ တက်သည်ရှိသော် ယသအမျိုးကောင်းသားကို မမြင်ရသည်ဖြစ်၍ အိမ်ရှင်သူဌေးကြီးအား -

'သူဌေးကြီး ... သင်၏သား ယသကို မတွေ့မြင်ပါ'

- ဟု ပြောကြားလေ၏။ အိမ်ရှင် သူဌေးကြီးသည် အရပ်လေးမျက်နှာတို့သို့ မြင်းတမန်သည်တို့ကို လွှတ်၍ မိမိကိုယ်တိုင်မူကား ဣသိပတန မည်သော မိဂဒါဝုန်တောသို့ ချဉ်းကပ်လေ၏။ အိမ်ရှင်သူဌေးကြီးသည် ယသ၏ ရွှေခြေနင်းချရာကို မြင်၍ ထိုခြေနင်းချရာကိုသာလျှင် အစဉ်အတိုင်း လိုက်လေ၏။

မြတ်စွာဘုရားသည် ယသ၏ ဖခင်သူဌေးကြီး လာနေသည်ကို မြင်၍ ယသအား တန်ခိုးတော်ဖြင့် ကွယ်၍ ထားတော်မူလေ၏။ သူဌေးကြီးသည် မြတ်စွာဘုရားအနီးသို့ ရောက်လျှင် -

'အရှင်ဘုရား ... မြတ်စွာဘုရားသည် ယသအမျိုးကောင်းသားကို မြင်မိပါသလား' – ဟူ၍ မေးလျှောက်လေပြီ။

'သူကြွယ် ... ထိုသို့ မြင်လိုလျှင် ထိုင်လော့။ ဤနေရာ၌ ထိုင်နေသော သင်သည် ဤနေရာ၌ ထိုင်နေသော ယသအမျိုးကောင်းသားကို မြင်ရပါလိမ့်မည်'

– ဟူ၍ မိန့်တော်မူလေပြီ။

'သားကို မြင်ရမည်'

– ဟု ဆိုသဖြင့် သူဌေးကြီးသည် ရွှင်လန်းတက်ကြွသောစိတ် ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သင့်လျော်သော တစ်ခုသောနေရာ၌ ထိုင်နေလေ၏။ မြတ်စွာဘုရားသည် သူဌေးကြီးအား အနုပုဗ္ဗိကထာတရားကို ဟောတော်မူ၏။ တရားအဆုံး၌ သူဌေးကြီးသည် သောတာပန် အရိယာအဖြစ်သို့ ရောက်လေ၏။ သူဌေးကြီးသည် မြတ်စွာဘုရားအား ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူ ဥပါသကာအဖြစ်ကို လျှောက်ထားလေ၏။ လောက၌ သူဌေးကြီးသည် ရှေးဦးစွာ တေဝါစိက သရဏဂုံတည်သူ ဥပါသကာ ဖြစ်လေ၏။

ဖခင်သူဌေးကြီးအား တရားဟောနေစဉ်အခါ၌ အမျိုးကောင်းသား ယသသည် **ယထာဒိဋ္ဌံ** – မြင်အပ်ပြီးသည့်အတိုင်း၊ **ယထာဝိဒိတံ** – သိအပ်ပြီးသည့်အတိုင်း၊ **ဘူမိံ** – ပဋမဖြစ်သော သောတာပတ္တိမဂ်၏ ဖြစ်ရာဖြစ်သော သစ္စာလေးပါးတရားကို၊ **ပစ္စဝေက္ခန္တဿ** – ဝိပဿနာဉာဏ် အထက်မဂ်ဉာဏ်တို့ဖြင့် ရှုဆင်ခြင်သော ယသ အမျိုးကောင်းသား၏စိတ်သည်၊ **အာသဝေဟိ ဝိမုစ္စိ** – တစ်စုံတစ်ခုကိုမျှ မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်ပြီ။ ရဟန္တာ ဖြစ်သွားလေပြီ။

<u>**အိမ်သို့ ဆွမ်းစားပင့်ခြင်း ။**</u> ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ယသ အမျိုးကောင်းသား အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ ရောက်သည်ကို သိမြင်တော်မူသည်ဖြစ်၍ ယသအမျိုးကောင်းသားအား မမြင်အောင် ဖုံးကွယ်ထားသော တန်ခိုးတော်ကို ရုပ်သိမ်းတော်မူလိုက်လေ၏။ သူဌေးကြီးသည် ယသအမျိုးကောင်းသား ထိုင်နေသည်ကို မြင်၍ ယသအမျိုးကောင်းသားကို –

'ချစ်သားယသ ... သင်၏အမိသည် ငိုကြွေးခြင်း၊ စိုးရိမ်ခြင်းသို့ ရောက်၏။ သင့်အမိ၏ အသက်ကို ပေးပါလော့'

- ဟု ပြောဆိုလေ၏။ ထိုအခါ ယသအမျိုးကောင်းသားသည် မြတ်စွာဘုရားကို မော်၍ကြည့်လေ၏။ မြတ်စွာဘုရားသည် ယသအမျိုးကောင်းသား ရဟန္တာအဖြစ်သို့ ရောက်ပြီ ဖြစ်ကြောင်းကို မိန့်တော်မူလေလျှင် သူဌေးကြီးလည်း သဘောပေါက်သည် ဖြစ်၍ အိမ်သို့ ဆွမ်းစားပင့်ကာ ပြန်သွားလေ၏။

သူဌေးကြီး ပြန်သွား၍ မကြာမီ ယသအမျိုးကောင်းသားလည်း ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်လေ၏။ ထိုအခါ လောက၌ ရဟန္တာ(၇)ဦး ဖြစ်ပေါ်လေကုန်၏။

**မိခင်နှင့် မယား သောတာပန် ဖြစ်ကြခြင်း ။**

။ ထို့နောက် မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် နောက်ပါရဟန်း အရှင်ယသနှင့်အတူ ဒါယကာ သူဌေးအိမ်သို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်တော်မူ၏။

ထိုအခါ အရှင်ယသ၏ မိခင်နှင့် မယားဟောင်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်လျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သင့်တော်သော တစ်ခုသောနေရာ၌ ထိုင်နေကြကုန်၏။ မြတ်စွာဘုရားသည် ထိုယသ၏ မိခင်နှင့် မယားဟောင်းအား အနုပုဗ္ဗိကထာတရားကို ဟောတော်မူ၏။ တရားအဆုံး၌ မိခင်နှင့်မယားဟောင်းတို့သည် သောတာပန်အဖြစ်သို့ ရောက်ကြလေကုန်၏။ မိခင်နှင့် မယားဟောင်းတို့သည် မြတ်စွာဘုရားအား ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူ ဥပါသိကာမအဖြစ်ကို လျှောက်ထားကြလေကုန်၏။ ထိုမိခင်နှင့် မယားဟောင်းတို့သည် လောက၌ ရှေးဦးစွာ တေဝါစိက သရဏဂုံတည်သူ ဥပါသိကာမများ ဖြစ်ကြလေကုန်၏။ ထို့နောက် အရှင်ယသ၏ အမိ, အဖ, မယားဟောင်းတို့သည် မြတ်စွာဘုရားနှင့် အရှင်ယသအား ဆွမ်းဆက်ကပ်ကြလေကုန်၏။ ဆွမ်းစားပြီးသောအခါ၌ အနုမောဒနာတရား ဟောကြားတော်မူပြီးနောက် မြတ်စွာဘုရားသည် အရှင်ယသနှင့်အတူ ပြန်ကြွတော်မူလေ၏။

**သူဌေးသားလေးယောက် ရဟန်းပြုကြခြင်း ။** ။ ဗာရာဏသီပြည်၌ သူဌေးမျိုး သူဌေးနွယ် ဖြစ်ကုန်သော 'ဝိမလ, သုဗာဟု, ပုဏ္ဏဇိ, ဂဝမ္ပတိ' ဟူသော အရှင်ယသ၏ လူ့ဘဝက သူငယ်ချင်း လေးယောက်တို့သည် ယသအမျိုးကောင်းသား ရဟန်းပြုသည်ကို ကြားကြကုန်၍ -

'အကြင်ဓမ္မဝိနယ၌ ယသအမျိုးကောင်းသားသည် ရဟန်းပြု၏။ ထိုဓမ္မဝိနယသည် မယုတ်ညံ့တန်ရာ။ ထိုရဟန်းအဖြစ်သည်လည်း မယုတ်ညံ့တန်ရာ'

- ဟု စဉ်းစားကြံစည်ပြီး အရှင်ယသထံသို့ ချဉ်းကပ်လေ၏။ အရှင်ယသသည် လူ့ဘဝက ထိုသူငယ်ချင်း လေးယောက်အား မြတ်စွာဘုရားထံသို့ ခေါ်သွားလေရာ မြတ်စွာဘုရားသည် အနုပုဗ္ဗိကထာတရားကို ဟောတော်မူ၏။ တရားအဆုံး၌ ထိုသူဌေးသားလေးယောက်တို့သည်လည်း သောတာပန်အဖြစ်သို့ ရောက်ကြလေကုန်၏။ ထို့နောက် ထိုသူဌေးသားလေးယောက်တို့သည် မြတ်စွာဘုရားထံ၌ ဧဟိဘိက္ခုရဟန်းအဖြစ်ကို ရရှိကြကာ မြတ်စွာဘုရား၏ ဆက်လက် ဆုံးမအပ်သော တရားစကားဖြင့်ပင် ရဟန္တာ အဖြစ်သို့ ရောက်ကြလေကုန်၏။

ထိုအခါ လောက၌ ရဟန္တာ တစ်ကျိပ်တစ်ယောက် ဖြစ်ကုန်၏။

**သူဌေးသား ငါးကျိပ် ရဟန်းပြုကြခြင်း ။** ။အစဉ်အဆက်အားဖြင့် အမျိုးကောင်းသားချည်း ဖြစ်ကြ၍ အရှင်ယသ၏ လူ့ဘဝက သူငယ်ချင်းများ ဖြစ်ကြကုန်သော ဇနပုဒ်သား ငါးကျိပ်တို့သည် ယသအမျိုးကောင်းသား ရဟန်းပြုသည်ကို ကြားကြကုန်၍ -

'အကြင် ဓမ္မဝိနယ၌ ယသအမျိုးကောင်းသားသည် ရဟန်းပြု၏။ ထိုဓမ္မဝိနယသည် မယုတ်ညံ့တန်ရာ။ ထိုရဟန်းအဖြစ်သည်လည်း မယုတ်ညံ့တန်ရာ'

- ဟု စဉ်းစားကြံစည်ကြပြီး အရှင်ယသထံသို့ ချဉ်းကပ်ကြလေကုန်၏။ အရှင်ယသသည် လူ့ဘဝက ဇနပုဒ်သား ဖြစ်ကြကုန်သော ထိုသူငယ်ချင်း ငါးကျိပ်တို့အားလည်း မြတ်စွာဘုရားထံသို့ ခေါ်ဆောင်သွားလေရာ မြတ်စွာဘုရားသည်

အနုပုဗ္ဗိကထာတရားကို ဟောတော်မူ၏။ တရားအဆုံး၌ ထိုဇနပုဒ်သား ထိုသူဌေးသား ငါးကျိပ်တို့သည်လည်း သောတာပန်အဖြစ်သို့ ရောက်ကြလေကုန်၏။ ထို့နောက် ထိုဇနပုဒ်သား သူဌေးသားငါးကျိပ်တို့သည် မြတ်စွာဘုရားထံတော်၌ ပေါ်ဘိက္ခုရဟန်း အဖြစ်ကို ရရှိကြကာ မြတ်စွာဘုရား၏ ဆက်လက်ဟောကြား ဆုံးမတော်မူအပ်သော တရားစကားဖြင့်ပင် ရဟန္တာအဖြစ်သို့ ရောက်ကြလေကုန်၏။

ထိုအခါ လောက၌ ရဟန္တာ ခြောက်ကျိပ်တစ်ဦး ဖြစ်ကြလေကုန်၏။

<u>တရားဟောရန် စေလွှတ်ခြင်း</u> ။ ။ မြတ်စွာဘုရားသည် ထိုခြောက်ဆယ်ကုန်သော ရဟန္တာရဟန်းတို့အား –

‘ရဟန်းတို့ ... ငါဘုရားသည် လူနတ်တို့၌ဖြစ်သော ကိလေသာ ကျော့ကွင်း အားလုံးတို့မှ လွတ်တော်မူပြီ။ သင်တို့သည်လည်း လူနတ်တို့၌ ဖြစ်သော ကိလေသာ ကျော့ကွင်းတို့မှ လွတ်ကြကုန်ပြီ။

ရဟန်းတို့ ... ဗဟုဇနဟိတာယ– လူအများ၏ အကျိုးစီးပွား အလို့ငှါ၊ ဗဟုဇန သုခါယ– လူအများ၏ ချမ်းသာခြင်း အလို့ငှါ၊ လောကာနုကမ္ပါယ– လောကကို စောင့်ရှောက်ခြင်း အလို့ငှါ၊ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ– နတ်လူတို့၏ အကျိုးငှါ စီးပွားခြင်းငှါ ချမ်းသာခြင်းငှါ၊ စရထ စာရိကံ– ဒေသစာရီ လှည့်လည်ကြကုန်လော့။ မာ ဧကေန ဒွေ အဂမိတ္ထ– ခရီးတစ်ကြောင်းလျှင် နှစ်ပါးမသွားကြကုန်လင့်။ ဒေသေထ ဓမ္မံ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ– အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်းရှိသော၊ သာတ္ထံ– အနက်နှင့်ပြည့်စုံသော၊ သဗျဉ္ဇနံ – သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောကြကုန်လော့။ ကေဝလ ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေထ – အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော အကျင့်မြတ်ကို ပြကြကုန်လော့။

သန္တိသတ္တာ အပ္ပရဇက္ခ ဇာတိကာ – ပညာမျက်စိ၌ ကိလေသာ မြူနည်းသော သဘောရှိကုန်သော သတ္တဝါတို့သည် ရှိကုန်၏။ ထိုသတ္တဝါတို့သည်

အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ- တရားတော်ကို မနာကြားရသောကြောင့် ဆုတ်ယုတ်ကြရကုန်၏။ ဓမ္မဿ အညာတာရော- တရားကို သိလွယ်သူတို့ ရှိကုန်လတ္တံ့။

ရဟန်းတို့ ... ငါဘုရားသည်လည်း ဥရုဝေလမှ သေနနိဂုံးသို့ တရားဟောရန် ချဉ်းကပ်ပေအံ့ - ဟု မိန့်တော်မူလေ၏။

<u>သရဏဂုံဖြင့် ရှင်ရဟန်းအဖြစ်ကို ခွင့်ပြုခြင်း ။</u> ။ ထိုစဉ်အခါ ရဟန်းတို့သည် အထူးထူးသောအရပ် အထူးထူးသောဇနပုဒ်တို့မှ ရှင်လောင်း၊ ရဟန်းလောင်းတို့ကို -

'မြတ်စွာဘုရားသည် ရှင်ပြုလတ္တံ့၊ ပဉ္စင်းပြုလတ္တံ့'

- ဟု ခေါ်ဆောင်လာကုန်၏။ ထိုသို့ ခေါ်ဆောင်လာရသဖြင့် ရဟန်းတို့သည် လည်းကောင်း၊ ရှင်လောင်း ရဟန်းလောင်းတို့သည်လည်းကောင်း ပင်ပန်းကြကုန်၏။ ယင်းသို့ ပင်ပန်းကြသည်ကို သိမြင်တော်မူသည်ဖြစ်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ရဟန်းတို့အား သရဏဂုံသုံးပါးဖြင့် ရှင်ရဟန်းပြုပေးရန်ကို ဤသို့ ခွင့်ပြုစကား မိန့်ကြားတော်မူလေ၏။

'ရဟန်းတို့ ... ယခုအခါ သင်တို့ ကိုယ်တိုင်သာလျှင် ထိုထိုအရပ် ထိုထို ဇနပုဒ်တို့၌ ရှင်ရဟန်းပြုပေးကြကုန်လော့။ ရဟန်းတို့ ... ဤသို့ ရှင်ပြုပေးရမည်။ ရဟန်းပြုပေးရမည်။ ရှေးဦးစွာ ဆံ၊ မုတ်ဆိတ်ကို ပယ်စေပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်စေ၍ လက်ဝဲတစ်ဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်စေ ပြီးလျှင် ရဟန်းတို့၏ ခြေတို့ကို ရှိခိုးစေလျက် ဆောင့်ကြောင့်ထိုင်နေစေကာ လက်အုပ်ချီစေပြီးလျှင် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ' - ဟု ရွတ်ဆိုစေရမည်။ ရဟန်းတို့ ... ဤသရဏဂုံ သုံးပါးတို့ဖြင့် ရှင်အဖြစ်ကိုလည်း ခွင့်ပြု၏။ ရဟန်းအဖြစ်ကိုလည်း ခွင့်ပြု၏'

- ဟု မိန့်တော်မူလေ၏။

## ယသသူဌေးသား အမှူးပြုသော သူဌေးသား (၅၅)ဦး တရားထူးရခြင်း ရှေးအကြောင်း

အတိတ်ဘဝတစ်ခု၌ ယသ အစရှိကုန်သော (၅၅) ယောက်ကုန်သော အမျိုးကောင်းသားတို့သည် နာရေးကူညီအသင်းဖွဲ့ကာ ကုသိုလ်ကောင်းမှုတို့ကို ပြုကုန်လျက် ကိုးကွယ်ရာမရှိကုန်သော အလောင်းတို့ကို သုတ်သင်ကုန်လျက် လှည့်လည်ကြကုန်၏။ ထို (၅၅)ယောက်ကုန်သော သူငယ်ချင်းတို့သည် တစ်နေ့သောအခါ၌ ကိုယ်ဝန်ရှိသော မိန်းမတစ်ယောက် သေနေသည်ကို တွေ့မြင်၍ မီးသဂြိုဟ်ရန်အတွက် သုသာန်သို့ ထုတ်ဆောင်ကြကုန်ပြီ။ ထို (၅၅)ယောက်တို့တွင် (၅)ယောက်ကုန်သော သူငယ်ချင်းတို့ကို–

'သင်တို့သည် မီးသဂြိုဟ်ရစ်ကုန်'

– ဟု မှာကြားခဲ့ကာ ထို (၅)ယောက်တို့ကို ထားခဲ့ပြီး ကျန်လူတို့သည် ရွာသို့ ပြန်ကြလေကုန်၏။ ထို (၅)ယောက်တွင် ယသလောင်း သူငယ်သည် အလောင်းကောင်ကို တံစူးဝါးဖြင့် ထိုး၍လည်းကောင်း, အပြန်ပြန်လှန်၍လည်းကောင်း မီးသဂြိုဟ်စဉ် အသုဘသညာ ဖြစ်ပေါ်လေပြီ။ ထိုယသအလောင်း သူငယ်သည် အခြားလေးယောက်ကုန်သော သူငယ်ချင်းတို့အား –

'အမောင်တို့ ... မစင်ကြယ်သော ရွံရှာဖွယ်ကောင်းသော ဤအလောင်းကောင်ကို ကြည့်ကြကုန်လော့'

– ဟူ၍ တိုက်တွန်းပြီ။ ထိုလေးယောက်တို့သည်လည်း ထိုအလောင်းကောင်၌ အသုဘသညာကို ရကြကုန်ပြီ။ ထို (၅)ယောက်တို့သည် ရွာသို့ရောက်သောအခါ၌လည်း ကြွင်းကုန်သော သူငယ်ချင်း (၅၀)တို့အား ထိုအသုဘသညာအကြောင်းကို ပြောပြကြကုန်ပြီ။ ယသအလောင်း သူငယ်သည်ကား အိမ်သို့ သွား၍လည်း အမိအဖတို့အားလည်းကောင်း၊ မယားအားလည်းကောင်း အသုဘသညာ အကြောင်းကို ပြောပြလေပြီ။ ထိုအလုံးစုံသောသူတို့သည် အသုဘဘာဝနာကို ပွားများကြကုန်ပြီ။ ဤသည်ကား ထိုအမျိုးကောင်းသားတို့၏ ရှေး၌ အားထုတ်ခဲ့သော ကောင်းမှုတည်း။ ထို့ကြောင့် ယခုဘဝ၌ တရားထူးရကြခြင်း ဖြစ်လေသည်။

*( အရှင်ယသ၏ မိခင်သည် မြတ်စွာဘုရား ဘုရားဖြစ်မည့်နေ့ ကဆုန်လပြည့်နေ့ ၌ နို့ဃနာဆွမ်းကို ကပ်လှူသော သူဌေးကတော် သုဇာတာတည်း )*

*( ဝိ - ၃ - ၂၀/ ၂၉၊ မြန် ၂၃/၃၃၊ ဝိဋ္ဌ ၃-၂၄၇ )*

## ယသဝတ္ထုလာ ဆောင်ရန် လင်္ကာများ

၁။ ပဥ္စမဝါ၊ မိဂဒါ၊ မြတ်စွာနေလေပြီ။
၂။ သိတင်းကျွတ်ချိန်၊ ဆီမီးထိန်၊ အချိန်ဖြစ်လေသည်။
၃။ ကချေသည်များ၊ မောပန်းပြား၊ အိပ်များပျော်နေပြီ။
၄။ သူဌေးသားယသ၊ အသုဘ၊ စိတ်ကထင်လေပြီ။
၅။ ကာမဂုဏ်တွင်၊ အပြစ်မြင်၊ မှန်ပင်ငြီးငွေ့ပြီ။
၆။ ကိလေသရမ်း၊ နှိပ်စက်တန်း၊ ဥဒါန်းကျူးလေပြီ။
၇။ မိဂဒါဝုန်၊ တောရုံ၊ ရောက်ကုန်လာခဲ့ပြီ။
၈။ ကိလေသာထင့်၊ နှိပ်စက်လင့်၊ ကျူးရင့်ပြန်လေပြီ။
၉။ နှိပ်စက်ကင်းတာ၊ နိဗ္ဗာန်သာ၊ မြတ်စွာမိန့်လေပြီ။
၁၀။ စိတ်ရွှင်လန်းကာ၊ ယသဟာ၊ မြတ်စွာချဉ်းကပ်ပြီ။
၁၁။ အနုပုဗ္ဗာ၊ မြတ်ကထာ၊ မြတ်စွာဟောကြားပြီ။
၁၂။ တရားဆုံးမှာ၊ ယသဟာ၊ သောတာဖြစ်လေပြီ။
၁၃။ ယသအဖ၊ သားဇောကြွ၊ ရောက်ချလာခဲ့ပြီ။
၁၄။ ဒါနကထာ၊ စဉ်တိုင်းသာ၊ မြတ်စွာဟောပြန်ပြီ။
၁၅။ သူဌေးကြီးမှာ၊ မြတ်သောတာ၊ ဖြစ်ခါသွားလေပြီ။
၁၆။ ယသမည်သာ၊ ရဟန္တာ၊ ကောင်းစွာဖြစ်လေပြီ။
၁၇။ ဧဟိရဟန်း၊ အမြင့်တန်း၊ တက်လှမ်းသွားလေပြီ။
၁၈။ အနုပုဗ္ဗာ၊ မြတ်ကထာ၊ ကြားနာရ၍သည်၊
၁၉။ အမိရောပါ၊ မယားပါ၊ သောတာဖြစ်ကြပြီ။
၂၀။ ရတနာသုံးရပ်၊ ဦးစွာမှတ်၊ ဆည်းကပ်ကြလေပြီ။

၂၁။ လူ့ဘဝနှင်း၊ သူငယ်ချင်း၊ ရောင်းရင်းများတို့သည်၊
၂၂။ ဤသာသနာ၊ ယုတ်ညံ့တာ၊ ဖြစ်မှာမဟုတ်ပြီ။
၂၃။ ဤသို့တွေးကာ၊ မိဂဒါ၊ ရောက်လာပြန်တော့သည်။
၂၄။ စဉ်တိုင်းတရား၊ မြတ်ဘုရား၊ ဟောကြားပြန်လေပြီ။
၂၅။ ငါးဆယ်လေးပါး၊ ထိုသူများ၊ တရားရကြပြီ။
၂၆။ ဖေတိရဟန်း၊ အမြင့်တန်း၊ တက်လှမ်းသွားကြပြီ။
၂၇။ ရှေးဘဝမှာ၊ အသုဘာ၊ သညာဖြစ်ခဲ့သည်။
၂၈။ သညာဖြစ်ပြား၊ အကျိုးသွား၊ တရားရကြသည်။
၂၉။ အသုဘဟု၊ တရားစု၊ ပွားရှုကြရမည်။
၃၀။ ခြောက်ဆယ့်တစ်ပါး၊ ရိယာများ၊ ထင်ရှားပေါ် ခဲ့ပြီ။
၃၁။ ဗဟုဇန၊ ဟိတာယ၊ ရှိကြဖို့ရာသည်၊
၃၂။ တရားစည်ကြီး၊ ရိုက်ခါတည်း၊ ဆော်တီးမြည်စေပြီ။
၃၃။ ရဟန်းလောင်းပဲ၊ ရှင်လောင်းပဲ၊ ဖွဲဖွဲရောက်လာသည်။
၃၄။ သွားလာရတာ၊ ပင်ပန်းတာ၊ မြတ်စွာသိလေပြီ။
၃၅။ သရဏဂုံနှင့်၊ ရှင်လည်းထင့်၊ ဖြစ်ခွင့်ပေးလေပြီ။
၃၆။ ရဟန်းကိုပါ၊ စေသတ္တာ၊ ငဲ့ညှာခွင့်ပြုသည်။
၃၇။ သရဏဂုံပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်းနိုင်ကြပြီ။

ဝိနည်းမဟာဝါ ယသဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

# ဘဒ္ဒဝဂ္ဂိယ ဝတ္ထုလာ ကိုယ်ကျင့်တရားများ

ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ် ။ ။ ဘဒ္ဒဝဂ္ဂီ-ဟူသည် ရုပ်အဆင်းလည်း ကောင်း၍ စိတ်သဘောချင်း တူမျှကြကာ အစုအဖွဲ့လိုက် နေထိုင်တတ်ကြသော ကောသလမင်းကြီးနှင့် ဖအေတူ မအေကွဲ မင်းသားညီနောင် သုံးကျိပ်တို့ ဖြစ်ကြသည်။

မင်းသားများ တရားရကြပုံ ။ ။ မြတ်စွာဘုရားသည် ယသ အစရှိသော သူဌေးသား (၅၅) ဦးတို့အား အရဟတ္တဖိုလ်ပေါက် တရားကို ချီးမြှောက်ပြီးနောက် ဗာရာဏသီမှ ဥရုဝေလသို့ ဒေသစာရီ ကြွချီတော်မူလာခဲ့ရာ လမ်းခရီးအကြား တောအုပ်တစ်ခုသို့ဝင်လျက် တစ်ခုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူ၏။

ထိုအခါ ဘဒ္ဒဝဂ္ဂီ မင်းသားသုံးကျိပ်တို့သည် မယားတို့နှင့်အတူ ထိုတောအုပ်၌ ပျော်ပါးနေကြကုန်၏။ မယားမရှိသူ တစ်ယောက်အတွက် ပြည့်တန်ဆာမကို ခေါ်ဆောင်ခဲ့လေ၏။ ထိုပြည့်တန်ဆာမသည် ထိုမင်းသားတို့ မေ့လျော့ပျော်ပါးကြကုန်စဉ် ဥစ္စာကို ယူ၍ ထွက်ပြေးလေ၏။ မင်းသားများ နိုးလာ၍ ထိုပြည့်တန်ဆာမအား ဝိုင်းဝန်းလိုက်ရှာကြရာတွင် မြတ်စွာဘုရားကို တွေ့မြင်၍ –

'မြတ်စွာဘုရား ... မိန်းမတစ်ယောက်ကို မြင်မိလိုက်ပါသလားဘုရား'

– ဟူ၍ မေးမြန်းလေပြီ။ မြတ်စွာဘုရားက –

'မင်းသားတို့ ... မိန်းမကို အဘယ်ကြောင့် မေးကုန်သနည်း'

– ဟု မေးတော်မူရာ ဥစ္စာကိုယူ၍ ထွက်ပြေးသွားသော ပြည့်တန်ဆာမ အကြောင်းကို လျှောက်ထားကြလေပြီ။ ထိုအခါ မြတ်စွာဘုရားက မင်းသားတို့အား–

'မင်းသားတို့ ... သင်တို့သည် မိန်းမကိုရှာခြင်း၊ မိမိကိုယ်ကိုရှာခြင်း ဤနှစ်မျိုးတွင် အဘယ်ရှာခြင်းက သင်တို့အတွက် မြတ်သနည်း'

– ဟူ၍ မေးတော်မူပြီ။

'မြတ်စွာဘုရား ... မိမိကိုယ်ကို ရှာခြင်းသည်သာလျှင် တပည့်တော်တို့အတွက် မြတ်ပါသည်ဘုရား' – ဟူ၍ လျှောက်ထားကြလေပြီ။

'မင်းသားတို့ ... သို့ဖြစ်လျှင် သင်တို့ ထိုင်ကြလော့။ သင်တို့အား ငါဘုရား တရားဟောပေအံ့'

– ဟု မိန့်တော်မူပြီးလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် မင်းသားတို့အား အနုပုဗ္ဗိကထာတရားကို ဟောတော်မူလေပြီ။ တရားအဆုံး၌ မင်းသားတို့သည် အချို့သောတာပန်၊ အချို့သကဒါဂါမ်၊ အချို့အနာဂါမ် အသီးသီး ဖြစ်သွားကြလေကုန်၏။ ထိုသို့ တရားထူးရကြခြင်းသည် အတိတ်ဘဝတစ်ခုတွင် တုဏ္ဍိလဇာတ်တော်၌ ဘုရားလောင်း တုဏ္ဍိလဝက်မင်း၏ ဩဝါဒအရ ငါးပါးသီလတို့ကို စောင့်သုံးခဲ့သော ကုသိုလ်ကြောင့် ဖြစ်လေသည်။ ထို့နောက် ထိုမင်းသား သုံးကျိပ်တို့သည် မြတ်စွာဘုရားထံ၌ ဟေဘိက္ခုရဟန်းအဖြစ်ကို ခံယူရရှိကြလေသည်။

( ဝိ ၃- ၃၀/၃၊ မြန် ၃၄/ ၅၊ ဝိ ဋ ၃ ၂၅၂ )

## ဘဒ္ဒဝဂ္ဂိယ ဝတ္ထုလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | တောအုပ်တွင်းမှာ၊ | စေသတ္ထာ၊ | ထိုင်ကာရှိနေသည်။ |
| ၂။ | ဘဒ္ဒဝဂ္ဂီ၊ | ခေါ်တွင်သည်၊ | မင်းညီသုံးကျိပ်သည်၊ |
| ၃။ | ထိုတောမှာပင်၊ | ပျော်ပါးရွှင်၊ | ခံ့မင်လိုက်စားသည်။ |
| ၄။ | မေ့လျော့စဉ်မှာ၊ | ပြည့်တန်ဆာ၊ | ဥစ္စာယူပြေးပြီ။ |
| ၅။ | မိန်းမပျောက်အား၊ | ရှာဖွေသွား၊ | ဘုရားတွေ့လေပြီ။ |
| ၆။ | မိန်းမကိုရှာ၊ | ကိုယ့်ကိုရှာ၊ | အရှာနှစ်မျိုးသည်၊ |
| ၇။ | မိမိကိုယ်မှာ၊ | ရှာခြင်းသာ၊ | မြတ်တာသိကြပြီ။ |
| ၈။ | စဉ်တိုင်းတရား၊ | ဆုံးလေသွား၊ | တရားရကြပြီ။ |
| ၉။ | သကဒါဂါမ်၊ | သောတာပန်၊ | နာဂါမ်ဖြစ်ကြပြီ။ |

၁၀။ ဇေဟိရဟာန်း၊ အမြင့်တန်း၊ တက်လှမ်းသွားကြပြီ။
၁၁။ ရှေးဘဝမှာ၊ ငါးသီလာ၊ ကောင်းစွာထိန်းခဲ့သည်။
၁၂။ သီလတရား၊ အကျိုးသွား၊ တရားရကြပြီ။
၁၃။ ပဥ္စသီအား၊ မြဲအောင်များ၊ ထိန်းထားကြရမည်။
၁၄။ ကိုယ်ကျင့်သီလ၊ ထိန်းနိုင်မှ၊ ဘဝတင့်တယ်မည်။

ဘဒ္ဒဝဂ္ဂိယ ဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

# ဥရုဝေလကဿပ ချွတ်ခန်းလာ ကိုယ်ကျင့်တရားများ

ဥရုဝေလကဿပ ။ ။ ဥရုဝေလကဿပ - ဟူသည် ရသေ့၏ အမည်တည်း။ ရသေ့ညီနောင် ရှင်တစ်ထောင်တို့၏ ဦးစီးခေါင်းဆောင် ဖြစ်၏။ မိစ္ဆာဒိဋ္ဌိ အယူအဆ ကြီးမားသော ရသေ့တစ်ဦး ဖြစ်၏။ ရဟန္တာ မဟုတ်ပါဘဲလျက် မိမိကိုယ်ကို ရဟန္တာဟု ထင်မှတ်နေသူလည်း ဖြစ်၏။

နဂါးကို ဆုံးမခြင်း ။ ။ ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓသည် ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့အား ဆုံးမ၍ ရဟန်းအဖြစ်သို့ ရောက်စေပြီးနောက် ဥရုဝေလကဿပ အစရှိသော ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို ဆုံးမချွတ်ရန်အတွက် အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူသော် ဥရုဝေလသို့ ကောင်းစွာ ရောက်တော်မူ၏။ ထိုဥရုဝေလတော၌ ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပ- ဟူသော ရသေ့ညီနောင် သုံးဦးတို့ နေထိုင်ကြရာ ဥရုဝေလကဿပသည် ရသေ့ငါးရာတို့၏လည်းကောင်း၊ နဒီကဿပသည် ရသေ့သုံးရာတို့၏လည်းကောင်း၊ ဂယာကဿပသည် နှစ်ရာသောရသေ့တို့၏လည်းကောင်း အကြီးအမှူး ခေါင်းဆောင်များ အသီးသီး ဖြစ်ကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလကဿပရသေ့၏ သခ်မ်းကျောင်းသို့ ချဉ်းကပ်ပြီးလျှင် ဥရုဝေလကဿပရသေ့ကို -

'ကဿပ ... အကယ်၍ သင့်အား ဝန်မလေးမူ မီးတင်းကုပ်၌ တစ်ညဉ့်မျှ နေလို၏' - ဟု မိန့်တော်မူ၏။

'ရဟန်းကြီး ... ငါ့အား ဝန်မလေးပါ။ ဤမီးတင်းကုပ်၌ ကြမ်းတမ်း၍ တန်ခိုးကြီးမားသော လျှင်မြန်ပြင်းထန်သော အဆိပ်ရှိသော နဂါးမင်းသည် ရှိ၏။ ထိုနဂါးမင်းသည် သင့်ကို မညှဉ်းဆဲပါစေလင့်'

- ဟု ပြောဆို၏။ မြတ်စွာဘုရားသည် သုံးကြိမ်မြောက်အထိ ခွင့်တောင်းသည် ရှိသော် ဥရုဝေလကဿပသည် သုံးကြိမ်မြောက်အထိ ထိုသို့ပြောဆို၏။

ထိုအခါ မြတ်စွာဘုရားသည်-

'နဂါးသည် ငါ့ကို မညှဉ်းဆဲနိုင်ရာ။ သင်သည် မီးတင်းကုပ်ကို ခွင့်ပြုလော့'

-ဟု မိန့်တော်မူလေလျှင် ဥရုဝေလကဿပသည် -

'ရဟန်းကြီး ... ချမ်းသာသလို နေပါလော့' - ဟူ၍ ခွင့်ပြုလေ၏။

ထိုအခါ မြတ်စွာဘုရားသည် မီးတင်းကုပ်သို့ဝင်၍ မြက်အခင်းကိုခင်းကာ ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေလျက် ထိုင်တော်မူ၏။

ထိုနဂါးသည် မြတ်စွာဘုရား ဝင်လာတော်မူသည်ကို မြင်လေသော် နှလုံးမသာသဖြင့် အခိုးလွှတ်၏။ မြတ်စွာဘုရားသည်လည်း နဂါး၏ အရေပါး အရေထူ အသား အကြော အရိုး ရိုးတွင်းခြင်ဆီတို့ကို မထိခိုက်စေမူ၍ အခိုးလွှတ်တော်မူ၏။ ထိုအခါ နဂါးသည် အမျက်ကို သည်းမခံနိုင်သည်ဖြစ်၍ အလျှံကို လွှတ်လေ၏။ မြတ်စွာဘုရားသည်လည်း တေဇောကသိုဏ်းကို ဝင်စားတော်မူ၍ အလျှံကို လွှတ်လေ၏။ အလျှံနှင့် တကွကုန်သော မီးနှစ်ခုတို့သည် တောက်ကုန်သည်ရှိသော် မီးတင်းကုပ်သည် ထက်ဝန်းကျင် တောက်ပလျက် အလျှံနှင့်တကွ လောင်သကဲ့သို့ ဖြစ်လေ၏။

ထိုအခါ ရသေ့တို့သည် မီးတင်းကုပ်ကို ဝိုင်းကုန်၍-

'အချင်းတို့ ... အလွန်အဆင်းလှသော ရဟန်းကြီးကို နဂါးသည် ညှဉ်းဆဲပြီ'

- ဟူ၍ ပြောဆိုကြလေကုန်၏။

ထို့နောက် မြတ်စွာဘုရားသည် ထိုညဉ့်လွန်သောအခါ၌ ထိုနဂါး၏ အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီတို့ကို မထိခိုက်စေမူ၍ မိမိတန်ခိုးဖြင့် နဂါး၏တန်ခိုးကို ကုန်ခန်းစေပြီးလျှင် သပိတ်၌ ထည့်၍ ဥရုဝေလကဿပ ရသေ့အား-

'ကဿပ ... ဤသည်ကား သင်၏ နဂါးတည်း။ ငါ၏ တန်ခိုးဖြင့် ထိုနဂါး၏ တန်ခိုးကို ကုန်စေအပ်ပြီ' - ဟု ပြတော်မူ၏။

ထိုအခါ ဥရုဝေလကဿပရသေ့အား -

'ရဟန်းကြီးသည် စင်စစ်တန်ခိုးကြီး၏။ အာနုဘော်ကြီး၏။ ယင်းသို့ ကြမ်းတမ်း၍ တန်ခိုးကြီးမားသော လျှင်မြန်ပြင်းထန်သော အဆိပ်ရှိသော နဂါး၏ တန်ခိုးကို မိမိတန်ခိုးဖြင့် ကုန်စေနိုင်၏။ သို့ရာတွင် ငါကဲ့သို့ ရဟန္တာကား မဟုတ်သည်သာတည်း' - ဟု အကြံဖြစ်လေ၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဥရုဝေလကဿပရသေ့၏ အကြံအစည်ကို သိပါသော်လည်း ကျွတ်တမ်းဝင်ရန် အချိန်မတန်သေးသောကြောင့် သည်းခံ၍ ဉာဏ်ရင့်ကျက်သော အချိန်အခါကို စောင့်ကာ သုံးထောင့်ငါးရာကုန်သော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူလျက် အချိန်ကို ကုန်လွန်စေတော်မူရလေ၏။

ဉာဏ်ရင့်ကျက်သော အချိန်သို့ ရောက်လာသောအခါ၌ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဥရုဝေလရသေ့ကို-

'ကဿပ ... သင်ကား ရဟန္တာလည်း မဟုတ်။ အရဟတ္တမဂ်နှင့် ပြည့်စုံသူလည်း မဟုတ်။ သင့်အား ရဟန္တာဖြစ်ရန်သော်လည်းကောင်း၊ အရဟတ္တမဂ်နှင့် ပြည့်စုံရန်သော်လည်းကောင်း ဖြစ်နိုင်သော အကျင့်လည်း မရှိ'

- ဟု ပွင့်ပွင့်လင်းလင်း အသိပေး မိန့်တော်မူလေ၏။

ထိုအခါ ဥရုဝေလကဿပရသေ့သည် မြတ်စွာဘုရားခြေတို့၌ ဦးခိုက်၍ မြတ်စွာဘုရားကို -

'မြတ်စွာဘုရား ... တပည့်တော်သည် မြတ်စွာဘုရားအထံတော်၌ ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ရလိုပါ၏' - ဟု လျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလကဿပအား -

'ကဿပ ... သင်ကား ငါးရာသော ရသေ့တို့၏ အကြီးအမှူး ဦးစီးခေါင်းဆောင် ဖြစ်၏။ ထိုရသေ့တို့ကိုလည်း ပန်ကြားဦးလော့။ ထိုရသေ့တို့သည် ထင်မြင်သည့်အတိုင်း ပြုကြကုန်လတ္တံ့' - ဟု မိန့်တော်မူ၏။

ထို့နောက် ဥရုဝေလကဿပရသေ့သည် ထိုရသေ့တို့ထံသို့ ချဉ်းကပ်၍ -

'ရသေ့တို့ ... ငါသည် ရဟန်းကြီးထံ၌ မြတ်သောအကျင့်ကို ကျင့်လို၏။

အရှင်ရသေ့တို့သည် ထင်မြင်သည့်အတိုင်း ပြုကုန်လော့' - ဟု ပြောဆိုလေ၏။

ထိုအခါ ထိုရသေ့အပေါင်းတို့သည် ဥရုဝေလကဿပရသေ့အား -

'အရှင်ရသေ့ ... အကျွန်ုပ်တို့သည်ကား ရဟန်းကြီး၌ ကြည်ညိုခဲ့ကြသည်မှာ ကြာမြင့်ချေပြီ။ အရှင်ရသေ့သည် ရဟန်းကြီးထံ၌ မြတ်သောအကျင့်ကို အကယ်၍ ကျင့်ပါမူ အကျွန်ုပ်တို့ အားလုံးပင် ရဟန်းကြီးထံ၌ မြတ်သောအကျင့်ကို ကျင့်ပါကုန်အံ့'

- ဟု ပြောဆိုကြကုန်၏။

<u>ဧဟိဘိက္ခုရဟန်း ဖြစ်ကြခြင်း</u> ။ ။ ထို့နောက် ထိုရသေ့တို့သည် ဆံ၊ ဆံကျစ်၊ ပရိက္ခရာဆောင် ထမ်းပိုး၊ မီးမွှေယောက်မ စသော ရသေ့အသုံးအဆောင်တို့ကို ရေ၌ မျှောပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ ခြေတော်တို့၌ ဦးခိုက်ကုန်လျက် -

'မြတ်စွာဘုရား ... တပည့်တော်တို့သည် မြတ်စွာဘုရားထံတော်၌ ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ရလိုပါကုန်၏'

- ဟု လျှောက်ထားတောင်းပန်ကြလေကုန်၏။ ထိုရသေ့တို့သည် မြတ်စွာဘုရားထံ၌ **'ဧဟိဘိက္ခု'** ရဟန်းအဖြစ်ကို ရရှိကြလေကုန်၏။

ထိုနည်းတူစွာ နဒီကဿပစသော ရသေ့သုံးရာတို့သည်လည်းကောင်း, ဂယာကဿပ စသော ရသေ့နှစ်ရာတို့သည်လည်းကောင်း မြတ်စွာဘုရားထံ၌ **'ဧဟိဘိက္ခု'** ရဟန်းအဖြစ်ကို ရရှိကြလေကုန်၏။ ဤသို့လျှင် ဥရုဝေလကဿပ အမှူးပြုသော ရသေ့ညီနောင် ရှင်တစ်ထောင်တို့သည် ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်ရှိသွားကြလေကုန်၏။

<u>ရဟန္တာ ဖြစ်ကြခြင်း</u> ။ ။ ထို့နောက် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ရသေ့ညီနောင် ရှင်တစ်ထောင်ရဟန်းတို့အား အရဟတ္တဖိုလ် ပေါက် တရားတော်ကို ဟောကြားတော်မူလိုသည်ဖြစ်၍ ဥရုဝေလတောမှ ဂယာသီသ အရပ်သို့ ထိုရသေ့တစ်ထောင် ရဟန်းတို့နှင့်အတူ ကြွတော်မူပြီးလျှင် ထိုဂယာရွာ၏အနီး

ဂယာသီသအရပ်၌ ထိုရသေ့တစ်ထောင် ရဟန်းတို့အား အာဒိတ္တပရိယာယသုတ်တော်ကို ဤသို့ ဟောကြားတော်မူလေ၏။

'ရဟန်းတို့ ... သဗ္ဗံ အာဒိတ္တံ – အလုံးစုံသောတရားသည် ပြောင်ပြောင်တောက်လောင်၏။ ကိဉ္စ သဗ္ဗံ အာဒိတ္တံ – အဘယ်မည်သော အလုံးစုံသောတရားသည် ပြောင်ပြောင်တောက်လောင်သနည်း။

၁။ မျက်စိသည်လည်းကောင်း၊ အဆင်းတို့သည်လည်းကောင်း၊ မျက်စိအသိ စက္ခုဝိညာဏ်စိတ်သည်လည်းကောင်း၊ မျက်စိအတွေ့ စက္ခုသမ္ဖဿသည်လည်းကောင်း၊ မျက်စိအတွေ့ကြောင့် ဖြစ်ပေါ်လာသော သုခဝေဒနာသည်လည်းကောင်း၊ ဒုက္ခဝေဒနာသည်လည်းကောင်း၊ ဥပေက္ခာဝေဒနာသည်လည်းကောင်း ပြောင်ပြောင်တောက်လောင်၏။

၂။ နားသည်လည်းကောင်း၊ အသံတို့သည်လည်းကောင်း၊ နားအသိသောတဝိညာဏ်စိတ်သည်လည်းကောင်း၊ နားအတွေ့ သောတသမ္ဖဿသည်လည်းကောင်း၊ နားအတွေ့ကြောင့် ဖြစ်ပေါ်လာသော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာသည်လည်းကောင်း ပြောင်ပြောင်တောက်လောင်၏။

၃။ နှာခေါင်းသည်လည်းကောင်း၊ အနံ့တို့သည်လည်းကောင်း၊ နှာခေါင်းအသိ ဃာနဝိညာဏ်စိတ်သည်လည်းကောင်း၊ နှာခေါင်းအတွေ့ဃာနသမ္ဖဿသည်လည်းကောင်း၊ နှာခေါင်းအတွေ့ကြောင့် ဖြစ်ပေါ်လာသော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာသည်လည်းကောင်း ပြောင်ပြောင်တောက်လောင်၏။

၄။ လျှာသည်လည်းကောင်း၊ အရသာတို့သည်လည်းကောင်း၊ လျှာအသိ ဇိဝှါဝိညာဏ်စိတ်သည်လည်းကောင်း၊ လျှာအတွေ့ ဇိဝှါသမ္ဖဿသည်လည်းကောင်း၊ လျှာအတွေ့ကြောင့် ဖြစ်ပေါ်လာသော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာသည်လည်းကောင်း ပြောင်ပြောင်တောက်လောင်၏။

၅။ ကိုယ်သည်လည်းကောင်း၊ အတွေ့အထိတို့သည်လည်းကောင်း၊ ကိုယ်အသိ ကာယဝိညာဏ်စိတ်သည်လည်းကောင်း၊ ကိုယ်အတွေ့ ကာယသမ္ဖဿသည်လည်းကောင်း၊ ကိုယ်အတွေ့ကြောင့် ဖြစ်ပေါ်လာသော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာသည်လည်းကောင်း ပြောင်ပြောင်တောက်လောင်၏။

၆။ စိတ်သည်လည်းကောင်း၊ စိတ်၏အာရုံ-ဓမ္မာရုံတို့သည်လည်းကောင်း၊ စိတ်အသိ မနောဝိညာဏ်စိတ်သည်လည်းကောင်း၊ စိတ်အတွေ့ မနောသမ္ဖဿသည်လည်းကောင်း၊ စိတ်အတွေ့ကြောင့် ဖြစ်ပေါ်လာသော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာတို့သည်လည်းကောင်း ပြောင်ပြောင်တောက်လောင်၏။

ကေန အာဒိတ္တံ - အဘယ်ဖြင့် ပြောင်ပြောင်တောက်လောင်သနည်း ဟူမူ-

စွဲမက်မှု ရာဂမီးဖြင့်၊ အမျက်ထွက်မှု ဒေါသမီးဖြင့်၊ တွေဝေမှု မောဟမီးဖြင့်၊ ပဋိသန္ဓေနေမှု ဇာတိ၊ အိုမှု ဇရာ၊ သေမှု မရဏ၊ စိုးရိမ်မှု သောက၊ ငိုကြွေးမှု ပရိဒေဝ၊ ကိုယ်ဆင်းရဲမှု ဒုက္ခ၊ စိတ်ဆင်းရဲမှု ဒေါမနဿ၊ ပြင်းစွာပင်ပန်းမှု ဥပါယာသတို့ဖြင့် ပြောင်ပြောင်တောက်လောင်၏။ ဤတစ်ဆယ့်တစ်ပါးသော မီးတို့ဖြင့် ပြောင်ပြောင်တောက်လောင်၏။

ရဟန်းတို့ ... ဤသို့ရှုသော အကြားအမြင်များသော ငါဘုရား၏ တပည့်သည်-

၁။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနတို့၌လည်း ငြီးငွေ့၏။

၂။ စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှါဝိညာဉ်၊ ကာယဝိညာဉ်၊ မနောဝိညာဉ်တို့၌လည်း ငြီးငွေ့၏။

၃။ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿတို့၌လည်း ငြီးငွေ့၏။

၄။ ထိုအတွေ့တို့ကြောင့် ဖြစ်ပေါ်လာသော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာတို့၌လည်း ငြီးငွေ့၏။

ငြိုးငွေ့သည်ရှိသော် မစွဲမက်။ မစွဲမက်ခြင်းကြောင့် ကိလေသာမှ လွတ်၏။ ကိလေသာမှ လွတ်ပြီးသော် ကိလေသာမှ လွတ်ပြီဟု အသိဉာဏ် ဖြစ်ပေါ်၏။ ပဋိသန္ဓေနေမှု ကုန်ပြီ။ မြတ်သောအကျင့်ကို ကျင့်သုံးအပ်ပြီ။ မဂ်ကိစ္စကို ပြုအပ်ပြီ။ ဤမဂ်ကိစ္စ အကျိုးငှါ တစ်ပါးသောပြုဖွယ် မရှိတော့ပြီ ' - ဟု သိ၏။

ဤဂါထာမဖက် သက်သက်သော ဒေသနာတော်ကို ဟောတော်မူသည်ရှိသော် ဥရုဝေလကဿပ အမျှူးပြုသော ရသေ့ညီနောင် ရှင်တစ်ထောင်ဟု ဆိုအပ်သော ရဟန်း တစ်ထောင်တို့သည် အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ ရောက်ရှိကြလေကုန်၏။

( ဝိ - ၃ - ၃၁ / ၄၅ ။ မြန် - ၃၅ / ၄၈ )

## ဥရုဝေလကဿပ ချွတ်ခန်းလာ ဆောင်ရန် လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | တန်ခိုးကြီးပြား၊ | နဂါးအား၊ | ဘုရားဆုံးမသည်။ |
| ၂။ | ဥရုဝေလ၊ | ကဿပ၊ | မည်ရရသေ့သည်၊ |
| ၃။ | ရဟန်းကြီးကား၊ | တန်ခိုးများ၊ | ကြီးမားလှချေသည်။ |
| ၄။ | ငါကဲ့သို့သာ၊ | ရဟန္တာ၊ | ဘယ်မှာဟုတ်လိမ့်မည်။ |
| ၅။ | အချိန်မတန်၊ | မြတ်ဇိနံ၊ | သည်းခံနေရသည်။ |
| ၆။ | အချိန်တန်မှ၊ | မြတ်ဗုဒ္ဓ၊ | ဖွင့်ဟပြောလေပြီ။ |
| ၇။ | ရသေ့ညီနောင်၊ | ရှင်တစ်ထောင်၊ | ထုတ်ဆောင်ကယ်တင်ပြီ။ |
| ၈။ | ဧဟိဘိက္ခု၊ | ရဟန်းဟု၊ | ခေါ် မှုပြုလေပြီ။ |
| ၉။ | အာဒိတ္တခေါ်၊ | တရားနှော်၊ | ရှင်တော်ဟောကြားပြီ။ |
| ၁၀။ | စက္ခုသောတာ၊ | အားလုံးပါ၊ | ဘယ်ဟာမကျန်ပြီ။ |
| ၁၁။ | တစ်ဆယ့်တစ်မီး၊ | ပြောင်ပြောင်ငြိုး၊ | လောင်မီးကျလေပြီ။ |
| ၁၂။ | တရားဆုံးမှာ၊ | ရဟန္တာ၊ | ကောင်းစွာဖြစ်ကြပြီ။ |
| ၁၃။ | မီးလောင်နေတာ၊ | သိကြပါ၊ | ငြိမ်းရာရှာသင့်ပြီ။ |

ဥရုဝေလ ကဿပ ချွတ်ခန်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

## ဗိမ္ဗိသာရမင်းနှင့် တွေ့ဆုံခန်းလာ ကိုယ်ကျင့်တရားများ

**ရာဇဂြိုဟ်မြို့သို့ ကြွတော်မူခြင်း ။** ။ ထို့နောက် မြတ်စွာဘုရားသည် ဂယာသီသအရပ်၌ ဥရုဝေလကဿပ အမှူးပြုသော ရသေ့ညီနောင် ရှင်တစ်ထောင်တို့အား အာဒိတ္တပရိယာယ်ဒေသနာ အရဟတ္တဖိုလ်ပေါက် ချီးမြှောက်တော်မူပြီးလျှင် ဂယာသီသ အရပ်မှ ရာဇဂြိုဟ်မြို့သို့ အလုံးစုံ ရသေ့ဟောင်းများချည်း ဖြစ်ကုန်သော ရဟန်း တစ်ထောင်တို့နှင့်အတူ ဒေသစာရီ ကြွချီတော်မူလာရာ ရာဇဂြိုဟ်မြို့ ထန်းတော ဥယျာဉ်အတွင်း သုပ္ပတိဋ္ဌခေါ် သူခပ်သိမ်းတို့ ပူဇော်ရာ ပညောင်ပင်ကြီး၌ သီတင်းသုံး နေတော်မူ၏။

**ဗိမ္ဗိသာရမင်း ဖူးမြော်ခြင်း ။** ။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ပညောင်ပင်ကြီး၌ သီတင်းသုံး နေတော်မူသည်ကို ကြားသိ၍ မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းသည် တစ်သိန်းနှစ်သောင်းသော မဂဓတိုင်းသား ပုဏ္ဏားများနှင့် အမျိုးသားတို့ဖြင့် ခြံရံလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တစ်ခုသောနေရာ၌ ထိုင်နေ၏။

ထိုတစ်သိန်းနှစ်သောင်းသော မဂဓတိုင်းသား ပုဏ္ဏားများနှင့် အမျိုးသားအချို့ တို့သည် မြတ်စွာဘုရားကို ရှိခိုး၍ တစ်ခုသောနေရာ၌ ထိုင်ကုန်၏။ အချို့တို့သည် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုကုန်၏။ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တစ်ခုသောနေရာ၌ ထိုင်ကုန်၏။

အချို့တို့သည် မြတ်စွာဘုရားရှိရာအရပ်သို့ လက်အုပ်ချီလျက် တစ်ခုသောနေရာ ၌ ထိုင်ကုန်၏။ အချို့တို့သည် မြတ်စွာဘုရားထံ၌ အမည်အနွယ်ကို ပြောကြားလျက် တစ်ခုသောနေရာ၌ ထိုင်ကုန်၏။ အချို့တို့သည် တိတ်ဆိတ်စွာ တစ်ခုသောနေရာ၌ ထိုင်ကုန်၏။

<u>မည်သူ ဆရာနည်း</u> ။ ။ ထိုအခါ တစ်သိန်းနှစ်သောင်းကုန်သော မဂဓတိုင်းသား ပုဏ္ဏားများနှင့် အမျိုးသားတို့အား –

'ရဟန်းကြီးကပင် ဥရုဝေလကဿပထံ၌ မြတ်သောအကျင့်ကို ကျင့်လေသလော။ ဥရုဝေလကဿပကပင် ရဟန်းကြီးထံ၌ မြတ်သောအကျင့်ကို ကျင့်လေသလော'

– ဟု အကြံဖြစ်ကြလေကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုပရိသတ်တို့၏ အကြံအစည်ကို သိတော်မူ၍ အရှင်ဥရုဝေလကဿပကို ဂါထာဖြင့် မေးတော်မူ၏။

'ဥရုဝေလတော၌နေသော ကဿပ ... သင်သည် အကျင့်ဖြင့် ကြုံလှီသော ရသေ့တို့ကို ဆုံးမတတ်သော ဆရာကြီးဖြစ်လျက် အဘယ်ကိုမြင်၍ မီးပူဇော်ခြင်းကို စွန့်လွှတ်သနည်း။ ကဿပ ... သင့်အား ထိုအကြောင်းကို မေးမြန်းအံ့။ သင်၏ မီးပူဇော်ခြင်းကို သင်သည် အဘယ်ကြောင့် ပယ်စွန့်သနည်း'

ထိုအခါ အရှင်ဥရုဝေလကဿပသည် မြတ်စွာဘုရားအား ဤသို့ လျှောက်ထား၏။

'မြတ်စွာဘုရား ... အဆင်း၊ အသံ၊ အရသာဟူသော ကာမဂုဏ်တို့ကို လည်းကောင်း၊ မိန်းမတို့ကိုလည်းကောင်း၊ ယဇ်ပူဇော်ခြင်းကြောင့် ပြည့်စုံကုန်၏– ဟု ပြောဆိုကုန်၏။ ထိုအလုံးစုံသည် ခန္ဓာဟူသော ဥပဓိတို့၌ အညစ်အကြေးသာတည်းဟု သိရသောကြောင့် ယဇ်ကြီးယဇ်ငယ် ပူဇော်ခြင်းတို့၌ မမွေ့လျော်တော့ပါ'

– ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလကဿပအား ဤသို့ မေးတော်မူပြန်၏။

'ကဿပ ... အဆင်း၊ အသံ၊ အရသာ ဟုဆိုအပ်သော ဤကာမဂုဏ်တို့၌ သင်၏ စိတ်နှလုံးသည် မမွေ့လျော်သည်ဖြစ်အံ့။ အဘယ်မည်သော လူ့ပြည်၊ နတ်ပြည်၌ သင်၏ စိတ်နှလုံးသည် မွေ့လျော်သနည်း။ ကဿပ ... ထိုအကြောင်းကို ငါဘုရားအား ပြောဆိုဦးလော့'

ထိုအခါ အရှင်ဥရုဝေလကဿပသည် မြတ်စွာဘုရားအား ဤသို့လျှောက်ထားလေ၏။

'မြတ်စွာဘုရား ... အကြင်နိဗ္ဗာန်သည် ငြိမ်သက်၏။ ခန္ဓာစသော ဥပဓိလည်း မရှိ။ ရာဂစသော ကြောင့်ကြမှုလည်း မရှိ။ ကာမဘုံ၌လည်း မငြိကပ်။ ပဋိသန္ဓေ တည်နေ ဖြစ်ပွားရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းဖြင့် ဖောက်ပြန်မှုလည်း မရှိ။ မဂ်မှတစ်ပါး အခြားသောတရားဖြင့်လည်း မသိအပ်။ ထိုနိဗ္ဗာန်ကို သိမြင်သော ကြောင့် တပည့်တော်၏ စိတ်သည် ယဇ်ကြီးယဇ်ငယ် ပူဇော်ခြင်းတို့၌ မမွေ့လျော်ပါ'

- ဟု လျှောက်ထားလေ၏။

ထို့နောက် အရှင်ဥရုဝေလကဿပသည် နေရာမှထ၍ ပခုံးတစ်ဖက်၌ အပေါ်ရုံ သင်္ကန်းကို စမွယ်တင်၍ မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်ပြီးလျှင် မြတ်စွာဘုရား ကို -

'အရှင်ဘုရား ... မြတ်စွာဘုရားသည် တပည့်တော်၏ ဆရာပါတည်း။ တပည့်တော်သည်ကား တပည့်ဖြစ်ပါ၏။ အရှင်ဘုရား ... မြတ်စွာဘုရားသည် တပည့်တော်၏ ဆရာပါတည်း။ တပည့်တော်သည်ကား တပည့်ဖြစ်ပါ၏'

- ဟု လျှောက်ထားလေ၏။

ထိုအခါ တစ်သိန်းနှစ်သောင်းသော မဂဓတိုင်းသား ပုဏ္ဏားများနှင့် အမျိုးသား တို့အား -

'ဥရုဝေလကဿပသည် ရဟန်းကြီးထံ၌ မြတ်သောအကျင့်ကို ကျင့်၏'

- ဟု အသိဉာဏ် ဖြစ်ကြလေကုန်၏။

**<u>သောတာပန် ဖြစ်ကြခြင်း</u>** ။ ။ ထို့နောက် မြတ်စွာဘုရားသည် ထိုတစ်သိန်းနှစ်သောင်း သော မဂဓတိုင်းသား ပုဏ္ဏားများနှင့် အမျိုးသားတို့၏ စိတ်ကို မိမိစိတ်ဖြင့် သိတော်မူ၍ အနုပုဗ္ဗိကထာ တရားစကားကို ဟောကြားတော်မူ၏။ တရားအဆုံး၌ ဗိမ္ဗိသာရအမှူးရှိသော တစ်သိန်းတစ်သောင်းသော ပုဏ္ဏားများနှင့် အမျိုးသားတို့သည် သောတာပန်အဖြစ်သို့ ရောက်ကြလေကုန်၏။ တစ်သောင်းသော လူအပေါင်းသည် ဥပါသကာအဖြစ်ကို လျှောက်ထားကြလေကုန်၏။

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားအား အားရကြည်နူးစွာ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူ ဥပါသကာအဖြစ်ကို လျှောက်ထားလေ၏။ နက်ဖြန်အတွက်လည်း ဆွမ်းစားပင့်ခဲ့လေ၏။

<u>သိကြားမင်း လမ်းရှင်းပေးခြင်း ။</u> ။ နံနက်မိုးသောက် အလင်းရောက်သောအခါ မြတ်စွာဘုရားသည် သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကိုယူလျက် အလုံးစုံသော ရသေ့ဟောင်းချည်း ဖြစ်ကုန်သော ရဟန်းတစ်ထောင်နှင့်အတူ ရာဇဂြိုဟ်မြို့သို့ ဝင်တော်မူ၏။

မြို့တွင်း၌ ဘုရားဖူးပရိသတ်များ ကြိတ်ကြိတ်တိုးနေသည်ဖြစ်၍ မြတ်စွာဘုရားကြွတော်မူရာ လမ်းခရီးကို ရှင်းပေးသောအားဖြင့် နတ်တို့၏အရှင် သိကြားမင်းသည် လုလင်အသွင် ဖန်ဆင်း၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်၏ ရှေ့မှ ရှေ့မှ ဤဂါထာတို့ကို သီဆိုလျက် သွားလေ၏။

'ယဉ်ကျေးသော စိတ်နှလုံးရှိတော်မူသော၊ ကိလေသာမှ လွတ်မြောက်တော်မူပြီးသော၊ သိင်္ဂီနိက် ရွှေအဆင်းရှိတော်မူသော မြတ်စွာဘုရားသည် ယဉ်ကျေးသော စိတ်နှလုံးရှိကုန်သော၊ ကိလေသာမှ လွတ်မြောက်ပြီးကုန်သော ရသေ့ဟောင်း ရဟန္တာ တစ်ထောင်နှင့် အတူ ရာဇဂြိုဟ်မြို့သို့ ဝင်တော်မူလာပါပြီ။

ငြိမ်သက်သော ဣန္ဒြေရှိတော်မူသော၊ ကိလေသာမှ လွတ်မြောက်တော်မူပြီးသော၊ သိင်္ဂီနိက် ရွှေအဆင်း ရှိတော်မူသော မြတ်စွာဘုရားသည် ငြိမ်သက်သော ဣန္ဒြေရှိကုန်သော၊ ကိလေသာမှ လွတ်မြောက်ကုန်ပြီးသော ရသေ့ဟောင်း ရဟန္တာ တစ်ထောင်နှင့် အတူ ရာဇဂြိုဟ်မြို့သို့ ဝင်တော်မူလာပါပြီ'

- ဟု ဤဂါထာတို့ကို သီဆိုလျက် သွားလေ၏။

ထိုအခါ လူတို့သည် နတ်တို့၏အရှင် သိကြားမင်းကို မြင်၍ -

'ဤလုလင်သည် အလွန်အဆင်းလှပေစွတကား ...။ ဤလုလင်သည် ရှုချင်ဖွယ် ရှိပေစွတကား ... ။ ဤလုလင်သည် ကြည်ညိုဖွယ် ရှိပေစွတကား ... ။ ဤလုလင်သည် အဘယ်သူ၏ သားဖြစ်ပါလိမ့်မည်နည်း'

- ဟု ပြောဆိုကြလေကုန်၏။

ထိုအခါ နတ်တို့ကို အစိုးရသော သိကြားမင်းသည် ထိုလူတို့ကို -

'အကြင်မြတ်စွာဘုရားသည် လောက၌ မြဲမြံတည်တံ့သော လုံ့လပညာနှင့် ပြည့်စုံတော်မူ၏။ ခပ်သိမ်းသော ဣန္ဒြေတို့၌ ယဉ်ကျေးတော်မူ၏။ ခပ်သိမ်းသော ကိလေသာတို့မှ စင်ကြယ်တော်မူ၏။ တုဘက်ပုဂ္ဂိုလ်လည်း ရှိတော်မမူ။ လူနတ်တို့၏ ပူဇော်အထူးကိုလည်း ခံတော်မူထိုက်၏။ ကောင်းသောစကားကိုလည်း ဟောကြားတော်မူတတ်၏။ ငါသည်ကား ထိုမြတ်စွာဘုရား၏ အလုပ်အကျွေးပင်တည်း'

- ဟု ဂါထာဖြင့် ပြောဆိုလိုက်လေ၏။

**ကျောင်းတိုက်အာရာမ်ကို လက်ခံတော်မူခြင်း ။** ။ ထိုအခါ မြတ်စွာဘုရားသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်း၏ နန်းတော်သို့ ချဉ်းကပ်ပြီးနောက် ရဟန်းသံဃာနှင့်အတူ ခင်းထားသောနေရာ၌ ထိုင်တော်မူ၏။

ဗိမ္ဗိသာရမင်းသည် မြတ်စွာဘုရား အမျူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင်၊ တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏။

မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီး၍ သပိတ်မှလက်ကို ဖယ်ပြီးသောအခါ ဗိမ္ဗိသာရမင်းသည် တစ်ခုသောနေရာ၌ ထိုင်လျက် ရွှေကရားကို ယူ၍-

'မြတ်စွာဘုရား ... တပည့်တော်သည် ရဟန်းသံဃာများ နေထိုင်ရန် သင့်လျော်သော ဤဝေဠုဝန်ဥယျာဉ်ကို မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာတော်များအား လှူပါ၏'

– ဟု မြွက်ဆို၍ မြတ်စွာဘုရားအား စွန့်လွှတ်လှူဒါန်းလေ၏။ မြတ်စွာဘုရားသည် ကျောင်းတိုက်အာရာမ်ကို ခံယူတော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းအား တရားစကားဖြင့် အကျိုးစီးပွားကို သိမြင်စေလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေတော်မူပြီးလျှင် နေရာမှထကာ ဖဲ၍ကြွသွားတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤသို့သော အကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့အား 'ရဟန်းတို့ ... အာရာမ်ကို အလှူခံစိမ့်သောငှါ ခွင့်ပြု၏' ဟု မိန့်တော်မူလေ၏။

( ဝိ - ၃ - ၄၅ / ၅၀ ။ မြန် - ၄၉ / ၅၄ )



## ဗိမ္ဗိသာရမင်းနှင့် တွေ့ဆုံတော်မူခန်းလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ရဟန်းနှစ်ထောင်၊ | ခြံရံဆောင်၊ | ထွက်ခေါင်ကြွလာပြီ။ |
| ၂။ | အများပူဇော်၊ | ညောင်ပင်သော်၊ | သုံးတော်မူလေပြီ။ |
| ၃။ | တစ်သိန်းနှစ်သောင်း၊ | ခြံရံကြောင်း၊ | စုပေါင်းပါလို့သည်၊ |
| ၄။ | ဗိမ္ဗိသာရ၊ | မင်းရာဇ၊ | ဗုဒ္ဓဖူးမြော်ပြီ။ |
| ၅။ | ဘယ်ဟာဆရာ၊ | သာဝကာ၊ | ဒွိဟာဖြစ်၍သည်၊ |
| ၆။ | တပည့်သာဝက၊ | ဖြစ်ကြောင်းပ၊ | ကဿပလျှောက်ထားပြီ။ |
| ၇။ | အစဉ်တိုင်းသော်၊ | တရားနှော်၊ | ရှင်တော်ဟောကြားပြီ။ |
| ၈။ | တစ်သိန်းတစ်သောင်း၊ | သောမဂ်ကြောင်း၊ | ကောင်းကောင်းရောက်ကြပြီ။ |
| ၉။ | ကျန်တစ်သောင်းမှာ၊ | ဥပသာ၊ | ဖြစ်ရှာရလေသည်။ |
| ၁၀။ | နတ်တို့သနင်း၊ | သိကြားမင်း၊ | လမ်းရှင်းပေးလေပြီ။ |
| ၁၁။ | ဘုရားမြတ်စွာ၊ | နန်းတော်သာ၊ | ကောင်းစွာကြွနိုင်ပြီ။ |
| ၁၂။ | ဗိမ္ဗိသာရ၊ | ဥယျာန်၊ | ဒါနပြုလေပြီ။ |
| ၁၃။ | အာရာမ်လှူတာ၊ | ခံယူပါ၊ | မြတ်စွာခွင့်ပြုပြီ။ |
| ၁၄။ | လှူလိုသူများ၊ | အာရာမ်အား၊ | လှူထားနိုင်ကြသည်။ |

ဗိမ္ဗိသာရမင်းနှင့် တွေ့ဆုံတော်မူခန်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

## အရှင်သာရိပုတြာ၊ အရှင်မောဂ္ဂလာန် ရဟန်းပြုခန်းလာ ကိုယ်ကျင့်တရားများ

**မသေရာ နိဗ္ဗာန်ကို ရှာဖွေခြင်း ။** ။ သာရိပုတြာ, မောဂ္ဂလာန်တို့သည် လူဖြစ်စဉ်အခါက ဥပတိဿ, ကောလိတ ဟူ၍ အမည်တွင်ကြကုန်၏။ တစ်နေ့သောအခါ၌ ဥပတိဿနှင့် ကောလိတတို့သည် နှစ်ရာ့ငါးဆယ်သော လုလင်ငယ်တို့ ခြံရံလျက် တောင်ထိပ်ပွဲသဘင်ကို ကြည့်ရှုနေကြစဉ် များစွာသော လူအပေါင်းကိုမြင်၍ -

'ဤမျှများပြားသော ဤလူအပေါင်းသည် အနှစ်တစ်ရာမရောက်မီ သေမင်းခံတွင်း၌ ကျရောက်လတ္တံ့.'

- ဟု စဉ်းစားဉာဏ် ဖြစ်ကြလေပြီ။

ထိုဥပတိဿ၊ ကောလိတတို့သည် -

'သေခြင်းတရားရှိလျှင် မသေခြင်းတရားလည်း ရှိရမည်။ ငါတို့သည် မသေရာ အမြိုက်တရားကို ရှာမှီးကြကုန်စို့.'

- ဟူ၍ တိုင်ပင်ကြပြီးလျှင် မသေခြင်းတရားကို ရှာမှီးခြင်း အကျိုးငှါ နောက်လိုက် ပရိသတ် နှစ်ရာ့ငါးဆယ်နှင့်အတူ အဝတ်ဖြူဝတ်သော သဉ္စည်းဆရာ၏ အထံ၌ ပရိဗိုဇ်ရဟန်း ပြုလုပ်ကြလေကုန်၏။

**ကတိကဝတ်ပြုကြခြင်း ။** ။ နှစ်ရက်၊ သုံးရက်မျှဖြင့် သဉ္စည်းဆရာကြီး၏ ဉာဏ်အရာ၌ ကမ်းတစ်ဖက်သို့ ရောက်၍ မသေရာတရားကို မတွေ့မြင်ကြသည်ဖြစ်၍ ဥပတိဿနှင့် ကောလိတတို့သည် သဉ္စည်းဆရာကြီးအား -

'ဆရာ ... အခြားသော အနှစ်သာရတရားသည် ရှိပါသေးသလား'

- ဟူ၍ မေးကြကုန်ပြီ။

'ငါ့ရှင်တို့... မရှိတော့ဘူး။ ဤတရားသည် ဤမျှသာတည်း'

- ဟူ၍ သဉ္စည်းဆရာကြီး ဖြေလေပြီ။

ဤစကားကို ကြား၍ -

'ဤသဥ္စည်းဆရာ၏ တရားသည် အချည်းနှီးတည်း။ အနှစ်မရှိ'

- ဟူ၍ ဆုံးဖြတ်ကြပြီးနောက် ဥပတိဿနှင့် ကောလိတတို့သည် -

'မသေရာ အမြိုက်နိဗ္ဗာန်ကို ရှေးဦးစွာ ရသူသည် ပြောကြစတမ်း'

- ဟု ကတိကဝတ် ပြုထားကြလေကုန်၏။

<u>အရှင်အဿဇိနှင့်တွေ့ခြင်း</u> ။ ။ တစ်နေ့သောအခါ၌ ဣရိယာပုတ်နှင့်ပြည့်စုံသော အရှင်အဿဇိသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူကာ မျက်လွှာချလျက် ကြည်ညိုဖွယ်သော ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း၊ တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်းဖြင့် ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်တော်မူ၏။

သာရိပုတြာပရိဗိုဇ်သည် ထိုသို့ ကြည်ညိုဖွယ်ဆောင်သော အရှင်အဿဇိကို တွေ့မြင်လျှင် -

'လောက၌ အကြင်ရဟန္တာတို့သည်လည်းကောင်း၊ အရဟတ္တမဂ်သို့ ရောက်သူတို့သည်လည်းကောင်း ရှိကုန်၏။ ထိုသူတို့တွင် ဤရဟန်းကား တစ်ပါး အပါအဝင်တည်း။ နိဗ္ဗာန်ကိုရှာသော ငါသည် ဤရဟန်းသို့ နောက်မှနောက်မှ လိုက်သင့်၏'

- ဟု ကြံကာ အရှင်အဿဇိ၏ နောက်မှနောက်မှ လိုက်ပါလေ၏။

အရှင်အဿဇိထေရ် ဆွမ်းစားပြီးသောအခါ သာရိပုတြာပရိဗိုဇ်သည် မိမိ၏ ရေကရားမှ ရေကိုပေး၍ လက်ခြေတို့ကို ဆေးပြီးသောအခါ ပဋိသန္ထာရစကား ပြောဆိုပြီးနောက် အရှင်အဿဇိထေရ်အား ဤသို့မေးလေပြီ။

'ငါ့ရှင် ... သင်၏ ဣန္ဒြေတို့သည် ကြည်လင်ကုန်၏။ အရေအဆင်းသည် စင်ကြယ်၏။ ဖြူစင်တောက်ပ၏။ ငါ့ရှင် ... သင်သည် အဘယ်သူကို ရည်ညွှန်း၍ ရဟန်းပြုသနည်း။ သင်၏ ဆရာကား အဘယ်သူနည်း။ အဘယ်သူ၏ တရားကို နှစ်သက်သနည်း'

ထိုအခါ အရှင်အဿဇိထေရ်သည် သာရိပုတြာပရိဗိုဇ်အား ဤသို့ ပြောကြား လေ၏။

'ငါ့ရှင် ... သာကီဝင်မင်းသားဖြစ်သော သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် ရဟန်းမြတ်သည် ရှိတော်မူ၏။ ငါသည် ထိုဘုန်းတော်ကြီးသော ရဟန်းမြတ်ကို ရည်ညွှန်း၍ ရဟန်းပြု၏။ ထိုမြတ်စွာဘုရားသည် ငါ၏ ဆရာပေတည်း။ ငါသည် ထိုမြတ်စွာဘုရား၏ တရားတော်ကို နှစ်သက်၏'

ထိုအခါ သာရိပုတြာပရိဗိုဇ်သည် အရှင်အဿဇိထေရ်အား ဤသို့ မေးမြန်း လေ၏။

'အရှင်၏ ဆရာသည် အဘယ်အယူရှိသနည်း။ အဘယ်သို့ ဟောကြားသနည်း'

ထိုအခါ အရှင်အဿဇိထေရ်သည် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်၍ ဤမျှမေးအပ် သော ပြဿနာကို အကျယ်ဖြေဆိုခြင်းငှါ စွမ်းနိုင်ပါသော်လည်း သာရိပုတြာပရိဗိုဇ်အား တရား၌ ရိုသေလေးစားစေလိုသည်ဖြစ်၍ ဤသို့ ပြောကြားလေ၏။

'ငါ့ရှင် ... ငါသည်ကား ဤသာသနာသို့ ယခုပင် ဝင်ရောက်စဖြစ်၏။ ရဟန်းပြု၍ မကြာသေးသော ရဟန်းသစ်ဖြစ်၏။ ငါသည် သင့်အား အကျယ်အားဖြင့် တရားကို ဟောခြင်းငှါ မတတ်နိုင်။ သို့ရာတွင် သင့်အား အကျဉ်းအားဖြင့် အနက် သဘောကို ဟောပေအံ့'

ထိုအခါ သာရိပုတြာပရိဗိုဇ်သည် အရှင်အဿဇိထေရ်အား ဤသို့ပြောကြား လေပြီ။

'ငါ့ရှင် ... ရှိပါစေ။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ဟောပါလော့။ အနက်ကိုသာလျှင် အကျွန်ုပ်အား ဟောပါလော့။ အနက်ကိုသာ အကျွန်ုပ် အလိုရှိပါ၏။ များသော သဒ္ဒါဖြင့် အဘယ်အကျိုးရှိအံ့နည်း'

သာရိပုတြာပရိဗိုဇ် သောတာပန်ဖြစ်ခြင်း ။ ။ ထိုအခါ အရှင်အဿဇိထေရ်သည် သာရိပုတြာပရိဗိုဇ်အား တရားဒေသနာတော် အမြွက်ကို ဤသို့ ဟောကြားတော်မူလေ၏။

**ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။**
**တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော။**

'အကြင် ဒုက္ခသစ္စာတရားတို့သည် အကြောင်းသမုဒယ သစ္စာကြောင့် ဖြစ်ကုန်၏။ ထိုဒုက္ခသစ္စာတရားတို့၏ အကြောင်း ဖြစ်သော သမုဒယသစ္စာတရားကိုလည်းကောင်း မြတ်စွာဘုရား သည် ဟောတော်မူ၏။ ထိုဒုက္ခသစ္စာ၊ သမုဒယသစ္စာတို့၏ ချုပ်ငြိမ်းရာ နိရောဓသစ္စာကိုလည်းကောင်း၊ ချုပ်ငြိမ်းကြောင်း မဂ္ဂသစ္စာကိုလည်းကောင်း မြတ်စွာဘုရားသည် ဟောတော်မူ၏။ ရဟန်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤသို့ အယူရှိပါ၏'

အရှင်အဿဇိထေရ်၏ ဤအမြွက်တရားဒေသနာတော်ကို ကြားနာရသည်ရှိသော် အရှင်သာရိပုတြာပရိဗိုဇ်အား ဖြစ်ခြင်းသဘောရှိသော အလုံးစုံသောတရားသည် ချုပ်ငြိမ်းခြင်းရှိ၏- ဟူသော သောတာပတ္တိမဂ်ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လေ၏။

ထိုအခါ သာရိပုတြာပရိဗိုဇ်သည် အရှင်အဿဇိထေရ်အား ဤသို့လျှောက်ထားလေပြီ။

**ဧသေဝ ဓမ္မော ယဒိ တာဝဒေဝ၊ ပစ္စဗျတ္ထ ပဒမသောကံ၊**
**အဒိဋ္ဌံ အဗ္ဘတီတံ၊ ဗဟုကေဟိ ကပ္ပနဟုတေဟိ။**

'ထိုသောတာပတ္တိဖိုလ်မျှပင် ဖြစ်စေကာမူ ဤတရားသည် သာလျှင် တပည့်တော်တို့ ရှာဖွေနေသော တရားပါတည်း။ အရှင်ဘုရားတို့သည် စိုးရိမ်ခြင်း မရှိသော ဤအမြိုက်နိဗ္ဗာန်တရား ကို ထိုးထွင်း၍ သိသူတို့ ဖြစ်ကြပါကုန်ပြီ။ တပည့်တော်တို့မူကား ဤနိဗ္ဗာန်တရားကို မသိမမြင်ဘဲ များစွာကုန်သော နဟုတသင်္ချာ ကမ္ဘာတို့ပတ်လုံး အချိန်တွေ ကျော်လွန်လာခဲ့ရပေပြီ'

ထို့နောက် သာရိပုတြာပရိဗိုဇ်သည် မြတ်စွာဘုရား ရှိတော်မူရာအရပ်ကို မေးပြီး–

'မြတ်စွာဘုရားထံ အရှင်ဘုရား ကြွနိုင်ပါ။ တပည့်တော်မှာ သူငယ်ချင်း တစ်ဦး ရှိပါသည်။ ထိုသူငယ်ချင်းအား ပြုထားသော ကတိကဝတ်ကို ဖြေပြီးမှ တပည့်တော်တို့ နောက်က လိုက်လာခဲ့ပါမည်'

– ဟု၍ လျှောက်ကာ အရှင်အဿဇိထေရ်၏ ခြေတို့ကို ငါးပါးသော ထိခြင်းဖြင့် ရှိခိုး၍ သုံးကြိမ်လက်ျာရစ် လှည့်လည်၍ အရှင်အဿဇိထေရ်အား လွှတ်လိုက်ပြီးလျှင် ပရိဗိုဇ်အာရာမ်သို့ ရှေ့ရှု လာခဲ့ပေ၏။

**မောဂ္ဂလာန်ပရိဗိုဇ် သောတာပန်တည်ခြင်း ။** ။ အဝေးမှလာနေသော သာရိပုတြာပရိဗိုဇ်ကို မြင်လေလျှင် မောဂ္ဂလာန် ပရိဗိုဇ်သည် –

'ယနေ့ ငါ့သူငယ်ချင်း၏ မျက်နှာသည် ကြည်လင်လှပေ၏။ ဧကန်စင်စစ် မသေရာ အမြိုက်နိဗ္ဗာန်တရားကို ရရှိပေလိမ့်မည်'

– ဟု ကြံစည်ကာ သာရိပုတြာပရိဗိုဇ်အား ဤသို့ မေးမြန်းလေ၏။

'ငါ့ရှင် ... သင်၏ ဣန္ဒြေတို့သည် ကြည်လင်ကုန်၏။ အရေအဆင်းသည် စင်ကြယ်၏။ ဖြူစင်တောက်ပ၏။ ငါ့ရှင် ... အသို့ပါနည်း။ သင်သည် မသေရာ အမြိုက်နိဗ္ဗာန်တရားကို ရခဲ့ပြီလော' – ဟု မေးလေပြီ။

သာရိပုတြာပရိဗိုဇ်သည် မောဂ္ဂလာန်ပရိဗိုဇ်အား 'ရခဲ့ပြီဖြစ်ကြောင်း' ပြောကြား ပြီးလျှင် ရပုံရနည်းကို အစမှအဆုံးအထိ ပြန်လည်ပြောကြားလေ၏။ **'ယေဓမ္မာ ဟေတုပ္ပဘဝါ'** ဂါထာအဆုံး၌ မောဂ္ဂလာန်ပရိဗိုဇ်လည်း –

'ဖြစ်ပေါ်လာသမျှ အလုံးစုံသော တရားသည် ချုပ်ငြိမ်းခြင်းသို့ ရောက်ကုန်၏'

– ဟူသော သောတာပတ္တိမဂ်ဉာဏ်ကို ရရှိသွားလေ၏။

**သဒ္ဓည်းဆရာကြီး သွေးအန်ခြင်း ။** ။ ထို့နောက် သာရိပုတြာ၊ မောဂ္ဂလာန် ပရိဗိုဇ်တို့သည် နောက်လိုက်တပည့် ပရိဗိုဇ်ပရိသတ် ၂၅၀-တို့အား -

'ငါ့ရှင်တို့ ... ငါတို့သည် မြတ်စွာဘုရားအထံတော်သို့ သွားကုန်အံ့။ ထိုမြတ်စွာဘုရားသည် ငါတို့၏ ဆရာတည်း'

- ဟု ပြောဆိုကြလေကုန်၏။

ထိုအခါ တပည့် ၂၅၀-တို့သည် ဤသို့ ပြန်လည် ပြောဆိုကြလေကုန်၏။

'အကျွန်ုပ်တို့သည် အရှင်တို့ကို အမှီပြု၍ အရှင်တို့ကို ကြည့်ရှုလျက် ဤသဒ္ဓည်းအထံ၌ နေပါကုန်၏။ အရှင်တို့သည် ရဟန်းမြတ်ဖြစ်သော မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်မည်ဆိုပါလျှင် အကျွန်ုပ်တို့ အားလုံးသည်လည်း မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်ပါကုန်အံ့'

ထို့နောက် သဒ္ဓည်းဆရာကြီးထံသွား၍ ပြောကြရာတွင် သဒ္ဓည်းဆရာကြီးက-

'ငါ့ရှင်တို့ ... မသင့်လျော်ချေ။ မသွားကုန်လင့်။ ငါတို့ ၃-ဦးလုံးပင် ဤဂိုဏ်းကို ထိန်းသိမ်းကြကုန်အံ့' - ဟု ပြောဆိုလေ၏။

၃-ကြိမ်တိုင်အောင် ပြောသော်လည်း မရသောကြောင့် သာရိပုတြာ၊ မောဂ္ဂလာန် ပရိဗိုဇ်တို့သည် ၂၅၀-သော ပရိဗိုဇ်တို့ကို ခေါ်ဆောင်၍ မြတ်စွာဘုရား ရှိတော်မူရာ ဝေဠုဝန်ကျောင်းတော်သို့ ထွက်ခွါသွားကြလေကုန်၏။

အချည်းနှီးသော ပရိဗိုဇ်အာရာမ်ကို တွေ့မြင်ရသောအခါ သဒ္ဓည်းဆရာကြီး အား ထိုနေရာ၌ပင် ပူသောသွေးသည် ခံတွင်းမှ အန်ထွက်လေ၏။

ဧဟိဘိက္ခုရဟန်းဖြစ်ကြခြင်း ။ ။ ထိုအခါ အဝေးမှလာနေသော သာရိပုတြာ၊ မောဂ္ဂလာန်တို့ကို မြင်တော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် –

'ရဟန်းတို့ ... ကောလိတ၊ ဥပတိဿ သူငယ်ချင်းနှစ်ယောက်တို့သည် လာကုန်၏။ ထိုသူနှစ်ယောက်သည် ငါဘုရား၏ ကြီးကဲမြင့်မြတ်သော တပည့်စုံ ဖြစ်လတ္တံ့'

– ဟု မိန့်တော်မူလေ၏။

သာရိပုတြာ၊ မောဂ္ဂလာန်နှင့်တကွ ၂၅၀–သော ပရိဗိုဇ်တို့သည် မြတ်စွာဘုရားထံ၌ ဧဟိဘိက္ခုရဟန်းအဖြစ်ကို ရကြလေကုန်၏။ ထိုရဟန်းတို့အား မြတ်စွာဘုရား တရားဟောသည်ရှိသော် နောက်ပါ ၂၅၀–ကုန်သော ရဟန်းတို့သည် တစ်ထိုင်တည်းဖြင့် အာသဝေါကင်းကွာ ရဟန္တာဖြစ်ကြလေကုန်၏။ အရှင်မောဂ္ဂလာန်သည် (၇)ရက်ကြာသောအခါ၌ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ အရှင်သာရိပုတြာသည် (၁၅) ရက်ကြာသောအခါ၌ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

*( ဝိ ၃– ၅၀/ ၅၇၊ မြန် ၅၇/ ၅၉ ) ( ဝိဋ ၃– ၂၅၅/ ၂၅၇၊ သာရတ္ထဋီ တ– ၂၂၆/ ၀)*

( *နဟုတ သင်္ချာတွက်နည်း* ။ ။ တစ်ဆယ်တည် တစ်ဆယ်နှင့်မြှောက် တစ်ရာဖြစ်၏။ တစ်ရာတည် တစ်ဆယ်နှင့်မြှောက် တစ်ထောင်ဖြစ်၏။ တစ်ထောင်တည် တစ်ရာနှင့်မြှောက် တစ်သိန်းဖြစ်၏။ တစ်သိန်းတည် တစ်ရာနှင့်မြှောက် ကောဋိဖြစ်၏။ ကောဋိတစ်သိန်းတည် တစ်ရာနှင့်မြှောက် ပကောဋိဖြစ်၏။ ပကောဋိတစ်သိန်းတည် တစ်ရာနှင့်မြှောက် ကောဋိပကောဋိဖြစ်၏။ ကောဋိပကောဋိတစ်သိန်းတည် တစ်ရာနှင့်မြှောက် နဟုတ သင်္ချာဖြစ်၏)

*( သာရတ္ထ ဋီ တ – ၂၂၆ )*

## သာရိပုတြာ၊ မောဂ္ဂလာန် ရဟန်းပြုခန်းလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ဥပတိဿ၊ | ကောလိတ၊ | ခေါ် ရသူတို့သည်၊ |
| ၂။ | တောင်ထိပ်သဘင်၊ | ကြည့်ရာတွင်၊ | ဉာဏ်မြင်ဖြစ်ပေသည်။ |
| ၃။ | အနှစ်တစ်ရာ၊ | မကြာပါ၊ | သေရွာရောက်ကြမည်။ |
| ၄။ | သေတာရှိလျှင်၊ | မသေချင်၊ | မှန်ပင်ရှိရမည်။ |
| ၅။ | အရင်တွေ့ငြား၊ | နောက်လူအား၊ | ပြောကြားကြရမည်။ |
| ၆။ | ကတိထားကာ၊ | လှည့်လည်ကာ၊ | ဖွေရှာကြလေပြီ။ |
| ၇။ | သဉ္စည်းထံမှာ၊ | မသေရာ၊ | ရှာတာမတွေ့ပြီ။ |
| ၈။ | ပရိဗိုဇ်သာရိ၊ | အဿဇိ၊ | တွေ့ရှိမေးလေပြီ။ |
| ၉။ | အဿဇိထေရ်၊ | သစ္စာတွေ၊ | ကျဉ်းလေဟောကြားပြီ။ |
| ၁၀။ | ဒုက္ခဖြစ်မှု၊ | အကြောင်းစု၊ | သမုဖြစ်လေသည်။ |
| ၁၁။ | ကြောင်းသမုဒယ၊ | ကျိုးဒုက္ခ၊ | ဗုဒ္ဓဟောကြားသည်။ |
| ၁၂။ | ဝဋ်ငြိမ်းလေရာ၊ | နိရောဓ၊ | ကြောင်းမှာမဂ်ဖြစ်သည်။ |
| ၁၃။ | နိရောဓ,မဂ္ဂ၊ | ဝိဝဋ္ဋ၊ | ဗုဒ္ဓဟောကြားသည်။ |
| ၁၄။ | အမှန်လေးပါး၊ | သစ္စာအား၊ | ဘုရားယူလေသည်။ |
| ၁၅။ | သာရိပုတြာ၊ | နားကြားခါ၊ | သောတာဖြစ်လေသည်။ |
| ၁၆။ | သောတာပန္န၊ | ဗိုလ်ကိုမျှ၊ | ရရသော်လဲသည်၊ |
| ၁၇။ | တပည့်တော်များ၊ | ရှာဖွေငြား၊ | တရားဖြစ်တော့သည်။ |
| ၁၈။ | သောကကင်းငြား၊ | နိဗ္ဗာန်အား၊ | ရှင်များသိကြသည်။ |
| ၁၉။ | ကိလေသာငြိ၊ | မောဟဖိ၊ | တပည့်များတို့သည်၊ |
| ၂၀။ | မြတ်နိဗ္ဗာန်ထိ၊ | သစ္စာရှိ၊ | မသိခဲ့၍သည်၊ |
| ၂၁။ | နဟုတကမ္ဘာ၊ | သံသရာ၊ | လည်တာကြာခဲ့ပြီ။ |
| ၂၂။ | အချိန်တွေဖြုန်း၊ | သိဉာဏ်တုန်း၊ | အရှုံးများခဲ့ပြီ။ |
| ၂၃။ | ဤသို့လျှောက်ကာ၊ | ကြည်နူးစွာ၊ | ပုတြာပြန်ခဲ့ပြီ။ |
| ၂၄။ | အမြိုက်နိဗ္ဗာန်၊ | တွေ့လာဟန်၊ | မောဂ္ဂန်ဆုံးဖြတ်ပြီ။ |

၂၅။ သာရိပုတြာ၊ မောဂ္ဂလာ၊ ထပ်ခါဟောပြပြီ။
၂၆။ ဂါထာဆုံးမှာ၊ မောဂ္ဂလာ၊ သောတာဖြစ်လေပြီ။
၂၇။ နှစ်ရာ့ငါးဆယ်၊ နောက်ပါရယ်၊ ခေါ် သယ်သွားကြပြီ။
၂၈။ ဆရာသဉ္စည်း၊ ဝမ်းနည်းပြီး၊ သွေးစည်းအံလေသည်။
၂၉။ မောဂ္ဂန်,သာရိ၊ အားလုံးထိ၊ ဧဟိဖြစ်ကြပြီ။
၃၀။ မြတ်စွာဘုရား၊ မြတ်တရား၊ ဟောကြားပါလေပြီ။
၃၁။ နောက်ပါတို့မှာ၊ ရဟန္တာ၊ ကောင်းစွာဖြစ်ကြပြီ။
၃၂။ မောဂ္ဂန်မည်ပေ၊ ရက်သတ္တေ၊ ကိလေကင်းစင်သည်။
၃၃။ သာရိခေါ် ပေ၊ လဝက်ပေ၊ ကိလေငြိမ်းလေသည်။
၃၄။ အဂ္ဂသာဝကာ၊ အစုံပ၊ ဖြစ်ကြလေတော့သည်။
၃၅။ သစ္စာလေးဖြာ၊ သိ၍သာ၊ ရိယာဖြစ်ကြသည်။
၃၆။ သစ္စာတရား၊ သိအောင်များ၊ ကြိုးစားကြရမည်။

အရှင်သာရိပုတြာ၊ အရှင်မောဂ္ဂလာန် ရဟန်းပြုခန်းလာ ကိုယ်ကျင့်တရားများ ပြီး၏။



# လူကုံထံတို့ ရဟန်းပြုခြင်းလာ ကိုယ်ကျင့်တရားများ

<u>ကဲ့ရဲ့ ပြစ်တင်ကြခြင်း ။</u> ။ တစ်နေ့သောအခါ၌ အလွန်ထင်ရှား ကျော်စောကုန်သော မဂဓတိုင်းနေ အမျိုးသားတို့သည် မြတ်စွာဘုရားထံတော်၌ မြတ်သောအကျင့်ကို ကျင့်ကုန်၏။ ထိုအခါ လူတို့သည် -

'ရဟန်းဂေါတမသည် သားမရှိစိမ့်သောငှါ ပြုကျင့်၏။ ရဟန်းဂေါတမသည် လင်နှင့်ကင်းကွာစိမ့်သောငှါ ပြုကျင့်၏။ ရဟန်းဂေါတမသည် အမျိုးပြတ်စိမ့်သောငှါ ပြုကျင့်၏။ ယခု ဤရဟန်းဂေါတမသည် ရသေ့တစ်ထောင်ကို ရဟန်းပြုခဲ့ပြီ။ သဥ္စည်း၏ တပည့်ဖြစ်သော နှစ်ရာ့ငါးကျိပ်သော ပရိဗိုဇ်တို့ကိုလည်း ရဟန်းပြုခဲ့ပြီ။ အလွန်ထင်ရှား ကျော်စောသော မဂဓတိုင်းနေ အမျိုးသားတို့သည် ရဟန်းဂေါတမ အထံ၌ မြတ်သောအကျင့်ကို ကျင့်ကုန်၏'

- ဟု ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုပြင် ရဟန်းတို့ကို မြင်သောအခါ -

'ရဟန်းဂေါတမသည် တောင်ငါးလုံး ခြံရံအပ်သော မဂဓတိုင်း ရာဇဂြိုဟ် ပြည်ကြီးသို့ လာချေပြီ။ အလုံးစုံသော သဥ္စည်း၏ တပည့်တို့ကို ယူဆောင်ခဲ့ပြီး နောက် ယခု အဘယ်သူကို ယူဆောင်လတ္တံ့နည်း'

- ဟု ဂါထာဖြင့် ကဲ့ရဲ့ ပြစ်တင်ကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့အပ်သော ထိုလူတို့၏ စကားကို ကြား၍ မြတ်စွာဘုရားအား လျှောက်ထားကြလေပြီ။ ဘုန်းတော်ကြီးမားသော မြတ်စွာဘုရားသည် ရဟန်းတို့အား -

'ရဟန်းတို့ ... ထိုကဲ့ရဲ့သော အသံသည် ကြာရှည်လေးမြင့်စွာ မဖြစ်လတ္တံ့။ (၇) ရက်သာ ဖြစ်လတ္တံ့။ (၇)ရက်လွန်သော် ပပျောက်လတ္တံ့။ ရဟန်းတို့ ... သို့ဖြစ်လျှင် ထိုကဲ့ရဲ့ပြစ်တင်သော လူတို့ကို သင်တို့သည် -

'ကြီးသောလုံ့လရှိကုန်သော မြတ်စွာဘုရားတို့သည် စင်စစ် သူတော်ကောင်း တရားဖြင့် ဆောင်ယူကုန်၏။ တရားသဖြင့် ဆောင်ယူသော ပညာရှိတို့ကို ငြူစူစောင်းမြောင်းခြင်းဖြင့် အဘယ်ပြုအံ့နည်း - ဟု ဂါထာဖြင့်ပြန်၍ ပြစ်တင် ပြောဆိုကုန်လော့' - ဟု မိန့်တော်မူလေ၏။

**ကဲ့ရဲ့ပြစ်တင် ပပျောက်ခြင်း ။** ။ ရဟန်းတို့ကို တွေ့မြင်သောအခါ လူတို့သည် အထက်ကအတိုင်း ကဲ့ရဲ့ကြသည် ဖြစ်၍ ရဟန်းတို့သည် မြတ်စွာဘုရား သင်ကြားပေးတော်မူသည့်အတိုင်း ဂါထာဖြင့် ပြန်လည်ချေပ ပြစ်တင်ကြကုန်၏။

ထိုအခါ လူတို့သည် -

'သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် တရားသဘောဖြင့် ဆောင်ယူကုန်၏။ တရားနှင့်မညီ အဓမ္မ ဆောင်ယူကုန်သည် မဟုတ်'

- ဟု သိကြကုန်၍ ကဲ့ရဲ့သော အသံသည် (၇)ရက်သာ ဖြစ်ကုန်၏။ (၇)ရက် လွန်မြောက်သော် ပပျောက်လေ၏။

( ဝိ - ၃ - ၅၄/ ၅၅ ။ မြန် - ၅၉/ ၆၀ )

## လူကုံထံတို့ ရဟန်းပြုခန်းလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ဂုဏ်ရောင်ပြန့်ပြော၊ | ထင်ရှားသော၊ | ကျော်စောသူများသည်၊ |
| ၂။ | ဗုဒ္ဓသာသနာ၊ | ဖွံ့ဖွံ့သာ၊ | ဝင်လာနေပေသည်။ |
| ၃။ | ရဟန်းခါမူ၊ | ဘဝဟူ၊ | ခံယူကြပေသည်။ |
| ၄။ | သဘောနွံ့နွံ့၊ | လူတွေတွဲ၊ | ကဲ့ရဲ့ကြလေပြီ။ |
| ၅။ | သာကီမျိုးပ၊ | ဂေါတမ၊ | ခေါ် ရရဟန်းသည်၊ |
| ၆။ | သားမရှိအောင်၊ | လင်ကင်းအောင်၊ | လုပ်ဆောင်နေလေပြီ။ |
| ၇။ | ဆွေမျိုးကင်းအောင်၊ | မျိုးပြတ်အောင်၊ | လုပ်ဆောင်နေလေပြီ။ |
| ၈။ | တစ်ထောင်ခေါ် မှန်း၊ | ရသေ့တန်း၊ | ရဟန်းပြုခဲ့ပြီ။ |
| ၉။ | သိဥ္စည်းခေါ် မှန်း၊ | တပည့်တန်း၊ | ရဟန်းပြုခဲ့ပြီ။ |
| ၁၀။ | လူကုံထံများ၊ | လွန်ထင်ရှား၊ | တရားကျင့်ကြပြီ။ |
| ၁၁။ | တောင်ငါးလုံးခို၊ | ရာဇဂြိုဟ်၊ | ကြွကိုလာချေပြီ။ |
| ၁၂။ | အဘယ်သူ့အား၊ | သွေးဆောင်ပြား၊ | ခေါ် သွားပါလိမ့်မည်။ |

၁၃။ ကဲ့ရဲ့ဖြစ်တင်၊ စကားပင်၊ မြတ်ရှင်ကြားလေပြီ။
၁၄။ တရားဖြင့်မူ၊ ဆောင်ခြင်းဟူ၊ ပြုစုမသင့်ပြီ။
၁၅။ ချေပစကား၊ ရဟန်းများ၊ ပြောကြားကြလေပြီ။
၁၆။ ကဲ့ရဲ့ထူပြော၊ လူတွေနှော၊ သဘောပေါက်ကြပြီ။
၁၇။ တရားဖြင့်သာ၊ ဆောင်ကြတာ၊ ကောင်းစွာနားလည်ပြီ။
၁၈။ ခုနစ်ရက်လွန်ရာ၊ ကဲ့ရဲ့တာ၊ ပျောက်ခါသွားလေပြီ။
၁၉။ သဘောအလျောက်၊ ကဲ့ရဲ့ရောက်၊ မကြောက်သင့်ကြပြီ။

လူကိုထိများ ရဟန်းပြုခန်းလာ ကိုယ်ကျင့်တရားများ ပြီး၏။



# ဥပဇ္ဈာယ်ဆရာ အခန်းလာ ကိုယ်ကျင့်တရားများ

ဥပဇ္ဈာယ်ဆရာ ။ ။ ဥပဇ္ဈာယ်ဟူသည် အပြစ်ကြီး အပြစ်ငယ် အသွယ်သွယ်ကို ဆုံးမတတ်သော ဆရာ - ဟူ၍ အဓိပ္ပါယ်ရ၏။ ဤအခန်းသည် ဥပဇ္ဈာယ်ဆရာ မရှိခြင်း အပြစ်၊ ရှိခြင်း အကျိုးကို ပြဆိုရာ အခန်းတည်း။

လူတို့ကဲ့ရဲ့ကြခြင်း ။ ။ တစ်ရံရောအခါ ရဟန်းတို့သည် ဥပဇ္ဈာယ်ဆရာ၊ နိဿရည်းဆရာ မရှိ။ သွန်သင်ဆုံးမသူ မရှိသည်ဖြစ်၍ မကောင်းသဖြင့် ဝတ်ရုံလျက် ရဟန်းတို့၏ အမူအရာနှင့် မပြည့်စုံဘဲ ဆွမ်းခံလှည့်လည်ကုန်၏။ ထိုရဟန်းတို့သည် လူတို့ စားသောက်နေစဉ် ဘောဇဉ် ခဲဖွယ် လျက်ဖွယ် သောက်ဖွယ်တို့၏ အထက်၌ ဆွမ်းခံသပိတ်ကို ညွတ်စေကုန်၊ ခံလင့်ကုန်၏။ ဟင်းထမင်းကိုလည်း ကိုယ်တိုင်တောင်း၍ စားကုန်၏။ ဆွမ်းစားဇရပ်၌လည်း ပြင်းပြကျယ်လောင်သော အသံရှိလျက် နေကုန်၏။

ထိုအခါ လူတို့သည် -

"ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် အဘယ်ကြောင့် မကောင်းသဖြင့် ဝတ်ရုံလျက် ရဟန်းတို့၏ အမူအရာနှင့် မပြည့်စုံဘဲ ဆွမ်းခံ လှည့်လည်ကုန်ဘိသနည်း။ ထိုရဟန်းတို့သည် လူတို့စားသောက် နေစဉ် ဘောဇဉ် ခဲဖွယ် လျက်ဖွယ် သောက်ဖွယ်တို့၏ အထက်၌ ဆွမ်းခံသပိတ်ကို ညွတ်စေကုန် 'ခံလင့်ကုန်'ဘိသနည်း။ ဟင်းထမင်းကိုလည်း ကိုယ်တိုင်တောင်း၍ စားကုန်ဘိသနည်း။ ဆွမ်းစားဇရပ်၌လည်း ပြင်းပြကျယ်လောင်သော အသံရှိလျက် နေကုန်ဘိသနည်း"

- ဟု ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြကုန်၏။

<u>ဥပဇ္ဈာယ်ဆရာကို ခွင့်ပြုခြင်း ။</u> ။ လူတို့၏ ကဲ့ရဲ့သောစကားကို ရဟန်းတို့သည် ကြားသိကြကုန်သည်ဖြစ်၍ အလိုနည်းကုန်သော ရှက်တတ်ကုန်သော ထိုရဟန်းတို့သည် ထိုအတူ ကဲ့ရဲ့ ပြစ်တင်ပြီးလျှင် မြတ်စွာဘုရားအားလည်း လျှောက်ထားကြလေကုန်၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ထိုရဟန်းတို့အား -

'မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ထိုယောကျ်ားတို့၏ ဤအမှုသည် ရဟန်းတို့အား မလျောက်ပတ်။ မလျော်ကန်၊ မသင့်တင့်။ ရဟန်းတို့၏ အပြုအမူမဟုတ်။ ဤရဟန်းတို့ ပြုမိသောအမှုသည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ၊ ကြည်ညိုပြီးသောသူတို့အား တိုး၍ကြည်ညိုစေခြင်းငှါ မဖြစ်နိုင်ပေ။ အမှန်စင်စစ် ဤရဟန်းတို့ ပြုမိသော အမှုသည် မကြည်ညိုသေးသောသူတို့အား မကြည်ညိုစေခြင်းငှါ၊ ကြည်ညိုပြီးသော အချို့သူတို့အား အကြည်ညိုပျက်စေခြင်းငှါ ဖြစ်ပေ၏'

- ဟု ကဲ့ရဲ့တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို များစွာသောအကြောင်းဖြင့် ကဲ့ရဲ့ ပြစ်တင်တော်မူပြီးလျှင် ကိုယ်တိုင်ပြုစုမွေးမြူရန် ခက်ခဲခြင်း၊ သူတစ်ပါးတို့က ပြုစုမွေးမြူရန် ခက်ခဲခြင်း၊ အလိုကြီးခြင်း၊ မရောင့်ရဲနိုင်ခြင်း၊ အပေါင်းအဖော်၌ မက်မောခြင်း၊ ပျင်းရိခြင်းတို့၏ ကျေးဇူးမဲ့စကားကို မိန့်တော်မူပြီး၍ များစွာသော အကြောင်းဖြင့် ကိုယ်တိုင် ပြုစုမွေးမြူလွယ်ခြင်း၊ သူတစ်ပါးတို့က ပြုစုမွေးမြူလွယ်ခြင်း၊ ကြည်ညိုဖွယ် ရှိခြင်း၊ ကိလေသာကို မဆည်းပူးခြင်း၊ ဝီရိယဖြင့် အားထုတ်ခြင်းတို့၏ ဂုဏ်ကျေးဇူးကို မိန့်တော်မူပြီးလျှင် ထိုရဟန်းတို့အား ထိုအဖြစ်အပျက်နှင့် လျောက်ပတ်လျော်ညီသော တရားစကားကို ဟောကြားတော်မူပြီးနောက် ရဟန်းတို့ကို-

'အနုဇာနာမိ ဘိက္ခဝေ ဥပဇ္ဈာယံ - ရဟန်းတို့ ... အပြစ်ကြီးငယ်ကို ကြည့်ရှုဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာကို ခွင့်ပြု၏'

- ဟု မိန့်တော်မူလေ၏။

'ရဟန်းတို့ ... ဥပဇ္ဈာယ်ဆရာသည် အတူနေတပည့်၌ သားဟူသော စိတ်ကို ထားအံ့။ အတူနေတပည့်သည် ဥပဇ္ဈာယ်ဆရာ၌ အဖဟူသော စိတ်ကိုထားအံ့။ ထိုဆရာ တပည့်တို့သည် အချင်းချင်း ရိုသေခြင်း၊ တုပ်ဝပ်ခြင်း၊ တူသော အသက်မွေးခြင်း

ရှိသည်ဖြစ်၍ နေသည်ရှိသော် ဤသာသနာတော်၌ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကုန်လတ္တံ့၊

<u>ဥပဇ္ဈာယ်ယူပုံ</u> ။ ။ "ရဟန်းတို့ ... ဥပဇ္ဈာယ်ကို ဤသို့ ယူရမည်။ လက်ဝဲ တစ်ဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်၍ ဥပဇ္ဈာယ်ဆရာ၏ ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်–

'ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ '

– အရှင်ဘုရား ... အရှင်ဘုရားသည် တပည့်တော်၏ အပြစ်ကြီးငယ်ကို ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါလော့' ဟူ၍ သုံးခေါက်ဆိုရမည်"

ထိုအခါ ဥပဇ္ဈာယ်ဆရာက –

'ပါသာဒိကေန သမ္ပာဒေဟိ – ကြည်ညိုဖွယ်ကို ဆောင်တတ်သော ကိုယ် အမူအရာ နှုတ်အမူအရာနှင့် ပြည့်စုံစေလော့'

– ဟု မိန့်ဆိုရမည်။ ယင်းသို့ အပြန်အလှန် သိစေသည်ရှိသော် ဥပဇ္ဈာယ် ယူသည် မည်၏။

<u>နှင်ထုတ်ရမည်</u> ။ ။ တစ်ရံရောအခါ အတူနေတပည့်တို့သည် ဥပဇ္ဈာယ်ဆရာတို့ အပေါ်၌ ကောင်းစွာမကျင့်ကြသည်ကို မြတ်စွာဘုရား သိတော်မူ၍ –

'ရဟန်းတို့ ... အတူနေ တပည့်သည် ဥပဇ္ဈာယ်ဆရာ
အပေါ်၌ ကောင်းမွန်စွာ ကျင့်ရမည်။ ကောင်းမွန်စွာ မကျင့်သော
ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏'

– ဟု မိန့်တော်မူ၏။

ထိုသို့ မိန့်တော်မူသော်လည်း ကောင်းမွန်စွာ မကျင့်ကြကုန်သည်ဖြစ်၍ မြတ်စွာဘုရားသည် –

'ရဟန်းတို့ ... ကောင်းမွန်စွာ မကျင့်သော အတူနေတပည့်ကို နှင်ထုတ်ရန် ခွင့်ပြု၏'

"ရဟန်းတို့ ... ဤသို့ နှင်ထုတ်ရမည်။

'သင့်ကို နှင်ထုတ်၏' ဟူ၍သော်လည်းကောင်း၊

'ဤနေရာသို့ ပြန်မလာလင့်' ဟူ၍သော်လည်းကောင်း၊

'သင်၏ သပိတ်၊ သင်္ကန်းကို ဆောင်ယူသွားလော့' ဟူ၍သော်လည်းကောင်း၊

'သင်သည် ငါ့ကို မလုပ်ကျွေးရ' ဟူ၍သော်လည်းကောင်း

– ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ သိစေငြားအံ့။ အတူနေတပည့်ကို နှင်ထုတ်သည်မည်၏"

<u>မကန်တော့ကြ</u> ။ ။ ထိုအခါ နှင်ထုတ်ထားသော အတူနေတပည့်တို့သည် မကန်တော့ကြကုန်။ ထိုအကြောင်းကို မြတ်စွာဘုရား သိတော်မူသောအခါ –

'ရဟန်းတို့ ... ကန်တော့ရန် ခွင့်ပြု၏' ဟု မိန့်တော်မူ၏။

သို့သော်လည်း မကန်တော့ကြသည်သာတည်း။ ထိုအခါ မြတ်စွာဘုရားသည်

'ရဟန်းတို့ ... နှင်ထုတ်ထားသော အတူနေတပည့်သည် ကန်တော့ရမည်၊ မကန်တော့သော တပည့်အား ဒုက္ကဋ်အာပတ် သင့်၏' – ဟု မိန့်တော်မူ၏။

<u>သည်းမခံကြ</u> ။ ။ ထိုအခါ ကန်တော့သော်လည်း ဥပဇ္ဈာယ်ဆရာတို့သည် သည်းမခံကြကုန်။ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်၏။

'ရဟန်းတို့ ... သည်းခံရန် ခွင့်ပြု၏' – ဟု မိန့်တော်မူ၏။

သို့သော်လည်း သည်းမခံကြကုန်သည်သာတည်း။ အတူနေတပည့်တို့သည် အရပ်တစ်ပါးသို့သော်လည်း ဖဲသွားကုန်၏။ လူသော်လည်း ထွက်ကုန်၏။ တိတ္ထိဘောင်သို့သော်လည်း ပြောင်းရွှေ့ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

'ရဟန်းတို့ ... ကန့်ကွက်သည်ရှိသော် ဥပဇ္ဈာယ်ဆရာသည် သည်းခံရမည်။ ကန့်ကွက်မခံသော ဥပဇ္ဈာယ်ဆရာအား ဒုက္ကဋ်အာပတ်သင့်၏'

– ဟု မိန့်တော်မူ၏။

**နှင်ထုတ်ခြင်း, မထုတ်ခြင်း ။** ။ တစ်ရံရောအခါ ဥပဇ္ဈာယ်ဆရာတို့သည် ကောင်းစွာကျင့်သော အတူနေတပည့်ကို နှင်ထုတ်ကုန်၏။ မကျင့်သော အတူနေတပည့်ကို နှင်မထုတ်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

'ရဟန်းတို့ ... ကောင်းစွာကျင့်သော အတူနေတပည့်ကို နှင်မထုတ်ရ။ နှင်ထုတ်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

ရဟန်းတို့ ... ကောင်းစွာမကျင့်သော အတူနေတပည့်ကိုကား နှင်ထုတ်ရမည်။ နှင်မထုတ်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏'

– ဟု မိန့်တော်မူ၏။

**နှင်ထုတ်ထိုက်သော အင်္ဂါရပ် ။** ။ ရဟန်းတို့ ... အင်္ဂါငါးပါးနှင့် ပြည့်စုံသော အတူနေတပည့်ကို နှင်ထုတ်ရမည်။

- ဥပဇ္ဈာယ် ဆရာ၌ လွန်ကဲသော ချစ်မြတ်နိုးခြင်း မရှိ။
- လွန်ကဲသော ကြည်ညိုခြင်း မရှိ။
- လွန်ကဲသော ရှက်ခြင်း မရှိ။
- လွန်ကဲသော ရိုသေခြင်း မရှိ။
- လွန်ကဲသော မေတ္တာပွားများခြင်း မရှိ။

ရဟန်းတို့ ... ဤအင်္ဂါ ၅–ပါးနှင့် ပြည့်စုံသော အတူနေတပည့်ကို နှင်ထုတ်ရမည်။

**နှင်မထုတ်ထိုက်သော အင်္ဂါရပ်** ။ ။ ရဟန်းတို့ ... အင်္ဂါငါးပါးနှင့် ပြည့်စုံသော အတူနေတပည့်ကို နှင်မထုတ်ရ။

- ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသော ချစ်မြတ်နိုးခြင်း ရှိ၏။
- လွန်ကဲသော ကြည်ညိုခြင်း ရှိ၏။
- လွန်ကဲသော ရှက်ခြင်း ရှိ၏။
- လွန်ကဲသော ရိုသေခြင်း ရှိ၏။
- လွန်ကဲသော မေတ္တာပွားများခြင်း ရှိ၏။

ရဟန်းတို့ ... ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော အတူနေတပည့်ကို နှင်မထုတ်ရ ဟု မိန့်တော်မူ၏။

**နိဿရည်းဆရာ** ။ ။ ဥပဇ္ဈာယ်ဆရာ မရှိသောအခါ၌ ဥပဇ္ဈာယ်ဆရာကဲ့သို့ အမှီပြုနေရမည့် ဆရာကို နိဿရည်းဆရာဟု ခေါ်၏။ ဥပဇ္ဈာယ်ဆရာတို့သည် အရပ်တစ်ပါးသို့ ဖဲသွားကုန်သော်လည်းကောင်း၊ လူထွက် ကုန်သော်လည်းကောင်း၊ တိတ္ထိဘောင်သို့ ပြောင်းရွှေ့သွားသော်လည်းကောင်း ရဟန်းတို့သည် ဥပဇ္ဈာယ်မရှိစဉ်ကကဲ့သို့ နေကားယား၊ သွားကားယား၊ စားကားယား အချို့မကျရှိကြကုန်သည် ဖြစ်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် နိဿရည်းဆရာ ယူရမည့်အဖြစ်ကို ဤသို့ မိန့်တော်မူ၏။

**နိဿရည်းဆရာယူပုံ** ။ ။ "ရဟန်းတို့ ... ဤသို့ နိဿရည်းဆရာ ယူရမည်။ လက်ဝဲတစ်ဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်၍ ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက် -

'အာစရိယော မေ ဘန္တေ ဟောဟိ။ အာယသ္မာတော နိဿာယ ဝစ္ဆာမိ- အရှင်ဘုရား ... အရှင်ဘုရားသည် တပည့်တော်၏ နိဿရည်းဆရာ ဖြစ်တော်မူပါလော့။ အရှင်ဘုရားကို မှီ၍ နေပါအံ့'

- ဟူ၍ သုံးကြိမ်ဆိုရမည်။

ထိုအခါ နိဿရည်းဆရာက -

'ပါသာဒိကေန သမ္မာဒေထ - ကြည်ညိုဖွယ်ကို ဆောင်သော ကိုယ်အမူအရာ နှုတ်အမူအရာနှင့် ပြည့်စုံစေလော့'

- ဟူ၍ ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ သိစေငြားအံ့။ နိဿရည်းဆရာ ယူသည် မည်၏"

- ဟု မိန့်တော်မူ၏။

*ကျန်နှင်ထုတ်, မနှင်ထုတ် စသည်ကား ဥပဇ္ဈာယ်ဆရာအခန်းက ပြခဲ့သည့် အတိုင်းပင်တည်း။*

( *၀ိ - ၃ - ၅၆ / ၈၈ ၊ မြန် - ၆၀* )

<u>**သတိပြုရန်**</u> ။ ။ နေရာတကာမှာ အချိုးတကျ ဖြစ်ဖို့ရန်အတွက် ဆရာဟူသည် ရှိကြရမည်ချည်းဖြစ်၏။ ရဟန်းဘဝ၌ ဥပဇ္ဈာယ်ဆရာ၊ နိဿရည်းဆရာ၊ စာချဆရာ၊ ကမ္မဝါစာဆရာ၊ အနုသာသကဆရာ၊ သြဝါဒပေးဆရာ စသည်ဖြင့် ရှိကြရသကဲ့သို့ လူ့လောကမှာလည်း အတတ်ပညာပေးဆရာ၊ အသိပညာပေးဆရာ၊ အကျင့်ကောင်းမွန်စေရေးဆရာ၊ ယဉ်ကျေးလိမ္မာအောင် ပြုပြင်ပေးဆရာ စသည်ဖြင့် ရှိသင့်ကြသည်ကို အထူးသတိပြုသင့်ပေ၏။ အချုပ်အားဖြင့် -

**'ဆရာရှိလျှင် ယဉ်ကျေးတတ်၏။ ဆရာကင်းလျှင် ရိုင်းတတ်၏'**

- ဟူသောအချက်ကို အထူး သတိပြုကြရမည် ဖြစ်၏။

## ဥပဇ္ဈာယ်ဆရာခန်းလာ ဆောင်ရန်လင်္ကာများ

၁။ ဆုံးမနိုင်ဘိ၊ အာစရိ၊ မရှိပါ၍သည်၊

၂။ သာသနာ့ဝန်ထမ်း၊ ခေါ် လေမှန်း၊ ရဟန်းများတို့သည်၊

၃။ အချိုးမကျ၊ စည်းမကျ၊ နေကြထိုင်ကြသည်။

၄။ ဥပဇ္ဈာယ၊ ယူကုန်ကြ၊ ဗုဒ္ဓပညတ်ပြီ။

၅။ နိဿရည်းဆရာ၊ ထားဖို့ရာ၊ ဘုရားပညတ်ပြီ။

၆။ အဖနှင့်သား၊ ပမာလား၊ ရှိဗြားတိုးတက်မည်။

၇။ ဆရာကိုဖြင့်၊ ကောင်းစွာထင့်၊ ဝတ်ကျင့်ရှိရမည်။

၈။ ကျင့်ဝတ်မလုပ်၊ တပည့်ယုတ်၊ နှင်ထုတ်ကြရမည်။

၉။ နှင်ထုတ်လေတော့၊ သည်းခံပေါ့၊ ကန်တော့ကြရမည်။

၁၀။ မကန်တော့ရာ၊ တပည့်မှာ၊ ပြစ်ဟာရှိလေသည်။

၁၁။ သည်းမခံရာ၊ ဆရာမှာ၊ ပြစ်ဟာရှိလေသည်။

၁၂။ ဝတ္တရားမှု၊ ပြည့်စုံဟူ၊ မွေးမြူကြရမည်။

၁၃။ ဆရာကင်းပြီး၊ နေခြင်းတည်း၊ ပျက်စီးနိုင်ကြသည်။

၁၄။ ဆုံးမနိုင်သူ၊ ဆရာဟူ၊ ခံယူကြရမည်။

၁၅။ တတ်သိဖို့ရာ၊ ကျွမ်းဖို့ရာ၊ ဆရာရှိရမည်။

၁၆။ လိမ္မာဖို့ရာ၊ ယဉ်ဖို့ရာ၊ ဆရာရှိရမည်။

၁၇။ ဆရာရှိမှ၊ လူ့လောက၊ ချိုးကျနိုင်ပေသည်။

၁၈။ ကောင်းသောဆရာ၊ မြတ်ဆရာ၊ ရှိတာမမှားပြီ။

ဥပဇ္ဈာယ်ဆရာခန်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

# ရာဓပုဏ္ဏား အကြောင်းလာ ကိုယ်ကျင့်တရားများ

တစ်ရံရောအခါ ရာဓမည်သော ပုဏ္ဏားသည် ရဟန်းတို့ထံ ချဉ်းကပ်၍ ရှင်ရဟန်းအဖြစ်ကို တောင်းလေ၏။ ရဟန်းတို့သည် ထိုပုဏ္ဏားကို ရှင်ရဟန်း မပြုပေးလိုကြကုန်။ ထိုရာဓပုဏ္ဏားသည် ရဟန်းတို့ထံမှ ရှင်ရဟန်းအဖြစ်ကို မရသောကြောင့် ပိန်ကြုံ၏။ အသွေးအသား ခေါင်းပါး၏။ ရုပ်အဆင်းပျက်၏။ ဖက်ရွက်ရော်ကဲ့သို့ ဖျော့တော့သောအဆင်းရှိ၏။ ကြွန်ရက်ကို ဖြန့်ခင်းသကဲ့သို့ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိ၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ထိုပုဏ္ဏားကို တွေ့မြင်၍ ထိုအကြောင်းကို သိသောအခါ -

'ရဟန်းတို့ ... အဘယ်သူသည် ရာဓပုဏ္ဏား၏ ကျေးဇူးကို အမှတ်ရသနည်း'

- ဟု မေးတော်မူ၏။ ထိုအခါ အရှင်သာရိပုတြာသည် -

'မြတ်စွာဘုရား ... တပည့်တော်သည် ရာဓပုဏ္ဏား၏ ကျေးဇူးကို အမှတ်ရပါသည်' - ဟု လျှောက်၏။

'သာရိပုတြာ ... သင်သည် အဘယ်သို့လျှင် ထိုရာဓပုဏ္ဏား၏ ကျေးဇူးကို အမှတ်ရသနည်း' - ဟု မေးတော်မူ၏။

ကျေးဇူးသိပုံ ။ ။ အရှင်သာရိပုတြာသည် ရာဓပုဏ္ဏား၏ ကျေးဇူးရှိပုံကို ဤသို့ လျှောက်ထားလေ၏။

'မြတ်စွာဘုရား ... ဤရာဇဂြိုဟ်မြို့၌ ဆွမ်းခံလှည့်လည်သော တပည့်တော်အား ထိုရာဓပုဏ္ဏားသည် တစ်ယောက်ချိုမျှသော ဆွမ်းကို ပေးလှူဖူးပါ၏'

- ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်သာရိပုတြာအား ဤသို့ မိန့်ကြားတော်မူ၏။

'သာရိပုတြာ ... ကောင်းလေစွ၊ ကောင်းလေစွ။ သာရိပုတြာ ... သူတော်ကောင်းတို့သည် သူ့ကျေးဇူးကို သိတတ်ကုန်သည်သာတည်း။ ကျေးဇူးတုံ့ဆပ်အပ်သည်ကို သိတတ်ကုန်သည်သာတည်း။ သာရိပုတြာ ... သို့ဖြစ်လျှင် သင်သည် ထိုရာဓပုဏ္ဏားကို ရှင်လည်း ပြုပေးလော့။ ပဉ္စင်းလည်း ခံပေးလော့'

<u>ဘုရားအလိုကို သိခြင်း</u> ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် စောစောပိုင်းကာလက သိဝိသည်သရဏဂုံသုံးပါးဖြင့် ရှင်အဖြစ်ကိုလည်း ခွင့်ပြုတော်မူထား၏။ ပဉ္စင်းအဖြစ်ကိုလည်း ခွင့်ပြုတော်မူထား၏။ ယခုအခါ၌ ထိုပေါ်ပါးသော သရဏဂုံ သုံးပါးဖြင့် ပဉ္စင်းအဖြစ်ကို ပယ်၍ ကြီးလေးသော ဉတ္တိစတုတ္ထကံဖြင့် ပဉ္စင်းအဖြစ်ကို ခွင့်ပြုခြင်းငှါ အလိုရှိတော်မူ၏။ ထိုအလိုကို အရှင်သာရိပုတြာသည် သိ၏။ မှန်၏။ ဗုဒ္ဓပရိသတ်တို့သည် ဘုရားအလိုတော်၌ ကျွမ်းကျင်ကြကုန်၏။ အရှင်သာရိပုတြာကား ဗုဒ္ဓပရိသတ်၌ အမြတ်ဆုံးတည်း။

ထိုသို့ ဘုရားအလိုကို သိရှိခြင်းကြောင့် –

'မြတ်စွာဘုရား ... တပည့်တော်သည် ရာဓပုဏ္ဏားကို အဘယ်သို့လျှင် ရှင်ပြုပေးရပါအံ့နည်း။ ပဉ္စင်းခံပေးရပါအံ့နည်း'

– ဟု လျှောက်လေ၏။

<u>ဉတ္တိစတုတ္ထကံဖြင့် ရဟန်းခံပေးရမည်</u> ။ ။ ထိုအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့အား –

'ရဟန်းတို့ ... သရဏဂုံသုံးပါးဖြင့် ငါဘုရားခွင့်ပြုခဲ့သော ပဉ္စင်းခံခြင်းကို ယနေ့မှစ၍ ပယ်ဖျက်အပ်ပြီ။ ရဟန်းတို့ ... ဉတ္တိစတုတ္ထကံဖြင့် 'ဉတ်လျှင်လေးကြိမ်မြောက်သော ကံဖြင့်' ပဉ္စင်းခံရန် ခွင့်ပြု၏'

– ဟု မိန့်တော်မူလေ၏။

( ဝိ – ၃ – ၇၀၊ မြန် – ၇၂ / ၃၊ ဝိ – ၅ – ၃ – ၂၆၄ )

## ရာဓပုဏ္ဏားအကြောင်းလာ ဆောင်ရန်လင်္ကာများ

၁။ ရဟန်းများထံ၊ ရဟန်းခံ၊ ပြုရန်တောင်းပန်သည်။
၂။ ရဟန်းဖြစ်ကို၊ ပြုခြင်းကို၊ မလိုလားကြပြီ။
၃။ ရာဓပုဏ္ဏား၊ ပိန်ကြုံခြား၊ ဘုရားမြင်လေပြီ။
၄။ ကျေးဇူးတရား၊ သိသူအား၊ ဘုရားမေးလေပြီ။
၅။ ဆွမ်းတစ်ဇွန်းရှို၊ ပေးလှူဘိ၊ သာရိသိလေပြီ။
၆။ ကျေးဇူးသိမှု၊ စောသတ္တု၊ သာဓုခေါ် လေသည်။
၇။ ကျေးဇူးသိမှု၊ ရဟန်းဟူ၊ ပြုမူခိုင်းလေပြီ။
၈။ ဘုရားရှင်၏၊ အနီးရှို၊ တပည့်များတို့သည်၊
၉။ မြတ်ဘုရားရှင်၊ အလိုပင်၊ ကျွမ်းကျင်ကြပေသည်။
၁၀။ ဘယ်ပုံပြုဘိ၊ ဘယ်လို၏၊ သာရိလျှောက်ထားပြီ။
၁၁။ သရဏဂုံသုံးပါး၊ ခွင့်ပြုထား၊ ဘုရားဖျက်လေပြီ။
၁၂။ ဥတ္တိစတုတ္ထ၊ ကံနှင့်မှ၊ ပြုကြခွင့်ပေးပြီ။
၁၃။ ကျေးဇူးဆိုတာ၊ လောကမှာ၊ သူငါရှိကြသည်။
၁၄။ ကျေးဇူးသိတာ၊ ကောင်းသူပါ၊ မြတ်စွာမိန့်လေပြီ။
၁၅။ ပေးဖူးကမ်းဖူး၊ လှူဒါန်းဖူး၊ ကျေးဇူးဆပ်ရမည်။
၁၆။ တရားဖြင့်သာ၊ သိစေပါ၊ ဆပ်ရာရောက်ပေသည်။

ရာဓပုဏ္ဏား အကြောင်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

# ရာဟုလာဝတ္ထုလာ ကိုယ်ကျင့်တရားများ

ကပိလဝတ်ပြည်သို့ ကြွခြင်း ။ ။ တစ်ရံရောအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့မှ ကပိလဝတ်ပြည်သို့ အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူလတ်သော် ကပိလဝတ်ပြည်သို့ ရောက်တော်မူ၍ သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းကြီး၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် သုဒ္ဓေါဒနသာကီဝင်မင်းကြီး၏ နန်းတော်သို့ ချဉ်းကပ်တော်မူပြီးနောက် ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၏။

ရာဟုလာ အမွေတောင်းခြင်း ။ ။ ထိုအခါ ရာဟုလာ၏မယ်တော် ယသော်ဓရာဒေဝီသည် –

'ချစ်သား ရာဟုလာ ... ဤရဟန်းသည် သင်၏ အဖတည်း။ သွားလော့၊ အမွေတောင်းချေလော့'

– ဟု ပြောဆို၏။ ထိုအခါ ရာဟုလာမင်းသားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် အဖတည်းဟူသော ချစ်ခင်ခြင်းဖြင့် ဝမ်းမြောက်သောစိတ် ရှိသည် ဖြစ်၍–

'ရဟန်း ... အရှင်ရဟန်း၏ အရိပ်သည် အေးမြလှပါ၏'

– ဟု ဆို၍ ရှေ့၌ ရပ်တည်၏။

ရှင်ပြုပေးခြင်း ။ ။ မြတ်စွာဘုရားသည် နေရာမှထ၍ ကြွသွားတော်မူသော အခါ ရာဟုလာမင်းသားသည် –

'ရဟန်း ... အကျွန်ုပ်အား အမွေပေးပါလော့၊ ရဟန်း ... အကျွန်ုပ်အား အမွေပေးပါလော့'

– ဟု ဆိုလျက် မြတ်စွာဘုရား၏ နောက်မှ နောက်မှ အစဉ်လိုက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် –

'ရာဟုလာကား အမွေတောင်းနေ၏။ လောကီအမွေကား ဝဋ်ဒုက္ခသို့ အစဉ်လိုက်၏။ ဗောဓိမဏ္ဍိုင်၌ ငါရထားသော အရိယဥစ္စာ လောကုတ္တရာအမွေကို ပေးရပေတော့အံ့' – ဟု ကြံစည်တော်မူ၍ အရှင်သာရိပုတြာအား –

'ချစ်သား သာရိပုတြာ ... သင်သည် ရာဟုလာမင်းသားကို ရှင်ပြုပေးလေလော့' – ဟု မိန့်တော်မူလေ၏။

<u>သရဏဂုံဖြင့် ရှင်ပြုပေးရမည်</u> ။ ။ မြတ်စွာဘုရားသည် ဗာရာဏသီ၌ သရဏဂုံဖြင့်ပင် ရှင်ပြုခြင်းကိုရော ရဟန်းပြုခြင်းကိုရော ခွင့်ပြုတော်မူခဲ့၏။ အရှင်ရာဓ ရဟန်းပြုသည်မှစ၍ သရဏဂုံဖြင့် ရဟန်းပြုခြင်းကို ပယ်ဖျက်၍ ဉတ္တိစတုတ္ထကံဖြင့် ရဟန်းပြုခြင်းကို ခွင့်ပြုတော်မူခဲ့၏။ သို့ဖြစ်၍ –

'ရှင်ပြုခြင်းကို အဘယ်သို့ ပြုရပါမည်နည်း'

– ဟု ဒွိဟမဖြစ်စေရန်အတွက် သရဏဂုံဖြင့်ပင် ရှင်ပြုပေးရမည်ကို ထပ်မံ၍ ခွင့်ပြုပေးတော်မူလိုသော အလိုဆန္ဒ မြတ်စွာဘုရား၌ ရှိနေ၏။ ယင်းဘုရား၏ အလိုတော်ကို သိမြင်၍ အရှင်သာရိပုတြာသည် ဤသို့ လျှောက်ထားလေ၏။

'မြတ်စွာဘုရား ... တပည့်တော်သည် ရာဟုလာမင်းသားကို အဘယ်သို့ ရှင်ပြုပေးရပါအံ့နည်း'

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့အား –

'ရဟန်းတို့ ... သရဏဂုံသုံးပါးတို့ဖြင့် ရှင်သာမဏေ ပြုခြင်းကို ခွင့်ပြု၏' – ဟု မိန့်တော်မူလေ၏။

ထိုအခါ အရှင်သာရိပုတြာသည် ရာဟုလာမင်းသားကို သရဏဂုံသုံးပါးဖြင့် ရှင်ပြုပေးလေ၏။

<u>မိဘတို့ ခွင့်မပြုသော သားကို ရှင်ရဟန်းမပြုရ ။</u> ။ ရာဟုလာ ကိုရင်ဝတ်ချိန်၌ သုဒ္ဓေါဒန မင်းကြီး အနာဂါမ် မဖြစ်သေးပေ။ သကဒါဂါမ်မျှသာ ရှိသေး၏။ ထို့ကြောင့် -

'မြေးတော် ရာဟုလာ ရှင်သာမဏေပြုပြီ'

- ဟူ၍ ကြားသောအခါ ထိတ်လန့်တုန်လှုပ်စွာဖြင့် မြတ်စွာဘုရားထံသို့ ရောက်လာပြီး သုဒ္ဓေါဒနမင်းကြီးသည် မြတ်စွာဘုရားအား ဤသို့ လျှောက်လေ၏။

'မြတ်စွာဘုရား ... တပည့်တော်သည် မြတ်စွာဘုရားအား ဆုတစ်ခုကို တောင်းလိုပါ၏'

ထိုအခါ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။

'ဂေါတမအနွယ်ဖြစ်သော မင်းကြီး ... မြတ်စွာဘုရားတို့သည် ဆုပေးခြင်းမှ လွန်မြောက်ကုန်၏'

ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် ဤသို့ ပြန်လျှောက်ပြန်၏။

'အရှင်ဘုရား ... တောင်းမည့်ဆုသည် အပ်လည်း အပ်ပါ၏။ အပြစ်လည်း မရှိပါ'

ထိုအခါ မြတ်စွာဘုရားသည် -

'ဂေါတမအနွယ်ဖြစ်သော မင်းကြီး ... ဆိုလော့' - ဟု မိန့်တော်မူ၏။

ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် မြတ်စွာဘုရားအား ဤသို့လျှောက်ထားလေ၏။

'အရှင်ဘုရား ... မြတ်စွာဘုရား ရဟန်းပြုစဉ်က တပည့်တော်အား အတိုင်းမသိသော ဆင်းရဲဒုက္ခ ဖြစ်ရပါ၏။ နန္ဒမင်းသား ရဟန်းပြုသည်ရှိသော် ထို့အတူပင် ဆင်းရဲဒုက္ခ ဖြစ်ရပါ၏။ ရာဟုလာ ရဟန်းပြုရာ၌ကား လွန်ကဲသော ဆင်းရဲဒုက္ခ ဖြစ်ရပါ၏။ မြတ်စွာဘုရား ... မိဘတို့အား သား၌ ချစ်ခြင်းသည် အရေပါးကို ဖောက်ထွင်း၍ အရေထူကို၊ အရေထူမှ အသားကို၊ အသားမှ အကြောကို၊ အကြောမှ အရိုးကို ဖောက်ထွင်း၍ ရိုးတွင်းခြင်ဆီသို့ ထိအောင်တည်ပါ၏။ အရှင်ကောင်းတို့သည် အမိအဖတို့ ခွင့်မပြုသောသားကို ရှင်ရဟန်းပြုမပေးရန် တောင်းပန်ပါသည် အရှင်ဘုရား'

ထိုအခါ မြတ်စွာဘုရားသည် သုဒ္ဓေါဒနသာကီဝင်မင်းကြီးအား တရားစကားဖြင့် အကျိုးစီးပွားကို သိမြင်စေလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်စေ ရွှင်လန်းစေတော်မူ၏။ သုဒ္ဓေါဒနမင်းကြီးသည်လည်း မြတ်စွာဘုရားက တရားစကားဖြင့် အကျိုးစီးပွားကို သိမြင်စေလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေပြီးသော် နေရာမှထလျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲခွါသွားလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ဤသို့သော အကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို-

'ရဟန်းတို့ ... အမိအဖတို့ ခွင့်မပြုသောသားကို ရှင်ရဟန်း ပြုမပေးရ။ ရှင်ရဟန်း ပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏' ဟု မိန့်တော်မူလေ၏။

( ဝိ - ၃ - ၁၁၅ / ၆ ။ မြန် - ၁၁၆ / ၇ ။ ဝိ - ၄ - ၃ -၂၉၁ / ၂ )

## ရာဟုလာ ဝတ္ထုလာ ဆောင်ရန် လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ယသော်မည်ပေ၊ | သားကိုလေ၊ | အမွေတောင်းခိုင်းပြီ။ |
| ၂။ | ရာဟုလာကား၊ | မြတ်ဘုရား၊ | အနားရောက်သွားပြီ။ |
| ၃။ | အဖပဲဟူ၊ | စိတ်ကမူ၊ | အားယူရွှင်လန်းပြီ။ |
| ၄။ | ရဟန်းရိပ်က၊ | အေးမြလှ၊ | ဖွင့်ဟပြောလေပြီ။ |
| ၅။ | ကလေးသဘာ၊ | တီတီတာ၊ | ပြောကာနေလေသည်။ |
| ၆။ | မြတ်စွာဘုရား၊ | ကျောင်းသို့အား၊ | ကြွသွားပါတော့သည်။ |
| ၇။ | အမွေပေးပါ၊ | တစာစာ၊ | တောင်းကာလိုက်သွားသည်။ |
| ၈။ | မွေပေးလိုပြား၊ | မြတ်ဘုရား၊ | စဉ်းစားပါလေပြီ။ |
| ၉။ | လောကီအမွေ၊ | သံသာပေ၊ | မှန်ပေလည်စေသည်။ |
| ၁၀။ | ရိယာဥစ္စာ၊ | လောကုတ်ပါ၊ | မွေသာပေးတော့မည်။ |
| ၁၁။ | သာရိခေါ်ပြု၊ | သားရဟု၊ | ရှင်ပြုစေလေပြီ။ |

| | | | |
|---|---|---|---|
| ၁၂။ | ဘယ်လိုပုံတိ၊ | ပြုရဘိ၊ | သာရိလျှောက်ထားပြီ။ |
| ၁၃။ | သရဏာဂုံဖြင့်ပင်၊ | ပြုနိုင်အခင်၊ | မြတ်ရှင်ခွင့်ပြုပြီ။ |
| ၁၄။ | မိဘနှစ်ပါး၊ | သားတို့အား၊ | ချစ်အားလွန်များသည်။ |
| ၁၅။ | မိဘတစ်တွေ၊ | နှုတ်ကပေ၊ | ခွင့်လေပြုမှသည်၊ |
| ၁၆။ | ရဟန်းခံပေး၊ | ရှင်ပြုပေး၊ | ပြုပေးသင့်ကြသည်။ |
| ၁၇။ | သုဒ္ဓေါဒန၊ | မင်းကြီးက၊ | ဖွင့်ဟလျှောက်လေပြီ။ |
| ၁၈။ | မိဘနှုတ်က၊ | ခွင့်မရ၊ | ပတ္တမျှားကိုသည်၊ |
| ၁၉။ | ရှင်ပြုကိစ္စ၊ | မလုပ်ရ၊ | ဗုဒ္ဓပညတ်ပြီ။ |
| ၂၀။ | ရှင်ပြုကိစ္စ၊ | မြင့်မြတ်လှ၊ | မိဘတစ်တွေသည်၊ |
| ၂၁။ | သဘောပေါက်မှု၊ | ဝမ်းမြောက်မှု၊ | ခွင့်ပြုသင့်ကြသည်။ |

ရာဟုလာဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။



# ဥပုသ်ပြုခြင်းလာ ကိုယ်ကျင့်တရားများ

**တိတ္ထိတို့ စည်းဝေးကြခြင်း ။** ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူသောအခါ သာသနာတော်အယူမှ တစ်ပါးသော အယူရှိသည့် တိတ္ထိပရိဗိုဇ်တို့သည် တစ်ဆယ့်လေးရက်နေ့၌လည်းကောင်း၊ တစ်ဆယ့်ငါးရက်နေ့၌လည်းကောင်း၊ လဆန်း ရှစ်ရက်၊ လဆုတ်ရှစ်ရက်နေ့တို့၌လည်းကောင်း စည်းဝေး၍ တရားပြောဟောကုန်၏။

ထိုပရိဗိုဇ်တို့အထံသို့ လူတို့သည် တရားနာခြင်းငှါ ချဉ်းကပ်ကုန်၏။ ထိုလူတို့သည် သာသနာတော်အယူမှ တစ်ပါးသောအယူရှိသည့် တိတ္ထိပရိဗိုဇ်တို့၌ ချစ်ခင်ကုန်၏။ ကြည်ညိုကုန်၏။ ထိုတိတ္ထိပရိဗိုဇ်တို့သည် အသင်းအပင်းကို ရကုန်၏။

**ဗိမ္ဗိသာရမင်းကြီးအကြံ ။** ။ ထိုအခါ မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရသည် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် တိတ်ဆိတ်စွာနေစဉ် -

'ယခုအခါ သာသနာတော်အယူမှ တစ်ပါးသောအယူ ရှိသည့် တိတ္ထိပရိဗိုဇ်တို့သည် တစ်ဆယ့်လေးရက်နေ့၌လည်းကောင်း၊ တစ်ဆယ့်ငါးရက်နေ့၌လည်းကောင်း၊ လဆန်းရှစ်ရက်၊ လဆုတ်ရှစ်ရက်နေ့တို့၌လည်းကောင်း စည်းဝေး၍ တရားဟောပြောကုန်၏။ ထိုပရိဗိုဇ်တို့အထံသို့ လူတို့သည် တရားနာခြင်းငှါ ချဉ်းကပ်ကုန်၏။ ထိုလူတို့သည် ထိုတိတ္ထိပရိဗိုဇ်တို့၌ ချစ်ခင်ကုန်၏။ ကြည်ညိုကုန်၏။ ထိုတိတ္ထိပရိဗိုဇ်တို့သည် အသင်းအပင်းကို ရကုန်၏။ အကယ်၍ အရှင်ကောင်းတို့သည်လည်း တစ်ဆယ့်လေးရက်နေ့၌လည်းကောင်း၊ တစ်ဆယ့်ငါးရက်နေ့၌လည်းကောင်း၊ လဆန်းရှစ်ရက်၊ လဆုတ်ရှစ်ရက်တို့၌လည်းကောင်း စည်းဝေးပါကုန်မူ ကောင်းလေစွ'

- ဟု အကြံဖြစ်လေ၏။

**စည်းဝေးရန် ခွင့်ပြုခြင်း ။** ။ ဗိမ္ဗိသာရမင်းကြီးသည် ထိုအကြံကို မြတ်စွာဘုရားအား လျှောက်ထားပြီးနောက် -

'မြတ်စွာဘုရား ... တောင်းပန်ပါ၏။ အရှင်ကောင်းတို့သည်လည်း တစ်ဆယ့်လေးရက်နေ့၌လည်းကောင်း၊ တစ်ဆယ့်ငါးရက်နေ့၌လည်းကောင်း၊ လဆန်းရှစ်ရက်၊ လဆုတ်ရှစ်ရက်နေ့တို့၌လည်းကောင်း စည်းဝေးတော်မူပါကုန်လော့' - ဟု လျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို -

'ရဟန်းတို့ ... တစ်ဆယ့်လေးရက်၊ တစ်ဆယ့်ငါးရက်၊ လဆန်းရှစ်ရက်၊ လဆုတ်ရှစ်ရက် ဥပုသ်နေ့တို့၌ စည်းဝေးစိမ့်သောငှါ ခွင့်ပြု၏' - ဟု မိန့်တော်မူ၏။

**တရားဟောရန် ခွင့်ပြုခြင်း ။** ။ ရဟန်းတို့သည် မြတ်စွာဘုရားသည် ခွင့်ပြုသော ထိုဥပုသ်နေ့တို့၌ စည်းဝေးကြပြီးလျှင် ဆိတ်ဆိတ်နေကုန်၏။ ထိုရဟန်းတို့အထံသို့ လူတို့သည် တရားနာခြင်းငှါ ချဉ်းကပ်ကုန်၏။ ရဟန်းတို့သည် တရားမဟောဘဲ ဆိတ်ဆိတ်နေကြလေကုန်၏။ ထိုအခါ လူတို့သည် -

'အဘယ်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ထိုဥပုသ်နေ့တို့၌ စည်းဝေးကြပြီးလျှင် အ,သောဝက်တို့ကဲ့သို့ ဆိတ်ဆိတ်နေကုန်ဘိသနည်း။ စည်းဝေးသောသူတို့မည်သည် တရားစကားကို ဟောသင့်သည် မဟုတ်ပါလော'

- ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအကြောင်းအရာကြောင့် မြတ်စွာဘုရားသည် ရဟန်းတို့ကို -

'ရဟန်းတို့ ထိုဥပုသ်နေ့တို့၌ စည်းဝေးပြီးလျှင် တရားဟောခြင်းငှါ ခွင့်ပြု၏'

- ဟု မိန့်တော်မူလေ၏။

<u>ပါတိမောက်ပြရန် ခွင့်ပြုခြင်း</u> ။ ။ ထိုအခါ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်လျက် တိတ်ဆိတ်စွာနေတော်မူသော မြတ်စွာဘုရားအား -

'ငါသည် ရဟန်းတို့အတွက် ပညတ်ထားသော သိက္ခာပုဒ်တို့ကို ရဟန်းတို့အား ပါတိမောက် ပြခြင်းငှါ ခွင့်ပြုရမူ ကောင်းလေရာ၏။ ထိုပါတိမောက်ပြခြင်းသည် ထိုရဟန်းတို့အား ဥပုသ်ကံမည်သည် ဖြစ်လတ္တံ့' - ဟု အကြံဖြစ်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့အား ထိုအကြံကို မိန့်တော်မူ၍-

'ရဟန်းတို့ ... ပါတိမောက်ပြစိမ့်သောငှါ ခွင့်ပြု၏'

- ဟု မိန့်တော်မူပြီးလျှင် ပါတိမောက် ပြပုံပြနည်းကိုပါ မိန့်ကြားတော်မူလေ၏။

၁၄-ရက်၊ ၁၅-ရက်နေ့၌ ပါတိမောက်ပြရမည် ။ ။ ရဟန်းတို့သည် နေ့တိုင်း ပါတိမောက်ပြကြသောကြောင့် -

'နေ့တိုင်း မပြအပ်။ ပြသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ရဟန်းတို့ ... ဥပုသ်နေ့၌ ပါတိမောက်ပြခြင်းငှါ ခွင့်ပြု၏'

- ဟု မိန့်တော်မူ၏။

ထိုအခါ ရဟန်းတို့သည် တစ်ဆယ့်လေးရက်နေ့၌လည်းကောင်း, တစ်ဆယ့်ငါးရက်နေ့၌လည်းကောင်း၊ ရှစ်ရက်နေ့၌လည်းကောင်း တစ်ပက္ခလျှင်သုံးကြိမ် ပါတိမောက် ပြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

'ရဟန်းတို့ ... တစ်ပက္ခ၌ သုံးကြိမ် ပါတိမောက် မပြအပ်။ ပြသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ရဟန်းတို့ ... တစ်ဆယ့်လေးရက်နေ့၌လည်းကောင်း၊ တစ်ဆယ့်ငါးရက်နေ့၌လည်းကောင်း တစ်ပက္ခလျှင် ပါတိမောက်ကို တစ်ကြိမ်သာ ပြခြင်းငှာ ခွင့်ပြု၏' - ဟု မိန့်တော်မူ၏။

<u>ရဟန္တာလည်း ဥပုသ်ပြုရမည်</u> ။ ။ အရှင်မဟာကပ္ပိန ကိုယ်တော်မြတ်ကြီးသည် ရဟန္တာအဖြစ်သို့ ရောက်ရှိပြီး ဖြစ်၏။ တစ်နေ့သောအခါ၌ အရှင်မဟာကပ္ပိနသည် ရာဇဂြိုဟ်မြို့ မဒ္ဒကုစ္ဆိသမင်တော၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဆိတ်ငြိမ်ရာသို့ ကပ်လျက် တိတ်ဆိတ်နေသော အရှင်မဟာကပ္ပိနအား -

'ငါသည် ဥပုသ်ပြုရာသို့ သွားရအံ့လော။ မသွားဘဲနေရအံ့လော။ သံဃာ့ကံ ပြုရာသို့ သွားရအံ့လော။ မသွားဘဲ နေရအံ့လော။ စင်စစ် ငါသည်ကား လွန်ကဲသော စင်ကြယ်ခြင်းဖြင့် စင်ကြယ်သူပေတည်း' - ဟု စိတ်အကြံ ဖြစ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်မဟာကပ္ပိန၏ စိတ်အကြံကို ကိုယ်တော်၏ စိတ်ဖြင့်သိတော်မူ၍ အားရှိသောယောကျ်ားသည် ကွေးသောလက်မောင်းကို ဆန့်သကဲ့သို့လည်းကောင်း၊ ဆန့်သောလက်မောင်းကို ကွေးသကဲ့သို့လည်းကောင်း ဤအတူ သာလျှင် ဂိဇ္ဈကုဋ်တောင်မှ ကွယ်ခဲ့၍ မဒ္ဒကုစ္ဆိသမင်တော အရှင်မဟာကပ္ပိန၏ မျက်မှောက်၌ ထင်ရှားဖြစ်၏။

မြတ်စွာဘုရားသည် ခင်းထားသောနေရာ၌ ထိုင်တော်မူ၏။ အရှင်မဟာကပ္ပိန သည် မြတ်စွာဘုရားကို ရှိခိုးလျက် တစ်ခုသောနေရာ၌ ထိုင်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် အရှင်မဟာကပ္ပိနအား အကြံကို ထုတ်ဖော်ပြောကြားတော်မူပြီးလျှင် -

'မကောင်းမှုမှ အပပြုပြီးသော သင်တို့သည် အကယ်၍ ဥပုသ်ကို အရိုအသေ မပြုကုန်အံ့။ အလေးအမြတ် မပြုကုန်အံ့။ မပူဇော်ကုန်အံ့။ သို့ဖြစ်လျှင် အဘယ်သူ သည် ဥပုသ်ကို အရိုအသေပြုလတ္တံ့နည်း။ မြတ်နိုးလတ္တံ့နည်း။ ပူဇော်လတ္တံ့နည်း။ မကောင်းမှုမှ အပပြုပြီးသော ရဟန်း ... သင်သည် ဥပုသ်ပြုရာသို့ သွားလော့။ သံဃာ့ကံ ပြုရာသို့ သွားလော့။ မသွားဘဲ မနေလင့်'

- ဟု မိန့်တော်မူ၏။

<u>သတိပြုရန်</u>။ ။ *ဤသာဓကကိုထောက်လျှင် လူတို့သည် ဥပုသ်နေ့များ၌ ဥပုသ် စောင့်ရာတွင် ရှစ်ပါးသီလ, ကိုးပါးသီလဟူသော ဥပုသ်သီလကို အလေးအမြတ်ထား၍ စောင့်သုံးသင့်ကြ၏။ ဥပုသ်သီလကို အလေးဂရုပြုသောအားဖြင့် အိမ်မှာစောင့်ခြင်းထက် ကျောင်းသို့သွား၍ စောင့်ခြင်းက ပို၍ကောင်းမွန်ကြောင်း ထင်ရှားလှပေ၏။*

*( ဝိ - ၃ - ၁၃၉ / ၁၄၁၊ မြန် - ၁၄၃ / ၈ )*

## ဥပုသ်ပြုခြင်းလာ ဆောင်ရန်လင်္ကာများ

၁။ ဥပုသ်တိုင်းပေ၊ တိတ္ထိတွေ၊ ဆုံလေစည်းဝေးသည်။

၂။ ချဉ်းကပ်လာကြား၊ လူတို့အား၊ တရားဟောကြသည်။

၃။ ကြည်ညိုကြကာ၊ သင်းပင်းပါ၊ ကောင်းစွာရကြသည်။

၄။ ဗိမ္ဗိသာရ၊ အကြံရ၊ ဗုဒ္ဓလျှောက်ထားပြီ။

၅။ စည်းဝေးနိုင်ကြ၊ စုစည်းကြ၊ ဗုဒ္ဓခွင့်ပြုပြီ။

၆။ ရဟန်းများမှာ၊ စုရုံသာ၊ ဆိတ်စွာနေကြသည်။

၇။ တရားမဟောလို့၊ ဝက်အသို့၊ လူတို့ကဲ့ရဲ့ပြီ။

၈။ တရားကိုပါ၊ ဟောဖို့ရာ၊ မြတ်စွာခွင့်ပြုပြီ။

၉။ ပါတိမောက်ပါ၊ ပြဖို့ရာ၊ မြတ်စွာခွင့်ပြုပြီ။

၁၀။ လကွယ်နေ့မှာ၊ လပြည့်မှာ၊ ကောင်းစွာပြုရမည်။

၁၁။ မိမိစိတ်ဝယ်၊ ကိလေပယ်၊ စင်ကြယ်လှပေပြီ။

၁၂။ ဥပုသ်ပြုဖို့၊ နေရာသို့၊ သွားဖို့မလိုပြီ။

၁၃။ အရှင်ကပ္ပိန၊ စိတ်ကိုပ၊ ဗုဒ္ဓသိလေပြီ။

၁၄။ ချစ်သားတို့လို၊ ဥပုသ်ကို၊ မရိုသေလျှင်သည်၊

၁၅။ ဘယ်ပုဂ္ဂိုလ်က၊ ရိုသေပ၊ ဗုဒ္ဓမိန့်လေပြီ။

၁၆။ မသွားမနေရ၊ သွားလေကြ၊ ဗုဒ္ဓတိုက်တွန်းပြီ။

၁၇။ ဗုဒ္ဓမိန့်ဘိ၊ ထုံးအရှိ၊ သတိပြုသင့်သည်။

၁၈။ ဥပုသ်စောင့်သူ၊ ဥပုသ်ယူ၊ ကျောင်းမှုသွားသင့်သည်။

၁၉။ ဥပုသ်စောင့်ရိုး၊ သီလမျိုး၊ မြတ်နိုးကြရမည်။

ဥပုသ်ပြုခြင်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

# ဝါကပ်ရန် ခွင့်ပြုတော်မူခြင်းလာ ကိုယ်ကျင့်တရားများ

ဥတုသုံးပါးလုံး ခရီးသွားကြခြင်း ။ ။ တစ်ရံရောအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းတို့အား ဝါဆိုဝါကပ်ကို ပညတ်တော်မမူသေးသောကြောင့် ရဟန်းတို့သည် ဆောင်းနွေမိုး ဥတုသုံးပါးလုံး ဒေသစာရီ လှည့်လည်ကြကုန်၏။ လူတို့သည် -

'သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် အဘယ်ကြောင့် ဆောင်းနွေမိုး ဥတုသုံးပါးလုံး စိမ်းရှင်သော မြက်ပင်တို့ကို နင်းချေကုန်လျက် အသက်ဟု ဆိုအပ်သော တစ်ခုသော ဣန္ဒြေကို ညှဉ်းဆဲကာ သေးငယ်သည့် များစွာသော သတ္တဝါတို့ကို ပျက်စီးခြင်းသို့ ရောက်စေ၍ ဒေသစာရီ လှည့်လည်ကုန်ဘိသနည်း။

မကောင်းသဖြင့် ဟောအပ်သောတရားရှိသော၊ သာသနာတော်အယူမှ တစ်ပါးသော အယူရှိသော တိတ္ထိတို့သော်မှလည်း မိုးလတို့ပတ်လုံး ကြောင့်ကြမဲ့ ကိန်းအောင်းနေထိုင်ကြကုန်သေး၏။

ငှက်တို့သော်မှလည်း သစ်ပင်ဖျားတို့၌ အသိုက်ပြုကာ မိုးလတို့ပတ်လုံး ကြောင့်ကြမဲ့ မြဲစွဲစွာ နေကြကုန်သေး၏။

ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည်ကား ဆောင်းနွေမိုး ဥတုသုံးပါးလုံး စိမ်းရှင်သောမြက်ပင်တို့ကို နင်းချေကုန်လျက် အသက်ဟုဆိုအပ်သော တစ်ခုသော ဣန္ဒြေကို ညှဉ်းဆဲကာ သေးငယ်သည့် များစွာသော သတ္တဝါတို့ကို ပျက်စီးခြင်းသို့ ရောက်စေလျက် လှည့်လည်ကုန်ဘိ၏'

- ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ထိုလူတို့ ကဲ့ရဲ့သောစကားကို ကြား၍ မြတ်စွာဘုရားအား လျှောက်ထားကြလေ၏။ မြတ်စွာဘုရားသည် -

'ရဟန်းတို့ ... ဝါကပ်စိမ့်သောငှါ ခွင့်ပြု၏' - ဟု မိန့်တော်မူ၏။

<u>ဝါကပ်ခြင်းနှစ်မျိုး</u> ။ ။ ထိုအခါ ရဟန်းတို့အား –

'အဘယ်အခါ၌ ဝါကပ်အပ်ပါသနည်း'

– ဟု မြတ်စွာဘုရားကို လျှောက်ထားရာ မြတ်စွာဘုရားသည် –

'ရဟန်းတို့ ... မိုးလ၌ ဝါကပ်စိမ့်သောငှါ ခွင့်ပြု၏' – ဟု မိန့်တော်မူ၏။

ထို့နောက် – 'ဝါကပ်ခြင်းတို့သည် ဘယ်နှစ်မျိုးရှိသနည်း'

– ဟု မြတ်စွာဘုရားအား လျှောက်ထားသောအခါ မြတ်စွာဘုရားသည် –

'ရဟန်းတို့ ... ဝါကပ်ခြင်းတို့သည် –

(၁) ပုရိမဝါကပ်ခြင်း၊

(၂) ပစ္ဆိမဝါကပ်ခြင်း – ဟူ၍ နှစ်မျိုးရှိကုန်၏။

ဝါဆိုလပြည့်ကျော်တစ်ရက်နေ့၌ ပုရိမဝါကပ်ရမည်။

ဝါခေါင်လပြည့်ကျော်တစ်ရက်နေ့၌ ပစ္ဆိမဝါကပ်ရမည်' – ဟု မိန့်တော်မူ၏။

<u>ဝါတွင်း၌ ခရီးမသွားရ</u> ။ ။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဝါကပ်ပြီးနောက် ဝါတွင်း၌ ဒေသစာရီ လှည့်လည်ကုန်၏။ လူတို့သည် ရှေးကအတူ ကဲ့ရဲ့ ကြကုန်၏။ ထိုအကြောင်းကို မြတ်စွာဘုရား သိတော်မူသောအခါ –

'ရဟန်းတို့ ... ဝါကပ်ပြီး၍ ပုရိမဝါ သုံးလပတ်လုံးသော်လည်းကောင်း၊ ပစ္ဆိမဝါ သုံးလပတ်လုံးသော်လည်းကောင်း မနေမူ၍ ဒေသစာရီ မလှည့်လည် မသွားလာအပ်။ သွားလာသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏'

– ဟု မိန့်တော်မူ၏။

<u>ဝါမဆို မနေရ</u> ။ ။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဝါကပ်ခြင်းငှါ အလိုမရှိကြကုန်။ ထိုအကြောင်းကို မြတ်စွာဘုရား သိတော်မူ၍–

'ရဟန်းတို့ ... ဝါကပ်ရမည်သာတည်း။ ဝါမကပ်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏' – ဟု မိန့်တော်မူ၏။

**မင်းအလိုသို့ လိုက်ရမည်** ။ ။ ထိုအခါ မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရသည် ဝါကို ငင်လိုသည်ဖြစ်၍ ရဟန်းတို့၏ အထံသို့ –

'အကယ်၍ အရှင်တို့သည် နောက်လာမည့်လ၌ ဝါသို့ ကပ်ပါကုန်မူ ကောင်းလေစွ'

– ဟု တမန်စေလွှတ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

'အနုဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတုံ – ရဟန်းတို့ ... မင်းတို့၏ အလိုသို့ လိုက်စိမ့်သောငှါ ခွင့်ပြု၏' – ဟု မိန့်တော်မူ၏။

**(၇)ရက်သွားခွင့်ရှိ** ။ ။ တစ်နေ့သောအခါ၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူသည်ရှိသော် သာဝတ္ထိပြည်သို့ရောက်၍ ထို သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အာရာမ်ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ ကောသလတိုင်း ဇနပုဒ်တို့၌ ဥဒေန ဥပါသကာသည် သံဃာကို ရည် မှတ်၍ ကျောင်းဆောက်လုပ်စေ၏။ ထိုဥပါသကာသည် ရဟန်းတို့၏ အထံသို့ –

'အရှင်ကောင်းတို့သည် ကြွတော်မူပါကုန်လော့။ အလှူကိုပေးခြင်း၊ တရားကိုနာခြင်း၊ ရဟန်းတို့ကို ဖူးမြော်ခြင်းငှါ အလိုရှိပါ၏' ဟု တမန်ကို စေလွှတ်၏။

ရဟန်းတို့သည် –

'ဒါယကာ ဥပါသကာ ... မြတ်စွာဘုရားသည် ဝါကပ်ပြီးနောက် ပုရိမဝါ သုံးလပတ်လုံးသော်လည်းကောင်း၊ ပစ္ဆိမဝါ သုံးလပတ်လုံးသော်လည်းကောင်း မနေမူ၍ ဒေသစာရီ မသွားလာအပ်–ဟု ပညတ်တော်မူထား၏။ ဥဒေနဥပါသကာသည် ရဟန်းတို့ ဝါဆိုနေသည့်အတွင်း စောင့်ဆိုင်းစေလိုပါ၏။ ဝါကျွတ်သည်ရှိသော် ကြွလာကြပါလိမ့်မည်။ ဥဒေနဥပါသကာအား အဆောတလျှင် ရှောင်တခင် ပြုဖွယ်ကိစ္စရှိလျှင်လည်း ထိုအရပ်၌နေသော ရဟန်းတို့၏အထံ၌ ကျောင်းကို လှူဒါန်းပါစေ' – ဟု ပြောဆိုကုန်၏။

ထိုအခါ ဥဒေန ဥပါသကာသည် -

'အဘယ်ကြောင့် အရှင်ကောင်းတို့သည် ငါသည် ပင့်ဖိတ်အပ်ပါလျက် မကြွလာကုန်ဘိသနည်း။ ငါသည် ပစ္စည်းလေးပါးကို ပေးလှူတတ်သော ဒါယကာတည်း။ သံဃာ၏ အမှုကြီးငယ်ကို ပြုတတ်သူတည်း။ သံဃာ၏ အလုပ်အကျွေးတည်း'

- ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအကြောင်းကို မြတ်စွာဘုရား သိမြင်တော်မူသောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို -

'ရဟန်းတို့ ... ရဟန်းယောကျာ်း၊ ရဟန်းမိန်းမ၊ သိက္ခမာန်၊ သာမဏေယောကျာ်း၊ သာမဏေမိန်းမ၊ ဥပါသကာယောကျာ်း၊ ဥပါသကာမိန်းမ -ဟူ၍ (၇)ဦးတို့ ပင့်ဖိတ်အပ်သည်ရှိသော် (၇)ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားစိမ့်သောငှါ ခွင့်ပြု၏။ မပင့်ဖိတ်ဘဲ မသွားအပ်။ (၇)ရက်အတွင်း ပြန်လာရမည်' - ဟု မိန့်တော်မူ၏။

<u>မပင့်သော်လည်း သွားနိုင်သည်</u> ။ ။ တစ်နေ့သောအခါ၌ ရဟန်းတစ်ပါးသည် နာဖျားနေ၏။ ထိုရဟန်းသည် ရဟန်းတို့၏ အထံသို့ -

'တပည့်တော်သည် နာဖျားနေပါ၏။ ရဟန်းတို့သည် ကြွလာတော်မူပါကုန်လော့။ ရဟန်းတို့၏ ကြွလာခြင်းကို အလိုရှိပါ၏'

- ဟု တမန်ကို စေလွှတ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

'ရဟန်းတို့ ... ရဟန်းယောကျာ်း၊ ရဟန်းမိန်းမ၊ သိက္ခမာန်၊ သာမဏေယောကျာ်း၊ သာမဏေမိန်းမ ဟူသော သီတင်းသုံးဖော် (၅) ဦးအတွက် မပင့်ဖိတ်သော်လည်း (၇)ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားခြင်းငှါ ခွင့်ပြု၏။ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း။ (၇)ရက်အတွင်း ပြန်လာရမည်'

**(၇)ဦးတို့အတွက် မပင့်သော်လည်း သွားနိုင်သည်** ။ ။ တစ်နေ့သောအခါ၌ ရဟန်း တစ်ပါး၏ အမိသည် နာဖျား နေ၏။ ထိုအမိသည် သား၏အထံသို့ -

'တပည့်တော်သည် နာဖျားနေပါ၏။ တပည့်တော်၏ သားသည် ကြွလာတော်မူပါလော့။ သား၏လာခြင်းကို အလိုရှိပါ၏'

- ဟု တမန်ကို စေလွှတ်၏။ ထိုအခါ ထိုရဟန်းအား -

'မြတ်စွာဘုရားသည် သိတင်းသုံးဖော် (၅)ဦးနှင့် ဥပါသကာ၊ ဥပါသိကာမ (၇)ဦးသောသူတို့အတွက်သာ ပင့်ဖိတ်သည်ရှိသော် သွားရမည်။ မပင့်ဖိတ်ဘဲ မသွားအပ်။ (၅)ဦးသော သိတင်းသုံးဖော်တို့အတွက် မပင့်ဖိတ်သော်လည်း သွားရမည်။ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိအံ့နည်း။ သွားအပ်သည်သာလျှင်တည်း - ဟု ပညတ်တော်မူ၏။ ငါ၏ အမိသည်လည်း နာဖျားနေ၏။ ထိုအမိသည် ရတနာသုံးပါးကို ဆည်းကပ်တတ်သော ဥပါသိကာမ မဟုတ်။ ငါသည် အဘယ်သို့ ကျင့်ရမည်နည်း' - ဟု အကြံဖြစ်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကုန်၏။ ထိုအခါ မြတ်စွာဘုရား သည် ရဟန်းတို့အား -

'ရဟန်းတို့ ... ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ သိက္ခမာန်၊ သာမဏေ ယောကျ်ား၊ သာမဏေမိန်းမ၊ အမိအဖ ဟူ၍ (၇)ဦးသော သူတို့အတွက် မပင့်ဖိတ် သော်လည်း ပြုဖွယ်ကိစ္စဖြင့် သွားခြင်းငှါ ခွင့်ပြု၏။ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း။ (၇) ရက်အတွင်း ပြန်လာရမည်' - ဟု မိန့်တော်မူ၏။

**အန္တရာယ်ရှိသော် အာပတ်မသင့်** ။ ။ ဝါကပ်သောရဟန်းတို့ကို သားရဲ၊ မြွေ၊ ခိုးသူ၊ ဘီလူးတို့ လုယက်ဖျက်ဆီး နှိပ်စက်အံ့၊ အန္တရာယ် တည်း - ဟု နှလုံးပိုက်၍ ဖဲသွားရမည်။ ဝါပြတ်သော ရဟန်းအား အာပတ်မသင့်။ များစွာသောလူတို့သည် သဒ္ဓါတရားမရှိ၊ မကြည်ညိုသော်လည်းကောင်း၊ ပစ္စည်းလေးပါး မျှတအောင် မရသော်လည်းကောင်း အန္တရာယ်တည်း - ဟု နှလုံးပိုက်၍ ဖဲသွားရမည်။ ဝါပြတ်သောရဟန်းအား အာပတ်မသင့်။

ပြည့်တန်ဆာမ စသည်တို့က မသင့်မလျော် ပင့်ဖိတ်လာခဲ့သော် မြတ်သော အကျင့်၏ အန္တရာယ်တည်း– ဟု နှလုံးပိုက်၍ ဖဲသွားရမည်။ ဝါပြတ်သော်လည်း အာပတ် မသင့်။

ဝါကပ်သောရဟန်းသည် သံဃာကွဲပြားခြင်းငှါ လုံ့လပြုသော များစွာသော ရဟန်းတို့ကို တွေ့မြင်၏။ ကြား၏။ ထိုသို့ တွေ့မြင်သော်၊ ကြားသော် –

'သံဃာကို သင်းခွဲခြင်းသည် ဝန်လေး၏'

– ဟု မြတ်စွာဘုရား ဟောတော်မူ၏။ ငါ၏ မျက်မှောက်ရှိစဉ် သံဃာသည် မကွဲပါစေလင့် ဟု နှလုံးပိုက်၍ ဖဲသွားရမည်။ ဝါပြတ်သော ရဟန်းအား အာပတ်မသင့်။

မတရားသော ကတိကဝတ် ။ ။ တစ်နေ့သောအခါ၌ သာဝတ္ထိပြည်၌ သံဃာသည် –

'ဝါတွင်း၌ ရှင်ရဟန်း မပြုအပ်'

– ဟု ဤသို့သဘောရှိသော ကတိကဝတ်ကို ထားကြလေကုန်၏။ ဓိဂါရမာတာ မည်သော ဝိသာခါ၏ မြေးသည် ရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် ရှင်ရဟန်းအဖြစ်ကို တောင်း၏။ ရဟန်းတို့သည် –

'ဒါယကာ ... သံဃာသည် ဝါတွင်း၌ ရှင်ရဟန်း မပြုအပ်–ဟု ကတိကဝတ် ထား၏။ ဝါကျွတ်သည့်တိုင်အောင် ဆိုင်းငံ့ဦးလော့။ ဝါကျွတ်သည်ရှိသော် ရှင်ရဟန်းပြုပေးကုန်လတ္တံ့' – ဟု ပြောဆိုကုန်၏။

ဝါကျွတ်သည်ရှိသော် ရဟန်းတို့သည် ဝိသာခါ၏မြေးကို –

'ဒါယကာ ... လာလော့။ ယခု ရှင်ရဟန်းပြုလော့'

– ဟု ပြောဆိုကုန်၏။ ဝိသာခါ၏ မြေးသည် –

'အရှင်ဘုရားတို့ ... အကယ်၍ တပည့်တော်သည် ဝါတွင်းကာလက ရှင်ရဟန်း ပြုမိငြားအံ့၊ ပျော်မွေ့ရာ၏။ ယခုအခါတော့ ရှင်ရဟန်း မပြုတော့အံ့'

– ဟု လျှောက်လေ၏။

ထိုအခါ မိဂါရမာတာမည်သော ဝိသာခါသည် –

'အဘယ်ကြောင့် အရှင်တို့သည် ဝါတွင်း၌ ရှင်ရဟန်းမပြုအပ်ဟု ကတိကဝတ်ကို ပြုကုန်ဘိသနည်း။ အဘယ်ကာလ၌ တရားကို မကျင့်အပ်သနည်း'

– ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြပြောဆို၏။ ထိုအကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူသောအခါ –

'ရဟန်းတို့ ... ဝါတွင်း၌ ရှင်ရဟန်းမပြုအပ်ဟု ကတိကဝတ်ကို မပြုအပ်။ ပြုသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏' – ဟု မိန့်တော်မူ၏။

<u>ဝန်ခံခြင်းကို ချတ်ယွင်းသော် ဒုက္ကဋ်</u> ။ ။ တစ်နေ့သောအခါ၌ သာကီဝင်မင်းသား အရှင်ဥပနန္ဒသည် ပသေနဒီကောသလ မင်းကြီး၏ ဝါဆိုကျောင်းကို ပုရိမဝါကပ်ရန် ဝန်ခံထား၏။ ထိုဥပနန္ဒသည် ထိုကျောင်းသို့ ဝါဆိုရန်သွားသည်ရှိသော် လမ်းခရီးအကြား၌ သင်္ကန်းပေါ်များသော ကျောင်းနှစ်ကျောင်း တို့ကို တွေ့မြင်၏။ ထိုအခါ ထိုဥပနန္ဒရဟန်းသည် –

'ငါသည် ဤကျောင်းနှစ်ကျောင်းတို့၌ ဝါဆိုရမူ ကောင်းလေစွ။ ဤသို့ ဝါဆိုသည်ရှိသော် ငါ့အား များစွာသောသင်္ကန်းသည် ဖြစ်လတ္တံ့'

– ဟု အကြံဖြစ်သည့် အားလျော်စွာ ထိုဥပနန္ဒသည် ထိုကျောင်းနှစ်ကျောင်း တို့၌ ဝါဆိုလေ၏။ ထိုအခါ ပသေနဒီ ကောသလမင်းကြီးသည် –

'အဘယ်ကြောင့် သာကီဝင်မင်းသား အရှင်ဥပနန္ဒသည် ငါတို့၏ ဝါဆို ကျောင်းကို ဝန်ခံပြီးမှ ချတ်ယွင်းစေဘိသနည်း။ မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် မဟုတ်မမှန် ပြောဆိုခြင်းကို ကဲ့ရဲ့တော်မူသည် မဟုတ်ပါလော။ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းကို ချီးမွမ်းတော်မူသည် မဟုတ်ပါလော'

– ဟူ၍ ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုလေ၏။

ထို့အတူ ရဟန်းတို့သည်လည်းကောင်း၊ မြတ်စွာဘုရားသည်လည်းကောင်း အရှင်ဥပနန္ဒအား ကဲ့ရဲ့တော်မူပြီးလျှင် မြတ်စွာဘုရားသည် –

'တစ်ကျောင်းကို ဝါဆိုပါမည်ဟု ဝန်ခံပြီး အခြားကျောင်း၌ ဝါဆိုအံ့။ ထိုရဟန်းအား ပုရိမဝါသည်လည်း မထင်။ ဝန်ခံခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ်သင့်၏' – ဟု မိန့်တော်မူ၏။

( ဝိ – ၃ – ၁၉၈ / ၂၁၄။ မြန် – ၁၉၂ / ၂၁၃ )

<u>သတိပြုရန်</u> ။ ။ *ဤ၌ အရှင်ဥပနန္ဒရဟန်းသည် လာဘ်ကိုငဲ့၍ ဝါဆိုရန် ဝန်ခံပြီးမှ ချွတ်ယွင်းစေ၏။ ဤကဲ့သို့ ကတိဖောက်ဖျက်ခြင်း မှသာဝါဒသည် အပြစ်ကြီးပေ၏။ ထို့ကြောင့် အရှင်ဥပနန္ဒအား ပသေနဒီကောသလမင်းကြီးသည်လည်းကောင်း၊ ရဟန်းတို့သည်လည်းကောင်း၊ မြတ်စွာဘုရားသည်လည်းကောင်း ကဲ့ရဲ့ပြစ်တင်ကြလေ၏။ ဤပြစ်ရပ်ကို သံဝေဂယူ၍ ကတိပေးပြီးမှ အကြောင်း တစ်မျိုးမျိုးကြောင့် ကတိဖျက်ခြင်းကို အထူးရှောင်ကြဉ်သင့်လှပေ၏။*

## <u>ဝါကပ်ရန် ခွင့်ပြုတော်မူခြင်းလာ ဆောင်ရန်လင်္ကာများ</u>

| | | | |
|---|---|---|---|
| ၁။ | ဝါဆိုဖို့ပိမ်၊ | ဘုရားငြိမ်၊ | မမိန့်ရသေးပြီ။ |
| ၂။ | ဥတုသုံးပါး၊ | ရဟန်းများ၊ | အသွားများကြသည်။ |
| ၃။ | ကောင်းဖို့ကိုငဲ့၊ | လူတို့တဲ့၊ | ကဲ့ရဲ့ကြလေပြီ။ |
| ၄။ | သစ်ပင်ငယ်တွေ၊ | မြက်ပင်တွေ၊ | နင်းချေပြုကြပြီ။ |
| ၅။ | အသက်တစ်ခု၊ | သတ်မှတ်ပြု၊ | ညှဉ်းမှုပြုကြပြီ။ |
| ၆။ | သတ္တဝါများ၊ | မသနား၊ | ပျက်ပြားကြရပြီ။ |
| ၇။ | တိတ္ထိများပင်၊ | မိုးလတွင်း၊ | ငြိမ်ပင်နေကြသည်။ |
| ၈။ | ငှက်တို့သော်ပင်၊ | မိုးလတွင်း၊ | သိုက်ပင်နေကြသည်။ |
| ၉။ | မိုးလတွေမှာ၊ | ရဟန်းဟာ၊ | သွားတာမသင့်ပြီ။ |
| ၁၀။ | ကဲ့ရဲ့စကား၊ | ပြောခြင်းအား၊ | ဘုရားကြားသိပြီ။ |
| ၁၁။ | မိုးလတွေမှာ၊ | ဝါဆိုပါ၊ | မြတ်စွာမိန့်လေပြီ။ |
| ၁၂။ | ပုရိမဝါ၊ | ပစ္ဆိမဝါ၊ | နှစ်ဝါဆိုရမည်။ |
| ၁၃။ | ဝါငင်ပါလို၊ | ကိစ္စဆို၊ | မင်းလိုလိုက်နိုင်သည်။ |

၁၄။ ဝါတွင်းသုံးလ၊ ဘယ်ကိုမှ၊ သွားရမရှိပြီ။
၁၅။ ဝါမဆိုဘဲ၊ နေလို့လဲ၊ ရဖွယ်မရှိပြီ။
၁၆။ ပင့်သူအမှန်၊ ရှိလေပြန်၊ ဝါပန်သွားနိုင်သည်။
၁၇။ ခုနစ်ရက်ပါ၊ မကျော်ရာ၊ ပြန်လာခဲ့ရမည်။
၁၈။ သီတင်းသုံးမိတ်၊ မိဘမိတ်၊ မဖိတ်သွားနိုင်သည်။
၁၉။ အခြားသူများ၊ မပင့်ငြား၊ မသွားရလေပြီ။
၂၀။ ဖိတ်သော်မှသာ၊ သွားကြပါ၊ မှတ်စွာမိန့်လေပြီ။
၂၁။ အန္တရာယ်သာ၊ ရှိလေပါ၊ ဖဲခွါသွားနိုင်သည်။
၂၂။ မကြည်ညိုထင်း၊ သဒ္ဓါကင်း၊ ဖယ်ရှင်းသွားနိုင်သည်။
၂၃။ ပစ္စည်းလေးပါး၊ လွန်ပါးရှား၊ ထသွားနိုင်ကြသည်။
၂၄။ သံဃာကွဲပြား၊ ကြံ့လာငြား၊ ရှောင်ရှားနိုင်ကြသည်။
၂၅။ ထသွားပေတတ်၊ ဖဲခွါလတ်၊ အာပတ်မသင့်ပြီ။
၂၆။ ဝါတွင်းမှာသော်၊ ရှင်ပြုနှော်၊ ဖြစ်ပေါ် လာတတ်သည်။
၂၇။ ဖြစ်ပေါ် လာသော်၊ ပြုပါနှော်၊ ရှင်တော်ခွင့်ပြုသည်။
၂၈။ ရဟန်းကိုလဲ၊ ဝါတွင်းပဲ၊ ပြုမြဲပြုနိုင်သည်။
၂၉။ ဝါတွင်းမှာထင့်၊ တရားဖြင့်၊ မကျင့်ရှိချေပြီ။
၃၀။ ကျောင်းအမပါ၊ ဝိသာခါ၊ ဆိုကာကဲ့ရဲ့ပြီ။
၃၁။ ဝါဆိုမည်ပဲ၊ ပြောပြီးမှ၊ ဥပနန္ဒသည်၊
၃၂။ လာဘ်ကိုငဲ့ကွက်၊ ဝန်ခံချက်၊ ဖောက်ဖျက်ပါလေပြီ။
၃၃။ ကောသလမင်း၊ စိတ်မရှင်း၊ ဖြစ်တင်းဆိုလေပြီ။
၃၄။ မြတ်စွာဘုရား၊ သိလေငြား၊ မိန့်ကြားပါလေပြီ။
၃၅။ ကတိပေးတတ်၊ ချွတ်ယွင်းတတ်၊ ဒုက္ကဋ်သင့်စေပြီ။
၃၆။ ကတိပေးခါ၊ ဖောက်ဖျက်တာ၊ သိက္ခာကျဆင်းသည်။
၃၇။ လိမ်ညာမူးမူး၊ စကားကျူး၊ အထူးရှောင်ရမည်။

ဝါကပ်ရန် ခွင့်ပြုတော်မူခြင်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

## ပဝါရဏာခန်းလာ ကိုယ်ကျင့်တရားများ

**ပဝါရဏာ ။** ။ ပဝါရဏာ- ဟူသည် ဖိတ်ကြားခြင်းတည်း။ ရဟန်းတော်များသည် အပြစ်ကို မြင်သည်ရှိသော်၊ ကြားသည်ရှိသော်၊ ယုံမှားသည်ရှိသော် ပြောကြပါ၊ ကုစားပါမည်-ဟူ၍ ရဟန်းအချင်းချင်း ဖိတ်ကြားမှု ပြုကြသည်ကို ပဝါရဏာ ပြုသည်ဟု ခေါ်သည်။

**စကားမပြောဘဲ နေကြခြင်း ။** ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အာရာမ် ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ မြင်ဖူးကာမျှ မိတ်ဆွေ ဖြစ်ကုန်သော ရဟန်းတို့သည်လည်းကောင်း၊ အတူနေ အတူစား မိတ်ဆွေဖြစ်ကုန်သော ရဟန်းတို့သည်လည်းကောင်း ထိုများစွာသော ရဟန်းတို့သည် -

'ငါတို့သည် အဘယ်အကြောင်းဖြင့် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်း မရှိဘဲ ချမ်းသာစွာ ဝါဆိုရပါကုန်အံ့နည်း'

- ဟု အကြံဖြစ်ကာ အချင်းချင်း မခေါ်မပြောဘဲ စကားမပြောဘဲ နေကြလေကုန်၏။

ဝါကျွတ်သောအခါ ထိုရဟန်းတို့သည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့အား ဤသို့ ကဲ့ရဲ့ ပြစ်တင်လေ၏။

'ရဟန်းတို့ ... ဤမဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် မချမ်းသာဘဲနေကုန်လျက် ချမ်းသာစွာနေကုန်၏ဟု ဝန်ခံကုန်ဘိ၏။ နွားတို့၏ နေခြင်းကဲ့သို့ နေကုန်လျက် ချမ်းသာစွာနေကုန်၏ဟု ဝန်ခံကုန်ဘိ၏။ ဆိတ်တို့၏ နေခြင်းကဲ့သို့ နေကုန်လျက် ချမ်းသာစွာနေကုန်၏ဟု ဝန်ခံကုန်ဘိ၏။ ရန်သူတို့၏ နေခြင်းကဲ့သို့ နေကုန်လျက် ချမ်းသာစွာနေကုန်၏ဟု ဝန်ခံကုန်ဘိ၏။

ရဟန်းတို့ ... အဘယ်ကြောင့် မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် တိတ္ထိတို့ ဆောက်တည်အပ်သော သူအကဲ့သို့ စကားမဆိုသော အကျင့်ကို ဆောက်တည်ကုန်ဘိသနည်း'

'ရဟန်းတို့ ... တိတ္ထိတို့ ဆောက်တည်အပ်သော စကားမဆိုသော အကျင့်ကို မဆောက်တည်အပ်။ ဆောက်တည်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏' - ဟု မိန့်တော်မူလေ၏။

ထို့နောက် မြတ်စွာဘုရားသည် -

ဝါမှထသော ရဟန်းတို့အား မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ သုံးပါးသော အကြောင်းတို့ဖြင့် ဖိတ်ကြားခြင်း 'ပဝါရဏာပြုခြင်း'ငှါ ခွင့်ပြု၏။ ထိုသို့ ဖိတ်ကြားခြင်းသည် သင်တို့အတွက် အချင်းချင်း လိုက်လျောခြင်း၊ အာပတ်မှ ထမြောက်စေခြင်း၊ ဝိနည်းကို ရှေးရှုခြင်း ဖြစ်လတ္တံ့။

ရဟန်းတို့ ... ဤသို့ ဖိတ်ကြားရမည်။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

**သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ၊ ယဒိ သံဃဿ ပတ္တကလ္လံ သံဃော ပဝါရေယျ။**

အရှင်ဘုရားတို့ ... သံဃာသည် တပည့်တော်၏ စကားကို နာတော်မူလော့။ ယနေ့ကား ဖိတ်ကြားအပ်သော ပဝါရဏာနေ့တည်း။ အကယ်၍ သံဃာအား လျောက်ပတ်သောအခါရှိသောကာသည် ဖြစ်ငြားအံ့။ သံဃာသည် ဖိတ်ကြားရာ၏။ ပဝါရဏာ ပြုရာ၏။

မထေရ်ကြီးဖြစ်သော ရဟန်းသည် လက်ဝဲတစ်ဖက် ပခုံးထက်၌ ကောသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီကာ -

**သံဃံ အာဝုသော ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ။**

**ဒုတိယမ္ပိ အာဝုသော သံဃံ ပဝါရေမိ ...ပ... မိ။**

**တတိယမ္ပိ အာဝုသော သံဃံ ပဝါရေမိ ...ပ... မိ။**

( ၃-ခေါက်ဆိုရမည် )

ငါ့ရှင်တို့ ... သံဃာကို ဖိတ်ကြားပါ၏။ မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ အရှင်တို့သည် တပည့်တော်အား အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့။ အပြစ်ကို မြင်သည်ရှိသော် ကုစားပါအံ့။

( နှစ်ကြိမ်မြောက်လည်း၊ သုံးကြိမ်မြောက်လည်း ... သုံးကြိမ်ဆိုရမည် )

သီတင်းငယ်ဖြစ်သော ရဟန်းသည် လက်ဝဲတစ်ဖက် ပခုံးထက်၌ ကောသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီကာ -

**သံဃံ ဘန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ။**

**ဒုတိယမ္ပိ ဘန္တေ သံဃံ ပဝါရေမိ ...ပ... မိ ။**

**တတိယမ္ပိ သံဃံ ဘန္တေ ပဝါရေမိ ...ပ... မိ ။** ( သုံးခေါက်ဆိုရမည် )

အရှင်ဘုရားတို့ ... သံဃာကို ဖိတ်ကြားပါ၏။ မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ အရှင်တို့သည် တပည့်တော်အား အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့။ အပြစ်ကို မြင်သည်ရှိသော် ကုစားပါအံ့။

( နှစ်ကြိမ်မြောက်လည်း၊ သုံးကြိမ်မြောက်လည်း ... သုံးကြိမ်ဆိုရမည် )

( ဝိ ၂- ၂၂၀/၃၊ မြန် - ၁၁၉/ ၂၂၂ )

<u>သတိပြုရန်</u> ။ ။ *အထက်ဖော်ပြပါ ပဝါရဏာခန်းကို ကြည့်ခြင်းဖြင့် အပြစ်ဟူသည် ဖုံးကွယ်ထားရမည် မဟုတ်။ အချင်းချင်း ထုတ်ဖော်ပြောဆိုကာ နောင်ထိုအပြစ်မျိုး မဖြစ်အောင် အပြစ်အားလျော်စွာ ကုစားကြရမည် ဖြစ်၏။ ဤသည်ကား သူတော်ကောင်းတို့၏ သဘောတည်း။ သူယုတ်မာတို့ သဘောကား- အပြစ်ကို ဖုံးထားကြ၏။ အပြစ်မပေါ်အောင် ကြိုးစားကြ၏။ အပြစ်ကို ထောက်ပြပြောဆိုလာမှုကို မလိုလား။ အပြစ်ကို ထောက်ပြပြောဆိုလာမှုကို ရန်လုပ်တတ်၏။ အပြစ်ကို ကုစားရန် စိတ်ကူးမရှိသည့်အပြင် ထပ်တလဲလဲသာ အပြစ်တွေကို ကျူးလွန်ရင်း သေပွဲဝင်ကြရကာ အပါယ်ငရဲ၌ နစ်မြုပ်နေရလေတော့၏။*

ပုထုဇဉ်တို့ သဘာဝ အနည်းနှင့်အများ အပြစ်ဟူသည် ရှိတတ်ကြ၏။ ကျူးလွန်မိသော အပြစ်များအတွက် စဉ်းစားတွေဝေနေစရာ မလိုပေ။ ထိုအပြစ်မျိုး နောက်ထပ်မကျူးလွန်မိအောင် မိမိကိုယ်တိုင် သတိထား၍လည်း စောင့်စည်းနိုင်ကြရမည် ဖြစ်၏။ သူတစ်ပါးက ထောက်ပြပြောဆိုလာလျှင်လည်း ခံယူတတ်ကြပြီး စောင့်စည်းနိုင်ကြရမည် ဖြစ်၏။

သူတစ်ပါး အပြစ်တွေကို လိုက်၍ကြည့်မြင်နေတတ်ခြင်းထက် မိမိအပြစ်ကို မိမိသိမြင်အောင် ကြည့်တတ်သော အလေ့အထက သူတော်ကောင်းစာရင်းဝင်ဖို့ရာ နီးစပ်လှပေ၏။ သူတော်ကောင်း မဖြစ်နိုင်သေး နေဦး၊ သူယုတ်မာ မဖြစ်အောင် အထူးသတိပြု နေထိုင်ပြောဆိုကြရမည် ဖြစ်၏။

## ပဝါရဏာခန်းလာ ဆောင်ရန်လင်္ကာများ

၁။ ရဟန်းတော်များ၊ ချင်းချင်းအား၊ ဝတ်ထားနေကြပြီ။
၂။ ဂျုဝီတွင်းမှာ၊ ငါတို့တာ၊ ချမ်းသာနေထိုင်မည်။
၃။ မပြောဆိုတန်း၊ မခေါ်တန်း၊ စိတ်မှန်းနေထိုင်ပြီ။
၄။ ထိုအကြောင်းအား၊ မြတ်ဘုရား၊ လျှောက်ထားပါလေပြီ။
၅။ ဗုဒ္ဓမြတ်ရှင်၊ ကဲ့ရဲ့အင်၊ ပြစ်တင်ပါလေပြီ။
၆။ နွားလိုတမင့်၊ ဆိတ်လိုထင့်၊ အကျင့်ဖြစ်လေသည်။
၇။ ရန်သူပမာ၊ နေခြင်းသာ၊ ချမ်းသာမဖြစ်ပြီ။
၈။ တိတ္ထိတို့၏၊ လူ့အ၏၊ ကျင့်၏ကဲ့သို့သည်၊
၉။ စကားမပြော၊ တုဏှိဘော၊ နေသောရဟန်းသည်၊
၁၀။ ဒုက္ကဋ်အာပတ်၊ သင့်တုံလတ်၊ ရှင်မြတ်ပညတ်ပြီ။
၁၁။ အများနှင့်သာ၊ နေကြရာ၊ သင့်တာပြောရမည်။
၁၂။ ပဝါရဏာ၊ ပြုဖို့ရာ၊ မြတ်စွာခွင့်ပြုပြီ။
၁၃။ အပြစ်မြင်ရာ၊ ပြောဆိုပါ၊ ကောင်းစွာကုစားမည်။
၁၄။ အပြစ်မဖုံး၊ သူတော်ထုံး၊ နှလုံးပြုသင့်သည်။

၁၅။ ပုထုဇဉ်မှာ၊ ဖြစ်ဆိုတာ၊ ရှိတာသေချာသည်။

၁၆။ အပြစ်ဖိုးကာ၊ နေခြင်းဟာ၊ ပယ်ရှာရောက်နိုင်သည်။

၁၇။ အပြစ်ကိုဖော်၊ ကုစားသော်၊ သူတော်ဖြစ်နိုင်သည်။

၁၈။ သူ့ပြစ်မြင်တတ်၊ ကြည့်နေတတ်၊ သူ့မြတ်မဟုတ်ပြီ။

၁၉။ ကိုယ့်ပြစ်ကိုနှော်၊ ကြည့်တတ်သော်၊ သူတော်နီးစပ်သည်။

၂၀။ မြင့်မြတ်တို့လစ်၊ သူတော်စစ်၊ မဖြစ်နေနိုင်သည်။

၂၁။ သူယုတ်မာဘောင်၊ မရောက်အောင်၊ ကျင့်ဆောင်ကြရမည်။

ပဝါရဏာခန်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

## သောဏကောဠိဝိသ ဝတ္ထုလာ ကိုယ်ကျင့်တရားများ

**သောဏကောဠိဝိသ ။** ။ သောဏ-ဟူသည် အမည်တည်း။ ကောဋိဝိသ-ဟူသည် အနွယ်တည်း။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူသောအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် ရှစ်သောင်းသော ရွာတို့၌ စိုးမိုးအုပ်ချုပ် မင်းလုပ်နေ၏။

ထိုအခါ စမ္ပါမြို့ဝယ် ကောဋိဝိသအမျိုး၌ဖြစ်သော သောဏမည်သော သူဌေးသားသည် နီမြန်းကုန်သော ခြေဖဝါးအပြင်တို့၌ သိမ်မွေ့ကုန်သော မျက်စဉ်းညို အဆင်းရှိကုန်သော ကံသည်ဆန်းကြွယ်စွာ ပြုအပ်ကုန်သော အမွေးတို့သည် ပေါက်ကုန်၏။

**ရွေးက ။** ။ ချဲ့ဦးအံ့။ ထိုသောဏသူဌေးသားသည် ရှေးဘဝတစ်ခု၌ ရှစ်သောင်းကုန်သော ယောကျ်ားတို့၏ အကြီးအကဲ ယောကျ်ားသည်ဖြစ်၍ ထိုရှစ်သောင်းသော ယောကျ်ားတို့နှင့် အတူတကွ ပစ္စေကဗုဒ္ဓါ၏ သီတင်းသုံးတော်မူရာအရပ်၌ သစ်ရွက်မိုးသောကျောင်းကို ဆောက်လုပ်၍ မိမိ၏ အသရေရှိသော သားမွေးအပေါ်ခြုံထည်ကို ပစ္စေကဗုဒ္ဓါ၏ ခြေတို့ဖြင့်နင်းရာအရပ်၌ ခြေသုတ်အဝတ် ပြုလုပ်၍ ထားလေ၏။

ဆက်ဦးအံ့။ ဝါတွင်းသုံးလပတ်လုံး ရှစ်သောင်းကုန်သော ထိုအလုံးစုံသော ယောကျ်ားတို့သည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ပြုစုလုပ်ကျွေးကြကုန်၏။ ဤသည်ကား သောဏသူဌေးသား၏လည်းကောင်း၊ ရှစ်သောင်းသော ရွာသူကြီးတို့၏လည်းကောင်း ရှေးကပြုခဲ့သော ကောင်းမှုတည်း။

**သောဏကို ခေါ်ယူခြင်း ။** ။ ဗိမ္ဗိသာရမင်းကြီးသည် ထိုရှစ်သောင်းသော ရွာသားတို့ကို စည်းဝေးစေ၍ တစ်စုံတစ်ရာ ပြုဖွယ်ကိစ္စဖြင့် ကောဋိဝိသ အမျိုး၌ဖြစ်သော သောဏထံသို့ -

'သောဏ လာစေ၊ သောဏ၏ လာခြင်းကို အလိုရှိ၏' ဟု တမန်စေလွှတ်၏။

ဤ၌ ဗိမ္ဗိသာရမင်းကြီးသည် သူဌေးသားသောဏကို လာစေလိုသည်မှတစ်ပါး အခြားကိစ္စမရှိ။ သို့ရာတွင် သူဌေးသားသောဏ ကြောက်လန့်နေမည်စိုး၍ အခြား ပရိသတ် ရှစ်သောင်းကိုပါ ခေါ်ယူစေခြင်း ဖြစ်သည်။

**မိဘတို့အမှာ** ။ ။ ထိုအခါ သောဏ၏ အမိအဖတို့သည် သောဏကို –

'ချစ်သား သောဏ ... မင်းကြီးသည် သင်၏ ခြေတို့ကို ကြည့်ရှုလို၏။ ချစ်သား သောဏ ... သင်သည် မင်းကြီးရှိရာအရပ်သို့ ခြေတို့ကို မဆန့်လင့်။ မင်းကြီးရှေ့၌ ထက်ဝယ်ဖွဲ့ခွေသဖြင့် ထိုင်နေလော့။ မင်းကြီးသည် ထိုင်နေသော သင်၏ ခြေတို့ကို မြင်လတ္တံ့.' – ဟု ပြောဆိုကုန်၏။

သူဌေးသား သောဏကို အခြံအရံများသည် ထမ်းစင်ဖြင့် ယူဆောင်ကုန်၏။ နန်းတော်သို့ ရောက်သောအခါ သူဌေးသားသောဏသည် ဗိမ္ဗိသာရမင်းကြီးကို ရှိခိုးပြီးလျှင် မိဘတို့မှာကြားသည့်အတိုင်း မင်းကြီးရှေ့၌ ထက်ဝယ်ဖွဲ့ခွေသဖြင့် ထိုင်နေ၏။

ဗိမ္ဗိသာရမင်းကြီးသည် သူဌေးသားသောဏ၏ နီမြန်းကုန်သော ခြေဖဝါးအပြင် တို့၌ သိမ်မွေ့ကုန်သော မျက်စဉ်းညို အဆင်းရှိကုန်သော ကံသည် ဆန်းကြယ်စွာ ပြုအပ်ကုန်သော အမွေးတို့ကို မြင်လေ၏။

**ဘုရားဆည်းကပ်ကြ** ။ ။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် သောဏအမျှးပြုသော ထိုရှစ်သောင်းသော ရွာသားတို့ကို –

'လယ်ထွန်ခြင်း၊ ကုန်ရောင်းခြင်း အမှုတို့ကို တရားသဖြင့် ပြုလုပ်ကြရမည်။ မိဘတို့ကို ကောင်းစွာ မွေးမြူကြရမည်'

– စသည်ဖြင့် ပစ္စုပ္ပန်ဘဝ၌ ခံစားအပ်သော အကျိုးတို့ကို ဆုံးမ၍ –

'အချင်းတို့ ... ပစ္စုပ္ပန်ဘဝ၌ ခံစားအပ်သော အကျိုးစီးပွား၌ ငါသည် သင်တို့ကို ဆုံးမအပ်ကုန်ပြီ။ သွားကုန်လော့။ ထိုမြတ်စွာဘုရားကို ဆည်းကပ်ကုန်လော့။ ထိုငါတို့၏ မြတ်စွာဘုရားသည် တမလွန်ဘဝ၌ဖြစ်သော အကျိုးစီးပွား၌ ဆုံးမလတ္တံ့.'

– ဟု ပြောဆို၍ လွှတ်လိုက်လေ၏။ ထို့နောက် ထိုရှစ်သောင်းသောရွာသား တို့သည် ဂိဇ္ဈကုဋ်တောင်သို့ ချဉ်းကပ်ကုန်၏။

**<u>အရှင်သာဂတ ဘုရားကို ပင့်ပေးပုံ။</u>** ။ ထိုအခါ အရှင်သာဂတသည် မြတ်စွာဘုရား၏ အလုပ်အကျွေး ဖြစ်၏။ ရှစ်သောင်းသော ရွာသားတို့သည် အရှင်သာဂတထံသို့ ချဉ်းကပ်၍ အရှင်သာဂတကို -

'အရှင်ဘုရား ... ဤရှစ်သောင်းသော ရွာသားတို့သည် မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ ဤကျောင်းတော်သို့ ကပ်ရောက်လာကုန်၏။ တောင်းပန်ပါသည် အရှင်ဘုရား။ တပည့်တော်တို့သည် မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ ရလိုပါကုန်၏' - ဟု လျှောက်ကုန်၏။

ထိုအခါ အရှင်သာဂတသည် -

'ဒါယကာတို့ ... သင်တို့သည် ထိုသို့ ဖူးမြော်လိုကြမူ ငါသည် မြတ်စွာဘုရားကို လျှောက်ချေဦးအံ့။ အနည်းငယ် တစ်ခဏမျှ ဤအရပ်၌ နေကြကုန်ဦးလော့' - ဟု ပြောဆိုလေ၏။

ထို့နောက် အရှင်သာဂတသည် ကြည့်ရှုနေကြသော ထိုရှစ်သောင်းသော ရွာသားတို့၏ ရှေ့၌ပင် ခင်းထားသော လှေကားဦးကျောက်ဖျာ၌ ငုပ်၍ မြတ်စွာဘုရား၏ ရှေ့တော်၌ပေါ်လျက် မြတ်စွာဘုရားကို -

'အရှင်ဘုရား ... ဤရှစ်သောင်းသောရွာသားတို့သည် မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှာ ဤကျောင်းတော်သို့ ကပ်ရောက်လာပါကုန်၏။ အရှင်ဘုရား ... မြတ်စွာဘုရားသည် ယခုအခါ၌ အချိန်ကို သိတော်မူပါလော့' - ဟု လျှောက်လေ၏။

**<u>အရှင်သာဂတကို စိတ်ဝင်စားခြင်း ။</u>** ။ ထိုအခါ မြတ်စွာဘုရားသည် -

'သာဂတ ... ထိုသို့ဖူးမြော်လိုကြပါမူ သင်သည် ကျောင်းစွန်အရိပ်၌ နေရာကို ခင်းထားလော့' - ဟု မိန့်တော်မူ၏။

'ကောင်းပါပြီ အရှင်ဘုရား'

- ဟူ၍ အရှင်သာဂတသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် အင်းပျဉ်ကိုယူ၍ မြတ်စွာဘုရားရှေ့တော်မှငုပ်၍ ကြည့်ရှုနေကြသော ထိုရှစ်သောင်းသောရွာသားတို့ ရှေ့၌ပင် ခင်းထားသော လှေကားဦးကျောက်ဖျာ၌ ပေါ်လျက် ကျောင်းစွန်အရိပ်၌

နေရာခင်းထားပေးလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ကျောင်းတော်မှထွက်၍ ကျောင်းစွန်အရိပ်ဝယ် ခင်းထားသောနေရာ၌ ထိုင်နေတော်မူ၏။

ထိုအခါ ရှစ်သောင်းသော ရွာသားတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တစ်ခုသောနေရာ၌ ထိုင်နေကုန်၏။ ထိုအခါ ထိုရှစ်သောင်းသော ရွာသားတို့သည် အရှင်သာဂတ၏ တန်ခိုးကို မြင်ရသည်ဖြစ်၍ အရှင်သာဂတကိုသာလျှင် စိတ်ဝင်စားလျက် ရှိကြကုန်၏။ မြတ်စွာဘုရားကိုကား စိတ်မဝင်စားကြကုန်။ ထိုအခါ မြတ်စွာဘုရားသည် ထိုပရိသတ်တို့၏ စိတ်ကို သိမြင်တော်မူသည်ဖြစ်၍ အရှင်သာဂတကို-

'သာဂတ ... သို့ဖြစ်လျှင် သင်သည် အတိုင်းထက်အလွန် တန်ခိုးပြာဋိဟာကို ပြလော့' - ဟု မိန့်တော်မူလိုက်လေ၏။

'ကောင်းပါပြီ အရှင်ဘုရား ...'

- ဟု အရှင်သာဂတသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ကောင်းကင်သို့ ပျံတက်၍ ရေးခြစ်မထင် ထက်ကောင်းကင်၌ စင်္ကြံလည်း သွား၏။ ရပ်လည်းရပ်၏။ ထိုင်လည်းထိုင်၏။ အိပ်ခြင်းကိုလည်း ပြု၏။ အခိုးကိုလည်း လွှတ်၏။ အလျှံကိုလည်း လွှတ်၏။ ကွယ်လည်း ကွယ်ပျောက်၏။ ထိုသို့ တန်ခိုးပြပြီးလျှင် အရှင်သာဂတသည် မြတ်စွာဘုရား၏ ခြေတို့၌ ဦးခိုက်၍ မြတ်စွာဘုရားကို -

'အရှင်ဘုရား ... မြတ်စွာဘုရားသည် တပည့်တော်၏ ဆရာပါတည်း။ တပည့်တော်သည် မြတ်စွာဘုရား၏ တပည့်ပါတည်း' - ဟု လျှောက်လေ၏။

**သောတာပန် ဖြစ်ကြခြင်း ။** ။ ထိုအခါ ထိုရှစ်သောင်းသော ရွာသားတို့သည် -

'အချင်းတို့ ... အံ့ဩဖွယ်ဖြစ်ပေစွ။ မဖြစ်ဖူးမြဲ ဖြစ်ပေစွ။ တပည့်သော်မှ ဤသို့ တန်ခိုးကြီးသေး၏။ ဤသို့ အာနုဘော်ကြီးသေး၏။ ဆရာမှုကား သာလွန်၍ အံ့ဩဖွယ် မဖြစ်ပါလော'

- ဟူ၍ အောက်မေ့ကြကာ မြတ်စွာဘုရားကိုသာလျှင် စိတ်ဝင်စားမှု ပြုကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရှစ်သောင်းသော ရှာသားတို့၏ စိတ်အကြံကို သိတော်မူ၍ အနုပုဗ္ဗိကထာ တရားစကားကို ဟောတော်မူ၏။ တရားအဆုံး၌ ထိုရှစ်သောင်းကုန်သော ရွာသားတို့အား ထိုနေရာ၌ပင်လျှင် –

'ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏'

– ဟု ကိလေသာမြူအညစ်အကြေးမှ ကင်းသော တရားမျက်စိ သောတာပတ္တိမဂ်ဉာဏ်သည် ဖြစ်ပေါ်ကြလေကုန်၏။

<u>သူငွေးသား သောဏ ရဟန်းပြုခြင်း ။</u> ။ ထိုအခါ သူဌေးသား သောဏအား –

'ငါသည် မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း တရားတော်ကို သိ၏။ လူ့ဘောင်၌ နေသောသူသည် ဤမြတ်သောအကျင့်ကို စင်စစ်ပြည့်စုံစွာ၊ စင်ကြယ်စွာ၊ ခရုသင်းပွတ်သစ်နှင့်တူစွာ ကျင့်ခြင်းငှါ မလွယ်ကူချေ။ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင်.ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ' – ဟု အကြံဖြစ်၏။

ထိုအခါ၌ ထိုရှစ်သောင်းသောရွာသားတို့သည် မြတ်စွာဘုရား ဟောတော်မူအပ်သောတရားကို အလွန်နှစ်သက်ဝမ်းမြောက်ကုန်သည်ဖြစ်၍ နေရာမှထလျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲ၍သွားကုန်၏။

သူဌေးသား သောဏသည် ထိုရှစ်သောင်းသော ရွာသားတို့ ဖဲ၍သွား၍ မကြာမီ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် မိမိ၏ ရဟန်းပြုရန် အကြံအစည်ကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။ သူဌေးသား သောဏသည် မြတ်စွာဘုရား၏ အထံ၌ ရှင်အဖြစ်ကို ရ၏။ ရဟန်းအဖြစ်ကို ရ၏။

<u>အရှင်သောဏ လူထွက်ရန် ကြံစည်ပြန်ခြင်း ။</u> ။ အရှင်သောဏသည် ရဟန်းဖြစ်၍ မကြာမီ ယင်းတိုက်တော၌ သီတင်းသုံးနေ၏။ အလွန်အားထုတ်အပ်သော ဝီရိယ ရှိသည်ဖြစ်၍ စင်္ကြံသွားသော ထိုသောဏ၏ ခြေဖဝါးတို့သည် ကွဲကုန်၏။ စင်္ကြံသည် နွားသတ်ရာ အရပ်ကဲ့သို့ သွေးဖြင့် လိမ်းကျံလေ၏။ ထိုအခါ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် တိတ်ဆိတ်စွာနေသော အရှင်သောဏအား –

'မြတ်စွာဘုရား၏ အားလုံးသော တပည့်သားတို့သည် အားထုတ်အပ်သော ဝီရိယ ရှိကြကုန်သည်ဖြစ်၍ နေကုန်၏။ ထိုသူတို့တွင် ငါသည် တစ်ပါးအပါအဝင် ဖြစ်၏။ ထိုသို့ဖြစ်လျက် ငါ၏စိတ်သည် တဏှာဒိဋ္ဌိအားဖြင့် တစ်စုံတစ်ခုသော အာရုံကို မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်သည်မဟုတ်။ ငါ၏ အိမ်၌ စည်းစိမ်ဥစ္စာတို့သည် ရှိကုန်၏။ စည်းစိမ်ဥစ္စာတို့ကို ခံစားခြင်းငှါလည်းကောင်း၊ ကောင်းမှုတို့ကို ပြုခြင်းငှါလည်းကောင်း တတ်ကောင်း၏။ ငါသည် လူထွက်ပြီးလျှင် စည်းစိမ်ဥစ္စာတို့ကိုလည်း ခံစားရမူ၊ ကောင်းမှုတို့ကိုလည်း ပြုရမူ ကောင်းလေစွ'

– ဟု စိတ်အကြံ ဖြစ်လေ၏။

<u>မြတ်စွာဘုရား ဆုံးမတော်မူခြင်း ။</u> ။ ထိုအခါ မြတ်စွာဘုရားသည် အရှင်သောဏ၏ စိတ်အကြံကို သိတော်မူ၍ အားရှိသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်သကဲ့သို့လည်းကောင်း၊ ဆန့်သောလက်ကို ကွေးသကဲ့သို့လည်းကောင်း ဤအတူသာလျှင် ဂိဇ္ဈကုဋ်တောင်မှ ကွယ်ခဲ့၍ ယင်းတိုက်တော၌ ထင်ရှားဖြစ်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းတို့နှင့်အတူ ကျောင်းစဉ် ဒေသစာရီ လှည့်လည်သည်ရှိသော် အရှင်သောဏ၏ စင်္ကြံသို့ ရောက်၍ –

'ရဟန်းတို့ ... နွားသတ်ရာအရပ်ကဲ့သို့ သွေးဖြင့် ပျံ့နှံ့နေသော ဤစင်္ကြံသည် အဘယ်ရဟန်း၏ စင်္ကြံနည်း' – ဟု မေးတော်မူ၏။

'အရှင်ဘုရား ... အလွန်အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍ စင်္ကြံသို့ သွားသော အရှင်သောဏ၏ ခြေဖဝါးတို့သည် ကွဲကုန်၏။ နွားသတ်ရာအရပ်ကဲ့သို့

သွေးဖြင့် လိမ်းကျံနေသော ဤစကြာကား ထိုသောဏ၏ စကြာပါတည်း'

– ဟု လျှောက်ထားကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်သောဏထေရ်၏ ကျောင်းသို့ ချဉ်းကပ်၍ ခင်းထားသောနေရာ၌ ထိုင်တော်မူကာ အရှင်သောဏ၏ လူထွက်ရန်အကြံကို ထုတ်ဖော်ပြောဆိုတော်မူပြီးလျှင် မြတ်စွာဘုရားသည် အရှင်သောဏအား ဤသို့ ဆုံးမဩဝါဒ ပေးတော်မူလေ၏။

'သောဏ ... ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။

သင်သည် ရှေးလူဖြစ်စဉ်အခါက စောင်းတီးခြင်း၌ လိမ္မာသည် မဟုတ်လော'

'မှန်ပါသည်။ လိမ္မာပါသည် အရှင်ဘုရား ...'

'သောဏ ... ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။

အကြင်အခါ၌ သင်၏ စောင်းညို့တို့သည် ကြိုးတို့သည် တင်းကုန်၏။ ထိုအခါ၌ သင်၏ စောင်းသည် အသံသာခြင်းသည်လည်းကောင်း၊ အရှည်တီးခြင်း၌ ခံခြင်းသည်လည်းကောင်း ဖြစ်၏လော'

'အရှင်ဘုရား ... ဤသို့ကား မဖြစ်ပါ'

'သောဏ ... ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။

အကြင်အခါ၌ သင်၏ စောင်းညို့တို့သည် လျော့လွန်းကုန်၏။ ထိုအခါ၌ သင်၏ စောင်းသည် အသံသာခြင်းသည်လည်းကောင်း၊ အရှည်တီးခြင်း၌ ခံခြင်းသည်လည်းကောင်း ဖြစ်၏လော'

'အရှင်ဘုရား ... ဤသို့ကား မဖြစ်ပါ '

သောဏ ... ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။

အကြင်အခါ၌ သင်၏ စောင်းညို့တို့သည် မတင်းလွန်း မလျော့လွန်းကုန်။ ညီမျှသော ကြိုးအဖြစ်တည်ကုန်၏။ ထိုအခါ သင်၏ စောင်းသည် အသံသာခြင်းသည်လည်းကောင်း၊ အရှည်တီးခြင်း၌ ခံခြင်းသည်လည်းကောင်း ဖြစ်၏လော'

'ဖြစ်ပါသည် အရှင်ဘုရား'

'သောဏ ... ဤအတူသာလျှင် လွန်စွာအားထုတ်အပ်သော ဝီရိယသည် ပျံ့လွင့်ခြင်းငှါ ဖြစ်၏။ လျော့လွန်းသော ဝီရိယသည် ပျင်းရိခြင်းငှါဖြစ်၏။ သောဏ ... ထို့ကြောင့် သင်သည် ဝီရိယနှင့်သမာဓိ မျှသောအဖြစ်ကို ဆောက်တည်လော့။ သဒ္ဓါစသော ဣန္ဒြေတို့၏ ညီမျှသောအဖြစ်ကို သိလော့။ ထိုသို့ ညီမျှသောအခါ၌ သမထနိမိတ်၊ ဝိပဿနာနိမိတ်၊ မဂ်နိမိတ်၊ ဖိုလ်နိမိတ်တို့ကို ဖြစ်စေလော့'

– ဟု ဆုံးမတော်မူ၏။

**အရှင်သောဏ ရဟန္တာဖြစ်ခြင်း ။** ။ ထိုအခါ အရှင်သောဏသည် တစ်နေ့သော အခါ၌ ဝီရိယနှင့်သမာဓိ မျှသည်၏အဖြစ်ကို ဆောက်တည်၏။ သဒ္ဓါ စသော ဣန္ဒြေတို့၏လည်း ညီမျှသောအဖြစ်ကို သိ၏။ ထိုသို့ ညီမျှသောအခါ၌ သမထနိမိတ်, ဝိပဿနာနိမိတ်, မဂ္ဂနိမိတ်, ဖလနိမိတ်တို့ကို ဖြစ်စေ၏။

ထိုအခါ အရှင်သောဏသည် တစ်ယောက်တည်း ဆိတ်ငြိမ်ရာသို့ကပ်လျက် မမေ့မလျော့သည်ဖြစ်၍ ပြင်းစွာအားထုတ်သည်ဖြစ်၍ တည်ကြည်သောစိတ်ရှိသည် ဖြစ်၍ နေသည်ရှိသော် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးကောင်းသားတို့ လိုလားအပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို မကြာမီ မျက်မှောက်ဘဝ၌ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက် မှောက်ပြုလျက် ရောက်၍နေရ၏။ ပဋိသန္ဓေနေမှု ကုန်ပြီ။ မြတ်သောအကျင့်ကို ကျင့် သုံးပြီးပြီ။ မဂ်ကိစ္စကို ပြုပြီးပြီ။ ဤမဂ်ကိစ္စအလို့ငှါ တစ်ပါးသော ပြုဖွယ်မရှိတော့ပြီ– ဟု သိ၏။ အရှင်သောဏသည် ရဟန္တာတို့တွင် တစ်ပါးအပါအဝင် ဖြစ်လေ၏။

**အရဟတ္တဖိုလ်ကို လျှောက်ထားခြင်း ။** ။ ထိုအခါ အရဟတ္တဖိုလ်သို့ ရောက်သော အရှင်သောဏအား –

'ငါသည် မြတ်စွာဘုရား၏ အထံတော်၌ အရဟတ္တဖိုလ်ကို လျှောက်ထားရမူကား ကောင်းလေရာ၏'

– ဟု အကြံဖြစ်၏။ ထိုအခါ အရှင်သောဏသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တစ်ခုသောနေရာ၌ ထိုင်ကာ မြတ်စွာဘုရား အား အရဟတ္တဖိုလ်သို့ ရောက်ကြောင်းကို ဤသို့ လျှောက်ထားလေ၏။

မြတ်စွာဘုရား ... အာသဝေါကုန်ပြီးသော၊ မဂ်အကျင့်ကို ကျင့်သုံးပြီးသော၊ မဂ်ကိစ္စကို ပြုပြီးသော၊ ခန္ဓာဝန်ကိုချပြီးသော၊ မိမိအကျိုး အရဟတ္တဖိုလ်သို့ အစဉ်အတိုင်း ရောက်ပြီးသော၊ ဘဝသံယောဇဉ် ကုန်ပြီးသော၊ ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသော၊ ရဟန္တာဖြစ်သော ရဟန်းသည် ခြောက်ပါးသော အကြောင်းတို့ကို မျက်မှောက်ပြု၍ တည်၏။

ကိလေသာတို့မှ လွတ်မြောက်ပြီးသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်၏။

ကိလေသာတို့မှ ဆိတ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်၏။

ကြောင့်ကြမရှိသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်၏။

ဥပါဒါန်တို့၏ကုန်ရာ မဂ်၏အဆုံး အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်၏။

တဏှာ၏ကုန်ရာ မဂ်၏အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်၏။

မောဟမရှိသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်၏။

မြတ်စွာဘုရား ... အာသဝေါကုန်ပြီးသော ရဟန်းသည် -

ရာဂ, ဒေါသ, မောဟ ကုန်ခြင်းကြောင့် ရာဂ, ဒေါသ, မောဟကင်း၏။ ရာဂ, ဒေါသ, မောဟကင်းခြင်းကြောင့် ရာဂမှ, ဒေါသမှ, မောဟမှ ထွက်မြောက်ပြီးသော ကင်းဆိတ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်၏။

မြတ်စွာဘုရား ... အာသဝေါကုန်ပြီးသော ရဟန်းသည် -

ရာဂ, ဒေါသ, မောဟကုန်ခြင်းကြောင့် ရာဂ, ဒေါသ, မောဟကင်း၏။ ရာဂ, ဒေါသ, မောဟကင်းခြင်းကြောင့် ကြောင့်ကြမရှိသော, ဥပါဒါန်တို့၏ကုန်ရာ မဂ်၏အဆုံးဖြစ်သော, တဏှာ၏ကုန်ရာ မဂ်၏အဆုံးဖြစ်သော မောဟမရှိသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်၏။

မြတ်စွာဘုရား ... ဤသို့ ကိလေသာတို့မှ ကောင်းစွာလွတ်ပြီးသော စိတ်ရှိသော ရဟန်းအား အားရှိသော စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော ရူပါရုံတို့သည်၊ သောတဝိညာဉ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံတို့သည်၊ ဃာနဝိညာဉ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့သည်၊ ဇိဝှါဝိညာဉ်ဖြင့် သိအပ်ကုန်သော ရသာရုံတို့သည်၊

ကာယဝိညာဉ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့သည်၊ စိတ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံတို့သည် အကယ်၍ မျက်စိအား၊ နားအား၊ နှာခေါင်းအား၊ လျှာအား၊ ကိုယ်အား၊ စိတ်အား ထင်ခြင်းသို့ ရောက်ကုန်သော်လည်း ထိုရဟန်း၏စိတ်ကို သိမ်းကျုံး၍ မယူနိုင်ကုန်။ ထိုရဟန်း၏ စိတ်သည် ကိလေသာတို့နှင့် မရောသည် သာလျှင် ဖြစ်၏။ တည်ကြည်၏။ တုန်လှုပ်ခြင်း မရှိ။ ထိုစိတ်၏ အဖြစ်အပျက် ကိုသာ ရှု၏။

မြတ်စွာဘုရား ... ဥပမာအားဖြင့် အပေါက်အခေါင်းမရှိ တစ်ခဲနက်သော ကျောက်တောင်သည် အကယ်၍ အရှေ့အရပ်မှ ပြင်းထန်သော လေလာငြား သော်လည်း၊ အနောက်အရပ်မှ၊ တောင်အရပ်မှ၊ မြောက်အရပ်မှ လေလာငြားသော်လည်း ထိုတောင်ကို မရွေ့စေနိုင်ရာ။ မလှုပ်စေနိုင်ရာ။ ထိုမှ ဤမှ မတုန်လှုပ်နိုင်စေရာ။

မြတ်စွာဘုရား ... ဤအတူသာလျှင် ကိလေသာတို့မှ ကောင်းစွာလွတ်ပြီးသော စိတ်ရှိသော ရဟန်းအား အားရှိသော စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော အဆင်း ရူပါရုံတို့သည် ...ပ... စိတ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံတို့သည် အကယ်၍ မျက်စိအား ...ပ... စိတ်အား ထင်ခြင်းသို့ ရောက်ကုန်ငြားအံ့ - ထိုရဟန်း၏စိတ်ကို သိမ်းကျုံး၍ မယူနိုင်ကုန်။ ထိုရဟန်း၏ စိတ်သည် ကိလေသာတို့နှင့် မရောသည် သာလျှင် ဖြစ်၏။ တည်ကြည်၏။ တုန်လှုပ်ခြင်းမရှိ။ ထိုစိတ်၏ အဖြစ်အပျက်ကိုသာ ရှု၏' - ဟု လျှောက်ထားလေ၏။

**၁။ သေလောယထာ ဧကဃနော၊ ဝါတေန နသမီရတိ၊**
**ဧဝံ ရူပါ ရသာ သဒ္ဒါ၊ ဂန္ဓာ ဖဿာ စ ကေဝလာ။**

**၂။ ဣဋ္ဌာဓမ္မာ အနိဋ္ဌာစ၊ န ပဝေဓေန္တိ တာဒိနော၊**
**ဌိတံ စိတ္တံ ဝိပ္ပမုတ္တံ၊ ဝယဉ္စဿာနုပဿတိ။**

၁။ ဧကဃနော- တစ်ခဲနက်သော၊ သေလော- ကျောက်တောင်သည်၊ ဝါတေန- ပြင်းစွာတိုက်ခတ်သော လေကြောင့်၊ နသမီရတိယထာ- မတုန်လှုပ် သကဲ့သို့၊ ဧဝံ - ဤအတူ၊ ရူပါ - ရူပါရုံတို့သည်လည်းကောင်း၊ ရသာ - ရသာရုံ

တို့သည်လည်းကောင်း၊ **သဒ္ဓါ**- သဒ္ဓါရှိတို့သည်လည်းကောင်း၊ **ဂန္ဓာ**- ဂန္ဓာရှိ တို့သည်လည်းကောင်း၊ **ဗဿာစ**- ဗောဇ္ဈင်္ဂရှိတို့သည်လည်းကောင်း၊ **ဓမ္မာ**- ဓမ္မာရှိ တို့သည်လည်းကောင်း၊ **တေဝလာ**- အလုံးစုံကုန်သော၊

၂။ **ဣဋ္ဌာ**- အလိုရှိအပ်, နှစ်သက်အပ်သော အာရုံတို့သည်လည်းကောင်း၊ **အနိဋ္ဌာစ**- အလိုမရှိအပ်, မနှစ်သက်အပ်သော အာရုံတို့သည်လည်းကောင်း၊ **တာဒိနော**- ဣဋ္ဌ, အနိဋ္ဌ ထိုနှစ်ပါးကြောင့် လုံးဝမတုန် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော (ရဟန္တာပုဂ္ဂိုလ်၏) **ဋ္ဌိတံ**- တည်ကြည်သော၊ **ဝိပ္ပမုတ္တံ**- ကိလေသာတို့မှ လွတ်ပြီးသော၊ **စိတ္တံ**- စိတ်ကို၊ **နပ္ပဝေဓေန္တိ**- မတုန်လှုပ်စေနိုင်ကြကုန်။ **သော**- ထိုရဟန္တာ ပုဂ္ဂိုလ်သည်၊ **အဿ**- ထိုစိတ်၏၊ **ဝယဉ္စ**- အပြစ်အပျက်ကိုလည်း၊ **အနုပဿတိ**- အဖန်ဖန် ရှုပွားလေ၏။

<u>**ဗိနပ်စီးခွင့်ပေးခြင်း**</u> ။ ။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို -

'ရဟန်းတို့ ... ဤသို့လျှင် အမျိုးကောင်းသားတို့သည် အရဟတ္တဖိုလ်ကို လျှောက်ထားကုန်၏။ မိမိကိုယ်ကို တိုက်ရိုက်အားဖြင့် မဆောင်မကြားဘဲ ရဟန္တာ ဖြစ်ခြင်း၏ အကြောင်းကိုလည်း ပြောကြား၏။

ထိုသို့ ဖြစ်သင့်ပါလျက် အချို့သောမဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား တို့သည် ရယ်ရွှင်ဖွယ်ပြုသကဲ့သို့ မိမိမှာ ထင်ရှားမရှိသော အရဟတ္တဖိုလ်ကို ပြောကြား ကုန်၏။ ထိုသူတို့သည် နောက်ကာလ၌ ပင်ပန်းဆင်းရဲခြင်းသို့ ရောက်ကုန်၏'

- ဟု မိန့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်သောဏကို -

'သောဏ ... သင်သည် နူးညံ့သိမ်မွေ့၏။ သင့်အား လွှာချင်းဖိနပ်ကို ခွင့်ပြု၏' - ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်သောဏသည် မြတ်စွာဘုရားအား ဤသို့ လျှောက်ထားလေ၏။

'မြတ်စွာဘုရား ... တပည့်တော်သည် လှည်းအစီးရှစ်ဆယ်တိုက်ရသော ရွှေငွေတို့ကိုလည်းကောင်း၊ တစ်တပ်ခုနစ်ကောင်ရှိသော ဆင်တပ်ပေါင်း ခုနစ်တပ်ကို လည်းကောင်း စွန့်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။ မြတ်စွာဘုရား ... ထိုသို့ ဖြစ်ပါလျက် တပည့်တော်သည် လွှာချင်းဖိနပ်ကို အကယ်၍ ဆောင်ငြားအံ့၊ ထိုတပည့်တော်အား ကောဠိဝိသ အမျိုး၌ဖြစ်သော သောဏသည် လှည်းအစီးပေါင်း ရှစ်ဆယ်တိုက်ရသော ရွှေငွေတို့ကိုလည်းကောင်း၊ ဆင်တပ်ပေါင်း ခုနစ်တပ်ကို လည်းကောင်း စွန့်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။ ထိုသောဏသည် ယခုအခါ လွှာချင်းဖိနပ်ကို ကပ်ငြိတွယ်တာ၏–ဟု ပြောဆိုကြကုန်လတ္တံ့။ အကယ်၍ မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို ခွင့်ပြုငြားအံ့၊ တပည့်တော်သည်လည်း သုံးဆောင်ပါအံ့။ အကယ်၍ မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို ခွင့်မပြုငြားအံ့– တပည့်တော်သည်လည်း မသုံးဆောင်ပါ' – ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို –

'ရဟန်းတို့ ... လွှာချင်းဖိနပ်ကို ခွင့်ပြု၏။ ရဟန်းတို့ ... နှစ်လွှာ ဖိနပ်၊ သုံးလွှာ ဖိနပ်၊ အလွှာများသော ဖိနပ်တို့ကို မဆောင်အပ်။ ဆောင်သောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏' – ဟု မိန့်တော်မူလေ၏။

( ဝိ ၃ – ၂၆၅/ ၂၇၂။ မြန် ၂၆၃/ ၂၇၂။ ဝိဋ္ဌ ၃– ၃၆၄/၃၆၆ )

__သတိပြုရန်__ ။ ။ *ဤ၌ သတိပြုရန်ကား – အရှင်သောဏသည် ဝီရိယလွန်၍ စိတ်တွေပျံ့ကာ လူထွက်ရန် စိတ်ကူးရာမှ မြတ်စွာဘုရားရှင်၏ စောင်းဥပမာဖြင့် ဣန္ဒြေတို့ကို ညီမျှစွာ ထားနိုင်သည့်အတွက် ရဟန္တာအဖြစ်သို့ ရောက်သွားရသည်ကိုလည်းကောင်း၊ ကောင်းကောင်းဆိုးဆိုး အာရုံအမျိုးမျိုးနှင့် တွေ့သော်လည်း ကျောက်တောင်ကြီးပမာ စိတ်ကို မတုန်လှုပ်အောင် ထားနိုင်ရမည်ကို လည်းကောင်း၊ ထိုစိတ်ကိုပင် အဖြစ်အပျက် ရှုရသည်ကိုလည်းကောင်း၊ ဘုရားရှင်က အရှင်သောဏအား ဖိနပ်စီးရန် အခွင့်အရေးပေးသည်ကို မိမိအတွက်သာ မယူဘဲ အများသံဃာအတွက်ပါ ရအောင် လျှောက်ထားသည်ကိုလည်းကောင်း သတိပြုသင့်ကြ ပေရာ၏။*

## သောဏကောဠိဝိသ ဝတ္ထုလာ ဆောင်ရန်လင်္ကာများ

၁။ ကောဠိဝိသ၊ အနွယ်ပ၊ သောဏလုလင်သည်၊
၂။ စမ္ပါခေါ် ရာ၊ မြို့၌သာ၊ ကောင်းစွာနေလေသည်။
၃။ ဖဝါးပြင်ဟာ၊ နီမြန်းစွာ၊ လွန်စွာနူးညံ့သည်။
၄။ ခြေဖဝါးပြင်၊ ညိုဆင်းပင်၊ မွေးမှင်ပေါက်လေသည်။
၅။ ရှစ်သောင်းရွာသား၊ လုလင်များ၊ ရှေ့သွားဖြစ်လေသည်။
၆။ ပစ္စေမည်တောင်း၊ သစ်ရွက်ကျောင်း၊ စုပေါင်းလှူခဲ့သည်။
၇။ ခြေသုတ်ဖို့ရာ၊ ရည်ရွယ်ကာ၊ သဒ္ဓါပေါက်၍သည်၊
၈။ သားမွေးခေါ် ရ၊ ခြုံထည်ပ၊ သောဏလှူခဲ့သည်။
၉။ သဒ္ဓါကောင်းလို့၊ ကုသိုလ်မို့၊ သူတို့ပြုခဲ့သည်၊
၁၀။ နူးညံ့လေအင်၊ မွေးကိုပင်၊ ကြည့်ချင်ပါ၍သည်၊
၁၁။ ဗိမ္ဗိသာရ၊ မင်းကြီးက၊ သောဏခေါ် တွေ့သည်။
၁၂။ ရှစ်သောင်းလူပါ၊ ခြုံရုံကာ၊ လိုက်ပါသွားကြသည်။
၁၃။ ဘုရင်ရှေ့မှာ၊ ခြေဆန့်ကာ၊ ထိုင်တာမသင့်ပြီ။
၁၄။ ပလ္လင်ခွေကာ၊ ထိုင်လေပါ၊ မာတာမှာလေသည်။
၁၅။ ကြည့်ပြီးလေရာ၊ မင်းရာဇာ၊ မိန့်မှာလေတော့သည်။
၁၆။ ကုန်သွယ်လယ်ယာ၊ လုပ်သောခါ၊ မှန်စွာလုပ်ရမည်။
၁၇။ ပစ္စုပ္ပန္န၊ ကျိုးကိုပ၊ မိန့်ဟမှာလေသည်။
၁၈။ သံသရာမှာ၊ ကျိုးများစွာ၊ ကောင်းစွာရဖို့သည်၊
၁၉။ ကိုးကွယ်ရာမှန်၊ ဘုရားထံ၊ သွားရန်လွှတ်လေပြီ။
၂၀။ ရှစ်သောင်းရွာသား၊ လူအများ၊ ဘုရားဖူးကြပြီ။
၂၁။ သာဂတထံ၊ စိတ်အမှန်၊ ရောက်ပြန်နေ၍သည်၊
၂၂။ တန်ခိုးဂုဏ်ရောင်၊ ထပ်၍တောင်၊ ပြဆောင်ခိုင်းရသည်။
၂၃။ ဘုရားဆရာ၊ တပည့်သာ၊ ကောင်းစွာလျှောက်လေပြီ။
၂၄။ ရှစ်သောင်းရွာသား၊ ဘုရားအား၊ ညွှတ်တွားကြလေပြီ။
၂၅။ ပုဗ္ဗိကထာ၊ ဒေသနာ၊ မြတ်စွာဟောလေပြီ။

၂၆။ သောတာပတ္တိ၊ မဂ်ဉာဏ်ထိ၊ ရရှိသွားကြပြီ။
၂၇။ သောဏလုလင်၊ ရဟန်းပင်၊ မှန်ပင်ပြုလေပြီ။
၂၈။ ဝီရိယတွေ၊ တစ်အားပေ၊ လွန်လေအားထုတ်သည်။
၂၉။ ဝီရိယလွန်ချက်၊ စိတ်တွေပျက်၊ လူထွက်ကြံလေသည်။
၃၀။ စောင်းဥပမာ၊ နှိုင်းယှဉ်ကာ၊ မြတ်စွာဟောလေပြီ။
၃၁။ ဣန္ဒြေငါးဖြာ၊ ညီညွတ်စွာ၊ ရှိလာပါ၍သည်၊
၃၂။ အာသဝေါကင်းကွာ၊ ရဟန္တာ၊ ကောင်းစွာဖြစ်လေပြီ။
၃၃။ ရဟန္တာဖြစ်ကြောင်း၊ သိစေကြောင်း၊ ထပ်လောင်းလျှောက်ထားပြီ။
၃၄။ ကိလေကင်းကွာ၊ ရဟန္တာ၊ ရိယာများတို့သည်၊
၃၅။ ကောင်းကောင်းဆိုးဆိုး၊ အာရုံမျိုး၊ ကြုံတိုးသော်လည်းသည်၊
၃၆။ ကျောက်တောင်ပမာ၊ တုန်လှုပ်တာ၊ ဘယ်ခါမရှိပြီ။
၃၇။ လွှာချင်းဖိနပ်၊ စီးနိုင်လတ်၊ ရှင်မြတ်မိန့်လေပြီ။
၃၈။ လှည်းစီးရှစ်ဆယ်၊ ဥစ္စာနှယ်၊ စွန့်ရယ်ပြီးမှသည်၊
၃၉။ ဖိနပ်ကျမှ၊ တွယ်တာရ၊ ပြောကြဆိုကြမည်။
၄၀။ အများသံဃာ၊ ခွင့်ပြုပါ၊ သောဏလျှောက်ထားပြီ။
၄၁။ သံဃာတွေပါ၊ စီးနိုင်ပါ၊ မြတ်စွာခွင့်ပြုပြီ။
၄၂။ သဒ္ဓါ,ပညာ၊ ညီမျှပါ၊ ကောင်းစွာထားရမည်။
၄၃။ သမာ,ဝီရိ၊ ညီမျှဘိ၊ သတိရှိရမည်။
၄၄။ တရားအလုပ်၊ နောက်မဆုတ်၊ အားထုတ်ကြရမည်။
၄၅။ လေပြင်းတိုက်ခြား၊ ကျောက်တောင်ကား၊ လှုပ်ရှားမရှိပြီ။
၄၆။ ကျောက်တောင်အလား၊ မလှုပ်ရှား၊ စိတ်ထားတည်ရမည်။
၄၇။ အခွင့်ပေးလာ၊ များတွက်ပါ၊ ဆောင်တာကောင်းမြတ်သည်။
၄၈။ သောဏပမာ၊ ကျင့်ဆောင်ပါ၊ လူ့ရွာတင့်တယ်မည်။

သောဏကောဠိဝိသ ဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

## သောဏကုဋိကဏ္ဏဝတ္ထုလာ ကိုယ်ကျင့်တရားများ

**သောဏကုဋိကဏ္ဏ ။** ။ သောဏ- ဟူသည် အမည်တည်း။ ကုဋိကဏ္ဏ- ဟူသည် ကုဋေထိုက်သော နားတန်ဆာဟူ၍ အဓိပ္ပါယ်ရ၏။ ကုဋေထိုက်သော နားတန်ဆာကို ဝတ်ဆင်လေ့ရှိသောကြောင့် သောဏကုဋိကဏ္ဏ ဟူ၍ ခေါ်လေသည်။

**ရဟန်းအဖြစ်ကို တောင်းခံခြင်း ။** ။ ထိုအခါ အရှင်မဟာကစ္စည်းထေရ်သည် အဝန္တိတိုင်း ကုရုဃရမြို့ ပပတကတောင်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ကုဋေထိုက်သော နားတန်ဆာကို ဝတ်ဆင်သော သောဏမည်သော ဥပါသကာသည် အရှင်မဟာကစ္စည်း၏ အလုပ်အကျွေး ဖြစ်၏။

ထိုအခါ သောဏ ဥပသကာသည် အရှင်မဟာကစ္စည်းထံသို့ ချဉ်းကပ်၍ ရှိခိုး ပြီးလျှင် တစ်ခုသောနေရာ၌ ထိုင်နေကာ အရှင်မဟာကစ္စည်းကို -

'အရှင်ဘုရား ... တပည့်တော်သည် အရှင်ဘုရား ဟောတော်မူအပ်သော တရားတော်ကို ထိုက်သည့်အားလျော်စွာ သိပါ၏။ ထိုသို့ သိရသည့်အတိုင်း လူ့ဘောင်၌ နေသောသူသည် စင်စစ်ပြည့်စုံစင်ကြယ်၍ ခရုသင်းပွတ်သစ်နှင့်တူသော ဤမြတ်သောအကျင့်ကို ကျင့်ခြင်းငှါ မလွယ်ကူပါ။ အရှင်ဘုရား ... တပည့်တော်သည် ဆံမုတ်ဆိတ်တို့ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လိုပါသည်။ အရှင်ဘုရား ... အရှင်ဘုရားသည် တပည့်တော်ကို ရှင်ရဟန်းပြုပေးတော်မူပါ' - ဟု လျှောက်၏။

**ရဟန်းပြုလိုစိတ် ငြိမ်းခြင်း ။** ။ ထိုအခါ အရှင်မဟာကစ္စည်းထေရ်သည် သောဏ ဥပါသကာအား -

'သောဏ ... အသက်ထက်ဆုံး တစ်ယောက်တည်း အိပ်ရသော၊ တစ်ထပ်တည်း စားရသော မြတ်သောအကျင့်ကို ကျင့်ခြင်းငှါ ခဲယဉ်း၏။ သောဏ ... တိုက်တွန်း၏။ သင်သည် လူ့ဘောင်၌သာလျှင် လူဖြစ်လျက် ဥပုသ်နေ့ စသည်၌ အခါအားလျော်စွာ

တစ်ယောက်တည်းသော အိပ်ရသော၊ တစ်ထပ်တည်းသော စားရသော ဘုရား၏ အဆုံးအမ ဟု ဆိုအပ်သော မြတ်သောအကျင့်ကို ကျင့်လော့' – ဟု ပြောဆိုလေ၏။

ထိုအခါ သောဏဥပါသကာ၏ ရဟန်းပြုအံ့ – ဟု အားထုတ်ခြင်းသည် ငြိမ်းလေ၏။

**ရဟန်းပြုပေးခြင်း ။** ။ အရှင်မဟာကစ္စည်းသည် သောဏဥပါသကာ၏ ရဟန်းပြုရန် လျှောက်ထားခြင်းကို နှစ်ကြိမ်မြောက်ထိ ပယ်မြစ်၍ သုံးကြိမ်မြောက် လျှောက်ထားသောအခါ၌မူကား သောဏဥပါသကာကို ရှင်ပြုပေးလေ၏။

ထိုအခါ အဝန္တိတိုင်း ဒက္ခိဏာပထဇနပုဒ်သည် ရဟန်းနည်းပါး၏။ ထိုအခါ၌ အရှင်မဟာကစ္စည်းသည် သုံးနှစ်လွန်သဖြင့် ငြိုငြင်ပင်ပန်းစွာ ထိုထိုအရပ်မှ တစ်ကျိပ်အစုရှိသော ရဟန်းအပေါင်းကို စုဝေးစေပြီးလျှင် ရှင်သောဏကို ပဉ္စင်းခံပေးလေ၏။

**ဘုရားကို ဖူးရန်တောင်းခံခြင်း ။** ။ ထိုအခါ ဝါကျွတ်၍ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် တိတ်ဆိတ်စွာနေသော အရှင်သောဏအား –

'ထိုမြတ်စွာဘုရားသည် ဤသို့သဘောရှိသော ရူပကာယကျေးဇူး၊ ဤသို့သဘောရှိသော ဓမ္မကာယကျေးဇူး ရှိတော်မူ၏ဟု ငါသည် ကြားဖူးရုံသာတည်း။ ငါသည် မျက်မှောက်ထင်ထင် မဖူးမြင်ဖူးပေ။ အကယ်၍ ဥပဇ္ဈာယ်ဆရာသည် ငါ့ကို ခွင့်ပြုငြားအံ့၊ ငါသည် ပူဇော်အထူးကို ခံတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါသွားအံ့'

– ဟု စိတ်အကြံ ဖြစ်လေ၏။

ထို့နောက် အရှင်သောဏသည် ညချမ်းအခါ၌ ကိန်းအောင်းရာမှထ၍ အရှင်မဟာကစ္စည်းထံသို့ ချဉ်းကပ်လျက် အရှင်မဟာကစ္စည်းကို ရှိခိုးပြီးလျှင် တစ်ခုသော နေရာ၌ ထိုင်ကာ အရှင်မဟာကစ္စည်းကို မိမိ၏ အကြံအစည်ကို လျှောက်ထားပြီးနောက် –

'အရှင်ဘုရား ... အကယ်၍ ဥပဇ္ဈာယ်ဆရာသည် တပည့်တော်ကို ခွင့်ပြုခြင်းအံ့၊ တပည့်တော်သည် ပုဏ္ဏေးအထူးကို ခံတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ သွားပါအံ့' – ဟု လျှောက်ထားခွင့်တောင်းလေ၏။

**ခွင့်ပေးခြင်း ။** ။ ထိုအခါ ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်မဟာကစ္စည်းသည် တပည့် အရှင်သောဏအား ဤသို့ ပြောဆိုခွင့်ပေးလေ၏။

'သောဏ ... ကောင်းစွ ကောင်းစွ။ သောဏ ... သင်သည် ပုဏ္ဏေးအထူးကို ခံတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ သွားလေလော့။ သောဏ ... သင်သည် ရှုချင်ဖွယ် ရှိသော၊ ကြည်ညိုဖွယ်ရှိသော၊ ငြိမ်သက်သော ဣန္ဒြေရှိသော၊ ငြိမ်သက်သော စိတ်နှလုံး ရှိတော်မူသော၊ မြတ်သောပညာ, မြတ်သောတည်ကြည်ခြင်းသို့လည်း ရောက်တော်မူပြီးသော၊ ယဉ်ကျေးသည့် နှလုံးတော်လည်း ရှိသော၊ စောင့်စည်းသည့် သိတင်းသီလလည်း ရှိတော်မူသော၊ အားထုတ်အပ်သည့် ဝီရိယိန္ဒြေလည်း ရှိတော်မူသော၊ မကောင်းမှုမှလည်း ကင်းတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ရလတ္တံ့.'

**ဆင်းပါး တောင်းစေခြင်း ။** ။ ထို့နောက် အရှင်မဟာကစ္စည်းသည် အရှင်သောဏအား ဤသို့ ဆက်၍ မိန့်ပြန်လေ၏။

"သောဏ ... ထိုသို့သွားပြီးလျှင် သင်သည် မြတ်စွာဘုရားကို –

' မြတ်စွာဘုရား ... တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ အရှင်မဟာကစ္စည်းသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏' ဟု ငါ၏စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးလေလော့။ ဤသို့လည်း လျှောက်ထားလေဦးလော့။

(၁) မြတ်စွာဘုရား ... အဝန္တိတိုင်း ဒက္ခိဏာပထဇနပုဒ်သည် ရဟန်းနည်းပါးပါ၏။ တပည့်တော်သည် သုံးနှစ်လွန်သဖြင့် ငြိုငြင်ပင်ပန်းစွာ ထိုထိုအရပ်မှ တစ်ကျိပ် အစုရှိသော ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် ရဟန်းအဖြစ်ကို

ရပါ၏။ မြတ်စွာဘုရားသည် အဝန္တိတိုင်း ဒက္ခိဏာပထဇနပုဒ်၌ နည်းသောဂိုဏ်းဖြင့် ရဟန်းပဥ္စင်းကို ခွင့်ပြုတော်မူမည်လည်း မသိ။

(၂) မြတ်စွာဘုရား ... အဝန္တိတိုင်း တောင်ပိုင်းနယ်၌ အထက်သို့ စုန့်စုန့် တက်၍ မည်းနက်သည့် နွားခွါရာ ခယောင်းမြေသည် ကြမ်းတမ်းပါ၏။ မြတ်စွာဘုရားသည် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ အလွှာများသော ဖိနပ်ကို ခွင့်ပြုတော်မူမည်လည်း မသိ။

(၃) မြတ်စွာဘုရား ... အဝန္တိတိုင်း တောင်ပိုင်းနယ်၌ လူတို့သည် ရေချိုးခြင်းကို အလေးပြုပါကုန်၏။ ရေဖြင့်စင်ကြယ်ကုန်၏ဟု အယူရှိပါကုန်၏။ မြတ်စွာဘုရားသည် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ မပြတ်ရေချိုးခြင်းကို ခွင့်ပြုတော်မူမည်လည်း မသိ။

(၄) အရှင်ဘုရား ... အဝန္တိတိုင်း တောင်ပိုင်းနယ်၌ သိုးရေ၊ ဆိတ်ရေ၊ သမင်ရေ ဟူသော သားရေတို့ကို ခင်းပါကုန်၏။ မြတ်စွာဘုရား ... ဥပမာအားဖြင့် မဇ္ဈိမတိုင်း ဇနပုဒ်တို့၌ ပြိတ်မြက်ဖြင့်ရက်သော ဖျာတို့ကိုလည်းကောင်း၊ မြားမြက်ဖြင့် ရက်သော ဖျာတို့ကိုလည်းကောင်း၊ သင်ဖြင့်ရက်သော ဖျာတို့ကိုလည်းကောင်း၊ ပိတ်ထည်မြက်ဖြင့် ရက်သော ဖျာတို့ကိုလည်းကောင်း ခင်းကုန်သကဲ့သို့ မြတ်စွာဘုရား ... ဤအတူ သာလျှင် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ သိုးရေ၊ ဆိတ်ရေ၊ သမင်ရေဟူသော သားရေ အခင်းတို့ကို ခင်းကုန်၏။ မြတ်စွာဘုရားသည် ထိုအခင်းတို့ကို ခွင့်ပြုတော်မူမည်လည်း မသိ။

(၅) မြတ်စွာဘုရား ... ယခုအခါ၌ လူတို့သည် သိမ်ပသို့သွားသော ရဟန်းတို့အား 'ဤမည်သော ရဟန်းအား ဤသင်္ကန်းကို လှူပါကုန်၏ဟု သင်္ကန်းလှူပါကုန်၏။ ထိုသီတင်းသုံးဖော်ရဟန်းတို့သည် လာ၍ 'ငါ့ရှင်တို့ ... ဤမည်သောလူတို့သည် သင့်အား သင်္ကန်းလှူ၏' ဟု ပြောကုန်၏။ ထိုရဟန်းတို့သည် ကုက္ကုစ္စရှိသည်ဖြစ်၍ မခံယူပါကုန်။ မြတ်စွာဘုရားသည် သင်္ကန်း၌ အပ်သော ပရိယာယ်ကို ဟောကြားတော်မူမည်လည်း မသိ. - ဟု လျှောက်ထား လေဦးလော့"

- ဟု မှာလိုက်လေ၏။

<u>ဘုရားနှင့်အတူ နေခွင့်ရခြင်း ။</u> ။ ထိုအခါ အရှင်သောဏသည် ဥပဇ္ဈာယ်ဆရာ အရှင်မဟာကစ္စည်းထေရ်အား -

'ကောင်းပါပြီ အရှင်ဘုရား'

- ဟု ဝန်ခံ၍ နေရာမှထပြီးလျှင် ရှိခိုး၍ အရိုအသေပြုကာ အိပ်ရာနေရာကို သိမ်းဆည်း၍ သပိတ်သင်္ကန်းကို ယူလျက် သာဝတ္ထိမြို့သို့ ဖဲသွားလေ၏။ အစဉ်အတိုင်း သွားသည်ရှိသော် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အာရာမ်ဖြစ်သော ဇေတဝန်ကျောင်း ဘုရားထံတော်သို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တစ်ခုသော နေရာ၌ ထိုင်နေ၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို -

'အာနန္ဒာ ... ဤအာဂန္တုရဟန်းအတွက် နေရာခင်းလော့'

- ဟု မိန့်တော်မူလေ၏။

ထိုအခါ အရှင်အာနန္ဒာသည် -

"မြတ်စွာဘုရားသည် ငါ့ကို 'အာနန္ဒာ ... ဤအာဂန္တုရဟန်းအတွက် နေရာခင်းလော့' ဟု စေခိုင်းတော်မူ၏။ မြတ်စွာဘုရားသည် အရှင်သောဏနှင့်အတူ တစ်ခုတည်းသောကျောင်း ဂန္ဓကုဋီ၌ နေခြင်းငှါ အလိုရှိ၏"

- ဟု အောက်မေ့၍ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဂန္ဓကုဋီကျောင်း၌ အရှင်သောဏအား နေရာကို ခင်းပေး၏။

<u>သာဓုခေါ်ခြင်း ။</u> ။ ထိုအခါ မြတ်စွာဘုရားသည် ညဉ့်နက်သည့်တိုင်အောင် လွင်တီးခေါင်၌ အချိန်ကို လွန်စေကာ ကျောင်းတော်သို့ ဝင်တော်မူ၏။ အရှင်သောဏသည်လည်း ညဉ့်နက်သည့်တိုင်အောင် လွင်တီးခေါင်၌ အချိန်ကိုလွန်စေကာ ကျောင်းတော်သို့ဝင်၏။

ထိုအခါ မြတ်စွာဘုရားသည် ညဉ့်၏ မိုးသောက်ယံအခါ၌ ထတော်မူ၍ အရှင်သောဏကို -

'ရဟန်း ... ရွတ်ဆိုရန်တရားသည် သင့်ဉာဏ်ကို ထင်စေလော့'

- ဟု တိုက်တွန်းတော်မူ၏။

'ကောင်းပါပြီ မြတ်စွာဘုရား'

- ဟူ၍ အရှင်သောဏသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် အဋ္ဌကဝဂ်၌ ပါသော ကာမသုတ် စသော သုတ်အားလုံးတို့ကို အသံဖြင့် ရွတ်ဆို၏။ ထိုအခါ မြတ်စွာဘုရားသည် အရှင်သောဏ၏ သာယာစွာ ရွတ်ဆိုသည့် အဆုံး၌ ဝမ်းမြောက် နှမော် သာဓုခေါ်တော်မူလေ၏။

<u>မုဒ္ဓ ဥဒါန်းကျူးတော်မူခြင်း</u> ။ ။'ရဟန်း ... သာဓု ... သာဓု ... ကောင်းစွ ... ကောင်းစွ။ သင်သည် အဋ္ဌကဝဂ်၌ပါသော ကာမသုတ် စသော သုတ်အားလုံးတို့ကို စင်စစ်အားဖြင့် ကောင်းစွာ သင်ထားပေ၏။ ကောင်းစွာ နှလုံးသွင်းထားပေ၏။ ကောင်းစွာ ဆောင်ထားပေ၏။ ဌာန်ကရိုဏ်း စသည် ပြည့်စုံသဖြင့် ကောင်းသော စကားသံနှင့်လည်း ပြည့်စုံပေ၏။ သန့်ရှင်းသော၊ အပြစ်လည်း မရှိ၊ လိမ်လည်ခြင်းလည်း မရှိသော၊ အနက်ကို သိစေတတ်သော စကားနှင့်လည်း ပြည့်စုံ၏'

- ဟူ၍ ချီးကျူးတော်မူပြီးနောက် -

'ရဟန်း ... သင်သည် ဝါအဘယ်မျှ ရှိပြီနည်း' - ဟု မေးတော်မူလေ၏။

'မြတ်စွာဘုရား ... တပည့်တော်သည် တစ်ဝါသာ ရှိပါသေး၏' - ဟု လျှောက်လေ၏။

'ရဟန်း ... သင်သည် အဘယ်ကြောင့် ဤသို့ကြာမြင့်မှ ရဟန်းပြုသနည်း' - ဟု မေးတော်မူပြန်၏။

'မြတ်စွာဘုရား ... တပည့်တော်သည် ဤကာမဂုဏ်တို့၌ အပြစ်မြင် သည်ကား ကြာမြင့်ပါပြီ။ ထိုသို့ပင် အပြစ်မြင်ပါသော်လည်း လူ့ဘောင်၌ နေသောသူတို့သည် ကျဉ်းမြောင်းကုန်၏။ များသောကိစ္စ ရှိကုန်၏။ များသော ပြုဖွယ်ရှိကုန်၏' - ဟု လျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းကို သိတော်မူ၍ -

'လောက၌ သူတော်ကောင်းဖြစ်သောသူသည် အပြစ်ကိုမြင်၍ ဥပဓိကင်းသော နိဗ္ဗာန်တရားကို သိသောကြောင့် မကောင်းမှု၌ မမွေ့လျော်။ စင်ကြယ်သော ပုဂ္ဂိုလ်သည် သာသနာတော်၌ မွေ့လျော်၏'

- ဟူသော ဤဥဒါန်းကို ကျူးရင့်တော်မူလေ၏။

**ဆုငါးပါးကို တောင်းဆိုပြီ** ။ ။ ထိုအခါ အရှင်သောဏသည် -

'မြတ်စွာဘုရားသည် ငါ့ကို ဝမ်းမြောက်စွာ စကားပြောတော်မူ၏။ ဤအခါသည်ကား ငါ၏ ဥပဇ္ဈာယ်ဆရာ မှာလိုက်သော သတင်းစကားကို လျှောက်ထားရန် အချိန်တန်ပြီ'

- ဟု နေရာမှထ၍ လက်ဝဲတစ်ဖက် ပခုံးထက်၌ ကေသီကို စမ္ပယ်တင်ကာ မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးခိုက်၍ ဤသို့ လျှောက်ထားလေ၏။

'မြတ်စွာဘုရား ... တပည့်တော်၏ ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်မဟာကစ္စည်းသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။ ဤသို့ လျှောက်ထားလိုက်ပါ၏'

- ဟူ၍ အစချီကာ အရှင်မဟာကစ္စည်းထေရ် တောင်းဆိုလိုက်သော ဆုငါးမျိုးကို လျှောက်ထားလိုက်လေ၏။

**ပစ္စန္တရစ်၌ ဗုဒ္ဓ ခွင့်ပြုပြီ** ။ ။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် -

(၁) ရဟန်းတို့ ... အဝန္တိတိုင်း တောင်ပိုင်းနေသည့် ရဟန်းနည်းပါး၏။

ရဟန်းတို့ ... အလုံးစုံသော ပစ္စန္တရစ်ဇနပုဒ်တို့၌ ဝိနည်းဓိုရ်လျှင် ငါးယောက်မြောက်သော ဂိုဏ်းဖြင့် ပဥ္စင်းခံခြင်းကို ခွင့်ပြု၏။

*( မဇ္ဈိမတိုင်း၌ ရဟန်းဆယ်ပါးဖြင့် ရဟန်းခံရ၏။ မဇ္ဈိမတိုင်းမှတစ်ပါး အခြားသောအရပ်တို့၌ ရဟန်းငါးပါးဖြင့် ပဉ္စင်းခံနိုင်၏ )*

<u>**မဇ္ဈိမတိုင်း သတ်မှတ်ခြင်း ။**</u> ။ ထိုစကားရပ်၌ ပစ္စန္တရစ် ဇနပုဒ်တို့ဟူသည် -

(က) အရှေ့မျက်နှာအရပ်၌ - ဇင်္ဂလမည်သော နိဂုံးရှိ၏။ ထိုနိဂုံး၏ အပြင်ဘက်မှ အင်ကြင်းပင်ကြီး ရှိ၏။ ထိုအင်ကြင်းပင်ကြီးမှ အပြင်ဘက်ကား ပစ္စန္တရစ်ဇနပုဒ်တို့တည်း။ အတွင်းကား - မဇ္ဈိမတိုင်းတည်း။

(ခ) အရှေ့တောင်အရပ်၌ - သလ္လာဝတီမည်သော မြစ်ရှိ၏။ ထိုသလ္လာဝတီမြစ်မှ အပြင်ဘက်ကား ပစ္စန္တရစ်ဇနပုဒ်တို့တည်း။ အတွင်းကား မဇ္ဈိမတိုင်းတည်း။

(ဂ) တောင်မျက်နှာအရပ်၌ - သေတကဏ္ဏိကမည်သော နိဂုံးရှိ၏။ ထိုနိဂုံးမှ အပြင်ဘက်ကား ပစ္စန္တရစ်ဇနပုဒ်တို့တည်း။ အတွင်းကား မဇ္ဈိမတိုင်းတည်း။

(ဃ) အနောက်မျက်နှာအရပ်၌ - ထူနမည်သော ပုဏ္ဏားရွာရှိ၏။ ထိုရွာမှ အပြင်ဘက်ကား ပစ္စန္တရစ်ဇနပုဒ်တို့တည်း။ အတွင်းကား မဇ္ဈိမတိုင်းတည်း။

(င) မြောက်မျက်နှာအရပ်၌ - ဥသီရဒ္ဓဇမည်သော တောင်ရှိ၏။ ထိုတောင်မှ အပြင်ဘက်ကား ပစ္စန္တရစ်ဇနပုဒ်တို့တည်း။ အတွင်းကား မဇ္ဈိမတိုင်းတည်း။

(၁) ရဟန်းတို့ ... ဤသို့သဘောရှိသော ပစ္စန္တရစ်ဇနပုဒ်တို့၌ ဝိနည်းဓိုရ်လျှင် ငါးယောက်မြောက်သော ဂိုဏ်းဖြင့် ပဉ္စင်းခံခြင်းကို ခွင့်ပြု၏။

(၂) ရဟန်းတို့ ... အဝန္တိတိုင်း တောင်ပိုင်းနယ်၌ အထက်သို့ စုန့်စုန့်တက်၍ မည်းနက်သည့် နွားခွါရာ ခယောင်းမြေသည် ကြမ်းတမ်း၏။ ရဟန်းတို့ ... အလုံးစုံသော ပစ္စန္တရစ်ဇနပုဒ်၌ အလွှာများသော ဖိနပ်ကို ခွင့်ပြု၏။

(၃) ရဟန်းတို့ ... အဝန္တိတိုင်း တောင်ပိုင်းနယ်၌ လူတို့သည် ရေချိုးခြင်းကို အလေးပြုကြကုန်၏။ ရေဖြင့် စင်ကြယ်၏ဟု အယူရှိကုန်၏။ ရဟန်းတို့ ... အလုံးစုံသော ပစ္စန္တရစ် ဇနပုဒ်တို့၌ မပြတ်ရေချိုးခြင်းကို ခွင့်ပြု၏။

(၄) ရဟန်းတို့ ... အဝန္တိတိုင်း တောင်ပိုင်းနယ်၌ သိုးရေ၊ ဆိတ်ရေ၊ သမင်ရေ ဟူသော သားရေတို့ကို ခင်းကုန်၏။ ရဟန်းတို့ ... မဇ္ဈိမတိုင်း ဇနပုဒ်တို့၌ ပြိတ်မြက်ဖြင့် ရက်သော ဖျာတို့ကိုလည်းကောင်း၊ မြားမြက်ဖြင့် ရက်သော ဖျာတို့ကိုလည်းကောင်း၊ သင်ဖြင့်ရက်သော ဖျာတို့ကိုလည်းကောင်း၊ ပိတ်ထည်ဖြင့်ရက်သော ဖျာတို့ကိုလည်းကောင်း ခင်းကုန်သကဲ့သို့ ရဟန်းတို့ ... ဤအတူသာလျှင် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ သိုးရေ၊ ဆိတ်ရေ၊ သမင်ရေ ဟူသော သားရေတို့ကို ခင်းကုန်၏။ ရဟန်းတို့ ... အလုံးစုံသော ပစ္စန္တရစ် ဇနပုဒ်တို့၌ သိုးရေ၊ ဆိတ်ရေ၊ သမင်ရေ ဟူသော သားရေအခင်းတို့ကို ခွင့်ပြု၏။

(၅) ရဟန်းတို့ ... လူတို့သည် ဥပစာရသိမ်ပသို့ သွားသောရဟန်းတို့အား ဤမည်သော ရဟန်းအား ဤသင်္ကန်းကို လှူပါကုန်၏ဟု သင်္ကန်းလှူကုန်ပြီးအံ့၊ ရဟန်းတို့ ... လက်သို့ မရောက်သေးသမျှ အဓိဋ္ဌာန်တင်အပ်သော အရေအတွက်သို့ မရောက်နိုင်ပေ။ ရဟန်းတို့ ... ခံယူစိမ့်သောငှါ ခွင့်ပြု၏'

– ဟု မိန့်တော်မူ၏။

( ဝိ - ၃ - ၂၇၃ / ၂၀၀ ။ မြန် - ၂၇၃ / ၂၇၉ )

<u>သတိပြုရန်</u> ။ ။ *အထက်ပါ ခွင့်ပြုချက် ငါးချက်အရ အိန္ဒိယနိုင်ငံ မဇ္ဈိမတိုင်း၌ ရဟန်းဆယ်ပါးဖြင့် ရဟန်းခံ၍ ရခြင်း၊ တစ်လွှာဖိနပ်သာ စီးနိုင်ခြင်း၊ ရေအကြိမ်ကြိမ် မချိုးရခြင်း၊ ဆိတ်ရေ၊ သိုးရေ၊ သမင်ရေတို့ကို မခင်းရခြင်း၊ ဥပစာရသိမ်ပြင်ဘက်မှာ သင်္ကန်းလှူ ခံခွင့်မရခြင်းများရှိသော်လည်း မြန်မာနိုင်ငံလို အရပ်ဒေသမျိုး၌ ရဟန်းငါးပါးဖြင့် ရဟန်းခံနိုင်ခြင်း၊ အလွှာများသော ဖိနပ်စီးခွင့်ရှိခြင်း၊ ရေအကြိမ်ကြိမ် ချိုးနိုင်ခြင်း၊ ဆိတ်ရေ၊ သိုးရေ၊ သမင်ရေတို့ကို ခင်းနိုင်ခြင်း၊ ဥပစာရသိမ်ပြင်ပမှာ သင်္ကန်းလှူ ခံနိုင်ခြင်းတို့ အခွင့်ရသည် ဖြစ်ရကား – မြန်မာပြည်အတွက်ပင် ခွင့်ပြုလိုက်လေသလားဟုပင် အောက်မေ့ရပေ၏။ ထို့ကြောင့် မြန်မာပြည်၌ ရဟန်းဘဝ၊ ပဍ္ဍင်းဘဝကို ပင်ပန်းခြင်း မရှိဘဲ အရယူနိုင်သည်ဖြစ်၍ ရဟန်းဘဝဖြင့် မြတ်စွာဘုရား၏ သာသနာတော်ကြီးကို တိုးပွားအောင် ကြိုးစားနိုင်ကြပြီ ဖြစ်၏။*

## <u>သောဏကုဋိကဏ္ဏ ဝတ္ထုလာ ဆောင်ရန်လင်္ကာများ</u>

| | | | |
|---|---|---|---|
| ၁။ | ကုဋိကဏ္ဏ၊ | တန်ဆာပ၊ | သောဏပန်ဆင်သည်။ |
| ၂။ | ကစ္စည်းမည်ရ၊ | ထေရ်ကိုပ၊ | သောဏကိုးကွယ်သည်။ |
| ၃။ | အဝန္တီခေါ် မြို့၊ | တိုင်းမှာတည်း၊ | ကစ္စည်းနေလေသည်။ |
| ၄။ | ရဟန်းဘဝ၊ | ရောက်လိုရ၊ | သောဏလျှောက်ထားပြီ။ |
| ၅။ | တစ်ယောက်တည်းသာ၊ | တစ်ထပ်သာ၊ | အိပ်ခါစားရသည်။ |
| ၆။ | မြတ်သောကျင့်ခြင်း၊ | မြတ်နေခြင်း၊ | ခဲယဉ်းလှပေသည်။ |
| ၇။ | ဥပုသ်နေ့မှာ၊ | စမ်း၍သာ၊ | ကျင့်ပါပြောလေပြီ။ |
| ၈။ | သောဏဒကာ၊ | သုံးကြိမ်ပါ၊ | ထပ်ခါလျှောက်ထားသည်။ |
| ၉။ | အဝန္တီခေါ် ရွာ၊ | တောင်ပိုင်းမှာ၊ | သံဃာရှားပါးသည်။ |
| ၁၀။ | ရဟန်းအဖြစ်၊ | ရောက်ဖို့ခေတ်၊ | သုံးနှစ်ကြာခဲ့သည်။ |
| ၁၁။ | ရဟန်းဖြစ်လာ၊ | သောဏဟာ၊ | တစ်ဝါရခဲ့ပြီ။ |
| ၁၂။ | မြတ်စွာဘုရား၊ | ဖူးဖို့အား၊ | လျှောက်ထားပါလေပြီ။ |
| ၁၃။ | ဆုငါးမျိုးတည်း၊ | ပြောပြပြီး၊ | ကစ္စည်းတောင်းခိုင်းသည်။ |

၁၄။ ဘုရားထံမူ၊ ရောက်ပြီဟူ၊ အတူနေရသည်။
၁၅။ မြတ်စွာဘုရား၊ သောဏအား၊ တရားရွတ်ခိုင်းပြီ။
၁၆။ အဋ္ဌကဝဂ်လာ၊ သုတ်ကာမာ၊ ကောင်းစွာရွတ်ပြပြီ။
၁၇။ သန့်ရှင်းသံသာ၊ ရွတ်နိုင်တာ၊ မြတ်စွာဝမ်းမြောက်ပြီ။
၁၈။ ဥပဇ္ဈာယ်ဆရာ၊ မှာလိုက်တာ၊ သောဏာလျှောက်ထားပြီ။
၁၉။ ပစ္စန္တခေါ် ရာ၊ ဒေသမှာ၊ တောင်းတာခွင့်ပြုပြီ။
၂၀။ ငါးပါးရဟန်း၊ ရှိလေမှန်း၊ ရဟန်းခံနိုင်သည်။
၂၁။ အလွှာများစွာ၊ ဖိနပ်ပါ၊ စီးပါခွင့်ပြုသည်။
၂၂။ အလေးထားရိုး၊ အကြိမ်တိုး၊ ရေချိုးနိုင်ကြသည်။
၂၃။ သိုးရေဆိတ်ရေ၊ သမင်ရေ၊ ခင်းလေခွင့်ပြုသည်။
၂၄။ သင်္ကန်းအလှူ၊ သိမ်ပြင်လှူ၊ ခံယူနိုင်ပေသည်။
၂၅။ မြန်မာတွက်ပေါ့၊ ခွင့်ပြုပေ့၊ အောက်မေ့ရပေသည်။
၂၆။ ရဟန်းဘဝ၊ ရှင်ဘဝ၊ အရယူနိုင်ပြီ။
၂၇။ မြတ်သာသနာ၊ ပြုဖို့ရာ၊ ခွင့်ခါကြုံလေပြီ။

သောဏကုဋိကဏ္ဏ ဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။



# ဘေသဇ္ဇက္ခန္ဓကလာ ကိုယ်ကျင့်တရားများ

**သည်းခြေနာနှိပ်စက်ခြင်း ။** ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အာရာမ်ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ တန်ဆောင်မုန်းလအခါ၌ ဖြစ်တတ်သော ပိတ္တာဗာဓေန– သည်းခြေနာဖြင့် တွေ့ထိသော ရဟန်းတို့အား သောက်အပ်သောယာဂုသည်လည်း အန်ထွက်၏။ စားအပ်သော ဆွမ်းသည်လည်း အန်ထွက်၏။

ချဲ့ဦးအံ့ – ထိုတန်ဆောင်မုန်းလ သရဒဥတုအခါ၌ မိုးရေဖြင့်လည်း စိုထိုင်းနေကုန်၏။ ရွှံ့ညွှန်ကိုလည်း နင်းရကုန်၏။ အကြားအကြား၌ ပူသောနေပူသည်လည်း ကြမ်းတမ်း၏။ ထို့ကြောင့် ထိုရဟန်းတို့၏ သည်းခြေသည် အူအတွင်းသို့ ရောက်နေ၏။

ဆက်ဦးအံ့ – အူအတွင်းသို့ ရောက်နေခြင်းဟူသည် တစ်ကိုယ်လုံး၌ ပျံ့နှံ့နေသော သည်းခြေသည် အဗဒ္ဓသည်းခြေမည်၏။ ထိုအဗဒ္ဓသည်းခြေသည် မိုး၏ စိုစွတ်ခြင်း၊ ရွှံ့ညွှန်ကိုနင်းရခြင်း၊ နေပူ၏ပြင်းထန်ခြင်းဟူသော အကြောင်းကြောင့် ဖောက်ပြန်၍ တစ်ကိုယ်လုံး၌ ပျံ့နှံ့မနေဘဲ အူအတွင်းသို့ ဝင်ရောက်သွားခြင်း ဖြစ်၏။ ထိုသို့ အူအတွင်းသို့ ဝင်ရောက်နေသောကြောင့် ရဟန်းတို့အား သောက်အပ်သော ယာဂုသည်လည်း အန်ထွက်၏။ စားအပ်သောဆွမ်းသည်လည်း အန်ထွက်၏။

ထိုရဟန်းတို့သည် ထိုသို့အန်ထွက်သဖြင့် ပိန်ကြုံကုန်၏။ အသွေးအသား ခေါင်းပါးကုန်၏။ ရုပ်အဆင်း ပျက်ကုန်၏။ ဖက်ရွက်ရော်ကဲ့သို့ ဖျော့တော့သော အဆင်း ရှိကုန်၏။ ကွန်ရက်ကို ဖြန့်ခင်းသကဲ့သို့ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိကုန်၏။

**ဆေးငါးမျိုးကို ခွင့်ပြုခြင်း ။** ။ ရဟန်းတို့၏ ထိုအခြေအနေကို မြတ်စွာဘုရား တွေ့မြင်တော်မူ၍ မေးမြန်းတော်မူသောအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားအား –

'ငါသည် အဘယ်သို့လျှင် ရဟန်းတို့အား ဆေးကို ခွင့်ပြုရအံ့နည်း။ ယင်းသည် ဆေးလည်းဖြစ်ရာ၏။ လူအပေါင်းကလည်း ဆေးဟု သမုတ်ရာ၏။ အာဟာရအကျိုးကိုလည်း ပြီးစေရာ၏။ ရုန့်ရင်းသော အစာအာဟာရလည်း မဟုတ်ရာ' – ဟု စိတ်အကြံ ဖြစ်တော်မူ၏။

ထိုနောက် မြတ်စွာဘုရားအား –

'သပ္ပိ – ထောပတ်၊ နဝနီတံ – ဆီဥ၊ တေလံ – ဆီ၊ မဓု – ပျားရည်၊ ဖာဏိတံ – တင်လဲ ဟူသော ဤဆေးငါးပါးတို့သည် ဆေးလည်း မည်ကုန်၏။ လူအပေါင်းကလည်း ဆေးဟုသမုတ်၏။ အာဟာရအကျိုးကိုလည်း ပြီးစေကုန်၏။ ရုန့်ရင်းသော အစာအာဟာရလည်း မဟုတ်။ ငါသည် ရဟန်းတို့အား ဤငါးပါးသော ဆေးတို့ကို နံနက်အခါ၌ အကပ်ခံ၍ နံနက်အခါ၌ စားစေခြင်းငှါ ခွင့်ပြုရမူ ကောင်းလေစွ' – ဟု အကြံဖြစ်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ညချမ်းအခါ ကိန်းအောင်းရာမှ ထတော်မူသော် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို ကိုယ်တော်၏ အကြံအစည်ဖြစ်ပုံကို မိန့်ကြားတော်မူပြီးနောက် –

'ရဟန်းတို့ ... ထောပတ်၊ ဆီဥ၊ ဆီ၊ ပျားရည်၊ တင်လဲ ဟူသော ထိုငါးပါးသော ဆေးတို့ကို နံနက်အခါ၌ အကပ်ခံ၍ နံနက်အခါ၌ သုံးဆောင်စိမ့်သောငှါ ခွင့်ပြု၏' – ဟု မိန့်တော်မူလေ၏။

**မွန်းလွဲအခါပါ ခွင့်ပြုခြင်း ။**

။ ထိုအခါ ရဟန်းတို့သည် နံနက်အခါ အကပ်ခံ၍ နံနက်အခါ၌ သုံးဆောင်ကုန်၏။ ထိုရဟန်းတို့အား ပြကတေ့စားမြဲဖြစ်သော အစားအစာတို့ကိုသော်လည်း မကျေစေနိုင်ကုန်။ သိမ်မွေ့သော အစာတို့မှာကား အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း။

ထိုရဟန်းတို့သည် တန်ဆောင်မုန်းလအခါ ဖြစ်တတ်သော ထိုသည်းခြေနာဖြင့်လည်းကောင်း၊ ဤအစာမမြိန်ခြင်းဖြင့်လည်းကောင်း ဤနှစ်ပါးစုံဖြင့် တွေ့ထိကုန်သည်

ဖြစ်၍ အတိုင်းထက်အလွန် ပိန်ကြုံကုန်၏။ အသွေးအသား ခေါင်းပါးကုန်၏။ ရုပ်အဆင်း ပျက်ကုန်၏။ ဖက်ရွက်ရော်ကဲ့သို့ ဖျော့တော့သော အဆင်းရှိကုန်၏။ အကြောပြိုင်းပြိုင်း ထသော ကိုယ်ရှိကုန်၏။

ထိုအခြေအနေတို့ကို တွေ့မြင်တော်မူ၍ မေးမြန်းတော်မူသောအခါ အရှင် အာနန္ဒာသည် မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို -

'ရဟန်းတို့ ... ထိုငါးပါးသော ဆေးတို့ကို နံနက်အခါ၌လည်းကောင်း၊ မွန်းလွဲအခါ၌လည်းကောင်း အကပ်ခံ၍ သုံးဆောင်စိမ့်သောငှါ ခွင့်ပြု၏'

- ဟု မိန့်တော်မူလေ၏။

**ဆီကြည်ကို ခွင့်ပြုခြင်း ။** ။ နာဖျားနေသော ရဟန်းတို့သည် ဆီကြည်ကို အလိုရှိကြကုန်သည်ဖြစ်၍ မြတ်စွာဘုရားသည် ဝံဆီ၊ ငါးဆီ၊ လင်းပိုင်ဆီ၊ ဝက်ဆီ၊ မြည်းဆီ ဟူသော အဆီဖြစ်သော ဆေးတို့ကို နံနက်အခါ၌ ချက်၍၊ စစ်၍ ဆီဟူသော သုံးဆောင်ခြင်းဖြင့် သုံးဆောင်စိမ့်သောငှါ ခွင့်ပြု၏။

**အမြစ်ဆေးများ ။** ။ နာဖျားနေသော ရဟန်းတို့သည် အမြစ်ဖြစ်သော ဆေးတို့ကို အလိုရှိသည်ဖြစ်၍ မြတ်စွာဘုရားသည် နနွင်း၊ ချင်းစိမ်း၊ လင်းနေ၊ ဆိပ်ဖူး၊ တိဝှတ်၊ ကုလားဆောင်းမေးခါး၊ ပန်းရင်း၊ နွားမြေရင်း ဟူသော အမြစ်ဆေးတို့ကိုလည်းကောင်း၊ ထိုမှတစ်ပါးသော ခဲဖွယ်ဘောဇဉ်အရာမမြောက်သော အမြစ်ဆေးတို့ကိုလည်းကောင်း အကပ်ခံ၍ အသက်ထက်ဆုံး ဆောင်ထားစိမ့်သော ငှါလည်းကောင်း၊ အနာဟူသော အကြောင်းရှိသော် သုံးဆောင်စိမ့်သောငှါလည်းကောင်း ခွင့်ပြု၏။

အနာဟူသော အကြောင်းမရှိဘဲ သုံးဆောင်သော ရဟန်းအား

ဒုက္ကဋ်အာပတ် သင့်၏။

ထို့နောက် အမြစ်ဆေးမှုန့်တို့ကို လိုအပ်ပြန်၍ ဆေးကြိတ်ကျောက်ပြင်နှင့် ဆေးကြိတ်ကျောက်လုံးတို့ကို ခွင့်ပြုတော်မူလေ၏။

**ဖန်ဆေးများ ။** ။ နာဖျားသောရဟန်းတို့သည် ဖန်ဆေးတို့ကို အလိုရှိကြကုန်သည်ဖြစ်၍ မြတ်စွာဘုရားသည် တမာဖန်၊ လက်ထုပ်ဖန်၊ မြူးတား 'ပုံလုံခါး'ဖန်၊ ခွေးတောက်ဖန်၊ သင်းဝင်ဖန် ဟူသော ဖန်ဆေးတို့ကို လည်းကောင်း၊ ထိုမှတစ်ပါး ခဲဖွယ်ဘောဇဉ် အရာမမြောက်သော ဖန်ဆေးတို့ကို လည်းကောင်း အကပ်ခံ၍ အနာဟူသော အကြောင်းရှိသော် သုံးဆောင်စိမ့်သောငှါ ခွင့်ပြု၏။ အနာဟူသော အကြောင်းမရှိဘဲ သုံးဆောင်သောရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

**အရွက်ဆေးများ ။** ။ နာဖျားသော ရဟန်းတို့သည် အရွက်ဆေး၊ အသီးဆေး၊ အစေးဆေး၊ ဆားတို့ကို အလိုရှိကြကုန်သည်ဖြစ်၍ မြတ်စွာဘုရားသည် တမာရွက်၊ လက်ထုတ်ရွက်၊ မြူးတား 'ပုံလုံခါး'ရွက်၊ ရုံးရွက်၊ ဝါးရွက် ဟူသော အရွက်ဆေးများ။

အိပ်မွေ့သီး၊ ပိတ်ချင်းသီး၊ ဇရုတ်သီး၊ ဖန်ခါးသီး၊ သစ်ဆိမ့်သီး၊ သျှိသျှားသီး၊ သမင်စာသီးဟူသော အသီးဆေးများ။

ရှိန်းခိုစစ်၊ ရှိန်းခိုစေး၊ ရှိန်းခိုလွှာ၊ ချိပ်စစ်၊ ချိပ်နှစ်၊ ချိပ်လွှာ၊ ပွဲလျက် ဟူသော အစေးဆေးများ။

ပင်လယ်ဆား၊ ဆားပုပ်၊ သိန္ဓောဆား၊ တွင်းထွက်ဆား၊ ချက်ဆားဟူသော ဆားဆေးများ။

ထိုဆေးများနှင့် ခဲဖွယ်ဘောဇဉ်အရာမမြောက်သော အခြားသော အရွက်ဆေးများ၊ အသီးဆေးများ၊ အစေးဆေးများ၊ ဆားများတို့ကို အကပ်ခံ၍ အသက်ထက်ဆုံး အနာဟူသော အကြောင်းရှိသော် သုံးဆောင်စိမ့်သောငှါ ခွင့်ပြု၏။

အနာဟူသောအကြောင်းမရှိဘဲ သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ဝဲကြီးနာ ။ ။ အခါတစ်ပါး၌ အရှင်အာနန္ဒာ၏ ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်ဗေလဋ္ဌသီသအား ဝဲကြီးနာ စွဲကပ်သောကြောင့် သွေးပြည်အစေးဖြင့် သင်္ကန်းတို့သည် ကိုယ်၌ ကပ်ငြိကုန်၏။ ထိုသင်္ကန်းတို့ကို ရဟန်းတို့သည် ရေဖြင့် ဆွတ်၍ ဆွတ်၍ ခွါကုန်၏။ ရဟန်းတို့ လျှောက်ကြသဖြင့် မြတ်စွာဘုရား သိမြင်တော်မူသောအခါ အောက်ပါအတိုင်း ခွင့်ပြုတော်မူ၏။

'ရဟန်းတို့ ... အကြင်ရဟန်းအား ယားနာသည်လည်းကောင်း၊ အိုင်းအမာနာသည်လည်းကောင်း၊ အရည်ရွှဲရွှဲယိုသောအနာသည်လည်းကောင်း၊ ဝဲကြီးနာသည်လည်းကောင်း ရှိအံ့၊ ကိုယ်၌ မကောင်းသော အနံ့ရှိငြားအံ့၊ အမှုန့်ဖြစ်သော ဆေးတို့ကို ခွင့်ပြု၏။ အနာမရှိသော ရဟန်းအား နွားချေးခြောက်ကိုလည်းကောင်း၊ မြေညက်ခဲကိုလည်းကောင်း၊ ဆိုးရည်ကျိုဖတ်ကိုလည်းကောင်း ခွင့်ပြု၏။ ရဟန်းတို့ ... ဆုံကိုလည်းကောင်း၊ ကျည်ပွေ့ကိုလည်းကောင်း ခွင့်ပြု၏။

အချို့သောပုဂ္ဂိုလ်တို့၏ ကိုယ်နံ့သည် မြင်းအစရှိသည်တို့၏ ကိုယ်နံ့ကဲ့သို့ ကိုယ်နံ့ ရှိ၏။ ကုက္ကိုခေါက်အမှုန့်၊ နံ့သာမှုန့် စသော အလုံးစုံသော အမှုန့်တို့ အပ်ကုန်၏။ ထိုအမှုန့်တို့ကို ထောင်း၍ ရေဖြင့်ဆွတ်၍ ရေချိုးခြင်းငှါ အပ်၏'

ဘီလူးဖမ်းစားခြင်း ။ ။ အခါတစ်ပါး၌ ရဟန်းတစ်ပါးအား ဘီလူးဖမ်းစားသော အနာဖြစ်၏။ ထိုရဟန်းကို လုပ်ကျွေးသော ဆရာဥပဇ္ဈာယ်တို့သည် အနာမရှိသည်ကို ပြုရန် မတတ်နိုင်ကြကုန်။ ထိုရဟန်းသည် ဝက်ထိုးသမားတို့ ရောင်းသောဈေးသို့ သွား၍ သားစိမ်းကို စား၏။ သွေးစိမ်းကို သောက်၏။ ထိုရဟန်းအား ထိုဘီလူးဖမ်းသော အနာသည် ငြိမ်း၏။ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားသော် မြတ်စွာဘုရားသည် –

'ရဟန်းတို့ ... ဘီလူးဖမ်းသော အနာရှိလတ်သော် အသားစိမ်း၊ သွေးစိမ်းကို ခွင့်ပြု၏' – ဟု မိန့်တော်မူ၏။

ထိုအသားစိမ်း၊ သွေးစိမ်းကို ရဟန်းသည် ခံစားသည်မဟုတ်။ သားရဲသဘက်သည် ခံစားပြီး၍လည်းကောင်း၊ သောက်ပြီး၍လည်းကောင်း ဖဲသွားခြင်း ဖြစ်၏။

<u>မျက်စိနာရောဂါ</u> ။ ။ အခါတစ်ပါး၌ ရဟန်းတစ်ပါးအား မျက်စိနာရောဂါ ဖြစ်၏။ ထိုရဟန်းကို ရဟန်းတို့သည် ချီမ၍ ကျင်ကြီးကျင်ငယ်ကို စွန့်စေကုန်၏။ မြတ်စွာဘုရား သိမြင်တော်မူသောအခါ မြတ်စွာဘုရားသည် -

'ရဟန်းတို့ ... မည်းသော မျက်စဉ်း၊ အထူးထူးသောဆေးတို့ဖြင့် ဖော်စပ်သော မျက်စဉ်း၊ ရေယဉ်ခံ၍ ပြုသောမျက်စဉ်း၊ ဝွေ့မျက်စဉ်း၊ မင်သေမျက်စဉ်းတို့ကို ခွင့်ပြု၏' - ဟု မိန့်တော်မူ၏။

ထို့နောက် မျက်စဉ်းကြိတ်စရာ အမှုန့်ပြုဖို့ရာအတွက် စန္ဒကူး၊ တောင်ဇလပ်၊ အကျော်၊ ကရမက်၊ နွားမြေရင်းတို့ကိုလည်း ခွင့်ပြုတော်မူလေ၏။

<u>လေနာရောဂါ</u> ။ ။ အခါတစ်ပါး၌ အရှင်ပိလိန္ဒဝစ္ဆအား လေနာစွဲကပ်လေ၏။ ဆေးသမားတို့က ဆိကျက်ကို သောက်ရမည်ဟု ပြောဆိုကုန်၏။ မြတ်စွာဘုရားအား လျှောက်သောအခါ မြတ်စွာဘုရားက ခွင့်ပြု၏။ ဆိကျက်၌ အရက်ထည့်သင့်၏-ဟု လျှောက်သောအခါ၌လည်း မြတ်စွာဘုရားသည် ခွင့်ပြုတော်မူ၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အလွန်များစွာသော သေအရက်ထည့်သော ဆီတို့ကို ချက်ကုန်၏။ ထိုဆီကျက်တို့ကို သောက်ခြင်းကြောင့် မူးယစ်ကုန်၏။ မြတ်စွာဘုရား သိမြင်တော်မူသောအခါ -

'ရဟန်းတို့ ... အလွန်များသော သေရည်ထည့်သောဆီကို မသောက်အပ်။ သောက်သောရဟန်းအား တရားအားလျော်စွာ ဆုံးဖြတ်ရမည်။ ရဟန်းတို့ ... သေအရက်၏ အဆင်း၊ အနံ့၊ အရသာ မထင်ရှားသော ဆီကျက်ကို သောက်ရန် ခွင့်ပြု၏' - ဟု မိန့်တော်မူ၏။

ထိုအခါ၌ ရဟန်းတို့အား အလွန်များသော သေအရက်ထည့်သော ဆီကျက်သည် ဖြစ်၏။ ထိုအခါ ရဟန်းတို့အား -

'အဘယ်သို့လျှင် အလွန်များသော သေအရက်ထည့်သော ဆီ၌ ပြုကျင့်ရပါအံ့နည်း' - ဟု အကြံဖြစ်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

'ရဟန်းတို့ ... ကိုယ်လက်သုတ်စရာဟု ဆောက်တည်ခြင်းငှါ ခွင့်ပြု၏'

– ဟု မိန့်တော်မူလေ၏။

<u>မြွေကိုက်နာ စသည်</u> ။ ။ ရဟန်းတစ်ပါးကို မြွေကိုက်သည့်အတွက် ကျင်ကြီး ကျင်ငယ်၊ ပြာ၊ မြေညက် ဟူသော ဆေးကြီးလေးပါးတို့ကိုလည်းကောင်း၊ အဆိပ်သောက်မိသည့်အတွက် ကျင်ကြီးကိုလည်းကောင်း၊ အိမ်ရှင်မတစ်ဦးပေးသော ပီယဆေးကြောင့် အနာဖြစ်သည့်အတွက် ထွန်သွား၍ကပ်သော မြေကိုဖျော်၍ သောက်စိမ့်သောငှါလည်းကောင်း၊ ဝမ်းမီးပျက်သည့်အတွက် ထမင်းခြောက်ပြာရည်ကိုလည်းကောင်း၊ ဖျော့တော့ပိန်ကြုံသောရောဂါအတွက် နွားကျင်ငယ်ရေဖြင့်စိမ်သော ဖန်ခါးသီးရေကိုလည်းကောင်း၊ အရေပြားပေါ်တွင်ဖြစ်သော နူစွဲနာအတွက် နံ့သာလိမ်းခြင်းကိုလည်းကောင်း၊ သလိပ်သည်းခြေ လေပြောသော ရောဂါအတွက် ဝမ်းလျှောဆေးကိုလည်းကောင်း၊ ခေါင်းပူသော ဦးယဉ်းနာအတွက် ခေါင်းကိုသုတ်လိမ်းစရာဆီကိုလည်းကောင်း၊ အဆစ်ကိုက်ခဲသော လေနာရောဂါ အတွက် သွေးကိုထုတ်စိမ့်သောငှါလည်းကောင်း၊ သွေးစုနာပေါက်ခြင်းအတွက် ဓားငယ်ဖြင့် ဖောက်ခွဲမှုကိုလည်းကောင်း မြတ်စွာဘုရားသည် အသီးသီး ခွင့်ပြုတော်မူလေ၏။

*( ဝိ ၃ -၂၉၀ / ၉၉၊ မြန် - ၂၉၁/၂၉၉၊ ဝိဋ္ဌ ၃- ၃၅၂၊ ဝိမတိ ၃ ဒု ၁၈၆၊ မဟာဝါ ဘာ၃ ဒု - ၉၃ )*

<u>သတိပြုရန်</u> ။ ။ ရောဂါဟူသည် ရှေးကလည်း ဖြစ်ခဲ့ကြပြီ။ ယခုလည်း ဖြစ်ဆဲ။ နောင်လည်း ဖြစ်နေဦးမည်သာ ဖြစ်၏။ ရုပ်ရှိလျှင် ရောဂါရှိနေမည်သာ ဖြစ်၏။ ရောဂါရှိလျှင်လည်း ခေတ်ကာလအလိုက် ဆေးဝါးဆိုတာလည်း ရှိမည်သာဖြစ်၏။ **'ကျန်းမာခြင်းသည် လာဘ်တစ်ပါး'** ဟူသော ဘုရားရှင် ဟောတော်မူထားသော ဒေသနာနှင့်အညီ မိမိကိုယ်မှာ ရောဂါကင်းအောင် ကျန်းမာအောင် အထူးဂရုစိုက်၍ နေထိုင်တတ်ကြရမည် ဖြစ်၏။

## ဘုရားဟောကြား ဆေးနည်းများ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | တန်ဆောင်မုန်းမှာ၊ | သည်းခြေနာ၊ | ဖြစ်လာတတ်လေသည်။ |
| ၂။ | မိုးကစိုထင်း၊ | ရွှံ့ညွှန်နင်း၊ | ပူပြင်းသောကြောင့်သည်၊ |
| ၃။ | ရဟန်းများမှာ၊ | သည်းခြေနာ၊ | ဖြစ်လာပါချေပြီ။ |
| ၄။ | စားသမျှအန်၊ | ရုပ်ဖောက်ပြန်၊ | ရုပ်ဟန်ပိန်ကြုံသည်။ |
| ၅။ | ထော,ဥ,ဆီ,ပျား၊ | တင်လဲများ၊ | ဘုရားခွင့်ပြုပြီ။ |
| ၆။ | ရောဂါဖြစ်လာ၊ | နံ့နက်ပါ၊ | ညပါသုံးနိုင်သည်။ |
| ၇။ | နာဖျားသူသည်၊ | ဝံအဆီ၊ | ငါးဆီသုံးနိုင်သည်။ |
| ၈။ | ဝံပိုင်ဆီရော၊ | ဝက်ဆီရော၊ | ထပ်လောသုံးနိုင်သည်။ |
| ၉။ | နနွင်းစသား၊ | မြစ်ဆေးများ၊ | သုံးစားနိုင်ကြသည်။ |
| ၁၀။ | တမာစသား၊ | ဖန်ဆေးများ၊ | သုံးစားနိုင်ကြသည်။ |
| ၁၁။ | လက်ထုတ်စသား၊ | ရွက်ဆေးများ၊ | သုံးစားနိုင်ကြသည်။ |
| ၁၂။ | အိပ်မွှေးစသား၊ | သီးဆေးများ၊ | သုံးစားနိုင်ကြသည်။ |
| ၁၃။ | ရှိန်းခိုစသား၊ | စေးဆေးများ၊ | သုံးစားနိုင်ကြသည်။ |
| ၁၄။ | ဆားပုပ်စသား၊ | ဆားဆေးများ၊ | သုံးစားနိုင်ကြသည်။ |
| ၁၅။ | ဟာရခေါ် လောက်၊ | ရာမမြောက်၊ | ဆေးဖောက်သုံးနိုင်သည်။ |
| ၁၆။ | အိုင်းမာယားနာ၊ | ဝဲကြီးနာ၊ | အနာဖြစ်ကြသည်။ |
| ၁၇။ | ကိုယ်အနံ့ပါ၊ | မကောင်းပါ၊ | ဖြစ်လာတတ်ကြသည်။ |
| ၁၈။ | ကုက္ကိုခေါက်မှုန့်၊ | နံ့သာမှုန့်၊ | အမှုန့်သုံးနိုင်သည်။ |
| ၁၉။ | ဘီလူးဖမ်းခြိမ်း၊ | သွေးသားစိမ်း၊ | အစိမ်းသုံးနိုင်သည်။ |
| ၂၀။ | မျက်စိနာရော၊ | မျက်စဉ်းပါ၊ | ခတ်ကာသုံးနိုင်သည်။ |
| ၂၁။ | လေနာရောဂါ၊ | ဆီကျက်ပါ၊ | သောက်ခါသုံးနိုင်သည်။ |
| ၂၂။ | မြွေကိုက်လေရာ၊ | ကျင်ငယ်ပါ၊ | ပြာပါသုံးနိုင်သည်။ |
| ၂၃။ | အဆိပ်သောက်မိ၊ | ကျင်ကြီးရှိ၊ | ဖျော်ဘိသောက်နိုင်သည်။ |
| ၂၄။ | ပိန်ကြုံပါလေ၊ | နွားကျင်ရေ၊ | မှန်လေသုံးနိုင်သည်။ |
| ၂၅။ | သလိပ်သည်းခြေ၊ | လေပြောပေ၊ | ဝမ်းလေနှုတ်နိုင်သည်။ |

၂၆။ အဆစ်ကိုက်ထို၊ လေနာဆို၊ သွေးကိုထုတ်နိုင်သည်။

၂၇။ သွေးစုနာကဲ၊ ဓားငယ်တဲ၊ ဖောက်ခွဲနိုင်ကြသည်။

၂၈။ အရေပြားမှာ၊ နူစွပ်နာ၊ နံ့သာလိမ်းနိုင်သည်။

၂၉။ ဘုရားပေးကြား၊ ဆေးနည်းများ၊ သိထားနိုင်ကြသည်။

၃၀။ ခုရောနောင်ပြီ၊ ရှေးကပါ၊ ရောဂါဖြစ်ကြသည်။

၃၁။ ရောဂါဖြစ်လာ၊ ဆေးဆိုတာ၊ ရှိကာလာပြန်သည်။

၃၂။ ရောဂါဖြစ်ထိုက်၊ ခေတ်အလိုက်၊ ဆိုက်ဆိုက်ကုရမည်။

၃၃။ ကျန်းမာခြင်းကား၊ လာဘ်တစ်ပါး၊ ဘုရားဟောထားသည်။

၃၄။ ရောဂါကင်းအောင်၊ ကျန်းမာအောင်၊ ကျင့်ဆောင်ကြရမည်။

ဘေသဇ္ဇက္ခန္ဓကလာ ကိုယ်ကျင့်တရားများ ပြီး၏။



## အကပ္ပိယကုဋီအတွင်း၌ သိုမှီးခြင်းစသည်ကို ပယ်တော်မူခြင်း

<u>အရှင်အာနန္ဒာကိုယ်တိုင်ချက်ခြင်း ။</u> ။ ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် ရာဇဂြိုဟ်မြို့သို့ ရောက်၍ ထိုရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားအား ဝမ်း၌ လေနာရောဂါ ဖြစ်၏။ ထိုအခါ အရှင်အာနန္ဒာသည် ရှေးက မြတ်စွာဘုရား၏ ဝမ်း၌ဖြစ်သော လေနာသည် 'တေကဋုလ' ယာဂုဖြင့် ပျောက်ဖူး၏ဟု နှလုံးပိုက်ကာ ကိုယ်တိုင် နှမ်းကိုလည်းကောင်း၊ ဆန်ကိုလည်းကောင်း၊ ပဲနောက်ကိုလည်းကောင်း တောင်း၍ ကျောင်းတွင်း၌ သိမ်းပြီးလျှင် ကျောင်းတွင်း၌ ကိုယ်တိုင် ချက်၍ မြတ်စွာဘုရားအား -

'မြတ်စွာဘုရားသည် တေကဋုလ ယာဂုကို သောက်တော်မူပါ'

- ဟု ကပ်လေ၏။

( *တေကဋုလ - ဟူသည် 'နှမ်း, ဆန်, ပဲနောက်' တို့ဖြင့်သော်လည်းကောင်း၊ 'နှမ်း, ဆန်, ပဲကြီး' တို့ဖြင့်သော်လည်းကောင်း၊ 'နှမ်း, ဆန်, ပဲပိစပ်' တို့ဖြင့်သော်လည်း ကောင်း ထိုသုံးမျိုးတို့ဖြင့် ပြုအပ်သော ယာဂုတည်း* )

( ဝိ ၅ - ၁ - ၃၇၇ )

<u>ပယ်တော်မူခြင်း ။</u> ။ မြတ်စွာဘုရားတို့သည် သိလျက်လည်း မေးတော်မူကုန်၏။ သိလျက်လည်း မေးတော်မမူကုန်။ အခါကိုသိ၍ မေးတော်မူကုန်၏။ အခါကိုသိ၍ မေးတော်မမူကုန်။ မြတ်စွာဘုရားတို့သည် အကျိုးနှင့်စပ်သည်ကို မေးတော်မူကုန်၏။ အကျိုးနှင့် မစပ်သည်ကို မေးတော်မမူကုန်။ မြတ်စွာဘုရားတို့သည် အကျိုးနှင့် မစပ်သည်တို့ကို မဂ်ဖြင့် ပယ်တော်မူပြီး ဖြစ်ကုန်၏။ **'တရားကိုသော်လည်း ဟောကုန်အံ့။ တပည့်တို့အား သိက္ခာပုဒ်ကိုသော်လည်း ပညတ်ကုန်အံ့'** ဟူသော အကြောင်းနှစ်မျိုးတို့ဖြင့် ဘုန်းတော်ကြီးကုန်သော မြတ်စွာဘုရားတို့သည် ရဟန်းတို့ကို မေးတော်မူကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို –

'အာနန္ဒာ ... ဤယာဂုကို အဘယ်မှရသနည်း' – ဟု မေးတော်မူလေ၏။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်လေ၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။

'အာနန္ဒာ ... မလျောက်ပတ်။ မလျော်ကန်။ မသင့်တင့်။ ရဟန်းတို့ အမှုအရာမဟုတ်။ ရဟန်းတို့အား မအပ်။ ရဟန်းတို့သည် မပြုထိုက်။ အာနန္ဒာ ... အဘယ်ကြောင့် သင်သည် ဤသို့ သဘောရှိသော ယာဂုများပြားစိမ့်သောငှါ အားထုတ်ဘိသနည်း'

စသည်ဖြင့် ကဲ့ရဲ့တော်မူပြီးလျှင် –

'ရဟန်းတို့ ... အကပ္ပိယကုဋီအတွင်း၌ သိုမှီးအပ်သော ဘောဇဉ်ကို မသုံးဆောင်အပ်။ အကပ္ပိယကုဋီအတွင်း၌ ချက်အပ်သော ဘောဇဉ်ကို မသုံးဆောင်အပ်။ မိမိကိုယ်တိုင်ချက်အပ်သော ဘောဇဉ်ကို မသုံးဆောင်အပ်။ သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏'

<u>ကျက်ပြီးသည်ကို နွေးကောင်း၏</u> ။ ။ ထိုအခါ ရဟန်းတို့သည် –

'မြတ်စွာဘုရားသည် ကိုယ်တိုင်ချက်သော အစာကို ပယ်တော်မူ၏'

– ဟု တစ်ဖန်ပြန်၍ ချက်ခြင်း၌ မအပ်ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

'ရဟန်းတို့ ... ကျက်ပြီးသည်ကို တစ်ဖန်ပြန်၍ နွေးခြင်းငှါ ခွင့်ပြု၏'

– ဟု မိန့်တော်မူ၏။

**ငတ်မွတ်သောအခါ၌ ခွင့်ပြုခြင်း ။** ။ ထိုအခါ ရာဇဂြိုဟ်ပြည်သည် ငတ်မွတ်ခေါင်းပါး၏။ လူတို့သည် ဆားကိုလည်းကောင်း၊ ဆီကိုလည်းကောင်း၊ ဆန်ကိုလည်းကောင်း၊ ခဲဖွယ်ကိုလည်းကောင်း အာရာမ်သို့ ဆောင်ကုန်၏။ ထိုဆန်အစရှိသည်တို့ကို အပ၌ သိုမှီးကုန်၏။ ကြောင်၊ ကြွက်၊ ဖွတ်၊ မြွေပါတို့သည်လည်း ခဲကုန်၏။ ခိုးသူတို့သည်လည်း ဆောင်ကုန်၏။ ဤ အကြောင်းကို မြတ်စွာဘုရားအား လျှောက်ကုန်၏။

'ရဟန်းတို့ ... အတွင်း၌ သိုမှီးစိမ့်သောငှါ ခွင့်ပြု၏' ဟု မိန့်တော်မူ၏။

အတွင်း၌ သိုမှီး၍ အပ၌ ချက်စေကုန်၏။ စားကြွင်းစားသောသူတို့သည် ဝန်းရံကုန်၏။ ရဟန်းတို့သည် ရွံရှာကုန်လျက် စားရကုန်၏။ မြတ်စွာဘုရားအား ဤ အကြောင်းကို လျှောက်၏။

'ရဟန်းတို့ ... ချက်စိမ့်သောငှါ ခွင့်ပြု၏' - ဟု မိန့်တော်မူ၏။

ငတ်မွတ်သောအခါ၌ ကပ္ပိယကာရကတို့သည် များစွာဆောင်ယူကုန်၏။ အနည်းငယ်သာ ရဟန်းတို့အား ပေးကုန်၏။ ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြကုန်၏။

'ရဟန်းတို့ ... အတွင်း၌ သိုမှီးခြင်း၊ အတွင်း၌ချက်ခြင်း၊ ကိုယ်တိုင် ချက်ခြင်းကို ခွင့်ပြု၏' - ဟု မိန့်တော်မူ၏။

( ဝိ - ၃ - ၃၀၄ / ၅ ။ မြန် - ၃၀၄ / ၆ )

## ကိုယ်တိုင်ချက်သည်ကို ပယ်ခြင်း၌ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | လေနာရောဂါ၊ | စောသတ္တာ၊ | ဖြစ်ခါလာလေသည်။ |
| ၂။ | တေကဋုလ၊ | ယာဂုပ၊ | ရှေးကပျောက်ဖူးပြီ။ |
| ၃။ | ရှင်အာနန္ဒာ၊ | ကိုယ်တိုင်သာ၊ | ချက်ခါကပ်လေပြီ။ |
| ၄။ | ကိုယ်တိုင်ချက်တာ၊ | မသင့်ပါ၊ | မြတ်စွာကဲ့ရဲ့ပြီ။ |
| ၅။ | ကိုယ်တိုင်ချက်လတ်၊ | ဓါ ဒုက္ကဋ်၊ | အာပတ်သင့်စေပြီ။ |
| ၆။ | ကျက်ပြီးအစာ၊ | ပြန်နွေးတာ၊ | မြတ်စွာခွင့်ပြုသည်။ |
| ၇။ | ငတ်မွတ်ခါတိုင်၊ | ကိုယ်ကိုယ်တိုင်၊ | ချက်နိုင်ပါသေးသည်။ |
| ၈။ | သိုမှီးခြင်းပါ၊ | ပြုနိုင်ပါ၊ | မြတ်စွာခွင့်ပြုသည်။ |
| ၉။ | ငတ်မွတ်ကြုံလာ၊ | လှူကြပါ၊ | လွန်စွာမွန်မြတ်သည်။ |
| ၁၀။ | အကျိုးပေးလဲ၊ | လွန်စွာပဲ၊ | ကြီးလဲကြီးကျယ်သည်။ |

သိုမှီးခြင်း စသည်ကို ပယ်တော်မူခြင်း၌ ကိုယ်ကျင့်တရားများ ပြီး၏။

## အကာပ်ပျက်သော သစ်သီးကို အကာပ်ခံနိုင်ခြင်း

တစ်ရံရောအခါ များစွာသောရဟန်းတို့သည် ကာသိတိုင်းတို့၌ ဝါမှထကုန်သည် ဖြစ်၍ မြတ်စွာဘုရားကို ဖူးမြော်ရန် ရာဇဂြိုဟ်ပြည်သို့ သွားသည်ရှိသော် လမ်းခရီး အကြား၌ ကြမ်းတမ်းသည်လည်းဖြစ်သော၊ မွန်မြတ်သည်လည်းဖြစ်သော ဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံစွာ မရကုန်။ များစွာသော သစ်သီးခဲဖွယ်သာရှိ၏။ ကပ္ပိယကာရက လည်း မရှိ။

ထိုအခါ ပင်ပန်းခြင်းရှိကုန်သော ထိုရဟန်းတို့သည် ရာဇဂြိုဟ်ပြည် ရှဉ့်နက် တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တစ်ခုသောနေရာ၌ ထိုင်နေ၏။

အာဂန္တုရဟန်းတို့နှင့် အတူတကွ ဝမ်းမြောက်စွာ နှုတ်ဆက်စကား ပြောကြား တော်မူခြင်းသည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားတို့၏ အလေ့အထပင် ဖြစ်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို –

'ရဟန်းတို့ ... ကျန်းမာကြ၏လော။ မျှတကြ၏လော။ မပင်ပန်းဘဲ ခရီးရှည်လာခဲ့ကြရ၏လော။ ရဟန်းတို့ ... သင်တို့သည် အဘယ်အရပ်မှ လာခဲ့ကြ ကုန်သနည်း' – ဟု မေးတော်မူ၏။

'ကျန်းမာကြပါသည် မြတ်စွာဘုရား။ မျှတကြပါသည် မြတ်စွာဘုရား။ မြတ်စွာဘုရား ... တပည့်တော်တို့သည် ယခုအခါ ကာသိတိုင်းတို့၌ ဝါကျွတ် ကုန်သည်ဖြစ်၍ မြတ်စွာဘုရားကို ဖူးမြော်ရန် ရာဇဂြိုဟ်ပြည်သို့ လာသည်ရှိသော် လမ်းခရီးအကြား၌ ကြမ်းတမ်းသည်လည်းဖြစ်သော၊ မွန်မြတ်သည်လည်းဖြစ်သော ဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံစွာ မရပါကုန်။ များစွာသော သစ်သီးခဲဖွယ်သာ ရှိပါ၏။ ကပ္ပိယကာရကလည်း မရှိပါ။ ထို့ကြောင့် တပည့်တော်တို့သည် ပင်ပန်းခြင်း ရှိကုန်သည်ဖြစ်၍ ခရီးရှည် လာခဲ့ကြရပါကုန်၏'

– ဟု လျှောက်ထားကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို –

'ရဟန်းတို့ ... အကြင်အရပ်၌ သစ်သီးခဲဖွယ်ကို တွေ့မြင်အံ့။ ကပ္ပိယကာရက သည်လည်း မရှိအံ့။ ကိုယ်တိုင်ယူဆောင်ပြီးလျှင် ကပ္ပိယကာရကတို့ကို တွေ့မြင် သောအခါ မြေ၌ချထား၍ အကပ်ခံပြီးလျှင် သုံးဆောင်စိမ့်သောငှါ ခွင့်ပြု၏။ ရဟန်းတို့ ... အကပ်ပျက်သော သစ်သီးကို အကပ်ခံခြင်းငှါ ခွင့်ပြု၏'

– ဟု မိန့်တော်မူ၏။

## ဆွမ်းစားရာမှ ဆောင်အပ်သော ဘောဇဉ်ကို ခံယူနိုင်ခြင်း

တစ်ရံရောအခါ ပုဏ္ဏားတစ်ယောက်အား နှမ်းသစ်နှင့် ပျားရည်သစ်ကို ရရှိ၏။ ပုဏ္ဏားသည် ဘုရားအမှူးရှိသော သံဃာအား အိမ်သို့ပင့်ဖိတ်၍ မွန်မြတ်သော ခဲဖွယ် ဘောဇဉ်တို့ကို ကပ်လှူလေ၏။ ဆွမ်းစားပြီးသောအခါ မြတ်စွာဘုရားသည် ပုဏ္ဏားအား အနုမောဒနာတရား ဟောကြားပြီးလျှင် ပြန်ကြွတော်မူလေ၏။ မေ့လျော့သည်ဖြစ်၍ နှမ်းသစ်နှင့် ပျားရည်သစ်ကို မလှူလိုက်ရပေ။

ထိုအခါ ထိုပုဏ္ဏားသည် နှမ်းသစ်နှင့် ပျားရည်သစ်တို့ကို ဖျဉ်းတို့ဖြင့်လည်း ကောင်း၊ အိုးတို့ဖြင့်လည်းကောင်း အာရာမ်သို့ ဆောင်စေပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တစ်ခုသောနေရာ၌ထိုင်ကာ မြတ်စွာဘုရားကို –

'အရှင်ဂေါတမ ... တပည့်တော်သည် နှမ်းသစ်နှင့် ပျားရည်သစ်တို့ကို လှူအံ့ဟု လှူခြင်း အကျိုးငှါ ဘုရားအမှူးရှိသော သံဃာကို ပင့်ဖိတ်၏။ တပည့်တော်သည် ထိုနှမ်းသစ်နှင့် ပျားရည်သစ်တို့ကို လှူရန်မေ့လျော့ခဲ့၏။ အရှင်ဂေါတမသည် တပည့်တော်၏ နှမ်းသစ်နှင့်ပျားရည်သစ်တို့ကို ခံယူတော်မူပါ' – ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ပုဏ္ဏားအား –

'ပုဏ္ဏား ... သို့ဖြစ်လျှင် ရဟန်းတို့အား လှူလော့' – ဟု မိန့်တော်မူ၏။

ထိုအခါ ရဟန်းတို့သည် ငတ်မွတ်ခေါင်းပါးသောအခါ၌ အနည်းငယ်ခံယူ၍လည်း 'တန်ပြီ' ဟု တားမြစ်ကုန်၏။ ဆင်ခြင်၍လည်း ပယ်ကုန်၏။ အလုံးစုံသော သံဃာသည်လည်း 'တန်ပြီ' ဟု တားမြစ်၏။ ရဟန်းတို့သည် မအပ်ဟု တွေးတောမှု သံသယကုက္ကုစ္စရှိသည်ဖြစ်၍ မခံကုန်။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား-

'ရဟန်းတို့ ... ခံကုန်လော့။ သုံးဆောင်ကုန်လော့။ ရဟန်းတို့ ... ဖိတ်၍ ဆွမ်းစားရာမှ ဆောင်အပ်သော ဘောဇဉ်ကို ဆွမ်းစားစဉ် 'တန်ပြီ'ဟု မြစ်ပြီးသော ရဟန်းသည် အတိရိတ်ဝိနည်းကံ မပြုဘဲ စားခြင်းငှါ ခွင့်ပြု၏' - ဟု မိန့်တော်မူ၏။

*( ဝိ - ၃ - ၁၀၅ / ၁၀၇ ။ မြန် - ၁၀၆ / ၁၀၈ )*

## အကပ်ပျက်သည်ကို ခံယူနိုင်ခြင်းလာ ဆောင်ပုဒ်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ခရီးသွားရဟန်း၊ | ခရီးလမ်း၊ | ပင်ပန်းကြလေသည်။ |
| ၂။ | ဆွမ်းအာဟာရ၊ | မမျှတ၊ | ဒုက္ခရောက်ကြသည်။ |
| ၃။ | သစ်သီးများမှု၊ | ပေါ်လေဟု၊ | ကပ်သူမရှိပြီ။ |
| ၄။ | ကိုယ်တိုင်ယူကာ၊ | ကပ်ခံတာ၊ | မြတ်စွာခွင့်ပြုပြီ။ |
| ၅။ | ဘုရားမှူးထား၊ | သံဃာအား၊ | ပဏ္ဏာဆွမ်းကပ်ပြီ။ |
| ၆။ | နှမ်းသစ်ပျားရည်၊ | လှူဖို့သည်၊ | ရည်ရွယ်ထားလေသည်။ |
| ၇။ | ဆွမ်းစားတုန်းမှာ၊ | ကပ်ဖို့ပါ၊ | မေ့ကာသွားလေသည်။ |
| ၈။ | ပြန်ကြွသောခါ၊ | ကျောင်းသို့သာ၊ | လိုက်ကာကပ်ရသည်။ |
| ၉။ | ဆွမ်းစားရာမှ၊ | ဆောင်လာကြ၊ | ဟာရများကိုသည်၊ |
| ၁၀။ | ထပ်၍တစ်ခါ၊ | သုံးဆောင်ပါ၊ | မြတ်စွာခွင့်ပြုသည်။ |
| ၁၁။ | မေ့လျော့နေရာ၊ | သတိပါ၊ | ရလာလှူနိုင်သည်။ |
| ၁၂။ | သတိမမေ့၊ | လှူပါလေ့၊ | ပို၍ကောင်းပေသည်။ |

**အကပ်ပျက်သည်ကို ခံယူနိုင်ခြင်းများ ပြီး၏။**

# တော်၍ဖြစ်သော အာဟာရကို သုံးဆောင်နိုင်ခြင်း

အခါတစ်ပါး၌ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတြာအား ကိုယ်ပူသော အနာဖြစ်၏။ ထိုအခါ အရှင်မောဂ္ဂလာန်သည် အရှင်သာရိပုတြာကို -

'ငါ့ရှင် သာရိပုတြာ ... သင့်အား ရှေးက ကိုယ်ပူသောအနာသည် အဘယ်ဆေးဖြင့် ပျောက်ပါသနည်း' - ဟု မေးလေ၏။

'ငါ့ရှင် ... ငါ့အား ကြာစွယ်ကြာရင်းတို့ဖြင့် ပျောက်ဖူးပါ၏' - ဟု ပြောဆို၏။

ထိုအခါ အရှင်မောဂ္ဂလာန်သည် အားရှိသောယောကျ်ားသည် လက်မောင်းကို ကွေးဆန့်သကဲ့သို့ ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့၍ မန္ဒာကိနီရေကန်၏ ကမ်းနား၌ ထင်ရှားဖြစ်လေ၏။

ဆင်ပြောင်တစ်စီးသည် အဝေးမှ ကြွလာသော အရှင်မောဂ္ဂလာန်ကို မြင်၍-

'အရှင်ဘုရား အရှင်မောဂ္ဂလာန်သည် ကြွတော်မူပါလော့။ အရှင်ဘုရား၏ ကြွလာတော်မူခြင်းသည် ကောင်းသောလာခြင်းပါတည်း။ အရှင်ဘုရားသည် အဘယ်ဝတ္ထုကို အလိုရှိပါသနည်း။ အဘယ်ကိုလှူရပါအံ့နည်း' - ဟု လျှောက်၏။

ထိုအခါ အရှင်မောဂ္ဂလာန်သည် ထိုဆင်ပြောင်ကြီးအား -

'ဆင်ပြောင်ကြီး ... ကြာစွယ်ကြာရင်းတို့ကို အလိုရှိ၏' - ဟု ပြောဆိုလေ၏။

ထိုအခါ ဆင်ပြောင်ကြီးသည် အခြားဆင်တစ်စီးကို -

'အချင်း ... အရှင့်အား ကြာစွယ်တို့ကိုလည်းကောင်း၊ ကြာရင်းတို့ကို လည်းကောင်း အလိုရှိသလောက် လှူလော့' - ဟု စေခိုင်းလေ၏။

ထိုအခါ ထိုဆင်သည် မန္ဒာကိနီရေကန်သို့ သက်ဆင်းပြီးလျှင် နှာမောင်းဖြင့် ကြာစွယ်ကြာရင်းတို့ကို နှုတ်ချိုး၍ ကောင်းစွာခါခြင်းဖြင့်ခါလျက် စည်းနှောင်ကာ အရှင်မောဂ္ဂလာန်ထံသို့ ချဉ်းကပ်လေ၏။

ထိုအခါ အရှင်မောဂ္ဂလာန်သည် အားရှိသော ယောကျ်ားသည် လက်မောင်းကို ကွေး, ဆန့်သကဲ့သို့ မန္ဒာကိနီရေကန်၏ ကမ်းနားမှ ကွယ်ခဲ့၍ ဇေတဝန်ကျောင်းတော်၌ ထင်ရှားဖြစ်၏။ ထိုဆင်ပြောင်ကြီးသည်လည်း မန္ဒာကိနီရေကန်၏ ကမ်းနားမှ ကွယ်ခဲ့၍ ဇေတဝန်ကျောင်းတော်၌ ထင်ရှားဖြစ်၏။

ထိုအခါ ထိုဆင်ပြောင်ကြီးသည် အရှင်မောဂ္ဂလာန်အား ကြာစွယ်တို့ကိုလည်းကောင်း၊ ကြာရင်းတို့ကိုလည်းကောင်း ကပ်လှူပြီးနောက် ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့၍ မန္ဒကိနီရေကန်၏ ကမ်းနား၌ ထင်ရှားဖြစ်၏။

ထိုအခါ အရှင်မောဂ္ဂလာန်သည် အရှင်သာရိပုတြာအား ကြာစွယ်ကြာရင်းတို့ကို ဆက်ကပ်လေ၏။ အရှင်သာရိပုတြာသည် ကြာစွယ်ကြာရင်းတို့ကို စားသည်ရှိသော် ကိုယ်ပူသောအနာသည် ငြိမ်းလေ၏။

များစွာသော ကြာစွယ်ကြာရင်းတို့သည် ကြွင်းကျန်ကုန်၏။

ထိုအခါ၌ ရဟန်းတို့သည် ငတ်မွတ်သောအခါ အနည်းငယ် ခံယူပြီး၍လည်း 'တန်ပြီ' ဟု မြစ်ကုန်၏။ ဆင်ခြင်၍လည်း ပယ်ကုန်၏။ အလုံးစုံသော သံဃာသည်လည်း မြစ်၏။ ရဟန်းတို့သည် 'မအပ်' ဟု တွေးတောမှု သံသယကုက္ကုစ္စ ရှိသည်ဖြစ်၍ မခံကုန်။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား -

"ရဟန်းတို့ ... ခံယူကြလော့။ သုံးဆောင်ကြကုန်လော့။ ရဟန်းတို့ ... တော၌ ဖြစ်သော အရာဝတ္ထု, ကြာ၌ဖြစ်သော အရာဝတ္ထုတို့ကို ဆွမ်းစားစဉ် 'တန်ပြီ' ဟု မြစ်သောရဟန်းသည် အတိရိတ်ဝိနည်းကံ မပြုဘဲ စားခြင်းငှါ ခွင့်ပြု၏"

- ဟု မိန့်တော်မူ၏။

**မကပ္ပိဘဲ စားနိုင်သော သစ်သီး ။** ။ ထိုအခါ၌ သာဝတ္ထိမြို့၌ အမျိုးမျိုးသော သစ်သီး ခဲဖွယ်သည် ပေါ်များ၏။ ကပ္ပိယကာရကလည်း မရှိ။ ရဟန်းတို့သည် 'မအပ်' ဟု တွေးတောမှု သံသယကုက္ကုစ္စ ရှိကြသည်ဖြစ်၍ မစားကြကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား –

'ရဟန်းတို့ ... အညွန့် အညှောက်ကို မဖြစ်စေနိုင်သော အစေ့နုသော သစ်သီးတို့ကိုလည်းကောင်း၊ သရက်သီး၊ ပိန္နဲသီးတို့လို အစေ့ထုတ်၍ စားကောင်းသော သစ်သီးတို့ကိုလည်းကောင်း လူသာမဏေတို့ကို မကပ္ပိစေဘဲ စားခြင်းငှါ ခွင့်ပြု၏' – ဟု မိန့်တော်မူလေ၏။

( ဝိ ၃ ၁၀၈/ ၉။ မြန် ၁၀၈/၉၊ ဝိဋ္ဌ ၃- ၃၇၅ )

## တော်သဖြစ်သော အာဟာရကို သုံးဆောင်နိုင်ခြင်းလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ရှင်သာရိမှာ၊ | လေရောဂါ၊ | ဖြစ်ခါလာပေသည်။ |
| ၂။ | ကြာစွယ်ကြာရင်း၊ | သုံးဆောင်ခြင်း၊ | ပျောက်ကင်းဖူးလေသည်။ |
| ၃။ | မန္ဒာရေကန်၊ | ဆင်တွေ့ထံ၊ | မောဂ္ဂန်ဆောင်ပေးသည်။ |
| ၄။ | သုံးဆောင်လေရာ၊ | သာရိမှာ၊ | ရောဂါငြိမ်းလေပြီ။ |
| ၅။ | ကြာစွယ်များကား၊ | မကုန်ကြား၊ | အများကျန်သေးသည်။ |
| ၆။ | တော၊ ကြာအစု၊ | ဖြစ်လာပြု၊ | ဝတ္ထုများမှသည်၊ |
| ၇။ | ထပ်၍တစ်ခါ၊ | သုံးဆောင်ပါ၊ | မြတ်စွာခွင့်ပြုပြီ။ |
| ၈။ | စေ့နုသစ်သီး၊ | စေ့ထုတ်ပြီး၊ | သစ်သီးများကိုသည်၊ |
| ၉။ | ကပ္ပိစရာ၊ | မလိုပါ၊ | မြတ်စွာခွင့်ပြုသည်။ |
| ၁၀။ | စားလို့ရတန်၊ | သစ်သီးစုံ၊ | အကုန်လှူနိုင်သည်။ |
| ၁၁။ | သီးနှံမျိုးစုံ၊ | ဟင်းရွက်စုံ၊ | အစုံလှူနိုင်သည်။ |
| ၁၂။ | အသားမပါ၊ | သက်သတ်ပါ၊ | ရောဂါကင်းရှင်းသည်။ |

တော်သဖြစ်သော အာဟာရကို သုံးဆောင်နိုင်ခြင်း ပြီး၏။

# ခွဲစိတ်မှု မပြုရ

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးအား မြင်းသရိုက် (ဂရင်ဂျီနာ) ဖြစ်လေ၏။ အာကာသဂေါတ္တ ဆေးသမားသည် ဓားခွဲမှုကို ပြုလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ကျောင်းစဉ်လှည့်လည်သည်ရှိသော် ထိုရဟန်း၏ကျောင်းသို့ ချဉ်းကပ်တော်မူ၏။ အာကာသဂေါတ္တ ဆေးသမားသည် အဝေးမှ ကြွလာတော်မူသော မြတ်စွာဘုရားကို မြင်၍ -

'အရှင်ဂေါတမသည် ကြွတော်မူပါလော့။ ဤရဟန်း၏ ဝစ္စမဂ်ကို ကြည့်တော်မူပါလော့။ ဖွတ်ခံတွင်းနှင့်တူ၏' - ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် -

'ထိုမဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ားသည် ငါ့ကို ပြက်ရယ်ဆိုဘိ၏'

- ဟု နှလုံးသွင်းတော်မူကာ ထိုအရပ်မှပြန်ခဲ့၍ ဤအကြောင်းအရာကြောင့် ရဟန်းတို့ကို စည်းဝေးစေပြီးလျှင် ရဟန်းတို့ကို -

'ရဟန်းတို့ ... ဤမည်သောကျောင်း၌ နာသောရဟန်းရှိသလော' - ဟု မေးတော်မူရာ -

'ရှိပါသည် မြတ်စွာဘုရား' - ဟု လျှောက်ကြကုန်၏။

'ထိုရဟန်း၏ အနာကား အဘယ်အနာနည်း' - ဟု မေးတော်မူပြန်ရာ -

'မြင်းသရိုက် (ဂရင်ဂျီနာ)ပါတည်း။ အာကာသဂေါတ္တ ဆေးသမားသည် ဓားခွဲမှုကိုပြု၏' - ဟု လျှောက်ကြကုန်၏။

ထိုအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။

'ရဟန်းတို့ ... ထိုမဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား၏ ဤအမှုသည် ရဟန်းတို့အား မလျောက်ပတ်။ ရဟန်းတို့၏ အပြုအမူမဟုတ်'

- စသည်ဖြင့် ကဲ့ရဲ့တော်မူပြီးလျှင်-

'ရဟန်းတို့ ... အဘယ်ကြောင့် ထိုမဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျာ်း သည် ကျဉ်းမြောင်းရာ အရပ်၌ ဓားခွဲမှုကို ပြုစေဘိသနည်း။ ရဟန်းတို့ ... ကျဉ်းမြောင်းရာအရပ်၌ အရေသည် သိမ်မွေ့၏။ အမာသည် အသားနုတက်ခဲ၏။ ဓားခွဲရန် ခဲယဉ်း၏။

'ရဟန်းတို့ ... ကျဉ်းမြောင်းရာ အရပ်၌ ဓားခွဲမှုကို မပြုအပ်။ ပြုသောရဟန်း အား ထုလ္လစ္စဉ်းအာပတ်သင့်၏' – ဟု မိန့်တော်မူ၏။

ထို့နောက် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကျပ်စည်းမှုကိုပါ ပြုစေလေသောကြောင့် မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူပြီးလျှင် –

> 'ရဟန်းတို့ ... ကျဉ်းမြောင်းရာအရပ်၏ အနီးဖြစ်သော လက်နှစ်သစ်အရပ်မှ ဓားခွဲမှုကိုလည်းကောင်း၊ ကျပ်စည်းမှုကို လည်းကောင်း မပြုစေအပ်။ ပြုစေသောရဟန်းအား ထုလ္လစ္စဉ်း အာပတ်သင့်၏'

– ဟု မိန့်တော်မူ၏။

ကျဉ်းမြောင်းရာအရပ် အနာငုတ်ပေါ်၌ ဆားငံရည်ထည့်ခြင်း၊ ကြိုးငယ်ဖြင့် စည်းခြင်းများ ပြုလုပ်နိုင်ပေသည်။ ထိုသို့ပြုခြင်းဖြင့် အနာငုတ် ပြတ်သွားနိုင်၏။ ဤအတူ မှတ်ကြီးသော ရောဂါ၌လည်း ခွဲစိတ်မှု မပြုရ။ မီးပူပေးခြင်း၊ ကျပ်ပူတိုက်ခြင်း၊ ဆေး လိမ်းပေးခြင်း၊ ဆေးလိမ်းပြီး ဝစ္စမဂ်အတွင်းသို့ အဝတ်လိပ်ထည့်ခြင်း၊ ဝါးကျည်တောက် ဖြင့် ဆားငံရည်သွင်းခြင်း၊ ဆေးဖြင့်ထုံအပ်သော ဆီကိုထည့်ခြင်းများ ပြုလုပ်နိုင်၏။

*( ဝိ ၃ – ၃၀၉ / ၃၁၀။ မြန် – ၃၀၉ / ၃၁၀။ ဝိ – ၄ – ၃ – ၃၇၅။ မဟာဝါဘာသာ ၃ – ၁၁၁/၂ )*

## ခွဲစိတ်မှုကို မပြုရ၌ ဆောင်ရန်လင်္ကာများ

၁။ ဂရင်ဂျီနာ၊ စအိုမှာ၊ ဖြစ်လာခဲ့ရင်သည်၊
၂။ ခွဲစိတ်လေထင့်၊ ကျပ်စည်းမင့်၊ ပြုခွင့်မရပြီ။
၃။ ခွဲစိပ်လေခြင်း၊ ကျပ်စည်းခြင်း၊ ထုလ္လွင်းသင့်လေသည်။
၄။ သားနုတက်ခဲ၊ ခွဲရန်ခဲ၊ ခက်ခဲရှိလေသည်။
၅။ ဆားငံရည်ဟူ၊ ကြိုးစည်းမူ၊ ပြုမူနိုင်ကြသည်။
၆။ ဤနည်းတူရှင့်၊ မှတ်ကြီးထင့်၊ ခွဲခွင့်မရပြီ။
၇။ မီးပူပေးခြင်း၊ ဆေးလိမ်းခြင်း၊ မယွင်းပြုနိုင်သည်။
၈။ ဝစ္စမဂ်တွင်း၊ ဆားငံသွင်း၊ ဆီသွင်းနိုင်ကြသည်။
၉။ ဝါးကျည်တောက်ဖြင့်၊ နေတော်သင့်၊ ထောက်ချင့်သွင်းနိုင်သည်။
၁၀။ အဝတ်လိပ်လဲ၊ ထို့တူပဲ၊ ထည့်မြဲထည့်နိုင်သည်။
၁၁။ ဆားငံလိမ်းရော၊ အနာဟော၊ ပြတ်ကာသွားနိုင်သည်။
၁၂။ ကြိုးငယ်စည်းရော၊ အနာဟော၊ ပြတ်ကာသွားနိုင်သည်။
၁၃။ ဘုရားပေးပြား၊ ဆေးနည်းများ၊ မှတ်သားနိုင်ကြသည်။

ခွဲစိတ်မှုကို မပြုရ ပြီး၏။

# လူ့သားကို မစားရခြင်း

ကတိပေးခြင်း ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ ဗာရာဏသီပြည်၌ သုပ္ပိယဥပါသကာနှင့် သုပ္ပိယာဥပါသိကာမ နှစ်ဦးလုံးတို့သည် ရတနာသုံးပါးကို ကြည်ညိုကြကုန်၏။ ပစ္စည်းလေးပါးကို လှူကုန်၏။ သံဃာတို့၏ အမှုခပ်သိမ်းကို ပြုကုန်၏။ သံဃာကို လုပ်ကျွေးကုန်၏။

ထိုအခါ၌ သုပ္ပိယာဥပါသိကာမသည် ကျောင်းအာရာမ်သို့ သွား၍ ကျောင်း တစ်ကျောင်းမှ ကျောင်းတစ်ကျောင်းသို့၊ ပရိဝုဏ်တစ်ခုမှ ပရိဝုဏ်တစ်ခုသို့ ချဉ်းကပ်ပြီးလျှင် ရဟန်းတို့ကို –

'အရှင်ဘုရားတို့ ... အဘယ်ရဟန်းသည် နာဖျားပါသနည်း။ အဘယ် ရဟန်း၏ အကျိုးငှါ အဘယ်ကို ဆောင်ရပါအံ့နည်း' – ဟု မေးလျှောက်လေ၏။

ထိုအခါ ဝမ်းလျှောဆေးကို သောက်ထားသော ရဟန်းတစ်ပါးသည် သုပ္ပိယာ ဥပါသိကာမအား –

'နှမ ... ငါသည် ဝမ်းလျှောဆေးကို သောက်မိ၏။ ငါ့အား သားဟင်းမျိုးရည် ဖြင့် အလိုရှိ၏' – ဟု ပြောဆိုလေ၏။

ထိုအခါ သုပ္ပိယာဥပါသိကာမသည် –

'အရှင်ဘုရား ... ကောင်းပါပြီ။ သားဟင်းမျိုးရည်ကို လှူပါအံ့' – ဟူ၍ လျှောက်ထားကတိပေးလေ၏။

ပံသုကူသားမရ ။ ။ ထို့နောက် သုပ္ပိယာဥပါသိကာမသည် အိမ်သို့ ပြန်လာပြီးလျှင် အိမ်ရှိ အစေခံတစ်ဦးအား –

'အချင်း ... သွားပါချေ။ ဖြစ်နှင့်ပြီးသော သားဟင်းမျိုးကို ဝယ်ချေပါလော့' – ဟု စေခိုင်းလိုက်လေ၏။

ထိုအာစေခံယောက်ျားသည် ဗာရာဏသီတစ်မြို့လုံးကို လှည့်လည်ရှာဖွေပါသော်လည်း ဖြစ်နှင့်ပြီးသော၊ သေနှင့်ပြီးသော အသား၊ ပံသုကူသားကို မတွေ့မမြင်သည်ဖြစ်၍ အိမ်သို့ပြန်လာပြီးလျှင် သုပ္ပိယာဉပါသိကာမကို -

'အရှင်မ ... ဖြစ်နှင့်ပြီးသောအသား၊ ပံသုကူသားသည် မရှိပါ။ ယနေ့သည်ကား 'သားသတ်မှုကို မပြုရ ဟု ကြွေးကြော်ထားသောနေ့ပါတည်း' - ဟု ပြောကြားလေပြီ။

**ဂါထိတည်ပုံ** ။ ။ ထိုအခါ သုပ္ပိယာဉပါသိကာမအား -

'ထိုနာဖျားသော ရဟန်းသည် သားဟင်းမျိုးရည်ကို မရသည်ရှိသော်အနာသော်လည်း တိုးပွားလတ္တံ့။ သေခြင်းသော်လည်း ဖြစ်လတ္တံ့။ ဝန်ခံပြီးလျက်မလှူခြင်းသည်လည်း ငါ့အားမသင့်'

- ဟု အကြံဖြစ်ပြီးလျှင် သားလှီးဓားငယ်ကိုယူ၍ ပေါင်သားကိုလှီးပြီးနောက်ကျွန်မအား -

'ဟယ် ကျွန်မ ... ရော့ယူလော့။ ဤအသားကို ကောင်းစွာချက်ပြုတ်စီရင်၍ ဤမည်သောကျောင်း၌ နာဖျားသောရဟန်းအား လှူလေလော့။ ငါ့ကိုမေးလျှင်နာဖျားနေပါ၏ဟု လျှောက်ထားလေလော့' - ဟု ပြောဆိုစေခိုင်းလေ၏။

ထို့နောက် သုပ္ပိယာဉပါသိကာမသည် အဝတ်ဖြင့် ပေါင်ကိုပတ်စီး၍ တိုက်ခန်းသို့ဝင်ကာ ညောင်စောင်း၌ အိပ်လေ၏။

သုပ္ပိယဉပါသကာသည် အိမ်သို့သွား၍ မိမိမယား သုပ္ပိယာဉပါသိကာမကို မမြင်လျှင် - 'သုပ္ပိယာ အဘယ်မှာနည်း' - ဟု ကျွန်မကို မေးလေ၏။

'အရှင် ... ဤသုပ္ပိယာအရှင်မသည် တိုက်ခန်း၌ အိပ်နေပါသည်' - ဟု ပြောဆိုလေ၏။

သုပ္ပိယဒါယကာသည် သုပ္ပိယာထံသို့သွား၍ အကြောင်းကို မေးလေလျှင် သုပ္ပိယာသည် ထိုအကြောင်းကို ပြောကြားလေ၏။

**မြတ်စွာဘုရားကို ဆွမ်းကပ်ခြင်း ။** ။ ထိုအခါ သုပ္ပိယဥပါသကာသည် –

'အချင်းတို့ ... အံ့ဖွယ်ရှိစွတကား။ မဖြစ်ဖူးမြဲ ဖြစ်စွတကား။ ဤသုပ္ပိယာသည် ရတနာသုံးပါး၏ ကျေးဇူးကို အလွန်ယုံကြည်၏။ အလွန်ကြည်ညို၏။ မိမိ၏ အသားတို့ကိုသော်လည်း စွန့်လှူနိုင်သေး၏။ ဤသုပ္ပိယာအား အခြားတစ်စုံတစ်ခုသော မလှူနိုင်သောအရာသည် အဘယ်မှာရှိတော့အံ့နည်း'

– ဟု ရွှင်လန်းနှစ်သက် တက်ကြွသောစိတ် ရှိသည်ဖြစ်၍ မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားအား နက်ဖြန်အတွက် ရဟန်းသံဃာနှင့်အတူ ဆွမ်းစားပင့်ခဲ့လေ၏။

**ပကတိအသား ပြန်ဖြစ်ခြင်း ။** ။ နောက်တစ်နေ့ နံနက်အချိန်၌ မြတ်စွာဘုရားသည် သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူကာ သုပ္ပိယဥပါသကာအိမ်သို့ ကြွပြီးလျှင် ရဟန်းသံဃာနှင့်အတူ ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်မူပြီးနောက် သုပ္ပိယာဥပါသကာနှင့် ဤသို့ အပြန်အလှန် ပြောဖြစ်ကြလေ၏။

'သုပ္ပိယာဥပါသိကာမ အဘယ်မှာနည်း'

'နာနေပါသည် မြတ်စွာဘုရား'

'ထိုသို့ နာနေသော်လည်း လာပါစေလော့'

'မလာနိုင်ပါ မြတ်စွာဘုရား'

'ထိုသို့ မလာနိုင်လျှင် ချီမ၍သော်လည်း ဆောင်ခဲ့ကုန်လော့'

ထိုအခါ သုပ္ပိယဥပါသကာသည် သုပ္ပိယာဥပါသိကာမကို ချီမ၍ ဆောင်ခဲ့လေ၏။ ထိုသုပ္ပိယာဥပါသိကာမအား ရှေးဦးစွာ ဘုရားကို မြင်သည်နှင့် တစ်ပြိုင်နက် ကြီးစွာသော အနာသည် အသားနုတက်၍ ပြကတေ့ ကောင်းသော အရေအမွေးတို့ ဖြစ်လေ၏။ ထိုအခါ သုပ္ပိယဥပါသကာနှင့် သုပ္ပိယာဥပါသိကာမတို့သည်–

'အချင်းတို့ ... မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကြီးသည်၏ အဖြစ်သည် အံ့ဖွယ်ရှိစွတကား... မဖြစ်ဖူးမြဲ ဖြစ်စွတကား... မြတ်စွာဘုရားကို မြင်သည်နှင့်

တစ်ပြိုင်နက် ကြီးစွာသောအနာသည် အသားနုတက်၍ ပြကတေ့ကောင်းသော အရေ အမွေးတို့ ဖြစ်တုံဘိ၏'

– ဟု ရွှင်လန်းနှစ်သက်တက်ကြွသောစိတ် ရှိကြကုန်သည်ဖြစ်၍ ဘုရား အမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့် တိုင်အောင်၊ တားမြစ်သည့်တိုင်အောင် ကိုယ်တိုင်လုပ်ကျွေးကြလျက် မြတ်စွာဘုရား သည် ဆွမ်းဘုဉ်းပေး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ တရားစကား ဟောကြား ပြီးနောက် ရဟန်းသံဃာနှင့်အတူ ပြန်ကြွတော်မူလေ၏။

<u>လူသားကို မစားရ</u> ။ ။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာကို စည်းဝေး စေပြီးနောက် –

'အဘယ်ရဟန်းသည် သုပ္ပိယာဥပါသိကာမကို အသားတောင်းသနည်း'

– ဟု မေးတော်မူ၏။ အသားတောင်းသောရဟန်းသည် –

'တပည့်တော် တောင်းပါသည်'

– ဟု လျှောက်ထားလေ၏။ ထို့နောက် မြတ်စွာဘုရားနှင့် ထိုအသားတောင်း ရဟန်းတို့သည် ဤသို့ပြောဖြစ်ကြလေ၏။

'ရဟန်း ... ဆောင်ယူခဲ့သလော'

'ဆောင်ယူခဲ့ပါသည် မြတ်စွာဘုရား'

'ရဟန်း ... သင်သည် သုံးဆောင်သလော'

'တပည့်တော်သည် သုံးဆောင်မိပါသည် မြတ်စွာဘုရား'

'ရဟန်း ... သင်သည် စုံစမ်းမေးမြန်းပါ၏လော'

'တပည့်တော်သည် မစုံစမ်း မမေးမြန်းမိပါ မြတ်စွာဘုရား'

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ထိုရဟန်းအား –

'မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား ... သင်သည် အဘယ်ကြောင့် မစုံစမ်း မမေးမြန်းဘဲ အသားကို စားဘိသနည်း။ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား ... သင်သည် လူသားကို စားဘိ၏။ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော

ယောကျ်ား ... ဤသင်ပြမိသော အမှုသည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုခြင်းငှါ မဖြစ်' – စသည် ကဲ့ရဲ့တော်မူပြီးနောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို –

'ရဟန်းတို့ ... သဒ္ဓါတရားရှိ၍ ကြည်ညိုသော လူတို့သည် မိမိ၏ အသားတို့ကိုသော်လည်း စွန့်လှူကုန်၏။ ရဟန်းတို့ ... လူသားကို မစားအပ်။ စားသောရဟန်းအား ထုလ္လစ္စည်း အာပတ်သင့်၏။ ရဟန်းတို့ မရုံစမ်း မမေးမြန်းဘဲ အသားကို မစားအပ်။ စားသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏'

– ဟု မိန့်တော်မူလေ၏။

( ဝိ – ၃ – ၃၁၀ / ၃၁၂ ။ မြန် – ၃၁၁ / ၃၁၃ )

<u>သတိပြုရန်</u> ။ ။ သုပ္ပိယဥပါသကာနှင့် သုပ္ပိယာဥပါသိကာမ လင်မယားနှစ်ယောက်တို့သည် သောတာပန်အရိယာများ ဖြစ်ကြလေသည်။ ဘုရားရှင်လက်ထက်တော်က ရှင်ဘုရင်များတို့သည် သားမသတ်ရနေ့ကို သတ်မှတ်ထားတတ်ကြလေသည်။ ယင်းကို သတိမထားမိဘဲ 'သားမျိုးဟင်းရည်ကို လှူဒါန်းပါမည်' ဟု သုပ္ပိယာသည် နာဖျားနေသော ရဟန်းတစ်ပါးအား ကတိပေးခဲ့လေသည်။ အသားကိုဖြင့် ဝယ်မရတော့ဟု သိရှိသောအခါ သုပ္ပိယာသည် ပေးပြီးကတိကို ဖောက်ဖျက်ခြင်းသည် မသင့်ဟု တွေးကာ မိမိပေါင်သားကို လှီး၍ ရဟန်းအား ဆက်ကပ်လေသည်။ ယင်းသာဓကကို ထောက်ဆသောအားဖြင့် အရိယာတို့မည်သည် အသက်သာ အသေခံမည်။ ပေးပြီးကတိကို ဖောက်ဖျက်ခြင်း မပြုတော့ကြောင်းကို သိမြင်နိုင်ကြပေသည်။

သုပ္ပိယာ၏ လင်ယောကျ်ား သုပ္ပိယသည်လည်း မိမိမယား ပေါင်သားလှီး၍ လှူဒါန်းသည်ကို စိတ်မဆိုး၊ စိတ်မခုသည့်အပြင် ဝမ်းသာပီတိပင် ဖြစ်လိုက်ပါသေးသည်။ ယင်းသည်လည်း အရိယာသောတာပန်ဖြစ်၍ ထိုသို့ ဝမ်းသာနိုင်ခြင်း ဖြစ်ပေသည်။ ပုထုဇဉ်လင်ယောကျ်ားအနေဖြင့်ဆိုလျှင် ထိုသို့ ဝမ်းသာနိုင်ရန် မလွယ်ကူပေ။ ထိုလင်မယားနှစ်ယောက်တို့၏ စိတ်ထားတူညီမှုသည်ကား အံ့ဩဖွယ်ကောင်းလောက်အောင် တူညီနိုင်ကြပါပေသည်။

ထိုသို့ ကတိတည်သောကြောင့်လည်း 'တရားကိုစောင့်က တရားကပြန်စောင့်ရှောက်' - ဆိုသည့်အတိုင်း မြတ်စွာဘုရားကို ဖူးမြင်လိုက်သည်နှင့်ပင် သုပ္ပိယာ၏ ဓားလှီးထားသော ပေါင်သားသည် ပကတိအတိုင်း ပြန်ဖြစ်သွားသည်မှာ မယုံကြည်နိုင်လောက်အောင်ပင် ဂုဏ်ရည်တင့်၍ မြင့်မားသည်ကို သိမြင်နိုင်ကြပေသည်။

## လူ့သားမစားရ၌ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | သုပ္ပိယနှင့် သုပ္ပိယာခေါ် ဇြား၊ | လင်မယား၊ | စိတ်ထားတူကြသည်။ |
| ၂။ | ရတနာသုံးဝ၊ | ကြည်ညိုကြ၊ | ဒါနပြုကြသည်။ |
| ၃။ | သံဃာအရေး၊ | ပြုစုပေး၊ | လုပ်ကျွေးကြလေသည်။ |
| ၄။ | နာဖျားနေခြင်း၊ | ရဟန်းထင်း၊ | သားဟင်းလိုလားသည်။ |
| ၅။ | လှူဒါန်းဖို့ရာ၊ | ကတိပါ၊ | ပိယာရှောက်ထားပြီ။ |
| ၆။ | အသားကိုပ၊ | ဝယ်မရ၊ | ကြံ့ရပ်ပါလေပြီ။ |
| ၇။ | သားမသတ်ရ၊ | နေ့ကိုမှ၊ | ကြံ့မှကြံ့တတ်သည်။ |
| ၈။ | ကတိကိုဖြင့်၊ | ဖျက်ဖို့ထင့်၊ | မသင့်တွေးမိပြီ။ |
| ၉။ | ပေါင်သားလှီးကာ၊ | ချက်ပြုတ်ကာ၊ | ကောင်းစွာလှူစေပြီ။ |
| ၁၀။ | သုပ္ပိယခေါ်၊ | ယောက်ျားနှော်၊ | သိသော်ဝမ်းသာပြီ။ |
| ၁၁။ | လင်မယားနှစ်ဦး၊ | သဒ္ဒါထူး၊ | ကြည်နူးကြလေပြီ။ |
| ၁၂။ | ဘုန်းတော်ကြီးလတ်၊ | ဘုရားမြတ်၊ | ဆွမ်းကပ်ကြလေပြီ။ |
| ၁၃။ | မလာနိုင်တာ၊ | နာနေပါ၊ | မြတ်စွာသိလေပြီ။ |
| ၁၄။ | မလာနိုင်က၊ | မနေရ၊ | ချီမခေါ် စေပြီ။ |
| ၁၅။ | ဘုရားမြင်မိ၊ | ပကတိ၊ | ဖြစ်ရှိသွားလေပြီ။ |
| ၁၆။ | ကတိတည်ခြင်း၊ | ကျိုးကိုထင်း၊ | ချက်ချင်းရလေပြီ။ |
| ၁၇။ | လူ့သားကိုစား၊ | ရဟန်းအား၊ | ဘုရားကဲ့ရဲ့ပြီ။ |
| ၁၈။ | လူ့သားစားသော်၊ | ထုလ္လစ်နှော်၊ | ရှင်တော်ပညတ်ပြီ။ |
| ၁၉။ | မစုံစမ်းလတ်၊ | စားပေတတ်၊ | ဒုက္ကဋ်သင့်စေပြီ။ |
| ၂၀။ | သုပ္ပိယာဟာ၊ | အရိယာ၊ | သောတာဖြစ်လေသည်။ |

၂၁။ ကတိပေးရာ၊ မဖျက်တာ၊ ရိုးယာဖြစ်လေသည်။
၂၂။ သစ္စာရှိသည်၊ ကတိတည်၊ ဂုဏ်ရည်မြင့်မားသည်။
၂၃။ သုပ္ပိယာအား၊ သက်သေထား၊ ယုံစားနိုင်ကြပြီ။
၂၄။ ကတိပေးပြု၊ ဖောက်ဖျက်မှု၊ ရှောင်မှုပြုရမည်။

**လူသားမစားရန် ကိုယ်ကျင့်တရားများ ပြီး၏။**

• • • • • • • • • • • • • • • • • •

## ဆင်သား စသည်ကို မစားရခြင်း

အခါတစ်ပါး၌ မင်း၏ဆင်များ သေကြသောအခါ၊ မင်း၏မြင်းများသေကြသော အခါ လူတို့သည် ငတ်မွတ်သောကြောင့် ဆင်သားကို စားကြကုန်၏။ မြင်းသားကို စားကြကုန်၏။ ဆွမ်းခံလှည့်လည်သော ရဟန်းတို့အားလည်း လှူကြကုန်၏။ ရဟန်း တို့သည်လည်း ဆင်သား၊ မြင်းသားများကို စားကြလေကုန်၏။ ထိုအခါ လူတို့သည် ရဟန်းတို့အား -

'အဘယ်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ဆင်သား၊ မြင်းသားကို စားကုန်ဘိသနည်း။ ဆင်တို့သည်၊ မြင်းတို့သည် မင်း၏အင်္ဂါအသုံးအဆောင်တည်း။ အကယ်၍ မင်းသည် သိငြားအံ့၊ ထိုရဟန်းတို့အား မနှစ်သက်သည် ဖြစ်ရာ၏'

- ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကုန်၏။ ဤအကြောင်းကို မြတ်စွာဘုရား အား လျှောက်ထားကြကုန်၏။

'ရဟန်းတို့ ... ဆင်သားကို မစားအပ်။ မြင်းသားကို မစားအပ်။ စားသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏'

- ဟု မိန့်တော်မူ၏။

အခါတစ်ပါး၌ လူတို့သည် ငတ်မွတ်သောကြောင့် ခွေးသားကို စားကုန်၏။ မြွေသားကို စားကုန်၏။ ဆွမ်းခံလှည့်လည်သော ရဟန်းတို့အားလည်း လှူကုန်၏။ ရဟန်းတို့သည် ခွေးသားကို စားကုန်၏။ မြွေသားကို စားကုန်၏။ လူတို့သည် -

'အဘယ်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ခွေးသားကို စားကုန်ဘိသနည်း။ မြွေသားကို စားကုန်ဘိသနည်း။ ခွေးသားသည် စက်ဆုပ်ဖွယ်ရှိ၏။ ရွံရှာဖွယ်ရှိ၏။ မြွေသည် စက်ဆုပ်ဖွယ်ရှိ၏။ ရွံရှာဖွယ်ရှိ၏'

- ဟု ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြပြောဆိုကုန်၏။

သုပသသအမည်ရှိသော နဂါးမင်းသည်လည်း မြတ်စွာဘုရားကို –

'မြတ်စွာဘုရား ... သဒ္ဒါတရားမရှိ၊ ကြည်ညိုခြင်းမရှိသော နဂါးတို့သည် ရှိပါကုန်၏။ ထိုနဂါးတို့သည် အနည်းငယ်သော အကြောင်းတို့ဖြင့်လည်း ညှဉ်းဆဲကုန်ရာ၏။ မြတ်စွာဘုရား ... တောင်းပန်ပါ၏။ အရှင်တို့သည် မြွေသားကို မစားပါစေကုန်လင့်' – ဟု လျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို –

'ရဟန်းတို့ ... ခွေးသားကို မစားအပ်။ မြွေသားကို မစားအပ်။ စားသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏'

– ဟု မိန့်တော်မူ၏။

အခါတစ်ပါး၌ မုဆိုးတို့သည် ခြင်္သေ့ကိုသတ်၍၊ ကျားကိုသတ်၍၊ သစ်ကိုသတ်၍၊ ဝံကိုသတ်၍၊ အောင်းကိုသတ်၍ အသားကို စားကုန်၏။ ဆွမ်းခံလှည့်လည်သောရဟန်းတို့အားလည်း လှူကုန်၏။ ရဟန်းတို့သည် ခြင်္သေ့သားကို စား၍၊ ကျားသားကို စား၍၊ သစ်သားကို စား၍၊ ဝံသားကို စား၍၊ အောင်းသားကို စား၍ တော၌ နေကုန်၏။ ထိုအခါ ထိုသားကောင်တို့သည် မိမိတို့၏ အသားအနံ့ နံသဖြင့် ရဟန်းတို့ကို လိုက်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

'ရဟန်းတို့ ... ခြင်္သေ့၊ ကျား၊ သစ်၊ ဝံ၊ အောင်း – ဟူသော အသားတို့ကို မစားအပ်။ စားသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏'

– ဟု မိန့်တော်မူ၏။

**အသားကြီးဆယ်မျိုး ။** ။ ဤသို့ ရဟန်းတို့ မစားအပ်သော အသားကြီး ဆယ်မျိုးရှိလေကုန်၏။ ယင်းတို့မှာ **'လူသား၊ ဆင်သား၊ မြင်းသား၊ ခွေးသား၊ မြွေသား၊ ခြင်္သေ့သား၊ ကျားသား၊ သစ်သား၊ ဝံသား၊ အောင်းသား'** ဟူသော ဆယ်မျိုးတို့ပေတည်း။

ထိုဆယ်မျိုးတို့တွင် ဇာတ်တူသားဖြစ်သောကြောင့် လူသားကို မစားရ။ မင်း၏ အင်္ဂါဖြစ်သောကြောင့် ဆင်သားနှင့်မြင်းသားကို မစားရ။ ရွံရှာဖွယ်ဖြစ်သောကြောင့် ခွေးသားနှင့်မြွေသားကို မစားရ။ စားသူအတွက် အန္တရာယ်မရှိစေခြင်းအကျိုးငှါ ခြင်္သေ့သား၊ ကျားသား၊ သစ်သား၊ ဝံသား၊ အောင်းသားတို့ကို မစားရ။

ထိုဆယ်မျိုးတို့၏ အသားမှ မဟုတ်။ အရိုး၊ အသွေး၊ အရေ၊ အမွေးတို့ကိုလည်း မစားရပေ။ စားသောရဟန်းအား အာပတ်သင့်လေ၏။

( ဝိ - ၃ - ၁၀၂ / ၁၀၄ ။ မြန် - ၁၁၃ / ၁၁၅ ။ ဝိ - ဋ - ၃ - ၃၇၆ )

## မစားအပ်သော အသားကြီးဆယ်မျိုး ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | လူဆင်မြင်းနှင့်၊ | ခွေးမြွေဖြင့်၊ | စားခွင့်မရပြီ။ |
| ၂။ | ခြင်္သေ့,သစ်,ကျား၊ | ဝံ,အောင်းသား၊ | အစားရှောင်ရမည်။ |
| ၃။ | လူသားတစ်မျိုး၊ | ဇာတ်တူမို့၊ | စားလို့မသင့်ပြီ။ |
| ၄။ | ဆင်းနှင့်မြင်းမှာ၊ | မင်းအင်္ဂါ၊ | စားတာမကောင်းပြီ။ |
| ၅။ | ခွေးနှင့်မြွေမှာ၊ | ရွံဖွယ်သာ၊ | ရွံကာရှောင်ရမည်။ |
| ၆။ | ခြင်္သေ့,ကျား,သစ်၊ | ဝံ,အောင်းဖြစ်၊ | ရန်စစ်ရှောင်ရမည်။ |
| ၇။ | သားကြီးဆယ်ပါး၊ | စားခြင်းအား၊ | ရှောင်ရှားကြရမည်။ |
| ၈။ | စားသုံးခြင်းငှါ၊ | မသင့်ပါ၊ | မြတ်စွာရှောင်ခိုင်းသည်။ |
| ၉။ | ဘုရားမြတ်စွာ၊ | ရှောင်ခိုင်းတာ၊ | ရှောင်တာမမှားပြီ။ |

အသားကြီးဆယ်မျိုးကို မစားရခြင်း ပြီး၏။

# ယာဂုမုန့်ချိုတို့ကို ခွင့်ပြုတော်မူခြင်း

ပုဏ္ဏားအကြံ ။ ။ ထိုအခါ မြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးတော်မူပြီးလျှင် များစွာသော (၁၂၅၀)သော ရဟန်းသံဃာတို့နှင့်အတူ အန္ဓကဝိန္ဒရွာသို့ ဒေသစာရီ ကြွချီတော်မူ၏။ ထိုအခါ ဇနပုဒ်၌နေသော လူတို့သည် များစွာသော ဆား၊ ဆီ၊ ဆန် ခဲဖွယ်တို့ကို လှည်းတို့၌ တင်စေ၍ ဘုရားအမှူးရှိသော ရဟန်းသံဃာ၏ နောက်မှနောက်မှ –

'ဆွမ်းကျွေးသော အလှည့်ကိုရသောအခါ ဆွမ်းကိုစီရင်ကုန်အံ့ '

– ဟု နှလုံးပိုက်လျက် အစဉ်တစိုက် လိုက်ကုန်၏။ ငါးရာသော စားကြွင်းစားတို့သည်လည်း အစဉ်တစိုက် လိုက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သည်ရှိသော် အန္ဓကဝိန္ဒရွာသို့ ရောက်တော်မူ၏။ ဆွမ်းကျွေးလို၍ နောက်ကလိုက်ကြသူတို့တွင် ပုဏ္ဏားတစ်ယောက်သည် နှစ်လကြာသည့်တိုင် ဆွမ်းကျွေးအလှည့်ကို မရဘဲဖြစ်နေ၏။ ထိုအခါ ထိုပုဏ္ဏားအား –

'ဘုရားအမှူးရှိသော ရဟန်းသံဃာနောက်သို့ အစဉ်တစိုက်လိုက်သော ငါ့အား နှစ်လလွန်ပြီ။ ငါ့အား ဆွမ်းကျွေးအလှည့်ကိုမရ။ ငါသည်လည်း တစ်ယောက်တည်းသာ ဖြစ်၏။ ငါ့အား ဃရာဝါသ အကျိုးသည်လည်း များစွာဆုတ်ယုတ်၏။ ငါသည် ဆွမ်းစားဇရပ်ကို ကြည့်ဦးအံ့။ ဆွမ်းစားဇရပ်၌ မရှိသော ဝတ္ထုကို စီရင်ရမူကောင်း၏' – ဟု အကြံဖြစ်လေ၏။

ယာဂုနှင့် မုန့်ချိုကို လှူခွင့်ရခြင်း ။ ။ ထိုအခါ ထိုပုဏ္ဏားသည် ဆွမ်းစားဇရပ်ကို ကြည့်သည်ရှိသော် ယာဂုနှင့် ပျားသကာ ထည့်သော မုန့်ချိုနှစ်မျိုးကို မမြင်သည်ဖြစ်၍ အရှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီးလျှင် အရှင်အာနန္ဒာအား မိမိ၏ ဖြစ်ပေါ်သော အကြံကို လျှောက်ပြီးနောက် –

'အရှင်အာနန္ဒာဘုရား ... တပည့်တော်သည် ဆွမ်းစားဇရပ်ကို ကြည့်သည် ရှိသော် ယာဂုနှင့် ပျားသကာထည့်သော မုန့်ချိုနှစ်မျိုးတို့ကို မမြင်ပါ။ တပည့်တော် သည် ထိုနှစ်မျိုးကို စီရင်ပြောအံ့၊ အရှင်ဂေါတမသည် တပည့်တော်၏ အလှူကို ခံယူတော်မူပါအံ့လော' - ဟု လျှောက်လေ၏။

အရှင်အာနန္ဒာသည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထား သောအခါ မြတ်စွာဘုရားသည် ခွင့်ပြုတော်မူသည်ဖြစ်၍ ပုဏ္ဏားသည် ဘုရားအမှူးရှိ သော သံဃာတော် (၁၂၅၀)တို့အား ယာဂုနှင့် ပျားသကာထည့်သော မုန့်ချိုတို့ကို လှူခွင့်ရလေ၏။

<u>**ယာဂုအကျိုး ဆယ်ပါး**</u> ။ ။ မြတ်စွာဘုရားသည် ယာဂုနှင့် မုန့်ချိုတို့ကို ခွင့်မပြုရသေး သည်ဖြစ်၍ 'မအပ်' - ဟု တွေးတောမှု သံသယကုက္ကုစ္စ ရှိကြသည်ဖြစ်၍ ရဟန်းတို့သည် အလှူမခံယူကြကုန်။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို -

'ရဟန်းတို့ ... ခံယူကုန်လော့။ သုံးဆောင်ကုန်လော့' - ဟု မိန့်တော်မူလေ၏။

ထိုအခါ ထိုပုဏ္ဏားသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့အား များစွာသော ယာဂုဖြင့်လည်းကောင်း၊ ပျားသကာထည့်သော မုန့်ချိုဖြင့်လည်းကောင်း ရောင့်ရဲသည့်တိုင်အောင်၊ တားမြစ်သည့်တိုင်အောင် ကိုယ်တိုင်လုပ်ကျွေး၍ မြတ်စွာဘုရား ဆွမ်းစားပြီး၍ သပိတ်မှလက်ကို ဖယ်ပြီးသောအခါ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တစ်ခုသောနေရာ၌ ထိုင်နေလေ၏။ တစ်ခုသောနေရာ၌ ထိုင်နေသော ထိုပုဏ္ဏားကို မြတ်စွာဘုရားသည် -

'ပုဏ္ဏား ... ယာဂု၏အကျိုးတို့သည် ဤဆယ်ပါးတို့တည်း။ အဘယ်ဆယ်ပါး တို့နည်း ဟူမူ -

ယာဂုလှူသောသူသည် -

၁။ အာယုံ ဒေတိ - အသက်ကို လှူသည်မည်၏။

၂။ ဝဏ္ဏံ ဒေတိ - အဆင်းကို လှူသည်မည်၏။

၃။ သုခံ ဒေတိ – ချမ်းသာကို လှူသည်မည်၏။
၄။ ဗလံ ဒေတိ – ခွန်အားကို လှူသည်မည်၏။
၅။ ပဋိဘာနံ ဒေတိ – ပညာကို လှူသည်မည်၏။
၆။ ခုဒ္ဒံ ပဋိဟနတိ – ထမင်းဆာခြင်းကို ပယ်ဖျောက်၏။
၇။ ပိပါသံ ဝိနေတိ – ရေဆာခြင်းကို ပယ်ဖျောက်၏။
၈။ ဝါတံ အနုလောမေတိ – လေကို စုန်ဆင်းစေတတ်၏။
၉။ ဝတ္ထိံ သောဓေတိ – ဆီးအိမ်ကို စင်ကြယ်စေတတ်၏။
၁၀။ အာမာဝသေသံ ပါစေတိ – အစာသစ်အကြွင်းကို ကြေကျက်စေတတ်၏။

ပုဏ္ဏား ... ယာဂု၏ အကျိုးတို့သည် ဤဆယ်ပါးတို့တည်း' – ဟု မိန့်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ဤသို့လည်း ဟောကြားတော်မူ၏။

**ဘေသဇ္ဇံ မေတံ သုဂတေန ဝဏ္ဏိတံ ။**

တံ – ဤယာဂုသောက်ခြင်းကို၊ ဘေသဇ္ဇံ – ဆေးဟူ၍၊ သုဂတေန – မြတ်စွာဘုရားသည်၊ ဝဏ္ဏိတံ – ချီးမွမ်းတော်မူအပ်ပြီ။

**တသ္မာ ဟိ ယာဂုံ အလမေဝ ဒါတုံ၊**
**နိစ္စံ မနုဿေန သုခတ္ထိကေန၊**
**ဒိဗ္ဗာနိဝါ ပတ္ထယတာ သုခါနိ၊**
**မနုဿသော ဘဂျတ မိစ္ဆတာဝါ ။**

တသ္မာ ဟိ – ထို့ကြောင့်သာလျှင်၊ နိစ္စံ – အခါခပ်သိမ်း၊ မနုဿေန – လူ၌ ဖြစ်သော၊ သုခတ္ထိကေန – ချမ်းသာကို အလိုရှိသောသူသည်လည်းကောင်း၊ ဒိဗ္ဗာနိ – နတ်၌ဖြစ်ကုန်သော၊ သုခါနိ – ချမ်းသာတို့ကို၊ ပတ္ထယတာဝါ – တောင့်တသောသူသည်လည်းကောင်း၊ မနုဿသောဘဂျတံ – လူ၌ကောင်းသော ဘုန်းကံရှိသူ၏ အဖြစ်ကို၊ ဣစ္ဆတာဝါ – အလိုရှိသောသူသည်လည်းကောင်း၊ ယာဂုံ – ယာဂုကို၊ ဒါတုံ – ပေးလှူခြင်းငှါ၊ အလမေဝ – သင့်လျော်သည်သာတည်း။

ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို -

'ရဟန်းတို့ ... ယာဂုနှင့် ပျားသကာထည့်သော မုန့်ချိုတို့ကို ခွင့်ပြု၏'

- ဟု မိန့်တော်မူ၏။

( ဝိ - ၃ - ၃၁၄ / ၃၁၆ ။ မြန် - ၃၁၅ / ၃၁၇ )

သတိပြုရန် ။ ။ မြတ်စွာဘုရားရှင်လက်ထက်တော်က ပုဏ္ဏားသည် ဘုရားအမှူးရှိသောသံဃာတော်တို့အား ဆွမ်းကပ်လို၍ နောက်က တကောက်ကောက် လိုက်ပါသော်လည်း နှစ်လကြာမှ ကပ်ခွင့်ရသည်ကို ထောက်ဆခြင်းဖြင့် ဆွမ်းလှူမည့်သူ ပေါ်များကြောင်း ထင်ရှားလှပေ၏။ ရတနာသုံးပါးကို အူလှိုက်သဲမျှ ဆည်းကပ်ကြကြောင်းမှာလည်း ပေါ်လွင်နေ၏။ ထမင်းအလား ရှိသော ပျစ်ပျစ်ယာဂုသည် ဆေးတစ်ပါးဖြစ်သည်ဟု မြတ်စွာဘုရား ဟောတော်မူသည်ကို သတိပြု၍ ကျန်းမာရေးကောင်းအောင် နံနက်စောစော၌ ယာဂုကို အရင်သောက်ပြီးမှ အခြားအာဟာရများကို သုံးဆောင်သင့်ပေသည်။

( ဆန်ကို ပြုတ်ရာတွင် ကျဲလျှင် ဆန်ပြုတ်၊ ပျစ်လျှင် ယာဂု ခေါ်သည် )

## ယာဂုနှင့် မုန့်ချိုတို့ကို ခွင့်ပြုခြင်း၌ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | အန္ဓကဝိန္ဒ၊ | ရွာသို့ပ၊ | ဗုဒ္ဓကြွလေပြီ။ |
| ၂။ | တစ်ထောင့်နှစ်ရာ၊ | ငါးဆယ်ပါ၊ | သံဃာများတို့သည်၊ |
| ၃။ | ဘုရားမြတ်စွာ၊ | နောက်ကသာ၊ | လိုက်ပါသွားကြသည်။ |
| ၄။ | ဆွမ်းကပ်ဖို့ရာ၊ | လူများစွာ၊ | သဒ္ဒါဖြစ်ကြပြီ။ |
| ၅။ | လှည်းတွေကိုကောက်၊ | ဗုဒ္ဓနောက်၊ | ကောက်ကောက်လိုက်ကြပြီ။ |
| ၆။ | တစ်ဦးပုဏ္ဏား၊ | နှစ်လများ၊ | ကြာခြားသော်လည်းသည်၊ |
| ၇။ | ဆွမ်းကပ်ဖို့ရာ၊ | ခွင့်မသာ၊ | ကြုံကာနေလေပြီ။ |
| ၈။ | လူများမလှူ၊ | ငါ့အလှူ၊ | စိတ်မူဖြစ်လေပြီ။ |
| ၉။ | ယာဂုမုန့်ချို၊ | လှူတာကို၊ | တွေ့ကိုမတွေ့ပြီ။ |

၁၀။ အာနန္ဒအား၊ လျှုလိုကြောင်း၊ လျှောက်ထားပါလေပြီ။
၁၁။ မြတ်စွာဘုန်းတော်၊ ပဋ္ဌာအားဖြင့်၊ လျှုခွင့်ပေးလေပြီ။
၁၂။ ယာဂုအကျိုး၊ ဆယ်ဆယ်တိုး၊ ဆယ်မျိုးရှိလေသည်။
၁၃။ သက်၊ဆင်း၊ချမ်းသာ၊ အား၊ပညာ၊ လျှုရာရောက်ပေသည်။
၁၄။ ထမင်းဆာတာ၊ ရေဆာတာ၊ ကောင်းစွာပျောက်ပေသည်။
၁၅။ လေမျှားစုန်ဆင်း၊ ဆီးအိမ်ထင်း၊ သန့်ရှင်းစေလေသည်။
၁၆။ စားသမျှမပျက်၊ အစာတဲ့၊ ကြေညက်စေလေသည်။
၁၇။ ယာဂုဆိုတာ၊ ဆေးဟုပါ၊ မြတ်စွာဟောလေပြီ။
၁၈။ ဆန်ကိုအဟုတ်၊ အကျဲလုပ်၊ ဆန်ပြုတ်ခေါ် ရသည်။
၁၉။ ယာဂုဆိုတာ၊ ပျစ်ပျစ်ပါ၊ ခွဲကာမှတ်နိုင်သည်။
၂၀။ လူ၏သုခ၊ နတ်သုခ၊ တောင့်တသူတို့သည်၊
၂၁။ ဘုန်းတံကြီးမား၊ လွန်ကျော်ကြား၊ လိုလားသူတို့သည်၊
၂၂။ ဆန်ပြုတ်ယာဂု၊ ကောင်းအောင်ပြု၊ လှုမှုပြုနိုင်သည်။
၂၃။ နံနက်စောမှာ၊ ယာဂုပါ၊ သောက်တာလွန်ကောင်းသည်။
၂၄။ ယာဂုပြီးပေ၊ ခြားဟာတွေ၊ စားလေကျန်းမာမည်။
၂၅။ အာဟာရလဲ၊ ယာဂုပဲ၊ ဆေးလဲဖြစ်ပေသည်။
၂၆။ ယာဂုဆေးအား၊ မှိုဝဲကြောင်း၊ မမှားနိုင်ပါပြီ။
၂၇။ မုန့်ချိုယာဂု၊ တွဲကာပြု၊ လှုမှုပြုနိုင်သည်။

ယာဂုနှင့် မုန့်ချိုတို့ကို ခွင့်ပြုခြင်း ပြီး၏။

# ကြည်ညိုခြင်းစဖြစ်သော အမတ်ကြီးဝတ္ထု

ဘောဇ္ဇယာဂု ။ ။ ဘောဇ္ဇယာဂု – ဟူသည် မြန်မာပြန်၌ ထမင်းအလားရှိသော ယာဂု ဟု ဆိုသည်။ ဘာသာဋီကာ၌ လက်ကော်ရ ယာဂု– ဟု အဓိပ္ပါယ် ဖွင့်ဆိုလေသည်။

လူတို့သည် –

'မြတ်စွာဘုရားသည် ယာဂုနှင့်ပျားသကာ ထည့်ရောသော မုန့်ချိုတို့ကို ခွင့်ပြုတော်မူ၏'

– ဟု ကြားကုန်သည်ဖြစ်၍ နံနက်စောစောကလျှင် လက်ကော်ရ ယာဂုနှင့် ပျားသကာထည့်သော မုန့်ချိုတို့ကို စီမံကုန်၏။ ရဟန်းတို့သည် ထိုနံနက်စောစောပင် ထိုယာဂုနှင့် မုန့်ချိုတို့ဖြင့် တင်းတိမ်ပြီးဖြစ်၍ (ဝနေပြီးဖြစ်၍) ဆွမ်းစားဇရပ်၌ စိတ်သဘောရှိတိုင်း (စိတ်ရှိသလောက်) မသုံးဆောင်နိုင်ကြတော့ကုန်။

ထိုအခါ ကြည်ညိုခြင်းစဖြစ်သော အမတ်ကြီးသည် နက်ဖြန်ဆွမ်းဘုဉ်းပေးရန် အလို့ငှါ ဘုရားအမှူးရှိသော (၁၂၅၀) သော ရဟန်းသံဃာကို ပင့်ဖိတ်၏။ ပင့်ဖိတ်ပြီး၍ ထိုအမတ်ကြီးအား –

'ငါသည် (၁၂၅၀)သောရဟန်းတို့အား (၁၂၅၀)သော အသားဟင်းမျိုး တို့ကို စီရင်အံ့၊ တစ်ပါးတစ်ပါးသော ရဟန်းအား တစ်ခွက်တစ်ခွက်စီသော အသားဟင်းမျိုး ခွက်ကို ကပ်လှူရမူ ကောင်းရာ၏'

– ဟု အကြံဖြစ်လေ၏။

နောက်နေ့ နံနက်အချိန်၌ မြတ်စွာဘုရားသည် သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကိုယူကာ ထိုကြည်ညိုခြင်းစဖြစ်သော အမတ်ကြီးအိမ်သို့ ကြွတော်မူပြီးလျှင် ခင်းထားသောနေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏။ ထိုအမတ်ကြီးသည် ရဟန်းသံဃာတို့အား ဆွမ်းကပ်သောအခါ ရဟန်းတို့သည် –

'ဒါယကာ ... အနည်းငယ်သာ လှူလော့။ ဒါယကာ ... အနည်းငယ်သာ လှူလော့' – ဟု ပြောဆိုကြကုန်၏။

'အရှင်ဘုရားတို့ ... ဤအမတ်ကြီးသည် ကြည်ညိုခါစသူတည်း' ဟု အရှင်ဘုရားတို့သည် အနည်းငယ် အနည်းငယ်ကိုသာ မခံယူပါကုန်လင့်။ တစ်ပါး တစ်ပါးသော ရဟန်းအား တစ်ခွက်တစ်ခွက်စီသော အသားဟင်းမျိုးခွက်ကို ဆက်ကပ်အံ့ဟု တပည့်တော်သည် များစွာသော ခဲဖွယ်ဘောဇဉ်ကိုလည်းကောင်း (၁၂၅၀)သော အသားဟင်းမျိုးခွက်တို့ကို စီမံ၍ ထားပါ၏။ အရှင်ဘုရားတို့သည် အလိုရှိတိုင်း ခံတော်မူလော့' – ဟု လျှောက်လေ၏။

'ဒါယကာ ... ငါတို့သည် ထိုသို့ မလှူနိုင်ခြင်းဟူသော အကြောင်းကြောင့် အနည်းငယ် အနည်းငယ်ကိုသာ ခံကုန်သည်မဟုတ်။ စင်စစ်သော်ကား ငါတို့သည် စောစောကလျှင် လက်ကော်ရယာဂုနှင့် ပျားသကာထည့်သော မုန့်ချိုတို့ဖြင့် ဝနေပြီး ဖြစ်သောကြောင့် အနည်းငယ် အနည်းငယ်ကိုသာ ခံယူခြင်း ဖြစ်ကုန်၏'

– ဟု ပြောဆိုကုန်၏။

ထိုအခါ ကြည်ညိုခါစဖြစ်သော အမတ်ကြီးသည် –

'အရှင်ကောင်းတို့သည် အဘယ်ကြောင့် တပည့်တော်သည် ပင့်ဖိတ်အပ်ပါလျက် တစ်ပါးသောသူ၏ လက်ကော်ရယာဂုကို သုံးဆောင်ကုန်ဘိသနည်း။ တပည့်တော်သည် အလိုရှိတိုင်း လှူခြင်းငှါ စွမ်းနိုင်သည် မဟုတ်ပါလော'

– ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြပြောဆိုပြီးလျှင် အမျက်ထွက်သည်ဖြစ်၍၊ နှလုံးမသာသည်ဖြစ်၍၊ အပြစ်တင်လိုသည်ဖြစ်၍ ရဟန်းတို့၏ သပိတ်ကို ပြည့်စေလျက်–

'အရှင်ဘုရားတို့သည် သုံးဆောင်လိုလျှင်လည်း သုံးဆောင်ကုန်လော့။ ကျောင်းသို့ ယူဆောင်လိုလျှင်လည်း ယူဆောင်ကုန်လော့'

– ဟု လျှောက်ကာ ထိုရဟန်းတို့၏ အနားမှ ဖဲခွါသွားလေ၏။

<u>နှလုံးမသာဖြစ်ခြင်း</u> ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ထိုအမတ်ကြီးအား အနုမောဒနာတရား ဟောကြားပြီးလျှင် ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။

မြတ်စွာဘုရား ပြန်ကြွ၍ မကြာမြင့်မီ ကြည်ညိုခါစဖြစ်သော အမတ်ကြီးအား–

'ငါသည် အမျက်ထွက်သည်ဖြစ်၍၊ နှလုံးမသာသည်ဖြစ်၍၊ အပြစ်တင်လိုသည်ဖြစ်၍ ရဟန်းတို့၏ သပိတ်ကို ပြည့်စေလျက် သုံးဆောင်လိုလျှင်လည်း သုံးဆောင်ကုန်လော့။ ကျောင်းသို့ ယူဆောင်လိုလျှင်လည်း ယူဆောင်ကုန်လော့' – ဟု ပြောဆိုမိပြီ။ အသို့နည်း။ ငါသည် များစွာသော ကောင်းမှုကိုမူလည်း ဆည်းပူး အပ်သလော။ မကောင်းမှုကိုမူလည်း ဆည်းပူးအပ်သလော'

– ဟု နှလုံးမသာခြင်း ဖြစ်လေ၏။

<u>ဝမ်းမြောက်ခြင်း</u> ။ ။ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားသည် ကြည်ညိုခါစဖြစ်သော အမတ်ကြီးအား ဤသို့ မိန့်ကြားတော်မူလေ၏။

'ဒါယကာ ... သင်သည် နက်ဖြန်ဆွမ်းဘုဉ်းပေးရန် ပင့်ဖိတ်သည်မှစ၍ များစွာသော ကောင်းမှုကိုမူလည်း ဆည်းပူးအပ်ပြီ။ သင်သည် တစ်ပါးတစ်ပါးသော ရဟန်းကို တစ်လုံးတစ်လုံးသော ဆွမ်းကို လှူသည်မှစ၍ များစွာသောကောင်းမှုကို ဆည်းပူးအပ်ပြီ။ နတ်ပြည်၌ ဖြစ်စေတတ်သော ကောင်းမှုကို အားထုတ်အပ်ပြီ' – ဟု မိန့်တော်မူ၏။

ထိုအခါ ကြည်ညိုခါစဖြစ်သော အမတ်ကြီးသည် –

'ငါ့အား အရတော်သတတ်။ ငါသည် ကောင်းစွာရအပ်သတတ်။

ငါသည် များစွာသော ကောင်းမှုကို ဆည်းပူးအပ်သတတ်။

ငါသည် နတ်ပြည်၌ ဖြစ်စေတတ်သော ကောင်းမှုကို အားထုတ်အပ်သတတ်' – ဟု ရွှင်လန်း တက်ကြွသည်ဖြစ်၍ နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲ၍သွားလေ၏။

**လက်ခံထားလျှင် အခြားကိုလက်မခံရ ။** ။ ထိုအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ပင့်ဖိတ်အပ်သည် ဖြစ်လျက် တစ်ပါးသော ယာဂုကို လက်ခံခြင်းကြောင့် ရဟန်းတို့အား ကဲ့ရဲ့တော်မူပြီးလျှင် ရဟန်းတို့ကို –

'ရဟန်းတို့ ... တစ်ပါးသော အရပ်၌ ပင့်ဖိတ်အပ်သောရဟန်းသည် တစ်ပါးသောသူ၏ ယာဂုကို မသုံးဆောင်အပ်။ သုံးဆောင်သောရဟန်းအား တရားအားလျော်စွာ ဆုံးဖြတ်အပ်၏' – ဟု မိန့်တော်မူ၏။

ပရမ္ပရ ဘောဇနသိက္ခာပုဒ်ဖြင့် ဆုံးဖြတ်ခြင်းကို ပြုထိုက်၏ ဟု အဋ္ဌကထာ ဖွင့်လေသည်။

*( ဝိ ၃ ၊ ၃၁၆/ ၃၁၈။ မြန် ၃၁၇/၃၁၉။ ဝိ ဋ ၃– ၃၇၇ )*

**သတိပြုရန် ။** ။ မြတ်စွာဘုရားရှင် လက်ထက်တော်က ထိုသို့ အလှူတွေ ထပ်ကြသဖြင့် ရတနာသုံးပါးအပေါ်၌ လူတို့၏ ကြည်ညိုမှုတို့သည် အလွန်အားကောင်းကြောင်းကို သတိပြုသင့်ကြပေသည်။ မြတ်စွာဘုရားရှင်၏ မေတ္တာ၊ ကရုဏာတော်အရ အလှူထပ်ရာတွင် ရှေးဦးအလှူကို ဝန်ခံထားပြီးပါက နောက်ဆွမ်းကျွေးအလှူကို ထိုနေ့အတွက် လက်မခံသင့်ကြောင်းကိုလည်း သတိပြုရမည်ဖြစ်ပေသည်။ ကြည်ညိုပြီးခါစ အမတ်ကြီး လှူဒါန်းပြီးနောက် နှလုံးခွဲဟာဖြစ်ပြီးမှ မြတ်စွာဘုရား၏ ဟောပြောမှုကြောင့် ဝမ်းမြောက်မှု ဖြစ်သွားရလေသည်။ ယင်းအတွက် ကောင်းမှုတစ်ခု ပြုလုပ်ရာတွင် ဖြူစင်ခြင်းကင်းပြီး ဖြူစင်ခြင်း အပြည့်ဖြင့်သာ ပြုလုပ်သင့်ကြပေသည်။

## ကြည်ညိုခါစဖြစ်သော အမတ်ကြီး ဝတ္ထု၌ ဆောင်ရန်လင်္ကာများ

၁။ မုန့်ချိုယာဂု၊ စေသတ္တု၊ ခွင့်ပြုပါရှိသည်၊
၂။ ကော်ရယာဂု၊ မုန့်ချိုစု၊ လူထုကပ်ကြသည်။
၃။ ရတနာသုံးဖြာ၊ ကြည်ညိုတာ၊ စသာရှိသေးသည်။

၄။ စေတနာကြီး၊ သဒ္ဓါကြီး၊ မတ်ကြီးတစ်ဦးသည်၊
၅။ ဘုရားကိုဖြင့်၊ သံဃာနှင့်၊ ဆွမ်းပင့်ကပ်လှူပြီ။
၆။ တစ်ထောင့်နှစ်ရာ၊ ငါးဆယ်ပါ၊ သံဃာများကိုသည်၊
၇။ သားဟင်းမျိုးတိ၊ ဟင်းကိုဘိ၊ ပါးစီကပ်လှူပြီ။
၈။ နံနက်စောမှာ၊ ယာဂုပါ၊ စားလာခဲ့၍သည်၊
၉။ အများမယူ၊ နည်းငယ်ဟူ၊ ခံယူနိုင်တော့သည်။
၁၀။ တပည့်တော်ကား၊ ဦးစွာများ၊ ဖိတ်ထားပါလျက်သည်၊
၁၁။ ခြားသူလှူမှု၊ မုန့်ယာဂု၊ ဘာပြုခံရသည်။
၁၂။ ရဟန်းတို့ပေ၊ သပိတ်တွေ၊ ပြည့်စေလျက်သည်၊
၁၃။ စားလိုကစား၊ ယူလိုလား၊ ယူသွားနိုင်ကြသည်။
၁၄။ နှလုံးမသာ၊ ပြောဆိုကာ၊ ဖဲ့ခွါခဲ့လေသည်။
၁၅။ မြတ်စွာဗုဒ္ဓ၊ ပြန်ကြွမှ၊ ဒွိဟဖြစ်ပြန်သည်။
၁၆။ မကောင်းမှုလား၊ ကောင်းမှုလား၊ ခွဲခြားမရပြီ။
၁၇။ ပင့်ဖိတ်သည့်မှ၊ လှူသည်မှ၊ အစပြု၍သည်၊
၁၈။ နတ်ပြည်ရောက်ကြောင်း၊ ကောင်းမှုပေါင်း၊ စုဆောင်းမိလေပြီ။
၁၉။ မြတ်စွာဘုရား၊ မတ်ကြီးအား၊ ဟောကြားပါတော့သည်။
၂၀။ ငါ့အလှူသည်၊ ကောင်းမှုစည်၊ နတ်ပြည်ရောက်နိုင်သည်။
၂၁။ မတ်ကြီးတစ်ယောက်၊ သဘောပေါက်၊ ဝမ်းမြောက်ပြန်လေပြီ။
၂၂။ ပင့်ဖိတ်ထားသူ၊ ရှိပါမူ၊ ခြားလှူများကိုသည်၊
၂၃။ မသုံးဆောင်အပ်၊ သုံးဆောင်လတ်၊ အာပတ်သင့်ပေသည်။
၂၄။ မြတ်စွာဗုဒ္ဓ၊ နှုတ်တော်မှ၊ မိန့်ဟပါလေပြီ။
၂၅။ ရဟန်းတော်များ၊ လှူသူအား၊ ထောက်ထားသင့်ကြသည်။
၂၆။ လှူသူကားမူ၊ ကောင်းမှုဟူ၊ ပြုစုကင်းရမည်။
၂၇။ ပြုစုခြင်းကင်း၊ ကြည်ဖြူခြင်း၊ မယွင်းလှူသင့်သည်။

ကြည်ညိုခါစဖြစ်သော အမတ်ကြီးဝတ္ထု ပြီး၏။

## ဗေလဋ္ဌကစ္စာနဝတ္ထု

**တင်လဲလှည်းငါးရာ ။**

။ ထိုအခါ မြတ်စွာဘုရားသည် အန္ဓကဝိန္ဒရွာ၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ များစွာသော တစ်ထောင်နှစ်ရာငါးကျိပ်သော ရဟန်းသံဃာတို့နှင့်အတူ ဒေသစာရီ ကြွချီတော်မူ၏။

ထိုအခါ ဗေလဋ္ဌကစ္စာနသည် ရာဇဂြိုဟ်ပြည်မှ အန္ဓကဝိန္ဒမြို့သို့ အလုံးစုံသော တင်လဲအိုးတို့ဖြင့်ပြည့်သော လှည်းငါးရာတို့ဖြင့် ခရီးရှည်သွား၏။

မြတ်စွာဘုရားသည် အဝေးမှလာသော ဗေလဋ္ဌကစ္စာနကို မြင်တော်မူ၍ လမ်းခရီးမှ ဆင်းသက်ကာ တစ်ခုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူ၏။

**တင်လဲလှူခြင်း ။**

။ ထိုအခါ ဗေလဋ္ဌကစ္စာနသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တစ်ခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားကို –

'မြတ်စွာဘုရား ... တပည့်တော်သည် တစ်ပါးတစ်ပါးသော ရဟန်းအား တစ်လုံးတစ်လုံးသော တင်လဲအိုးကို လှူခြင်းငှါ အလိုရှိပါ၏' – ဟု လျှောက်၏။

'ကစ္စာန ... သို့ဖြစ်လျှင် သင်သည် တစ်လုံးသော တင်လဲအိုးကိုသာ ဆောင်ခဲ့လော့' – ဟု မိန့်တော်မူ၏။

ဗေလဋ္ဌကစ္စာနသည် တစ်လုံးသော တင်လဲအိုးကိုယူ၍ –

'မြတ်စွာဘုရား ... တင်လဲအိုးကို ဆောင်ယူခဲ့ပါပြီ။ တပည့်တော်သည် အဘယ်သို့ ပြုကျင့်ရပါအံ့နည်း' – ဟု လျှောက်၏။

'ကစ္စာန ... သင်သည် ရဟန်းတို့အား တင်လဲကို လှူလော့' – ဟု မိန့်တော်မူ၏။

ရဟန်းတို့အား တင်လဲကို လှူပြီးသော်လည်း များစွာကြွင်းကျန်နေသည် ဖြစ်သောကြောင့် –

'မြတ်စွာဘုရား ... ရဟန်းတို့အား တင်လဲကို ပေးလှူအပ်ပါပြီ။ တင်လဲများ များစွာကျန်နေပါသေး၏။ မြတ်စွာဘုရား ... တပည့်တော်သည် အဘယ်သို့ ပြုကျင့်ရပါအံ့နည်း' - ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား တင်လဲကို အလိုရှိတိုင်း ပေးလှူစေလေ၏။ အလိုရှိတိုင်း ပေးလှူစေပြီးသည်၏နောက်၌လည်း တင်လဲများ များစွာကျန်နေသေးသည် ဖြစ်သောကြောင့် မြတ်စွာဘုရားသည် ရဟန်းတို့အား တင်လဲတို့ဖြင့် ရောင့်ရဲစေပြန်လေ၏။ အချို့သောရဟန်းတို့သည် သပိတ်တို့ကို ပြည့်စေကုန်၏။ ရေစစ်တို့ကိုလည်းကောင်း၊ အိတ်တို့ကိုလည်းကောင်း ပြည့်စေကုန်၏။

**စားကြွင်းစားတို့အား လှူခြင်း ။** ။ ထိုသို့ လှူဒါန်းပြီးသဖြင့်လည်း တင်လဲတို့သည် များစွာကျန်နေသေးသည် ဖြစ်သောကြောင့် မြတ်စွာဘုရားသည် စားကြွင်းစား ငါးရာတို့အား ပေးလှူစေ၏။ အလိုရှိတိုင်း ပေးလှူစေ၏။ ရောင့်ရဲစေ၏။ စားကြွင်းစားတို့သည် ဖျဉ်းတို့ကိုလည်းကောင်း၊ အိုးတို့ကိုလည်းကောင်း ပြည့်စေကုန်၏။

**တင်လဲက စစ်စစ်မြည်ခြင်း ။** ။ သို့တိုင်အောင်လည်း တင်လဲက များစွာကြွင်းကျန်နေသေးသည် ဖြစ်သောကြောင့် မြတ်စွာဘုရားသည် -

'ကစ္စာန ... လူနတ်ဗြဟ္မာ သတ္တလောက၌ ငါဘုရားကိုလည်းကောင်း၊ ငါဘုရား၏ တပည့်သာဝက ရဟန္တာကိုလည်းကောင်း ကြဉ်ထား၍ ကျန်သူအားလုံး ထိုတင်လဲကို စားသည်ရှိသော် အစာမကြေနိုင်တော့ပေ။

(နတ်တွေက နတ်ဩဇာထည့်ထားသောကြောင့် ဖြစ်၏။ တင်လဲဟူသည် ထန်းလျက်၊ ကြံသကာသဘောမျိုးတည်း)

ကစ္စာန ... ထို့ကြောင့် သင်သည် ထိုတင်လဲကို စိမ်းစိုသော မြက်သစ်ပင် မရှိသောနေရာ၌သော်လည်း စွန့်ပစ်လော့။ ပိုးမရှိသော ရေ၌သော်လည်း သွန်လေလော့' - ဟု မိန့်တော်မူ၏။

ထိုအခါ ဗေလဋ္ဌကစ္စာနသည် ထိုတင်လဲကို ပိုးမရှိသော ရေ၌ သွန်လေ၏။ ထိုအခါ ရေ၌ပစ်ချသော ထိုတင်လဲသည် စစ်စစ်မြည်၏။ တရှဲရှဲ မြည်၏။ အခိုးထွက်၏။ အခိုးတစ်ပြိုင်နက် ထွက်၏။ ဥပမာအားဖြင့် – တစ်နေ့ပတ်လုံး ပူလောင်သော သံထွန်သွားသည် ရေ၌ထည့်အပ်သည်ရှိသော် စစ်စစ်မြည်သကဲ့သို့ တရှဲရှဲမြည်သကဲ့သို့ အခိုးထွက်သကဲ့သို့ အခိုးတစ်ပြိုင်နက်ထွက်သကဲ့သို့ ဤအတူသာလျှင် ရေ၌ ထည့်အပ်သော ထိုတင်လဲသည် စစ်စစ်မြည်၏။ တရှဲရှဲမြည်၏။ အခိုးထွက်၏။ တစ်ပြိုင်နက် အခိုးထွက်၏။

**သောတာပန်ဖြစ်ခြင်း ။** ။ ထိုအခါ ထိတ်လန့်သည်ဖြစ်၍ ကြက်သီးမွေးညင်းထသည်ဖြစ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် တစ်ခုသောနေရာ၌ ထိုင်နေသော ဗေလဋ္ဌကစ္စာနအား မြတ်စွာဘုရားသည် အနုပုဗ္ဗိကထာ တရားကို ဟောတော်မူလေ၏။ တရားအဆုံး၌ ဗေလဋ္ဌကစ္စာနအား 'ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏' ဟု ကိလေသာမြူ အညစ်အကြေး ကင်းသော တရားမျက်စိ သောတာပတ္တိမဂ်ဉာဏ်သည် ဖြစ်ပေါ်လေ၏။

**တင်လဲကို ခွင့်ပြုခြင်း ။** ။ ထို့နောက် မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သည်ရှိသော် ရာဇဂြိုဟ်မြို့သို့ ရောက်တော်မူ၍ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ ရာဇဂြိုဟ်မြို့၌ တင်လဲပေါ်များ၏။ ရဟန်းတို့သည် –

'မြတ်စွာဘုရားသည် နာသော ရဟန်းအားသာလျှင် တင်လဲကို ခွင့်ပြုတော်မူ၏။ မနာသောရဟန်းအား တင်လဲကို ခွင့်ပြုတော်မမူ'

– ဟု တွေးတောမှု သံသယကုက္ကုစ္စရှိသည် ဖြစ်၍ တင်လဲကို မသုံးဆောင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို –

'ရဟန်းတို့ ... နာသောရဟန်းအား တင်လဲကို၊ မနာသော ရဟန်းအား ရေနှင့်ရောသော တင်လဲကို ခွင့်ပြု၏'

- ဟု မိန့်တော်မူလေ၏။

( ဝိ - ၃ - ၃၁၈ / ၃၂၀။ မြန် - ၃၁၉ / ၃၂၂ )

<u>သတိပြုဖွယ်</u> ။ ။ *အထက်ပါ ဗေလဋ္ဌကစ္စာနဝတ္ထုကို ကြည့်ခြင်းဖြင့် ဗုဒ္ဓလက်ထက်တော်က သံဃာတော်တို့လည်း အလွန်များသလို ၎င်းသံဃာတော်တို့သည် ဗုဒ္ဓပညတ်ပြီးရာ သိက္ခာပုဒ်တော်များကို ရိုသေကျိုးနွံစွာ လေးစားလိုက်နာကြကြောင်း ထင်ရှားပေသည်။ လူတို့သည်လည်း ဗုဒ္ဓနှင့် သံဃာတော်များကို အလွန်ကြည်ညိုကြပြီး ထူးကဲသော သဒ္ဓါတရားတို့ဖြင့် ထူးထူးကဲကဲ လှူဒါန်းကြသည်မှာလည်း ရင်သပ်ရှုမောလောက်ပေသည်။*

*ဗုဒ္ဓနှင့် သံဃာတော်များနောက်သို့ စားကြွင်းစားငဲ့ရာ (သူတောင်းစားငဲ့ရာ) လိုက်ပါကြသည်ကို ထောက်ပြန်လျှင်လည်း စားကြွင်းစားများလည်း အလွန်များစွာ ရှိနေသလို ရဟန်းသံဃာတော်များ၏ ဆွမ်းကျန်ဟင်းကျန်များကိုလည်း စားလေ့စားထ ရှိကြကြောင်းမှာလည်း ထင်ရှားလှပေသည်။*

*ယခုခေတ် လူတို့သည်လည်း ထူးကဲသော သဒ္ဓါတရားဖြင့် ထူးကဲစွာ လှူဒါန်းကြကာ ဗုဒ္ဓသာသနာတော်ကြီးကို ထောက်ပံ့နိုင်ကြပေသည်။*



## ပါဋလိဂ္ဂာဝတ္ထု

**ဧည့်သည်တို့ တည်းခိုရာဇရပ်** ။ ။ ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးတော်မူပြီးလျှင် ပါဋလိဂ္ဂာသို့ များစွာသော တစ်ထောင့်နှစ်ရာငါးကျိပ်သော ရဟန်းသံဃာနှင့်အတူ ဒေသစာရီ ကြွချီတော်မူလေရာ ပါဋလိဂ္ဂာသို့ ရောက်တော်မူလေ၏။ ပါဋလိဂ္ဂာနေ ဥပါသကာတို့သည် –

'မြတ်စွာဘုရားသည် ပါဋလိဂ္ဂာသို့ ရောက်တော်မူလာသတတ်' – ဟု ကြားကုန်၏။

ထိုအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တစ်ခုသောနေရာ၌ ထိုင်နေကြသော ပါဋလိဂ္ဂာသား ဥပါသကာတို့ကို မြတ်စွာဘုရားသည် တရားစကား ဖြင့် အကျိုးစီးပွားကို သိမြင်စေလျက် တရားကို ဆောက်တည်စေကာ တရားကျင့် သုံးရန် ထက်သန်ရွှင်လန်းစေတော်မူ၏။ ထို့နောက် ပါဋလိဂ္ဂာသား ဥပါသကာတို့သည် မြတ်စွာဘုရားအား –

'အရှင်ဘုရား ... မြတ်စွာဘုရားသည် တပည့်တော်တို့၏ ဧည့်သည်တို့ တည်းခိုရာဇရပ်ကို ရဟန်းသံဃာနှင့်အတူ လက်ခံတော်မူပါ'

– ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံ တော်မူ၏။

ထို့နောက် ပါဋလိဂ္ဂာသား ဥပါသကာတို့သည် ဧည့်သည်တို့ တည်းခိုရာဇရပ်ကို ပြင်ဆင်ကြပြီးနောက် မြတ်စွာဘုရားအား –

'မြတ်စွာဘုရား ... ဧည့်သည်တို့တည်းခိုရာဇရပ်၌ ခင်းနှီးအပြည့် ခင်းအပ် ပါပြီ။ နေရာတို့ကိုလည်း ပြင်အပ်ပါပြီ။ ရေပြည့်အိုးကြီးကိုလည်း တည်ထားအပ် ပါပြီ။ ဆီမီးကိုလည်း ထွန်းအပ်ပါပြီ။ အရှင်ဘုရား ... ယခုအခါ၌ ကြွတော်မူရန် အချိန်ကို မြတ်စွာဘုရား သိတော်မူပါသည်။ ကြွရန်မှာ မြတ်စွာဘုရား၏ အလို အတိုင်းပင် ဖြစ်ပါသည်' – ဟု လျှောက်၏။

**သီလပျက်ခြင်းအပြစ် ငါးပါး ။** ။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကိုယူလျက် ရဟန်းသံဃာနှင့်အတူ ဉဿသည်တို့ တည်းခိုရာဇရပ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ခြေဆေးတော်မူ၍ ဉဿသည်တို့ တည်းခိုရာဇရပ်သို့ ဝင်ပြီးသော် အလယ်တိုင်ကို မှီလျက် အရှေ့သို့ မျက်နှာမူကာ ထိုင်နေတော်မူ၏။

ရဟန်းသံဃာသည်လည်း ခြေဆေး၍ ဉဿသည်တို့ တည်းခိုရာဇရပ်သို့ ဝင်ပြီးသော် အနောက်နံရံကို မှီလျက် အရှေ့အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကိုသာလျှင် ရှေ့ထား၍ ထိုင်နေလေ၏။

ပါဋလိရွာသား ဥပါသကာတို့သည်လည်း ခြေဆေး၍ ဉဿသည်တို့ တည်းခိုရာဇရပ်သို့ ဝင်ပြီးသော် အရှေ့ဘက်နံရံကို မှီလျက် အနောက်အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကိုသာလျှင် ရှေ့ထား၍ ထိုင်နေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာတို့ကို သီလမရှိသူ၏ **သီလပျက်ခြင်း အပြစ်(၅)ပါး**တို့ကို ဟောကြားတော်မူ၏။ ယင်းအပြစ်(၅)ပါးတို့မှာ-

၁။ သီလပျက်သောသူသည် မေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ်ဥစ္စာ ဆုံးရှုံးခြင်းသို့ ရောက်တတ်၏။

၂။ သီလပျက်သောသူ၏ မကောင်းသော ကျော်စောသတင်းသည် ပျံ့နှံ့၍ ထွက်၏။

၃။ သီလပျက်သောသူသည် မင်းပရိသတ်, ပုဏ္ဏားပရိသတ်, သူကြွယ်ပရိသတ်, ရဟန်းပရိသတ် အလယ်သို့ ချဉ်းကပ်ခဲ့သော် ကြောက်ကြောက်ရွံ့ရွံ့ မျက်နှာညှိုးငယ်လျက် ချဉ်းကပ်ရ၏။

၄။ သီလပျက်သောသူသည် တွေတွေဝေဝေဖြစ်လျက် သေရ၏။

၅။ သီလပျက်သောသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲ၌ ဖြစ်ရ၏ -

- ဟူသည်တည်း။

<u>**သီလပြည့်စုံခြင်း အကျိုးငါးပါး**</u> ။ ။ ထို့နောက် မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာများအား သီလနှင့်ပြည့်စုံသူ၏ အကျိုး (၅)ပါးကိုလည်း ဟောကြားတော်မူလေ၏။ ယင်း(၅)ပါးတို့ကား -

၁။ သီလရှိသောသူသည် မမေ့မလျော့ခြင်းကြောင့် များစွာသော စည်းစိမ် ဥစ္စာအစုကိုရ၏။

၂။ သီလရှိသောသူအား ကောင်းသောကျော်စောသံသည် ပျံ့နှံ့၍ ထွက်၏။

၃။ သီလရှိသောသူသည် မင်းပရိသတ်, ပုဏ္ဏားပရိသတ်, သူကြွယ်ပရိသတ်, ရဟန်းပရိသတ်အလယ်သို့ ချဉ်းကပ်ခဲ့သော် မကြောက်မရွံ့ မျက်နှာ မညှိုးငယ် ချဉ်းကပ်ရ၏။

၄။ သီလရှိသောသူသည် တွေဝေခြင်းမရှိဘဲ သေရ၏။

၅။ သီလရှိသောသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်၌ဖြစ်ရ၏။

ထို့နောက် မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာတို့အား ညဉ့်နက်သည့်တိုင်အောင် တရားစကားကို ဟောကြားတော်မူပြီးနောက် ပြန်လွှတ်တော်မူလေ၏။ ဥပါသကာများ ပြန်သွားကြ၍ မကြာမီမှာပင် မြတ်စွာဘုရားသည် ဆိတ်ငြိမ်ရာသို့ ဝင်တော်မူ၏။

( ဝိ - ၃ - ၃၂၁ / ၃၂၃ ။ မြန် - ၃၂၂ / ၃၂၄ )



## ပါဋလိရွာဝတ္ထုလာ ဆောင်ရန်လင်္ကာများ

၁။ ဗုဒ္ဓမြတ်စွာ၊     ဒေသစာ၊     ကြွရာချိန်နှိုက်သည်၊

၂။ ပါဋလိရွာ၊     မြတ်ဗုဒ္ဓါ၊     ကောင်းစွာရောက်ခဲ့ပြီ။

၃။ ပါဋလိရွာမြတ်၊     ဧည့်ခံတတ်၊     ဇရပ်ရှိလေသည်။

၄။ ဒါယကာတို့၊     ဇရပ်သို့၊     ကြွဖို့ပင့်လေပြီ။

၅။ မြတ်စွာဘုရား၊     ကြွရောက်ပြား၊     တရားဟောလေပြီ။

၆။ သီလပျက်ပြား၊     အပြစ်ကား၊     ငါးပါးရှိလေသည်။

၇။ မေ့လျော့နေတုန်း၊     စည်းစိမ်ပြုန်း၊     ဆုံးရှုံးတတ်လေသည်။

၈။ မကောင်းသဘော၊     ပြန့်ကာပြော၊     ကျော်စောတတ်လေသည်။

၉။ ပရိသတ်လယ်၊     မျက်နှာငယ်၊     စိတ်ဝယ်ချောက်ချားသည်။

၁၀။ သေသောအခါ၊     တွေ့ဝေပါ၊     ပယ်ရွာရောက်နိုင်သည်။

၁၁။ သီလရှိသူ၊     အကျိုးဟူ၊     ငါးမှုရှိလေသည်။

၁၂။ မမေ့လျော့ပေ၊     စည်းစိမ်တွေ၊     ရှာဖွေတိုးတက်သည်။

၁၃။ ကောင်းသောသတင်း၊     ကျော်စောခြင်း၊     ပြန့်ခြင်းရှိလေသည်။

၁၄။ ပရိသတ်လယ်၊     အားမငယ်၊     တင့်တယ်ဂုဏ်ရှိသည်။

၁၅။ သေသောအခါ၊     မတွေ့ပါ၊     နတ်ရွာရောက်လေသည်။

၁၆။ သီလဂုဏ်ရောင်၊     ထွန်းပြောင်အောင်၊ ကျင့်ဆောင်ကြရမည်။

ပါဋလိရွာ ဝတ္ထု ပြီး၏။

# ပါဋလိပုတ်မြို့တည်ခန်း

လူနှင့်နတ် ။ ။ ထိုအခါ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ ပုဏ္ဏားတို့သည် ဝဇ္ဇီမင်းတို့ကို တားဆီးပိတ်ဆို့ခြင်းငှါ ပါဋလိရွာ၌ မြို့တည်ဆောက်လျက် ရှိကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် –

'အာနန္ဒာ ... ပါဋလိရွာ၌ မြို့ကို အဘယ်သူသည် တည်ဆောက်နေသနည်း' – ဟု အရှင်အာနန္ဒာကို မေးတော်မူ၏။

'မြတ်စွာဘုရား ... မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ ပုဏ္ဏားတို့သည် ဝဇ္ဇီမင်းတို့ကို တားဆီးပိတ်ဆို့ရန် ပါဋလိရွာ၌ မြို့တည်ဆောက်နေပါကုန်၏' – ဟု လျှောက်၏။

'အာနန္ဒာ ... မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ ပုဏ္ဏားတို့သည် ဝဇ္ဇီမင်းတို့ကို ပိတ်ဆို့ရန် ပါဋလိရွာ၌ မြို့တည်ဆောက်နေကြသည်မှာ တာဝတိံသာနတ်တို့နှင့် တိုင်ပင်၍ တည်ဆောက်သကဲ့သို့ပင် ရှိချေ၏။

အာနန္ဒာ ... ငါသည် ညဉ့်အဆုံး မိုးသောက်ယံ၌ လျောင်းစက်ရာမှ ထတော်မူ၍ ဤပါဋလိရွာ၌ အိမ်ရာသိမ်းပိုက်သော များစွာသော နတ်တို့ကို အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်တော်မူ၏။

အာနန္ဒာ ... တန်ခိုးကြီးသော နတ်တို့အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးကြီး သောမင်းနှင့် အမတ်ကြီးတို့၏ အိမ်ရာတည်ဆောက်ရန် စိတ်တို့သည် ညွတ်ကုန်၏။ တန်ခိုးအလတ်စားနတ်တို့ အိမ်ရာ သိမ်းပိုက်သောရပ်ကွက်၌ တန်ခိုးအလတ်စားမင်းနှင့် အမတ်တို့၏ အိမ်ရာတည်ဆောက်ရန် စိတ်တို့သည် ညွတ်ကုန်၏။ တန်ခိုးနည်းသော နတ်တို့ အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးနည်းသော မင်းနှင့် အမတ်တို့၏ အိမ်ရာတည်ဆောက်ရန် စိတ်တို့သည် ညွတ်ကုန်၏။

အာနန္ဒာ ... အရိယန်လူမျိုးတို့၏ စုဝေးနေထိုင်ရာ ကုန်သည်များရောင်းဝယ်ရာ မြို့တို့တွင် ဤမြို့သစ်သည် ကုန်ထုပ်များကို ဖွင့်လှစ်ရောင်းချရာ ပါဋလိပုတ်မည်သော မြို့ကြီးဖြစ်ပေလတ္တံ့။ အာနန္ဒာ ... ပါဋလိပုတ်မြို့၌ မီးကြောင့်ဖြစ်စေ၊

ရေကြောင့်ဖြစ်စေ၊ အတွင်းမှ အချင်းချင်း ကွဲပြားမှုကြောင့်ဖြစ်စေ ဤသုံးပါးသော အန္တရာယ်တို့သည် ဖြစ်ကုန်လတ္တံ့' ဟု မိန့်တော်မူ၏။

**နှုတ်ဆက်တွေကို အမျှဝေပါ ။** ။ ထိုအခါ မဂဓတိုင်း အမတ်ကြီးများ ဖြစ်သော သုနိဓနှင့် ဝဿကာရပုဏ္ဏားတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုကုန်၏။ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တစ်ခုသော နေရာ၌ ရပ်တည်သော သုနိဓနှင့် ဝဿကာရပုဏ္ဏားတို့သည် မြတ်စွာဘုရားကို နက်ဖြန်အတွက် ရဟန်းသံဃာနှင့်အတူ ဆွမ်းစားပင့်လေ၏။

နောက်နေ့နံနက်၌ မြတ်စွာဘုရားသည် သုနိဓနှင့် ဝဿကာရအမတ်ကြီး အိမ်၌ ဆွမ်းဘုဉ်းပေးတော်မူပြီးသောအခါ သုနိဓနှင့် ဝဿကာရအမတ်ကြီးတို့အား ဤဂါထာတို့ဖြင့် အနုမောဒနာတရားကို ဟောကြားတော်မူလေ၏။

၁။ ယသ္မိံ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတဇာတိယော၊
သီလဝန္တေတ္ထ ဘောဇေတွာ၊ သညတေ ဗြဟ္မစာရယော။

၂။ ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏမာဒိသေ၊
တာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။

၃။ တတော နံ အနုကမ္ပန္တိ၊ မာတာ ပုတ္တံဝ သြရသံ၊
ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ။

၁။ ယသ္မိံပဒေသေ – အကြင်အရပ်၌၊ ပဏ္ဍိတဇာတိယော – ပညာရှိသူသည်၊ ဝါသံ – အိမ်ရာဆောက်လုပ်နေထိုင်ခြင်းကို၊ ကပ္ပေတိ – ပြု၏။ တေ – ဤအိမ်သစ်အရပ်၌၊ သညတေ – စောင့်စည်းအပ်သော ကိုယ်နှုတ်စိတ်ရှိကုန်သော၊ ဗြဟ္မစာရယော – မြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန်သော၊ သီလဝန္တေ – သီလရှိသော ပုဂ္ဂိုလ်တို့ကို၊ ဘောဇေတွာ – ရှေးဦးစွာ ဆွမ်းကျွေးပြီး၍။

၂။ တတ္ထ – ထိုအိမ်သစ်၌၊ ယာဒေဝတာ – အကြင်နတ်တို့သည်။ အာသုံ – ရှိကြကုန်ပြီ။ တာသံ – ထိုနတ်တို့အား၊ ဒက္ခိဏံ – မိမိပြုအပ်သော အလှူကို၊ အာဒိသေ – ညွှန်ပြရာ၏။ ဝါ –အမျှပေးဝေရာ၏။ ပူဇိတာ – ပူဇော်အပ်ကုန်သော၊ တာ – ထိုနတ်တို့သည်၊ နံ – ထိုအိမ်ရှင်ကို၊ ပူဇယန္တိ – အတုံ့ပြန်၍ ပူဇော်ကြကုန်၏။ ဝါ – ဘေးရန်မဖြစ်အောင် စောင့်ရှောက်ကြကုန်၏။ မာနိတာ – မြတ်နိုးအပ်ကုန်သော၊ တာ – ထိုနတ်တို့သည်၊ နံ – ထိုအိမ်ရှင်ကို၊ မာနယန္တိ – အတုံ့ပြန်၍ မြတ်နိုးကြကုန်၏။ ဝါ – ဖြစ်ပေါ်လာသော ဘေးရန်ကို ပယ်ရှားကြကုန်၏။

၃။ တတော – ထိုသို့ ပူဇော်မြတ်နိုးခြင်းကြောင့်၊ မာတာ – အမိသည်၊ ဩရသံ –ရင်၌ ဖြစ်သော၊ ပုတ္တံ – သားကို၊ အနုကမ္ပတိ ဣဝ – စီးပွားဖြင့် စောင့်ရှောက်သကဲ့သို့၊ နံ – ထိုအိမ်ရှင်ကို၊ အနုကမ္ပန္တိ – စီးပွားဖြင့် စောင့်ရှောက်ကုန်၏။ ဒေဝတာနုကမ္ပိတော– နတ်တို့သည် စောင့်ရှောက်အပ်သော၊ ပေါသော – အိမ်ရှင် ယောကျ်ားသည်၊ သဒါ – အခါခပ်သိမ်း၊ ဘဒြာနိ – ကောင်းခြင်းချမ်းသာ မင်္ဂလာတို့ကို၊ ပဿတိ – တွေ့ မြင်ရ၏။

<u>ဥဒါန်းကျူးခြင်း</u> ။ ။ မြတ်စွာဘုရားသည် ဤဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူ၏။ ထို့နောက် ဖဲကြွတော်မူလေရာ သုနိဓနှင့် ဝဿကာရ အမတ်ကြီးတို့သည် –

'ယနေ့ အရှင် ဂေါတမ ထွက်သွားရာ တံခါးကို ဂေါတမတံခါး တွင်စေအံ့'

– ဟု ကြံရွယ်လျက် နောက်မှနောက်မှ အစဉ်လိုက်ကုန်၏။ ထိုအခါ မြတ်စွာဘုရား ထွက်သွားရာ တံခါးသည် ဂေါတမတံခါးဟု အမည်တွင်လေ၏။

ထို့နောက် မြတ်စွာဘုရားသည် ဂင်္ဂါမြစ်သို့ ချဉ်းကပ်တော်မူ၏။ ထိုစဉ်အခါ၌ ဂင်္ဂါမြစ်သည် ကမ်းမှာနား၍ ကျီးသောက်နိုင်လောက်အောင် ကမ်းနှင့်အညီ ရေပြည့်လျက်ရှိ၏။

ကမ်းတစ်ဖက်မှ ကမ်းတစ်ဖက်သို့ သွားရောက်လိုသော အချို့သူတို့သည် လှေကို ရှာကုန်၏။ အချို့သူတို့သည် သစ်ဖောင်ကို ရှာကုန်၏။ အချို့သူတို့သည် ဝါးဖောင်ကို ရှာကုန်၏။

မြတ်စွာဘုရားသည် ထိုသူတို့ကို မြင်တော်မူ၍ အားရှိသော ယောက်ျားသည် လက်မောင်းကို ကွေးဆန့်သကဲ့သို့ ဂင်္ဂါမြစ်၏ ဤမှာဘက်ကမ်းမှ ကွယ်ခဲ့၍ ထိုမှာဘက်ကမ်း၌ ရဟန်းသံဃာနှင့်အတူ ထင်ရှားဖြစ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုအချိန်တွင် ဤဥဒါန်းစကားကို ကျူးရင့်တော်မူလေ၏။

ယေ တရန္တိ အဏ္ဏဝံ သရံ၊
သေတုံ ကတွာန ဝိသဇ္ဇ ပလ္လလာနိ၊
ကုလ္လံ ဟိ ဇနော ဗန္ဓတိ၊
တိဏ္ဏာ မေဓာဝိနော ဇနာ။

ယေ – အကြင်အရိယာ ပုဂ္ဂိုလ်တို့သည်၊ အဏ္ဏဝံ – နက်ကျယ်လှစွာသော၊ သရံ – တဏှာတည်းဟူသော မြစ်ကို၊ သေတုံ – အရိယမဂ်တည်းဟူသော တံတားကို၊ ကတွာန – ဆောက်လုပ်၍၊ ပလ္လလာနိ – ကိလေသာညွန်ပျောင်းတို့ကို၊ ဝိသဇ္ဇ – ပယ်စွန့်လျက်၊ တရန္တိ – ကူးသွားကုန်၏။ ဇနော – လူအပေါင်းသည်ကား၊ ကုလ္လံ – ဖောင်ကို၊ ဗန္ဓတိ – မြစ်ကိုကူးရန်ဖွဲ့နေရ၏။ မေဓာဝိနော – မဂ်ပညာဖိုလ်ပညာကို ရရှိကြကုန်သော ပညာရှိဖြစ်ကုန်သော၊ ဇနာ – အရိယာပုဂ္ဂိုလ်တို့သည်ကား၊ ကုလ္လေန – ဖောင်နှင့်၊ ဝိနာ – ကင်း၍သာလျှင်၊ တိဏ္ဏာ – တဏှာရေယဉ်ကို လွန်မြောက်တော်မူကုန်ပြီ။

( ၈ - ၃ - ၃၂၃ / ၃၂၅ ။ မြန် - ၃၂၅/ ၃၂၇ )

<u>သတိပြုရန်</u> ။ ။ *အထက်ပါ ဂါထာအရ 'ရိုးရိုးမြစ်, တဏှာမြစ်' ဟူ၍ နှစ်မျိုးရှိရာ တန်ခိုးမရှိကုန်သော လူတို့သည်ကား ရိုးရိုးမြစ်ကို ကူးဖို့ရာ အတွက် လှေဖောင်တို့ကို ရှာဖွေ၍ ပြုလုပ်၍ လှေဖောင်တို့ဖြင့် ကူးရ၏။ တန်ခိုးရှိသူတို့မူကား တန်ခိုးဖြင့် ကူးလေ၏။*

*တဏှာမြစ်ကို ကူးရာ၌ အရိယာမဂ်ဉာဏ်ကို မရကြကုန်သော သူတို့သည်ကား တဏှာရေယဉ်၌ မျောပါလျက်သာ နေကြရလေကုန်၏။ အရိယာမဂ်ဉာဏ်ကိုရပြီး သူတို့မူကား ကိလေသာ ရွံ့ညွန်တွေကို ဖယ်ရှားလျက် အရိယာမဂ်ဉာဏ်တံတား တည်ဆောက်ကာ အရိယာမဂ်ဉာဏ်တံတားဖြင့် တဏှာမြစ်ကို လွန်မြောက်သွားကြလေကုန်၏။ ထို့ကြောင့် တဏှာမြစ်ကို ကူးမြောက်နိုင်ဖို့ရာအတွက် အရိယာမဂ်ဉာဏ် တံတားကို တည်ဆောက်ကြရမည် ဖြစ်၏။ အရိယာမဂ်ဉာဏ်တံတားကို တည်ဆောက် နိုင်ဖို့ရာအတွက် သမထဘာဝနာ၊ ဝိပဿနာဘာဝနာဟူသော ကွန်ကရစ်တိုင်တွေကို စိုက်ထူကြရမည် ဖြစ်၏။*

## <u>ပါဋလိပုတ်မြို့တည်ခန်းလာ ဆောင်ရန်လင်္ကာများ</u>

| | | | |
|---|---|---|---|
| ၁။ | သုနိဓ,ဝဿ၊ | ခေါ် ဆိုရ | မတ္တများတို့သည်၊ |
| ၂။ | ဝဇ္ဇီခေါ် ပြား၊ | မင်းတို့အား၊ | ဆီးတားဖို့ရသည်၊ |
| ၃။ | ပါဋလိရွာ၌၊ | မြို့တည်ဆိုက်၊ | အားစိုက်ဆောက်ကြသည်။ |
| ၄။ | မဟာမုနိ၊ | နတ်မျက်စိ၊ | မြင်သိပါလေပြီ။ |
| ၅။ | တန်ခိုးကြီးပြား၊ | နတ်တို့များ၊ | သိမ်းထားရပ်ကွက်သည်၊ |
| ၆။ | တန်ခိုးကြီးတတ်၊ | မင်းနှင့်မတ်၊ | စိတ်ညွတ်ကြလေသည်။ |
| ၇။ | တန်ခိုးလတ်စား၊ | နတ်တို့များ၊ | သိမ်းထားရပ်ကွက်သည်၊ |
| ၈။ | တန်ခိုးအလတ်၊ | မင်းနှင့်မတ်၊ | စိတ်ညွတ်ကြလေသည်။ |
| ၉။ | တန်ခိုးနည်းပါး၊ | နတ်တို့များ၊ | သိမ်းထားရပ်ကွက်သည်၊ |
| ၁၀။ | တန်ခိုးနည်းလတ်၊ | မင်းနှင့်မတ်၊ | စိတ်ညွတ်ကြလေသည်။ |
| ၁၁။ | မတ်ကြီးများထင်၊ | အိမ်သို့ဆင်၊ | ဆွမ်းပင့်ကပ်ကြသည်။ |

| | | | |
|---|---|---|---|
| ၁၂။ | ဆွမ်းစားပြီးရာ၊ | နုမောဒါ၊ | မြတ်စွာဟောလေပြီ။ |
| ၁၃။ | အိမ်သစ်မင်္ဂလာ၊ | ပြုလေရာ၊ | ပညာရှိတို့သည်၊ |
| ၁၄။ | သီလရှိကြား၊ | သံဃာအား၊ | ဦးဖျားလှူရမည်။ |
| ၁၅။ | မိမိအိမ်မှာ၊ | နေလေရာ၊ | ဒေဝါများကိုသည်၊ |
| ၁၆။ | ကုသိုလ်ပညာ၊ | ဖို့ဘာဂ၊ | အမျှပေးရမည်။ |
| ၁၇။ | နတ်တို့ခရေ့၊ | စိတ်မှာတွေ့၊ | ပြန်၍စောင့်တတ်သည်။ |
| ၁၈။ | မိကသားကို၊ | စောင့်သလို၊ | ပြန်ကိုစောင့်တတ်သည်။ |
| ၁၉။ | ကောင်းခြင်းမင်္ဂလာ၊ | အဖြာဖြာ၊ | ကောင်းစွာမြင်ရမည်။ |
| ၂၀။ | နုမောဒနာ၊ | ပြုပြီးရာ၊ | မြတ်စွာပြန်ကြွပြီ။ |
| ၂၁။ | ဂင်္ဂါမြစ်နား၊ | မြတ်ဘုရား၊ | ရောက်သွားပါလေပြီ။ |
| ၂၂။ | မြစ်ကိုကူးလို၊ | လူတို့ဆို၊ | ဖောင်ကိုရှာကြသည်။ |
| ၂၃။ | ဘုရားမြတ်ထင့်၊ | တန်ခိုးနှင့်၊ | အသင့်ကူးမြောက်ပြီ။ |
| ၂၄။ | ဘုရားမြတ်စွာ၊ | စိတ်ကြည်ကာ၊ | ဥဒါန်းကျူးလေပြီ။ |
| ၂၅။ | သဘာဝမြစ်၊ | တဏှာမြစ်၊ | နှစ်မြစ်ရှိလေသည်။ |
| ၂၆။ | သဘာမြစ်အား၊ | ကူးလိုကြား၊ | အများလူတို့သည်၊ |
| ၂၇။ | တန်ခိုးမပြောင်၊ | ကူးတို့ဖောင်၊ | ရှာဆောင်ကူးရသည်။ |
| ၂၈။ | တန်ခိုးရှိကြား၊ | သူတို့ကား၊ | စိတ်သွားကူးမြောက်သည်။ |
| ၂၉။ | မဂ်ဉာဏ်လေးရောက်၊ | တံတားဆောက်၊ | မဆောက်နိုင်သူသည်၊ |
| ၃၀။ | တဏှာ၏မြစ်၊ | ရေယဉ်စစ်၊ | မျောနစ်နေရသည်။ |
| ၃၁။ | မဂ်ဉာဏ်လေးဖြာ၊ | ရပြီးရာ၊ | ရိယာများတို့သည်၊ |
| ၃၂။ | တဏှာမြစ်အောက်၊ | ဘယ်မရောက်၊ | ကူးမြောက်သွားကြပြီ။ |
| ၃၃။ | မဂ်၏တံတား၊ | ဆောက်လိုကြား၊ | အများလူတို့သည်၊ |
| ၃၄။ | သမထတိုင်၊ | ဝိပဿ်တိုင်၊ | ခိုင်ခိုင်ထူရမည်။ |
| ၃၅။ | ကွန်ကရစ်ပမာ၊ | ခိုင်မာစွာ၊ | ကောင်းစွာထူရမည်။ |
| ၃၆။ | ဝိပဿနာ၊ | ဘာဝနာ၊ | ခါခါပွားရမည်။ |
| ၃၇။ | ဂေါတြဘူ့ဝေါဒန်၊ | ပေါ်ပြီးမှန်၊ | မဂ်ဉာဏ်ပေါ်လေမည်။ |

၃၈။ မဂ်ဉာဏ်လေးဖြာ၊ ပေါ် လေပါ၊ တဏှာမြစ်ရေသည်၊
၃၉။ တစ်စက်တစ်ပေါက်၊ မကျန်သောက်၊ ခန်းခြောက်သွားကြသည်။
၄၀။ ကူးရခတ်ရ၊ ကျင်လည်ရ၊ ဒုက္ခငြိမ်းလေပြီ။
၄၁။ မဂ်ဉာဏ်လေးချက်၊ ရဖို့ခက်၊ သောမဂ်ရသင့်သည်။

ပါဋ္ဌလိပုတ်မြို့တည်ခန်းလာ ကိုယ်ကျင့်တရားများ ပြီး၏။



## ကောဋိရွာ၌ သစ္စာလေးပါးကို ဟောတော်မူခြင်း

<u>သစ္စာလေးပါးတရား</u> ။ ။ မြတ်စွာဘုရားသည် ကောဋိရွာ၌ သီတင်းသုံးနေတော်မူစဉ် အခါ ရဟန်းတို့ကို သစ္စာလေးပါး တရားကို ဟောတော်မူ၏။

'ရဟန်းတို့ ... ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ - ဟူသော အရိယသစ္စာတရား လေးပါးတို့ကို အနနုဗောဓာ - အထွတ်အထိပ်ရောက် ဝိပဿနာဉာဏ်ဖြင့် လျော်စွာမသိခြင်းကြောင့်လည်းကောင်း၊ အပ္ပဋိဝေဓာ - မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့်လည်းကောင်း၊ မမဉ္စေဝ - ငါသည်လည်းကောင်း၊ တုမှာကဉ္စ - သင်တို့သည်လည်းကောင်း၊ ဧဝမိဒံ ဒီဃမဒ္ဓါနံ- ဤမျှ ရှည်လျားလှစွာသော သံသရာ အခွန့်ကာလပတ်လုံး၊ သန္ဓာဝိတံ - ပြေးသွားခဲ့ ရလှလေပြီ။ သံသရိတံ - တပြောင်းပြန်ပြန် ကျင်လည်ခဲ့ရလှလေပြီ။

ရဟန်းတို့ ... ထိုဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟူသော သစ္စာလေးပါးတို့ကို ငါသည် အနုဗုဒ္ဓံ - အထွတ်အထိပ်ရောက် ဝိပဿနာဉာဏ်ဖြင့် လျော်စွာသိပြီ။ ပဋိဝိဒ္ဓံ - မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိပြီ။ ဘဝတဏှာ - ဘဝတဏှာကို၊ ဥစ္ဆိန္နာ - အကြွင်းမဲ့ ပယ်သတ်အပ်ပြီ။ ဘဝနေတ္တိ - ဘဝသစ်သို့ ဆွဲဆောင်တတ်သော ကြိုးနှင့်တူစွာ ဘဝတဏှာသည်၊ ခီဏာ - ကုန်လေပြီ။ ဒါနိ - ယခုအခါ၌၊ ပုနဗ္ဘဝေါ - တဖန်ဘဝသစ်၌ ဖြစ်ခြင်း သည်၊ နတ္ထိ - မရှိတော့ပြီ '

- ဟု ဟောတော်မူလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ဂါထာဖြင့်လည်း ဤသို့ ဟောတော်မူလေ၏။

၁။ စတုန္နံ အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ၊
သံသိတံ ဒီဃမဒ္ဓါနံ၊ တာသု တာသွေဝ ဇာတိသု၊

၂။ တာနိ ဧတာနိ ဒိဋ္ဌာနိ၊ ဘဝနေတ္တိ သမူဟတာ၊
ဥစ္ဆိန္နံ မူလံ ဒုက္ခဿ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါ။

၁။ စတုန္နံ – လေးပါးကုန်သော၊ အရိယသစ္စာနံ – အရိယသစ္စာတို့ကို၊ ယထာဘူတံ – ဟုတ်တိုင်းမှန်စွာ၊ အဒဿနာ – ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့် မမြင်ခြင်းကြောင့်၊ မမဉ္စေဝ – ငါသည်လည်းကောင်း၊ တုမှာကဉ္စ – သင်တို့သည်လည်း ကောင်း၊ ဒီဃမဒ္ဓါနံ – ရှည်လျားလှစွာသော သံသရာ အဓွန့်ကာလပတ်လုံး၊ သံသိတံ – ကျင်လည်ခဲ့ရလှလေပြီ။

၂။ တာနိ – ထိုသို့သဘောရှိသော၊ ဧတာနိ – ထိုလေးပါးသော အရိယသစ္စာတို့ကို၊ မမဉ္စေဝ – ငါဘုရားသည်လည်းကောင်း၊ တုမှာကဉ္စ – သင်တို့သည်လည်းကောင်း၊ ဒိဋ္ဌာနိ – ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့် မြင်အပ်ကုန်ပြီ။ ဘဝနေတ္တိ – ဘဝသုံးပါးသို့ ဆွဲဆောင်တတ်သည့် တဏှာတည်းဟူသော ကြိုးကို၊ သမူဟတာ – ကောင်းစွာဖြတ်အပ်ပြီ။ ဒုက္ခဿ – ဆင်းရဲဒုက္ခမှန်သမျှ၏၊ မူလံ – အကြောင်းရင်းဖြစ်သော တဏှာကို၊ ဆိန္နံ – မဂ်ဉာဏ်လေးတန်ဖြင့် ပယ်ဖြတ် အပ်ပြီးပြီ။ ဒါနိ – ယခုအခါ၌၊ ပုနဗ္ဘဝေါ – တဖန်ဘဝအသစ်၌ ဖြစ်ခြင်းသည်၊ နတ္ထိ – မရှိတော့ပြီ – ဟု မိန့်တော်မူ၏။

( ဝိ – ၃– ၃၂၅ / ၆ ॥ မြန် – ၃၂၇ / ၈ )

<u>သတိပြုရန်</u> ॥ *॥ အထက်ပါဒေသနာတော်၌ အထွတ်အထိပ်ရောက် ဝိပဿနာဉာဏ် ဟူသည် အနုလောမဉာဏ်တည်း။ အနုလောမဉာဏ်သို့ ရောက်လျှင် နောက်ပြန်မဆုတ်တော့ဘဲ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ ကူးတက်သွားလေပြီ။ ထို့ကြောင့် ဝိပဿနာရှုပွားသော ယောဂီပုဂ္ဂိုလ်တို့သည် ရုပ်နာမ်သဘောကို ရှုပွားရာမှ, ရုပ်နာမ်၏ အဖြစ်အပျက်ကို ရှုပွားရာမှ ဝိပဿနာဉာဏ်၏ အထွတ်အထိပ်ဖြစ်သော အနုလောမဉာဏ်သို့ ရောက်အောင် ရှုပွားနိုင်ကြပေကုန်ရာ၏။*

## သစ္စာလေးပါးကို ဟောတော်မူခြင်း၌ ဆောင်ရန်လင်္ကာများ

၁။ မဟာမုနိ၊ သဘောမိ၊ ကောဍ္ဍိရောက်ခဲ့ပြီ။
၂။ သစ္စာလေးပါး၊ မြတ်တရား၊ ဟောကြားပါလေပြီ။
၃။ ဒု,သ,နိ,မ၊ ခေါ်ဆိုရ၊ ရိယသစ္စာသည်၊
၄။ အရိယာတို့၊ သိအပ်လို့၊ သိဖို့ခေါ်ဆိုသည်။
၅။ ဘုရားမြတ်စွာ၊ အရိယာ၊ သိရာသစ္စာသည်၊
၆။ ဝိပဿနာဉာဏ်၊ မဂ်ဖိုလ်ဉာဏ်၊ အမှန်သိရမည်။
၇။ ဝိပဿနာအသိ၊ မဂ်ဖိုလ်သိ၊ မသိခြင်းကြောင့်သည်၊
၈။ သံသရာတစ်လွှား၊ တဖားဖား၊ ပြေးသွားခဲ့ရပြီ။
၉။ ထပ်တစ်လီလီ၊ ဖြစ်ခါတည်၊ ကျင်လည်ခဲ့ရပြီ။
၁၀။ သစ္စာလေးခု၊ တရားစု၊ ယခုငါသိပြီ။
၁၁။ နုလောဉာဏ်ဖြင့်၊ မဂ်ဖိုလ်ဖြင့်၊ ထောက်ချင့်သိခဲ့ပြီ။
၁၂။ ရစ်ပတ်ခွေသိုင်း၊ ဏှာကြိုးလိုင်း၊ ပိုင်းပိုင်းပြတ်ခဲ့ပြီ။
၁၃။ ဒုက္ခအရင်း၊ ဏှာတစ်သင်း၊ အရှင်းပြတ်လေပြီ။
၁၄။ သန္ဓေဇာတိ၊ နေရဘိ၊ မရှိပါတော့ပြီ။
၁၅။ ရှင်တော်ဗုဒ္ဓ၊ နှုတ်တော်က၊ ဖွင့်ဟမိန့်လေပြီ။
၁၆။ သစ္စာလေးတန်၊ တရားမှန်၊ သိရန်ထုတ်ရမည်။
၁၇။ ရုပ်နာမ်သဘော၊ ထပ်ထပ်စော၊ သဘောသိရမည်။
၁၈။ ရုပ်နာမ်ဖြစ်ပျက်၊ လွတ်မထွက်၊ သိလျက်နေရမည်။
၁၉။ ဖြစ်ပျက်သိဉာဏ်၊ ဆုံးလေမှန်၊ မဂ်ဉာဏ်ပေါ် လေပြီ။

ကောဍ္ဍိညာ၌ သစ္စာလေးပါးကို ဟောခြင်း ပြီး၏။

## အမ္ဗပါလီဝတ္ထုလာ ကိုယ်ကျင့်တရားများ

**ဆွမ်းစားပင့်ခြင်း ။** ။ အမ္ဗပါလီ ပြည့်တန်ဆာမသည် –

'မြတ်စွာဘုရားသည် ကောဋိရွာသို့ ရောက်တော်မူသတတ်'

– ဟု သတင်းကြားလေ၏။ ထိုအခါ အမ္ဗပါလီ ပြည့်တန်ဆာမသည် အလွန်ကောင်းသောယာဉ်တို့ကို ကစေပြီးလျှင် ကောင်းသော ယာဉ်ကိုစီးလျက် အလွန်ကောင်းသော အရံယာဉ်တို့နှင့်တကွ မြတ်စွာဘုရားကို ဖူးမြော်ရန် ဝေသာလီပြည်မှ ထွက်လေ၏။

ယာဉ်ဖြင့်သွားသင့်သမျှ အရပ်ကို ယာဉ်ဖြင့်သွား၍ ယာဉ်မှ ဆင်းပြီးသော် ခြေကျင်သာလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တစ်ခုသောနေရာ၌ ထိုင်နေ၏။

အမ္ဗပါလီပြည့်တန်ဆာမကို မြတ်စွာဘုရားသည် ဓမ္မိယာ ကထာယ – တရားစကားဖြင့်၊ သန္ဒဿေသိ – အကျိုးစီးပွားကို သိမြင်စေ၏။ သမာဒပေသိ – တရားကို ဆောက်တည်စေ၏။ သမုတ္တေဇေသိ – တရားကျင့်သုံးရန် ထက်သန်စေ၏။ သမ္ပဟံသေသိ – တရားကျင့်သုံးရန် ရွှင်လန်းစေ၏။

ထိုအခါ အမ္ဗပါလီ ပြည့်တန်ဆာမသည် –

'မြတ်စွာဘုရား ... မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အဖို့ တပည့်တော်၏ ဆွမ်းကို လက်ခံတော်မူပါ'

– ဟု မြတ်စွာဘုရားအား လျှောက်လေ၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလေ၏။

ထိုအခါ အမ္ဗပါလီပြည့်တန်ဆာမသည် မြတ်စွာဘုရား လက်ခံတော်မူသည်ကို သိ၍ နေရာမှထကာ မြတ်စွာဘုရားကို အရိုအသေပြုပြီးလျှင် ဖဲ၍သွားလေ၏။

<u>လိစ္ဆဝီမင်းတို့ကို နိုင်ခြင်း ။</u> ။ ဝေသာလီပြည်နေ လိစ္ဆဝီမင်းတို့သည် -

'မြတ်စွာဘုရားသည် ကောဋိရွာသို့ ရောက်တော်မူသတတ်'

- ဟု ကြားကုန်၏။ ထိုအခါ လိစ္ဆဝီမင်းတို့သည် အလွန်ကောင်းသော ယာဉ်တို့ကို ကစေပြီးလျှင် ကောင်းသောယာဉ်ကို စီး၍ အလွန်ကောင်းသော အရံယာဉ်တို့နှင့်တကွ မြတ်စွာဘုရားကို ဖူးမြော်ရန် ဝေသာလီပြည်မှ ထွက်လာကုန်၏။

ထိုလိစ္ဆဝီမင်းတို့တွင် အချို့သည် ညိုသောအဝတ်တန်ဆာရှိကြ၍ ညိုသော အရောင်အဆင်းရှိကုန်၏။ အချို့သည် ဝါသောအဝတ်တန်ဆာရှိကြ၍ ဝါသောအရောင် အဆင်းရှိကြကုန်၏။ အချို့သည် နီသောအဝတ်တန်ဆာရှိကြ၍ နီသောအရောင်အဆင်း ရှိကုန်၏။ အချို့သည် ဖြူသောအဝတ်တန်ဆာရှိကြ၍ ဖြူသောအရောင်အဆင်းရှိကြကုန် ၏။

ထိုလိစ္ဆဝီမင်းတို့က ဘုရားဖူးရန်အသွား အမ္ဗပါလီပြည့်တန်ဆာမက ဘုရား ဖူးရာမှအပြန် လမ်းခရီးတွင် ဆုံမိကြလေကုန်၏။

ထိုအခါ အမ္ဗပါလီသည် အသက်အရွယ်ငယ်ကုန်သော လိစ္ဆဝီမင်းတို့၏ ရထားတို့ကို မိမိရထားနှင့် ဝင်ရိုးချင်း၊ ဘီးချင်း၊ ထမ်းပိုးချင်း တိုက်ခိုက်စေလေ၏။ ထိုအခါ လိစ္ဆဝီမင်းတို့သည် အမ္ဗပါလီကို -

' ဟယ် ... အမ္ဗပါလီ .. သင်သည် အဘယ်ကြောင့် ငယ်ကုန်သော လိစ္ဆဝီမင်း တို့၏ ရထားတို့ကို တိုက်ခိုက်စေဘိသနည်း' - ဟု မေးကုန်၏။

ထိုအခါ အမ္ဗပါလီသည် လိစ္ဆဝီမင်းတို့အား -

'အရှင်သားတို့ ... ရဟန်းသံဃာနှင့်တကွ မြတ်စွာဘုရားကို နက်ဖြန်ခါ ဆွမ်းဘုဉ်းပေးရန် အကျွန်ုပ်ပင့်ခဲ့ပါပြီ။ ထို့ကြောင့် တိုက်ခိုက်စေပါသည်' - ဟု ပြောလေ၏။

ထိုအခါ လိစ္ဆဝီမင်းတို့သည် အမ္ဗပါလီအား -

'ဟယ် ... အမ္ဗပါလီ ... ထိုဆွမ်းကို အသပြာတစ်သိန်းဖြင့် ငါတို့အား ပေးပါလော့' - ဟု တောင်းကြလေကုန်၏။

ထိုအခါ အမ္ဗပါလီသည် လိစ္ဆဝီမင်းတို့အား –

'အရှင့်သားတို့ ... တိုင်းခရိုင်နှင့်တကွ ဝေသာလီပြည်ကို အကျွန်ုပ်အား ပေးစေကာမူ ထိုဆွမ်းကို မပေးနိုင်ပါ' – ဟု ပြန်လည် ပြောကြားလေ၏။

ထိုအခါ လိစ္ဆဝီမင်းတို့သည် –

'ငါတို့ကို မိန်းမက နိုင်သွားပြီ အမောင်တို့ ... ။
မိန်းမသားမှ ငါတို့ ရှုံးကုန်ပြီ အမောင်တို့ ...'

– ဟူ၍ ပြောဆိုကာ လက်ဖျားခါကြကုန်၏။

<u>တာဝတိံသာနတ်အလား</u> ။ ။ ထိုအခါ လိစ္ဆဝီမင်းတို့ ဘုရားဖူးရန် အဝေးမှ လာနေသည်ကို မြင်တော်မူ၍ မြတ်စွာဘုရားသည် ရဟန်းတို့ကို–

'ရဟန်းတို့ ... တာဝတိံသာနတ်တို့ကို မမြင်ဖူးကုန်သော ရဟန်းတို့သည် လိစ္ဆဝီမင်းပရိသတ်ကို ကြည့်ရှုကြကုန်လော့။ ရဟန်းတို့ ... လိစ္ဆဝီမင်းပရိသတ်ကို ကြည့်ရှုကုန်လော့။ လိစ္ဆဝီမင်းပရိသတ်ကို တာဝတိံသာနတ်နှင့် အတူထား၍ ကြည့်ရှုကုန်လော့' – ဟု မိန့်တော်မူ၏။

ထိုအခါ လိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိသေစွာ ရှိခိုးပြီးလျှင် တစ်ခုသောနေရာ၌ ထိုင်ပြီးနောက် မြတ်စွာဘုရားအား ရဟန်းသံဃာနှင့်အတူ ဆွမ်းစားပင့်ကြလေကုန်၏။

'အမ္ဗပါလီ ပြည့်တန်ဆာမ၏ ဆွမ်းကို လက်ခံပြီးပြီ'

– ဟု မြတ်စွာဘုရားက မိန့်တော်မူလျှင် လိစ္ဆဝီမင်းတို့သည် –

'ငါတို့ကို မိန်းမကနိုင်သွားပြီ အမောင်တို့ ... ။
မိန်းမသားမှ ငါတို့ရှုံးကုန်ပြီ အမောင်တို့ ... '

– ဟူ၍ ပြောဆိုကာ လက်ဖျားခါကြပြန်ကုန်၏။

<u>အာရာမ်ကို လှူခြင်း</u> ။ ။ ထို့နောက် မြတ်စွာဘုရားသည် ကောဋိရွာမှ နာတိကရွာသို့ ကြွတော်မူပြီးလျှင် နာတိကရွာ အုတ်ကျောင်း၌ သီတင်းသုံးနေတော်မူလေ၏။

ထို့နောက် နောက်တစ်ရက်သို့ ရောက်သောအခါ အမ္ဗပါလီပြည့်တန်ဆာမသည် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းကပ်လှူပြီးလျှင် မိမိ၏ သရက်ဥယျာဉ်ကို ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းလေ၏။

ထို့နောက် မြတ်စွာဘုရားသည် နေရာမှ ထကာ မဟာဝုန်တောသို့ ကြွတော်မူပြီ။ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံးနေတော်မူလေ၏။

( ဝိ - ၃ - ၃၂၆ / ၃၂၈။ မြန် - ၃၂၈ / ၃၃၀ )

<u>သတိပြုရန်</u> ။ ။ ယေ်ရှယ်သော လိစ္ဆဝီမင်းတို့သည် အမ္ဗပါလီ ပြည့်တန်ဆာမထံသို့ ပျော်ပါးရန် သွားနေကျဖြစ်၍ လိစ္ဆဝီမင်းတို့နှင့် အမ္ဗပါလီတို့သည် ရင်းနှီးကြသော အပေါင်းအဖော်များ ဖြစ်ကြလေကုန်၏။

ထို့ကြောင့် အမ္ဗပါလီသည် မြတ်စွာဘုရားအား ဆွမ်းစားပင့်၍ ရသောအခါ အလွန်အားရဝမ်းသာ ရွှင်လန်းတက်ကြွမှုဖြစ်ပြီး လိစ္ဆဝီမင်းတို့အား မော်ကြွားလိုသည်ဖြစ်၍ လိစ္ဆဝီမင်းတို့၏ ရထားကို ထိခိုက်၍ အသိပေးလိုက်သည်မှာ ကြည်နူးစရာ မြင်ကွင်းဖြစ်သလို လိစ္ဆဝီမင်းတို့က ဆွမ်းကို အသပြာတစ်သိန်းဖြင့် တောင်းသည်ကို-

'ဝေသာလီပြည်ကြီးကိုပါ ပေးဦးတော့၊ မပေးနိုင်ဘူး'

- ဟူ၍ ငြင်းပယ်လိုက်သော စကားမှာလည်း အလွန်ဂုဏ်ယူဝမ်းမြောက်စရာပင် ဖြစ်လေ၏။ လိစ္ဆဝီမင်းတို့၏ -

'ငါတို့ကို မိန်းမက နိုင်သွားပြီ' - ဟူ၍ ပြောဆိုကာ လက်ဖျားခါကြသော အဖြစ်ကလည်း တစိမ့်စိမ့်တွေး၍ တသိမ့်သိမ့် သဘောကျစရာ ဖြစ်နေပေ၏။

အမ္ဗပါလီ၏ သဒ္ဓါတရားကလည်း အထက်တန်းကျလှပေ၏။ မိမိ၏ သရက်ဥယျာဉ်ကို မြတ်စွာဘုရား အမှူးပြုသော သံဃာတော်တို့အား ရက်ရက်ရောရော လှူဒါန်း

လိုက်သော အပြစ်ကလည်း လိစ္ဆဝီမင်းတို့ ရှုံးမည်ဆိုလျှင်လည်း ရှုံးလောက်သော သဒ္ဓါတရားပင် ဖြစ်ပေတော့၏။ ထိုခေတ်ထိုအခါက ထိုမြင်ကွင်းသည် ကြည့်လို့ကောင်းသော မြင်ကွင်းတစ်ခု ဖြစ်ခဲ့ပေလိမ့်မည်တည်း။

## အမ္ဗပါလီ ဝတ္ထုလာ ဆောင်ရန် လင်္ကာများ

၁။ ကောဋိရွာမှာ၊ မြတ်ဗုဒ္ဓါ၊ ရောက်လာကြား၍သည်၊
၂။ အမ္ဗပါလီ၊ ဘုရားဆီ၊ ရှင်ကြည်ရောက်လေပြီ။
၃။ တရားဖြင့်သာ၊ ဟောကြားကာ၊ ကြည်သာစေခဲ့ပြီ။
၄။ စိတ်တွေရွှင်ပြုံ၊ လွန်တက်ကြွ၊ အမ္ဗပါလီသည်၊
၅။ ဘုရားမှူးထား၊ သံဃာအား၊ ဆွမ်းစားပင့်ခဲ့ပြီ။
၆။ လိစ္ဆဝီခေါ်၊ ဘုရားသော်၊ ဖူးမြော်ထွက်ခဲ့ပြီ။
၇။ သွားလာမပြီး၊ လမ်းခရီး၊ ဆုံဆည်းကြလေပြီ။
၈။ မိမိရထား၊ သူ့ရထား၊ ကပ်ထားတိုက်စေပြီ။
၉။ ပါလီစိတ်မှာ၊ တက်ကြွကာ၊ ပျော်ကာနေလေသည်။
၁၀။ ဟယ် ဟယ် အမ္ဗ၊ ဘာလို့ပ၊ တိုက်ရမေးလေပြီ။
၁၁။ အကြောင်းသိရာ၊ တစ်သိန်းပါ၊ ပေးကာတောင်းလေပြီ။
၁၂။ ဝေသာလီခေါ် ဆောင်၊ ပြည်ကိုတောင်၊ ပေးတောင်မရပြီ။
၁၃။ အမှန်တကယ်၊ ပါလီရယ်၊ ငြင်းပယ်လိုက်လေပြီ။
၁၄။ တို့နှင့်ရင်ဆိုင်၊ မိန်းမပိုင်၊ အနိုင်ရလေပြီ။
၁၅။ လိစ္ဆဝီမင်းများ၊ ပါလီအား၊ လက်ဖျားခါသွားပြီ။
၁၆။ ဆွမ်းကပ်ပြီးရာ၊ ဉယျာဉ်ပါ၊ လှူပါလေတော့သည်။
၁၇။ ပါလီခေါ် မှန်း၊ သဒ္ဓါလန်း၊ ထက်တန်းကျလေသည်။
၁၈။ စေတနာသဒ္ဓါ၊ ညာဏ်နှင့်ဖြာ၊ လွန်စွာကောင်းပေသည်။

အမ္ဗပါလီဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

## သီဟစစ်သူကြီးဝတ္ထုလာ ကိုယ်ကျင့်တရားများ

**သီဟစစ်သူကြီး ။** ။ သီဟစစ်သူကြီးကား တိတ္ထိဆရာကြီး နိဂဏ္ဌနာဋပုတ္တ၏ တပည့်ကြီး ဖြစ်လေ၏။ တစ်နေ့သောအခါ၌ အလွန်ကျော်စောထင်ရှားသော လိစ္ဆဝီမင်းတို့သည် မင်းကွန်း၌ အတူနေ အတူစည်းဝေး ကုန်လျက် များစွာသော အကြောင်းဖြင့် ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏။ ထိုအခါ နိဂဏ္ဌ၏တပည့်ဖြစ်သော သီဟစစ်သူကြီးသည် ထိုပရိသတ်၌ ထိုင်နေ၏။

**ဘုရားဖူးရန်ကို တားမြစ်ခြင်း ။** ။ ထိုအခါ သီဟစစ်သူကြီးအား -

'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားဖြစ်လတ္တံ့၊ ထို့ကြောင့်သာလျှင် အလွန်ကျော်စောထင်ရှားသော ဤလိစ္ဆဝီမင်းတို့သည် ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို များစွာသော အကြောင်းဖြင့် ပြောဆိုကုန်၏။ ငါသည် ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ရမူ ကောင်းလေစွ'

- ဟု အကြံဖြစ်လေ၏။

ထိုအကြံကို ဆရာဖြစ်သော နိဂဏ္ဌနာဋပုတ္တအား ပြောဆိုသောအခါ နိဂဏ္ဌသည် သီဟစစ်သူကြီးအား -

"သီဟ ... အဘယ်ကြောင့် သင်သည် ပြုထိုက်၏ဟူသော အယူ 'ကိရိယဝါဒ' ရှိလျက် မပြုထိုက်ဟူသော အယူ 'အကိရိယဝါဒ' ရှိသော ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်လိုဘိသနည်း။ သီဟ ... ရဟန်းဂေါတမသည် မပြုထိုက် ဟူသော အယူ 'အကိရိယဝါဒ' ရှိ၏။ မပြုစိမ့်သောငှါ တရားဟော၏။ ထိုဝါဒဖြင့် တပည့်တို့ကို ဆုံးမ၏"

- ဟု ပြောဆိုတားမြစ်လေ၏။ ထို့ကြောင့် သီဟစစ်သူကြီးအား မြတ်စွာဘုရားကို ဖူးမြော်ရန် သွားအံ့ဟု အားထုတ်ခြင်းသည် ငြိမ်းလေ၏။

နှစ်ကြိမ်မြောက်လည်း သီဟစစ်သူကြီးသည် ထိုသို့ အကြံဖြစ်ပြီးနောက် ဆရာနိဂဏ္ဌအား ပြောပြသောအခါ ဆရာနိဂဏ္ဌသည် သီဟစစ်သူကြီးအား ရှေးနည်းတူ ပြောဆိုတားမြစ်သည်ဖြစ်၍ ဘုရားဖူးရန် သွားအံ့– ဟု အားထုတ်ခြင်းသည် ငြိမ်းပြန်လေ၏။

**ဘုရားထံ ချဉ်းကပ်ခြင်း ။** ။ သုံးကြိမ်မြောက် အကြံဖြစ်သောအခါ၌မူကား သီဟစစ်သူကြီးသည် ဆရာနိဂဏ္ဌတို့အား မပန်ကြားဘဲ သွားတော့အံ့ဟု ဆုံးဖြတ်လိုက်လေ၏။ ထို့နောက် သီဟစစ်သူကြီးသည် နေမွန်းလွဲသောအခါ ရထားငါးရာတို့ဖြင့် မြတ်စွာဘုရားကို ဖူးမြော်ရန် ဝေသာလီပြည်မှ ထွက်လေ၏။ ယာဉ်ဖြင့် သွားသင့်သော အရပ်တိုင်အောင် ယာဉ်ဖြင့်သွား၍ ယာဉ်မှ ဆင်းကာ ခြေကျင်သာလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တစ်ခုသော နေရာ၌ ထိုင်ကာ မြတ်စွာဘုရားအား ဤသို့ လျှောက်ထားလေ၏။

**မစွပ်စွဲလိုပါ ။** ။ 'အရှင်ဘုရား ... ရဟန်းဂေါတမသည် မပြုထိုက်ဟူသောအယူ 'အကိရိယဝါဒ' ရှိ၏။ မပြုစိမ့်သောငှါ တရားကိုဟော၏။ ထိုအကိရိယဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏ဟု ကြားရဖူးပါသည်။ အရှင်ဘုရား ... ထိုသို့ ပြောဆိုခြင်းသည် မြတ်စွာဘုရား မိန့်ကြားတော်မူသည့်အတိုင်းပင် ပြောဆိုကြသည် ဟုတ်ပါ၏လော။ မြတ်စွာဘုရားကို မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲရာ မရောက်ဘဲ ရှိပါ၏လော။ အကျွန်ုပ်တို့သည်ကား မြတ်စွာဘုရားကို စွပ်စွဲရန် အလိုမရှိကြပါ' – ဟု လျှောက်ထားလေ၏။

**တရားဟောခြင်း ။** ။ ထိုအခါ မြတ်စွာဘုရားသည် သီဟစစ်သူကြီးအား ဤသို့ ပြန်လည်၍ တရားဟောကြားခြင်းဖြင့် ဖြေရှင်းပြတော်မူလေ၏။

"သီဟ ... ထိုသို့ ပြောဆိုနိုင်သော နည်းပရိယာယ်တစ်မျိုးရှိ၏။ ယင်းမှာ– ငါသည် ကိုယ်ဖြင့် ပြုသော ကာယဒုစရိုက်ကိုလည်းကောင်း၊ နှုတ်ဖြင့် ပြုသော ဝစီဒုစရိုက်ကိုလည်းကောင်း၊ စိတ်ဖြင့် ပြုသော မနောဒုစရိုက်ကိုလည်းကောင်း မပြုထိုက်ဟု ဟော၏။ ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မပြုထိုက်ဟု ဟော၏။

သီဟ ... ဤသို့သော နည်းပရိယာယ်အားဖြင့် 'ရဟန်းဂေါတမသည် မပြုထိုက် ဟူသော အယူ အကိရိယဝါဒရှိ၏။ မပြုစိမ့်သောငှါ တရားဟော၏။ ထိုဝါဒဖြင့် လည်း တပည့်သားတို့ကို ဆုံးမ၏' ဟု ငါ့ကို ကောင်းစွာ ပြောဆိုသူသည် ပြောဆို နိုင်ရာ၏။

သီဟ ... ငါသည် ကိုယ်ဖြင့် ပြုသော ကာယသုစရိုက်ကိုလည်းကောင်း၊ နှုတ်ဖြင့် ပြုသော ဝစီသုစရိုက်ကိုလည်းကောင်း၊ စိတ်ဖြင့် ပြုသော မနောသုစရိုက် ကိုလည်းကောင်း ပြုထိုက်၏ဟု ဟော၏။ သီဟ ... ဤသို့သော နည်းပရိယာယ် အားဖြင့် 'ရဟန်းဂေါတမသည် ပြုထိုက်၏ - ဟူသော အယူ ကိရိယဝါဒရှိ၏။ ပြုစိမ့်သောငှါ တရားကို ဟော၏။ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏' - ဟု ငါ့ကို ကောင်းစွာပြောဆိုသော သူသည် ပြောဆိုနိုင်ရာ၏ ...ပ...

သီဟ ... ရဟန်းဂေါတမသည် နုတ်ပြည်ရောက်ခြင်းငှါ မထိုက်ဟူ၍ ပြောဆို နိုင်သော နည်းပရိယာယ်တစ်မျိုးရှိ၏။ ယင်းမှာ -

သီဟ ... မြတ်စွာဘုရားသည် နောင်တစ်ဖန် ပဋိသန္ဓေနေခြင်း ဘဝသစ်၌ ဖြစ်ခြင်းကို ပယ်ပြီးပြီ။ အဝိဇ္ဇာတဏှာအမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးပြီ။ နှုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ။ အသစ်မဖြစ်ခြင်းကို ပြုပြီးပြီ။ နောင်အခါ၌ ဖြစ်ခြင်း သဘော မရှိကုန်ပြီ။ သီဟ ... ဤသို့သော နည်းပရိယာယ်အားဖြင့် ရဟန်း ဂေါတမသည် နုတ်ပြည်ရောက်ခြင်းငှါ မထိုက်' ဟု ပြောဆိုမှု ပြောဆိုနိုင်ရာ၏။

သီဟ ... ရဟန်းဂေါတမသည် သက်သာရာကို ရှာတတ်၏ဟူ၍ ပြောဆိုနိုင် သော နည်းပရိယာယ်သည်ရှိ၏။ ယင်းမှာ -

သီဟ ... ငါသည် မဂ်ဖိုလ်ဟူသော သက်သာခြင်းဖြင့် သက်သာရာကို ရှာ၏။ သက်သာရာကို ရစိမ့်သောငှါလည်း တရားဟော၏။ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏။ သီဟ ... ဤသို့သော နည်းပရိယာယ်အားဖြင့် 'ရဟန်း ဂေါတမသည် သက်သာရာကို ရှာ၏' ဟု ပြောဆိုမှု ပြောဆိုနိုင်ရာ၏"

- ဟု မိန့်တော်မူလေ၏။

**သီဟ သောတာပန်ဖြစ်ခြင်း ။** ။ ဤသို့ ဗုဒ္ဓဟောကြား တရားစကားကို နာကြားပြီးသောအခါ သီဟစစ်သူကြီးသည် ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူ ဥပါသကာအဖြစ်ကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် သီဟစစ်သူကြီးအား အနုပုဗ္ဗိကထာ တရားဒေသနာတော်ကို ဟောကြားတော်မူ၏။ တရားအဆုံး၌ သီဟစစ်သူကြီးသည် သောတာပန်အဖြစ်သို့ ရောက်လေ၏။

ထိုအခါ သီဟစစ်သူကြီးသည် နက်ဖြန်အတွက် ရဟန်းသံဃာနှင့်အတူ မြတ်စွာဘုရားအား ဆွမ်းစားပင့်ကာ အိမ်သို့ ပြန်လာခဲ့လေ၏။

**အလိုလိုဖြစ်သော အသား ။** ။ အိမ်သို့ရောက်သောအခါ၌ သီဟစစ်သူကြီးသည် ယောကျ်ားတစ်ယောက်ကို –

'အချင်း ... သွားချေ။ အလိုလိုဖြစ်သော အသားကို သိလော့။ သေနှင့်ပြီးသောအသား၊ ပေါ်နှင့်ပြီးသောအသားကို ဝယ်ချေလော့' – ဟူ၍ စေခိုင်းလိုက်လေ၏။

**မကောင်းသတင်း ဖြန့်ကြခြင်း ။** ။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူကာ သီဟစစ်သူကြီးအိမ်သို့ ကြွတော်မူ၍ ခင်းထားသော နေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏။

ထိုအခါ၌ များစွာသော နိဂဏ္ဌတို့သည် ဝေသာလီမြို့၌ ခရီးလမ်းတစ်ခုမှ ခရီးလမ်းတစ်ခုသို့လည်းကောင်း၊ လမ်းဆုံတစ်ခုမှ လမ်းဆုံတစ်ခုသို့လည်းကောင်း လှည့်လည်၍ လက်မောင်းတို့ကို မြှောက်ကုန်လျက် –

'ယနေ့ သီဟစစ်သူကြီးသည် ဆူဖြိုးသော ကျွဲ၊ နွား၊ ဆိတ် အစရှိသော သတ္တဝါတို့ကို သတ်၍ ရဟန်းဂေါတမအား ဆွမ်းလုပ်ကျွေး၏။ ရဟန်းဂေါတမသည် သိလျက် ရည်၍သတ်သော ထိုအမဲသားကို စား၏။ မိမိကို စွဲ၍သတ်သော မကောင်းမှု

ကံကိုရ၏' - ဟု ဟစ်အော် ကြွေးကြော်ကြလေကုန်၏။

ယောကျ်ားတစ်ယောက်သည် ထိုအကြောင်းကို သီဟစစ်သူကြီးအား တိုးတိုးသာသာ အသိပေး ပြောကြားသောအခါ သီဟစစ်သူကြီးသည် ထိုယောကျ်ားအား -

'အမောင် ... မသင့်လျော်ချေ။ ထိုအရှင်နိဂဏ္ဌတို့သည် ရှည်စွာသော နေ့ညဉ့်ပတ်လုံးလည်း ရတနာသုံးပါး၏ ကျေးဇူးမဲ့ကို အလိုရှိကုန်၏။ ထိုအရှင်နိဂဏ္ဌတို့သည် မြတ်စွာဘုရားကို ထင်ရှားမရှိဘဲ အချည်းနှီး မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲကြသည်ကား မစဲနိုင်ကြကုန်။ ငါတို့သည်ကား အသက်ဟူသော အကြောင်းကြောင့်လည်း သေစေလိုသော စေတနာဖြင့် သူတစ်ပါး၏ အသက်ကို မသတ်ကုန်စေရာ' - ဟု ပြောဆိုလိုက်လေ၏။

**အပြစ်ကင်းသော အသား ။** ။ ထိုအခါ သီဟစစ်သူကြီးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့် ရောင့်ရဲသည့်တိုင်အောင်၊ တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၍ မြတ်စွာဘုရားသည် ဆွမ်းစားပြီး၍ သပိတ်မှ လက်ကိုဖယ်ပြီးသောအခါ တစ်ခုသောနေရာ၌ ထိုင်နေ၏။

တစ်ခုသောနေရာ၌ ထိုင်နေသော သီဟစစ်သူကြီးကို မြတ်စွာဘုရားသည် တရားစကားဖြင့် အကျိုးစီးပွားကို သိမြင်စေလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန့်ရွှင်လန်းစေပြီးသော် နေရာမှထကာ ဖဲကြွတော်မူလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူပြီးလျှင် ရဟန်းတို့ကို -

'ရဟန်းတို့ ... သိလျက် ရည်ညွှန်း၍ သတ်အပ်သော အသားကို မစားအပ်။ စားသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ရဟန်းတို့ ... မမြင်သော၊ မကြားသော၊ ယုံမှားခြင်း မရှိသော ထိုအစွန်းသုံးပါးမှ စင်ကြယ်သော ငါးအမဲကို ခွင့်ပြု၏'- ဟု မိန့်တော်မူလေ၏။

( ဝိ - ၃ - ၃၂၈ / ၃၃၅ ॥ မြန် - ၃၃၀/၃၃၈ )

## သီဟစစ်သူကြီး ဝတ္ထုလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | လိစ္ဆဝီခေါ် ပြား၊ | လွန်ကျော်ကြား၊ | မင်းများစွာတို့သည်၊ |
| ၂။ | ရတနာသုံးပါး၊ | ကျေးဇူးအား၊ | ပြောကြားပါလေသည်။ |
| ၃။ | သီဟာခေါ် မှီး၊ | စစ်သူကြီး၊ | ကြားပြီးသောခါသည်၊ |
| ၄။ | လုံးစုံတရား၊ | သိနိုင်ငြား၊ | ဘုရားဖြစ်လိမ့်မည်။ |
| ၅။ | ဘုရားမြတ်ထံ၊ | ချဉ်းကပ်ရန်၊ | အကြံဖြစ်လေပြီ။ |
| ၆။ | နိဂဏ္ဌခေါ် မှန်၊ | ဆရာထံ၊ | ခွင့်ပန်ပါလေပြီ။ |
| ၇။ | နိဂဏ္ဌကား၊ | တပည့်အား၊ | မြစ်တားပါလေပြီ။ |
| ၈။ | ပြုထိုက်ယူမှန်၊ | မယူထံ၊ | သွားရန်မသင့်ပြီ။ |
| ၉။ | နှစ်ကြိမ်မြောက်ပြန်၊ | ခွင့်တောင်းပန်၊ | ထပ်မံတားလေပြီ။ |
| ၁၀။ | သုံးကြိမ်မြောက်တွင်၊ | ခွင့်မတင်၊ | မြတ်ရှင်ချဉ်းကပ်ပြီ။ |
| ၁၁။ | မပြုထိုက်ဟု၊ | ယူမပြု | ပြောပြုနေခြင်းသည်၊ |
| ၁၂။ | စွပ်စွဲရာများ၊ | ရောက်နေလား၊ | လျှောက်ထားပါလေပြီ။ |
| ၁၃။ | တပည့်တော်ကား၊ | စွဲခြင်းအား၊ | လိုလားမရှိပြီ။ |
| ၁၄။ | ဘုရားနေမင်း၊ | တရားနှင်း၊ | ဖြေရှင်းပြလေပြီ။ |
| ၁၅။ | ဒုစရိုက်ဟူ၊ | မပြုမူ၊ | အယူရှိလေသည်။ |
| ၁၆။ | ထိုအယူအား၊ | တပည့်သား၊ | ဟောကြားပြသသည်။ |
| ၁၇။ | ရဟန်းဂေါတမ၊ | ယူဝါဒ၊ | ပြောကရနိုင်သည်။ |
| ၁၈။ | လူတို့ခေါ် ကြ၊ | ဂေါတမ၊ | ဗုဒ္ဓမြတ်စွာသည်၊ |
| ၁၉။ | နတ်ပြည်ရောက်ရန်၊ | မထိုက်တန်၊ | ပြောပြန်ရဥ္စသည်၊ |
| ၂၀။ | အဝိဇ္ဇာတဲ့၊ | တဏှာတဲ့၊ | ကွင်းမဲ့ဖြတ်ပြီးပြီ။ |
| ၂၁။ | နောက်ထပ်တစ်ထစ်၊ | ဘဝသစ်၊ | အဖြစ်မရှိပြီ။ |
| ၂၂။ | ဤသို့ပြောက၊ | ပြောလိုက၊ | ပြောကရနိုင်သည်။ |
| ၂၃။ | သက်သက်သာသာ၊ | ရှာနေပါ၊ | ပြောရဥ္စကားသည်၊ |
| ၂၄။ | သက်သာဆိုတာ၊ | မဂ်ဖိုလ်ပါ၊ | ဖွေရှာနေပေသည်။ |

၂၅။ တပည့်တို့အား၊ ထိုတရား၊ ဟောကြားပြုပေသည်။
၂၆။ ဤသို့မှန်စွာ၊ ပြောလိုပါ၊ ပြောပါရနိုင်သည်။
၂၇။ ရတနာသုံးဝ၊ အားထားရ၊ သီဟဆည်းကပ်ပြီ။
၂၈။ ပုဗ္ဗိကထာ၊ အဆုံးမှာ၊ သောတာဖြစ်လေပြီ။
၂၉။ ဘုရားမှူးထင့်၊ သံဃာဖြင့်၊ ဆွမ်းပင့်ကပ်လေပြီ။
၃၀။ ပံသုကူသား၊ လိုလိုသား၊ ဖြစ်ပြားပါလဲသည်၊
၃၁။ မနာလိုဟန်၊ ဣဿာထန်၊ နိဂဏ်တစ်တွေသည်၊
၃၂။ ဆိတ်ရေနွားပါ၊ ကိုယ်တိုင်သာ၊ သတ်ကာလှူလေပြီ။
၃၃။ ဂေါတမလဲ၊ သိသားပဲ၊ သူပဲစားရသည်။
၃၄။ ဂေါတမထံ၊ မကောင်းကံ၊ အမှန်ရောက်လေပြီ။
၃၅။ ဝေသာလီမြို့တော်၊ လှည့်ကာနှော်၊ ကြွေးကြော်ပါတော့သည်။
၃၆။ သီဟဒကာ၊ ကြားလေရာ၊ စိတ်မှာမဖြုံပြီ။
၃၇။ မဟုတ်သော်လဲ၊ စွပ်စွဲမြဲ၊ မစဲပါနိုင်ပြီ။
၃၈။ အသက်ကိုသာ၊ သေခံမှာ၊ ဘယ်ခါမသတ်ပြီ။
၃၉။ သောတာဘာဝ၊ ရောက်လေမှ၊ သီဟပြောလေပြီ။
၄၀။ ရည်ညွှန်းအသား၊ စားခြင်းအား၊ ရှောင်ရှားကြရမည်။
၄၁။ မြင်ခြင်း ကြားခြင်း၊ ယုံမှားခြင်း၊ ကင်းရှင်းကြရမည်။
၄၂။ စားခြင်းပြုကာ၊ ဒုက္ကဋ်၊ ဗုဒ္ဓပညတ်ပြီ။
၄၃။ အသားစားများ၊ သတိထား၊ ဘုရားဟောထားပြီ။

သီဟစစ်သူကြီးဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

# ကပ္ပိယဘူမိကို ခွင့်ပြုတော်မူခြင်း

**ဘုရားရှင်၏ အကြံတော်** ။ ။ ထိုစဉ်အခါ၌ ဝေသာလီပြည်သည် ဝပြော၏။ ကောင်းသော ကောက်စပါးရှိ၏။ ရလွယ်သော ဆွမ်းရှိ၏။ ဆွမ်းခံခြင်းဖြင့် မျှတခြင်းငှါ လွယ်ကူ၏။ ထိုအခါ ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ တိတ်ဆိတ်စွာနေတော်မူသော မြတ်စွာဘုရားအား –

'ငါသည် ကောက်စပါး မကောင်း၍ ဆွမ်းရခဲသည့် ငတ်မွတ်ခေါင်းပါးသော အခါ၌ ရဟန်းတို့အား ခွင့်ပြုထားသော အကပ္ပိယကုဋိအတွင်း၌ သိုမှီးသိမ်းဆည်းခြင်းကိုလည်းကောင်း၊ ချက်ခြင်းကိုလည်းကောင်း၊ မိမိကိုယ်တိုင် ချက်ခြင်းကိုလည်းကောင်း၊ အကပ်ပျက်သည်ရှိသော် တဖန်အကပ်ခံခြင်းကိုလည်းကောင်း၊ ဆွမ်းဘုဉ်းပေးရာ ဆွမ်းဖိတ်ရာမှ ဆောင်အပ်သည်ကိုလည်းကောင်း၊ နံနက်အခါ၌ အကပ်ခံ၍ထားအပ်သော တော၌ဖြစ်သော သစ်သီးစသည်ကိုလည်းကောင်း၊ ကြာပင်၌ဖြစ်သော ကြာစွယ်ကြာရင်း စသည်ကိုလည်းကောင်း ယနေ့တိုင်အောင်ပင် ရဟန်းတို့သည် သုံးဆောင်ကုန်သေးသလော' – ဟု အကြံဖြစ်တော်မူလေ၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ထိုအကြောင်းအရာကို အရှင်အာနန္ဒာအား မေးမြန်းတော်မူသည်ရှိသော် သုံးဆောင်ကြသည်ကို ကြားသိတော်မူသဖြင့် ထိုခွင့်ပြုချက်ကို ယနေ့မှစ၍ ပယ်ဖျက်ပြီဖြစ်ကြောင်း၊ သုံးဆောင်သောရဟန်းအား တရားအားလျော်စွာ ဆုံးဖြတ်အပ်ကြောင်း မိန့်တော်မူလေ၏။

ထိုအခါ ဇနပုဒ်နေလူတို့သည် များစွာသော ဆားကိုလည်းကောင်း၊ ဆီကိုလည်းကောင်း၊ ဆန်ကိုလည်းကောင်း၊ ခဲဖွယ်ကိုလည်းကောင်း လှည်းတို့၌တင်စေ၍ အရံအပတံခါးမုခ်၌ လှည်းဝိုင်းပြုလုပ်ကာ –

'ဆွမ်းကျွေးအလှည့်ကို ရသည်ရှိသော် ဆွမ်းလုပ်ကျွေးကုန်အံ့'

– ဟု နလုံးသွင်း၍ နေကုန်၏။ မိုးကြီးသည်လည်း တက်လာ၏။ ထိုအခါ လူတို့သည် အရှင်အာနန္ဒာအား ထိုအကြောင်းကို လျှောက်၏။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား လျှောက်၏။

<u>ကပ္ပိယဘူမိကို ခွင့်ပြုခြင်း ။</u> ။ ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ဤသို့ မိန့်ကြားတော်မူ၏။

'အာနန္ဒာ ... သို့ဖြစ်လျှင် သံဃာသည် အစွန်ဖြစ်သော အကြင်ကျောင်းကိုလည်းကောင်း၊ တစ်ဖက်စောင်း မိုးသောကျောင်းကိုလည်းကောင်း၊ ပြာသာဒ်ရှည်ကိုလည်းကောင်း၊ ပြာသာဒ်ဦးပြည်းကိုလည်းကောင်း၊ ဂူကိုလည်းကောင်း အလိုရှိ၏။ ထိုကျောင်းကို ကပ္ပိယဘူမိဟု သမုတ်ပြီးလျှင် ထိုကျောင်း၌ သိုမှီးလော့'

- ဟု မိန့်တော်မူ၏။

<u>လူတို့ ဆူညံခြင်း ။</u> ။ ထိုအခါ လူတို့သည် ထိုသမုတ်ပြီးသော ကပ္ပိယဘူမိ၌ ယာဂုကျိုကုန်၏။ ဆွမ်းချက်ကုန်၏။ ဟင်းစိမံကုန်၏။ အသားတို့ကို စဉ်းခုတ်ကုန်၏။ ထင်းခွဲကုန်၏။ မြတ်စွာဘုရားသည် ညဉ့်၏မိုးသောက်ယာမ်၌ စောစောထတော်မူလတ်သော် ပြင်းပြကျယ်လောင်သောအသံ၊ ကျီးတို့၏ တသောသော အာသောအသံကို ကြားတော်မူ၍ အရှင်အာနန္ဒာအား မေးတော်မူရာ အရှင်အာနန္ဒာသည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား -

'ရဟန်းတို့ ... သမုတ်ပြီးသော ကပ္ပိယဘူမိကို မသုံးဆောင်အပ်။ သုံးဆောင်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏'

ရဟန်းတို့ ... ဥဿာဝနန္တိကကုဋိ၊ ဂေါနိသာဒိကကုဋိ၊ ဂဟပတိကုဋိ ဤသုံးမျိုးသော ကပ္ပိယကုဋိတို့ကို ခွင့်ပြု၏'

- ဟု မိန့်တော်မူ၏။

<u>ကပ္ပိယကုဋိလေးမျိုးကို ခွင့်ပြုခြင်း ။</u> ။ ထိုအခါ အရှင်ယသောဇသည် နာဖျားနေ၏။ ထိုယသောဇမထေရ်၏ အလို့ငှါ ဆေးတို့ကို ဆောင်ခဲ့ကုန်၏။ ထိုဆေးတို့ကို ရဟန်းတို့သည် အပ၌ သိုမှီးထားကုန်၏။ ကြောင်၊ ကြွက်၊ ဖွတ်၊ မြွေပါတို့သည်လည်း ခဲစားကုန်၏။ ခိုးသူတို့သည်လည်း ခိုးယူကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို –

'ရဟန်းတို့ ... သမုတ်ပြီးသော ကပ္ပိယဘူမိကို သုံးဆောင်ခြင်းငှါ ခွင့်ပြု၏။ ရဟန်းတို့ ...

(၁) ဥဿာဝနန္တိကကုဋိ (မြောက်၍အချ ကရောမ–ဟု ဆိုမှုဆုံးလျှင် ညီမျှခြင်းရှိသော ကပ္ပိယဘူမိ)

(၂) ဂေါနိသာဒိကကုဋိ (နွားတို့၏ ဝင်ရောက်နေထိုင်ရာ အကာအရံမရှိသော ကပ္ပိယဘူမိ)

(၃) ဂဟပတိကုဋိ (အိမ်ရှင်ဒါယကာတို့ လှူအပ်သော ကပ္ပိယဘူမိ)

(၄) သမ္မုတိကုဋိ (သမုတ်အပ်သော ကပ္ပိယဘူမိ)

ဤလေးပါးသော ကပ္ပိယကုဋိတို့ကို ခွင့်ပြု၏' – ဟု မိန့်တော်မူလေ၏။

*( ဝိ – ၃ – ၃၃၅ / ၃၃၇။ မြန် – ၃၃၈ / ၃၄၀။ မဟာဝါ ဘာဋီ ၃ – ၅၀၃ / ၄ )*

## ကပ္ပိယဘူမိလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ဝေသာတစ်ကြော၊ | စားဖွယ်ပေါ၊ | ဝပြောစည်ပင်ပြီ။ |
| ၂။ | ဆွမ်းခံလို့ရယ်၊ | မခက်တယ်၊ | ရလွယ်ပါလေပြီ။ |
| ၃။ | ကိုယ်တိုင်ချက်မှု၊ | ကပ်ပျက်မှု၊ | ခံယူခြင်းကိုသည်၊ |
| ၄။ | တောမှာ, ကြာမှာ၊ | ဖြစ်လေရာ၊ | အာဟာများကိုသည်၊ |
| ၅။ | ရှားပါးသမှု၊ | အကြောင်းပြု၊ | ခွင့်ပြုခဲ့လေသည်။ |
| ၆။ | ယခုအခါ၊ | ဝပြောလာ၊ | ချိန်ခါဥကားသည်၊ |
| ၇။ | ယနေ့မှစ၊ | ရပ်သိမ်းရ၊ | ဗုဒ္ဓမိန့်လေပြီ။ |
| ၈။ | ဥဿာ,ဂေါနိ၊ | ဂဟတိ၊ | မုတိရှိလေသည်။ |
| ၉။ | ဤသို့လေးပါး၊ | ကုဋိအား၊ | ဘုရားခွင့်ပြုပြီ။ |
| ၁၀။ | ကပ္ပိယဘူမိ၊ | လေးပါးရှိ၊ | ထပ်သိခေါ် သေးသည်။ |

ကပ္ပိယဘူမိကို ခွင့်ပြုတော်မူခြင်း ပြီး၏။

## မေဏ္ဍကသူဌေးကြီးဝတ္ထု

ငါးဦးသူတို့၏ တန်ခိုးများ ။ ။ တစ်ရံရောအခါ ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးသည် နေ၏။

ထိုမေဏ္ဍကသူဌေးအား ဤသို့သဘောရှိသော တန်ခိုးအာနုဘော်သည် ရှိ၏။ ဦးခေါင်းလျှော်ပြီးလျှင် စပါးကျီကို တံမြက်လှည်းစေလျက် တံခါးအပ၌ ထိုင်နေအံ့၊ ကောင်းကင်မှ စပါးမိုးရွာ၍ စပါးကျီကို ပြည့်စေ၏။

သူဌေးကတော်အား ဤသို့သဘောရှိသော တန်ခိုးအာနုဘော်သည် ရှိ၏။ တစ်ပြည်ချက်သာလျှင် ဝင်သော ထမင်းအိုးနှင့် အချိုအရံဖြစ်သော ဟင်းအိုးတစ်လုံးတို့၏ အနီး၌ ထိုင်၍ ကျွန်၊ အမှုလုပ်သော လူအပေါင်းကို ထမင်းကျွေးအံ့၊ ထိုသူဌေးကတော် မထသေးသမျှ ကာလပတ်လုံး ထိုထမင်းမကုန်နိုင်။

သားအား ဤသို့သဘောရှိသော တန်ခိုးအာနုဘော်သည်ရှိ၏။ ငွေတစ်ထောင်ဝင် အိတ်တစ်လုံးကိုသာကိုင်၍ ကျွန်၊ အမှုလုပ်သော လူအပေါင်းအား ခြောက်လစာ ရိက္ခာကို ပေးအံ့၊ ထိုသူဌေးသား လက်ကိုင်၍ တည်သမျှကာလပတ်လုံး ထိုရိက္ခာ မကုန်နိုင်။

ချွေးမအား ဤသို့သဘောရှိသော တန်ခိုးအာနုဘော်သည်ရှိ၏။ ဆန်လေးစိတ်ဝင် တောင်းတစ်လုံး၏ အနီး၌ထိုင်၍ ကျွန်၊ အမှုလုပ်သော လူအပေါင်းအား ခြောက်လ စားလောက်သော ထမင်းရိက္ခာကို ပေးအံ့၊ ထိုချွေးမ မထသေးသမျှ ကာလပတ်လုံး ထမင်းရိက္ခာ မကုန်နိုင်။

ကျွန်အား ဤသို့ သဘောရှိသော တန်ခိုးအာနုဘော်သည်ရှိ၏။ ထွန်သွား တစ်ချောင်းတည်းဖြင့် ထွန်သည်ရှိသော် ခုနစ်ကြောင်းသော ထွန်ရေးတို့သည် ထင်ကုန်၏။

**ဧရာမဆင်ကြီး ကြည့်ရှိန်းခြင်း ။** ။ ထိုပုဂ္ဂိုလ်ငါးဦးတို့၏ တန်ခိုးအာနုဘော်တို့ကို မဂဓ တိုင်းရှင် ဗိမ္ဗိသာရမင်းကြီး ကြားလေလျှင် ဟုတ်၊ မဟုတ်ကို အလုံးစုံသော ကိစ္စကို ဆောင်ရွက်တတ်သော အမတ်ကြီးတစ်ယောက်ကို ကြည့်ရှုနိုင်းလေ၏။ ထိုအမတ်ကြီးသည် လေးပါးသော အင်္ဂါရှိသော စစ်သည်ဖြင့် ဘဒ္ဒိယမြို့ သို့သွား၍ မေဏ္ဍကသူဌေးအား ပြောကြားကာ ထိုတန်ခိုးအာနုဘော်တို့ကို ပြစေလေ၏။ ထိုပုဂ္ဂိုလ်ငါးဦးတို့ကလည်း အမတ်ကြီးသိအောင် ပြလေ၏။ သိမြင်ပြီးသောအခါ ထိုအမတ်ကြီးသည် ဗိမ္ဗိသာရမင်းကြီးအား ကြားသည့်အတိုင်း ဟုတ်မှန်ကြောင်း လျှောက်တင်လေ၏။

**မုဒ္ဒဂုဏ်သတင်းကို ကြားခြင်း ။** ။ ထိုအခါ မြတ်စွာဘုရားသည် ဝေသာလီမြို့၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူ ပြီးလျှင် ထိုဘဒ္ဒိယမြို့သို့ များစွာသော (၁၂၅၀)သော ရဟန်းသံဃာနှင့်အတူ ဒေသစာရီ ကြွချီတော်မူကာ ဘဒ္ဒိယမြို့ မုလေးတော၌ သီတင်းသုံးနေတော်မူ၏။

ထိုအကြောင်းကို မေဏ္ဍကသူဌေး ကြားသိလေလျှင် မေဏ္ဍကသူဌေးသည် မြတ်စွာဘုရားရှင်၏ အရဟံ အစရှိသော ဂုဏ်တို့နှင့် ပြည့်စုံသော ကျော်စောသတင်း ပျံ့နှံ့ထွက်ခြင်းကို ဆင်ခြင်ကာ မြတ်စွာဘုရားအား ဖူးမြော်လိုသည်ဖြစ်၍ အလွန်ကောင်း သောယာဉ်တို့ဖြင့် ဘဒ္ဒိယမြို့မှ မြတ်စွာဘုရားကို ဖူးမြော်ရန် ထွက်လာခဲ့လေ၏။

**တိတ္ထိတို့ တားမြစ်ခြင်း ။** ။ များစွာသော တိတ္ထိတို့သည် မေဏ္ဍကသူဌေး အဝေးမှ လာသည်ကို မြင်၍ –

'သူဌေးကြီး ... သင်သည် အဘယ်အရပ်သို့ သွားမည်နည်း'

– ဟု မေးမြန်းကြလေကုန်၏။

'အရှင်ဘုရားတို့ ... အကျွန်ုပ်သည် ဘုန်းတော်ကြီးသော ရဟန်းဂေါတမကို ဖူးမြော်ရန် သွားပါအံ့'

– ဟု ပြေကြားလေ၏။

'သူဌေး ... သင်သည် ပြုထိုက်၏ဟူသော အယူရှိလျက် မပြုထိုက်ဟူသော အယူရှိသော ရဟန်းဂေါတမကို အဘယ်ကြောင့် ဖူးမြော်ရန် သွားရသနည်း။ သူဌေးကြီး ... ရဟန်းဂေါတမသည် မပြုထိုက်ဟု အယူရှိ၏။ မပြုစိမ့်သောငှါ တရားကိုဟော၏။ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏'

– ဟု ပြောဆိုတားမြစ်ကြလေကုန်၏။

__သောတာပန်ဖြစ်ခြင်း ။__ ။ ထိုအခါ မေဏ္ဍကသူဌေးအား –

'စင်စစ်ဧကန် ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဖြစ်လတ္တံ့။ ယင်းအကြောင်းကြောင့် ဤတိတ္ထိတို့သည် ငြူစူကုန်၏'

– ဟု အကြံဖြစ်လေ၏။

ထို့နောက် သူဌေးကြီးသည် ယာဉ်ဖြင့် သွားသင့်သောအရပ်တိုင်အောင် ယာဉ်ဖြင့် သွား၍ ယာဉ်မှဆင်းကာ ခြေကျင်သာလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် ရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်နေသော မေဏ္ဍကသူဌေးအား မြတ်စွာဘုရားသည် အနုပုဗ္ဗိကထာတရားကို ဟောတော်မူ၏။ တရားအဆုံး၌ သူဌေးကြီးသည် သောတာပန် ဖြစ်လေ၏။ ထို့နောက် သူဌေးကြီးသည် မြတ်စွာဘုရားအား ဥပါသကာအဖြစ်ကို လျှောက်ထားပြီးနောက် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အတွက် ဆွမ်းစားပင့်ကာ အိမ်သို့ပြန်လာခဲ့လေ၏။

__ကျန်သူလေးဦး သောတာပန်ဖြစ်ကြခြင်း ။__ ။ နောက်နေ့နံနက် ဆွမ်းစားချိန်သို့ ရောက်သောအခါ၌ မြတ်စွာဘုရားသည် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူကာ မေဏ္ဍကသူဌေးအိမ်သို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသောနေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏။ ထိုအခါ၌ မေဏ္ဍကသူဌေး၏ မယား၊ သား၊ ချွေးမ၊ ကျွန်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးပြီး၍ တစ်ခုသော သင့်လျော်သောနေရာ၌ ထိုင်နေကြလေကုန်၏။ ထိုသူလေးဦးတို့အား မြတ်စွာဘုရားသည် အနုပုဗ္ဗိကထာ တရားကို ဟောတော်မူ၏။ တရားအဆုံး၌ ထိုသူလေးဦးတို့သည်လည်း သောတာပန် ဖြစ်ကြလေကုန်၏။

**ဆွမ်းဖြင့် အမြဲလုပ်ကျွေးလိုခြင်း ။** ။ ထိုအခါ မေဏ္ဍကသူဌေးသည် ဘုရား အမှူးရှိသော ရဟန်းသံဃာတော်များအား မွန်မြတ်သော ခဲဖွယ် ဘောဇဉ်တို့ဖြင့် မိမိကိုယ်တိုင် လုပ်ကျွေးလေ၏။ ထို့နောက် ဆွမ်းဘုဉ်းပေးပြီးသောအခါ မေဏ္ဍကသူဌေးကြီးသည် မြတ်စွာဘုရားအား –

'မြတ်စွာဘုရား ... မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့၌ နေသမျှကာလပတ်လုံး တပည့်တော်သည် ဘုရားအမှူးရှိသော ရဟန်းသံဃာအား အမြဲဆွမ်းဖြင့် လုပ်ကျွေးလိုပါသည်' – ဟု လျှောက်ထားလေ၏။

**နို့ရည်သစ်ကို လှူဒါန်းခြင်း ။** ။ ထိုအခါ မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် မေဏ္ဍကသူဌေးကို မပန်ကြားဘဲ အင်္ဂုတ္တရာပမြို့သို့ များစွာသော (၁၂၅၀) သော ရဟန်းသံဃာနှင့်အတူ ဒေသစာရီ ကြွချီတော်မူ၏။

မေဏ္ဍကသူဌေးကြီးသည် ထိုအကြောင်းကို ကြားလျှင် ကျွန်အမှုလုပ်တို့ကို–

'အချင်းတို့ ... သို့ဖြစ်လျှင် များစွာသော ဆားကိုလည်းကောင်း၊ ဆန်ကိုလည်းကောင်း၊ ဆီကိုလည်းကောင်း၊ ခဲဖွယ်ကိုလည်းကောင်း လှည်းတို့၌ တင်၍ လာကုန်လော့။ (၁၂၅၀)သော နွားကျောင်းသားတို့ကိုလည်းကောင်း၊ (၁၂၅၀)သော နို့ညှစ်နွားမတို့ကိုလည်းကောင်း ယူ၍ လာကုန်လော့။ မြတ်စွာဘုရားကို မြင်ရာ အရပ်၌ နို့ရည်သစ်ဖြင့် ကျွေးမွေးလှူဒါန်းကုန်အံ့' – ဟု စေခိုင်းလေ၏။

ထိုအခါ မေဏ္ဍကသူဌေးသည် မြတ်စွာဘုရားကို လမ်းခရီးအကြား ခရီးခဲ၌ မီလေ၏။ မေဏ္ဍကသူဌေးသည် မြတ်စွာဘုရားအား ချဉ်းကပ်ရှိခိုး၍ နက်ဖြန်အတွက် ရဟန်းသံဃာနှင့်အတူ ဆွမ်းစားပင့်လေ၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

နောက်နေ့နံနက် ဆွမ်းစားချိန်၌ မြတ်စွာဘုရားသည် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူကာ မေဏ္ဍကသူဌေးအိမ်သို့ ကြွတော်မူပြီးလျှင် ခင်းထားသော နေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏။

ထိုအခါ မေဏ္ဍကသူဌေးသည် -

'အမောင်တို့ ... သို့ဖြစ်လျှင် တစ်ကောင်တစ်ကောင်သော နွားမကို ယူပြီးလျှင် တစ်ပါးတစ်ပါးသော ရဟန်း၏ အနီး၌ တည်ကုန်လော့။ နို့ရည်သစ်ဖြင့် ကျွေးမွေး လှူဒါန်းကုန်အံ့' - ဟု (၁၂၅၀) သော နွားကျောင်းသားတို့ကို စေခိုင်း၏။

ထို့နောက် မေဏ္ဍကသူဌေးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့်လည်းကောင်း၊ နို့ရည်သစ်ဖြင့်လည်းကောင်း ရောင့်ရဲသည့်တိုင်အောင်၊ တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် ကောင်းစွာလုပ်ကျွေး ဆက်ကပ် လှူဒါန်းလေ၏။

ရဟန်းတို့သည် နို့ရည်သစ်ကို 'မအပ်' ဟု တွေးတောမှု သံသယကုက္ကုစ္စ ရှိသည်ဖြစ်၍ မခံယူကုန်။ မြတ်စွာဘုရားသည် ရဟန်းတို့ကို - 'ရဟန်းတို့ ... ခံယူကုန် လော့၊ သုံးဆောင်ကုန်လော့' - ဟု မိန့်တော်မူလေ၏။

ဆွမ်းစားပြီးသောအချိန်၌ မေဏ္ဍကသူဌေးကြီးသည် မြတ်စွာဘုရားအား-

'မြတ်စွာဘုရား ... ရေမရှိသော အစာမရှိသော ခရီးခဲတို့သည် ရှိပါကုန်၏။ ရိက္ခာမပါဘဲ သွားခြင်းငှါ ခဲယဉ်းလှပါ၏။ မြတ်စွာဘုရား ... တောင်းပန်ပါ၏။ မြတ်စွာဘုရားသည် ရဟန်းတို့အား ရိက္ခာကို ခွင့်ပြုတော်မူပါ' - ဟု လျှောက်၏။

<u>ရိက္ခာရှာမှီးခြင်းကို ခွင့်ပြုခြင်း</u> ။

။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို -

'ရဟန်းတို့ ... နို့ရည်၊ နို့ဓမ်း၊ ရက်တက်ရည်၊ ဆီဥ၊ ထောပတ်' ဤငါးပါး သော ဂေါရသ- နွားနို့အရသာကို ခွင့်ပြု၏။

ရဟန်းတို့ ... ရေမရှိသော အစာမရှိသော ခရီးတို့သည် ရှိကုန်၏။ ရိက္ခာမပါဘဲ သွားခြင်းငှါ ခဲယဉ်း၏။ ရဟန်းတို့ ... ရိက္ခာရှာမှီးခြင်းကို ခွင့်ပြု၏။

ရဟန်းတို့ ... ဆန်၊ ပဲနောက်၊ ပဲကြီး၊ ဆား၊ တင်လဲ၊ ဆီ၊ ထောပတ်တို့တွင် အလိုရှိရာကို ရှာခြင်းငှါ ခွင့်ပြု၏' - ဟု မိန့်တော်မူလေ၏။

( ဝိ - ၃ - ၃၃၇ / ၃၄၂ ၊ မြန် - ၃၄၀ / ၃၄၆ )

## မေဏ္ဍကသူဌေးကြီးဝတ္ထုလာ ဆောင်ရန်လင်္ကာများ

၁။ ဘဒ္ဒိယမြို့က၊ မေဏ္ဍက၊ ခေါ် ရသူဌေးသည်၊<br>
၂။ ဦးခေါင်းလျှော်ကာ၊ ကျီရှင်းကာ၊ ထိုင်ကာနေလျှင်သည်၊<br>
၃။ ကောင်းကင်ထက်ကြိုး၊ စပါးမိုး၊ ရွာဖြိုးလာလေသည်။<br>
၄။ စပါးကျီအား၊ မိုးစပါး၊ ပြည့်မျှားသွားစေသည်။<br>
၅။ သူဌေးကတော်၊ တစ်မူသော်၊ အမော်ကြွားနိုင်သည်။<br>
၆။ တစ်ပြည်ချက်ထမင်း၊ ဟင်းကိုထင်း၊ ဝေခြင်းပြုရှင်သည်၊<br>
၇။ မထမချင်း၊ ထမင်းဟင်း၊ ကုန်ခြင်းမရှိပြီ။<br>
၈။ သူဌေး၏ဟူ၊ သားဖြစ်သူ၊ တစ်မူထူးပြန်သည်။<br>
၉။ တစ်ထောင်အိတ်ပေ၊ ကိုင်ကာလေ၊ မျှဝေပါလျှင်သည်၊<br>
၁၀။ မနားမချင်း၊ ကုန်ခန်းခြင်း၊ အလျှင်းမရှိပြီ။<br>
၁၁။ သား၏မိန်းမ၊ ခေါ် ဆိုရ၊ ချွေးမတစ်မူသည်၊<br>
၁၂။ ဆန်လေးစိတ်ဝင်၊ တောင်းကိုပင်၊ ယူငင်ပေးလျှင်သည်၊<br>
၁၃။ မထမချင်း၊ ရိက္ခာတင်း၊ ကုန်ခြင်းမရှိပြီ။<br>
၁၄။ သူဌေး၏ကျွန်၊ တစ်သွားထွန်၊ လယ်ထွန်ပါလျှင်သည်၊<br>
၁၅။ ထွန်ရေးအကြောင်း၊ ခုနစ်ကြောင်း၊ ကောင်းကောင်းပေါ် လေသည်။<br>
၁၆။ ထိုသူငါးဦး၊ တန်ခိုးမြူး၊ ကံထူးရှိလေသည်။<br>
၁၇။ ဘုရားနေမင်း၊ ဂုဏ်သတင်း၊ ဖျံ့သင်းကြားရှိသည်၊<br>
၁၈။ နေလို့မရ၊ သဒ္ဒါကြွ၊ မေဏ္ဍာဆည်းကပ်ပြီ။<br>
၁၉။ လမ်းခုလတ်ပေ၊ တိတ္ထိတွေ၊ တားနေပြန်ပါသည်။<br>
၂၀။ ပူဇော်ထူးအား၊ ခံထိုက်ပြား၊ ဘုရားဖြစ်လိမ့်မည်။<br>
၂၁။ ထို့ကြောင့်တစ်မူ၊ တိတ္ထိဟူ၊ ငြူစူကြလေသည်။<br>
၂၂။ ဤသို့တွေးကာ၊ မြတ်ဗုဒ္ဓါ၊ ကောင်းစွာဆည်းကပ်ပြီ။<br>
၂၃။ ပဋိ္ဌကထာ၊ ဒေသနာ၊ မြတ်စွာဟောလေပြီ။<br>
၂၄။ ကိလေကင်းဝေး၊ ရှင်ကြည်အေး၊ သူဌေးစိတ်မှာသည်၊

၂၅။ ဖြစ်သမျှအချက်၊ ချုပ်ငြိမ်းလျက်၊ သောမဂ်ပေါ် လေပြီ။

၂၆။ သံဃာနှင့်တူ၊ ဘုရားမူ၊ ပင့်ယူဆွမ်းကပ်ပြီ။

၂၇။ ကျန်လေးဦးအား၊ မြတ်ဘုရား၊ တရားဟောလေပြီ။

၂၈။ တရားဆုံးရာ၊ လေးဦးဟာ၊ သောတာဖြစ်ကြပြီ။

၂၉။ မြတ်စွာဗုဒ္ဓ၊ ဘဒ္ဒိယ၊ နေရကာလသည်၊

၃၀။ ဆွမ်းကပ်လိုပ၊ လှူလိုပ၊ မေဏ္ဍာခွင့်တောင်းပြီ။

၃၁။ ဘဒ္ဒိယဒေသ၊ နေရာမှ၊ ဗုဒ္ဓမြတ်စွာသည်၊

၃၂။ ဥတ္တရာပထမည်၊ မြို့သို့ဆီ၊ ကြွချီပြန်လေပြီ။

၃၃။ သူဌေးမေဏ္ဍက၊ နေမရ၊ နောက်ကလိုက်လေပြီ။

၃၄။ နှစ်ထောင်ကျော်နွားမ၊ ဂေါပါလ၊ နောက်ကလိုက်စေသည်။

၃၅။ ထောင့်နှစ်ရာပ၊ ငါးဆယ်ပ၊ နွားမများကိုသည်၊

၃၆။ တစ်ပါးတစ်ကောင်၊ နွားနို့တောင်၊ ညှစ်ဆောင်လှူလေပြီ။

၃၇။ ဆတ်ဆတ်လစ်လစ်၊ နို့ရည်သစ်၊ နို့စစ်ဖြစ်လေသည်။

၃၈။ သောက်ရ,မရ၊ စိတ်ဒွိဟ၊ ဖြစ်ကြပါ၍သည်၊

၃၉။ သုံးဆောင်ကြပါ၊ သောက်ကြပါ၊ မြတ်စွာခွင့်ပြုပြီ။

၄၀။ နို့ရည်နို့ခမ်း၊ တစ်ခန်းရက်တက်၊ တစ်ချက်ထောပတ်၊
တစ်ရပ်ဆီဦ၊ ငါးခုပေါင်းပြ၊ ဂေါရသ၊ ဗုဒ္ဓခွင့်ပြုပြီ။

၄၁။ ထိုမှတစ်ဝ၊ မေဏ္ဍက၊ ဗုဒ္ဓလျှောက်ထားပြီ။

၄၂။ ရိက္ခာမပါ၊ ခရီးဟာ၊ လွန်စွာပင်ပန်းသည်။

၄၃။ ရဟန်းတို့အား၊ ရိက္ခာများ၊ ခွင့်များပေးသင့်သည်။

၄၄။ ခရီးသွားရာ၊ ရိက္ခာရှာ၊ မြတ်စွာခွင့်ပြုပြီ။

၄၅။ ဆန်,ဆီ,ဆားပါ၊ ထောပတ်ပါ၊ လိုတာရှာနိုင်သည်။

၄၆။ ရိက္ခာခေါ် ပြု၊ လှူဖွယ်စု၊ လှူမှုပြုနိုင်ပြီ။

မေဏ္ဍကသူဌေးကြီး ဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

## ကောဏိယရသေ့ ဝတ္ထု

**အဖျော်ရည် လှူဒါန်းခြင်း ။** ။ မြတ်စွာဘုရားသည် ဒေသစာရီလှည့်လည်သည်ရှိသော် အာပဏရွာသို့ ရောက်တော်မူသောအခါ ကေဏိယ အမည်ရှိသော ရသေ့သည် အရဟံ အစရှိသော ဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ကျော်စောတော်မူသော ဂုဏ်သတင်းကို ကြားသိသည်ဖြစ်၍ မြတ်စွာဘုရားအား ပူးမြော်လိုသည် ဖြစ်ရကား –

'ငါသည် ရဟန်းဂေါတမအား အဘယ်ကို ဆောင်ရပါအံ့နည်း'

– ဟု အကြံ ဖြစ်လေ၏။

ထို့နောက် ကေဏိယရသေ့အား–

'ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ လက်ဦးဆရာ ဖြစ်ကုန်သော၊ ဝေဒကျမ်းတို့ကို စီရင်ကုန်သော၊ ဝေဒကျမ်းတို့ကို ပို့ချကုန်သော အဠကရသေ့ စသော ရသေ့တို့သည် ညဥ့်စာစားခြင်းမှ ရှောင်ကြဉ်ကုန်၏။ အခါမဟုတ်သည်၌ စားခြင်းမှ ရှောင်ကြဉ်ကုန်၏။ ထိုရသေ့တို့သည် ဤသို့သဘောရှိသော အဖျော်တို့ကို သာယာကုန်၏။

ရဟန်းဂေါတမသည်လည်း ညဥ့်စာစားခြင်းမှ ရှောင်ကြဉ်၏။ အခါမဟုတ်သည်၌ စားခြင်းမှ ရှောင်ကြဉ်၏။ ရဟန်းဂေါတမသည်လည်း ဤသို့သဘောရှိသော အဖျော်တို့ကို သာယာခြင်းငှါ ထိုက်၏' – ဟု အကြံဖြစ်လေ၏။

ထိုသို့ ကြံပြီးနောက် ကေဏိယရသေ့သည် များစွာသော အဖျော်တို့ကို စီရင်စေ၍ ထမ်းပိုးတို့ဖြင့် ဆောင်ယူစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏။ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ သင့်တော်သော တစ်ခုသောနေရာ၌ ထိုင်နေကာ –

'အရှင်ဂေါတမသည် အကျွန်ုပ်၏ အဖျော်ကို ခံယူတော်မူပါ'

– ဟု လျှောက်လေ၏။

'ကေဏိယ ... သို့ဖြစ်လျှင် ရဟန်းတို့အား လှူလော့' – ဟု မိန့်တော်မူ၏။

ထိုအခါ ကေဏိယရသေ့သည် ရဟန်းတို့အား ပေးလှူ၏။ ရဟန်းတို့သည် 'မအပ်' ဟု တွေးတောမှု သံသယ ကုက္ကုစ္စရှိသည်ဖြစ်၍ မခံယူကုန်။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား 'ရဟန်းတို့ ... ခံယူကုန်လော့။ သုံးဆောင်ကုန်လော့' ဟု မိန့်တော်မူလေ၏။

ကေဏိယရသေ့သည် ဘုရားနှင့် သံဃာတော်တို့အား အဖျော်ရည်ကို လှူဒါန်း ဆက်ကပ်ပြီးနောက် နက်ဖြန်အတွက် ရဟန်းသံဃာနှင့်အတူ မြတ်စွာဘုရားအား ဆွမ်းစားပင့်ကာ ပြန်သွားလေ၏။

**<u>အဖျော်ရည်ကို ခွင့်ပြုခြင်း</u> ။**

။ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ရဟန်းတို့အား ဟောတော်မူ၏။

'ရဟန်းတို့ ... သင်တို့သည် ငါဘုရားခွင့်မပြုခင်က အဖျော်ရည်ကို မသောက်ကြဘဲ ငါဘုရားခွင့်ပြုမှ သောက်ကြသည်ကား ကောင်းလှပေ၏။ သင်တို့သည် ရဟန်းဂေါတမ၏ တပည့်တို့သည် ပစ္စည်းများခြင်း၊ လာဘ်များခြင်းအကျိုးငှါ ကျင့်ကြကုန်၏ဟု ဤသို့ ပြောဆိုစွပ်စွဲခြင်းကို မဖြစ်စေလိုက်ကြကုန်သည် သာမကသေး၊ ငါဘုရားအပေါ်၌ လေးစားခြင်းကို ပြုလိုက်ကြပေကုန်ပြီ။ ငါဘုရားသည်လည်း သင်တို့အပေါ်၌ အလေးမူခြင်းကို ဖြစ်စေလိုက်ကြကုန်ပြီ။ ဤသို့လျှင် သင်တို့အပေါ်၌ ငါဘုရားသည် ပစ္စည်းလေးပါးကို မမက်ခြင်းဟူသော ဤအကြောင်းကြောင့် လွန်စွာ ကျေနပ်တော်မူ၏'

– ဤသို့ အစရှိသောနည်းဖြင့် ဟောတော်မူလေ၏။

ထိုသို့ ဟောတော်မူပြီးနောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို –

'ရဟန်းတို့ ... သရက်သီးအဖျော်၊ သပြေသီးအဖျော်၊ တောငှက်ပျောသီးအဖျော်၊ အိမ်ငှက်ပျောသီးအဖျော်၊ သစ်မည်စည်သီးအဖျော်၊ သပြစ်သီးအဖျော်၊ ကြာစွယ်အဖျော်၊ ဖက်သက်တရော်သီးအဖျော် ဤရှစ်ပါးသောအဖျော်တို့ကို ခွင့်ပြု၏။

ရဟန်းတို့ ... စပါးသီး အရည်ကိုထား၍ အလုံးစုံသော အသီးအရည်ကို ခွင့်ပြု၏။ ရဟန်းတို့ ... ဟင်းရွက်ကျက် အရည်ကိုထား၍ အလုံးစုံသော အရွက်ရည်ကို ခွင့်ပြု၏။ ရဟန်းတို့ ... သစ်မည်စည်ပွင့် အရည်ကိုထား၍ အလုံးစုံသော အပွင့်အရည်ကို ခွင့်ပြု၏။ ရဟန်းတို့ ... ကြံရည်ကို ခွင့်ပြု၏' − ဟု မိန့်တော်မူလေ၏။

**အနုမောဒနာတရား ။** ။ နောက်တစ်နေ့နံနက်တွင် မြတ်စွာဘုရားသည် ကေဏိယရသေ့၏ သင်္ခမ်းကျောင်းသို့ ကြွတော်မူ၍ ကေဏိယရသေ့ကပ်သော ဆွမ်းများကို ရဟန်းသံဃာနှင့်အတူ ဘုဉ်းပေးတော်မူပြီးနောက် ကေဏိယရသေ့အား ဤနှစ်ဂါထာတို့ဖြင့် ဆွမ်းအနုမောဒနာတရားကို ဟောတော်မူလေ၏။

၁။ အဂ္ဂိဟုတ္တ မုခါယညာ၊ သာဝိတ္တီ ဆန္ဒသော မုခံ။
ရာဇာ မုခံ မနုဿာနံ၊ နဒီနံ သာဂရော မုခံ။

၂။ နက္ခတ္တာနံ မုခံ စန္ဒော၊ အာဒိစ္စော တပတံ မုခံ။
ပုညံ အာကင်္ခမာနာနံ၊ သံဃောဝေ ယဇတံ မုခံ။

၁။ ယညာ − ယဇ်ပူဇော်ခြင်းတို့သည်၊ အဂ္ဂိဟုတ္တမုခါ − မီးပူဇော်ခြင်းဟူသော ရှေ့သွားရှိကုန်၏။ သာဝိတ္တီ − သာဝိတ္တိဂါထာသည်၊ ဆန္ဒသော − ဆန်းကျမ်း၏၊ (ဝါ) ဝေဒကျမ်း၏၊ မုခံ − အစတည်း (ဝါ) ရှေးဦးစွာရွတ်ဆိုက်၏။ ရာဇာ − မင်းသည်၊ မနုဿာနံ − လူတို့၏၊ မုခံ − ရှေ့သွားပဓာနအကြီးအမျူးတည်း။ သာဂရော − သမုဒ္ဒရာသည်၊ နဒီနံ − မြစ်တို့၏။ မုခံ − ပဓာနအကြီးအမျူးတည်း။

၂။ စန္ဒော − လမင်းသည်၊ နက္ခတ္တာနံ − နက္ခတ်တာရာတို့၏။ မုခံ − ပဓာနအကြီးအမျူးတည်း။ အာဒိစ္စော − နေမင်းသည်၊ တပတံ − ထွန်းလင်းတောက်ပသော ဆီမီး, ပတ္တမြားစသည်တို့၏၊ မုခံ − ပဓာနအကြီးအမျူးတည်း။ သံဃော − အရိယာသံဃာတော်သည်၊ ဝေ − စင်စစ်၊ အာကင်္ခမာနာနံ − ကောင်းမှုကို အလိုရှိကုန်သည်ဖြစ်၍၊ ယဇတံ − ပေးလှူကြသူတို့၏၊ မုခံ − ချမ်းသာခြင်း၏ အကြောင်းပဓာနတည်း။

( ဝိ − ၁ − ၃၄၂/၃၄၄။ မြန် − ၃၄၆/၃၄၈။ ဝိ − ၁ − ၅ − ၁၈၂/၁ )

## ကေဏိယရသေ့ဝတ္ထုလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | မြတ်ဘုရားသည်၊ | ဒေစာရီ | ကြွချီရောက်သည်၊ |
| ၂။ | အာပဏာရွာ၊ | တစ်ထောက်ပါ၊ | ရောက်ကာလာခဲ့ပြီ။ |
| ၃။ | ဘုရားနေမင်း၊ | ဂုဏ်သတင်း၊ | ပျံ့သင်းကြား၍သည်၊ |
| ၄။ | ကေဏိယမည်၊ | ရသေ့သည်၊ | ကြံစည်မိလေပြီ။ |
| ၅။ | အဌကခေါ် ပေ့၊ | တောဖျော်မွေ့၊ | ရသေ့များတို့သည်၊ |
| ၆။ | ပဉ္စားများစွာ၊ | လက်ဦးပါ၊ | ဆရာဖြစ်လေသည်။ |
| ၇။ | ခါမဟုတ်ထင်း၊ | စားကြခြင်း၊ | ရှောင်ခြင်းပြုကြသည်။ |
| ၈။ | ညနေအခါ၊ | ဖျော်ရည်သာ၊ | မှန်စွာသုံးဆောင်သည်။ |
| ၉။ | ဂေါတမမည်သာ၊ | ရဟန်းဟာ၊ | ညစာရှောင်ကြဉ်သည်။ |
| ၁၀။ | အဖျော်ရည်ကို၊ | ကပ်ဖို့ကို၊ | ပြောဆိုလျှောက်ထားပြီ။ |
| ၁၁။ | သောက်သင့်မသင့်၊ | ဒွိဟဖြင့်၊ | ဖြစ်နှင့်နေ၍သည်၊ |
| ၁၂။ | ရဟန်းတို့အား၊ | ဖျော်ရည်အား၊ | ဘုရားခွင့်ပြုပြီ။ |
| ၁၃။ | ရှုက်ဖျော်,သီးဖျော်၊ | အပွင့်ဖျော်၊ | အဖျော်များကိုသည်၊ |
| ၁၄။ | နေလွဲအခါ၊ | သုံးဆောင်ပါ၊ | မြတ်စွာခွင့်ပြုပြီ။ |
| ၁၅။ | ကေဏိယခေါ် ငြား၊ | ရသေ့အား၊ | ဘုရားမြတ်စွာသည်၊ |
| ၁၆။ | ဆွမ်းကပ်ပြီးရာ၊ | နှုမောဒါ၊ | ကောင်းစွာဟောကြားပြီ။ |
| ၁၇။ | မီးကိုပူဇော်၊ | ယဇ်ဓါပ်၊ | အစဖြစ်လေသည်။ |
| ၁၈။ | သာဝိတ္တိဂါထာ၊ | ဆန်းကျမ်းမှာ၊ | ဦးစွာရွတ်ရသည်။ |
| ၁၉။ | နက္ခတ်ရောင်မှာ၊ | လရောင်ဟာ၊ | ပဓာနဖြစ်လေသည်။ |
| ၂၀။ | အားလုံးရောင်မှာ၊ | နေရောင်ဟာ၊ | ပဓာနဖြစ်လေသည်။ |
| ၂၁။ | လူတို့၏မှာ၊ | မင်းရာဇာ၊ | ပဓာနဖြစ်လေသည်။ |
| ၂၂။ | မြစ်တို့၏မှာ၊ | သမုဒ္ဒါ၊ | ပဓာနဖြစ်လေသည်။ |
| ၂၃။ | အလှူများမှာ၊ | အရိယာ၊ | သံဃာလှူခြင်းသည်၊ |
| ၂၄။ | အလှူရှင်အပေါင်း၊ | ချမ်းသာကြောင်း၊ | အကောင်းဆုံးဖြစ်လေသည်။ |
| ၂၅။ | သံဃာရည်မှန်း၊ | စိတ်ရွှင်လန်း၊ | လှူဒါန်းသင့်ကြသည်။ |

ကေဏိယရသေ့ဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

## ရောဇမည်သော မလ္လမင်းဝတ္ထု

<u>မလ္လမင်းတို့၏ ကတိကဝတ်</u> ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် အာပဏရွာ၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် ကုသိနာရုံမြို့သို့ များစွာသော (၁၂၅၀) သော ရဟန်းသံဃာနှင့်အတူ ဒေသစာရီ ကြွချီတော်မူ၏။

ကုသိနာရုံမြို့နေ မလ္လမင်းတို့သည် –

'မြတ်စွာဘုရားသည် များစွာသော (၁၂၅၀) သော ရဟန်းသံဃာနှင့်အတူ ကုသိနာရုံမြို့သို့ ကြွလာတော်မူသတတ်' – ဟု ကြားကြကုန်သည်ဖြစ်၍ –

'မြတ်စွာဘုရားအား ခရီးဦးကြိုဆိုခြင်းကို မပြုသူအား ငါးရာသောဒဏ် ဖြစ်စေ' – ဟု ကတိကဝတ် ပြုကြလေကုန်၏။

<u>ဒဏ်ကိုကြောက်၍</u> ။ ။ ထိုအခါ ရောဇအမည်ရှိသော မလ္လမင်းသည် အရှင်အာနန္ဒာ၏ အဆွေခင်ပွန်းဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် ကုသိနာရုံမြို့သို့ ရောက်တော်မူ၏။

ထိုအခါ ကုသိနာရုံမြို့နေ မလ္လမင်းတို့သည် မြတ်စွာဘုရားအား ခရီးဦးကြိုဆို ကုန်၏။ ရောဇအမည်ရှိသော မလ္လမင်းသည် မြတ်စွာဘုရားအား ခရီးဦးကြိုဆိုပြီး၍ အရှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာရှိခိုးလျက် သင့်တော်သော တစ်ခုသော နေရာ၌ ထိုင်နေသောအခါ အရှင်အာနန္ဒာက ရောဇအား –

'ဒါယကာ ရောဇ ... သင်၏ မြတ်စွာဘုရားအား ခရီးဦးကြိုဆိုခြင်းသည် ကောင်းမြတ်လှပေ၏' – ဟု ပြောဆိုလေ၏။

ထိုအခါ ရောဇသည် အရှင်အာနန္ဒာအား –

'အရှင်ဘုရား အာနန္ဒာ ... တပည့်တော်သည် ရတနာသုံးပါး၌ များစွာ မမြတ်နိုးပါ။ စင်စစ်သော်ကား အဆွေအမျိုးဖြစ်သော မလ္လမင်းတို့သည်

မြတ်စွာဘုရားအား ခရီးဦးကြိုဆိုခြင်းကို မပြုသူအား ငါးရာသောဒဏ်ဖြစ်စေဟု ကတိကဝတ်ပြုထားပါ၏။ ထိုဒဏ်ကို ကြောက်သောကြောင့်သာလျှင် တပည့်တော်သည် မြတ်စွာဘုရားအား ကြိုဆိုခြင်း ဖြစ်ပါ၏' - ဟု လျှောက်လေ၏။

ထိုအခါ အရှင်အာနန္ဒာသည်-

'ရောဇသည် အဘယ်ကြောင့် ဤသို့ပြောဘိသနည်း'

- ဟု နှလုံးမသာ ဖြစ်လေ၏။ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် မြတ်စွာဘုရားအား -

'မြတ်စွာဘုရား ... ဤရောဇအမည်ရှိသော မလ္လမင်းသည် ကျော်စောထင်ရှားသောသူပါတည်း။ ဤသို့ သဘောရှိသောသူတို့၏ ဤသာသနာတော်၌ ကြည်ညိုခြင်းသည် များသောအကျိုးရှိပါ၏။ မြတ်စွာဘုရား ... တောင်းပန်ပါ၏။ ရောဇကို သာသနာ၌ ကြည်ညိုစေရန် ပြုတော်မူပါ' - ဟု လျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား -

'အာနန္ဒာ ... ရောဇမလ္လမင်းကို ဤသာသနာဝယ် ကြည်ညိုစေရာ၌ ခဲယဉ်းသည်မဟုတ်' - ဟု မိန့်တော်မူလေ၏။

**နို့စို့နွားငယ်ပမာ** ။ ။ ထိုအခါ မြတ်စွာဘုရားသည် ရောဇမလ္လမင်းကို မေတ္တာစိတ်ဖြင့် ဖြန့်ပြီးလျှင် ကျောင်းသို့ ဝင်တော်မူ၏။

ထိုအခါ ရောဇသည် မြတ်စွာဘုရား၏ မေတ္တာစိတ်ဖြင့် တွေ့ထိခံရသည်ဖြစ်၍ နို့စို့နွားငယ်သည် အမိနွားမကြီးကို ရှာသကဲ့သို့ ထို့အတူ ကျောင်းတစ်ခုမှ ကျောင်းတစ်ခုသို့ ပရိဝုဏ်တစ်ခုမှ ပရိဝုဏ်တစ်ခုသို့ ချဉ်းကပ်ပြီးလျှင် ရဟန်းတို့ကို -

'အရှင်ဘုရားတို့ ... ယခုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော မြတ်စွာဘုရားသည် အဘယ်အရပ်၌ နေပါသနည်း။ တပည့်တော်သည် မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ အလိုရှိပါ၏' - ဟု လျှောက်လေ၏။

<u>သောတာပန်ဖြစ်ခြင်း</u> ။ ။ ရဟန်းများ၏ ညွှန်ကြားချက်အရ ရောဇမလ္လမင်းသည် မြတ်စွာဘုရားအား ဖူးမြော်ခွင့်ရလေ၏။ မြတ်စွာဘုရားသည် ရောဇမလ္လမင်းအား အနုပုဗ္ဗိကထာ တရားဒေသနာတော်ကို ဟောကြားတော်မူ၏။ တရားတော် အဆုံး၌ ရောဇမလ္လမင်းသည် သောတာပန်အဖြစ်သို့ ရောက်လေ၏။

<u>ရောဇကြည်ညိုပုံ</u> ။ ။ သောတာပန်အဖြစ်သို့ ရောက်လာသော ရောဇမည်သော မလ္လမင်းသည် မြတ်စွာဘုရားကို –

'မြတ်စွာဘုရား ... တောင်းပန်ပါ၏။ ရဟန်းတော်များသည် တပည့်တော်၏ ပစ္စည်းလေးပါးကိုသာ ခံယူပါကုန်လော့။ တစ်ပါးသူတို့၏ ပစ္စည်းလေးပါးကို ခံယူတော်မမူပါကုန်လင့်' – ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ရောဇအား –

'ရောဇ ... သင်သည် သေက္ခဉာဏ်ဖြင့် သစ္စာလေးပါးကို သိသကဲ့သို့ သေက္ခဉာဏ်ဖြင့် သစ္စာလေးပါးကိုသိသော အခြားသူတို့သည်လည်း ရှိကြကုန်၏။ ထိုသူတို့သည်လည်း သင်ကဲ့သို့ အကြံမျိုး ဖြစ်တတ်ပေ၏။ ထို့ကြောင့် သင်၏လည်းကောင်း၊ အခြားသူတို့၏လည်းကောင်း ပစ္စည်းလေးပါးတို့ကို ခံယူကုန်လတ္တံ့' – ဟု မိန့်တော်မူလေ၏။

<u>ဟင်းရွက်နှင့် မုန့်ခဲဖွယ်ကို လှူဒါန်းခြင်း</u> ။ ။ ထိုအခါ ကုသိနာရုံမြို့၌ ဆွမ်းတို့၏ အလှည့်အစဉ်ကို တည်ထား၏။ ဆွမ်းကျွေး အလှည့်ကို မရသော ရောဇအား –

'ငါသည် ဆွမ်းစားဇရပ်ကို ကြည့်အံ့၊ ဆွမ်းစားဇရပ်၌ မမြင်သော ဝတ္ထုပစ္စည်းကို စီရင်ရမူ ကောင်းရာ၏' – ဟု အကြံဖြစ်လေ၏။

ဆွမ်းစားဇရပ်ကို ကြည့်သော ရောဇအား ဟင်းရွက်နှင့် မုန့်ခဲဖွယ် နှစ်ခုသော ဝတ္ထုကို မမြင်သည်ဖြစ်၍ ထိုနှစ်မျိုးကို လှူလိုကြောင်း အရှင်အာနန္ဒာအား လျှောက်ရာ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား လျှောက်ထားပေးသဖြင့် ရောဇမည်သော

မလ္လမင်းသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့အား ဟင်းရွက်နှင့် မုန့်ခဲဖွယ်ကို လှူဒါန်း ဆက်ကပ်လေ၏။

ထိုအခါ ရဟန်းတို့သည် 'မအပ်' ဟု တွေးတောမှု သံသယကုက္ကုစ္စရှိသည် ဖြစ်၍ မခံယူကုန်။ မြတ်စွာဘုရားသည် ရဟန်းတို့ကို -

'ရဟန်းတို့ ... ခံယူကုန်လော့။ သုံးဆောင်ကုန်လော့' - ဟု မိန့်တော်မူလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို -

'ရဟန်းတို့ ... အလုံးစုံသော ဟင်းရွက်ကိုလည်းကောင်း၊ အလုံးစုံသော မုန့်ခဲဖွယ်ကိုလည်းကောင်း ခွင့်ပြု၏' - ဟု မိန့်တော်မူလေ၏။

( ဝိ - ၃ - ၃၄၅ / ၃၄၇ ။ မြန် - ၃၄၀ / ၃၅၁ )

## ရောဇမလ္လမင်း ဝတ္ထုလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | အာပဏာရွာ၊ | နေလေရာ၊ | မြတ်စွာဘုရားသည်၊ |
| ၂။ | ကုသိနာရာ၊ | မြို့သို့ပါ၊ | ဆက်ကာကြွပြန်ပြီ။ |
| ၃။ | ကုသိနာရ၊ | နေထိုင်ကြ၊ | မလ္လမင်းတို့သည်၊ |
| ၄။ | ဘုရားမကြိုပါ၊ | ဒဏ်ငါးရာ၊ | ပေးကာဆောင်ရမည်။ |
| ၅။ | ဤသို့မှန်ဘိ၊ | ပြောကာတိ၊ | ကတိထားကြသည်။ |
| ၆။ | မြတ်စွာဗုဒ္ဓ၊ | ကြိုဆိုကြ၊ | ရောဇပါဝင်သည်။ |
| ၇။ | အာနန္ဒာလေ၊ | ရောဇပေ၊ | မိတ်ဆွေဖြစ်ကြသည်၊ |
| ၈။ | ရောဇဓါမှန်၊ | မိတ်ဖြစ်ပြန်၊ | အာနန်မထေရ်သည်၊ |
| ၉။ | ရောဇကြိုမှု၊ | ဝမ်းမြောက်ပြု၊ | သာဓုခေါ် လေသည်။ |
| ၁၀။ | ရတနာသုံးဖြာ၊ | မြတ်နိုးကာ၊ | ကြိုတာမဟုတ်ပြီ။ |
| ၁၁။ | ငါးရာဒဏ်နှင်း၊ | ကြောက်လို့ထင်း၊ | ကြိုခြင်းဖြစ်ပါသည်။ |
| ၁၂။ | ရောဇပြောတာ၊ | အာနန္ဒာ၊ | စိတ်မှာမကောင်းပြီ။ |

၁၃။ ကြည်ညိုစေရန်၊ ဘုရားထံ၊ အာနန်လျှောက်ထားပြီ။
၁၄။ ကြည်ညိုဖို့ရာ၊ မခဲပါ၊ မြတ်စွာမိန့်လေပြီ။
၁၅။ ရောဇကိုသာ၊ ရည်စူးကာ၊ မေတ္တာဖြန့်လေပြီ။
၁၆။ မိခင်ပျောက်ခြား၊ နွားငယ်လား၊ ထံပါးချဉ်းကပ်ပြီ။
၁၇။ ပဉ္စကထာ၊ ဒေသနာ၊ မြတ်စွာဟောလေပြီ။
၁၈။ တရားဆုံးမှာ၊ ရောဇဟာ၊ သောတာဖြစ်လေပြီ။
၁၉။ သောတာဖြစ်လာ၊ ရောဇဟာ၊ လွန်စွာကြည်ညိုပြီ။
၂၀။ ပစ္စည်းလေးပါး၊ လှူဖို့အား၊ သူများမပေးပြီ။
၂၁။ တစ်ဦးတည်းသာ၊ လှူလိုပါ၊ မြတ်စွာလျှောက်ထားပြီ။
၂၂။ ရောဇလိုလျှင်၊ အများပင်၊ လှူချင်ကြပေမည်။
၂၃။ သူရောင်ပါ၊ လှူနိုင်ပါ၊ မြတ်စွာမိန့်လေပြီ။
၂၄။ ဆွမ်းကျွေးများလှ၊ အလှည့်က၊ မကျနိုင်ရှိသည်၊
၂၅။ ဆွမ်းဇရပ်မှာ၊ မရှိတာ၊ လှူမှာစိတ်ကူးပြီ။
၂၆။ ဟင်းရွက်တစ်မယ်၊ မုန့်ခဲဖွယ်၊ နှစ်မယ်တွေ့လေပြီ။
၂၇။ ထိုနှစ်မယ်အား၊ သံဃာအား၊ ဘုရားပါလှူလေပြီ။
၂၈။ စားသင့်မသင့်၊ ဒွိဟဖြင့်၊ ဖြစ်နှင့်နေရှိသည်၊
၂၉။ သုံးဆောင်နိုင်ပါ၊ စားနိုင်ပါ၊ မြတ်စွာမိန့်လေပြီ။
၃၀။ ရောဇလှူမှု၊ အကြောင်းပြု၊ သတ္တုခွင့်ပြုပြီ။
၃၁။ ရွက်,သီးမျိုးစုံ၊ မုန့်မျိုးစုံ၊ အစုံလှူနိုင်ပြီ။
၃၂။ အရွက်အသီး၊ ဟင်းချိုတည်း၊ ချက်ပြီးလှူနိုင်သည်။
၃၃။ သီးစုံချဉ်ရေ၊ ချက်လို့ပေ၊ လှူလေကောင်းပေသည်။
၃၄။ ကုန်းဘောင်ကြီးကြော်၊ တောက်တောက်ကြော်၊ ရွက်ကြော်လှူနိုင်သည်။

ရောဇမလ္လမင်း ဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

# တောထွက်ရဟန်းဝတ္ထု

<u>သားသူငယ်နှစ်ယောက်ကို အလှူခံစေခြင်း</u> ။ ။ မြတ်စွာဘုရားသည် ကုသိနာရုံမြို့၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် အာတုမမြို့သို့ များစွာသော (၁၂၅၀)သော ရဟန်းသံဃာနှင့်အတူ ဒေသစာရီ ကြွချီတော်မူ၏။

ထိုအခါ ဆတ္တာသည် ဖြစ်ဖူးသော သုဘဒ္ဒမည်သော တောထွက်ရဟန်းတစ်ပါးသည် အာတုမမြို့၌ နေ၏။ ထိုရဟန်းကြီး၏သား သာမဏေဝတ်ပေးထားသော သူငယ်နှစ်ယောက်တို့သည်ကား သာယာသောစကား ရှိကုန်၏။ ဆန်းကြယ်သော ပညာရှိကုန်၏။ မိမိဆရာ့အတတ်ဖြစ်သော ဆတ္တာသည်တို့၏ အမှု၌ ကျွမ်းကျင်လိမ္မာကုန်၏။ ဖြူစင်သော အတတ်နှင့် ပြည့်စုံကုန်၏။

ထိုတောထွက်ရဟန်းသည် '(၁၂၅၀) သော ရဟန်းသံဃာနှင့်အတူ မြတ်စွာဘုရားသည် အာတုမမြို့သို့ ကြွလာတော်မူသတတ်' - ဟု သတင်းကြားသည်ဖြစ်၍ မြတ်စွာဘုရားအား ယာဂုကပ်လှူလိုသည်ဖြစ်၍ သားသာမဏေသူငယ်နှစ်ယောက်တို့ကို -

'ချစ်သားတို့ ... မြတ်စွာဘုရားသည် များစွာသော (၁၂၅၀)သော ရဟန်းသံဃာနှင့်အတူ အာတုမမြို့သို့ ကြွလာတော်မူသတတ်။ ချစ်သားတို့ ... သင်တို့သည် သွားကြကုန်လော့။ သင်ဓုန်းအိတ်ကို ယူ၍ ခွက်ဖြင့်လည်းကောင်း၊ အိတ်ဖြင့်လည်းကောင်း၊ အိမ်တိုင်းအိမ်တိုင်း လှည့်လည်ကုန်လော့။ ဆား၊ ဆီ၊ ဆန်၊ ခဲဖွယ်တို့ကို ဆောင်ခဲ့ကုန်လော့။ မြတ်စွာဘုရားအား ယာဂုကို ပြုစုလှူဒါန်းကုန်အံ့' - ဟု ပြောဆို စေလွှတ်လိုက်လေ၏။

<u>များစွာလှူကြခြင်း</u> ။ ။ လူတို့သည် အသံလည်း သာယာကုန်သော၊ ဆန်းကြယ်သော ပညာလည်းရှိကုန်သော ထိုသာမဏေသူငယ်တို့ကို မြင်၍ မုတ်ဆိတ်၊ ဆံပင် ပြုပြင်ခြင်းငှါ အလိုမရှိကြသော်လည်း ပြုပြင်စေကုန်၏။ ပြီးသောအခါ၌ကား များစွာသော အခကို ပေးလိုက်ကြကုန်၏။ ဆန်၊ ဆီ၊ ဆား၊ ခဲဖွယ်တို့ကိုလည်း များစွာ လှူလိုက်ကြလေကုန်၏။

(ဤအလှူခံခြင်းသည် လူတို့၏ အမှုကိစ္စတို့ကို ပြုလုပ်ပြီး အလှူခံခြင်း ဖြစ်၍ ရဟန်းတို့အတွက် အပ်စပ်ခြင်း မရှိတော့ပေ။ ထို့ကြောင့် ထိုတောထွက် ရဟန်းသည် သဒ္ဓါပေါက်၍ စေတနာအလျောက် မြတ်စွာဘုရားအား လှူရန် ဖြစ်သော်လည်း မအပ်မစပ် အလှူခံခြင်းဖြစ်၍ မြတ်စွာဘုရား အလှူခံမည် မဟုတ်ပေ။)

<u>ကဲ့ရဲ့တော်မူခြင်း</u> ။ ။ မြတ်စွာဘုရားသည် အာတုမမြို့သို့ ရောက်၍ ကောက်ရိုး အိမ်၌ သီတင်းသုံးနေတော်မူသောအခါ သုဘဒ္ဒတောထွက် ရဟန်းကြီးသည် မြတ်စွာဘုရားနှင့် ရဟန်းသံဃာတော်တို့အား မိမိစီရင်ထားသော များစွာသော ယာဂုတို့ကို ဆက်ကပ်လေရာ မြတ်စွာဘုရားသည် တောထွက်ရဟန်း ကြီးအား –

'ရဟန်း ... ဤယာဂုသည် အဘယ်မှ ရသနည်း'

– ဟု မေးတော်မူလေ၏။ ထိုတောထွက်ရဟန်းကြီးသည် သား သာမဏေ ငယ်နှစ်ပါးတို့ကို အလှူခံစေ၍ ရခြင်းအကြောင်းကို လျှောက်ထားလေရာ မြတ်စွာဘုရား သည် ထိုရဟန်းကြီးအား –

'မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား ... သင်၏အမှုသည် ရဟန်း တို့အား မလျောက်ပတ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့၏ အပြုအမူ မဟုတ်။ မအပ်။ ရဟန်းတို့ မပြုသင့်။ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား ... သင်သည် ရဟန်းဖြစ်လျက် အဘယ်ကြောင့် မအပ်သည်ကို ဆောက်တည်စေဘိသနည်း'

– စသည်ဖြင့် ကဲ့ရဲ့တော်မူပြီးလျှင် ဤသို့ ပညတ်တော်မူလေ၏။

'ရဟန်းတို့ ... ရဟန်းသည် မအပ်သည်၌ မဆောက်တည်စေအပ်။ ဆောက်တည်စေသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ရဟန်းတို့ ... ဆတ္တာသည် ဖြစ်ဖူးသော ရဟန်းသည် သင်ရုန်းအိတ်ကို မဆောင်အပ်။ ဆောင်သောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏'

– ဟု မိန့်တော်မူလေ၏။

<u>**သစ်သီးခဲဖွယ်ကို ခွင့်ပြုတော်မူခြင်း ။**</u> ။ ထို့နောက် မြတ်စွာဘုရားသည် သာဝတ္ထိမြို့သို့ ကြွရောက်တော်မူပြီး သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ သာဝတ္ထိမြို့၌ အမျိုးမျိုးသော သစ်သီးခဲဖွယ်သည် ပေါများလေ၏။ ထိုအခါ ရဟန်းတို့အား -

'မြတ်စွာဘုရားသည် သစ်သီးခဲဖွယ်ကို ခွင့်ပြုလေသလော။ ခွင့်မပြုလေသလော'

- ဟု အကြံ ဖြစ်လေ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို -

'ရဟန်းတို့ ... အလုံးစုံသော သစ်သီးခဲဖွယ်ကို ခွင့်ပြု၏'

- ဟု မိန့်တော်မူလေ၏။

( ဝိ - ၃ - ၃၄၇ /၈ ။ မြန် - ၃၅၁ / ၂။ သာရတ္ထ ဋီ တ - ၃၃၂ )

## တောထွက်ရဟန်းဝတ္တုလာ ဆောင်ရန်လင်္ကာများ

၁။ ကုသိနာရာ၊ နေလေရာ၊ မြတ်စွာဘုရားသည်၊

၂။ အာတုမခေါ် ရွာ၊ မြို့သို့ပါ၊ ဆက်ကာကြွပြန်ပြီ။

၃။ အာတုမမြို့မှာ၊ တောထွက်ပါ၊ နေတာရှိလေသည်။

၄။ သုဘဒ္ဒခေါ် မှီး၊ တောထွက်ကြီး၊ တစ်နည်းခေါ် သေးသည်။

၅။ လူ့ဘဝမှာ၊ နေစဉ်ခါ၊ ဆတ္တာဖြစ်ဖူးသည်။

၆။ ယာဂုမည်လတ်၊ လှူဖွယ်ရပ်၊ ဆက်ကပ်လို၍သည်၊

၇။ သာမဏေဝတ်ထား၊ သားတို့အား၊ ပြောကြားစေလွှတ်ပြီ။

၈။ သာမဏေဖြစ်ပြန်၊ သွက်လက်ပြန်၊ အသံသာယာသည်။

၉။ ဆတ္တာခေါ် တွင်၊ အတတ်တွင်၊ ကျွမ်းကျင်တတ်မြောက်သည်။

၁၀။ အာတုမမြို့၊ နေတာမို့၊ လူတို့တစ်တွေသည်၊

၁၁။ မှတ်ဆိတ်များကို၊ ပြင်ခြင်းကို၊ မလိုသော်လဲသည်၊

၁၂။ ပြုပြင်ခဲ့ကာ၊ လှူဖွယ်ရာ၊ များစွာလှူလိုက်သည်။

၁၃။ လှူဖွယ်အစု၊ စီရင်ပြု၊ ယာဂုဆက်ကပ်ပြီ။

၁၄။ ဤယာဂုဆွမ်း၊ ရပုံလမ်း၊ မေးမြန်းပါလေပြီ။

၁၅။ အကြောင်းခြင်းရာ၊ ကြားသောခါ၊ မြတ်စွာကဲ့ရဲ့ပြီ။

၁၆။ မအပ်မစပ်၊ ဖြစ်စေလတ်၊ ဒုက္ကဋ်သင့်စေပြီ။

၁၇။ သာဝတ္ထိဝယ်၊ သစ်သီးရယ်၊ ခဲဖွယ်ပေါ်များပြီ။

၁၈။ သီးခဲဖွယ်အား၊ သုံးနိုင်ကြား၊ ဘုရားခွင့်ပြုပြီ။

၁၉။ သီးခဲဖွယ်စုံ၊ သီးနှံစုံ၊ အကုန်လှူနိုင်ပြီ။

တောထွက်ရဟန်းဝတ္တုလာ ကိုယ်ကျင့်တရားများ ပြီး၏။

# ကထိန်ကို ခွင့်ပြုခြင်း

မပျော်ဘဲ ဝါဆိုနေရ ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အာရာမ်ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ သုံးကျိပ်အတိုင်း အရှည်ရှိသော ( လူ့ဘဝက ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ် ခေါ်သော ) ပါဝေယျကတိုင်းသား ရဟန်းတို့သည် အားလုံးပင် အာရညကင်ဓုတင်၊ ပိဏ္ဍပတ်ဓုတင်၊ ပံသုကူဓုတင်၊ တိစီဝရိတ်ဓုတင် ဆောက်တည်ကုန်၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ကို ဖူးမြော်ရန် သာဝတ္ထိမြို့သို့ လာကုန်သော် ဝါဆိုနေ့ နီးကပ်သည်ဖြစ်၍ သာဝတ္ထိမြို့၌ ဝါဆိုနေ့မီရန် မတတ်နိုင်ကုန်။ ခရီးအကြား ဖြစ်သော သာကေတမြို့၌ ဝါကပ်ရကုန်၏။

ထိုရဟန်းတို့သည် -

'ငါတို့၏ အနီးဖြစ်သော ဤသာကေတမြို့မှ ခြောက်ယူဇနာအရပ်၌ မြတ်စွာဘုရားသည် သီတင်းသုံးနေတော်မူ၏။ ငါတို့သည် မြတ်စွာဘုရားကို ဖူးမြော်ခွင့် မရကုန်'

- ဟု မပျော်ပိုက်ဘဲ ဝါဆိုနေရကုန်၏။

ကထိန်ကို ခွင့်ပြုတော်မူခြင်း ။ ။ ထို့နောက် ထိုရဟန်းတို့သည် သုံးလလွန်၍ ဝါကျွတ်သောအခါ ပဝါရဏာပြုပြီးလျှင် မိုးကြီး ရွာ၍ ရေတင်းကျမ်းရှိသော ညွန်ပျောင်း၌ ရေဖြင့်ပြည့်သော သင်္ကန်းတို့ဖြင့် ပင်ပန်းသော သဘောရှိကုန်လျက် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ သင့်တော်သော တစ်ခုသောအရပ်၌ ထိုင်နေ၏။

အာဂန္တုရဟန်းတို့နှင့်အတူတကွ ဝမ်းမြောက်စွာ နှုတ်ဆက်စကား ပြောကြားတော်မူခြင်းသည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားတို့၏ အလေ့အထပင် ဖြစ်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို -

'ရဟန်းတို့ ... ကျန်းမာကြ၏လော။ မျှတကြကုန်၏လော။ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံဘဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြရကုန်၏လော။ ဆွမ်းအတွက်လည်း မပင်ပန်းဘဲ ရှိကြကုန်၏လော'

– ဟု မေးမြန်းတော်မူလေ၏။

ထိုရဟန်းသုံးကျိပ်တို့သည် ကျန်းမာကြောင်း၊ ချမ်းသာကြောင်း စသည်ကို လျှောက်ကြားပြီးနောက် မပျော်ပိုက်ဘဲ ဝါဆိုခဲ့ရကြောင်း၊ မိုးကြီးရွာ၍ သင်္ကန်းတွေ ရွှဲရွှဲစိုကာ ပင်ပန်းကြီးစွာ လာခဲ့ရကြောင်း စသည် လျှောက်ထားကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို –

'ရဟန်းတို့ ... ဝါကျွတ်သော ရဟန်းတို့အား ကထိန်ခင်းခြင်းငှါ ခွင့်ပြု၏' – ဟု မိန့်တော်မူလေ၏။

ကထိန်အာနိသင် (၅) ပါး ။

။ ထို့နောက် မြတ်စွာဘုရားသည် ကထိန်အာနိသင် ၅ ပါးကိုလည်း ရနိုင်ကြောင်းကို ဟောကြားတော်မူလေ၏။

'ရဟန်းတို့ ... ကထိန်ခင်းပြီးသော ရဟန်းတို့အား –

(၁) ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ ဒါယကာအိမ်သို့ သွားနိုင်ခြင်း၊
(၂) တိစီဝရိတ် အဓိဋ္ဌာန်တင်သော သင်္ကန်းကို မယူဘဲ သွားနိုင်ခြင်း၊
(၃) ဂဏဘောဇဉ်ကို စားနိုင်ခြင်း၊
(၄) အလိုရှိတိုင်း ဝိကပ္ပနာမပြုသော သင်္ကန်းကို ဆောင်နိုင်ခြင်း၊
(၅) ထိုကထိန်ခင်းသောကျောင်း၌ သင်္ကန်းဖြစ်ပေါ်လာတိုင်း ကထိန်ခင်းသော ရဟန်းတို့အား ဖြစ်ရခြင်း

– ဟူသော ဤငါးပါးသော အာနိသင်တို့ကို ရကုန်၏။

– ဟု မိန့်တော်မူလေ၏။

( ဝိ – ၃ – ၃၅၁ / ၂ ။ မြန် – ၃၅၅ / ၆ )

## ကထိန်ကို ခွင့်ပြုခြင်းလာ ဆောင်ရန်လင်္ကာများ

၁။ ဇေတဝန်ကျောင်းတွင်း၊ တရားမင်း၊ သီတင်းသုံးနေပြီ။
၂။ သုံးကျိပ်ရှိကြား၊ ရဟန်းများ၊ ဘုရားဖူးလာကြပြီ။
၃။ ဝါမမီကြ၊ သာကေတ၊ နေရဝါဆိုပြီ။
၄။ ခြောက်ယူဇနာ၊ ခရီးဟာ၊ ဝေးတာမဟုတ်ပြီ။
၅။ မပျော်ပိုက်ကြ၊ ဝါဆိုရ၊ နေရပါလေပြီ။
၆။ သီတင်းကျွတ်မှာ၊ ထွက်ခွါလာ၊ မိုးရွာချခဲ့ပြီ။
၇။ မိုးထဲလေထဲ၊ ရွှံ့ ညွန်ထဲ၊ အားခဲလာရသည်။
၈။ မိုးရေကရွှမ်း၊ ခရီးကြမ်း၊ ပင်ပန်းလာခဲ့သည်။
၉။ ဘုရားမြတ်စွာ၊ သိသောခါ၊ ငဲ့ညှာထောက်ထားပြီ။
၁၀။ အာနိငါးကြိမ်၊ ရဖို့ချိန်၊ ကထိန်ခွင့်ပြုပြီ။
၁၁။ မပန်ကြားပေ၊ အိမ်သို့ပေ၊ သွားလေကြရပြီ။
၁၂။ အဓိဋ္ဌာန်တင်၊ သင်္ကန်းပင်၊ ယူငင်မဲလိုပြီ။
၁၃။ ဂဏဘောဇဉ်၊ စားလိုလျှင်၊ မှန်ပင်စားနိုင်သည်။
၁၄။ ဝိကပ်မပြု၊ သင်္ကန်းစု၊ ဆောင်ပြုရနိုင်သည်။
၁၅။ ဖြစ်ပေါ် လာတိုင်း၊ သင်္ကန်းတိုင်း၊ မဆိုင်းရနိုင်သည်။
၁၆။ သင်္ကန်းကထိန်၊ ရတနာစိန်၊ ကျောင်းမှာသိမ်၊ ဂုဏ်ရှိန်မြင့်မားသည်။
၁၇။ တစ်နှစ်တစ်ခါ၊ ကထိန်ပါ၊ လှူတာကောင်းမြတ်သည်။
၁၈။ ကထိန်တန်ခိုး၊ ဒါနမိုး၊ ရွာဖြိုးနိုင်ကြပြီ။

ကထိန်ကို ခွင့်ပြုခြင်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

# စီဝရက္ခန္ဓက

## ဧဝကဝတ္ထုလာ ကိုယ်ကျင့်တရားများ

ဝေသာလီမြို့ တင့်တယ်ခြင်း ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဝေသာလီမြို့သည် ပြည့်စုံကြွယ်ဝ၏။ စည်ပင်ဝပြော၏။ များသော လူဦးရေရှိ၏။ လူမျိုးစုံတို့ဖြင့် ပြွမ်း၏။ သာယာဝပြော၏။ ပြာသာဒ် (၇၇၀၇) ဆောင်တို့သည်လည်းကောင်း၊ အထွတ်တပ်သော အိမ် (၇၇၀၇) ဆောင်တို့သည်လည်းကောင်း၊ အရံ (၇၇၀၇) ခုတို့သည်လည်းကောင်း၊ ရေကန် (၇၇၀၇) ကန်တို့သည်လည်းကောင်း ရှိကုန်၏။

ထို့ပြင် အမ္ဗပါလီ ပြည့်တန်ဆာမသည် အလွန်အဆင်းလှ၏။ ကြည့်ရှုဖွယ်ကောင်း၏။ စိတ်ကို ကြည်လင်စေနိုင်၏။ မြတ်သော အဆင်းသဏ္ဍာန်နှင့် ပြည့်စုံ၏။ ကခြင်း၌လည်းကောင်း၊ သီချင်းသီဆိုခြင်း၌လည်းကောင်း၊ တီးမှုတ်ခြင်း၌လည်းကောင်း လိမ္မာကျွမ်းကျင်၏။ အလိုရှိကုန် အလိုရှိကုန်သော လူတို့သည် ကပ်ရောက်အပ်သည်ဖြစ်၍ အသပြာငါးဆယ်ဖြင့်လည်း ညဉ့်အခါ၌ သွားလာရ၏။ ထိုပြည့်တန်ဆာမကြောင့်လည်း ဝေသာလီပြည်သည် အတိုင်းထက်အလွန် တင့်တယ်၏။

သာလဝတီ ပြည့်တန်ဆာမ ။ ။ ထိုအခါ ရာဇဂြိုဟ်နယ်သား အထက်တန်းစား ကျေးရွာလူကြီးသည် ပြုဖွယ်ကိစ္စ တစ်စုံတစ်ရာဖြင့် ဝေသာလီမြို့သို့ သွားလေရာ ဝေသာလီမြို့၏ စည်ကားပုံကိုလည်းကောင်း၊ အမ္ဗပါလီ ပြည့်တန်ဆာမကြောင့်လည်း ပို၍ တင့်တယ်စည်ကားပုံကိုလည်းကောင်း တွေ့မြင်လေ၏။

ထိုကျေးရွာလူကြီးသည် ပြုဖွယ်ကိစ္စပြီးဆုံး၍ ရာဇဂြိုဟ်မြို့သို့ ပြန်လာပြီးလျှင် မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရအား မိမိတွေ့မြင်ခဲ့သော ဝေသာလီမြို့၏ တင့်တယ်စည်ကားပုံကို လျှောက်ထားပြီးနောက် -

'အရှင်မင်းကြီး ... တောင်းပန်ပါ၏။ အကျွန်ုပ်တို့သည်လည်း ပြည့်တန်ဆာမ ကို ထားပါကုန်အံ့' - ဟု လျှောက်လေ၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် ကျေးရွာလူကြီးအား -

'အချင်း ... သို့ဖြစ်လျှင် သင်တို့သည် ပြည့်တန်ဆာမကို ထားလိုက အမွှပါလီ နှင့် အလားတူ မိန်းမပျိုကို သိကုန်လော့' - ဟု ပြောဆိုလေ၏။

ထိုအခါ ရာဇဂြိုဟ်ပြည်၌ သာလဝတီမည်သော မိန်းမပျိုသည် အလွန်အဆင်း လှ၏။ ကြည့်ရှုဖွယ်ကောင်း၏။ စိတ်ကို ကြည်လင်စေနိုင်၏။ မြတ်သော အဆင်း သဏ္ဍာန်နှင့် ပြည့်စုံ၏။ ထိုအခါ မြို့သူမြို့သားတို့က နှစ်သိန်း၊ ဗိမ္ဗိသာရမင်းကြီးက တစ်သိန်း ပေါင်းသုံးသိန်းနှင့် အခြားခြံ ဥယျာဉ်, ယာဉ် အစရှိသည်တို့ကို ပေးကာ ပြည့်တန်ဆာမ အိမ်ဂေဟာကို ထူထောင်ပေးကြပြီးနောက် ကျေးရွာလူကြီးသည် သာလဝတီ မိန်းမပျိုအား ပြည့်တန်ဆာမအရာ၌ ထားလေ၏။

ထို့နောက် သာလဝတီ ပြည့်တန်ဆာမသည် မကြာမီလျှင် ကခြင်း၌လည်းကောင်း၊ သီချင်းသီဆိုခြင်း၌လည်းကောင်း၊ တီးမှုတ်ခြင်း၌လည်းကောင်း လိမ္မာကျွမ်းကျင်၏။ အလိုရှိကုန်သော လူတို့သည် ကပ်ရောက်အပ်သည်ဖြစ်၍ အသပြာတစ်ရာဖြင့် ညဉ့်အခါ၌ သွားလာရလေ၏။

**ဇီဝကကို ဖွားမြင်ခြင်း ။** ။ ထို့နောက် သာလဝတီ ပြည့်တန်ဆာမအား မကြာမီပင်လျှင် ကိုယ်ဝန်ရှိလေ၏။ ထိုအခါ သာလဝတီ ပြည့်တန်ဆာမအား -

" မိန်းမသည် ကိုယ်ဝန်ရှိလတ်သော် ယောကျ်ားတို့ မနှစ်သက်ဖွယ် ဖြစ်၏။ အကယ်၍ ငါ့ကို 'သာလဝတီ ပြည့်တန်ဆာမသည် ကိုယ်ဝန်ရှိ၏' ဟု သိအံ့။ အလုံးစုံသော လာဘ်လာဘသည် ငါ့အား ပျက်စီးလတ္တံ့။ ငါသည် နာဖျား၏ - ဟု သိစေရမှု ကောင်းလေရာ၏" - ဟု အကြံ ဖြစ်လေ၏။

ထိုအခါ သာလဝတီ ပြည့်တန်ဆာမသည် တံခါးစောင့်ကို -

'အချင်း တံခါးစောင့် ... တစ်စုံတစ်ယောက်သော ယောကျ်ားကိုမျှ မဝင်စေလင့်။ ငါ့အား မေးအံ့၊ နာဖျားနေ၏ - ဟု ပြောကြားလေလော့' - ဟု မှာကြားထားလေ၏။

ထို့နောက် သာလဝတီ ပြည့်တန်ဆာမသည် ကိုယ်ဝန်ရင့်ခြင်းကို စွဲ၍ သားဖွားဓ၏။ ထိုအခါ သာလဝတီသည် ကျွန်မကို 'ဟယ် … ကျွန်မ … ဤသူငယ်ကို စကောဟောင်း၌ ထည့်၍ တံမြက်ချေးစွန့်ရာ အရပ်၌ စွန့်ပစ်ချေလော့' – ဟု စေခိုင်းလိုက်လေ၏။

ထိုအခါ အဘယမင်းသားသည် စောစောသာလျှင် ဗိမ္ဗိသာရမင်းကြီးအား ခစားရန် သွားသည်ရှိသော် ကျီးတို့ဖြင့် ဝန်းရံနေသော ထိုသူငယ်ကို မြင်၍ လူတို့ကို –

'အချင်းတို့ … ကျီးတို့ဖြင့် ဝန်းရံနေသော ဤဝတ္ထုကား အဘယ်နည်း' – ဟု မေး၏။

'အရှင်မင်းသား … သူငယ်ပါတည်း' – ဟု ဆိုကုန်၏။

'အချင်းတို့ … ဓိဝတိ – အသက်ရှိသေး၏လော' – ဟု မေးလေ၏။

'အရှင်မင်းသား … ဓိဝတိ – အသက်ရှိပါသေး၏' – ဟု ဖြေဆိုကုန်၏။

'အချင်းတို့ … သို့ဖြစ်လျှင် ထိုသူငယ်ကို ငါ၏ အိမ်တော်သို့ ဆောင်၍ အထိန်းတို့အား မွေးမြူစိမ့်သောငှါ ပေးကုန်လော့' – ဟု ပြောဆိုလေ၏။

ထိုသူငယ်ကို အထိန်းတို့သည် ကောင်းစွာ မွေးမြူကြကုန်၏။ ထိုသူငယ်အား ဓိဝတိ – အသက်ရှိသေး၏လော– ဟူသော အဘယမင်းသား၏ မေးခြင်းကို အကြောင်းပြု၍ ဓိဝက – **မောင်သက်ရှည်** ဟူ၍ အမည်မှည့်ကြလေကုန်၏။ မင်းသားသည် မွေးမြူစေအပ်သောကြောင့် **ကောမာရဘစ္စ** ဟူ၍လည်း ဝိသေသန ပြုကြလေ၏။

<u>အမိမည်သူနည်း</u> ။ ။ အဘယမင်းသား မွေးမြူအပ်သော ဓိဝကသည် သိကြားလိမ္မာသောအဖြစ်သို့ ရောက်သောအခါ၌ အဘယမင်းသားကို –

'အရှင်မင်းသား … အကျွန်ုပ်၏ အမိကား အဘယ်သူပါနည်း။ အကျွန်ုပ်၏ အဖကား အဘယ်သူပါနည်း' – ဟု မေးလေ၏။

'အချင်း ဓိဝက … ငါသည်လည်း သင်၏ အမိကိုမသိ။ စင်စစ်မူကား ငါသည် သင်၏ အဖတည်း။ ငါသည်ပင်လျှင် သင့်ကို မွေးမြူအပ်၏' – ဟု အဖြေပေးလေ၏။

ဇီဝကသည် ထိုသို့ အဘယ်ကြောင့် မေးရသနည်း ဟူမူ - မင်းသားငယ်များ တို့သည် ကလေးတို့ သဘာဝ ကစားကုန်စဉ် ငြင်းခုံမှု ဖြစ်ကြလေသော် အခြားမင်းသား ငယ်တို့က ဇီဝကကို -

'အမိမရှိတဲ့ အကောင်၊ အဖမရှိတဲ့ အကောင်'

- ဟူ၍ ပြောဆိုကြကုန်၏။ ဤမှုတွင် မကသေး ပွဲလမ်းသဘင် ဖြစ်ရာအခါတို့၌ အခြားမင်းသားငယ်တို့အား ဒေါ်ကြီး၊ ဒေါ်လေး အစရှိသည်တို့သည် တစ်စုံတစ်ခုသော လက်ဆောင်ကို ပို့ကုန်သကဲ့သို့ ထိုဇီဝက၏ထံသို့ တစ်စုံတစ်ယောက်သည် တစ်စုံတစ်ခု သော လက်ဆောင်ကို မပို့။ ပို့ကြသူ မရှိပေ။ ထို့ကြောင့် ဇီဝကသည် အဘယမင်းသားကို အမိအဖကို မေးခြင်း ဖြစ်လေသည်။

<u>ဆေးအတတ်ကို သင်ရန် ကြံပြီ</u> ။ ။ ထိုအခါ၌ ဇီဝကအား -

'အတတ်ပညာမရှိဘဲ ဤမင်းမျိုးတို့ကို မှီ၍ အသက်မွေးခြင်းငှါ မလွယ်ကူ။ ဆင်အတတ်၊ မြင်းအတတ် အစရှိသော အတတ်တို့သည် သူတစ်ပါးတို့ကို နှိပ်စက် ညှဉ်းဆဲခြင်းနှင့် ဆက်စပ်လျက် ရှိကုန်၏။ ဆေးအတတ်သည် ရှေ့အဖို့၌ မေတ္တာစိတ် ဖြစ်ရ၏။ သတ္တဝါတို့၏ စီးပွားနှင့် ဆက်စပ်၏။ ထို့ကြောင့် ငါသည် ဆေးအတတ် ကို သင်ရမူ ကောင်းလေစွ' - ဟု အကြံဖြစ်လေ၏။

သည်သာမကသေး - ဤဇီဝကသည် ဤကမ္ဘာမှ ကမ္ဘာတစ်သိန်းအထက်၌ ပဒုမုတ္တရ မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်သော ဆေးဆရာကို မြင်၍ အားကျစိတ် ဖြစ်ကာ ဘုရားအမှူးရှိသော သံဃာအား (၇)ရက်ပတ်လုံး ပေးလှူပြီး၍ -

'နောင်အခါ၌ ဘုရားရှင်တစ်ဆူထံ၌ ဤဆေးဆရာကဲ့သို့ အလုပ်အကျွေး ဖြစ်ရပါလို၏'

- ဟု ဆုတောင်းမှု ပြုခဲ့၏။ ဤဆုတောင်း၏ နှိုးဆော်အပ်သည် ဖြစ်သော ကြောင့်လည်း ဆေးအတတ်ကို သင်ရန် ကြံစည်မိခြင်း ဖြစ်လေ၏။

**တက္ကသိုလ်ပြည်သို့ သွားပြီ ။** ။ ဇီဝကအား ထိုသို့ အကြံဖြစ်သော အချိန်၌ တက္ကသိုလ်ပြည်မှ ကုန်သည်တို့သည် အဘယမင်းသားကို ဖူးမြော်ခြင်းငှါ လာကြကုန်သည်ဖြစ်၍ ဇီဝကသည် ထိုကုန်သည်တို့ကို

'အဘယ်အရပ်မှ လာခဲ့ကြသနည်း' – ဟု မေးလေပြီ။

'တက္ကသိုလ်မှ လာခဲ့ကြကုန်ပြီ' – ဟူ၍ ဖြေဆိုလေပြီ။

'တက္ကသိုလ်ပြည်၌ ဆေးအတတ်ကို သင်ပေးသော ဆရာရှိပါသလား' – ဟု မေးပြန်ပြီ။

'ဒိသာပါမောက္ခ ဆေးဆရာကြီး ရှိပါသည်' – ဟု ဖြေကြားပြီ။

'အသင်တို့ ပြန်လျှင် အကျွန်ုပ်ကို အကြောင်းကြားပါဦး'

– ဟူ၍ မှာကြားလေပြီ။ ဇီဝကသည် ကုန်သည်တို့အပြန်၌ အဘယမင်းသားကို မပန်ကြားမူ၍သာလျှင် တက္ကသိုလ်ပြည်သို့ လိုက်ပါသွားလေ၏။

**ဆေးအတတ်ကို သင်ပြီ ။** ။ တက္ကသိုလ်ပြည်က ဒိသာပါမောက္ခ ဆေးဆရာကြီးသည် မိမိထံ ချဉ်းကပ်လာသော ဇီဝကကို မြင်လေလျှင် –

'အမောင် ... သင်သည် အဘယ်သူနည်း'

'ဆရာကြီး ... အကျွန်ုပ်သည် ဗိမ္ဗိသာရမင်းကြီး၏ မြေး၊ အဘယမင်းသား၏ သားပါတည်း'

'အဘယ်ကြောင့် လာသနည်း'

'ဆရာကြီး အထံ၌ ဆေးပညာကို သင်ကြားရန် ရောက်လာခြင်း ဖြစ်ပါသည်'

ဇီဝကမှ တစ်ပါးကုန်သော မင်းမျိုးဖြစ်ကုန်သော မင်းသားတို့သည် ဆရာကြီးအား ဝေယျာဝစ္စအမှုကို မပြုလုပ်မူ၍ အဖိုးအခကို ပေး၍ သင်ယူကြကုန်၏။ ဇီဝကကား အဖိုးအခ ပေးစရာ မရှိသောကြောင့် ဆရာကြီး၏ ဝေယျာဝစ္စအမှုကို ပြုလုပ်၍ အနီးနေ တပည့်အနေဖြင့် သင်ယူလေ၏။

**သိကြားမင်း ကူ၍ သင်ပေးခြင်း ။** ။ ထိုအခါ ဇီဝကအား (၇) နှစ် လွန်သောအခါ -

'ငါသည် များစွာလည်း သင်၏။ လျင်စွာလည်း တတ်၏။ ကောင်းစွာလည်း စုံစမ်း၏။ သင်တိုင်းသော ပညာသည်လည်း မမေ့ပျောက်။ (၇) နှစ်တို့ပတ်လုံး သင်သော ငါ့အား ဤဆေးအတတ်၏ အဆုံးသည် မထင်။ အဘယ်အခါ၌ ဤဆေးအတတ်၏ အဆုံးသည် ထင်ပါအံ့နည်း'

- ဟု အကြံဖြစ်လေ၏။

ချဲ့ ဦးအံ့ ။ ဆေးအတတ်ကို သင်ယူရာ၌ အခြားသူတို့သည် (၁၆) နှစ် ကြာအောင် သင်ယူရ၏။ ဇီဝကမူကား (၇) နှစ်မျှဖြင့် သင်ယူနိုင်၏။ ဤသို့ သင်ယူရာ၌ သိကြားမင်း သည် -

'ဤဇီဝကသည် ဘုရားရှင်၏ မြတ်သော အလုပ်အကျွေး ဖြစ်လတ္တံ့။ ယခု ဇီဝကကို ဆေးဖော်စပ်နည်းကို သင်ပေးအံ့'

- ဟု ကြံပြီး၍ ဝင်္ကနာကံနာများကို ထား၍ ကြွင်းသော ရောဂါများကို ဖော်စပ်ထားသောဆေးဖြင့် တစ်ကြိမ်ကုခြင်းဖြင့် ပျောက်နိုင်သော ဆေးဖော်စပ်နည်းကို ဆရာကြီးကိုယ်၌ ကပ်ဝင်၍ သင်ပေးစေပြီ။

ထိုသို့ သိကြားနတ်မင်း ကူ၍သင်ပေးသော်လည်း ဇီဝကသည် ဒိသာပါမောက္ခ ဆရာကြီးထံ၌ သင်နေ၏ဟု မှတ်ထင်လေ၏။ ထိုသို့ သင်ပေးပြီး၍ ဆေးကုခြင်းငှါ စွမ်းနိုင်လောက်ပြီ ဟူသောအချိန်သို့ ရောက်သောအခါ၌ သိကြားမင်းသည် သင်ပေးခြင်း ကို ရပ်စဲလိုက်တော့၏။

**ဆရာကြီးအား မေးပြီ ။** ။ ထိုအခါ ဇီဝကသည် ဒိသာပါမောက္ခ ဆေးဆရာကြီးထံသို့ ချဉ်းကပ်၍ ဆရာကြီးကို -

'ဆရာကြီး ... အကျွန်ုပ်သည် များစွာသင်ပါ၏။ များစွာလည်း တတ်ပါ၏။ ကောင်းစွာလည်း စုံစမ်းပါ၏။ သင်တိုင်းသော ပညာသည်လည်း မမေ့ပျောက်ပါ။ (၇)နှစ်တို့ပတ်လုံးသင်သော အကျွန်ုပ်အား ဤဆေးအတတ်၏ အဆုံးသည် မထင်ပါ။ အဘယ်အခါ၌ ဤဆေးအတတ်၏အဆုံးသည် ထင်ပါအံ့နည်း' - ဟု မေးလေ၏။

<u>ဆေးဖက်မဝင်သော သစ်ပင်ကို ရှာခြင်း ။</u> ။ ထိုအခါ ဆေးဆရာကြီးသည် –

'ဤဇီဝကသည် ငါ၏ အာနုဘော်အစွမ်းဖြင့် သင်ယူအပ်သည်မဟုတ်။ နတ်၏ အာနုဘော်အစွမ်းဖြင့် သင်ယူအပ်ပြီ' – ဟု သိ၍ –

'အချင်း ဇီဝက ... သို့ဖြစ်လျှင် တူရွင်းကိုယူ၍ တက္ကသိုလ်၏ အနီးပတ်ဝန်းကျင် တစ်ယူဇနာသော အရပ်ကိုလှည့်လည်လျက် ဆေးဖက်မဝင်သော သစ်ပင်ကို စုံစမ်း၍ ယူခဲ့လော့' – ဟု ပြောဆိုလေပြီ။

ထိုအခါ ဇီဝကသည် တူရွင်းကို ယူ၍ တက္ကသိုလ်ပြည်၏ အနီးပတ်ဝန်းကျင် တစ်ယူဇနာသော အရပ်ကို နေ့တိုင်း နေ့တိုင်း တစ်ပေါက် တစ်ပေါက်သော တံခါးဖြင့် လေးရက်တို့ပတ်လုံး လှည့်လည်သော် ဆေးဖက်မဝင်သောသစ်ပင် တစ်စုံတစ်ရာကို မမြင်ပါလေ။

<u>ဆေးဆရာဖြစ်ပြီ</u> ။ ။ ဇီဝကသည် ဆေးဆရာကြီးကို ထိုအကြောင်းကို ပြောပြသောအခါ ဆေးဆရာကြီးသည် –

'အချင်း ဇီဝက ... သင်သည် ဆေးအတတ်ပညာကို ကောင်းစွာ တတ်မြောက်ပြီ။ သင့်အား ဤမျှသောအတတ်သည် အသက်မွေးခြင်းငှါ စွမ်းနိုင်ပြီ'

– ဟု ပြောဆိုပြီးလျှင် ဇီဝကအား အနည်းငယ်သော ရိက္ခာကို ပေးလိုက်လေ၏။

<u>အနည်းငယ်ကို ပေးရခြင်းအကြောင်း</u> ။ ။ ဤ၌ ဆရာကြီးသည် ဇီဝကအား အဘယ်ကြောင့် အနည်းငယ်သော ရိက္ခာကို ပေးရသနည်းဟူမူကား–

'ဤဇီဝကသည် ကြီးကျယ်သော အမျိုး၏သားတည်း။ မိမိနေရပ်သို့ ရောက်သည်ဆိုလျှင်ပင် ခမည်းတော်၊ ဘိုးတော်တို့၏အထံမှ များစွာသော ဆုလာဘ်ကို ရလတ္တံ့။ ထိုသို့ရခြင်းကြောင့် ငါ၏လည်းကောင်း၊ အတတ်၏လည်းကောင်း ဂုဏ်ကျေးဇူးကို မသိလတ္တံ့။ လမ်းခရီး အကြား၌ ရိက္ခာပြတ်လပ်သည်ရှိသော် ဆေးအတတ်ပညာကိုပြု၍ ငါ၏လည်းကောင်း၊ ဆေးအတတ်ပညာ၏လည်းကောင်း ဂုဏ်ကျေးဇူးကို သိလတ္တံ့' – ဟု ကြံစည်၍ ရိက္ခာအနည်းငယ်သာ ပေးလိုက်ခြင်း ဖြစ်သည်။

**ရိက္ခာကုန်ခြင်း** ။ ။ ဆရာဇီဝကသည် ရာဇဂြိုဟ်မြို့သို့ ပြန်လာခဲ့သည်ရှိသော် လမ်းခရီး အကြား သာကေတမြို့၌ ရိက္ခာကုန်ခြင်းသို့ ရောက်လေ၏။ ထိုအခါ ဆရာဇီဝကအား -

'ဤခရီးခဲတို့သည်ကား ရေမရှိကုန်။ အစာမရှိကုန်။ ရိက္ခာမပါဘဲ သွားခြင်းငှါ မလွယ်။ ငါသည် ရိက္ခာရှာရမှု ကောင်းလေစွ' - ဟု အကြံဖြစ်လေ၏။

( ဝိ - ၃ - ၃၇၇ / ၃၈၀ ။ မြန် - ၃၈၁ / ၃၈၄ ။ ဝိ - ဋ္ဌ - ၃ - ၃၉၆ /၃၉၈ )

## ဇီဝကဝတ္ထုလာ ဆောင်ရန်လင်္ကာများ

၁။ ရာဇဂြိုဟ်ခေါ် ရာ၊ ဝေဠုမှာ၊ မြတ်စွာနေလေပြီ။
၂။ ထိုသောအခါ၊ ဝေသာမှာ၊ လွန်စွာစည်ကားသည်။
၃။ ပါလီကြောင့်ပဲ၊ ပျော်ရွှင်နှဲ၊ ပိုလဲစည်ကားသည်။
၄။ ရာဇဂြိုဟ်နယ်တွင်၊ သူကြီးပင်၊ တွေ့မြင်ပါလေပြီ။
၅။ ဗိမ္ဗိသာရ၊ မင်းကိုပ၊ တင်ပြပါလေပြီ။
၆။ ပြည့်တန်ဆာမ၊ ထားဖို့ပ၊ ပြောကြဆိုကြပြီ။
၇။ တိုင်းပြည်နှစ်သိန်း၊ မင်းတစ်သိန်း၊ သုံးသိန်းမတည်ပြီ။
၈။ ခြံမြေဥယျာဉ်၊ လှူစီးယာဉ်၊ ပါဝင်စေလေပြီ။
၉။ ပြည်တန်အဆောင်၊ တင့်တယ်အောင်၊ ထူထောင်ပေးကြပြီ။
၁၀။ သာလဝတီခေါ် ဆို၊ မိန်းမပျို၊ ဆင့်ဆိုခန့်ထားပြီ။
၁၁။ တစ်ည၏တာ၊ ပျော်ဖို့ရာ၊ တစ်ရာပေးစေပြီ။
၁၂။ သာလဝတီမှ၊ သားကိုပ၊ ဖွားရပြန်လေပြီ။
၁၃။ အမှိုက်သွန်ရာ၊ နေရာမှာ၊ စွန့်ကာပစ်စေပြီ။
၁၄။ မင်းသားအဘယာ၊ တွေ့လေရာ၊ ကောင်းစွာမွေးစေပြီ။
၁၅။ ရှင်သေး၏လား၊ အမေးအား၊ စွဲကားပြု၍သည်၊
၁၆။ ဇီဝကဟု၊ မည်မှည့်မှု၊ ခေါ် ပြုကြလေပြီ။

၁၇။ ကလေးသဘာဝ၊ ကစားကြ၊ ငွေခင်းကြခုန်ကြသည်။
၁၈။ အမိမဲ့ကောင်၊ ဖမဲ့ကောင်၊ ပြောဆောင်ခံရပြီ။
၁၉။ အမိမည်သူ၊ ဖမည်သူ၊ မေးမူပြုလေပြီ။
၂၀။ မိမသိရ၊ ဖငါပ၊ ဘယဖြေလေပြီ။
၂၁။ မင်းမျိုးနယ်ပယ်၊ ဂုဏ်တင့်တယ်၊ နေမယ်ဆိုရင်သည်၊
၂၂။ ပညာမရှိ၊ ခက်လှဘိ၊ ကြံမိပါလေပြီ။
၂၃။ ဆင်တတ်, မြင်းတတ်၊ ပညာရပ်၊ ညှဉ်းတတ်ပါဝင်သည်။
၂၄။ ဆေးအတတ်ကား၊ မေတ္တာအား၊ ရှေ့သွားရှိလေသည်။
၂၅။ ကောင်းမှုအပေါင်း၊ ရှေ့ဆုတောင်း၊ တစ်ကြောင်းပါဝင်သည်။
၂၆။ ထို့ကြောင့် ဇီဝကာ၊ ဆေးပညာ၊ သင်မှာ ဆုံးဖြတ်ပြီ။
၂၇။ ကုန်သည်တွေဆို၊ တက္ကသိုလ်၊ ပြန်ကိုလိုက်သွားပြီ။
၂၈။ ဒိသာပါမောက္ခ၊ ခေါ်ဆိုရ၊ ဆရာ့ထံမှာသည်၊
၂၉။ အမှုလုပ်ကာ၊ စာသင်ကာ၊ ပညာရှာလေပြီ။
၃၀။ ဆယ့်ခြောက်နှစ်ကာလ၊ ကြာအောင်ပ၊ သင်ရတတ်ကိုသည်၊
၃၁။ ခုနစ်နှစ်သာ၊ သင်ရပါ၊ ကောင်းစွာတတ်မြောက်ပြီ။
၃၂။ အာနုဘော်ကြီး၊ သိကြားတည်း၊ ကူပြီးသင်ပေးသည်။
၃၃။ ဆေးဖက်မဝင်ရာ၊ သစ်ပင်ပါ၊ ရှာတာမတွေ့ပြီ။
၃၄။ ဆေးပညာလမ်း၊ တစ်ဖက်ကမ်း၊ တတ်စွမ်းသွားလေပြီ။
၃၅။ ဆေးတတ်ပညာ၊ သင်ပေးပါ၊ ဒိသာဆရာသည်၊
၃၆။ အနည်းငယ်သာ၊ လမ်းရိက္ခာ၊ ပေးကာလွှတ်လိုက်ပြီ။
၃၇။ ရာဇဂြိုဟ်ခေါ် ရာ၊ မြို့သို့သာ၊ ပြန်ကာလာခဲ့ပြီ။
၃၈။ သာကေတရောက်၊ ရိက္ခာထောက်၊ ပြတ်တောက်သွားလေပြီ။
၃၉။ ရိက္ခာမပါ၊ ခရီးဟာ၊ လွန်စွာခဲယဉ်းသည်။
၄၀။ ဇီဝကဆရာ၊ စားရိက္ခာ၊ ရှာမှာ စဉ်းစားပြီ။

ဇီဝကဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

## သူဌေးကတော်ဝတ္ထုလာ ကိုယ်ကျင့်တရားများ

(၇)နှစ်ကြာ ဦးခေါင်းကိုက်နာ ॥ ॥ ထိုအခါ သာကေတမြို့၌ သူဌေးကတော်အား (၇)နှစ် စွဲကပ်သော ဦးခေါင်းကိုက်နာသည် ဖြစ်၏။ များစွာသော ဒိသာပါမောက္ခ ဆေးဆရာကြီးတို့သည် လာ၍ အနာပျောက်အောင် ကုသခြင်းငှါ မတတ်နိုင်ကြကုန်။ များစွာသော ရွှေငွေကိုယူ၍ သွားကုန်၏။

လူနာကို စုံစမ်းခြင်း ॥ ॥ ထိုအခါ အဘယမင်းသား မွေးမြူအပ်သော ဇီဝကသည် သာကေတမြို့သို့ ဝင်လျက် လူတို့ကို -

'အချင်းတို့ ... အဘယ်သူသည် နာဖျားပါသနည်း။ အဘယ်သူကို ကုသရပါအံ့နည်း' - ဟု မေးလေ၏။ ထိုအခါ လူတို့သည် ဆရာဇီဝကကို-

'ဆရာ ... ဤသူဌေးကတော်အား ဦးခေါင်းကိုက်နာသည် (၇) နှစ်ရှိပြီ။ ဆရာ သွားပါလေ။ သူဌေးကတော်ကို ကုသပေးပါလော့' - ဟု ပြောလေ၏။

ရောဂါပျောက်မှ ပေးပါ ॥ ॥ ထိုအခါ ဆရာဇီဝကသည် သူဌေးအိမ်သို့ သွားပြီးလျှင် တံခါးစောင့်ကို -

"အချင်းတံခါးစောင့် ... သွားပါချေ။ သူဌေးကတော်အား 'အရှင်မ ... ဆေးဆရာ လာ၏။ 'ထိုဆေးဆရာသည် သူဌေးကတော်ကို ကြည့်ရှုလို၏' - ဟု ပြောချေလော့"

- ဟု စေခိုင်းလိုက်လေ၏။ တံခါးစောင့်သည် ထိုအကြောင်းကို သူဌေးကတော်ကို ပြောပြလေ၏။ ထို့နောက် သူဌေးကတော်သည် အရွယ်ကို မေးလေ၏။

'ဆေးဆရာသည် ငယ်ရွယ်သူ ဖြစ်ပါသည်'

- ဟူ၍ တံခါးစောင့် စကားကို ကြားရသောအခါ သူဌေးကတော်သည် တံခါးစောင့်ကို -

'အချင်း တံခါးစောင့် ... မသင့်။ ငါ့အား ငယ်သောဆေးသမားသည် အသို့ပြုနိုင်ပါအံ့နည်း။ များစွာသော ကြီးကုန်ကြီးကုန်သော ဒိသာပါမောက္ခ ဆေးဆရာတို့သည် လာ၍ အနာမရှိအောင် ကုသခြင်းငှါ မတတ်နိုင်ကုန်။ များစွာ သော ရွှေငွေကို ယူ၍ သွားကုန်၏' – ဟု ပြောလိုက်လေ၏။

တံခါးစောင့်သည် ထိုအကြောင်းကို ဆရာဇီဝကကို ပြောလေလျှင် ဆရာဇီဝက သည် တံခါးစောင့်ကို ဤသို့ပြန်၍ ပြောခိုင်းလိုက်လေ၏။

"အချင်း တံခါးစောင့် ... သွားပါချေဦး။ သူဌေးကတော်အား 'အရှင်မ ... အနာမပျောက်မီ ရှေးဦးစွာ တစ်စုံတစ်ခုသော အခကိုမျှ မပေးပါနှင့်။ အနာရောဂါ မရှိသောအခါမှ ပေးလိုသော ဝတ္ထုကို ပေးပါလော့' ဟု ဆေးဆရာက ပြောပါသည် ဟူ၍ ပြောဆိုပါလော့" ဟူ၍ စေခိုင်းလိုက်ပြန်လေ၏။

ထိုအကြောင်းကို တံခါးစောင့်သည် သူဌေးကတော်ကို ပြောဆိုပြသောအခါ သူဌေးကတော်သည် ဆရာဇီဝကကို လာခွင့်ပေးလိုက်လေ၏။

နှာနှတ်၍ ဆေးကုပေးခြင်း ။ ။ သူဌေးကတော်ထံမှ ခွင့်ပြုချက်ရပြီဖြစ်၍ ဆရာဇီဝက သည် သူဌေးကတော်ထံသို့ သွားပြီးလျှင် သူဌေးကတော် ၏ ဖောက်ပြန်ခြင်းကို မှတ်၍ သူဌေးကတော်ထံမှ တစ်လက်ဖက်သော ထောပတ်ကို တောင်းပြီးလျှင် ထိုထောပတ်ကို အထူးထူးသော ဆေးတို့ဖြင့် ချက်၍ သူဌေးကတော်ကို ညောင်စောင်း၌ ပက်လက်အိပ်စေပြီးလျှင် နှာနှတ်ပေးလေ၏။ နှာနှတ်ပေးသော ထို ထောပတ်သည် ခံတွင်းမှ အန်ထွက်လေ၏။

ဇီဝက နှလုံးမသာဖြစ်ခြင်း ။ ။ သူဌေးကတော်သည် ထိုထောပတ်အန်ဖတ်ကို ထွေးခံ၌ ထွေး၍ ကျွန်မကို –

'ဟယ် ကျွန်မ ... ဤထောပတ်ကို ဝါဂွမ်းဖြင့် တို့ယူလော့'

– ဟု စေခိုင်းလေ၏။

ထိုအခါ ဆရာဇီဝကအား -

'ဩော် ... အံ့ဖွယ်ရှိစွတကား ... ။ ဤအိမ်ရှင်မကား အလွန်နမြော စေးနှဲစွတကား...။ သူဌေးမ ဖြစ်လျက်လည်း စွန့်ပစ်အပ်သော သဘောရှိသော ဤထောပတ်ကို ဝါဂွမ်းဖြင့် တို့ယူစေဘိသေး၏။ ငါ့အား များစွာအဖိုးထိုက်သော ဆေးတို့ကို ဖော်ရကုန်၏။ ဤအိမ်ရှင်မ သူဌေးကတော်သည် ငါ့အား တစ်စုံတစ်ခု ပေးထိုက်သော ဝတ္ထုကို အဘယ်မှာ ပေးအံ့နည်း'

- ဟု အကြံဖြစ်ကာ နှလုံးမသာ ဖြစ်လေ၏။

**ထိုက်တန်စွာ ပေးမည်** ။ ။ သူဌေးကတော်သည် ဆရာဇီဝက၏ ဖောက်ပြန်သော အခြင်းအရာကို မှတ်၍ ဆရာဇီဝကကို -

'ဆရာ ... သင်သည် အဘယ်ကြောင့် နှလုံးမသာ ဖြစ်ဘိသနည်း'

- ဟု မေးလေ၏။ ဆရာဇီဝကသည် မိမိအကြံ ဖြစ်ပုံကို ပြောပြသောအခါ သူဌေးကတော်သည် ဆရာဇီဝကကို -

'ဆရာ ... အကျွန်ုပ်တို့ အိမ်ရာတည်ထောင်သူမည်သည် ထိုကုသပေးသော ကျေးဇူး၊ အနာမှ လွတ်ပေသော ကျေးဇူးကို သိပါကုန်၏။ ဤထောပတ်သည် ကျွန်တို့အားလည်းကောင်း ၊ အမှုလုပ်တို့အားလည်းကောင်း ခြေဦးလိမ်းစရာ ကောင်းပါသေး၏။ ဆီမီးညှိထွန်းရာ၌ ထည့်စရာလည်း ကောင်းပါသေး၏။

ဆရာ ... သင်သည် နှလုံးမသာ မဖြစ်ပါလင့်။ ဆရာအား ပေးသင့်သော အဖိုးအခသည် ယုတ်လိမ့်မည် မဟုတ်ပါ'

- ဟု ပြောဆိုလေ၏။

**ရောဂါပျောက်ခြင်း** ။ ။ ဆရာဇီဝကသည် သူဌေးကတော်ကြီး၏ (၇)နှစ် ရှိပြီးသော ဦးခေါင်းကိုက်နာကို တစ်ကြိမ် နှာနှတ်ကာမျှဖြင့် နှုတ်ပယ်လေ၏။

ထိုအခါ သူဌေးကတော်သည် အနာမရှိလတ်သော် ဆရာဇီဝကအား အသပြာ လေးထောင်တို့ကို ပေးလေ၏။ သားကလည်း –

'ငါ၏ မိခင်သည် အနာမရှိသည်ဖြစ်၍ တည်နေရပေသည်'

– ဟု အသပြာလေးထောင်တို့ကို ပေးလေ၏။

ချွေးမလည်း –

'ငါ၏ ယောက္ခမသည် အနာမရှိသည်ဖြစ်၍ တည်နေရပေသည်'

– ဟု အသပြာ လေးထောင်တို့ကို ပေးလေ၏။

သူဌေးကြီးကလည်း –

'ငါ၏ မယားသည် အနာမရှိသည်ဖြစ်၍ တည်နေရပေသည်'

– ဟု အသပြာလေးထောင်နှင့် ကျွန်ယောကျာ်း၊ ကျွန်မိန်းမ၊ မြင်းရထားတို့ကို ပေးလေ၏။

**အိမ်ဆောက်ခြင်း** ။ ။ ရာဇဂြိုဟ်မြို့သို့ ပြန်ရောက်သောအခါ ဆရာဇီဝကသည် ထိုတစ်သောင်းခြောက်ထောင်သော အသပြာတို့နှင့် ကျွန်ယောကျာ်း၊ ကျွန်မိန်းမ၊ မြင်းရထားတို့ကို အဘယမင်းသားအား ရှေးဦးစွာ ဆေးကု၍ ရအပ်သော အဖိုးအခအဖြစ် မွေးကျေးဇူးဆပ်သောအဖြစ်အားဖြင့် ပေးလေ၏။

အဘယမင်းသားသည် လက်ခံခြင်း မပြုဘဲ၊ မိမိ၏ အိမ်တော်အတွင်း၌ ဆရာဇီဝကအား အိမ်ဆောက်၍ နေစေလေ၏။

( ဝိ – ၃ – ၃၀၀ / ၃၀၂။ မြန် – ၃၀၀/၃၀၂ )

## သူဌေးကတော်ဝတ္ထုလာ ဆောင်ရန်လင်္ကာများ

၁။ သာကေတမှာ၊ လှူနာရှာ၊ ဆရာဇီဝကသည်၊
၂။ သူဌေးကတော်မှာ၊ ခေါင်းကိုက်နာ၊ ရှိတာတွေ့လေပြီ။
၃။ ခုနစ်နှစ်ပါ၊ ကြာလေရာ၊ ရောဂါမပျောက်ပြီ။
၄။ သမားကြီးများ၊ ကြိမ်ကြိမ်အား၊ ကုငြားမပျောက်ပြီ။
၅။ ရွှေငွေကိုသာ၊ မြောက်များစွာ၊ ယူကာသွားကြသည်။
၆။ ဇီဝကဟာ၊ ငယ်သေးပါ၊ လှူနာငြင်းပယ်သည်။
၇။ ရောဂါပျောက်မှ၊ ပေးနိုင်ပ၊ ပြောမှလက်ခံသည်။
၈။ တစ်လက်ဖက်ထောပတ်၊ ဆေးနှင့်စပ်၊ နှာနှတ်ပေးလေပြီ။
၉။ နှာနှတ်ပေးချက်၊ ထောပတ်စက်၊ အန်ထွက်ပါလေပြီ။
၁၀။ အန်ထောပတ်ကို၊ ကျွန်မကို၊ တို့ကိုယူစေသည်။
၁၁။ ကပ်စေးလိုက်တာ၊ တန်ဖိုးပါ၊ ဘယ်မှာပေးလေမည်။
၁၂။ ဇီဝကဆရာ၊ စဉ်းစားကာ၊ စိတ်မှာမကောင်းပြီ။
၁၃။ သူဌေးကတော်၊ ရိပ်မိသော်၊ ကျိုးမျှော်ရှင်းပြသည်။
၁၄။ ကျေးဇူးသိကာ၊ ထိုက်တန်စွာ၊ ပေးမှာပြောလေပြီ။
၁၅။ နှာတစ်ကြိမ်သာ၊ နှတ်ရပါ၊ ရောဂါပျောက်လေပြီ။
၁၆။ သူဌေးကတော်၊ စိတ်မှာနှော်၊ ရွှင်ပျော်သွားလေပြီ။
၁၇။ မိသားတစ်စု၊ စိတ်ပျော်မှု၊ ဆောင်ပြုပေးကြပြီ။
၁၈။ ကတော်တွင်မက၊ သား,ချွေးမပါ၊ သူဌေးပါ၊ လေးဖြာသူတို့သည်၊
၁၉။ လေးထောင်စီတောင်၊ သောင်းခြောက်ထောင်၊ ပေးဆောင်ပြုလေပြီ။
၂၀။ ကျွန်မ,ကျွန်ကျား၊ မြင်းရထား၊ ပေးငြားပြုလေပြီ။
၂၁။ ရှေးဦးကုခ၊ အဘယ၊ ပူဇပြုလေပြီ။
၂၂။ အဘယမင်း၊ လက်ခံခြင်း၊ ပြုခြင်းမရှိပြီ။
၂၃။ ဇီဝကကို၊ နေဖို့ကို၊ အိမ်ကိုဆောက်စေပြီ။

သူဌေးကတော် ဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

## ဗိမ္ဗိသာရမင်းဝတ္ထု

**သွေးဒူလာရောဂါ** ။ ။ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးအား ဘဂန္ဒလ် 'သွေးဒူလာ' ရောဂါသည် ဖြစ်လေ၏။ ဝတ်လဲတော်တို့သည် သွေး လိမ်းကျံကုန်၏။ မိဖုရားတို့ မြင်သောအခါ -

'ယခုအခါ အရှင်မင်းကြီးသည် ဥတုလာနေ၏။ အရှင်မင်းကြီးအား ဥတုပန်းပွင့်၏။ မင်းကြီးသည် မကြာမီ သားဖွားတော့အံ့'

- ဟု ပြက်ရယ်ပြုကုန်၏။ ထိုသို့ ပြက်ရယ်ပြုသဖြင့် မင်းကြီးသည် မျက်နှာမသာ ဖြစ်လေ၏။

**ဇီဝက ဆေးကုပေးခြင်း** ။ ။ ဗိမ္ဗိသာရမင်းကြီးသည် သူ့တွင် သွေးဒူလာ ရှိကြောင်းနှင့် မိဖုရားတို့ ပြက်ရယ်ပြုကြခြင်း အကြောင်းကို အဘယ မင်းသားကို ပြောပြပြီးလျှင် ဆေးသမားကို ရှာခိုင်းလေ၏။ အဘယမင်းသားသည် ဇီဝကအား ကုခိုင်းလေ၏။

ဆရာဇီဝကသည် လက်သဲဖြင့် ဆေးကိုယူ၍ ဗိမ္ဗိသာရမင်းကြီး၏ သွေးဒူလာ ရောဂါကို တစ်ကြိမ်သာ ဆေးလိမ်းခြင်းဖြင့် နှုတ်ပယ်လေ၏။

**ဆုပေးပုံ** ။ ။ ဗိမ္ဗိသာရမင်းကြီးသည် -

'ဤအလုံးစုံသော တန်ဆာကို အကယ်၍ ယူအံ့၊ အတိုင်းအရှည်အား သင့်လျော်သော အရာဌာနၶ ထားအံ့။ အကယ်၍ မယူအံ့၊ ထိုဇီဝကကို အတွင်း၌ ဖြစ်သော အကျွမ်းဝင်သူကို ပြုအံ့' ဤသို့ နှလုံးသွင်းလျက် -

ငါးရာသော မိန်းမတို့ကို အလုံးစုံသော အဆင်းတန်ဆာ ဆင်စေပြီးလျှင် တစ်ဖန်ချွတ်စေလျက် အစုအပုံပြုစေ၍ ဆရာဇီဝကကို -

'အချင်း ဇီဝက ... ငါးရာသော မိန်းမတို့၏ အလုံးစုံသော ဤအဆင်း တန်ဆာသည် သင့်အား ဖြစ်စေလော့' - ဟူ၍ ဆိုကာပေးလေ၏။

ထိုအခါ အဘယမင်းသား၏လည်းကောင်း၊ ကချေသည် မောင်းမတို့၏လည်းကောင်း မယူလျှင် အတွင်းလူ ဖြစ်နိုင်သောကြောင့် -

'ဆရာဇီဝကသည် ထိုဥစ္စာတို့ကို မယူလျှင် ကောင်းလေစွ'

- ဟူ၍ အကြံဖြစ်ကြကုန်၏။

<u>ထိုက်တန်သော ဆု</u> ။ ။ ထိုအခါ ဆရာဇီဝကသည်လည်း အဘယမင်းသားနှင့် မောင်းမတို့၏ စိတ်ကို သိသကဲ့သို့ -

'မင်းမြတ် ... ဤအလုံးစုံသော တန်ဆာသည် အကျွန်ုပ်၏ အဖွားတော်တို့၏ တန်ဆာပါတည်း။ ဤအလုံးစုံသော တန်ဆာကို အကျွန်ုပ်ယူခြင်းငှါ မလျောက်ပတ်ပါ။ မင်းမြတ်သည် အကျွန်ုပ်၏ ဆေးကုမှုအား လျော်စွာပြုတတ်သော ကျေးဇူးကို အောက်မေ့ အမှတ်ရတော်မူပါ'

- ဟု လျှောက်ထားလေ၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် ကျေနပ်သည်ဖြစ်၍ အိမ်၏ အသုံးအဆောင် အားလုံးနှင့် ပြည့်စုံသော အိမ်ကိုလည်းကောင်း၊ သရက်ဥယျာဉ်ကိုလည်းကောင်း နှစ်တိုင်း အခွန်တစ်သိန်းထွက်သော ရွာဆုကိုလည်းကောင်း၊ များစွာသော ဆုလာဘ် များကိုလည်းကောင်း ပေးပြီး၍ -

'အချင်းဇီဝက ... သို့ဖြစ်လျှင် ငါ့ကိုလည်းကောင်း၊ မောင်းမအပေါင်းကို လည်းကောင်း၊ ဘုရားအမှူးရှိသော သံဃာတော်ကိုလည်းကောင်း၊ လုပ်ကျွေး ပြုစုလော့' - ဟူ၍ ပြောဆိုလိုက်လေတော့၏။

ဆရာဇီဝကသည်လည်း -

'အရှင်မင်းကြီး ... ကောင်းပါပြီ'

- ဟူ၍ ဗိမ္ဗိသာရမင်းကြီးအား ဝန်ခံလိုက်လေ၏။

( *ဝိ - ၃ - ၃၈၂ / ၃၊ မြန် - ၃၈၆/ ၇၊ ဝိ - ၄ - ၃ - ၃၉၈* )

## ဗိမ္ဗိသာရမင်းဝတ္ထုလာ ဆောင်ရန်လင်္ကာများ

၁။ ဗိမ္ဗိသာရာ၊ သွေးဒူလာ၊ ရောဂါဖြစ်လေပြီ။
၂။ ဝတ်လဲတော်များ၊ ပုဆိုးအား၊ သွေးများလိမ်းကျံပြီ။
၃။ ရှင်မင်းကြီးထင့်၊ ဥတုနှင့်၊ ပန်းပွင့်နေလေပြီ။
၄။ မကြာမီလျှင်၊ သားတော်ပင်၊ ဖွားမြင်ပါတော့မည်။
၅။ မောင်းမများနှယ်၊ ကျီစားတယ်၊ ပြက်ရယ်ပြုကြသည်။
၆။ ဗိမ္ဗိသာရာ၊ မင်းရာဇာ၊ မျက်နှာမသာပြီ။
၇။ အဘယမင်းသား၊ အကြောင်းအား၊ ပြောကြားပြလေပြီ။
၈။ အမြန်ဆုံးသာ၊ ပျောက်အောင်ပါ၊ ဆရာရှာခိုင်းပြီ။
၉။ ဇီဝကလိုင်း၊ ဆုတ်မဆိုင်း၊ ကုခိုင်းပါလေပြီ။
၁၀။ ဆရာဇီဝကာ၊ တစ်ကြိမ်သာ၊ လိမ်းကာပျောက်စေပြီ။
၁၁။ မောင်းမငါးရာ၊ ဝတ်တန်ဆာ၊ ကောင်းစွာဆုချပြီ။
၁၂။ အဖွားတွေတန်ဆာ၊ ယူခြင်းငှါ၊ ဘယ်မှာမသင့်ပြီ။
၁၃။ ထိုက်တန်ဥစ္စာ၊ ဆုပေးပါ၊ ပြန်ကာလျှောက်ထားပြီ။
၁၄။ သရက်ဥယျာနာ၊ အိမ်ကိုပါ၊ ရွာပါ ပါဝင်သည်။
၁၅။ ဆုလာဘ်များစွာ၊ တွင်းလှူပါ၊ ကောင်းစွာချီးမြှင့်ပြီ။
၁၆။ မင်းနှင့်မောင်းမာ၊ မြတ်ဗုဒ္ဓါ၊ သံဃာပါဝင်သည်။
၁၇။ ရောဂါကင်းရေး၊ ကျန်းမာရေး၊ လုပ်ကျွေးခိုင်းလေပြီ။
၁၈။ ဆရာဇီဝက၊ မှန်လှပ၊ ဖွင့်ဟဝန်ခံသည်။

ဗိမ္ဗိသာရမင်း ဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

# ရာဇဂြိုဟ်သူဌေးဝတ္ထု

<u>ဦးခေါင်းကိုက်နာ</u> ။ ။ ထိုအခါ ရာဇဂြိုဟ်ပြည်နေ သူဌေးအား (၇)နှစ်ရှိပြီးသော ဦးခေါင်းကိုက်နာ ဖြစ်၏။ ကြီးကုန် ကြီးကုန်သော ဒိသာပါမောက္ခဆေးဆရာတို့သည် လာ၍ အနာပျောက်အောင် ကုခြင်းငှါ မတတ်နိုင်ကုန်။ များစွာသော ရွှေငွေကိုယူ၍ သွားကုန်၏။

စင်စစ်သော်ကား ဆေးသမားတို့ လက်လွှတ်လေ၏။ အချို့သော ဆေးသမားတို့က -

'သူဌေးသည် ငါးရက်မြောက်နေ့၌ သေလတ္တံ့'

- ဟု ပြောဆိုကုန်၏။ အချို့သော ဆေးသမားတို့က-

'သူဌေးသည် (၇)ရက်မြောက်သောနေ့၌ သေလတ္တံ့' - ဟု ပြောဆိုကုန်၏။

<u>ဇီဝကကို တောင်းခံခြင်း</u> ။ ။ ထိုအခါ ရာဇဂြိုဟ်မြို့နေ အထက်တန်းစား ကျေးရွာလူကြီးအား -

'ဤသူဌေးသည် မင်းကြီးအားလည်းကောင်း၊ ကျေးရွာလူအပေါင်းအားလည်းကောင်း ကျေးဇူးများ၏။ ဆေးဆရာများ အပြောအရ နောက်ငါးရက်, ခုနစ်ရက်ဆိုလျှင် သေရတော့အံ့။ ဗိမ္ဗိသာရမင်းကြီးအား ဆရာဇီဝကကို သူဌေးအား ဆေးကုသရန် တောင်းရမှု ကောင်းလေစွ'

- ဟု အကြံဖြစ်ပြီးနောက် ဗိမ္ဗိသာရမင်းကြီးကို အကျိုးအကြောင်း ပြောပြပြီးနောက် ဆရာဇီဝကအား တောင်းခံလေ၏။ ဗိမ္ဗိသာရမင်းကြီးလည်း ဆရာဇီဝကကို လွှတ်လိုက်လေ၏။

(၇) လ အိပ်ခိုင်းခြင်း ။ ။ ဆရာဇီဝကသည် ရာဇဂြိုဟ်သူဌေး၏ ရောဂါ အခြေအနေကို စုံစမ်းစစ်ဆေးပြီးနောက် သူဌေးကို –

'သူဌေးကြီး ... သင်သည် အကယ်၍ အနာမရှိသည် ဖြစ်အံ့၊ အကျွန်ုပ်အား အဘယ်မျှလောက်သော ဥစ္စာကို ပေးမည်နည်း' – ဟု မေးလေ၏။

ထိုအခါ ရာဇဂြိုဟ်သူဌေးသည် ဆရာဇီဝကကို –

'ဆရာ ... ဤအလုံးစုံသော ငါ၏ဥစ္စာသည် သင်၏ဥစ္စာ ဖြစ်စေအံ့။ ငါသည်လည်း သင်၏ ကျွန်ဖြစ်အံ့' – ဟု အဖြေပေးလိုက်လေ၏။

( ထိုသို့ ပြောဆိုခြင်းကို ထောက်ဆသောအားဖြင့် ရာဇဂြိုဟ်သူဌေးကြီးသည် ရောဂါ၏ နှိပ်စက်သောဒဏ်ကို အလွန်ပြင်းထန်စွာ ခံစားနေရသည်ကို လည်းကောင်း၊ ထိုရောဂါမှ အလွန်ပြင်းပြစွာ လွတ်မြောက်လိုသည်ကိုလည်းကောင်း သိမြင်နိုင်ကြပေ၏ ။)

ထိုအခါ ဆရာဇီဝကသည် သူဌေးကြီးကို –

'သူဌေးကြီး သင်သည် နံပါးတစ်ဘက်ဖြင့် (၇)လတိုင်တိုင် အိပ်ခြင်းငှါ တတ်နိုင်ပါမည်လား'

– ဟု မေးလေ၏။ သူဌေးကြီးက တတ်နိုင်ပါကြောင်း ဖြေလေ၏။ ထို့နောက် နှစ်ခုမြောက် နံပါးဖြင့်လည်းကောင်း၊ ပက်လက်ဖြင့်လည်းကောင်း (၇)လစီ အိပ်ခြင်းငှါ တတ်နိုင်ပါမည်လား ဟူ၍ မေးရာ၌လည်း တတ်နိုင်ပါကြောင်း ဖြေလေ၏။

ဤ၌ ဆရာဇီဝကသည် ဤကရိယာပုတ် ပြောင်းလွဲခြင်းကြောင့် ဦးနှောက်သည် ကောင်းစွာမတည်နိုင်။ ထိုသူဌေး၏လည်း ရက်သတ္တသုံးပတ်အထိ မလှုပ်မရှား နေမှ သာလျှင် ဦးနှောက်သည် ကောင်းစွာတည်လတ္တံ့ – ဟု သိ၍ (၇) လဝန်ခံစေပြီး၍ (၇) ရက် အိပ်နိုင်တန်ရာ၏ – ဟု ကြံစည်ပြီး ထိုသို့ အိပ်ခိုင်းခြင်း ဖြစ်သည်။

**ပိုးနှစ်ကောင် တွေ့ခြင်း ။** ။ ထိုအခါ ဆရာဇီဝကသည် သူဌေးကို ညောင်စောင်း၌ အိပ်စေ၍ ညောင်စောင်း၌ ကြိုးဖြင့် မြဲစွာချည်နှောင်လျက် ဦးခေါင်းရေကို ခွါပြီးလျှင် ဦးဆက်ကို ဖွင့်၍ ပိုးနှစ်ကောင်တို့ကို ထုတ်လျက် လူအပေါင်းအား -

'အမောင်တို့ ... ဤပိုးနှစ်ကောင်တို့ကို ကြည့်ကုန်လော့။ တစ်ကောင်ကား ငယ်၏။ တစ်ကောင်ကား ကြီး၏။ သူဌေးသည် ငါးရက်မြောက်သောနေ့၌ သေလတ္တံ့ဟု ပြောဆိုသော ဆရာတို့သည်ကား ကြီးသော ဤပိုးကောင်ကို မြင်၏။ ငါးရက်မြောက်သောနေ့၌ သူဌေး၏ ဦးနှောက်သည် ကုန်လတ္တံ့။ ဦးနှောက် ကုန်ခြင်းကြောင့် သေလတ္တံ့။ ထိုဆရာတို့သည် ကောင်းစွာမြင်အပ်ပေ၏။

သူဌေးသည် (၇)ရက်မြောက်သောနေ့၌ သေလတ္တံ့-ဟု ပြောဆိုသော ဆရာတို့သည် ငယ်သော ဤပိုးကောင်ကို မြင်၏။ (၇) ရက်မြောက်သောနေ့၌ သူဌေးကြီး၏ ဦးနှောက်သည် ကုန်လတ္တံ့။ ဦးနှောက်ကုန်ခြင်းကြောင့် သူဌေး သေလတ္တံ့။ ထိုဆရာတို့သည် ကောင်းစွာမြင်အပ်၏' ဟု ပြလေ၏။

ထို့နောက် ဆရာဇီဝကသည် သူဌေးကြီး၏ ဦးဆက်ကို ကောင်းစွာတည်စေ၍ ဦးခေါင်းရေကို ချုပ်ပြီးလျှင် လိမ်းဆေးကို လိမ်းပေးလေ၏။

**(၇)လ မအိပ်နိုင်တော့ပါ ။** ။ ထိုအခါ သူဌေးကြီးအား (၇) ရက်လွန်သောအခါ (၇) ရက်လုံး မလှုပ်မယှက်နေရခြင်းကြောင့် ခန္ဓာကိုယ်သည် ကြီးစွာသော ပူလောင်ခြင်း ဖြစ်လေ၏။ ထိုသို့ ဖြစ်ခြင်းကြောင့် သူဌေးကြီးသည် ဆရာဇီဝကကို -

'ဆရာ ... အကျွန်ုပ်သည် နံပါးတစ်ဘက်ဖြင့် (၇) လတို့ပတ်လုံး အိပ်ခြင်းငှါ မစွမ်းနိုင်တော့ပါ' - ဟု ပြောဆိုလေ၏။

'သူဌေး ... သင်သည် (၇)လ အိပ်မည် ဝန်ခံခဲ့သည် မဟုတ်လော' - ဟု မေးလေ၏။

'ဆရာ ... ဝန်ခံမိသည်ကား မှန်ပါ၏။ သို့ရာတွင် သေရပါတော့အံ့။ အကျွန်ုပ်သည် နံပါးတစ်ဘက်ဖြင့် (၇)လတို့ပတ်လုံး အိပ်ခြင်းငှါ မတတ်နိုင်တော့ပါ' - ဟု ပြောလေ၏။

ငို့နောက် ဆရာဇီဝကသည် ဒုတိယနံပါးတစ်ဘက်ဖြင့်လည်းကောင်း၊ ပက်လက်အားဖြင့်လည်းကောင်း (၇) လစီ အိပ်နိုင်းပြန်လေ၏။ ရှေးနည်းအတူ (၇) ရက်လွန်မြောက်သောအခါ မအိပ်နိုင်တော့ကြောင်း ပြောပြန်လေ၏။

ရောဂါ ပျောက်ပြီ ။ ။ ရက်သတ္တသုံးပတ်ပြည့်သောအခါ၌မူကား ဆရာဇီဝကသည် သူဌေးကြီးကို –

'သူဌေးကြီး ... အကျွန်ုပ်သည် အကယ်၍ ဤစကားကို မပြောဆိုငြားအံ့။ သင်သည် ဤမျှလောက် ကြာအောင်ပင် မအိပ်ပေရာ။ စင်စစ်မှာမူ ရှေးမဆွကပင် ရက်သတ္တသုံးပတ်ဖြင့် သူဌေးကြီး အနာကင်းလတ္တံ့ဟု အကျွန်ုပ်သိ၏။ သူဌေးကြီး ထလော့။ အနာမရှိတော့ပြီ။ အကျွန်ုပ်အား ပေးသင့်သော ဆုလာဘ်သည် အဘယ်မျှ ဖြစ်သည်ကို သိလော့' – ဟု ပြောဆိုလိုက်လေ၏။

နှစ်သိန်းပေးခြင်း ။ ။ ထိုအခါ ရာဇဂြိုဟ် သူဌေးကြီးသည် ဆရာဇီဝကကို –

'ဆရာ ... အလုံးစုံသော ဥစ္စာသည် သင်၏ဥစ္စာ ဖြစ်စေအံ့။ အကျွန်ုပ်သည်လည်း သင်၏ ကျွန်ဖြစ်ပါအံ့' – ဟု ပြောဆိုလေ၏။

ထိုအခါ ဆရာဇီဝကသည် သူဌေးကြီးကို –

'သူဌေး ... မသင့်။ သင်သည် အကျွန်ုပ်အား အလုံးစုံသော ဥစ္စာကို မပေးလင့်။ အကျွန်ုပ်၏ ကျွန်လည်း မဖြစ်ပါလင့်။ မင်းကြီးအား အသပြာ တစ်သိန်း ပေးလော့။ အကျွန်ုပ်အားလည်း အသပြာတစ်သိန်းပေးလော့' – ဟု ပြောလေ၏။

ထိုအခါ ရာဇဂြိုဟ်သူဌေးကြီးသည် အနာမရှိသည်ဖြစ်၍ ဗိမ္ဗိသာရမင်းကြီးအား အသပြာတစ်သိန်း၊ ဆရာဇီဝကအား အသပြာတစ်သိန်း ပေးလိုက်လေ၏။

( ဝိ – ၃ – ၃၇၃/ ၃၇၆။ မြန် – ၃၈၇ / ၃၈၉ ။ ဝိ – ၅ – ၃ – ၃၉၀ / ၃၉၉ )

## ရာဇဂြိုဟ်သူဌေးဝတ္ထုလာ ဆောင်ရန် လင်္ကာများ

၁။ ရာဇဂြိုဟ်မှာ၊ သူဌေးပါ၊ ဥစ္စာလွန်ပေါသည်။
၂။ ရောဂါအဖြစ်၊ ခေါင်းကိုက်လစ်၊ ခုနစ်နှစ်ကြာလေပြီ။
၃။ သမားကြီးများ၊ ကုပါကား၊ ပျောက်ခြားမရှိပြီ။
၄။ ရွှေငွေကိုသာ၊ မြောက်မြားစွာ၊ ယူကာသွားကြသည်။
၅။ ခုနစ်ရက်ကြာ၊ ငါးရက်ကြာ၊ သေမှာသေချာသည်။
၆။ ဤသို့သတ်မှတ်၊ ပြောဆိုလတ်၊ လက်လွှတ်ကြလေပြီ။
၇။ သူဌေးကြီးဟာ၊ မင်းတွက်ပါ၊ ကျေးရွာပါဝင်သည်။
၈။ ကျေးဇူးများစွာ၊ ပြုထားတာ၊ ကောင်းစွာရှိလေသည်။
၉။ ရာဇဂြိုဟ်နယ်၊ သူကြီးရယ်၊ စိတ်ဝယ်စဉ်းစားပြီ။
၁၀။ ဗိမ္ဗိမင်းထံ၊ ဇီဝကံ၊ တောင်းခံပါလေပြီ။
၁၁။ ဗိမ္ဗိရာဇာ၊ မဆိုင်းပါ၊ လွှတ်ကာကုစေပြီ။
၁၂။ ရောဂါသဘော၊ ဖြစ်ပုံသော၊ စောကြောပါလေပြီ။
၁၃။ ရောဂါပျောက်က၊ ကုပေးခ၊ ဇီဝမေးလေပြီ။
၁၄။ ရှိတဲ့ဥစ္စာ၊ အကုန်ပါ၊ ကျွန်ပါခံပါမည်။
၁၅။ ပျောက်လိုစိတ်၏၊ လွန်ပြင်းဘိ၊ ကတိပေးလေပြီ။
၁၆။ ခုနစ်လတိုင်၊ မလှုပ်ယိုင်၊ အိပ်နိုင်မေးပြန်ပြီ။
၁၇။ ပျောက်လိုဘိတောင်း၊ အိပ်နိုင်ကြောင်း၊ ထပ်လောင်းဖြေလိုက်ပြီ။
၁၈။ ညောင်စောင်းထက်မှာ၊ အိပ်စေကာ၊ နိုင်မာချည်ထားပြီ။
၁၉။ ဦးရေခွံလျက်၊ နောက်တစ်ချက်၊ ဦးဆက်ဖွင့်ကာသည်၊
၂၀။ ပိုးနှစ်ကောင်အား၊ လူအများ၊ ထင်ရှားပြလေပြီ။
၂၁။ အကြီးကြောင့်သာ၊ ငါးရက်သာ၊ သေမှာပြောကြသည်။
၂၂။ ငယ်ကြောင့်တစ်ချက်၊ ခုနစ်ရက်၊ သေရက်ကြုံရသည်။
၂၃။ ဆရာဇီဝကာ၊ ပြောဆိုကာ၊ ပြန်ကာချုပ်ပေးသည်။
၂၄။ ခုနစ်ရက်လွန်ပေ၊ ပူလှလေ၊ မနေနိုင်တော့သည်။

၂၅။ နောက်ထပ်နှစ်ခါ၊ ထိုသို့သာ၊ နေပါစေလေပြီ။
၂၆။ ရက်သတ္တသုံးပတ်၊ ရှိတုံလတ်၊ မြစ်ပြတ်ပျောက်လေပြီ။
၂၇။ ဆရာတစ်သိန်း၊ မင်းတစ်သိန်း၊ နှစ်သိန်းပေးစေပြီ။

ရာဇဗြိုဟ်သူဌေးဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

## သူဌေးသားဝတ္ထုလာ ကိုယ်ကျင့်တရားများ

အူထုံးနာ ။ ။ တစ်ရံရောအခါ ကျွမ်းထိုးကစားသည့် ဗာရာဏသီပြည်နေ သူဌေးသားအား အူထုံးသောအနာ ဖြစ်၏။ ယင်းအနာကြောင့် သောက်အပ်သော ယာဂုသည် ကောင်းစွာကြေကျက်ခြင်းသို့ မရောက်။ စားအပ်သော ထမင်းသည်လည်း ကောင်းစွာကြေကျက်ခြင်းသို့ မရောက်။ ကျင်ကြီးသည် လည်းကောင်း၊ ကျင်ငယ်သည်လည်းကောင်း မဖြောင့်။ ထိုသူဌေးသားသည် ထိုအနာကြောင့် ပိန်ကြုံ၏။ အရေအသား ခေါင်းပါး၏။ ရုပ်အဆင်းပျက်၏။ ဖက်ရွက်ရော် ကဲ့သို့ ဖျော့တော့သော အဆင်းရှိ၏။ ကွန်ရက်ကို ဖြန့်ခင်းသကဲ့သို့ အကြောပြိုင်းပြိုင်း ထသော ကိုယ်ရှိ၏။

ထိုအခါ ဖခင်သူဌေးသည် သားအတွက် ရတက်မအေးသည်ဖြစ်၍ ဆရာဇီဝက ကို ခေါ်ရန် စိတ်ကူးပြီးနောက် ဗိမ္ဗိသာရမင်းထံ သား၏ရောဂါကို ကုရန် ဆရာဇီဝက ကို တောင်းခံလေ၏။ ဗိမ္ဗိသာရမင်းကြီးကလည်း ဆရာဇီဝကအား ကုသရန် လွှတ်လိုက် လေ၏။

ဆရာဇီဝကသည် ဗာရာဏသီမြို့ သူဌေးသား၏ ရောဂါအခြင်းအရာကို မှတ်၍ လူများအပေါင်းကို ဖယ်ရှားစေလျက် တင်းတိမ်ကန့်လန့်ကာကို ကာစေပြီးလျှင် တိုင်၌ ဖွဲ့ချည်၍ မယားကို ရှေ့ကထားလျက် ဝမ်းရေကို ခွဲပြီးလျှင် အူအထုံးကို ထုတ်၍ မယားအား -

'သင့်လင်၏ အနာကို ကြည့်လော့။ ဤသို့ အူထုံးနေသည့်အတွက် သောက်အပ်၊ မျိုအပ်၊ စားအပ်သော အစာမကြေ။ ကျင်ကြီး၊ ကျင်ငယ် မဖြောင့်။ ထို့ကြောင့် အကြောပြိုင်းပြိုင်းထ ပိန်ချုံးနေခြင်း ဖြစ်၏'

- ဟု ပြောဆိုကာ အူအထုံးတို့ကို ဖြေ၍ အူတို့ကို တစ်ဖန်သွင်းပြီးလျှင် ဝမ်းရေကို ချုပ်၍ လိမ်းဆေးကို လိမ်းပေးလေ၏။

ထိုအခါ ဗာရာဏသီမြို့နေ သူဌေးသားသည် မကြာမီ အနာပျောက်ကင်းလေ၏။ ဖခင်သူဌေးကြီးသည်–

'ငါ့သားအား အနာမရှိသည် ဖြစ်၍ တည်၏'

– ဟု ဆရာဇီဝကအား တစ်သောင်းခြောက်ထောင်သော အသပြာတို့ကို ပေးလိုက်လေ၏။ ဆရာဇီဝကလည်း ထိုတစ်သောင်းခြောက်ထောင်သော အသပြာတို့ကို ယူ၍ ရာဇဂြိုဟ်မြို့သို့ တစ်ဖန် ပြန်လာခဲ့လေ၏။

( ဝိ – ၃– ၃၈၆ / ၇ ။ မြန် – ၃၇၉ / ၃၉၀ )

## သူဌေးသားဝတ္တုလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ဗာရာဏသီသူဌေးအား၊ | ကျွမ်းကစား၊ | သားတစ်ယောက်ရှိလေသည်။ |
| ၂။ | ဆန်းကြွယ်လှစွာ၊ | အူထုံးနာ၊ | ရောဂါဖြစ်လေပြီ။ |
| ၃။ | ယာဂုထမင်း၊ | သောက်မျိုခြင်း၊ | ကြေခြင်းမရှိပြီ။ |
| ၄။ | ကျင်ကြီးကျင်ငယ်၊ | သွားရာဝယ်၊ | ဖြောင့်တယ်မရှိပြီ။ |
| ၅။ | အူထုံးရောဂါ၊ | လှနာမှာ၊ | လွန်စွာပိန်ချုံးသည်။ |
| ၆။ | ဖခင်သူဌေး၊ | စိတ်မအေး၊ | အပြေးသွားလေပြီ။ |
| ၇။ | ဗိမ္ဗိမင်းထံ၊ | ဇီဝကံ၊ | တောင်းခံပါလေပြီ။ |
| ၈။ | ဇီဝကလိုင်း၊ | တုန့်မဆိုင်း၊ | ကုခိုင်းပါလေပြီ။ |
| ၉။ | ဝမ်းရေကိုခွဲ၊ | အူထုံးကာ၊ | သေချာရှင်းပြပြီ။ |
| ၁၀။ | ပြန်၍ချုပ်ကာ၊ | ဆေးလိမ်းကာ၊ | ရောဂါပျောက်စေပြီ။ |
| ၁၁။ | တစ်သောင်းခြောက်ထောင်၊ | ငွေကိုတောင်၊ | ပေးဆောင်ပြုလေပြီ။ |
| ၁၂။ | ဆရာဇီဝကာ၊ | ငွေပိုက်ကာ၊ | ပြန်ကာလာခဲ့ပြီ။ |

သူဌေးသားဝတ္တုလာ ကိုယ်ကျင့်တရားများ ပြီး၏။

## ပဇ္ဇောတမင်းဝတ္ထုလာ ကိုယ်ကျင့်တရားများ

**ပဏ္ဍုရောဂါ ။** ။ တစ်ရံရောအခါ ဥဇ္ဇေနီပြည် ပဇ္ဇောတမင်းအား ပဏ္ဍုရောဂါ ခေါ် ဖျော့တော့သော အနာတစ်မျိုး ဖြစ်လေ၏။ များစွာသော ကြီးကုန်ကြီးကုန်သော ဒိသာပါမောက္ခ ဆေးဆရာတို့သည် လာ၍ အနာပျောက်အောင် ကုသခြင်းငှါ မတတ်နိုင်ကြကုန်။ များစွာသော ရွှေငွေတို့ကို ယူ၍ သွားကုန်၏။

**ဆရာဇီဝကကို လျှောက်ခြင်း ။** ။ ထိုအခါ ပဇ္ဇောတမင်းသည် မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းကြီး၏ အထံသို့ -

'အကျွန်ုပ်အား ပဏ္ဍုရောဂါ ဖြစ်နေပါ၏။ တောင်းပန်ပါ၏။ အရှင်မင်းကြီးသည် ဇီဝကဆေးဆရာကို စေလွှတ်တော်မူပါလော့။ ထိုဇီဝကဆေးဆရာသည် အကျွန်ုပ်ကို ဆေးကုပါစေလော့'

- ဟူ၍ တမန်ကို စေလွှတ်လေ၏။ ဗိမ္ဗိသာရမင်းကြီးသည်လည်း ဆရာဇီဝကအား ပဇ္ဇောတမင်းအား ဆေးကုရန် ဥဇ္ဇေနီပြည်သို့ လွှတ်လိုက်လေ၏။

**ထောပတ်မုန်းသော မင်း ။** ။ ဆရာဇီဝကသည် ဥဇ္ဇေနီပြည် ပဇ္ဇောတမင်းထံသို့ ချဉ်းကပ်၍ ပဇ္ဇောတမင်း၏ အနာအခြင်းအရာကို မှတ်၍ ထောပတ်ဖြင့် ဆေးကုလိုရကား ပဇ္ဇောတမင်းထံ ထောပတ်ကို တောင်းလေ၏။ ထိုအခါ ပဇ္ဇောတမင်းသည် ဆရာဇီဝကကို -

'အချင်း ဇီဝက ... မသင့်။ သင်သည် ထောပတ်ကင်းသောဆေးဖြင့် အနာပျောက်ကင်းအောင် ကုသလော့။ ငါသည် ထောပတ်ကို စက်ဆုပ်ရွံရှာ၏'

- ဟု ပြောလေ၏။

လူ့ဘဝ၏ ပင်္ကိသနွေနေမှုကား ဆန်းကြယ်လှ၏။ ထိုပဇ္ဇောတမင်း၏ အမိသည် ဥတုလာသောအခါ၌ အိပ်ရာ၌ အိပ်နေစဉ် ကင်းမြီးကောက်တစ်ကောင်သည် ချက်အရပ်သို့တက်လေ၏။ ထိုမိန်းမသည် ထိုအတွေ့ဖြင့် ကိုယ်ဝန်ယူလေ၏။

ကင်းမြီးကောက်၏ အဆိပ်ပြေဆေးသည် ထောပတ်တည်း။ ထို့ကြောင့် ကင်းမြီးကောက်နှင့် ထောပတ်သည် ဆန့်ကျင်ဘက်ဖြစ်၍ ကင်းမြီးကောက်တို့သည် ထောပတ်ကို စက်ဆုပ်ရွံရှာလေ၏။ ကင်းမြီးကောက်ဇာတ်ရှိသော ထိုပဇ္ဇောတမင်းကြီး သည်လည်း ထောပတ်ကို စက်ဆုပ်ရွံရှာခြင်း ဖြစ်လေ၏။

ထောပတ်နှင့် ကင်း၍ မပျောက်နိုင် ။ ။ ပဇ္ဇောတမင်းကြီးကလည်း ထောပတ်ကို စက်ဆုပ်ရွံရှာ၏။ ပဇ္ဇောတမင်း၏ ပဏ္ဍုရောဂါကလည်း ထောပတ်မပါဘဲ မပျောက်နိုင်သောကြောင့် ဆရာဇီဝကသည် ထောပတ်ကို အထူးထူးသော ဆေးတို့ဖြင့် ဖန်သော အဆင်း၊ ဖန်သော အနံ့၊ ဖန်သော အရသာရှိအောင် ချက်လေ၏။

ထို့နောက် ဆရာဇီဝကအား –

'ဤမင်းအား သောက်စေအပ်သော ထောပတ်သည် ကြေလတ်သော် ကြို့ထိုးလတ္တံ့။ ကြို့ထိုးသော် ထောပတ်နံ့ နံလေရာ၏။ ဤမင်းသည်ကား ကြမ်းတမ်း၏။ ငါ့ကို သတ်စေရာ၏။ ငါသည် ဆေးမပေးမီ ရှေးဦးကပင် ပန်ကြားရမှု ကောင်းလေစွ' – ဟု အကြံ ဖြစ်လေ၏။

ထို့နောက် ဆရာဇီဝကသည် ပဇ္ဇောတမင်းထံသို့ ချဉ်းကပ်၍ ပဇ္ဇောတမင်းကြီးကို ဤသို့ လျှောက်တင်လေ၏။

"အရှင်မင်းကြီး ... အကျွန်ုပ်တို့ ဆေးသမားမည်သည် ထိုအလိုရှိသောခဏ၌ ဆေးမြစ်တို့ကို နုတ်ရပါကုန်၏။ ဆေးတို့ကို ဆောင်ရပါကုန်၏။ တောင်းပန်ပါ၏။ အရှင်မင်းကြီးသည် ဆင်တင်းကုတ်၊ မြင်းတင်းကုတ်တို့၌လည်းကောင်း၊ တံခါးတို့၌လည်းကောင်း 'ဇီဝကဆေးသမား အလိုရှိသော ယာဉ်ဖြင့် သွားစေလော့။ အလိုရှိသော တံခါးဖြင့် သွားစေလော့။ အလိုရှိသော အချိန်အခါ၌ သွားစေလော့။ အလိုရှိသော အချိန်အခါ၌ ဝင်စေလော့' ဟု အမိန့်ထုတ်တော်မူပါ"

– ဟု လျှောက်ထားလေ၏။

ပဇ္ဇောတမင်းကြီးလည်း ဆရာဇီဝကလျှောက်သည့်အတိုင်း အမိန့်ထုတ်ပြန်လေ၏။

**ဆရာဇီဝက ထွက်ပြေးခြင်း ။** ။ ထိုအခါ ပဇ္ဇောတမင်းအား ဘဒ္ဒဝတိကာမည်သော ဆင်မယာဉ်သာသည် နေ့ချင်း ယူဇနာငါးဆယ် ရောက်နိုင်၏။ ထိုအခါ၌ ဆရာဇီဝကသည် ပဇ္ဇောတမင်းကြီးအား -

'အရှင်မင်းကြီးသည် ဖန်သောဆေးကို သောက်ပါလော့' - ဟု ဆို၍ ထောပတ်ကို ဆက်သလိုက်လေ၏။

ထိုသို့ ဆရာဇီဝကသည် ပဇ္ဇောတမင်းကြီးအား ထောပတ်ကို သောက်စေပြီးနောက် ဆင်တင်းကုတ်သို့ သွားပြီးလျှင် ဘဒ္ဒဝတိကာမည်သော ဆင်မယာဉ်သာဖြင့် ဥဇ္ဇေနီပြည်မှ ထွက်ပြေးခဲ့လေ၏။

**ဆရာဇီဝကကို လိုက်၍ ခေါ်စေခြင်း ။** ။ မကြာမီမှာပင် ပဇ္ဇောတမင်းအား သောက်အပ်သော ထောပတ်သည် ကြေလတ်သော် ကြို့ထိုးလေ၏။ ထိုအခါ ထောပတ်နံ့ ထွက်လာသည်ဖြစ်၍ -

'အချင်းတို့ ... ဆိုးသွမ်းသော ဇီဝကသည် ထောပတ်ကို တိုက်ခဲ့၏။ ဇီဝကကို လိုက်ရှာကုန်လော့' - ဟု ပြောဆိုလေ၏။

'အရှင်မင်းကြီး ... ဘဒ္ဒဝတိကာမည်သော ဆင်မယာဉ်သာဖြင့် ထွက်ပြေးသွားပါပြီ ' - ဟု လျှောက်ကြလေကုန်၏။

ထိုအခါ ပဇ္ဇောတမင်းအား ကာကမည်သော ကျွန်သည် နေ့ချင်း ယူဇနာခြောက်ဆယ် ရောက်နိုင်၏။ ဘီလူးကို စွဲ၍ဖြစ်၏။ နတ်ဘီလူးနှင့် လူမိန်းမ သင့်မြတ်၍ မွေးဖွားခြင်း ဖြစ်၏။ ပဇ္ဇောတမင်းသည် ထိုကာကမည်သော ကျွန်ကို -

'အချင်း ကာက ... သွားလော့။ ဇီဝကဆေးသမားကို သင့်ကို မင်းကြီးက ပြန်လာစေလိုသည်ဟု ပြော၍ ပြန်၍ခေါ်ခဲ့လော့' - ဟု စေခိုင်းလိုက်လေ၏။

ထို့နောက် ဤသို့လည်း မှာလိုက်သေး၏။

'အချင်း ကာက ... ဤဆေးသမားတို့မည်သည် မာယာများ၏။ ဇီဝက ကျွေးသော တစုံတခုသော အစားအစာကို မစားလေနှင့်' - ဟူ၍ မှာလိုက်လေ၏။

**အမြန်နှုန်း သွားနိုင်ကြပုံများ ။** ။ ဤ၌ ဘဒ္ဒဝတိကာမည်သော ဆင်မယာဉ်သာ သည်သာ နေ့ချင်းပေါက် ယူဇနာ ငါးဆယ်တိုင်တိုင် သွားနိုင်သည် မဟုတ်သေး။ နာဠာဂီရိဆင်သည် နေ့ချင်းပေါက် ယူဇနာတစ်ရာတိုင်တိုင် သွားနိုင်၏။ စေလကဏ္ဍ မြင်းတော်နှင့် မုဉ္စကေသမြင်းတော်တို့သည် နေ့ချင်းပေါက် ယူဇနာတစ်ရာ့နှစ်ဆယ်တိုင်တိုင် သွားနိုင်၏။ ကာကမည်သော ကျွန်ကား နေ့ချင်းပေါက် ယူဇနာခြောက်ဆယ် သွားနိုင်လေ၏။

**ယာဉ်များကို ရခြင်းအကြောင်း ။** ။ ပဇ္ဇောတမင်းကြီးသည် ဘဒ္ဒဝတိကာ ဟူသော ဆင်မယာဉ်သာ၊ ကာကမည်သောကျွန် ဟူသော လျင်မြန်သော ယာဉ်ကိုရခြင်းသည် ရှေးကုသိုလ် ကောင်းမှုကြောင့် ရခြင်းဖြစ်သည်။

ချဲ့ဦးအံ့ ။ ဝေါတမဗုဒ္ဓဘုရားရှင် မပွင့်မီ အမျိုးသားတစ်ယောက်သည် တစ်နေ့သောအခါ၌ နံနက်စာထမင်းစားရန် ထိုင်နေစဉ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးသည် ဆွမ်းလာ၍ ရပ်ပြီးနောက် ပြန်ကြွသွားလေ၏။ တစ်ယောက်သော ယောကျ်ားသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ဆွမ်းရပ်ပြီး ပြန်ကြွသွားကြောင်း ပြောကြားသောအခါ ထိုအမျိုးသားသည် ထိုယောကျ်ားအား ပစ္စေကဗုဒ္ဓါ၏ သပိတ်ကို အလျင်အမြန် သွားရောက်၍ ယူစေလေ၏။

ထိုယောကျ်ားလည်း အလျင်အမြန် သွားရောက်၍ ယူဆောင်ပေးလေ၏။ ထိုအမျိုးသားသည် မိမိအတွက် ပြင်ဆင်ထားသော ထမင်းကို အကုန်အစင် လှူ၍ ပြန်ပို့စေလေပြီ။

ထိုယောကျ်ားသည် အလျင်အမြန် သွားရောက်၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ လက်၌ သပိတ်ကို ထား၍ –

'အရှင်ဘုရား ... တပည့်တော်သည် ဤသို့ ခန္ဓာကိုယ်ဖြင့် အလျင်အမြန် ကြောင့်ကြစိုက်ရသော ကုသိုလ်ကြောင့် တစ်ခုသောဘဝ၌ ယာဉ်နှင့်ပြည့်စုံသူ ဖြစ်ရပါလို၏' – ဟု ဆုတောင်းမှု ပြုလေ၏။

ထိုဝေယျာဝစ္စပြုသော ထိုယောက်ျားသည် ယခုအခါ ပဉ္စောတမင်း ဖြစ်ခဲ့လေပြီ။ ထို့ကြောင့် ထိုသို့ ရှေးဆုတောင်းကြောင့် ပဉ္စောတမင်းသည် ယာဉ်နှင့်ပြည့်စုံခြင်း ဖြစ်လေ၏။

ကာကကျွန် ဝမ်းလျှောခြင်း ။ ။ ထိုအခါ ကာကကျွန်သည် ဆရာဇီဝကကို လမ်းခရီး အကြား ကောသမ္ဗီမြို့၌ နံနက်စာ စားနေစဉ် မီလေ၏။

ထိုအခါ ကျွန်ကာကသည် ဆရာဇီဝကကို -

'ဆရာ ... မင်းကြီးက သင့်ကို ပြန်လာစေလိုပါသည်' - ဟု ပြောလေ၏။

ထိုအခါ ဆရာဇီဝကသည် ကျွန်ကာကကို -

'အချင်း ကာက ... ထမင်းစားပြီးသည့်တိုင်အောင် ငံ့လင့်ပါဦး။ အချင်း ကာက ... စားပါဦးလော့' - ဟု ပြောလေ၏။

'ဆရာ ... တန်ပါပြီ။ မင်းကြီးက ဆရာကျွေးတာကို မစားနှင့်ဟု မှာလိုက်ပါသည်' - ဟု ပြောလေ၏။

ထိုအခါ ဆရာဇီဝကသည် လက်သည်း၌ ဆေးကိုထည့်၍ သျှိသျှားသီးကို လည်း စား၏။ သောက်ရေကိုလည်း သောက်၏။ ကျွန်ကာကကို -

'အချင်း ကာက ... ယူလော့။ သျှိသျှားသီးကိုလည်း စားလော့။ သောက်ရေကိုလည်း သောက်လော့' - ဟူ၍ ကျွေးလေ၏။

ထိုအခါ ကျွန်ကာကသည် -

'ဤဆေးသမားသည် သျှိသျှားသီးကိုလည်း စား၏။ သောက်ရေကိုလည်း သောက်၏။ တစ်စုံတစ်ခု အပြစ်ဖြစ်မည် မဟုတ်'

- ဟု အောက်မေ့၍ တစ်ခြမ်းမျှသော သျှိသျှားသီးကိုလည်း စား၏။ သောက်ရေကိုလည်း သောက်လေ၏။ စားအပ်သော ထိုတစ်ခြမ်းမျှသော သျှိသျှားသီး သည် ထိုကာကကို ထိုနေရာ၌ပင်လျှင် ဝမ်းလျှောစေလေ၏။

**ဆင်မကို ပြန်ပေးလိုက်ခြင်း ။** ။ ထိုအခါ ကျွန်ကာကသည် ဆရာဇီဝကကို –

'ဆရာ ... အကျွန်ုပ် အသက်ရှင်ပါဦးမည်လော' – ဟု မေးလေ၏။

'အချင်း ကာက ... မကြောက်လင့်။ သင်သည်လည်းကောင်း၊ မင်းသည်လည်းကောင်း အနာမရှိသည် ဖြစ်လတ္တံ့။ ထိုမင်းသည်ကား ကြမ်းတမ်း၏။ ငါ့ကို သတ်စေရာ၏။ ထို့ကြောင့်ငါသည် မပြန်တော့အံ့'

– ဟု ပြောပြီးနောက် ဘဒ္ဒဝတိကာမည်သော ဆင်မယာဉ်သာကို ကျွန်ကာကအား အပ်ပြီးလျှင် ဆရာဇီဝကသည် ရာဇဂြိုဟ်မြို့သို့ ဖဲခွါသွားလေ၏။

**မပြန်တာ ကောင်း၏ ။** ။ ရာဇဂြိုဟ်သို့ ရောက်သောအခါ ဆရာဇီဝကသည် ထိုအကြောင်းကို ဗိမ္ဗိသာရမင်းကြီးအား လျှောက်ထားလေ၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် ဆရာဇီဝကကို –

'အချင်း ဇီဝက ... မပြန်ခြင်းသည် ကောင်းစွာပြုသည် မည်၏။ ထိုမင်းသည်ကား ကြမ်းတမ်း၏။ သင့်ကို သတ်စေရာ၏' – ဟု ပြောဆိုလေ၏။

**ကျေးဇူးကို အောက်မေ့ပါ ။** ။ ထို့နောက် အနာရောဂါ ပျောက်ကင်းသည်ဖြစ်၍ ပဇ္ဇောတမင်းသည် ဆရာဇီဝကထံသို့ –

' ဇီဝကသည် လာခဲ့လော့။ မြတ်သောဆုကို ပေးပါအံ့'

– ဟူ၍ တမန်စေလွှတ်လေ၏။ ထိုအခါ ဆရာဇီဝကသည် ထိုတမန်ကို –

'အမောင် ... တန်ပါပြီ။ မင်းကြီးသည် အကျွန်ုပ်၏ ကျေးဇူးကို အောက်မေ့တော်မူစေချင်ပါသည်' – ဟု ပြောဆိုလိုက်လေ၏။

*( ဝိ – ၃ – ၃၈၇ / ၃၈၉ ။ မြန် – ၃၉၀/၃၉၂ ။ ဝိ ဋ ၃ – ၃၉၉၊ သာရတ္ထ ဋီ – တ – ၃၃၉ )*

## ပဇ္ဇောတမင်းဝတ္ထုလာ ဆောင်ရန်လင်္ကာများ

၁။ ဥဇ္ဇေနီပြည်က၊ ပဇ္ဇောတ၊ ရာဇတစ်ပါးသည်၊
၂။ ပဏ္ဍုရောဂါ၊ ဖျော့တော့နာ၊ ဖြစ်ပါပြန်လေပြီ။
၃။ ဆရာကြီးများ၊ ကုပါငြား၊ ပျောက်ကားမပျောက်ပြီ။
၄။ ရွှေငွေကိုသာ၊ မြောက်မြားစွာ၊ ယူကာသွားကြသည်။
၅။ ဗိမ္ဗိမင်းထံ၊ ဇီဝကံ၊ တောင်းခံပါလေပြီ။
၆။ ဇီဝကလိုင်း၊ တုန့်မဆိုင်း၊ ကုခိုင်းစေလေပြီ။
၇။ ရောဂါသဘော၊ ဖြစ်ပုံသော၊ စောကြောကြည့်လေပြီ။
၈။ ထောပတ်တောင်းရာ၊ ပဇ္ဇောတာ၊ ပြင်းစွာငြင်းပယ်ပြီ။
၉။ ထောပတ်မပါ၊ ဆေးကိုသာ၊ ဖော်ပါပြောလေပြီ။
၁၀။ ကင်းမြီးကောက်ဟာ၊ ထောပတ်ပါ၊ လွန်စွာစက်ဆုပ်သည်။
၁၁။ ကင်းကောက်ဇာတ်နွှာ၊ မင်းပဇ္ဇော၊ သဘောတူမျှသည်။
၁၂။ ထောပတ်မပါ၊ မင်းကြီးမှာ၊ ရောဂါမပျောက်ပြီ။
၁၃။ ထောနံ့ရသာ၊ ကင်းစေရာ၊ ဆရာဆေးဖော်ပြီ။
၁၄။ ကြို့ထိုးလည်ဆန့်၊ ထောပတ်နံ့၊ ထွက်ပျံ့လာနိုင်သည်။
၁၅။ ဆေးတိုက်ပြီးရာ၊ ဉာဏ်များပါ၊ ဆရာဇီဝကသည်၊
၁၆။ ဘဒ္ဒဝတိကာ၊ ဆင်မပါ၊ ယူကာထွက်ပြေးပြီ။
၁၇။ ပဇ္ဇောတမင်း၊ ကြို့ထိုးခြင်း၊ ချက်ချင်းခိုင်းလေပြီ။
၁၈။ ခိုင်းချက်အရ၊ ကျွန်ကာက၊ နောက်ကလိုက်လေပြီ။
၁၉။ ကောသမ္ဗီတွင်၊ နံနက်ပင်၊ စားစဉ်မိလေပြီ။
၂၀။ ကျွန်ကာကအား၊ စားပါငြား၊ ပြောကြားပါလေပြီ။
၂၁။ မစားဝံ့ပါ၊ ဆေးဆရာ၊ ရာဇာမှာလိုက်သည်။
၂၂။ သျှိသျှားသီးကို၊ ရေပါကို၊ စားမျိုပြလိုက်ပြီ။
၂၃။ စားလော့ကာက၊ ရေသောက်ပ၊ ဇီဝတိုက်တွန်းပြီ။
၂၄။ အန္တရာယ်မရှိ၊ ဖြစ်မရှိ၊ မှတ်သိကာကသည်၊

၂၅။ သို့သွားတစ်ခြမ်း၊ ရေနှင့်ဖျန်း၊ သောက်စမ်းကြည့်လေပြီ။
၂၆။ နေရာတွင်ခြော၊ ဝမ်းတွေလျှော၊ စိတ်မောသွားလေပြီ။
၂၇။ အသက်ကယ်ပါ၊ ဆေးဆရာ၊ ကာကာတောင်းပန်သည်။
၂၈။ ဘေးမရှိပ၊ မောင်ကာက၊ ဘာမျှမဖြစ်ပြီ။
၂၉။ မင်းကြီးမှာလဲ၊ ရောဂါခဲ၊ မလွဲပျောက်လိမ့်မည်။
၃၀။ ကာကအားသာ၊ ဆင်ကိုပါ၊ အပ်ကာပြန်ခဲ့သည်။
၃၁။ ပြန်လာခြင်းတိ၊ ကောင်းလေဘိ၊ ဗိမ္ဗိပြောလေပြီ။
၃၂။ ရောဂါပျောက်ပြန်၊ ပဇ္ဇောတံ၊ တမန်စေလွှတ်ပြီ။
၃၃။ ဇီဝကလာပါ၊ ဆုမြွတ်ပါ၊ ပေးမှာခေါ် လိုက်ပြီ။
၃၄။ ကျေးဇူးသိပါ၊ မင်းရာဇာ၊ ပြောကာမလိုက်ပြီ။
၃၅။ ငါးဆယ်ယူဇနာ၊ နေ့ချင်းပါ၊ ဘဒ္ဒါသွားနိုင်သည်။
၃၆။ နတ်ဘီလူးစွဲ၊ ရလေမြဲ၊ ကျွန်ပါကာကသည်၊
၃၇။ ခြောက်ဆယ်ယူဇနာ၊ နေ့ချင်းပါ၊ ကောင်းစွာသွားနိုင်သည်။
၃၈။ ထိုသို့ယာဉ်စုံ၊ ရှေးကောင်းမှု၊ ကြောင်းပြုရလေသည်။
၃၉။ ပစ္စေကအား၊ ကာယအား၊ စိုက်ကြားဆုတောင်းသည်။
၄၀။ ယခုဘဝ၊ ပဇ္ဇောတ၊ မုချရလေပြီ။
၄၁။ ကုသိုလ်ပြုရာ၊ ဆုတောင်းပါ၊ တောင်းတာရနိုင်သည်။

ပဇ္ဇောတမင်း ဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

## သိဝိတိုင်းဖြစ် ပုဆိုးအစုံလာ ကိုယ်ကျင့်တရားများ

<u>အကောင်းဆုံး ပုဆိုးအစုံ</u> ။ ။ ထိုအခါ ပဇ္ဇောတမင်းအား သိဝိတိုင်း၌ ဖြစ်သော ပုဆိုးအစုံသည် ဖြစ်ပေါ်လာလေ၏။ များစွာသော ပုဆိုးတို့ထက်၊ များစွာသော ပုဆိုးအစုံတို့ထက်၊ များစွာသော ပုဆိုးအစုံတစ်ရာတို့ထက်၊ များစွာသော ပုဆိုးအစုံတစ်ထောင်တို့ထက်၊ များစွာသော ပုဆိုးအစုံတစ်သိန်းတို့ထက် အဖိုးတန်၏။ အထူးသဖြင့်လည်း ချီးမွမ်းအပ်၏။ အမွန်အမြတ်လည်း ဖြစ်၏။ အထူးသဖြင့်လည်း ကျော်စောထင်ရှား၏။ ထက်ဝန်းကျင်မှလည်း ကောင်း၏။

ထိုအခါ ပဇ္ဇောတမင်းသည် သိဝိတိုင်း၌ဖြစ်သော ပုဆိုးအစုံကို ဆရာဇီဝကထံ ပို့စေ၏။ ထိုအခါ ဆရာဇီဝကအား -

'ဤသို့ လူးမြတ်သော ပုဆိုးအစုံကို မြတ်စွာဘုရားကိုလည်းကောင်း၊ ဗိမ္ဗိသာရမင်းကြီးကိုလည်းကောင်း ထား၍ တစ်ပါးသော တစ်စုံတစ်ယောက်သော သူသည် မဝတ်ထိုက်' - ဟု အကြံဖြစ်လေ၏။

<u>မြောက်ကျွန်း၌ အမင်္ဂလာ ပုဆိုးအစုံ</u> ။ ။ သိဝိတိုင်းဖြစ် ထိုပုဆိုးအစုံသည်ကား မြောက်ကျွန်းတို့၌ သုသာန်၌ဖြစ်သော မင်္ဂလာမရှိသော အဝတ်တည်း။ ထိုမြောက်ကျွန်းတို့၌ လူတို့သည် လူသေကောင်ကို ထိုအဝတ်ဖြင့် ရစ်ပတ်၍ ချထားကြကုန်၏။

ထိုအဝတ်ဖြင့် ရစ်ပတ်အပ်သော အလောင်းကောင်ကို အသားတစ်ဟု မှတ်ထင်၍ ဆင်နှာမောင်းနှင့်တူသော နှာမောင်းရှိသော ငှက်ဆင်ကြီးတို့သည် မြောက်ချီ၍ ဟိမဝန္တာ တောင်ထွတ်၌ ထား၍ အဝတ်ကိုဖယ်၍ ခဲစားကြကုန်၏။ ထိုမှနောက်၌ တောလည်မုဆိုးတို့သည် အဝတ်ကိုမြင်၍ မင်းအတွက် ဆောင်ယူကြကုန်၏။

ဤနည်းအားဖြင့် ဤအဝတ်ကို ပဇ္ဇောတမင်းသည် ရအပ်ပြီ။ သိဝိတိုင်း၌ ကျွမ်းကျင်ကုန်သော မိန်းမတို့သည် သုံးမျှင်သောချည်တို့ဖြင့် ချည်ငင်ကြကုန်၏။ ဤအဝတ်သည် ထိုချည်ဖြင့် ရက်အပ်သော အဝတ်တည်း။ ဤသို့လည်း ဆိုကြကုန်၏။

( ဝိ - ၃ - ၃၇၉/ ၃၉၀။ မြန် - ၃၉၃။ ဝိ ဋ္ဌ - ၃ - ၄၀၀ )

## သိဝိတိုင်းဖြစ် ပုဆိုးအစုံလာ ဆောင်ရန်လင်္ကာများ

၁။ ကြီးလှတန်ဖိုး၊ အကောင်းမျိုး၊ ပုဆိုးအစုံသည်၊
၂။ သိဝိတိုင်းဖြစ်၊ ရှားပါးလစ်၊ စင်စစ်ဖြစ်လေသည်။
၃။ ပုဆိုးသိန်းထက်၊ လွန်မြင့်တက်၊ တန်ချက်ရှိလေသည်။
၄။ ထူးထူးမြတ်မြတ်၊ ချီးမွမ်းအပ်၊ ကောင်းမြတ်လှပေသည်။
၅။ ထိုပုဆိုးမှန်၊ ပဇ္ဇောတထံ၊ ဆိုက်ပြန်လာခဲ့သည်။
၆။ အလွန်တန်ဖိုး၊ ကြီးလေရိုး၊ ပုဆိုးအစုံသည်၊
၇။ မြောက်ကျွန်းများမှာ၊ လူသေရာ၊ ပတ်တာဖြစ်လေသည်။
၈။ ငှက်ဆင်တစ်ဆင့်၊ မဆိုးထင့်၊ ဆင့်ဆင့်ရောက်လာသည်။
၉။ သိဝိတိုင်းမှ၊ ကျွမ်းကျင်ကြ၊ မိန်းမတစ်တွေသည်၊
၁၀။ သုံးမျှင်ချည်ဖြင့်၊ ရက်လုပ်ထင့်၊ ဆိုနှင့်ကြပြန်သည်။
၁၁။ ပဇ္ဇော တစ်ဖန်၊ ဇီဝထံ၊ ပို့ပြန်ပါလေပြီ။
၁၂။ ဘုရားနှင့်သာ၊ ထိုက်တန်ပါ၊ ဆရာကြံလေပြီ။

သိဝိတိုင်းဖြစ် ပုဆိုးအစုံလာ ကိုယ်ကျင့်တရားများ ပြီး၏။

## အကြိမ် ၃၀-ဝမ်းနုတ်ခြင်းလာ ကိုယ်ကျင့်တရားများ

**စိုစိုပြည်ပြည် ဖြစ်စေဦးလော့ ။** ။ ထိုအခါ မြတ်စွာဘုရား၏ ကိုယ်တော်သည် သွေးလေ စသော ဒေါသပြော၏။ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို -

'အာနန္ဒာ ... ငါ၏ကိုယ်သည် သွေးလေ စသော ဒေါသပြော၏။ ငါသည် ဝမ်းလျှော့ဆေးကို သောက်ရန် အလိုရှိ၏' - ဟု မိန့်တော်မူလေ၏။

ထိုအကြောင်းကို အရှင်အာနန္ဒာသည် ဆရာဇီဝကကို ပြောပြ၏။ ဆရာဇီဝကသည် အရှင်အာနန္ဒာကို -

'အရှင်ဘုရား အာနန္ဒာ ... သို့ဖြစ်လျှင် မြတ်စွာဘုရား၏ ကိုယ်တော်ကို တစ်ရက်နှစ်ရက် စိုစိုပြည်ပြည်ဖြစ်အောင် ချွေးထုတ်စေဦးလော့'

- ဟု လျှောက်ထားလေ၏။

**ခြောက်ကပ်နေလို့လား ။** ။ ဤ၌ ဘုရားရှင်၏ ခန္ဓာကိုယ်သည် ထိုအချိန်၌ ခြောက်ကပ်ကပ် ဖြစ်နေ၏-ဟု ထင်စရာရှိ၏။ မဖြစ်ပါ၊ မှန်၏။ ဘုရားရှင်၏ အာဟာရတော်တိုင်း၌ နတ်တို့သည် နတ်သြဇာကို ထည့်ကြသောကြောင့် သြဇာသည် ကိုယ်တော်၌ ပျံ့နှံ့ရကား ခြောက်ခြောက်ကပ်ကပ် မရှိ။ စိုစိုပြည်ပြည်ပင် ဖြစ်သည်။

ဆက်ဦးအံ့ ။ စိုစိုပြည်ပြည် ဖြစ်အောင် ချွေးထုတ်စေခြင်းသည် အလုံးစုံသော ကိုယ်တော်၌ သလိပ်သည်းခြေ စသော အပြစ်တို့ကို စိုစွတ်စေနိုင်၏။ အကြောတို့ကို နူးညံ့ပျော့ပျောင်းသည်တို့ကို ပြုနိုင်၏။ ထို့ကြောင့် ဆရာဇီဝကသည် -

'တစ်ရက်နှစ်ရက် စိုစိုပြည်ပြည်ဖြစ်အောင် ချွေးထုတ်စေဦးလော့'

- ဟူ၍ ဆိုခြင်း ဖြစ်လေသည်။

ကြာပွင့်ကို နမ်းရှူစေခြင်း ။ ။ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ ကိုယ်တော်ကို တစ်ရက်နှစ်ရက် စိုစိုပြည်ပြည် ဖြစ်အောင် ချွေးထုတ်စေပြီးနောက် ဆရာဇီဝကကို အကြောင်းကြားလေ၏။ ထိုအခါ ဆရာဇီဝကအား –

'ငါသည် မြတ်စွာဘုရားအား ကြမ်းတမ်းသော ဝမ်းလျှောဆေးကို ပေးရန် မလျောက်ပတ်'

– ဟု အကြံဖြစ်ကာ ဆရာဇီဝကသည် သုံးလက်သော ကြာပွင့်တို့ကို အထူးထူးသော ဆေးတို့ဖြင့် ထုံ၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားအား –

'မြတ်စွာဘုရား ... ပဌမကြာလက်ကို နမ်းရှူတော်မူပါ။ ဆယ်ကြိမ် ဝမ်းသွားပါလိမ့်မည်။ ဒုတိယကြာလက်ကို နမ်းရှူတော်မူပါ။ ဆယ်ကြိမ် ဝမ်းသွားပါလိမ့်မည်။ တတိယကြာလက်ကို နမ်းရှူတော်မူပါ။ ဆယ်ကြိမ် ဝမ်းသွားပါလိမ့်မည်။ ဤသို့အားဖြင့် မြတ်စွာဘုရားသည် အကြိမ်သုံးဆယ် ဝမ်းသွားပါလိမ့်မည်'

– ဟု လျှောက်ကာ ကြာသုံးလက်ကို ဆက်ကပ်လေ၏။

ဤ၌ ဆရာဇီဝကသည် မြတ်စွာဘုရားအား ပဌမကြာတစ်လက်ကို ကြမ်းတမ်းသော အပြစ်တို့ကို ပယ်ရှားခြင်းအကျိုးငှါ၊ ဒုတိယကြာတစ်လက်ကို အလယ်အလတ် အပြစ်တို့ကို ပယ်ရှားခြင်း အကျိုးငှါ၊ တတိယကြာတစ်လက်ကို သိမ်မွေ့သော အပြစ်တို့ကို ပယ်ရှားခြင်း အကျိုးငှါ ဆက်ကပ်ခြင်း ဖြစ်လေသည်။

ရေချိုးရဦးမည် ။ ။ ဆရာဇီဝကသည် မြတ်စွာဘုရားအား ကြာသုံးလက်ကို ဆက်ကပ်ပြီးနောက် ဖဲ၍လာခဲ့ရာ အပြင်တံခါးမုခ်မှ ထွက်သောအခါ၌ ဆရာဇီဝကအား –

'ငါသည် အကြိမ်သုံးဆယ် ဝမ်းလျှောစေနိုင်သော ဆေးကို ပေးလှူခဲ့ပြီ။ မြတ်စွာဘုရား၏ ကိုယ်တော်သည် သွေးလေ စသော ဒေါသပြော၏။ မြတ်စွာဘုရားကို အကြိမ်သုံးဆယ် ဝမ်းလျှောစေလိမ့်မည် မဟုတ်။ နှစ်ဆယ့်ကိုးကြိမ်သာ ဝမ်းလျှောစေလတ္တံ့။ စင်စစ်သော်ကား ဝမ်းတော်လျှောပြီးသော် ရေသပ္ပါယ်တော်မူသော မြတ်စွာဘုရားကို တစ်ကြိမ်ဝမ်းလျှောစေလတ္တံ့။ ဤသို့ ဝမ်းလျှောသည်ရှိသော်

မြတ်စွာဘုရားအား အကြိမ်သုံးဆယ်သော ဝမ်းလျှောခြင်းသည် ဖြစ်လတ္တံ့’

– ဟု အကြံဖြစ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဆရာဇီဝက၏ အကြံကို သိတော်မူ၍ အရှင်အာနန္ဒာအား ရေနွေးကို စီရင်စေလေ၏။

မြတ်စွာဘုရားသည် နှစ်ဆယ့်ကိုးကြိမ် ဝမ်းလျှောပြီးသောအခါ ဆရာဇီဝကသည် ရောက်လာပြီးနောက် မြတ်စွာဘုရားအား –

‘မြတ်စွာဘုရားသည် ရေသပ္ပါယ်တော်မူပါလော့။ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ရေသပ္ပါယ်တော်မူပါလော့’

– ဟု လျှောက်လေ၏။ မြတ်စွာဘုရားသည်လည်း ရေသပ္ပါယ်တော်မူလေ၏။ ရေသပ္ပါယ်တော်မူပြီးသော မြတ်စွာဘုရားကို တစ်ကြိမ် ဝမ်းလျှောစေလေ၏။ ဤသို့ဖြင့် မြတ်စွာဘုရားအား အကြိမ်သုံးဆယ်သော ဝမ်းလျှောခြင်းသည် ဖြစ်လေ၏။

ပဲပြုတ်ရည်ဆွမ်း၊ ပဲဆွမ်း ။ ။ ထိုအခါ၌ ဆရာဇီဝကသည် မြတ်စွာဘုရားကို –

‘မြတ်စွာဘုရား ... မြတ်စွာဘုရား၏ ကိုယ်တော်သည် ပင်ကိုယ်သဘော ရှိသည့်တိုင်အောင် ပဲပြုတ်ရည်ဆွမ်းဖြင့်၊ ပဲဆွမ်းဖြင့် သင့်ပါ၏’

– ဟု လျှောက်ထားလိုက်လေ၏။

လှူတို့ လှူကြခြင်း ။ ။ မကြာမီပင် မြတ်စွာဘုရား၏ ကိုယ်တော်သည် ပင်ကိုယ်သဘောရှိလေ၏။ ထိုအခါ မြို့သူမြို့သားတို့သည် အလှူကို ပြီးစီးစေကြကုန်ပြီ။ ဆရာဇီဝကသည်လာ၍ မြတ်စွာဘုရားရှင်ကို –

‘မြတ်စွာဘုရား ... ယနေ့ မြို့သူမြို့သားတို့သည် ရှင်တော်ဘုရားတို့အား အလှူကို ပေးလှူလိုပါကုန်၏။ မြို့တွင်းသို့ ဆွမ်းခံဝင်တော်မမူပါကုန်လင့်’

– ဟူ၍ လျှောက်ထားလေပြီ။

**သလေးနို့ရည်ဆွမ်း** ။ ။ အရှင်မောဂ္ဂလာန်ထေရ်သည်–

'ယနေ့ အဘယ်အရပ်မှ မြတ်စွာဘုရားဖို့ ရှေးဦးစွာသောဆွမ်းကို ရခြင်းငှါ သင့်ပါလိမ့်မည်နည်း'

– ဟု ကြံစည်လေ၏။ ထို့နောက် –

'ခြေဖဝါး၌ အမွေးပေါက်သော ကောဋိဝိသ အနွယ်ဖြစ်သော သူဌေးသား သည် လယ်ထွန်ခြင်းအမှုကို ပြုရာအခါမှစ၍ အခြားသလေးတို့နှင့် မဆက်ဆံ ကုန်သော၊ နို့ရည်ကို သွန်းလောင်းခြင်းဖြင့် ကြီးပွားစေအပ်ကုန်သော နံ့သာ သလေးဆန်တို့၏ ထမင်းကိုစား၏။ ထိုသောဏသူဌေးသား၏ ထမင်းမှ မြတ်စွာဘုရားဖို့ ဆွမ်းကို ဆောင်ယူအံ့' – ဟူ၍ ကြံပြန်လေပြီ။

( ထိုအချိန်၌ သောဏသူဌေးသား ရဟန်းမပြုရသေး )

ထိုသို့ ကြံပြီး၍ အရှင်မောဂ္ဂလာန်ထေရ်သည် တန်ခိုးဖြင့် ကြွတော်မူ၍ ထိုသောဏသူဌေးသား၏ ပြာသာဒ်အပြင်၌ မိမိကိုယ်ကို ပြလေပြီ။

ထိုသောဏသူဌေးသားသည် မထေရ်၏သပိတ်ကိုယူ၍ မွန်မြတ်သောဆွမ်းကို ပေးလှူပြီ။ ဆက်ဦးအံ့။ မထေရ်၏ ပြန်ကြွမည့် အခြင်းအရာကို မြင်၍ သောဏ သူဌေးသားသည် အရှင်မောဂ္ဂလာန်ကို –

'အရှင်ဘုရား ... ဘုဉ်းပေးတော်မူပါကုန်' – ဟု လျှောက်ပြီ။

အရှင်မောဂ္ဂလာန်ထေရ်သည် သောဏသူဌေးသားကို –

'ငါသည် မြတ်စွာဘုရားအတွက် ဆွမ်းလာခဲ့ခြင်း ဖြစ်သည်' – ဟု ပြောလေပြီ။

သောဏသူဌေးသားသည် အရှင်မောဂ္ဂလာန်ထေရ်ကို –

'အရှင်ဘုရား ... ဘုဉ်းပေးတော်မူပါ။ ဘုရားရှင်အတွက်လည်း ရပါလိမ့်မည်' ဟူ၍ လျှောက်လေပြီ။

ထိုသို့ လျှောက်ပြီး၍ သောဏသူဌေးသားသည် အရှင်မောဂ္ဂလာန်ထေရ်ကို ဘုဉ်းပေးစေပြီး၍ နံ့သာတို့ဖြင့် သပိတ်ကို ပွတ်တိုက်၍ ဆွမ်းဖြင့် ပြည့်စေ၍ ပေးလှူ လိုက်လေပြီ။

အရှင်မောဂ္ဂလာန်ထေရ်သည် ထိုဆွမ်းကို မြတ်စွာဘုရားအား ဆက်ကပ်လေပြီ။

**ဗိမ္ဗိသာရမင်းအား ကျွေးခြင်း ။** ။ ဗိမ္ဗိသာရမင်းသည်လည်း -

'ယနေ့ မြတ်စွာဘုရားသည် အဘယ်ဆွမ်းကို ဘုဉ်းပေးတော်မူပါလိမ့်မည်နည်း'

- ဟု ကြံ၍ ကျောင်းတော်သို့လာ၍ ဝင်လျှင်ဝင်ခြင်းပင် မွှေးကြိုင်သော ဆွမ်းနံ့ကိုရ၍ စားချင်စိတ် ဖြစ်ပေါ်လေ၏။

မြတ်စွာဘုရား၏ ဆွမ်း၌ ဘုရားဖြစ်သည့်နေ့ သုဇာတာ သူဌေးသမီး လှူသော ဆွမ်းနှင့် ပရိနိဗ္ဗာန် ဝင်စံတော်မူမည့်နေ့ ရွှေပန်းတိမ်၏သား စုန္ဒလှူသောဆွမ်း ဤဆွမ်း နှစ်မျိုး၌ နတ်တို့သည် နတ်သြဇာကို သပိတ်ခွက်ထဲသို့ ရောက်ပြီးကာမှ ထည့်ကြလေသည်။

ထိုမှတစ်ပါးသော ဆွမ်းတို့၌ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးတော်မူနေစဉ် ဆွမ်းလုပ်တိုင်း ဆွမ်းလုပ်တိုင်း၌ နတ်တို့သည် နတ်သြဇာကို ထည့်လှူကြလေသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီး၏ အလိုကို သိတော်မူ၍ နတ်သြဇာ မထည့်ရသေးသော အနည်းငယ်သော ဆွမ်းကို ဗိမ္ဗိသာရမင်းကြီးအား ပေးစေတော်မူပြီ။

**မြောက်ကျွန်းဆွမ်းလား ။** ။ ဗိမ္ဗိသာရမင်းသည် သုံးဆောင်ပြီး၍ မြတ်စွာဘုရားကို-

'မြတ်စွာဘုရား ... ဤဆွမ်းသည် မြောက်ကျွန်းမှ ဆောင်ယူအပ်သော ဆွမ်းပါလား ' - ဟူ၍ မေးလျှောက်ပြီ။

မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီးကို ဤသို့ မိန့်ကြားတော်မူလေပြီ။

'မင်းကြီး ... မြောက်ကျွန်းမှ ဆောင်ယူအပ်သော ဆွမ်းမဟုတ်။ စင်စစ်ကား ဤဆွမ်းသည် သင်မင်းကြီး၏ တိုင်း၌နေသော ကောဠိဝိသ အနွယ်၌ ဖြစ်သော သူဌေးသားသောဏ၏ ဆွမ်းတည်း'

– ဟု မိန့်တော်မူပြီး၍ ထိုသောဏသူဌေးသား၏ စည်းစိမ်တို့ကိုလည်း မိန့်ကြားတော်မူလိုက်လေပြီ။

<u>ခေါ်၍ကြည့်ပြီ</u> ။ ။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် သူဌေးသား သောဏကို ကြည့်ရှုခြင်းငှါ အလိုရှိသည်ဖြစ်၍ ဝမ္မက္ခန္ဓက၌ ဆိုအပ်ပြီး သောနည်းဖြင့် ရှစ်သောင်းသော အမျိုးတို့နှင့်တကွ သူဌေးသားသောဏ၏ လာနိုင် ကြောင်းနည်းလမ်းကို ပြုစီရင်လေပြီ။

<u>အရဟတ္တဖိုလ် အကျိုးငှါ ကျွေးခြင်း</u> ။ ။ ထိုအမျိုးကောင်းသားတို့သည် မြတ်စွာဘုရား ၏ တရားဒေသနာတော်ကို နာရ၍ သောတာပန် ဖြစ်ကြကုန်ပြီ။ သူဌေးသား သောဏသည်ကား ရဟန်းအဖြစ်သို့ ရောက်ပြီး၍ အရဟတ္တဖိုလ်၌ တည်လေပြီ။

မြတ်စွာဘုရားသည်လည်း ဤအရဟတ္တဖိုလ်အကျိုးငှါသာလျှင် ဗိမ္ဗိသာရမင်း ကြီးအား ဆွမ်းကို ပေးစေတော်မူခြင်း ဖြစ်လေ၏။

( ရှင်ဘုရင်ကို ချီးမြှောက်သောအားဖြင့် ပေးခြင်း မဟုတ်။ အမျိုးသားတို့၏ သောတာပန်ဖြစ်ခြင်း အကျိုး၊ သူဌေးသား သောဏ၏ ရဟန္တာဖြစ်ခြင်းအကျိုးငှါသာ ပေးစေတော်မူခြင်း ဖြစ်သည် ဟူလို။)

( ဝိ – ၃ – ၃၉၀ / ၃၉၂။ မြန် – ၃၉၃ / ၃၉၅။
ဝိ – ဋ – ၃ – ၄၀၀ / ၁။ ဘာဋီ – ၃ ၂ – ၁၉ /၂၂၃ )

## အကြိမ် ၃၀—ဝမ်းနှုတ်ခြင်းလာ ဆောင်ရန်လင်္ကာများ

၁။ သွေးလေစသော၊ ဖြစ်တွေပြော၊ ဗုဒ္ဓေါမြတ်စွာသည်၊
၂။ ဝမ်းလျှောဆေးကို၊ သောက်ချင်လို၊ ပြောဆိုမိန့်လေပြီ။
၃။ ဘုရားမိန့်သံ၊ ဇီဝထံ၊ အာနန်ပြောကြားပြီ။
၄။ ထူးထူးဆေးစွက်၊ ကြာသုံးလက်၊ ဆက်ဆက်ကပ်လေပြီ။
၅။ နမ်းရှူရုံရယ်၊ ကြိမ်သုံးဆယ်၊ ဝမ်းလွယ်သွားပေမည်။
၆။ နှစ်ဆယ့်ကိုးကြိမ်၊ သွားပြီးချိန်၊ ရေစိမ်ချိုးရမည်။
၇။ ရေချိုးပြီးမှ၊ တစ်ကြိမ်က၊ မုချသွားပေမည်။
၈။ ဝမ်းသွားပြီးရာ၊ ပဲဆွမ်းပါ၊ ဘုဉ်းပါသင့်လျော်သည်။
၉။ ဆရာဇီဝက၊ မြတ်ဗုဒ္ဓ၊ ဖွင့်ဟလျှောက်ထားပြီ။
၁၀။ ပင်ကိုယ်တိုင်းသာ၊ ဖြစ်လာရာ၊ မြတ်ဘုရားကိုသည်၊
၁၁။ ရာဇဂြိုဟ်မြို့၊ နေလူတို့၊ လှူဖို့စီရင်ပြီ။
၁၂။ တန်ခိုးထိန်လျှံ၊ ရှင်မောဂ္ဂံ၊ ဆွမ်းခံရပ်လေပြီ။
၁၃။ မောဂ္ဂလာန်၊ ဖူးမြင်ရ၊ သောတာပန်ဆွမ်းသည်၊
၁၄။ နံ့သာထုံမွှမ်း၊ သလေးဆွမ်း၊ နို့ဆွမ်းလှူလိုက်ပြီ။
၁၅။ မောဂ္ဂလာနာ၊ ယူဆောင်ကာ၊ မြတ်စွာကပ်လေပြီ။
၁၆။ ဗိမ္ဗိသာရာ၊ မင်းရာဇာ၊ မြတ်စွာဖူးလာပြီ။
၁၇။ မွှေးနံ့လှိုင်လှိုင်၊ သင်းနံ့ကြိုင်၊ လေဆိုင်ရှူမိပြီ။
၁၈။ မင်းကြီးစိတ်မှာ၊ စားချင်လာ၊ မြတ်စွာသိလေပြီ။
၁၉။ ဘုရားမြတ်စွာ၊ ဆွမ်းစားရာ၊ များစွာနတ်တို့သည်၊
၂၀။ ဘုရားဖြစ်နေ့၊ နိဗ္ဗာန်နေ့၊ ထိုနှစ်နေ့မှာသည်၊
၂၁။ သပိတ်ထဲမှာ၊ နတ်သြဇာ၊ ထည့်ကာလှူကြသည်။
၂၂။ ကျန်ဆွမ်းစားတိုင်း၊ ဆွမ်းလုပ်တိုင်း၊ မဆိုင်းထည့်ကြသည်။
၂၃။ နတ်သြဇာကို၊ မပါလို၊ ဆွမ်းကိုကျွေးစေပြီ။
၂၄။ မြောက်ကျွန်းကဆွမ်း၊ ဖြစ်လေမှန်း၊ မေးမြန်းပါလေပြီ။

၂၅။ သူဌေးသားသောဏ၊ လှူခြင်းပ၊ ဗုဒ္ဓမိန့်လေပြီ။
၂၆။ သောဏမည်ရှိ၊ ကြည့်လိုဘိ၊ ဗိမ္ဗိခေါ် တွေ့ပြီ။
၂၇။ တွေ့ပြီးသော်ငြား၊ မြတ်ဘုရား၊ ဖူးသွားစေလွှတ်ပြီ။
၂၈။ ဘုရားမြတ်မူ၊ ဖူးကြဟူ၊ ထိုသူများတို့သည်၊
၂၉။ တရားနာရာ၊ ဒိဋ္ဌိကွာ၊ သောတာဖြစ်ကြပြီ။
၃၀။ သောဏကားမူ၊ ရမဂ်ဟူ၊ ဆွတ်ယူနိုင်လေပြီ။
၃၁။ ထိုအကျိုးတွေ၊ ရဖို့ပေ၊ ကျွေးစေခြင်းဖြစ်သည်။
၃၂။ မင်းကြီးကိုထင်း၊ ချီးမြှောက်ခြင်း၊ ကျွေးခြင်းမဟုတ်ပြီ။
၃၃။ မဂ်ဖိုလ်ကိုသာ၊ ရဖို့ရာ၊ မြတ်စွာရှေ့ထားသည်။

အခန်း ၃၀– ဝမ်းနှုတ်ခြင်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

## ဆုတောင်းခြင်းလာ ကိုယ်ကျင့်တရားများ

ဒါယကာတို့ လှူသောသင်္ကန်းကို ခွင့်ပြုခြင်း ။ ။ မြတ်စွာဘုရားရှင် ဝမ်းတော်အကြိမ်သုံးဆယ်သွားတော်မူပြီး၍ ဘုရားရှင်၏ ခန္ဓာကိုယ်တော်သည် ပင်ကိုယ်အတိုင်း ဖြစ်သောအခါ၌ ဆရာဇီဝကသည် သိဝိတိုင်း၌ ဖြစ်သော ထိုပုဆိုးအစုံကိုယူ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တစ်ခုသောနေရာ၌ ထိုင်နေကာ မြတ်စွာဘုရားကို -

'မြတ်စွာဘုရား ... မြတ်စွာဘုရားသည်လည်းကောင်း၊ ရဟန်းသံဃာသည်လည်းကောင်း ပံသုကူသင်္ကန်းကိုသာ ဆောင်ပါ၏။ မြတ်စွာဘုရား ... တပည့်တော်ထံ ဤသိဝိတိုင်းဖြစ် ပုဆိုးအစုံကို ပဇ္ဇောတမင်းက ပို့သပါ၏။ များစွာသော ပုဆိုးတို့ထက်၊ များစွာသော ပုဆိုးအစုံတို့ထက်၊ များစွာသော ပုဆိုးအစုံတစ်ရာတို့ထက်၊ များစွာသော ပုဆိုးအစုံ တစ်ထောင်တို့ထက်၊ များစွာသော ပုဆိုးအစုံ တစ်သိန်းတို့ထက် အဖိုးလည်း တန်ပါ၏။ အထူးသဖြင့်လည်း ချီးမွမ်းအပ်ပါ၏။ အမွန်အမြတ်လည်း ဖြစ်၏။ အထူးသဖြင့်လည်း ကျော်စောထင်ရှားပါ၏။ ထက်ဝန်းကျင်မှလည်း ကောင်းပါ၏။

မြတ်စွာဘုရား ... မြတ်စွာဘုရားသည် တပည့်တော်၏ သိဝိတိုင်းဖြစ် ပုဆိုးအစုံကို ခံယူတော်မူပါ။ ရဟန်းသံဃာသည်လည်း ဒါယကာတို့ လှူသော သင်္ကန်းကို ခွင့်ပြုတော်မူပါ'

- ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို -

'ရဟန်းတို့ ... ဒါယကာတို့ လှူသောသင်္ကန်းကို ခွင့်ပြု၏။ ပံသုကူသင်္ကန်းကို ဆောင်ခြင်းငှါ အလိုရှိသော ရဟန်းသည် ဆောင်လော့။ ဒါယကာတို့ လှူသောသင်္ကန်းကို သာယာခြင်းငှါ အလိုရှိသော ရဟန်းသည် သာယာလော့။ ရဟန်းတို့ ... တစ်ပါးပါးသော သင်္ကန်းဖြင့် ရောင့်ရဲခြင်းကို ငါချီးမွမ်း၏ '

- ဟု မိန့်တော်မူလေ၏။

ဤသို့ မြတ်စွာဘုရားသည် ဘုရားဖြစ်သည့်မှစ၍ ဆရာဇီဝကလျှသော သိဝိတိုင်းဖြစ် ပုဆိုးအစုံတိုင်အောင် အနှစ်နှစ်ဆယ်တို့ပတ်လုံး တစ်စုံတစ်ယောက်သော ရဟန်းသည် လူဒါယကာတို့ လှူအပ်သော သင်္ကန်းကို မသာယာကြကုန်။ အလုံးစုံသော ရဟန်းတို့သည် ပံသုကူစုတင်ဆောင် ရဟန်းတို့သာ ဖြစ်ကုန်၏။

<u>ဒါယကာတို့ ဝမ်းသာကြခြင်း</u> ။ ။ ရာဇဂြိုဟ်မြို့နေ လူတို့သည်လည်းကောင်း၊ ဇနပုဒ်နေ လူတို့သည်လည်းကောင်း –

'မြတ်စွာဘုရားသည် ရဟန်းတို့အား ဒါယကာတို့လှူသောသင်္ကန်းကို ခွင့်ပြုတော်မူသတတ် ဟု ကြားကြသောကြောင့် ထိုလူတို့သည် ယခုအခါ ငါတို့သည် အလှူဒါနတို့ကို ပေးလှူရကုန်တော့အံ့။ ကောင်းမှုတို့ကို ပြုရကုန်တော့အံ့'

– ဟု ရွှင်လန်းကုန်၏။ တက်ကြွကုန်၏။ တစ်ရက်တည်းဖြင့်ပင်လျှင် ရာဇဂြိုဟ်မြို့၌လည်းကောင်း၊ ဇနပုဒ်တို့၌လည်းကောင်း များစွာသော အထောင်မကသော သင်္ကန်းတို့သည် ဖြစ်ပေါ်လာကုန်၏။

( ဝိ - ၃ - ၃၉၂ / ၃။ မြန် - ၃၉၅/၆ ။ ဝိ - ဋ - ၃ - ၄၀၁ )

## <u>ဆုတောင်းခြင်းလာ ဆောင်ရန်လင်္ကာများ</u>

၁။ ဝမ်းသွားပြီးရော၊ အချိန်ခါ၊ မြတ်စွာကိုယ်တော်သည်၊
၂။ ပင်ကိုယ်တိုင်းသာ၊ အားပြည့်စွာ၊ ကျန်းမာလာခဲ့ပြီ။
၃။ ဆရာဇီဝက၊ ဘုရားထံ၊ ရောက်ပြန်လာခဲ့ပြီ။
၄။ သိဝိတိုင်းဖြစ်ခြား၊ ပုဆိုးအား၊ ဘုရားလှူလေပြီ။
၅။ တပည့်ဖြစ်လာ၊ များလှစွာ၊ သံဃာများကိုသည်၊
၆။ ဒကာလှူမှု၊ သင်္ကန်းစု၊ ခွင့်ပြုလျှောက်ထားပြီ။
၇။ ဘုရားဖြစ်မှု၊ နှစ်ဆယ်စု၊ ပံသုဆောင်ကြသည်။
၈။ ဆရာဇီဝ၊ လျှောက်ထားမှ၊ ဗုဒ္ဓခွင့်ပြုပြီ။

၉။ မြို့နေ, တောနေ၊ ဒကာတွေ၊ လွန်ပေဝမ်းသာပြီ။
၁၀။ တစ်ရက်တည်းတောင်၊ သင်္ကန်းရောင်၊ တစ်ထောင်ကျော်လေသည်။
၁၁။ ရဟန်းများစွာ၊ သာသနာ၊ ပြုကာနေကြသည်။
၁၂။ လောကလူ့ရွာ၊ နေထိုင်ပါ၊ များစွာလူတို့သည်၊
၁၃။ နီညိုသင်္ကန်း၊ စိတ်ရွှင်လန်း၊ လှူဒါန်းနိုင်ကြပြီ။

ဆုတောင်းခြင်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

• • • • • • • • • • • • • • • • • • •

# ဝိသာခါ ဝတ္ထုလာ ကိုယ်ကျင့်တရားများ

**ဆွမ်းစားပင့်ခြင်း ။** ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဝိသာခါ ကျောင်းအမသည် မြတ်စွာဘုရားထံသို့ ရှိသေစွာ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားအား နက်ဖြန်အဖို့ ရဟန်းသံဃာနှင့်အတူ ဆွမ်းစားပင့်လေ၏။

**လေးကျွန်းမိုး ။** ။ ထိုညဉ့်လွန်မြောက်သောအခါ၌ မိုးကြီးရွာလေ၏။ မြတ်စွာဘုရားသည် ရဟန်းတို့ကို –

'ရဟန်းတို့ ... ဇေတဝန်ကျောင်း၌ ရွာသကဲ့သို့ ထို့အတူ လေးကျွန်းလုံးတို့၌ ရွာ၏။ ရဟန်းတို့ ... ကိုယ်ကို မိုးရေခံကုန်လော့။ ဤမိုးကြီးသည်ကား နောက်ဆုံး ဖြစ်သော လေးကျွန်းလုံးကို နံ့သော မိုးကြီးပေတည်း'

– ဟု မိန့်တော်မူ၏။

ရဟန်းတို့သည် သင်္ကန်းကို ချ၍ ကိုယ်ကို မိုးရေခံကြလေကုန်၏။

**ဆွမ်းစားပင့်စေခြင်း ။** ။ ဝိသာခါသည် ကျွန်မကို –

' ဟယ် ... ကျွန်မ ... သွားချေ။ အာရာမ်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားအား ဆွမ်းစားချိန်တန်ကြောင်း လျှောက်ချေလော့'

– ဟု စေလွှတ်လိုက်လေ၏။

**အာဇီဝကထွေ ။** ။ ကျွန်မသည် ကျောင်းအာရာမ်အတွင်းသို့ ရောက်လျှင် အဝတ်မဆီး အချည်းနှီး ရေချိုးနေကြသော ရဟန်းတို့ကို တွေ့မြင်လျှင် ရဟန်းတို့ဟူ၍ မထင်ဘဲ အာဇီဝက တက္ကတွန်းဟု မှတ်ထင်ကာ ဝိသာခါထံသို့ ပြန်သွား၍ ဝိသာခါကို –

'အရှင်မ ... အာရာမ်ကျောင်းတော်၌ ရဟန်းတို့ မရှိကုန်။ အာဇီဝက တက္ကတွန်းတို့သည် ကိုယ်ကို မိုးရေခံနေကြကုန်၏' - ဟု ပြောဆိုလေ၏။

**အမှန်ကို ကြံစည်နိုင်ခြင်း ။** ။ ထိုအခါ ပညာရှိ၍ လိမ္မာသော၊ လျင်သောပညာနှင့် ပြည့်စုံသော ဝိသာခါအား -

'စင်စစ် အရှင်ကောင်းတို့သည် သင်္ကန်းကို ချထားကုန်လျက် ကိုယ်ကို မိုးရေခံကြပေလိမ့်မည်။ ယင်းကို မလိမ္မာသော ကျွန်မသည် အာဇီဝကတွေဟု ထင်မှတ်ဟန်ရှိ၏' - ဟု အကြံဖြစ်လေ၏။

**ကျောင်းထဲ၌ နေကြခြင်း ။** ။ ထို့နောက် ဝိသာခါသည် ကျွန်မကို ထပ်၍တစ်ဖန် ရဟန်းတို့ကို ဆွမ်းစားပင့်နိုင်းပြန်လေ၏။ ထိုအခါ ရဟန်းတို့သည် ကိုယ်ကို ချမ်းအေးအောင် ပြုပြီးလျှင် ခံ့ကျန်းသော ကိုယ်ရှိကုန်သည်ဖြစ်၍ သင်္ကန်းတို့ကို ယူကုန်လျက် ကျောင်းထဲသို့ ဝင်လေကုန်၏။

အာရာမ်ကျောင်းတွင်းသို့ ရောက်သောအခါ၌ ရဟန်းတို့ကို မမြင်ပြန်သဖြင့် ဝိသာခါထံသို့ ပြန်၍ ဝိသာခါကို -

'အရှင်မ ... အာရာမ်ကျောင်းတော်၌ ရဟန်းတို့ မရှိကုန်။ အာရာမ် ကျောင်းတော်သည် ဆိတ်ငြိမ်၏' - ဟု ပြောဆိုလေ၏။

**တတိယအကြိမ် ပင့်ခိုင်းပြန်ခြင်း ။** ။ ထိုအခါ ပညာရှိ၍ လိမ္မာသော၊ လျင်သော ပညာနှင့် ပြည့်စုံသော ဝိသာခါသည် -

'စင်စစ် အရှင်ကောင်းတို့သည် ရေချိုးပြီး၍ ကျောင်းတွင်းသို့ ဝင်၍နေသည် ဖြစ်လိမ့်မည်'

- ဟု စဉ်းစားပြီး တတိယအကြိမ်အဖြစ် ကျွန်မကို -

'သွား၍ ပင့်ချေဦး' - ဟူ၍ လွှတ်လိုက်ပြန်၏။

**ကြွတော်မူပြီ ။** ။ ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို –

'ရဟန်းတို့ ... သပိတ်သင်္ကန်းကို ပြင်ဆင်ကုန်လော့၊ ဆွမ်းဘုဉ်းပေးရန် အချိန်တန်ပြီ '

– ဟူ၍ မိန့်တော်မူလေ၏။

ထို့နောက် မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူကာ အားရှိသော ယောကျ်ားသည် လက်မောင်းကို ကွေး, ဆန့်သကဲ့သို့ ဇေတဝန်ကျောင်းတော်မှ ကွယ်၍ ဝိသာခါ၏ အိမ်တံခါးမုခ်၌ ထင်ရှားဖြစ်တော်မူ၏။ ထို့နောက် မြတ်စွာဘုရားသည် ခင်းထားသောနေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေ တော်မူ၏။

**ဆွမ်းကပ်ပြီ ။** ။ ထိုအခါ ဝိသာခါသည် –

'အချင်းတို့ ... မြတ်စွာဘုရား၏ တန်ခိုးအာနုဘော် ကြီးသည်၏အဖြစ်သည် အံ့ဖွယ်ရှိပေစွတကား၊ မဖြစ်ဖူးမြဲ ဖြစ်ပေစွတကား။ မြတ်စွာဘုရားသည် ပုဆစ်ဒူး အတိုင်းအရှည်ရှိသော ရေအယဉ်တို့သည် စီးနေပါကုန်လျက်၊ ခါးအတိုင်းအရှည် ရှိသော ရေအယဉ်တို့သည် စီးနေပါကုန်လျက် တစ်ပါးသော ရဟန်း၏သော်လည်း ခြေတို့သည်လည်းကောင်း၊ လက်တို့သည်လည်းကောင်း မစိုစွတ်ကုန်'

– ဟု ရွှင်လန်းဝမ်းမြောက်သည်ဖြစ်၍ ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင်၊ တားမြစ်သည့်တိုင်အောင် ကိုယ်တိုင် လုပ်ကျွေးလေ၏။

ဝိသာခါ ဆုရှစ်ပါး ။ ။ ထို့နောက် ဝိသာခါသည် မြတ်စွာဘုရားကို ဤသို့ လျှောက်ထားလေ၏။

'မြတ်စွာဘုရား ... တပည့်တော်မသည် –

၁။ သံဃာတော်အား အသက်ထက်ဆုံး မိုးရေခံသင်္ကန်းကို လှူလိုပါ၏။
၂။ ဧည့်သည် အာဂန္တုတို့အား ဆွမ်းလှူလိုပါ၏။
၃။ ခရီးသွားရဟန်းတို့အား ဆွမ်းလှူလိုပါ၏။
၄။ သူနာရဟန်းတို့အား ဆွမ်းလှူလိုပါ၏။
၅။ သူနာပြုရဟန်းတို့အား ဆွမ်းလှူလိုပါ၏။
၆။ သူနာရဟန်းတို့အား ဆေးလှူလိုပါ၏။
၇။ အမြဲ ယာဂု လှူလိုပါ၏။
၈။ ဘိက္ခုနီသံဃာအား ရေသနုပ်ကို အမြဲလှူလိုပါ၏။

– ဟု လျှောက်ထားလေ၏။

## အကျိုးထူးကို မြင်ပုံ

'ဝိသာခါ ... သင်သည် အဘယ်အကျိုးထူးကို ကောင်းစွာ မြင်၍ ဤဆုရှစ်ပါးတို့ကို တောင်းသနည်း'

– ဟု မြတ်စွာဘုရားသည် ဝိသာခါကို မေးတော်မူရာ ဝိသာခါသည် ဤသို့ ပြောကြားလေ၏။

၁။ မြတ်စွာဘုရား ... တပည့်တော်မသည် ကျွန်မအား ဆွမ်းစားပင့်ခိုင်းလေရာ ရဟန်းများသည် သင်္ကန်းကိုချ၍ အဝတ်မဆီး အချည်းနီး ကိုယ်ကို မိုးရေခံနေကြပါကုန်၏။ မြတ်စွာဘုရား ... အဝတ်မဆီး အချည်းနီးနေခြင်းသည် မစင်ကြယ်ပါ။ စက်ဆုပ်ဖွယ်၊ ရွံရှာဖွယ် ဖြစ်ပါသည်။ တပည့်တော်မသည် ဤအကျိုးကို ကောင်းစွာမြင်သည်ဖြစ်၍ သံဃာတော်အား အသက်ထက်ဆုံး မိုးရေခံသင်္ကန်းကို လှူလိုပါ၏။

၂။ မြတ်စွာဘုရား ... ထို့ပြင်လည်း ဧည့်သည်အာဂန္တုဖြစ်သော ရဟန်းသည် ခရီးကို မကျွမ်းကျင်သည်ဖြစ်၍ ဆွမ်းခံအပ်, မခံအပ်သော အိမ်ကို မသိသဖြင့် ပင်ပန်းစွာ ဆွမ်းခံရပါ၏။ ထိုဧည့်သည် အာဂန္တုရဟန်းသည် တပည့်တော်မ၏ အာဂန္တုတို့အား လှူသောဆွမ်းကို စားပြီးမှ ခရီးကို သိသည်ဖြစ်၍ ဆွမ်းခံအပ်၊ မခံအပ်သော အိမ်ကို သိသဖြင့် မပင်ပန်းဘဲ ဆွမ်းခံရပါလိမ့်မည်။ ဤအကျိုးကို ကောင်းစွာမြင်သည်ဖြစ်၍ အာဂန္တုရဟန်းသံဃာအား အသက်ထက်ဆုံး ဆွမ်းလှူလိုခြင်း ဖြစ်ပါ၏။

၃။ မြတ်စွာဘုရား ... ထို့ပြင်လည်း ခရီးသွားရဟန်းသည် မိမိဆွမ်းကို ရှာရသည်ရှိသော် အဖော်ကုန်သည်မှလည်း ကျန်ရစ်ပါလိမ့်မည်။ သွားလိုသော ကျောင်းသို့ အခါမဲ့၌ ရောက်ပါလိမ့်မည်။ ပင်ပန်းစွာ ခရီးရှည်သွားရပါလိမ့်မည်။ ထိုရဟန်းသည် တပည့်တော်မ၏ ခရီးသွားရဟန်းတို့အား လှူသော ဆွမ်းကို စားပြီးမှသွားရသော် အဖော်ကုန်သည်မှ မကျန်ဘဲရှိပါလိမ့်မည်။ သွားလိုသောကျောင်းသို့ အချိန်အခါ၌ ရောက်ပါလိမ့်မည်။ မပင်ပန်းဘဲ ခရီးရှည်သွားနိုင်ပါလိမ့်မည်။ ဤအကျိုးကို ကောင်းစွာ သိမြင်၍ အသက်ထက်ဆုံး ခရီးသွားရဟန်းသံဃာအား ဆွမ်းလှူလိုခြင်း ဖြစ်ပါ၏။

၄။ မြတ်စွာဘုရား ... ထို့ပြင်လည်း နာဖျားသောရဟန်းအား လျောက်ပတ်သော ဘောဇဉ်တို့ကို မရခြင်းကြောင့် အနာသော်လည်း တိုးပွားပါလိမ့်မည်။ သေခြင်းသော်လည်း ဖြစ်ပါလိမ့်မည်။ တပည့်တော်မ၏ သူနာရဟန်းအား လှူသောဆွမ်းကို စားရသော ရဟန်းအား အနာသည် မတိုးပွားလတ္တံ့။ သေခြင်းသည်လည်း မဖြစ်လတ္တံ့။ ဤအကျိုးကို ကောင်းစွာသိမြင်သည်ဖြစ်၍ အသက်ထက်ဆုံး သူနာရဟန်းသံဃာအား ဆွမ်းလှူလိုခြင်း ဖြစ်ပါ၏။

၅။ မြတ်စွာဘုရား ... ထို့ပြင်လည်း သူနာပြုရဟန်းသည် မိမိဆွမ်းကို ရှာရသည်ရှိသော် နာဖျားသောရဟန်း၏ ဆွမ်းကို နေမြင့်မှ ဆောင်ရလတ္တံ့။ ဆွမ်းငတ်ပြတ်လတ္တံ့။ ထိုသူနာပြုရဟန်းသည် တပည့်တော်မ၏ သူနာပြုရဟန်းတို့အား လှူဒါန်းသောဆွမ်းကို စားရသော် နာဖျားသော ရဟန်း၏ ဆွမ်းကို စောစောဆောင်နိုင်ပါလတ္တံ့။ ဆွမ်းငတ်ပြတ်ခြင်း မဖြစ်လတ္တံ့။ ဤအကျိုးကို ကောင်းစွာမြင်သည်ဖြစ်၍ အသက်ထက်ဆုံး သူနာပြုရဟန်းသံဃာအား ဆွမ်းလှူလိုခြင်း ဖြစ်ပါ၏။

၆။ မြတ်စွာဘုရား ... ထို့ပြင်လည်း နာဖျားသောရဟန်းအား လျောက်ပတ်သော ဆေးတို့ကို မရခြင်းကြောင့် အနာသော်လည်း တိုးပွားပါလတ္တံ့။ သေခြင်း သော်လည်း ဖြစ်ပါလတ္တံ့။ တပည့်တော်မ၏ သူနာတို့အား လှူဒါန်းသော ဆေးကိုစားရသော ထိုရဟန်းအား အနာသည်လည်း မတိုးပွားလတ္တံ့။ သေခြင်းသည်လည်း မဖြစ်ပါလတ္တံ့။ ဤအကျိုးကို ကောင်းစွာမြင်၍ အသက်ထက်ဆုံး သူနာရဟန်းသံဃာအား ဆေးကို လှူလိုခြင်း ဖြစ်ပါ၏။

၇။ မြတ်စွာဘုရား ... ထို့ပြင်လည်း မြတ်စွာဘုရားသည် အန္ဓကဝိန္ဒမြို့၌ ဆယ်ပါးသော အကျိုးတို့ကို မြင်တော်မူသဖြင့် ယာဂုကို ခွင့်ပြုတော်မူ၏။ တပည့်တော်မသည် ထိုအကျိုးဆယ်ပါးတို့ကို ကောင်းစွာမြင်၍ သံဃာတော် အား အသက်ထက်ဆုံး အမြဲယာဂု လှူလိုခြင်း ဖြစ်ပါ၏။

၈။ မြတ်စွာဘုရား ... ဤသာသနာတော်၌ ရဟန်းမိန်းမတို့သည် အစိရဝတီ မြစ်၌ ပြည့်တန်ဆာမတို့နှင့်အတူ အဝတ်မဆီး အချည်းနှီးဖြင့် တစ်ခုတည်း သော ရေဆိပ်၌ ရေချိုးကုန်၏။ မြတ်စွာဘုရား ... ပြည့်တန်ဆာမတို့သည် ရဟန်းမိန်းမတို့ကို –

'အရှင်မတို့ ... ငယ်ကုန်သောသင်တို့သည် အဘယ်ကြောင့် မြတ်သော အကျင့်ကို ကျင့်ကုန်သနည်း။ ကာမဂုဏ်တို့ကို ခံစားသင့်သေးသည် မဟုတ် ကုန်လော။ အိုမင်းသောအခါ၌ ကျင့်ကုန်လော့။ ဤသို့ကျင့်သည်ရှိသော် သင်တို့အား နှစ်ပါးသော အကျိုးတို့ကို ယူအပ်သည် ဖြစ်ကုန်လတ္တံ့.'

– ဟု ပြက်ရယ်ဆိုပါ၏။

မြတ်စွာဘုရား ... ထိုရဟန်းမိန်းမတို့သည် ပြည့်တန်ဆာမတို့က ပြက်ရယ် ပြုအပ်ကုန်သည်ဖြစ်၍ မျက်နှာမသာယာ ဖြစ်ရပါကုန်၏။ မြတ်စွာဘုရား ... မိန်းမအား အဝတ်မဆီး အချည်းနှီး နေခြင်းသည် မစင်ကြယ်ပါ။ စက်ဆုပ် ရွံရှာဖွယ် ဖြစ်ပါ၏။ ဤအကျိုးကို ကောင်းစွာမြင်သည်ဖြစ်၍ ဘိက္ခုနီ သံဃာအား အသက်ထက်ဆုံး ရေသနုပ်ကို လှူလိုခြင်း ဖြစ်ပါသည်–

– ဟု လျှောက်လေ၏။

## အာနိသင်ကို မြင်ပုံ

'ဝိသာခါ ... သင်သည် အဘယ်အာနိသင်ကို ကောင်းစွာ မြင်သည်ဖြစ်၍ ဤရှစ်ပါးသောဆုကို တောင်းသနည်း'

– ဟု မြတ်စွာဘုရားသည် ဝိသာခါကို မေးတော်မူပြန်လေ၏။

'မြတ်စွာဘုရား ... ဤသာသနာတော်၌ ဝါမှကျွတ်သော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိမြို့သို့ လာကုန်လတ္တံ့။ ထိုရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရား ... ဤမည်သောရဟန်းကား ကွယ်လွန်ပါပြီ။ ထိုရဟန်း၏ လားရာဂတိကား အဘယ်ပါနည်း။ တမလွန်၌ ဖြစ်ခြင်းကား အဘယ်ပါနည်း'– ဟု မေးကုန်လတ္တံ့။ မြတ်စွာဘုရားသည် ကွယ်လွန်သော ရဟန်းကို သောတာပတ္တိဖိုလ်သို့ ရောက်၏ ဟူ၍လည်းကောင်း၊ သကဒါဂါမိဖိုလ်သို့ ရောက်၏ ဟူ၍လည်းကောင်း၊ အနာဂါမိဖိုလ်သို့ ရောက်၏ ဟူ၍ လည်းကောင်း၊ အရဟတ္တဖိုလ်သို့ ရောက်၏ ဟူ၍သော်လည်းကောင်း ဟောကြားတော်မူလတ္တံ့။

တပည့်တော်မသည် ထိုရဟန်းတို့ထံ ချဉ်းကပ်ပြီးလျှင် 'အရှင်ဘုရားတို့ ... ထိုအရှင်သည် သာဝတ္ထိမြို့သို့ လာဖူးပါသလော' – ဟု မေးအံ့။ 'သာဝတ္ထိမြို့သို့ လာဖူးပါ၏' – ဟု တပည့်တော်မအား အကယ်၍ ပြောဆိုကုန်ငြားအံ့။ ဤသို့ ဆိုသောအခါ၌ 'ဧကန်မုချ ထိုအရှင်သည် ငါ၏ မိုးရေခံသင်္ကန်းကိုသော်လည်း သုံးဆောင်ဖူး၏။ ဧည့်သည်တို့အား လှူသောဆွမ်းကိုသော်လည်းကောင်း၊ သွားနာပြု ရဟန်းတို့အား လှူသောဆွမ်းကိုသော်လည်းကောင်း၊ နာဖျားသော ရဟန်းတို့အား လှူသောဆေးကိုသော်လည်းကောင်း၊ အမြဲလှူသော ယာဂုကိုသော်လည်းကောင်း သုံးဆောင်ဖူး၏' – ဟု ဆုံးဖြတ်ခြင်းသို့ ရောက်ပါအံ့။

ထိုသုံးဆောင်ဖူးသော ရဟန်းကို အောက်မေ့သော တပည့်တော်မအား ဝမ်းမြောက်ခြင်း ဖြစ်လတ္တံ့။ ဝမ်းမြောက်သော တပည့်တော်မအား နှစ်သက်ခြင်း ဖြစ်လတ္တံ့။ နှစ်သက်သောစိတ်ရှိသော တပည့်တော်မ၏ ကိုယ်သည် ငြိမ်းအေးလတ္တံ့။ ငြိမ်းအေးသောကိုယ်ရှိသော တပည့်တော်မသည် ချမ်းသာကို ခံစားရလတ္တံ့။ ချမ်းသာသော တပည့်တော်မ၏ စိတ်သည် တည်ကြည်လတ္တံ့။ ထိုတည်ကြည်ခြင်းသည် တပည့်တော်မအား ဣန္ဒြေကို ပွားစေခြင်း၊ ဗိုလ်ကို ပွားစေခြင်း၊ ဗောဇ္ဈင်ကို ပွားစေခြင်း

ဖြစ်လတ္တံ့။ မြတ်စွာဘုရား ... တပည့်တော်မသည် ဤအာနိသင်ကို ကောင်းစွာ မြင်သည်ဖြစ်၍ ဤရှစ်ပါးသောဆုတို့ကို တောင်းပါသည်'

- ဟု လျှောက်ထားလေ၏။

## အနုမောဒနာတရား

'ဝိသာခါ... ကောင်းပေစွ ... ကောင်းပေစွ ... ။ ဝိသာခါ ... သင်သည် ဤအကျိုးအာနိသင်ကို ကောင်းစွာမြင်သည်ဖြစ်၍ ငါ့အား ရှစ်ပါးသောဆုကို တောင်းသည်မှာ ကောင်းပေစွ ... ။ ဝိသာခါ ... သင့်အား ရှစ်ပါးသောဆုတို့ကို ခွင့်ပြု၏'

- ဟု မိန့်တော်မူလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ဝိသာခါကျောင်းအမကို ဤဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူလေ၏။

' ဝိသာခါ ... ငါ၏ အကြင်တပည့်မသည် ဆွမ်း၊ အဖျော်အလှူကို လှူ၏။ လွန်စွာ ဝမ်းမြောက်၏။ အကျင့်သီလနှင့် ပြည့်စုံ၏။ ဝန်တိုခြင်းကို နှိပ်စက်လျက် နတ်ပြည်၏ အကြောင်းဖြစ်သော၊ စိုးရိမ်ခြင်းကို ပယ်တတ်သော၊ ချမ်းသာကို ဆောင်တတ်သော အလှူကို ပေးလှူတတ်၏။

ထိုတပည့်မသည် ကိလေသာမြူကင်းသော၊ အပါယ်သို့ လားစေတတ်သော ကိလေသာလည်း မရှိသော၊ အရိယမဂ်သို့ ရောက်၍ နတ်၌ဖြစ်သော အသက်ရှည်ခြင်း ကိုရ၏။ ကောင်းမှုကို အလိုရှိသော၊ ချမ်းသာခြင်းနှင့် ပြည့်စုံသော၊ နာဖျားခြင်း မရှိသော ထိုတပည့်မသည် နတ်ပြည်၌ ကြာမြင့်စွာ မွေ့လျော်ရ၏'

- ဟု အနုမောဒနာ ပြုတော်မူလေ၏။

**ဆွမ်းစပါးကို ခွင့်ပြုတော်မူခြင်း ။** ။ ထို့နောက် မြတ်စွာဘုရားသည် မိဂါရမာတာမည်သော ဝိသာခါကို ဤဂါထာတို့ဖြင့် အနုမောဒနာ ပြုပြီးလျှင် နေရာမှထကာ ဖဲကြွတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို –

'ရဟန်းတို့ ... မိုးရေခံသင်္ကန်းကိုလည်းကောင်း၊ ဧည့်သည်အာဂန္တုတို့အား လှူသောဆွမ်းကိုလည်းကောင်း၊ ခရီးသွားတို့အား လှူသောဆွမ်းကိုလည်းကောင်း၊ သူနာရဟန်းအား လှူသောဆွမ်းကိုလည်းကောင်း၊ သူနာပြုရဟန်းအား လှူသောဆွမ်းကိုလည်းကောင်း၊ သူနာအား လှူသောဆေးကိုလည်းကောင်း၊ အမြဲလှူသောယာဂုကိုလည်းကောင်း၊ ဘိက္ခုနီသံဃာအား ရေသနုပ်ကိုလည်းကောင်း ခွင့်ပြု၏'

– ဟု မိန့်တော်မူလေ၏။

( ဝိ – ၃ – ၄၀၄ / ၄၀၈ ။ မြန် – ၄၀၇ / ၄၁၂ )

## ဝိသာခါဝတ္ထုလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ဇေတဝန်ကျောင်းတွင်း၊ | တရားမင်း၊ | သီတင်းသုံးနေသည်။ |
| ၂။ | ဝိသာခါခေါ်ရ၊ | ကျောင်းအမ၊ | ဗုဒ္ဓချဉ်းကပ်ပြီ။ |
| ၃။ | နက်ဖြန်ခါကို၊ | ဆွမ်းကျွေးကို၊ | ပြုလိုပါ၍သည်။ |
| ၄။ | ရဟန်းအများ၊ | မြတ်ဘုရား၊ | ဆွမ်းစားပင့်လေပြီ။ |
| ၅။ | စောစောစီးစီး၊ | နံနက်တည်း၊ | မိုးကြီးရွာချပြီ။ |
| ၆။ | နောက်ဆုံးတစ်ကန့်၊ | လေးကျွန်းဆန့်၊ | ပျံ့နှံ့ရွာလေပြီ။ |
| ၇။ | မိုးရေခံကြ၊ | ရေချိုးကြ၊ | ဗုဒ္ဓမိန့်လေပြီ။ |
| ၈။ | ကြုံခဲလှမိုး၊ | ဝတ်မပိုး၊ | ရေချိုးကြလေပြီ။ |
| ၉။ | ဆွမ်းချိန်ကျလို့၊ | အိမ်ကျွန်မို့၊ | ပင့်ဖို့ရောက်လာပြီ။ |
| ၁၀။ | အဝတ်မပါ၊ | ကိုယ်တီးသာ၊ | တွေ့ရာပြန်ပြေးပြီ။ |
| ၁၁။ | ပညာရှိရှာ၊ | ဝိသာခါ၊ | မှန်စွာတွေးမိပြီ။ |

၁၂။ ထပ်၍တစ်ခါ၊ ပင့်ချေပါ၊ ပြောကာလွှတ်လိုက်ပြီ။
၁၃။ ရေချိုးလို့လဲ၊ ပြီးလို့ပဲ၊ ကျောင်းထဲဝင်ကြသည်။
၁၄။ ကိုယ်စိတ်နှစ်ဖြာ၊ ကြည်လင်ကာ၊ ငြိမ်စွာနေကြသည်။
၁၅။ ရဟန်းတွေပ၊ မရှိကြ၊ ကျွန်မပြန်ပြောပြီ။
၁၆။ ပညာရှိပါ၊ ဝိသာခါ၊ မှန်စွာတွေးမိသည်။
၁၇။ နောက်ထပ်တစ်ခါ၊ ထပ်၍သာ၊ ပင့်ပါခိုင်းပြန်ပြီ။
၁၈။ ဆွမ်းစားချိန်ခါ၊ ရောက်နေပါ၊ မြတ်စွာမိန့်လေပြီ။
၁၉။ အားခွန်ရှိခိုက်၊ လက်ကိုပိုက်၊ ဆန့်လိုက်၏သို့သည်၊
၂၀။ ဘုရားမြတ်စွာ၊ များသံဃာ၊ ရောက်ကာလာကြသည်။
၂၁။ ထိုသို့ရောက်ကြွ၊ တွေ့မြင်ရ၊ ကျောင်းအမကြီးသည်၊
၂၂။ ဒူးနှင့်ခါးသောက်၊ ရေတွေရောက်၊ တစ်ပေါက်မစိုပြီ။
၂၃။ အံ့ဩဝမ်းသာ၊ ချီးမွမ်းကာ၊ ဆွမ်းပါကပ်လေပြီ။
၂၄။ ဆွမ်းကပ်ပြီးထင်း၊ ဆုရစ်သင်း၊ တောင်းခြင်းပြုလေပြီ။
၂၅။ ခန္ဓာမှာပေ၊ အသက်လေ၊ ရှိနေသမျှသည်၊
၂၆။ များလှရဟန်း၊ မိုးသင်္ကန်း၊ လှူဒါန်းပြုပါမည်။
၂၇။ ဧည့်, ခရီးသွား၊ သူနာအား၊ ဆွမ်းများလှူပါမည်။
၂၈။ သူနာပြုလဲ၊ ထို့တူပဲ၊ လှူမြဲလှူပါမည်။
၂၉။ သူနာတို့အား၊ သင့်တော်ငြား၊ ဆေးများလှူပါမည်။
၃၀။ ယာဂုကိုလဲ၊ သောက်ဖို့ပဲ၊ အမြဲလှူပါမည်။
၃၁။ ရဟန်းမတွေ၊ ရေနှုပ်လေ၊ မြဲပေလှူပါမည်။
၃၂။ ဘာအကျိုးများ၊ မြင်လို့ငြား၊ ဘုရားမေးလေပြီ။
၃၃။ ရဟန်းများမှာ၊ ဝတ်မပါ၊ ရှုံ့ရာကောင်းလှသည်။
၃၄။ များလှရဟန်း၊ မိုးသင်္ကန်း၊ လှူဒါန်းရပေသည်။
၃၅။ ဧည့်, ခရီးသွား၊ လူနာများ၊ ဆွမ်းကားခက်ခဲသည်။
၃၆။ သူနာပြုလဲ၊ ထို့တူပဲ၊ ခက်ခဲရှိကြသည်။
၃၇။ မပင်မပန်း၊ ဖြစ်စေမှန်း၊ မြဲဆွမ်းလှူရသည်။

၃၈။ သင့်တော်သည့်ဆေး၊ ရဖို့နှေး၊ သေဘေးကြုံနိုင်သည်။
၃၉။ သေဘေးကျော်လို၊ လူနာကို၊ ဆေးကိုလှူရသည်။
၄၀။ ယာဂုလှူပြား၊ ကျိုးဆယ်ပါး၊ ဘုရားဟောထားသည်။
၄၁။ အကျိုးဆယ်ခု၊ ရလိုမှု၊ ယာဂုလှူရသည်။
၄၂။ အစိရဝတီ၊ မြစ်မဟီ၊ ဘိက္ခုနီတစ်တွေသည်၊
၄၃။ အဝတ်မပါ၊ မြစ်ဆိပ်မှာ၊ ရေလာချိုးကြသည်။
၄၄။ ပြည့်တန်ဆာတစ်စု၊ ပြက်ရယ်မှု၊ အပြုခံရသည်။
၄၅။ ရဟန်းမအပေါင်း၊ စိတ်မကောင်း၊ ဒေါဖောင်းကြရသည်။
၄၆။ မိန်းမများမှာ၊ ဝတ်မပါ၊ ရှုံ့ရာကောင်းလှသည်။
၄၇။ ရဟန်းမများ၊ ရေနူပ်အား၊ လှူပြားရပါသည်။
၄၈။ အဘယ်အာနိသင်၊ မြင်လို့ပင်၊ မြတ်ရှင်မေးပြန်ပြီ။
၄၉။ ရဟန်းတစ်ပါး၊ ကွယ်လွန်ပြား၊ မြတ်စွာဘုရားသည်၊
၅၀။ လေးအရိယာ၊ ဘယ်ရိယာ၊ ဖြစ်ပါမိန့်ပေမည်။
၅၁။ တပည့်လှူထား၊ ဆုရစ်ပါး၊ တစ်ပါးပါးကိုသည်၊
၅၂။ သုံးဆောင်ဖူးရာ၊ တွေ့သော်ခါ၊ စိတ်မှာဝမ်းသာမည်။
၅၃။ ထိုမှတစ်လီ၊ စိတ်မှာသည်၊ တည်ကြည်လာနိုင်သည်။
၅၄။ ဗောဇ္ဈင်တရား၊ ဗိုလ်တရား၊ ပွားများနိုင်ပါမည်။
၅၅။ ကြည်နူးဝမ်းသာ၊ ဝိသာခါ၊ မြတ်စွာလျှောက်ထားပြီ။
၅၆။ ဝမ်းမြောက်စေရာ၊ နုမောဒါ၊ မြတ်စွာဟောလေပြီ။
၅၇။ ဒိဋ္ဌိကိလေသ၊ ပယ်ခွါချ၊ တပည့်မ ဝိသာခါသည်၊
၅၈။ ရောဂါကင်းကွာ၊ သက်ရှည်ကာ၊ နတ်မှာစံရမည်။
၅၉။ ဝိသာခါတောင်းပြား၊ ဆုရစ်ပါး၊ ဘုရားခွင့်ပြုပြီ။
၆၀။ ဝိသာခါဟူ၊ စံနမူ၊ တုယူနိုင်ကြပြီ။

ဝိသာခါ ဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

## သူနာရဟန်းဝတ္ထုလာ ကိုယ်ကျင့်တရားများ

ဝမ်းသက်ရောဂါ ။ ။ အခါတစ်ပါး ရဟန်းတစ်ပါးသည် ဝမ်းသက်သောရောဂါဖြစ်၏။ ထိုရဟန်းသည် မိမိ၏ ကျင်ကြီး၊ ကျင်ငယ်၌ လူးလိမ့်လျက် အိပ်ရ၏။ ထိုအခါ မြတ်စွာဘုရားသည် နောက်လိုက်ရဟန်းဖြစ်သော အရှင်အာနန္ဒာနှင့်အတူ ကျောင်းစဉ် လှည့်လည်သည်ရှိသော် ထိုဝမ်းသက်သော ရဟန်း၏ ကျောင်းသို့ ရောက်တော်မူ၏။ မြတ်စွာဘုရားသည် ထိုရဟန်းကို မြင်တော်မူ၍ -

'ရဟန်း ... သင်၏ရောဂါကား အဘယ် ရောဂါနည်း' - ဟု မေးတော်မူ၏။

'မြတ်စွာဘုရား ... တပည့်တော်၏ ရောဂါသည် ဝမ်းသက်ရောဂါပါတည်း' - ဟု လျှောက်လေ၏။

'ရဟန်း ... သင့်အား အလုပ်အကျွေး ရှိ၏လော'

'မရှိပါ မြတ်စွာဘုရား'

'ရဟန်းတို့သည် အဘယ်ကြောင့် သင့်ကို မလုပ်ကျွေးကုန်သနည်း'

'မြတ်စွာဘုရား ... တပည့်တော်သည် ရဟန်းတို့အား မလုပ်ကျွေးဖူးပါ။ ထို့ကြောင့် ရဟန်းတို့ကလည်း တပည့်တော်ကို မလုပ်ကျွေးပါကုန်'

လူနာလုပ်ကျွေးတော်မူခြင်း ။ ။ ထို့နောက် မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ရေကို ဆောင်ယူစေခိုင်းပြီးလျှင် လူနာအား ရေသွန်းလောင်းပေးတော်မူလေ၏။ ဆေးကြောသုတ်သင်ပြီး၍၊ အခြားသောက်န်းကို ဝတ်ပေး၍၊ မြတ်စွာဘုရားသည် ဦးခေါင်းမှ ကိုင်ယူ၍၊ အရှင်အာနန္ဒာသည် ခြေထောက်မှ ချီမ၍ ညောင်စောင်း၌ အိပ်စေကုန်၏။

ထို့နောက် အရှင်အာနန္ဒာသည် ကျင်ကြီးကျင်ငယ်တို့ဖြင့် ညစ်ပေနေသော သင်္ကန်းကို ဖွပ်လျှော်ပြီး၍ ကျင်ကြီးကျင်ငယ်ပေနေသော လူနာ၏ နေရာကို ရေဖြင့် ဆေးကြောသုတ်သင်ပေးလေ၏။

<u>လူနာကို လုပ်ကျွေးကြရမည်</u> ။ ။ ထို့နောက် မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် မြတ်စွာဘုရားနှင့် ရဟန်းတော်တို့သည် ဤသို့မေးကြ ဖြေကြလေကုန်၏။

'ရဟန်းတို့ ... ဤမည်သောကျောင်း၌ ရဟန်းရှိသလော'

'ရှိပါသည် မြတ်စွာဘုရား'

'ရဟန်းတို့ ... ထိုရဟန်း၏ ရောဂါကား အဘယ်ရောဂါနည်း'

'မြတ်စွာဘုရား ... ဝမ်းသက်ရောဂါပါတည်း'

'ရဟန်းတို့ ... ထိုရဟန်းအား အလုပ်အကျွေးရှိ၏လော'

'မြတ်စွာဘုရား ... မရှိပါ'

'ရဟန်းတို့ ... အဘယ်ကြောင့် ထိုရဟန်းကို မလုပ်ကျွေးကုန်သနည်း'

'မြတ်စွာဘုရား ... ဤရဟန်းသည် ရဟန်းတို့အား မလုပ်ကျွေးဖူးပါ။ ထို့ကြောင့် ထိုရဟန်းကို ရဟန်းတို့သည် မလုပ်ကျွေးပါကုန်'

ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို ဤသို့ မိန့်ကြားတော်မူလေ၏။

'ရဟန်းတို့ ... သင်တို့အား လုပ်ကျွေးမည့် အမိအဖတို့ မရှိကုန်။ ရဟန်းတို့ ... သင်တို့သည် အချင်းချင်း မလုပ်ကျွေးခဲ့လျှင် အဘယ်သူသည် လုပ်ကျွေးလတ္တံ့နည်း။ ရဟန်းတို့ ... ငါဘုရားကို ဩဝါဒ အနုသာသနီကို လိုက်နာသောအားဖြင့် ပြုစုလုပ်ကျွေးသောရဟန်းသည် နာဖျားသောရဟန်းကို လုပ်ကျွေးရာ၏'

– ဟု မိန့်တော်မူလေ၏။ ထို့နောက် မြတ်စွာဘုရားသည် ဤသို့ ဆက်လက်မိန့်တော်မူပြန်လေ၏။

## <u>ဒုက္ကဋ်အာပတ်သင့်၏</u>

'အကယ်၍ ဥပဇ္ဈာယ်ဆရာရှိငြားအံ့၊ ဥပဇ္ဈာယ်ဆရာသည်လည်းကောင်း၊ ဆရာရှိငြားအံ့၊ ဆရာသည်လည်းကောင်း၊ အတူနေတပည့်ရှိငြားအံ့၊ အတူနေတပည့်သည်လည်းကောင်း၊ အနီးနေတပည့်ရှိငြားအံ့၊ အနီးနေတပည့်သည်လည်းကောင်း၊ ဥပဇ္ဈာယ်တူ အပေါင်းအဖော်ရှိငြားအံ့ ဥပဇ္ဈာယ်တူ အပေါင်းအဖော် သည်လည်းကောင်း၊ ဆရာတူရဟန်းရှိငြားအံ့၊ ဆရာတူရဟန်းသည်လည်းကောင်း၊ ဤဖော်ပြပါရဟန်းတို့

မရှိငြားအံ့၊ သံဃာသည်လည်းကောင်း အသက်ထက်ဆုံး လုပ်ကျွေးရမည်။ ထိုနာဖျားသောရဟန်း ရောဂါပျောက်သည့်တိုင်အောင် ဆိုင်းငံ့ရမည်။ အကယ်၍ မလုပ်ကျွေးငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏' - ဟု မိန့်တော်မူလေ၏။

( ဝိ - ၃ - ၄၁၇ / ၈။ မြန် - ၄၂၀/၁ ။ ဝိဋ္ဌ - ၃- ၄၁၃/၄ )

## သူနာရဟန်း ဝတ္တုလာ ဆောင်ရန်လင်္ကာများ

၁။ ရဟန်းတစ်ပါး၊ ဝမ်းတွေသွား၊ နာဖျားနေလေသည်။
၂။ အိပ်ရာထက်ဝယ်၊ ကျင်ကြီး,ငယ်၊ လူးလှယ်နေရသည်။
၃။ နာဖျားနေငြား၊ ရဟန်းအား၊ ဘုရားမြင်လေပြီ။
၄။ ဝမ်းသွားရောဂါ၊ ဖြစ်နေပါ၊ လူမှာမြောနေပြီ။
၅။ လုပ်ကျွေးသူများ၊ မရှိငြား၊ ဘုရားသိလေပြီ။
၆။ ဘုရားမြတ်စွာ၊ အာနန္ဒာ၊ ကောင်းစွာပြုစုပြီ။
၇။ ရေလောင်းပေးလို၊ သန့်ရှင်းလို၊ ရေကိုဆောင်စေပြီ။
၈။ ရေသွန်းလောင်းခြင်း၊ သုတ်သင်ခြင်း၊ သန့်ရှင်းစေလေပြီ။
၉။ မ,ချီကြလျက်၊ ကုတင်ထက်၊ အိပ်စက်စေလေပြီ။
၁၀။ နံစော်ပေကျံ၊ သက်နှင်းမှန်၊ အာနန်လျှော်ပေးပြီ။
၁၁။ နေထိုင်ရာရော၊ အိပ်ရာရော၊ ဆေးကြောပေးလေပြီ။
၁၂။ ထိုမှတစ်ဖြာ၊ မြတ်ဗုဒ္ဓါ၊ သံဃာစုစေပြီ။
၁၃။ လုပ်ကျွေးနိုင်ဘိ၊ ဖနှင့်မိ၊ မရှိကြ၍သည်၊
၁၄။ အချင်းချင်းမူ၊ မကျွေးဟူ၊ ဘယ်သူလုပ်ကျွေးမည်။
၁၅။ ငါဘုရားစကား၊ လိုက်နာငြား၊ ရဟန်းများတို့သည်၊
၁၆။ နာဖျားအရေး၊ တုန့်မနှေး၊ လုပ်ကျွေးကြရမည်။
၁၇။ မလုပ်ကျွေးတတ်၊ နေတုံလတ်၊ ဒုက္ကဋ်သင့်စေပြီ။
၁၈။ နာဖျားသောခါ၊ လုပ်ကျွေးပါ၊ လွန်စွာမွန်မြတ်သည်။

သူနာရဟန်းဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

စီဝရက္ခန္ဓကပြီး၏။

## စမ္ပေယျဇာတ်နိဒါန်း

## ကဿပဂေါတ္တ ရဟန်းဝတ္ထုလော ကိုယ်ကျင့်တရားများ

ကျောင်းထိုင်ဘုန်းကြီး ဒေသနာ ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် စမ္ပါမြို့ ဂဂ္ဂရာမည်သော ရေကန်၏ ကမ်းနား၌ သီတင်းသုံးနေတော်မူသောအခါ ကာသိတိုင်း ဇနပုဒ်တို့၌ ဝါသဘမည်သော ရွာသည် ရှိ၏။

ထိုရွာ၌ ကဿပဂေါတ္တ အမည်ရှိသော ရဟန်းသည် ကျောင်းထိုင်ရဟန်း ဖြစ်၏။ ထိုကျောင်းထိုင်ရဟန်းအား –

'သီလကို ချစ်သော မလာသေးသော ရဟန်းတို့သည် အဘယ်သို့လျှင် လာရောက်ပါကုန်အံ့နည်း။ သီလကို ချစ်သော လာရောက်ပြီးသော ရဟန်းတို့သည် လည်း အဘယ်သို့လျှင် ချမ်းသာစွာ နေရပါကုန်အံ့နည်း။ ဤကျောင်းတိုက်သည် လည်း ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ အဘယ်သို့လျှင် ရောက်ပါအံ့နည်း'

– ဟု ကြောင့်ကြသမှု အမြဲပြု၍ အားထုတ်ခြင်းသို့ ရောက်လေ၏။

အာဂန္တုရဟန်းများကို ကြောင့်ကြမှု ပြုခြင်း ။ ။ ထိုအခါ များစွာသော ရဟန်းတို့သည် ကာသိတိုင်း၌ လှည့်လည်ကုန်သော် ဝါသဘရွာသို့ ရောက်ကုန်၏။ ကဿပဂေါတ္တ အမည်ရှိသော ရဟန်းသည် အဝေးမှ လာသော ထိုရဟန်းတို့ကို မြင်၍ နေရာခင်း၏။ ခြေဆေးရေ, ခြေဆေးအင်းပျဉ်, ခြေပွတ်အိုးခြမ်းကို ချထား၏။ ခရီးဦးကြိုဆို၍ သပိတ် သင်္ကန်းကို လှမ်းယူ၏။ သောက်ရေ အလိုရှိပါသလောဟု သောက်ရေဖြင့် မေး၏။ ရေချိုးခြင်း၌ အားထုတ်မှုပြု၏။ ယာဂု၌လည်းကောင်း၊ ခဲဖွယ်၌လည်းကောင်း၊ ဆွမ်း၌လည်းကောင်း အားထုတ်မှု ပြုလေ၏။

ထိုအာဂန္တု ရဟန်းတို့သည် ကျောင်းထိုင်ဘုန်းကြီး၏ ထိုသို့ ကြောင့်ကြမှုပြုခြင်းကို သဘောကျသည်ဖြစ်၍ ထိုဝါသာဘရွာ၌ပင်လျှင် နေလေ၏။

ကြောင့်ကြမှု မပြုတော့ ။ ။ ထိုအခါ ကဿပဂေါတ္တရဟန်းသည် -

'ဤအာဂန္တုရဟန်းတို့အား အာဂန္တု ရဟန်းတို့နှင့်စပ်သော ပင်ပန်းမှုသည် ငြိမ်းလေပြီ။ ထိုအာဂန္တုရဟန်းတို့သည် ငါ၏ဆွမ်းခံရွာ၌ လမ်းသိကုန်ပြီ။ စင်စစ်သော်ကား သူတစ်ပါးတို့၏ အိမ်တို့၌ အသက်ထက်ဆုံး ကြောင့်ကြမှုပြုရန် ခဲယဉ်း၏။ လူတို့သည် တောင်းခြင်းကို မနှစ်သက်။ ငါသည် ယာဂု, ခဲဖွယ်, ဆွမ်းတို့၌ ကြောင့်ကြမှု မပြုဘဲ နေရမှု ကောင်းလေစွ'

- ဟု ကြံစည်ပြီးနောက် အာဂန္တုရဟန်းတို့အတွက် ယာဂု, ခဲဖွယ်, ဆွမ်းတို့၌ ကြောင့်ကြမှု မပြုဘဲ နေလေ၏။

ကျောင်းထိုင်ဘုန်းကြီးကို နှင်ထုတ်ခြင်း ။ ။ ထို့နောက် ထိုအာဂန္တု ရဟန်းတို့အား-

'ငါ့ရှင်တို့ ... ဤကျောင်းထိုင်ရဟန်းသည် ရှေးအခါ၌ ငါတို့အတွက် ရေချိုးခြင်း၌ အားထုတ်မှုပြု၏။ ယာဂု, ခဲဖွယ်, ဆွမ်းတို့၌ အားထုတ်မှုပြု၏။ ယခု မပြုတော့ပြီ။ ဤကျောင်းထိုင်ရဟန်းသည် ယခု မကောင်းတော့ပြီ။ ငါ့ရှင်တို့... ငါတို့သည် ဤကျောင်းထိုင်ရဟန်းကို နှင်ထုတ်ကုန်အံ့' - ဟု အကြံ ဖြစ်လေ၏။

ထိုအခါ အာဂန္တုရဟန်းတို့သည် စည်းဝေးပြီးလျှင် ကျောင်းထိုင်ရဟန်းကို-

'ငါ့ရှင် ... သင်သည် ရှေးက ရေချိုးခြင်း၌ အားထုတ်မှုပြု၏။ ယာဂု, ခဲဖွယ်, ဆွမ်းတို့၌ အားထုတ်မှု ပြု၏။ ယခု အားထုတ်မှု မပြုတော့ပေ။ ထို့ကြောင့် သင်သည် အာပတ်သင့်၏။ ထိုအာပတ်ကို ရှုလော့' - ဟု ပြောဆိုကြလေ၏။

ထိုအခါ ကျောင်းထိုင်ရဟန်းသည် အာဂန္တုရဟန်းတို့ကို -

'ငါ့ရှင်တို့ ... တပည့်တော်ရှုရမည်ဖြစ်သော အာပတ်သည် တပည့်တော်အား မရှိပါ' - ဟု ပြောဆိုလေ၏။

ထိုအခါ အာဂန္တုရဟန်းတို့သည် ကျောင်းထိုင် ကဿပဂေါတ္တရဟန်းကို အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ကုန်၏။

မြတ်စွာဘုရားအား လျှောက်ခြင်း ။ ။ ထိုအခါ ကဿပဂေါတ္တရဟန်းအား –

'ဤသည်ကား အာပတ်ဟူ၍လည်းကောင်း၊ အာပတ်မဟုတ်ဟူ၍ လည်းကောင်း၊ အာပတ်သင့်၏ဟူ၍လည်းကောင်း၊ အာပတ်မသင့်ဟူ၍ လည်းကောင်း၊ နှင်ထုတ်သင့်သည်ဟူ၍လည်းကောင်း၊ မနှင်ထုတ်သင့်သည်ဟူ၍ လည်းကောင်း၊ တရားနှင့်လျော်၏ဟူ၍လည်းကောင်း၊ တရားနှင့်မလျော်ဟူ၍ လည်းကောင်း၊ ဖျက်အပ်သောကံဟူ၍လည်းကောင်း၊ မဖျက်အပ်သောကံဟူ၍ လည်းကောင်း၊ အကြောင်းအားလျော်သောကံဟူ၍ လည်းကောင်း၊ အကြောင်းအား မလျော်သောကံဟူ၍လည်းကောင်း ငါသည် ဤအကြောင်းကို မသိ။ ငါသည် စမ္ပါမြို့သို့ သွားပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို မေးလျှောက်ရမူ ကောင်းလေစွ '

– ဟူ၍ အကြံဖြစ်လေ၏။

ထို့နောက် ကဿပဂေါတ္တရဟန်းသည် အိပ်ရာနေရာကို သိမ်းဆည်းပြီးလျှင် သပိတ်သင်္ကန်းကို ယူ၍ စမ္ပါမြို့သို့ သွားလေ၏။ အစဉ်အတိုင်းသွားသော် စမ္ပါမြို့ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ သင့်လျော်သောနေရာ၌ထိုင်ကာ ဖြစ်ခဲ့သမျှသော အကြောင်းအလုံးစုံကို မြတ်စွာဘုရားကို လျှောက်ထားလေ၏။

အပြစ်မရှိ ။ ။ ထိုအခါ မြတ်စွာဘုရားသည် ကဿပဂေါတ္တရဟန်းကို ဤသို့ မိန့်တော်မူလေ၏။

'ရဟန်း ... ဤသည်ကား အာပတ်မမည်။ ဤသည်ကား အာပတ်မဟုတ်။ အာပတ်မသင့်သည် ဖြစ်၏။ အာပတ်သင့်သည် မဟုတ်။ မနှင်ထုတ်သင့်သည် ဖြစ်၏။ နှင်ထုတ်သင့်သည် မဟုတ်။ တရားနှင့် မလျော်သော ဖျက်အပ်သော အကြောင်းအား မလျော်သောကံဖြင့် သင့်ကို နှင်ထုတ်၏။ ရဟန်းသွားချေ။ ထိုဝါသဘရွာ၌ပင်လျှင် နေချေလော့' – ဟု မိန့်တော်မူလေ၏။

'ကောင်းပါပြီ မြတ်စွာဘုရား'

- ဟု ကဿပဂေါတ္တရဟန်းသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြု၍ ဝါသဘရွာသို့ ဖဲသွားလေ၏။

ဝန်ချတောင်းပန်ကြခြင်း ။ ။ ထိုအခါ အာဂန္တုတို့အား နောင်တတရား ဖြစ်ပေါ်လာလေ၏။

'ငါတို့အား ရှာန်အစရှိသော ကျေးဇူးတို့ကို မရလေစွတကား။ ငါတို့အား ရှင်ရဟန်းအဖြစ်ကို အရမတော်စွတကား။ ငါတို့သည် သာသနာတော်ကို မကောင်းသဖြင့် ရအပ်ပေစွတကား။ အကြောင်းမှာမူ ငါတို့သည် စင်ကြယ်သော အာပတ်မသင့်သော ရဟန်းကို ဝတ္ထုမရှိဘဲ၊ အကြောင်းမရှိဘဲ နှင်ထုတ်မိကုန်၏။ ငါ့ရှင်တို့ ... ငါတို့သည် စမ္ပါမြို့သို့သွားပြီးလျှင် မြတ်စွာဘုရားထံ၌ အပြစ်ကို အပြစ်အလျောက် ဝန်ချကုန်အံ့'

- ဟု ထိုအာဂန္တုရဟန်းတို့အား နောင်တတစ်ဖန် ပူပန်ခြင်း၊ နှလုံးမသာခြင်း သည် ဖြစ်လေ၏။

ဒုက္ကဋ်အာပတ် ။ ။ ထို့နောက် ထိုအာဂန္တုရဟန်းတို့သည် စမ္ပါမြို့သို့ သွားရောက်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မိမိတို့၏ အပြစ်ကို ဖော်ပြ လျှောက်ထားကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အာဂန္တုရဟန်းတို့ကို -

'မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောက်ျားတို့ ... သင်တို့သည် အဘယ်ကြောင့် အာပတ်မရှိသော စင်ကြယ်သော ရဟန်းကို ဝတ္ထုမရှိဘဲ အကြောင်းမရှိဘဲ နှင်ထုတ် ကုန်ဘိသနည်း'

- စသည်ဖြင့် ကဲ့ရဲ့တော်မူပြီးလျှင် -

'ရဟန်းတို့ ... အာပတ်မရှိသော၊ စင်ကြယ်သော ရဟန်းကို ဝတ္ထုမရှိဘဲ၊ အကြောင်းမရှိဘဲ မနှင်ထုတ်အပ်။ နှင်ထုတ်သောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏' - ဟု မိန့်တော်မူလေ၏။

<u>အပြစ်ကို ကုစားခြင်းသည် ကြီးပွားကြောင်း ။</u> ။ ထို့နောက် ထိုရဟန်းတို့သည် နေရာမှ ထပြီးသော် လက်ဝဲတစ်ဖက် ပခုံးထက်၌ ကေသီကို စပ္ပါယ်တင်၍ မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်ကာ –

'မြတ်စွာဘုရား ... မိုက်သည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက် အပြစ်သည် တပည့်တော်တို့ကို လွှမ်းမိုးကျရောက်ခဲ့ပါပြီ။ မြတ်စွာဘုရား ... အာပတ်မရှိသော၊ စင်ကြယ်သော ရဟန်းကို ဝတ္ထုမရှိဘဲ၊ အကြောင်းမရှိဘဲ နှင်ထုတ်မိသော တပည့်တော်တို့၏ အပြစ်ကို မြတ်စွာဘုရားသည် အပြစ်အားဖြင့် နောင်အခါ စောင့်စည်းခြင်းအကျိုးငှါ သည်းခံတော်မူပါ'

– ဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို ဤသို့ မိန့်ကြားတော်မူ၏။

'ရဟန်းတို့ ... ကောင်းပြီ။ မိုက်သည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက် အပြစ်သည် သင်တို့ကို လွှမ်းမိုးနှိပ်စက်ခဲ့၏။ သင်တို့သည် အာပတ်မရှိသော၊ စင်ကြယ်သော ရဟန်းကို ဝတ္ထုမရှိဘဲ၊ အကြောင်းမရှိဘဲ နှင်ထုတ်ကုန်၏။ ရဟန်းတို့ ... အပြစ်ကို အပြစ်အားဖြင့် မြင်၍ တရားနှင့်လျော်စွာ ကုစားသောကြောင့် သင်တို့၏ အပြစ်ကို အပြစ်ဟု ငါတို့ သည်းခံကုန်၏ ။

ရဟန်းတို့ ... ငါဘုရား၏ သာသနာတော်၌ အကြင်သူသည် အပြစ်ကို အပြစ်အားဖြင့် မြင်၍ တရားနှင့်လျော်စွာ ကုစား၏။ နောင်အခါ၌လည်း စောင့်စည်း၏။ ထိုသူ၏ ဤကုစားစောင့်စည်းခြင်းသည် ဘုရား၏ အဆုံးအမ၌ ကြီးပွားကြောင်းသာလျှင် ဖြစ်၏ '

– ဟု မိန့်တော်မူလေ၏။

( ဝိ – ၃ – ၄၁၀ / ၄၁၄။ မြန် – ၄၁၅ / ၄၁၉ )

## ကဿပဂေါတ္တရဟန်းဝတ္ထုလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ကာသိတိုင်းမှာ၊ | မြို့စမ္ပါ၊ | မြတ်စွာနေလေသည်။ |
| ၂။ | ဝါသဘဂေါ် ရွာ၊ | ရွာတစ်ရွာ၊ | မှန်စွာရှိလေသည်။ |
| ၃။ | ကဿပဂေါတ္တဟု၊ | ခေါ် ဆိုပြု | ဘိက္ခုတစ်ပါးသည်၊ |
| ၄။ | ဝါသဘရွာမှာ၊ | ကျောင်းထိုင်ပါ၊ | စေတနာကောင်းလေသည်။ |
| ၅။ | သီလရှိပြား၊ | ရဟန်းအား၊ | စောင့်စားမျှော်နေသည်။ |
| ၆။ | မျှော်လင့်နေမှု၊ | အာဂန္တု ရောက်ပြုလာကြသည်။ | |
| ၇။ | နေမှုထိုင်မှု၊ | စားသောက်မှု၊ | ဂရုစိုက် ဆောင်ပေးသည်။ |
| ၈။ | ညည့်ဝတ်ကျေခြင်း၊ | စိတ်ကောင်းခြင်း၊ | ကြောင်းခြင်းပြု၍သည်၊ |
| ၉။ | ညည့်ရဟန်းထင့်၊ | နေပုံဖြင့်၊ | ကြာမြင့်ခဲ့လေပြီ။ |
| ၁၀။ | ညည့်သည်နှင့်စပ်၊ | ပင်ပန်းတတ်၊ | ငြိမ်းလတ်လောက်ပေပြီ။ |
| ၁၁။ | ဆွမ်းခံသွားရာ၊ | လမ်းကိုပါ၊ | ကောင်းစွာသိကြပြီ။ |
| ၁၂။ | အခါလေးမြင့်၊ | တောင်းခြင်းဖြင့်၊ | မသင့်တော်လေပြီ။ |
| ၁၃။ | ဤသို့ကြံကာ၊ | ညည့်ဝတ်ပါ၊ | ပြုတာရပ်လိုက်ပြီ။ |
| ၁၄။ | ရှေးကလိုပေ၊ | ညည့်ဝတ်တွေ၊ | မကျေပါ၍သည်၊ |
| ၁၅။ | အာပတ်မဟုတ်၊ | အာပတ်လုပ်၊ | နှင်ထုတ်ကြလေသည်။ |
| ၁၆။ | ထိုအကြောင်းအား၊ | မြတ်ဘုရား၊ | လျှောက်ထားပါလေပြီ။ |
| ၁၇။ | အာပတ်မတွေ့၊ | ပြစ်မတွေ့၊ | ပြန်၍လွှတ်လိုက်ပြီ။ |
| ၁၈။ | ဝတ္ထုမရှိ၊ | ကြောင်းမရှိ၊ | နှင်မိပါ၍သည်၊ |
| ၁၉။ | ဘိက္ခုသမဏာ၊ | ဖြစ်ကိုပ၊ | အရမတော်ပြီ။ |
| ၂၀။ | အာဂန္တုခေါ် ပြု | ရဟန်းစု၊ | ပူမှုဖြစ်ကြပြီ။ |
| ၂၁။ | ဘုရားရှင်ထံ၊ | သွားရပြန်၊ | တောင်းပန်ဝန်ချပြီ။ |
| ၂၂။ | အပြစ်မြင်ကာ၊ | ကုစားတာ၊ | သာသနာမှာသည်၊ |
| ၂၃။ | ကြီးပွားနိုင်ကြောင်း၊ | ချမ်းသာကြောင်း၊ | ကောင်းကောင်းဖြစ်လေသည်။ |
| ၂၄။ | ဘုရားရှင်တော်၊ | နှုတ်ကနှော်၊ | ထုတ်ဖော်မိန့်လေပြီ။ |

၂၅။ ဝတ္ထုမရှိ၊ ကြောင်းမရှိ၊ နှင်မိရဟန်းသည်၊
၂၆။ ဒုက္ကဋ်အာပတ်၊ သင့်တိုလတ်၊ ရှင်မြတ်မိန့်လေပြီ။
၂၇။ ပုထုဇဉ်မှာ၊ မှားဆိုတာ၊ ကင်းမှာမဟုတ်ပြီ။
၂၈။ အမှားကိုမြင်၊ အမှန်ပင်၊ ပြုပြင်လွန်ကောင်းသည်။

ကဿပဂေါတ္တရဟန်းဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

စမ္ပေယျက္ခန္ဓကလာ ကိုယ်ကျင့်တရားများ ပြီး၏။

## ကောသမ္ဗကက္ခန္ဓကလာ ကိုယ်ကျင့်တရားများ

## ကောသမ္ဗီသား ရဟန်းတို့၏ ငြင်းခုံမှုကို ပြဆိုခြင်း

အာပတ်သင့်ခြင်း။ မသင့်ခြင်း ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ ရဟန်းတစ်ပါးသည် အာပတ်သင့်သဖြင့် ထိုအာပတ်၌ အာပတ်သင့်၏ဟု အယူရှိ၏။ အခြားသောရဟန်းတို့ကမူကား ထိုအာပတ်၌ အာပတ်မသင့်ဟု အယူရှိကုန်၏။ ထိုရဟန်းသည် နောင်အခါ၌ ထိုအာပတ်၌ အာပတ်မသင့်ဟု အယူရှိပြန်၏။ အခြားသော ရဟန်းတို့ကမူကား ထိုအာပတ်၌ အာပတ်သင့်၏ဟု အယူရှိပြန်၏။

ဤသည်ကား ပါဠိတော်၌ ဖော်ပြချက်တည်း။ အဋ္ဌကထာ၌ကား ဤသို့ ဖော်ပြထား၏။

ဝိနည်းဆောင်, သုတ္တန်ဆောင် ။ ။ ဝိနည်းဆောင်ရဟန်းနှင့် သုတ္တန်ဆောင်ရဟန်း နှစ်ပါးတို့သည် ကောသမ္ဗီမြို့ ကျောင်းတစ်ကျောင်း၌ အတူနေထိုင်လျက် ရှိကြကုန်၏။

တစ်နေ့သောအခါ၌ သုတ္တန်ဆောင်ရဟန်းသည် ဝစ္စကုဋိသို့ဝင်၍ ကိစ္စပြီးသောအခါ သန့်သက်ရေ (သန့်စင်ရေ) အကြွင်းကို ရေခွက်ထဲ၌ ချန်ထားခဲ့၍ ထွက်လာခဲ့လေ၏။ ထိုသို့ သန့်သက်ရေ ကျန်နေသည့်အတွက် ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်လေ၏။ သို့ရာတွင် ထိုသုတ္တန်ဆောင် ရဟန်းသည် သန့်သက်ရေ ကျန်နေရစ်မှန်းကို သိ၏။ ဒုက္ကဋ်အာပတ်သင့်မှန်း မသိပေ။

ထို့နောက် ဝိနည်းဆောင်ရဟန်းသည် ဝစ္စကုဋိအတွင်းသို့ ဝင်သည်ရှိသော် ကြွင်းကျန်သော သန့်သက်ရေကို မြင်၍ ဝစ္စကုဋိမှ ထွက်လာသောအခါ ထိုသုတ္တန်ဆောင်ရဟန်းကို –

'အရှင်ဘုရား ... အရှင်ဘုရားသည် ဤသန့်သက်ရေကို ချန်ထားခဲ့သလော'

– ဟူ၍ မေးပြီ။

'အရှင်ဘုရား ... ချန်ထားခဲ့မိပါ၏' – ဟူ၍ ဖြေပြီ။

ထို့နောက် ဤသို့ အပြန်အလှန် ပြောဆိုကြလေ၏။

'အရှင်ဘုရား ... ဤရေကြွင်းကို ချန်ထားရာ၌ အာပတ်သင့်သည်ကို မသိပါသလော'

'မသိပါ'

'ဤရေကြွင်းကို ချန်ရာ၌ အာပတ်သင့်၏'

'အာပတ်သင့်လျှင် ဒေသနာ ကြားပါမည် '

'သို့ရာတွင် အရှင်ဘုရားသည် စေတနာမပါဘဲ သတိကင်း၍ ရေချန်မိသည် ဖြစ်အံ့၊ အာပတ်မသင့်'

– ဟု ဝိနည်းဆောင်ရဟန်း ပြောလေ၏။ ထိုသို့ ဝိနည်းဆောင်ရဟန်း ပြောသဖြင့် သုတ္တန်ဆောင် ရဟန်းသည် ထိုသန့်သက်ရေကို ချန်ထားသည့်အတွက် အာပတ်မသင့်ဟု မှတ်ယူလေ၏။

ဤ၌ ဝိနည်းဆောင်ရဟန်းသည် ရှေးဦးစွာ အာပတ်သင့်၏ ပြောပြီးမှ အာပတ်မသင့်ဟု ပြောပြန်သည်ကား လွန်ကျူးလိုသော စေတနာ မပါလျှင် ဤသန့်သက်ရေ ရေကြွင်းကို ချန်ထားရာ၌ –

'အာပတ်သင့်နိုင်မည် မဟုတ်'

– ဟု စဉ်းစားမိပြန်သဖြင့် –

'အာပတ်မသင့်'

– ဟု ပြောပြန်သည်။ အမှန်ကား ဝိနည်းပညတ်ထားချက်ကို မသိသော်လည်း ရေကြွင်းချန်ထားမှု အကြောင်းဝတ္ထုကို သိသောကြောင့် အာပတ်သင့်သည်သာ။

<u>အငြင်းအခုန် ဖြစ်ကြခြင်း ။</u> ။ ဝိနည်းဆောင်ရဟန်းသည်လည်း မိမိ၏ တပည့်ရဟန်းများကို –

'ဤသုတ္တန်ဆောင်ရဟန်းသည် အာပတ်သင့်လျက်လည်း အာပတ်သင့်မှန်း မသိလေ' – ဟု ပြောကြားလေပြီ။

ထိုအခါ ဝိနည်းဆောင်ရဟန်း၏ တပည့်ရဟန်းတို့သည် သုတ္တန်ဆောင်ရဟန်း၏ တပည့်ရဟန်းများကို –

'အရှင်ဘုရားတို့၏ ဥပဇ္ဈာယ်ဆရာသည် အာပတ်သင့်ပါလျက် အာပတ်သင့်မှန်း မသိပေ' – ဟု ပြောဆိုကြကုန်ပြီ။

သုတ္တန်ဆောင် တပည့်ရဟန်းတို့သည် မိမိတို့၏ ဥပဇ္ဈာယ်ဆရာအား ထိုအကြောင်းကို ပြောကြားကြလေပြီ။ ထိုအခါ သုတ္တန်ဆောင် ရဟန်းသည် –

'ဤဝိနည်းဆောင် ရဟန်းသည် ရှေး၌ အာပတ်မသင့်ဟု ပြောပြီး၍ ယခုအခါ အာပတ်သင့်၏ဟူ၍ ပြောပြန်၏။ ဝိနည်းဆောင်ရဟန်းသည် မုသားပြောလေ့ရှိသူတည်း'

– ဟု ပြောဆိုလေပြီ။

သုတ္တန်ဆောင်ရဟန်း၏ တပည့်တို့သည် သွား၍ ဝိနည်းဆောင်ရဟန်း၏ တပည့်တို့အား –

'အရှင်ဘုရားတို့၏ ဥပဇ္ဈာယ်ဆရာ ဝိနည်းဆောင်ရဟန်းသည် မုသားပြောလေ့ရှိသူတည်း'

– ဟု ပြောဆိုကြလေပြီ။

ဤသို့လျှင် အချင်းချင်း ခိုက်ရန်ကို တိုးပွားစေကြကုန်ပြီ။

ထို့နောက် ဝိနည်းဆောင်ရဟန်းသည် အခွင့်ကိုရ၍ အာပတ်ကို မရှုခြင်းကြောင့် သုတ္တန်ဆောင်ရဟန်းကို ဥက္ခေပနီယကံဖြင့် နှင်ထုတ်ခြင်းအမှုကို ပြုလေပြီ။

မြတ်စွာဘုရား နှစ်ဘက်ကို တရားဟောခြင်း ။ ။ ထိုအခါ ရဟန်းတစ်ပါးသည် မြတ်စွာဘုရားကို ထိုအကြောင်းကို လျှောက်ထားသည်ဖြစ်၍ မြတ်စွာဘုရားသည် -

'ရဟန်းအပေါင်းသည် ကွဲလေပြီ ... ရဟန်းအပေါင်းသည် ကွဲလေပြီ ... '

- ဟု မိန့်တော်မူလေ၏။

ဤ၌ သံဃာသည် ကွဲပြီကား မဟုတ်သေး။ ထိုသို့ပင် မကွဲသေးသော်လည်း မိုးရွာပြီးသောအခါ၌ -

'ယခုအခါ ကောက်စပါး ပြီးစီးပြီ '

- ဟူ၍ နောင်အခါ ပြီးလတ္တံ့သည်ကို အကြောင်းပြု၍ ဆိုအပ်သကဲ့သို့ ဤအတူ နောင်အခါ၌ ကွဲလတ္တံ့သည်ကိုမြင်၍ မိန့်တော်မူခြင်း ဖြစ်သည်။

ဤ၌ သံဃဘေဒကကံ၏ ကွဲခြင်းမျိုးဖြင့် ကွဲသည်မဟုတ်။ ခိုက်ရန်ဖြစ်ကြခြင်းကြောင့် သံဃာကွဲပြားခြင်း ဖြစ်လေ၏။

ထို့နောက် မြတ်စွာဘုရားသည် နှင်ထုတ်သော ရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်တော်မူကာ နှင်ထုတ်သော ဝိနည်းဆောင်ရဟန်းတို့ကို -

"ရဟန်းတို့ ... သင်တို့သည် 'ငါသိသည်၊ ငါတတ်သည်' ဟု အထင်ကြီးကာ သာမန် အကြောင်းဝတ္ထုကြောင့် ရဟန်းကို နှင်ထုတ်ထိုက်သည်ဟု မမှတ်ကုန်လင့်။

ရဟန်းတို့ ... ထိုရဟန်းတို့သည် ထိုအာပတ်သင့်သောရဟန်းကို 'ဤအရှင်သည် အကြားအမြင်များ၍ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် ပါတိမောက်ကိုလည်း ဆောင်၏။ ပညာရှိ၍ ကျွမ်းကျင်လိမ္မာ၏။ ရှက်တတ်၏။ တွေးတောမှု သံသယကုက္ကုစ္စရှိ၏။ အကျင့်သိက္ခာကို လိုလား၏။ ငါတို့သည် ဤရဟန်းကို အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်၍ ဤရဟန်းနှင့်အတူ ဥပုသ်မပြုဘဲ ဤရဟန်းနှင့်ကင်း၍သာ ဥပုသ်ပြုခဲ့လျှင် ...ပ... ဤရဟန်းနှင့် ကင်း၍သာ သီတင်းကြီးကို ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိအသေပြုခြင်းကို ပြုကြလျှင် သံဃာ၏ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ထိပါးနှောင့်ယှက် ဆန့်ကျင်ဘက်စကားကို ပြောကြားခြင်းသည်လည်းကောင်း၊

သံဃာကွဲခြင်းသည်လည်းကောင်း၊ သံဃာကွဲအံ့သောအရေးသည်လည်းကောင်း၊ သံဃာခြားနားခြင်းသည်လည်းကောင်း ဖြစ်လတ္တံ့' - ဟု အကယ်၍ သိကုန်ငြားအံ့။ ရဟန်းတို့ ကွဲပြားအံ့သည်ကို အလေးပြုသော ရဟန်းတို့သည် ထိုရဟန်းကို အာပတ်ကို မရှုခြင်းကြောင့် မနှင်ထုတ်သင့်"

- ဟု မိန့်တော်မူလေ၏။

ထို့နောက် မြတ်စွာဘုရားသည် နှင်ထုတ်သောရဟန်းတို့အား ဤအကြောင်းကို ဟောတော်မူပြီးလျှင် နေရာမှထကာ နှင်ထုတ်ခံရသော သုတ္တန်ဆောင်ရဟန်း၏ နောက်လိုက် ရဟန်းတို့သို့ ချဉ်းကပ်လျက် ခင်းထားသောနေရာ၌ ထိုင်တော်မူ၍ နှင်ထုတ်ခံရသော သုတ္တန်ဆောင် ရဟန်း၏ နောက်လိုက်ရဟန်းတို့အား -

"ရဟန်းတို့ ... သင်တို့သည် အာပတ်သင့်လျက် 'ငါတို့ အာပတ်မသင့်။ ငါတို့ အာပတ်မသင့်' ဟု နှလုံးသွင်းကာ အာပတ်ကို မကုစားရဟု မမှတ်ကုန်လင့် ... ပ ... ။

ငါ့ကို ဤရဟန်းတို့သည် အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်၍ ငါနှင့်အတူ သံဃာ့ကံကို မပြုဘဲ ငါနှင့်ကင်း၍သာ သံဃာ့ကံကို ပြုကြလျှင် ...ပ... ။

သံဃာ၏ မျက်ကွယ်မျက်မှောက် ငြင်းခုံခြင်းသည်လည်းကောင်း၊ ထိပါးနှောင့်ယှက် ဆန့်ကျင်ဘက်စကားကို ပြောကြားခြင်းသည် လည်းကောင်း၊ သံဃာကွဲခြင်းသည်လည်းကောင်း၊သံဃာကွဲအံ့သော အရေးသည်လည်းကောင်း၊ သံဃာ ခြားနားခြင်းသည်လည်းကောင်း၊ သံဃာ သီးခြားပြုခြင်းသည်လည်းကောင်း ဖြစ်လတ္တံ့ဟု အကယ်၍ သိငြားအံ့၊ ရဟန်းတို့ကွဲပြားအံ့သည်ကို အလေးပြုသော ရဟန်းသည် တစ်ပါးသော ရဟန်းတို့ကိုလည်း ယုံကြည်သောအားဖြင့် အာပတ်ကို ဒေသနာကြားရမည်"

- ဟု မိန့်တော်မူလေ၏။

ထို့နောက် မြတ်စွာဘုရားသည် နှင်ထုတ်ခံရသော သုတ္တန်ဆောင်ရဟန်း၏ နောက်လိုက်တို့အား ဤအကြောင်းကို ဟောတော်မူပြီးလျှင် နေရာမှ ထကာ ဖဲကြွတော်မူလေ၏။

( ဝိ - ၃ - ၄၈၀ / ၄၈၄။ မြန် - ၄၈၇ / ၄၉၁။ ဝိ - ဋ္ဌ - ၃ - ၄၃၁ / ၂ )

## ကောသမ္ဗီရဟန်းများ အငြင်းအခုံဖြစ်ကြခြင်း၌ ဆောင်ရန်လင်္ကာများ

၁။ ကောသမ္ဗီမှာ၊ ဃောသိတာ၊ ခေါ် ရာကျောင်းရှိသည်။
၂။ ဃောသိတာရုံကျောင်းတွင်း၊ တရားမင်း၊ သီတင်းသုံးနေသည်။
၃။ သုတ္တန်ကိုဆောင်၊ ဝိနည်းဆောင်၊ ခေါ် ဆောင်နှစ်ဖွဲ့သည်၊
၄။ တစ်ကျောင်းတည်းမှာ၊ အတူသာ၊ ကောင်းစွာနေကြသည်။
၅။ တစ်နေ့အခါ၊ ကုဋိပါ၊ တက်ရာသုတ္တန်သည်၊
၆။ သန့်စင်ရေအား၊ ခွက်ထဲများ၊ ချန်ထားထွက်ခဲ့သည်။
၇။ ဝိနည်းရဟန်း၊ တွေ့လေမှန်း၊ မေးစမ်းပါလေပြီ။
၈။ ရေကိုချန်လင့်၊ အာပတ်သင့်၊ ထောက်ချင့်ပြောလေပြီ။
၉။ ပြီးမှတစ်ဖန်၊ မသင့်ဟန်၊ ပြောပြန်ပါလေပြီ။
၁၀။ တပည့်များကို၊ ဝိနည်းဓိုရ်၊ ဤလိုပြောကြားပြီ။
၁၁။ သုတ္တန်ရဟန်း၊ အာပတ်မှန်း၊ သင့်မှန်းမသိပြီ။
၁၂။ ထိုအကြောင်းရာ၊ ဤသို့သာ၊ ရပ်တာမဟုတ်ပြီ။
၁၃။ တပည့်အချင်းချင်း၊ ဂုဏ်ရည်သွင်း၊ ပြောခြင်းပြုကြပြီ။
၁၄။ သုတ္တန်ဆရာ၊ ကြားပြန်ရာ၊ တစ်ခါပြန်ပြောပြီ။
၁၅။ အာပတ်မသင့်၊ ပြောပြီးနှင့်၊ အသင့်ပြောပြန်ပြီ။
၁၆။ ဝိနည်းဆရာ၊ အကျင့်ဟာ၊ လိမ်ညာပြောတတ်သည်။
၁၇။ ဝိနည်းဆောင်က၊ ကြားပြန်ရ၊ ဒေါသဖြစ်ပြန်ပြီ။
၁၈။ အာပတ်မရှု၊ အကြောင်းပြု၊ နှင်မှုပြုလိုက်ပြီ။
၁၉။ ဤသို့ဖားဖား၊ ခိုက်ရန်များ၊ တိုးပွားခဲ့လေပြီ။

| | | | |
|---|---|---|---|
| ၂၀။ | ရဟန်းတစ်ပါး၊ | ထိုကြောင်းအား၊ | ဘုရားလျှောက်ထားပြီ။ |
| ၂၁။ | ဘုရားမြတ်သည်၊ | သံဃာသည်၊ | ကွဲပြိမ်နဲ့လေသည်။ |
| ၂၂။ | နှစ်ဖက်သံဃာ၊ | ဆီသို့သာ၊ | မြတ်စွာကြွလေပြီ။ |
| ၂၃။ | ငါ့သိငါတတ်၊ | ငါသာမြတ်၊ | ထင်လတ်မကောင်းပြီ။ |
| ၂၄။ | သာမန်ကြောင်းဖြင့်၊ | မထုတ်သင့်၊ | မြတ်ရှင့်မိန့်လေပြီ။ |
| ၂၅။ | သုတ္တန်ကိုကား၊ | အာပတ်အား၊ | ကုစားမိန့်လေပြီ။ |

ကောသမ္ဗီရဟန်းများ အငြင်းအခုံဖြစ်ကြခြင်း၌ ကိုယ်ကျင့်တရားများ ပြီး၏။

• • • • • • • • • • • • • • • • • • • • • •



# ရဟန်းတွေ ခိုက်ရန် ဖြစ်ကြခြင်း

**ဖျန်ဖြေပေးခြင်း ။** ။ တရံရောအခါ၌ ထိုဝိနည်းဆောင်, သုတ္တန်ဆောင်ရဟန်းတို့သည် သံဃာ့အလယ်၌ ငြင်းခုံကုန်၏။ ခိုက်ရန်ဖြစ်ကုန်၏။ ဆန့်ကျင်ဘက်စကားကို ပြောဆိုကုန်၏။ အချင်းချင်း နှုတ်လှံထိုးကုန်လျက်နေကုန်၏။ ရဟန်းတို့သည် ထိုအဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မတတ်နိုင်ကုန်။ ထိုအခါ ရဟန်းတစ်ပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တစ်ခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား –

'မြတ်စွာဘုရား ... ရဟန်းတို့သည် သံဃာ့အလယ်၌ ငြင်းခုံကုန်၏။ ခိုက်ရန်ဖြစ်ကုန်၏။ ဆန့်ကျင်ဘက်စကားကို ပြောဆိုကုန်၏။ အချင်းချင်း နှုတ်လှံထိုးလျက်နေကုန်၏။ ရဟန်းတို့သည် ထိုအဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မတတ်နိုင်ပါကုန်။ ရှင်တော်ဘုရား ... တောင်းပန်ပါ၏။ မြတ်စွာဘုရားသည် သနားသောအားဖြင့် ထိုရဟန်းတို့ထံသို့ ချဉ်းကပ်တော်မူပါလော့'

– ဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်နေတော်မူလျက် ရဟန်းတို့ကို –

'ရဟန်းတို့ ... မသင့်လျော်။ ငြင်းခုံခြင်း မပြုကုန်လင့်။ ခိုက်ရန် မဖြစ်ကုန်လင့်။ ထိပါးနှောင့်ယှက် ဆန့်ကျင်ဘက် မပြုကြကုန်လင့် '

– ဟု မိန့်တော်မူလေ၏။

**ဖျန်ဖြေတော်မမူပါလင့် ။** ။ ဤသို့ မိန့်တော်မူသော် အဓမ္မဝါဒီ ရဟန်းတစ်ပါးသည် မြတ်စွာဘုရားကို ဤသို့ လျှောက်ထားလေ၏။

'ရှင်တော်ဘုရား ... တရားအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆိုင်းငံ့တော်မူပါလော့။ ရှင်တော်ဘုရား ... မြတ်စွာဘုရားသည် မျက်မှောက် ချမ်းသာရေးကို အားထုတ်လျက် ကြောင့်ကြမဲ့ နေတော်မူပါလော့။ တပည့်တော်တို့သည်

ထိုငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ထိပါးနှောင့်ယှက် ဆန့်ကျင်ဘက် ပြုခြင်းဖြင့် ထင်ရှားပါကုန်လတ္တံ့' - ဟု လျှောက်လေ၏။

ဤရဟန်းသည် မြတ်စွာဘုရား၏ စီးပွားကို လိုလားသော ရဟန်းတည်း။ မှန်၏။ ဤရဟန်းတို့သည် အမျက်ထွက်မှု လွှမ်းမိုးနေကြသည်ဖြစ်၍ မြတ်စွာဘုရား၏ စကားကို လိုက်နာကြမည် မဟုတ်ပေ။ ဤရဟန်းတို့ကို ဆုံးမရသည်ဖြစ်၍ မြတ်စွာဘုရား၏ စကားကို လိုက်နာကြမည် မဟုတ်ပေ။ ဤရဟန်းတို့ကို ဆုံးမရသည်ဖြစ်၍ မြတ်စွာဘုရားသည် ပင်ပန်းတော်မမူပါစေနှင့်ဟု နှလုံးသွင်း၍ ထိုသို့ လျှောက်ထားခြင်း ဖြစ်လေသည်။

မြတ်စွာဘုရားသည် နှစ်ကြိမ်မြောက် ထိုသို့ ဖျန်ဖြေစကား မိန့်ကြားတော်မူရာ ထိုရဟန်းသည်လည်း နှစ်ကြိမ်မြောက်ပင် တားမြစ်စကား လျှောက်ထားလေ၏။ သုံးကြိမ်မြောက်တွင်ကား မြတ်စွာဘုရားသည် ဒီဃာဝုဝတ္ထုကို ဟောကြားတော်မူလေ၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ယခုအခါ စကားကို မလိုက်နာသော်လည်း နောင်အခါ ဤဒီဃာဝုဝတ္ထုကို အမှတ်ရ၍ ဤခိုက်ရန်ဖြစ်ခြင်းကို ရှောင်ကြဉ်လတ္တံ့ဟု ကြံစည်တော်မူရကား ခိုက်ရန်ဖြစ်ကြသော ရဟန်းတို့အပေါ်၌ သနားစောင့်ရှောက်မှုကို ပြုလိုသောကြောင့် ဤဒီဃာဝုအတိတ်ဝတ္ထုကို ဆောင်၍ ဟောတော်မူရခြင်း ဖြစ်လေသည်။

( ဝိ - ၃ - ၄၈၆ / ၇ ၊ မြန် - ၄၉၃ ။ ဝိ - ဋ - ၃ - ၄၃၂ / ၃ )

<u>သတိ</u> ။ ။ *လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားဆိုးတို့ လွှမ်းမိုးခံရသောအခါ၌ အတုမရှိသော သဗ္ဗညုဘုရားရှင် ကိုယ်တော်တိုင် ဆုံးမနေပါလျက် မလိုက်နိုင်ကြသည်ကား အလွန်သံဝေဂဖြစ်ဖွယ် ကောင်းလှပါပေ၏။*

## ရဟန်းတွေ ခိုက်ရန်ဖြစ်ကြခြင်း၌ ဆောင်ရန်လင်္ကာများ

၁။ ရဟန်းနှစ်ဖြာ၊ တစ်နေ့မှာ၊ သံဃာလယ်မှာသည်၊
၂။ ငြင်းခုံနှုတ်လှံ၊ ထိုးကြမြန်၊ ခိုက်ရန်ဖြစ်ကြသည်။
၃။ ခိုက်ရန်ကိုအား၊ သံဃာများ၊ မတားနိုင်ကြပြီ။
၄။ ရဟန်းတစ်ပါး၊ မြတ်ဘုရား၊ လျှောက်ထားရလေပြီ။
၅။ ခိုက်ရန်ကိုဖြင့်၊ မပြုနှင့်၊ မြတ်ရှင်ဆုံးမပြီ။
၆။ ရဟန်းတစ်ပါး၊ မြတ်ဘုရား၊ မြစ်တားပြုလေပြီ။
၇။ ဆုံးမနေတာ၊ ဆိုင်းငံ့ပါ၊ သေချာလျှောက်သည်။
၈။ ပင်ပန်းရုံသာ၊ ရှိနိုင်ရာ၊ ရမှာမဟုတ်ပြီ။
၉။ နှစ်ကြိမ်မြောက်လဲ၊ ထို့တူပဲ၊ တားမြဲတားလေသည်။
၁၀။ သုံးကြိမ်မြောက်တွင်၊ နောင်ခါပင်၊ ရှောင်ကြဉ်နိုင်ဖို့သည်၊
၁၁။ သနားသမှု၊ စောင့်ရှောက်မှု၊ ထားပြုလို၍သည်၊
၁၂။ ဘုရားသတ္တူ၊ ဒီဃာဝု၊ ဟောမှုပြုလေပြီ။
၁၃။ တရားအဆိုး၊ ဒေါသမျိုး၊ လွှမ်းမိုးရည်၌သည်၊
၁၄။ မြတ်စွာဗုဒ္ဓ၊ ဆိုဆုံးမ၊ မရကြခြင်းသည်၊
၁၅။ သံဝေဂရယ်၊ မှန်တကယ်၊ ဖြစ်ဖွယ်ကောင်းလှသည်။

ရဟန်းတွေ ခိုက်ရန်ဖြစ်ခြင်း၌ ကိုယ်ကျင့်တရားများ ပြီး၏။

## ဒီဃာဝုဝတ္ထုလာ ကိုယ်ကျင့်တရားများ

မြတ်စွာဘုရား ဟောကြားတော်မူသော ဒီဃာဝုဝတ္ထု အကျဉ်းချုပ်မှာ ဤသို့ ဖြစ်သည်။

ကာသိမင်းနှင့် ကောသလမင်း ။ ။ ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော ကာသိမင်းသည် ကြွယ်ဝ၍ များသော ဥစ္စာစည်းစိမ် ရှိ၏။ များသော ရဲမက်ဗိုလ်ပါ ဆင်မြင်းရထားလည်း ရှိ၏။ ကြီးသောတိုင်းနိုင်ငံနှင့် ပြည့်သော ဘဏ္ဍာအိမ် ကျီကြလည်း ရှိ၏။

ဒီဃီတိမည်သော ကောသလမင်းသည်ကား ဆင်းရဲ၍ နည်းသော ဥစ္စာ စည်းစိမ်ရှိ၏။ နည်းသော ရဲမက်ဗိုလ်ပါ၊ ဆင်၊ မြင်း၊ ရထား ရှိ၏။ ငယ်သော တိုင်းနိုင်ငံနှင့် မပြည့်သော ဘဏ္ဍာအိမ် ကျီကြ ရှိ၏။

ကာသိမင်း၊ ကောသလမင်းကို အောင်မြင်ခြင်း ။ ။ ထိုအခါ ကာသိမင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်ကို ပြင်ဆင်စေ၍ ကောသလမင်း၏ နိုင်ငံသို့ စစ်ချီတက်လေ၏။ ကာသိမင်း စစ်ချီတက်လာကြောင်း ကောသလမင်းကြားလေလျှင် အဘက်ဘက်က အင်အားချင်း ကွာလှသည်ဖြစ်၍ တစ်ကြိမ် စစ်ထိုးခြင်းကို ခံနိုင်မည်မဟုတ်သည်ကို သိမြင်၍ ဒီဃီတိကောသလမင်းသည် မိဖုရားကြီးကို ခေါ်၍ ထွက်ပြေးကာ ဗာရာဏသီမြို့၌ အစွန်အဖျားကျသော အရပ်၌ အိုးထိန်းသည် အိမ်၌ မထင်ရှားသောအသွင်ဖြင့် ပရိဗိုဇ်ရဟန်း၏ အဝတ်ကို ဝတ်လျက် နေလေ၏။ ထိုအခါ ကာသိမင်းသည် ဒီဃီတိ ကောသလမင်း၏ ရဲမက်ဗိုလ်ပါ၊ ဆင်၊ မြင်း၊ ရထားနှင့် ဇနပုဒ်ကိုလည်းကောင်း၊ ဘဏ္ဍာတိုက်နှင့် ကျီကြကိုလည်းကောင်း အောင်မြင်၍ စိုးမိုးအုပ်ချုပ်၍ နေလေ၏။

<u>မိဖုရား၏ ချင်ခြင်း</u> ။ ။ မကြာမီ ဒီဃီတိကောသလမင်း၏ မိဖုရားကြီးနှင့် ကိုယ်ဝန်တည်လေ၏။ ထိုမိဖုရားကြီးအား ဤသို့သဘောရှိသော ချင်ခြင်း ဖြစ်ပေါ်လာ၏။

'နေထွက်သောအခါ ညီညွတ်သော မြေအပြင်၌တည်လျက် ချပ်မိန်ညိုတို့ကို ဝတ်ဆင်ထားသည့် အင်္ဂါလေးပါးရှိသည့် စစ်သည်ကို ကြည့်ရှုခြင်းငှါလည်းကောင်း၊ သန်လျက်ဆေးရည်ကို သောက်ခြင်းငှါလည်းကောင်း အလိုရှိ၏'

ထိုအကြောင်းကို မိဖုရားကြီးသည် ဒီဃီတိကောသလမင်းအား အကြောင်းကြားလေလျှင် မင်းကြီးသည် မိဖုရားကြီးကို –

'မိဖုရား ... ဆင်းရဲခြင်းသို့ ရောက်နေသော ငါတို့အား ညီညွတ်သော မြေအပြင်၌ တည်လျက် ချပ်မိန်ညိုကို ဝတ်ဆင်ထားသည့် အင်္ဂါလေးပါးရှိသော စစ်သည်ကို အဘယ်မှာ ရအံ့နည်း။ သန်လျက်ဆေးရည်ကို သောက်ခြင်းငှါ အဘယ်မှာ ရအံ့နည်း '

– ဟု ပြောဆိုလေ၏။

ထိုအခါ မိဖုရားကြီးသည် မင်းကြီးကို –

'အရှင်မင်းကြီး ... အကယ်၍ မရခြားအံ့၊ အကျွန်ုပ်သည် သေရတော့အံ့' – ဟု ပြောလေ၏။

<u>ပုရောဟိတ် ပုဏ္ဏားအား ပြောခြင်း</u> ။ ။ ထိုအခါ၌ ကာသိမင်း၏ ပုရောဟိတ် ပုဏ္ဏားသည် ဒီဃီတိကောသလမင်း၏ အဆွေခင်ပွန်း ဖြစ်လေ၏။ ကောသလမင်းသည် ထိုအကြောင်းကို ပုရောဟိတ်အား ပြောကြားလေရာ ပုရောဟိတ်ပုဏ္ဏားက မိဖုရားကြီးကို ကြည့်ချင်သည်ဟု ဆိုသဖြင့် မိဖုရားကြီးကို ပြရလေ၏။

<u>ပုရောဟိတ်ပုဏ္ဏား ဥဒါန်းကျူးခြင်း</u> ။ ။ ကာသိမင်း၏ ပုရောဟိတ်ပုဏ္ဏားသည် မိဖုရားကြီးကို မြင်လေလျှင် မိဖုရားကြီး ရှိရာသို့ လက်အုပ်ချီလျက် ဤသို့ ဥဒါန်းကျူးလေ၏။

'အချင်းတို့ ... ဝမ်းဦတည်သော သူငယ်သည် ကောသလမင်း ဖြစ်ပေသည်တကား။ အချင်းတို့ ... ဝမ်းဦတည်သော သူငယ်သည် ကောသလမင်း ဖြစ်ပေသည်တကား'

- ဟု သုံးကြိမ် ဥဒါန်းကျူးရင့်လေ၏။

<u>ချင်ခြင်း ပြေခြင်း</u> ။ ။ ထိုအခါ ကာသိမင်း၏ ပုရောဟိတ်ပုဏ္ဏားသည် ကာသိမင်းထံသို့ ချဉ်းကပ်ပြီးလျှင် ကာသိမင်းကို -

'အရှင်မင်းကြီး ... ဤသို့ လျှောက်တင်သည့်အတိုင်း နိမိတ်တို့သည် ထင်လာပါကုန်၏။ နက်ဖြန် နေထွက်သောအခါ ချပ်မိန်ညှိုဝတ်ဆင်ထားသည့် အင်္ဂါလေးပါးရှိသော စစ်သည်ကို ညီညွတ်သော မြေအပြင်၌ တည်ပါစေလော့။ သန်လျက်တို့ကိုလည်း ဆေးပါစေလော့'

- ဟု လျှောက်၏။

ကာသိမင်းကြီးသည်လည်း ပုရောဟိတ်ပုဏ္ဏားပြောသည့်အတိုင်း ပြုလုပ်စေလေ၏။ မိဖုရားကြီးသည် နေထွက်သောအခါ ညီညွတ်သော မြေအပြင်၌တည်လျက် ချပ်မိန်ညှိုတို့ကို ဝတ်ဆင်ထားသည့် အင်္ဂါလေးပါးရှိသော စစ်သည်ကိုလည်း ကြည့်ရှုရလေ၏။ သန်လျက်ဆေးရည်ကိုလည်း သောက်ရလေ၏။

<u>အတတ်သင်ယူခြင်း</u> ။ ။ ထိုအခါ ကောသလမင်း၏ မိဖုရားကြီးသည် ကိုယ်ဝန်ရင့်ခြင်းကို စွဲ၍ သားကို ဖွားမြင်လေ၏။ ထိုသားအား ဒီဃာဝုဟူသော အမည်ကို မှည့်ကုန်၏။ ဒီဃာဝုမင်းသားသည် မကြာမီပင်လျှင် သိကြားလိမ္မာသည်၏ အဖြစ်သို့ ရောက်လေ၏။

ထိုအခါ ဒီဃီတိမည်သော ကောသလမင်းအား –

'ဗြဟ္မဒတ်မည်သော ဤကာသိမင်းသည် ငါတို့၏ ရဲမက်ဗိုလ်ပါ ဆင်၊ မြင်း၊ ရထားနှင့် ဇနပုဒ်ကိုလည်းကောင်း၊ ဘဏ္ဍာတိုက်နှင့် ကျီကြကိုလည်းကောင်း လုယူခဲ့၏။ အကယ်၍ ဤမင်းသည် ငါတို့ကို သိငြားအံ့၊ ငါတို့သုံးယောက်လုံးကို သတ်စေလတ္တံ့။ ငါသည် ဒီဃာဝုမင်းသားကို မြို့ပြင်၌ နေစေရလျှင် ကောင်းလေစွ'

– ဟု အကြံဖြစ်လေ၏။

ထိုသို့ အကြံဖြစ်သည့်အတိုင်း မြို့ပြင်၌ နေစေလေ၏။ ဒီဃာဝုမင်းသားသည် မြို့ပြင်၌နေလျက် မကြာမီမှာပင် အလုံးစုံသော အတတ်တို့ကို သင်ယူလေ၏။

**ကောသလမင်းကိုသတ်စေခြင်း ။** ။ တစ်နေ့သောအခါ၌ ရှေးအခါက ကောသလမင်း၏ ဆတ္တာသည်သည် ကာသိမင်းထံသို့ ရောက်နေ၏။ ထိုဆတ္တာသည်သည် မြို့ပြင်၌ မထင်မရှား အသွင်ဖြင့်နေသော ကောသလမင်းနှင့် မိဖုရားကြီးကို တွေ့မြင်သည်ဖြစ်၍ ကာသိမင်းအား အကြောင်းကြားလေ၏။ ဗြဟ္မဒတ်မည်သော ကာသိမင်းသည် ကောသလမင်းနှင့် မိဖုရားတို့ကို သတ်စေလေ၏။

ထို့နောက် မင်းချင်းယောကျ်ားတို့သည် ဒီဃီတိကောသလမင်းကို မယားနှင့်အတူ မြဲမြံခိုင်ခံ့သော ကြိုးဖြင့် လက်ပြန်တုတ်နှောင်လျက် သင်ခုန်းဓားဖြင့် ခေါင်းတုံးရိပ် ပြီးလျှင် အသံပြင်းသော ထက်စည်ကို တီးကာ လမ်းမတစ်ခုမှ လမ်းမတစ်ခုသို့၊ လမ်းဆုံတစ်ခုမှ လမ်းဆုံတစ်ခုသို့ လှည့်လည်ကာ ဆောင်ယူကြလေကုန်၏။

**ကောသလမင်း၏ မှာတမ်း ။** ။ ထိုအခါ ဒီဃာဝုမင်းသားသည် မတွေ့တာကြာပြီ ဖြစ်သော မိဘနှစ်ပါးကို တွေ့မြင်လိုသည်ဖြစ်၍ ဗာရာဏသီမြို့တွင်းသို့ ဝင်သည်ရှိသော် သတ်ရန် ယူဆောင်လာသော မိဘနှစ်ပါးတို့ကို မြင်၍ အမိအဖတို့ထံ ချဉ်းကပ်လေ၏။ ကောသလမင်းသည် အဝေးမှလာသော ဒီဃာဝုမင်းသားကို မြင်၍ –

'ချစ်သား ဒီဃာဝု ... သင်သည် အရှည်ကို မကြည့်လင့်။ အတိုကိုလည်း မကြည့်လင့်။

ချစ်သား ဒီဃာဝု ... ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းကုန်။

ရန်တုံ့မမူမှသာလျှင် ရန်တို့သည် ငြိမ်းကုန်၏'

- ဟု မှာတမ်းစကားကို သုံးကြိမ်တိုင် ပြောကြားလေ၏။

<u>မီးသင်္ဂြိုဟ်ခြင်း</u> ။ ။ ထို့နောက် မင်းချင်းယောကျာ်းတို့သည် ဒီဃီတိ ကောသလမင်းကို မိဖုရားနှင့်တကွ တောင်တံခါးဖြင့် ထွက်စေ၍ မြို့၏ တောင်အရပ်၌ လေးပိုင်းဖြတ်ပြီးလျှင် လေးဖို့လေးစုတို့ကို ပြုပြီးလျှင် အရပ်လေးမျက်နှာတို့၌ ချထားပြီးလျှင် အစောင့်အရှောက်ထား၍ ဖဲသွားကုန်၏။

ဒီဃာဝုမင်းသားသည် ဗာရာဏသီမြို့တွင်းသို့ ဝင်ပြီးလျှင် သေကို ဆောင်ယူခဲ့၍ အစောင့်တို့ကို သောက်စေ၏။ ထိုအစောင့်တို့ မူးယစ်၍ လဲသောအခါ ထင်းတို့ကို စုရုံး၍ အပုံပြုလျက် အမိအဖတို့၏ အလောင်းကို ထင်းပုံထက်သို့ တင်ကာ မီးတိုက်ပြီးလျှင် လက်အုပ်ချီ၍ သုံးကြိမ်လက်ျာရစ် လှည့်လည်လေ၏။

နန်းတော်ပြာသာဒ်ထက်၌ တည်နေသော ကာသိမင်းသည် လက်အုပ်ချီ၍ ထင်းပုံကို သုံးကြိမ်လက်ျာရစ် လှည့်လည်နေသော ဒီဃာဝုမင်းသားကို မြင်လေ၏။ ထိုသို့ မြင်သော ထိုကာသိမင်းအား -

'ထိုသူသည် ဒီဃီတိကောသလမင်း၏ မိမျိုး ဖမျိုးသော်လည်းကောင်း၊ သားချင်းသော်လည်းကောင်း မချွတ်ဖြစ်လတ္တံ့၊ ငါ့အား မည်သူကမျှ မပြောကြားဘဲ နေတုံ့ဘိ၏။ ငါ့အား အကျိုးမဲ့ချေပြီတကား ...'

- ဟု အကြံဖြစ်လေ၏။

ကာသိမင်း၏ အတွင်းလူဖြစ်ခြင်း ။ ။ ထိုအခါ ဒီဃာဝုမင်းသားသည် တောသို့ သွားပြီးလျှင် အလိုရှိတိုင်း ငိုကြွေးမြည်တမ်းပြီးနောက် မျက်ရည်ကိုသုတ်လျက် ဗာရာဏသီမြို့တွင်းသို့ ဝင်ကာ နန်းတော်အနီး ဆင်တင်းကုပ်သို့ သွား၍ ဆင်ဆရာ၏ အနီးနေတပည့်အဖြစ် နေလေ၏။

ဒီဃာဝုမင်းသားသည် ညဥ့်၏ မိုးသောက်ယံအခါ၌ စောစောထ၍ ဆင်တင်းကုပ်၌ သာယာသောအသံဖြင့် သီဆို၏။ စောင်းကိုလည်း တီး၏။ ကာသိမင်းသည် ထိုအသံကို ကြား၍ ရှေ့မှောက်သို့ ခေါ်စေပြီးလျှင် သီဆိုစေလေ၏။ ဒီဃာဝုမင်းသားသည် ကာသိမင်းကြီးအား နှစ်သက်စေလိုသည်ဖြစ်၍ သာယာသောအသံဖြင့် သီဆို၏။ စောင်းကိုလည်း တီး၏။ ကာသိမင်းသည် သဘောကျသည်ဖြစ်၍ ဒီဃာဝုမင်းသားအား –

'ငါ့ကို လုပ်ကျွေးခစားလော့' – ဟူ၍ ပြောလိုက်လေ၏။

ထိုအခါ ဒီဃာဝုမင်းသားသည် ကာသိမင်းကြီး၏ ရှေးဦးစွာထ၍ နောက်မှ အိပ်လေ့ရှိ၏။ အဘယ်အမှုကို ပြုရပါအံ့နည်းဟု နာခံလျက် နေလေ့ရှိ၏။ နှစ်လိုဖွယ်ကို ပြုကျင့်လေ့ရှိ၏။ ချစ်ခင်ဖွယ်ကို ပြောဆိုလေ့ရှိ၏။ ကာသိမင်းသည် မကြာမီပင်လျှင် ဒီဃာဝုမင်းသားကို အတွင်းကျသော အကျွမ်းဝင်သော အရာဌာန အတွင်းလူနေရာ၌ ထားလေ၏။

ကလုံစား ချောင်းရခြင်း ။ ။ တစ်နေ့သောအခါ၌ ဗြဟ္မဒတ်မည်သော ကာသိမင်းသည် ဒီဃာဝုမင်းသားကို –

'အချင်းလုလင် ... ရထားကလော့။ သမင်တောသို့ သွားကုန်အံ့' – ဟု ဆိုလေ၏။

'ကောင်းပါပြီ'

– ဟု ဝန်ခံပြီးနောက် ရထားကိုကပြီးလျှင် ကာသိမင်းကြီးကို တင်ဆောင်၍ ဒီဃာဝုမင်းသားသည် ရထားကိုမောင်းနှင်၏။ စစ်သည်တော်များက တစ်လမ်းသွား၍ ရထားက တစ်လမ်းသွားအောင် မောင်းနှင်လေ၏။

ဖြုတ္တဒတ်မည်သော ကာသိမင်းကြီးသည် အဝေးသို့ ရောက်သောအခါ ဒီဃာဝု မင်းသားကို -

'အချင်း လုလင် ... ရထားကို ချွတ်လော့၊ ပင်ပန်း၏။ အိပ်ဦးအံ့' ဟု မိန့်ဆို လေ၏။

ထို့နောက် ကာသိမင်းကြီးသည် ဒီဃာဝုမင်းသား၏ ရင်ခွင်၌ ဦးခေါင်းချ၍ အိပ်လေ၏။ ပင်ပန်းနေသော ထိုမင်းကြီးသည် ခဏချင်းဖြင့်ပင် အိပ်ပျော်ခြင်းသို့ ရောက် လေ၏။

ဒီဃာဝုမင်းသားအား ဤသို့ အကြံဖြစ်ပေါ်လာလေ၏။

'ဤကာသိမင်းကြီးသည် ငါတို့၏ အကျိုးမဲ့ကို များစွာပြုခဲ့၏။ ဤမင်းကြီးသည် ငါတို့၏ ရဲမက်ဗိုလ်ပါ၊ ဆင်၊ မြင်း၊ ရထားနှင့် ဇနပုဒ်ကို လည်းကောင်း၊ ဘဏ္ဍာတိုက်နှင့် ကျီကြကိုလည်းကောင်း လုယက်ဖျက်ဆီး၏။ ဤမင်းကြီးသည် ငါ၏ အမိအဖတို့ကိုလည်း သတ်၏။ ဤအခါသည်ကား ငါရန်တုံ့မူရမည့် အခါတည်း'

- ဟု သန်လျက်အိမ်မှ သန်လျက်ကို ဆွဲထုတ်၏။

ထို့နောက် ဒီဃာဝုမင်းသားအား ဤသို့ အကြံဖြစ်ပြန်၏။

"ခမည်းတော်သည် သေခါနီးအခါ၌ -

ချစ်သား ဒီဃာဝု ... သင်သည် အရှည်ကို မကြည့်လင့်။ အတိုကိုလည်း မကြည့်လင့်။

ချစ်သား ဒီဃာဝု ... ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းကုန်။

ချစ်သား ဒီဃာဝု ... ရန်တုံ့မမူမှသာလျှင် ရန်တို့သည် ငြိမ်းကုန်၏' - ဟု ငါ့ကို ပြောဆိုမှာထားခဲ့၏။ ငါသည် ခမည်းတော်၏ စကားကို လွန်ဆန်ခြင်းငှါ မသင့် "

- ဟု ကြံလျက် သန်လျက်အိမ်၌ သန်လျက်ကို ပြန်သွင်းလေ၏။

ထိုသို့ သုံးကြိမ်တိုင်တိုင် ဒီဃာဝုမင်းသားသည် သန်လျက်ကို ဆွဲထုတ်လိုက် ပြန်သွင်းလိုက် လုပ်လေ၏။

<u>ပြေငြိမ်းမှု ပြုလုပ်ကြခြင်း</u> ။ ။ ထိုအခါ ကာသိမင်းကြီးသည် ကြောက်ရွံ့ထိတ်လန့် စိတ်မသန့်ဘဲ တဖျပ်ဖျပ်လန့်သည် ဖြစ်၍ အဆောတလျင် ထလေ၏။ ဒီဃာဝုမင်းသားသည် ကာသိမင်းကြီးကို –

'အရှင်မင်းကြီး ... အဘယ်ကြောင့် အရှင်မင်းကြီးသည် ကြောက်ရွံ့ထိတ်လန့် စိတ်မသန့်ဘဲ တဖျပ်ဖျပ်လန့်သည်ဖြစ်၍ အဆောတလျင် ထဘိသနည်း'

– ဟု မေးမြန်းလေ၏။

'အချင်း လုလင် ... ယခုအခါ အိပ်မက်ထဲ၌ ငါ့ကို ဒီဃီတိကောသလ မင်းကြီး၏ သားဖြစ်သော ဒီဃာဝုမင်းသားက သန်လျက်ဖြင့်လိုက်သောကြောင့် ငါသည် ကြောက်ရွံ့ထိတ်လန့် စိတ်မသန့်ဘဲ တဖျပ်ဖျပ်လန့်သည်ဖြစ်၍ အဆောတလျင် ထ၏' – ဟု ဖြေလေ၏။

ထိုအခါ ဒီဃာဝုမင်းသားသည် လက်ဝဲလက်ဖြင့် ကာသိမင်းကြီး၏ ဦးခေါင်းကို ကိုင်၍ လက်ျာလက်ဖြင့် သန်လျက်ကို ထုတ်ကာ ကာသိမင်းကြီးကို –

'ကာသိမင်း ... ဒီဃီတိကောသလမင်း၏ သားဖြစ်သော ထိုဒီဃာဝု မင်းသားသည်ကား ငါပင်တည်း။ သင်သည် ငါတို့၏ အကျိုးမဲ့ကို များစွာပြု၏။ ငါတို့၏ ရဲမက် ဗိုလ်ပါ၊ ဆင်၊ မြင်း၊ ရထားနှင့် ဇနပုဒ်ကိုလည်းကောင်း၊ ဘဏ္ဍာတိုက် နှင့် ကျီကြကိုလည်းကောင်း လုယက်ဖျက်ဆီး၏။ ငါ၏ အမိအဖတို့ကိုလည်း သတ်၏။ ဤအခါသည်ကား ငါရန်တုံ့မူရမည့် အခါတည်း' – ဟု ပြောဆိုလေ၏။

ထိုအခါ ပြဟ္မဒတ်မည်သော ကာသိမင်းကြီးသည် ဒီဃာဝုမင်းသား၏ ခြေတို့၌ ဦးခိုက်၍ –

'ချစ်သား ဒီဃာဝု ... ငါ၏ အသက်ကို ပေးပါလော့။ ချစ်သား ဒီဃာဝု ... ငါ၏ အသက်ကို ပေးပါလော့' – ဟု တောင်းပန်လေ၏။

ထိုအခါ ဒီဃာဝုမင်းသားသည် ကာသိမင်းကြီးကို –

'အကျွန်ုပ်သည် အရှင်မင်းကြီး၏ အသက်ကို ပေးခြင်းငှါ အဘယ်မှာ တတ်နိုင်ပါအံ့နည်း။ အရှင်မင်းကြီးသည်သာလျှင် အကျွန်ုပ်၏ အသက်ကို ပေးနိုင်ရာ၏ ' – ဟု ပြောဆိုလိုက်လေ၏။

'ချစ်သား ဒီဃာဝု ... သို့ဖြစ်လျှင် သင်သည်လည်း ငါ၏အသက်ကို ပေးလော့။ ငါသည်လည်း သင်၏ အသက်ကိုပေးအံ့'

- ဟု ပြောပြီးလျှင် ကာသိမင်းကြီးနှင့် ဒီဃာဝုမင်းသားတို့သည် အချင်းချင်း အသက်ကိုပေးကုန်၏။ လက်ကိုလည်း ဆွဲကိုင်ကုန်၏။ အချင်းချင်း မပြစ်မှားရန် ကတိသစ္စာ ကျိန်ဆိုခြင်းကိုလည်း ပြုကုန်၏။ ထို့နောက် ကာသိမင်းကြီးနှင့် ဒီဃာဝုမင်းသားတို့သည် ပျော်ရွှင်စွာဖြင့် နန်းတော်သို့ ပြန်ခဲ့ကြလေကုန်၏။

<u>ဦးခေါင်းကို ဖြတ်မယ်</u> ။ ။ နန်းတော်သို့ ရောက်လျှင် ကာသိမင်းသည် အမတ်ပရိသတ်တို့ကို စည်းဝေးစေ၍ -

'အချင်းတို့ ... ဒီဃီတိကောသလမင်း၏ သားဖြစ်သော ဒီဃာဝုမင်းသားကို တွေ့မြင်လျှင် အသို့ ပြုကုန်အံ့နည်း' - ဟု မေးမြန်းလေ၏။

အချို့သော အမတ်တို့က 'လက်ကို ဖြတ်ပါကုန်အံ့'၊

အချို့က 'ခြေကို ဖြတ်ပါကုန်အံ့'၊

အချို့က 'နားတို့ကို ဖြတ်ပါကုန်အံ့' ၊

အချို့တို့က 'နှာခေါင်းတို့ကို ဖြတ်ပါကုန်အံ့'၊

အချို့တို့က 'နား၊ နှာခေါင်းတို့ကို ဖြတ်ပါကုန်အံ့'၊

အချို့တို့က 'ဦးခေါင်းကို ဖြတ်ပါကုန်အံ့'- ဟု ပြောဆိုကြလေကုန်၏။

ထိုအခါ ကာသိမင်းကြီးသည် အမတ်တို့ကို -

'အချင်းတို့ ... ဤသူသည်ကား ဒီဃီတိကောသလမင်း၏ သားဖြစ်သော ဒီဃာဝုမင်းသားတည်း။ ဤမင်းသားကို တစ်စုံတစ်ခုသော အမှုကိုမျှ ပြုရန် မရတော့ပြီ။ ဤမင်းသားသည်လည်း ငါ့အား အသက်ကို ပေးခဲ့ပြီ။ ငါသည်လည်း ဤမင်းသားအား အသက်ကို ပေးခဲ့ပြီ '

- ဟု ပြောဆိုလိုက်လေတော့၏။

<u>**မှာတမ်းကို ရှင်းပြခြင်း ။**</u> ။ ထို့နောက် ကာသိမင်းကြီးသည် ဒီဃာဝုမင်းသားကို –

"ချစ်သား ဒီဃာဝု ... သင်၏အဖသည် သေခါနီးအခါ၌ – 'ချစ်သား ဒီဃာဝု ... သင်သည် အရှည်ကို မကြည့်လင့်။ အတိုကိုလည်း မကြည့်လင့်။ ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းကုန်။ ရန်တုံ့မမူမှသာလျှင် ရန်တို့သည် ငြိမ်းကုန်၏' – ဟု မှာထားခဲ့၏။ သင်၏ အဖသည် အဘယ်ကို ရည်၍ မှာထားခဲ့ပါသနည်း"

– ဟု မေးလေ၏။

ထိုအခါ ဒီဃာဝုမင်းသားသည် ကာသိမင်းကြီးအား ဤသို့ ပြောကြားလေ၏။

'အရှင်မင်းကြီး ...

အရှည်ကို မကြည့်လင့် ဟူသည်ကား – ရှည်မြင့်စွာ ရန်ကို မပြုလင့်ဟု မှာထားခြင်း ဖြစ်သည်။

အတိုကို မကြည့်လင့် ဟူသည်ကား – အဆွေခင်ပွန်းတို့နှင့် လျင်မြန်စွာ မိတ်မပျက်စေလင့်ဟု မှာထားခြင်း ဖြစ်ပါသည်။

ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းကုန်။ ရန်တုံ့မမူမှသာလျှင် ရန်တို့သည် ငြိမ်းကုန်၏ ဟူသည်ကား အရှင်မင်းကြီးသည် အကျွန်ုပ်၏ အမိအဖတို့ကို သတ်သည်ဟု အကယ်၍ အကျွန်ုပ်က မင်းကြီးကို သတ်ငြားအံ့၊ မင်းကြီး၏ အကျိုးကို အလိုရှိကုန်သောသူတို့သည် အကျွန်ုပ်ကို သတ်ကုန်ရာ၏။ တစ်ဖန် အကျွန်ုပ်၏ အကျိုးကို အလိုရှိသောသူတို့သည်လည်း ထိုသူတို့ကို သတ်ကုန်ရာ၏။ ဤသို့ သတ်သည်ရှိသော် ထိုရန်သည် ရန်တုံ့မူသဖြင့် မငြိမ်းနိုင်ရာ။

ယခုအခါမူ အရှင်မင်းကြီးသည် အကျွန်ုပ်အား အသက်ကိုပေး၏။ အကျွန်ုပ်ကလည်း အရှင်မင်းကြီးအား အသက်ကို ပေး၏။ ဤသို့ ပေးသဖြင့် ထိုရန်သည် ရန်တုံ့မမူသဖြင့် ငြိမ်း၏။

ဤသည်ကိုရည်၍ ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းရာ။ ရန်တုံ့မမူမှသာလျှင် ရန်တို့ ငြိမ်းကုန်၏ ဟု မှာထားခြင်း ဖြစ်ပါသည် '

– ဟု လျှောက်ထားလေ၏။

<u>သမီးကို ပေးခြင်း</u> ။ ။ ထိုအခါ ပြဟ္မဒတ်မည်သော ကာသိမင်းသည် -

'အချင်းတို့ ... အံ့ဖွယ်ရှိစွတကား။
အချင်းတို့ ... မဖြစ်ဖူးမြဲ ဖြစ်စွတကား။
ဤဒီဃာဝုမင်းသားသည် အလွန်ပညာရှိ၏။ အကျဉ်းချုပ် အဖမှာထားခဲ့သော စကား၏ အဓိပ္ပါယ်ကို အကျယ်အားဖြင့် သိပေ၏'

- ဟူ၍ အားရဝမ်းသာ ချီးမွမ်းစကား ပြောကြားလေ၏။

ထို့နောက် ပြဟ္မဒတ်မည်သော ကာသိမင်းသည် ဒီဃာဝုမင်းသားအား အဖ၏ဥစ္စာဖြစ်သော ခြေသည်သူရဲ၊ ရဲမက်ဗိုလ်ပါ၊ ဆင်၊ မြင်း၊ ရထားနှင့် ဇနပုဒ်ကိုလည်းကောင်း၊ ဘဏ္ဍာတိုက်နှင့် ကျီကြကိုလည်းကောင်း ပြန်၍ပေးသည့်ပြင် သမီးကိုလည်း ပေးလေ၏။

<u>သုံးကြိမ်မြောက် ဆုံးမခြင်း</u> ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ထိုသို့ ဒီဃာဝုဝတ္ထုကို ဆောင်၍ ဟောကြားတော်မူပြီးနောက် ခိုက်ရန်ဖြစ်ကြသော ရဟန်းတို့ကို -

'ရဟန်းတို့ ... တုတ်ကိုဆောင်ကုန်သော၊ ဓားလက်နက်ကို ဆောင်ကုန်သော ထိုမင်းတို့အားသော်မှလည်း ဤသို့သဘောရှိသော သည်းခံခြင်း၊ နှစ်သက်ခြင်းသည် ဖြစ်တုံဘိသေး၏။ ရဟန်းတို့ ... သင်တို့သည် ဤသို့ ကောင်းစွာဟောကြားအပ်သော ဤသာသနာတော်၌ ရဟန်းပြုလျက် သည်းခံသူ၊ နှစ်သက်သူ ဖြစ်ထိုက်သည့် အားလျော်စွာ သည်းခံခြင်း၊ နှစ်သက်ခြင်းတို့ဖြင့် တင့်တယ်ကုန်လော့' ဟု မိန့်ကြားတော်မူပြီးနောက် ဤသို့ မိန့်ကြားတော်မူ၏။

'ရဟန်းတို့ ... မသင့်တော်။ ငြင်းခုံခြင်း မပြုကုန်လင့်။ ခိုက်ရန် မပြုကုန်လင့်။ ထိပါးနှောင့်ယှက် ဆန့်ကျင်ဖက် မပြုကုန်လင့်'- ဟု သုံးကြိမ်မြောက် မိန့်တော်မူ၏။

ထိုအခါ အဓမ္မဝါဒီ ရဟန်းသည် မြတ်စွာဘုရားကို -

'မြတ်စွာဘုရား ... တရားရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆိုင်းငံ့တော်မူပါလော့။ မြတ်စွာဘုရားသည် မျက်မှောက်ချမ်းသာရေးကို အားထုတ်

လျက် ကြောင့်ကြမဲ့နေတော်မူပါလော့။ တပည့်တော်တို့သည် ထိုငြင်းခုံခြင်း၊ ခိုက်ရန်ပြုခြင်း၊ ထိပါးနှောင့်ယှက် ဆန့်ကျင်ဘက် ပြုခြင်းဖြင့် ထင်ရှားပါကုန်အံ့'

– ဟု သုံးကြိမ်တိုင်အောင် လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် –

'ဤမဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် ဆုံးမခြင်းမှ ကုန်ဆုံးခြင်း သဘောရှိကုန်၏။ ဆုံးမ၍ မရတော့ကုန်။ ဤရဟန်းတို့ကို သိစေရန် မလွယ်ကူ'

– ဟု နှလုံးပိုက်လျက် နေရာမှထကာ ဖဲ၍ကြွသွားတော်မူလေ၏။

( ဝိ – ၃ – ၄၈၇ / ၄၉၅။ မြန် – ၄၉၃ / ၅၀၂ )

## ဒီဃာဝုဝတ္ထုလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ရန်ငြိမ်းစေမှု၊ | ဒီဃာဝု၊ | သတ္တုပြောလေပြီ။ |
| ၂။ | ကာသိ,ကောသလ၊ | နှစ်မင်းပ၊ | ဗုဒ္ဓထုတ်ဆောင်ပြီ။ |
| ၃။ | ကာသိမင်းကား၊ | ပြည်ဗာအား၊ | လွှမ်းထားအုပ်ချုပ်သည်။ |
| ၄။ | ကောသလရာဇ၊ | ကောတိုင်းမှာ၊ | ကောင်းစွာ အုပ်ချုပ်သည်။ |
| ၅။ | ကာသိမင်းမှာ၊ | စစ်အားဟာ၊ | လွန်စွာကြီးမားသည်။ |
| ၆။ | ကောသလမှု၊ | စစ်အားဟူ၊ | လွန်မှုနည်းပါးသည်။ |
| ၇။ | စစ်အားရှိန်ပြင်း၊ | ကာသိမင်း၊ | စစ်ခင်းပါလေပြီ။ |
| ၈။ | ကောသလမင်း၊ | အင်အားချင်း၊ | မျှခြင်းမရှိပြီ။ |
| ၉။ | မိဖုရားခေါ် ကာ၊ | တိတ်တိတ်သာ၊ | ရှောင်ခွါပြေးလေပြီ။ |
| ၁၀။ | ပြည်ဗာရာဇာ၊ | ခွန်ဖွားကျ၊ | ဒေသရပ်ရှိသည်၊ |
| ၁၁။ | ပရိဗိုဇ်အသွင်၊ | ယူကာပင်၊ | ဝတ်ဆင်နေကြသည်။ |
| ၁၂။ | ကာသိဘုရင်၊ | နှစ်တိုင်းပင်၊ | အောင်မြင်အုပ်ချုပ်သည်။ |
| ၁၃။ | ကောသလမင်းအား၊ | မိဖုရား၊ | ပေါ်ပါးမရှိပြီ။ |

၁၄။ ကိုယ်ဝန်လွယ်ထား၊ ချင်ခြင်းအား၊ တပ်ကြားပါလေပြီ။
၁၅။ အင်္ဂါလေးဖြာ၊ စစ်သည်ပါ၊ ကောင်းစွာကြည့်ချင်သည်။
၁၆။ ဓားသန်လျက်ကို၊ ဆေးရည်ကို၊ လွန်ကိုသောက်ချင်သည်။
၁၇။ ပုရောဟိတ်ပုဏ္ဏား၊ ချင်ခြင်းအား၊ ဖြည့်ကြားပေးလေသည်။
၁၈။ မကြာမီမှာ၊ သားပုတ္တာ၊ ဖွားကာလာလေပြီ။
၁၉။ ဒီဃာဝုဟု၊ အမည်ပြု၊ ခေါ် မှုပြုစေသည်။
၂၀။ သိကြားလိမ္မာ၊ အရွယ်ပါ၊ ဒီဃာရောက်ခဲ့ပြီ။
၂၁။ ကာသိရာဇ၊ သိလေက၊ မချသတ်နိုင်သည်။
၂၂။ သုံးယောက်စလုံး၊ သက်တွေပြုန်း၊ ဆုံးရှုံးမသင့်ပြီ။
၂၃။ ဒီဃာဝုမင်းသား၊ မြို့ပြင်အား၊ ပို့ထားနေစေပြီ။
၂၄။ တတ်သင့်ရာရာ၊ တတ်ပညာ၊ ဒီဃာသင်ထားပြီ။
၂၅။ ကာသိရာဇာ၊ တစ်နေ့မှာ၊ သိပါလေတော့သည်။
၂၆။ မင်းနှင့် မိဖုရား၊ နှစ်ပါးအား၊ ထင်ရှားသတ်စေပြီ။
၂၇။ သေခါနီးကြား၊ ဒီဃာအား၊ မှာထားခဲ့လေပြီ။
၂၈။ အရှည်ကိုပါ၊ တိုကိုပါ၊ ကြည့်ရာ မသင့်ပြီ။
၂၉။ ရန်ကိုရန်ကား၊ တုံ့ပြန်ကြား၊ ရန်ကားမငြိမ်းပြီ။
၃၀၊ ရန်မတုံ့မှ၊ ရန်တွေပ၊ မချငြိမ်းလေသည်။
၃၁။ မှာပြီးသောခါ၊ မင်းနှစ်ဖြာ၊ သေရွာလိုက်ရပြီ။
၃၂။ သင်္ဂြိုဟ်ပြီးရာ၊ ဆင်ဆဲရာ၊ ဒီဃာချဉ်းကပ်ပြီ။
၃၃။ အသံသာသာ၊ သီဆိုကာ၊ စောင်းပါတီးလေပြီ။
၃၄။ ကာသိရာဇ၊ ရှေ့တွင်ပ၊ ဆိုပြစေလေပြီ။
၃၅။ သဘောကျကြား၊ ဒီဃာအား၊ အနားခေါ် ထားပြီ။
၃၆။ မကြာမီမူ၊ ရင်းနှီးဟူ၊ တွင်းလျှုဖြစ်လေပြီ။
၃၇။ သမင်တောကို၊ စိတ်ကကို၊ သွားလိုပါ၍သည်၊
၃၈။ ကာသိမင်းသျှင်၊ ရထားပင်၊ ပြင်ဆင်ခိုင်းလေပြီ။
၃၉။ ပြင်ဆင်ပြီးရာ၊ နှစ်ဦးသာ၊ ထွက်ခွါလာခဲ့ပြီ။

၄၀။ အရှိန်ပြင်းကာ၊ လွန်မြန်စွာ၊ ဒီဃာမောင်းခဲ့ပြီ။
၄၁။ အဝေးနေရာ၊ ရောက်သောခါ၊ ရာဇာမောလေပြီ။
၄၂။ ဒီဃာပေါင်ပေါ်၊ ကာသိနှော်၊ အိပ်ပျော်သွားလေပြီ။
၄၃။ ကလဲ့စားချေရာ၊ အချိန်ပေါ၊ အခါသင့်ခဲ့ပြီ။
၄၄။ ဓားဖြင့်ပိုင်းမှာ၊ လက်မြှောက်ရာ၊ အမှာကြားယောင်ပြီ။
၄၅။ ဓားကိုပြန်ချ၊ တွေးမိပ၊ ဒေါသပြန်ဖြစ်သည်။
၄၆။ အရွယ်သုံးကြိမ်၊ ချသုံးကြိမ်၊ ဒေါရှိန်မြင့်ခဲ့သည်။
၄၇။ သုံးကြိမ်အပြီး၊ ကာမင်းကြီး၊ နိုးပြီးလာခဲ့ပြီ။
၄၈။ ကောသလရာဇာ၊ သားပုတ္တာ၊ ဒီဃာမင်းသားသည်၊
၄၉။ သန်လျက်ကိုင်ကာ၊ ငါ့နောက်မှာ၊ လိုက်လာသောကြောင့်သည်၊
၅၀။ ငါ၏စိတ်ဓာတ်၊ တဖျပ်ဖျပ်၊ ဖတ်ဖတ်မောရပြီ။
၅၁။ ဓားဖြင့်ရွယ်ကာ၊ ခေါင်းကိုင်ကာ၊ ဒီဃာငါဖြစ်သည်။
၅၂။ ငါ့မိဘအား၊ သင်မှုကား၊ သတ်ဖြားခဲ့လေပြီ။
၅၃။ ဤအချိန်ဟာ၊ ကလဲ့ပေါ၊ ချေရာချိန်ဖြစ်သည်။
၅၄။ ဒီဃာခြေရင်း၊ ကာသိမင်း၊ ဝပ်စင်းပါလေပြီ။
၅၅။ အသက်ကိုသာ၊ ချမ်းသာရာ၊ ပေးပါတောင်းလေပြီ။
၅၆။ သက်ပေးနိုင်တာ၊ မင်းကြီးပါ၊ ဒီဃာပြောလေပြီ။
၅၇။ ငါ့သက်မင်းပေး၊ ငါပြန်ပေး၊ သက်ပေးဆောင်ကြပြီ။
၅၈။ ထပ်၍တစ်ခါ၊ မမှားရာ၊ ကျိန်စာဆိုကြပြီ။
၅၉။ ရန်တုံ့မမူ၊ လက်ငင်းဟူ၊ ရန်မူငြိမ်းကြပြီ။
၆၀။ သိမ်းပိုက်ထီးနန်း၊ စိတ်ရွှင်လန်း၊ ပြန်အမ်းပေးလိုက်ပြီ။
၆၁။ သမီးကိုပါ၊ အဆစ်ပါ၊ ထည့်ကာပေးလေသည်။
၆၂။ အာဃာမကိန်း၊ မေတ္တာကိန်း၊ ပြေငြိမ်းကြလေပြီ။
၆၃။ လက်နက်ကိုင်ခြင်း၊ ဓားကိုင်ခြင်း၊ လူမင်းများတို့သည်၊
၆၄။ သည်းခံကြဘိ၊ ငြိမ်းချမ်းထိ၊ ရရှိတုံသေးသည်။
၆၅။ ရဟန်းဖြစ်ငြား၊ သင်တို့ကား၊ ဘာများမရပြီ။

၆၆။ သည်းခံကြပါ၊ ငြိမ်းချမ်းပါ၊ မြတ်စွာမိန့်လေပြီ။
၆၇။ ဆုံးမရ၊ နေရာမှ၊ ဗုဒ္ဓဖဲခွါပြီ။

ဒီဃာဝုဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။



# တရားဂါထာရွတ်ဆိုတော်မူခြင်းလာ ကိုယ်ကျင့်တရားများ

**တရားဂါထာများ ။** ။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူကာ ကောသမ္ဗီမြို့သို့ ဆွမ်းခံဝင်တော်မူ၏။ ကောသမ္ဗီမြို့၌ ဆွမ်းခံလှည့်လည်ပြီး၍ ဆွမ်းစားပြီးနောက် ဆွမ်းစားရာမှ ဖဲလျက် အိပ်ရာနေရာကို သိမ်းဆည်းတော်မူပြီးလျှင် သပိတ်သင်္ကန်းကို ယူ၍ ငြင်းခုံခိုက်ရန် ဖြစ်နေကြသော သံဃာ့အလယ်၌ ရပ်တော်မူလျက်သာလျှင် ဤဂါထာတို့ကို ရွတ်ဆို တော်မူ၏။

၁။ ဤခိုက်ရန်ဖြစ်ပွားသော ရဟန်းအားလုံးသည် ကျယ်လောင်ဆူညံသော အသံရှိ၏။ အားလုံးထပ်တူပင်ဖြစ်၏။ တစ်စုံတစ်ယောက်မျှ ငါမိုက်မဲစွဟု မအောက်မေ့။ ထို့ပြင်လည်း ငါ့ကြောင့် သံဃာကွဲပြား၏ ဟူသော အကြောင်း ကိုလည်း မအောက်မေ့။

၂။ သတိလွတ်ကင်း၍ ပညာရှိယောင်ဆောင်သော ရဟန်းတို့သည် ခံတွင်း ကျယ်ပြန့်လိုသလောက် ကျယ်ကာ စကားဆို၍သာ နေကြကုန်၏။ ယင်းသို့ ခိုက်ရန်ဖြစ်ပွားနေသဖြင့် ဤအရှက်မဲ့သည်၏ အဖြစ်သို့ ရောက်သွားသည် ကိုကား မသိကြကုန်။

၃။ ဤသူသည် ငါ့ကို ဆဲရေး၏။ ဤသူသည် ငါ့ကို နှိပ်စက်၏။ ဤသူသည် ငါ့ကို အောင်နိုင်၏။ ဤသူသည် ငါ၏ဥစ္စာကို ဆောင်၏ဟု ရန်ငြိုးဖွဲ့သူ တို့အား ရန်မငြိမ်းနိုင်။

၄။ ဤသူသည် ငါ့ကို ဆဲရေး၏။ ဤသူသည် ငါ့ကို နှိပ်စက်၏။ ဤသူသည် ငါ့ကို အောင်နိုင်၏။ ဤသူသည် ငါ၏ဥစ္စာကို ဆောင်၏ဟု ရန်ငြိုး မဖွဲ့သူတို့အား ရန်ငြိမ်း၏။

၅။ ဤလောက၌ ရန်တို့မည်သည် ရန်တုံ့မူသဖြင့် တရံတဆစ်မျှ မငြိမ်းနိုင်ကုန်။ ရန်တုံ့မမူမှသာလျှင် ငြိမ်းကုန်၏။ ဤသဘောတရားသည် ရှေးသူဟောင်းတို့၏ သဘောတရားပေတည်း။

၆။ ဤသံဃာ့အလယ်၌ ပညာမရှိသော ရဟန်းတို့သည် သေမင်းအထံသို့ ငါတို့ လားရကုန်အံ့ဟု မသိကုန်။ ထိုသံဃာ့အလယ်၌ သိသောရဟန်းတို့အား ထိုသို့ သိခြင်းကြောင့် ငြင်းခုံခြင်းတို့သည် ငြိမ်းကုန်၏။

၇။ အမိအဖတို့၏ အရိုးကိုဖြတ်၍ အသက်ကိုသတ်ပြီးလျှင် နွား၊ ကျွဲ၊ ဆင်၊ မြင်း၊ ဥစ္စာကို ဆောင်လျက် တိုင်းနိုင်ငံကို လုယက်ဖျက်ဆီးသော ရန်သူ တို့အားသော်လည်း စေ့စပ်ညီညွတ်ခြင်း ဖြစ်နိုင်တုံသေး၏။ အဘယ်ကြောင့် သင်တို့အား မဖြစ်နိုင်ရာသနည်း။

၈။ သတိရှိသူသည် အတူကျင့်ဖော်ဖြစ်သော၊ ကောင်းစွာနေလေ့ရှိသော၊ တည်တံ့ သော သမာဓိရှိသော၊ ရင့်ကျက်သော ပညာရှိသော အပေါင်းအဖော်ကို အကယ်၍ ရငြားအံ့ - အလုံးစုံသော ဘေးရန်တို့ကို လွှမ်းမိုးနှိပ်စက်၍ ထိုအပေါင်းအဖော်နှင့် အတူတကွ နှစ်လိုဝမ်းသာ ကျင့်ရာ၏။

၉။ အတူကျင့်ဖော်ဖြစ်သော၊ ကောင်းစွာနေလေ့ရှိသော၊ တည်တံ့သော သမာဓိ ရှိသော၊ ရင့်ကျက်သော ပညာရှိသော အပေါင်းအဖော်ကို အကယ်၍ မရငြားအံ့ - တိုင်းပြည်နိုင်ငံကို စွန့်၍ ရသေ့ရဟန်းပြုသော မဟာဇနကမင်း၊ အရိန္ဒမမင်းကဲ့သို့လည်းကောင်း၊ မာတင်္ဂအမျိုး၌ဖြစ်သော ဆင်ပြောင်ကြီး ကဲ့သို့လည်းကောင်း တောမြိုင်ကြီး၌ တစ်ယောက်တည်း ကျင့်ရာ၏။

၁၀။ တစ်ယောက်ထီးတည်း ကျင့်ရခြင်းသည် မြတ်၏။ သူမိုက်၌ အပေါင်းအဖော် ဖွဲ့ရခြင်းကား မြတ်သည်မရှိ။ မာတင်္ဂအမျိုး၌ ဖြစ်သော ဆင်ပြောင်ကြီးသည် တောမြိုင်ကြီး၌ ကြောင့်ကြမဲ့နေသကဲ့သို့ တစ်ယောက်ထီးတည်း နေရာ၏။ မကောင်းမှုကို မပြုရာ။

- ဟု ရွတ်ဆိုတော်မူ၏။

( ဝိ - ၃ - ၄၉၅ / ၆ ။ မြန် - ၅၀၂/၃ )

## တရားဂါထာရွတ်ဆိုခြင်း၌ ဆောင်ရန်လင်္ကာများ

၁။ ခိုက်ရန်ဖြစ်ကြ၊ ဆိုဆုံးမ၊ မရကြံ့လေပြီ။
၂။ ကောသမ္ဗီမြို့မှာ၊ လှည့်လည်ကာ၊ မြတ်စွာဆွမ်းခံသည်။
၃။ ဆွမ်းစားပြီးခါ၊ ငြင်းခုံရာ၊ သံဃာလယ်သို့သည်၊
၄။ ဘုရားမြတ်စွာ၊ ကြွရပ်ကာ၊ ဂါထာရွတ်ဆိုပြီ။
၅။ မိုက်တိမိုက်ကန်း၊ ဒေါဖောင်းရမ်း၊ ရဟန်းများတို့သည်၊
၆။ အာရင်းအာဘောင်၊ သံသေးကြောင်၊ ကျယ်လောင်ငြင်းကြသည်။
၇။ လွန်စွာမှားတတ်၊ မိုက်မဲလတ်၊ အမှတ်မရပြီ။
၈။ ငါ၏ကြောင့်သာ၊ များသံဃာ၊ ကွဲတာမသိပြီ။
၉။ စကားချဲ့ကာ၊ ကျယ်လောင်စွာ၊ ပြောကာနေခြင်းသည်၊
၁၀။ ရှက်ဖွယ်အတိ၊ ကောင်းလှဘိ၊ အသိမရှိပြီ။
၁၁။ ငါ့အပေါ် မှာ၊ နိုင်ယူတာ၊ ဘယ်ခါမကျေပြီ။
၁၂။ ငြိုးနေသမျှ၊ ရန်တွေပ၊ ငြိမ်းရမရှိပြီ။
၁၃။ ရန်မငြိုးမူ၊ ရန်တွေပ၊ ငြိမ်းကြရပေမည်။
၁၄။ ရန်တုံ့အမှန်း၊ မတုံ့ပြန်း၊ ရှေးထုံးဖြစ်လေသည်။
၁၅။ သေမင်းထံပေ၊ တို့တစ်တွေ၊ သွားနေမသိပြီ။
၁၆။ သိကြလေမူ၊ ငြင်းခုံဟူ၊ ဘယ်မူမဖြစ်ပြီ။
၁၇။ မင်းနှင့်မင်းမူ၊ သတ်ကြဟူ၊ ရန်သူမင်းတို့သည်၊
၁၈။ စေ့စပ်တစ်ဖို၊ ညီညွတ်ကျန်၊ ဖြစ်တုံနိုင်သေးသည်။
၁၉။ ရဟန်းတို့အား၊ ဘာကြောင့်များ၊ ရန်များနေရသည်။
၂၀။ သိက္ခာရှိရာ၊ ဖော်ကိုသာ၊ ရပါကောင်းမြတ်သည်။
၂၁။ ဘေးရန်ကိုရှင်း၊ ကြည်နူးခြင်း၊ ပေါင်းသင်းကြရမည်။
၂၂။ မရလေပါ၊ ကိုယ့်ချည်းသာ၊ ကောင်းစွာနေရမည်။
၂၃။ လူမိုက်ကိုထင်း၊ ရှောင်လေမင်း၊ ပေါင်းခြင်း မသင့်ပြီ။
၂၄။ ဆင်ပြောင်ကြီးဟာ၊ တစ်စီးသာ၊ တောမှာနေလေပြီ။

၂၅။ ဆင်ပြောင်ပမာ၊ မြိုင်တောမှာ၊ ကျင့်ကာနေရမည်။
၂၆။ မကောင်းမှုမှာ၊ မပြုရာ၊ ကောင်းသာပြုရမည်။
၂၇။ တရားဂါထာ၊ သိဖို့ရာ၊ မြတ်စွာရွတ်လေသည်။

တရားဂါထာရွတ်ဆိုတော်မူခြင်းနှ င့် ကိုယ်ကျင့်တရားများ ပြီး၏။



## အရှေ့ဝါးတောသို့ ကြွတော်မူခြင်းလာ ကိုယ်ကျင့်တရားများ

အရှင်ဘဂု ။ ။ ထိုအခါ မြတ်စွာဘုရားသည် သံဃာ့အလယ်၌ ရပ်တော်မူ၍သာလျှင် ထိုဂါထာတို့ကို ရွတ်ဆိုတော်မူပြီးနောက် ဗာလကလောဏကာရွာ၌ တစ်ပါးတည်းနေသော အရှင်ဘဂုထံသို့ ချဉ်းကပ်၍ အရှင်ဘဂုအား တရားစကားဖြင့် ထက်သန်ရွှင်လန်းစေပြီး အရှေ့ဝါးတောသို့ ချဉ်းကပ်တော်မူ၏။

အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလ ။ ။ ထိုစဉ်အခါ၌ အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလတို့သည် အရှေ့ဝါးတော၌ နေကုန်၏။ မြတ်စွာဘုရားသည် ထိုအရှင်မြတ်တို့ထံသို့ ချဉ်းကပ်၍ ထိုအရှင်မြတ်တို့ကို–

'အနုရုဒ္ဓါတို့ ... သင်တို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်း မရှိကြဘဲ နို့နှင့်ရေကဲ့သို့ဖြစ်၍ အချင်းချင်း ချစ်ဖွယ်သော မျက်စိတို့ဖြင့် ကောင်းစွာကြည့်ကုန်လျက် နေကုန်၏လော'

– ဟု မေးတော်မူ၏။

'နေပါကုန်၏'– ဟု လျှောက်လေ၏။

'အညီအညွတ် အဘယ်သို့ နေကုန်သနည်း' – ဟု မေးတော်မူပြန်လေ၏။

ညီညွတ်စွာ နေကြပုံ ။ ။ ထိုအခါ အရှင်အနုရုဒ္ဓါတို့သည် မြတ်စွာဘုရားကို ဤသို့ လျှောက်ထားကြလေကုန်၏။

'ရှင်တော်ဘုရား ... ဤတော၌နေသော တပည့်တော်အား –

ငါသည် အရတော်စွတကား ...

ငါသည် ကောင်းစွာ ရအပ်ပေသည်တကား ...

ငါသည် ဤသို့သဘောရှိသော သီတင်းသုံးဖော်တို့နှင့် အတူနေရပေသည် တကား ...

– ဟု အကြံဖြစ်ပါ၏။

ရှင်တော်ဘုရား ... တပည့်တော်အား ဤအရှင်တို့၌ မေတ္တာကာယကံကို မျက်မှောက်၌လည်းကောင်း၊ မျက်ကွယ်၌လည်းကောင်း ဆောက်တည်ပါ၏။ မေတ္တာဝစီကံ၊ မေတ္တာမနောကံကို မျက်မှောက်၌လည်းကောင်း၊ မျက်ကွယ်၌လည်းကောင်း ဆောက်တည်ပါ၏။

ရှင်တော်ဘုရား ... တပည့်တော်အား မိမိ၏စိတ်ကို ထား၍ ဤအရှင်တို့၏ စိတ်အလိုဖြင့်သာလျှင် ကျင့်ရမှု ကောင်းရာ၏ ဟု အကြံဖြစ်ပါ၏။

ရှင်တော်ဘုရား ... တပည့်တော်သည် မိမိစိတ်ကိုထား၍ ဤအရှင်တို့၏ စိတ်ဖြင့်သာလျှင် ကျင့်ပါ၏။

ရှင်တော်ဘုရား ... တပည့်တော်တို့အား ကိုယ်တို့သာ ကွဲပြားပါကုန်၏။ စိတ်သည်ကား တစ်ခုတည်းကဲ့သို့ ဖြစ်ပါ၏'

- ဟု လျှောက်ထားလေ၏။

အရှင်နန္ဒိယသည်လည်းကောင်း၊ အရှင်ကိမိလသည်လည်းကောင်း ထို့အတူ လျှောက်ထားကြလေကုန်၏။

ထို့နောက် မြတ်စွာဘုရားသည် -

'အနုရုဒ္ဓါတို့ ... သင်တို့သည် မမေ့မလျော့ဘဲ ပြင်းထန်သော လုံ့လဝီရိယရှိလျက် နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ရှိသည်ဖြစ်၍ နေကုန်၏လော'

- ဟု မေးတော်မူရာ အရှင်အနုရုဒ္ဓါတို့က -

'နေပါကုန်၏' - ဟု လျှောက်ထားကြလေ၏။

( ဝိ - ၃ - ၄၉၅ / ၄၉၉။ မြန် - ၅၀၃ / ၅၀၆ )

## အရှေ့ဝါးတောသို့ ကြွတော်မူခြင်း၌ ဆောင်ရန်လင်္ကာများ

၁။ တရားဂါထာ၊ ရွတ်ပြီးရာ၊ မြတ်စွာဘုရားသည်၊
၂။ ဗာလကလောဏကဂ္ဂာမှန်၊ ဘဂုထံ၊ ကြွပြန်ချီးမြှောက်သည်။
၃။ တစ်ပါးတည်းနေ၊ ကောင်းလှပေ၊ အားလေပေးလိုက်သည်။
၄။ ထိုမှစိတ်စော၊ ရှေ့ဝါးတော၊ ဗုဒ္ဓေါ ကြွပြန်ပြီ။
၅။ နုံ၊ နန်၊ ကိ ဟု၊ သုံးပါးစု၊ ခေါ် ပြုသူတို့သည်၊
၆။ ရှေ့ဝါးတောမှာ၊ ညီညွတ်ပါ၊ ကောင်းစွာနေကြသည်။
၇။ ညီညွတ်နေတာ၊ ဘယ်လိုဟာ၊ မြတ်စွာမေးလေပြီ။
၈။ ဤသို့အဖော်၊ ရှိတာနှော်၊ အရတော်လှသည်။
၉။ မျက်ကွယ်မျက်မှောက်၊ မေတ္တာရောက်၊ တည်ဆောက်နေကြသည်။
၁၀။ ကိုယ့်စိတ်အလို၊ ဘေးကိုဖြို၊ သူ့လိုလိုက်ကြသည်။
၁၁။ ကိုယ်သာကွဲပြား၊ စိတ်မူကား၊ တစ်သားတည်းဖြစ်ကြသည်။
၁၂။ နို့ရေပမာ၊ ညီညွတ်ပါ၊ ကောင်းစွာနေကြသည်။
၁၃။ ချစ်ခင်မျက်လုံး၊ ကြည့်မမှန်း၊ ရှင်ပြုံးနေကြသည်။
၁၄။ ထိုသုံးပါးစု၊ ညီညွတ်မှု၊ စံပြုနိုင်ကြသည်။
၁၅။ ညီညွတ်အောင်သာ၊ နေကြပါ၊ လွန်စွာချမ်းသာသည်။
၁၆။ ရန်တွေဖြစ်ကြ၊ ငြင်းခုံကြ၊ ဒုက္ခကြီးလှသည်။
၁၇။ များနှင့်နေရ၊ ညီညွတ်မှ၊ သောကကင်းဝေးမည်။
၁၈။ ကွဲပြားဖို့ကို၊ ယောင်လို့ကို၊ ပြုလိုမသင့်ပြီ။
၁၉။ ညီညွတ်ကြမှ၊ လူ့လောက၊ မချုတင့်တယ်မည်။

အရှေ့ဝါးတောသို့ ကြွတော်မူခြင်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

## ပါလိလေယျကတောသို့ ကြွတော်မူခြင်းလာ ကိုယ်ကျင့်တရားများ

မုဒ္ဒအကြံဖြစ်ပုံ ။ ။ ထိုအခါ မြတ်စွာဘုရားသည် အရှင်အနုရုဒ္ဓါ အရှင်နန္ဒိယ၊ အရှင်ကိမိလတို့ကို တရားကျင့်သုံးရန် ထက်သန်ရှင်လန်းစေပြီးနောက် နေရာမှ ထတော်မူပြီးလျှင် ပါလိလေယျကတောသို့ အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သည်ရှိသော် ပါလိလေယျကရွာသို့ ရောက်တော်မူ၍ ထိုပါလိလေယျကရွာ ရက္ခိတမည်သောတောအုပ်ရှိ အင်ကြင်းပင်ပျိုအနီး၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ ဆိတ်ငြိမ်ရာ၌ တစ်ပါးတည်း ကိန်းအောင်းနေသော မြတ်စွာဘုရားအား -

'ငါသည် ရှေးက မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဘက် ပြောကြားစကားများ၍ သံဃာ၌ အဓိကရဏ်းကို ပြုတတ်သော ထိုကောသမ္ဗီပြည်သား ရဟန်းတို့နှင့် ရောပြွမ်းသည်ဖြစ်၍ ချမ်းသာစွာ မနေခဲ့ရ။ ငါသည် ယခုအခါ၌ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဘက် ပြောကြား စကားများ၍ သံဃာ၌ အဓိကရဏ်းကို ပြုတတ်သော ထိုကောသမ္ဗီပြည်သား ရဟန်းတို့နှင့် ကင်းကွာ၍ အဖော်မပါ တစ်ပါးတည်း ချမ်းသာစွာ နေရပေ၏ '

- ဟု အကြံဖြစ်တော်မူ၏။

ဆင်ပြောင်ကြီး အကြံ ။ ။ ထိုအခါ တစ်ကောင်သော ဆင်ပြောင်ကြီးသည် ဆင်အပေါင်းမှ ဖဲခွါလျက် ပါလိလေယျကရွာ ရက္ခိတမည်သော တောအုပ်ရှိ အင်ကြင်းပင်ပျိုအနီး မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားအလို့ငှါ နှာမောင်းဖြင့် သောက်ရေနှင့် သုံးဆောင်ရန်ရေကို တည်ထား၏။ စိမ်းစိုသော မြက်သစ်ပင်တို့ကိုလည်း သုတ်သင်ရှင်းလင်း၏။

ထိုအခါ ထိုဆင်ပြောင်ကြီးအား -

'ငါသည် ရှေးက ဆင်ပေါက်၊ ဆင်မ၊ ဆင်ရွှေ၊ နို့စို့ဆင်ငယ်တို့နှင့် ရောပြွမ်းသည်ဖြစ်၍ ချမ်းသာစွာ မနေရ၊ အညွန့်ပြတ်သော မြက်တို့ကို စားရ၏။ ငါချိုး၍ချိုး၍ ချသော သစ်ခက်၊ သစ်ကိုင်းကိုလည်း အခြားဆင်တို့ စားကုန်၏။ ငါသည် နောက်သော ရေတို့ကိုလည်း သောက်ရ၏။ ရေဆိပ်သို့ သက်ဆင်းသော်လည်းကောင်း၊

ရေဆိပ်မှ တက်သော်လည်းကောင်း ဆင်မတို့သည် ငါ၏ကိုယ်ကို တိုးဝှေ့ကုန်လျက် သွားကုန်၏။ ထိုငါသည် ယခုအခါ၌ ဆင်ပေါက်၊ ဆင်မ၊ ဆင်ရွှေ၊ နို့စို့ဆင်ငယ်တို့ကို ကြဉ်ဖယ်ခဲ့၍ အဖော်မပါ တစ်ကောင်တည်းသာလျှင် ချမ်းသာစွာ နေရပေ၏'

– ဟု စိတ်အကြံဖြစ်လေ၏။

<u>ဥဒါန်းကျူးတော်မူခြင်း</u> ။ ။ ထို့နောက် မြတ်စွာဘုရားသည် မိမိ၏ အပေါင်းအဖော်မှ ကင်း၍ ဆိတ်ငြိမ်စွာ နေရခြင်းကိုလည်းကောင်း၊ ထိုဆင်ပြောင်ကြီး၏ စိတ်အကြံ ဖြစ်ပုံကိုလည်းကောင်း ကိုယ်တော်၏စိတ်ဖြင့် သိတော်မူ၍ ထိုအခိုက်ဝယ် –

'ငါသည် တစ်ပါးတည်း တော၌ မွေ့လျော်သကဲ့သို့ ဆင်ပြောင်ကြီးသည်လည်း တစ်စီးတည်း တော၌ မွေ့လျော်ပေရာ လှည်းဆောင်ရန်းနှင့်တူသော အစွယ်ရှိသော ဆင်ပြောင်ကြီး၏ စိတ်သည် ငါ၏စိတ်နှင့်တူ၏'

– ဟု ဥဒါန်းကျူးရင့်တော်မူလေ၏။

( ဝိ – ၃ – ၄၉၉ / ၅၀၀၊ မြန် – ၅၀၆ / ၇ )



## ပါလိလေယျကတောသို့ ကြွတော်မူခြင်း၌ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ရှေ့ဝီးတောမှ၊ | ထပ်၍ပ၊ | ဗုဒ္ဓမြတ်စွာသည်၊ |
| ၂။ | ပီလိဂီမ၊ | ရက္ခိတ၊ | ဝနကြွပြန်ပြီ။ |
| ၃။ | ရက္ခိတောတွင်၊ | အင်ကြင်းပင်၊ | မြတ်ရှင်နေလေပြီ။ |
| ၄။ | တစ်ပီးတည်းမှန်၊ | ဆိတ်ငြိမ်ပြန်၊ | အကြံဖြစ်လေပြီ။ |
| ၅။ | ရှေ့ကိုစိတ်တန်း၊ | ငြင်းကြမှန်း၊ | ရဟန်းများနှင့်သည်၊ |
| ၆။ | ရောပွမ်းခဲ့ရာ၊ | အဘယ်မှာ၊ | ချမ်းသာဖြစ်ပေမည်။ |
| ၇။ | ယခုအခါ၊ | တစ်ပီးသာ၊ | ချမ်းသာနေရသည်။ |
| ၈။ | ဆင်ပြောင်တစ်ရပ်၊ | ဘုရားမြတ်၊ | ချဉ်းကပ်လာခဲ့ပြီ။ |
| ၉။ | ဗုဒ္ဓအတွက်၊ | လိုအပ်ချက်၊ | ဆောင်ရွက်ပေးလေသည်။ |
| ၁၀။ | ဆင်ပြောင်၏ကား၊ | တိုက်ဆိုင်ပြန်၊ | စိတ်ကြံဖြစ်လေပြီ။ |
| ၁၁။ | ရှေ့အခါတုံ၊ | အရွယ်စုံ၊ | မျိုးစုံဆင်နှင့်သည်၊ |
| ၁၂။ | ရောရောနှောနှော၊ | နေရသော၊ | အမောဆိုက်ခဲ့သည်။ |
| ၁၃။ | ယခုအခါ၊ | ဖော်ကင်းကွာ၊ | ချမ်းသာနေရသည်။ |
| ၁၄။ | ဆင်ပြောင်စိတ်တွင်၊ | ဖြစ်ပုံအင်၊ | မြတ်ရှင်သိလေပြီ။ |
| ၁၅။ | ငါကိုယ်တော်ရော၊ | ဆင်ပြောင်ရော၊ | မြိုင်တောပျော်မွေ့သည်။ |
| ၁၆။ | ငါ၏နည်းတူ၊ | ဆင်ပြောင်ဟူ၊ | စိတ်မူတူကြပြီ။ |
| ၁၇။ | ဗုဒ္ဓမြတ်ရှင်၊ | ဥဒါန်းပင်၊ | ပျော်ရွှင်ကျူးလေပြီ။ |
| ၁၈။ | ချမ်းသာဆိုတာ၊ | ယူတတ်ပါ၊ | လွန်စွာကောင်းမြတ်သည်။ |

ပါလိလေယျကတောသို့ ကြွတော်မူခြင်း၌ ကိုယ်ကျင့်တရားများ ပြီး၏။

• • • • • • • • • • • • • • • • • • • • •

# သံဃာများ ညီညွတ်မှု ရကြခြင်းလာ ကိုယ်ကျင့်တရားများ

**လှူဒကာများ ဆွမ်းမလောင်းတော့ ။** ။ ထို့နောက် မြတ်စွာဘုရားသည် သာဝတ္ထိမြို့သို့ ရောက်၍ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူလေ၏။

ထိုအခါ ကောသမ္ဗီပြည်သား ဥပါသကာတို့သည် –

'ကောသမ္ဗီမြို့၌နေသော ဤရဟန်းတို့သည် ငါတို့၏ အကျိုးမဲ့ကို များစွာပြု ကုန်၏။ ဤရဟန်းတို့ နှိပ်စက်သောကြောင့် မြတ်စွာဘုရားသည် ဖဲသွားတော်မူ၏။ ယခု ငါတို့သည် ကောသမ္ဗီမြို့၌နေသော ဤရဟန်းတို့ကို ရှိမခိုးခဲ့လျှင်၊ ခရီးဦးမကြိုခဲ့ လျှင်၊ လက်အုပ်ချီမှု၊ ရိုသေမှုမပြုခဲ့လျှင်၊ အလေးအမြတ် မပြုခဲ့လျှင်၊ မမြတ်နိုး ခဲ့လျှင်၊ မဆည်းကပ်ခဲ့လျှင်၊ မပူဇော်ခဲ့လျှင်၊ ဆွမ်းခံကပ်ရောက်လာသော်လည်း ဆွမ်းမလောင်းခဲ့လျှင် ဤရဟန်းတို့သည် အရပ်တစ်ပါးသို့သော်လည်း ဖဲသွားကုန် လတ္တံ့။ လူသော်လည်း ထွက်ကုန်လတ္တံ့။ မြတ်စွာဘုရားကိုသော်လည်း ကျေနပ်စေ ကုန်လတ္တံ့.'

– ဟု တိုင်ပင်ပြောဆိုပြီးနောက် ထိုရဟန်းတို့ကို ရှိမခိုးကုန်။ ခရီးဦး မကြိုဆိုကုန်။ လက်အုပ်ချီမှု၊ ရိုသေမှုကို မပြုကုန်။ ပူဇော်သက္ကာ မပြုကုန်။ အလေးအမြတ် မပြုကုန်။ မမြတ်နိုးကုန်။ မဆည်းကပ်ကုန်။ မပူဇော်ကုန်။ ဆွမ်းခံ ကပ်ရောက်လာသော်လည်း ဆွမ်းမလောင်းကုန်။

**အရှင်သာရိပုတြာ ကြားပြီ ။** ။ ထိုအခါ ကောသမ္ဗီပြည်သား ရဟန်းတို့သည် ကောသမ္ဗီ ပြည်သား ဥပါသကာတို့က ပူဇော်မှု စသည်ကို မပြုဘဲ ထားအပ်ကုန်သည်ရှိသော် –

'ဒါယကာတို့ ... ငါတို့သည် ယခုပင် သာဝတ္ထိပြည်သို့ သွားပြီးလျှင် မြတ်စွာဘုရား၏ အထံတော်၌ ဤအဓိကရုဏ်းကို ငြိမ်းစေကုန်အံ့'

– ဟု ပြောဆိုကုန်၏။ ထို့နောက် ကောသမ္ဗီမြို့၌နေသော ထိုရဟန်းတို့သည် အိပ်ရာနေရာတို့ကို သိမ်းဆည်းကြပြီးလျှင် သာဝတ္ထိမြို့သို့ သွားကြလေကုန်၏။

အရှင်သာရိပုတြာသည် –

'မျက်ကွယ်၊ မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဘက် ပြောကြား စကားများ၍ သံဃာ၌ အဓိကရဏ်းကို ပြုတတ်သော ထိုကောသမ္ဗီမြို့နေ ရဟန်းတို့သည် သာဝတ္ထိမြို့သို့ လာကုန်သတတ်' – ဟု ကြားလေ၏။

**တရားအတိုင်း တည်ရမည်** ။ ။ ထိုအခါ အရှင်သာရိပုတြာသည် မြတ်စွာဘုရားကို –

'ရှင်တော်ဘုရား ... အဓိကရဏ်းကို ပြုတတ်သော ကောသမ္ဗီရဟန်းများ လာနေပါပြီ။ တပည့်တော်သည် ထိုရဟန်းတို့အပေါ်ဝယ် အဘယ်သို့ ကျင့်ရပါမည်နည်း' – ဟု လျှောက်ထားလေ၏။

'သာရိပုတြာ ... သို့ဖြစ်လျှင် သင်သည် တရားလမ်းအတိုင်း တည်လော့' – ဟု မိန့်တော်မူလေ၏။

'ရှင်တော်ဘုရား ... တပည့်တော်သည် တရားသည်၊ မတရားသည်ကို အသို့ သိရပါအံ့နည်း' – ဟု လျှောက်လေ၏။

**အဓမ္မဝါဒီပုဂ္ဂိုလ်** ။ ။ ထိုအခါ မြတ်စွာဘုရားသည် အရှင်သာရိပုတြာကို (၁၈)ပါး သောအကြောင်းတို့ဖြင့် အဓမ္မဝါဒီပုဂ္ဂိုလ်ကိုလည်းကောင်း၊ (၁၈)ပါးသောအကြောင်းတို့ဖြင့် ဓမ္မဝါဒီပုဂ္ဂိုလ်ကိုလည်းကောင်း ဟောကြားတော်မူလေ၏။

သာရိပုတြာ ... ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားဟု ပြ၏။ တရားကို တရားမဟုတ်ဟု ပြ၏။ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟု ပြ၏။ ဝိနည်းကို ဝိနည်းမဟုတ်ဟု ပြ၏။ ...ပ... ။ သာရိပုတြာ ... ဤ (၁၈)ပါးသော အကြောင်းဝတ္ထုတို့ဖြင့် အဓမ္မဝါဒီပုဂ္ဂိုလ်ကို သိရမည်။

**ဓမ္မဝါဒီပုဂ္ဂိုလ်** ။ ။ သာရိပုတြာ ... ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားမဟုတ်ဟု ပြ၏။ တရားဟုတ်သည်ကို တရားဟုတ်၏ဟု ပြ၏။ ဝိနည်း မဟုတ်သည်ကို ဝိနည်းမဟုတ်ဟု

ပြ၏။ ဝိနည်းဟုတ်သည်ကို ဝိနည်းဟုတ်၏ဟု ပြ၏။ ...ပ... ။ သာရိပုတြာ ... ဤ (၁၈)ပါးသောအကြောင်းဝတ္ထုတို့ဖြင့် ဓမ္မဝါဒီပုဂ္ဂိုလ်ကို သိရမည်။

ထို့နောက် အရှင်မောဂ္ဂလာန် စသော မထေရ်ကြီးများသည်လည်း ကြား၍ မြတ်စွာဘုရားကို လျှောက်ထားရာ မြတ်စွာဘုရားသည် အရှင်သာရိပုတြာကဲ့သို့ပင် မိန့်တော်မူလေ၏။

**<u>မဟာပဇာပတိ ဂေါတမီ</u>** ။ ။ မဟာပဇာပတိ ဂေါတမီသည် –

'သံဃာ၌ အဓိကရဏ်း ပြုတတ်သော ကောသမ္ဗီရဟန်းများ လာသတတ်'

– ဟု ကြားသည် ဖြစ်၍ မြတ်စွာဘုရားကို –

'ရှင်တော်ဘုရား ... သံဃာ၌ အဓိကရဏ်းပြုတတ်သော ကောသမ္ဗီရဟန်းများ လာနေပါ၏။ တပည့်တော်သည် ထိုရဟန်းတို့အပေါ်ဝယ် အဘယ်သို့ ပြုကျင့်ရပါအံ့နည်း ' – ဟု လျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် မိထွေးတော် ဂေါတမီကို –

'ဂေါတမီ ... သို့ဖြစ်လျှင် သင်သည် နှစ်ဘက်သောသံဃာ၌ တရားကို နာလော့။ နှစ်ဘက်သော သံဃာ၌ တရားနာပြီးလျှင် ထိုနှစ်ဘက်သောသံဃာတွင် တရားကို ဆိုလေ့ရှိသော ရဟန်းတို့၏ အမြင်ကိုလည်းကောင်း၊ အလိုကိုလည်းကောင်း၊ နှစ်သက်ခြင်းကိုလည်းကောင်း၊ အယူကိုလည်းကောင်း နှစ်သက်လေလော့။ ဘိက္ခုနီသံဃာက ဘိက္ခုသံဃာအထံမှ မျှော်လင့်တောင့်တထိုက်သော အမှုခပ်သိမ်းကို ဓမ္မဝါဒီပုဂ္ဂိုလ်တို့ထံမှသာလျှင် မျှော်လင့်တောင့်တရမည်' – ဟု မိန့်တော်မူလေ၏။

**<u>အနာထပိဏ်သူဌေး</u>** ။ ။ ထို့အတူ အနာထပိဏ်သူဌေးသည်လည်း ကြားသည်ဖြစ်၍ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားကို –

'သံဃာ၌ အဓိကရဏ်းကို ပြုတတ်သော ထိုရဟန်းတို့အပေါ်၌ အဘယ်သို့ ပြုကျင့်ရအံ့နည်း' – ဟု လျှောက်ထားရာ –

မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကို -

'သူဌေးကြီး ... သို့ဖြစ်လျှင် သင်သည် နှစ်ဘက်သောသံဃာ၌ အလှူကို လှူလော့။ နှစ်ဘက်သောသံဃာ၌ အလှူကို လှူပြီးလျှင် နှစ်ဘက်သောသံဃာ၌ တရားကို နာလော့။ တရားနာပြီးလျှင် ထိုနှစ်ဘက်သော သံဃာတွင် ဓမ္မဝါဒီ ရဟန်းတို့၏ အမြင်ကိုလည်းကောင်း၊ အလိုကိုလည်းကောင်း၊ နှစ်သက်ခြင်းကိုလည်းကောင်း၊ အယူကိုလည်းကောင်း နှစ်သက်လေလော့'

- ဟု မိန့်တော်မူလေ၏။ ထိုနည်းတူစွာ ဝိသာခါ ကျောင်းအမကြီးကိုလည်း မိန့်တော်မူလေ၏။

<u>သာဝတ္ထိသို့ ရောက်ကြခြင်း</u> ။ ။ ထိုအခါ ကောသမ္ဗီနေ ရဟန်းတို့သည် အစဉ်အတိုင်း သွားကုန်သည်ရှိသော် သာဝတ္ထိမြို့သို့ ရောက်လာကြကုန်၏။ အရှင်သာရိပုတြာသည် မြတ်စွာဘုရားကို -

'ရှင်တော်ဘုရား ... သံဃာ၌ အဓိကရဏ်းကို ပြုတတ်သော ကောသမ္ဗီရဟန်းများသည် သာဝတ္ထိသို့ ရောက်လာပါပြီ။ ထိုရဟန်းတို့အပေါ်ဝယ် ကျောင်း၊ အိပ်ရာ၊ နေရာနှင့် စပ်လျဉ်း၍ အဘယ်သို့ ပြုကျင့်ရပါမည်နည်း' - ဟု လျှောက်လေ၏။

'သာရိပုတြာ ... သို့ဖြစ်လျှင် ဆိတ်ငြိမ်သောကျောင်း၊ အိပ်ရာနေရာကို ပေးရမည်' - ဟု မိန့်တော်မူလေ၏။

'ရှင်တော်ဘုရား ... ဆိတ်ငြိမ်သောကျောင်း၊ အိပ်ရာနေရာ မရှိခဲ့လျှင် အဘယ်သို့ ပြုကျင့်ရပါမည်နည်း' - ဟု လျှောက်၏။

'သာရိပုတြာ ... သို့ဖြစ်လျှင် ဆိတ်ငြိမ်အောင် ပြု၍သော်လည်း ပေးရမည်။ သာရိပုတြာ တစ်စုံတစ်ခုသော အကြောင်းဖြင့် သီတင်းကြီးရဟန်း၏ နေရာကို တားမြစ်ရမည်ဟု ဟောတော်မမူ။ တားမြစ်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏'

- ဟု မိန့်တော်မူ၏။

'ရှင်တော်ဘုရား ... ဆွမ်းစသော အာမိသနှင့် စပ်လျဉ်း၍ အဘယ်သို့ ပြုကျင့်ရပါအံ့နည်း' - ဟု လျှောက်၏။

'သာရိပုတြာ ... ဆွမ်းစသော အာမိသကို အလုံးစုံသော ရဟန်းတို့နှင့် အညီအမျှ ဝေခြမ်းရမည်' – ဟု မိန့်တော်မူ၏။

**အမြင်မှန်ရကြပြီ ။** ။ ထိုအခါ၌ ထိုနှင်ထုတ်ခံရသော ရဟန်းအား ဓမ္မဝိနယကို ဆင်ခြင်သည်ရှိသော် –

'ဤအရာသည် အာပတ်သင့်၏။ အာပတ် မသင့်သည် မဟုတ်။ ငါ အာပတ်သင့်၏။ ငါ အာပတ်မသင့်သူ မဟုတ်။ ငါ့ကို နှင်ထုတ်အပ်၏။ ငါသည် မနှင်ထုတ်အပ်သူ မဟုတ်။ မဖျက်ဆီးအပ်သော သာသနာတော်အားထိုက်သော တရားနှင့်လျော်သော ကံဖြင့် နှင်ထုတ်အပ်၏' – ဟု အကြံဖြစ်လေ၏။

ထိုအခါ ထိုနှင်ထုတ်ခံရသော ရဟန်းသည် မိမိ၏ နောက်လိုက်ရဟန်းများကို ထိုအကြောင်းကို ပြောပြပြီးနောက် –

'အရှင်ဘုရားတို့ ... လာကြနော့။ တပည့်တော်ကို သံဃာ့ဘောင်သို့ သွင်းကုန်လော့' – ဟု ပြောဆိုလေ၏။

ထိုအခါ ထိုနောက်လိုက်ရဟန်းတို့သည် ထိုနှင်ထုတ်ခံရသော ရဟန်းကို ခေါ်ဆောင်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ထိုအကြောင်းကို လျှောက်ထားပြီးနောက် –

'မြတ်စွာဘုရား ... တပည့်တော်တို့သည် အသို့ကျင့်ရပါအံ့နည်း'

– ဟု လျှောက်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

'ရဟန်းတို့ ... ထိုရဟန်းသည် အာပတ်လည်းသင့်၏။ နှင်ထုတ်အပ်သူလည်း ဖြစ်၏။ အာပတ်ကိုလည်း ရှု၏။ သို့ဖြစ်သောကြောင့် ထိုရဟန်းကို သံဃာ့ဘောင်သို့ သွင်းကုန်လော့'

– ဟု မိန့်တော်မူလေ၏။

<u>သံဃာညီညွတ်ကြပြီ</u> ။ ။ ထိုအခါ နှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက် ရဟန်းတို့သည် ထိုနှင်ထုတ်ခံရသော ရဟန်းကို သံဃာ့ဘောင်သို့ သွင်းခဲ့၍ နှင်ထုတ်သော ရဟန်းတို့သို့ ချဉ်းကပ်ပြီးလျှင် –

'ငါ့ရှင်တို့ ... အကြင်အာပတ်ကို မရှုခြင်းဟူသော အကြောင်းကြောင့် သံဃာ၏ မျက်ကွယ်၊ မျက်မှောက် ငြင်းခုံခြင်း၊ ထိပါးနှောင့်ယှက် ဆန့်ကျင်ဘက် ပြုခြင်းသည်လည်းကောင်း၊ သံဃာကွဲခြင်းသည်လည်းကောင်း၊ သံဃာကွဲအံ့သော အရေးသည်လည်းကောင်း၊ သံဃာခြားနားခြင်းသည်လည်းကောင်း၊ သံဃာသီးခြား ပြုခြင်းသည်လည်းကောင်း ဖြစ်ခဲ့ပါ၏။ ထိုရဟန်းသည် အာပတ်လည်း သင့်ပါ၏။ နှင်ထုတ်အပ်သူလည်း ဖြစ်ပါ၏။ အာပတ်ကိုလည်း ရှုပါ၏။ သံဃာ့ဘောင်သို့ သွင်းအပ်ပြီးသူလည်း ဖြစ်ပါ၏။ ငါ့ရှင်တို့ ... ယခုအခါ ငါတို့သည် ငြိမ်းအေးရန် အလို့ငှါ ညီညွတ်မှုကို ပြုကြပါကုန်စို့'

– ဟု ပြောဆိုကြလေကုန်၏။

ထိုအခါ နှင်ထုတ်သော ရဟန်းတို့သည် မြတ်စွာဘုရားကို ထိုအကြောင်းကို လျှောက်ထားပြီးနောက် –

'မြတ်စွာဘုရား ... တပည့်တော်တို့သည် အသို့ကျင့်ရပါအံ့နည်း'

– ဟု လျှောက်ကြလေကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို –

'ရဟန်းတို့ ... ထိုရဟန်းသည် အာပတ်လည်း သင့်၏။ နှင်ထုတ်အပ်သူ လည်း ဖြစ်၏။ အာပတ်ကိုလည်း ရှု၏။ သံဃာ့ဘောင်သို့ သွင်းအပ်ပြီးသူလည်း ဖြစ်၏။ ထိုသို့ ဖြစ်သောကြောင့် ထိုအာပတ်ကို မရှုခြင်းဟူသော အကြောင်း၏ ငြိမ်းအေးရန် အလို့ငှါ သံဃာ၏ ညီညွတ်မှုကို ပြုလော့။

ရဟန်းတို့ ... ဤသို့ ပြုရမည်။ ကျန်းမာသူ၊ မကျန်းမာသူ ရဟန်းအားလုံးတို့ သည် တစ်ပေါင်းတည်း စည်းဝေးရမည်။ တစ်စုံတစ်ယောက်သော ရဟန်းမျှ ဆန္ဒမပေးရ။ စည်းဝေးပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

အရှင်ဘုရားတို့ ... သံဃာသည် တပည့်တော်၏စကားကို နာတော်မူလော့။ အကြင်အာပတ်ကို မရှုခြင်းဟူသော အကြောင်းကြောင့် ...ပ... ။ အကယ်၍ သံဃာအား လျှောက်ပတ်သောအခါရှိသောကာသည် ဖြစ်ငြားအံ့။ သံဃာသည် အာပတ်ကို မရှုခြင်းဟူသော အကြောင်း၏ ငြိမ်းအေးရန် အလို့ငှါ သံဃာ၏ ညီညွတ်ခြင်းကို ပြုရာ၏။ ဤကား သိစေခြင်းတည်း။ ...ပ...

သံဃာညီညွတ်မှုပြုခြင်းကို အကြင်အရှင်အား နှစ်သက်ခြင်း ရှိ၏။ ထိုအရှင်သည် ဆိတ်ဆိတ်နေရာ၏။ အကြင်အရှင်အား နှစ်သက်ခြင်း မရှိ။ ထိုအရှင်သည် ပြောဆိုရာ၏။

သံဃာသည် ထိုအာပတ်ကို မရှုခြင်းဟူသော အကြောင်း၏ ငြိမ်းအေးရန် အလို့ငှါ သံဃာညီညွတ်မှုကို ပြုအပ်ပြီ။ သံဃာကွဲခြင်းကို ပယ်အပ်ပြီ။ သံဃာကွဲအံ့သော အရေးကို ပယ်အပ်ပြီ။ သံဃာခြားနားခြင်းကို ပယ်အပ်ပြီ။ သံဃာသီးခြားပြုခြင်းကို ပယ်အပ်ပြီ။ သံဃာသည် နှစ်သက်ခြင်းရှိ၏။ ထို့ကြောင့် ဆိတ်ဆိတ်နေ၏။ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါ၏ဟု သိစေရမည်။ ထိုခဏ၌ပင်လျှင် ဥပုသ်ကို ပြုရမည်။ ပါတိမောက် ပြရမည်။

ထို့နောက် ထိုရဟန်းတို့သည် အတူဥပုသ်ပြုခြင်း၊ အတူပါတိမောက်ပြခြင်းဖြင့် ညီညွတ်သွားကြလေကုန်၏။

( ဝိ - ၃ - ၅၀၀ / ၅၀၇။ မြန် - ၅၀၇ / ၅၁၃ )

## ညီညွတ်မှု ရကြခြင်းလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ပါလိတောမှ ဗုဒ္ဓမြတ်သည်၊ | သာဝတ်ဆီ၊ | ပြည်လည်ရောက်ခဲ့ပြီ။ |
| ၂။ | ကောသမ္ဗီအား၊ | မှီနေငြား၊ | အများလူတို့သည်၊ |
| ၃။ | ကောသမ္ဗီဟု၊ | အမှီပြု | ဘိက္ခုတစ်တွေသည်၊ |
| ၄။ | ငါတို့အကျိုး၊ | မလိုရိုး၊ | ရိုက်ချိုးဖျက်ခဲ့ပြီ။ |
| ၅။ | ဤရဟန်းတွေ၊ | နှိပ်စက်ပေ၊ | ဗုဒ္ဓေဖဲကြွပြီ။ |
| ၆။ | ရှိခိုးအမှု၊ | ဆွမ်းလောင်းမှု၊ | မပြုခဲ့ရင်သည်၊ |

၇။ ရပ်တစ်ပါးဖဲ၊ လူသော်လဲ၊ မလွဲထွက်လိမ့်မည်။
၈။ သို့မဟုတ်လတ်၊ ဘုရားမြတ်၊ ကျေနပ်စေလိမ့်မည်။
၉။ ထိုသို့ ကြံကာ၊ ဒါယကာ၊ များစွာလူတို့သည်၊
၁၀။ ရှိခိုးအမှု၊ ဆွမ်းလောင်းမှု၊ မပြုကြတော့ပြီ။
၁၁။ ထိုသောခါမှ၊ သံဝေဂ၊ ရကြပါ၍သည်၊
၁၂။ ဘုရားရှင်ထံ၊ တောင်းပန်ရန်၊ စိတ်ကြံထွက်ခဲ့ပြီ။
၁၃။ ရန်ဖြစ်သံဃာ၊ လာကြပါ၊ ပုစ္ဆာကြား၍သည်၊
၁၄။ ဘယ်လိုလုပ်ရ၊ စီမံရ၊ ဗုဒ္ဓလျှောက်ထားပြီ။
၁၅။ တရားတိုင်းသာ၊ တည်လေရာ၊ မြတ်စွာမိန့်လေပြီ။
၁၆။ မိထွေးတော်လဲ၊ ကြားပြန်ပဲ၊ လျှောက်မြဲလျှောက်ထားသည်။
၁၇။ နှစ်ဘက်သံဃာ၊ တရားနာ၊ မြတ်စွာမိန့်လေပြီ။
၁၈။ အနာထပါ၊ ကျောင်းဒကာ၊ တစ်ခါလျှောက်ပြန်ပြီ။
၁၉။ နှစ်ဘက်သံဃာ၊ လှူလေပါ၊ မြတ်စွာမိန့်လေပြီ။
၂၀။ ဝိသာခါလဲ၊ ထိုတူပဲ၊ မိန့်မြဲမိန့်လေသည်။
၂၁။ ဤသို့မိန့်ရာ၊ ထောက်ရှုပါ၊ မြတ်စွာဘုရားသည်၊
၂၂။ သံဃာကွဲရာ၊ မလိုတာ၊ လွန်စွာထင်ရှားသည်။
၂၃။ ခိုက်ရန်အမှု၊ ငြင်းခုံပြု၊ ဘိက္ခုတစ်တွေသည်၊
၂၄။ သာဝတ္ထိပြည်၊ ဇေတဆီ၊ တစ်လီရောက်ခဲ့ပြီ။
၂၅။ အိပ်ရာနေရာ၊ ဘယ်သို့ပါ၊ ပုစ္ဆာမေးလေပြီ။
၂၆။ ဆိတ်ငြိမ်လေရာ၊ ကျောင်းကိုသာ၊ ပြင်ကာပေးရမည်။
၂၇။ သီတင်းကြီးအား၊ နေရာအား၊ မြစ်တားမဟောပြီ။
၂၈။ တားမြစ်ပေလတ်၊ ခေါ် ဒုက္ကဋ်၊ အာပတ်သင့်စေပြီ။
၂၉။ ဆွမ်းအာဟာရ၊ အာမိသ၊ ညီမျှဝေရမည်။
၃၀။ ဤသို့မှန်စွာ၊ မြတ်ဗုဒ္ဓါ၊ မိန့်မှာကြားလေပြီ။
၃၁။ နှင်ထုတ်ခံရ၊ ရဟန်းပ၊ စိတ်ကကြံလေပြီ။
၃၂။ ရေချန်ခဲ့တာ၊ အာပတ်ပါ၊ သင့်တာသိလေပြီ။

၃၃။ သံဃာ့ဘောင်သို့၊ ဝင်မလို့၊ သွင်းဖို့တောင်းပန်ပြီ။
၃၄။ နှင်ထုတ်ခံရ၊ နှင်ထုတ်ကြ၊ များလှသံဃာသည်၊
၃၅။ ဘုရားထံမှာ၊ စိတ်ကြည်ကာ၊ ညီညာသွားကြပြီ။
၃၆။ ညီညွတ်မှုဘောင်၊ ပြုလို့တောင်၊ ကံဆောင်ကြလေပြီ။
၃၇။ ပါတိပြုမှု၊ ဥပုသ်ပြု၊ ပေါင်းစုကြလေပြီ။
၃၈။ လူစု,နတ်စု၊ သံဃာထု၊ သာခေါ်ကြပြီ။
၃၉။ ကွဲပြားခဏ၊ ညီနိစ္စ၊ ဖြစ်ကြပါမှသည်၊
၄၀။ လောကလူ့ရွာ၊ လူ့ဘုံမှာ၊ သာယာဖွံ့ဖြိုးမည်။
၄၁။ ကွဲပြားမလို၊ ညီညွတ်လို၊ စိတ်ကိုထားရမည်။
၄၂။ ကွဲပြားကိုရှောင်၊ ညီညွတ်အောင်၊ မြဲဆောင်ကျင့်ရမည်။
၄၃။ ကွဲပြားတာလူ၊ ညီတာလူ၊ လူလူဖန်တီးသည်။

ညီညွတ်မှု ရကြောင်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

ကောသမ္ဗကက္ခန္ဓကလာ ကိုယ်ကျင့်တရားများ ပြဆိုမှု ပြီး၏။

ဝိနည်းမဟာဝါလာ ကိုယ်ကျင့်တရားများ ပြဆိုမှု ဤတွင် ရပ်နားပြီ။



စတုတ္ထကျမ်း

## စူဠဝါပါဠိတော်

## ကမ္မက္ခန္ဓကလာ ကိုယ်ကျင့်တရားများ

## တဇ္ဇနီယကံလာ ကိုယ်ကျင့်တရားများ

**တဇ္ဇနီယကံ ။** ။ တဇ္ဇနီယ – ဟူသည် ခြိမ်းခြောက်မှုဟု အဓိပ္ပါယ်ရ၏။ သံဃာ၌ အဓိကရုဏ်းကို ပြုလုပ်သည့်အတွက် သံဃာများက ထိုရဟန်းကို တဇ္ဇနီယဥတ္တိစတုတ္ထကမ္မဝါစာဖြင့် အရေးယူခံရခြင်းတည်း။

**အဓိကရုဏ်းမှု ပြုပုံ ။** ။ တစ်ရံရောအခါ၌ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အာရာမ်ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ပဏ္ဍုကနှင့် လောဟိတက ရဟန်းတို့သည် မိမိတို့ကိုယ်တိုင်လည်း မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဘက် ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကိုလည်း ပြုတတ်ကုန်၏။

အဓိကရုဏ်းကို ပြုတတ်သော အခြားရဟန်းတို့ထံသို့လည်း ချဉ်းကပ်၍ –

'အရှင်တို့ ... သင်တို့သည် ဤရဟန်းကို အရှုံးမပေးလင့်။ အလွန်အားရှိသူကို ဆွေးနွေးတိုင်ပင်ကြကုန်လော့။ ထိုသို့ ဆွေးနွေးတိုင်ပင်ခြင်းကြောင့် သင်တို့သည် သူ့ထက် ပညာရှိသူ၊ သူ့ထက် လိမ္မာသူ၊ သူ့ထက် အကြားအမြင်များသူ၊ သူ့ထက် သာ၍ စွမ်းဆောင်နိုင်သူတို့ ဖြစ်ကြကုန်လတ္တံ့။ ဤရဟန်းကို မကြောက်ကြကုန်လင့်။ တပည့်တော်တို့သည်လည်း အရှင်တို့၏ အသင်းအပင်းများ ဖြစ်ကြပါကုန်အံ့'

– ဟု ပြောဆိုကုန်၏။

ထိုသို့ ပြောဆိုခြင်းကြောင့် မဖြစ်သေးသော ငြင်းခုံမှုတို့သည်လည်း ဖြစ်ကုန်၏။ ဖြစ်ပြီးသော ငြင်းခုံမှုတို့သည်လည်း ပိုမိုဆိုးရွား ရန်ကျယ်ပွားခြင်းငှါ ဖြစ်လာကုန်၏။

<u>တဇ္ဇနီယကံ ပြုပုံ</u> ။ ။ အလိုနည်းသော ရဟန်းတို့သည် -

'အဘယ်ကြောင့် ထိုသို့ပြုရဘိသနည်း'

- ဟု ပဏ္ဍုကနှင့် လောဟိတက ရဟန်းတို့ကို ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကုန်၍ မြတ်စွာဘုရားအားလည်း လျှောက်ထားကြလေကုန်၏။ မြတ်စွာဘုရားသည်လည်း ကဲ့ရဲ့ ပြစ်တင်တော်မူပြီးနောက် -

'ရဟန်းတို့ ... ထိုသို့ဖြစ်လျှင် သံဃာသည် ပဏ္ဍုကနှင့် လောဟိတက ရဟန်းတို့အား ခြိမ်းခြောက်မှု = တဇ္ဇနီယကံကို ပြုလော့။

ရဟန်းတို့ ... ဤသို့ ပြုရမည်။ ရှေးဦးစွာ ပဏ္ဍုကနှင့် လောဟိတက ရဟန်းတို့ကို စောဒနာရမည်။ စောဒနာပြီးနောက် အောက်မေ့စေရမည်။ အောက်မေ့စေပြီးနောက် အာပတ်သို့ တင်ရမည်။ အာပတ်သို့ တင်ပြီးနောက် ဝိနည်းသိက္ခာပုဒ်၌ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

အရှင်ဘုရားတို့ ... သံဃာသည် တပည့်တော်၏ စကားကို နာတော်မူလော့။ ဤပဏ္ဍုက၊ လောဟိတက ရဟန်းတို့သည် မိမိတို့ ကိုယ်တိုင်လည်း မျက်ကွယ်၊ မျက်မှောက် ငြင်းခုံလျက် ...ပ... ။ သံဃာသည် ပဏ္ဍုက၊ လောဟိတက ရဟန်းတို့အား ခြိမ်းခြောက်မှု = တဇ္ဇနီယကံကို ပြုလုပ်အပ်ပြီ။ သံဃာအား နှစ်သက်ခြင်းရှိ၏။ ထို့ကြောင့် ဆိတ်ဆိတ်နေ၏။ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်ဟု သိစေရမည်'

- ဟု မိန့်တော်မူ၏။

**ကျင့်ဝတ် (၁၈) ပါး ။** ။ တဇ္ဇနီယကံ အပြုခံထားရသော ရဟန်းသည် အောက်ပါ (၁၈)ပါးကုန်သော ကျင့်ဝတ်တို့ကို ကောင်းစွာ ဖြည့်ကျင့်ကြရမည် ဖြစ်၏။

၁။ ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ပဉ္စင်းခံမပေးရ။

၂။ နိဿရည်း မပေးရ။

၃။ သာမဏေကို မလုပ်ကျွေးစေရ။

၄။ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်ရ။

၅။ သမုတ်ခံရသော်လည်း ရဟန်းမိန်းမတို့ကို ဩဝါဒ မပေးရ။

၆။ တဇ္ဇနီယကံ ပြုထိုက်သော အာပတ်သို့ မရောက်ရ။

၇။ ထိုနှင့်အလားတူ အခြားအာပတ်သို့ မရောက်ရ။

၈။ ထို့ထက် ယုတ်ကြမ်းသော အာပတ်သို့ မရောက်ရ။

၉။ ကံကို မကဲ့ရဲ့ရ။

၁၀။ ကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့ရ။

၁၁။ ပကတတ်ရဟန်း၏ ဥပုသ်ကို ဆိုင်းငံ့၍ မထားရ။

၁၂။ ပဝါရဏာကိုလည်း ဆိုင်းငံ့၍ မထားရ။

၁၃။ ဆုံးမခြင်းကို မပြုရ။

၁၄။ အကြီးအမှူးအရာ၌ မထားရ။

၁၅။ ခွင့်မတောင်းရ။

၁၆။ မစောဒနာရ။

၁၇။ မအောက်မေ့စေရ။

၁၈။ ပကတတ်ရဟန်းတို့နှင့် မရောယှက်ရ။

ထို (၁၈)ပါးသော ကျင့်ဝတ်တို့ကို ကောင်းစွာ ပြုကျင့်သော ရဟန်းကို သံဃာသည် တဇ္ဇနီယကံကို ငြိမ်းစေရမည်ဖြစ်၏။ တဇ္ဇနီယကံကို ပြန်၍ ရုပ်သိမ်းရမည် ဖြစ်၏။

*( ဝိ - ၄ - ၁ / ၁၁။ မြန် - ၁ / ၁၁ )*

## တဇ္ဇနီယကဏ္ဍ ဆောင်ရန်လင်္ကာများ

၁။ ဇေတဝန်ကျောင်းတွင်း၊ တရားမင်း၊ သီတင်းသုံးနေသည်။
၂။ လောဟိတက၊ ပဏ္ဍုက၊ ငြင်းကြခဲ့ကြသည်။
၃။ ကိုယ်တိုင်ငြင်းထား၊ သူတို့အား၊ ငြင်းပွားစေလေသည်။
၄။ ငြင်းဖို့ရင်ဆိုင်၊ ကြံ့လာတိုင်၊ အနိုင်ကြံရမည်။
၅။ အားရှိကိုသုံး၊ တိုင်ပင်အုံး၊ အရှုံးမရှိပြီ။
၆။ သင်တို့ထံတွင်၊ ငါလဲပင်၊ ပါဝင်နေပေမည်။
၇။ ထိုသို့ရန်လို၊ စကားကို၊ ပြောဆိုခြင်းကြောင့်သည်၊
၈။ မဖြစ်သေးရာ၊ ငြင်းခုံတာ၊ ဖြစ်ခါလာခဲ့သည်။
၉။ ဖြစ်ပြီးလေငြား၊ ငြင်းခုံများ၊ တိုးပွားလာခဲ့သည်။
၁၀။ ထိုအကြောင်းရာ၊ သိသောခါ၊ မြတ်စွာကဲ့ရဲ့ပြီ။
၁၁။ တဇ္ဇနီယဟူ၊ ကံဖြင့်မူ၊ ရေးယူစေလေပြီ။
၁၂။ ငြင်းမှုခုံမှု၊ အားပေးမှု၊ အကုလွှန်များသည်။
၁၃။ လူ့ဘဝမှာ၊ ခဏတာ၊ ငြင်းတာရှောင်ရမည်။
၁၄။ ကိုယ်လဲရှောင်ကြဉ်၊ သူလဲပင်၊ ရှောင်ကြဉ်စေရမည်။

တဇ္ဇနီယကံလာ ကိုယ်ကျင့်တရားများ ပြီး၏။

# ကမ္မက္ခန္ဓက

## နိယဿကံလာ ကိုယ်ကျင့်တရားများ

**နိယဿကံ ။** ။ နိယဿကံ – ဟူသည် ကိုယ်စိုးကိုယ်ပိုင် နေခွင့်မရအောင် ပြုလုပ်မှု ဖြစ်သည်။

**အရှင်သေယျသက ။** ။ ထိုအခါ၌ အရှင်သေယျသကသည် မိုက်မဲ၏။ မလိမ္မာ။ အာပတ်များပြား အပိုင်းအခြားမရှိသူ ဖြစ်၏။ မလျော်မလျောက်ပတ်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက်၍ နေထိုင်၏။ ရဟန်းတို့သည် ပရိဝါသ်ပေးလျက်၊ အရင်းသို့ ပြန်၍ငင်လျက်၊ မာနတ်ပေးလျက်၊ အဗ္ဘာန်သွင်းလျက် အမြဲမပြတ် ကြောင့်ကြစိုက်ရကုန်၏။

အလိုနည်းကုန်သော ရဟန်းတို့သည် ထိုသို့ပြုလုပ်ချက်ကြောင့် အရှင်သေယျသကကို ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြောဆိုပြီးနောက် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်၏။ မြတ်စွာဘုရားသည်လည်း ကဲ့ရဲ့ ပြစ်တင်ပြီးနောက် –

"ရဟန်းတို့ ... သို့ဖြစ်လျှင် သံဃာသည် 'သင်သည် မှီခိုနေရမည်' ဟု သေယျသကရဟန်းအား နိယဿကံကို ပြုလော့"

– ဟု မိန့်တော်မူ၏။

( ၀ိ –၄– ၁၃ ။ မြန် – ၁၃ )

*နိယဿကံ အပြုခံရသော ရဟန်း၏ ကျင့်ဝတ် (၁၈)ပါးသည်လည်းကောင်း၊ နိယဿကံကို ငြိမ်းစေမှုသည်လည်းကောင်း တဇ္ဇနီယကံအတိုင်းပင် ဖြစ်၏။*

## နိယဿကံလာ ဆောင်ရန်လင်္ကာများ

၁။ သေယျာသကဟု၊ ခေါ်ဆိုပြု၊ ဘိက္ခုတစ်ပါးသည်၊
၂။ မသိမ္မာမိုက်မဲ၊ အာပတ်လဲ၊ လွန်ပဲများပြားသည်။
၃။ လူတွေ့နှင့်သော်၊ ရောနှောပျော်၊ မတော်ဆက်ဆံသည်။
၄။ ပရိဝါသ်လဲ၊ ပေးပြီးလဲ၊ ပြန်ပဲပေးရသည်။
၅။ အဗ္ဘာန်ကိုလဲ၊ သွင်းပြီးလဲ၊ ပြန်ပဲသွင်းရသည်။
၆။ ရဟန်းတစ်သိုက်၊ အမြဲလိုက်၊ ကြောင့်စိုက်နေရသည်။
၇။ ထိုအကြောင်းရော၊ သိသောခါ၊ မြတ်စွာကဲ့ရဲ့ပြီ။
၈။ နိယဿဟူ၊ ကံဖြင့်မှု၊ ရေးယူစေလေပြီ။
၉။ ကိုယ်စိုးကိုယ်ပိုင်၊ နေလိုတိုင်၊ နေနိုင်မရပြီ။
၁၀။ လူ့ဘဝမှာ၊ မိုက်မဲတာ၊ နည်းတာကောင်းပေသည်။
၁၁။ မိုက်ကြွတာမူ၊ များလာဟူ၊ ရေးယူခံရမည်။
၁၂။ ထောင်ထဲရောက်တာ၊ လူမိုက်ပါ၊ သိမ္မာမရောက်ပြီ။

နိယဿကံလာ ကိုယ်ကျင့်တရားများ ပြီး၏။

## စူဠဝါ ကမ္မက္ခန္ဓ ပဋိသာရဏီယကံလာ ကိုယ်ကျင့်တရားများ

**ပဗ္ဗာဇနီယကံ ။** ။ ပဗ္ဗာဇနီယကံ – ဟူသည် နေထိုင်ရာ အရပ်ဒေသမှ အပြစ်ကျူးလွန်သောရဟန်းကို နှင်ထုတ်သော အမှုကို ပြုခြင်း ဖြစ်သည်။ ယင်းကို ပါရာဇိကကဏ် ပါဠိတော် ကုလဒူသက သိက္ခာပုဒ်က ပြဆိုခဲ့ပြီး ဖြစ်သည်။

## ကမ္မက္ခန္ဓက ပဋိသာရဏီယကံလာ ကိုယ်ကျင့်တရားများ

**ပဋိသာရဏီယကံ ။** ။ ပဋိသာရဏီယကံ – ဟူသည် အပြစ်ကို ပြန်အောက်မေ့စေကာ ဝန်ချတောင်းပန်စေသောအမှုဟု အဓိပ္ပါယ်ရသည်။ အရှင်သုဓမ္မာ ရဟန်းသည် မိမိအား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လျှဒါန်းနေသော စိတ္တသူကြွယ်ကို အမျိုးကို ထိခိုက်၍ ဆဲရေးသောကြောင့် ဝန်ချတောင်းပန်သောအားဖြင့် ပဋိသာရဏီယကံ အပြုခံရခြင်း ဖြစ်သည်။

**စိတ္တသူကြွယ်နှင့် အရှင်သုဓမ္မ ။** ။ တစ်ရံရောအခါ၌ အရှင်သုဓမ္မသည် မစ္ဆိကာသဏ္ဍာဇနပုဒ်၌ စိတ္တသူကြွယ်၏ ကျောင်းထိုင်ရဟန်း ဖြစ်၏။ အမှုသစ်နှင့်ယှဉ်၏။ မြဲသောဆွမ်းဝတ် ရှိ၏။ စိတ္တသူကြွယ်သည် သံဃာကို လည်းကောင်း၊ ဂိုဏ်းကိုလည်းကောင်း၊ ပုဂ္ဂိုလ်ကိုလည်းကောင်း ပင့်ဖိတ်လိုသော အခါတိုင်း အရှင်သုဓမ္မကို မပန်ကြားဘဲ မပင့်ဖိတ်။

**ထေရ်ကြီးများ ရောက်လာခြင်း ။** ။ ထိုအခါ၌ အရှင်သာရိပုတြာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကစ္စာန၊ အရှင်မဟာကောဋ္ဌိက၊ အရှင်မဟာကပ္ပိန၊ အရှင်မဟာစုန္ဒ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ရေဝတ၊ အရှင်ဥပါလိ၊ အရှင်ရာဟုလာဟု ဆိုအပ်သော များစွာသော မထေရ်ကြီးတို့သည် ကာသိတိုင်း၌ ဒေသစာရီ လှည့်လည်သည်ရှိသော် မစ္ဆိကာသဏ္ဍာဇနပုဒ်သို့ ရောက်လာကုန်၏။

စိတ္တသူကြွယ်သည် -

'မစ္ဆိကာသဏ္ဍာဇနေပုဒ်သို့ မထေရ်ကြီးများ ရောက်လာကုန်သတတ် '

- ဟု ကြား၏။ ထိုအခါ မထေရ်ကြီး ရဟန်းတို့ထံသို့ ချဉ်းကပ်၍ ရှိသေစွာ ရှိခိုးလျက် တစ်ခုသော နေရာ၌ထိုင်နေသော စိတ္တသူကြွယ်ကို အရှင်သာရိပုတြာသည် တရားစကားဖြင့် အကျိုးစီးပွားကို သိမြင်စေလေ၏။ ထို့နောက် စိတ္တသူကြွယ်သည် ထေရ်ကြီး ရဟန်းတို့ကို -

'အရှင်ဘုရားတို့ ... မထေရ်ကြီးတို့သည် နက်ဖြန်အလို့ငှါ တပည့်တော်၏ အာဂန္တုကဘတ် = ခရီးသွားပုဂ္ဂိုလ်တို့အား လှူအပ်သောဆွမ်းကို လက်ခံတော်မူပါကုန်လော့'

- ဟု လျှောက်၏။ မထေရ်ကြီး ရဟန်းတို့သည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံကုန်၏။

**အရှင်သုဓမ္မ လက်မခံ ။** ။ ထို့နောက် စိတ္တသူကြွယ်သည် အရှင်သုဓမ္မထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် တစ်ခုသောနေရာ၌ ရပ်တည်ကာ အရှင်သုဓမ္မကို -

'အရှင်ဘုရား ... အရှင်ဘုရားသည် နက်ဖြန်အလို့ငှါ မထေရ်ကြီးတို့နှင့် အတူတကွ တပည့်တော်၏ ဆွမ်းကို လက်ခံတော်မူပါ' - ဟုလျှောက်၏။

ထိုအခါ အရှင်သုဓမ္မသည် -

'ဤစိတ္တသူကြွယ်သည် သံဃာကိုလည်းကောင်း၊ ဂိုဏ်းကိုလည်းကောင်း၊ ပုဂ္ဂိုလ်ကိုလည်းကောင်း ပင့်ဖိတ်လိုသောအခါတိုင်း ငါ့ကို မပန်ကြားဘဲ ရှေးက မပင့်ဖိတ်ဘဲ ယခုအခါ၌ ပင့်ဖိတ်၏။ ယခု ဤစိတ္တသူကြွယ်သည် ပျက်စီးပြီ။ ငါ့အပေါ်၌ ငဲ့ကွက်ခြင်း သဘောမရှိ။ ခင်မင်သော သဘောမရှိ'

- ဟု စိတ်အကြံ ဖြစ်၍ စိတ္တသူကြွယ်ကို -

'သူကြွယ် ... တန်ပြီ။ ငါ လက်မခံ' - ဟု ပြောကြားလေ၏။

စိတ္တသူကြွယ်သည် အရှင်သုဓမ္မကို သုံးကြိမ်ပင့်၏။ အရှင်သုဓမ္မသည် လက်မခံဘဲ သုံးကြိမ်လုံး ပယ်ချလေ၏။

<u>အရှင်သုဓမ္မ ဆဲရေးပုံ</u> ။ ။ ထိုအခါ စိတ္တသူကြွယ်သည် –

'အရှင်သုဓမ္မသည် လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ငါ့အား အဘယ်သို့ ပြုလတ္တံ့နည်း'

– ဟု အရှင်သုဓမ္မကို ရှိခိုး၍ အရိုအသေပြုပြီးလျှင် ဖဲခွါသွားလေ၏။

ထို့နောက် စိတ္တသူကြွယ်သည် ထိုညဉ့်လွန်သဖြင့် မထေရ်ကြီး ရဟန်းတို့အတွက် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီမံစေ၏။

ထိုအခါ အရှင်သုဓမ္မသည် –

'မထေရ်ကြီးတို့အတွက် စီမံထားသော စိတ္တသူကြွယ်၏ ဆွမ်းကို ကြည့်ရှုရမူ ကောင်းလေစွ'

– ဟု ကြံစည်ပြီး၍ နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူကာ စိတ္တသူကြွယ်၏ နေအိမ်သို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်နေ၏။ ထိုအခါ အရှင်သုဓမ္မထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တစ်ခုသော နေရာ၌ ထိုင်နေသော စိတ္တသူကြွယ်ကို အရှင်သုဓမ္မသည် –

'သူကြွယ် … သင် စီရင်ထားသော ဤခဲဖွယ်ဘောဇဉ်ကား များပြားလှပါပေ၏။ သို့ရာတွင် နှမ်းပျစ်မုန့်တစ်ခုကား မပါရှိချေ'

– ဟု ဝေ့၍ ပြောဆိုလေ၏။

ချဲ့ဦးအံ့။ ထိုစိတ္တသူကြွယ်၏ အနွယ်၌ အစပိုင်း၌ မုန့်သည်တစ်ယောက် ရှိဖူးလေ၏။ ထို့ကြောင့် အရှင်သုဓမ္မထေရ်သည် ထိုစိတ္တသူကြွယ်ကို အမျိုးဇာတ်အားဖြင့် ဆဲရေးလိုသည်ဖြစ်၍ –

'နှမ်းပျစ်မုန့် တစ်ခုကား မပါပါလား' – ဟူ၍ ဝေ့၍ ဆဲရေးခြင်း ဖြစ်လေသည်။

**စိတ္တသူကြွယ်၏ ဥပမာ ။** ။ ထိုအခါ စိတ္တသူကြွယ်သည် အရှင်သုဓမ္မကို ဤဥပမာ စကားကို ပြောကြားလေ၏။

'အရှင်ဘုရား ... များစွာသော ဘုရားစကားတော်ဖြစ်သော ရတနာများ ရှိပါလျက် အရှင်ဘုရားသည် နှမ်းပျစ်မုန့် ဟူသော ရှားပါးသော စကားကိုသာလျှင် ပြောဆိုဘိ၏။

အရှင်ဘုရား ... ရှေးကဖြစ်ဖူးသည်ကား ဒက္ခိဏာပထတိုင်းသား ကုန်သည် တို့သည် အရှေ့ဇနပုဒ်သို့ ကုန်သွယ်ရန် သွားပါကုန်၏။ ထိုဒက္ခိဏာပထတိုင်းသား ကုန်သည်တို့ အရှေ့ဇနပုဒ်အရပ်မှ ဆောင်ယူလာအပ်သော ကြက်မသည် ကျီးနှင့်အတူ ပေါင်းဖော်၍ ကြက်ငယ်ကို မွေးဖွားပါ၏။

အရှင်ဘုရား ... ထိုကြက်ငယ်သည် ကျီးသံမြည်သောအခါ 'အာအောက်ကလိ' ဟု မည်သည်ဖြစ်၍ ကျီးမြည်သံကို မပြုတတ်သကဲ့သို့လည်းကောင်း၊ ကြက်သံ တွန်လိုသောအခါ 'အောက်ကလိအာ' – ဟု မြည်သည်ဖြစ်၍ ကြက်တွန်သံကို မပြုတတ်သကဲ့သို့ လည်းကောင်း။

အရှင်ဘုရားသည်လည်း ဤအတူ ရဟန်းတို့၏ စကားကိုလည်း မပြောဆို။ လူဝတ်ကြောင်တို့၏ စကားကိုလည်း မပြောဆိုမူ၍ များစွာသော ဘုရားစကား တော်ဖြစ်သော ရတနာများရှိပါလျက် အရှင်ဘုရားသည် နှမ်းပျစ်မုန့်ဟူသော ရှားပါးသော စကားကိုသာ ပြောဆိုဘိ၏'

– ဟု လျှောက်ထားလေ၏။

ဤ၌ ဆိုလိုသည်ကား အရှင်သုဓမ္မပြောသောစကားသည် ရဟန်းစကားလည်း မဟုတ်၊ လူစကားလည်း မဟုတ် ဟု ဆိုလိုပေသည်။

မှန်၏။ ရဟန်းမှန်လျှင် ပရိယာယ်အားဖြင့်သော်မှ လူတို့ကို မဆဲရ။ အရှင် သုဓမ္မကား တိုက်ရိုက်ဆဲ၏။ ထို့ကြောင့် ရဟန်းစကား မဟုတ်ဟု ဆိုလိုသည်။ လူဝတ်ကြောင်များသည် တိုက်ရိုက်ဆဲနိုင်သော်လည်း ကျေးဇူးရှိသော သူများကိုကား မဆဲကြ။ အရှင်သုဓမ္မကမူ ကျေးဇူးရှင်ဖြစ်သော စိတ္တသူကြွယ်ကို ဆဲ၏။ ထို့ကြောင့် လူစကား မဟုတ်ဟု ဆိုရသည်။

ကျောင်းမှာ မနေလိုတော့ ။ ။ ထိုအခါ အရှင်သုဓမ္မသည် စိတ္တသူကြွယ်ကို –

'သူကြွယ် ... သင်သည် ငါ့ကို ဆဲရေး၏။

သူကြွယ် ... သင်သည် ငါ့ကို ရေရွတ်၏။

သူကြွယ် ... ဤကျောင်းသည် သင်၏ကျောင်းတည်း။ ငါဖဲသွားတော့အံ့'

– ဟု ပြောဆိုလေ၏။

ထိုအခါ စိတ္တသူကြွယ်သည် အရှင်သုဓမ္မကို –

'အရှင်ဘုရား ... တပည့်တော်သည် အရှင်ဘုရားကို မဆဲရေးပါ။ မရေရွတ်ပါ။

အရှင်ဘုရား ... အရှင်ဘုရားသည် မစ္ဆိကာသဏ္ဍဇနပုဒ်အနီး ပျော်မွေ့ဖွယ် ကောင်းသော ဇေးပင်ဥယျာဉ်၌ သီတင်းသုံးနေတော်မူပါလော့။

အရှင်ဘုရား ... တပည့်တော်သည် ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ လှူဒါန်းပါအံ့'

– ဟု လျှောက်၏။

အရှင်သုဓမ္မသည် ရှေးကကဲ့သို့ ငြင်းမြဲငြင်းပယ်၏။ စိတ္တသူကြွယ်က သုံးကြိမ် တိုင်အောင် လျှောက်သော်လည်း သုံးကြိမ်လုံး ငြင်းပယ်လေ၏။

ပြန်လာပါအံ့၊ အံ့ဩဖွယ် မဟုတ် ။ ။ ထိုအခါ စိတ္တသူကြွယ်သည် အရှင်သုဓမ္မကို –

'အရှင်ဘုရား ... အရှင်ဘုရားသည် အဘယ်အရပ်သို့ သွားပါမည်နည်း'

– ဟူ၍ မေးလေ၏။

'သူကြွယ် ... ငါသည် မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိသို့ သွားမည်'

– ဟု ဖြေလေ၏။

'အရှင်ဘုရား ... သို့ဖြစ်လျှင် အရှင်ဘုရားနှင့် တပည့်တော် ပြောခဲ့သမျှ စကား အလုံးစုံကို မြတ်စွာဘုရားအား လျှောက်ကြားပါလေ။ အရှင်ဘုရားသည် မစ္ဆိကာသဏ္ဍ ဇနပုဒ်သို့ တဖန်ပြန်လာရသည်မှာ အံ့ဩဖွယ် မဟုတ်' – ဟု လျှောက်လိုက်လေ၏။

<u>ပဋိသာရဏီယကံ ပြုစေပြီ</u> ။ ။ထိုအခါ အရှင်သုဓမ္မသည် ကျောင်းအိပ်ရာနေရာကို သိမ်းသိမ်းဆည်းဆည်း၍ သာဝတ္ထိသို့ ထွက်လာခဲ့လေ၏။ ဇေတဝန်ကျောင်း မြတ်စွာဘုရားထံသို့ ရောက်လျှင် မြတ်စွာဘုရားကို မိမိနှင့် စိတ္တသူကြွယ် ပြောဆိုခဲ့သမျှသော စကားအလုံးစုံကို လျှောက်ထားလေ၏။

ထိုအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် အရှင်သုဓမ္မကို ကဲ့ရဲ့ ပြစ်တင်တော်မူလေ၏။

'မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား ... မလျောက်ပတ်၊ မလျော်ကန်၊ မသင့်တင့်။ ရဟန်းတို့၏ အပြုအမူ မဟုတ်။ မအပ်။ မပြုသင့်။ မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်သော ယောကျ်ား ... သင်သည် သဒ္ဓါတရားရှိသော၊ ကြည်ညိုသော၊ လှူဒါန်းတတ် သော၊ ဝေယျာဝစ္စကို ပြုလုပ်တတ်သော၊ သံဃာကို လုပ်ကျွေးတတ်သော စိတ္တသူကြွယ် ကို ယုတ်မာသော စကားဖြင့် အဘယ်ကြောင့် ဆဲရေးဘိသနည်း။ ရှုတ်ချဘိသနည်း။ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား ... ဤသင်ပြုမိသော အမှုသည် မကြည်ညို သေးသောသူတို့အား ကြည်ညိုစေခြင်းငှါ မဖြစ် ။ ...ပ... ။

ဤသို့ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောကြားတော်မူပြီးလျှင် ရဟန်းတို့ကို -

"ရဟန်းတို့ ... သို့ဖြစ်လျှင် သံဃာသည် သုဓမ္မရဟန်းအား 'သင်သည် စိတ္တသူကြွယ်ကို သည်းခံစေရမည်' ဟု ပဋိသာရဏီယကံကို ပြုလော့"

- ဟု မိန့်တော်မူလိုက်လေ၏။

<u>အဖော်တမန် ရဟန်းကို ပေးရမည်</u> ။ ။ ထိုအခါ သံဃာသည် -

'သင်သည် စိတ္တသူကြွယ်ကို သည်းခံစေရမည် '

- ဟု သုဓမ္မရဟန်းအား ပဋိသာရဏီယကံကို ပြုလုပ်၏။ သံဃာက ပဋိသာရဏီယကံ ပြုထားသော သုဓမ္မရဟန်းသည် မစ္ဆိကာသဏ္ဍ ဇနပုဒ်သို့ သွားပြီး လျှင် မျက်နှာမသာယာသည်ဖြစ်၍ စိတ္တသူကြွယ်ကို သည်းခံစေခြင်းငှါ မတတ်နိုင် သဖြင့် သာဝတ္ထိသို့ တစ်ဖန်ပြန်လာ၏။

ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားသည်-

'ရဟန်းတို့ ... သို့ဖြစ်လျှင် သံဃာသည် သုဓမ္မရဟန်းအား စိတ္တသူကြွယ်ကို သည်းခံစေရန် အဖော်တမန် ရဟန်းကို ပေးလော့' - ဟု မိန့်တော်မူလေ၏။

<u>ပဋိသာရဏီယကံကို ငြိမ်းစေလော့</u> ။ ။ ထိုအခါ အရှင်သုဓမ္မသည် အဖော်တမန် ရဟန်းနှင့် အတူ မစ္ဆိကာသဏ္ဍာ ဇနပုဒ်သို့ သွား၍ စိတ္တသူကြွယ်ကို သည်းခံစေ၏။

ထိုသုဓမ္မရဟန်းသည် ကောင်းစွာကျင့်၏။ မာန်တည်းဟူသော အမွေးကို ချ၏။ ကံမှထွက်မြောက်ကြောင်း အကျင့်ကို ကျင့်၏။ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားသည် ရဟန်းတို့ကို -

'ရဟန်းတို့ ... သို့ဖြစ်လျှင် သံဃာသည် သုဓမ္မရဟန်းအား ပဋိသာရဏီယကံကို ငြိမ်းစေလော့' - ဟု မိန့်တော်မူလိုက်လေ၏။

*(ဝိ - ၄ - ၃၇ /၄၅ ။ မြန် - ၃၅/၄၃ ။ ဝိမတိ ၃ - ၂၁၄။ ဘာဋီ - ၁၁ ။ ဝိဠ - ၄ - ၄)*

## <u>ပဋိသာရဏီယကံလာ ဆောင်ရန်လင်္ကာများ</u>

| | | | |
|---|---|---|---|
| ၁။ | မစ္ဆိကာသဏ္ဍာ၊ | ခေါ်ဆိုရာ၊ | ဂါမရွာ၌သည်၊ |
| ၂။ | ဥစ္စာစေ့၊ | ပေါကြွယ်ဝ၊ | စိတ္တသူကြွယ်သည်၊ |
| ၃။ | သုဓမ္မအား၊ | ကျောင်းအပ်ကြား၊ | အားထားကိုးကွယ်သည်။ |
| ၄။ | ဆွမ်းစားပင့်လျှောင်၊ | ပင့်တိုင်းပင်၊ | တိုင်ပင်လျှောက်ထားသည်။ |
| ၅။ | တစ်နေ့အခါ၊ | ပုဏ္ဏာရာ၊ | စဖြာထေရ်တို့သည်၊ |
| ၆။ | မစ္ဆိကာသဏ္ဍာ၊ | ရွာဂါမ၊ | ရောက်ကြွလာကြသည်။ |
| ၇။ | ကြွရောက်လာကြ၊ | ထေရ်ကိုပ၊ | စိတ္တဖူးမြော်ပြီ။ |
| ၈။ | ထေရ်ကြီးတို့အား၊ | သဒ္ဓါပွား၊ | ဆွမ်းစားပင့်ခဲ့သည်။ |
| ၉။ | သုဓမ္မအားလဲ၊ | မလွှတ်ဘဲ၊ | ပင့်မြဲပင့်လေသည်။ |

၁၀။ တိုင်ပင်မရောက်၊ ပင့်မှရောက်၊ စိတ်ကောက်ပါလေပြီ။
၁၁။ ရှေ့တိုင်ပင်ပြု၊ ခုမပြု၊ ပင့်မှုပယ်လိုက်သည်။
၁၂။ သုံးကြိမ်တိုင်ပါ၊ ပင့်သော်လာ၊ ပယ်မြဲပယ်လေသည်။
၁၃။ မကြွနေပ၊ ကြွလိုကြွ၊ စိတ္တပြန်ခဲ့ပြီ။
၁၄။ ကောင်းနိုးရာပင်၊ ဆွမ်းဘောဇဉ်၊ စီစဉ်ထားလေပြီ။
၁၅။ ရှင်သုဓမ္မ၊ စောစောပ၊ ရောက်ချလာပြန်သည်။
၁၆။ ဘောဇဉ်ဖြာဖြာ၊ စီမံထား၊ လေ့လာကြည့်ရှုပြီ။
၁၇။ စီမံထားငြား၊ ဘောဇဉ်ကား၊ များပြားလှလေသည်။
၁၈။ နှမ်းပျစ်ခေါ်ပြု၊ မုန့်တစ်ခု၊ ပါမှုမရှိပြီ။
၁၉။ ဤသို့မုန့်စွာ၊ သုဓမ္မာ၊ ငေါ့ကာဆဲလေသည်။
၂၀။ စိတ္တမျိုးသည်၊ ရှေး၌သည်၊ မုန့်သည်ရှိဖူးသည်။
၂၁။ မျိုးဇာတ်ကိုထင်၊ ရည်စူးမင်၊ ဆဲခြင်းဖြစ်လေသည်။
၂၂။ ထိုအခါဝယ်၊ စိတ္တရယ်၊ ပြန်လှယ်ပြောလေပြီ။
၂၃။ ဘုရားဟောထား၊ စကားများ၊ မြောက်များရှိလေသည်။
၂၄။ ရှားရှားပါးပါး၊ နှမ်းပျစ်အား၊ ပြောကြားလေဘိသည်။
၂၅။ ဒက္ခိဏာပထ၊ ကုန်သည်ပ၊ ဖြစ်ကြလေ့တို့သည်၊
၂၆။ အရှေ့ရပ်မှု၊ ကြက်မဟူ၊ ဆောင်ယူလာခဲ့သည်။
၂၇။ ထိုကြက်မမူ၊ ကျီးနှင့်ဟူ၊ သင့်မြူခဲ့လေသည်။
၂၈။ ထိုကြက်မကား၊ ကြက်ငယ်အား၊ မွေးဖွားခဲ့လေပြီ။
၂၉။ ကုန်သည်လက်ဝယ်၊ ကြီးပြင်းရယ်၊ ကြက်ငယ်ကလေးသည်၊
၃၀။ ကျီး၏သံဟူ၊ စိတ်စောပြု၊ သံပြုမြည်လေသည်။
၃၁။ အာအောက်ကလိ၊ မြည်သံတိ၊ ထွက်ရှိသွားလေသည်။
၃၂။ တစ်ခါတစ်ဖန်၊ ကြက်၏သံ၊ တွန်သံပြုလေသည်။
၃၃။ အောက်ကလိအာ၊ အသံသာ၊ ထွက်ကာလာခဲ့သည်။
၃၄။ ကျီး၏အသံ၊ မထွက်ပြန်၊ ကြက်သံမဟုတ်ပြီ။
၃၅။ ဤနည်းအလား၊ ရှင်ပြောကြား၊ စကားတစ်ခုသည်၊

၃၆။ ရဟန်းစကား၊ လူစကား၊ လားလားမဟုတ်ပြီ။
၃၇။ ထိုစကားဆိုက်၊ သုဓမိဍ်၊ အရှိုက်ထိလေပြီ။
၃၈။ ဒကာပြောတာ၊ ငါ့ကိုသာ၊ ဆဲတာဖြစ်လေသည်။
၃၉။ သင်၏ကျောင်းမှာ၊ မနေပါ၊ ပြောကာဖဲသွားပြီ။
၄၀။ ဇေတရောက်လာ၊ သုဓမ္မာ၊ မြတ်စွာချဉ်းကပ်ပြီ။
၄၁။ လုံးစုံကြောင်းရာ၊ ဖြစ်ခဲ့တာ၊ ကောင်းစွာလျှောက်ထားပြီ။
၄၂။ မောဃပုရိသ၊ သုဓမ္မ၊ စိတ္တသူကြွယ်သည်၊
၄၃။ လုပ်ကျွေးတတ်သူ၊ သဒ္ဓါဟူ၊ ရှိသူဖြစ်လေသည်။
၄၄။ သာသနာမှာ၊ ကျေးဇူးဟာ၊ လွန်စွာများပေသည်။
၄၅။ ကျေးဇူးဖုံဖုံ၊ ဤသို့ဂုဏ်၊ ရှိတုံပါလျက်သည်၊
၄၆။ အဘယ်ကြောင့်ပါ၊ ယုတ်မာလှ၊ ဆဲရလေဘိသည်။
၄၇။ သုဓမ္မကိုပင်၊ ဘုရားရှင်၊ ဖြစ်တင်ကဲ့ရဲ့ပြီ။
၄၈။ ပဋိသာရဏီယဟူ၊ ကံဖြင့်မူ၊ ရေးယူစေလေပြီ။
၄၉။ မာန်မွေးတွေချ၊ သုဓမ္မ၊ ဝန်ချတောင်းပန်ပြီ။
၅၀။ ဆရာဒကာ၊ ကြည်ဖြူစွာ၊ ကံပါရုပ်သိမ်းပြီ။
၅၁။ ရဟန်းတစ်သီ၊ လူတို့သည်၊ အမှီရှိကြသည်။
၅၂။ ကျေးဇူးရှိဟန်၊ တွေးကာကြံ၊ သည်းခံကြရမည်။
၅၃။ အမှားကိုပြင်၊ အမှန်ထင်၊ လွန်ပင်ချမ်းသာသည်။
၅၄။ ခွင့်လွှတ်တတ်ငြား၊ မေတ္တာထား၊ မှားနိုင်ကြပြီ။

ပဋိသာရဏီယကံလာ ကိုယ်ကျင့်တရားများ ပြီး၏။

## ၃၃။ ဝတ္ထုကြွနက

## သပိတ်မှောက်ကံလာ ကိုယ်ကျင့်တရားများ

လိစ္ဆဝီမင်းသား ။ ။ အရှင်ဒဗ္ဗကား ရဟန္တာတည်း။ ဆွမ်းညွှန်ရဟန်းတည်း။ မေတ္တိယဘုမ္မဇက ရဟန်းတို့ကား ဘုန်းကံနည်းပါးသော ရဟန်းတို့တည်း။ မိမိတို့ ဘုန်းကံနည်းပါးမှုကြောင့် ညံ့ဖျင်းသော အာဟာရများကို သုံးဆောင်ရသည်ကို အရှင်ဒဗ္ဗကြောင့်ဟု မှတ်ယူကာ အရှင်ဒဗ္ဗအပေါ်၌ အမြဲတစေ ရန်ငြိုးဖွဲ့တတ်သူတို့ ဖြစ်လေ၏။

ဝဍ္ဎလိစ္ဆဝီမင်းသားကား မေတ္တိယ ဘုမ္မဇက ရဟန်းတို့၏ အသင်းအပင်း ဖြစ်လေ၏။

စွပ်စွဲခိုင်းပြီ ။ ။ တစ်နေ့သောအခါ၌ ဝဍ္ဎလိစ္ဆဝီမင်းသားသည် မေတ္တိယ ဘုမ္မဇက ရဟန်းတို့ထံသို့ ချဉ်းကပ်၍ -

'အရှင်တို့ကို ရှိခိုးပါ၏ '

- ဟု သုံးကြိမ်တိုင် ဆိုပါသော်လည်း စကားမပြောသည့်အတွက် အကြောင်းကို မေးလေသော် -

'ဒါယကာ ဝဍ္ဎ ... ငါတို့ ဖြစ်တိုင်းဆိုအံ့။ ငါတို့ကို မလ္လမင်း၏သား ဒဗ္ဗက ညှဉ်းဆဲသည် ဖြစ်လျက် သင်သည် လျစ်လျူရှုဘိ၏' - ဟု ပြောဆိုကြကုန်၏။

'တပည့်တော်သည် အဘယ်ကို ပြုရပါအံ့နည်း' - ဟု မေးသောအခါ၌ -

"ဒါယကာ ဝဍ္ဎ ... သင်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို 'မလ္လမင်း၏သား အရှင်ဒဗ္ဗသည် တပည့်တော်၏ မယားကို ဖျက်ဆီးပါ၏' - ဟု လျှောက်လော့ " - ဟု စေခိုင်းလိုက်လေ၏။

**သပိတ်မှောက်ပြီ** ။ ။ ထိုသို့ စေခိုင်းသည့်အတိုင်း ဝဍ္ဍလိစ္ဆဝီမင်းသားသည် မြတ်စွာဘုရားထံသို့ သွား၍ ပြောဆိုပြုလုပ်လေ၏။ စိစစ်သောအခါ မဟုတ်မဟတ် စွပ်စွဲခြင်း ဖြစ်၍ မြတ်စွာဘုရားသည် ရဟန်းတို့ကို -

'ရဟန်းတို့ ... သို့ဖြစ်လျှင် ဝဍ္ဍလိစ္ဆဝီမင်းသားအား သပိတ်မှောက်လော့။ သံဃာနှင့် မဆက်ဆံခြင်းကို ပြုလော့'

- ဟု မိန့်တော်မူလေ၏။ သံဃာများကလည်း သပိတ်မှောက်ကံကို ပြုကြလေ၏။

**မှုး၍လဲလေပြီ** ။ ။ ထိုအခါ အရှင်အာနန္ဒာသည် သပိတ်သက်နီးကို ယူပြီးလျှင် ဝဍ္ဍလိစ္ဆဝီမင်းသားနေအိမ်သို့ ချဉ်းကပ်၍ ဝဍ္ဍလိစ္ဆဝီမင်းသားကို -

'ဒါယကာ ဝဍ္ဍ ... သံဃာသည် သင့်အား သပိတ်မှောက်၏။ သင်သည် သံဃာနှင့် ဆက်ဆံမှု မရှိသူဖြစ်၏' - ဟု ပြောကြားလေ၏။

ထိုအခါ - 'သံဃာသည် ငါ့ကို သပိတ်မှောက်သတတ်။ ငါသည် သံဃာနှင့် ဆက်ဆံမှု မရှိသူ ဖြစ်သတတ်'

- ဟု နှလုံးသွင်း၍ ဝဍ္ဍလိစ္ဆဝီမင်းသားသည် ထိုနေရာ၌ပင် မိန်းမောလျက် လဲလေ၏။

**ဝန်ချတောင်းပန်ခြင်း** ။ ။ ထိုအခါ ဝဍ္ဍလိစ္ဆဝီမင်းသား၏ အဆွေခင်ပွန်း၊ ဆွေမျိုးသားချင်းတို့သည် ဝဍ္ဍလိစ္ဆဝီမင်းသားကို -

'အချင်း ဝဍ္ဍ ... မသင့်ပါ။ မစိုးရိမ်ပါလင့်။ မငိုကြွေးပါလင့်။ ငါတို့သည် မြတ်စွာဘုရားကိုလည်းကောင်း၊ ရဟန်းသံဃာကိုလည်းကောင်း ကျေနပ်စေကုန်အံ့'

- ဟု ပြောဆိုကုန်၏။

ထိုအခါ ဝဍ္ဍလိစ္ဆဝီမင်းသားသည် သားမယားနှင့်တကွ၊ အဆွေခင်ပွန်းတို့နှင့်တကွ၊ ဆွေမျိုးသားချင်းတို့နှင့်တကွ စိုသောအဝတ်ရှိလျက်၊ စိုသောဆံပင်ရှိလျက်

မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရား၏ ခြေတော်၌ ဦးခိုက်၍ မြတ်စွာဘုရား အား -

'ရှင်တော်ဘုရား ... မိုက်သည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက် အပြစ်သည် တပည့်တော်ကို လွှမ်းမိုးကျရောက်ခဲ့ပါပြီ။ တပည့်တော်သည် မလ္လမင်း၏သား အရှင်ဒဗ္ဗကို အကြောင်းမရှိဘဲ သီလပျက်စီးခြင်းဖြင့် စွပ်စွဲမိပါ၏။ မြတ်စွာဘုရားသည် တပည့်တော်၏ အပြစ်ကို အပြစ်အားဖြင့် နောင်အခါ စောင့်စည်းခြင်းငှါ သည်းခံတော်မူပါလော့' - ဟု လျှောက်လေ၏။

'ဒါယကာ ဝဍ္ဍ ... သင်သည် မလ္လမင်း၏သား အရှင်ဒဗ္ဗကို အကြောင်းမရှိဘဲ သီလပျက်စီးခြင်းဖြင့် စွပ်စွဲသောကြောင့် မိုက်သည့်အလျောက်၊ တွေဝေသည့် အလျောက်၊ မလိမ္မာသည့်အလျောက် အပြစ်သည် သင့်ကို စင်စစ်လွှမ်းမိုး နှိပ်စက်ခဲ့၏။ ဒါယကာ ဝဍ္ဍ ... သင်သည် အကြင်ကြောင့် အပြစ်ကို အပြစ်အားဖြင့် မြင်၍ တရားနှင့် လျော်စွာ ကုစား၏။ ထို့ကြောင့် သင်၏ ထိုအပြစ်ကို ငါတို့ သည်းခံကုန်၏။

ဒါယကာ ဝဍ္ဍ ... အကြင်သူသည် အပြစ်ကို အပြစ်အားဖြင့် မြင်၍ တရားနှင့် လျော်စွာ ကုစား၏။ နောင်အခါ၌လည်း စောင့်စည်း၏။ ထိုသူ၏ ဤသို့ပြုခြင်းသည် ဘုရား၏ ဝိနည်းအဆုံးအမ၌ ကြီးပွားကြောင်းသာလျှင် ဖြစ်၏'

- ဟု မိန့်တော်မူ၏။

## သပိတ်မှောက် အင်္ဂါ (၈)ပါး

ရဟန်းတို့ ... အင်္ဂါ (၈)ပါးနှင့် ပြည့်စုံသော ဥပါသကာအား သပိတ်မှောက်ရမည်။

၁။ ရဟန်းတို့အား လာဘ်မရစိမ့်သောငှါ အားထုတ်၏။

၂။ အကျိုးမဲ့စိမ့်သောငှါ အားထုတ်၏။

၃။ နေရာမရစိမ့်သောငှါ အားထုတ်၏။

၄။ ဆဲရေး၏။ ခြိမ်းခြောက်၏။

၅။ အချင်းချင်း ကွဲပြားစေ၏။

၆။ မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြော၏။

၇။ တရား၏ ကျေးဇူးမဲ့ကို ပြော၏။

၈။ သံဃာ၏ ကျေးဇူးမဲ့ကို ပြော၏။

ရဟန်းတို့ ... ဤအင်္ဂါ (၈)ပါးနှင့် ပြည့်စုံသော ဥပါသကာအား သပိတ်မှောက်ခြင်းငှါ ခွင့်ပြု၏။

**သပိတ်လှန်ခြင်း အင်္ဂါ (၈)ပါး ။** ။ ရဟန်းတို့ ... အင်္ဂါ (၈)ပါးနှင့် ပြည့်စုံသော ဥပါသကာအား သပိတ်လှန်ရမည်။

၁။ ရဟန်းတို့အား လာဘ်မရစိမ့်သောငှါ အားမထုတ်။

၂။ အကျိုးမဲ့စိမ့်သောငှါ အားမထုတ်။

၃။ နေရာမရစိမ့်သောငှါ အားမထုတ်။

၄။ မဆဲရေး၊ မခြိမ်းခြောက်။

၅။ အချင်းချင်း မကွဲပြားစေ။

၆။ မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို မပြော။

၇။ တရားတော်မြတ်၏ ကျေးဇူးမဲ့ကို မပြော။

၈။ သံဃာတော်၏ ကျေးဇူးမဲ့ကို မပြော။

ရဟန်းတို့ ... ဤအင်္ဂါ (၈)ပါးနှင့် ပြည့်စုံသော ဥပါသကာအား သပိတ်လှန်ခြင်းငှါ ခွင့်ပြု၏။

**သပိတ်လှန်ပြီ ။** ။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို -

'ရဟန်းတို့ ... သို့ဖြစ်လျှင် သံဃာသည် ဝဍ္ဍလိစ္ဆဝီမင်းသားအား သပိတ်လှန်လော့။ သံဃာနှင့် ဆက်ဆံခြင်းကို ပြုလော့' - ဟု မိန့်တော်မူလေ၏။

ထိုအခါ သံဃာသည် တောင်းပန်ဝန်ချသဖြင့်လည်းကောင်း၊ မာန်တည်းဟူသော အမွေးကိုချသဖြင့်လည်းကောင်း၊ ကိမှထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်သဖြင့်လည်းကောင်း ဝဍ္ဍလိစ္ဆဝီမင်းသားအား သပိတ်လှန်ခြင်းကံကို ပြုလေ၏။ သံဃာနှင့် ဆက်ဆံမှုကို ပြုလေ၏။

( ဝိ - ၄ - ၂၆၂ / ၂၆၅ ။ မြန် - ၂၆၃ / ၂၆၇ )

## သပိတ်မှောက်ကံလာ ဆောင်ရန်လင်္ကာများ

၁။ မလ္လရာဇ၊ သားပုတ္တ၊ ဒဗ္ဗအရှင်သည်၊
၂။ အာသဝေါကင်းကွာ၊ ရဟန္တာ၊ ကောင်းစွာထင်ရှားသည်။
၃။ နေရာခင်းတတ်၊ ဆွမ်းညွှန်တတ်၊ ရှင်မြတ်ဖြစ်လေသည်။
၄။ မေတ္တိယဘုမ္မဇကဟူ၊ ခေါ်ဆိုပြု၊ ဘိက္ခုတစ်တွေသည်၊
၅။ ဘုန်းကံနည်းကြ၊ လာဘ်ပါးကြ၊ ဒဗ္ဗထင်လွဲသည်။
၆။ ရန်ငြိုးဖွဲ့ကာ၊ အာဃာတာ၊ စိတ်မှာထားကြသည်။
၇။ ဝဍ္ဍတွင်မည်၊ လိစ္ဆဝီ၊ မင်းညီမင်းသားသည်၊
၈။ မေတ္တိယပင်၊ ရင်းနှီးအင်၊ သင်းဝင်ဖြစ်လေသည်။
၉။ မေတ္တိယများ၊ ဝဍ္ဍအား၊ စကားဆိုလေပြီ။
၁၀။ သင်္ဂါမယား၊ ဒဗ္ဗကား၊ စော်ကားပြောခိုင်းပြီ။
၁၁။ ပြောခိုင်းတိုင်းပ၊ မိုက်မဲစွ၊ ဝဍ္ဍပြောလေပြီ။
၁၂။ သပိတ်မှောက်ကံ၊ မြတ်ဗုဒ္ဓံ၊ တန်ပြန်ပြုစေပြီ။
၁၃။ သံဃာအစု၊ ဆက်ဆံမှု၊ မပြုရတော့ပြီ။
၁၄။ ထိုအကြောင်းမှန်၊ ဝဍ္ဍထံ၊ အာနန်သိစေပြီ။
၁၅။ သံဃာနှင့်မူ၊ ဆက်ဆံဟူ၊ ရှိသူမဟုတ်ပြီ။
၁၆။ ထိုအသံကြား၊ ဝဍ္ဍကား၊ ချောက်ချားသွားလေပြီ။
၁၇။ မူးကာမေ့ကာ၊ လဲသွားပါ၊ ဖွေ့ကာထူရသည်။
၁၈။ မိုက်မှားနောင်တ၊ ဖြစ်ပြီးမှ၊ ဝန်ချတောင်းပန်ပြီ။
၁၉။ အပြစ်အားလျော်စွာ၊ ကုစားတာ၊ မြတ်စွာခွင့်လွှတ်ပြီ။
၂၀။ သပိတ်မှောက်ထား၊ ဝဍ္ဍအား၊ ပြန်ကားလှန်စေပြီ။
၂၁။ သံဃာတော်နှင့်၊ ဆက်ဆံခွင့်၊ ပြန်သင့်ရလေပြီ။
၂၂။ ရဟန်းသံဃာ၊ စွပ်စွဲတာ၊ လွန်စွာပြစ်ကြီးသည်။
၂၃။ သံဃာနှင့်ဖက်၊ အမှုတက်၊ ပြစ်ချက်ပိုကြီးသည်။
၂၄။ သံဃာနှင့်ပါ၊ ပြဿနာ၊ ဝေးစွာရှောင်ရမည်။

သပိတ်မှောက်ကံလာ ကိုယ်ကျင့်တရားများ ပြီး၏။

# သေနာသနက္ခန္ဓက

## အနာထပိဏ်ဝတ္ထုလာ ကိုယ်ကျင့်တရားများ

သူဌေးနှစ်ဦး ။ ။ ရာဇဂြိုဟ်သူဌေးနှမ၏ ခင်ပွန်းဖြစ်သော အနာထပိဏ်သူဌေးသည် ကိစ္စတစ်ခုဖြင့် ရာဇဂြိုဟ်မြို့သို့ သွားသောအခါ ရာဇဂြိုဟ်သူဌေးသည် နက်ဖြန်အတွက် ဘုရားအမှူးရှိသော သံဃာကို ပင့်ဖိတ်ထားသဖြင့် ကျွန်တို့ကို လည်းကောင်း၊ အမှုလုပ်သမားတို့ကိုလည်းကောင်း –

'အချင်းတို့ ... ဂရုစိုက်ကြကုန်လော့။ စောစောထ၍ ယာဂုကို ကျိုကုန်လော့။ ဆွမ်းချက်ကုန်လော့။ ဟင်းတို့ကို ပြည့်စုံစေကုန်လော့။ လက်သုပ်တို့ကို ပြည့်စုံစေကုန်လော့' – ဟု စေခိုင်းလေ၏။

ထိုအခါ အနာထပိဏ်သူဌေးအား –

'ဤသူဌေးသည် ရှေးအခါက ငါလာသည်ရှိသော် ကိစ္စအားလုံးတို့ကို ဖယ်ထား၍ ငါနှင့်အတူပင် ဝမ်းမြောက်ဝမ်းသာ ပြောဆို၏။ ယခုမူ ထိုသူဌေးသည် ပျံ့လွင့်သော သဘောရှိလျက် ကျွန်အမှုလုပ်တို့ကို ခိုင်းစေနေလေ၏။

အသို့နည်း။ ရာဇဂြိုဟ်သူဌေးအား သမီးပေးမင်္ဂလာပွဲပင် ဖြစ်လေသလော။ သမီးယူမင်္ဂလာပွဲပင် ဖြစ်လေသလော။ ယဇ်ကြီးကိုပင် ဆောက်တည်လေသလော။ ဗိမ္ဗိသာရမင်းကိုပင် စစ်သည်အပေါင်းနှင့်တကွ နက်ဖြန်အတွက် ဖိတ်ကြားထားလေသလော'

– ဟု အကြံဖြစ်လေ၏။

ထို့နောက် ကိစ္စပြီးစီး၍ အနာထပိဏ်သူဌေးထံသို့ ချဉ်းကပ်၍ အနာထပိဏ်သူဌေးနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆိုလျက် တစ်ခုသောနေရာ၌ ထိုင်နေသော ရာဇဂြိုဟ်သူဌေးကို အနာထပိဏ်သူဌေးသည် မိမိ၏အကြံဖြစ်ပုံကို ပြောပြလေ၏။

ဘုရားအသံကို ကြားရခဲ၏ ။ ။ ထိုအခါ ရာဇဂြိုဟ်သူဌေးသည် အနာထပိဏ်သူဌေးကို-

'သူဌေး ... အကျွန်ုပ်အား သမီးပေး မင်္ဂလာပွဲလည်း မဟုတ်ပါ။ သမီးယူ မင်္ဂလာပွဲလည်း မဟုတ်ပါ။ ဗိမ္ဗိသာရမင်းကိုလည်း စစ်သည်အပေါင်းနှင့်တကွ နက်ဖြန်အတွက် ဖိတ်မထားပါ။ စင်စစ်မူကား အကျွန်ုပ်သည် ယဇ်ကြီးကို ဆောက်တည်ပါ၏။ ဘုရားအမှူးရှိသော သံဃာကို နက်ဖြန်အတွက်ပင် ပင့်ဖိတ်ထားပါ၏ ' - ဟု ပြောလေ၏။

သူဌေး ... သင်သည် ဘုရားဟု ပြောလိုက်ပါသလား?
သူဌေး ... အကျွန်ုပ်သည် ဘုရားဟု ပြောလိုက်ပါ၏။

သူဌေး ... သင်သည် ဘုရားဟု ပြောလိုက်ပါသလား?
သူဌေး ... အကျွန်ုပ်သည် ဘုရားဟု ပြောလိုက်ပါ၏။

သူဌေး ... သင်သည် ဘုရားဟု ပြောလိုက်ပါသလား?
သူဌေး ... အကျွန်ုပ်သည် ဘုရားဟု ပြောလိုက်ပါ၏

- ဟု အနာထပိဏ်သူဌေးက သုံးကြိမ်မေး၍ ရာဇဂြိုဟ်သူဌေးက သုံးကြိမ်ဖြေဆိုလေ၏။

ထိုအခါ အနာထပိဏ်သူဌေးသည် ရာဇဂြိုဟ်သူဌေးကို -

"သူဌေး ... လောက၌ 'ဘုရား၊ ဘုရား' ဟူသော အသံပင် ကြားရခဲ၏။ သူဌေး ... ဤအချိန်၌ ဘုန်းတော်ကြီးတော်မူသော၊ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ခြင်းငှါ တတ်ကောင်းပါ၏လော"

- ဟု မေးလေ၏။

ထိုအခါ ရာဇဂြိုဟ်သူဌေးသည် ဤသို့ ဖြေကြားလေ၏။

'သူဌေး ... ဤအချိန်သည် ဘုန်းတော်ကြီးတော်မူသော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ခြင်းငှါ အခါမဟုတ်သေး။ နက်ဖြန် လျောက်ပတ်သောအချိန်၌ ဖူးမြင်ရန် ချဉ်းကပ်ရပေအံ့'

- ဟု ဖြေကြားလေ၏။

**ရှေ့သို့တက်ပါ** ။ ။ ထို့နောက် အနာထပိဏ်သူဌေးသည် –

'ငါသည် မြတ်စွာဘုရားကို ဖူးမြော်ရတော့အံ့'

– ဟု ဘုရားသို့ အောက်မေ့ခြင်းဖြင့် အိပ်လေရာ လင်းပြီဟု ထင်မှတ်လျက် ညဉ့်၌ သုံးကြိမ်ထ၏။

ထို့နောက် အနာထပိဏ်သူဌေးသည် ဘုရားကို ဖူးရန် အိမ်မှထွက်ခဲ့လေ၏။ သိဝကတံခါးသို့ ချဉ်းကပ်လေသော် နတ်တို့သည် တံခါးကို ဖွင့်ကုန်၏။ ထိုအခါ အနာထပိဏ်သူဌေးသည် မြို့မှထွက်စဉ် အလင်းရောင် ကွယ်ပျောက်၍ အမိုက်မှောင် ထင်ရှားဖြစ်လာ၏။ ကြောက်ခြင်း၊ ကိုယ်ခက်တရော်ရှိခြင်း၊ ကြက်သီးမွေးညင်းထခြင်း ဖြစ်သဖြင့် ထိုနေရာမှပင်လျှင် နောက်သို့ ပြန်လိုသောစိတ် ဖြစ်လေ၏။

ထိုအခါ သိဝကနတ်သည် ကွယ်ပျောက်လျက် –

'ဆင်အသိန်းသည်လည်းကောင်း၊ မြင်းအသိန်းသည်လည်းကောင်း၊ အဿတိုရ်မြင်းကသော ရထားအသိန်းသည်လည်းကောင်း၊ ပတ္တမြားနားတောင်း ပန်ဆင်ထားသော သတို့သမီးအသိန်းသည်လည်းကောင်း ဘုရားဖူးရန်သွားသော ခြေတစ်လှမ်း၏ အကျိုးကို တစ်ဆယ့်ခြောက်ပုံ ပုံ၍ တစ်ပုံကိုမျှ မထိုက်တန်ကုန်။

သူဌေး ... ရှေ့သို့တက်လော့။ သူဌေး ... ရှေ့သို့တက်လော့။ အသင့်အား ရှေ့သို့တက်ခြင်းသည် မြတ်၏။ နောက်သို့ ဆုတ်ခြင်းသည် မမြတ်ပါ'

– ဟု အသံကို ကြားစေ၏။

သုံးကြိမ်တိုင်တိုင် အနာထပိဏ်သူဌေးအား ထိုသို့ ဖြစ်လေ၏။

**သောတာပန် ဖြစ်ပြီ** ။ ။ ထိုအခါ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရား သီတင်းသုံးရာ ယင်းတိုက်တောသို့ ချဉ်းကပ်မိလေ၏။ နံနက်စောစော လွင်ပြင်၌ စင်္ကြံကြွတော်မူနေသော မြတ်စွာဘုရားသည် အဝေးမှလာနေသော အနာထပိဏ် သူဌေးကို မြင်တော်မူသဖြင့် စင်္ကြံမှဆင်းပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်တော်မူလျက် –

'သုဒတ္တ ... လာလော့ ' – ဟု ခေါ်တော်မူလိုက်လေ၏။

ထိုအခါ အနာထပိဏ်သူဌေးသည် –

'ငယ်နာမည်ဖြင့် ငါ့ကို မြတ်စွာဘုရား ခေါ်တော်မူ၏'

–ဟု ရွှင်လန်းအားတက်လျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်၍ –

'ရှင်တော်ဘုရား ... မြတ်စွာဘုရားသည် ချမ်းသာစွာ အိပ်တော်မူရပါ၏လော' – ဟု လျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကို ဂါထာဖြင့် ဤသို့ မိန့်ကြားတော်မူလေ၏။

၁။ သဗ္ဗဒါ ဝေ သုခံ သေတိ၊ ဗြာဟ္မဏော ပရိနိဗ္ဗုတော၊
ယော န လိမ္ပတိ ကာမေသု၊ သီတိဘူတော နိရူပဓိ။

၂။ သဗ္ဗာ အာသတ္တိယော ဆေတွာ၊ ဝိနေယျ ဟဒယေ ဒရံ၊
ဥပသန္တော သုခံ သေတိ၊ သန္တိံ ပပ္ပုယျ စေတသာ။

၁။ ယော – အကြင်ရဟန္တာပုဂ္ဂိုလ်သည်၊ ကာမေသု – ကာမတို့၌၊ နလိမ္ပတိ – လိမ်းကျံခြင်း မရှိတော့ပေ။ သီတိဘူတော – ကိလေသာဟူ အပူခပ်သိမ်း အေးငြိမ်းသည်ဖြစ်၍၊ နိရူပဓိ – ကိလေသာ ဥပဓိမရှိသော၊ ပရိနိဗ္ဗုတော – ထက်ဝန်းကျင် ငြိမ်းပြီးသော၊ သော ဗြာဟ္မဏော – ထိုရဟန္တာသည်၊ သဗ္ဗဒါ – အခါခပ်သိမ်း၊ သုခံ – ချမ်းချမ်း သာသာ၊ သေတိ – အိပ်ရနေရပေ၏။

၂။ သဗ္ဗာ – အလုံးစုံကုန်သော၊ အာသတ္တိယော – ကာမဂုဏ်တို့၌ တောင့်တမှုတို့ကို၊ ဆေတွာ – ဖြတ်ပြီး၍၊ ဟဒယေ – စိတ်နှလုံး၌၊ ဒရံ – ကိလေသာဟူ အပူခပ်သိမ်းကို၊ ဝိနေယျ – ပယ်ဖျောက်၍၊ စေတသာ – စိတ်ဖြင့်၊ သန္တိံ – ငြိမ်းအေးရာနိဗ္ဗာန်သို့၊ ပပ္ပုယျ – ရောက်ပြီး၍၊ ဥပသန္တော – ငြိမ်းအေးနေသော ရဟန္တာပုဂ္ဂိုလ်သည်၊ သုခံ – ချမ်းချမ်းသာသာ၊ သေတိ – အိပ်ရနေရလေ၏။ ဣတိ – ဤသို့ မိန့်တော်မူလိုက်လေပြီ။

ထို့နောက် မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးအား အနုပုဗ္ဗိကထာ တရားဒေသနာတော်ကို ဟောတော်မူလေ၏။ တရားအဆုံးမှာ အနာထပိဏ်သူဌေးအား ထိုနေရာ၌ပင်လျှင် –

'ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏'

– ဟု ကိလေသာမြူ အညစ်အကြေးကင်းသော တရားမျက်စိ သောတာပတ္တိမဂ်ဉာဏ်သည် ဖြစ်ပေါ်လေ၏။

**ဆွမ်းစားပင့်ခြင်း** ။ ။ ထို့နောက် အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားကို ရာသက်ပန် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ဥပါသကာအဖြစ်ကို လျှောက်ထားပြီးနောက် –

'မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အဖို့ တပည့်တော်၏ ဆွမ်းကို လက်ခံတော်မူပါ'

– ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလေ၏။

ထိုအခါ ရာဇဂြိုဟ်သူဌေးသည်လည်းကောင်း၊ ရာဇဂြိုဟ်မြို့နေ နိဂုံးသူဌေးသည် လည်းကောင်း၊ ဗိမ္ဗိသာရမင်းကြီးသည်လည်းကောင်း အနာထပိဏ်သူဌေး၏ ဆွမ်းစား ပင့်သည်ကို ကြားကြသောကြောင့် –

'သူဌေး … သင်သည် နက်ဖြန်အတွက် ဘုရားအမှူးရှိသော သံဃာကို ပင့်ဖိတ်၏။ သို့ရာတွင် သင်သည်ကား ဧည့်သည်ဖြစ်၏။ သူဌေး … သင့်အား လုပ်ဖော်ကိုင်ဖက်ကို ပေးအံ့။ ယင်းလုပ်ဖော်ကိုင်ဖက်ဖြင့် သင်သည် ဘုရားအမှူး ရှိသော သံဃာအား ဆွမ်းပြုစုနိုင်ရာ၏' – ဟု အသီးသီး ပြောဆိုကြကုန်၏။

ထိုအခါ အနာထပိဏ်သူဌေးသည် ထိုပုဂ္ဂိုလ်အပေါင်းတို့ကို –

'အလိုမရှိပါ။ အကျွန်ုပ်အား လုပ်ဖော်ကိုင်ဖက် ရှိပါ၏။ ယင်းလုပ်ဖော် ကိုင်ဖက်ဖြင့် အကျွန်ုပ်သည် ဘုရားအမှူးရှိသော သံဃာအား ဆွမ်းပြုစုပါအံ့'

– ဟု ပြောဆိုလိုက်လေ၏။

<u>သာဝတ္ထိသို့ ပင့်ပြီ</u> ။ ။ နောက်တစ်နေ့ နံနက်ရောက်သောအခါ မြတ်စွာဘုရား သည် သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူလျက် ရာဇဂြိုဟ်သူဌေးအိမ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ရဟန်းသံဃာနှင့်အတူ ခင်းထားသော နေရာ၌ ထိုင်တော်မူ၏။

ထိုအခါ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရား အမှူးရှိသော သံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင်၊ တားမြစ်သည့်တိုင်အောင် ကိုယ်တိုင်လုပ်ကျွေးပြီးလျှင် မြတ်စွာဘုရားသည် ဆွမ်းစားပြီး၍ သပိတ်မှလက်ကို ဖယ်ပြီးလတ်သော် တစ်ခုသော နေရာ၌ ထိုင်ကာ မြတ်စွာဘုရားအား –

'ရှင်တော်ဘုရား ... မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ တပည့်တော်၏ သာဝတ္ထိမြို့၌ ဝါကပ်ခြင်းကို လက်ခံတော်မူပါ' ဟု လျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကို –

'သူဌေး ... မြတ်စွာဘုရားတို့သည် ဆိတ်ငြိမ်ရာ၌ မွေ့လျော်ကုန်၏'

– ဟု မိန့်တော်မူလေ၏။

ထိုအခါ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားကို –

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ... သိပါပြီ။ လာခြင်းကောင်း တော်မူသော မြတ်စွာဘုရား ... သိပါပြီ ' – ဟု လျှောက်ထားလေ၏။

<u>လမ်းခရီးအကြား ကျောင်းတွေ ဓိမ်ခြင်း</u> ။ ။ အနာထပိဏ်သူဌေးသည် မိတ်ဆွေ များသူ၊ အပေါင်းအသင်းများသူ၊ သြဇာညောင်းသူ ဖြစ်၏။ သူဌေး၏ စကားကို နာယူသူ များ၏။ သာဝတ္ထိမြို့နှင့် ရာဇဂြိုဟ်မြို့ အကြား လမ်းခရီးတစ်လျှောက်၌ မြတ်စွာဘုရား သာဝတ္ထိသို့ ကြွတော်မူ လာသောအခါ ရပ်နားတော်မူနိုင်ရန်အတွက် သာဝတ္ထိနှင့် ရာဇဂြိုဟ် (၄၅)ယူဇနာရှိ၍ တစ်ယူဇနာခြားလျက် ကျောင်းတစ်ကျောင်းစီ ဆောက်စေလိုသည့်အတွက် ထိုအကြား ရွာတို့၌ နေထိုင်ကြကုန်သော လူတို့ကို –

'အမောင်တို့ ... သင်တို့သည် အာရာမ်တို့ကို ပြုလုပ်ကုန်လော့။ ကျောင်းတို့ကို တည်စေကုန်လော့။ အလှူကို ဖြစ်စေကုန်လော့။ လောက၌ ဘုရားပွင့်ပြီ။ အကျွန်ုပ်သည် ထိုမြတ်စွာဘုရားကို ပင့်ဖိတ်ခဲ့၏။ ဤလမ်းဖြင့် လာတော်မူလိမ့်မည်'

– ဟု တိုက်တွန်းနှိုးဆော်လေ၏။

ထိုအခါ လူတို့သည် အနာထပိဏ်သူဌေး တိုက်တွန်းအပ်သည်ဖြစ်၍ အာရာမ်တို့ကို ပြုလုပ်စေကုန်၏။ ကျောင်းတို့ကို တည်စေကုန်၏။ အလှူတို့ကို ဖြစ်စေကုန်၏။

<u>ဇေတဥယျာဉ်ကို ဝယ်ယူခြင်း</u> ။ ။ ထိုအခါ အနာထပိဏ်သူဌေးသည် သာဝတ္ထိမြို့၏ ထက်ဝန်းကျင်၌ လှည့်လည် ကြည့်ရှုလေ၏။

ထိုအခါ အနာထပိဏ်သူဌေးအား –

'အဘယ်အရပ်၌ မြတ်စွာဘုရားသည် သီတင်းသုံးတော်မူသင့်သနည်း။ ထိုအရပ်သည် –

၁။ ရွာမှ မဝေးလွန်း၊ မနီးလွန်း အသွားအလာနှင့် ပြည့်စုံရမည်။

၂။ ဘုရားဖူးလိုသူ၊ တရားနာလိုသူတို့အား သွားရောက်ရန် လွယ်ကူရမည်။

၃။ နေ့အခါ လူမပြွမ်း၊ ညချမ်းအခါလည်း အသံနည်းရမည်။

၄။ မြို့ ရွာတွန်သံ၊ အုတ်အုတ်ကျက်ကျက် အသံမရှိရ။

၅။ လူစော်မနံရ။

၆။ လူတို့၏ အနံ့အသက်မှ ကင်းရမည်။

၇။ လူတို့၏ လျှို့ဝှက်သောအမှုကို ပြုခြင်းငှါ ထိုက်သော၊ ကိန်းအောင်း၍ နေခြင်းငှါ လျောက်ပတ်သော အရပ်မျိုး ဖြစ်ရာ၏'

– ဟု အကြံဖြစ်လေ၏။

ထို့နောက် အနာထပိဏ်သူဌေးသည် ဖော်ပြပါ အင်္ဂါရပ်များနှင့် ပြည့်စုံသော ဇေတမင်းသား၏ ဥယျာဉ်ကို မြင်သည်ဖြစ်၍ ဇေတမင်းသားထံသို့ ချဉ်းကပ်ပြီးလျှင် ဇေတမင်းသားကို –

'အရှင့်သား ... အရှင့်သား၏ ဥယျာဉ်ကို ကျောင်းတိုက် အာရာမ်ပြုလုပ်ရန် အကျွန်ုပ်အား ပေးပါလော့' – ဟူ၍ တောင်းဆိုလေ၏။

ထိုအခါ ဇေတမင်းသားသည် အနာထပိဏ်သူဌေးကို -

'သူဌေး ... အသပြာစွန်းချင်းထိအောင် ခင်းခြင်းဖြင့်သာလျှင် ကျောင်းတိုက်အာရာမ်ကို ပေးထိုက်၏' - ဟု ပြောဆိုလေ၏။

(မပေးလို၍ ထိုသို့ ပြောခြင်း ဖြစ်သည်။)

'အရှင့်သား ... အာရာမ်ကို ယူပြီးပြီ ' - ဟု ပြော၏။

'သူဌေး ... အာရာမ်ကို မယူရသေး' - ဟု ဆိုလေ၏။

'ယူအပ်သလော၊ မယူအပ်သလော'

- ဟု တရားဆုံးဖြတ်သူ အမတ်ကြီးတို့ကို မေးကုန်၏။ ထိုအခါ အမတ်ကြီးတို့သည် ဇေတမင်းသားကို-

'အရှင့်သား ... အရှင့်သားသည် အဖိုးဖြတ်ပြီးသောကြောင့် အာရာမ်ကို ယူအပ်၏' - ဟု တရားအဆုံးအဖြတ် ပေးလိုက်ကြလေကုန်၏။

<u>မျက်နှာကြည်လင်ခြင်း ။</u> ။ ထိုအခါ အနာထပိဏ်သူဌေးသည် လှည်းတို့ဖြင့် ငွေကို ထုတ်စေ၍ ဇေတမင်းသား၏ ဥယျာဉ်ခြံမြေကို အသပြာအစွန်းချင်း ထိအောင်ခင်းခြင်းဖြင့် ခင်းစေ၏။ တစ်ဆယ့်ရှစ်ကုဋေသော ငွေအသပြာတို့ကုန်လေ၏။ တံခါးမုခ် ဝန်းကျင်နေရာ အနည်းငယ်ကျန်နေသည်ဖြစ်၍ -

'အချင်းတို့ ... သွားကုန်လော့။ ငွေကိုဆောင်ကုန်လော့။ ဤနေရာကို ခင်းအံ့'

- ဟု ပြောလျက် လူတို့ကို စေလွှတ်လေ၏။

ထိုအခါ ဇေတမင်းသားသည် ဤမျှလောက် များပြားသော ဥစ္စာကို စွန့်ရသော ပုဂ္ဂိုလ်တို့ မျက်နှာသည် ပျက်နေစရာ ကောင်း၏။ သို့ပါလျက် မျက်နှာမပျက်ဘဲ အထူးသဖြင့် ကြည်လင်သော သူဌေး၏ မျက်နှာကို မြင်ရသည်ဖြစ်၍ ဇေတမင်းသားအား -

'ဤသူဌေးသည် ထိုမျှ များပြားသော ငွေကို စွန့်လွှတ်၏။ ဤကိစ္စသည် ယုတ်ညံ့လိမ့်မည် မဟုတ်' - ဟု အကြံဖြစ်ကာ -

ဇေတမင်းသားသည် အနာထပိဏ်သူဌေးကို –

'သူဌေး ... မလိုတော့ပါ။ ဤနေရာအကွက်ကို မခင်းပါနှင့်။ ဤနေရာအကွက်ကို အကျွန်ုပ်အား ပေးပါလော့။ ဤအလှူသည် အကျွန်ုပ်၏ အလှူဖြစ်လတ္တံ့' – ဟု ပြောဆိုလေ၏။

**ဇေတမင်းသား တံခါးမုခ်** ။ ။ ထိုအခါ အနာထပိဏ်သူဌေးသည် –

'ဤဇေတမင်းသားသည် ထင်ရှား၏။ ထင်ရှားသော လူပေတည်း။ ဤကဲ့သို့ ထင်ရှားသော လူတို့၏ ကြည်ညိုမှုသည် များစွာကျေးဇူးရှိ၏'

– ဟု နှလုံးပိုက်လျက် ထိုနေရာတစ်ကွက်ကို ဇေတမင်းသားအား ပေးလိုက်လေ၏။ ထိုအခါ ဇေတမင်းသားသည် ဘုံခုနစ်ဆင့် ပြာသာဒ်ရှိသော မုခ်ဦးကို ဆောက်လုပ်လှူဒါန်းလေ၏။

**ကျောင်းတိုက်ကြီး တည်ဆောက်ပြီ** ။ ။ ထို့နောက် အနာထပိဏ်သူဌေးသည် ဇေတမင်းသား ဥယျာဉ်၌ ကျောင်းတိုက်ကို ပြုလုပ်စေ၏။ ပရိုဏ်တို့ကို ပြုလုပ်စေ၏။ တံခါးမုခ်တို့ကို ပြုလုပ်စေ၏။ စည်းဝေးရာဇရပ်တို့ကို ပြုလုပ်စေ၏။ မီးတင်းကုပ်တို့ကို ပြုလုပ်စေ၏။ ကပ္ပိယကုဋီတို့ကို ပြုလုပ်စေ၏။ ကျင်ကြီးအိမ်တို့ကို ပြုလုပ်စေ၏။ စင်္ကြံတို့ကို ပြုလုပ်စေ၏။ စင်္ကြံဇရပ်တို့ကို ပြုလုပ်စေ၏။ ရေတွင်းတို့ကို ပြုလုပ်စေ၏။ ဇရုံးအိမ်ဇရပ်တို့ကို ပြုလုပ်စေ၏။ ရေကန်တို့ကို ပြုလုပ်စေ၏။ မဏ္ဍပ်တို့ကို ပြုလုပ်စေ၏။

( ဝိ – ၄ – ၃၀၁/ ၃၀၇ ။ မြန် – ၃၀၆ / ၃၁၂။ ဝိ – ဌ – ၄ – ၆၂/ ၃ )

## အနာထပိဏ်ဝတ္ထုလာ ဆောင်ရန်လင်္ကာများ

၁။ ဥစ္စာစနေ၊ ပေါကြွယ်ဝ၊ ရာဇသူဌေးသည်၊

၂။ ဘုရားသံဃ၊ ဆွမ်းလှူရန်၊ စီမံနေလေသည်။

၃။ အနာထခေါ် ဘိ၊ သူဌေးတိ၊ ရောက်ရှိလာခဲ့သည်။

၄။ စကားပြောမှု၊ ဧည့်ခံမှု၊ မပြုနိုင်လေပြီ။

၅။ ကိစ္စပြီးမှ၊ စကားပ၊ ပြောကြဆိုကြသည်။

၆။ သမီးပေးခြင်း၊ ဆောင်ယူခြင်း၊ ပွဲခင်းဖြစ်နိုင်သည်။

၇။ ဗိမ္ဗိမင်းကြီး၊ ဖိတ်လို့တည်း၊ ပွဲကြီးဖြစ်နိုင်သည်။

၈။ အဲဒီကိစ္စ၊ မဟုတ်ရ၊ ဖွင့်ဟပြောလေပြီ။

၉။ ဘုရားသံဃာ၊ ဆွမ်းကပ်မှာ၊ ပြောကာပြလေပြီ။

၁၀။ ဘုရားဟုများ၊ ပြောသလား၊ ထပ်ကြားမေးလေပြီ။

၁၁။ ဘုရားဟုသာ၊ ပြောတာပါ၊ ဖြေကာပြလေပြီ။

၁၂။ အံ့သြလို့ပေ၊ သုံးကြိမ်ပေ၊ မေးဖြေဖြစ်ကြသည်။

၁၃။ လူတို့၏ထံ၊ ဘုရားသံ၊ ကြားရန်ခက်လှသည်။

၁၄။ ဘုရားကိုသာ၊ စိတ်စောကာ၊ အနာအိပ်လေပြီ။

၁၅။ ခန္ဓာကိုယ်မှာ၊ လင်းရောင်ဖြာ၊ သုံးခါထမိသည်။

၁၆။ လင်းပြီထင်မှတ်၊ ဘုရားမြတ်၊ ချဉ်းကပ်ထွက်ခဲ့ပြီ။

၁၇။ သင်္ချိုင်းကိုတောင်၊ အရောက်ဆောင်၊ လင်းရောင်ကွယ်လေပြီ။

၁၈။ ကြောက်စိတ်ဝင်ကာ၊ ပြန်လိုပါ၊ အနာဖြစ်လေပြီ။

၁၉။ ရှေ့သို့တက်ပါ၊ နောက်သို့သာ၊ ဆုတ်တာမသင့်ပြီ။

၂၀။ ကညာသိန်းထက်၊ ရတာထက်၊ ပိုလျက်ကောင်းပေသည်။

၂၁။ သင်္ချိုင်းမှာပေ၊ စောင့်ကာနေ၊ ဒေဝေအားပေးပြီ။

၂၂။ အားပေးတာမို့၊ အားရှိလို့၊ ရှေ့သို့သွားလေပြီ။

၂၃။ ယင်းတိုက်တောမှာ၊ စောသတ္တာ၊ ဆီးကာကြိုနေပြီ။

၂၄။ သုဒတ္တလား၊ သံထွက်ကာ၊ မြတ်စွာခေါ် လိုက်ပြီ။

၂၅။ အနာထပိဏ္ဍိက၊ စိတ်တက်ကြွ၊ ဗုဒ္ဓချဉ်းကပ်ပြီ။
၂၆။ ချမ်းချမ်းသာသာ၊ အိပ်ရပါ၊ အနာမေးလေပြီ။
၂၇။ ကိလေသာဟူ၊ ခပ်သိမ်းပူ၊ ငြိမ်းသူများတို့သည်၊
၂၈။ ခပ်သိမ်းချမ်းသာ၊ အိပ်ရပါ၊ မြတ်စွာဖြေကြားသည်။
၂၉။ အနုပုဗ္ဗိကထာ၊ ဒေသနာ၊ မြတ်စွာဟောလေပြီ။
၃၀။ တရားဆုံးမှာ၊ သူဌေးဟာ၊ သောတာဖြစ်လေပြီ။
၃၁။ သူဌေးကြီးဟာ၊ ဆွမ်းစားပါ၊ ပင့်ကာပြန်ခဲ့ပြီ။
၃၂။ အကူပေးတာ၊ မလိုပါ၊ အနာဆွမ်းကပ်ပြီ။
၃၃။ သာဝတ္ထိမြို့၊ ဝါကပ်ဖို့၊ ဆက်လို့လျှောက်ထားပြီ။
၃၄။ ဆိတ်ငြိမ်နေရာ၊ မွေ့လျော်ပါ။ မြတ်စွာမိန့်လေပြီ။
၃၅။ လေးဆယ့်ငါးယူဇနာ၊ သာနှင့်ရာ၊ ဝေးကွာခြားနားသည်။
၃၆။ တစ်ယူဇနာ၊ တစ်ကျောင်းပါ၊ အနာစီမံသည်။
၃၇။ ဇေတဥယျာနာ၊ ဆိတ်ငြိမ်ပါ၊ အနာတွေ့လေပြီ။
၃၈။ အသပြာစွန်းချင်း၊ ထိကာမင်း၊ ဝယ်ခြင်းပြုလေပြီ။
၃၉။ ကျောင်းကြီးကျောင်းငယ်၊ အသွယ်သွယ်၊ စီခြယ်တည်ဆောက်ပြီ။
၄၀။ ကျောင်းမုခ်ကိုကား၊ ဇေတအား၊ တည်ထားလှူစေပြီ။
၄၁။ အနာထပိဏ်၊ သဒ္ဓါထိန်၊ ဂုဏ်ရှိန်ကြီးမားသည်။
၄၂။ နိဗ္ဗာန်မျက်မှောက်၊ မဂ်ဉာဏ်ရောက်၊ ကျောင်းဆောက်လှူရမည်။
၄၃။ လောကီအဟုန်၊ လောကုတ်ဂုဏ်၊ အကုန်ပြီးလေသည်။

အနာထပိဏ်ဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

## နေရာဦး စသည်ကို ခွင့်ပြုတော်မူခြင်းလာ ကိုယ်ကျင့်တရားများ

**အရှင်သာရိပုတြာ၏ အလေ့အကျင့်** ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ဝေသာလီမြို့တို့မှ သာဝတ္ထိမြို့သို့ ရဟန်းသံဃာနှင့်အတူ ဒေသစာရီ ကြွချီတော်မူလေ၏။ ထိုအခါ ဆဗ္ဗဂီရဟန်းတို့၏ အနီးနေတပည့် ရဟန်းတို့သည် ဘုရားအမှူးရှိသော သံဃာ၏ ရှေ့မှရှေ့မှ သွား၍ -

'ဤကျောင်းနေရာသည် ငါတို့၏ ဥပဇ္ဈာယ်ဆရာတို့အဖို့၊
ဤကျောင်းနေရာသည် ငါတို့၏ ဆရာတို့အဖို့၊
ဤကျောင်းနေရာသည် ငါတို့အဖို့'

- ဟု ကျောင်းနေရာတို့ကို သိမ်းဆည်းကုန်၏။

ထိုအခါ အရှင်သာရိပုတြာသည် ဘုရားအမှူးရှိသော သံဃာ၏နောက်မှ သွား၍ ကျောင်းအိပ်ရာနေရာတို့ကို သိမ်းဆည်းထားပြီးဖြစ်သောကြောင့် ကျောင်းအိပ်ရာနေရာကို မရရကား တစ်ခုသော သစ်ပင်ရင်း၌ ထိုင်နေ၏။

ဤ၌ အရှင်သာရိပုတြာထေရ်သည် ဂိလာနရဟန်းတို့ကို စောင့်ရှောက် ပြုစုတော်မူလျက်လည်းကောင်း၊ အိုမင်းကြီးရင့်ကုန်သော ရဟန်းတို့ကို ချီးမြှင့်ထောက်ပံ့တော်မူလျက်လည်းကောင်း၊ အလုံးစုံသော ရဟန်းတို့၏ နောက်မှ ကြွလာတော်မူသတတ်။ ဤသို့ ကြွတော်မူခြင်းသည် အရှင်သာရိပုတြာ၏ ကျင့်ဝတ်တည်း။

**မုဒ္ဒသိတော်မူပြီ** ။ ။ ထိုအခါ မြတ်စွာဘုရားသည် ညဉ့်၏ မိုးသောက်ယာမ်၌ ထတော်မူ၍ ချောင်းဟန့်တော်မူ၏။ အရှင်သာရိပုတြာသည်လည်း ချောင်းဟန့်၏။

'ဤနေရာ၌ မည်သူနည်း'
' မြတ်စွာဘုရား ... တပည့်တော် သာရိပုတြာပါတည်း'
'သာရိပုတြာ ... သင်သည် အဘယ်ကြောင့် ဤနေရာ၌ နေဘိသနည်း'

အရှင်သာရိပုတြာသည် မြတ်စွာဘုရားကို ဤအကြောင်းကို လျှောက်ထား၏။

**နေရာဦးကို ဘယ်သူရထိုက်သနည်း** ။ ။ ထိုအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဆဗ္ဗဂ္ဂီရဟန်းတို့၏ အနီးနေတပည့်တို့ကို ကဲ့ရဲ့တော်မူပြီးနောက် –

'ရဟန်းတို့ ... နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို အဘယ်သူ ရထိုက်သနည်း'

– ဟု မေးတော်မူလေ၏။

အချို့သော ရဟန်းတို့က မင်းမျိုးမှ ရဟန်းပြုသူသည်၊ အချို့တို့က ပုဏ္ဏားမျိုးမှ ရဟန်းပြုသူသည်၊ အချို့တို့က သူကြွယ်မျိုးမှ ရဟန်းပြုသူသည်၊ အချို့တို့က သုတ္တန်ဆောင် ရဟန်းသည်၊ အချို့တို့က ဝိနည်းဆောင် ရဟန်းသည်၊ အချို့တို့က ဓမ္မကထိက ရဟန်းသည်၊ အချို့တို့က ဈာန်ရရဟန်းသည်၊ အချို့တို့က သောတာပန် စသော အရိယာ ရဟန်းသည်၊ အချို့တို့က တေဝိဇ္ဇာပတ္တ ရဟန္တာသည်၊ အချို့တို့က ဆဠာဘိည ရဟန္တာသည် နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ရထိုက်ပါ၏ – ဟု လျှောက်ကြကုန်၏။

**ခါ၊ မျောက်၊ ဆင်** ။ ။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခါ၊ မျောက်၊ ဆင် ဇာတ်ကြောင်းကို ဟောတော်မူ၏။

ရှေးအခါက ဟိမဝန္တာအရပ်၌ ပညောင်ပင်ကြီးသည် ရှိ၏။ ထိုပညောင်ပင်ကြီး၌ ခါ၊ မျောက်၊ ဆင် ဟူသော အဆွေခင်ပွန်း သုံးဦးတို့သည် နေကြကုန်၏။

ထိုအဆွေခင်ပွန်းတို့သည် အချင်းချင်း မရိုသေကုန်ဘဲ၊ မကိုင်းညွတ်ကုန်ဘဲ၊ အသက်မွေးခြင်း သဘောမတူကုန်ဘဲ နေကုန်၏။ ထိုအခါ ထိုအဆွေခင်ပွန်းတို့အား –

'ငါတို့တွင် အသက်အကြီးဆုံးသူကို သိရမူ ကောင်းပေရာ၏။ ထိုသူကို ငါတို့သည် ရိုသေကုန်ရာ၏။ လေးစားကုန်ရာ၏။ မြတ်နိုးကုန်ရာ၏။ ပူဇော်ကုန်ရာ၏။ ထိုသူ၏ အဆုံးအမ၌လည်း တည်ကုန်ရာ၏'

– ဟု အကြံဖြစ်ကြကုန်၏။

<u>ခါနှင့်မျောက်က မေး၊ ဆင်က ဖြေ</u> ။ ။ ထိုအခါ ခါနှင့်မျောက်တို့က ဆင်ကို -

'အဆွေ … သင်သည် အဘယ်ရှေးဟောင်း အကြောင်းအရာကို မှတ်မိသနည်း' - ဟု မေးကုန်၏။

'အဆွေတို့ … အကျွန်ုပ် ငယ်စဉ်အခါ၌ ဤပညောင်ပင်ကို ပေါင်တို့၏ အကြား၌ ထား၍ ကျော်သွား၏။ အညွန့်အဖျားသည် အကျွန်ုပ်၏ ဝမ်းဗိုက်ကို ထိ၏။ အဆွေတို့ … အကျွန်ုပ်သည် ဤရှေးဟောင်း အကြောင်းအရာကို မှတ်မိပါသည်' - ဟု ဆင်က ဖြေလေ၏။

<u>ခါနှင့် ဆင်က မေး၊ မျောက်က ဖြေ</u> ။ ။ ထိုအခါ ခါနှင့် ဆင်တို့က မျောက်ကို -

'အဆွေ … သင်သည် အဘယ်ရှေးဟောင်း အကြောင်းအရာကို မှတ်မိသနည်း' - ဟု မေးကုန်၏။

'အဆွေတို့ … အကျွန်ုပ်သည် ငယ်စဉ်အခါ မြေ၌ထိုင်၍ ပညောင်ပင်၏ အညွန့်အဖျားကို စား၏။ အဆွေတို့ … အကျွန်ုပ်သည် ဤရှေးဟောင်းအကြောင်း အရာကို မှတ်မိပါသည်' - ဟု မျောက်က ဖြေလေ၏။

<u>ဆင်နှင့်မျောက်က မေး၊ ခါက ဖြေ</u> ။ ။ ထိုအခါ မျောက်နှင့်ဆင်တို့က ခါကို -

'အဆွေ … သင်သည် အဘယ်ရှေးဟောင်းအကြောင်းအရာကို မှတ်မိသနည်း' - ဟု မေးကြကုန်၏။

'အဆွေတို့ … ဤမည်သော အရပ်၌ ပညောင်ပင်ကြီးသည် ရှိ၏။ အကျွန်ုပ်သည် ထိုအရပ်မှ အသီးကိုစား၍ ဤအရပ်၌ ကျင်ကြီးကို စွန့်၏။ ထိုအသီး၏ မျိုးစေ့ကြောင့် ဤပညောင်ပင်သည် ဖြစ်၏။ အဆွေတို့ … ထို့ကြောင့် အကျွန်ုပ်သည် အသက်အကြီးဆုံးတည်း ' - ဟု ပြောဆိုလေ၏။

ခါ၏ အသုံးအမဥ္ဇ တည်ခြင်း ။ ။ ထိုအခါ မျောက်နှင့် ဆင်တို့က ခါကို -

'အဆွေ ... သင်သည် အကျွန်ုပ်တို့ထက် အသက်ကြီးသူ ဖြစ်၏။ သင့်ကို အကျွန်ုပ်တို့သည် ရိုသေပါကုန်အံ့။ လေးစားပါကုန်အံ့။ မြတ်နိုးပါကုန်အံ့။ ပူဇော်ပါကုန်အံ့။ အကျွန်ုပ်တို့သည် သင်၏ အဆုံးအမ၌ တည်ပါကုန်အံ့'

– ဟု ပြောဆိုကြလေကုန်၏။

ထိုအခါ ခါသည် မျောက်နှင့်ဆင်တို့ကို ငါးပါးသီလ၌ တည်စေ၏။ ကိုယ်တိုင်လည်း ငါးပါးသီလတို့၌ တည်၍ ကျင့်၏။ ထိုသူတို့သည် အချင်းချင်း ရိုသေခြင်း၊ ကိုင်းညွတ်ခြင်း၊ သဘောတူအသက်မွေးခြင်းရှိကာ နေထိုင်ကြလျက် ကိုယ်ခန္ဓာ ပျက်စီး၍ သေဆုံးပြီးနောက် ကောင်းသောလားရာဖြစ်သော နတ်ပြည်သို့ ကပ်ရောက်ကုန်၏။

## သိတင်းကြီးသည် နေရာဦး ထိုက်၏

ရဟန်းတို့ ... ရှေးအခါက တိရစ္ဆာန်ဖြစ်သော သတ္တဝါတို့သည်ပင်လျှင် အချင်းချင်း ရိုသေခြင်း၊ ကိုင်းညွတ်ခြင်း ၊ သဘောတူ အသက်မွေးခြင်း ရှိလျက် နေကုန်သေး၏ ။

ရဟန်းတို့ ... ဤသို့ ကောင်းစွာဟောအပ်သော ဓမ္မဝိနယ၌ ရဟန်းပြုကုန်လျက် အချင်းချင်း မရိုသေ၊ မကိုင်းညွတ်၊ သဘောတူ အသက်မမွေးဘဲ နေကြခြင်းသည် တင့်တယ်ပါမည်လော။

ရဟန်းတို့ ... သိတင်းကြီး အစဉ်အတိုင်း ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း၊ နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ခွင့်ပြု၏။

– ဟု မိန့်တော်မူလေ၏။

## ရှိမခိုးထိုက်သော ပုဂ္ဂိုလ် (၁၀) ဦး

ရဟန်းတို့ ရှိမခိုးထိုက်သော ပုဂ္ဂိုလ်တို့သည် ဤ(၁၀)ဦးတို့တည်း။

၁။ ရှေးဦးရဟန်းဖြစ်သူသည် နောက်မှ ရဟန်းဖြစ်သူကို ရှိမခိုးအပ်။

၂။ လူသာမဏေကို ရှိမခိုးအပ်။

၃။ နာနာသံဝါသက အဓမ္မဝါဒီ သိတင်းကြီးကို ရှိမခိုးအပ်။

၄။ မာတုဂါမကို ရှိမခိုးအပ်။

၅။ ပဏ္ဍုတ်ကို ရှိမခိုးအပ်။

၆။ ပရိဝါသ်နေသော ရဟန်းကို ရှိမခိုးအပ်။

၇။ အရင်းသို့ ငင်ထိုက်သော ရဟန်းကို ရှိမခိုးအပ်။

၈။ မာနတ်ပေးခြင်းငှါ ထိုက်သော ရဟန်းကို ရှိမခိုးအပ်။

၉။ မာနတ်ကျင့်ဆဲ ရဟန်းကို ရှိမခိုးအပ်။

၁၀။ အဗ္ဘာန်သွင်းထိုက်သော ရဟန်းကို ရှိမခိုးအပ်။

ရဟန်းတို့ ရှိမခိုးထိုက်သော ပုဂ္ဂိုလ်တို့ကား ဤ (၁၀) ဦးတို့တည်း။

## ရှိခိုးထိုက်သူ (၃) ဦး

ရဟန်းတို့ ရှိခိုးထိုက်သော ပုဂ္ဂိုလ်တို့သည် ဤ(၃)ဦးတို့တည်း။

၁။ နောက်မှရဟန်းဖြစ်သောသူသည် ရှေးဦးရဟန်းဖြစ်သောသူကို ရှိခိုးထိုက်၏။

၂။ နာနာသံဝါသက ဓမ္မဝါဒီ သိတင်းကြီးကို ရှိခိုးထိုက်၏။

၃။ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို ရှိခိုးထိုက်၏။

ရဟန်းတို့ ... ရှိခိုးထိုက်သော ပုဂ္ဂိုလ်တို့ကား ဤ(၃)ဦးတို့တည်း။

– ဟု မိန့်တော်မူ၏။

ဇေတဝန်ကျောင်းလှူတဲ့ အနုမောဒနာ ။ ။ ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သည်ရှိသော် သာဝတ္ထိမြို့သို့ ရောက်၍ သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အာရာမ်ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ အနာထပိဏ်သူဌေးသည် အိမ်သို့ပင့်၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့အား ဆွမ်းကပ်လေ၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားကို ဤသို့ လျှောက်ထားလေ၏။

'မြတ်စွာဘုရား ... တပည့်တော်သည် ဇေတဝန်ကျောင်း၌ အဘယ်သို့ ပြုကျင့်ရပါမည်နည်း' – ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကို –

'သူကြွယ် ... သို့ဖြစ်လျှင် သင်သည် ဇေတဝန်ကျောင်းကို လာပြီး၊ လာလတ္တံ့သော အရပ်လေးမျက်နှာ၌ရှိသော သံဃာအား လှူလော့' – ဟု မိန့်တော်မူလေ၏။

အနာထပိဏ်သူဌေးလည်း မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း လှူလေ၏။

ထို့နောက် မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကို ဤဂါထာတို့ဖြင့် အနုမောဒနာတရား ဟောကြားတော်မူလေ၏။

၁။ ကျောင်းသည် အအေးကိုလည်းကောင်း၊ အပူကိုလည်းကောင်း၊ ထိုမှတစ်ပါး သားရဲတို့ကိုလည်းကောင်း၊ မြွေကင်းသန်းတို့ကိုလည်းကောင်း၊ ခြင်တို့ကိုလည်းကောင်း၊ လေအေးတို့ကိုလည်းကောင်း၊ မိုးပေါက်တို့ကိုလည်းကောင်း ပယ်ဖျောက်နိုင်၏။

၂။ ထို့ပြင် ဖြစ်လာသော ပြင်းသောလေ၊ ပြင်းသောအပူကိုလည်း ပယ်ဖျောက်နိုင်၏။ ကိန်းအောင်းခြင်းငှါလည်းကောင်း၊ ချမ်းသာခြင်းငှါလည်းကောင်း၊ ဈာန်ဝင်စားခြင်းငှါလည်းကောင်း၊ ဝိပဿနာရှုခြင်းငှါလည်းကောင်း –

၃။ သံဃာအား ကျောင်းလှူခြင်းကို မြတ်၏- ဟု မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ ထို့ကြောင့် မိမိအကျိုးကို မြင်သော ပညာရှိသောသူသည်

၄။ မွေ့လျော်ဖွယ်ကျောင်းတို့ကို ဆောက်လုပ်လှူဒါန်းရာ၏။ ဤကျောင်း၌ အကြားအမြင်များသော ရဟန်းတို့ကို နေစေရာ၏။ ဖြောင့်မတ်ကုန်သော ထိုရဟန်းတို့အား စားဖွယ်ကိုလည်းကောင်း၊ သောက်ဖွယ်ကိုလည်းကောင်း၊ သင်္ကန်းအိပ်ရာနေရာကိုလည်းကောင်း၊ ကြည်ညိုသောစိတ်ဖြင့် လှူဒါန်းရာ၏။

၅။ ထိုရဟန်းတို့သည် ထိုကျောင်းဒါယကာအား ဆင်းရဲအလုံးစုံကို ပယ်ဖျောက်တတ်သော တရားကို ဟောကုန်၏။ ဤသာသနာတော်၌ ထိုကျောင်းဒါယကာသည် ထိုတရားကို သိ၍ အာသဝေါကင်းကွာ ရဟန္တာဖြစ်လျက် ငြိမ်းအေးရလေ၏

- ဟု အနုမောဒနာတရား ဟောကြားတော်မူလေ၏။

မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကို ဤဂါထာတို့ဖြင့် အနုမောဒနာပြု ပြီးနောက် နေရာမှထကာ ဖဲကြွတော်မူလေ၏။

အနာထပိဏ်သူဌေးသည် ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်း ရာ၌ ကျောင်းမြေကို ဝယ်ယူရာ၌ (၁၈)ကုဋေ၊ ကျောင်းဆောက်ရာ၌ (၁၈)ကုဋေ၊ ကျောင်းလွှတ်ပူဇော်ပွဲ၌ (၁၈)ကုဋေ ဤသို့အားဖြင့် (၅၄)ကုဋေသော အသပြာတို့ကို အကုန်ခံ၍ လှူဒါန်းလေ၏။

( ဝိ - ၃ - ၃၀၉ / ၃၁၄ ။ မြန် - ၃၁၃/ ၃၁၈ ။ ဝိ ဋ ၄ - ၆၂ / ၆၄ )

## နေရာဦး စသည်ကို ခွင့်ပြုတော်မူခြင်း၌ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ဝေသာလီမှ၊ | သာဝတ္ထိ၊ | ဗုဒ္ဓကြွလေပြီ။ |
| ၂။ | ရဟန်းများစွာ၊ | သံဃာပါ၊ | လိုက်ပါကြလေသည်။ |
| ၃။ | လမ်းခရီးမှာ၊ | တစ်တောက်ပါ၊ | နားကာနေလေပြီ။ |
| ၄။ | ဆဗ္ဗဂ္ဂီ၏၊ | နိုးနေဘိ၊ | တပည့်များတို့သည်၊ |
| ၅။ | ဆရာတွက်ပါ၊ | ဥပဇ္ဈာယ်ပါ၊ | နေရာဦးကြသည်။ |
| ၆။ | အိုရဟန်းများ၊ | နာဖျားများ၊ | ထောက်ထားနေ၍သည်၊ |

၇။ နောက်ကျလေရာ၊ ပတ္တရာ၊ နေရာမရပြီ။
၈။ သစ်တစ်ပင်အောက်၊ ခိုဖို့ရောက်၊ တစ်ထောက်နေရပြီ။
၉။ နံနက်စောမှာ၊ ထသောခါ၊ မြတ်စွာသိလေပြီ။
၁၀။ နေရာယူကြား၊ ရဟန်းများ၊ ဘုရားကဲ့ရဲ့ ပြီ။
၁၁။ နေရာဦးဟူ၊ ရထိုက်သူ၊ ဘယ်သူဖြစ်ထိုက်သည်။
၁၂။ နေရာဦးအရေး၊ သိနိုင်ရေး၊ အမေးပြုလေပြီ။
၁၃။ ပုဏ္ဏားမျိုးမှ၊ မင်းမျိုးမှ၊ ပြုကြရဟန်းသည်၊
၁၄။ ဝေဝိဇ္ဇာပတ္တာ၊ ဆဘိညာ၊ ရဟန္တာများတို့သည်၊
၁၅။ နေရာဦးပေ၊ ရထိုက်ပေ၊ အဖြေပေးကြသည်။
၁၆။ ရထိုက်သူအား၊ သိဖို့ကြား၊ ဘုရားမြတ်စွာသည်၊
၁၇။ ခါနှင့်မျောက်ဆင်၊ ဇာတ်ကြောင်းပင်၊ ဆောင်ငင်မိန့်လေပြီ။
၁၈။ ရှေးရှေးအခေါင်၊ ဟိမတောင်၊ ပညောင်ပင်၌သည်၊
၁၉။ ခါမျောက်ဆင်ဟု၊ သုံးဦးစု၊ မိတ်ပြုနေကြသည်။
၂၀။ ရိုသေလိုရာ၊ မြတ်နိုးစွာ၊ ပြုပါလို၍သည်၊
၂၁။ သုံးဦးထဲမယ်၊ သက်ကြီးရယ်၊ ရွေးချယ်ပါတော့သည်။
၂၂။ ဆင်ငယ်စဉ်မှာ၊ ညောင်ပင်ဟာ၊ ဗိုက်မှာထိနေသည်။
၂၃။ မျောက်ငယ်စဉ်မှာ၊ ညွန့်ကိုသာ၊ ထိုင်ကာဝါးစားသည်။
၂၄။ ခါကျင်ကြီးမှ၊ ညောင်ပင်က၊ ပေါ် ရပါ၍သည်၊
၂၅။ အကြီးဆုံးဟာ၊ ခါဖြစ်တာ၊ ကောင်းစွာသိကြပြီ။
၂၆။ ရိုသေသမှု၊ မြတ်နိုးမှု၊ ချစ်မှုပြုကြပြီ။
၂၇။ ခါ၏စကား၊ လိုက်နာကြား၊ ငါးပါးတည်ကြပြီ။
၂၈။ သေသောအခါ၊ နတ်တို့ရွာ၊ ကောင်းစွာရောက်ကြပြီ။
၂၉။ နေရာဦးမှာ၊ ရဟန္တာ၊ ပဓာမဟုတ်ပြီ။
၃၀။ ဝါကြီးသူသာ၊ ပဓာနာ၊ မြတ်စွာမိန့်လေပြီ။
၃၁။ ကျောင်းပေါင်းများစွာ၊ ဆောက်လို့သာ၊ အနာသူငွေ့သည်၊
၃၂။ အရပ်လေးမျက်နှာ၊ များသံဃာ၊ အနာလှူလေပြီ။

၃၃။ ဇေတဝန်ကျောင်းဟု၊ အမည်ပြု၊ ခေါ်မှုထင်ရှားသည်။
၃၄။ ငါးဆယ့်လေးကုဋေ၊ ရက်ရောပေ၊ ကုန်ငွေဖြစ်လေသည်။
၃၅။ အနုမောဒနာတရား၊ မြတ်ဘုရား၊ ဟောကြားပါလေပြီ။
၃၆။ သဒ္ဓါစိုရွှမ်း၊ စိတ်ရွှင်လန်း၊ လှူဒါန်းကျောင်းများသည်၊
၃၇။ အအေးလာနှောက်၊ အပူနှောက်၊ ပယ်ဖျောက်ပေးတတ်သည်။
၃၈။ သားရဲဘေးကြမ်း၊ မြွေကင်းသန်း၊ မသန်းစေရပြီ။
၃၉။ ခြင်မှက်တွေရောက်၊ သွေးကိုဖောက်၊ ပယ်ဖျောက်ပေးတတ်သည်။
၄၀။ ဆောင်းလေမိုးပေါက်၊ အလွန်နှောက်၊ ပယ်ဖျောက်ပေးတတ်သည်။
၄၁။ အပြင်းလေအား၊ ပြင်းပူအား၊ ပယ်ရှားပေးတတ်သည်။
၄၂။ ဘေးရန်မထောင်း၊ လုံခြုံကြောင်း၊ ကိန်းအောင်းနေနိုင်သည်။
၄၃။ ဘေးရန်မပါ၊ ချမ်းသာစွာ၊ ကောင်းစွာနေနိုင်သည်။
၄၄။ သမာဓိအား၊ ဈာန်တရား၊ ရှုပွားရနိုင်သည်။
၄၅။ ဝိပဿနာ၊ ရှုပွားရာ၊ ကောင်းစွာရနိုင်သည်။
၄၆။ ကျောင်းလှူခြင်းဟာ၊ လွန်မြတ်ပါ၊ မြတ်စွာချီးမွမ်းသည်။
၄၇။ ပညာရှိဒို၊ သိဖို့လို၊ ကျောင်းကိုလှူရမည်။
၄၈။ ပညာရှိရာ၊ ရဟန်းသာ၊ ပင့်ကာထားရမည်။
၄၉။ ပစ္စည်းလေးဖြာ၊ ကြည်ညိုစွာ၊ လိုတာလှူရမည်။
၅၀။ ထိုရဟန်းကား၊ ဒကာအား၊ တရားဟောပေမည်။
၅၁။ တရားသိရာ၊ ကျောင်းဒကာ၊ ရိယာဖြစ်နိုင်သည်။
၅၂။ ဤသည့်တရား၊ မြတ်ဘုရား၊ ဟောထားခဲ့လေပြီ။
၅၃။ သာသနာကြံ့ခိုက်၊ အားခွန်စိုက်၊ ကျောင်းတိုက်လှူရမည်။
၅၄။ လောကီအဟုန်၊ လောကုတ်ဂုဏ်၊ အကုန်ပြီးပေမည်။

နေရာဦး စသည်ကို ခွင့်ပြုတော်မူခြင်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

## သံဃဘေဒကက္ခန္ဓက

## သာကီဝင်မင်းသား ၆– ယောက် ရဟန်းပြုခြင်းလာ ကိုယ်ကျင့်တရားများ

**မဟာနာမ် နှင့် အနုရုဒ္ဓါ ။** ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် အနုပိယမည်သော မလ္လာမင်းတို့၏ နိဂုံး၌ နေတော်မူသောအခါ ထင်ရှားကျော်စောသော သာကီဝင်မင်းသားတို့သည် ရဟန်းပြုတော်မူသော မြတ်စွာဘုရားသို့ အတုလိုက်၍ ရဟန်းပြုကုန်၏။

ထိုအခါ သာကီဝင်မင်းသား မဟာနာမ်နှင့် အနုရုဒ္ဓါ ညီနောင်နှစ်ဦးတို့တွင် အနုရုဒ္ဓါသည် သိမ်မွေ့နူးညံ့၏။ ထိုအနုရုဒ္ဓါမင်းသားအား နွေရာသီစံရာ ပြာသာဒ်၊ မိုးရာသီစံရာ ပြာသာဒ်၊ ဆောင်းရာသီစံရာ ပြာသာဒ်ဟူ၍ ပြာသာဒ်သုံးဆောင်ရှိလေကုန်၏။ ထိုအခါ ထိုမင်းသားသည် မိုးလေးလတို့ပတ်လုံး မိန်းမများသာ တီးမှုတ်သော တူရိယာတို့ဖြင့် စံစားလျက် နေလေ၏။

**လူတို့၏ အလုပ် မကုန်ဆုံးနိုင် ။** ။ ထိုအခါ သာကီဝင်မင်းသား မဟာနာမ်သည် အနုရုဒ္ဓါမင်းသားထံသို့ ချဉ်းကပ်ပြီးနောက် အနုရုဒ္ဓါမင်းသားအား –

'ညီတော် အနုရုဒ္ဓါ ... ယခုအခါ ထင်ရှားကျော်စောကုန်သော သာကီဝင်မင်းသားတို့သည် ရဟန်းပြုတော်မူသော မြတ်စွာဘုရားသို့ အတုလိုက်၍ ရဟန်းပြုကုန်၏။ ငါတို့၏ အမျိုးမှ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုသူ တစ်ဦးတစ်ယောက်မျှ မရှိ။ ထို့ကြောင့် သင်သော်လည်း ရဟန်းပြုလော့။ ငါသော်လည်း ရဟန်းပြုအံ့' – ဟု ပြောဆိုလေ၏။

ထိုအခါ အနုရုဒ္ဓါသည် မဟာနာမ်ကို –

'နောင်တော် ... အကျွန်ုပ်သည် သိမ်မွေ့နူးညံ့သူ ဖြစ်ပါ၏။ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုရန် မတတ်နိုင်ပါ။ နောင်တော်သည်ပင် ရဟန်းပြုပါလော့' – ဟု ပြောဆိုလေ၏။

ထိုအခါ မဟာနာမ်သည် အနုရုဒ္ဓါကို -

'ညီတော် အနုရုဒ္ဓါ ... လာလော့။ အိမ်နေသူ လူမှုကိစ္စနှင့် စပ်လျဉ်း၍ သင့်အား ဆုံးမအံ့။ ရှေးဦးစွာ လယ်ထွန်စေရမည်။ ထွန်စေပြီးနောက် စိုက်စေရမည်။ စိုက်စေပြီးနောက် ရေသွင်းစေရမည်။ ...ပ... နောက်နှစ်မှာလည်း ဤအတိုင်း ပြုလုပ်ရမည်။ နောက်နှစ် နောက်နှစ်တွေမှာလည်း ဤအတိုင်း ပြုလုပ်ရမည်'

- ဟု သွန်သင် ဆုံးမစကား ပြောကြားလေ၏။

ထိုအခါ အနုရုဒ္ဓါသည် မဟာနာမ်ကို -

'နောင်တော် ... လူမှုလုပ်ငန်းတို့သည် မကုန်နိုင်ကုန်။ လူမှုလုပ်ငန်းတို့၏ ပြီးဆုံးမှုသည် မထင်။ အဘယ်အခါ လုပ်ငန်းတို့သည် ကုန်နိုင်အံ့နည်း။ အဘယ် အခါ လုပ်ငန်းတို့၏ ပြီးဆုံးမှုသည် ထင်ကုန်အံ့နည်း။ အကျွန်ုပ်တို့သည် အဘယ် အခါ မကြောင့်ကြဘဲ ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ စံစားနေရကုန်အံ့နည်း'

- ဟု ပြောကြားလေ၏။

မဟာနာမ်သည်လည်း အနုရုဒ္ဓါကို -

'ညီတော် အနုရုဒ္ဓါ ... လူ့လုပ်ငန်းတို့သည် မကုန်နိုင်ကုန်။ လူ့လုပ်ငန်းတို့၏ ပြီးဆုံးမှုသည် မထင်။ လူ့လုပ်ငန်း မကုန်ဘဲပင် ငါတို့၏ ခမည်းတော်များသည် လည်းကောင်း၊ ဘိုးတော်များသည်လည်းကောင်း နတ်ရွာစံခဲ့ကုန်ပြီ'

- ဟု ပြောဆိုလေ၏။

ထိုအခါ အနုရုဒ္ဓါသည် မဟာနာမ်ကို -

'နောင်တော် ... သို့ဖြစ်လျှင် သင်နောင်တော်သည်ပင် အိမ်၌နေသူ လူမှုကိစ္စကို လုပ်ပါလေတော့။ အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုပါတော့အံ့'

- ဟု ပြောလိုက်လေတော့၏။

**မိခင်ထံ ခွင့်ပန်ခြင်း ။** ။ ထိုအခါ သာကီဝင်မင်းသား အနုရုဒ္ဓါသည် မိခင်ထံသို့ ချဉ်းကပ်ပြီးနောက် မိခင်အား –

'မိခင် ... အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်းပြုလိုပါ၏။ ရဟန်းပြုရန် အကျွန်ုပ်ကို ခွင့်ပြုပါလော့' – ဟု ခွင့်ပန်စကား ပြောကြားလေ၏။

ထိုအခါ မိခင်သည် အနုရုဒ္ဓါအား –

'သားချစ် အနုရုဒ္ဓါ ... သင်သားတော်နှစ်ဦးတို့ကို ငါသည် ချစ်လှပါ၏။ နှစ်သက်ပါ၏။ မမုန်းနိုင်ပါ၊ သေသော်မှလည်း အလိုမရှိဘဲ သင်တို့နှင့် ခွဲရကုန်အံ့။ အသက်ရှင်လျက် ခွဲနေရမည်ဖြစ်သော ရဟန်းပြုရန်ကို အဘယ်မှာ ခွင့်ပြုနိုင်ပါအံ့နည်း' – ဟု ပြောလေ၏။

သုံးကြိမ်တိုင်အောင် ခွင့်ပန်စကား ပြောကြားလာသည်ဖြစ်၍ မိခင်သည် မင်းအဖြစ်သို့ ရောက်နေသော ဘဒ္ဒိယမင်းသားသည် ရဟန်းပြုနိုင်လိမ့်မည် မဟုတ်ဟု မှတ်ထင်သဖြင့် သားတော် အနုရုဒ္ဓါကို –

'သားချစ် အနုရုဒ္ဓါ ... ဘဒ္ဒိယမည်သော သာကီဝင်မင်းသည် သာကီဝင်တို့၏ မင်းအဖြစ်ကို ပြု၏။ ထိုမင်းသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုမူ သင်ချစ်သားသည်လည်း ရဟန်းပြုလေလော့'

– ဟု ခွင့်ပြုစကား ပြောကြားလိုက်လေတော့၏။

**အနုရုဒ္ဓါနှင့် ဘဒ္ဒိယ ။** ။ ထိုအခါ ဘဒ္ဒိယမည်သော သာကီဝင်မင်းသည် သာကီဝင်တို့၏ မင်းအဖြစ်ကို ပြုနေ၏။ ထိုဘဒ္ဒိယမင်းသည်ကား သာကီဝင်မင်းသား အနုရုဒ္ဓါ၏ မိတ်ဆွေခင်ပွန်း ဖြစ်၏။

ထိုအခါ သာကီဝင်မင်းသား အနုရုဒ္ဓါသည် ဘဒ္ဒိယမည်သော သာကီဝင်မင်း ထံသို့ ချဉ်းကပ်ပြီးနောက် ဘဒ္ဒိယမင်းကို –

'အဆွေ ... အကျွန်ုပ်၏ ရဟန်းဖြစ်မှုသည် အဆွေနှင့် ဆက်စပ်နေပါ၏'

– ဟု ပြောကြားလေရာ ဘဒ္ဒိယမင်းက အနုရုဒ္ဓါကို–

'အဆွေ ... အဆွေ၏ ရဟန်းဖြစ်မှုသည် အကျွန်ုပ်နှင့် ဆက်စပ်သည်ဖြစ်စေ၊ မဆက်စပ်သည်ဖြစ်စေ ယင်းဆက်စပ်မှု၊ မဆက်စပ်မှုမှာ ရှိပါစေဦး။ အကျွန်ုပ်သည် သင်နှင့်အတူ အလိုရှိသည့်အတိုင်း ရဟန်းပြုပါလော့'

– ဟု ဘဒ္ဒိယမင်းသည် သူငယ်ချင်း မိတ်ဆွေအပေါ်၌ ခင်မင်တွယ်တာမှုအရ

'အကျွန်ုပ်သည် သင်နှင့်အတူ ရဟန်းပြုပါအံ့'

– ဟု ပြောလိုသော်လည်း တစ်ဖန်ပြန်၍ မင်းစည်းစိမ်၌ တပ်မက်တွယ်တာမှု လောဘဖြစ်လာပြန်ရကား–

'ရဟန်းပြုပါအံ့' – ကို မပြောတော့ဘဲ –

'အလိုရှိသည့်အတိုင်း ရဟန်းပြုပါလော့'

– ဟူ၍ ပြောဆိုလိုက်လေ၏။ ထို့ကြောင့် ရှေးဦးစွာ –

'အကျွန်ုပ်သည် သင်နှင့်အတူ ရဟန်းပြုပါအံ့' – ဟု ပြောမည်လုပ်ပြီးမှ –

'အကျွန်ုပ်သည် သင်နှင့်အတူ အလိုရှိတိုင်း ရဟန်းပြုပါလော့'– ဟု ပြောလိုက်ခြင်း ဖြစ်လေသည်။

ထိုအခါ အနုရုဒ္ဓါသည် ဘဒ္ဒိယကို –

'အဆွေ ... လာလော့ ။ အကျွန်ုပ်တို့ နှစ်ဦးစလုံး လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရဟန်းပြုကြကုန်အံ့' – ဟု ပြောဆို၏။

ထိုအခါ ဘဒ္ဒိယမင်းက အနုရုဒ္ဓါကို –

'အဆွေ ... အကျွန်ုပ်သည် ရဟန်းမပြုနိုင်ပါ။ အကျွန်ုပ် ပြုလုပ်ပေးနိုင်သော အခြားသော အဆွေ၏ အဘယ်ကိစ္စကို ပြုလုပ်ပေးရအံ့နည်း။ ပြုလုပ်ပေးပါမည်။ ရဟန်းကိုတော့ အဆွေသာ ပြုလော့' – ဟု ပြောလေ၏။

ထိုအခါ အနုရုဒ္ဓါမင်းသားသည် ဘဒ္ဒိယမင်းကို –

'အဆွေ ... အဆွေ၏ ရဟန်းဖြစ်မှုသည် အကျွန်ုပ်နှင့် ဆက်စပ်သည်ရှိစေ၊ မဆက်စပ်သည် ဖြစ်စေ၊ ယင်းဆက်စပ်မှု ၊ မဆက်စပ်မှုမှာ ရှိပါစေဦး။ အကျွန်ုပ်

သည် သင်နှင့်အတူ အလိုရှိသလို ရဟန်းပြုလော့ဟု အဆွေသည် ပြောဆိုဖူးသည် မဟုတ်ပါလော။ အဆွေ ... လာလော့။ အကျွန်ုပ်တို့ နှစ်ဦးလုံး ရဟန်းပြုကုန်အံ့'

– ဟု ဘဒ္ဒိယမင်း၏ စကားကို ဆုပ်ကိုင်၍ ပြောလိုက်လေ၏။

ထိုစဉ်အခါ လူတို့သည် အမှန်ကို ပြောလေ့ရှိကုန်၏။ အမှန်ကို ဝန်ခံလေ့ရှိကုန်၏။ ထို့ကြောင့် ဘဒ္ဒိယမင်းသည် အနုရုဒ္ဓါမင်းသားကို –

'အဆွေ ... (၇)နှစ်တိုင်အောင် ဆိုင်းငံ့လော့။ (၇)နှစ်တို့ကို ကျော်လွန်သော အခါ အကျွန်ုပ်တို့ နှစ်ဦးလုံး ရဟန်းပြုကြကုန်အံ့' – ဟု ပြောဆိုလေ၏။

ထိုအခါ အနုရုဒ္ဓါမင်းသားသည် ဘဒ္ဒိယမင်းကို –

'အဆွေ ... (၇)နှစ်ဟူသည်မှာ ကြာလွန်းလှပါသည်။ အကျွန်ုပ်သည် (၇)နှစ် တိုင်အောင် မဆိုင်းငံ့နိုင်ပါ' – ဟု ပြောလေ၏။

ထို့နောက် (၆)နှစ်၊ (၅)နှစ်၊ (၄)နှစ် စသည်ဖြင့် လျော့သွားလေရာ နောက်ဆုံး တွင် –

'အဆွေ ... အကျွန်ုပ်သည် သားတို့ကိုလည်းကောင်း၊ ညီတို့ကိုလည်းကောင်း မင်းအဖြစ်ကို မလွှဲရသေးမီ (၇)ရက်မျှ ဆိုင်းငံ့ဦးလော့' – ဟု ဘဒ္ဒိယက ဆိုလေ၏။

'အဆွေ ... (၇)ရက်ဟူသည်မှာ မကြာလှပါ။ အကျွန်ုပ်သည် ဆိုင်းငံ့ပါအံ့' – ဟု အနုရုဒ္ဓါက ပြောဆိုလိုက်လေတော့၏။

<u>ဆတ္တာသည် ဥပါလိ</u> ။ ။ ထိုအခါ ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ် ဟူသော သာကီဝင်မင်းသား ခြောက်ဦးတို့သည် ဆတ္တာ သည် ဥပါလိလျှင် (၇)ယောက်မြောက် ဖြစ်ကုန်၍ ရှေးအခါ စစ်အင်္ဂါ လေးပါးဖြင့် ဥယျာဉ်မြေသို့ ထွက်ကုန်သကဲ့သို့ စစ်အင်္ဂါလေးပါးဖြင့် ထွက်ကုန်၏။

ထိုမင်းသားတို့သည် အဝေးသို့ သွားပြီးလျှင် စစ်တပ်ကို ပြန်လွှတ်လိုက်၍ နိုင်ငံတစ်ပါးသို့ ဝင်ရောက်လျက် အဆင်တန်ဆာတို့ကို ချွတ်ပြီးလျှင် အပေါ်ရုံဖြင့် အထုပ် ကို ထုပ်ကာ ဆတ္တာသည် ဥပါလိကို –

'အရှင်ဥပါလိ ... ယခုပြန်လေလော့။ သင့်အား ဤမျှသော ပစ္စည်းသည် အသက်မွေးနိုင်လောက်၏' - ဟု ပြောဆိုကာ ပြန်လွှတ်လိုက်လေ၏။

ထိုအခါ ပြန်လာသော ဆတ္တာသည် ဥပါလိအား -

'သာကီဝင်မင်းသားတို့သည် ကြမ်းတမ်းကုန်၏။ ဤဥပါလိသည် မင်းသားတို့ကို ထွက်သွားစေကုန်၏ဟု ငါ့ကို သတ်သော်လည်း သတ်ကုန်ရာ၏။ ဤသာကီဝင်မင်းသားတို့သော်မှ ရဟန်းပြုကြကုန်သေး၏။ ငါမူကား အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း'

- ဟု အကြံဖြစ်လေ၏။ ထိုသို့ အကြံဖြစ်ပြီးနောက် ဆတ္တာသည် ဥပါလိသည် အထုပ်ကို ဖြေပြီးလျှင် အဖိုးတန်ပစ္စည်းများကို သစ်ပင်၌ဆွဲ၍ -

'တွေ့မြင်သူအား ပေးလှူပြီး ဖြစ်၏။ မည်သူမဆို ဆောင်ယူနိုင်၏'

- ဟု စာတမ်းထိုးကာ သာကီဝင်မင်းသားတို့ နောက်သို့ လိုက်လေ၏။

ထိုသာကီဝင်မင်းသားတို့သည် အဝေးမှ လာသော ဥပါလိကို မြင်၍ ဆတ္တာသည် ဥပါလိကို -

'အရှင်ဥပါလိ ... အဘယ်ကြောင့် ပြန်လာသနည်း' - ဟု မေးကြကုန်၏။

ထိုအခါ ဆတ္တာသည် ဥပါလိသည် မိမိကြံစည် ပြုလုပ်ခဲ့သမျှကို ပြောပြလိုက်လေ၏။

ထိုအခါ သာကီဝင်မင်းသားတို့သည် ဥပါလိကို -

'အရှင်ဥပါလိ ... ယင်းသို့ ပြန်လာခြင်းသည် ကောင်းသော ပြုမှုခြင်း ဖြစ်၏။ သာကီဝင်မင်းသားတို့သည် ကြမ်းတမ်းကုန်၏။ ဤဥပါလိသည် မင်းသားတို့ကို ထွက်သွားစေကုန်၏ဟု သင့်ကို သတ်သော်လည်း သတ်စေကုန်ရာ၏'

- ဟု ပြောဆိုကြလေကုန်၏။

**ဥပါလိကို ရှေးဦးစွာ ရဟန်းပြုစေခြင်း ။**

။ ထိုအခါ သာကီဝင်မင်းသားတို့သည် ဆတ္တာသည် ဥပါလိကို ခေါ်၍ မြတ်စွာဘုရား ထံသို့ ချဉ်းကပ်ပြီးလျှင် တစ်ခုသောနေရာ၌ ထိုင်ကြကာ –

'မြတ်စွာဘုရား ... တပည့်တော်တို့ သာကီဝင်တို့မည်သည် မာနကို မှီပါကုန်၏။ မြတ်စွာဘုရား ... ဤဆတ္တာသည် ဥပါလိသည် တပည့်တော်တို့၏ ကြာမြင့်စွာသော ကာလပတ်လုံး အလုပ်အကျွေးပါတည်း။ ဤဥပါလိကို မြတ်စွာဘုရားသည် ရှေးဦးစွာ ရဟန်းပြုပေးတော်မူပါ။ ဤဥပါလိအား တပည့်တော်တို့သည် ရှိခိုးမှု၊ ခရီးဦးကြိုမှု၊ လက်အုပ်ချီမှု၊ ရိုသေမှုကို ပြုပါကုန်အံ့။ ဤသို့ပြုသော် တပည့်တော်တို့၏ သာကီယမာန်သည် ကျပါလတ္တံ့'

– ဟု လျှောက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဆတ္တာသည် ဥပါလိကို ရှေးဦးစွာ ရဟန်းပြုပေးတော်မူ၏။ ထို့နောက် သာကီဝင်မင်းသားတို့ကို ရဟန်းပြုပေးတော်မူ၏။

ထိုအခါ အရှင်ဘဒ္ဒိယသည် ထိုဝါတွင်းမှာပင် ဝိဇ္ဇာသုံးပါးတို့ကို မျက်မှောက်ပြု၏။ အရှင်အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုဉာဏ်ကို ဖြစ်စေ၏။ အရှင်အာနန္ဒာသည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြု၏။ အရှင်ဒေဝဒတ်သည် ပုထုဇဉ်တို့ ရထိုက်သော တန်ခိုးကို ဖြစ်စေ၏။

**အရှင်ဘဒ္ဒိယ ဥဒါန်းကျူးခြင်း ။**

။ ထိုအခါ အရှင်ဘဒ္ဒိယသည် တောသို့ ကပ်သော်လည်းကောင်း၊ သစ်ပင်ရင်းသို့ ကပ်သော်လည်းကောင်း၊ ဆိတ်ငြိမ်ရာသို့ ကပ်သော်လည်းကောင်း –

'ဩော် ... ချမ်းသာလေစွ။ ဩော် ... ချမ်းသာလေစွ'

– ဟု ဥဒါန်းကို မပြတ်ကျူးရင့်၏။ ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် ရှိခိုး၍ တစ်ခုသော နေရာ၌ ထိုင်ကြကာ မြတ်စွာဘုရားကို –

"မြတ်စွာဘုရား ... အရှင်ဘဒ္ဒိယသည် တောသို့ ကပ်သော်လည်းကောင်း၊ သစ်ပင်ရင်းသို့ ကပ်သော်လည်းကောင်း၊ ဆိတ်ငြိမ်ရာသို့ ကပ်သော်လည်းကောင်း 'သြော် ... ချမ်းသာလေစွ။ သြော် ... ချမ်းသာလေစွ' ဟု ဥဒါန်းကို မပြတ် ကျူးရင့်ပါ၏။ မြတ်စွာဘုရား ... အရှင်ဘဒ္ဒိယသည် ဧကန်ပင် မပျော်မွေ့ဘဲ မြတ်သော အကျင့်ကို ကျင့်နေပါ၏။ ရှေးက မင်းချမ်းသာကို အောက်မေ့လျက် ထိုသို့ ဥဒါန်း ကျူးပုံရ၏"

– ဟု လျှောက်ထားကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်ဘဒ္ဒိယကို ခေါ်ယူ၍ ထိုအကြောင်းကို မေးတော်မူလေရာ အရှင်ဘဒ္ဒိယသည် မြတ်စွာဘုရားကို ဤသို့လျှောက်ထားလေ၏။

"မြတ်စွာဘုရား ... တပည့်တော်သည် ရှေးအခါ မင်းဖြစ်စဉ် နန်းတော် အတွင်း၊ အပြင်၌လည်းကောင်း၊ မြို့၊ ရွာ၊ ဇနပုဒ် အတွင်း၊ အပြင်တို့၌လည်းကောင်း အစောင့်အရှောက်ကို ကောင်းစွာစီရင်ထားပါ၏။ မြတ်စွာဘုရား ... ဤသို့ လုံခြုံအောင် စောင့်ရှောက်ထားအပ်သော်လည်း ထိတ်လန့်ခြင်းရှိရှိ တုန်လှုပ်လျက် နေရပါ၏။

မြတ်စွာဘုရား ... ယခုမူ တပည့်တော်သည် တောသို့ကပ်သော် လည်းကောင်း၊ သစ်ပင်ရင်းသို့ ကပ်သော်လည်းကောင်း၊ ဆိတ်ငြိမ်ရာသို့ ကပ်သော် လည်းကောင်း၊ မကြောက်မထိတ် မရွံ့ရှာ မတုန်မလှုပ်ဘဲ မကြောင့်ကြမူ၍ မာန်မာနတည်းဟူသော အမွေးကိုချလျက် သူတစ်ပါး ပေးလှူသောပစ္စည်းဖြင့် အသက်မွေးပြီးလျှင် သားသမင်သဖွယ် လွတ်လပ်သောစိတ်ဖြင့် နေရပါ၏။

မြတ်စွာဘုရား ... ထိုအကျိုးထူးကို မြင်သောကြောင့် တပည့်တော်သည် တောသို့ ကပ်သော်လည်းကောင်း၊ သစ်ပင်ရင်းသို့ ကပ်သော်လည်းကောင်း၊ ဆိတ်ငြိမ်ရာသို့ ကပ်သော်လည်းကောင်း 'သြော် ... ချမ်းသာလေစွ၊ သြော် ... ချမ်းသာလေစွ' ဟု ဥဒါန်းကို မပြတ်ကျူးရင့်ခြင်း ဖြစ်ပါ၏ "

– ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းကို သိတော်မူ၍ ထိုအချိန်၌ ဤဥဒါန်းကို ကျူးရင့်တော်မူလေ၏။

'အကြင်သူ၏ စိတ်၌ အမျက်ဒေါသတို့သည် မရှိကုန်။ ဘဝတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်း စသော အဖြစ်ကိုလည်း လွန်မြောက်၏။ ဘေးကင်းသော၊ ချမ်းသာသော၊ စိုးရိမ်ခြင်း မရှိသော ထိုပုဂ္ဂိုလ်၏ စိတ်ကို နတ်တို့သည် သိမြင်ခြင်းငှါ မရနိုင်ကုန်'

– ဟု ဥဒါန်းကျူးရင့်တော်မူ၏။

( ဝိ - ၃၃၆ / ၃၄၁။ မြန် - ၃၄၁ / ၃၄၆ )

## သာကီဝင်မင်းသား ခြောက်ယောက်တို့ ရဟန်းပြုခြင်းလာ ဆောင်ရန်လင်္ကာများ

၁။ အနုပိယ၊ အမည်ရှိ၊ မလ္လမင်း၏သည်၊
၂။ နိဂမန၊ ရှာဉ်ပ၊ ဗုဒ္ဓနေလေသည်။
၃။ ထင်ရှားကျော်ကြား၊ သကျမျိုး၊ ဘုရားတည်ရှိသည်၊
၄။ လူဘောင်ကိုရှောင်၊ ရဟန်းဘောင်၊ ကျင့်ဆောင်ပြုကြပြီ။
၅။ ညီနှင့်အစ်ကို၊ နှစ်နှစ်ဆို၊ ညီကိုနှစ်ဦးသည်၊
၆။ တစ်ဦးဦးက၊ ရဟန်းပ၊ ပြုမတော်တော့မည်။
၇။ အစ်ကိုပဲလား၊ ညီပဲလား၊ ပြောကြားတိုင်ပင်ပြီ။
၈။ အစ်ကိုသာပြု၊ ညီမပြု၊ အနုပြောလေပြီ။
၉။ လူ့ဘဝနေက၊ လုပ်ကိစ္စ၊ လုပ်ရပေလိမ့်မည်။
၁၀။ လူ့လုပ်ငန်းကို၊ ညီတော်ကို၊ အစ်ကိုပြောကြားပြီ။
၁၁။ ပြီးဆုံးခြင်းဟု၊ မရှိမှု၊ အနုသိလေပြီ။
၁၂။ မပြီးဘဲသာ၊ ညာတကာ၊ သေရွာသွားကြပြီ။
၁၃။ လူ့လုပ်ငန်းစု၊ အစ်ကိုပြု၊ အနုမပြုပြီ။
၁၄။ ညီတော်တစ်မှု၊ ရဟန်းဟု၊ ခံယူပါတော့မည်။
၁၅။ ရဟန်းပြုရန်၊ မိခင်ထံ၊ ခွင့်ပန်လိုက်လေပြီ။
၁၆။ သေတာကိုပင်၊ မခွဲချင်၊ အရှင်မခွဲပြီ။
၁၇။ သုံးကြိမ်တိုင်ကြား၊ မိခင်အား၊ ပြောကြားတောင်းပန်ပြီ။
၁၈။ ဘဒ္ဒိယမင်း၊ ရဟန်းထင်း၊ ပြုခြင်းဖြစ်ရင်သည်၊

| | | | |
|---|---|---|---|
| ၁၉။ | သင်သားချစ်ပါ၊ | ပြုနိုင်ပါ၊ | မာတာပြောလေပြီ။ |
| ၂၀။ | ဘဒ္ဒိယထံ၊ | နုရုဒ္ဓါ၊ | တစ်ဖန်သွားရပြီ။ |
| ၂၁။ | အဆွေဘဒ္ဒိ၊ | ရဟန်းထိ၊ | ပြုမည့်ကိစ္စသည်၊ |
| ၂၂။ | သင်နှင့်ကံစပ်၊ | မျှင်မပြတ်၊ | ဆက်စပ်ရှိနေသည်။ |
| ၂၃။ | သင်မပါရင်၊ | ရဟန်းပင်၊ | ငါတွင်မဖြစ်ပြီ။ |
| ၂၄။ | ငါရဟန်းပြု၊ | သင်လဲပြု၊ | အနုပြောလေပြီ။ |
| ၂၅။ | မိတ်ဆွေကိုစွဲ၊ | မင်းဖြစ်စွဲ၊ | လွန်စွဲပြီးမှသည်၊ |
| ၂၆။ | ငြင်းမဖြစ်ပါ၊ | ဘဒ္ဒိယာ၊ | ပြုမှာပြောလေပြီ။ |
| ၂၇။ | ခုနစ်နှစ်ဆိုင်းချက်၊ | ခုနစ်ရက်၊ | စောင့်ရက်ပြီးလေသည်။ |
| ၂၈။ | ဘဒ္ဒိ, နု, အာ, ဟု၊ | ကိ, ဒေ, ဂု၊ | ခြောက်စုမင်းသားသည်၊ |
| ၂၉။ | ဥပါလိပါ၊ | ခုနစ်ဖြာ၊ | ထွက်ခွါလာခဲ့ပြီ။ |
| ၃၀။ | ဥပါလိမှာ၊ | လုပ်ကျွေးသာ၊ | ဆတ္တာဖြစ်လေသည်။ |
| ၃၁။ | အဝေးအရပ်၊ | ရောက်တုံလတ်၊ | စစ်တပ်ပြန်လွှတ်ပြီ။ |
| ၃၂။ | တစ်နယ်ခြားမှာ၊ | ဆင်တန်ဆာ၊ | ချွတ်ကာစုလိုက်ပြီ။ |
| ၃၃။ | ဤသည့်ဥစ္စာ၊ | သင့်တွက်မှာ၊ | ကောင်းစွာဖူလုံသည်။ |
| ၃၄။ | ဤသို့ ပြောကြား၊ | ဥပါအား၊ | ပြန်ကားလွှတ်လိုက်ပြီ။ |
| ၃၅။ | နန်းတော်ရောက်က၊ | ငါ့ကိုပ၊ | သကျတစ်တွေသည်၊ |
| ၃၆။ | မင်းသားတို့အား၊ | သင်သည်ကား၊ | ထွက်သွားစေဘိသည်။ |
| ၃၇။ | ငါ့ကိုငယ်နိုင်၊ | ဒေါသလှိုင်၊ | အပိုင်သတ်နိုင်သည်။ |
| ၃၈။ | မင်းသားတွေတောင်၊ | ရဟန်းဘောင်၊ | ပြုဆောင်နိုင်သေးသည်။ |
| ၃၉။ | ငါလိုလူစု၊ | ရဟန်းမှု၊ | မပြုနိုင်ရမည်။ |
| ၄၀။ | သစ်ပင်ထိပ်မှာ၊ | ထုပ်ဆွဲကာ၊ | ပြန်ကာလိုက်သွားသည်။ |
| ၄၁။ | ဥပါလိအား၊ | မြင်တွေ့ကြား၊ | မင်းသားဟစ်တွေသည်၊ |
| ၄၂။ | ကျိုးကြောင်းမေးလို့၊ | ခေါ် ဆောင်လို့၊ | ရှေ့သို့သွားကြပြီ။ |
| ၄၃။ | ခုနစ်ဦးသား၊ | မြတ်ဘုရား၊ | ဝတ်တွားပြုကြပြီ။ |
| ၄၄။ | မင်းသားတို့ကား၊ | မာန်ထောင်လွှား၊ | ချထားနိုင်ရန်သည်၊ |
| ၄၅။ | ဥပါလိအား၊ | ရဟန်းကား၊ | ရှေးထားပြုစေပြီ။ |

| | | | |
|---|---|---|---|
| ၄၆။ | ထိုဝါမှာပင်၊ | သူတို့တွင်၊ | အရှင်ဘဒ္ဒိသည်၊ |
| ၄၇။ | ဝိဇ္ဇာသုံးဖြာ၊ | ရပိုင်ကာ၊ | ရဟန္တာဖြစ်လေပြီ။ |
| ၄၈။ | ဒိဗ္ဗစက္ခု၊ | ဉာဏ်မျက်ရှု၊ | အနုရလေသည်။ |
| ၄၉။ | ရှင်အာနန္ဒာ၊ | ဒိဋ္ဌိကွာ၊ | သောတာဖြစ်လေသည်။ |
| ၅၀။ | ဒေဝဒတ်ကား၊ | စျာန်တွေများ၊ | ထင်ရှားရလေသည်။ |
| ၅၁။ | သစ်ပင်အောက်တွင်၊ | နေရင်းပင်၊ | အရှင်ဘဒ္ဒိသည်၊ |
| ၅၂။ | အပဟောသုခံ၊ | အဖန်ဖန်၊ | ဥဒါန် ကျူးလေပြီ။ |
| ၅၃။ | မင်း၏ချမ်းသာ၊ | အောက်မေ့ရာ၊ | မြတ်စွာလျှောက်ကြပြီ။ |
| ၅၄။ | ဘဒ္ဒိယအား၊ | ခေါ် ကာပြား၊ | ဘုရားစစ်မေးပြီ။ |
| ၅၅။ | မင်းဘဝတုံ၊ | နေရပုံ၊ | လုံခြုံချထားသည်။ |
| ၅၆။ | ကြောက်လန့်၍သာ၊ | တုန်လှုပ်ကာ၊ | ထိတ်စွာနေရသည်။ |
| ၅၇။ | ရဟန်းချမ်းသာ၊ | ရလေရာ၊ | ကြောက်တာမရှိပြီ။ |
| ၅၈။ | အကြောက်ကင်းကာ၊ | နေရတာ၊ | လွန်စွာချမ်းသာသည်။ |
| ၅၉။ | အပဟောသုခံ၊ | အဖန်ဖန်၊ | ဥဒါန် ကျူးရသည်။ |
| ၆၀။ | ထိုသောအခါ၊ | မြတ်ဗုဒ္ဓါ၊ | ဥဒါ ထပ်ကျူးပြီ။ |
| ၆၁။ | မာနမရှိ၊ | ဒေါ်မရှိ၊ | သူ၏စိတ်ကိုသည်၊ |
| ၆၂။ | မပြည့်စုံဟူ၊ | ပြည့်စုံမှု၊ | လွန်သူစိတ်ကိုသည်၊ |
| ၆၃။ | စိုးရိမ်မရှိ၊ | ဘေးကင်းဘိ၊ | သူ၏စိတ်ကိုသည်၊ |
| ၆၄။ | နတ်တို့၏လျှင်၊ | အမှန်ပင်၊ | မမြင်နိုင်ချေပြီ။ |
| ၆၅။ | စိတ်အေးချမ်းသာ၊ | နေလိုပါ၊ | သူငါများတို့သည်၊ |
| ၆၆။ | ရှစ်ပါးလောကခံ၊ | တွေ့ကြုံမှန်၊ | သည်းခံနိုင်ရမည်။ |
| ၆၇။ | စိုးရိမ်နည်းစွာ၊ | မာန်နည်းကာ၊ | ဒေါ်ပါ နည်းရမည်။ |
| ၆၈။ | စိုး, ဒေါ်, မာန်ပ၊ | နည်းပါးက၊ | လွန်မှ ချမ်းသာသည်။ |

သာကီဝင်မင်းသား ခြောက်ယောက် ရဟန်းပြုခြင်းလာ

ကိုယ်ကျင့်တရားများ ပြီး၏။

# ဒေဝဒတ်ဝတ္ထုလာ ကိုယ်ကျင့်တရားများ

အဇာတသတ်ကို ဖြားယောင်းခြင်း ။ ။ ထိုအခါ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ ဆိတ်ငြိမ်ရာသို့ ကပ်၍ တစ်ယောက်တည်း ကိန်းအောင်းသော ဒေဝဒတ်အား-

'ငါ့အား များသော လာဘ်သပ်ပကာကို ဖြစ်စေနိုင်မည့် အဘယ်သို့သော သူကို ငါသည် ကြည်ညိုစေအံ့နည်း' - ဟု အကြံဖြစ်၏။

ထို့နောက် အရှင်ဒေဝဒတ်အား -

'ဤအဇာတသတ်မင်းသားသည် ငယ်လည်းငယ်၏။ နောင်လည်း ကောင်းစားလတ္တံ့။ ငါ့အား များစွာသော လာဘ်သပ်ပကာကို ဖြစ်စေမည့် ယင်းအဇာတသတ်မင်းသားကို ကြည်ညိုစေရမူ ကောင်းလေစွ' - ဟု အကြံဖြစ်ပြန်၏။

ထို့နောက် အရှင်ဒေဝဒတ်သည် ကျောင်းအိပ်ရာနေရာကို သိမ်းဆည်းပြီးလျှင် သပိတ်သင်္ကန်းကို ယူ၍ အစဉ်အတိုင်း ဖဲသွားသည်ရှိသော် ရာဇဂြိုဟ်မြို့သို့ ရောက်လေ၏။

ထိုအခါ အရှင်ဒေဝဒတ်သည် မိမိအသွင်ကို ဖျောက်ပြီးလျှင် သူငယ်အသွင် ဖန်ဆင်းလျက် ခါး၌မြွေကိုပတ်၍ အဇာတသတ်မင်းသား၏ ရင်ခွင်၌ ထင်ရှားဖြစ်ပေါ် လာ၏။ အဇာတသတ်မင်းသားသည် ကြောက်၏။ ထိတ်၏။ ရွံ့ရှာ၏။ တုန်လှုပ်၏။ ထိုအခါ အရှင်ဒေဝဒတ်သည် အဇာတသတ်မင်းသားအား -

'မင်းသား ... သင်သည် ငါ့ကို ကြောက်သလော' - ဟု မေး၏။

'မှန်ပါ။ ကြောက်ပါ၏။ သင် အဘယ်သူနည်း' - ဟု ပြန်၍ မေး၏။

'ငါ ဒေဝဒတ်တည်း' - ဟု ဆို၏။

'အရှင်ဘုရား ... အရှင်ဘုရားသည် အရှင်ဒေဝဒတ်ဖြစ်မူ မိမိအသွင်ဖြင့် သာလျှင် ထင်ရှားဖြစ်ပါလော့' - ဟု လျှောက်လေ၏။

ထိုအခါ ဒေဝဒတ်သည် သူငယ်အသွင်ကို ဖျောက်ပြီးလျှင် ဒုကုဋ်၊ သပိတ်၊ သင်္ကန်းကိုဆောင်လျက် အဇာတသတ်မင်းသား၏ ရှေ့၌ရပ်၏။ အဇာတသတ်မင်းသားသည် အရှင်ဒေဝဒတ်အား ဤတန်ခိုးပြာဋိဟာအားဖြင့် အလွန်ကြည်ညိုသည်ဖြစ်၍ ရထား၅၀၀တို့ဖြင့် ညနံနက် ဆည်းကပ်၏။ ဆွမ်းအိုး၅၀၀တို့ကိုလည်း ပို့စေ၏။

**လာဘ်က ဒေဝဒတ်သတ်မည်** ။ ။ ထိုအခါ လာဘ်သပ်ပကာ အကျော်အစောဖြင့် နှိပ်စက်လွှမ်းမိုးထားသော စိတ်ရှိသော ဒေဝဒတ်အား –

'ငါသည် ရဟန်းသံဃာကို ဆောင်အံ့'

– ဟူသော အလိုဆန္ဒသည် ဖြစ်ပေါ်လာ၏။ ထိုစိတ်ဖြစ်သည်နှင့် တစ်ပြိုင်နက် အရှင်ဒေဝဒတ်သည် တန်ခိုးမှ လျှောလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ကောသမ္ဗီမြို့မှ ရာဇဂြိုဟ်မြို့သို့ ကြွရောက်တော်မူလာပြီးလျှင် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သင့်လျော်သော တစ်ခုသောနေရာ၌ ထိုင်ကြကာ မြတ်စွာဘုရားကို –

'မြတ်စွာဘုရား ... အဇာတသတ်မင်းသားသည် ရထားငါးရာတို့ဖြင့် ညဥ့်နံနက် ဒေဝဒတ်အား ဆည်းကပ်၏။ ဆွမ်းအိုးငါးရာတို့ကိုလည်း ပို့ပါ၏'

– ဟု လျှောက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ဤသို့ မိန့်ကြားတော်မူလေ၏။

'ရဟန်းတို့ ... ဒေဝဒတ်၏ လာဘ်သပ်ပကာ အကျော်အစောကို မမြတ်နိုးကုန်လင့်။ ရဟန်းတို့ ... အဇာတသတ်မင်းသားသည် ရထားငါးရာတို့ဖြင့် ညဥ့်နံနက် ဒေဝဒတ်အားဆည်းကပ်နေသမျှ ကာလပတ်လုံး၊ ဆွမ်းအိုးငါးရာတို့ကို ပို့နေသမျှ ကာလပတ်လုံး ဒေဝဒတ်အား ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှုကိုသာ အလိုရှိအပ်၏။ ကြီးပွားမှုကို အလိုမရှိအပ်။

ရဟန်းတို့ ... ဥပမာသော်ကား ကြမ်းတမ်းသောခွေး၏ နှာခေါင်း၌ ဝံ စသော တိရစ္ဆာန်သည်းခြေကို ထည့်သည်ရှိသော် ထိုခွေးသည် အတိုင်းထက်အလွန် ကြမ်းတမ်းရာသကဲ့သို့ ဤအတူ အဓောတသတ်မင်းသားသည် ရထားငါးရာတို့ဖြင့် ညဉ့်နံနက် ဒေဝဒတ်အား ဆည်းကပ်နေသမျှ ကာလပတ်လုံး၊ ဆွမ်းအုပ်ငါးရာတို့ကို ပို့နေသမျှ ကာလပတ်လုံး ဒေဝဒတ်အား ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှုကိုသာ အလိုရှိအပ်၏။ ကြီးပွားမှုကို အလိုမရှိအပ်။

ရဟန်းတို့ ... မိမိကိုယ်ကို သတ်ခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏။ ပျက်စီးခြင်းငှါ လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏။

ရဟန်းတို့ ... ဥပမာသော်ကား ငှက်ပျောပင်သည်၊ ဝါးပင်သည်၊ ကျူပင်သည် မိမိကိုယ်ကို သတ်ခြင်းငှါ၊ ပျက်စီးခြင်းငှါ အသီးသီးသကဲ့သို့လည်းကောင်း၊ အဿတရီမြင်းမသည် မိမိကိုယ်ကို သတ်ခြင်းငှါ၊ ပျက်စီးခြင်းငှါ ကိုယ်ဝန်ဆောင်သကဲ့သို့လည်းကောင်း ဤနည်းအတူပင် မိမိကိုယ်ကို သတ်ခြင်းငှါ၊ ပျက်စီးခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏ '

– ဟု မိန့်တော်မူလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ဂါထာဖြင့်လည်း ဤသို့ မိန့်တော်မူ၏။

**ဖလံ ဝေ ကဒလိံ ဟန္တိ၊ ဖလံ ဝေဠုံ ဖလံ နဠံ ။**

**သက္ကာရော ကာ ပုရိသံ ဟန္တိ၊ ဂဗ္ဘော အဿတရိံ ယထာ ။**

ဖလံ – ငှက်ပျောသီးသည်၊ ဝေ – စင်စစ်၊ ကဒလိံ – ငှက်ပျောပင်ကို ၊ ဟန္တိယထာ– သတ်သကဲ့သို့၊ ဖလံ – ဝါးသီးသည်၊ ဝေဠုံ – ဝါးပင်ကို၊ ဟန္တိယထာ – သတ်သကဲ့သို့ ၊ ဖလံ– ကျူသီးသည်၊ နဠံ – ကျူပင်ကို၊ ဟန္တိယထာ – သတ်သကဲ့သို့၊ ဂဗ္ဘော – ကိုယ်ဝန်သည်၊ အဿတရိံ– အဿတရီမြင်းမကို၊ ဟန္တိယထာ – သတ်သကဲ့သို့၊ သက္ကာရော – လာဘ် ပူဇော်သက္ကာသည်၊ ကာပုရိသံ – ယုတ်မာသော ယောကျ်ားကို၊ ဟန္တိ – သတ်လေ၏။ ဣတိ – ဤသို့ မိန့်တော်မူလေ၏။

( ဝိ – ၄ – ၃၄၁ / ၃၄၆ ။ မြန် – ၃၄၆ / ၃၅၁ )

## ဒေဝဒတ်ဝတ္ထုလာ ဆောင်ရန်လင်္ကာများ

၁။ ကောသမ္ဗီမြို့မှာ၊ ဃောသကျောင်းမှာ၊ မြတ်စွာနေလေသည်။
၂။ ဒေဝဒတ်နှော်၊ အကြံသော်၊ ဖြစ်ပေါ် လာခဲ့ပြီ။
၃။ ငယ်ပင်ငယ်လတ်၊ ဇာတသတ်၊ နောက်ထပ်ကောင်းစားမည်။
၄။ ငါ့အပေါ် တောင်၊ ကြည်ညိုအောင်၊ သွေးဆောင်ရတော့မည်။
၅။ သူငယ်ခါးမှာ၊ မြွေကိုပါ၊ ပတ်ကာဖန်ဆင်းသည်။
၆။ အဇာတသတ်၊ ရင်ခွင်ရပ်၊ ထိကပ်လိုက်လေပြီ။
၇။ အဇာတသတ်မှာ၊ ကြောက်ထိတ်ကာ၊ ရှုံရှာဖြစ်လေပြီ။
၈။ အိုဘဲ့မင်းသား၊ ကြောက်သလား၊ မေးပြားပြုလိုက်ပြီ။
၉။ ကြောက်လှပါပေ၊ ထိတ်လန့်ပေ၊ အဖြေပေးလေပြီ။
၁၀။ အသင်ဘယ်သူ၊ ဘယ်လိုလူ၊ ဖြစ်မူမေးလေပြီ။
၁၁။ ဒေဝဒတ်ဟူ၊ ငါ့ကိုမူ၊ မှတ်ယူသိစေပြီ။
၁၂။ ရဟန်းအသွင်၊ ဖန်လို့ပင်၊ ရှေ့တွင်ရပ်လိုက်ပြီ။
၁၃။ ဤပြာဋိဟာ၊ မြင်ရသာ၊ လွန်စွာကြည်ညိုပြီ။
၁၄။ ရထားငါးရာ၊ ခြံရံကာ၊ အဇာတသတ်သည်၊
၁၅။ ညဉ့်နံနက်တွင်၊ နေ့စဉ်ပင်၊ စိတ်ရှင်ဆည်းကပ်ပြီ။
၁၆။ ဆွမ်းအုပ်ငါးရာ၊ ကောင်းနိုးရာ၊ ကောင်းစွာပို့စေပြီ။
၁၇။ တန်ခိုးပြတတ်၊ လာဘ်ယူတတ်၊ ဒေဝဒတ်အရှင်သည်၊
၁၈။ အများသံဃာ၊ ငါဆောင်မှာ၊ စိတ်မှာကြံလေပြီ။
၁၉။ ထိုအကြံဆိုး၊ ဖြစ်လေရိုး၊ တန်ခိုးကွယ်လေပြီ။
၂၀။ ထိုအကြောင်းများ၊ မြတ်ဘုရား၊ လျှောက်ထားကြလေပြီ။
၂၁။ ဒေဝဒတ်လာဘ၊ စိတ်ထဲမှ၊ အားကျမသင့်ပြီ။
၂၂။ ဝံ၏သည်းခြေ၊ နှာခေါင်းပေ၊ ထည့်လေရာ၌သည်၊
၂၃။ ကြမ်းသောခွေးကား၊ ပိုလို့များ၊ ကြမ်းပြားလာသို့သည်၊
၂၄။ အဇာတသတ်၊ စဉ်မပြတ်၊ ဆည်းကပ်သမျှသည်၊

| | | | |
|---|---|---|---|
| ၂၅။ | ဒေဝဒတ်အား၊ | ကုသိုလ်များ၊ | ဖြစ်ပွားမရှိပြီ။ |
| ၂၆။ | ငှက်ပျောအသီး၊ | ကျူပင်သီး၊ | ဝါးသီးများတို့သည်၊ |
| ၂၇။ | ငှက်ပျောပင်အား၊ | ကျူ့ဝါးအား၊ | သတ်ပြားမလွဲပြီ။ |
| ၂၈။ | ဒေဝဒတ်လာဘ်၊ | ဒေဝဒတ်၊ | သတ်ဖြတ်ပေလိမ့်မည်။ |
| ၂၉။ | ထိုသည့်တရား၊ | မြတ်ဘုရား၊ | မိန့်ကြားဟောလေပြီ။ |
| ၃၀။ | လူတို့မှာပေ၊ | လာဘ်ကိုလေ၊ | ရှာဖွေကြရသည်။ |
| ၃၁။ | မတရားသဖြင့်၊ | ရတာဖြင့်၊ | မသင့်တော်လေပြီ။ |
| ၃၂။ | တရားဖြင့်သာ၊ | ရအောင်သာ၊ | ဖွေရှာကြရမည်။ |
| ၃၃။ | ရလာလာဘ်မျိုး၊ | ကုသိုလ်တိုး၊ | များကျိုးဆောင်ရမည်။ |

ဒေဝဒတ်ဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

## ဒေဝဒတ်အား ပကာသနီယကံ ပြုခြင်းလာ ကိုယ်ကျင့်တရားများ

ဘုရားထံ အခွင့်တောင်းခြင်း ။ ။ မြတ်စွာဘုရားသည် များစွာသော ပရိသတ် အခြံအရံဖြင့် မင်းနှင့်တကွသော ပရိသတ်၌ တရားဟောလျက် ထိုင်နေတော်မူသောအခါ ဒေဝဒတ်သည် နေရာမှ ထ၍ လက်ဝဲတစ်ဖက် ပခုံးထက်၌ ကေသီကို စမ္ပယ်တင်လျက် မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီကာ မြတ်စွာဘုရားအား –

'ရှင်တော်ဘုရား ... မြတ်စွာဘုရားသည် ယခုအခါ အိုမင်းပါပြီ။ ကြီးပါပြီ။ ရင့်ပါပြီ။ အချိန်လွန်ပါပြီ။ အဆုံးစွန်သော အရွယ်သို့ ရောက်ပါပြီ။ ရှင်တော်ဘုရား ... မြတ်စွာဘုရားသည် ယခုအခါ မျက်မှောက်ချမ်းသာစွာ နေထိုင်ရေးကို အားထုတ်လျက် ကြောင့်ကြမဲ့ နေတော်မူပါလော့။ တပည့်တော်အား ရဟန်းသံဃာကို လွှဲအပ်ပါလော့။ တပည့်တော်သည် ရဟန်းသံဃာကို ဆောင်ပါအံ့'

– ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်ဒေဝဒတ်ကို –

'ဒေဝဒတ် ... မသင့်။ သင်သည် ရဟန်းသံဃာကို ဆောင်ခြင်းငှါ မနှစ်သက်ပါလင့်' – ဟု မိန့်တော်မူလေ၏။

သုံးကြိမ်မြောက်အထိ လျှောက်ထားသောအခါ၌ကား မြတ်စွာဘုရားသည် ဒေဝဒတ်ကို –

'ဒေဝဒတ် ... ငါသည် သာရိပုတြာ၊ မောဂ္ဂလာန်တို့အားသော်လည်း ရဟန်းသံဃာကို လွှဲအပ်မည် မဟုတ်ရာ။ တံတွေးနှင့်တူသော ပစ္စည်းများကို သုံးစားသော ယုတ်မာသော သင့်အား အဘယ်ကြောင့် လွှဲအပ်ရာအံ့နည်း'

– ဟု မိန့်တော်မူ၏။

ဤ၌ ဒေဝဒတ်သည် အဇာတသတ်မင်းသားကို တန်ခိုးဖြင့် ဖြားယောင်း၍ အဇာတသတ်မင်းသား လှူဒါန်းအပ်သော ပစ္စည်းများကို သုံးစားနေခြင်းသည် မိစ္ဆာဇီဝမှု ဖြစ်၍ အရိယာပုဂ္ဂိုလ်တို့သည် ယင်းသို့သော ပစ္စည်းများကို တံတွေးကဲ့သို့ ထွေးအံ့ပြီး

ဖြစ်သောကြောင့် 'တဲတွေးနှင့်တူသော ပစ္စည်းများကို သုံးစားသော' - ဟု မိန့်တော်မူခြင်း ဖြစ်လေသည်။

( ဝိ - ၅ - ၄ - ၁၁၁ )

<u>ရန်ငြိုးဖွဲ့ခြင်း</u> ။ ။ ထိုအခါ ဒေဝဒတ်သည် -

'မင်းနှင့်တကွသော ပရိသတ်၌ မြတ်စွာဘုရားသည် ငါ့ကို တဲတွေးနှင့်တူသော ပစ္စည်းများကို သုံးစားသူ ဟူသော စကားဖြင့် မောင်းမဲ၏။ သာရိပုတြာ၊ မောဂ္ဂလာန် တို့ကိုသာလျှင် မြှောက်စား၏'

- ဟု အမျက်ထွက်ကာ နှလုံးမသာဘဲ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲသွားလေ၏။ ဤကား မြတ်စွာဘုရားအပေါ်၌ ဒေဝဒတ်၏ ပဌမ ရန်ငြိုးဖွဲ့ခြင်းတည်း။

<u>ပကာသနီယကံ ပြုပြီ</u> ။ ။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို -

"ရဟန်းတို့ ... သို့ဖြစ်လျှင် သံဃာသည် ဒေဝဒတ်အား-'ရှေးအခါ၌ ဒေဝဒတ်၏ အမူအကျင့်သည် တစ်မျိုးဖြစ်၏။ ယခုအခါ၌ အမူအကျင့်သည် တစ်မျိုးဖြစ်၏။ အကြင်အမှုကို ဒေဝဒတ်သည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း ပြုရာ၏။ ထိုအမှုဖြင့် မြတ်စွာဘုရားဟူ၍လည်းကောင်း၊ တရားတော် ဟူ၍လည်းကောင်း၊ သံဃာတော်ဟူ၍လည်းကောင်း မမှတ်အပ်။ ထိုအမှုဖြင့် ဒေဝဒတ် ဟူ၍သာလျှင် မှတ်အပ်၏' ဟု ပကာသနီယကံကို ပြုလော့"

- ဟု မိန့်တော်မူလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ရဟန်းသံဃာကို ပကာသနီယကံကို ပြုပုံ ပြုနည်းကို သင်ပေးပြီးနောက် အရှင်သာရိပုတြာကို ပကာသနီယကံ ပြုနိုင်ရန်အတွက် သမုတိပေးစေလေ၏။

ထိုအခါ သမုတိရပြီးသော အရှင်သာရိပုတြာသည် များစွာသော ရဟန်းတို့နှင့် အတူ ရာဇဂြိုဟ်မြို့သို့ ဝင်၍ -

'ရှေးအခါက ဒေဝဒတ်၏ အမူအကျင့်သည် တစ်မျိုးဖြစ်၏။ ယခုအခါ အမူအကျင့်သည် တစ်မျိုးဖြစ်၏။ အကြင်အမှုကို ဒေဝဒတ်သည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ပြု၏။ ထိုအမှုဖြင့် မြတ်စွာဘုရားဟူ၍လည်းကောင်း၊ တရားတော်ဟူ၍လည်းကောင်း၊ သံဃာတော်ဟူ၍လည်းကောင်း မမှတ်အပ်။ ထိုအမှုဖြင့် ဒေဝဒတ်ဟူ၍သာလျှင် မှတ်အပ်၏'

– ဟု ဒေဝဒတ်ကို ရာဇဂြိုဟ်မြို့၌ ပကာသနီယကံ ပြုလိုက်လေ၏။ ထင်ရှားအောင် ပြုလိုက်လေ၏။

ထိုသို့ ပြုရာ၌ ယုံကြည်မှု၊ ကြည်ညိုမှု၊ သိမှု မရှိသူတို့သည် –

'ဤသာကီမင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ငြူစူကုန်၏။ ဒေဝဒတ်၏ လာဘ်သပ်ပကာကို ငြူစူကုန်၏'

– ဟု ပြောဆိုကြလေကုန်၏။

ယုံကြည်မှု၊ ကြည်ညိုမှု၊ သိမှုရှိကြသူ လူပညာရှိတို့ကမူ –

'မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၌ ပကာသနီယကံကို ပြုစေခြင်းသည်၊ ထင်ရှားအောင် ပြုစေခြင်းသည် ယုတ်ညံ့မည်မဟုတ်'

– ဟု ပြောဆိုကြလေကုန်၏။

( ၀ိ – ၄ – ၃၄၇ / ၃၄၉ ။ မြန် – ၃၅၁ / ၃၅၅ )

## ပကာသနီယကံ ပြုခြင်း၌ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ရဟန်းတွေရော၊ | မင်းတွေရော၊ | လူရောပါလေသည်။ |
| ၂။ | ထိုပရိသတ်အား၊ | မြတ်ဘုရား၊ | တရားဟောနေသည်။ |
| ၃။ | ဒေဝဒတ်မည်တွင်၊ | လာ၍ပင်၊ | မြတ်ရှင်လျှောက်ထားပြီ။ |
| ၄။ | သုံးလူ့ထွတ်ထား၊ | မြတ်ဘုရား၊ | ဘုရားမြတ်စွာသည်၊ |
| ၅။ | အိုမင်းအရွယ်၊ | ကြီးရင့်ရွယ်၊ | ဆုံးရွယ်ရောက်ပါပြီ။ |

၆။ ကြောင့်ကြပြုချိန်၊ ရပ်ဖို့ချိန်၊ နားချိန်ရောက်ပါပြီ။
၇။ ချမ်းချမ်းသာသာ၊ နေဖို့ရာ၊ ချိန်ခါကျပါပြီ။
၈။ ကြောင့်ကြကင်းစွာ၊ နေဖို့ရာ၊ ချိန်ခါရောက်ပါပြီ။
၉။ တပည့်တော်အား၊ သံဃာအား၊ လွှဲထားနိုင်ပါပြီ။
၁၀။ မသင့်တော်လတ်၊ ဒေဝဒတ်၊ ရှင်မြတ်မြစ်တားသည်။
၁၁။ သုံးကြိမ်သုံးခါ၊ လျှောက်ထားရာ၊ မြတ်စွာမိန့်ဆိုပြီ။
၁၂။ သာရိ့မောဂ္ဂလာ၊ တို့ကိုပါ၊ လွှဲမှာမဟုတ်ပြီ။
၁၃။ တံတွေးနှင့်တူ၊ ပစ္စည်းဟူ၊ စားသူသင့်ကိုသည်၊
၁၄။ လိုဆိုးရှိသူ၊ ယုတ်မာသူ၊ ဖြစ်သူသင့်ကိုသည်၊
၁၅။ အဘယ်ကြောင့်များ၊ သံဃာအား၊ လွှဲထားနိုင်ပါမည်။
၁၆။ လူပုံအလယ်မှာ၊ ပြောရက်တာ၊ မြတ်စွာဘုရားသည်၊
၁၇။ သာရိကိုမြှောက်၊ ငါ့ကိုချောက်၊ စိတ်ကောက်ရပေပြီ။
၁၈။ ဒေါသကနှိုး၊ စိတ်ကဆိုး၊ ရန်ငြိုးဖွဲ့လေပြီ။
၁၉။ ပကာသနီယကံ၊ ထင်ရှားရန်၊ ဗံဒ္ဓပြုခိုင်းပြီ။
၂၀။ ဒေဝဒတ်အကျင့်၊ ရှေ့ကကျင့်၊ ခုကျင့်မတူပြီ။
၂၁။ ဒေဝဒတ်လုပ်တာ၊ ပြောဆိုတာ၊ သူသာဖြစ်လေသည်။
၂၂။ ဘုရားမြတ်စွာ၊ တရားပါ၊ သံဃာမဟုတ်ပြီ။
၂၃။ ရာဇဂြိုဟ်မှာ၊ ပုတ္တရာ၊ ထင်စွာပြလေပြီ။
၂၄။ မကြည်ညိုသူ၊ အများလူ၊ ပြူစုပြောကြသည်။
၂၅။ ကြည်ညိုကြရာ၊ အသိပါ၊ ရှိရာလူတို့သည်၊
၂၆။ ထင်ရှားပြတာ၊ မည့်ရာ၊ မြတ်ပါပြောဆိုသည်။
၂၇။ သိမရှိလူ၊ သိရှိလူ၊ သိလူဖြစ်သင့်သည်။
၂၈။ ရတနာသုံးပါး၊ ဆန့်ကျင်ခြား၊ လားလားမသင့်ပြီ။
၂၉။ ဒေဝဒတ်လို၊ ပြုခြင်းကို၊ ရှောင်ကိုရှောင်ရမည်။
၃၀။ ရတနာသုံးဖြာ၊ ညာဏ်ယှဉ်ကာ၊ ယုံတာလွန်ကောင်းသည်။

ပကာသနီယကံလာ ကိုယ်ကျင့်တရားများ ပြီး၏။

# အဇာတသတ်မင်းသား အကြောင်းလာ ကိုယ်ကျင့်တရားများ

**အဖကိုသတ်လော့** ။ ။ ထိုအခါ ဒေဝဒတ်သည် အဇာတသတ်မင်းသားထံသို့ ချဉ်းကပ်၍-

'မင်းသား ... ရှေးအခါ၌ လူတို့သည် အသက်ရှည်ကုန်၏။ ယခုအခါ၌ အသက်တိုကုန်၏။ သင်သည် မင်းသားဘဝနှင့် သေရသော အကြောင်းရှိ၏။ မင်းသား ... ထို့ကြောင့် သင်သည် အဖကိုသတ်၍ မင်းဖြစ်လော့။ ငါသည် မြတ်စွာဘုရားကိုသတ်၍ ဘုရားဖြစ်အံ့'

– ဟု ပြောဆိုလေ၏။

**အဖသတ်ရန် အားထုတ်ခြင်း** ။ ။ ထိုအခါ အဇာတသတ်မင်းသားသည် –

'အရှင်ဒေဝဒတ်သည် တန်ခိုးအာနုဘော် ကြီး၏။ အရှင်ဒေဝဒတ်သည် သိတန်ရာ၏'

– ဟု ပေါင်၌ ဓားမြှောင်ကို ဖွဲ့၍ နေ့ခင်းကြောင်တောင်၌ ကြောက်ထိတ်ရွံ့ရှားတုန်လှုပ်လျက် အဆောတလျင် နန်းတော်တွင်းသို့ ဝင်၏။ နန်းတော်တွင်း၌ သက်တော်စောင့် အမတ်ကြီးတို့သည် အမူအရာပျက်နေသော အဇာတသတ်မင်းသားကို မြင်၍ ဖမ်းကုန်၏။ ထိုအမတ်ကြီးတို့သည် ရှာဖွေသော် ပေါင်၌ဖွဲ့ထားသော ဓားမြှောင်ကို မြင်၍ အဇာတသတ်မင်းသားကို –

'မင်းသား ... သင်သည် အဘယ်အရာကို ပြုလုပ်လိုပါသနည်း '

– ဟု မေးကုန်၏။

'အဖကို သတ်လို၏' – ဟု ဆို၏။

'အဘယ်သူက တိုက်တွန်းသနည်း' – ဟု မေးကြပြန်၏။

'အရှင်ဒေဝဒတ်က တိုက်တွန်းပါ၏' – ဟု ဆို၏။

<u>အမတ်ကြီးတို့၏ ယူဆပုံများ ။</u> ။ ထိုကိစ္စနှင့်ပတ်သက်၍ -

အချို့သော အမတ်တို့သည် -

'မင်းသားနှင့် ဒေဝဒတ်ကို လည်းကောင်း၊ ရဟန်းအားလုံးကိုလည်းကောင်း သတ်ထိုက်၏' - ဟု ယူကြကုန်၏။

အချို့သော အမတ်တို့သည် -

'ရဟန်းတို့ကို မသတ်ထိုက်။ ရဟန်းတို့သည် တစ်စုံတစ်ခုကိုမျှ မပြစ်မှားကုန်။ မင်းသားနှင့် ဒေဝဒတ်ကို သတ်ထိုက်၏' - ဟု ယူကြကုန်၏။

အချို့သော အမတ်တို့သည် -

'မင်းသားနှင့် ဒေဝဒတ်ကို မသတ်ထိုက်။ ရဟန်းတို့ကိုလည်း မသတ်ထိုက်။ မင်းကြီးအား ပြောကြားသင့်၏။ မင်းကြီး ပြောတိုင်း ပြုလုပ်အံ့' ဟု ယူကြကုန်၏။

<u>ဗိမ္ဗိသာရမင်းကြီး စီရင်ပုံ ။</u> ။ ထို့နောက် ထိုအမတ်တို့သည် အဇာတသတ်မင်းသားကို ဖမ်း၍ ဗိမ္ဗိသာရမင်းကြီးထံသို့ ချဉ်းကပ်၍ ဗိမ္ဗိသာရမင်းကြီးအား အကြောင်းစုံကို လျှောက်ထားကြလေကုန်၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် အမတ်တို့ကို -

'အချင်းတို့ ... မြတ်စွာဘုရားသည်လည်းကောင်း၊ တရားတော်သည်လည်းကောင်း၊ သံဃာတော်သည်လည်းကောင်း အဘယ်သို့ ပြုအံ့နည်း။ မြတ်စွာဘုရားသည် စောစောကပင် ရာဇဂြိုဟ်မြို့၌ ဒေဝဒတ်ကို ပကာသနီယကံ ပြုအပ်ပြီ မဟုတ်လော' - ဟု မိန့်ဆိုလိုက်လေ၏။

ထို့နောက် ဗိမ္ဗိသာရမင်းကြီးသည် မင်းသား၊ ဒေဝဒတ်၊ ရဟန်းအားလုံးကို သတ်ထိုက်၏ဟု ယူသော အမတ်တို့ကို ရာထူးချထားလိုက်လေ၏။ ရဟန်းတို့ကို မသတ်ထိုက်၊ မင်းသားနှင့် ဒေဝဒတ်တို့ကို သတ်ထိုက်၏ဟု ယူသော အမတ်တို့ကို နိမ့်သောရာထူး၌ ထားလိုက်လေ၏။ ထိုအားလုံးကို မသတ်ထိုက်။ မင်းကြီးအား ပြောကြားသင့်၏။ မင်းကြီးပြောတိုင်း ပြုလုပ်အံ့ - ဟု ယူသောအမတ်တို့အား ရာထူးတိုးမြှင့်ပေးလိုက်လေ၏။

**မင်းအဖြစ်ကို လွှဲအပ်ခြင်း ။** ။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် အဇာတသတ်မင်းသားအား -

'မင်းသား ... သင်သည် ငါ့ကို အဘယ်ကြောင့် သတ်လိုသနည်း' ဟု မေးလေ၏။

'အရှင်ခမည်းတော် ... မင်းအဖြစ်ကို အလိုရှိပါ၏' – ဟု လျှောက်၏။

'မင်းသား ... သင်သည် မင်းအဖြစ်ကို အလိုရှိမူ ဤမင်းစည်းစိမ်သည် သင်၏ မင်းစည်းစိမ်တည်း'

– ဟု ပြော၍ အဇာတသတ်မင်းသားအား မင်းအဖြစ်ကို လွှဲအပ်လိုက်လေ တော့၏။

( ဝိ - ၄ - ၃၅၀/ ၁၊၊ မြန် - ၃၅၅/ ၆ )

## အဇာတသတ်မင်းသား အကြောင်းလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | အဇာတသတ်ထံ၊ | ဒေဝဒံ၊ | တစ်ဖန်ချဉ်းကပ်ပြီ။ |
| ၂။ | ရှေးကလူတွေ၊ | အသက်ပေ၊ | ရှေရှေနေရသည်။ |
| ၃။ | ယခုအခါမူ၊ | အများလူ၊ | သက်မှုတိုကြသည်။ |
| ၄။ | မင်းမဖြစ်တောင်း၊ | အိမ်ရှေ့ကောင်း၊ | သေကြောင်းရှိနေသည်။ |
| ၅။ | ဖကိုသတ်ကြား၊ | မင်းဖြစ်ထား၊ | ဘုရားငါသတ်မည်။ |
| ၆။ | ဒေဝဒတ်ကား၊ | တန်ခိုးကား၊ | ကြီးမားလှချေသည်။ |
| ၇။ | မင်းဖြစ်နိုင်ရန်၊ | အကြောင်းမှန်၊ | သိတန်ဆောက်ပေးသည်။ |
| ၈။ | ဤသို့ စိတ်ကြံ၊ | အဖထံ၊ | သတ်ရန်ချဉ်းကပ်ပြီ။ |
| ၉။ | ကြောက်ရွံ့လျက်၊ | ထိတ်လျက်၊ | မှုပျက်နေ၍သည်။ |
| ၁၀။ | သက်တော်စောင့်များ၊ | မင်းသားအား၊ | ဖမ်းပြားစစ်ဆေးပြီ။ |
| ၁၁။ | ပေါင်အရင်းတွင်၊ | ဓားမြှောင်ပင်၊ | တွေ့မြင်မေးလေပြီ။ |
| ၁၂။ | ဒေဝဒတ်ခိုင်းတာ၊ | မတ်များစွာ၊ | ကောင်းစွာသိကြပြီ။ |

၁၃။ ဒေ, ဇာ, ရဟန်း၊ အားလုံးမှန်း၊ သေလမ်းပို့ရမည်။
၁၄။ ရဟန်းများစွာ၊ မသတ်ရာ၊ ဒေ, ဇာ သတ်ရမည်။
၁၅။ အားလုံးမသတ်၊ မင်းထံအပ်၊ ဆုံးဖြတ်လိုက်ကြပြီ။
၁၆။ ဗိမ္ဗိရာဇာ၊ စစ်ဆေးရာ၊ ကောင်းစွာသိလေပြီ။
၁၇။ ပကာသနီယကံ၊ ထင်ရှားရန်၊ ပြုပြန်မိန့်ကြားပြီ။
၁၈။ အားလုံးသတ်ကျူး၊ အမတ်မှူး၊ ရာထူးဖြုတ်လိုက်ပြီ။
၁၉။ ရဟန်းမသတ်သင့်၊ မတ်ကိုဖြင့်၊ တစ်ဆင့်ချထားသည်။
၂၀။ မင်း၏ဆုံးဖြတ်၊ ခံယူအပ်၊ အမတ်များကိုသည်၊
၂၁။ သဘောအထူး၊ ကျေးမြိုး၊ ရာထူးတိုးပေးသည်။
၂၂။ အသဲနစ်နစ်၊ သားကိုချစ်၊ မင်းဖြစ်လွှဲပေးပြီ။
၂၃။ ဤနေရာမှာ၊ ဖမေတ္တာ၊ ကြီးတာထင်ရှားသည်။
၂၄။ အဇာတသတ်လို၊ မိဘကို၊ သတ်လိုရှောင်ရမည်။
၂၅။ ဒေဝဒတ်လို၊ ဆရာကို၊ ရှောင်ကိုရှောင်ရမည်။
၂၆။ လူမိုက်ကိုပင်၊ ဆရာတင်၊ အလွန်မှားတတ်သည်။
၂၇။ လူ့လောကမှာ၊ ဆရာဟာ၊ လွန်စွာရေးကြီးသည်။
၂၈။ ဆရာတင်ဘိ၊ မှားမရှိ၊ သတိပြုရမည်။

**အဇာတသတ်မင်းသား အကြောင်းလာ ကိုယ်ကျင့်တရားများ ပြီး၏။**

## လူသတ်သမားတို့ကို စေလွှတ်ခြင်းလာ ကိုယ်ကျင့်တရားများ

**ဘုရားကို သတ်ရန် စီစဉ်ပုံ ။** ။ ထိုအခါ ဒေဝဒတ်သည် အဇာတသတ်မင်းသားထံသို့ ချဉ်းကပ်ပြီးနောက် အဇာတသတ်မင်းသားကို –

'မင်းမြတ် ... ရဟန်းဂေါတမကို သတ်မည့် မင်းချင်းတို့ကို စေလွှတ်လော့' – ဟု ဆို၏။

ထိုအခါ အဇာတသတ်မင်းသည် မင်းချင်းတို့ကို –

'အချင်းတို့ ... အရှင်ဒေဝဒတ် ပြောသည့်အတိုင်း ပြုလုပ်ကုန်လော့' – ဟု စေခိုင်းလေ၏။

ထိုအခါ ဒေဝဒတ်သည် ယောကျ်ားတစ်ယောက်ကို –

'ဒါယကာ ... သွားလော့၊ ရဟန်းဂေါတမသည် ဤမည်သောအရပ်၌ နေ၏။ ထိုရဟန်းဂေါတမကို သတ်ပြီးလျှင် ဤလမ်းဖြင့်လာခဲ့လော့' – ဟု စေခိုင်း၏။

ထိုလမ်း၌ ယောကျ်ား နှစ်ယောက်တို့ကို –

'ဤလမ်းမှလာသော ယောကျ်ားတစ်ယောက်ကို သတ်ပြီးလျှင် ဤလမ်းဖြင့် လာကုန်လော့' – ဟု ချထားလေ၏။

ထိုလမ်း၌ ယောကျ်ား လေးယောက်တို့ကို –

'ဤလမ်းဖြင့်လာသော ယောကျ်ားနှစ်ယောက်တို့ကို သတ်ပြီးလျှင် ဤလမ်းဖြင့် လာကုန်လော့' – ဟု ချထား၏။

ထိုလမ်း၌ ယောကျ်ား ရှစ်ယောက်တို့ကို –

'ဤလမ်းဖြင့်လာသော ယောကျ်ားလေးယောက်တို့ကို သတ်ပြီးလျှင် ဤလမ်းဖြင့် လာကုန်လော့' – ဟု ချထားကုန်၏။

ထိုလမ်း၌ ယောကျ်ား တစ်ဆယ့်ခြောက်ယောက်တို့ကို –

'ဤလမ်းဖြင့်လာသော ယောကျ်ားရှစ်ယောက်တို့ကို သတ်ပြီးလျှင် ဤလမ်းဖြင့် လာကုန်လော့' – ဟု ချထား၏။

<u>လူသတ်သမားတို့ သောတာပန် ဖြစ်ကြခြင်း ။</u> ။ ထိုအခါ ထိုပဌမယောကျ်ားသည် သန်လျက်နှင့်ကာကို ယူကာ လေးနှင့် တောင့်ကိုလွယ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရား၏ အနီး၌ ကြောက်ထိတ် ရွံ့ရှားတုန်လှုပ်လျက် တောင့်တင်းသော မတုန်လှုပ်သော ကိုယ်ဖြင့် ရပ်နေ၏။

မြတ်စွာဘုရားသည် ထိုယောကျ်ားကို မြင်တော်မူ၍ ထိုယောကျ်ားကို -

'ဒါယကာ ... လာလော့။ မကြောက်လင့်' - ဟု မိန့်တော်မူ၏။

ထိုအခါ ထိုယောကျ်ားသည် လက်နက်များကို ချထားခဲ့၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရား၏ ခြေတို့၌ ဝတ်တွားပြီးလျှင် အပြစ်တို့ကို ၁န်ချ တောင်းပန်လေလျှင် မြတ်စွာဘုရားလည်း ခွင့်လွှတ်သည်းခံတော်မူလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ထိုယောကျ်ားအား အနုပုဗ္ဗိကထာတရားကို ဟောတော်မူ၏။ တရားအဆုံး၌ ထိုယောကျ်ားသည် သောတာပန် ဖြစ်လေ၏။

မြတ်စွာဘုရားသည် -

'ဤလမ်းဖြင့် မသွားလင့်' - ဟု အသတ်မခံရအောင် လမ်းလွှဲပေးလိုက်လေ၏။

ထိုအခါ ထိုယောကျ်ား နှစ်ယောက်တို့သည် -

'ထိုယောကျ်ားတစ်ယောက်သည် လာခဲလှ၏'

- ဟု ရင်ဆိုင်ခရီးသို့ သွားကြသော် တစ်ခုသော သစ်ပင်ရင်း၌ မြတ်စွာဘုရား ထိုင်နေတော်မူသည်ကို မြင်၍ မြတ်စွာဘုရားအား ချဉ်းကပ်ဝတ်တွား ပြုလေသည် ရှိသော် မြတ်စွာဘုရားသည် ထိုယောကျ်ားနှစ်ယောက်တို့အား အနုပုဗ္ဗိကထာ တရား ဒေသနာတော်ကို ဟောကြားတော်မူ၏။ တရားအဆုံး၌ ထိုယောကျ်ားနှစ်ယောက် လည်း သောတာပန် ဖြစ်ကြလေကုန်၏။

ထို့အတူ ကျန်ယောကျ်ား လေးယောက်တို့သည်လည်းကောင်း၊ ရှစ်ယောက် တို့သည်လည်းကောင်း၊ တစ်ဆယ့်ခြောက်ယောက်တို့သည်လည်းကောင်း အသီးသီး သောတာပန် အဖြစ်သို့ ရောက်ကြလေကုန်၏။

<u>ငါကိုယ်တိုင် သတ်တော့မည်</u> ။ ။ ထိုအခါ ထိုပဥ္စမ ယောက်ျားသည် ဒေဝဒတ်ထံသို့ ချဉ်းကပ်ပြီးနောက် ဒေဝဒတ်အား –

'အရှင်ဘုရား ... တပည့်တော်သည် ထိုမြတ်စွာဘုရားကို မသတ်နိုင်ပါ။ ထိုမြတ်စွာဘုရားသည် တန်ခိုးကြီးပါ၏။ အာနုဘော်ကြီးပါ၏'

– ဟု အသိပေး ပြောကြားလေ၏။

ထိုအခါ ဒေဝဒတ်သည် ထိုယောက်ျားကို –

'ဒါယကာ ... တန့်ပြီ။ သင်သည် ရဟန်းဂေါတမကို မသတ်နှင့်တော့။ ငါသည်ပင် ရဟန်း ဂေါတမကို သတ်တော့အံ့' – ဟု ပြောဆိုလေ၏။

( ဝိ - ၄ - ၃၅၁ / ၃၅၃ ။ မြန် - ၃၅၆ / ၃၅၉ )

## <u>လူသတ်သမားတို့ကို ဆေးလွှတ်ခြင်း၌ ဆောင်ရန်လင်္ကာများ</u>

| | | | |
|---|---|---|---|
| ၁။ | အဇာမင်းထံ၊ | ဒေဝဒ်၊ | တဖန်ကပ်ပြန်ပြီ။ |
| ၂။ | ဂေါတမထံ၊ | သေသတ်ရန်၊ | လွှတ်ရန်ပြောလေပြီ။ |
| ၃။ | ဒေပြောတိုင်းသာ၊ | လုပ်ကြပါ၊ | အဇာစေခိုင်းပြီ။ |
| ၄။ | နာမည်ကြီးလတ်၊ | ဂေါတမတ်၊ | သေသတ်ရပေမည်။ |
| ၅။ | သတ်ပြီးတစ်ခါ၊ | ဤလမ်းသာ၊ | လာပါမှာလိုက်ပြီ။ |
| ၆။ | နှစ်ဦးကိုမူ၊ | ဤလမ်းဟူ၊ | လာသူသတ်ရမည်။ |
| ၇။ | လေးဦးကိုကား၊ | နှစ်ဦးအား၊ | သတ်ခြားမှာပြန်ပြီ။ |
| ၈။ | တစ်ဖန်ရှစ်ဦး၊ | ထိုလေးဦး၊ | သတ်ဦးမှာလေသည်။ |
| ၉။ | ဆယ့်ခြောက်ဦးပေ၊ | ရှစ်ဦးတွေ၊ | သတ်လေပြောပြန်သည်။ |
| ၁၀။ | ပဥ္စမလူ၊ | ဘုရားဟူ၊ | သတ်မူအားထုတ်ပြီ။ |
| ၁၁။ | မသတ်နိုင်ပါ၊ | တောင့်တင်းစွာ၊ | ရပ်ကာနေရသည်။ |
| ၁၂။ | မြတ်စွာခေါ်မှ၊ | ဖြစ်ကိုပ၊ | ဝန်ချတောင်းပန်ပြီ။ |
| ၁၃။ | ပဗ္ဗတကထာ၊ | ဒေသနာ၊ | မြတ်စွာဟောလေပြီ။ |

၁၄။ တရားဆုံးမှာ၊ ထိုဒကာ၊ သောတာဖြစ်လေပြီ။
၁၅။ ထိုနည်းတူစွာ၊ ကျန်များပါ၊ သောတာဖြစ်ကြပြီ။
၁၆။ ဒေဝဒတ်အား၊ ပ,လူကား၊ လျှောက်ထားပြုလေပြီ။
၁၇။ တန်ခိုးကြီးပြား၊ မြတ်ဘုရား၊ သတ်ပြားမရပြီ။
၁၈။ မင်းလေမသတ်၊ ငါပဲသတ်၊ ဒေဝဒတ်ပြောလေပြီ။
၁၉။ ဒေဝဒတ်ကား၊ ရန်ငြိုးထား၊ ကြီးမားလှချေသည်။
၂၀။ ရန်ငြိုးကြီးတာ၊ စိတ်ကြီးတာ၊ ဘယ်ခါ မကောင်းပြီ။
၂၁။ စိတ်ကြီးခြင်းအား၊ ရန်ငြိုးထား၊ ရှောင်ရှားကြရမည်။

လူသတ်သမားတို့ကို စေလွှတ်ခြင်း၌ ကိုယ်ကျင့်တရားများ ပြီး၏။

# မြတ်စွာဘုရားအား သွေးစိမ်းတည်စေခြင်း၌ ကိုယ်ကျင့်တရားများ

**ကျောက်တုံးကြီး လှိမ့်ချပြီ ။** ။ မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ်တောင်ရိပ်၌ စင်္ကြံကြွတော်မူသောအခါ ဒေဝဒတ်သည် ဂိဇ္ဈကုဋ်တောင်သို့ တက်၍ –

'ဤကျောက်တုံးဖြင့် ရဟန်းဂေါတမကို သတ်အံ့'

– ဟု ကြီးစွာသော ကျောက်တုံးကြီးကို လှိမ့်ချလေ၏။

တောင်ထွတ်နှစ်ခုတို့သည် လာ၍ ထိုလိမ့်လာသော ကျောက်တုံးကို ခံကုန်၏။ ထိုကျောက်တုံးမှ ကျောက်လွှာစင်၍ မြတ်စွာဘုရား၏ ခြေတော်၌ သွေးကို ဖြစ်စေ၏။ ထိုအခါ မြတ်စွာဘုရားသည် အထက်သို့ မော့ကြည့်ပြီးလျှင် ဒေဝဒတ်ကို –

'မဂ်ဖိုလ်မှ အချည်းအနှီးဖြစ်သော ယောကျာ်း ... သင်သည် များစွာသော မကောင်းမှုကို ပွားစေ၏။ သင်သည် ဖျက်ဆီးလိုသောစိတ်၊ သတ်လိုသောစိတ် ရှိသည်ဖြစ်၍ ငါဘုရားအား သွေးကို ဖြစ်စေ၏' – ဟု မိန့်တော်မူ၏။

ထို့နောက် တစ်ဖန်လည်း မြတ်စွာဘုရားသည် ရဟန်းတို့ကို –

'ရဟန်းတို့ ... ဒေဝဒတ်သည် ရှေးဦးစွာသော ဤအာနန္တရိယကံကို ဆည်းပူး၏။ ဖျက်ဆီးလိုသောစိတ်၊ သတ်လိုသောစိတ်ဖြင့် မြတ်စွာဘုရားအား သွေးကို ဖြစ်စေ၏' – ဟု မိန့်တော်မူ၏။

## သတ်နိုင်သော အကြောင်းမရှိ

'ဒေဝဒတ်သည် မြတ်စွာဘုရားအား သတ်ခြင်းကို အားထုတ်သတတ်'

– ဟု ကြားသောရဟန်းတို့သည် မြတ်စွာဘုရားအား ကျောင်းတော်၏ ထက်ဝန်းကျင်အရပ်မှ ပြင်းပြကျယ်လောင်သော အသံရှိကုန်သည်ဖြစ်၍ သရဇ္ဈာယ်ခြင်းကို ပြုကုန်လျက် မြတ်စွာဘုရားအား စောင့်ရှောက်ခြင်း၊ တားမြစ်ခြင်း၊ လုံခြုံခြင်း အကျိုးငှါ စင်္ကြံသွားကုန်၏။

မြတ်စွာဘုရားသည် ထိုပြင်းပြကျယ်လောင်သော အသံကို မေးမြန်းစိစစ်၍ သိရှိတော်မူပြီးနောက် ရဟန်းတို့ကို ဆရာငါးမျိုးအကြောင်းကို ဟောတော်မူပြီးလျှင်-

'ရဟန်းတို့ ... သူတစ်ပါးလုံ့လဖြင့် မြတ်စွာဘုရားကို သတ်နိုင်ရာသော အကြောင်းမရှိ။ ရဟန်းတို့ ... မြတ်စွာဘုရားတို့သည် သူတစ်ပါးက လုံ့လ မပြုရဘဲ ပရိနိဗ္ဗာန်ပြုကုန်၏။ ရဟန်းတို့ ... သင်တို့သည် နေမြဲကျောင်းသို့ သွားကုန်လော့။ ရဟန်းတို့ ... မြတ်စွာဘုရားတို့ကို မစောင့်အပ်ကုန် '

- ဟု မိန့်တော်မူလေ၏။

( ဝိ - ၄ - ၃၅၄ / ၃၅၆။ မြန် - ၃၉၉ / ၃၆၁ )

## သွေးစိမ်းတည်စေခြင်း၌ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ဂိဇ္ဈတောင်ရိပ်မြန်၊ | မြတ်ဗုဒ္ဓ၊ | စင်္ကြံ ကြွနေသည်။ |
| ၂။ | ဒေဝဒတ်ခေါ် မိုး၊ | ကျောက်တုံးကြီး၊ | လှိမ့်ပြီးချလိုက်သည်။ |
| ၃။ | တောင်ထွတ်နှစ်ခု၊ | လာ၍စု၊ | ခံပြုထားကြသည်။ |
| ၄။ | ကျောက်လွှာစင်ကာ၊ | ခြေတော်မှာ၊ | သွေးဖြာထွက်လေပြီ။ |
| ၅။ | အထက်မော့ကြည့်၊ | ဒေဝဒတ်ရှု၊ | မှုန်မိန့်လေပြီ။ |
| ၆။ | မင်္ဂဗိုလ်မပြီး၊ | အချည်းနှီး၊ | သင်တည်းငါ့ကိုသည်၊ |
| ၇။ | ဖျက်ဆီးလိုစိတ်၊ | သတ်လိုစိတ်၊ | သွေးလိပ်ဖြစ်စေပြီ။ |
| ၈။ | မကောင်းမှုအား၊ | သင်မူကား၊ | ပွားများစေလေပြီ။ |
| ၉။ | ဘုရားသတ်တာ၊ | ကြားကြရာ၊ | များစွာရဟန်းသည်၊ |
| ၁၀။ | ဘုရားနေရာ၊ | ဝန်းကျင်မှာ၊ | ရောက်လာစုဝေးပြီ။ |
| ၁၁။ | ကျယ်လောင်ပြင်းပြ၊ | သံကိုပ၊ | ဗုဒ္ဓကြား၍သည်၊ |
| ၁၂။ | ရဟန်းတို့အား၊ | မြတ်ဘုရား၊ | မိန့်ကြားပါလေပြီ။ |
| ၁၃။ | သူများယောဂ၊ | အားစိုက်ကြ၊ | လုံ့လတို့ဖြင့်သည်၊ |
| ၁၄။ | ဘုရားအပေါင်း၊ | သေနိုင်တောင်း၊ | အကြောင်းမရှိပြီ၊ |

| | | | |
|---|---|---|---|
| ၁၅။ | ပယောဂတိ၊ | မပါရှိ၊ | ပရိုပြုကြမည်။ |
| ၁၆။ | နေမြဲကျောင်းမှာ၊ | နေကြပါ၊ | စောင့်ရှောက်မလိုပြီ။ |
| ၁၇။ | နတ်လူအများ၊ | လွန်အားထား၊ | ဘုရားကိုမှသည်၊ |
| ၁၈။ | ဒေဝဒတ္တ၊ | လွန်မိုက်စွ၊ | လုပ်မှုလုပ်ရက်သည်။ |
| ၁၉။ | လူမိုက်ဆိုတာ၊ | မလုပ်တာ၊ | ဘယ်ဟာမရှိပြီ။ |
| ၂၀။ | လူမိုက်ကိုဖြင့်၊ | ဝေးဝေးထင့်၊ | ရှောင်သင့်ကြပေသည်။ |
| ၂၁။ | သံဝေတရား၊ | ယူကာပြား၊ | တရားထုတ်ရမည်။ |

သွေးစိမ်းတည်စေခြင်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

• • • • • • • • • • • • • • • • • • • •

# နာဠာဂိရိဆင်ကို စေလွှတ်ခြင်းလာ ကိုယ်ကျင့်တရားများ

ဒေဝဒတ်သတ်ရန် အားထုတ်ပြန်ပြီ ။ ။ ထိုစဉ်အခါ ရာဇဂြိုဟ်မြို့၌ နာဠာဂိရိမည်သော ဆင်သည် ကြမ်းတမ်း၏။ လူကို သတ်တတ်၏။ ဒေဝဒတ်သည် ရာဇဂြိုဟ်မြို့သို့ဝင်၍ ဆင်တင်းကုပ်သို့ သွားပြီးလျှင် ဆင်ထိန်းတို့အား -

'အချင်းတို့ ... ငါတို့ကား မင်းကျွမ်းဝင်သော သူတို့ပေတည်း။ ရာထူးနိမ့်သူကို ရာထူးမြင့်ရန်လည်းကောင်း၊ လခရိက္ခာကို တိုးစေရန်လည်းကောင်း စွမ်းနိုင်ကုန်၏။ အချင်းတို့ ... ထို့ကြောင့် ရဟန်းဂေါတမသည် ဤခရီးသို့ လာသောအခါ ဤနာဠာဂိရိဆင်ကို ဖြေ၍ ဤခရီးသို့ လွှတ်ကုန်လော့' - ဟု ပြောဆို၏။

'အရှင်ဘုရား ... ကောင်းပါပြီ'

- ဟု ထိုဆင်ထိန်းတို့သည် ဒေဝဒတ်အား ဝန်ခံကုန်၏။

ဆင်ကြမ်းကို လွှတ်ပြီ ။ ။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် များစွာသော ရဟန်းတို့နှင့်အတူ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုလမ်းသို့ ကြွတော်မူ၏။

ထိုဆင်ထိန်းတို့သည် ထိုလမ်းသို့ကြွလာသော မြတ်စွာဘုရားကို မြင်သဖြင့် နာဠာဂိရိဆင်ကို ဖြေလွှတ်ပြီးလျှင် ထိုခရီးသို့ သွားစေကုန်၏။ နာဠာဂိရိဆင်သည် အဝေးမှ ကြွလာသော မြတ်စွာဘုရားကို မြင်၍ နှာမောင်းကို ထောင်ပြီးလျှင် နားရွက်နှင့် အမြီးကို စွင့်လျက် မြတ်စွာဘုရားထံသို့ ရှေးရှုပြေးလေ၏။

<u>ဖယ်ရှောင်တော်မူပါ</u> ။ ။ ထိုရဟန်းတို့သည် အဝေးမှလာသော နာဠာဂိရိဆင်ကို မြင်၍ မြတ်စွာဘုရားကို -

'ရှင်တော်ဘုရား ... ဤနာဠာဂိရိဆင်သည် ကြမ်းတမ်းပါ၏။ လူကိုသတ်တတ်ပါ၏။ ဤလမ်းသို့ လာပါ၏။ ရှင်တော်ဘုရား ... ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဖယ်တော်မူပါ။ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည် ဖယ်တော်မူပါ'

- ဟု လျှောက်ကြကုန်၏။

'ရဟန်းတို့ ... လာကုန်လော့။ မကြောက်ကြကုန်လင့်။ ရဟန်းတို့ ... သူတစ်ပါးတို့ လုံ့လဖြင့် မြတ်စွာဘုရားကို သတ်နိုင်ရာသော အကြောင်းသည် အခွင့်မရှိ။ ရဟန်းတို့ ... မြတ်စွာဘုရားတို့သည် သူတစ်ပါးတို့က လုံ့လမပြုရဘဲ ပရိနိဗ္ဗာန် ပြုကုန်၏'

- ဟု မိန့်တော်မူလေ၏။

ရဟန်းတို့က သုံးကြိမ်လျှောက်၏။ မြတ်စွာဘုရားသည် သုံးကြိမ်လုံး ထိုသို့ မိန့်တော်မူ၏။

<u>လူတို့၏ အမြင်</u> ။ ။ ထိုအခါ လူတို့သည် ပြာသာဒ်ရှည်တို့၌ လည်းကောင်း၊ ပြာသာဒ် ဦးပြည်းတို့၌ လည်းကောင်း၊ အိမ်ခေါင်မိုးတို့၌ လည်းကောင်း တက်၍ နေကြကုန်၏။

ထိုလူတို့တွင် မယုံကြည်ကြ၊ မကြည်ညိုကြ၊ ဉာဏ်မရှိကြသော လူတို့သည်-

'အချင်းတို့ ... ရဟန်းကြီးသည် အလွန်အဆင်းလှစွတကား။ ဆင်သည် ညှဉ်းဆဲလတ္တံ့' - ဟု ပြောဆိုကြကုန်၏။

သို့သော် ယုံကြည်ကြ၊ ကြည်ညိုကြ၊ ပညာရှိကြ၊ ဉာဏ်ရှိကြသော လူတို့ကမူ-

'အချင်းတို့ ... နာဠာဂိရိဆင်သည် ဘုရားတည်းဟူသောဆင်နှင့် မကြာမြင့်မီ စစ်ထိုးအံ့တကား' - ဟု ပြောဆိုကြကုန်၏။

**ဆင်ကို တရားဟောခြင်း ။** ။ ထိုအခါ မြတ်စွာဘုရားသည် နာဠာဂိရိဆင်ကို မေတ္တာစိတ်ဖြင့် လွှမ်းခြုံ၏။ ထိုအခါ နာဠာဂိရိ ဆင်သည် မြတ်စွာဘုရား၏ မေတ္တာစိတ်နှင့် တွေ့ထိသောကြောင့် နှာမောင်းကို ချ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရား၏ ရှေ့တော်၌ ရပ်တည်၏။ ထိုအခါ မြတ်စွာဘုရားသည် လက်ျာလက်တော်ဖြင့် နာဠာဂိရိဆင်၏ ဦးကင်းကို ပွတ်သပ်တော်မူလျက် နာဠာဂိရိဆင်ကို ဂါထာတို့ဖြင့် ဤသို့ ရွတ်ဆိုတော်မူ၏။

'နာဠာဂိရိဆင် ... ဘုရားတည်းဟူသော ဆင်သို့ မချဉ်းကပ်လင့်။ နာဠာဂိရိဆင် ... ဘုရားတည်းဟူသော ဆင်သို့ ချဉ်းကပ်ခြင်းသည် ဆင်းရဲသည်သာတည်း။ နာဠာဂိရိဆင် ... ဘုရားတည်းဟူသော ဆင်ကို သတ်သောသူအား ဤဘဝမှ နောက်ဘဝသို့ သွားသည်ရှိသော် ကောင်းသောဂတိသည် မဖြစ်နိုင်။ မာန်မယစ်လင့်။ မမေ့မလျော့လင့်။ ထိုမေ့လျော့သောသူတို့သည် ကောင်းသောဂတိသို့ မရောက်နိုင်ကုန်။ ကောင်းသောဂတိသို့ ရောက်ရာသော အခြင်းအရာအားလျော်စွာ သင်သည်သာ ပြုရအံ့'

– ဟု မိန့်ဆိုတော်မူလေ၏။

**ဆင်ယဉ်ကျေးပြီ ။** ။ ထိုအခါ နာဠာဂိရိဆင်သည် နှာမောင်းဖြင့် မြတ်စွာဘုရား၏ ခြေမှုန့်တို့ကို ယူ၍ ဦးခေါင်းထက်၌ ဖြန့်ကျဲပြီးလျှင် မြတ်စွာဘုရားကို မြင်နေရသည့် အရပ်တိုင်အောင် ပုဆစ်တုပ်ကာ နောက်ဆုတ်လေ၏။ ထို့နောက် နာဠာဂိရိဆင်သည် ဆင်တင်းကုပ်သို့ သွား၍ မိမိနေရာ၌ ရပ်၏။ ထိုအခြင်းအရာဖြင့် နာဠာဂိရိဆင်သည် ယဉ်ကျေးလေ၏။

ထိုအခါ လူတို့သည် –

'အချို့သောသူတို့သည် လှံတံဖြင့်လည်းကောင်း၊ ချွန်းတို့ဖြင့်လည်းကောင်း၊ ကြိမ်လုံးတို့ဖြင့်လည်းကောင်း ဆုံးမကုန်၏။ မြတ်စွာဘုရားသည် လှံတံမပါဘဲ၊ လက်နက်မပါဘဲ ဆင်ကို ဆုံးမတော်မူ၏'

– ဟု ဂါထာဖြင့် သီဆိုကုန်၏။

## ဒေဝဒတ် လာဘ်ဆုတ်ခြင်း

'ဤဒေဝဒတ်သည် အလွန်ယုတ်မာ၏။ အလွန်ကျက်သရေမဲ့သူ ဖြစ်၏။ ဤသို့ တန်ခိုးအာနုဘော်ကြီးသော ရဟန်းဂေါတမကို သတ်ရန် အားထုတ်ဘိ၏'

– ဟု လူတို့သည် ကဲ့ရဲ့ကုန်၏။ ရှုတ်ချကုန်၏။ အပြစ်ပြောဆိုကြလေကုန်၏။

ဒေဝဒတ်အား လာဘ်သပ်ပကာသည် ဆုတ်ယုတ်၍ မြတ်စွာဘုရားအား လာဘ်သပ်ပကာသည် တိုးတက်လေ၏။

( ၈ - ၄ - ၅၆/၇ ။ မြန် - ၃၆၁/ ၃၆၃ )

## နာဠာဂိရိဆင်ကို စေလွှတ်ခြင်း၌ ဆောင်ရန်လင်္ကာများ

၁။ နာဠာဂိရိ၊ အမည်ရှိ၊ ခေါ်ဘိဆင်ကြီးသည်၊
၂။ ရာဇဂြိုဟ်မှာ၊ ကြမ်းတမ်းစွာ၊ လူပါသတ်တတ်သည်။
၃။ ဒေဝဒတ်ကား၊ ဘုရားအား၊ သတ်ပြားလို၍သည်၊
၄။ ဘုရားမြတ်ကို၊ ကြမ်းပေဆို၊ ဆင်ကိုလွှတ်စေပြီ။
၅။ ရာဇဂြိုဟ်မြို့ပေါ်၊ ဆွမ်းခံနှော်၊ ရှင်တော်ကြွလေပြီ။
၆။ နှာမောင်းကိုထောင်၊ နားရွက်ထောင်၊ မြီးထောင်ပြီ၍သည်၊
၇။ ဘုရားရှိရာ၊ ရှေးရှုပါ၊ ပြေးကာလာလေပြီ။
၈။ ဖယ်ပါဘုရား၊ ရဟန်းများ၊ လျှောက်ထားကြလေပြီ။
၉။ လာကြလာကြ၊ မကြောက်ကြ၊ ဗုဒ္ဓမိန့်လေပြီ။
၁၀။ ဘုရားဆိုတာ၊ သတ်လို့သာ၊ သေတာမရှိပြီ။
၁၁။ ပြာသာဒ်ပေါ်မှာ၊ အိမ်မိုးမှာ၊ များစွာလူတို့သည်၊
၁၂။ ထိုလူများတွင်၊ ဉာဏ်မယှဉ်၊ မယဉ်သူတို့သည်၊
၁၃။ ဂေါတမကိုပေ၊ ဆင်ကြီးလေ၊ နင်းချေပြောကြသည်။
၁၄။ ကြည်ညိုကြသူ၊ ဉာဏ်ရှိသူ၊ ယဉ်သူတို့ကသည်၊
၁၅။ ဘုရားဟုဆင်၊ နာဠာဆင်၊ စစ်ပြိုင်ပြောလေသည်။

| | | | |
|---|---|---|---|
| ၁၆။ | ဘုရားမြတ်စွာ၊ | ဆင်ကိုသာ၊ | မေတ္တာပို့လွှတ်ပြီ။ |
| ၁၇။ | မေတ္တာစိတ်ဓာတ်၊ | ထိတွေ့လတ်၊ | ကြမ်းတတ်ဆင်ကြီးသည်၊ |
| ၁၈။ | ဘုရားရှေ့ဆီ၊ | မောင်းချပြီ၊ | ရပ်တည်နေလေပြီ။ |
| ၁၉။ | ဆင်ဦးခေါင်းရပ်၊ | ဘုရားမြတ်၊ | သုံးသပ်မိန့်လေပြီ။ |
| ၂၀။ | သတ်လိုစိတ်မှန်၊ | ဘုရားထံ၊ | ကပ်ရန်မသင့်ပြီ။ |
| ၂၁။ | မညှဉ်းဆဲဘိ၊ | မမေ့ဘိ၊ | သုဂတိရောက်နိုင်သည်။ |
| ၂၂။ | ဆင်ကြီးအရေး၊ | ဆုံးမပေး၊ | ယဉ်ကျေးသွားလေပြီ။ |
| ၂၃။ | ဒေဝဒတ်ဟာ၊ | မိုက်မဲပါ၊ | လွန်စွာယုတ်မာသည်။ |
| ၂၄။ | ကျက်သရေယုတ်၊ | သတ်ဖို့လုပ်၊ | အားထုတ်နိုင်ဘိသည်။ |
| ၂၅။ | လူများစွာပင်၊ | ကဲ့ရဲ့အင်၊ | ဖြစ်တင်ကြလေပြီ။ |
| ၂၆။ | ဒေဝဒတ်မှာ၊ | လာဘ်ရွေးကား၊ | မြတ်စွာပေါ်လေပြီ။ |
| ၂၇။ | ဉာဏ်မရှိလူ၊ | ဉာဏ်ရှိလူ၊ | ဉာဏ်လူဖြစ်သင့်သည်။ |
| ၂၈။ | မကြည်သိလူ၊ | ကြည်သိလူ၊ | ကြည်လူဖြစ်သင့်သည်။ |

နာဠာဂိရိဆင်ကို စေလွှတ်ခြင်း၌ ကိုယ်ကျင့်တရားများ ပြီး၏။

*ဘာမှာ ( ဝတ္ထု ၅-မျိုးကို တောင်းဆိုခြင်းကို ရှေးခန်းက ရေးခဲ့ပြီ )*

# သံဃာကို သင်းခွဲခြင်းလာ ကိုယ်ကျင့်တရားများ

စာရေးတံမဲ ယူခိုင်းခြင်း ॥ ॥ ထိုအခါ ဒေဝဒတ်သည် ထိုဥပုသ်နေ့၌ နေရာမှ ထ၍ –

'ငါ့ရှင်တို့ ... ငါတို့သည် ရဟန်းဂေါတမထံသို့ ချဉ်းကပ်ပြီးလျှင် – အရှင်ဘုရား ... မြတ်စွာဘုရားသည် များစွာသောအကြောင်းဖြင့် အလိုနည်းခြင်း၏ ...ပ... လုံ့လကြိုးကုတ် အားထုတ်ခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ရှိပါသည်။ အရှင်ဘုရား ... ဤဝတ္ထုငါးမျိုးတို့သည် များစွာသော အကြောင်းဖြင့် အလိုနည်းခြင်းငှါ ...ပ... လုံ့လကြိုးကုတ် အားထုတ်ခြင်းငှါ ဖြစ်ပါကုန်၏။ ...ပ... ဟု ဝတ္ထုငါးမျိုးကို တောင်းခဲ့ကုန်ပြီ။ သို့ရာတွင် ဤဝတ္ထုငါးမျိုးတို့ကို ရဟန်းဂေါတမသည် ခွင့်မပြု။ ထိုငါတို့သည် ဤဝတ္ထုငါးမျိုးတို့ဖြင့် ဆောက်တည်၍ ကျင့်ကြပါကုန်စို့။ ဤဝတ္ထုငါးမျိုးတို့ကို နှစ်သက်သော အရှင်သည် စာရေးတံမဲကို ယူလော့'

– ဟု စာရေးတံမဲကို ယူစေ၏။

သံဃာသင်းခွဲပြီ ॥ ॥ ထိုစဉ်အခါ ဝေသာလီမြို့နေ ငါးရာမျှသော ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ငယ်လည်းငယ်ကုန်၏။ ဝိနည်း၌လည်း မလိမ္မာကုန်။ ထိုရဟန်းတို့သည် –

'ဤကား ဓမ္မတည်း။ ဤကား ဝိနယတည်း။ ဤကား မြတ်စွာဘုရား၏ အဆုံးအမတော်တည်း'

– ဟု စာရေးတံမဲကို ယူကုန်၏။ ထိုအခါ ဒေဝဒတ်သည် သံဃာကို သင်းခွဲ၍ ငါးရာမျှသော ရဟန်းတို့ကို ခေါ်ပြီးလျှင် ဂယာသီသအရပ်သို့ ဖဲသွား၏။ အရှင်သာရိပုတြာ၊ အရှင်မောဂ္ဂလာန်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တစ်ခုသော နေရာ၌ ထိုင်ကြသောအခါ အရှင်သာရိပုတြာသည် မြတ်စွာဘုရားအား –

'ရှင်တော်ဘုရား ... ဒေဝဒတ်သည် သံဃာကို သင်းခွဲ၍ ငါးရာမျှသော ရဟန်းတို့ကို ခေါ်လျက် ဂယာသီသအရပ်သို့ ဖဲသွားပါ၏' – ဟု လျှောက်၏။

ရဟန်းတစ်ပါး ငိုခြင်း ။ ။ ထိုအခါ မြတ်စွာဘုရားသည် အရှင်သာရိပုတြာ၊ အရှင်မောဂ္ဂလာန်တို့ကို –

'သာရိပုတြာတို့ ... သင်တို့အား ထိုရဟန်းငယ်တို့၌ သနားခြင်းသည်လည်း မဖြစ်လေစွ။ သာရိပုတြာတို့ ... ထိုရဟန်းတို့သည် အကျိုးမဲ့ မပျက်စီးကုန်မီ သင်တို့သွား၍ ပြန်ခေါ်ကုန်လော့' – ဟု မိန့်တော်မူ၏။

'အရှင်ဘုရား ... ကောင်းပါပြီ'

– ဟု အရှင်သာရိပုတြာ၊ အရှင်မောဂ္ဂလာန်တို့သည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုကာ ဂယာသီသ အရပ်သို့ ချဉ်းကပ်ကုန်၏။

ထို့နောက် ရဟန်းတစ်ပါးသည် မြတ်စွာဘုရား၏ အနီး၌ ငိုလျက်ရပ်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းအား –

'ရဟန်း ... သင်သည် အဘယ်ကြောင့် ငိုသနည်း' – ဟု မေးတော်မူ၏။

'ရှင်တော်ဘုရား ... မြတ်စွာဘုရား၏ အဂ္ဂသာဝကဖြစ်သော အရှင်သာရိပုတြာ၊ အရှင်မောဂ္ဂလာန်တို့သည်လည်း ဒေဝဒတ်၏ တရားကို နှစ်သက်ကုန်၍ ဒေဝဒတ်၏ အထံသို့ သွားပါကုန်၏' – ဟုလျှောက်၏။

'ရဟန်း ... သာရိပုတြာ၊ မောဂ္ဂလာန်တို့သည် ဒေဝဒတ်၏တရားကို နှစ်သက်နိုင်ရာသော အကြောင်းအရာ မရှိပေ။ စင်စစ်သော်ကား ထိုသာရိပုတြာ၊ မောဂ္ဂလာန်တို့သည် ရဟန်းတို့ကို နားလည်စေခြင်းငှါ (ရဟန်းငါးရာတို့ကို ပြန်၍ ခေါ်ယူခြင်းငှါ) သွားကြကုန်၏' – ဟု မိန့်တော်မူ၏။

ဘုရားအတုပြုခြင်း ။ ။ ထိုအခါ များစွာသော ပရိသတ် အခြံအရံဖြင့် တရားဟော လျက် ထိုင်နေခြင်းဖြစ်သော ဒေဝဒတ်သည် အဝေးမှ လာသော အရှင်သာရိပုတြာ၊ အရှင်မောဂ္ဂလာန်တို့ကို မြင်၍ –

'ရဟန်းတို့ ... ရှုကုန်လော့။ ငါသည် တရားကို ကောင်းစွာဟောအပ်ပြီ။ ရဟန်းဂေါတမ၏ အဂ္ဂသာဝကဖြစ်သော သာရိပုတြာ၊ မောဂ္ဂလာန်တို့သည်လည်း

ငါ၏တရားကို နှစ်သက်ကုန်၍ ငါ့ထံသို့ လာကုန်၏' – ဟု ရဟန်းတို့အား ပြောလေ၏။

ဤသို့ ပြောဆိုလတ်သော် ကောကာလိကသည် ဒေဝဒတ်အား –

'ငါ့ရှင် ဒေဝဒတ် ... သာရိပုတြာ၊ မောဂ္ဂလာန်တို့ကို အရောမဝင်လင့်။ သာရိပုတြာ၊ မောဂ္ဂလာန်တို့သည် အလိုဆိုးရှိကုန်၏။ အလိုဆိုး၏ ဆွဲငင်ရာသို့ လိုက်ရကုန်၏' – ဟု ပြောဆို သတိပေးလေ၏။

ထိုအခါ ဒေဝဒတ်သည် ကောကာလိကအား –

'ငါ့ရှင် ကောကာလိက ... ဤသို့ မဆိုလင့်။ ထိုသာရိပုတြာ၊ မောဂ္ဂလာန်တို့၏ လာခြင်းသည် ငါ၏တရားကို နှစ်သက်သောကြောင့် ကောင်းသောလာခြင်း ဖြစ်၏' – ဟု ပြန်ပြောလေ၏။

ထိုအခါ ဒေဝဒတ်သည် –

'ငါ့ရှင် သာရိပုတြာ ... လာလော့။ ဤ၌ ထိုင်လော့'

– ဟု အရှင်သာရိပုတြာကို နေရာထက်ဝက်ဖြင့် ထိုင်ရန် ပင့်ဖိတ်၏။

'ငါ့ရှင် ဒေဝဒတ် ... တန်ပြီ'

– ဟု အရှင်သာရိပုတြာသည်လည်းကောင်း၊ အရှင်မောဂ္ဂလာန်သည်လည်းကောင်း အခြားတစ်နေရာ၌ ထိုင်ကုန်၏။

ထိုအခါ ဒေဝဒတ်သည် ညဥ့်သုံးယာမ်ပတ်လုံး ရဟန်းငယ်ငါးရာတို့ကို တရားစကားဖြင့် အကျိုးစီးပွားကို သိမြင်စေလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေ၍ အရှင်သာရိပုတြာကို –

'ငါ့ရှင် သာရိပုတြာ ... ရဟန်းသံဃာသည် ထိနမိဒ္ဓကင်း၏။ ငါ့ရှင် သာရိပုတြာ ... ရဟန်းတို့အတွက် တရားစကားသည် သင်၏ဉာဏ်၌ ထင်စေလော့။ ငါ၏ ကျောက်ကုန်းသည် ညောင်းညာ၏။ ငါသည် ထိုကျောက်ကုန်းကို ဆန့်ဦးအံ့'

– ဟု (*ဘုရားအတု ပြုကာ*) တိုက်တွန်း ပြောဆိုလေ၏။

'ငါ့ရှင် ... ကောင်းပါပြီ'

– ဟု အရှင်သာရိပုတြာသည် ဒေဝဒတ်အား ဝန်ခံ၏။

ထိုအခါ ဒေဝဒတ်သည် ဒုကုဋ်သင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပြီးလျှင် လက်ျာနံပါးဖြင့် အိပ်ခြင်းကို ပြုလေ၏။

ပင်ပန်း၍ သတိချွတ်ယွင်း ဆင်ခြင်ဉာဏ်ကင်းသော ထိုဒေဝဒတ်သည် တစ်မုဟုတ် တစ်ခဏချင်းဖြင့်ပင် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

**သောတာပန် ဖြစ်ကြခြင်း ။** ။ ထိုအခါ အရှင်သာရိပုတြာသည် သူတစ်ပါး၏ စိတ်ကို သိ၍ ဆုံးမခြင်းပြာဋိဟာဟူသော တရားစကားဖြင့် ရဟန်းငယ်တို့ကို ဆုံးမ၏။ ကံမြစ်၏။ အရှင်မောဂ္ဂလာန်သည် တန်ခိုးပြ၍ ဆုံးမခြင်း ပြာဋိဟာဟူသော တရားစကားဖြင့် ရဟန်းတို့ကို ဆုံးမ၏။ ကံမြစ်၏။

ထိုသို့ ဆုံးမသည်ရှိသော် ထိုရဟန်းငယ် ငါးရာတို့အား -

'ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏'

- ဟု ကိလေသာမြူ အညစ်အကြေးမှ ကင်းသော တရားမျက်စိ သောတာပတ္တိမဂ်ဉာဏ်သည် ဖြစ်ပေါ်ကြလေကုန်၏။

ထိုအခါ အရှင်သာရိပုတြာသည် ထိုရဟန်းငယ် ငါးရာတို့ကို -

'ငါ့ရှင်တို့ ... ငါတို့သည် မြတ်စွာဘုရားထံသို့ သွားကုန်အံ့။ မြတ်စွာဘုရား၏ တရားကို နှစ်သက်သော ရဟန်းသည် လာလော့'

- ဟု ခေါ်ယူ ပြောဆိုလေ၏။

ထိုအခါ အရှင်သာရိပုတြာ၊ အရှင်မောဂ္ဂလာန်တို့သည် ထိုရဟန်းငယ် ငါးရာတို့ကို ခေါ်ယူ၍ ဝေဠုဝန်ကျောင်းသို့ ချဉ်းကပ်ကြလေကုန်၏။

**ဒေဝဒတ် သွေးအန်ထွက်ခြင်း ။** ။ ထိုအခါ ကောကာလိကသည် ဒေဝဒတ်ကို -

'ငါ့ရှင် ဒေဝဒတ် ... ထလော့။ ထိုရဟန်းငါးရာတို့ကို သာရိပုတြာ၊ မောဂ္ဂလာန်တို့ ခေါ်ဆောင်သွားကြကုန်ပြီ။ ငါ့ရှင် ဒေဝဒတ် ... သာရိပုတြာ၊ မောဂ္ဂလာန်တို့ကို အကျွမ်းမဝင်လင့်။ သာရိပုတြာ၊ မောဂ္ဂလာန်တို့သည် အလိုဆိုး

ရှိကုန်၏။ အလိုဆိုး၏ ဆွဲငင်ရာသို့ လိုက်ရကုန်၏' – ဟု သင့်ကို ငါသည် ပြောဖူးသည် မဟုတ်လော'

– ဟု ပြောဆို၍ ဒူးဖြင့် ရင်ဝကို တိုက်ကာ ဒေဝဒတ်အား နှိုးလေ၏။

ထိုအခါ ထိုနေရာ၌ပင် ဒေဝဒတ်၏ ခံတွင်းမှ သွေးပူသည် အန်ထွက်လေ၏။

<u>ဘုရားကို တုသည်ဟု</u> ။ ။ မြတ်စွာဘုရားသည် ဒေဝဒတ်ထံမှ ပြန်ရောက်လာသော ရဟန်းတို့ကို –

'ထုလ္လစ္စဥ်းအာပတ်ကို ဒေသနာကြားစေလော့'

– ဟု မိန့်တော်မူပြီးနောက် အရှင်သာရိပုတြာကို –

'သာရိပုတြာ ... သင့်အား ဒေဝဒတ်သည် အဘယ်သို့ ပြုမူသနည်း' – ဟု မေးတော်မူလေ၏။

ထိုအခါ အရှင်သာရိပုတြာသည် မြတ်စွာဘုရားကို –

"ရှင်တော်ဘုရား ... မြတ်စွာဘုရားသည် ညဥ့်သုံးယာမ်ပတ်လုံး ရဟန်းတို့ကို တရားစကားဖြင့် အကျိုးစီးပွားကို သိမြင်စေလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေ၍ တပည့်တော်ကို –'သာရိပုတြာ ... ရဟန်းသံဃာသည် ထိနမိဒ္ဓကင်း၏။ သာရိပုတြာ ... ရဟန်းတို့အတွက် တရားစကားသည် သင်၏ဉာဏ်၌ ထင်စေလော့။ ငါ၏ ကျောက်ကုန်းသည် ညောင်းညာ၏။ ထိုကျောက်ကုန်းကို ဆန့်ဦးအံ့' ဟု ပြောဆိုသကဲ့သို့ ဤအတူပင် ဒေဝဒတ်သည် ပြုမူပြောဆိုပါသည်"

– ဟု လျှောက်ထားလေ၏။

<u>ဆင်ကြီးကို တုသော ဆင်ငယ်များ</u> ။ ။ ထိုအခါ မြတ်စွာဘုရားသည် ဒေဝဒတ်သည် ဘုရားကို အတုပြုခြင်း၏ အပြစ်ကို ပြလိုသည် ဖြစ်၍ အောက်ပါ ဆင်ကြီးဆင်ငယ် ဥပမာကို မိန့်ကြားတော်မူ၏။

ရဟန်းတို့ ... ရှေး၌ ဖြစ်ဖူးသည်ကား ... တောအုပ်ကြီး၌ အိုင်ကြီးသည် ရှိ၏။ ထိုအိုင်ကြီးကို မှီ၍ ဆင်တို့သည် နေကုန်၏။ ထိုဆင်တို့သည် ထိုအိုင်သို့ ဆင်း၍ နှာမောင်းဖြင့် ကြာစွယ်ကြာရင်းကို နှုတ်၍ ကောင်းစွာ ခါ၍ ညွန်မရှိသော ကြာစွယ် ကြာရင်းတို့ကို ခဲစား၍ မျိုကုန်၏။

ထိုကြာစွယ်ကြာရင်းတို့သည် ထိုဆင်တို့၏ အကျိုးငှါလည်းကောင်း၊ အဆင်း အကျိုးငှါလည်းကောင်း၊ ခွန်အား အကျိုးငှါလည်းကောင်း ဖြစ်၏။ ထိုကြာစွယ် ကြာရင်း ဟူသော အကြောင်းကြောင့် သေခြင်းသို့လည်း မရောက်ကုန်။ သေလောက်သော ဆင်းရဲသို့လည်း မရောက်ကုန်။

ရဟန်းတို့ ... ထိုဆင်ကြီးတို့ကို ဝါနုသောဆင်ပေါက်တို့သည် အတုလိုက်လျက် ထိုအိုင်သို့ ဆင်းကာ နှာမောင်းဖြင့် ကြာစွယ်ကြာရင်းတို့ကို နှုတ်၍ ကောင်းစွာမခါဘဲ ညွန်ရှိသော ကြာစွယ်ကြာရင်းတို့ကို ခဲမျိုကုန်၏။ ထိုကြာစွယ်ကြာရင်းသည် ထိုဆင်ငယ်တို့၏ အကျိုးငှါလည်းကောင်း၊ အဆင်း အကျိုးငှါလည်းကောင်း၊ ခွန်အား အကျိုးငှါလည်းကောင်း မဖြစ်နိုင်ပေ။ ထိုကြာစွယ်ကြာရင်းဟူသော အကြောင်းကြောင့် သေခြင်းသို့လည်း ရောက်ကုန်၏။ သေလောက်သော ဆင်းရဲခြင်း သို့လည်း ရောက်ကုန်၏။

ရဟန်းတို့ ... ဤအတူသာလျှင် ဒေဝဒတ်သည် ငါ့ကို အတုလိုက်၍ ပြုသဖြင့် ဆင်းရဲစွာ သေရလတ္တံ့.' ဟု မိန့်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ဂါထာဖြင့်လည်း ဤသို့ မိန့်တော်မူ၏။

'မြေကို အစွယ်တို့ဖြင့် ထိုးကော်မှုကို ပြုတတ်သော၊ မြစ်ချောင်းတို့၌ ကြာစွယ်ကို စားသော၊ ဆင်အပေါင်းကို စောင့်ရှောက်တတ်သော ဆင်ပြောင်ကြီးကို အတုလိုက်၍ ပြုသော ဆင်ပေါက်သည် ညွန်ရှိသော ကြာစွယ်ကို စားမိ၍ သေရသကဲ့သို့ ငါဘုရား၏ ပြုပုံကို အတုလိုက်ပြုသော ဒေဝဒတ်သည် အထီးကျန်မွဲ ဆင်းရဲသည်ဖြစ်၍ သေရလတ္တံ့.'

- ဟု မိန့်တော်မူလေ၏။

<u>ကုစား၍ မရနိုင်</u> ။ ။ ထို့နောက် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဒေဝဒတ်နှင့်စပ်၍ ကုစား၍ မရနိုင်ပုံကို ဤသို့လည်း မိန့်ကြားတော်မူလေ၏။

'ရဟန်းတို့ ... မသူတော်တရား (၈)ပါးတို့သည် နှိပ်စက်လွှမ်းမိုးအပ်သော စိတ်ရှိသော ဒေဝဒတ်သည် အပါယ်၌ ဖြစ်လတ္တံ့။ ငရဲ၌ ဖြစ်လတ္တံ့။ အာယုကပ်ပတ်လုံး တည်လတ္တံ့။ ကုစား၍ မရနိုင်။ အဘယ် (၈)ပါးတို့နည်း ဟူမူ –

၁။ လာဘ်သည် နှိပ်စက်လွှမ်းမိုးအပ်သော စိတ်ရှိသော၊

၂။ လာဘ်မရခြင်းသည် နှိပ်စက်လွှမ်းမိုးအပ်သော စိတ်ရှိသော၊

၃။ ကျော်စောခြင်းသည် လွှမ်းမိုးနှိပ်စက်အပ်သော စိတ်ရှိသော၊

၄။ မကျော်စောခြင်းသည် လွှမ်းမိုးနှိပ်စက်အပ်သော စိတ်ရှိသော၊

၅။ ကောင်းစွာပြုစုခံလိုခြင်းသည် လွှမ်းမိုးနှိပ်စက်အပ်သော စိတ်ရှိသော၊

၆။ ကောင်းစွာပြုစု မခံရခြင်းသည် လွှမ်းမိုးနှိပ်စက်အပ်သော စိတ်ရှိသော၊

၇။ အလိုဆိုးသည် လွှမ်းမိုးနှိပ်စက်အပ်သော စိတ်ရှိသော၊

၈။ မိတ်ဆွေယုတ်ရှိခြင်းသည် လွှမ်းမိုးနှိပ်စက်အပ်သော စိတ်ရှိသော

– ဒေဝဒတ်သည် အပါယ်၌ ဖြစ်လတ္တံ့။ ငရဲ၌ဖြစ်လတ္တံ့။ အာယုကပ်ပတ်လုံး တည်လတ္တံ့။ ကုစား၍ မရနိုင်'

– ဟု မိန့်ကြားတော်မူလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ဂါထာတို့ဖြင့်လည်း ဤသို့ မိန့်ကြားတော်မူလေ၏။

၁။ လောက၌ တစ်ရံတစ်ယောက်သောသူသည် တစ်ရံ တစ်ဆစ်မျှ အလိုဆိုးရှိသူ မဖြစ်သင့်။ ဤအလိုဆိုးရှိခြင်း ကြောင့် အလိုဆိုး ရှိသူတို့၏ မကောင်းသော လားရာဂတိကို သိကြကုန်လော့။

၂။ ဒေဝဒတ်သည် ပရိယတ်ပညာရှိသူ ဟူ၍ ထင်ရှား၏။ ဈာန်အဘိညာဉ်တို့ဖြင့် ပွားစေအပ်သော စိတ်ရှိသူ ဟူ၍ သမုတ်အပ်၏။ အခြံအရံ အကျော်အစောဖြင့် တောက်ပ သကဲ့သို့ တည်၏ ဟူ၍ ငါဘုရားသည် ကြားရ၏။

၃။ ထိုဒေဝဒတ်သည် မေ့လျော့ခြင်းသို့ ရောက်သည်ဖြစ်၍ ငါဘုရားကို ထိပါးပုတ်ခတ်ခြင်းကြောင့် တံခါးလေးခုရှိသော ကြောက်မက်ဖွယ်ကောင်းသော အဝီစိငရဲသို့ ရောက်ရ၏။

၄။ အကြင်သူသည် မကောင်းမှုကို မပြုသော၊ မပြစ်မှား ထိုက်သော ငါဘုရားအား ပြစ်မှား၏။ ပြစ်မှားသော စိတ်ရှိ သော၊ ရိုသေမှုကင်းသော ထိုပုဂ္ဂိုလ်သို့သာလျှင် မကောင်းကျိုး သည် ရောက်၏။

၅။ အကြင်သူသည် သမုဒ္ဒရာကို အဆိပ်အိုးဖြင့် ဖျက်ဆီး နိုင်မည်ဟု မှတ်ထင်ရာ၏။ ထိုသူသည် ထိုအဆိပ်ဖြင့် ပြည့်သောအိုးတစ်လုံးဖြင့် မဖျက်ဆီးနိုင်ရာ။ အကြောင်းမူကား သမုဒ္ဒရာသည် ကြောက်မက်ဖွယ်ကောင်းလှအောင် ကြီးကျယ် သောကြောင့် ပေတည်း။

၆။ ဤအတူပင် အကြင်သူသည် ညီညွတ်ခြင်းသို့ ရောက် သော ငြိမ်သက်သော စိတ်ရှိသော မြတ်စွာဘုရားကို ချုပ်ချယ် သောစကားဖြင့် ညှဉ်းဆဲ၏။ ထိုသူ၏ ချုပ်ချယ်သောစကား သည် ထိုမြတ်စွာဘုရား၌ မရောက်။

၇။ အကြင် ကောင်းစွာကျင့်သောပုဂ္ဂိုလ်၏ ပဋိပတ်လမ်း သို့ လိုက်သောရဟန်းသည် ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက် ရာ၏။ ပညာရှိသူသည် ထိုပုဂ္ဂိုလ်ကို မိတ်ဆွေ ပြုရာ၏။ ထိုပုဂ္ဂိုလ်ကို မှီဝဲရာ၏။

( ဝိ - ၄ - ၃၆၁ / ၃၆၇။ မြန် - ၃၆၇ / ၃၇၂ )

## သံဃာသင်းခွဲခြင်း၌ ဆောင်ရန်လင်္ကာများ

၁။ ဝေသာလီမှာ၊ နေထိုင်ရာ၊ ငါးရာရဟန်းသည်၊
၂။ ငယ်ကြ၏ပင်၊ ဝိနည်းတွင်၊ ကျွမ်းကျင်မရှိပြီ။
၃။ ယုတ်မာစိတ်ဓာတ်၊ ပြင်းထန်လတ်၊ ဒေဝဒတ်အရှင်သည်၊
၄။ ထိုရဟန်းတို့အား၊ သွေးဆောင်ပြား၊ ခေါ်သွားခဲ့လေပြီ။
၅။ ဝတ္ထုငါးခု၊ အကြောင်းပြု၊ ခေါ်ပြုသွားလေသည်။
၆။ ယုတ်ယုတ်မာမာ၊ ကြံစည်ကာ၊ သံဃာသင်းခွဲသည်။
၇။ ဂယာသီသ၊ ရပ်ဒေသ၊ နေကြထိုင်ကြသည်။
၈။ မေတ္တာထားတတ်၊ သနားတတ်၊ ရှင်မြတ်ဘုရားသည်၊
၉။ အဂ္ဂနှစ်ဖြာ၊ မောဂ်နှင့်သာ၊ လိုက်ကာခေါ် စေပြီ။
၁၀။ ရဟန်းတစ်ပါး၊ ဘုရားနား၊ ငိုများနေလေသည်။
၁၁။ ဘာပြုလို့များ၊ ငိုနေပြား၊ ဘုရားမေးလေပြီ။
၁၂။ အဂ္ဂနှစ်ပါး၊ ဒေနောက်များ၊ ပါသွားဖြေဆိုပြီ။
၁၃။ ပါမဟုတ်ပါ၊ လိုက်ခေါ် တာ၊ မြတ်စွာရှင်းပြပြီ။
၁၄။ ရဟန်းတို့အား၊ ဒေဒတ်ကား၊ တရားဟောနေသည်။
၁၅။ အဝေးကသာ၊ ပုတ္တာရာ၊ လာတာမြင်လေပြီ။
၁၆။ ငါဟောထားတာ၊ ကြိုက်လို့ပါ၊ လိုက်လာပြောလေပြီ။
၁၇။ မဟုတ်နိုင်ပါ၊ လိုဆိုးသာ၊ ကောကာပြောလေသည်။
၁၈။ ငါ၏ဝါဒ၊ ကြိုက်လို့ပ၊ ဒေဝပြန်ပြောသည်။
၁၉။ ငါရှင်ပုတြာ၊ ဤနေရာ၊ ထိုင်ပါဖိတ်ခေါ် ပြီ။
၂၀။ အဂ္ဂနှစ်ဖြာ၊ ခြားနေရာ၊ ထိုင်ကာနေကြပြီ။
၂၁။ သုံးယာမ်မလပ်၊ တရားစပ်၊ ဒေဒတ်ဟောကြားပြီ။
၂၂။ ငါ့ရှင်ပုတြာ၊ ဤသံဃာ၊ ငိုက်တာမရှိပြီ။
၂၃။ ငါကျောက်ကုန်းကား၊ အထိုင်များ၊ ညောင်းများနေလေသည်။
၂၄။ တရားမြတ်တွေ၊ သင့်ဉာဏ်ပေ၊ ထင်စေပြောလေပြီ။

၂၅။ ငါကိုယ်တော်မြိုက်၊ ကျောင်းညောင်းကိုက်၊ ဆန့်လိုက်ပေဦးမည်။
၂၆။ ဤသို့ ပြောကာ၊ ကျောခင်းကာ၊ အိပ်ပါလေတော့သည်။
၂၇။ ပင်ပန်းလေခြင်း၊ သတိကင်း၊ ချက်ချင်းအိပ်ပျော်ပြီ။
၂၈။ ရဟန်းတို့အား၊ အင်္ဂများ၊ တရားဟောကြပြီ။
၂၉။ ရဟန်းငါးရာ၊ အားလုံးပါ၊ သောတာဖြစ်ကြပြီ။
၃၀။ တစ်ပါးမကျန်၊ ဘုရားထံ၊ တစ်ဖန်ရောက်ကြပြီ။
၃၁။ ကောကာလိက၊ ဒေါ်တွေ့ပွ၊ ဒူးချုန်းလေပြီ။
၃၂။ ဒေဝဒတ်လေ၊ မိုက်လှပေ၊ သွေးတွေအန်ထွက်ပြီ။
၃၃။ ဘုရားမြတ်စွာ၊ တပြုတာ၊ ပုတ္တာလျှောက်ထားပြီ။
၃၄။ ဆင်ငယ်တစ်ဖြာ၊ ဥပမာ၊ မြတ်စွာမိန့်လေပြီ။
၃၅။ ရွံ့ညွှန်မပါ၊ ကြာစွယ်သာ၊ ခါကာစားလေသည်။
၃၆။ ဆင်ပြောင်ကြီးမှာ၊ အားဖြစ်လာ၊ လွန်စွာကျိုးရှိသည်။
၃၇။ ဆင်ပေါက်စ ကား၊ ဆင်ကြီးအား၊ တုပြားပြုလေပြီ။
၃၈။ ရွံ့ညွှန်တွေပါ၊ ကြာကိုသာ၊ စားရာသေလေပြီ။
၃၉။ ဤနည်းတူစွာ၊ ငါ့ကိုသာ၊ တုရာဒေဝဒတ်သည်၊
၄၀။ အထီးကျန်ကာ၊ ဆင်းရဲစွာ၊ သေမှာမိန့်လေပြီ။
၄၁။ အဝိစီငရဲ၊ ချိုးကပ်မြဲ၊ မလွဲဖြစ်လိမ့်မည်။
၄၂။ အလိုဆိုးရှိတာ၊ လူတွေမှာ၊ ဘယ်ခါမကောင်းပြီ။
၄၃။ ဒေဝဒတ်ဟူ၊ ရှေးပိုင်းမူ၊ ဉာဏ်လူဖြစ်ခဲ့သည်။
၄၄။ အဘိညာဉ်ပါ၊ တန်ခိုးပါ၊ ကောင်းစွာရခဲ့သည်။
၄၅။ နောက်ပိုင်းကျလာ၊ ပမာဒါ၊ ဖြစ်လာခဲ့လေသည်။
၄၆။ ငါဘုရားအား၊ လွန်စော်ကား၊ ထိပါးလာခဲ့သည်။
၄၇။ ကြောက်ဖွယ်ငရဲ၊ ဝိစိပဲ၊ မလွဲကျပေမည်။
၄၈။ အပြစ်ကင်းငြား၊ ဘုရားအား၊ ပြစ်မှားသူတို့သည်၊
၄၉။ မှားသူသို့သာ၊ ဆိုးကျိုးဟာ၊ ပြန်ကာရောက်လိမ့်မည်။
၅၀။ သမုဒ္ဒရာမျိုး၊ ဆိပ်တစ်အိုး၊ ထည့်ရိုးရုံနှင့်သည်၊

| | | | |
|---|---|---|---|
| ၅၁။ | အလွန်များကို၊ | ရေတွေကို၊ | ဘယ်လိုဖျက်နိုင်မည်။ |
| ၅၂။ | ထိုနည်းအတူ၊ | ဘုရားဟူ၊ | ဖျက်မှုသူတို့သည်၊ |
| ၅၃။ | အနန္တမို့၊ | ဂုဏ်ရှိလို့၊ | ဘာမို့ဖျက်နိုင်မည်။ |
| ၅၄။ | ပဋိပတ်လမ်း၊ | နိဗ္ဗာန်တန်း၊ | လျှောက်လှမ်းသူကိုသည်၊ |
| ၅၅။ | မိတ်ဆွေပြုကာ၊ | မှီဝဲရာ၊ | မြတ်စွာမိန့်လေပြီ။ |

သံဃာသင်းခွဲခြင်း၌ ကိုယ်ကျင့်တရားများ ပြီး၏။

သံဃဘေဒကက္ခန္ဓကလာ ကိုယ်ကျင့်တရားများ ဖော်ပြချက် ပြီး၏။

# ပါတိမောက္ခုဒ္ဒေသပနက္ခန္ဓကလာ ကိုယ်ကျင့်တရားများ

## ပါတိမောက်ပြရန် တောင်းပန်ခြင်းလာ ကိုယ်ကျင့်တရားများ

ပရိသတ်မစင်ကြယ် ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ပုဗ္ဗာရုံကျောင်း မိဂါရသူဌေး၏ မိခင်သဖွယ်ဖြစ်သော ဝိသာခါ၏ ပြာသာဒ်၌ သီတင်းသုံးနေတော်မူသောအခါ ဥပုသ်နေ့၌ ရဟန်းသံဃာ ခြံရံလျက် ထိုင်နေတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် ညဥ့်နက်သည်ဖြစ်၍ ပဌမယာမ် လွန်လတ်သော် နေရာမှထကာ လက်ဝဲတစ်ဖက် ပုခုံးထက်၌ ကေသီကို စမ္ပါယ်တင်၍ မြတ်စွာဘုရား ရှိရာသို့ လက်အုပ်ချီလျက် -

'ရှင်တော်ဘုရား ... ညဥ့်နက်ပါပြီ။ ပဌမယာမ် လွန်ပါပြီ။ ရဟန်းသံဃာသည် ကြာမြင့်စွာ ထိုင်နေရပါ၏။ ရှင်တော်ဘုရား ... မြတ်စွာဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူပါ' - ဟု လျှောက်၏။

ဤသို့လျှောက်သော် မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏။

မဇ္ဈိမယာမ် လွန်လာသောအခါ၌ နှစ်ကြိမ်မြောက်လည်း အရှင်အာနန္ဒာသည်-

'ရှင်တော်ဘုရား ... ညဥ့်နက်ပါပြီ။ မဇ္ဈိမယာမ် လွန်ပါပြီ။ ရဟန်းသံဃာသည် ကြာမြင့်စွာ ထိုင်နေရပါ၏။ ရှင်တော်ဘုရား ... မြတ်စွာဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူပါ' - ဟု လျှောက်၏။

နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏။

ပစ္ဆိမယာမ် လွန်လာသောအခါ၌ သုံးကြိမ်မြောက်လည်း အရှင်အာနန္ဒာသည်

'ရှင်တော်ဘုရား ... ညဥ့်နက်ပါပြီ။ ပစ္ဆိမယာမ် လွန်ပါပြီ။ အရုဏ်တက်ပါပြီ။ ညဥ့်သည် နှစ်သက်ဖွယ် မျက်နှာရှိပါပြီ။ ရဟန်းသံဃာသည် ကြာမြင့်စွာ ထိုင်နေရပါ၏။ ရှင်တော်ဘုရား ... မြတ်စွာဘုရားသည် ရဟန်းတို့အား ပါတိမောက် ပြတော်မူပါ' - ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို –

'အာနန္ဒာ ... ပရိသတ် မစင်ကြယ်' ဟု မိန့်တော်မူ၏။

**လက်မောင်းကိုင် နှင်ထုတ်ရခြင်း ။** ။ ထိုအခါ အရှင်မဟာမောဂ္ဂလာန်အား –

"မြတ်စွာဘုရားသည် အဘယ်သူကိုရည်၍ 'အာနန္ဒာ ... ပရိသတ်သည် မစင်ကြယ်'

– ဟု မိန့်တော်မူသနည်း"

– ဟူ၍ အကြံဖြစ်လေ၏။ ထို့နောက် အရှင်မဟာမောဂ္ဂလာန်သည် ရဟန်းသံဃာ အလုံးစုံ၏ စိတ်ကို မိမိ၏စိတ်ဖြင့် ပိုင်းခြား၍ နှလုံးသွင်းတော်မူ၏။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်သည် ယုတ်ညံ့သော အကျင့်ရှိသော၊ မစင်ကြယ်သည်ဖြစ်၍ ယုံမှားတွေးတောဖွယ် အကျင့်ရှိသော၊ အမှုကို ဖုံးကွယ်သော၊ ရဟန်းမဟုတ်ဘဲ ရဟန်းဟု ဝန်ခံသော၊ အတွင်းပုပ်သော ကိလေသာမိုးစွတ်သော၊ အမှိုက်ကဲ့သို့ ဖြစ်သော၊ ရဟန်းသံဃာအလယ်၌ ထိုင်နေသော သီလမရှိသော ဒုသီလ ပုဂ္ဂိုလ်ကို မြင်၍ –

'ငါ့ရှင် ... ထလော့။ မြတ်စွာဘုရားသည် သင့်ကိုမြင်၏။ သင့်အား ရဟန်းတို့နှင့် အတူတကွ ပေါင်းသင်းမှု မရှိ'

– ဟု ဆိုလေ၏။

ထိုသို့ ဆိုသော်လည်း ထိုဒုသီလသည် ဆိတ်ဆိတ်သာ နေလေ၏။ သုံးကြိမ်မြောက်ထိ ပြောဆိုသော်လည်း ဆိတ်ဆိတ်နေမြဲ နေသည်ဖြစ်၍ အရှင်မောဂ္ဂလာန်သည် ထိုဒုသီလပုဂ္ဂိုလ်ကို လက်မောင်း၌ ကိုင်၍ တံခါးမုခ်မှ အပြင်သို့ ထွက်စေ၍ မင်းတုပ်ငယ်၊ မင်းတုပ်ကြီးကို လျှို၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားအား –

'ရှင်တော်ဘုရား ... တပည့်တော်သည် ထိုဒုဿီလပုဂ္ဂိုလ်ကို ထွက်သွားစေအပ်ပါပြီ။ ပရိသတ်စင်ကြယ်ပါပြီ။ ရှင်တော်ဘုရား ... မြတ်စွာဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူပါလော့'

– ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်မဟာမောဂ္ဂလာန်ကို –

'မောဂ္ဂလာန် ... မဖြစ်ဖူးမြဲ ဖြစ်၏။ ထိုမဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ားသည် လက်မောင်းကို ကိုင်၍ နှင်ထုတ်သည့်တိုင်အောင်သော်လည်း ဆိုင်းငံ့ဘိ၏' – ဟု မိန့်တော်မူလေ၏။

( ဝိ – ၄ ၊ ၄၁၈ / ၉ ။ မြန် ၄၁၉ / ၄၂၀ )

## ပါတိမောက် ပြရန် တောင်းပန်ခြင်း၌ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | နတ်လူအများ၊ | ကိုးကွယ်ငြား၊ | ဘုရားမြတ်စွာသည်၊ |
| ၂။ | ဝိသာခါကျောင်းတွင်း၊ | မျှတခြင်း၊ | သီတင်းသုံးနေသည်။ |
| ၃။ | ပဌမယာမ်၊ | လွန်လေမှန်၊ | အာနန်လျှောက်လေသည်။ |
| ၄။ | ဘုရားမြတ်စွာ၊ | များသံဃာ၊ | ထိုင်တာကြာမြင့်ပြီ။ |
| ၅။ | ပါတိမောက်ပြရန်၊ | အချိန်တန်၊ | တောင်းပန်လျှောက်ထားပြီ။ |
| ၆။ | ဘုရားရှင်တော်၊ | ဆိတ်ဆိတ်သော်၊ | နေတော်မူလေပြီ။ |
| ၇။ | မဇ္ဈိမယာမ်၊ | လွန်လာပြန်၊ | တစ်ဖန်လျှောက်ထားသည်။ |
| ၈။ | ဘုရားရှင်လဲ၊ | ဆိတ်ဆိတ်ပဲ၊ | နေမြဲနေလေသည်။ |
| ၉။ | ပစ္ဆိမယာမ်၊ | လွန်လာပြန်၊ | ထပ်မံလျှောက်ထားသည်။ |
| ၁၀။ | ပရိသတ်ရယ်၊ | မစင်ကြယ်၊ | ဖွင့်ရယ် မိန့်ကြားပြီ။ |
| ၁၁။ | ပရိသတ်ထဲ၊ | မောဂ္ဂလာန်၊ | စိတ်ပြန်လွှတ်ကြည့်သည်။ |
| ၁၂။ | သီလမရှိ | ယုတ်ညံ့ဘိ၊ | မြင်သိသွားလေပြီ။ |
| ၁၃။ | ထပါသွားပါ၊ | မနေရာ၊ | သုံးခါပြောလေသည်။ |

၁၄။ ပြောမရပါ၊ လက်မောင်းသာ၊ ကိုင်ကာထုတ်ရသည်။
၁၅။ လက်မောင်းကိုင်ထိ၊ ဆိုင်းငံ့ဘိ၊ မနှိမ်မိန့်ဆိုပြီ။
၁၆။ သီလဖြူစင်၊ အလယ်တွင်၊ မစင်သူများသည်၊
၁၇။ မျက်နှာမလှ၊ အရှက်ရ၊ ဒုက္ခတွေ့တတ်သည်။
၁၈။ သီလရှိအောင်၊ မညှိုးအောင်၊ ကျင့်ဆောင်ကြရမည်။

ပါတိမောက်ပြရန် တောင်းပန်ခြင်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

## မဟာသမုဒ္ဒရာ အံ့ဖွယ်ရှစ်ပါးလာ ကိုယ်ကျင့်တရားများ

အသုရာတို့ မျှော်ကြခြင်း ။ ။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မဟာသမုဒ္ဒရာ၌ အံ့ဖွယ်ရှစ်ပါးတို့ကို ဟောကြားတော်မူလေ၏။ ယင်းရှစ်ပါးတို့ကို မြင်ကုန်၍ မြင်ကုန်၍ အသူရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။ ယင်းရှစ်ပါးတို့မှာ -

၁။ မဟာသမုဒ္ဒရာသည် အစဉ်အတိုင်း နိမ့်၏။ ကိုင်း၏။ ရှိုင်း၏။ စလျှင် စချင်း မနက်။ ယင်းသည် ပဌမအံ့ဖွယ်တည်း။ ယင်းသဘောကို မြင်ကုန်၍ အသူရာတို့ အလွန်မွေ့လျော်ကုန်၏။

၂။ မဟာသမုဒ္ဒရာသည် တည်တံ့သော သဘောရှိသည်ဖြစ်၍ ကမ်းကို မလွန်။ ယင်းသည် ဒုတိယအံ့ဖွယ်တည်း။ ယင်းသဘောကို မြင်ကုန်၍ အသူရာတို့ အလွန်မွေ့လျော်ကုန်၏။

၃။ မဟာသမုဒ္ဒရာသည် အသေကောင်ပုပ်နှင့် မဆက်ဆံ။ အသေကောင်ပုပ်ရှိလျှင် ကမ်းသို့ လျင်စွာ ကပ်စေ၏။ ကုန်းသို့ တင်စေ၏။ ယင်းသည် တတိယအံ့ဖွယ်တည်း။ ယင်းသဘောကို မြင်ကုန်၍ အသူရာတို့ အလွန်မွေ့လျော်ကုန်၏။

၄။ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီ - ဟူသော မြစ်ကြီး အားလုံးတို့သည် မဟာသမုဒ္ဒရာသို့ ရောက်ကုန်လတ်သော် ထိုအမည်တို့ကို စွန့်၍ 'မဟာသမုဒ္ဒရာ' ဟူ၍သာလျှင် ခေါ်ခြင်းသို့ ရောက်ကုန်၏။ ယင်းသည် စတုတ္ထအံ့ဖွယ်တည်း။ ယင်းသဘောကို မြင်ကုန်၍ အသူရာတို့ အလွန်မွေ့လျော်ကုန်၏။

၅။ အလုံးစုံသော မြစ်၊ ချောင်းရေတို့သည်လည်း မဟာသမုဒ္ဒရာသို့ ဝင်ကုန်၏။ မိုးရေတို့သည်လည်း ကျကုန်၏။ ထိုရေများ ဝင်မှု ကျမှုကြောင့် မဟာသမုဒ္ဒရာ၏ လျော့မှု ပြည့်မှုသည် မထင်ရှား။ ယင်းသည် ပဉ္စမအံ့ဖွယ်တည်း။ ယင်းသဘောကို မြင်ကုန်၍ အသူရာတို့ အလွန်မွေ့လျော်ကုန်၏။

၆။ မဟာသမုဒ္ဒရာရေသည် ငန်သောအရသာ တစ်မျိုးတည်းသာ ရှိ၏။ ယင်းသည် ဆဌမအံ့ဖွယ်တည်း။ ယင်းသဘောကို မြင်ကုန်၍ အသူရာတို့ အလွန်မွေ့လျော်ကုန်၏။

၇။ မဟာသမုဒ္ဒရာ၌ ပုလဲ၊ မြ၊ ကြောင်မျက်ရွဲ၊ ခရုသင်း၊ ကျောက်သလင်း၊ သန္တာ၊ ငွေ၊ ရွှေ၊ ပတ္တမြားနီ၊ ပတ္တမြားပြောက် ဟူသော များသောရတနာ၊ မရေမတွက်နိုင်သော ရတနာ ရှိ၏။ ယင်းသည် သတ္တမအံ့ဖွယ်တည်း။ ယင်းသဘောကို မြင်ကုန်၍ အသူရာတို့ အလွန်မွေ့လျော်ကုန်၏။

၈။ မဟာသမုဒ္ဒရာသည် တိမိမည်သော ငါး၊ တိမင်္ဂလမည်သော ငါး၊ တိမိတိမင်္ဂလမည်သော ငါး၊ အသူရာ၊ နဂါး၊ ဂန္ဓဗ္ဗနတ်ဟူသော သတ္တဝါကြီးတို့၏လည်းကောင်း၊ ယူဇနာတစ်ရာ၊ နှစ်ရာ၊ သုံးရာ၊ လေးရာ၊ ငါးရာတိုင်အောင်သော အတ္တဘောကြီးမားသော သတ္တဝါတို့၏လည်းကောင်း နေရာဖြစ်၏။ ယင်းသည် အဋ္ဌမအံ့ဖွယ်တည်း။ ယင်းသဘောကို မြင်ကုန်၍ မြင်ကုန်၍ အသူရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။

<u>အံ့ဖွယ်ရှစ်ဖြာ သာသနာ</u> ။ ။ ထို့နောက် မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို အံ့ဖွယ်ရှစ်ဖြာ သာသနာတော်အကြောင်းကို ဆက်လက်ဟောကြားတော်မူ၏။ ယင်းရှစ်ပါးတို့ကို မြင်ကုန်၍ မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယသာသနာတော်၌ အလွန်မွေ့လျော်ကုန်၏။ ယင်းရှစ်ပါးတို့မှာ –

၁။ မဟာသမုဒ္ဒရာသည် အစဉ်အတိုင်း နိမ့်၊ ကိုင်း ၊ ရှိုင်းသကဲ့သို့ စလျှင်စချင်း မနက်သကဲ့သို့ ဤအတူပင် **ဤဓမ္မဝိနယ သာသနာတော်၌ အစဉ်အတိုင်း ကျင့်ရသော သိက္ခာရှိ၏၊** လုပ်ငန်းရှိ၏။ အကျင့်ပဋိပဒါရှိ၏။ စလျှင်စချင်း အရဟတ္တဖိုလ်ကို မသိ။ ဤသည်ကား သာသနာတော်၌ ပဌမအံ့ဖွယ်တည်း။ ယင်းသဘောကိုမြင်ကုန်၍ ရဟန်းတို့သည် ဤသာသနာတော်၌ အလွန်မွေ့လျော်ကုန်၏။

၂။ မဟာသမုဒ္ဒရာသည် တည်တံ့သော သဘောရှိသည်ဖြစ်၍ ကမ်းကို မလွန်သကဲ့သို့ ဤအတူ တပည့်သာဝကတို့သည် ဗုဒ္ဓပညတ်ထားအပ်သော သိက္ခာပုဒ်တို့ကို အသက်ဟူသော အကြောင်းကြောင့်လည်း မကျူးကျော်ကုန်။ ယင်းသည် ဒုတိယအံ့ဖွယ်တည်း။ ယင်းသဘောကို မြင်ကုန်၍ ရဟန်းတို့သည် အလွန်မွေ့လျော်ကုန်၏။

၃။ မဟာသမုဒ္ဒရာသည် အသေကောင်ပုပ်နှင့် မဆက်ဆံ။ အသေကောင်ပုပ်ရှိလျှင် လျင်စွာ ကမ်းသို့ ကပ်စေသကဲ့သို့၊ ကုန်းသို့ တင်စေသကဲ့သို့ ဤအတူပင် ဒုဿီလပုဂ္ဂိုလ်နှင့် သံဃာသည် မဆက်ဆံ။ စည်းဝေး၍ ထိုဒုဿီလကို လျင်စွာနှင်ထုတ်၏။ ထိုဒုဿီလသည် သံဃာ့အလယ်၌ ထိုင်သော်လည်း သံဃာမှ ဝေး၏။ သံဃာသည်လည်း ဒုဿီလမှ ဝေး၏။ ယင်းသည် တတိယ အံ့ဖွယ်တည်း။ ယင်းသဘောကို မြင်ကုန်၍ ရဟန်းတို့သည် အလွန်မွေ့လျော်ကုန်၏။

၄။ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီ-ဟူသော မြစ်ကြီး အားလုံးတို့သည် မဟာသမုဒ္ဒရာသို့ ရောက်ကုန်လတ်သော် မူလအမည်ကို စွန့်၍ 'မဟာသမုဒ္ဒရာ' ဟူ၍ပင် ရေတွက်ခြင်းသို့ ရောက်သကဲ့သို့ ဤအတူ 'မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ သူဆင်းရဲ' ဟူသော အမျိုးလေးပါးတို့သည် ဤသာသနာတော်၌ ရဟန်းပြုကြသော် မူလအမည်ကိုစွန့်၍ 'သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတို့' ဟူ၍ ရေတွက်ခြင်းသို့ ရောက်ကုန်၏။ ယင်းသည် စတုတ္ထအံ့ဖွယ်တည်း။ ယင်းသဘောကို မြင်ကုန်၍ ရဟန်းတို့သည် အလွန်မွေ့လျော်ကုန်၏။

၅။ ဤလောက၌ အလုံးစုံသော မြစ်ချောင်းရေတို့သည် မဟာသမုဒ္ဒရာသို့ ဝင်ကုန်၏။ မိုးရေသည် မဟာသမုဒ္ဒရာသို့ ကျကုန်၏။ ထိုသို့ ရေများ ဝင်ခြင်း၊ ကျခြင်း ရှိသော်လည်း သမုဒ္ဒရာ၏ လျော့မှု၊ ပြည့်မှုသည် မထင်ရှားသကဲ့သို့ ဤအတူ များစွာသော ရဟန္တာရဟန်းတို့သည် ခန္ဓာ မကြွင်းကျန်သော အငြိမ်းဓာတ်ဖြင့် ငြိမ်းကုန်၏။ (နိဗ္ဗာန်သို့ ရောက်ကုန်၏) ထိုငြိမ်းခြင်းဖြင့် နိဗ္ဗာန်သို့ ရောက်ခြင်းဖြင့် နိဗ္ဗာန်၏ လျော့ခြင်း၊ ပြည့်ခြင်းသည် မထင်ရှား။ ယင်းသည် ပဉ္စမအံ့ဖွယ်တည်း။ ယင်းသဘောကို မြင်ကုန်၍ ရဟန်းတို့သည် အလွန်မွေ့လျော်ကုန်၏။

၆။ မဟာသမုဒ္ဒရာသည် ငန်သောအရသာ တစ်မျိုးတည်းသာ ရှိသကဲ့သို့ ဤအတူ ဤဓမ္မဝိနယ သာသနာတော်၌ ကိလေသာမှ လွတ်မြောက်မှု **ဝိမုတ္တိရသအရသာ တစ်မျိုးတည်းသာ ရှိ၏။** ယင်းသည် ဆဋ္ဌမအံ့ဖွယ်တည်း။ ယင်းသဘောကို မြင်ကုန်၍ ရဟန်းတို့သည် အလွန်မွေ့လျော်ကုန်၏။

၇။ မဟာသမုဒ္ဒရာသည် ပုလဲ၊ မြ၊ ကြောင်မျက်ရွဲ၊ ခရုသင်း၊ ကျောက်သလင်း၊ သန္တာ၊ ငွေ၊ ရွှေ၊ ပတ္တမြားနီ၊ ပတ္တမြားပြောက် ဟူသော များသောရတနာ၊ မရေတွက်နိုင်သော ရတနာရှိသကဲ့သို့ ဤအတူ ဤဓမ္မဝိနယ သာသနာတော်သည် သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး ရှိသော **မဂ်ဟူသော များသောရတနာ၊ မရေတွက်နိုင်သော ရတနာရှိ၏။** ယင်းသည် သတ္တမအံ့ဖွယ်တည်း။ ယင်းသဘောကို မြင်ကုန်၍ ရဟန်းတို့သည် အလွန်မွေ့လျော်ကုန်၏။

၈။ မဟာသမုဒ္ဒရာသည် တိမိမည်သောငါး၊ တိမိင်္ဂလမည်သောငါး၊ တိမိ တိမိင်္ဂလ မည်သောငါး၊ အသုရာ၊ နဂါး၊ ဂန္ဓဗ္ဗနတ်ဟူသော သတ္တဝါကြီးတို့၏လည်းကောင်း၊ ယူဇနာတစ်ရာ၊ နှစ်ရာ၊ သုံးရာ၊ လေးရာ၊ ငါးရာတိုင်အောင် အတ္တဘောကြီးမားသော သတ္တဝါတို့၏လည်းကောင်း နေရာဖြစ်သကဲ့သို့ ဤအတူ ဤဓမ္မဝိနယ သာသနာတော်သည် မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်ဟူသော ကြီးမြတ်သော **အရိယာ ပုဂ္ဂိုလ်တို့၏ နေရာဖြစ်၏။** ယင်းသည် အဋ္ဌမအံ့ဖွယ်တည်း။ ယင်းသဘောကို မြင်ကုန်၍ မြင်ကုန်၍ ဤဓမ္မဝိနယသာသနာတော်၌ ရဟန်းတို့သည် အလွန်မွေ့လျော်ကုန်၏။

( ဝိ - ၄ - ၄၁၉ / ၄၂၄ ။ မြန် - ၄၂၀ / ၄၂၄ )

## အံ့ဖွယ်ရှစ်ဖြာ သာသနာလာ ဆောင်ရန်လင်္ကာများ

၁။ ထို့နောက်တစ်ခါ၊ စောဗုဒ္ဓါ၊ မြတ်စွာဘုရားသည်၊
၂။ မဟာသမုဒ္ဒရာ၊ အံ့ရှစ်ဖြာ၊ ရှိရာသောကြောင့်သည်၊
၃။ အံ့ဖွယ်မြင်ကာ၊ အသူရာ၊ လွန်စွာပျော်ကြသည်။
၄။ အံ့ဖွယ်ရှစ်ဖြာ၊ သာသနာ၊ မြင်ရာသောကြောင့်သည်၊
၅။ များလှသံဃာ၊ အရိယာ၊ ပျော်ပါဟောလေသည်။
၆။ ပဌမတစ်ဖြာ၊ အံ့ဖွယ်မှာ၊ မဟာသမုဒ်သည်၊
၇။ စ, မနက်ပါ၊ စဉ်တိုင်းသာ၊ နက်ကာသွားလေသည်။
၈။ ဗုဒ္ဓမြတ်စွာ၊ ဆုံးမရာ၊ သာသနာတော်မှာသည်၊
၉။ အစဉ်တိုင်းသာ၊ ကျင့်ဖွယ်ရာ၊ သိက္ခာရှိလေသည်။
၁၀။ ဒုတိယတစ်ဖြာ၊ အံ့ဖွယ်မှာ၊ မဟာသမုဒ်သည်၊
၁၁။ ကောင်းစွာတည်နေ၊ သမုဒ်ရေ၊ ကမ်းပေမကျော်ပြီ။
၁၂။ ဘုရားမြတ်စွာ၊ ဆုံးမရာ၊ သာသနာတော်မှာသည်၊
၁၃။ ပညတ်ထားရာ၊ များသိက္ခာ၊ ကျော်ကာမကျင့်ပြီ။
၁၄။ တတိယတစ်ဖြာ၊ အံ့ဖွယ်မှာ၊ မဟာသမုဒ်သည်၊
၁၅။ အကောင်ပုပ်မို့၊ လှိုင်းပုတ်လို့၊ ကမ်းသို့ကပ်စေပြီ။
၁၆။ ဘုရားမြတ်စွာ၊ ဆုံးမရာ၊ သာသနာတော်မှာသည်၊
၁၇။ ဒုသီလမို့၊ သံဃာတို့၊ ဘေးသို့ဖယ်ထုတ်သည်၊
၁၈။ စတုတ္ထတစ်ဖြာ၊ အံ့ဖွယ်မှာ၊ မဟာသမုဒ်သည်၊
၁၉။ သမုဒ္ဒရာရောက်က၊ မြစ်တို့ပ၊ နာမပျောက်ရသည်။
၂၀။ ဘုရားမြတ်စွာ၊ ဆုံးမရာ၊ သာသနာတော်မှာသည်၊
၂၁။ ရဟန်းပြုကြ၊ မျိုးလေးဝ၊ နာမကင်းပျောက်သည်။
၂၂။ ပဥ္စမတစ်ဖြာ၊ အံ့ဖွယ်မှာ၊ မဟာသမုဒ်သည်၊
၂၃။ ဘေးရေကြောင့်ကား၊ တိုးဆုတ်အား၊ ထင်ရှားမရှိပြီ။
၂၄။ ဘုရားမြတ်စွာ၊ ဆုံးမရာ၊ သာသနာတော်မှာသည်၊

၂၅။ မြတ်နိဗ္ဗာန်မှာ၊ တိုးဆုတ်တာ၊ ဘယ်ခါမရှိပြီ။
၂၆။ ဆဋ္ဌတစ်ဖြာ၊ အံ့ဖွယ်မှာ၊ မဟာသမုဒ်သည်၊
၂၇။ ငန်သောအရသာ၊ တစ်မျိုးသာ၊ ကောင်းစွာတည်ရှိသည်။
၂၈။ ဘုရားမြတ်စွာ၊ ဆုံးမရာ၊ သာသနာတော်မှာသည်၊
၂၉။ ဝိမုတ္တိအရသာ၊ တစ်မျိုးသာ၊ ကောင်းစွာတည်ရှိသည်။
၃၀။ သတ္တမတစ်ဖြာ၊ အံ့ဖွယ်မှာ၊ မဟာသမုဒ်သည်၊
၃၁။ လောကီရေးရာ၊ ရတနာ၊ များစွာရှိလေသည်။
၃၂။ ဗုဒ္ဓမြတ်စွာ၊ ဆုံးမရာ၊ သာသနာတော်မှာသည်၊
၃၃။ လောကုတ္တရာ၊ ရတနာ၊ များစွာရှိလေသည်။
၃၄။ အဋ္ဌမတစ်ဖြာ၊ အံ့ဖွယ်မှာ၊ မဟာသမုဒ်သည်၊
၃၅။ ကြီးမားခန္ဓာ၊ သတ္တဝါ၊ ပျော်ရာဖြစ်လေသည်။
၃၆။ ဘုရားမြတ်စွာ၊ ဆုံးမရာ၊ သာသနာတော်မှာသည်၊
၃၇။ ကြီးမြတ်ပေရာ၊ အရိယာ၊ ပျော်ရာဖြစ်လေသည်။
၃၈။ ယင်းသို့မှန်စွာ၊ အံ့ရှစ်ဖြာ၊ မြင်ပါသောကြောင့်သည်၊
၃၉။ နတ်ဒေဝတာ၊ အသူရာ၊ ပျော်တာဖြစ်လေသည်။
၄၀။ သောတာစဖြာ၊ များသံဃာ၊ ပျော်တာဖြစ်လေသည်။
၄၁။ သာသနာ့ပန်းခိုင်၊ ဝေဝေလှိုင်၊ ပန်နိုင်ဖို့ရာသည်၊
၄၂။ သိက္ခာသုံးရပ်၊ အကျင့်မြတ်၊ ထပ်ထပ်ကျင့်ရမည်။

အံ့ဖွယ်ရှစ်ဖြာ သာသနာလာ ကိုယ်ကျင့်တရားများ ပြီး၏။

ပါတိမောက္ခဋ္ဌပနက္ခန္ဓက၌ ကိုယ်ကျင့်တရားများ ဖော်ပြချက်ပြီး၏။

## ဘိက္ခုနီကၡန္ဓက

## မဟာပဇာပတိ ဂေါတမီဝတ္ထုလာ ကိုယ်ကျင့်တရားများ

ရဟန်းမအဖြစ် တောင်းခံခြင်း ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ မဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ သင့်တော်သော တစ်ခုသောနေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားအား -

'ရှင်တော်ဘုရား ... တောင်းပန်ပါ၏။ မာတုဂါမသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယသာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်းပြုလိုပါ၏'

- ဟု လျှောက်၏။

ပယ်မြစ်ခြင်း ။ ။ ထိုအခါ မြတ်စွာဘုရားသည် မိထွေးတော်ဂေါတမီကို -

'ဂေါတမီ ... မသင့်။ မြတ်စွာဘုရား ဟောတော်မူအပ်သော ဓမ္မဝိနယ သာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ၏ ရဟန်းဖြစ်ခြင်း ကို သင်သည် မနှစ်သက်အပ်' - ဟု မိန့်တော်မူ၏။

မဟာပဇာပတိဂေါတမီသည် သုံးကြိမ်သုံးခါ လျှောက်ထား၏။ မြတ်စွာဘုရား သည်လည်း သုံးကြိမ်လုံး ပယ်တော်မူလေ၏။

ငိုကြွေးခြင်း ။ ။ ထိုအခါ မဟာပဇာပတိဂေါတမီသည် -

'မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယသာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ၏ ရဟန်းဖြစ်ခြင်းကို မြတ်စွာဘုရားသည် ခွင့်မပြု'

– ဟု ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း ရှိသည်ဖြစ်၍၊ မျက်ရည်ယိုထွက်သော မျက်နှာရှိသည်ဖြစ်၍ ငိုကြွေးလျက် မြတ်စွာဘုရားကို ရှိခိုးပြီးနောက် အရိုအသေပြုကာ ဖဲခွါသွားလေ၏။

<u>ရဟန်းမအသွင်ကို ခံယူခြင်း ။</u> ။ ထိုအခါ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သော် ဝေသာလီပြည်သို့ ရောက်တော်မူ၍ ထိုဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ မိထွေးတော်ဂေါတမီသည် ဆံတို့ကို ဖြတ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကိုဝတ်၍ သာကီဝင်မင်းသမီး ငါးရာတို့နှင့်အတူ ဝေသာလီမြို့သို့ ဖဲသွားလေသော် အစဉ်အတိုင်း ဝေသာလီမြို့ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သောကျောင်းသို့ ချဉ်းကပ်မိလေ၏။

<u>ဖူးဖူးရောင်သောခြေ ။</u> ။ ထိုအခါ မိထွေးတော် ဂေါတမီသည် ဖူးဖူးရောင်သော ခြေတို့ဖြင့်လည်းကောင်း၊ မြူပွမ်းသော ကိုယ်ဖြင့် လည်းကောင်း ဆင်းရဲခြင်း၊ နှလုံးမသာခြင်းရှိသည်ဖြစ်၍ မျက်ရည်ယိုစီးသော မျက်နှာရှိသည်ဖြစ်၍ ငိုကြွေးလျက် (*မြတ်စွာဘုရား သီတင်းသုံးရာ ကျောင်း၏*) တံခါးမုခ်ပြင်ပ၌ ရပ်တည်နေ၏။

အရှင်အာနန္ဒာသည် မိထွေးတော် ဂေါတမီကို မြင်၍ အကြောင်းကို မေးလေလျှင် မိထွေးတော် ဂေါတမီသည် အရှင်အာနန္ဒာကို –

'အရှင်ဘုရား အာနန္ဒာ ... မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ သာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်၍ မာတုဂါမ၏ ရဟန်းဖြစ်ခြင်းကို မြတ်စွာဘုရားသည် ခွင့်မပြုသောကြောင့် ရပ်တည်နေပါသည်'

– ဟု လျှောက်၏။

ထိုအခါ အရှင်အာနန္ဒာသည် မိထွေးတော် ဂေါတမီကို -

'ဂေါတမီ ... သို့ဖြစ်လျှင် ငါသည် မြတ်စွာဘုရားကို မာတုဂါမများ ရဟန်းပြုခွင့်ရအောင် တောင်းပန်ဦးမည်။ တောင်းပန်စဉ် ဤနေရာ၌ တစ်ခဏမျှ နေပါဦး' - ဟု ပြောလိုက်လေ၏။

<u>အရှင်အာနန္ဒာ တောင်းပန်ပေးခြင်း</u> ။ ။ ထို့နောက် အရှင်အာနန္ဒာသည် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်တော်သော တစ်ခုသောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားကို -

"ရှင်တော်ဘုရား ... ဤမိထွေးတော် ဂေါတမီသည် 'မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယသာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ၏ ရဟန်းဖြစ်ခြင်းကို မြတ်စွာဘုရားသည် ခွင့်မပြု' ဟု ဖူးဖူးရောင်သောခြေတို့ဖြင့်လည်းကောင်း၊ မြူပွမ်းသော ကိုယ်ဖြင့်လည်းကောင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း ရှိသည်ဖြစ်၍ မျက်ရည်ယိုစီးသော မျက်နှာရှိသည်ဖြစ်၍ ငိုကြွေးလျက် တံခါးမုခ်ပြင်ပ၌ ရပ်တည်နေပါ၏။

တောင်းပန်ပါသည် ရှင်တော်ဘုရား။ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယသာသနာတော်၌ မာတုဂါမသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရဟန်းအဖြစ်ကို ရစေချင်ပါသည်"

- ဟု လျှောက်ထားလေ၏။

'အာနန္ဒာ ... မသင့်။ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ သာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ၏ ရဟန်းဖြစ်ခြင်းကို သင်သည် မနှစ်သက်အပ်'- ဟု မိန့်တော်မူလေ၏။

အရှင်အာနန္ဒာသည် သုံးကြိမ်သုံးခါ လျှောက်ထားအပ်ပါသော်လည်း မြတ်စွာဘုရားသည် ထိုကဲ့သို့ သုံးကြိမ်လုံးပင် ပယ်မြစ်တော်မူလေ၏။

**တစ်မျိုးပြောင်း၍ လျှောက်ထားခြင်း ။** ။ ထိုအခါ အရှင်အာနန္ဒာသည် -

'ဤအကြောင်းဖြင့်လျှောက်၍ မြတ်စွာဘုရား ခွင့်မပြု။ တစ်ခြားသော အကြောင်းဖြင့် မာတုဂါမများကို ရဟန်းမ ပြုခွင့်ရအောင် လျှောက်ထားရမှ ကောင်းလေစွ'

- ဟု ကြံစည်ပြီးနောက် မြတ်စွာဘုရားအား -

'ရှင်တော်ဘုရား ... မာတုဂါမသည် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယသာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ သောတာပတ္တိဖိုလ်ကိုလည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမိဖိုလ်ကိုလည်းကောင်း၊ အရဟတ္တဖိုလ်ကိုလည်းကောင်း မျက်မှောက်ပြုခြင်းငှါ ထိုက်တန်ပါ၏လော' - ဟု လျှောက်ထားလေ၏။

'အာနန္ဒာ ... ထိုက်တန်၏' - ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

**ဂရုဓံရှစ်ပါးဖြင့် ခွင့်ပြုပြီ ။** ။ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်ကို -

'ရှင်တော်ဘုရား ... မာတုဂါမသည် မြတ်စွာဘုရားရှင် သာသနာတော်၌ ရဟန်းမ ပြု၍ သောတာပတ္တိဖိုလ်ကိုလည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမိဖိုလ်ကိုလည်းကောင်း၊ အရဟတ္တဖိုလ်ကိုလည်းကောင်း မျက်မှောက်ပြုခြင်းငှါ ထိုက်တန်ပါမူ -

ရှင်တော်ဘုရား ... ဤမဟာပဇာပတိ ဂေါတမီသည် ကျေးဇူးများပါ၏။ မြတ်စွာဘုရား၏ မိထွေးတော်ပါတည်း။ ခြေဖြင့် သွားနိုင်ချိန်အထိ မွေးမြူသူပါတည်း။ နို့တိုက်သူပါတည်း။ မယ်တော်နတ်ရွာစံပြီးနောက် မြတ်စွာဘုရားကို နို့တိုက်ပါ၏။ တောင်းပန်ပါသည်။

ရှင်တော်ဘုရား ... မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ သာသနာတော်၌ မာတုဂါမသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်းအဖြစ် ရစေချင်ပါသည်'

- ဟု လျှောက်လေ၏။

အာနန္ဒာ ... မဟာပဇာပတိ ဂေါတမီသည် ဂရုဓံရှစ်ပါးတို့ကို အကယ်၍ ဝန်ခံသည်ဖြစ်အံ့။ ထိုဝန်ခံခြင်းသည်ပင် ထိုဂေါတမီအတွက် ပဉ္စင်းခံမှု ဖြစ်စေလော့။

## ဂရုဓံ ရှစ်ပါး

၁။ ရဟန်းမ ဘိက္ခုနီသည် ရဟန်းဖြစ်၍ ဝါတစ်ရာရှိသော်လည်း ထိုနေ့ ရဟန်းဖြစ်သော ရဟန်းအား ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ ရိုသေခြင်းအမှုကို ပြုရမည်။ ဤတရားကိုလည်း ရိုသေ၍ လေးစားမြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

၂။ ရဟန်းမသည် ရဟန်းယောကျာ်းမရှိသော ကျောင်း၌ ဝါမဆိုအပ်။ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

၃။ ရဟန်းမသည် လခွဲတိုင်း လခွဲတိုင်း ရဟန်းယောကျာ်း သံဃာထံမှ ဥပုသ်ကို မေးခြင်း၊ အဆုံးအမခံရန် ချဉ်းကပ်ခြင်းဟူသော ဤတရားနှစ်ပါးတို့ကို လိုလား တောင့်တရမည်။ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

၄။ ရဟန်းမသည် ဝါကျွတ်လတ်သော် နှစ်ဖက်သံဃာ၌ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်းဟူသော အကြောင်း သုံးမျိုးဖြင့် ဖိတ်ကြားရမည်။ ( ပဝါရဏာပြုရမည် ) ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

၅။ ရဟန်းမသည် သံဃာဒိသိသ်အာပတ်သို့ ရောက်လတ်သော် နှစ်ဖက်သံဃာ၌ ပက္ခမာနတ်ကို ကျင့်ရမည်။ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

၆။ နှစ်နှစ်တို့ပတ်လုံး တရားခြောက်ပါးတို့၌ အကျင့်ကို ကျင့်ပြီးသော သိက္ခမာန် အား နှစ်ဖက်သောသံဃာ၌ ရဟန်းခံခြင်းကို ရှာရမည်။ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

၇။ ရဟန်းမသည် ရဟန်းယောကျ်ားကို တစ်စုံတစ်ခုသော အကြောင်းဖြင့် မဆဲရေးအပ်။ မရေရွတ်အပ်။ ဤတရားကိုလည်း ရိုသေ၍၊ လေးစား၍၊ မြတ်နိုး၍၊ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

၈။ ရဟန်းမသည် ရဟန်းဖြစ်သည့်နေ့မှစ၍ ရဟန်းယောကျ်ားတို့ အပေါ်၌ ရဟန်းမတို့၏ ပြောဆိုခွင့်ကို ပိတ်ပင်အပ်၏။ ရဟန်းမတို့အပေါ်၌ ရဟန်း ယောကျ်ားတို့၏ ပြောဆိုခွင့်ကို မပိတ်ပင်အပ်။ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

အာနန္ဒာ ... မဟာပဇာပတိ ဂေါတမီသည် ဤဂရုဓမ်ရှစ်ပါးတို့ကို အကယ်၍ ဝန်ခံသည်ဖြစ်အံ့၊ ထိုဝန်ခံခြင်းသည်ပင် ထိုဂေါတမီအတွက် ရဟန်းမ ပြုခြင်းဖြစ် စေလော့' - ဟု မိန့်တော်မူလေ၏။

<u>ဘိက္ခုနီမ ဖြစ်ပြီ</u> ။ ။ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံ၌ ဂရုဓမ်ရှစ်ပါး တို့ကို သင်ယူပြီး၍ မိထွေးတော်ဂေါတမီထံသို့ ချဉ်းကပ်ပြီး လျှင် မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း ဂရုဓမ်ရှစ်ပါးကို ပြောပြလေ၏။

ထိုအခါ မိထွေးတော် ဂေါတမီသည် အရှင်အာနန္ဒာကို -

'အရှင်ဘုရား အာနန္ဒာ ... ငယ်ရွယ်နုပျိုလျက် တန်ဆာဆင်လေ့ရှိသော၊ ဦးခေါင်း ဆေးလျှော်ပြီးသော မိန်းမသည်လည်းကောင်း၊ ယောကျ်ားသည် လည်းကောင်း ကြာပန်းကိုဖြစ်စေ၊ မိုးစွေပန်းကိုဖြစ်စေ၊ စံပယ်ပန်း (လင်ဘူးပန်း) ကိုဖြစ်စေ ရ၍ လက်နှစ်ဖက်ဖြင့်ယူကာ မြတ်သောအင်္ဂါဖြစ်သော ဦးခေါင်း၌ ထားရာ သကဲ့သို့ အရှင်ဘုရား အာနန္ဒာ ... ဤအတူပင် တပည့်တော်သည် ဤဂရုဓမ်ရှစ်ပါး တို့ကို ဝန်ခံပါ၏။ အသက်ထက်ဆုံး မလွန်ကျူးပါ'

- ဟု လျှောက်၏။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သင့်တော်သော တစ်ခုသောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားကို –

'ရှင်တော်ဘုရား ... မိထွေးတော် ဂေါတမီသည် ဂရုဓမ္မရှစ်ပါးတို့ကို ဝန်ခံပါ၏။ မြတ်စွာဘုရား၏ မိထွေးတော်သည် ရဟန်းမ ဖြစ်ပါပြီ ' – ဟူ၍ လျှောက်လေ၏။

ကြာမြင့်စွာ မတည်တံ့နိုင် ။ ။ ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို –

'အာနန္ဒာ ... မာတုဂါမသည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းမ အဖြစ်ကို မရပါလျှင် ဤမြတ်သော သာသနာတော်သည် ကြာမြင့်စွာ တည့်တံ့ရာ၏။ အနှစ်တစ်ထောင်ပတ်လုံး သူတော်ကောင်းတရား တည်ရာ၏။ ယခု မာတုဂါမသည် ဤမြတ်သော သာသနာတော်၌ ရဟန်းမအဖြစ်ကို ရသောကြောင့် ယခုအခါ၌ မြတ်သော သာသနာတော်သည် ကြာမြင့်စွာ တည်တံ့မည် မဟုတ်။ နှစ်ငါးရာသာလျှင် သူတော်ကောင်းတရားသည် တည်လတ္တံ့။

အာနန္ဒာ ... မာတုဂါမများ၍ ယောကျ်ားနည်းသော အမှတ်မရှိသော အိမ်တို့ကို အိုး၌ မီးထွန်း၍ ခိုးတတ်သော ခိုးသူတို့သည် ဖျက်ဆီးလွယ်သကဲ့သို့ ဤအတူ ဤမြတ်သောသာသနာတော်၌ မာတုဂါမသည် ရဟန်းမ ပြုခွင့်ရသည့်အတွက် ဤမြတ်သော သာသနာတော်သည် ကြာမြင့်စွာ မတည်တံ့နိုင်။

အာနန္ဒာ ... ပြည့်စုံ ဖြစ်ထွန်းသော သလေးခင်း၌ ဖလံဖြူမည်သော ရောဂါမျိုး ကျရောက်သော် ထိုသလေးခင်းသည် ကြာမြင့်စွာ မတည်တံ့သကဲ့သို့လည်းကောင်း၊ ပြည့်စုံ ဖြစ်ထွန်းသော ကြံခင်း၌ အနီမည်သော ရောဂါမျိုး ကျရောက်သော် ထိုကြံခင်းသည် ကြာမြင့်စွာ မတည်တံ့သကဲ့သို့လည်းကောင်း ဤမြတ်သော သာသနာတော်၌ မာတုဂါမသည် ရဟန်းမ ပြုခွင့်ရသည့်အတွက် ဤမြတ်သော သာသနာတော်သည် ကြာမြင့်စွာ မတည်တံ့နိုင်။

အာနန္ဒာ ... ယောကျ်ားသည် ရေကန်ကြီး၏ ကန်ပေါင်ရိုးကို ရေမလွန်ခြင်းငှါ စောစောက ကြိုတင်၍ ကန်သင်းဖွဲ့သကဲ့သို့ ဤအတူပင် ငါသည် ဘိက္ခုနီမတို့အတွက် ( ရဟန်းမတို့အတွက် ) ဂရုဓမ္မရှစ်ပါးတို့ကို ပညတ်ပြီးခဲ့ပြီ။ အသက်ထက်ဆုံး မလွန်ကျူးအပ်ကုန်' – ဟု မိန့်တော်မူ၏။

**ရဟန်းမ ပြုခွင့်ကို ပယ်ရခြင်း အကြောင်း ။** ။ ပဌမအကြိမ် မိထွေးတော် ဂေါတမီ ရဟန်းမ ပြုရန် လျှောက်ထားစဉ် အခါက မြတ်စွာဘုရားသည် အဘယ်ကြောင့် ပယ်ရသနည်း။ ဘုရားရှင်တို့၏ သာသနာတော်တိုင်း၌ 'ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာ' ဟူသော ပရိသတ်လေးပါးလုံးတို့သည် ရှိကုန်သည် မဟုတ်လော - ဟု မေးမြန်းဖွယ်ရှိ၏။

**အဖြေကား** - ဘုရားရှင်တို့၏ သာသနာတော်တိုင်း၌ ပရိသတ်လေးပါးလုံး ရှိသည်ကား မှန်၏။ ခဲခဲယဉ်းယဉ်း အပင်ပန်းခံ၍ အကြိမ်များစွာ တောင်းပန်အပ်ပြီးမှ ခွင့်ပြုတော်မူအပ်သော ရဟန်းမအဖြစ်ကို -

'ငါတို့သည် ဤရဟန်းအဖြစ်ကို ဆင်းဆင်းရဲရဲ ရအပ်ပြီ'

- ဤသို့ နှလုံးသွင်း၍ ရဟန်းမဘာဝကို ကောင်းစွာ စောင့်ရှောက်ကုန်လတ္တံ့ဟု ကြံတော်မူ၍ ကောင်းမြတ်သည်ကို ပြု၍ ခွင့်ပြုခြင်းငှါ အလိုရှိတော်မူ၍ ပယ်မြစ်တော်မူခြင်း ဖြစ်သည်။

**ကြာမြင့်စွာပင် တည်လတ္တံ့ ။** ။ ရေကန်ကြီး တစ်ကန်ရှိရာ၌ ကန်ပေါင် ကန်ရိုး ဖွဲ့မထားလျှင် ရေများစွာ ထွက်သွား၍ အနည်းငယ်သာ တည်ရာ၏။ ကန်ပေါင် ကန်ရိုး ဖွဲ့ထားလျှင်ကား ထိုထွက်သွားမည့် ရေများလည်း မထွက်တော့ဘဲ ထိုရေအားလုံး တည်ရှိရာသကဲ့သို့ ဤအတူ မာတုဂါမ များ ရဟန်းပြုလာသည့်အတွက် နဂိုတည်စရာရှိသော အနှစ်တစ်ထောင်မှ တစ်ဝက် လျော့၍ ငါးရာသာ တည်တော့ရာ၏။ သို့ရာတွင် ဂရုဓမ်ပါးကို ကြိုတင်၍ ပညတ်တော် မူလိုက်သည့်အတွက် ငါးရာမလျော့တော့ဘဲ ပဌမမိန့်တော်မူအပ်သော အနှစ်တစ်ထောင် အတိုင်းပင် တည်ပါလိမ့်မည်ဟု ဆိုလိုပေသည်။

**သာသနာ အနှစ်ငါးထောင်** ။ ။ ထိုတွင် အနှစ်တစ်ထောင်ဟူသည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် တစ်ထောင်ကို ဆိုလိုသည်။ သာသနာ အနှစ်ငါးထောင် ဟူရာ၌ကား -

၁။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် - တစ်ထောင်၊
၂။ သုက္ခဝိပဿက ရဟန္တာခေတ် - တစ်ထောင်၊
၃။ အနာဂါမ်ခေတ် - တစ်ထောင်၊
၄။ သကဒါဂါမ်ခေတ် - တစ်ထောင်၊
၅။ သောတာပန်ခေတ် - တစ်ထောင်

- ဤသို့ အနှစ်ငါးထောင်တို့ပတ်လုံး ပဋိဝေဓသာသနာ တည်လိမ့်မည် ဖြစ်၏။ ပရိယတ်သာသနာသည်လည်း ထိုအနှစ်ငါးထောင်ပင် တည်မည် ဖြစ်၏။ မှန်၏။ ပရိယတ်သာသနာ မရှိလျှင် ပဋိဝေဓသာသနာလည်း ရှိနိုင်မည် မဟုတ်ပေ။

ရဟန်း၏ အသွင်ဖြစ်သော လိင်္ဂသာသနာသည်ကား ပရိယတ်သာသနာ ကွယ်ပါသော်လည်း ကြာမြင့်စွာ ဖြစ်နေဦးမည် ဖြစ်၏။

( ဝိ - ၄ - ၄၄၂ / ၄၄၇ ။ မြန် - ၄၄၃ / ၄၄၈။ ဝိ - ဋ - ၄ - ၁၂၇ / ၈၊ စူဠဘာဋီ - ၄၃၇ / ၃၉)

## မိထွေးတော် ဂေါတမီဝတ္ထုလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | လူ့နတ်အမျှား၊ | လွန်အားထား၊ | ဘုရားမြတ်စွာသည်၊ |
| ၂။ | ကပိလဝတ်မှာ၊ | နိဂြောဓာ၊ | ကျောင်းမှာနေလေသည်။ |
| ၃။ | မိထွေးတော်ခေါ် သည်၊ | ဂေါတမီ၊ | မြတ်ဆီချဉ်းကပ်သည်။ |
| ၄။ | မာတုဂါမ်၊ | ရဟန်းမှန်၊ | ပြုရန်လျှောက်ထားပြီ။ |
| ၅။ | မနှစ်သက်ရှာ၊ | မသင့်ပါ၊ | မြတ်စွာငြင်းပယ်သည်။ |
| ၆။ | မျက်ရည်ဒီးဒီး၊ | ယိုကာစီး၊ | ငိုပြီးပြန်ရသည်။ |

၇။ ထိုမှတစ်ခါ၊ မြတ်ဗုဒ္ဓါ၊ ဝေသာကြွပြန်ပြီ။
၈။ မဟာဝုန်တောကျောင်း၊ ခေတ္တပြောင်း၊ ကိန်းအောင်းနေလေသည်။
၉။ မိထွေးတော်ကြီး၊ ထပ်ခါတည်း၊ တစ်နည်းကြံပြန်သည်။
၁၀။ ရဟန်းမအသွင်၊ ဝတ်ကာဆင်၊ မြတ်ရှင်ကပ်ပြန်ပြီ။
၁၁။ မင်းသမီးငါးရာ၊ ထို့တူပါ၊ လိုက်ပါလာကြသည်။
၁၂။ ခြေကရောင်ဖူး၊ မြူမှုန်လူး၊ ရူးမူးငိုကာသည်။
၁၃။ သိတင်းသုံးရာ၊ ပြင်နားမှာ၊ ရပ်ကာနေလေသည်။
၁၄။ ရှင်အာနန္ဒာ၊ သိမြင်ကာ၊ မြတ်စွာလျှောက်ပေးပြီ။
၁၅။ မနှစ်သက်ရာ၊ မသင့်ပါ၊ မြတ်စွာငြင်းပယ်သည်။
၁၆။ နောက်တစ်နည်းပါ၊ အာနန္ဒာ၊ ကြံကာလျှောက်ပြန်ပြီ။
၁၇။ မာတုအများ၊ ရဟန်းအား၊ ပြုငြားရှာသည်၊
၁၈။ သောတာစပြု၊ ဖြစ်ထိုက်ဟု၊ မေးပြုလျှောက်လေသည်။
၁၉။ သောတာရိယာ၊ ဖြစ်ထိုက်ပ၊ ဗုဒ္ဓမိန့်လေပြီ။
၂၀။ ဖြစ်ထိုက်လေထင့်၊ ရဟန်းဖြင့်၊ ပြုခွင့်လျှောက်ထားပြီ။
၂၁။ ဂရုခံရှစ်ပါး၊ ဝန်ခံငြား၊ ဘုရားခွင့်ပြုပြီ။
၂၂။ ခက်ရာခက်စု၊ ရဟန်းပြု၊ ဘိက္ခုနီတို့သည်၊
၂၃။ ဝါတွေများစွာ၊ ဝါတစ်ရာ၊ ရှိပါသော်လဲသည်၊
၂၄။ ယနေ့ဖြစ်ငြား၊ ရဟန်းအား၊ ညွတ်တွားကြရမည်။
၂၅။ ရဟန်းကင်းပြု၊ ဝါဆိုမှု၊ ရှောင်ပြုကြရမည်။
၂၆။ လပြည့်ကွယ်ရာ၊ နေ့တွေမှာ၊ သံဃာထံမှသည်၊
၂၇။ ဥပုသ်မေးရန်၊ ဩဝါဒ၊ ယူရန်ကပ်ရမည်။
၂၈။ သိတင်းကျွတ်ရာ၊ နှစ်ဖက်မှာ၊ ပဝါပြုရမည်။
၂၉။ ဒိသိသ်သင့်လတ်၊ ဃာနှစ်ရပ်၊ မာနတ်ကျင့်ရမည်။
၃၀။ ကျင့်ပြီးသိက္ခမာန်၊ ရဟန်းခံ၊ ရှာကြံပေးရမည်။
၃၁။ ရဟန်းကိုထင်း၊ ဆဲဆိုခြင်း၊ ပြုခြင်းရှောင်ရမည်။
၃၂။ ရဟန်းယောကျ်ား၊ ပြောခြင်းအား၊ ပိတ်ထားကြရမည်။

၃၃။ ရဟန်းမကိုဖြင့်၊ ပြောဆိုသင့်၊ ပိတ်ခွင့်မရှိပြီ။

၃၄။ ဂရုဓံတရား၊ ဤရှစ်ပါး၊ လေးထားကျင့်ရမည်။

၃၅။ ဝန်ခံဂေါတမီ၊ ရဟန်းသည်၊ တစ်လီဖြစ်လေပြီ။

၃၆။ ရဟန်းမ အပြု၊ လွယ်လွယ်မှု၊ မပြုပေးခြင်းသည်၊

၃၇။ အလေးထားတတ်၊ မြတ်နိုးတတ်၊ ရှင်မြတ်ရည်ရွယ်သည်။

၃၈။ မာတုများထင့်၊ ရဟန်းဖြင့်၊ ပြုခွင့်ရခြင်းသည်၊

၃၉။ ဤသာသနာ၊ ဤဘာသာ၊ ရှည်ကြာမတည်ပြီ။

၄၀။ ရေကန်ကြီးအား၊ ကန်ပေါင်များ၊ ဖွဲ့မထားရင်သည်၊

၄၁။ ရေတွေများစွာ၊ ထွက်သွားရာ၊ နည်းသာကျန်ပေမည်။

၄၂။ ကန်ပေါင်ရိုးအား၊ လုံအောင်များ၊ ဖွဲ့ထားနိုင်၍သည်၊

၄၃။ လုံးစုံရေများ၊ ထွက်မသွား၊ တည်ကြားနေပေသည်။

၄၄။ ဤနည်းတူစွာ၊ ဤဘာသာ၊ သာသနာဌသည်၊

၄၅။ ဂရုဓံရှစ်ရပ်၊ ကြိုတင်မှတ်၊ ပညတ်ထား၍သည်၊

၄၆။ ဤသာသနာ၊ ဤဘာသာ၊ ရှည်ကြာတည်ပေမည်။

၄၇။ ငါးထောင်သာသနာ၊ ဆိုသည်မှာ၊ ကောင်းစွာသိရမည်။

၄၈။ ပဋိ, သုတ္တာ၊ နာ,သကာ၊ သောတာ တစ်ထောင်စီ။

၄၉။ ပဋိဝေဓသာသနာ၊ ငါးထောင်ပါ၊ ကောင်းစွာတည်လိမ့်မည်။

၅၀။ ပရိယတ္တိ၊ ငါးထောင်ထိ၊ တည်ရှိနေလိမ့်မည်။

၅၁။ ပရိယတ်မပါ၊ ဝေဖော၊ ဘယ်ခါမတည်ပြီ။

၅၂။ ပရိယတ်ကွယ်က၊ အမှန်ပ၊ လိင်ကျန်သေးသည်။

၅၃။ လိင်သာသနာ၊ နှစ်များစွာ၊ ရှည်ကြာရှိနေမည်။

၅၄။ ယခုသာသနာ၊ ပြည့်စုံစွာ၊ ကောင်းစွာရှိသေးသည်။

၅၅။ တရားကိုသာ၊ ကြိုးစားပါ၊ ရိယာဖြစ်နိုင်သည်။

၅၆။ ဝိပဿနာတရား၊ ဖွဲ့သန်ပွား၊ ကြိုးစားကြရမည်။

၅၇။ အပါယဘေး၊ လွတ်မြောက်ရေး၊ အလေးထားရမည်။

၅၈။ ပုထုဇဉ်ဘဝ၊ ကျော်လွန်မှ၊ ပါယ်ကလွတ်ပေမည်။

၅၉။ ပုထုဇဉ်ကို၊ ကျော်လွှန်လို၊ ဝိကိုထုတ်ရမည်။
၆၀။ မဂ်ဉာဏ်ပေါ် တာ၊ တစ်ချက်ပ၊ သောတာဖြစ်တော့သည်။

မိထွေးတော် ဂေါတမီဝတ္ထုလာ ကိုယ်ကျင့်တရားများ ပြီး၏။

ဘိက္ခုနီက္ခန္ဓကာ၌ ကိုယ်ကျင့်တရားများ ဖော်ပြချက် ပြီး၏။

# ပဉ္စသတိကက္ခန္ဓက

## ပထမ သင်္ဂါယနာ နိဒါန်းလာ ကိုယ်ကျင့်တရားများ

ရဟန်းများ ငိုကြွေးကြခြင်း ။ ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးချိန် မြတ်စွာဘုရား အလောင်းတော်ကို မီးသင်္ဂြိုဟ်ရာ အချိန်၌ ရဟန်းသံဃာတို့ မြောက်များစွာ စုဝေးမိကြ၏။ ထိုအချိန်၌ အရှင်မဟာကဿပသည် ရဟန်းတို့ကို ဤသို့မိန့်လေ၏။

ငါ့ရှင်တို့ ... ငါသည် အခါတစ်ပါး၌ ငါးရာမျှသော ရဟန်းသံဃာတို့နှင့် အတူ ပါဝါမြို့မှ ကုသိနာရုံမြို့သို့ ခရီးရှည်သွား၏။ ငါသည် လမ်းမှ ဖဲ၍ တစ်ခုသော သစ်ပင်ရင်း၌ ထိုင်နေ၏။

ထိုအခါ တစ်ယောက်သော တက္ကတွန်းသည် ကုသိနာရုံမြို့မှ မန္ဒာရဝ မည်သော နတ်ပန်းကိုယူ၍ ပါဝါမြို့သို့ ခရီးရှည်သွား၏။ ငါသည် အဝေးမှလာသော ထိုတက္ကတွန်းကို မြင်၍ -

'ငါ့ရှင် ... ငါတို့၏ ဆရာဘုရားကို သိပါ၏လော' - ဟု မေး၏။

'ငါ့ရှင် ... အိမ်း ... သိပါ၏။ ရဟန်းဂေါတမသည် ယနေ့ ပရိနိဗ္ဗာန်စံ၍ (၇)ရက် ရှိပြီ။ ထိုအရပ်မှ အကျွန်ုပ်သည် ဤမန္ဒာရဝနတ်ပန်းကို ယူခဲ့ပါ၏'

- ဟု ပြေလေ၏။

ထိုအခါ တဏှာမကင်းကုန်သော အချို့ရဟန်းတို့သည် -

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် ပြုတော်မူလေပြီ။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် ပြုတော်မူလေပြီ။ လောက၌ ပညာမျက်စိသည် အလွန်လျင်မြန်စွာ ကွယ်ခဲ့လေပြီ'

- ဟု ဆိုကာ လက်မောင်းတို့ကို မြှောက်ချီ၍ ငိုကြွေးမြည်တမ်းကုန်၏။

ကမ်းပါးပြတ်၌ ကျသကဲ့သို့ လဲကျကုန်၏။ ရှေးရှုလူးလိမ့်ကုန်၏။ ထိုထို ဤဤ လူးလိမ့်ကုန်၏။

ရာဂကင်းပြီးသော ရဟန်းတို့သည်ကား –

'ပြုပြင်ရသော သင်္ခါရတရားတို့သည် မမြဲသော သဘောရှိကုန်၏။ ဤသင်္ခါရတရားတို့၌ ထိုမြဲခြင်းကို အဘယ်မှာ ရနိုင်ပါအံ့နည်း'

– ဟု အောက်မေ့ဆင်ခြင်လျက် သည်းခံနိုင်ကုန်၏။

<u>မငိုကြနဲ့</u> ။ ။ ထိုအခါ အရှင်မဟာကဿပထေရ်သည် ငိုကြွေးကုန်သော ရဟန်းတို့ကို ဤသို့ ဆိုးမလေ၏။

"ငါ့ရှင်တို့ ... တန်ကြလော့။ မစိုးရိမ် မပူဆွေးကြလင့်။ မငိုကြွေးကြကုန်လင့်။ ချစ်ခင်မြတ်နိုးသောသူ အားလုံးတို့နှင့် ရှင်လျက် ကွဲကွာခြင်း၊ သေ၍ ကွဲကွာခြင်း၊ ဘဝခြားလျက် ကွဲကွာခြင်း ဤသို့ကွဲကွာခြင်းများကို ရှေးမဆွကပင် မြတ်စွာဘုရားသည် ဟောကြားခဲ့ပြီ မဟုတ်ပါလော။ ငါ့ရှင်တို့ ... ဤအရာ၌ 'အသစ်ဖြစ်ပေါ်လာခြင်း၊ ထင်ရှား ဖြစ်ပေါ်လာခြင်း၊ ပြုပြင်ပေးရခြင်း၊ ပျက်စီးခြင်း သဘောရှိသော အရာဝတ္ထုကို မပျက်စီးပါစေလင့်' ဟု လိုလားတောင့်တချက်အတိုင်း အဘယ်မှာရနိုင်ပါအံ့နည်း။ ဤသို့ရနိုင်ရန် အကြောင်းမရှိချေ"

– ဟု တရားစကား ဟောကြားလိုက်လေ၏။

<u>လုပ်လိုရာ လုပ်လို့ရပြီ</u> ။ ။ ထိုအခါ သုဘဒ္ဒတောထွက်ရဟန်းကြီးသည် ရဟန်းတို့အား –

'ငါ့ရှင်တို့ ... မသင့်။ မစိုးရိမ်ကြကုန်လင့်။ မငိုကြွေးကြကုန်လင့်။ ငါတို့သည် ထိုရဟန်းကြီးမှ ကောင်းစွာလွတ်ခဲ့ကုန်ပြီ။ ဤအမှုတို့သည် သင်တို့အား အပ်၏။ ဤအမှုသည် သင်တို့အား မအပ်ဟု ငါတို့သည် နှိပ်စက်ခံရကုန်၏။ ယခုမူကား ငါတို့ ပြုလိုရာကို ပြုလုပ်ကုန်အံ့၊ မပြုလိုရာကို မပြုကုန်အံ့'

– ဟု ပြောဆိုလေ၏။

## သင်္ဂါယနာ တင်ကြစို့

'ငါ့ရှင်တို့ ... ငါတို့သည် -

မသူတော်တရား မထွန်းကားမီ၊ သူတော်တရား မကွယ်ပမီ၊

ဝိနည်းမဟုတ်သောတရား မထွန်းကားမီ၊ ဝိနည်းတရား မကွယ်ပမီ၊

အဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမရှိမီ၊ ဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမနည်းမီ၊

အဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမရှိမီ၊ ဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမနည်းမီ -

ဓမ္မနှင့် ဝိနယကို သင်္ဂါယနာ တင်ကုန်အံ့' - (စုပေါင်းရွတ်ဆိုကုန်အံ့)

- ဟု ပြောဆိုလေ၏။

ထိုအခါ ရဟန်းတို့သည် အရှင်မဟာကဿပကို -

'အရှင်ဘုရား ... သို့ဖြစ်လျှင် အရှင်မဟာကဿပထေရ်သည် ရဟန်းတို့ကို ရွေးကောက်တော်မူပါလော့' - ဟု လျှောက်ကြကုန်၏။

<u>ရဟန်းငါးရာကို ရွေးကောက်ခြင်း ။</u> ။ ထိုအခါ အရှင်မဟာကဿပသည် အရှင်အာနန္ဒာကို ချန်ထား၍ တစ်ပါးယုတ်သော ရဟန္တာငါးရာတို့ကို ( ၄၉၉ - ပါးသော ရဟန္တာတို့ကို ) ရွေးကောက်တော်မူ၏။

ထိုအခါ ရဟန်းတို့သည် အရှင်မဟာကဿပထေရ်အား ဤသို့ လျှောက်ကုန်၏။

'အရှင်ဘုရား ... ဤအာနန္ဒာသည် ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိသို့ လိုက်ခြင်းငှါ မထိုက်သော သေက္ခမျှဖြစ်သော်လည်း မြတ်စွာဘုရား ထံ၌ ဓမ္မနှင့် ဝိနယကို များစွာသင်ယူခဲ့ပါ၏။ အရှင်ဘုရား ... ထို့ကြောင့်ပင် အရှင်မဟာကဿပထေရ်သည် အရှင်အာနန္ဒာကိုလည်း ရွေးကောက်တော်မူပါကုန်လော့' - ဟု လျှောက်ကုန်၏။

ထိုအခါ အရှင်မဟာကဿပထေရ်သည် အရှင်အာနန္ဒာကိုလည်း ရွေးကောက်တော်မူ၏။ ထို့ကြောင့် ပဉ္စမသင်္ဂါယနာတင်ရန် သံဃာငါးရာတို့ကို ရွေးကောက်မှု ပြီးစီးလေ၏။

<u>ရာဇဂြိုဟ်ကို ရွေးချယ်ခြင်း</u> ။ ။ ထိုအခါ မထေရ်ကြီး ရဟန်းတို့အား -

'ငါတို့သည် အဘယ်အရပ်၌ ဓမ္မနှင့်ဝိနယကို သင်္ဂါယနာ တင်ကုန်ရာ အံ့နည်း' - ဟု အကြံဖြစ်၏။ ထို့နောက် -

'ရာဇဂြိုဟ်မြို့သည် များသော ဆွမ်းခံရွာရှိ၏။ ကျောင်းပေါများ၏။ ငါတို့သည် ရာဇဂြိုဟ်မြို့၌ ဝါဆိုကုန်လျက် ဓမ္မနှင့်ဝိနယကို သင်္ဂါယနာတင်ရမှု ကောင်း၏။ အခြားရဟန်းတို့သည်လည်း ရာဇဂြိုဟ်မြို့၌ ဝါမဆိုကုန်မှု ကောင်း၏' - ဟု အကြံဖြစ်၏။

ထိုအခါ အရှင်မဟာကဿပထေရ်သည် သင်္ဂါယနာတင်မည်ဖြစ်သော သံဃာငါးရာမှတစ်ပါး အခြားသော သံဃာများ ရာဇဂြိုဟ်မြို့မှာ ဝါမဆိုရ - ဟူသော အချက်ကို ဉတ္တိဒုတိယကမ္မဝါစာဖြင့် သံဃာတော်တို့အား သိစေလေ၏။

<u>အကျိုးအပျက်များကို ပြုပြင်ခြင်း</u> ။ ။ ထို့နောက် မထေရ်ကြီးရဟန်းတို့သည် ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်ခြင်းငှါ ရာဇဂြိုဟ်မြို့သို့ သွားပြီးလျှင် -

'ငါ့ရှင်တို့ ... မြတ်စွာဘုရားသည် အကျိုးအပျက် ပြုပြင်ခြင်းကို ချီးမွမ်းတော်မူ၏။ ငါ့ရှင်တို့ ... ယခုအခါ ငါတို့သည် ပဌမလပတ်လုံး အကျိုးအပျက်ကို ပြုပြင်ကုန်အံ့။ အလယ်မဇ္ဈိမလပတ်လုံး စည်းဝေး၍ ဓမ္မနှင့် ဝိနယကို သင်္ဂါယနာ တင်ကုန်အံ့'

- ဟု တိုင်ပင်ကြပြီးနောက် ပဌမတစ်လပတ်လုံး အကျိုးအပျက်ကို ပြုပြင်ကုန်၏။

<u>အရှင်အာနန္ဒာ ရဟန္တာဖြစ်ခြင်း ။</u> ။ ထိုအခါ အရှင်အာနန္ဒာသည် –

'နက်ဖြန် အစည်းအဝေးတည်း။ သင်္ဂါယနာတင်ပွဲတည်း။ ငါသည် သေက္ခဖြစ်လျက် သင်္ဂါယနာတင်ပွဲသို့ သွားခြင်းသည် မသင့်လျော်'

– ဟု ကြံပြီးလျှင် များစွာသော ညဉ့်ပတ်လုံးသာလျှင် ကာယဂတာသတိဖြင့် လွန်စေ၍ ညဉ့်မိုးသောက်ယာမ်၌ –

'လျောင်းဦးအံ့'

– ဟု ကိုယ်ကို အိပ်ရာသို့ လှဲချ၏။ ဦးခေါင်းသည် ခေါင်းအုံးသို့ မရောက်မီ ခြေတို့သည် မြေမှ လွတ်သွားစဉ် ဤအကြား၌ စိတ်သည် မစွဲလမ်းဘဲ အာသဝေါ တရားတို့မှ လွတ်လေ၏။ ထို့နောက် အရှင်အာနန္ဒာသည် ရဟန္တာဖြစ်၍ သင်္ဂါယနာတင် ပွဲသို့ သွားလေ၏။

<u>ပဌမသင်္ဂါယနာတင်ခြင်း ။</u> ။ အရှင်မဟာကဿပထေရ် အမှူးပြုသော ပဋိသမ္ဘိဒါပတ္တ ရဟန္တာမထေရ်ကြီး ငါးရာတို့သည် မြတ်စွာဘုရား၏ ဓမ္မဝိနယတို့ကို စုပေါင်းရွတ်ဆိုကြခြင်းဟူသော သင်္ဂါယနာတင်ပွဲ ပြုလုပ်တော်မူကြလေကုန်၏။ အရှင်မဟာကဿပမထေရ်ကြီးသည် ဝိနည်းနှင့်စပ်၍ အရှင်ဥပါလိကိုလည်းကောင်း၊ ဓမ္မနှင့်စပ်၍ အရှင်အာနန္ဒာကိုလည်းကောင်း မေးမြန်းလေ၏။

အရှင်မဟာကဿပမထေရ်သည် အရှင်ဥပါလိကို –

ပဌမပါရာဇိက၏၊ ဒုတိယပါရာဇိက၏၊ တတိယပါရာဇိက၏၊ စတုတ္ထပါရာဇိက၏ အကြောင်းဝတ္ထုကိုလည်း မေး၏။ နိဒါန်းကိုလည်း မေး၏။ ပုဂ္ဂိုလ်ကိုလည်း မေး၏။ ပညတ်ကိုလည်း မေး၏။ အနုပညတ်ကိုလည်း မေး၏။ အာပတ်သင့်ခြင်းကိုလည်း မေး၏။ အာပတ်မသင့်ခြင်းကိုလည်း မေး၏။ ဤနည်းဖြင့်ပင် ဝိဘင်းနှစ်မျိုးတို့ကို မေး၏။ ဝိနည်း (၅)ကျမ်းလုံး မေး၏။ မေးတိုင်း မေးတိုင်း အရှင်ဥပါလိသည် ဖြေဆို၏။ မေးပြီး၍ တစ်ရွတ်စာရှိသောအခါ၌ ရဟန္တာထေရ်ကြီးငါးရာတို့သည် စုပေါင်းညီညာ ရွတ်ဆိုတော်မူကြလေကုန်၏။

ထို့နောက် အရှင်မဟာကဿပထေရ်သည် အရှင်အာနန္ဒာကို -

ဗြဟ္မဇာလသုတ်၏ သာမညဖလသုတ်၏ နိဒါန်းကိုလည်း မေး၏။ ပုဂ္ဂိုလ်ကိုလည်း မေး၏။ ဤနည်းဖြင့်ပင် နိကာယ်ငါးရပ်လုံးကို မေး၏။ မေးတိုင်း မေးတိုင်း အရှင်အာနန္ဒာသည် ဖြေဆို၏။ မေးပြီး၍ တစ်ရွတ်စာရှိသောအခါ၌ ရဟန္တာထေရ်ကြီး ငါးရာတို့သည် စုပေါင်းညီညာ ရွတ်ဆိုတော်မူကြလေကုန်၏။

*( ဝိ - ၄ - ၄၈၀ / ၄၈၄ ။ မြန် - ၄၈၁ / ၄၈၅ )*

## သင်္ဂါယနာ နိဒါန်းလာ ဆောင်ရန်လင်္ကာများ

၁။ ဘုရားမြတ်ရှင်၊ နိဗ္ဗာန်ပင်၊ စံဝင်ခဲ့လေပြီ။
၂။ ရဟန်းသံဃာ၊ မြောက်မြားစွာ၊ ရောက်လာစုဝေးသည်။
၃။ အရှင်မဟာ၊ ကဿပါ၊ မိန့်မှာ ပြောကြားပြီ။
၄။ ပါဝါခေါ် မြို့၊ ကုသိမြို့၊ ငါတို့လာခဲ့သည်။
၅။ ရဟန်းငါးရာ၊ ငါနှင့်သာ၊ လိုက်ပါလာကြသည်။
၆။ ခရီးတစ်ထောက်၊ သစ်ပင်အောက်၊ မောဖျောက်နေကြသည်။
၇။ မန္ဒာနတ်ပန်း၊ ယူလာမှန်း၊ တက္ကတွန်းကိုသည်၊
၈။ ငါတို့ဆရာ၊ စောသတ္တာ၊ သိပါမေးလေပြီ။
၉။ နိဗ္ဗာန်စံရက်၊ ခုနစ်ရက်၊ ရှိချက်ဖြေလေပြီ။
၁၀။ တဏှာမကင်း၊ လူးလှိမ့်ရင်း၊ ငိုခြင်းပြုကြသည်။
၁၁။ တဏှာကင်းရာ၊ မငြိုပါ၊ ရှုကာသည်းခံသည်။
၁၂။ ရှင့်သေခွဲရာ၊ ခြား၍ချီ၊ မဟာဆုံးမသည်။
၁၃။ ရဟန်းကြီးမှ၊ ငါတို့ပ၊ လွတ်ကြရလေပြီ။
၁၄။ ဤမှုမအပ်၊ ဟိုမှုအပ်၊ ပညတ်ချုပ်ချယ်သည်။
၁၅။ ယခုခါဖြင့်၊ လုပ်လိုထင့်၊ လုပ်ခွင့်ကြုံနေပြီ။
၁၆။ ပြုလိုသတတ်၊ ပြုနိုင်လတ်၊ သုဘဒ်ပြောလေပြီ။

၁၇။ ထိုအကြောင်းအရာ၊ ပြန်ပြောင်းကာ၊ မဟာတင်ပြသည်။
၁၈။ သူတော်ကောင်းတွေ၊ တရားပေ၊ မှန်ပေမကွယ်မီ၊
၁၉။ မသူတော်တရား၊ အမှန်အား၊ ထွန်းကားမရှိမီ၊
၂၀။ သူတော်ခေါ်ကြား၊ ပုဂ္ဂိုလ်များ၊ အင်အားမနည်းမီ၊
၂၁။ သူယုတ်ခေါ်ကြား၊ ပုဂ္ဂိုလ်များ၊ အင်အားမကြီးမီ၊
၂၂။ ဝိနယဓမ္မာ၊ သာသနာ၊ သင်္ဂါတင်ကြမည်။
၂၃။ လေးရာကျော်ကာ၊ ကိုးကိုးပါ၊ မဟာရွေးကောက်သည်။
၂၄။ အာနန်ကိုပ၊ များဆန္ဒ၊ ညီစွရွေးကောက်သည်။
၂၅။ တင်နေရာကို၊ ရာဇဂြိုဟ်၊ ပြောဆိုသတ်မှတ်သည်။
၂၆။ ရွေးငါးရာသာ၊ ဝါဆိုပါ၊ မဟာသိစေသည်။
၂၇။ ကျိုးတာပျက်တာ၊ ဝိုင်းကာသာ၊ ကောင်းစွာပြင်ကြသည်။
၂၈။ သင်္ဂါယနာ၊ နက်ဖြန်မှာ၊ တင်ပါလေတော့မည်။
၂၉။ သေက္ခဖြစ်မှန်၊ မသင့်တန်၊ အာနန်စဉ်းစားပြီ။
၃၀။ ကာယဂတာသတိ၊ မနားဘိ၊ ဖွဲ့ရှိအားထုတ်သည်။
၃၁။ မိုးသောက်ယာမ်မှာ၊ အာနန္ဒာ၊ ရဟန္တာဖြစ်လေပြီ။
၃၂။ ထိုင်,သွားကိုလွှဲ၊ ရပ်ကိုဖဲ၊ အိပ်လဲမဟုတ်ပြီ။
၃၃။ ဤသာသနာ၊ ဣလွတ်ကာ၊ ထူးစွာဖြစ်လေသည်။
၃၄။ အမေးပုစ္ဆာ၊ ပြုသူမှာ၊ မဟာဖြစ်လေသည်။
၃၅။ ဥပါလိကား၊ ဝိနည်းအား၊ ဖြေကြားပြုလေသည်။
၃၆။ ကျန်အားလုံးပါ၊ အာနန္ဒာ၊ ကောင်းစွာဖြေကြားသည်။
၃၇။ ဤနည်းဖြင့်သာ၊ ထေရ်ငါးရာ၊ သင်္ဂါတင်ကြသည်။
၃၈။ ပဌမသင်္ဂါယနာ၊ တင်လို့သာ၊ မြတ်စွာသာသနာသည်၊
၃၉။ ယနေ့ကျအောင်၊ ထွန်းလင်းပြောင်၊ ကျင့်ဆောင်နိုင်ကြပြီ။

သင်္ဂါယနာ နိဒါန်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

# ခုဒ္ဒါနု ခုဒ္ဒက သိက္ခာပဒ ကထာလာ ကိုယ်ကျင့်တရားများ

**နှုတ်လိုက နှုတ်ပါ ။** ။ ထို့နောက် အရှင်အာနန္ဒာသည် မထေရ်ကြီးရဟန်းတို့အား–

"အရှင်ဘုရားတို့ ... မြတ်စွာဘုရားသည် တပည့်တော်ကို ပရိနိဗ္ဗာန် စံခါနီးအချိန်၌ 'အာနန္ဒာ ... ငါဘုရား ကွယ်လွန်ပြီးသောအခါ သံဃာသည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို = ငယ်ကုန် အလွန်ငယ်ကုန်သော သိက္ခာပုဒ်တို့ကို နှုတ်လိုက နှုတ်လော့' ဟု မိန့်တော်မူပါ၏" – ဟု လျှောက်လေ၏။

ထိုအခါ မထေရ်တို့သည် အရှင်အာနန္ဒာကို –

'ငါ့ရှင် အာနန္ဒာ ... သင်သည် မြတ်စွာဘုရားအား 'မြတ်စွာဘုရား ... ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကား အဘယ်တို့ပါနည်း' ဟု မေးလျှောက်လိုက်၏လော' ဟု မေးကြလေကုန်၏။

'အရှင်ဘုရားတို့ ... မမေးလျှောက်မိပါ' ဟု ပြေဆိုလေ၏။

**ခုဒ္ဒါနုခုဒ္ဒက ဟူသည် ။** ။ ထိုအခါ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်နှင့် စပ်၍ –

- အချို့သောထေရ်တို့က ပါရာဇိကလေးပါးမှတစ်ပါး ကျန်သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒက – ဟု ပြောဆိုကုန်၏။
- အချို့ထေရ်တို့က ပါရာဇိက၊ သံဃာဒိသိသ်တို့မှတစ်ပါး ကျန်သိက္ခာပုဒ်များ ဟု ဆိုကြကုန်၏။
- အချို့ထေရ်တို့က ပါရာဇိက၊ သံဃာဒိသိသ်၊ အနိယတတို့မှတစ်ပါး ကျန် သိက္ခာပုဒ်များ – ဟု ဆိုကြကုန်၏။
- အချို့ထေရ်တို့က ပါရာဇိက၊ သံဃာဒိသိသ်၊ အနိယတ၊ နိဿဂ္ဂိပါစိတ်တို့မှ တစ်ပါး ကျန်သိက္ခာပုဒ်များ – ဟု ဆိုကြကုန်၏။

- အချို့ထေရ်တို့က ပါရာဇိက၊ သံဃာဒိသိသ်၊ အနိယတ၊ နိဿဂ္ဂိပါစိတ်၊ သုဒ္ဓပါစိတ်တို့မှတစ်ပါး ကျန်သိက္ခာပုဒ်များ - ဟု ဆိုကြကုန်၏။
- အချို့ထေရ်တို့က ပါရာဇိက၊ သံဃာဒိသိသ်၊ အနိယတ၊ နိဿဂ္ဂိပါစိတ်၊ သုဒ္ဓပါစိတ်၊ ပါဋိဒေသနီယတို့မှတစ်ပါး ကျန်သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တည်း - ဟု ဆိုကြကုန်၏။

<u>မနှုတ်ပယ်ကြနှင့်</u> ။ ။ ထိုအခါ အရှင်မဟာကဿပသည် သံဃာကို -

'ငါ့ရှင်တို့ ... သံဃာသည် ငါ၏စကားကို နာတော်မူလော့။ ငါတို့အား လူတို့နှင့် စပ်သော သိက္ခာပုဒ်တို့လည်း ရှိကုန်၏။ အချို့ သိက္ခာပုဒ်တို့ကို လူတို့သည် သိကုန်၏။ ငါတို့သည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို အကယ်၍ နှုတ်ကုန်အံ့။ ရဟန်းဂေါတမသည် တပည့်တို့အား အခိုက်အတန့် မီးခိုးငြိမ်းချိန်တိုင်ရုံသာ သိက္ခာပုဒ်ကို ပညတ်၏။ ဤရဟန်းတို့၏ ဆရာဘုရား တည်နေချိန်မျှလောက် ဤရဟန်းတို့သည် သိက္ခာပုဒ်တို့၌ ကျင့်ကုန်၏။ ဤရဟန်းတို့၏ ဆရာဘုရား ပရိနိဗ္ဗာန်စံသောကြောင့် ယခု ဤရဟန်းတို့သည် သိက္ခာပုဒ်တို့၌ မကျင့်ကုန်ဟု ပြောသူများ ရှိကုန်လတ္တံ့။ ထို့ကြောင့် သံဃာသည် မပညတ်ရသေးသည်ကို မပညတ်ရာ။ ပညတ်ပြီးသည်ကို မဖြတ်တောက်ရာ။ ပညတ်ပြီးအတိုင်း သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ရာ၏ '

- ဟု စသည်ဖြင့် ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် သိစေလေ၏။

**အရှင်အာနန္ဒာ၏ နှစ်လိုဖွယ်ဂုဏ် ။** ။ ထိုအခါ မထေရ်ကြီးရဟန်းတို့သည် အရှင်အာနန္ဒာအား -

၁။ "ငါ့ရှင် အာနန္ဒာ ... သင်သည် 'ရှင်တော်ဘုရား ... ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့သည် အဘယ်သိက္ခာပုဒ်တို့ပါနည်း' ဟု မြတ်စွာဘုရားကို မမေးလျှောက်လိုက်။ ဤကား သင်၏ မကောင်းသော အပြုအမူတည်း။ ထိုမကောင်းသော အပြုအမူကို ဒေသနာကြားလော့" - ဟု ပြောဆိုကြကုန်၏။

'အရှင်ဘုရားတို့ ... တပည့်တော်သည် သတိမေ့သဖြင့် မြတ်စွာဘုရားကို မလျှောက်မိပါ။ ထို့ကြောင့် ထိုအပြုအမူကို မကောင်းသော အပြုအမူ ဟု မမြင်ပါ။ သို့သော်လည်း အရှင်ဘုရားတို့အား ယုံကြည်သဖြင့် ထိုမကောင်းသော အပြုအမူ ဟူသည်ကို ဒေသနာကြားပါ၏' - ဟု လျှောက်၏။

( ဤ၌ အရှင်အာနန္ဒာသည် အာပတ်သင့်၍ ဒေသနာကြားပါ၏ဟု ပြောသည်မဟုတ်။ မထေရ်ကြီးများကို လေးစားသောအားဖြင့် မထေရ်ကြီးများက ပြုလုပ်ခိုင်းသည့်အတိုင်း ဒေသနာကြားပါ၏-ဟု ပြောကြားခြင်းသာ ဖြစ်သည်)

*( ဝိ - ၅ - ၄ - ၁၃၃ )*

*( ကျန်လေးချက်လည်း နည်းတူ )*

၂။ 'ငါ့ရှင် အာနန္ဒာ ... သင်သည် မြတ်စွာဘုရား၏ မိုးရေခံသင်္ကန်းကို နင်း၍ ချုပ်၏။ ဤသည်လည်း သင်၏ မကောင်းသော အပြုအမူတည်း။ ထိုမကောင်းသော အပြုအမူကို ဒေသနာကြားလော့' - ဟု ပြောဆိုကုန်၏။

'အရှင်ဘုရားတို့ ... တပည့်တော်သည် မရိုသေသဖြင့် မြတ်စွာဘုရား၏ မိုးရေခံသင်္ကန်းကို နင်း၍ ချုပ်သည် မဟုတ်ပါ။ ထို့ကြောင့် တပည့်တော်သည် ထိုအမူကို မကောင်းသော အပြုအမူဟု မမြင်ပါ။ သို့သော်လည်း အရှင်ဘုရားတို့အား ယုံကြည်သဖြင့် ထိုမကောင်းသော အပြုအမူ ဟူသည်ကို ဒေသနာကြားပါ၏' - ဟု လျှောက်၏။

၃။ 'ငါ့ရှင် အာနန္ဒာ ... သင်သည် မာတုဂါမတို့ကို မြတ်စွာဘုရား၏ ကိုယ်တော်ကို ရှေးဦးစွာ ရှိခိုးစေ၏။ ငိုသော မာတုဂါမတို့၏ မျက်ရည်သည် မြတ်စွာဘုရား၏ ကိုယ်တော်ကို လိမ်းကျံ၏။ ဤသည်လည်း သင်၏ မကောင်းသော အပြုအမူတည်း။ ထိုမကောင်းသော အပြုအမူကို ဒေသနာကြားလော့' – ဟု ဆိုကြကုန်၏။

'အရှင်ဘုရားတို့ ... တပည့်တော်သည် မာတုဂါမတို့အား အချိန်မဲ့၌သွားခြင်း သည် မဖြစ်ပါစေကုန်လင့်ဟု အောက်မေ့လျက် မာတုဂါမတို့အား မြတ်စွာဘုရား ၏ ကိုယ်တော်ကို ရှေးဦးစွာ ရှိခိုးစေပါ၏။ တပည့်တော်သည် ထိုအမှုကို မကောင်းသော အပြုအမူဟု မမြင်ပါ။ သို့သော်လည်း အရှင်ဘုရားတို့အား ယုံကြည်သဖြင့် ထိုမကောင်းသော အပြုအမူဟူသည်ကို ဒေသနာကြားပါ၏' – ဟု လျှောက်၏။

၄။ 'ငါ့ရှင် အာနန္ဒာ ... မြတ်စွာဘုရားသည် ထင်ရှားသော နိမိတ်ကို ပြုပါလျက်၊ ထင်ရှားသောအရိပ်အရောင်ကို ပြုပါလျက် 'လူအများ အကျိုးစီးပွားဖြစ်ရန်၊ လူအများ ချမ်းသာရန်၊ လောကကို စောင့်ရှောက်ရန်၊ လူနတ်တို့၏ အကျိုး ဖြစ်ရန်၊ အစီးအပွား ဖြစ်ရန်၊ ချမ်းသာရန် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါ' ဟု မြတ်စွာဘုရား ကို သင်သည် မတောင်းပန်လိုက်။ ဤသည်လည်း သင်၏ မကောင်းသော အပြုအမူတည်း။ ထိုမကောင်းသော အပြုအမူကို ဒေသနာကြားလော့' – ဟု ဆိုကြကုန်၏။

'အရှင်ဘုရားတို့ ... မာရ်မင်းနှိပ်စက်အပ်သော စိတ်ရှိသောကြောင့် တပည့်တော် သည် မတောင်းပန်မိခြင်း ဖြစ်ပါသည်။ တပည့်တော်သည် ထိုအမှုကို မကောင်းသော အပြုအမူဟု မမြင်ပါ။ သို့သော်လည်း အရှင်ဘုရားတို့အား ယုံကြည်သဖြင့် ထိုမကောင်းသော အပြုအမူဟူသည်ကို ဒေသနာကြားပါ၏' – ဟု လျှောက်၏။

၅။ 'ငါ့ရှင် အာနန္ဒာ ... သင်သည် မြတ်စွာဘုရား ဟောတော်မူသော သာသနာတော် ဓမ္မဝိနယ၌ မာတုဂါမ၏ ရှင်ရဟန်းအဖြစ်ကို လုံ့လပြု၏။ ဤသည်လည်း သင်၏ မကောင်းသော အပြုအမူတည်း။ ထိုမကောင်းသော အပြုအမူကို ဒေသနာကြားလော့' – ဟု ဆိုကြကုန်၏။

'အရှင်ဘုရားတို့ ... ဤမဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရား၏ မိထွေးတော်တည်း။ ကြီးပွားအောင် ပြုစုသူတည်း။ မွေးမြူသူတည်း။ နို့ရည်ပေးသောသူတည်း။ မယ်တော်နတ်ရွာစံပြီးသော် မြတ်စွာဘုရားကို နို့တိုက်၏ - ဟု အောက်မေ့လျက် တပည့်တော်သည် မြတ်စွာဘုရား ဟောတော်မူသော သာသနာတော် ဓမ္မဝိနယ၌ မာတုဂါမ၏ ရှင်ရဟန်းအဖြစ်ကို လုံ့လပြုမိပါ၏။ တပည့်တော်သည် ထိုအမှုကို မကောင်းသော အပြုအမှုဟု မမြင်ပါ။ သို့သော်လည်း အရှင်ဘုရားတို့အား ယုံကြည်သောအားဖြင့် (လေးစားသောအားဖြင့်) ထိုမကောင်းသော အပြုအမှုဟူသည်ကို ဒေသနာကြားပါ၏' - ဟု လျှောက်လိုက်လေ၏။

( ဝိ - ၄ - ၄၈၄ / ၄၈၆ ။ မြန် - ၄၈၇ / ၄၈၈ )

## ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်လာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ခုဒ္ဒါနုခုဒ္ဒါ၊ | ဝိနည်းမှာ၊ | များစွာရှိလေသည်။ |
| ၂။ | ပယ်နှုတ်လိုမှန်၊ | ပယ်နိုင်ပြန်၊ | အာနန်လျှောက်ထားပြီ။ |
| ၃။ | ပါရာဇိကာ၊ | ကြွင်းကျန်ရာ၊ | ခုဒ္ဒါဆိုကြသည်။ |
| ၄။ | ပါရာ,ဒိသ၊ | ကြွင်းလေက၊ | ခုဒ္ဒဆိုပြန်သည်။ |
| ၅။ | စသည်ဖြာဖြာ၊ | ဆိုကြရာ၊ | မဟာကဿပသည်၊ |
| ၆။ | အချို့သိက္ခာ၊ | လူတွေ့ပါ၊ | သိတာရှိလေသည်။ |
| ၇။ | ရှိတုန်းကျင့်ကာ၊ | မရှိရာ၊ | ကျင့်တာမရှိပြီ။ |
| ၈။ | လူအများပင်၊ | ကဲ့ရဲ့အင်၊ | ပြစ်တင်နိုင်လေသည်။ |
| ၉။ | ထပ်၍ဖြည့်ခြင်း၊ | နှုတ်ပယ်ခြင်း၊ | ပြုခြင်းမသင့်ပြီ။ |
| ၁၀။ | ပညတ်တိုင်းသာ၊ | ကျင့်ကြပါ၊ | မဟာသိစေပြီ။ |
| ၁၁။ | ဘယ်ဟာခုဒ္ဒါ၊ | နုခုဒ္ဒါ၊ | မေးတာမပြုခြင်းသည်၊ |
| ၁၂။ | ရေသနုပ်တုံ၊ | နင်းကာပြု၊ | ချုပ်မှုပြုခြင်းသည်၊ |
| ၁၃။ | မာတုတို့အား၊ | ရှေးဦးထား၊ | ညွှတ်တွားစေခြင်းသည်၊ |
| ၁၄။ | ဘုရားကိုယ်ထံ၊ | မျက်ရည်လှုံ၊ | လိမ်းကျံစေလေသည်။ |
| ၁၅။ | ထင်ထင်ရှားရှား၊ | နိမိတ်များ၊ | ပြောလျက်သည်၊ |

| | | | |
|---|---|---|---|
| ၁၆။ | အာယုကပ်လောက်၊ | နေဗို့ရောက်၊ | မလျှောက်ထားခြင်းသည်၊ |
| ၁၇။ | ရဟန်းမအား၊ | ပြုခွင့်ပြား၊ | လျှောက်ထားပေးခြင်းသည်၊ |
| ၁၈။ | မကောင်းလေပြား၊ | မသင့်ပြား၊ | ထေရ်များယူဆသည်။ |
| ၁၉။ | မကောင်းဟုပါ၊ | အာနန္ဒာ၊ | ဒေသနာပြောခိုင်းပြီ။ |
| ၂၀။ | မကောင်းဟုပင်၊ | အာနန်ရှင်၊ | မမြင်သော်လဲသည်၊ |
| ၂၁။ | ထေရ်ကြီးများအား၊ | ယုံကြည်ထား၊ | လေးစားသဖြင့်သည်၊ |
| ၂၂။ | မကောင်းဟုပါ၊ | အာနန္ဒာ၊ | ဒေသနာကြားလေသည်။ |
| ၂၃။ | ထေရ်ကြီးများလဲ၊ | အပြစ်ပဲ၊ | မြင်လဲမြင်တတ်သည်။ |
| ၂၄။ | အာနန္ဒာလဲ၊ | ပြောလို့ပဲ၊ | လွယ်ပဲလွယ်လေသည်။ |
| ၂၅။ | ပြောဆိုလွယ်တာ၊ | မင်္ဂလာ၊ | လွန်စွာကောင်းမြတ်သည်။ |
| ၂၆။ | အာနန္ဒာလို၊ | လူထိုထို၊ | စိတ်ကိုထားသင့်သည်။ |
| ၂၇။ | မိဘဆရာ၊ | ဆုံးမရာ၊ | လိုက်နာလွယ်ရမည်။ |

ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

## အရှင်ဆန္နအား ဗြဟ္မဒဏ်ပေးခြင်းလာ ကိုယ်ကျင့်တရားများ

ဗြဟ္မဒဏ်ဟူသည် ။ ။ ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်က တောထွက်ရာတွင် ကဏ္ဍကမြင်းမြီးကို ဆွဲ၍ လိုက်ပါဖူးသော မြင်းမြီးဆွဲ မောင်ဆန် ဟု ခေါ်သော ဆန္နသည် ရဟန်းဘဝသို့ ရောက်သောအခါ -

'ငါတို့သခင် ... ငါတို့အရှင် ... ငါတို့ဘုရား '

- ဟု အတ္တမာနတွေကြီးပြီး ပြောမရ၊ ဆိုမရ၊ အဆုံးအမ ခက်သဖြင့် တရားထူး တရားမြတ် မရဘဲ ရှိနေသည်။ မြတ်စွာဘုရားရှင် လွန်တော်မူမှ ရမည့်အရေးကို မြင်တော်မူသဖြင့် မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုခါနီးတွင် အရှင်အာနန္ဒာကို မှာကြားတော်မူခဲ့လေသည်။ ယင်းကို ပါဠိတော် မြန်မာပြန်တွင် ဤသို့ ဖော်ပြထားလေသည်။

ထိုအခါ အရှင်အာနန္ဒာသည် မထေရ်ကြီးရဟန်းတို့အား -

"အရှင်ဘုရားတို့ ... မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံခါနီး၌ 'အာနန္ဒာ ... ငါကွယ်လွန်ပြီးနောက် သံဃာသည် ဆန္နရဟန်းအား ဗြဟ္မဒဏ်ကို ထားစေလော့ ' ဟု တပည့်တော်ကို မိန့်တော်မူပါ၏" - ဟု လျှောက်၏။

"ငါ့ရှင် အာနန္ဒာ ... သင်သည် 'ရှင်တော်ဘုရား ... ဗြဟ္မဒဏ်ဟူသည် အဘယ်ပါနည်း' - ဟု မြတ်စွာဘုရားကို မေးလျှောက်လိုက်ပါ၏လော"

- ဟု မေးကြကုန်၏။

"အရှင်ဘုရားတို့ ... မေးလျှောက်လိုက်ပါ၏။ 'အာနန္ဒာ ... ဆန္နရဟန်းသည် ပြောလိုရာကို ပြောစေ။ ရဟန်းတို့သည် ဆန္နရဟန်းကို မပြောဆိုအပ်။ မဆုံးမအပ်။ ကံမပြစ်အပ်။ ဤကား ဗြဟ္မဒဏ်တည်း' ဟု မြတ်စွာဘုရား မိန့်တော်မူခဲ့ပါ၏"

- ဟု လျှောက်ထား၏။

**တာဝန်ပေးပြီ** ။ ။ ထိုအခါ မထေရ်ကြီးများသည် အရှင်အာနန္ဒာအား -

'ငါ့ရှင် အာနန္ဒာ ... သို့ဖြစ်လျှင် သင်သည်ပင် ဆန္နရဟန်းအား ဗြဟ္မဒဏ်ကို ထားစေလော့' - ဟု တာဝန်ပေးကြလေကုန်၏။

'အရှင်ဘုရားတို့ ... အဘယ်သို့လျှင် တပည့်တော်သည် ဆန္နရဟန်းအား ဗြဟ္မဒဏ်ကို ထားရပေအံ့နည်း။ ထိုရဟန်းသည် ကြမ်းကြုတ်၏။ ကြမ်းတမ်း၏'

- ဟု လျှောက်ထားလေ၏။

'ငါ့ရှင် အာနန္ဒာ ... သို့ဖြစ်လျှင် များစွာသော ရဟန်းတို့နှင့်အတူ သွားလေလော့' - ဟု ပြောဆိုကုန်၏။

'ကောင်းပါပြီ အရှင်ဘုရား'

- ဟု အရှင်အာနန္ဒာသည် မထေရ်ကြီး ရဟန်းတို့အား ဝန်ခံပြီးလျှင် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ အထက်အညာသို့ ဆန်တက်သော လှေဖြင့် ကောသမ္ဗီမြို့သို့ ဆန်တက်လေ၏။ ကောသမ္ဗီမြို့သို့ ရောက်သောအခါ လှေမှ သက်ဆင်း၍ ဥတေနမင်း ဥယျာဉ်၏အနီး တစ်ခုသော သစ်ပင်ရင်း၌ ထိုင်နေလေ၏။

**အထည်ကုန်သည် လုပ်အုံလော** ။ ။ ထိုအခါ ဥတေနမင်းသည် မောင်းမမိဿံများနှင့် အတူ ဥယျာဉ်၌ ကစားစံပျော်နေ၏။ မောင်းမမိဿံ တို့သည် အရှင်အာနန္ဒာ ရောက်နေသော သတင်းကို ကြားသည်ဖြစ်၍ ဥတေနမင်းအား-

'အရှင်မင်းကြီး ... အကျွန်ုပ်တို့၏ဆရာ အရှင်အာနန္ဒာသည် ဥယျာဉ်၏အနီး တစ်ခုသော သစ်ပင်ရင်း၌ ထိုင်နေသတတ်။ အရှင်မင်းကြီး ... အကျွန်ုပ်တို့သည် အရှင်အာနန္ဒာကို ဖူးမြော်လိုပါကုန်၏' - ဟု ခွင့်ပန်ကုန်၏။

'သို့ဖြစ်လျှင် ... သင်တို့သည် အာနန္ဒာရဟန်းကို ဖူးမြင်ကုန်လော့'

- ဟု ခွင့်ပေးလေ၏။

ထိုအခါ ဥတေနမင်း၏ မောင်းမမိဿံများသည် အရှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်တော်သော တစ်ခုသောနေရာ၌ ထိုင်နေ၏။ ထိုမောင်းမမိဿံများကို အရှင်အာနန္ဒာသည် တရားစကား ဟောကြား၍ ရွှင်လန်းတက်ကြွစေ၏။

ဥတေနမင်း၏ မောင်းမမိဿံတို့သည် အရှင်အာနန္ဒာ ဟောကြားအပ်သော တရားစကားကို အလွန်နှစ်သက်ဝမ်းမြောက်ကုန်သည်ဖြစ်၍ မောင်းမမိဿံတို့သည် မိမိတို့၏ အပေါ်ရုံခြုံထည် ငါးရာတို့ကို ပေးလှူကြလေကုန်၏။

ထို့နောက် မောင်းမမိဿံတို့သည် အရှင်အာနန္ဒာ၏ ပြောဟောသော စကားကို အလွန်နှစ်သက်၍ အလွန်ဝမ်းမြောက်၍ နေရာမှထပြီးလျှင် အရှင်အာနန္ဒာကို ရှိခိုး၍ အရိုအသေပြုကာ ဥတေနမင်းထံသို့ ချဉ်းကပ်ကြကုန်၏။

အပေါ်ရုံခြုံထည် ငါးရာတို့ကို အရှင်အာနန္ဒာအား ပေးလှူခဲ့ကြောင်းကို ဥတေနမင်း ကြားလေလျှင် ဥတေနမင်းသည် -

'အဘယ်ကြောင့် ရဟန်းအာနန္ဒာသည် ထိုမျှလောက် သင်္ကန်းများစွာကို ခံယူဘိသနည်း။ ရဟန်းအာနန္ဒာသည် အထည်ကုန်သွယ်ခြင်းကိုမူလည်း ပြုအံ့လော။ အထည်ဆိုင်ကိုမူလည်း ခင်းကျင်းအံ့လော'- ဟု ကဲ့ရဲ့ ပြစ်တင်လေ၏။

<u>နောက်ထပ်ငါးရာ လှူဒါန်းခြင်း</u> ။ ။ ထို့နောက် ဥတေနမင်းသည် အရှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆိုပြီးနောက် ဥတေနမင်းနှင့် အရှင်အာနန္ဒာတို့သည် ဤသို့ စကားပြောဖြစ်ကြလေ၏။

'အရှင်အာနန္ဒာ ... ဤအရပ်သို့ အကျွန်ုပ်တို့၏ မောင်းမမိဿံတို့သည် လာကုန်သလော'

'မင်းကြီး ... သင်၏ မောင်းမမိဿံတို့သည် လာကုန်၏'

'အရှင်အာနန္ဒာအား တစ်စုံတစ်ခုကို ပေးလှူကုန်သလော'

'မင်းကြီး ... အပေါ်ရုံ ခြုံထည် ငါးရာတို့ကို ငါ့အား ပေးလှူကုန်၏'

'အရှင်အာနန္ဒာ ... ဤမျှလောက် သက်န်းများစွာကို အသို့ ပြုအံ့နည်း'

'မင်းကြီး ... သင်္ကန်းရှားပါးသော ရဟန်းတို့ကို ခွဲဝေပေးကုန်အံ့'

'အရှင်အာနန္ဒာ ... သင်္ကန်းဟောင်းတို့ကို အသို့ပြုအံ့နည်း'

'မင်းကြီး ... ထိုသင်္ကန်းဟောင်းတို့ကို အပေါ်ခင်း ပြုကုန်အံ့'

'အရှင်အာနန္ဒာ ... အပေါ်ခင်းအဟောင်းတို့ကို အဘယ်သို့ ပြုကုန်အံ့နည်း'

'မင်းကြီး ... ထိုအပေါ်ခင်းအဟောင်းတို့ကို ဘုံလျှိုစွပ် ပြုကုန်အံ့'

'အရှင်အာနန္ဒာ ... ဘုံလျှိုစွပ်အဟောင်းတို့ကို အဘယ်သို့ ပြုကုန်အံ့နည်း'

'မင်းကြီး ... ဘုံလျှိုစွပ်အဟောင်းတို့ကို မြေအခင်း ပြုကုန်အံ့'

'အရှင်အာနန္ဒာ ... မြေအခင်းအဟောင်းတို့ကို အဘယ်သို့ ပြုကုန်အံ့နည်း'

'မင်းကြီး ... ထိုမြေအခင်းဟောင်းတို့ကို ခြေသုတ်ကြိုးဝန်း ပြုကုန်အံ့'

'အရှင်အာနန္ဒာ ... ခြေသုတ်ကြိုးဝန်းအဟောင်းတို့ကို အဘယ်သို့ ပြုကုန်အံ့နည်း'

'မင်းကြီး ... ထိုခြေသုတ်ကြိုးဝန်းအဟောင်းတို့ကို ဖုန်သုတ်ဖုန်ခါ ပြုကုန်အံ့'

'အရှင်အာနန္ဒာ ... ဖုန်သုတ်ဖုန်ခါ အဟောင်းတို့ကို အဘယ်သို့ ပြုကုန်အံ့နည်း'

'မင်းကြီး ... ထိုဖုန်သုတ်ဖုန်ခါအဟောင်းတို့ကို နုပ်နုပ်စဉ်းထောင်း၍ ညွန်ဖြင့်နယ်ပြီးလျှင် အကျည်ကို ( မြေကို ) လိမ်းကျံကုန်အံ့'

ထိုအခါ ဥတေနမင်းသည် –

'အားလုံးသော ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် သင့်လျော်အောင် ဆောင်ရွက်ကုန်၏။ အကျိုးမဲ့ ပျက်စီးခြင်းသို့ မရောက်စေကုန်'

–ဟု နှစ်သက်အားရသော စိတ်ရှိသည် ဖြစ်၍ အခြားအထည်ငါးရာတို့ကိုလည်း ပေးလှူလေ၏။

အရှင်အာနန္ဒာအား သက်နီးတစ်ထောင်ဟူသော ရေးဦးစွာသော ဤသင်္ကန်း ဆွမ်းသည် ဖြစ်လေသတည်း။

<u>အရှင်ဆန္န လဲကျသွားခြင်း</u> ။ ။ ထို့နောက် အရှင်အာနန္ဒာသည် ဃောသိတာရုံကျောင်းသို့ ချဉ်းကပ်၍ ခင်းထားသောနေရာ၌ ထိုင်နေ၏။ ထိုအခါ အရှင်ဆန္နသည် အရှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အရှင်အာနန္ဒာကို ရှိခိုးပြီးလျှင် သင့်လျော်သော တစ်ခုသော နေရာ၌ ထိုင်နေ၏။ ထိုအခါ အရှင်အာနန္ဒာသည် အရှင်ဆန္နကို -

'ငါ့ရှင် ဆန္န ... သံဃာသည် သင့်အား ဗြဟ္မဒဏ်ကို ထားစေ၏'

- ဟု ပြောလေ၏။

'အရှင်အာနန္ဒာ ... အဘယ်ဗြဟ္မဒဏ်ကို ထားစေပါသနည်း' - ဟု လျှောက်၏။

'ငါ့ရှင်ဆန္န ... သင်သည် ရဟန်းတို့ကို ပြောလိုရာ ပြောလော့။ ရဟန်းတို့သည် သင့်ကို မပြောအပ်။ မဆုံးမအပ်။ ကံမမြစ်အပ်။ ဤကား ဗြဟ္မဒဏ်တည်း'

- ဟု ပြောလိုက်လေ၏။

ထိုအခါ အရှင်ဆန္နသည် အရှင်အာနန္ဒာကို -

'အရှင်အာနန္ဒာ ... ရဟန်းတို့သည် တပည့်တော်ကို မပြောဆို။ မဆုံးမ။ ကံမမြစ်အပ်သောအခါမှစ၍ တပည့်တော်ကို သတ်သည်ပင် မည်သည် မဟုတ်လော'

- ဟု ပြောဆိုကာ စိတ်မကောင်းခြင်း ကြီးစွာဖြစ်၍ ထိုအရပ်၌ပင်လျှင် မိန်းမောလျက် လဲကျလေ၏။

<u>အရှင်ဆန္န ရဟန္တာဖြစ်ခြင်း</u> ။ ။ ထိုအခါ အရှင်ဆန္နသည် ဗြဟ္မဒဏ်နှိပ်စက်သောကြောင့် လည်းကောင်း၊ ရှက်သောကြောင့်လည်းကောင်း၊ စက်ဆုပ်သောကြောင့်လည်းကောင်း တစ်ယောက်ထီးတည်း ဆိတ်ငြိမ်ရာသို့ကပ်လျက် မမေ့မလျော့သည်ဖြစ်၍ ပြင်းစွာအားထုတ်သည်ဖြစ်၍ တည်ကြည်သောစိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော

အမျိုးကောင်းသားများ လိုလားအပ်သော၊ အတုမရှိသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို မကြာမီ မျက်မှောက်ဘဝ၌ ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေ၏။

ပဋိသန္ဓေနေမှု ကုန်ပြီ။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ။ မဂ်ကိစ္စကို ပြုပြီးပြီ။ ဤမဂ်ကိစ္စအလို့ငှါ တစ်ပါးသော ပြုဖွယ်မရှိတော့ပြီ – ဟု သိ၏။ အရှင်ဆန္နသည် ရဟန္တာတို့တွင် တစ်ပါးအပါအဝင် ဖြစ်လေ၏။

<u>ဗြဟ္မဒဏ်ငြိမ်းပြီ</u> ။ ။ ထိုအခါ အရှင်ဆန္နသည် အရဟတ္တဖိုလ်သို့ ရောက်၍ အရှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီးနောက် အရှင်အာနန္ဒာကို –

'အရှင်အာနန္ဒာ ... ယခုအခါ၌ တပည့်တော်အား ဗြဟ္မဒဏ်ကို ငြိမ်းစေပါ လော့' – ဟု လျှောက်၏။

ထိုအခါ အရှင်အာနန္ဒာသည် အရှင်ဆန္နကို –

'ငါ့ရှင် ဆန္န ... သင်သည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသောနေ့မှစ၍ပင် သင့်အား ဗြဟ္မဒဏ်သည် ငြိမ်းလေပြီ' – ဟူ၍ ပြောဆိုလိုက်လေ၏။

( ဝိ – ၅ – ၄၈၇ / ၄၈၉ ။ မြန် – ၄၈၉ / ၄၉၂ )

## <u>အရှင်ဆန္နအား ဗြဟ္မဒဏ်ပေးခြင်းလာ ဆောင်ရန်လင်္ကာများ</u>

| | | | |
|---|---|---|---|
| ၁။ | ဘုရားရှိစဉ်၊ | ဆန္နအင်၊ | လွန်ပင်ပြောခက်သည်။ |
| ၂။ | အတ္တမာန၊ | ကြီးလွန်းပ၊ | ဒေါသခက်ထန်သည်။ |
| ၃။ | ရှိနေစဉ်မှာ၊ | အရိယာ၊ | ဖြစ်မှာမဟုတ်ပြီ။ |
| ၄။ | လွန်တော်မူမှ၊ | တရားရ၊ | ဗုဒ္ဓသိလေသည်။ |
| ၅။ | ဆန္နကိုမှန်၊ | ဗြဟ္မဒဏ်၊ | ပေးရန်မှာခဲ့သည်။ |
| ၆။ | ပြုလိုရာပြု၊ | ဆုံးမမှု၊ | မပြုရတော့ပြီ။ |

၇။ မထေရ်တို့အား၊ ထိုကြောင်းအား၊ လျှောက်ထားရာ၌သည်၊
၈။ အာနန်ကိုမှန်၊ လုပ်ခိုင်းပြန်၊ တာဝန်ပြန်ပေးသည်။
၉။ ကောသမ္ဗီမြို့က၊ ဃောသိတ၊ ဆန္နနေလေသည်။
၁၀။ ရဟန်းငါးရာ၊ ခေါ် ဆောင်ကာ၊ နန္ဒာကြွလေပြီ။
၁၁။ ဥတေနမင်း၊ ဥယျာဉ်တွင်း၊ သီတင်းသုံးနေသည်။
၁၂။ မောင်းမအများ၊ အာနန်အား၊ ညွတ်တွားပူဇော်သည်။
၁၃။ ခြုံထည်ငါးရာ၊ ဝိုင်းအုံကာ၊ ကောင်းစွာလှူကြသည်။
၁၄။ ဥတေနမင်း၊ စိတ်မရှင်း၊ ချက်ခြင်းလာမေးသည်။
၁၅။ ဥတေနမင်း၊ မေး၍ထင်း၊ ဖြေရှင်းပြလေပြီ။
၁၆။ သင်္ကန်းရှားသူ၊ ရဟန်းဟူ၊ ပေးလှူရပေမည်။
၁၇။ သင်္ကန်းဟောင်းထင်း၊ အပေါ် ခင်း၊ မယွင်းပြုလုပ်မည်။
၁၈။ ခင်းဟောင်းကိုဖွပ်၊ ဘုံလျှိုစွပ်၊ ခေါင်းစွပ်ပြုလုပ်မည်။
၁၉။ အစွပ်ဟောင်းထင်း၊ မြေအခင်း၊ ခြေနင်းပြုလုပ်မည်။
၂၀။ မြေခင်းအစုတ်၊ ခြေကိုသုတ်၊ ခြေသုတ်ပြုလုပ်မည်။
၂၁။ ခြေသုတ်ဟောင်းမှာ၊ ဖုန်သုတ်ရာ၊ ဖုန်ခါပြုလုပ်မည်။
၂၂။ ဖုန်ခါဟောင်းထင်း၊ နုပ်နုပ်စင်း၊ ညွန်နင်းနယ်၍သည်၊
၂၃။ မြေကိုတစ်ဖန်၊ သန့်ရှင်းရန်၊ လိမ်းကျံပြုလုပ်မည်။
၂၄။ ဥတေနမင်း၊ လွန်စွာထင်း၊ စိတ်ရှင်းသွားလေပြီ။
၂၅။ နောက်ထပ်တစ်ခါ၊ ထည်ငါးရာ၊ ကောင်းစွာလှူလေသည်။
၂၆။ ထိုမှတစ်ဖန်၊ ဆန္နရှိမှန်၊ အာနန်ချဉ်းကပ်ပြီ။
၂၇။ ဗြဟ္မဒဏ်အား၊ ဆန္နအား၊ ပေးပြားပြောလိုက်ပြီ။
၂၈။ မပြောဆိုရာ၊ ငါကိုသာ၊ သတ်တာဖြစ်လေသည်။
၂၉။ စိတ်မကောင်းစွ၊ ပြင်းထန်လှ၊ လဲကျသွားလေသည်။
၃၀။ ကြီးစွာသံဝေဂ၊ အရှက်ရ၊ ဆန္နရဟန်းသည်။
၃၁။ တရားဘာဝနာ၊ ကြိုးစားရာ၊ ရဟန္တာဖြစ်လေပြီ။
၃၂။ အာသဝေါကင်းကွာ၊ ရဟန္တာ၊ ဖြစ်ရာချိန်မှသည်၊

၃၃။ ဗြဟ္မဒဏ်လဲ၊ လိုလိုပဲ၊ ငြိမ်းစေသွားလေသည်။
၃၄။ ဒဏ်မထိုက်အောင်၊ ပြောလွယ်အောင်၊ ကျင့်ဆောင်ကြရမည်။
၃၅။ သံဝေဂဆိုတာ၊ ယူတတ်ပါ၊ လွန်စွာကျိုးရှိသည်။
၃၆။ သံဝေဂဖြစ်ကာ၊ ဘာဝနာ၊ ခါခါပွားရမည်။
၃၇။ စူဠဝါကျမ်း၊ ကျင့်စဉ်လမ်း၊ တစ်ခန်းရပ်လိုက်ပြီ။

အရှင်ဆန္နအား ဗြဟ္မဒဏ်ပေးခြင်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

ပဉ္စသတိကက္ခန္ဓကလာ ကိုယ်ကျင့်တရားများ ဖော်ပြချက် ပြီး၏။

စတုတ္ထကျမ်း စူဠဝါ ပါဠိတော်လာ ကိုယ်ကျင့်တရားများ ဖော်ပြချက်

ဤတွင်ရပ်နားပြီ။



## ပဥ္စမကျမ်း

## ဝိနည်း ပရိဝါကျမ်းလာ ကိုယ်ကျင့်တရားများ

ပရိဝါကျမ်း ။ ။ ပါရာဇိကဏ်၊ ပါစိတ်၊ မဟာဝါ၊ စူဠဝါ၊ ပရိဝါ – ဟူ၍ ဝိနည်းငါးကျမ်း ရှိလေရာ ဤပရိဝါကျမ်းကား နောက်ဆုံးကျမ်း ဖြစ်သည့်အားလျော်စွာ ရှေ့ဝိနည်း လေးကျမ်း၏ အခြံအရံအဖြစ်၊ အကာအကွယ်အဖြစ် ဟောကြားအပ် ပြီးသော၊ ပညတ်အပ်ပြီးသော သိက္ခာပုဒ်တို့ကို တစ်ဖန်ပြန်၍ စုစည်းကာ ဝိနည်းတော်ကို ပိုမိုထင်ရှားအောင် ပြဆောင်ထားအပ်သော ကျမ်းတစ်ဆူ ဖြစ်လေ၏။ ဤ၌ကား ဗဟုသုတအဖြစ် ပဌမပါရာဇိကကို မူတည်ထား၍ သိသာရုံ သဘောမျှ ပြပေအံ့။

ဝါရရှစ်ပါး ။ ။ ပါရာဇိကဏ်၊ ပါစိတ်ရှိ ဝိဘင်းနှစ်မျိုးဟု ဆိုအပ်သော ဘုရားရှင် ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို ‘ကတ္ထပညတ္တိဝါရ၊ ကတာပတ္တိဝါရ၊ ဝိပတ္တိဝါရ၊ သင်္ဂဟိတဝါရ၊ သမုဋ္ဌာနဝါရ၊ အဓိကရဏဝါရ၊ သမထဝါရ၊ သမုစ္စယဝါရ’ ဟူ၍ ဤရှစ်ပါးသော ဝါရတို့ဖြင့် ဝေဖန်သုံးသပ် ထင်ရှားအောင် ပြတော်မူကြကုန်၏။

၁။ ကတ္ထပညတ္တိဝါရ ။ ။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ အလုံးစုံသောတရားတို့ကို ကိုယ်တော်တိုင် မှန်စွာ သိတော်မူသော ထို မြတ်စွာဘုရားသည် –

(က) ‘ပဌမပါရာဇိက သိက္ခာပုဒ်ကို အဘယ်အရပ်ဒေသ၌ ပညတ်တော်မူ အပ်ပါသနည်း:’

‘ဝေသာလီပြည်၌ ပညတ်တော်မူအပ်ပါသည်’

(ခ) ‘အဘယ်သူကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း:’

‘ကလန္ဒသူဌေးသား အရှင်သုဒိန်ကို အကြောင်းပြု၍ ပညတ်တော်မူ အပ်ပါသည်’

(ဂ) 'အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း'

'ကလန္ဒသူဌေးသား အရှင်သုဒိန်၏ မယားဟောင်း၌ မေထုန်မှီဝဲခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည် '

(ဃ) 'ထိုပဌမပါရာဇိက သိက္ခာပုဒ်၌ မူလပညတ်ရှိသလော၊ အနုပညတ် ရှိသလော၊ အနုပ္ပန္နပညတ် ရှိသလော'

'ထိုပဌမပါရာဇိကသိက္ခာပုဒ်၌ မူလပညတ်တစ်မျိုး၊ အနုပညတ် နှစ်မျိုးတို့ ရှိကုန်၏။ ထိုပဌမပါရာဇိက သိက္ခာပုဒ်၌ အနုပ္ပန္န ပညတ်မရှိ'

(င) 'ထိုပဌမပါရာဇိကသိက္ခာပုဒ်သည် သဗ္ဗတ္ထပညတ်လော။ ပဒေသ ပညတ်လော'

'သဗ္ဗတ္ထပညတ်တည်း'

(စ) 'သာဓာရဏပညတ်လော။ အသာဓာရဏပညတ်လော'

'သာဓာရဏပညတ်တည်း '

(ဆ) 'ဧကတောပညတ်လော၊ ဥဘတောပညတ်လော'

'ဥဘတောပညတ်တည်း '

(ဇ) 'ပါတိမောက်ပြခြင်း ငါးမျိုးတို့တွင် အဘယ်ပါတိမောက်ပြခြင်း၌ အတွင်းဝင်သနည်း။ အဘယ်ပါတိမောက်ပြခြင်း၌ အကျုံးဝင်သနည်း'

'နိဒါန်း၌ အတွင်းဝင်၏။ နိဒါန်း၌ အကျုံးဝင်၏'

(ဈ) 'အဘယ် အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည်၏ အဖြစ်သို့ ရောက်သနည်း'

'ဒုတိယ အကျဉ်းပြခြင်းဖြင့် အကျဉ်းပြအပ်သည်၏ အဖြစ်သို့ ရောက်၏'

(ည) 'ဝိပတ္တိ – ပျက်စီးခြင်းလေးမျိုးတို့တွင် အဘယ်ဝိပတ္တိနည်း'

'သီလဝိပတ္တိ – သီလပျက်စီးခြင်းတည်း'

(၄) 'အဘယ်အာပတ်အစု ဖြစ်သနည်း'
'ပါရာဇိကအာပတ်အစု ဖြစ်၏'

(၅) 'အာပတ်သင့်ခြင်းအကြောင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်သနည်း'
'အကြောင်းတစ်ပါးကြောင့် ဖြစ်၏။ ကိုယ်ကြောင့်လည်းကောင်း၊ စိတ်ကြောင့်လည်းကောင်း ဖြစ်၏။ နှုတ်ကြောင့် မဖြစ်'

(၃) 'အဓိကရဏ်းလေးမျိုးတို့တွင် အဘယ်အဓိကရဏ်း ဖြစ်သနည်း'
'အာပတ္တာဓိကရဏ်း ဖြစ်၏'

(၁) 'ငြိမ်းအေးကြောင်း သမထ (၇)မျိုးတို့တွင် အဘယ်ငြိမ်းအေးကြောင်း သမထတို့ဖြင့် ငြိမ်းအေးသနည်း'
'သမ္မုခါဝိနယ ပဋိညာတ ကရဏတို့ဖြင့် ငြိမ်းအေး၏'

(ဈ) 'ပဌမပါရာဇိက၌ ဝိနယဟူသည် အဘယ်နည်း။ အဘိဝိနယဟူသည် အဘယ်နည်း' 'ပညတ် = အကြင်ရဟန်းသည် အစရှိသည်ဖြြင့် ဟောအပ်သော မာတိကာသည် ဝိနယမည်၏။ ဝိဘင်းပုဒ်ကို ခွဲခြားဝေဖန်ခြင်း ပဒဘာဇနီသည် အဘိဝိနယမည်၏'

(ဏ) 'ထိုပဌမပါရာဇိက သိက္ခာပုဒ်၌ ပါတိမောက်ဟူသည် အဘယ်နည်း။ အဓိပါတိမောက်ဟူသည် အဘယ်နည်း '
'ပညတ်သည် ပါတိမောက်မည်၏။ ဝိဘင်းသည် အဓိပါတိမောက်မည်၏'

(ဋ) 'ဝိပတ္တိ = ပျက်စီးခြင်းကား အဘယ်နည်း'
'သိက္ခာပုဒ်ကို မစောင့်စည်းခြင်း၊ လွန်ကျူးခြင်းသည် ဝိပတ္တိ = ပျက်စီးခြင်း မည်၏'

(ဒ) 'သမ္ပတ္တိ = ပြည့်စုံခြင်းကား အဘယ်နည်း'
'သိက္ခာပုဒ်ကို စောင့်စည်းခြင်း၊ မလွန်ကျူးခြင်းသည် သမ္ပတ္တိ = ပြည့်စုံခြင်း မည်၏'

(ဓ) 'ပဋိပတ္တိအကျင့်ကား အဘယ်နည်း'

'ဤသို့သဘောရှိသော မကောင်းသောအကျင့်ကို 'အသက်ရှည်သရွေ့ ကာလပတ်လုံး အသက်ဆုံးသည့်တိုင်အောင် ငါမပြုလုပ်တော့အံ့ ဟု ဆောက်တည်၍ သိက္ခာပုဒ်တို့၌ ကျင့်သုံးခြင်းသည် ပဋိပတ္တိအကျင့်မည်၏'

(န) 'မြတ်စွာဘုရားသည် အဘယ်မျှလောက်ကုန်သော အကျိုးထူးတို့ကို အကြောင်းပြု၍ ပဌမပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပါသနည်း'

(၁) သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန်၊
(၂) သံဃာတော်များ ချမ်းသာစေရန်၊
(၃) အကျင့်သီလ ဖောက်ဖျက်သူတို့ကို နှိမ်နင်းရန်၊
(၄) အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာနေနိုင်ရန်၊
(၅) မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန်၊
(၆) နောင်ဖြစ်လတ္တံ့သော ဆင်းရဲအထူးတို့ကို ဖယ်ရှားရန်၊
(၇) မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေရန်၊
(၈) ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေရန်၊
(၉) သူတော်ကောင်းတရား သာသနာသုံးရပ် တည်တံ့ရန်၊
(၁၀) ဝိနည်းစည်းမျဉ်း ဥပဒေကို ချီးမြှောက်ရန် -

ဤအကျိုးထူး (၁၀)ပါးကို အကြောင်းပြု၍ ပဌမပါရာဇိကသိက္ခာပုဒ်ကို မြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည်။

(ပ) 'အဘယ်ပုဂ္ဂိုလ်တို့သည် ကျင့်ကုန်သနည်း'

'ရဟန္တာကိုကြည့်၍ ကျင့်ဆဲဖြစ်သော သေက္ခပုဂ္ဂိုလ် (၇)ယောက်၊ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ကျင့်ကုန်၏'

(ဗ) ‘အဘယ်ပုဂ္ဂိုလ်သည် ကျင့်အပ်ပြီးသော အကျင့်ရှိကုန်သနည်း’ ‘ရဟန္တာပုဂ္ဂိုလ်တို့သည် ကျင့်အပ်ပြီးသော အကျင့်ရှိကုန်၏’

(ဗ) ‘အဘယ်ပုဂ္ဂိုလ်တို့၌ တည်သနည်း’ ‘ကျင့်လိုသော ပုဂ္ဂိုလ်တို့၌ တည်၏’

(ဘ) ‘အဘယ်ပုဂ္ဂိုလ်တို့သည် ပဋ္ဌမပါရာဇိက သိက္ခာပုဒ်ကို ဆောင်ကုန်သနည်း’ ‘အကြင်ပုဂ္ဂိုလ်တို့သည် ပဋ္ဌမပါရာဇိကကို လေ့လာကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် ဆောင်ကုန်၏’

(မ) ‘ပဋ္ဌမပါရာဇိကသိက္ခာပုဒ်သည် အဘယ်သူ၏ စကားဖြစ်သနည်း’ ‘ပဋ္ဌမပါရာဇိကသိက္ခာပုဒ်သည် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ စကားတော် ဖြစ်၏’

(ယ) ‘အဘယ်သူသည် ဆောင်ခဲ့သနည်း’ ‘ဆရာ အဆက်ဆက်သည် ဆောင်ခဲ့၏’

ဥပါလိမထေရ်၊ ဒါသကထေရ်၊ သောဏကထေရ်၊ သိဂ္ဂဝထေရ်၊ ငါးပါးမြောက် မောဂ္ဂလိပုတ္တတိဿထေရ်နှင့်တကွ ထိုရဟန္တာအရှင်မြတ် ငါးပါးတို့သည် ဇမ္ဗူဒိပ်ကျွန်း၌ ဝိနည်းပိဋကကို (*ပါဠိနှင့် အနက် အာဂုံဆောင်၍*) ပို့ချတော်မူကြကုန်၏။

ထို့နောက် မဟိန္ဒထေရ်၊ ဣဋ္ဋိယထေရ်၊ ဥတ္တိယထေရ်၊ ထို့မှတစ်ပါး သမ္ဗလထေရ်၊ (*ပစ္စုပ္ပန်၊ သံသရာ ကျိုးနှစ်ဖြာ၌ သိသော*) ပညာရှိသော ဘဒ္ဒနာမထေရ်၊ ကြီးသော ပညာရှိကုန်သော ထိုရဟန္တာအရှင်တို့သည် ဇမ္ဗူဒိပ်ကျွန်းမှ ဤသီဟိုဠ်ကျွန်းသို့ ကြွလာတော်မူကြကုန်၏။

မဟိန္ဒထေရ် စသော ထိုရဟန္တာတို့သည် သီဟိုဠ်ကျွန်း၌ ဝိနည်းပိဋကကို ပို့ချတော်မူကုန်၏။ နိကာယ်ငါးရပ်တို့ကိုလည်းကောင်း၊ အဘိဓမ္မာခုနစ်ကျမ်းတို့ကို လည်းကောင်း ပို့ချတော်မူကြကုန်၏။ ...ပ...

ကြီးမားသော ပညာရှိတော်မူကြကုန်သော၊ ဝိနည်း၌ လိမ္မာတော်မူကြကုန်သော၊ နတ်ရွာနိဗ္ဗာန် လမ်းခရီး၌ ကျွမ်းကျင်လိမ္မာတော်မူကြကုန်သော ထိုရဟန္တာအရှင်မြတ်တို့သည် သီဟိုဠ်ကျွန်း၌ ဝိနည်းပိဋကကို ပါဠိနှင့်အနက် အာဂုံဆောင်၍ ပြသတော်မူကြကုန်၏။

## ၂။ ဣတာပတ္တိဝါရ

မေထုန်အကျင့်ကို မှီဝဲသော ရဟန်းသည် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ ရောက်သနည်း။

- မေထုန်အကျင့်ကို မှီဝဲသောရဟန်းသည် သုံးပါးကုန်သော အာပတ် တို့သို့ ရောက်၏။ သေ၍ ခွေး စသည် မစားအပ်သေးသော အသေကောင်၌ မေထုန်အကျင့်ကို မှီဝဲအံ့ - ပါရာဇိကအာပတ် သို့ ရောက်၏။
- သေ၍ များသောအားဖြင့် ခွေး စသည် စားအပ်ပြီးသော အသေကောင်၌ မေထုန်အကျင့်ကို မှီဝဲအံ့ - ထုလ္လစ္စည်းအာပတ် သို့ ရောက်၏။
- ဟင်းလင်းဖွင့်သော ခံတွင်း၌ မထိစေဘဲ (မိမိ၏) အင်္ဂါဇာတ်ကို သွင်းအံ့ - ဒုက္ကဋ်အာပတ် သို့ ရောက်၏။

## ၃။ ဝိပတ္တိဝါရ

မေထုန်အကျင့်ကို မှီဝဲသော ရဟန်း၏ အာပတ္တိတို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှလောက်သော ဝိပတ္တိသို့ သက်ဝင်ကုန်သနည်း။

ရံခါ သီလဝိပတ္တိသို့၊ ရံခါ အာစာရဝိပတ္တိသို့ သက်ဝင်၏။

## ၄။ သင်္ဂဟိတဝါရ

မေထုန်အကျင့်ကို မှီဝဲသောရဟန်း၏ အာပတ်တို့ကို (၇)ပါးကုန်သော အာပတ်အစုတို့တွင် အဘယ်မျှလောက်ကုန်သော အာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း။

- သုံးပါးသောအစုတို့ဖြင့် ရေတွက်အပ်ကုန်၏။
- ရုံခါ ပါရာဇိကအာပတ်အစုဖြင့်၊ ရုံခါ ထုလ္လစ္စဥ်းအာပတ်အစုဖြင့်၊ ရုံခါ ဒုက္ကင့်အာပတ်အစုဖြင့် ရေတွက်အပ်၏။

## ၅။ သမုဋ္ဌာနဝါရ

မေထုန်အကျင့်ကို မှီဝဲသော ရဟန်း၏ အာပတ်တို့သည် အာပတ်သင့်ခြင်း ခြောက်မျိုးတို့တွင် အဘယ်မျှလောက်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်ကုန်သနည်း။

တစ်မျိုးသော အကြောင်းကြောင့် ဖြစ်ကုန်၏။ ကိုယ်ကြောင့်လည်းကောင်း၊ စိတ်ကြောင့်လည်းကောင်း ဖြစ်ကုန်၏။ နှုတ်ကြောင့် မဖြစ်ကုန်။

## ၆။ အဓိကရဏဝါရ

မေထုန်အကျင့်ကို မှီဝဲသော ရဟန်း၏ အာပတ်တို့သည် အဓိကရုဏ်း လေးမျိုးတို့တွင် အဘယ်အဓိကရုဏ်းနည်း။

အာပတ္တာဓိကရုဏ်းတည်း။

## ၇။ သမထဝါရ

မေထုန်အကျင့်ကို မှီဝဲသော ရဟန်း၏ အာပတ်တို့သည် သမထ (၇)ပါးတို့တွင် အဘယ်မျှလောက်ကုန်သော သမထတို့ဖြင့် ငြိမ်းအေးကုန်သနည်း။

- သုံးပါးကုန်သော သမထတို့ဖြင့် ငြိမ်းအေးကုန်၏။
- ရုံခါ သမ္မုခါဝိနယဖြင့်လည်းကောင်း၊ ပဋိညာတကရဏဖြင့်လည်းကောင်း၊
- ရုံခါ သမ္မုခါဝိနယဖြင့်လည်းကောင်း၊ တိဏဝတ္ထာရကဝိနည်းကံဖြင့်လည်းကောင်း ငြိမ်းအေး၏။

## ဂ။ သမုစ္စယဝါရ

ဖော်ပြအပ်ပြီးသော ကတာပတ္တိဝါရ၊ ဝိပတ္တိဝါရ၊ သင်္ဂဟိတဝါရ၊ သမုဋ္ဌာနဝါရ၊ အဓိကရဏဝါရ ဟူသော ခြောက်ဝါရတို့ကို တစ်ဖန်ပြန်၍ ပေါင်းစုပြထားသည်။

( ဝိ - ၅ - ၁၊ ၄၊ ၉၂၊ ၉၃၊ ၉၄၊ ၉၅ ။ မြန် - ၁၊ ၇၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၁၇ )

### ပရိဝါပါဠိတော် ပဉ္စမပါရာဇိက ကတ္တာပတ္တိဝါရလာ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | ပဉ္စမပါရာဇိကာ၊ | ဝေသာမှာ၊ | မြွတ်စွာပညတ်သည်။ |
| ၂။ | ရှင်သုဒိန်ဟု၊ | အကြောင်းပြု၊ | သတ္တုပညတ်သည်။ |
| ၃။ | မယားဟောင်းပေ၊ | ရှောင်မိလွဲ၊ | မှိဝဲပညတ်သည်။ |
| ၄။ | မှူ, နူ နှစ်ဝ၊ | ပညတ်ရ၊ | ပန္နမရှိပြီ။ |
| ၅။ | သ, သာ ပညတ်၊ | ဥပညတ်၊ | သုံးရပ်ရလေသည်။ |
| ၆။ | ပါငါးမျိုးတွင်၊ | နိဒါန်းပင်၊ | ကျုံးဝင်ဖြစ်လေသည်။ |
| ၇။ | ဒုအကျဉ်းဖြင့်၊ | ပြခြင်းဖြင့်၊ | မှတ်လင့်ရောက်လေသည်။ |
| ၈။ | ဝိပတ္တိတွင်၊ | သီလပင်၊ | မှန်ပင်ပျက်စီးသည်။ |
| ၉။ | နှုတ်ကြောင့်မသင့်၊ | ကိုယ်စိတ်ဖြင့်၊ | ကျူးလင့်သင့်ပေသည်။ |
| ၁၀။ | လေးမျိုးမိကရုဏ်း၊ | အာကရုဏ်း၊ | တစ်ထုံးသိနိုင်သည်။ |
| ၁၁။ | ငြိမ်းမှုကိုဖြင့်၊ | သမ်ငိုဖြင့်၊ | မှတ်လင့်ငြိမ်းရသည်။ |
| ၁၂။ | ပညတ္တိက၊ | ဝိနယ၊ | ပဒဘိဖြစ်သည်။ |
| ၁၃။ | ပညတ်ကိုထင်း၊ | ပါတိမင်း၊ | ဝိဘင်းဘိဖြစ်သည်။ |
| ၁၄။ | သိက္ခာပုဒ်တည်း၊ | မစောင့်စည်း၊ | ပျက်စီးရလေသည်။ |
| ၁၅။ | သမ္ပတ္တိဟူ၊ | စောင့်စည်းသူ၊ | ခေါ် မူသိနိုင်သည်။ |
| ၁၆။ | အသက်ရှင်လတ်၊ | စောင့်စည်းတတ်၊ | ပဋိပတ်ခေါ် ရသည်။ |
| ၁၇။ | ကောင်းပြီဝန်ခံ၊ | ချမ်းသာရန်၊ | နှိမ်ရန်ပညတ်သည်။ |
| ၁၈။ | ရဟန်းကောင်းတဖန်၊ | ချမ်းသာမှန်၊ | နေရန်ပညတ်သည်။ |

၁၉။ မျက်မှောက်ဒွိတည်း၊ ဆင်းရဲကြီး၊ စောင့်စည်းပညတ်သည်။
၂၀။ မကြည်ညိုသည်၊ ကြည်ညိုရည်၊ ပိုကြည်ပညတ်သည်။
၂၁။ သာသနာသုံးရပ်၊ တည်စေတတ်၊ ပညတ်ရလေသည်။
၂၂။ ဝိနည်းစည်းမျဉ်း၊ ချီးမြှောက်ခြင်း၊ မယွင်းပညတ်သည်။
၂၃။ ဤကိုးဆယ်စု၊ အကြောင်းပြု၊ သတ္တုပညတ်သည်။
၂၄။ ခုနစ်ဦးသေက္ခ၊ ကလျာဏ၊ ကျင့်ကြရလေသည်။
၂၅။ ရဟန္တာမူ၊ ကျင့်ပြီးဟူ၊ မှတ်ယူနိုင်ကြသည်။
၂၆။ ကျင့်လိုပုဂ္ဂလာ၊ တည်ပေရာ၊ လေ့လာဆောင်ကြသည်။
၂၇။ ပဉ္စမပါရာ၊ စကားဟာ၊ မြတ်စွာဖြစ်လေသည်။
၂၈။ ဥပါလိဟု၊ အစပြု၊ ယခုတိုင်အောင်သည်၊
၂၉။ ဆရာအဆက်ဆက်၊ စဉ်မပျက်၊ ဆောင်ချက်ပြုကြသည်။
၃၀။ ယနေ့တိုင်ပါ၊ သာသနာ၊ တည်တာဖြစ်လေသည်။
၃၁။ ဘုရားမြတ်စွာ၊ ဆုံးမရာ၊ လိုက်နာမှားပြီ။

ပဉ္စမပါရာဇိက ဝါရရှစ်ပါးလာ ကိုယ်ကျင့်တရားများ ပြီး၏။

## တံမြက်လှည်းခြင်း အကျိုး (၇)ပါး

ပရိဝါပါဠိတော်၌ တံမြက်လှည်းခြင်း အကျိုး (၅)ပါးရှိကြောင်းကို နှစ်နည်း ပြဆို၏။ ပဌမနည်း၌ (၅)မျိုးပြဆိုပြီးနောက် ဒုတိယနည်း၌ (၅)မျိုးပြဆိုထား၏။ ဒုတိယနည်း (၅)မျိုး၌ ရှေ့သုံးမျိုးသည် ပဌမနည်းနှင့်တူ၏။ နောက်နှစ်နည်းသာကွဲ၏။ သို့ဖြစ်၍ နှစ်နည်းပေါင်းသော် တံမြက်လှည်းခြင်းအကျိုး (၇)ပါး ဖြစ်လေ၏။

| | | |
|---|---|---|
| ၁။ | သကံ စိတ္တံ ပသီဒတိ | - မိမိစိတ်သည် ကြည်လင်၏။ |
| ၂။ | ပရစိတ္တံ ပသီဒတိ | - သူတစ်ပါးစိတ်သည် ကြည်လင်၏။ |
| ၃။ | ဒေဝတာ အတ္တမနာ ဟောန္တိ | - နတ်တို့သည် နှစ်သက်သောစိတ်ရှိကုန်၏။ |
| ၄။ | ပါသာဒိက သံဝတ္တနိကကမ္မံ ဥပစိနုတိ | - ကြည်ညိုခြင်းကို ဖြစ်စေတတ်သော ကောင်းမှုကံကို ဆည်းပူး၏။ |
| ၅။ | ကာယဿ ဘေဒါ ပရံမရဏာ သုဂတိ သဂ္ဂံ လောကံ ဥပပဇ္ဇတိ | - ခန္ဓာကိုယ် ပျက်၍ သေသည်မှ နောက်၌ ကောင်းသောလားရာဂတိ ဖြစ်သော နတ်ပြည်သို့ ရောက်ရ၏။ |
| ၆။ | သတ္ထုသာသနံ ကတံ ဟောတိ | - မြတ်စွာဘုရား၏ သာသနာတော်ကို ပြုအပ်သည် မည်၏။ |
| ၇။ | ပစ္ဆိမာဇနတာ ဒိဋ္ဌာနုဂတိံ အာပဇ္ဇတိ | - နောင်လာနောက်သား လူအပေါင်းသည် အတုယူ ပြုကျင့်၏။ |

*( ပရိဝါ - ၂၃၁ ၊ မြန် ၃၂၁ )*

## တံမြက်လှည်းခြင်းအကျိုး၌ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | တံမြက်လှည်းရာ၊ | အကျိုးမှာ၊ | ခုနစ်ဖြာရှိလေသည်။ |
| ၂။ | မိမိစိတ်ကြည်၊ | သူစိတ်ကြည်၊ | နတ်သည်နှစ်သက်သည်။ |
| ၃။ | ကြည်ညိုစေရန်၊ | ကောင်းမှုကံ၊ | ဖန်ဖန်ဆည်းပူးသည်။ |
| ၄။ | သေလွန်လေရာ၊ | နတ်ပြည်မှာ၊ | ကောင်းစွာစံရသည်။ |
| ၅။ | ဘုရားမြတ်စွာ၊ | သာသနာ၊ | ပြုရာရောက်လေသည်။ |
| ၆။ | နောင်လာနောက်သား၊ | လူအများ၊ | တုကားယူနိုင်သည်။ |
| ၇။ | အကျိုးခုနစ်ချက်၊ | သိမြင်လျက်၊ | တံမြက်လှည်းရမည်။ |
| ၈။ | နေရာတစ်ဝိုက်၊ | သန့်ရှင်းထိုက်၊ | အမှိုက်ကင်းရမည်။ |
| ၉။ | သန့်ရှင်းနေရာ၊ | ဉာဏ်ပညာ၊ | လျင်စွာထက်မြက်သည်။ |

### ၁။ မိမိစိတ်ကြည်ခြင်း၌ သာဓကဝတ္ထု

သီဟိုဠ်ခေတ်အခါက ကဋအန္ဓကာရ အရပ်၌ နေလေ့ရှိသော ဖုဿဒေဝထေရ်သည် စေတီရင်ပြင်ကို တံမြက်လှည်း၍ သန့်ရှင်းနေသော စေတီရင်ပြင်တော်ကို စိတ်ကြည်နူးစွာကြည့်လျက်၊ ဘုရားအာရုံကိုယူလျက်၊ နှစ်သက်ဝမ်းမြောက်မှု ဖြစ်လျက်ရပ်တည်နေ၏။ တရားထူးရမည်ကို စိုးရိမ်သော မာရ်နတ်သည် မထေရ်၏ စိတ်ကြည်နူးစွာ ဘုရားအာရုံပြုမှုကို အနှောင့်အယှက် ပြုလိုရကား တောင်ခြေရင်း၌ဖြစ်သော မျောက်ညိုကြီးကဲ့သို့ ဖန်ဆင်း၍ မထေရ်မြတ် လှည်းထားသော စေတီရင်ပြင်နေရာကို နွားချေးများကို ဖြန့်ကျဲလျက် ချထားလေ၏။ ထိုနေ့အတွက် မထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါ မစွမ်းနိုင်ဘဲ တံမြက်ထပ်လှည်း၍ ပြန်ရလေ၏။

ဒုတိယနေ့၌လည်း မထေရ်သည် စေတီရင်ပြင်တော်ကို တံမြက်စည်းလှည်း၍ စိတ်ကြည်နူးစွာ ဘုရားအာရုံကို ယူနေစဉ် မာရ်နတ်သည် နွားအိုကြီးယောင်ဖန်ဆင်း၍ ဖောက်ပြန်သော အခြင်းအရာကို ပြပြန်လေပြီ။ မထေရ်လည်း တရားထူး တစ်စုံတစ်ရာ မရမူဘဲသာလျှင် မိမိနေရာသို့ ပြန်ရပြန်၏။

တတိယနေ့၌လည်း မထေရ်သည် စေတီရင်ပြင်တော်ကို တံမြက်စည်းလှည်း၍ စိတ်ကြည်နူးစွာ ဘုရားအာရုံကို ယူနေစဉ် မာရ်နတ်သည်လာ၍ ကောက်သောခြေရှိသော လူအဖြစ်ကို ဖန်ဆင်း၍ ဒရွတ်ဆွဲလျက် မထေရ်ရှေ့မှ ဖြတ်၍ သွားပြရာတွင် မထေရ်သည် -

'ဤတစ်ယူဇနာအတွင်းရှိ ဆွမ်းခံရွာ အရပ်ဒေသတို့၌ ဤမျှ ရုပ်ပျက်ဆင်းပျက် ဖြစ်သော လူမျိုးကို မတွေ့မြင်ဖူးပေ။ မာရ်နတ်များ ဖြစ်နေမည်လော' - ဟူ၍ ကြံစည်၍ -

'သင်သည် မာရ်နတ်ဖြစ်သလော'

- ဟူ၍ မေးလေပြီ။

မာရ်နတ်သည်လည်း 'မာရ်နတ် ဖြစ်ပါ၏။ ယခုအခါ၌ အရှင်ဘုရား၏ စိတ်ကို လှည့်ပတ်ခြင်းငှါ မစွမ်းနိုင်တော့ပါ' - ဟု လျှောက်လေပြီ။

'မာရ်နတ် ... သင်သည် ကြီးသော တန်ခိုးအာနုဘော်ရှိ၏။ မြတ်စွာဘုရားကို ဖူးမြင်ဖူးသည်ဖြစ်၍ မြတ်စွာဘုရား၏ ရုပ်ဆင်းသဏ္ဌာန်ကို ဖန်ဆင်းပြပါ'

- ဟု တိုက်တွန်းစကား ပြောကြားလေ၏။ ထိုအခါ မာရ်နတ်သည် -

'မြတ်စွာဘုရားနှင့် အလုံးစုံတူအောင် ဖန်ဆင်း၍ ပြနိုင်မည်မဟုတ်ပါ။ သို့ရာတွင် တတ်နိုင်သမျှ တူအောင် ဖန်ဆင်းပြပါမည်'

- ဟု ပြောဆိုလျှောက်ထားကာ မြတ်စွာဘုရား၏ ရုပ်ပုံသဏ္ဌာန်ကို ဖန်ဆင်းပြလေပြီ။

ဥပဂုတ္တမထေရ်သည် မာရ်နတ်ဖန်ဆင်းပြသော မြတ်စွာဘုရားကို ဖူးမြင်ရသည်ဖြစ်၍ -

'ရာဂ၊ ဒေါသ၊ မောဟနှင့်တကွဖြစ်သော ဤမာရ်နတ် ဖန်ဆင်းအပ်သော ဤမြတ်စွာဘုရား ရုပ်ပုံသဏ္ဌာန်သည်ပင် အလွန်သပ္ပါယ်လှပေ၏။ ရာဂ၊ ဒေါသ၊ မောဟကင်းစင်သော မြတ်စွာဘုရားသည်ကား အဘယ်မှာ မသပ္ပါယ်ဘဲ ရှိပေအံ့နည်း'

– ဟူ၍ ဘုရားလျှင် အာရုံရှိသော ပီတိများ တဖွားဖွား ဖြစ်ပေါ်လာပြီးနောက် ထိုပီတိကို ခွါ၍ ဝိပဿနာရှုပွားလေလျှင် လေးမင်လေးဖိုလ် ဆိုက်၍ အရဟတ္တဖိုလ်၌ တည်လေ၏။

ထိုအခါ မာရ်နတ်က –

'အရှင်ဘုရားသည် လှည့်ပတ်ဘိ၏ – ဟု ပြောရာတွင် မထေရ်က 'မာရ်နတ်အို ... သင်ကဲ့သို့ တန်ခိုးကြီးသူကို အဘယ်မှာ လှည့်ပတ်နိုင်အံ့နည်း'

– ဟု ပြောလိုက်ပြီး မျောက်အို၊ နွားအို၊ လူအိုယောင်ဆောင်ပြ၍ မာရ်နတ်အို ဟူ၍ ပြောခြင်း ဖြစ်သည်။

ထို့နောက် ဝတ္ထုသာဓကတစ်ခုကား လောကန္တရကျောင်းတိုက်၌ ဒွတ္တမည်သော ရဟန်းငယ်တစ်ပါးသည်လည်း စေတီရင်ပြင်တော်ကို တံမြက်လှည်း၍ သန့်ရှင်းစင်ကြယ်နေသော စေတီရင်ပြင်တော်ကို စိတ်ကြည်နူးစွာကြည့်၍ ဖြူစင်သော ညြဒ်ါတကသိုဏ်းကို အာရုံခံယူ၍ သမထဘာဝနာပွားရာတွင် ရှစ်ပါးသော သမာပတ်ကို ရလေ၏။ ထို့နောက် ဝိပဿနာပွားရာတွင် သုံးမင်သုံးဖိုလ်ဆိုက်၍ အနာဂါမိဖိုလ်၌ တည်လေ၏။ ဤသည်ကား တံမြက်လှည်းရာမှ မိမိ၏ စိတ်ကြည်လင်မှုကို အကြောင်းပြု၍ ရအပ်သော လောကုတ္တရာ အကျိုးတည်း။

( *ပရိဝါ – ၄ – ၁၇၄* )

## ၁။ တံမြက်လှည်း၍ မိမိစိတ်ကြည်ခြင်း၏ သာဓကဝတ္ထု၌ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | သီဟိုဠ်ခေတ်က၊ | ကဋန္ဓ၊ | ထောရရပ်၌သည်၊ |
| ၂။ | ဖုဿဒေဝ၊ | ခေါ် ဆိုရ၊ | ထေရတစ်ပါးသည်၊ |
| ၃။ | စေတီရင်မှာ၊ | မြက်လှည်းကာ၊ | ကြည်သာရပ်တည်ပြီ။ |
| ၄။ | ဘုရား၏ဂုဏ်၊ | စိတ်မှာထုံ၊ | အာရုံယူနေပြီ။ |
| ၅။ | တရားရလတ်၊ | စိုးရိမ်တတ်၊ | မာရ်နတ်မင်းကြီးသည်၊ |
| ၆။ | မျောက်ယောင်ဆောင်ကာ၊ | နွားချေးသာ၊ | ဖြန့်ကာချသွားသည်။ |

၇။ မထေရ်မြတ်လဲ၊ ထပ်၍ပါ၊ မြွက်လှဲ့ပြန်ရသည်။
၈။ ဒုတိယနေ့မူ၊ နွားအိုဟူ၊ ဆောင်ယူပြပြန်သည်။
၉။ တရားထူးလဲ၊ မရပဲ၊ ပြန်မြဲပြန်ရသည်။
၁၀။ တတိယနေ့မူ၊ ခြေကောက်လူ၊ ရွှတ်မူဆွဲပြသည်။
၁၁။ ဒီလောက်ဆိုးတာ၊ ဒီနွားမှာ၊ တွေ့တာမရှိပြီ။
၁၂။ သင်တစ်မူကား၊ မာရ်နတ်လား၊ မေးပြားပြုလေပြီ။
၁၃။ လှည့်ပတ်လို့သာ၊ မရော၊ မှန်စွာဝန်ခံပြီ။
၁၄။ ဘုရားရုပ်ဆင်း၊ ဖန်လို့ထင်း၊ ပြခြင်းပြုရသည်။
၁၅။ မာရ်နတ်ဖန်ပြား၊ ဤဘုရား၊ လွန်ကားသပ္ပါယ်သည်။
၁၆။ ဘုရားစစ်မှာ၊ ဤထက်သာ၊ လွန်စွာသပ္ပါယ်မည်။
၁၇။ ပီတိတရား၊ တဖွားဖွား၊ ဖြစ်ပြားလာလေပြီ။
၁၈။ ပီတိကိုခွါ၊ ဝိပဿနာ၊ ကောင်းစွာရှုပွားပြီ။
၁၉။ လေးမဂ်လေးဖိုလ်၊ ဆိုက်လို့ကို၊ ရဖိုလ်တည်လေပြီ။
၂၀။ ထိုမှတစ်ဝ၊ သာခက၊ လောကကျောင်း၌သည်၊
၂၁။ ဒုတ္တမည်တွယ်၊ ရဟန်းရယ်၊ အငယ်တစ်ပါးသည်၊
၂၂။ စေတီရင်ပါ၊ တံမြက်လှဲ၊ စိတ်ထဲကြည်နူးပြီ။
၂၃။ ဖြူစင်လေရော၊ သြဒါတာ၊ ကောင်းစွာရှုလေပြီ။
၂၄။ ရှစ်ပါးရှိလတ်၊ သမာပတ်၊ ဆက်ဆက်ရလေပြီ။
၂၅။ ထိုမှတစ်ခါ၊ ဝိပဿနာ၊ ရှုရာ၌ကားသည်၊
၂၆။ သုံးမဂ်သုံးဖိုလ်၊ ဆိုက်လို့ကို၊ နာဖိုလ်တည်လေပြီ။
၂၇။ ကိုယ့်စိတ်ကြည်မှု၊ အကြောင်းပြု၊ ရမှုကျိုးဖြစ်သည်။
၂၈။ တံမြက်လှဲပါ၊ သန့်ရှင်းပါ၊ လွန်စွာကျိုးကြီးသည်။

## ၂။ သူတစ်ပါးစိတ်ကို ကြည်နူးစေခြင်း၌ သာဓကဝတ္ထု

တံမြက်လှည်းခြင်းအကျိုးတွင် သူတစ်ပါးစိတ်ကို ကြည်နူးစေခြင်း၌ အကျိုးဖြစ်သော သာဓကဝတ္ထုကို အဋ္ဌကထာ၌ ဤသို့ ထုတ်ဆောင်ပြလေသည်။

သီဟိုဠ်ခေတ်က တိဿမည်သော ရဟန်းငယ်တစ်ပါးသည် ဇမ္ဗုကောလစေတီ ရင်ပြင်ကို တံမြက်လှည်း၍ အမှိုက်စွန့်တောင်းကို ကိုင်၍သာလျှင် ရပ်တည်နေလေပြီ။ ထိုခဏ၌ တိဿဒတ္တထေရ်မည်သော မထေရ်သည် လှေမှသက်ဆင်း၍ စေတီရင်ပြင်ကို ကြည့်လတ်သော် အလွန်သန့်ရှင်းစင်ကြယ်နေသော စေတီရင်ပြင်ကို တွေ့မြင်၍ စိတ်ကြည်နူးမှု ဖြစ်ရကား –

'ဤအရပ်သည် မင်ဖိုလ်ရပြီးသော ပုဂ္ဂိုလ်သည် တံမြက်လှည်းထားအပ်သော အရပ်တည်း'

– ဟု သိ၍ ပုစ္ဆာပြဿနာ တစ်ထောင်ကို မေးလေပြီ။ တိဿရဟန်းငယ်သည်လည်း ထိုအလုံးစုံသော ပြဿနာကို ဒိုးဒိုးဒေါက် ဖြေဆိုလေပြီ။

ထို့နောက် ဝတ္ထုသာဓကတစ်ခုကား အခြားကျောင်းတစ်ကျောင်းမှ မထေရ် တစ်ပါးသည် စေတီရင်ပြင်ကို တံမြက်လှည်းပြီး၍ ရပ်နားနေစဉ်မှာပင် အခြား မထေရ် လေးပါးတို့ ရောက်လာ၍ တံမြက်လှည်းထားသော စေတီရင်ပြင်ကိုတွေ့မြင်၍ စိတ်ကြည်နူးမှု အသီးသီးဖြစ်ကာ ဘာဝနာပွားလေလျှင် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ရကြ၍ ထေရ်တစ်ပါးသည် ရှစ်ကမ္ဘာတို့ကိုလည်းကောင်း၊ ထေရ်တစ်ပါး သည် တစ်ဆယ့်ခြောက်ကမ္ဘာတို့ကိုလည်းကောင်း၊ ထေရ်တစ်ပါးသည် ကမ္ဘာနှစ်ဆယ် တို့ကိုလည်းကောင်း၊ ထေရ်တစ်ပါးသည် ကမ္ဘာသုံးဆယ်တို့ကိုလည်းကောင်း အသီးသီး အောက်မေ့နိုင်ကြလေပြီ။

( ပရိဝါ – ဋ္ဌ – ၁၇၄ / ၅ )

## ၂။ သူတစ်ပါးစိတ်ကို ကြည်စေခြင်း၌ ဆောင်ရန်လက်ာများ

၁။ သိဟိုဠ်ခေတ်က၊ ဘွဲ့တိဿ၊ ခေါ် ရရဟန်းငယ်သည်၊
၂။ စေတီရင်မှာ၊ မြက်လှဲကာ၊ ရပ်ကာနေလေပြီ။
၃။ ဒတ္တထေရ၊ အမည်ရ၊ ထေရတစ်ပါးသည်၊
၄။ လှဲထားနေရာ၊ ကြည့်လို့သာ၊ စိတ်မှာကြည်နူးပြီ။
၅။ ဤနေရာကား၊ မဂ်ဖိုလ်အား၊ ရထားသူသာသည်၊
၆။ တံမြက်လှဲရာ၊ အရပ်သာ၊ ကောင်းစွာသိလေပြီ။
၇။ ပြဿနာတစ်ထောင်၊ ထုတ်ကာဆောင်၊ မေးတောင်ပြုလေပြီ။
၈။ ရဟန်းငယ်လဲ၊ ဒိုးဒေါက်ပဲ၊ မလွဲဖြေဆိုပြီ။
၉။ ထိုမှတစ်ဝ၊ သာစေ၊ သိကြဖို့ရာသည်၊
၁၀။ မထေရ်တစ်ပါး၊ ရင်ပြင်အား၊ မြက်ကားလှဲထားပြီ။
၁၁။ လှဲပြီး၍သာ၊ ရပ်နေရာ၊ လေးဖြာထေရ်တို့သည်၊
၁၂။ ရောက်ကြွလာရာ၊ လှဲထားတာ၊ တွေ့ကာမြင်ကြပြီ။
၁၃။ စိတ်တွေကြည်ကာ၊ ဘာဝနာ၊ စိတ်မှာပွားကြပြီ။
၁၄။ ပဋိသမ္ဘိဒါသာ၊ အဘိညာ၊ ကောင်းစွာရကြပြီ။
၁၅။ တစ်ဆယ့်ခြောက်ကမ္ဘာ၊ ရှစ်ကမ္ဘာ၊ ပြန်ကာအောက်မေ့ပြီ။
၁၆။ တစ်ပါးနှစ်ဆယ်၊ နောက်ထပ်ရယ်၊ သုံးဆယ်ဖြစ်လေသည်။
၁၇။ သံသရာတကွေ့၊ ကမ္ဘာတွေ့၊ အောက်မေ့နိုင်ကြသည်။
၁၈။ သူ့စိတ်ကြည်မှု၊ အကြောင်းပြု၊ ရမှုကျိုးဖြစ်သည်။
၁၉။ တံမြက်လှဲပါ၊ သန့်ရှင်းပါ၊ လွန်စွာကျိုးကြီးသည်။

## ၃။ နတ်ကိုနှစ်သက်စေခြင်း၌ ဝတ္ထုသာဓက

တံမြက်လှည်းခြင်းအကျိုးတွင် နတ်တို့ကို နှစ်သက်စေခြင်းဟူသော တတိယ အကျိုး၌ ပရိဝါအဋ္ဌကထာ၌ ဤသို့ ဖော်ပြထားလေသည်။

သီဟိုဠ်ခေတ်က ကျောင်းတစ်ကျောင်းမှ ရဟန်းတစ်ပါးသည် စေတီရင်ပြင်ကို လည်းကောင်း၊ ဗောဓိရင်ပြင်ကိုလည်းကောင်း တံမြက်စည်းလှည်းပြီး၍ ရေချိုးရန် ထွက်သွားသည်ရှိသော် နတ်တို့သည် –

'ဤကျောင်းတိုက် တည်ထောင်ပြီးရာအခါမှစ၍ သေနာသနဝတ်ကို ဖြည့်ကျင့်၍ တံမြက်လှည်းဖူးသော ရဟန်းသည် ရေးက မရှိခဲ့ဖူးပေ'

– ဟု ကြံ၍ တံမြက်လှည်းသောရဟန်းကို ကြည်ညိုသည်ဖြစ်၍ ပန်းများကို ကိုင်၍ စောင့်ဆိုင်းနေကြကုန်ပြီ။

တံမြက်လှည်းသောရဟန်းသည် ရေချိုးပြီး၍ ပြန်လာရာတွင် ပန်းများကိုင် ထားကြသော သူတို့ကို တွေ့၍ –

'အဘယ်ရွာ၌ နေကြသနည်း' – ဟု မေးလေ၏။ နတ်တို့သည် –

'ဤအနားမှာပင် နေကြပါကုန်၏'

– ဟု ဖြေဆိုလေ၏။ ထို့နောက် ဤသို့ လျှောက်ထားလေ၏။

'အရှင်ဘုရား ... ဤကျောင်းတိုက်တည်ရာကာလမှစ၍ ကျောင်းဝတ်ကို ဖြည့်ကျင့်၍ တံမြက်လှည်းဖူးသော ရဟန်းမျိုးသည် ရေးကမရှိခဲ့ဖူးပေ'– ဟု ကြံ၍–

'ကြည်ညိုသည်ဖြစ်၍ ပန်းများကိုင်၍ တည်နေကြခြင်း ဖြစ်ပါကုန်၏'

– ဟု လျှောက်ထားကြလေကုန်၏။

ထို့နောက် ရဟန်းကို ပန်းစည်းများ လှူဒါန်းကြလေကုန်၏။ ရဟန်းလည်း စေတီတော်ကို ကပ်လှူလိုက်လေ၏။

( ပရိဝါ – ဌ – ၁၇၅ )

## ၃။ နတ်တို့ကို နှစ်သက်စေခြင်း ဝတ္ထု၌ ဆောင်ရန်လင်္ကာများ

၁။ သီဟိုဠ်ခေတ်က၊ တစ်ကျောင်းမှ၊ သမဏတစ်ပါးသည်၊
၂။ စေတီရင်ပြင်၊ ဖောဓိရင်၊ လှဲအင်ပြီး၍သည်၊
၃။ ရေချိုးဖို့ရာ၊ ရေရှိရာ၊ ထွက်ခွါသွားလေပြီ။
၄။ ဒေဝီနတ်များ၊ ပန်းတို့အား၊ ကိုင်ငြားပြု၍သည်၊
၅။ ရဟန်းအားသာ၊ စောင့်၍သာ၊ ရပ်ကာနေကြပြီ။
၆။ ရေချိုးပြီးကာ၊ ပြန်လာရာ၊ ဒေဝီတွေ့၍သည်၊
၇။ ဘယ်ရွာမှာစု၊ နေကြဟု၊ မေးမှုပြုလေပြီ။
၈။ ဤနီးနားမှာ၊ နေကြပါ၊ ဒေဝီဖြေဆိုသည်။
၉။ ကျောင်းတိုက်တည်ထ၊ ကာလမှ၊ အစပြု၍သည်၊
၁၀။ ကျောင်းဝတ်ကျေကာ၊ မြက်လှဲတာ၊ ရှေးခါမရှိပြီ။
၁၁။ ဤသို့သိရာ၊ လာရောက်ကာ၊ များစွာပန်းကိုသည်၊
၁၂။ ကြည်ညို၍မှန်း၊ ဤသည့်ပန်း၊ လှူဒါန်းလျှောက်ထားပြီ။
၁၃။ ထိုရဟန်းလဲ၊ စေတီပဲ၊ ဆက်ပဲလှူလေသည်။
၁၄။ တံမြက်လှဲပါ၊ သန့်ရှင်းပါ၊ လွန်စွာကျိုးကြီးသည်။



## ၄။ ကြည်ညိုမှုကို ဖြစ်စေတတ်သော ကောင်းမှုကံ၏ သာဓကဝတ္ထု

တံမြက်လှည်းခြင်းအကျိုး၌ လေးခုမြောက်ဖြစ်သော ကြည်ညိုမှုကို ဖြစ်စေတတ်သော ကောင်းမှုကံကို ဆည်းပူးခြင်း၏ အကျိုး၌ သာဓကဝတ္ထုကို ပရိဝါ အဋ္ဌကထာတွင် ဤသို့ ပြထားလေသည်။

သီဟိုဠ်ခေတ်က အမတ်ကြီးသားတစ်ယောက်နှင့် အဘယထေရ်ကို အကြောင်းပြု၍ ဆွေမျိုးတို့၏ အကြား၌ ဤစကားသည် ဖြစ်ပေါ်ခဲ့လေပြီ။

'အမတ်ကြီး၏သားသည်လည်း ရုပ်ဆင်းတင့်တယ်၏။ အဘယထေရ်လည်း ရုပ်ဆင်းတင့်တယ်၏။ အမတ်ကြီးသားကပဲ လှလေသလော။ အဘယထေရ်ကပဲ ကြည်ညိုဖွယ်ရှိလေသလော ဟူ၍ စကားပြောဆိုမှု ဖြစ်ကြပြီ။ နှစ်ဦးလုံးကို အရပ်တစ်ခု၌ ထား၍ ယှဉ်၍ ကြည့်ကြကုန်စို့'

– ဟု တိုင်ပင်မှု ပြုကြပြီးနောက် ဆွေမျိုးအပေါင်းတို့သည် အမတ်ကြီးသားကို တန်ဆာဆင်ပေး၍ မဟာစေတီကို ရှိခိုးစေအံ့ဟု မဟာစေတီသို့ ခေါ်ဆောင်သွားကြကုန်ပြီ။

အဘယထေရ်၏ မယ်တော်သည်လည်း သားဖြစ်သူ အဘယထေရ်အား ကောင်းမွန်သော သင်္ကန်းကို ဝယ်ယူလှူဒါန်းပြီးနောက် ဝတ်ရုံစေ၍ မဟာစေတီသို့ ရှိခိုးရန် ပင့်ဆောင်ကြလေပြီ။ အမတ်ကြီးသားသည်လည်း ဆွေမျိုးအပေါင်းခြံရံလျက် အရှေ့တံခါးဖြင့် စေတီရင်ပြင်သို့ ရောက်လာခဲ့လေပြီ။ အဘယထေရ်သည်လည်း ရဟန်းအပေါင်းခြံရံလျက် တောင်တံခါးဖြင့် စေတီရင်ပြင်သို့ ကြွရောက်လာခဲ့လေပြီ။

အဘယထေရ်နှင့် အမတ်ကြီးသားတို့ ဆုံမိကြသောအခါ အမတ်ကြီးသားကို အဘယထေရ်သည် ဤသို့ မိန့်လေပြီ။

'ဒါယကာလေး ... သင်သည် သက်ကြီးဝါကြီးထေရ်၏ တံမြက်လှည်းရာ အရပ်၌ အမှိုက်ကို စွန့်ပစ်ခဲ့ဖူးသော ကောင်းမှုကြောင့် ငါနှင့်အတူတကွ အလှချင်း ယှဉ်ပြိုင်မှုကို ပြုလေသလော' – ဟူ၍ မိန့်လေပြီ။

*(မထေရ်သည်ကား ရဟန္တာတည်း။ တံမြက်လှည်းခြင်းအကျိုးကို ထင်ရှားအောင် လူတို့အား ထင်ရှားပြလိုသည်ဖြစ်၍ ထိုသို့ မိန့်ခြင်း ဖြစ်လေသည်။)*

လွန်လေပြီးသောဘဝ၌ အဘယထေရ်သည် သက်ကြီးဝါကြီးထေရ် ဖြစ်ခဲ့၍ စေတီရင်ပြင်ကို တံမြက်လှည်းဖူးလေ၏။ ထိုအခါ၌ အမတ်ကြီးသားသည် ဥပါသကာကြီး ဖြစ်၍ တံမြက်လှည်းရာအရပ်၌ အမှိုက်ကို ယူ၍ စွန့်ပစ်ခဲ့ဖူးလေ၏။ ထိုကောင်းမှုကံများကြောင့် ယခုလို ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်ကြခြင်း ဖြစ်လေ၏။

( *ပရိဝါ ၄ - ၁၇၅* )

## ၄။ ကြည်ညိုမှုကို ဖြစ်စေတတ်မှု ဝတ္ထု၌ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | သီဟိုဠ်ခေတ်က၊ | အဘယ၊ | မတ္တသားတို့သည်၊ |
| ၂။ | လှကြ၍ကို၊ | စကားကို၊ | ပြောဆိုဖြစ်ကြသည်။ |
| ၃။ | ထိုနှစ်ဦးပါ၊ | ဘယ်သူက၊ | ပို၍လှလေမည်။ |
| ၄။ | တစ်နေ့ရာမှာ၊ | ဆုံစေကာ၊ | ယှဉ်ကာကြည့်ကြမည်။ |
| ၅။ | မဟာစေတီ၊ | ဆုံကြမည်၊ | ကြံစည်ကြလေပြီ။ |
| ၆။ | ဆုံကြ၍သာ၊ | အဘယာ၊ | မိန့်မှာပြုလေပြီ။ |
| ၇။ | ထေရ်ကြီးလှဲခိုက်၊ | အရပ်၌၊ | အမှိုက်များကိုသည်၊ |
| ၈။ | စွန့်ဖူးကံထောက်၊ | ယှဉ်ဖို့ရောက်၊ | အံ့လောက်ဖြစ်ရသည်။ |
| ၉။ | ရှေးဘဝမှာ၊ | အဘယာ၊ | ထေရ်ဝါကြီးခဲ့သည်။ |
| ၁၀။ | အမတ်သားမှာ၊ | ဒါယကာ၊ | လူသာဖြစ်ခဲ့သည်။ |
| ၁၁။ | မထေရ်ကြီးပင်၊ | စေတီရင်၊ | မြက်အခင်လှဲခဲ့သည်။ |
| ၁၂။ | ဒါယကာမှာ၊ | အမှိုက်သာ၊ | ကောက်ကာစွန့်ခဲ့သည်။ |
| ၁၃။ | ထိုကောင်းမှုထင်း၊ | ခုလိုမင်း၊ | လှခြင်းဖြစ်လေသည်။ |
| ၁၄။ | တံမြက်လှဲပါ၊ | သန့်ရှင်းပါ၊ | လွန်စွာကျိုးကြီးသည်။ |

## ၆။ သာသနာပြုအပ်သည်မည်၏ ၌ ဝတ္ထုသာဓက

တံမြက်လှဲခြင်းအကျိုးများတွင် ခြောက်ခုမြောက်ဖြစ်သော မြတ်စွာဘုရား သာသနာကို ပြုအပ်သည် မည်၏ဟူသော အကျိုး၌ ဝတ္ထုသာဓကကို ပရိဝါအဋ္ဌကထာ တွင် ဤသို့ ပြဆိုထားလေသည်။

ဤတံမြက်လှည်းခြင်းဟူသော ကျင့်ဝတ်မည်သည် ဘုရားရှင်တို့ ချီးမွမ်းတော် မူအပ်သော ကျင့်ဝတ်တည်း။ တံမြက်လှည်းသော ကျင့်ဝတ်ကို ပြုကျင့်သောပုဂ္ဂိုလ် သည် မြတ်စွာဘုရားရှင်၏ အဆုံးအမကို ပြုရာရောက်ပေ၏။ ဤ၌ ဝတ္ထုသာဓကကို ထုတ်ဆောင်ဦးအံ့။

ဘုရားရှင်လက်ထက်က အရှင်သာရိပုတြာသည် ဟိမဝန္တာသို့သွား၍ တောင်ဝှမ်းတစ်ခု၌ တံမြက်မလှည်းမူ၍သာလျှင် နိရောဓသမာပတ်ကို ဝင်စားလျက် ထိုင်နေပြီ။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဆင်ခြင်တော်မူလတ်သော် အရှင်သာရိပုတြာထေရ်၏ တံမြက်မလှည်းမူ၍ ထိုင်နေသည်ကို သိတော်မူ၍ ကောင်းကင်ဖြင့် ကြွတော်မူ၍ မထေရ်၏ရှေ့ တံမြက်မလှည်းရာအရပ်၌ ခြေတော်ရာ ကို ပြတော်မူ၍ ပြန်ကြွတော်မူပြီ။

အရှင်သာရိပုတြာထေရ်သည် သမာပတ်မှ ထသည်ရှိသော် မြတ်စွာဘုရား၏ ခြေတော်ရာတို့ကို ဖူးမြင်ရ၍ လွန်စွာရှက်ကြောက်မှုဖြစ်၍ ဒူးတုပ်လျက် ခြေတော်ရာကို ဝပ်ချရှိခိုးလေပြီ။ အရှင်သာရိပုတြာထေရ်သည် –

'ငါ၏ တံမြက်မလှည်းအပ်သည်ကို မြတ်စွာဘုရား သိတော်မူချေပြီ။ သံဃာ့ အလယ်၌ အပြစ်တင်မှုကို ခံရတော့အံ့'

– ဟု ကြံ၍ မြတ်စွာဘုရားထံသို့ သွား၍ ရှိခိုး၍ ထိုင်နေပြီ။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် အရှင်သာရိပုတြာကို –

'သာရိပုတြာသည် အဘယ်အရပ်သို့ သွားနေသနည်း'

ဤသို့ မိန့်တော်မူပြီး၍ –

'သာရိပုတြာ ... သင်သည် ငါ၏မျက်ကွယ်အရပ်၌ တံမြက်မလှည်းမူ၍ ထိုင်နေခြင်းသည် မသင့်လျော်ပေ'

– ဟူ၍ မိန့်တော်မူလေပြီ။

ထိုအခါမှစ၍ အရှင်သာရိပုတြာထေရ်သည် တံမြက်မလှည်းမူ၍ ထိုင်နေခြင်းသည် မရှိပေ။ အယုတ်သဖြင့် ဆွမ်းခံကြွရန်အတွက် သက်နိုးရုံပြီး၍ အနားပတ်သီး တပ်ရာအရပ်၌သော်လည်း ရပ်တည်လျက်သာလျှင် ခြေဖြင့် အမှိုက်ကို ဖယ်ပြီး၍သာ ရပ်တည်တော်မူလေ၏။

(ပရိဝါ ဌ – ၁၇၆)

## ၆။ ဘုရားသာသနာကို ပြုအပ်သည် မည်၏ ဝတ္ထု၌ ဆောင်ရန်လင်္ကာများ

| | | | |
|---|---|---|---|
| ၁။ | လက်ထက်တော်မှာ၊ | ပုတြာ၊ | ဟိမာကြွ၍သည်၊ |
| ၂။ | တောင်ဝှမ်းတစ်ခု၊ | အမှိပြု၊ | ထိုင်မှုပြုလေပြီ။ |
| ၃။ | မြက်မရှဲ့ဘြား၊ | နိရောအား၊ | ဝင်စားနေလေပြီ။ |
| ၄။ | သာရိပုတြာ၊ | အဘယ်မှာ၊ | မြတ်စွာဆင်ခြင်ပြီ။ |
| ၅။ | မြက်မရှဲ့ဘဲသာ၊ | ထိုင်နေတာ၊ | မြတ်စွာတွေ့မြင်ပြီ။ |
| ၆။ | ကောင်းကင်ဖြင့်သာ၊ | ကြွရောက်ကာ၊ | ခြေရာချလေပြီ။ |
| ၇။ | ထသောအခါ၊ | ခြေတော်ရာ၊ | ပုတြာတွေ့လေပြီ။ |
| ၈။ | လွန်မင်းစွာသာ၊ | ရှက်ကြောက်ကာ၊ | တုပ်ကာဝတ်ချပြီ။ |
| ၉။ | သံဃာ့အလယ်၊ | ငါ့ကိုနှယ်၊ | ပြစ်ရယ်တင်တော့မည်။ |
| ၁၀။ | ဤသို့ကြံသောက်၊ | မြတ်ထံမှောက်၊ | သွားရောက်ရှိခိုးပြီ။ |
| ၁၁။ | မြက်မရှဲ့တာ၊ | မသင့်ပါ၊ | မြတ်စွာမိန့်လေပြီ။ |
| ၁၂။ | ထိုအခါမှ၊ | စ၍ပ၊ | ပုတ္တအရှင်သည်၊ |

၁၃။ မြက်မလှဲထင်း၊ ထိုင်နေခြင်း၊ အရှင်းမပြုပြီ။
၁၄။ သက်နိုးရဲလျှောင်၊ ရပ်ဦပင်၊ မှိုက်အင်တွေ့ရင်သည်၊
၁၅။ ခြေထောက်ဖြင့်သာ၊ ဖယ်၍သာ၊ လှဲတာပြုလေသည်။
၁၆။ ဘုရားစကား၊ သာရိကား၊ လွန်များနားထောင်သည်၊
၁၇။ နေရာတကာ၊ သန့်ရှင်းပါ၊ မြတ်စွာနှစ်သက်သည်။
၁၈။ တံမြက်လှဲပါ၊ သန့်ရှင်းပါ၊ လွန်စွာကျိုးကြီးသည်။
၁၉။ ဘုရားသာသနာ၊ နားထောင်ရာ၊ ပြုရာရောက်ပေသည်။

တံမြက်လှည်းခြင်းအကျိုး၌ ကိုယ်ကျင့်တရားများ ပြီး၏။

# သမုဋ္ဌာနသီသ သင်္ခေပ

## သမုဋ္ဌာန်၏ အကျဉ်းချုပ် တိုက်တွန်းချက်လာ ကိုယ်ကျင့်တရားများ

*မှာ ။ ။ သိမှတ်ဖွယ်များ ပါသောကြောင့် အောက်ပါဂါထာများကို ဖော်ပြလိုက်ပါသည်။*

၁။ အနိစ္စာ သဗ္ဗေသင်္ခါရာ၊ ဒုက္ခာနတ္တာစ သင်္ခတာ။
နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ။

၂။ ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။
တေသံ သဘာဂဓမ္မာနံ၊ နာမမတ္တံ န နာယတိ။

၃။ ဒုက္ကရံ ဝိဝိဓံ ကတွာ၊ ပူရယိတွာန ပါရမီ။
ဥပ္ပဇ္ဇန္တိ မဟာဝီရာ၊ စက္ခုဘူတာ သဗြဟ္မကေ။

၄။ တေ ဒေသယန္တိ သဒ္ဓမ္မံ၊ ဒုက္ခဟာနိံ သုခါဝဟံ။
အင်္ဂီရသော သကျမုနိ၊ သဗ္ဗဘူတာနုကမ္ပကော။

၅။ သဗ္ဗသတ္တုတ္တမော သီဟော၊ ပိဋကေ တီဏိ ဒေသယိ။
သုတ္တန္တံ မဘိဓမ္မဉ္စ၊ ဝိနယဉ္စ မဟာဂုဏံ။

၆။ ဧဝံ နီယတိ သဒ္ဓမ္မော၊ ဝိနယော ယဒိ တိဋ္ဌတိ။
ဥဘတော စ ဝိဘင်္ဂါနိ၊ ခန္ဓကာ ယာ စ မာတိကာ။

၇။ မာလာသုတ္တ ဂုဏေနေဝ၊ ပရိဝါရေန ဂန္ထိတာ၊
တသောဝ ပရိဝါရဿ၊ သမုဋ္ဌာနံ နိယတော ကတံ။

၈။ သမ္ဘေဒံ နိဒါနဉ္စညံ၊ သုတ္တေ ဒိဿန္တိ ဥပရိ။
တသ္မာ သိက္ခေ ပရိဝါရံ၊ ဓမ္မကာမော သုပေသလောတိ။

၁။ သဗ္ဗေ – အလုံးစုံကုန်သော၊ သင်္ခါရာ – သင်္ခါရတရားတို့သည်၊ အနိစ္စာ – မမြဲကုန်။ သဗ္ဗေ – အလုံးစုံကုန်သော၊ သင်္ခတာ – သင်္ခတတရားတို့သည်၊ ဒုက္ခာစ – ဒုက္ခလည်း ဖြစ်ကုန်၏။ အနတ္တာစ – အနတ္တလည်း ဖြစ်ကုန်၏။ နိဗ္ဗာနဉ္စေဝ – နိဗ္ဗာန်ကိုလည်းကောင်း၊ ပညတ္တိစ – ပညတ်ကိုလည်းကောင်း၊ အနတ္တာဣတိ – အနတ္တဟူ၍၊ နိစ္ဆယာ – ဆုံးဖြတ်အပ်၏။

၂။ ဗုဒ္ဓစန္ဒေ – ဘုရားတည်းဟူသော လမင်းသည်၊ အနုပ္ပန္နေ – မပေါ်ထွန်းသည်ရှိသော်၊ ဗုဒ္ဓါဒိစ္စေ – ဘုရားတည်းဟူသော နေမင်းသည်၊ အနုဂ္ဂတေ – မပေါ်ထွက်သည်ရှိသော်၊ တေသံ သဘာဂ ဓမ္မာနံ – ထိုအနိစ္စ စသော အခြင်းအရာတို့ဖြင့် တူကုန်သော သင်္ခတတရားတို့၏၊ နာမမတ္တံ – ဖဿ၊ ဝေဒနာ စသော အမည်မျှသည်လည်း၊ နနာယတိ – မထင်ရှားပေ။

၃။ ဝိဝိဓံ – အထူးထူး အပြားပြား များစွာသော၊ ဒုက္ကရံ – ပြုနိုင်ခဲသော စွန့်ကြဲခြင်း စသော အမှုကို၊ ကတွာ – ပြုတော်မူကုန်၍၊ ပါရမီ – ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို၊ ပူရယိတွာန – ဖြည့်ကျင့်တော်မူကုန်၍၊ သဗြဟ္မကေ – ဗြဟ္မာနှင့်တကွသော လောက၌၊ စက္ခုဘူတာ – မျက်စိသဖွယ် ဖြစ်တော်မူကုန်သော၊ မဟာဝီရာ – ကြီးသောလုံ့လ ရှိတော်မူကုန်သော မြတ်စွာဘုရားတို့သည်၊ ဥပ္ပဇ္ဇန္တိ – ပွင့်ပေါ်တော်မူကြပေကုန်၏။

၄။ တေ – ထိုမြတ်စွာဘုရားတို့သည်၊ ဒုက္ခဟာနိ – ဆင်းရဲခပ်သိမ်းကို ပယ်ဖျောက်ကြောင်းဖြစ်သော၊ သုခါဝဟံ – ချမ်းသာကို ဆောင်တတ်ထသော၊ သဒ္ဓမ္မံ – သူတော်ကောင်းတို့၏ တရားကို၊ ဒေသယန္တိ – ဟောတော်မူကြကုန်၏။ အင်္ဂီရသော – ကိုယ်တော်မှထွက်သော အရောင်ရှိတော်မူထသော၊ သဗ္ဗဘူတာနုကမ္ပကော – သတ္တဝါခပ်သိမ်းကို သနားတော်မူတတ်သော၊

၅။ သဗ္ဗသတ္တုတ္တမော – သတ္တဝါခပ်သိမ်းတို့ထက် မြတ်တော်မူထသော၊ သီဟော – ခြင်္သေ့မင်းနှင့်တူသော၊ သကျမုနိ – သာကီနွယ်ဖွား ဂေါတမမြတ်စွာဘုရားသည်လည်း၊ မဟာဂုဏံ – များသော အကျိုးအာနိသင်ရှိသော၊ သုတ္တန္တ – သုတ္တန်ကို

လည်းကောင်း၊ အဘိဓမ္မဉ္စ – အဘိဓမ္မာကိုလည်းကောင်း၊ ဝိနယဉ္စ – ဝိနည်းကို လည်းကောင်း၊ ဣတိ – ဤသို့၊ ပိဋကေ တီဏိ – ပိဋကသုံးပုံတို့ကို ၊ ဒေသယိ – ဟောတော်မူပြီ။

၆။ ဝိနယော – ဝိနည်းပရိယတ်သည်၊ ယဒိတိဋ္ဌတိ – အကယ်၍တည်အံ့၊ ဧဝံ – ဤသို့ တည်သည်ရှိသော်၊ သဒ္ဓမ္မော – ပဋိပတ်၊ ပဋိဝေဓတည်းဟူသော သူတော်ကောင်း တရားသည်လည်း၊ နိယတိ – တည်၏။ ဥဘတော ဝိဘင်္ဂါနိ – ဥဘတောဝိဘင်းတို့သည် လည်းကောင်း၊ ခန္ဓကာစ – ခန္ဓကတို့သည်လည်းကောင်း၊ ခန္ဓကမာတိကာစ – ခန္ဓက မာတိကာတို့သည်လည်းကောင်း၊

၇။ မာလာ – ပန်းသည်၊ သုတ္တဂုဏေန – ပန်းသီတံချည်ဖြင့် သီကုံးဖွဲ့ခြင်းဖြင့်၊ တိဋ္ဌတိဣဝ – တည်၏သို့၊ ပရိဝါရေန – ပရိဝါပါဠိတော်ဖြင့်၊ ဂန္ထိတာ – သီကုံးဖွဲ့ကုန်မူ ကား၊ တိဋ္ဌန္တိ – တည်ကုန်၏။ တဿေဝ ပရိဝါရဿ – ထိုပရိဝါပါဠိတော်၌ပင်၊ သမုဋ္ဌာန နိယတော ကတံ – အမြဲပြုအပ်သော နိယတသမုဋ္ဌာန်သည်လည်းကောင်း၊

၈။ အညံ – နိယတသမုဋ္ဌာန်မှတစ်ပါးသော၊ သမ္ဘေဒဉ္စ – သမ္ဘိန္နသမုဋ္ဌာန်သည်လည်း ကောင်း၊ နိဒါနဉ္စ – နိဒါန်းသည်လည်းကောင်း၊ ဥပရိ – အထက်ဖြစ်သော၊ သုတ္တေဝ – ပရိဝါပါဠိတော်၌ပင်၊ ဒိဿန္တိ – ထင်ကုန်၏။ တသ္မာ – ထို့ကြောင့်၊ ဓမ္မကာမော – တရားကို အလိုရှိသော၊ သုပေသလော – သီလကို ချစ်မြတ်နိုးသော သူတော်ကောင်းသည်၊ ပရိဝါရံ – ပရိဝါပါဠိတော်ကို၊ သိက္ခေ – သင်ရာ၏။ ဣတိ – ဤတွင်ရွေ့ တိုက်တွန်းချက်ပြီး၏။

( ဝိ – ၅ – ၁၅၇ ၊ မြန် – ၂၃၄၊ ဝိ – ဋ္ဌ – ၄ – ၁၄၁ )

## သမုဋ္ဌာန်၏ အကျဉ်းချုပ် တိုက်တွန်းချက်လာ ဆောင်ရန်လင်္ကာများ

၁။ လုံးစုံသင်္ခါရ၊ အနိစ္စ၊ ဒုက္ခဖြစ်လေသည်။
၂။ ပိုင်ဆိုင်မဲ့ရ၊ အနတ္တ၊ အတ္တမဟုတ်ပြီ။
၃။ ပညတ်နိဗ္ဗာ၊ အနတ္တာ၊ ဉာဏ်ဖြာသိရမည်။
၄။ ဘုရားလမင်း၊ ရောင်နေမင်း၊ ပေါ် ထွန်းခဲ့လေပြီ။
၅။ အကယ်၍သော၊ ပေါ် မလော၊ သူငါများတို့သည်၊
၆။ ဤကြားဖသသ၊ အမည်မျှ၊ သိရမလွယ်ပြီ။
၇။ ပွင့်၍သာလျှင်၊ ဉာဏ်နှင့်ယှဉ်၊ သိမြင်ကြရသည်။
၈။ လူနတ်အားထား၊ ကိုးကွယ်ကြား၊ ဘုရားမြတ်စွာသည်၊
၉။ ပြုနိုင်ခဲရာ၊ စွန့်ငါးဖြာ၊ ကောင်းစွာပြုခဲ့သည်။
၁၀။ ပါရမီဆယ်ပါး၊ သုံးဆယ်အား၊ ဖြည့်ကြားကျင့်ခဲ့သည်။
၁၁။ အမှောင်ခွင်းဘိ၊ လင်းဆောင်ဘိ၊ မျက်စိဖြစ်လေသည်။
၁၂။ မဟာဝီရ၊ ကြိုးလုံ့လ၊ ဗုဒ္ဓပွင့်ခဲ့ပြီ။
၁၃။ ဆင်းရဲပယ်ကြောင်း၊ ချမ်းသာအောင်း၊ ကောင်းကောင်းဟောကြားပြီ။
၁၄။ ရောင်ခြည်ထွက်လတ်၊ သနားတတ်၊ အမြတ်ဆုံးဖြစ်လေသည်။
၁၅။ ခြင်္သေ့အလား၊ သာကီဖွား၊ ဘုရားမြတ်စွာသည်၊
၁၆။ ပိဋကသုံးပုံ၊ အကျိုးဂုဏ်၊ အကုန်ဟောလေပြီ။
၁၇။ ဝိနည်းခေါ် မှတ်၊ ပရိယတ်၊ တည်လတ်လျှင်သည်၊
၁၈။ သာသနာမြတ်၊ ကျန်နှစ်ရပ်၊ မပြတ်တည်တော့သည်။
၁၉။ ပန်းသီကြိုးဖြင့်၊ ပန်းကိုထင့်၊ သီလင့်ထားသို့သည်၊
၂၀။ ပရိဝါဖြင့်၊ ဝိနည်းထင့်၊ သီလင့်ထားလေပြီ။
၂၁။ သီလချစ်ကြား၊ မြတ်တရား၊ လိုလားသူတို့သည်၊
၂၂။ ပရိဝါကို၊ ကောင်းစွာကို၊ သင်ကိုသင်ရမည်။

၂၃။ အကျင့်ကောင်းမှ၊ နိဗ္ဗာန်၊ မုချရောက်ကြမည်။
၂၄။ သီလထိန်းသူ၊ အကျင့်တူ၊ မှတ်ယူကောင်းလေသည်။
၂၅။ ဤတွင်ကျင့်လမ်း၊ ဝိငါးကျမ်း၊ တစ်ခန်းရပ်လိုက်ပြီ။

သမုဒ္ဒာန်၏ အကျဉ်းချုပ် တိုက်တွန်းချက်လာ ကိုယ်ကျင့်တရားများ ပြီး၏။

ပရိဝါပါဠိတော်လာ ကိုယ်ကျင့်တရားများ ဖော်ပြချက် ပြီး၏။

ဝိနည်း ( ၅ ) ကျမ်းလာ ကိုယ်ကျင့်တရားများ ဤတွင်ရပ်နားပြီ။

၂၉၅၀၆
၉.၃.၀၆

.......................

၁၃၇၄- ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၃) ရက် (၅-၈-၂၀၁၂) တနင်္ဂနွေနေ့မှ စ၍ ရေးရာ
၁၃၇၄- ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၂) ရက် (၁၅-၁၁-၂၀၁၂) ကြာသပတေးနေ့တွင် ပြီးသည်။

ဟိတေသီနေရ အရှင်နိပုဏ
သန့်လျှင်တောရယင်းတော်မင်းကျောင်း
ယင်းတော်မြို့မရွာ၊
ပျော်ဘွယ်မြို့နယ်၊
ရမည်းသင်းခရိုင်၊
မန္တလေးတိုင်း ဒေသကြီး။

ဝိနည်းဟူသည်
အကျင့်သိက္ခာ, ယဉ်ကျေးမှုပိုင်းကို
ညွှန်းဆိုပညတ်ထားခြင်း ဖြစ်၏။
ထို့ကြောင့် ရဟန်းသာမဏေများသာမက
သီလရှင်များ၊ လူများပါ လေ့လာမှတ်သား
လိုက်နာကျင့်သုံးကြလျှင် တန်ဖိုးတက်ကာ
မဂ်ဖိုလ်နိဗ္ဗာန်အထိ
ရောက်နိုင်ကြ၏။

